ပဌမကျော်-သကျသီဟ
အသျှင် သုဇာတာလက်ာရ-၏

မစိုးရိမ်
ဋီကာကော်အဝေါ

"မူဒိုင်"

COPYRIGHT ALL RIGHTS RESERVED.

(ဝမ္မဒါန)

1980.

မန္တလေးမြို့

မစိုးရိမ်ကျောင်းတိုက်

ဂဏဝါစက-နာယက အဖွဲ့ဝင် ဆရာတော်

ပဌမဧကျော်, သကျသီဟနှင့် အစိုးရဂုဏ်သူးဆောင် ဓမ္မာစရိယ

ဘွဲ့ရ

အသျှင် သုဇာတာလင်္ကာရ

ရေးသားအပ်သော

မစိုးရိမ်
ဦးတေဇိုးအမြေ

"မူပိုင်"

COPYRIGHT ALL RIGHTS RESERVED.

●

(ဓမ္မဒါန)

●

၁၃၄၂-ခု၊ 1980.

ခေတ်—က၊ (ပဋ္ဌမအကြိမ်။)



- ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
  အမှတ် (၅၁၅)
- ထုတ်ဝေသူ — အသျှင် ကဝိပိယ
  ကင်းလွတ်ခွင့်အမှတ်(၂၀၁)
  နိုင်ငြောခေါ်ကျောင်းတိုက်၊
  မြို့မသာလာ အုန်းရိပ်သာ၊
  ညောင်တုန်းမြို့၊ ဆောဝတီတိုင်း။
- ပုံနှိပ်သူ — ဒေါ်အေးမြိုင် (မြ-၀၂၂၇၆)
  ခေတ်-စာပုံနှိပ်လုပ်ငန်း၊
  အမှတ်-၉၀၊ ကွမ်းခြံတန်း၊
  ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။
- စာပြင်မှူး — ဦးဘုန်းကျော် (ဓမ္မာစရိယ)။
- အုပ်ရေ — ၂၀၀၀-အုပ်။
- တန်ဘိုး — ဓမ္မဒါန။
- အကြိမ် — ပဉ္စမအကြိမ်။
- ထုတ်ဝေသည့်လ — ၁၉၈၀-ခု၊ အောက်တိုဘာလ။
- စာအုပ်ချုပ် — မဟော်သဓာ စာအုပ်ချုပ်ဌာန၊
  ၃၂-လမ်း၊ ရန်ကုန်မြို့။



ကောင်းခြင်းသုံးဖြာနှင့် ညီစွာ

●

ဦးကာကျော်ဆိုင်ရာ ပြဿနာ အခက်အခဲနှင့် ကျမ်းပေါင်းများစွာမှ လာသော အဘိဓမ္မာဆိုင်ရာ ပြဿနာ အခက်အခဲဟူသမျှကို တချက်ထဲဖြင့် ဖျက်ခွဲဖြေရှင်းနိုင်ရန် ဤကျမ်းကလုံးဝ တာဝန်ယူသည်။

ညွှန်ကြားမှာထားချက်

●

ဤကျမ်းဌ ဧလေ့လာကြည့်ရှု လွယ်ကူစေရန် ဋီကာကျော်မှလာသော သဘောအဓိပ္ပာယ်များကို (ဋီ) ဟု ထိပ်မဲ့စာလုံးနှင့်ဖော်ပြ၍၊ အခြားကျမ်းများမှလာသောသဘောအဓိပ္ပာယ်များကိုကား-သာမန်မျဖော်ပြထားပါသည်။ အဖြေပေါင်း (၁၆၀၀) ကျော်မျှ ပါရှိသော်လည်း အချို့နေရာ၌ အများအပြား စုပေါင်းဖြေဆိုထားသဖြင့် တခုစီခွဲထုတ်ဖြေဆိုလျှင် အဖြေပေါင်း (၂၀၀၀) ကျော်စရာရှိပါသည်။ဤကျမ်းတွင် ဋီကာသုံးကျမ်းနှင့် မဏိသာရမဉ္ဇူသာဋီကာကြီးမှ သဘောအဓိပ္ပာယ်များကို အကြွင်းအကျန် မရှိလောက်အောင် ပြည့်ပြည့်စုံစုံ ဖြေဆိုထားပါသည်။

ဋီကာကျော်နှင့် ဆိုင်သော စာမေးပွဲများ အတွက် (ဋီ) အမှတ် ပါသော အဖြေများကိုလေ့လာ၍ အခြား စာမေးပွဲများနှင့် အဘိဓမ္မာသဘာဝ ဗဟုသုတကို လိုလားသူများအတွက် အခြား အဖြေများကိုလည်း လေ့လာသွားပါက အမှန်အကျိုး ဖြစ်ထွန်းပါလိမ့်မည်။

သင်္ကေတများ

†	ဤအမှတ်ဖြင့် ကျက်မှတ်စရာ ဂါထာပါဠိကို ပြသည်။
*	ဤအမှတ်ဖြင့် ကျက်မှတ်စရာ နိယံကဗျာကို ပြသည်။
( )	ဤအမှတ်ဖြင့် အရှန့်ပေါ်လွင်စေမှုကို ပြသည်။
[ ]	ဤအမှတ်ဖြင့် အမှာကို ပြသည်။
(ဋီ)	ဋီကာကျော်။
(ဋီဟောင်း)	အဘိဓမ္မတ္ထသင်္ဂဟ ပေါရာဏဋီကာ။
(မူ)	မဏိသာရမဉ္ဇူသာဋီကာ။
(သစ်)	ဤကျမ်းဆရာ ရေးသားသော နိယံကဗျာသစ်။

၁၆၈၆၄

ဤကျမ်းကို ရေးသားရာ၌

ညွှန်းကိုးကားသောကျမ်းများ

●

(၁) ဋီကာခေ့ကျော်
(၂) ပေါရာဏဋီကာဟောင်း
(၃) သခ္ခေါပဋီကာ
(၄) မဏီသာရမဉ္ဇူသာဋီကာ
(၅) အဘိဓမ္မတ္ထသင်္ဂဟဒီပနီ
(၆) ပရမတ္ထဒီပနီ
(၇) အင်္ကုရဋီကာ
(၈) နာမရူပ ပရိစ္ဆေဒ
(၉) ပရမတ္ထဝိနိစ္ဆယ
(၁၀) ရူပဝိဘာဂ
(၁၁) နာမစာရဒီပက
(၁၂) ခေမာ
(၁၃) အဘိဓမ္မာဝတာရ
(၁၄) ဂဉ်းဋီဟောင်း
(၁၅) အဘိဓမ္မတ္ထဝိကာသိနီ
(၁၆) သစ္စသင်္ခေပ
(၁၇) ဂဉ်းဋီကာ
(၁၈) အဘိဓမ္မတ္ထသင်္ဂဟ
(၁၉) အဘိဓမ္မတ္ထဝိဘာဝိနီ ယောဇနာ
(၂၀) ပရမတ္ထမဉ္ဇူ
(၂၁) ပရမတ္ထသူရ
(၂၂) ပဋိသမ္ဘိဒါမဂ်ပါဠိ
(၂၃) ဇာတိဝုတ်ပါဠိ
(၂၄) မိလိန္ဒပဉ္ဟာပါဠိ
(၂၅) ယကသံယုတ်ပါဠိ
(၂၆) သုတ်မဟာဝဂ်ပါဠိ
(၂၇) ဓမ္မသင်္ဂဏိပါဠိ
(၂၈) ဝိဘင်းပါဠိ
(၂၉) ဓာတုကထာပါဠိ
(၃၀) ယမိုက်ပါဠိ
(၃၁) ပဋ္ဌာန်းပါဠိ
(၃၂) ပါရာဇိကဏ် အဋ္ဌကထာ
(၃၃) သုတ်သီလက္ခန်အဋ္ဌကထာ
(၃၄) အဋ္ဌသာလိနီအဋ္ဌကထာ
(၃၅) သံယုတ်အဋ္ဌကထာ
(၃၆) သမ္မောအဋ္ဌကထာ
(၃၇) ပဋ္ဌမကြိုဏ် အဋ္ဌကထာ
(၃၈) မူလပဏ္ဏာသအဋ္ဌကထာ
(၃၉) အင်္ဂုတ္တိုရ်အဋ္ဌကထာ
(၄၀) ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ
(၄၁) ခုဒ္ဒကပါဌ အဋ္ဌကထာ
(၄၂) ဝိသုဒ္ဓိမဂ် အဋ္ဌကထာ
(၄၃) နေတ္တိအဋ္ဌကထာ
(၄၄) သာရတ္ထဒီပနီဋီကာ
(၄၅) တေရသကဏ်ဋီကာ
(၄၆) ဝိမတိဝိနောဒနီဋီကာ
(၄၇) မူလဋီကာ
(၄၈) အနုဋီကာ
(၄၉) ပဋိသမ္ဘိဒါမဂ်ဋီကာ

(၈) ညှိနှိုင်းကိုးကားသောကျမ်းများအဆက်

(၅၀) မူလပဏ္ဏာသဋီကာ
(၅၁) ဝိသုဒ္ဓိမဂ်မဟာဋီကာ
(၅၂) အဂ်ုတ္တိုရ်ဋီကာ
(၅၃) သုဗောဓာလင်္ကာရ
(၅၄) သဒ္ဒနီတိ
(၅၅) ပါတိမောက္ခပဒတ္ထ
အနုဝဏ္ဏနာ
(၅၆) နေတ္တိဂဏ္ဌိပုဒ်
(၅၇) သီဟိုင်္ဌဂဏ္ဌိ ၃-စောင်
(၅၈) ပဋ္ဌာန်းအရကောက်
(၅၉) ဝိထိလက်ရိုး
(၆၀) ပရမတ္ထသရူပဘေဒနီ
(၆၁) အဘိမ္မေတ္ထဒီပက
(၂၆) ပရမတ္ထသရူပအနုဝဏ္ဏနာ
(၆၃) ဋီကာကျော်ဂဏ္ဌိ
(၆၄) သဂ္ဂိုဟ်ဂဏ္ဌိ
(၆၅) အဘိမ္မောနေရောင်
(၆၆) ပရမတ္ထသံခိပ်-စသော
ကျမ်းများ။

ဂန္ဆုပြတိ နိဒါန်း

●

သရုပ်သကန်, ကျမ်းရိုး ပွန်အောင်, နှုတ်ဝန်မလေး, စိန့်နှယ်သွေးလျက်, ဆိုရေးဆန်းကြယ်, လေးဆယ်နည်းမြတ်, အတ္ထာ ပတ်နှင့်, နိတတ် နေယျစ်, ပုဒ်စစ် ပါဠိ ကောက်, ရှေ-နောက်နုသန်, သမ္မန်ယောဇန, စသည် သံဝဏ္ဏနာ, အဘိဓမ္မာဌ်, ခန္ဓာ-အာယတန, ဓာတုစသား, ထိုမျှနည်းမျိုး, အာဂုံကိုး၍, ဟောရိုး လေ့လာ, လက္ခဏာက, လွန်စွာခက်စုံ, သိမ်မွေ့နုသည်, ပစ္စု-ပဒဋ္ဌ, ဂမ္ဘီရတ်နှင့်, ပရမတ်ပစ္စည်း, ဓာတ်ပစ္စည်းလည်း, သိမ်ဆည်းဖြာဖြာ, နှီးနှယ်ဖြာမှ။ (မဃဒေဝ)

သုဒုဒ္ဒသ နိပုဏ, အတိဂမ္ဘီရ, သုခုမ, အနန္တနယ, သမန္တပါသာဒိကဂုဏ်နှင့်ပြည့်စုံတော်မူ၍၊ မြတ်စွာဘုရားနှုတ်တော်တွတ်တွတ်ရွတ်၍ ဟောကြားတော်မူအပ်သော အဘိဓမ္မာဒေသနာတော်ကြီးကို အလွယ်တကူ သင်ယူမှတ်သား လေ့လာနိုင်ကြရန် ရည်သန်၍ အနုရုဒ္ဓါ မထေရ်မြတ်စီရင်ရေးသားတော်မူအပ်သော အဘိဓမ္မတ္ထသင်္ဂဟကျမ်း၏အဖွင့်ဖြစ်သော "အဘိဓမ္မတ္ထ ဝိဘာဝိနီ" ခေါ် "ဋီကာ ကျော်ကျမ်း" ကို သီဟိုဠ်ကျွန်း အနုရာဓမ္မြို၏တောင် - မဟာဝိဟာရ ကျောင်းတိုက်နေ သာရတ္ထဒီပနီဋီကာ, အင်္ဂတ္တရဋီကာစသော ကျမ်းပေါင်းများစွာကို ပြုစုတော်မူသည့် ရှင်သာရိပုတြာ မထေရ်မြတ်၏ တပည့် "ရှင်သုမင်္ဂလ မဟာသာမိ" မထေရ်မြတ် ရေးသားစီရင်တော်မူအပ်သည်။

ထိုကျမ်းမှာ အဖွင့်အပြ သိသာလှသောကြောင့် ရှေးအခါက "ဋီကာလှ" ဟု ခေါ်တွင်ကြ၍ ထူပါရုံစေတီဒါယကာ နရပတိမင်းကြီး လက်ထက် စစ်ကိုင်း ပုညရှင်စေတီမြောက် ရေငုံဆရာတော်နှင့် အင်းဝ ပဉ္စင်းကျော် မဏိသာရမဉ္ဇူသာဋီကာကျမ်းပြု ရှင်မဟာအရိယဝံသတို

ဂန္ဆုပ္တို နိဒါန်း

လက်ထက်ကျမှ ဋီကာကျော်-ဟု တွင်လာ၍ ယခုကာလ တိုင်အောင် "ဋီကာကျော်ကျမ်း သင်ရိုး"ဟု နှန်းစဉ်တရိုးမှာ ဟိုးလေးတကျော် ထင်ပေါ် ကျော်ကြား အသင်အယူ အပို့အချ များလာသော ကျမ်း ခေကာင်းတစောင်ပင် ဖြစ်လေသည်။

ထိုကျမ်းကို သင်ကြား၍ ထင်ရှားသော "အဘိဓမ္မာ ဝိဇ္ဇာ, အဘိဓမ္မာဝပါရဂူ" ဇမ္ဗူကျော်ကြား အဘိဓမ္မာမိုရ်ပုဂ္ဂိုလ်ကြီများအဖြစ် သို့ ဆိုက်ရောက်သွားကြသော ပုဂ္ဂိုလ်ကြီးတို့လည်း အများအပြားပင် ဖြစ်၍ထိုကျမ်းတွင်ဝါကျအဆစ်အပိုင်းသိုင်းဝိုင်းပြုတ်သိပ်အနှစ်ပ်စကား အသွားအလာ ကျစ်လစ်သိပ်သည်းလှ၍ လိုရင်းအာဘော်ကို မဖမ်းနိုင်သဖြင့် အကြိမ်ပိုင်သဘောမကျဘဲ စကောစက လမ်းမှာထစ်ပြီးကျန် ရစ်ကာနေကြသော ပုဂ္ဂိုလ်တို့လည်း အများအပြားပင် ရှိကြပေသည်။

ထိုသို့ဖြစ်ရခြင်းမှာ ထိုကျမ်း၏ဝါကျအဆစ်အပိုင်း စကားအသွား အလာတို့မှာ သေသပ်ကျစ်လစ်လှ၍ လိုရင်းအာဘော်ကိုအလွယ်တကူ နှင့်မသိနိုင်သောကြောင့်ပင် ဖြစ်လေသည်။ထို့ကြောင့် ထိုကျမ်းကို သင် ယူခါစ သာမဏေဘဝကရင်း,ထိုကျမ်းကိုပို့ချစဉ်အခါကလည်း ထိုကျမ်း၏အာဘော်ကို အလွယ်တကူသိရှိရပ်မိနိုင်ရန် "အဘယ်သို့ပြုလုပ်လျှင် ခေကာင်းပါမည်နည်း"၊ဤသို့သောအကြံသည် ဖြစ်ပေါ်ဘူးပြီ။

ခဲယဉ်းစွာ ရေးသားရခြင်း

သို့ဖြစ်သည်အားလျော်စွာ "စကားတဝါကျတဝါကျ၏အဆစ်အပိုင်းကလေးတွေကို တခုစ်တခုစိ ရွေးထုတ်စိစစ်ရှင်းလင်း၍ ပုလဲလုံးကလေးများသိသလို သိကုံး၍ ယုဝထိုထို စာသင်ပျိုတို့အား အချိန်မီ ဆင်ပြင်ပေးရပါမူကား အချိန်မီလှပကြ၍မပင်မပန်းချမ်းသာလွယ်ကူစွာ မြန်မြန်အကျိုးခံစားရပေလိမ့်မည်"ဟူသောအဖြေကိုတွေ့ရှိခဲ့ပါသည်။ သို့ တွေ့ရှိသည်အားလျော်စွာ မန္တလေးမြို-မစိုးရိမ် ကျောင်းတိုက်တွင် စာပေပို့ချစဉ်အခါကပင်၌ကျမ်းကိုစတင်ရေးသားခဲ့ပေသည်။ထိုကျမ်းကိုစတင်ရေးသားချိန်ကား ဒုတိယကမ္ဘာစစ်ကြီးဖြစ်ဘို့ရောင်နီလာချိန်ဖြစ်သည့်အပြင်၊မကြာမီပင်စစ်ကြီးနှင့်ရင်ဆိုင်တိုးနေရသဖြင့် ဟိုပြောင်းသည်ရွှေ့နှင့်ပင် ၄-နှစ်တာမျှ အချိန်ကုန်လွန်ခဲ့ရသည်။

ကံအားလျော်စွာ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ နောက်ဆက်တွဲ ပြည်တွင်း သောင်းကျန်းမှုများနှင့် ဆက်လက်ရင်ဆိုင်တိုးနေရပြန်သည်။ ဤပြည်တွင်းရေးတွင်ကား ညောင်တုံးမြို့ရှိကျောင်းကို မီးလောင်ရာ၌ ရေးပြီး အချိုစာမူများနှင့် စာအုပ်စာတမ်း အများအပြားမှာ မီးထဲပါသွားသဖြင့် ဤကျမ်း ပြီးမြောက်ဘိုအရေး မတွေးရဲအောင် အကြိအိုက်ပြီး လက်လျော့ရမည့် အခြေသို့ ဆိုက်ရောက်ခဲ့ရသည်။ ထို့နောင်မှ ရှိသမျှစာမူများကို စုဆောင်း၍ ပျောက်ဆုံးပျက်စီးသွားသော စာအုပ်များကိုလည်း ထပ်မံရှာဖွေခါ စွမ်းနိုင်သမျှ မနေမနား ဆက်လက်ရေးသားခဲ့သဖြင့် ယခုအခါ ဆုံးခန်းတိုင် ရောက်၍ ပြီးမြောက်ခဲ့ရပေသည်။ ဤမျှ မမျှော်လင့်သော အခက်အခဲ အ၀၀တို့ ကြောင့် ဤကျမ်းမှာ အချိန်မကြာသင့်ဘဲ ၁၂-နှစ်ကျော်မျှ အချိန်လင့်၍ ကြာမြင့်ခဲ့ရပေသည်။

ရေးသားပုံ

ဋီကာကျော်လာ ကောင်းနိုးရာရာ အချက်အလက်များကိုကား အကြွင်းအကျန်မရှိလောက်အောင် ထုတ်နုတ် ရေးသားထားသည့်ပြင် ပေါရာဏဋီကာဟောင်း-သခေ်ပဋီကာ မဏိသာရမဥ္ဇူသာတိုမှလည်း ကောင်းနိုးရာရာမှန်သမျှ မကျန်ရအောင် ရွေးချယ် ထည့်သွင်းထားပါသည်။ အခြား လက်သန်း အဌကထာ ၉-တွဲနှင့်တကွ ကျမ်းပေါင်း (၆၀) ကျော်တို့မှလာရှိသော အဓိပ္ပာယ်အဆီအနှစ်ဘိုကိုလည်း စီစစ်ထုတ်နုတ်၍ ရေးသားသဖြင့် ကြည့်ရှုရသူ ပုဂ္ဂိုလ်များအတွက် မပင်မပန်း ချမ်းသာ လွယ်ကူစွာ ဤတကျမ်းတည်းဖြင့် အတိမ္ပာဆိုင်ရာ ကျမ်းပေါင်း ၆၀-ကျော်မှလာသော အနက်အဓိပ္ပာယ်များကိုတနေရာ ဘံည်းတွင် သိရှိနားလည်သွားနိုင်ပါသည်။ ဆိုင်ရာဆိုင်ရာ ကျက်မှတ်စရာ နိယံကဗျာ,၈ါထာပါဌိများကိုလည်း ထည့်သွင်းထားသဖြင့် အရအမ် ဆောင်ထားလိုသူများအတွက်လည်း အထူး ရှာမနေရတော့ဘဲ အဆင်သင့်ပင် ဖြစ်ပါလိမ့်မည်။

ဝိနိစ္ဆယ၀ါဒအမျိုးမျိုးကြားနာလိုသူများအတွက်လည်း ဆရာ့ဆရာ ကျမ်းဆရာအမျိုးမျိုးတို့၏ အယူ၀ါဒအမျိုးမျိုးတို့ကိုလည်း ထည့်

သွင်း ဘော်ပြထားသည့်ပြင် ဤကျမ်းဆရာ၏ လိုလားထင်မြင်ချက်များ စီစစ် ရှင်းလင်းချက်များကိုလည်း တွေ့ရှိရပါမည်။ ကြီစည်တွေးတောမှု အသိဉာဏ် ထက်စေရန်အတွက် အချို ဉာဏ်စမ်း အဖြေများကိုလည်း တွေ့ရှိရပါလိမ့်မည်။ အယူအဆ ကျစ်လစ် ခဲရာခဲရပ် ခက်ဆစ်ဟူသမျှကို လည်း မကြွင်းကျန်ရအောင် ရှင်းလင်းဖော်ပြထား၍ သရုပ်အကောက် အယူခဲကပ် ဆောင်စရာအရပ်ရပ်တို့မှာလည်းနိယံကဗျာများကိုမလွတ် ရအောင် ထည့်သွင်းထားပါသည်။အဘိဓမ္မာဆိုင်ရာအနက်အဓိပ္ပာယ် ဟူသမျှ အကုန်လုံး စုံပါပြီဟု မဆိုနိုင်စေကာ၊ ဤ တကျမ်းဘည်းဖြင့် အတော်ပြည့်စုံလုံလောက်မည်ကိုကား ငြင်းနိုင်ကြမည်မဟုတ်သည့်ပြင် ပညာရှင်များ၏ အသိဉာဏ်ကို မထိပါးစေဘဲ စာသင်သားများ ဧကန် အမှန် အကျိုးများမည်ကိုကား ဝန်ခံနိုင်ပါသည်။

အထူးအားဖြင့် ဤကျမ်းတွင် ရှေးအခါမှစ၍ယခုခေတ်တိုင်အောင် အယူဝါဒလွဲမှား အချို အငြင်းပွားနေကြသော အချက်အလက်များကို လည်း ပြက်ပြက်ကွင်းကွင်း ရှင်းလင်းဖော်ပြထား၍ ခေတ်ပညာတတ် လောကဓာတ်သဘာဝ ကြီစည်တွေးဆနေကြသော ပုဂ္ဂိုလ် အများဘို လက်ခံနိုင်လောက်အောင်လည်း ညှိနှိုင်း စီစစ် ပြထားသည့်ပြင် ယနေ့ တိုင် ဖြေရှင်း၍မရလောက်အောင် အငြင်းပွားနေကြသော ကမ္ဘာကြီး အလုံးအပြားနှင့် လေးကျွန်းတမြင့်မိုရ် ထိုထိုသဘာဝ ပထဝီဝင်အရတို့ ကိုလည်း ကျကျနနစီစစ်၍ အရှေ့နှင့်အနောက် မတွေ့နိုင်သော အချက် အလက်နှင့် တွေ့နိုင်သောအချက်အလက်များကိုလည်း ကျမ်းဂန်အလာ ဒေသနာအရ ယခုမျက်မြင်လက်တွေ့နှင့် အံကိုက်သွားအောင် **"လေး ကျွန်းတမြင်းမိုရ် မြေပုံကြီးကိုချ၍"** လက်တွေ့သဘောနှင့် ညွှန်ပြ ထားပါသည်။

ထင်မြင်ချက် နှစ်မျိုး

သူအံချိုတို့မှာ "အမေးအဖြေကျမ်း"ဟု ဆိုကာမျှဖြင့် အဆင် အပြင် အချိုးမကျသော ပျိုကညာတယောက်ကဲ့သို့ အထင်ပေါက်ခါ မျက်နှာလွှဲချင်ကြသော်လည်း ထိုသူတို့သည် အဌကထာ-ဋီကာ-အနု-

မရ-ယောဇနာ-ဂဏ္ဌိစသော ကျမ်းအမျိုးမျိုးတို့မှာ ထိုကို ပါဋ္ဌိတော်, အဋ္ဌကထာစသည်တို့၏ သဘာဝအာဘော်မှန်ကို ဝေဖန်ဖော်ပြထားသော အဖြေကျမ်းများပင် ဖြစ်နေသည်ကိုဂင်း၊ ထိုထိုအဋ္ဌကထာ ဋီကာ အဖြေကျမ်းများဘွင် စီစစ်ဝေဖန် ရှင်းလင်းချက်နှင့်ပင် မပြည့်စုံ မလုံလောက်သောအခါ **"ဧတ္ထ သိယာ, နနုစ, ကထံ, ကသ္မာ ကိမတ္ထ"** စသည်ဖြင့် အမေးထုတ်၍ **"ဝုစ္စတေ, သိယာ, ဧဝံ ဝိသဇ္ဇေ တဗ္ဗံ, ဟောတိ နဟောတီတိ-ဟောတိ, နဟ, နနသက္ကာ"** စသည်ဖြင့် အဖြေထပ်ပြီး လုပ်ရသေးသည်ကိုဂင်း၊ ကထာဝတ္ထု - ယခိုက် စသော ကျမ်းများ၌ သကဝါဒ, ပရဝါဒကို ပြ၍ဂင်း၊ အမေးလေးထွေ အဖြေ ငါးပါးတို့ဖြင့် ဖြေဆိုထားရသည်ကိုဂင်း၊ နောက်ဆုံး ဘုရားရှင်ကိုယ်တော်တိုင် ဝေနေယျတို့သိလွယ်စေရန်အတွက် နိမ္မိတဘုရားကိုဖန်ဆင်း၍အမေးအဖြေပြုလုပ်ဟောပြရသည်ကိုဂင်း၊ မေ့လျော့နေသောကြောင့်သာ ဖြစ်တန်ရာပါသည်။

ဤကျမ်းပှာကား-သေးသိမ်မှု-ခန်ညားကြီးကျယ်မှုတွေကိုပဓာန မထား အများလေးစားလာဘို့အလွယ်ကိုခက်အောင်တမင်ကြိုးစားရမှု ဒုက္ခတွေကိုရှောင်ရှား၍ အခက်ကိုမခက်အောင်အလွယ်နှင့်အမြန် အသိဉာဏ် ရှင်းလင်းကြလျက် အကျိုးရမှုကိုသာ လေးစား၍ ရေးသားသည် ဖြစ်သောကြောင့် ဤကျမ်းကိုကြည့်ရှု၍ အလွယ်နှင့် အသိဉာဏ်ပေါက် သွားလျှင်ပင် ပင်ပန်းကျိုးနပ်၍ ဤကျမ်း၏ရည်ရွယ်ချက်ပြီးမြောက်ပြီဟု ဆိုရပေမည်။ ထိုစကားသည် ပှန်၏။ အသက်တန်း တိုလျ၍ ရောဂါ ဘယ များလှသော ယခုလို အခါကြီးတွင် မြန်မြန်လူဖြစ် မြန်မြန်အသိဉာဏ်ရ မြန်မြန်အကျိုးခံစားရခြင်းသာ လိုရင်းပဓာန မဟုတ်ပါလော?

အထက်ပါဖော်ပြချက်များအရ ဤကျမ်း၏အမည်ကိုကြားသော အခါ ထင်မြင်ချက် တမျိုးပေါက်၍ ကျမ်းသားကို ကြည့်ရှုသွားသော အခါကား ထင်မြင်ချက်ဘမျိုးရောက်လာမည်ဟု ဧကန်ဆိုနိုင်ပါသည်။ စာသင်စာချ ၂-ဦးလုံး အသုံးပြုနိုင်မည်ကိုလည်း တွေ့ရှိရပေလိမ့်မည်။

အဘိဓမ္မာ ဒေသနာတော်ကား ကျယ်ဝန်းနက်နဲ ခက်ခဲလှပါ ဘိသည်။ ဤကျမ်းထက် ပြည့်စုံလုံလောက်သောကျမ်းကောင်းတစောင်

တဖွဲ့ မထွက်ပေါ်လာမီ ဤကျမ်းသည် သုံးပျော် စွဲပျော်သော ကျွန်း တစောင်တခု ဖြစ်လိမ့်မည်ဟုကား ယုံကြည်ပါသည်။ ထိုသို့ အလွန် လျှို့ဝှက်ခက်ခဲနက်နဲ ထူးမြတ်လှသည့် ပရမတ်သဘော အဟုတ်အမှန် တွေကို သရုပ်သကန်ပေါ်အောင် ကျက်မှတ် သင်အံ ဖတ်နာကြည့်ရှု လေ့လာမှုဖြင့် အဘိဓမ္မာ သာသနာတော်ကြီး ပြုနိုင်ကြပါစေဟု မျှော် မှန်းတောင့်တမိပါသည်။

ယုတ္တာယုတ္တံ ဝိစာရေတွာ၊
ယုတ္တံ ဂဏှာယျ ပဏ္ဍိတော။
အယုတ္တံ စေ ခမေယျာထ၊
မ ဒေါသဥ္စ နာဂရေ။ ။

ရန်ကုန်မြို့
၁၃၁၅-ခု၊တပေါင်းလ၊ အသျှင်သုဇာတာလင်္ကာရ

အဘိဓမ္မာ သင်ရကျိုး

●

အဘိဓမ္မာကို သင်ဒဲ့လေ့ကျက်မှတ်သားခြင်းဖြင့် အဘိဓမ္မာ၏ အနက်,အဓိပ္ပာယ်, သဘော,သရုပ်တို့ကို မှန်ကန်စွာသိရမည်။ သို့သိရသော ပုဂ္ဂိုလ်အား,ကောင်းသောအကျင့်မြတ်ကို ဖြည့်ဆည်းပူးနိုင်သည်။ ဖြည့်ဆည်းပူး နိုင်သောသူအား ငါ၏ အကျင့်သီလသည် ပြည့်စုံစွာတကားဟု နှလုံးသာရွှင်ခြင်း ဖြစ်ရမည်။နှလုံးသာရွှင်ခြင်းသည် ဝမ်းမြောက်ဘို့ ဖြစ်သည်။ ဝမ်းမြောက်ခြင်းသည် နှစ်သက်ဘို့ဖြစ်သည်။ နှစ်သက်ခြင်းသည် နှလုံးအေးငြိမ်းဘို့ ဖြစ်သည်။ နှလုံးအေးငြိမ်းခြင်းသည် ချမ်းသာဘို့ဖြစ်သည်။ ချမ်းသာခြင်းသည် တည်ကြည်ဘို့ဖြစ်သည်။တည်ကြည်ခြင်းသည် ဟုတ်မှန်စွာသိသော ဉာဏ်ကို ရဘို့ဖြစ်သည်။ ဟုတ်မှန်စွာသိခြင်းသည် သခ်ါရတို့၌ ငြီးငွေ့ဘို့ဖြစ်သည်။ငြီးငွေ့ခြင်းသည် ရာဂကင်းငြိမ်းဘို့ဖြစ်သည်။ရာဂကင်းငြိမ်းခြင်းသည် ကိလေသာမှ လွတ်ဘို့ဖြစ်သည်။ ကိလေသာမှ လွတ်ခြင်းသည် ဝိမုတ္တိဉာဏဒဿန (ပစ္စဝေက္ခဏာဉာဏ်) ဖြစ်ဘို့ ဖြစ်သည်။ ပစ္စဝေက္ခဏာဉာဏ် ဖြစ်ပေါ်လာခြင်းသည် နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ အနုပါဒါပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုရဘို့ပင် ဖြစ်သည်။

ယခုပစ္စက္ခဘဝဋ္ဌ မဂ်,ဖိုလ်ကိုမရခဲ့သော် သံသရာ၌ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိစသော ကောင်းကျိုး ချမ်းသာမှုးကို ရရှိနိုင်သည်။ ယခုဘဝ အောက်မဂ်, အောက်ဖိုလ်ကိုသာရ၍ အရဟတ္တဖိုလ်ကို မျက်မှောက်မပြုနိုင်သော်သည်း ဒုတိယဘဝ စသည်တို့၌ ကောန်မျက်မှောက်ပြုရမည်။ဘဝသမ္ပတ္တိ,ဘောဂသမ္ပတ္တိဘို့နှင့်လည်းကောင်းပြည့်စုံရမည်။ ထို့ကြောင့် ဤကျေးဇူးများသော အဘိဓမ္မာတရားကို အခြားသောကိစ္စများကိုအသာဖယ်ထား၍နေ့,ညမနား ကြိုးစား၍ သင်,အံ,မှတ်သားလေ့လာကြကုန်ရာသည်။

ပဏာမနှင့် ပဋိညာဉ်

●

(၁) သဘာဝ.ဗ္ဘမ်ှ စရန္တံ၊
ဓမ္မစန္ဒသဟာယိကံ။
သံဃဇောတိပ္ပရိဗ္ဗာရံ၊
ဝန္ဒာမ် ဇိနဘာကရံ။ ။

(၂) ယေဟိဝါ သုတကာမေဟိ၊
ဇယကာမေဟိ တေဟိ.ဓ။
ယာစိတောဟံ.တေသတ္ထာယ၊
ကဿံ ပုဏ္ဏံ ဝိသဇ္ဇနံ။ ။

(၁) သဘာဝ ဗ္ဘမ်ှ၊အကြောင်းဘော်က,ဖြစ်ပေါ်စမြဲ,နက်နဲကျယ်ပှန်း,သဘာဝတည်းဟူသော ကောင်းကင်စခန်း၌။ စရန္တံ၊ ဘုန်းတော်ထွန်းပြောင်, ဂုဏ်တော်ရောင်ဖြင့်, မိုက်မှောင်ပယ်ခွင်း, ထိန်လျှံလင်းလျက်, ဖြန့်ခင်းကျက်သရေ, သောင်းလုံးဝေမျှ, တက်ချေသက်ချေ, ကြွမြန်းတော် မူပေထသော။ ဓမ္မစန္ဒသဟာယိကံ၊ ကိလေမြူမှေး, ညစ်အကြေးကို,ပယ်ဆေးသုဓ်သင်, ဖြူစင်ဝင်းပ, ဓမ္မစန္ဒာ, ပုဏ္ဏာပြည့်ဝှန်း, လပြည့်စန်းဟု,လှည့်မြန်းပေါ်ထွန်း,အဆွေခင်ပွန်းလည်းရှိပေထသော။ သံဃဇောတိပ္ပရိဗ္ဗာရံ၊သုပ္ပဋိပန္ဒ,ဂုဏ်ပေါင်းခလျက်,များလှပေါ်ကြွယ်, သံဃကြယ်ဖြင့်,တင့်တယ်ပဝင်း,ခြီရံခြင်းလည်းရှိပေထသော။ ဇိနဘာကရံ၊ အယုတ်ကိလေ, မိုက်မှောင်တွေကို, အသေနင်းသတ်, ခုတ်ဖြတ်ပယ်စင်း, အောင်ပွဲကျင်းသည့်, ဘုရားတည်းဟူသော ဌင်နေမင်းကို။ အဟံ၊ရုပ်ဓာတ်,နာမ်ဓာတ်,ပရမတ်ကို,ပေါင်းစပ်စုခေါ်,“**သုဇာတာ**

လက်ဝရ” မည်သော တပည့်တော်သည်။ ဝန္ဒာမိ၊ ဂန္ဓန္ဓရာယ်, မငြိတ္ထယ်ဘဲ, စင်ကြယ်စေကြောင်း, ဂုဏ်တော်ပေါင်းကို, ညွှတ်ပြောင်း ခါခါ, ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

“ဥပမာနဘက်၌ နေ–မှာ ကြယ်မခြီရုံသေ်လည်း အာကာသစာရိက ဝဏ္ဏတို့တွယ် နေ-ကို ပဓာနထား၍ ကြွင်းကြယ်တို့ကို ပရိဝါရအဖြစ် ယူသည်။

(၂) ဤမ၊ ဘုရားသာသနာ, ခြည်ရောင်ဝါဖြင့်, လှုံဖြာတင့်ရွှန်း, ပေါ်ထွန်းကြိုကြိုက်,၌သာသနာတော်အတွင်း၌။သုတကာမေဟိ၊သုတမဂ်လာ,အဖြာဖြာကို, အာသာလွှမ်းအိ, အလိုရှိကြကုန်သော။ ယေဟိဝါ၊ သုတလိုလား အကြင် စာသင်သားအများတို့သည်၎င်း။ ဇယကာမေဟိ၊ အောင်ပွဲမဂ်လာ,အဖြာဖြာကို,အာသာလွှမ်းအိ,အလိုရှိကြကုန်သော။ယေဟိဝါ၊ပဌမပြန်ပွဲ,ဝင်္ကဲလိုငြား,အကြင်စာသင်သား အများတို့သည်၎င်း။ ယံယံ၊ အကြင်အကြင်သုတ, ဇယမဂ်လာ, အဖြာဖြာကို။ ဇုဆို့ယန္တိ၊လိုလားမပြတ်,နှစ်သက်အပ်ကုန်၏။တေဟိ၊သုတအဖြာဖြာ, မဂ်လာအပေါင်း,အောင်ကြောင်းကိုသာ,အာသာထန်ပြင်း,တောင့်တခြင်းရှိကြကုန်သော,စာပေသင်ကြား,ထိုစာသင်သား အများတို့သည်။ ယာစိတော၊ ရေးပါရေးပါ, ခါခါမလပ်, တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊တောင်းပန်အပ်သော။အဟံ၊ငါသည်။ တေသဏ္ဌာယ၊သုတကာမ, ဇယကာမိ, အလိုလိုများ,ထိုစာသင်သားတို့၏, ပွားများသုတ,ဇယမဂ်လာ,ဖြစ်ပါစေခြင်းအကျိုးငှာ။ ပုဏ္ဏံ၊ လိုရင်းပဓာန, အထွဋ်မိပွာ,လက်ဝါပဒို, ကောက်ချက်ညွှန်၍, မှတ်မိစရာ အဖြာဖြာ, ပြဿုံစုံစွာ ပါသော။ ဝိသဇ္ဇနံ၊ ဦးကာကျော်မှ, ဆန်းလှပုဏ္ဏာ, အဖြာဖြာကို, ကောင်းစွာဖြေခဏ်း, **“မဓိုးရိမ် ဦးကာဧကျော် အဖြေကျမ်း”**ကို။ ကဿံ၊ ရေးသားတိထွင်,စိရင်ပေအံ့သတည်း။

ပဏာမနှင့် ပဋိညာဉ် ပြီး၏။

မစိုးရိမ်

ဦကာကျော်အဖြေ

"နမတ္ထု အနန္တဉာဏသ ပရမတ္ထမ္မေဝိဒုနော"

စိတ်ပိုင်း

ပဏာမ အဖြေ

●

- အဘယ့်ကြောင့် အဘိမ္မေတ္ထ ဝိဘာဝိနီ (ဦကာကျော်) ကျမ်းဟု ခေါ်ပါသနည်း။

၁-ဖြေ။ ။"အဘိမ္မေတ္ထာ ဝိဘာဝိယန္တိ ပကာသိယန္တိ ဧတ္ထ ဧတာ ယာတိဝါ အဘိမ္မေတ္ထဝိဘာဝိနီ"ဟူသော ဝစနတ္ထနှင့်အညီ အဘိမ္မော၏ အနက်တို့ကို ပေါ်လွင်ထင်ရှားစွာ ပြဆိုရာ ပြဆိုကြောင်းဖြစ်သော ကြောင့် အဘိမ္မေတ္ထဝိဘာဝိနီကျမ်း-ဟု ခေါ်ပါသည်။

{အများခေါ်ကား အဘိမ္မေတ္ထ ဝိဘာဝနီတည်း။ကျမ်းဆရာ၏ အမည်ပေးရင်းကား အဘိမ္မေတ္ထ ဝိဘာဝိနီသာ ဖြစ်သည်။ ဦကာကျော်မည်ခြင်းကား၊ ဤကျမ်းကိုသင်ကြား၍ စာပေတတ်မြောက်လွယ်သည့်ပြင် စကား အသွားအလာ ဝါကျ အသွားအလာ လှသောကြောင့် ရှေးအခါက ဤကျမ်းကို **"ဦကာလှ"** လက်သန်း အဋ္ဌကထာ၏ အဖွင့်ဖြစ်၍ **"ဦကာ လက်သန်း"** ခေါ်၍ ဘင်းဝခေတ် မဏိမညူဆရာ အရှင် အရိယာဝံသကို လက်သက်မှစ၍ စင်ကိုင်းရေငုံဆရာဘော်ဘုရားထံ ဦကာကျော်

တက်ရင်း ပဏာမ လောက်နှင့်ပင် သဘောပေါက်၍ **ကျော်ရော့ဟယ်**-ဟု ပြောသည်ကို အစွဲပြု၍ ဤအခါမှ **ဋီကာကျော်**တွင်လာသည်ဟု သာသနာလက်ဝါရနှင့် ဆရာစဉ်ဆက်တို့ ပြောရိုးပြုခဲ့ကြသည်။ ဆရာကို ကျေးဇူး ဆပ်သော အားဖြင့် ဋီကာကျော်၏အဖွင့် မဏိသာရမဉ္ဇူသာ ဋီကာကျမ်းကြီး ကိုလည်း ရေးသားခဲ့သည်ဟူ၏။ }

- ''သမ္မဒ္ဓပူဇိတံ'' ဟူသော ဋီကာကျော်၌ မြတ်စွာဘုရားသည် တစုံတခုသော အာမိသဖြင့်ဂုဏ်း၊ ရှိခိုးခြင်းဖြင့်ဂုဏ်း၊ တရားတော်ကိုပူဇော်၍ ဤကဲ့သို့ ဋီကာဆရာ ဆိုပါသလော ဂျင်းလင်းခဲ့ပါ။

၂-ဖြေ။ ။မဟုတ်ပါ။''ဓမ္မံ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အာဒိကလျာဏံ''အစရှိသော စကားတို့ဖြင့်ဂုဏ်း၊တရားတော်ကို ကောင်းစွာထုံခြင်း-ပွားခြင်း-အကြိမ်များစွာလေ့လာမှုပြုခြင်း-ဆင်ခြင်ခြင်း။ဝေနေယျတို့အား ကောင်းစွာဟောကြားခြင်းတို့ကိုပင် သမ္မဒ္ဓပူဇိတံ-ဟု ဆိုပါသည်။ အမှန်မှာ ဘုရားဂုဏ်တို့သည် တရားတော်အား ပစ္စည်းလေးပါး ပန်းနှံသာ စသည်တို့ဖြင့် ပူဇော်ခြင်း ရှိခိုးခြင်းမည်သည် မရှိပါ။ (၄)

- ဘုရားကိုရှိခိုးခြင်းဖြင့် ရောဂါစသော အန္တရာယ်ကိုပယ်ဖျောက်နိုင်စွမ်းရှိလျက် ဋီကာကျော်ဆရာသည် အဘယ့်ကြောင့် တရားသံဃာတို့ကိုလည်း ထပ်၍ ရှိခိုးပြန်ပါသနည်း။

၃-ဖြေ။ ။မိမိသည် ရတနာသုံးပါး၌ ကြည်ညိုသည်ကို သိစေခြင်းငှာ၊ထိုသို့သိသဖြင့် ပညာရှိတို့ နှစ်သက်စေခြင်းငှာ၊ထိုသို့နှစ်သက်သဖြင့် ဒိဋ္ဌိကျမ်းကို သင်ယူစေခြင်းငှာ၊ ထိုသို့သင်ယူသဖြင့် အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ဟုတ်တိုင်းမှန်စွာ သိစေခြင်းငှာ၊ ထို့သို့ သိသဖြင့် ကောင်းစွာကျင့်နိုင်စေခြင်းငှာ၊ ထိုသို့ ကျင့်သဖြင့် လူ, နတ်, နိဗ္ဗာန်-သုံးတန်သော အကျိုးကို ပြီးစေနိုင်ခြင်းငှာ တရား,သံဃာတို့ကိုလည်း ထပ်၍ ရှိခိုးပြန်ပါသည်။ (၄)

● ဋီကာကျော် ဆရာသည် ပဏာမ စသည်ကို ပြဆိုရာ၌ ''ဝဏ္ဏယိသံ သမာသေန'' ဟု ဆိုပြီးလျက်၊ အဆုံးတွင် ''ရစယိသာမိ ဝဏ္ဏာနံ'' ဟု အဘယ့်ကြောင့် ထပ်၍ ဆိုပြန်ပါသနည်း၊ ပုနရုတ္တိဒေါသ မရောက်ပါလော။

၄-ဖြေ။ ။မရောက်ပါ။ ဝဏ္ဏယိသံ-ဟူသော သခေါပ စကားကို ဖွင့်ပြလိုသောကြောင့်သာ ထပ်၍ဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပုနရုတ္တိဒေါသ မရောက်ပါ။

{အဋ္ဌသာလိနီတွင် ''အတ္ထံ ပကာသယိသာမိ'' ဟု ဆိုပြီးလျက် နောက်တွင် ''ကရိဿာမတ္ထ ဝဏ္ဏနံ'' ဟု ဆိုရာ၌ဌင်း၊ သီလက္ခန်အဋ္ဌကထာတွင် ''အတ္ထံ ပကာသယိသာမိ'' ဟုဆိုပြီးလျက် နောက်တွင် ''ဌတွာ ပကာသယိသတိ၊ တတ္ထ ယထာဘာသိတမတ္ထံ'' ဟု ဆိုရာ၌ဌင်း၊ ပါရာဇိကဏ် အဋ္ဌကထာတွင် ''သံဝဏ္ဏနံ သမ္မသမာရဘိဿံ'' ဟု ဆိုပြီးလျက် နောက်တွင် ''ယသ္မာ အယံ ဟေဿတိ ဝဏ္ဏော်နာဝိ'' ဟု ဆိုရာတို့၌ဌင်း၊ ဤနည်းတူ ထပ်၍ ဖွင့်ပြလိုသောကြောင့် ဆိုသည်ဟု မှတ်ပါလေ။}

● ကျမ်း၏အစ၌ သမ္မာသမ္ဗုဒ္ဓ မတုလံ ဂါထာကို အဘယ်အကျိုးငှာ အနုရုဒ္ဓါဆရာ ပြဆိုပါသနည်း။

၅-ဖြေ။ ။အလွန် ဆန်းကြယ်သော နည်းနှင့် ပြည့်စုံ၍ မိမိအယူ၊ သူတပါးအယူကို သက်ဝင်၍ ယူစွမ်းနိုင်သည့် ပညာဉာဏ်စွမ်းကို ဖြစ်စေတတ်သော ဤအဘိဓမ္မတ္ထသင်္ဂဟအမည်ရှိသော (သင်္ဂြိဟ်) ကျမ်းကို အားထုတ်တော်မူလိုသော အနုရုဒ္ဓါဆရာသည် ကျမ်းကို အားမထုတ်မီ ရှေးအဘို့၌ရတနာတွယပဏာမ, အဘိဓေယျ, ကရဏပ္ပကာရ, ပကရဏာဘိဓာန, ပယောဇဉ်ငါးပါးတို့ကိုပြခြင်းအကျိုးငှါ၊ ဤသမ္မာသမ္ဗုဒ္ဓမတုလံ ဂါထာကို အနုရုဒ္ဓါဆရာပြဆိုခြင်း ဖြစ်ပါသည်။ (၌)

● ရှင်အနုရုဒ္ဓါဆရာ၏ သဂြိဟ်ကျမ်းသည် အချိန်အတော်ကြာက ပြီးနေပြီ ဖြစ်၍ ထိုကျမ်းကို တံ - ဟူသော ပရမ္မုခ မျက်ကွယ် စကားဖြင့်သာ သုံးစွဲ ခေါ်ဝေါ်သင့်လျက် အဘယ့်ကြောင့် ဋီကာကျော်ဆရာသည် ''ပကာရဏာမိဒမာရဘန္တော'' ဟု ပစ္စက္ခ မျက်မှောက်စကားဖြင့် သုံးစွဲ၍ ကျမ်းတက်ပြုပါသနည်း။

၆-ဖြေ။ ။မျက်ကွယ်စကားဖြင့် သုံးစွဲသင့်သော်လည်း မိမိ၏အသိ ဉာဏ်၌ မိမိ၏အနီးအပါး၌ရှိမသော ကျမ်းတခုပမာ ထင်မြင် ယူဆထား သောကြောင့် ''အာသန္နေ ပစ္စက္ခ မျက်မှောက်'' စကားဖြင့်သုံးစွဲ၍ ကျမ်း တက်ထားခြင်း ဖြစ်ပါသည်။ ''အယံ အာစရိယော'' သုံးစွဲရာ၌လည်း ဤနည်းအတူမှတ်။ {အရာရာတိုင်း၌ ဤနည်းအတူ မှတ်လေ။} (၄)

● သမ္မာသမ္ဗုဒ္ဓ မတုလံ-စသော ဂါထာ၌ ပဏာမ, အဘိဓေယျ စသော အနက်ငါးပါးကို အဘယ်ပါဠိဖြင့် အဘယ်ကိုပြသည်ဟု ညွှန်ပြပါ။

၇-ဖြေ။ ။သမ္မာသမ္ဗုဒ္ဓမတုလံ။လ။'အဘိဂါဒိယ-ပါဠိဖြင့်ပဏာမ ကိုပြပါသည်။အဘိဓမ္မတ္ထသင်္ဂဟံ-ပါဠိဖြင့် အဘိဓေယျ,ကရဏာပဂကာရ, ပကရဏာဘိဓာန ၃-ပါးကိုပြပါသည်။အဘိဓမ္မတ္ထသင်္ဂဟံ၌ သင်္ဂဟံပုဒ် တစိတ်၏အစွမ်းသတ္တိ သာမတ္ထိယဟုဆိုအပ်သော ကာရဏူပစာရအား ဖြင့် ပယောဇဉ်ကို ပြပါသည်။ ဘာသိဿံ-ဖြင့် ပဋိညာဉ်နှင့်ကတ္တားကို ပြပါသည်။ တနည်း....အဘိဓမ္မတ္ထ သင်္ဂဟကျမ်း - ဟူသော အမည် သာမညကိုလည်းသာဓမတ္ထိယအား ဖြင့်ပြသည်။အဘိဓမ္မတ္ထ သင်္ဂဟံ-ဖြင့် ပဋိညာတဗ္ဗကို ပြသည်။

{ပဏာမ-၌ ပဏာမ,ပဏာမိတဗ္ဗ,ပဏာမာရဟဘောဂုဏ်, ပဏာမဟေတု-အား ဖြင့် လေးပါးခွဲ။အဘိဝါဒိယ-ဖြင့်ပဏာမ ကို၊ သမ္မာသမ္ဗုဒ္ဓ သဒ္ဒါနှင့်တကွ သဟ, ဓမ္မ, ဂဏ သဒ္ဒါတို့ဖြင့် ပဏာမိတဗ္ဗကို၊အတုလသဒ္ဒါနှင့်တကွ သန္တ,ဥတ္တမသဒ္ဒါတို့ဖြင့် ပဏာမာရဟ ဘောဂုဏ်နှင့် ပဏာမ ဟေတု - ကို ပြသည်ဟု မှတ်လေဦး။}

† အဘိဓမ္မတ္ထသင်္ဂဟန္တိဧတေန အဘိဓေယျကရဏပ္ပကာရ ပကရဏာဘိဓာနာနိ (ဝုတ္ကာနိ) ပယောဇနမ္ပန သင်္ဂဟ ပဒေန သာမတ္ထိယတော ဒဿိတမေဝ။ (ဋီ)

● သမ္မာသမ္ဗုဒ္ဓ မတုလံ ။လ။ အဘိဝါဒိယ - ဟူသော ပါဌ်ဖြင့် အဘယ့်ကြောင့် ရတနတ္တယ ပဏာမကို ပြနိုင်ပါသနည်း။

၈-ဖြေ။ ။ရှိခိုးအပ်သော ရတနာသုံးပါး ရှိခိုးခြင်းတို့ကို ထိုပါဌ်များက ဖော်ပြနေသောကြောင့် ထိုပါဌ်များဖြင့် ရတနတ္တယပဏာမကို ပြနိုင်ပါသည်။{ဤအကြောင်းပြကိုသိလွယ်သောကြောင့် ဋီကာကျော်၌ ဖော်မပြခဲ့။}

† ဝန္ဒနေယျ ဝန္ဒနာ ဒီပနတော-ဗုဒ်ပန ကာရဏံ သုဝိညေယျန္တိ န ဝုတ္တန္တိ ဒဋ္ဌမ္ဗံ။ (ဇူ)

● အဘယ့်ကြောင့် အဘိဓမ္မတ္ထသင်္ဂဟံဟူသောပါဌ်တခုဘည်းဖြင့် အဘိဓေယျ,ကရဏပ္ပကာရ, ပကရဏာဘိဓာန အနက်သုံးပါးကို ပြနိုင်ပါသနည်း။ အသီးသီးယှဉ်တွဲ၍ပြပါ။

၉-ဖြေ။ ။အဘိဓမ္မာ ၇-ကျမ်း၌ အကျယ် ဟောအပ် ကုန်သော အဘိဓမ္မာအနက်တို့ကို ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌အကျဉ်းပေါင်းရုံး၍ ယူထားသည်၏အဖြစ်ကို ထိုအဘိဓမ္မတ္ထသင်္ဂဟံပါဌ်က ပြသောကြောင့် (သာမည) ထိုအဘိဓမ္မာ ၇-ကျမ်း၌ ဟောအပ်ကုန်သော အဘိဓမ္မာ အနက်တို့ကို-ထို အနက်တို့ကိုပင် ပေါင်း၍ ထားသော ဤအဘိဓမ္မတ္ထ သင်္ဂဟကျမ်းဖြင့် ပြီးစေအပ်သည်၏အဖြစ်ကိုပြခြင်းကြောင့် (ဝိသေသ) အဘိဓမ္မတ္ထသင်္ဂဟံ ပါဌ်ဖြင့် အဘိဓေယျကို။ {အဘိဓမ္မာ ၇-ကျမ်း၌ ဟောသော အနက်နှင့် ဤအဘိဓမ္မတ္ထ သင်္ဂဟကျမ်း၌ ပါသော အနက်တို့သည် အတူတူပင် ဖြစ်သည်ဟု အဘိဓမ္မတ္ထသင်္ဂဟံပါဌ်က ပြသောကြောင့် အဘိဓမ္မတ္ထသင်္ဂဟံပါဌ်ဖြင့် အဘိဓေယျကိုပြသည်ဟူလို။}အဘိဓမ္မာအနက်များကို အဘိဓမ္မတ္ထသင်္ဂဟတကျမ်းတည်းမှာအကျဉ်းပေါင်းရုံး၍ ဆိုသောအခြင်းအရာကိုပြခြင်းကြောင့် အဘိဓမ္မတ္ထ သင်္ဂဟံပါဌ်ဖြင့်

ကရဏာပဂကာရကို။ထိုအဘိဓမ္မတ္ထသင်္ဂဟံပါဠိဖြင့်ပင်အဘိဓမ္မာ ၇-ကျမ်း၌ အကျယ်ဟောထားသောအနက်တို့ကိုဤကျမ်း၌အကျဉ်းရုံး၍ယူထားသောကြောင့် အဘိဓမ္မတ္ထသင်္ဂဟမည်သည်ဟူသော အနွက်အားလျော်စွာဖြစ်သောအမည်ကို တဖန် ပြပြန်ခြင်းကြောင့် ထိုအဘိဓမ္မတ္ထ သင်္ဂဟံပါဠိဖြင့် ပကရဏာဘိဓာနကို အသိုးသိုးပြနိုင်ပါသည်။

{အဓိပ္ပာယ် အယူအဆ အဆက်အစပ် မပေါ်မလွင် ခဲကပ်သောကြောင့် ကျယ်ကျယ်စုံလင်အောင် ဖြေဆိုလိုက်သည်။}

† အဘိဓမ္မတ္ထာနံ ဇုဓ သင်္ဂဟေတဗ္ဗဘာဝဒဿနေန တေသံဇုမိနာသမုဒိတေန ပဋိပါဒေတဗ္ဗ ဘာဝ ဒီပနတော, ကတ္ထသင်္ဂယကထနာကာရ ဒီပနတော, အတ္ထာနုဂတ သမညာ ပရိဒီပနတောစ။ (ဋီ)

● ဋီကာကျော်တွင် အဘိဓမ္မတ္ထသင်္ဂဟံ တပ်ဒ်တည်းကအဘိဓေယျစသော သုံးနက်ကို ပြခြင်းအကြောင်းကို ပြဆိုရာဝယ် ပဋိပါဒေတဗ္ဗ ဘာဝဒီပနတော, ကထနာကာရာဒီပနတော, အတ္ထာနုဂတ သမညာ **ပရိဒီပနတောစ**-ဟု ပြဆိုရာ ပဌမ, ဒုတိယ ဟိတ် တွင် ပရိသဒ္ဒါ မပါဘဲ တတိယ ဟိတ်ပုဒ်ကမ္မ အဘယ့်ကြောင့် ပရိ သဒ္ဒါနှင့် ဆိုပါသနည်း။

၁၀-ဖြေ။ ။ဒီပန တပ်ဒ်တည်းက ပဋိပါဒေတဗ္ဗဘာဝ အနက်တခုတည်းကိုသာ ပြသည်မဟုတ်၊ နောက်ထပ် ကထနာကရ အနက်, အတ္ထာနုဂတ သမညာအနက်တို့ကိုလည်း ပြနေသောကြောင့် တတိယဟိတ်ပုဒ်ကမ္မ ပရိသဒ္ဒါနှင့်ဆိုရပါသည်။

† ဧကပဒေ ဧကတ္ထံယေဝ အဒိပေတ္တာ ပုံနပ္ပုံနံ ဒုတိယတ္ထတတိယတ္ထာနမ္မိ ဒီပနတော။ (ဋီ)

● ဤသို့ဖြစ်လျှင် ဒုတိယ ဟိတ်ပုဒ်မှာလည်း ပရိသဒ္ဒါကို ထည့်ရှုဆိုသင့်ပါလျက် အဘယ့်ကြောင့် မဆိုပါသနည်း။

၁၁-ဖြေ။ ။ဒုတိယ ဟိတ်ပုဒ်မှာ ထည့်၍ ဆိုသင့် သော်လည်း သုမင်္ဂလသာမိ ဦးကာကျော် ဆရာသည် နည်းကိုပြုခြင်း၏ အစွမ်းဖြင့် ဒုတိယဟိတ်ပုဒ်၌ ပရိသဒ္ဒါကိုထည့်၍မဆိုခြင်းဖြစ်ပါသည်။သို့သော်.... အနက်ပေးသောအခါ ပရိသဒ္ဒါ၊ သို့မဟုတ် ပုနသဒ္ဒါ တခုခုကိုဆောင် ထည့်၍ ပေးသင့်ပါသည်။

† အာစရိယေန ပန နယဒဿနဝသေန ဒုတိယဟေတုပဒေ သော နု ဝုတ္တောတိ ဒဋ္ဌဗ္ဗော။ (၄)

● ပယောဇဉ်ကို သင်္ဂဟံ ဟူသော ပုဒ်တစိတ်က အဘယ့်ကြောင့် ပြုနိုင်ပါသနည်း။

၁၂-ဖြေ။ ။အဘိဓမ္မာ ၇-ကျမ်းဦး အကျယ် ဟောထားသော အဘိဓမ္မာအနက်တို့ကို ဤအဘိဓမ္မတ္ထ သင်္ဂဟတကျမ်းဘည်းဦး ဒေသနာ ရုံးရှင် ယူသားသဖြင့် ထို ကျဉ်းကျဉ်း (သင်္ဂဟ) ဖြစ်သော အဘိဓမ္မတ္ထ သင်္ဂဟကျမ်းကို သင်ခြင်း, အဖန် တလဲလဲ မေးခြင်း ၎င်း၏ အစွမ်းဖြင့် ထိုအဘိဓမ္မာ အနက်တို့၏ သရုပ် လက္ခဏာတို့ကို အားလုံး တကူသိနိုင်ပါသည်။သို့သိခြင်းကိုအရင်းပြု၍ ပစ္စုပ္ပန်တမလွန်ဘဝဖြစ်သော အကျိုးစီးပွားပြည့်စုံခြင်းသည်လည်းအနှောင့်အယှက်မရှိဘဲ ပြီးပြည့်စုံနိုင်ပါသည်။ ထို့ကြောင့် သင်္ဂဟံ ပုဒ်တစိတ်က ပယောဇဉ်ကို ပြုနိုင်ပါသည်။

[၂] သင်္ဂဟံပုဒ်တစိတ်က ပယောဇဉ်ကို ပြုခြင်းကား မုချ မဟုတ်။ အနက်အများကို တကျမ်းတည်းမှာ အကျဉ်းပြသဖြင့် သင်, အံ, ဆောင်ရွက်ခြင်း လွယ်ကူ၍ အနက် အဓိပ္ပာယ်ကို လျင်လျင်မြန်မြန်သိပြီး ပစ္စုပ္ပန်တမလွန် အကျိုးနှစ်ပါးပြီးစီးပြည့်စုံသည်ကို ထောက်ဆ၍ သိရသောကြောင့် "သာမတ္ထိယတော" ဟု ဦးကာ၌ဆို့သည်။တနည်းအားဖြင့် အကျဉ်းအားဖြင့်ပြသော ကျမ်းကို သင်,အံ,ဆောင်ရွက်လွယ်သဖြင့် သရုပ်လက္ခဏာကို လျင်စွာ သိရခြင်းကား သင်္ဂဟံ ပုဒ်၏ မုချပယောဇဉ်။ ထို့လျင်

အကြောင်းရှိသောပစ္စုပ္ပန်တမလွန်အကျိုးပြီးစီးပြည့်စုံခြင်းကား သင်္ဂဟံပုဒ်၏ အနုသင်္ဂိကပယောဇဉ်-ဟု နှစ်မျိုးခွဲ၍မှတ်လေ။}

† အဘိဓမ္မတ္ထာနံ ဧကတ္ထ သင်္ဂဟေ သတိ တဒုဂ္ဂဟ ပရိပုစ္ဆာဒိ ဝသေန တေသံ သရူပါဝဗောဓဿ တမ္မူလိကာယစဒိဋ္ဌဓမ္မိက သမ္ပရာယိကတ္ထသိဒ္ဓိယာအနာယာသေနသံသိဇ္ဈနတော။ (ဌီ)

● ရတနတ္တယပဏာမော - ဟူသော ပါဌ်၌ အဘယ်သည် ရတနတ္တယပဏာမ မည်ပါသနည်း။

၁၃-ဖြေ။ ။ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော မဟာကုသိုလ်စေတနာသည် ရတနတ္တယ ပဏာမော ဟူသော ပါဌ်၌ ပဏာမ မည်ပါသည်။

† ရတနတ္တယပဏာမော ဟိ အတ္ထတော ပဏာမကြိယာဘိနိပ္ပာဒိကာ ကုသလစေတနာ။ (ဌီ)

{ အလွန်မွေ့လျော်ခြင်း,နှစ်သက်ခြင်းကို ဖြစ်စေတတ်သော ကြောင့် ရတနာမည်သည်။ ထိုရတနတ္တယပုဒ်ကို "ရတိံ အဘိ ရတိံ ပေမံ ဇနေတီတိရတနံ" "တိဏ္ဏံသမာဟာရောတိ တယံ၊ ရတနာနံ တယံ ရတနတ္တယံ" ဟု အစိတ်အပေါင်း ဝစနတ္ထပြု။

ကိုယ်,နှုတ်,စိတ်တို့ဖြင့် ရတနာသုံးပါးဂုဏ်၌ညွှတ်ကိုင်းခြင်း အမူအရာ ကြိယာဝိညတ်သည် ပဏာမ မည်၏။ "ပဏာမနံ ပဏာမော" ဟု ဘာဝသာဓ်ပြု။တနည်း...ရှိခိုးခြင်းကြိယာကို ပြီးစေတတ်သော မဟာကုသိုလ်စေတနာသည်ပင်ပဏာမမည်၏။ 'ပဏဂမန္တိ ဧတာယာတိဝါ ပဏာမော' ဟု ကရဏသာဓ်ပြု။ပဏာမအရ ဧတ္ထိလိင် ဖြစ်သောကြိယာ စေတနာကိုရသော်လည်း အဘိဓေယျလိင်သို့မလိုက်ဘဲ ဘာဝေစ,ဝိသရုဇသုတ်တို့ဖြင့်သက်သော အ,ပစ္စည်း ဏ,ပစ္စည်းသည် ပုံလိင်ဖြစ်၍သဒ္ဒလိင်သို့လိုက်၍ ပဏာမော-ဟု အဆုံးချထားသည်။ "တာသု ဧဋ္ဌာနုဘဝနလက္ခဏာ သုခါ" ဟူသော အဋ္ဌသာလိနီ၌ကား သုခသဒ္ဒါ၏ ပကတိလိင်ဖြစ်သော နပုံလိင်သို့မလိုက်ဘဲ အဘိဓေယျ

ဖြစ်သောဝေဒနာကိုင့်၍အဘိဓေယျလိင်သို့လိုက်ခါ"သုခါ"ဟု ဇူတ္ထိလိင် ချထားသည်။ သဒ္ဒါတို့၏ အဆုံးချခြင်းကား အရာ ဌာနသို့လိုက်၍ ဤနည်းနှင်နှင်ချည်းသာ မှတ်လေ။}

● ပစ္စုပ္ပန်, အနာဂတ် နှစ်ပါးတို့တွင် အဘယ်ကာလ၌ အကျိုး ပေးသောစေတနာသည် ပဏာမ မည်ပါသနည်း။

၁၄-ဖြေ။ ။ပစ္စုပ္ပန် အတ္တဘော-၌ အကျိုးပေးသော စေတနာ သည် ပဏာမ မည်ပါသည်။

{ထိုပဏာမ စေတနာသည် ပဌမဇောသာတည်း။ လယ်တီ ဆရာတော်ကားဥပတ္ထမ္ဘနကိစ္စကိုသာလိုအပ်သည်။ထိုဥပတ္ထမ္ဘန ကိစ္စကိုလည်း ဇော ၇-ကြိမ်လုံး၌ ရအပ်သည်ဟုဆိုသည်။}

† သာစ ဒိဋ္ဌဓမ္မဝေဒနီယဘူတာ။ (ဋီ)

● ပဏာမ စေတနာသည် အဘယ့်ကြောင့် ပစ္စုပ္ပန် အတ္တဘော၌ အကျိုးကို ပေးပါသနည်း။

၁၅-ဖြေ။ ။ရတနာသုံးပါး၏ အရဟတာ စသည်နှင့်ပြည့်စုံခြင်း ခေတ္တဂုဏ်။ ကျမ်းဆရာ၏ မြတ်သောအလိုဆန္ဒ, ဝီရိယဟုဆိုအပ်သော အဇ္ဈာသယဂုဏ် ၂-ပါးတို့နှင့် ပြည့်စုံခြင်းကြောင့် ပဏာမ စေတနာ သည် ပစ္စုပ္ပန် အတ္တဘော-၌ အကျိုးကို ပေးနိုင်ပါသည်။

{ဒိဋ္ဌဓမ္မအကျိုးပေးရာ၌ အင်္ဂါ ၄-ပါးကား ဒါနအရာ၌သာ ဖြစ်သည်။ ဤ ပဏာမ စေတနာ၌ကား - ခေတ္တ, အဇ္ဈာသယ ၂-ပါးပြည့်စုံက အကျိုးပေးနိုင်တော့သည်။ခေတ္တ သမ္ပဒါသည် ဝတ္ထုသမ္ပတ္တိ အားလျော်၍ အဇ္ဈာသယ သမ္ပဒါသည် စေတနာ မဟတ္တ အားလျော်သည်။}

† သာစ ဝန္ဒနေယျ ဝန္ဒကာနံ ခေတ္တဇ္ဈာသယ သမ္ပဒါဟိ။ (ဋီ)

† ရတနတ္တယ ပဏာမစေတနာ ပန ခေတ္တသမ္ပဒါ အဇ္ဈာသယ သမ္ပဒါတိ ဒုဝင် သမ္ပတ္တိယာ ဒိဋ္ဌဓမ္မ ဝေဒနီယာ ဟောတီတိ ဒသေတိ။ (ဇူ)

● ပဏာမ စေတနာသည် ပစ္စုပ္ပန် အတ္ထဘော-ဌ် အကျိုးပေးပုံ အခြင်းအရာကို ရှင်းလင်းပြပါ။

၁၆-ဖြေ။ ။ပဏာမစေတနာသည် ကံဟောင်းအား မိမိ၏အား အဆင့်ကို ပေးသည်၏အစွမ်းဖြင့် ရောဂါအစရှိသော အန္တရာယ်တို့ကို တားမြစ်ကာ အကျိုးကို ပေးပါသည်။ (သမာသ) အကြင် အကြင် ရာဇဝပ်သော အကျိုးပြည့်စုံခြင်း၏ အကြောင်းဖြစ်သော ကံဟောင်းအား မိမိ၏ အားအဆင့်ကို ပေးသည်၏အစွမ်းဖြင့် ထိုကံဟောင်းသည်ဖြစ်စေအပ်သော ဝိပါက်အစဉ်၏ အန္တရာယ်ကို ပြုတတ်ကုန်သော ဥပပီဠက ဥပစ္ဆေဒက ကံတို့ကို တားမြစ်ကာ ထို ဥပပီဠက ဥပစ္ဆေဒက ကံလျှင် အကြောင်းရင်းရှိသော အကြင်အကြင်အလိုရှိအပ်သောကျမ်းပြီးခြင်းကို တားမြစ်တတ်ကုန်သော ရောဂါစသော အန္တရာယ်တို့၏ မဖြစ်ခြင်းကို ပြီးစေသောအားဖြင့် အကျိုးကို ပေးပါသည်။ (ဗျာသ) (၄)

● ကျမ်း၏အစဉ် ရတနဇ္ဈာယ ပဏာမကို ပြုခြင်း၏ အကျိုးကို ရေးခဲ့ပါ။

၁၇-ဖြေ။ ။ကျမ်း၏အစဉ် ရတနဇ္ဈာယ ပဏာမကိုပြုသဖြင့် အားထုတ်အပ်သော ကျမ်း၏ အန္တရာယ်မရှိသဖြင့် ပြီးစီးခြင်းအကျိုး၊ မိမိ၏ ရှိခိုးခြင်းဟူသောအကျင့်မြတ်ဖြင့် စာသင်သားတို့အား အန္တရာယ်မရှိဘဲ သင်ခြင်း, ဆောင်ခြင်းစသော ကိစ္စပြည့်စုံစေခြင်းအကျိုးများ ရှိပါသည်။ (၄)

● ကျမ်း၏အစဉ် ရတနဇ္ဈာယ ပဏာမ စေတနာသည် အဘယ်ကြောင့် အားထုတ်အပ်သော ကျမ်း၏ပြီးစီးခြင်းအကျိုး စာသင်သားတို့၏ သင်ခြင်း, ဆောင်ခြင်း စသောကိစ္စ ပြည့်စုံခြင်းအကျိုးတို့ကို ပြီးစီးစေနိုင်ပါသနည်း။

၁၈-ဖြေ။ ။ကျမ်း၏ အစဉ် ရတနဇ္ဈာယ ပဏာမ စေတနာသည် အကြင်အကြင် အလိုရှိအပ်သော ကျမ်းပြီးခြင်းကို တားမြစ် နှောင့်ယှက်တတ်ကုန်သော ရောဂါအစရှိသော အန္တရာယ်တို့ကို တားမြစ်နိုင်သော

ကြောင့် အားထုတ်အပ်သော ကျမ်း၏ပြီးစီးခြင်းအကျိုး, စာသင်သား တို့၏ သင်ခြင်, ဆောင်ခြင်း စသော ကိစ္စပြည့်ခြင်း အကျိုးတို့ကို ပြီးစီး စေနိုင်ပါသည်။ (၄)

● ကံဟောင်းသည် ရောဂါ အစရှိသော အန္တရာယ်တို့ကို တားမြစ်ရာ၌ ရတနတ္တယပဏာမစေတနာက ကူညီအားပေးမှုကို "အနုဗလပ္ပဒါန" ခေါ်ပါသလော ရှင်းလင်းခဲ့ပါ။

၁၉-ဖြေ။ ။မဟုတ်ပါ။ကံဟောင်းသည် မိမိ၏အကျိုးကိုကြာမြင့်စွာ ဖြစ်စေရာ၌ ပဏာမ စေတနာက ထိုကံဟောင်းသည် အကျိုးကို ကြာမြင့်စွာ ဖြစ်စေနိုင်အောင် ကူညီအားပေး ထောက်ပံ့မှုကိုသာ "အနုဗလပ္ပဒါန" ခေါ်ပါသည်။

{ရတနတ္တယပဏာမစေတနာသည် "ကုသိုလ်ကံဟောင်း၏ အကျိုးကို ကြာမြင့်စွာ ဖြစ်စေ နိုင်အောင် ကူညီ ထောက်ပံ့၍ ထို ကူညီ ထောက်ပံ့နိုင်သော မိမိ၏ အစွမ်းသတ္တိဖြင့် ဥပဗီဋက ဥပစ္ဆေဒကကံတို့ကိုတားမြစ်ကာရောဂါအစရှိသောအန္တရာယ်တို့ကို ဖျက်ဆီး တားမြစ် နိုင်သည်" ဟု သေချာစွာ မှတ်ပါ .. "တဿာနုဘာဝေန ဟတန္တရာယော" ဟူသော အဋ္ဌကထာစကားကိုလည်း ထောက်လေ။}

† အနုဗလပ္ပဒါယကန္တိစ ဥပထမ္ဘကမေဝ ဝုစ္စတိ။တဥိယထာလဒ္ဓိသမ္ပတ္တိ ဇနက ကမ္မဿ တံသမ္ပတ္တိ စိရဋ္ဌိတိကံ ကရောန္တမေဝ ဗလာနုပ္ပဒါယကံနာမ ဟောတိ။ (နေတ္တိ ဂဏ္ဌိပုဒ်)

● ရတနတ္တယ ပဏာမ စေတနာသည် ရောဂါ အစရှိသော အန္တရာယ်တို့၏ မဖြစ်ခြင်းကို ပြီးစေနိုင်သည်ဟုဆိုရာ၌ ထင်ရှားရှိသော ရောဂါ အစရှိသော အန္တရာယ်တို့ကို တားမြစ်သော အားဖြင့် မဖြစ်ခြင်းကို ပြီးစေနိုင်သည်ကိုပင် ဆိုပါသလော။

၂၀-ဖြေ။ ။မဟုတ်ပါ။အန္တရာယ်ကိုပြုတတ်ကုန်သော ဥပဗီဋက ဥပဃာတက အကြောင်းတို့ကို တားမြစ်ခြင်းဖြင့် သာလျှင် ရောဂါ အစရှိသောအန္တရာယ်တို့၏မဖြစ်ခြင်းကို ပြီးစေနိုင်သည်ဟု ဆိုပါသည်။

စင်စစ်အားဖြင့် ထင်ရှားရှိသော ရောဂါ အစရှိသော အန္တရာယ်တို့ကို တိုက်ရိုက် တားမြစ်သောအားဖြင့် မဖြစ်ခြင်းကို ပြီးစေနိုင်သောကြောင့် ဆိုခြင်းမဟုတ်ပါ။

{အဖြောင့် အဓိပ္ပာယ်မှာ - အန္တရာယ်ကို ပြုတတ်သော အကြောင်းကံတို့ကို တားမြစ်ခြင်းဖြင့် အကျိုးဖြစ်သော ရောဂါ အစရှိသော အန္တရာယ်တို့၏ မဖြစ်ခြင်းကို ပြီးစေသည်။ အကြောင်းကို တားမြစ်သဖြင့် အကျိုးကိုလည်း တားမြစ်ရာရောက်သည် ဟူလို။}

† အန္တရ ဓာပေတွာတိ နိရောဓေကွာ, နိရောဓနဉ္စေတ္ထ ဥပ္ပာဒက ဟေတုပရိဟရဏဝသေန တေသမနုပ္ပတ္တိ ကရဏန္တိ ဝေဒိတဗ္ဗံ။
(အနုဋီကာ)

● ရတနတ္တယ ပဏာမ စေတနာသည် ဥပဓိဌက ဥပဃာတက်ံတို့ကို အဘယ်သို့ တားမြစ်ပါသနည်း။

၂၁-ဖြေ။ ။ရတနတ္တယ ပဏာမ စေတနာသည် အဟောင်းဖြစ်ကုန်ဖြစ်သော ဥပဓိဌက ဥပဃာတက်ံဘို့၏ အကြောင်းချို့တဲ့ခြင်းကို ပြုသဖြင့်ဂုဏ်း၊ အကျိုးပေးခွင့်ကို မပေးသဖြင့်ဂုဏ်း တားမြစ်ပါသည်။ ပစ္ဆာကွ ဖြစ်ကုန်သော ဥပဓိဌက ဥပဃာတကံဘို့၏ အန္တရာယ် ပြုရာ၌ အကြောင်း အခွင့်ကို အစွမ်း မရှိအောင် ပြုခြင်းဖြင့် ဂုဏ်း။ မိမိသည် အန္တရာယ်ပြုခွင့်ကို မပေးသဖြင့်ဂုဏ်း တားမြစ်ပါသည်။ (၇)

● အဘိဓေယျ - စသော အနှက်လေးပါး ဆိုရသဖြင့် အဘယ် အကျိုးရှိပါသနည်း၊ ထိုအကျိုးများကိုလည်း ဖေဝ်ပြပါ။

၂၂-ဖြေ။ ။အဘိဓေယျကို ဆိုသဖြင့် သိအပ် ပြီးသော အနှက်ရှိသော ဇာမ်းကို မေးခြင်း,ဖြေခြင်း,သင်ခြင်း,ဆောင်ခြင်း စသည်တို့၏ အစွမ်းဖြင့် ပညာရှိတို့ အဖန်တလဲလဲ မှီဝဲခြင်း အကျိုး ရှိပါသည်။ ကရဏပ္ပကာရ ပယောဇဉ်ကို ဆိုသဖြင့် သောတုဇနတို့၏ ကောင်းစွာ အားထုတ်ခြင်းကို ဖြစ်စေခြင်း အကျိုးရှိပါသည်။ ပကရဏာ ဘိဓာန (ဇာမ်းအမည်) ကို ဆိုသဖြင့် ခေါ်ဝေါ်လွယ်ခြင်း အကျိုးရှိပါသည်။

† အဘိဓေယျကထနမ္ပန ဝိဒိတာဘိဓေယျသေဝ ဂန္ဆိသဝိညူဟိ ဥဂ္ဂဟဏာဒိဝသေနပဋိပဇ္ဇိဘာဝတော(ပဋိပဇ္ဇနတ္ထံ)ကရဏပ်ံ ကာရပ္ပယောဇန သန္ဒဿနာနိစ သောတုဇန သမုဿာဟဇန နတ္ထံ။ အဘိဓေယျကထနမ္ပန ဝေါဟာရသုခတ္ထံ။ (၄)

● အဘယ့်ကြောင့် အဘိဓေယျ စသည် မည်ပါသနည်း။ ၎င်း တို့၏ အရကိုလည်း အသီးသီးကောက်ပြပါ။

၂၃-ဖြေ။ ။"အဘိဓိယတေ ဘာသိယတေတိ အဘိဓေယျော" ဟူသော ဝစနတ္ထနှင့်အညီ ဟောအပ်သောကြောင့် အနက်သည် အဘိဓေယျ မည်ပါသည်။ ၎င်း၏အရကား....စိတ္တံ အစရှိသော အဘိဓမ္မတ္ထတရားလေးပါး ရ၏။

† သမုဒိတေန ပကရဏေန ဝစနိယော စိတ္တာဒိကော စတုဋ္ဌိဓော အဘိဓမ္မတ္ထော။ (၄)

"ကရိယတေ ကရဏံ။ကရိယတေ ဉာယတေ ဇေတနာတိကာရော။ ကာရော၀ေ ပကာရော။ကရဏသ ပကာရော အာကာရောသညာဏံ လက္ခဏန္တိ ကရဏပ္ပကာရော" ဟူသော ဝစနတ္ထနှင့်အညီ ကျမ်းပြုခြင်း၏ အခြင်းအရာ အမှတ်လက္ခဏာဖြစ်သောကြောင့် ကရဏပ္ပကာရ မည်ပါသည်။ ၎င်း၏အရကား-အဘိဓမ္မာ ၇-ကျမ်း၌ အကျယ်ဟောတော်မူအပ်သော အဘိဓမ္မာ၏ အနက်တို့ကို ဤသင်္ဂြိဟ်ကျမ်း တခုတည်း၌ အကျဉ်းပေါင်းရုံးချယူခြင်းကို ရပါသည်။

† သတ္တ ပကရဏော ဝိတ္ထာရတော ဝုတ္တာနံ အဘိဓမ္မတ္ထာနံ ကေသ္မိ ယေ၀ ပကရဏော သင်္ဂဟေတ္ဝာ သမ္မိလ္လေတ္ဝာ ဂဟဏံ ကရဏပ္ပကာရောတိ ဝုတ္တော။ (၄)

"အဘိဓိယတေ ဘာသိယတေ ဇေတနာတိ အဘိဓာနံ" ဟူသော ဝစနတ္ထနှင့်အညီ ဟောကြောင်း ဆိုကြောင်းဖြစ်သောကြောင့် အမည် နာမသည် အဘိဓာန မည်ပါသည်။ ၎င်း၏အရကား ...အဘိဓမ္မတ္ထသင်္ဂဟ-ဟူသော ကျမ်းခေါင်းစဉ်ကို ရ၏။

† အဘိဓမ္မတ္ထ သင်္ဂဟန္တိ နာမံ။ (၄)

"ဟောဘုနာ အတ္တနာ သဒ္ဓိံပယုဇ္ဇတိ, တေနဝါ သဒ္ဓိံပယုဇ္ဇတီတိ ပယောဇနံ" ဟူသော ဝစနတ္ထနှင့်အညီအကြောင်းသည်မိမိနှင့်ယှဉ်အပ်သောကြောင့်ရင်း၊ မိမိသည် အကြောင်းနှင့် ယှဉ်အပ်သောကြောင့်ရင်း၊ အကျိုးသည် ပယောဇန မည်ပါသည်။ ရင်း၏အရကား....မုချအကျိုး အနုသင်္ဂိက အကျိုးနှစ်ပါးကိုရ၏။ {ထိုအကျိုး ၂-ပါး၏ အဓိပ္ပာယ်ကို နောက်ကပြခဲ့ပြီ။}

† မုချာနုသင်္ဂိကဝသေန ဒုဝိဓံ ဖလံ။ (ဇူ)

● သင်္ဂြိဟ်ကျမ်းကို အနုရုဒ္ဓါဆရာသည် အဘယ်စိတ်ဖြင့် ရေးပါသနည်း။ ထိုရေးသောစိတ်သည် အသခ်ါက ဖြစ်သင့်သလော, သသခ်ါရိက ဖြစ်သင့်သလော အကြောင်းပြ၍ ရှင်းလင်းပါ။

၂၄-ဖြေ။ ။သင်္ဂြိဟ်ကျမ်းကို အနုရုဒ္ဓါဆရာသည် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသခ်ါရိက စိတ်ဖြင့် ရေးပါသည်။ ထိုရေးသောစိတ်ကား အသခ်ါရိကသာဖြစ်သင့်ပါသည်။ အဘယ့်ကြောင့် ဟူမူ-တွန့်တို ဆုတ်နစ်နေသော စိတ်ကို တိုက်တွန်းရမှ သသခ်ါရိက ဖြစ်သင့်သောကြောင့် ဖြစ်ပါသည်။ ဤ၌ အနုရုဒ္ဓါဆရာ၏ တွန့်တိုနေသောစိတ်ကို နမ္ပဒါယကာက ရေးပါ-ရေးပါဟု အခါခါ တိုက်တွန်းနေရသည် မဟုတ်၊ သူ့နဂိုရ်က ရေးဘို့ ရည်ရွယ်ပြီးသား ဖြစ်၍ နမ္ပဒါယကာက တကြိမ် လျှောက်ထားလိုက်ရုံနှင့် အလွယ်နှင့်ပင် ကောက်ရေးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သသခ်ါရိက မဖြစ်သင့် အသခ်ါရိကသာ ဖြစ်သင့်ပါသည်။

{သဟမ္ပတီ ဖြဟ္ဓာ တောင်းပန်၍ ဟောသော်လည်း ဘုရားဟောမှန်သရွှေ အသခ်ါရိကချည်း ဖြစ်သည် ဟူသော အဌကထာစကားကို သတိပြုပါ။}

† တဒါ ကာရပ္ပစတ္တော သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသခ်ါရိက ကုသလစိက္ကုပ္ပံာဒေါ ကရဏံနာမ။ (ကရဏပ္ပကာရ အဖွင့်။) (ဇူ)

● သမ္မာသမ္ဗုဒ္ဓ-ပုဒ်ကို ဗုဓ-ဓာတ်၏ အနက်အားလျော်စွာ ရသင့်သမျှ ဝစနတ္ထပြု၍ တိုဝစနတ္ထတို့၏ အခိုက်အတန့်တို့၌ ရှိသော သမ္မာ-သဒ္ဒါ သံ-သဒ္ဒါတို့၏ အနက်ကိုလည်း ဖော်ပြခဲ့ပါ။

၂၅-ဖြေ။ ။"သမ္မာသာမဉ္ဇ သဗ္ဗဓမ္မေ အဘိသမ္ဗုဒ္ဓေါတိ သမ္မာသမ္ဗုဒ္ဓေါ" (ဗုဓ-ဓာတ်ဉာဏအနက်) ဤဝစနတ္ထအခိုက်၌သမ္မာ-သဒ္ဒါ အဝိပရိတအနက်ရှိ၍ သံ-သဒ္ဒါသယံ အနက်ရှိပါသည်။ ။တနည်း....

"သမ္မာသာမဉ္ဇ သဝါသန သမ္မောဟနိဒ္ဒါယပဋိဗုဒ္ဓေါ ဝိဂတောတိ သမ္မာသမ္ဗုဒ္ဓေါ" (ဗုဓ-ဓာတ် ဇာဂရဏအနက်) ဤဝစနတ္ထအခိုက်၌ သမ္မာ-သဒ္ဒါ အစွန္တ အနက်ရှိ၍ သံ-သဒ္ဒါ သယံ အနက် ရှိပါသည်။ တနည်း...."သမ္မာသာမဉ္ဇ ဗုဒ္ဓေါ ဝိကသိတောတိ သမ္မာသမ္ဗုဒ္ဓေါ"-(ဗုဓ-ဓာတ်ဝိကဿနအနက်) ဤ ဝစနတ္ထအခိုက်၌ သမ္မာ-သဒ္ဒါ သုန္ဒရ အနက်ရှိ၍ သံ-သဒ္ဒါ သယံအနက် ရှိပါသည်။ (၉)

{အာဋ္ဌာရ ဥဒက ရသေ့တို့ထံမှာ နည်းခံ ခဲ့ရ သော်လည်း စတုတ္ထဈာန်အထိသာနည်းခံခဲ့ရ၍ သဗ္ဗညုတဉာဏ်ရတို့အတွက် မှာကား ကိုယ်တော်တိုင် ကြိုးစား အားထုတ်ပြီးမှ သိရသော ကြောင့် သယမ္ဘူ-ဟု ဆိုရသည်။}

"သမ္မာသာမဉ္ဇ သဗ္ဗဓမ္မေ အဘိသမ္ဗုဒ္ဓေါတိ သမ္မာသမ္ဗုဒ္ဓေါ" ဟူသော ဝစနတ္ထ၏ အစွမ်းဖြင့်ပင် ဘုရားဒြပ်သည် ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံဘဲ နေ လ အသွင် ထင်ရှားပါလျက် အဘယ်အကျိုးငှာ အတုလံ-ပုဒ်ဖြင့် အထူးပြုရပြန်ပါသနည်း။

၂၆-ဖြေ။ ။သမ္မာသမ္ဗုဒ္ဓ သဒ္ဒါဖြင့် မြဲတ်စွာဘုရား၏ အမည်မျှ ကိုသာ ပြရသေးသည်။ ဂုဏ်တော်ကို ထင်ရှားစွာ မပြရသေး သော ကြောင့် ထိုဂုဏ်တော်ကို ထင်ရှားစွာ ပြခြင်းအကျိုးငှာ အတုလံ-ဟူ သောပုဒ်ဖြင့် အထူးပြုရပြန်ပါသည်။

{သခေ်ပဆရာကား....သမ္မာသမ္ဗုဒ္ဓသဒ္ဒါသည် ဝိဂ္ဂိုက်ဝါကျ အခိုက်၌ ပစ္စေကဗုဒ္ဓါ သာဝကတို့ကို နှစ်စေအပ်သော်လည်း-ကိတ်သုဒ္ဓနာမ်မျိုးဖြစ်၍နိပ္ပန္ဒပြီးသောအခါဝါကျအနက်အတွင်း

ငုပ်သဖြင့် ပစ္စေကဗုဒ္ဓါသာဝကတို့နှင့် ဆက်ဆံ နေပြန် ရကား အတုလံ-ဟူသောဝိသေသနဖြင့်အထူးပြုပြန်သည်ဟူ၏။(သမ္မာ သမ္ဗုဒ္ဓသဒ္ဒါသည် ဝစနတ္ထ အခိုက်၌ ဂုဏ်တော်သည် ထင်ရှား သော်လည်း'သမ္မာသမ္ဗုဒ္ဓ'ဟူသော အမည်ကို ခေါ်ဝေါ်သော အခိုက်၌ ဂုဏ်တော်မထင်ရှား သာမည်ဖြစ်၍ အတုလံဖြင့်အထူး မ,ရသည် ဟူလို။) လယ်တီ ဆရာတော်ကား မိမိ၏ ဝန္ဒနာကို အထူးအားရှိသည်ကို ပြုလိုသောကြောင့် အတုလံ-သဒ္ဒါကို ဆို သည် ဟူ၏။ ဤအတုလံ-ကား"ယထာဘူတကထနဝိသေသန ဗျဝစ္ဆေဒကဝိသေသန" ၂-မျိုးတွင် ယထာဘူတကထနဝိသေ သနမျိုးတည်း။

† ယထာဝုတ္တ ဝစနတ္ထယောဂေပိ သမ္မာသမ္ဗုဒ္ဓသဒ္ဒဿ ဘဂဝတိ သမညာဝသေန ပဝတ္တတ္တာ အတုလန္တိ ဗုမိနာ ဝိသေသေတိ။

(ဋီ)

● သမ္မာသမ္ဗုဒ္ဓံ-၌ သမ္မာ-သဒ္ဒါ သံ-သဒ္ဒါတို့ဖြင့် ယူအပ် နစ်စေ အပ်သော အနက်များကို ဖော်ပြပါ။

၂၇-ဖြေ။ ။သမ္မာ-သဒ္ဒါဖြင့် သဗ္ဗညုတဉာဏ်ကိုယူရသောကြောင့် ပစ္စေကဗုဒ္ဓါကို နစ်စေပါသည်။ သံ-သဒ္ဒါဖြင့် အရဟတ္တမဂ် ဖြစ်သော သယမ္ဘူဉာဏ်ကိုယူရသောကြောင့် သာဝကစသည်ကိုနစ်စေပါသည်။

(သခေ်ပ)

● သမ္မာသမ္ဗုဒ္ဓံမတုလံ-၌ ဗုဒ္ဓ-အရ အဘယ်ကို ကောက်ယူရမည် နည်း။ အဘယ်သည် ဗုဒ္ဓ-မည်ပါသနည်း။

၂၈-ဖြေ။ ။အတိုင်းမသ်သော ဂုဏ်တော် အပေါင်းဖြင့် ထုံအပ် သော ခန္ဓာအစဉ်သည် ဗုဒ္ဓ-မည်ပါသည်။

{"ဗုဒ္ဓေါသဗ္ဗညုတဉာဏ်"ဟု လာရာ၌ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံသော ခန္ဓာအစဉ်ကိုပင် ဘုရားဟု ကောက်ယူလေ။}

† အနန္တဂုဏာဝိဝါသော ခန္ဓသန္တာနောတဿ သဟသဗ္ဗညုတ ဉာဏဿ ပဋိလာဘာ ဗုဒ္ဓေါတိ ပညတ္တတ္တာ။ (ဇူ)

● သင်္ဘာဝိသေသသည် သာလျှင် ဗုဒ္ဓ မည်သင့်ပါလျက် အဘယ့်ကြောင့် ခန္ဓာအစဉ်သည် ဗုဒ္ဓံ-မည်ပါသနည်း။

၂၉-ဖြေ။ ။သင်္ဘာဝိသေသသည် ဗုဒ္ဓ မည်သင့်သော်လည်း သင်္ဘာဝိသေသ ဟူသည်ကား ခန္ဓာအစဉ်ပင်ဖြစ်၍ မပြားသောကြောင့် ခန္ဓာအစဉ်သည် ဗုဒ္ဓမည်သည်ဟု ဆိုပါသည်။

† သတ္တောတိခန္ဓသန္တာနော၊တတ္ထဟိ သတ္တုပညတ္တိ။ (သာရတ္ထ)

● အတုလ ပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ပုဒ်ပြီးပုံကိုလည်းပြခဲ့ပါ။

၃၀-ဖြေ။ ။"တုလိယတိ ပမိယတိ တောယာတိ တုလာ" (ချိန်ရစေ)"တုလာဝိယာတိတုလာ" (ပညာရစေ) "တုလာယသမိတောတုလော"(သမိတတဒ္ဓိတ်,တုလျော-ဆိုလိုလျက်ဏျတ္တာတာဘာဝေတုသုတ်၌ ဏျတ္တာ-ဟူသောယောဂဝိဘာဂဖြင့်ဏာ-ပစ္စည်းသက်၍ယ-ကို ချေထားသည်။) တနည်း....တဒ္ဓိတ်တို့၏ဖြစ်ခြင်းဆန်းကြယ်သောကြောင့် ယဒနုပပန္နာ-သုတ်ဖြင့် သမိတ-အနက်၌ အ-ပစ္စည်းသက်၍ တုလော-ဟုပင်ပြီးသည်။"နံ တုလော အတုလော။နတ္ထိ တုလောသဒိသော တောသောတိဝါ အတုလော။" (ရွှေကား တပ်ပုရိသ် နောက်ကား ဗဟုဗ္ဗိဟိ တုလ-သဒ္ဒါ သဒိသဝါစက။)

{အတုလံ-၌ အ,ကား အ,အနက် ၁၀-ပါးတို့တွင် အညတ္ထယူ၊ ကြိယာကို မမြစ်သောကြောင့် ပသဇ္ဇ အ,မဟုတ်။}

† တုလာယ သမိတော တုလျော၊သောယေဝ တုလော ယကာရ့လောပ ဝသေန၊အထဝါသမိတတ္ထော အကာရ ပစ္စယဝသေန တုလာယ သမိတော တုလော။ (ဋီ)

● ရှင်အနုရုဒ္ဓါဆရာသည် သမ္မာသမ္ဗုဒ္ဓံအတုလံ-ဟူသောပုဒ် ၂-ခုတို့ဖြင့် မြတ်စွာဘုရားအား အဘယ်မျှလောက်သော ဂုဏ်ဒစုတို့ဖြင့် ချီးမွမ်းခြင်းကို ပြုပါသနည်း။

၃၁-ဖြေ။ ။ဤပုဒ် ၂-ခုတို့၏ အပေါင်းဖြင့် မြတ်စွာဘုရားအား ဟောဘု သမ္ပဒါ, ဖလ သမ္ပဒါ, သတ္တူပကာရ သမ္ပဒါ-ဟု ဆိုအပ်သော သုံးပါးသော ဂုဏ်အစုတို့ဖြင့် ချီးမွမ်းခြင်းကို ပြုပါသည်။

† ဣတ္ထောဝတာစ ဟေတုဖလသဒ္ဓါပကာရသမ္ပဒါဝသေန တီဟာကာရေဟိ ဘဂဝတော ထောမနာ ကတာ ဟောတိ။ (ဋီ)

● ရှင်အနုရုဒ္ဓါဆရာသည် မြတ်စွာဘုရား၏ ဂုဏ်တို့ကို ဖော်ပြနိုင်သော အခြားသောပုဒ်ဟိုဖြင့် မချီးမွမ်းမူ၍ အာဘယ့်ကြောင့် သမ္မာသမ္ဗုဒ္ဓံ အတုလံ - ဟူသော ဤ ၂-ပုဒ်ဖြင့်သာ မြတ်စွာဘုရားအား ချီးမွမ်းပါသနည်း။

၃၂-ဖြေ။ ။မြတ်စွာဘုရား၏ ဂုဏ်တို့ကို ဖော်ပြနိုင်သော အခြားသောပုဒ်များ ရှိကုန်သော်လည်း၊ သမ္မာသမ္ဗုဒ္ဓံ, အတုလံ - ဟူသော ဤ ၂-ပုဒ်သည် အကျဉ်းအားဖြင့် ဟေတု, ဖလ, သဒ္ဓါပကာရ သမ္ပဒါ၏အစွမ်းဖြင့် သုံးပါး အပြားရှိသော မြတ်စွာဘုရား ဂုဏ်တော်တို့ကို ဆင်ခြင်စွာ ပြနိုင်သောကြောင့် ထို ၂-ပုဒ်တို့ဖြင့်သာ မြတ်စွာဘုရားအား ချီးမွမ်းတော်မူပါသည်။

● ထိုသုံးပါးတို့တွင် အဘယ်သည် ဖေတု သမ္ပဒါ, အဘယ်သည် ဖလသမ္ပဒါ, အဘယ်သည်သဒ္ဓါပကာရသမ္ပဒါမည်ပါသနည်း။ ၎င်းတို့၏အရကို အသီးသီး ကောက်ပြပါ။

၃၃-ဖြေ။ ။မဟာကရုဏာတော်နှင့် ကောင်းစွာ ယှဉ်ဆြင်း, သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ဖြစ်သော ပါရမီတို့ကို ဖြည့်ဆြင်းသည် ဖေတုသမ္ပဒါမည်ပါသည်။ ဖလသမ္ပဒါသည် ဉာဏ, ပဟာန, အနုဘာဝ, ရူပကာယ သမ္ပဒါအားဖြင့် လေးပါးပြားပြန်သည်။ ထိုတွင်.... သဗ္ဗညုတဉာဏ်၏နီးစွာသောအကြောင်းဖြစ်သောအရဟတ္တမဂ်ဉာဏ်၊ ထို အရဟတ္တ မဂ်ဉာဏ်လျှင် အကြောင်းရင်းရှိသော ဒသဗလ စသော ဉာဏ်တို့သည် ဉာဏ သမ္ပဒါ-မည်၏။ ဝါသနာနှင့်တကွသော အလုံးစုံသော ကိလေသာတို့ကို တဖန် မဖြစ်ဆြင်းသဘော ရှိသည်၏ အဖြစ်သို့ စင်စစ်ရောက်စေဆြင်းသည် ပဟာန သမ္ပဒါမည်၏။ အလိုရှိတော်မူသည် အတိုင်း အလိုရှိအပ်သောအကျိုးကိုပြီးစေဆြင်းခြင်း အစိုးရတော်မူသည်၏ အဖြစ်သည် အာနုဘာဝ သမ္ပဒါ-မည်၏။ အလုံးစုံသော သတ္တဝါတို့၏ ချက်စိကို ဆွဲဆောင် နိုင်သော ၃၂ - ပါးသော လက္ခဏာတော်ကြီး

၈၀-သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော အတ္တ ဘောဂ်၏ပြည့်စုံတော်မူခြင်းသည် ရူပကာယသမ္ပဒါ မည်၏။ (ဤအစိတ် လေးပါး၏အရသည် ဖလသမ္ပဒါ မည်၏။) သတ္တူပကာရ သမ္ပဒါသည် အာသယ,ပယောဂ အားဖြင့် ၂-ပါး ပြားပြန်၏။ထိုတွင်....ဒေဝဒတ် အစရှိကုန်သော ဝိရောဓိ သတ္တဝါတို့ အပေါ်၌ အမြဲ အကျိုးစီးပွားကို အလိုရှိသည်၏ အဖြစ် မရင့်သေးသော ဣန္ဒြေရှိသော သတ္တဝါတို့၏ ဣန္ဒြေရင့်ခြင်းကို ငံ့ဟော်မူခြင်းသည် အာသယမည်၏။ဒေဝဒတ်စသော ဝိရောဓိသတ္တဝါတို့မှ တပါးသော သတ္တဝါတို့အား လာဘ်အထူးပူဇော် ခြင်းကိုင့်သောစိတ်ကင်းလျက် ယာဉ် ၃-ပါးကိုအကြောင်းပြု၍ အလုံးစုံ သော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သောတရားကိုဟော ခြင်းသည် ပယောဂ-မည်၏။ (ဤအစိတ် ၂-ပါးအပေါင်းသည် သတ္တူ ပကာရ သမ္ပဒါ-မည်၏။) {ပါဠိလိုက ဋီကာမှာယူပါ။ ရှည်လွန်း၍ မထည့်ပြီ။} (ဋီ)

- ဋီကာကျော်ဆရာသည် အောက်နားဘွင် . အတုလံ ပုဒ်သည် သာ ဂုဏသံကိတ္တနပုဒ်သမ္မာသမ္ဗုဒ္ဓံပုဒ်ကား-နာမသံကိတ္တနပုဒ် ဖြစ်ကြောင်းထိုပြဆိုသော "ယထာဝုတ္တဝစနတ္ထယောဂေပိတ်" စသော စကားနှင့် အတုလံ-ပုဒ်ရော သမ္မာသမ္ဗုဒ္ဓ-ပုဒ်ပါ ဂုဏ သံကိတ္တနပုဒ်ဖြစ်ကြောင်း ပြဆိုသော ဤ "ဧတ္တာဝတာ" အစရှိ သော စကား ၂-ခုသည် အချင်းချင်းဆန့်ကျင်နေသည် မဟုတ် ပါလော။ အဘယ်သို့နည်း။

၃၄-ဖြေ။ ။မဆန့်ကျင်ပါ။ ထို "ယထာဝုတ္တ ဝစနတ္ထယောဂေပိ" ဟူသော စကားဖြင့်လည်း သမ္မာသမ္ဗုဒ္ဓံသဒ္ဒါ၏ဂုဏသံကိတ္တနအဖြစ်ကို ပြနေသောကြောင့် ဖြစ်ပါသည်။ ရှင်းပြပါအုံ....ထိုအောက်ဘုံးကဆိုခဲ့ သော စကားရပ်မှာပင် "ယထာဝုတ္တ ဝစနတ္ထ ယောဝေပိ" ဟူသော စကားဖြင့် သမ္မာသမ္ဗုဒ္ဓသဒ္ဒါ၏ ဂုဏသံကိတ္တန အဖြစ်ကို ပြနေပါသည်။ "သမ္မာသမ္ဗုဒ္ဓ သဒ္ဒဿ ဘဂဝတိ သာမညာ ဝသေန ပဝတ္တတ္တာ" ဟူသောစကားဖြင့် သမ္မာသမ္ဗုဒ္ဓ-သဒ္ဒါ၏ နာမသံကိတ္တနအဖြစ်ကိုပြပါ သည်။ "အဘုလန္တိဣမိနာ ဝိသေသေတိ" ဟူသောစကားဖြင့် အတုလ

သဒ္ဒါ၏ ဂုဏသံကိတ္တန အဖြစ်တခုကိုသာ ပြပါသည်၊ ထိုသို့ အောက်တုံးက ဆိုခဲ့သော "ယထာဝုတ္တ ဝစနတ္ထ ယောဂေပိ" စသော စကားမှာပင် သမ္မာသမ္ဗုဒ္ဓ-သဒ္ဒါ၏ ဂုဏသံကိတ္တန နာမသံကိတ္တန အဖြစ်ကို ပြဆိုပြီးဖြစ်၍ ကိုစကားနှင့် သမ္မာသမ္ဗုဒ္ဓသဒ္ဒါသည် ဂုဏသံကိတ္တန ဖြစ်သည်ဟု ဤဌ်ပြဆိုသော "ဘွောဇတာ" စသော စကား ၂-ရပ်မှာ ၂-ထွေမပြား တသားတည်းကျ၍ ညီညွတ်လှပါသည်။ ဆန့်ကျင်ခြင်းမရှိပါ။ (ဇူ)

{သမ္မာသမ္ဗုဒ္ဓ-သဒ္ဒါသည် "သမ္မာသာမဥ္ဇ သဗ္ဗဓမ္မေ အဘိသမ္ဗုဒ္ဓေါ" အစရှိသော ဝါကျနှင့် ယှဉ်ခိုက်မှာ ဂုဏဒီပကပုဒ်ဖြစ်၍ "သမ္မာသမ္ဗုဒ္ဓံအဘိဝါဒိယ" ဟူ၍ ကြိယာပုဒ်ကိုင့်ခိုက်မှာ သညာဒီပကပုဒ် ဖြစ်ကြောင်းကို သတိပြုပါ။}

● အဘယ် ပါဌ်တို့ဖြင့် အဘယ် သမ္ပဒါကို ရှင်အနုရုဒ္ဓါဆရာ ပြပါသနည်း ရှင်းလင်းခဲ့ပါ။

၃၅-ဖြေ။ ။ရှေးဖြစ်သော ဖလသမ္ပဒါ နှစ်ပါးကို သမ္မာသမ္ဗုဒ္ဓံ-ဟူသောပါဌ်ဖြင့် ပြပါသည်။ နောက်ဖြစ်သော အာနုဘာဝ, ရူပကာယ ဟုဆိုအပ်သော ဖလသမ္ပဒါနှစ်ပါးကိုဌင်း, သတ္တူပကာရသမ္ပဒါကိုဌင်း, အတုလံ-ပုဒ်ဖြင့် ပြပါသည်။ ဟေတုသမ္ပဒါကိုကား သာမတ္ထိယအားဖြင့် သမ္မာသမ္ဗုဒ္ဓံ အတုလံ-ဟူသောနှစ်ပုဒ်တို့ဖြင့်ပင် ပြပါသည်။ (ဋီ)

● အဘယ့်ကြောင့် ဟေတုသမ္ပဒါကို နှစ်ပုဒ်တို့ဖြင့်ပြနိုင်ပါသနည်း။

၃၆-ဖြေ။ ။ထိုသို့သဘောရှိသော မဟာကရုဏာ သမာယောဂ ဗောဓိသမ္ဘာရ သမ္ဘရဏ-ဟု ဆိုအပ်သော အကြောင်း ကင်းသဖြင့် ဖလသမ္ပဒါ, သတ္တူပကာရသမ္ပဒါနှစ်ပါး မပြည့်စုံနိုင်သောကြောင့်ဌင်း၊ အကြောင်းမရှိသော် ခပ်သိမ်းသော သတ္တဝါတို့၌ ထိုဖလသမ္ပဒါ သတ္တူပကာရသမ္ပဒါတို့ ဖြစ်သင့်ခြင်း၌ လင်းပါးဘွယ် ရှိသောကြောင့်ဌင်း-ဟေတုသမ္ပဒါကို နှစ်ပုဒ်တို့ဖြင့်ပင် ပြနိုင်ပါသည်။ (ဋီ)

● သမ္မာသမ္ဗုဒ္ဓ မတုလံ - ဟူသော ပါဠိဖြင့် ဘုရားရတနာအား ရှိခိုးခြင်း ပဏာမကို ပြုပြီးဖြစ်၍ အဘယ်အကျိုးငှာ သသဒ္ဓမ္မ ဂဏုတ္တမံ-ဟူသောပုဒ်ကို ထပ်၍ ဆိုရပြန်ပါသနည်း။

၃၇-ဖြေ။ ။ကြွင်းသော တရားရတနာ သံဃာရတနာအားလည်း ရှိခိုးခြင်း ပဏာမကို ပြုခြင်းအကျိုးငှာ သသဒ္ဓမ္မ ဂဏုတ္တမံ - ဟူသော ပုဒ်ကို ထပ်၍ဆိုပြန်ပါသည်။

† ဧဒါနိသေသရတနာနမ္ပိ ပဏာမမာရဘန္တော အာဟသသဒ္ဓမ္မ ဂဏုတ္တမန္တိ။ (ဋီ)

● "ဂုဏီဘူတာနမ္ပိ" ပုဒ်၏ဆိုလိုရင်းအဓိပ္ပာယ်ကိုရှင်းလင်းပြခဲ့ပါ။

၃၈-ဖြေ။ ။ဘုရား ရတနာကို ရှိခိုးခြင်း ကိုကား ပြဋ္ဌာန်းသော အားဖြင့် တိုက်ရိုက် ရှင်အနုရုဒ္ဓါဆရာ ပြ၏။ တရား ရတနာ သံဃာ ရတနာတို့ကို ခိုးခြင်းကိုကား ပြဋ္ဌာန်းသောအားဖြင့် တိုက်ရိုက် မပြ။ ထိုသို့ပင်မပြသော်လည်း ဘုရားရတနာကဲ့သို့ပင် တရားရတနာ သံဃာ ရတနာတို့အားလည်း ရှိခိုးအပ်သည်၏အဖြစ်ကိုသသဒ္ဓမ္မဂဏုတ္တမံပုဒ်၌ သဟသဒ္ဒါနှင့်ယှဉ်တွဲ၍ ဆိုထားခြင်းကို ထောက်ဆ၍ သိရသည်ဟူလို။

{ဂုဏီ ဘူတာနမ္ပိကား....ဘူ-ဓာတ် ကရ-ဓာတ်နှင့်ယှဉ်ရာ အမ္ဘူတတမ္ဘောအနက်၌ စီ-ပစ္စည်း။ ဝါ၊ ဤပစ္စည်းသက်ထား သည်ဟု မောဂ္ဂလာန် ဆိုသည်။ ကဗဋ္ဌီကာရော ပုဒ်မျိုးကဲ့သို့ တည်း။ အမ္ဘူတ တမ္ဘော ဆိုသည်ကား မဟုတ်ဘဲကို ဟုတ် သကဲ့သို့ ဆိုခြင်းမျိုးပင် ဖြစ်သည်။}

† ဂုဏီ ဘူတာနမ္ပိ ဟိ ဓမ္မသံဃာနံ အဘိဝါဒေတဗ္ဗ ဘာဝေါ သဟ ယောဂေန ဝိညာယတိ၊ ယထာ သပုတ္တဒါရော အာဂ တောတိ ပုတ္တဒါရဿာပိ အာဂမနန္တိ။ (ဋီ)

● သသဒ္ဓမ္မ ဂဏုတ္တမံ-၌ သ-သဒ္ဒါသည် ဒဗ္ဗ,ဂုဏ,ကြိယာ သမ ဝါယ ၃-မျိုးတွင်အဘယ်အကြောင်းကြောင့်အဘယ်သမဝါယ မျိုး ဖြစ်သင့်ပါသနည်း။

၃၉-ဖြေ။ ။ရှိခိုးအပ်သော အဖြစ်၏ ဩဝါ, ဂုဏ်-မဟုတ်သော ကြောင့် ကြိုယာသမဝါယမျိုးသာ ဖြစ်သင့်ပါသည်။ {ကေစိဆရာတို့ကား ဂုဏသမဝါယ-ဟု ဆိုကြသေး၏။ }

† ယထာ သပုတ္တဒါရောအာဂတောတိ ပုတ္တဒါရသာဝိအာဂမနံ။ (၌)

● ဤသို့ဖြစ်လျှင် ရှင်အနုရုဒ္ဓါ ဆရာကဲ့သို့ တရား သံဃာ တို့သည် လည်းရှိခိုးဘတ်သောကဲ့သားဖြစ်ကုန်ရာသည်မဟုတ်တုံလော။

၄၀-ဖြေ။ ။မဖြစ်ပါ။ သဟာဒိယောဂဝန္တာမှာ ရှင်အနုရုဒ္ဓါဆရာ မဟုတ်။ ဘုရားသာ ဖြစ်သောကြောင့် ရှင်အနုရုဒ္ဓါဆရာကဲ့သို့ ရှိခိုးတတ်သော ကဲ့သားမဖြစ်နိုင်ပါ။ ဘုရားကိုရှိခိုးအပ်သကဲ့သို့ တရား သံဃာကိုလည်း ရှိခိုးအပ်၏ဟူသော ကံသာ ဖြစ်နိုင်ပါသည်။

{ဋီကာကျော်ဆရာပြသော သပုတ္တဒါရော အာဂတောကားကဲ့သားဥဒါဟရဏ် သသဒ္ဒမဂဏ္ဌာတိမံ-ဗုဒ္ဓံ-ကား ကံဖြစ်သော်လည်း သဟသဒ္ဒါနှင့် ယှဉ်သဖြင့် သိအပ်သော အဖြစ်ချင်းတူမျှသဖြင့် နိဒဿန နိဒဿေတဗ္ဗ ဆန့်ကျင်သည်ဟု မဆိုသာ။ }

† အာစရိယဿ သဟဝန္တာတာ ဘာဝတော သမ္မာသမ္ဗုဒ္ဓေါဝ သဟဝါ၊တေ သမ္မာသမ္ဗုဒ္ဓေါဝိယ အဘိဝါဒေတဗ္ဗာဝ သိယုံ၊ နာဘိဝန္ဒကာ။ (၌)

● ဓမ္မ-ပုဒ်ကို ဝစနတ္ထပြု၍ ဓမ္မ ၁၀-ပါး၏ ဂေါရဏသတ္တိ အသီးသီးကိုလည်း ဖေါ်ပြပါ။

၄၁-ဖြေ။ ။"အင်္ဂါနံ ဓာရဏေန စတ္ထသု အပါယေသု ဝဋ္ဋဒုက္ခေ သုစ အပတမာနေ ကတ္တာ ဓာရေတီတိ ဓမ္မော။" (ဝစနတ္ထ) (၌)

မဂ်၏ သမုစ္ဆေဒပဟာန သတ္တိ,
ဖိုလ်၏ ပဋိပဿမ္ဘန သတ္တိ,
နိဗ္ဗာန်၏ နိဿရဏပဟာန သတ္တိ,
ပရိယတ္တိ၏ ဥပနိဿယ သတ္တိတို့သည် ဓမ္မ ၁၀-ပါး၏ အသီးသီးသော ဓာရဏသတ္တိများ ဖြစ်ကြပါသည်။

● "ဓာရေတီတိဓမ္မော" ဟု ဆိုလျှင် ပြီးကောင်းလျက် "အဘွာနံ ဓာရေန္တေ စတူသု အပါယေသု ဝဋ္ဌဒုက္ခေသုစ အပတမာနေ ကဘွာ" ဟူသောစကားတို့ကို အဘယ်၏အစွမ်းဖြင့်ဦးကာဆရာ ထည့်၍ ဆိုပါသနည်း။

၄၂-ဖြေ။ ။ဓာရေတိ-သာ လိုအပ်သော စကား ဖြစ်ပါသည်။ ကြွင်းသော စကားတို့ကိုကား ထို ဓာရေတိ-ပုဒ်၏ အခြီအရံ၏ အစွမ်း ဖြင့် ဆိုထားခြင်း ဖြစ်ပါသည်။

{အရာဌာနတိုင်း ဤနည်းချည်းမှတ်။ သောတာပတ္တိမဂ်ကို ရည်၍ "စတူသု အပါယေသု"။ မဂ်လေးပါးကို ရည်၍ "ဝဋ္ဌ ဒုက္ခေသု" ဆိုသည် မှတ်လေ။}

† ဗုဓမေဝစ အဓိပ္ပေတဝစနံ၊ သေသာနိ တပ္ပရိဝါရဝသေန ဝုတ္တာနိ။ (ဇူ)

* **ဝိဖြိတ်ပြုရာ, ပုဒ်ပိုမှာ, မှတ်ပါခြီရံပြ။ (သစ်)**

● ဆောင်တတ်သောကြောင့် ဓမ္မမည်သည်ဆိုသော် သို့ဓမ္မ၌ ဝတ္ထုပစ္စည်းကို ဆောင်သကဲ့သို့ ဆောင်တတ်သော ကတ္တုဗျာပါရ ရှိပါသလော၊ အဘယ်သို့ မှတ်ရမည်နည်း။

၄၃-ဖြေ။ ။ဓမ္မ-၌ ဝတ္ထုပစ္စည်းကို ဆောင်သကဲ့သို့ ဆောင်တတ်သော ကတ္တုဗျာပါရ မရှိပါ။ သို့မရှိသော်လည်း အပါယ် စသည်တို့၌ ဖြစ်စေတတ်သော ကိလေသသတ္တိကို ဖျက်ဆီးခြင်းကိုပင် ဓမ္မ၏ ဓာရဏ ဟု ဆိုရပါသည်။ ဝါ-ကိလေသာကို ဖျက်ဆီးခြင်းသည်ပင်ဓာရဏ-မည်ပါသည်။ {အပါယ်၌ကျနေသူကို ထုတ်ဆောင် ဆွဲယူတတ်သောကြောင့် ဓမ္မ-မည်ပါသလောဟု မေးလျှင်လည်း ဤအတိုင်းပင်ဖြေ။}

† ဓာရဏဥပနေတဿ အပါယာဒိနိဗ္ဗတ္တက ကိလေသဝိဒ္ဓံသနံ။ (ဋီ)

* **ပါယ်၌ဖြစ်စေ, ယုတ်ကိလေ, ဖျက်ချေဓာရဏ။ (သစ်)**

● "သသဒ္ဓံမ္မ ဂဏုတ္တမံ"၌ ဓမ္မ-အရ ၁၀-ပါးကိုသာ ဋီကာဆရာ ပြ၍ ပဋိပတ္တိဓမ္မကို အဘယ့်ကြောင့်ဋီကာဆရာ မပြပါသနည်း။ ပဋိပတ္တိဓမ္မသည် ဓမ္မပင် မဟုတ်ပါလော။

၄၄-ဖြေ။ ။ဟုတ်ပါသည်။ ပဋိပတ္တိဓမ္မသည် မဂ်၏ ရှေအဘို၌ ဖြစ်သော အကျင့်ဖြစ်၍ မဂ်၌ အကျိုး ဝင်ပြီးသား ဖြစ်သောကြောင့် သီးခြားထုတ်နုတ်၍ ဋီကာဆရာ မပြခြင်း ဖြစ်ပါသည်။ {ပုဗ္ဗစေတနာကို မုဥ္ဇစေတနာ ဖြစ်သော ဒါန၌,ကလျာဏ ပုထုဇဉ်ကို သောတာပန်၌ ညွှင်းယူသကဲ့သို့ မှတ်ပါ။}

† ပဋိပတ္တိ ဓမ္မဿ မဂ္ဂဿ ပုဗ္ဗ ဘာဂ ပဋိပဒတ္တာ မဂ္ဂေယေဝ သင်္ဂဟိတတ္တာ။ (အင်္ကုရ)

* **ပဋိပတ်မှာ, မဂ်၌သာ, ဝင်ပါထူးမပြ။** (သစ်)

● ဓမ္မ-အရ မုချဓမ္မ ဥပစာရဓမ္မများကို အသီးသီး ခွဲခြားပြပါ။

၄၅-ဖြေ။ ။မဂ်လေးပါးသည် ကိလေသာကို အကြွင်းမဲ့ဖြတ်တတ်သောကြောင့်ရင်း,နိဗ္ဗာန်သည်လည်း အာရုံ၏အဖြစ်ဖြင့် ထိုမဂ်လေးပါး ကိလေသာကိုအကြွင်းမဲ့ဖြတ်ရာ၌ အကျိုးပြီးခြင်း၏အကြောင်းဖြစ်သောကြောင့်ရင်း မုချဓမ္မ-မည်ပါသည်။ဖိုလ်လေးပါးသည် ကိလေသာတို့ကို ဘဖန် ငြိမ်းစေသည်၏ အစွမ်းဖြင့် မဂ်အားလျော်စွာ ဖြစ်ခြင်းကြောင့် ကာရဏူပစာရ အားဖြင့် ဓမ္မ-မည်ပါသည်။ ပရိယတ္တိသည် အရိယာမဂ်ကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့် ဖလူပစာရအားဖြင့် ဓမ္မ-မည်ပါသည်။ (ဋီ)

* **လေးမဂ်နိဗ္ဗာန်, မုချမှန်, ဧကန် ဓမ္မ အမည်ရ။**

* **ဖိုလ်ကာရဏူ, ပရိယတ်မူ, ဖလူ ယူကြ ပရိယ။** (သစ်)

● သဒ္ဓမ္မော-ပုဒ်ကို ရသင့်သမျှ ဝစနတ္တပြု၍ သန္တ-သဒ္ဒါ၏အနက်များကိုလည်း အသီးသီး ညွှန်ပြပါ။

၄၆-ဖြေ။ ။"သတံ ဓမ္မော သဒ္ဓမ္မော" (သန္တ သဒ္ဒါ သာဓုအနက်) "သန္တော သံဝိဇ္ဇမာနော ဓမ္မော သဒ္ဓမ္မော" (သန္တ သဒ္ဒါ သံဝိဇ္ဇမာနအနက်) "သန္တော ပသဋ္ဌော ဓမ္မော သဒ္ဓမ္မော" (သန္တသဒ္ဒါ

ပသဒ္ဓအနက်) "သန္တော ပုဇ္ဈတော ဓမ္မော သဒ္ဓမ္မော" (သန္တ သဒ္ဒါ ပုဇ္ဈတအနက်) "သန္တောသဒ္ဓတော ဓမ္မော သဒ္ဓမ္မော" (သန္တ သဒ္ဒါ သမ်တနက်) {ဤနောက် နှစ်နှက်ကား ဋီကာ၌ မပါ။} (၄)

● ဂဏုဉ္ဇမော-ပုဒ်ကို ရသင့်သမျှ ဝိဂြိုဟ်ဆို၍ အဘိဓမ္မတ္ထ သင်္ဂဟ ပုဒ်ကဲ့သို့လည်း အဓိပ္ပါယ်အပေါင်းအား ဖြင့်ခွဲခြားပေါင်းစပ်၍ ဝစနတ္ထ ပြုခဲ့ပါ။

၄.၇-ဖြေ။ ။"ဂဏောစ သော ဥတ္တမော စာတိ ဂဏုဉ္ဇမော" (ဝိသေသန ပရပဒကမ္မဓာရည်း) ဂဏာနံ ဥတ္တမော ဂဏုတ္တမော" (ပဒ္ဓဒီတပ္ပုရိသ်) "ဂဏောသု ဥတ္တမော ဂဏုတ္တမော" (သတ္တမီ ဘပ္ပုရိသ်) {ဂဏာနံ ဂဏောသုဘိဉ္စ (တိုတ္ထင်-နိဒ္ဒါရဏ မပေးဘဲ) ဟိုဃက်-တိုဉ္စ-ဟုနိသဂ္ဂ ဘုမ္မဆ္ဆ ဒေနက်ဓပေး။ဆင်္ခီသမာသ်ဥနိဒ္ဒါရဏ မရှိကောင်းဟု ဗုဒ္ဓဝံသ အဋ္ဌကထာဥ် ရှင်ဗုဒ္ဓဒတ် ပယ်သည်။ သို့သော်-ဋီကာကျော်ဆရာကား "ရူပါဒိသုဧကေကံအာရမ္မဏံ ဇောတသ္မိံ ရုပါဒိဧကေကာရမ္မဏာန်" ဟူသော ပက်ကိဏ်းပိုင်း အဖွင့်ကို ထောက်၍ နှုန်းရာကို ပယ်ဟန်မတူ။}

"အဘိအတိရေကော ဓမ္မော အဘိဓမ္မော-အဘိဝိသိဋ္ဌော ဓမ္မော အဘိဓမ္မော" (သုတ္တန်ဓမ္မသင်္ဂဟလွန်သောထူးသောတရား။ "သဗ္ဗန်္ဓာ ဒီကာ ပါဠိတိ အဏ္ဍော" မူလဋီကာ) "အဘိဝိသိဋ္ဌော ဓမ္မော ဇ္ဈောဘိ အဘိဓမ္မော, အဘိဓမ္မေ ဝုတ္တာ ဒေဿနာ အဘိဓမ္မတ္ထာ။ သင်္ဂဟန်္တိ ဇ္ဈေ ဓတေနာတိဝါ သင်္ဂဟံ။ အဘိဓမ္မတ္ထာနံ သင်္ဂဟော အဘိဓမ္မတ္ထ သင်္ဂဟော" (အဓိတ်အပေါင်း ဝစနတ္ထ) (၄)

● ပုဆုဇ္ဇ သံဃာသည် သရဏာဂုံ ထိုက်, မထိုက် ဆိုးဖြတ်ခဲ့ပါ။

၄၁-ဖြေ။ ။ထိုက်ပါသည်။ (ပရမတ္ထဒီပနီမှာ အကျယ်ရှုပါ။)

● သရဏာဂုံထိုက်က ဒက္ခိဏေယျ သံဃာနှင့် ပုထုဇ္ဇဉ် သံဃာ အဘယ်သို့ ထူးပါသနည်း။ ဒအထူးမရှိဟု မှတ်ရမည်လော၊

၄၉-ဖြေ။ ။မမှတ်ရပါ။ ဒက္ခိဏေယျ သံဃာကား-အနုတ္တရ ပုညခေတ္တဖြစ်၍၊ ပုထုဇ္ဇဉ်သံဃာကား-ပုညခေတ္တသာဖြစ်ပါသည်။သဏ္ဌာယ

ဒိဋ္ဌ ဝိစိကိစ္ဆာတို့ကိုမပယ်ရသေးသောကြောင့် အနုတ္တရပုညခေတ္တမဖြစ်ဤသို့ဆူးပါသည်။

{ထိုသို့ ဒက္ခိဏေယျသံဃာ၏ အနုတ္တရ ပုညခေတ္တ ဖြစ်ပုံကို ပြလို၍ သမ္မုတိသံဃာမှာပါဝင်ပြီးဖြစ်လျက် သီးခြားထုတ်နုတ်၍ ဟောရသည်။} (ပရမတ္ထ ဒီပနီ)

- အဘိဝါဒိယ-၌ အဘိ-သဒ္ဒါ ဝဒ-ဓာတ်တို့၏ အဘယ်အနက်၌ ဖြစ်သည်ကိုရင်း၊ အဘယ်ဝန္ဒနာဖြင့် ရှိခိုးသည်ကိုရင်း အသီးသီး ဖော်ပြပါ။

၅၀-ဖြေ။ ။ "ဝိသေသတော" ဟူသော ဋီကာကို ထောက်၍ အဘိ သဒ္ဒါ ဝိသေသတ္ထ၌ ဖြစ်ပါသည်။ "ဝန္ဒိတ္ဝာ"ကိုထောက်၍ ဝဒ-ဓာတ်သည် ဝိယတ္တိယဝါစာ၌မဖြစ်ဘဲ ဝန္ဒနတ္ထ၌ ဖြစ်ပါသည်။ ကာယ ဝစီ မနောဒ္ဝါရေဟိ "ဝန္ဒိတ္ဝာ" ဟူသော ဋီကာကို ထောက်၍ ဝန္ဒနာ သုံးပါးလုံးဖြင့် ရှိခိုးပါသည်။ (ဋီ) အဘိဝါဒိယ၌ ဝဒိ-ဓာတ် ဝန္ဒ ဓာတ်-ဟု အမျိုးမျိုးကြံကြသေး၏။

{ဝန္ဒနာ သုံးပါးလုံးဖြင့် ရှိခိုးသည် ဆိုသော်လည်း သမ္မာ သမ္မုဒ္ဓမတုလံ-စသောစကားဖြင့် ရတနတ္တယပဏာမကိုပြထား သောကြောင့် ဝစီပဏာမသာ ပဓာန ပါကဋ္ဌဖြစ်သည်ဟု မှတ်ရမည်။ ရှင်အနုရုဒ္ဓါဆရာသည် ပဌမ မနောဒ္ဝါရဖြင့်, ဒုတိယ ကာယဒ္ဝါရဖြင့်, တတိယ ဝစီဒ္ဝါရဖြင့် ရှိခိုးသောကြောင့် ဝန္ဒနာ သုံးပါးလုံးဖြင့် ရှိခိုးသည်ဟုဆိုရသည်။ (ဇူ) သို့သော်ဝစီဝန္ဒနာ ဝစီပဏာမသာ ထင်ရှားပြဋ္ဌာန်း၍ ကျမ်းဆရာနှင့်တကွ အဆက်ဆက်သော သောတုဇနတို့၏ ရှိခိုးမှု ၂-ကိစ္စကိုလည်းပြီးစီးစေနိုင်သည်။ ထိုဝစီပဏာမသည် - ဂုဏ်ထူးမပါ ရိုးရိုး ရှိခိုးခြင်း ကေဝလ ပဏာမထက် အတုလံ-သသဒ္ဓမ္မဂဏုတ္တမံ -စသည်ဖြင့် ဂုဏ်ထူးဖော်ပြ၍ ရှိခိုးခြင်း ထောမနာ ပဏာမက သဒ္ဓါ, ပညာ စသည်ကို ပို၍ တိုးပွားထက်မြက် စေနိုင်သဖြင့်-ဝစီ ပဏာမကို ကျမ်းဆရာ အဆက်ဆက်တို့ အသုံးပြုခဲ့ကြသည်ဟု မှတ်။ အဘိဝါဒိယ-ကိုလည်းအဘိဝန္ဒာမိ-ဟုမဏိမဥ္ဇူနည်းအတိုင်းပစ္စုပ္ပန်

ကြိယာဖြင့်ပြင်၍ ပေးကြ၏။ ဘုန-တွာန၊တွာ-ပစ္စည်း ဆုံးသော ပုဒ်တို့သည် အပ္ပဓာနဖြစ်သော ရှေကြိယာ ဝိသေသနပုဒ်၌သာ သက်ရိုး ရှိသောကြောင့်ငင်း၊ ရှိခိုးပြီး၍ဟူသော အတိတ်ကြိယာ ကိုမြင်သဖြင့် ရှိခိုးပါ၏-ဟူသော ပစ္စုပ္ပန်ကြိယာကို ဖလာနုမာန နည်းအားဖြင့် မှန်းဆ၍ သိနိုင်သောကြောင့်ငင်း၊ ဝါဒိယ-ကို ဝန္ဒာမိ-ဟု ပြင်စရာမလို။ ဝန္ဒာမိကြိယာတခု ထည့်စွက်၍ပေးလို က ပေးနိုင်သည်ဟု မှတ်သေ။}

● အဘယ်သို့ ရှိခိုးသည်ကို (အဘိဝါဒိယ) အထူးရှိခိုးသည်ဟု ဆိုပါသနည်း။

၅၁-ဖြေ။ ။ဘယ,လာဘ,ကုလာစာရစသည်ကိုကြဉ်၍ရိုသေစွာ ဒွါရသုံးပါးဖြင့် ရှိခိုးသည်ကို အထူးရှိခိုးသည်ဟု ဆိုပါသည်။ (ဦ) ဤ ပုဂ္ဂိုလ်သည် လောက၌ သီလ စသော ဂုဏ်တို့နှင့် ယှဉ်၏, မြတ်၏, ရှိခိုး ခြင်းငှာထိုက်၏ဟု မြတ်သောစိတ်ကို ရှေရှုဖြစ်စေ၍ ရှိခိုးခြင်းကို အထူး ရှိခိုးသည်ဟု ဆိုပါသည်။ (ပရမတ္ထဒီပနီ)

● အဘယ်သို့ ရှိခိုးခြင်းသည် ကိုယ်,နှုတ်, စိတ်တို့ဖြင့် ရှိခိုးသည် မည်ပါသနည်း။

၅၂-ဖြေ။ ။မြတ်သောစိတ်ကိုဖြစ်စေ၍ ဒူးနှစ်ဘက်,တတောင်ဆစ် နှင်ဘက်,နဖူးဟု ဆိုအပ်သော အင်္ဂါဝါးပါးကို မြေ,ကြမ်းပြင်၌ ထ်စေ၍ ရှိခိုးအပ်သော ပုဂ္ဂိုလ်သို့ ရှေရှုလျောင်းဝပ်၍ ရှိခိုးခြင်းသည် ကိုယ်ဖြင့် ရှိခိုးသည် မည်ပါသည်။ ဂုဏ်ပုဒ်တို့ကို နှုတ်ဖြင့် ရွတ်ဆိုသည် ရှိသော် နှုတ်ဖြင့် ရှိခိုးသည် မည်ပါသည်။ ဂုဏ်ပုဒ်တို့ကို အစဉ်လျောက်၍ ဂုဏ် တော်တို့ကို အောက်မေ့သည်ရှိသော် စိတ်ဖြင့်ရှိခိုးသည် မည်ပါသည်။ (ပရမတ္ထ ဒီပနီ)

● "ကာယ ဝစီ မနော ဒွါရေဟိ ဝန္ဒိတွာ" ဟူသော ဦးတာ၌ ကာယ, ဝစီ, မန-အရတို့ကို အသီးသီးကောက်ပြပါ။

၅၃-ဖြေ။ ။ကာယ-အရ ကာယ ဝိညတ် ရ၏။ ကာယ ပသာဒ စသည်ကိုမရ။ ဝစီ-အရ ဝစီဝိညတ် ရ၏။ သဒ္ဒ-စသည်ကိုမရ။မန-အရ

ကာမာဝစရကုသိုလ် ကြိယာစိတ် ရ၏။ ဘဝင်စိတ် စသည်ကို မရ။
(အထက်ပကိဏ်းပိုင်း၊ဘုံပိုင်းတို့၌ ထင်ရှားလတ္တံ့။) (၉)

● "ကာယဝစီ မနောဒွါရေဟိ ဝန္ဒိတွာ" ဟူသော ဌီကာစကား၌ ပင် ကာယ, ဝစီ, မန-၌ပါသော ဝန္ဒနာ (ပဏာမ) သုံးပါးအရ အသီးသီးကောက်ပြပါ။

၅၄-ဖြေ။ ။ကာယ (ဝန္ဒနာပဏာမ) အရကား.... ကာယ ဝိညတ်ကို ဖြစ်စေ၍ ကာယဒွါရ၏ အစွမ်းဖြင့် ဖြစ်သော ကာမာဝစရ ကုသိုလ် (၈) ပါး။ ဝါ၊ ကြိယာ (၈) ပါးတို့တွင် တပါးပါး၌ ရှိသော စေတနာရ၏။ ။ဝစီ (ဝန္ဒနာပဏာမ) အရကား ... ဝစီ ဝိညတ်ကို ဖြစ်စေ၍ ဝစီဒွါရ၏အစွမ်းဖြင့်ဖြစ်သောကာမာဝစရကုသိုလ် (၈) ပါး။ ဝါ၊ ကြိယာ (၈) ပါးတို့တွင် တပါးပါး၌ရှိသော စေတနာရ၏။ ။ မနော (ဝန္ဒနာပဏာမ) အရကား... ကာယဝစီဝိညတ်တို့ကို မဖြစ်စေဘဲ သက်သက် ကာမာဝစရ ကုသိုလ်ကြိယာဟု ဆိုအပ်သော မနောဒွါရ၏ အစွမ်းဖြင့် ဖြစ်သော ထို ကာမာဝစရ ကုသိုလ် (၈) ပါး။ ဝါ၊ ကြိယာ (၈) ပါးတို့တွင် တပါးပါး၌ရှိသော စေတနာရ၏။

{ထို့ကြောင့် - ဤပဏာမဆက်း၌ ကာယဒွါရ-ဝစီဒွါရ တို့သည် ကာယကံ ဝစီကံတို့၏ ဖြစ်ရာဖြစ်သောကြောင့် ကာယဒွါရ-ဝစီဒွါရ မည်သည်မဟုတ်။ မနောကံ၏ ဖြစ်ရာ ဖြစ်သောကြောင့်သာ ကာယဒွါရ-ဝစီဒွါရ မည်သည်။ ပဏာမ သုံးပါးမှာလည်း ကံသုံးပါးမမှတ်နှင့် မနောကံ တပါးတည်းမှတ်လေ။ အထက်ဘုံပိုင်း၌ ထင်ရှားလတ္တံ့။}

† ဣဓ ပန ကာယ ဝစီယောပိ မနောကမ္မသေဝ ပဝတ္တိမုခ ဘာဝတော ဒွါရာနိနာမ။ န ကာယဝစီကမ္မာနံ။ တိဝိဓောဟိ ပဏာမော မနောကမ္မမေဝ။ (၉)

* မနောကံ၏သာ, ဖြစ်ရာမှန်လှ, သကတ္ထကြောင့်, ကာယ ဝစီ, နှစ်လီဒွါရ, အမည်ရ, မှတ်ကြ ဝိသေသံ။

* သုံးပဏာမ, မှတ်ကုန်ကြ, ဧက မနောကံ။ (သစ်)

- အဘိမ္မေတ္ထသင်္ဟံ-၌အစိတ်စိတ်အားဖြင့်အဘိ-အရ,မ္မေ-အရ, အတ္ထ-အရ, သင်္ဟ-အရ ကိုငင်း၊ အပေါင်းအားဖြင့် အဘိမ္မေ အရ,အဘိမ္မေတ္ထ အရ,အဘိမ္မေတ္ထ သင်္ဟအရကိုငင်းအသီးသီး ကောက်ပြပါ။

၅၅-ဖြေ။ ။**အဘိအရ**=လွန်ကဲ ထူးမြတ်သော ဘောဂုဏ်ရဏ်။

မ္မေအရ = ပါဠိမ္မေ၊ ဝါ၊ ပရမတ္ထ သဘာဝမ္မေရဏ်။

အတ္ထအရ = စိတ် စသော ပရမတ္ထ သဘာဝမ္မေ ၄-ပါးကို ရဏ်။

သင်္ဟအရ=သင်္ဂြိဟ်ကျမ်းရဏ်။

အဘိမ္မေအရ = ကမ္မဓာရည်း ဝိဂြိဟ်အခိုက် လွန်သော ထူးသော ပါဠိမ္မေ၊ ဝါ၊ ပရမတ္ထသဘာဝမ္မေ ရဏ်။ ဗဟုဗ္ဗီဟိ ဝိဂြိဟ်အခိုက် မ္မေသင်္ဏီ အစရှိသော အဘိမ္မော ၇-ကျမ်းရဏ်။ {ဤခွဲပြချက်ကို ကြည့်၍ အဘိမ္မေ၊ ဝါ၊ အဘိမ္မော-ဟူသည်လွန်ကဲထူးမြတ်သော ပါဠိမ္မေ၊ ဝါ၊ လွန်ကဲ ထူးမြတ်သော ပရမတ္ထ သဘာဝမ္မေ၊ တနည်း....လွန်ကဲထူးမြတ်သော ပရမတ္ထသဘာဝမ္မေတွေရှိနေသောအဘိမ္မောဂု-ကျမ်းကိုခေါ်သည်။ထိုလွန်ကဲထူးမြတ်သော ပရမတ္ထသဘာဝမ္မေတွေ ရှိသောကြောင့်ပင် မ္မေသင်္ဏီ စသော ၇-ကျမ်းကို အဘိမ္မောခေါ်သည်ဟု သိလေ။}

အဘိမ္မေတ္ထအရ = လွန်ကဲ ထူးမြတ်သော ပါဠိမ္မေ၊ ဝါ၊ အဘိမ္မော-၇-ကျမ်း၌ဟောတော်မူအပ်ကုန်သော စိတ်အစရှိသောပရမတ္ထ သဘာဝမ္မေ လေးပါးကို ရဏ်။

အဘိမ္မေတ္ထ သင်္ဟအရ = စိတ် အစရှိသော ပရမတ္ထ သဘာဝမ္မေ လေးပါးတိုကို အကျဉ်းပေါင်းရုံး၍ ယူထားသော "အဘိမ္မေတ္ထ သင်္ဟ" အမည်ရှိသည့် သင်္ဂြိဟ် ကျမ်းကို ရဏ်။ {ဤကဲ့သို့ အစိတ်စိတ်ခွဲပြထားသည်ကို တွေ့ရခဲ၏၊ သေချာစွာမှတ်သားလေ။}

● အဘယ်ကဲ့သို့ လွန်ကဲ ထူးမြတ်ပါသနည်း။ လွန်ကဲထူးမြတ်ပုံကို ရှင်းလင်းခဲ့ပါ။

၅၆-ဖြေ။ ။သုတ္တန်ပိဋကတ်၌ ခန္ဓာ, အာယတန, ဓာတ်-စသည်တို့ကို ကေဒေသ, ဥနက, သာမည အားဖြင့်သာ ဟောကြားတော်မူ၍။ အဘိဓမ္မာ ပိဋကတ်၌ကား.... သုတ္တန်၌ ဘာဇနီယနည်း, အဘိဓမ္မ ဘာဇနီယနည်း, ပဋ္ဌာပုန္ဆကနည်းတို့ဖြင့် နိပ္ပဒေသ အတိရေက ဝိသိဋ္ဌ အားဖြင့် ဟောကြားတော် မူပါသည်။ ထို့ကြောင့် အဘိဓမ္မာကို လွန်ကဲသည် ထူးမြတ်သည် ဟု ဆိုရပါသည်။ ။ပညတ်မှ သီးခြားထုတ်နုတ်၍ မဘောက်မပြန် မူမှန်သော တရားတွေကိုချည်းဟောထားသောကြောင့် အဘိဓမ္မာကို ထူးမြတ်သည်ဟုလည်း ဆိုနိုင်ပါသည်။

● အဘယ်တို့ထက်လွန်ကဲ၍ အဘယ်တို့ထက် ထူးမြတ်ပါသနည်း။

၅၇-ဖြေ။ ။သုတ္တန် ပါဠိတို့ထက် လွန်ကဲ၍ သုတ္တန် ပါဠိတို့ထက် ထူးမြတ်ဆန်းကြယ်ပါသည်။ တနည်း....သုတ္တန် ပါဠိတို့ထက် လွန်ကဲ၍ ပညတ်တရားတို့ထက် ထူးမြတ်ပါသည်။

{“ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော”၌ ဓမ္မအရထဲတွင် သုတ္တန်နှင့်အဘိဓမ္မာသာပါ၍ လွန်ကဲမှုအတွက် သုတ္တန်နှင့် အဘိဓမ္မာမှာသာ ဘယ်က ဘယ့်ထက် လွန်ကဲ သနည်းဟု စိစစ်ဘို့ရှိပြီး၊ ဝိနယမှာ နဂိုရံထဲကပင် ဓမ္မအရထဲမှာ မပါသဖြင့် လုံးဝစီစစ်ဘို့ မရှိသောကြောင့်“သုတ္တန်၊ ဝိနယာဓိကာ ပါဠိတိ အတ္ထော” ဟူသော သခေါပဆရာ၏ စကားတွင် ဝိနယသဒ္ဒါကား ပမာဒ လေခသာဟု မှတ်ယူသင့်၏။}

† ဓမ္မော ဝိသေသော ဓမ္မဝိသေသော။ မ္မောတိသယော ဝိစိတ္တာ ပါဠိတိ အတ္ထော။ (မူလဋီကာ)

● အဘိဓမ္မတ္ထသင်္ဂဟ-ကျမ်းဟု ဆိုရာ၌ ကျမ်း (ပကရဏ) ၏ အရကို ကောက်ပြပါ။

၅၈-ဖြေ။ ။သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကကုသိုလ်စိတ်ကြောင့် ဖြစ်သော “တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ” အစရှိသော

အလုံးစုံသော အကျွရာအစဉ် (အကျွရပ္ပဗန္ဓ) ကို ရပါသည်။ ထိုအကျွရာ အစဉ်သည် "အဘိမ္မေတ္ထသင်္ဟ" ကျမ်း မည်ပါသည်။ (၉)

{ဤကိုထောက်၍ ရှင်အနုရုဒ္ဓါဆရာသည် အဘိတ္ထမ္မေသင်္ဟ ကျမ်းကို အဘယ်စိတ်ဖြင့် ရေးသနည်း။ အသင်္ခါရိကကြောင့် ရေးသလော၊ သသင်္ခါရိကကြောင့် ရေးသလော - ဟူသော ပြဿနာမှာ အလိုလို ရှင်းသွားပေလိမ့်မည်။}

● သင်္ဂြိဟ်ကျမ်းကို အဘယ့်ကြောင့် အဘိမ္မေတ္ထသင်္ဟကျမ်း-ဟု ခေါ်ဆိုပါသနည်း။

၅၉-ဖြေ။ ။အဘိမ္မော ၇-ကျမ်း၌ အကျယ်အားဖြင့်ဟောတော်မူ အပ်ကုန်သော အဘိမ္မော အနက်တိုကို အကျဉ်းအားဖြင့် ယူရာ ယူကြောင်းဖြစ်သောကြောင့် သင်္ဂြိဟ်ကျမ်းကို အဘိမ္မေတ္ထသင်္ဟကျမ်း-ဟု ခေါ်ပါသည်။ (ဝိဂြိဟ်များကို အောက်နားက ပြခဲ့ပြီ။) (၉၇)

ပဏာမ အဖြေ ပြီး၏။

ပရမတ္ထ သင်္ခေပ အဖြေ



● "တတ္ထ ဝုတ္တာဘိမ္မေတ္ထာ"၌ တတ္ထ-အရ အဘယ်ကို အဘယ် အကြောင်းကြောင့် မစွဲသင့်၍ အဘယ်ကို အဘယ်အကြောင်း ကြောင့် စွဲသင့်ပါသနည်း။

၆၀-ဖြေ။ ။တတ္ထ-၌ တ,သည် ပဏ္ဏန္တဝိသယတ,ဖြစ်၍ထိုတ,သဒ္ဒါ ဖြင့်အဘိမ္မေတ္ထသင်္ဟ-ပုဒ်ကိုသော်ငင်း,အဘိမ္မေတ္ထသင်္ဟကျမ်းကိုငင်း စွဲခဲ့သော်-တိုအဘိမ္မေတ္ထသင်္ဟကျမ်း၌ "ဝါ အနုရုဒ္ဓါဆရာသည် ဟော အပ်ကုန်သော" ဟူသော အနက်သည် ဖြစ်ခဲ့ရာ၏။ အမှန်မှာ-အနုရုဒ္ဓါ ဆရာသည် ထိုအဘိမ္မေတ္ထ သင်္ဟကျမ်း၌ စိတ် အစရှိကုန်သော အဘိ မ္မေတ္ထတိုကို မဟောရသေးသောကြောင့် ထိုအနက်သည် အလိုမရှိအပ် သော အနိဋ္ဌသာ ဖြစ်ရာ၏။ သို့ အနိဋ္ဌဖြစ်သောကြောင့် တ,ဖြင့် အဘိ မ္မေတ္ထသင်္ဟံဟူသောပုဒ်-ဝါ၊ အဘိမ္မေတ္ထသင်္ဟကျမ်းကို မစွဲသင့်ပါ။

ခေတ်—၃၊ (ပဉ္ဇမအကြိမ်။)

ထိုဟ,သဒ္ဒါဖြင့် အဘိမ္မောပိဋကတ်ကိုစွဲပါမူ "ထိုအဘိမ္မော ပိဋကတ်၌ မြတ်စွာဘုရားသည်ဟောတော်မူအပ်ကုန်သော" ဟူသောအနက်သည် ဖြစ်ရာ၏။ အမှန်မှာ....မြတ်စွာဘုရားသည် ထိုအဘိမ္မော ပိဋကတ်၌ ထိုစိတ်အစရှိကုန်သောအဘိမ္မေတ္ထတို့ကိုဟောထားပြီးဖြစ်သောကြောင့် ထိုအနက်သည် အလိုရှိအပ်သော ဗုဇ္ဇသာ ဖြစ်ရာ၏။ သို့ ဗုဇ္ဇ ဖြစ်သော ကြောင့် တ,ဖြင့် အဘိမ္မော ပိဋကတ်ကိုသာ စွဲသင့်ပါသည်။

(ဌီ-ဇူတို့အလို)

† တတ္ထ တသ္မိံ အဘိမ္မေ။ (ဌီ)

† အဘိမ္မေပိဋကဿ တံ သဒ္ဒေန ပစ္စာမသနန္တိ ဒဋ္ဌဗ္ဗံ။ (ဇူ)

● တတ္ထ-သဒ္ဒါဖြင့် ပဋ္ဌာနဖြစ်သော သင်္ဂဟံ-ပုဒ်ကိုမစွဲဘဲ အပဋ္ဌာန ဖြစ်သော အဘိမ္မေ-ပုဒ်ကိုဌီကာကျော်ဆရာစွဲခြင်းသည်အဘယ် သို့ သင့်ပါမည်နည်း။

၆၁-ဖြေ။ ။သင့်ပါသည်။အကယ်၍သင်္ဂဟံ-ဟူသော ပဋ္ဌာနပုဒ်ကို စွဲက အနက်အရာအားဖြင့် မသင့်လျော်၍ အဘိမ္မေ-ဟူသော အပဋ္ဌာန ပုဒ်ကိုစွဲမှ အဘိမ္မော ၇-ကျမ်း၌ဟောဏ်ဟူသော အနက်အရာအားဖြင့် သင့်လျော်သောကြောင့် အပဋ္ဌာနဖြစ်သော အဘိမ္မေ ဟူသော ပုဒ်ကို စွဲခြင်းသည် သင့်လျော်ပါသည်။ (အင်္ဂုရအလို)

[ထိုတတ္ထ-အစွဲကို ဌီကာဆရာများ အပဋ္ဌာနဖြစ်သောအဘိ မ္မော ၇-ကျမ်းကိုချည်းစွဲကြသော်လည်း သခေ်ပ ဝိတ္ထာရဝါကျ ဖြစ်သောကြောင့်ဌင်း။ "တတ္ထာတိဝါအဘိမ္မေကထန္တိ ဧတသ္မိံ ဝစနေ ယော အဘိမ္မော ဝုတ္တော၊ သော ကေနဋ္ဌေန အဘိ မ္မောတိ အတ္ထော။ နစ အာသန္ဒံ ဝဇ္ဇေတ္ဆာ ဒူရဿ ဂဟဏေ ပယောဇနံ အတ္ထိ" ဟူသော မူလဌီကာကို ထောက်သောအား ဖြင့်ဌင်း။ "အဘိမ္မေတ္ထသင်္ဂဟံ" ဟူသော ပုဒ်၊ ဝါ၊စကားကိုစွဲမှ သာလျှင် ထုံးမှီ စံရ သဘာဝကျပေမည်။] (နောမတိ)

● ပရမတ္ထတော သဗ္ဗထာ-ပုဒ်ဘို၏ အစပ်ကိုပြ၍ သဗ္ဗထာ-အရ ဖြစ်သော ခပ်သိမ်းသော အခြင်းအရာအရကိုလည်း ဖော်ပြပါ။

၆၂-ဖြေ။ ။ပရမတ္ထတော-ကို စတုဓာ-၌ အဘိန္ဒ ဝိသေသနစပ်။ သဗ္ဗထာ-ကို ဝုတ္တာ-၌စပ်။မဏိမဉ္ဇူ၌ကား ပရမတ္ထတော-ကို ဌိတာ-၌ သဗ္ဗထာ-ကို စတုဓာ-၌ စပ်လို၏။ ခပ်သိမ်းသော အခြင်းအရာအရ ကား-ကုသလာဒိပကာရ-ခန္ဓာဒိပကာရ ဖြစ်ပါသည်။

† သဗ္ဗထာ ကုသလာဒိဝသေန ခန္ဓာဒိဝသေနစ ဝုတ္တာ။ (ဋီ)

{ကုသလာဒိဝသေနကား-ဓမ္မသင်္ဂဏီကျမ်းကို၊ခန္ဓာဒိဝသေန ကား-ဝိဘင်းကျမ်းကို ရည်၍ဆိုသည်ဟု ဆရာများဆိုကြ၏။}

● ပရမတ္ထ-ပုဒ်ကို ရနိုင်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း အသီးသီး ဖော်ပြပါ။

၆၃-ဖြေ။ ။"ပရမောဥတ္တမောအဝိပရိတောအတ္ထောပရမတ္ထော" (ကမ္မဓာရည်း) မဘောက်မပြန် မှန်ကန်တည့်မတ် မြတ်သောကြောင့် ပရမတ် မည်သည်။ "ပရမဿဝါ ဥတ္တမဿ ဉာဏဿ အတ္ထော ဂေါစရောတိ ပရမတ္ထော"(တပ္ပုရိသ်) မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့်လည်း ပရမတ် မည်ပါသည်။ (ဋီ)

* **ပြောင်းလဲမရှိ, တည့်မတ်လေပြန်, သဘောမှန်, ခေါ်ရန် ပရမတ်။ (သစ်)**

● ပရမတ္ထ-၏ အစိတ်အပေါင်း အဓိပ္ပာယ်ကို အသီးသီးရေးခဲ့ပါ။

၆၄-ဖြေ။ ။

ပရမ=မဘောက်မပြန် မှန်ကန်တည့်မတ်မြတ်သော (ဘလောင်း ဘလဲ ပြောင်းလဲခြင်းမရှိသော) သဘော။

အတ္ထ=သဘာဝတ္ထလိုရင်းတရား။ ဝါ၊ အာရုံတရား။

ပရမတ္ထ=မဘောက်မပြန် မှန်ကန်တည့်မတ် မြတ်သောသဘာဝတ္ထ လိုရင်းတရား။ ဝါ၊မြတ်သော သဗ္ဗညုတဉာဏ်၏ ကျက်စားရာ ဖြစ်သော အာရုံတရားဟု ဆိုလိုပါသည်။

{သဗ္ဗညုတ ဉာဏ်ကို ထူး ထူး မြတ် မြတ် ဆိုသော်လည်း သာဝကဘို၏ ထက်မြက်သော ဉာဏ်ဖြင့်လည်း ကျက်စားနိုင်သည်ဟု မှတ်။ ထို့ကြောင့် သာဝက များလည်း အထိုက် အလျောက် ပရမတ်ကို သိကြားနေကြသည် မဟုတ်ပါလော။ }

● ပရမတ်၏ မဘောက်ပြန်ပုံ, မြတ်ပုံကို ဖော်ပြပါ။

၆၅-ဖြေ။ ။အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော မာန သည် ဥပါဒ်, ဋ္ဌိ, ဘင်-ခဏတ္တယ သုံးပါးတို့၌ တက်ကြွခြင်း လက္ခဏာမှ နှိမ့်ချခြင်းလက္ခဏာသို့ ပြောင်းလဲဘောက်ပြန်ခြင်းမရှိ။ လူ, နတ်, ဗြဟ္မာ တိရစ္ဆာန်တို့၏ သန္တာန်၌ ရှိသော မာန တို့သည်လည်း တက်ကြွ-ထောင်လွှားခြင်း လက္ခဏာကို ဘယ်အခါမျှ မစွန့်ကြ-မပြောင်းလဲကြ-မဘောက်ပြန်ကြ။ လူ့မာနသာ ထောင်လွှား, နတ်မာနက မထောင်လွှားနှင့်ဟု သူတပါးက ခိုင်းသော်လည်း ပြောင်းလဲ ဘောက်ပြန်မှုမရှိ။ ထိုသို့ ဘလောင်းဘလဲ ပြောင်းလဲမှုမရှိ။ မှန်ကန်တည့်မတ်ခြင်းသဘော.ကိုပင် မဘောက်မပြန်ဟု ဆိုရပါသည်။ထိုသို့ ဘလောင်းဘလဲ ပြောင်း.လဲမှုမရှိဘဲ ပင်ကိုယ်သဘောအားဖြင့် မှန်ကန် တည့်မတ်သောကြောင့် ပင် မြတ်သည်ဟု ဆိုရပါသည်။

{မြတ်-ဆိုသည်မှာ၊ ပဏီတ အမြတ်မျိုးမဟုတ်။ထို့ကြောင့် ဋီကာကျော်၌ ပရမ-ကို ဥတ္တမ၊ ၎င်း ဥတ္တမကို အဝိပရီတ-ဟု ဆင့်၍ ဖွင့်သည်။}

† အဝိပရီတဘာဝတော ဧဝ ပရမော ပဓာနော အတ္ထောတိ ပရမတ္ထော။ (အနုဋီကာ)

● ပညတ်သည်လည်း သဗ္ဗညုတဉာဏ်၏ ကျက်စားရာ အာရုံဖြစ်သောကြောင့် 'ပရမတ္ထ မည်သည်ဟု မှတ်ရမည်လော။

၆၆-ဖြေ။ ။မမှတ်ရပါ။ပညတ်သည်-ပညတ်ဟူသော အမည်ထူးကို ရနေသောကြောင့်၎င်း။ပရမတ္ထ-သဒ္ဒါသည် ပက်ဇ-သဒ္ဒါကဲ့သို့ စိတ်

စသော လေးပါး၌သာ ထင်သောကြောင့်ဌင်း။ အထင်ရှင်အားဖြင့် စိတ် စသော လေးပါးသာ ပရမတ္ထ မည်ပါသည်။ ပညတ်သည် ပရမတ္ထ မ မည်ပါ။ (အဏ်ရ)

● ပရမတ္ထတရား လေးပါး တို့သည် နိစ္စလော - အနိစ္စလော ရှင်းလင်းခဲ့ပါ။

၆၇-ဖြေ။ ။ပရမတ္ထတရား လေးပါးတို့တွင် စိတ်,စေတသိက်,ရုပ် တို့ကား-ခဏတ္တယနှင့်ယှဉ်ခြင်းကြောင့် အနိစ္စ၊ နိဗ္ဗာန်ကား-ခဏတ္တယ နှင့် မယှဉ်ခြင်းကြောင့် နိစ္စ-ဖြစ်ပါသည်။ ပညတ်လည်း ခဏတ္တယနှင့် မယှဉ်ခြင်းကြောင့် နိစ္စပင် ဖြစ်ပါသည်။

● ပရမတ္ထတရားကို ပညတ်, ပရမတ် ခွဲပြပါ။

၆၈-ဖြေ။ ။စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်တို့၏ အာရမ္မဏဝိဇာနန စသော သဘောလက္ခဏာသည် ပရမတ်။ စိတ်,စေတသိက် စသော အမည်နာမသည် ပညတ် ဖြစ်ပါသည်။

● ပညတ်သည် နိစ္စ-ဖြစ်လျှင် မဘောက်ပြန်ဟု မှတ်ရမည်လော။

၆၉-ဖြေ။ ။မမှတ်ရပါ။ ပညတ်သည် ဘောက်ပြန်ခြင်း သဘော ရှိပါသည်။

● ပညတ်၏ ဘောက်ပြန်ပုံကို ရှင်းလင်း ဖော်ပြပါ။

၇၀-ဖြေ။ ။ရှေ့ စသော ဝတ္ထုသည် ပကတိသဘောအားဖြင့် ခက် မာသည်၊ မီး၌ထည့်ကျိုလျှင်ခက်မာသောသဘောမှဘောက်ပြန်ပြောင်း လဲ၍ ပျော့ပျောင်းလာသည်။ ရေ၌ တဖန် ချပြန်လျှင် ပျော့ပျောင်းသော သဘောမှ ဘောက်ပြန်ပြောင်းလဲ၍ ခက်မာလာပြန်သည်။ အဖြူ-အနီ စသော အဆင်းအားဖြင့်လည်း ရှေသဘောမှ ဘောက်ပြန်၍ အဆင်း သဘောတမျိုးသို့ ပြောင်းလဲသွားသည်။ ဤသို့ ပညတ်သည်မိမိသဘော အားဖြင့်ဌင်း၊ သူတပါးပယောဂအားဖြင့်ဌင်း၊ ပြောင်းလဲဘောက်ပြန် တတ်ပါသည်။ (အဏ်ရ)

● ပရမတ်သည် ဆွေးမြေ့ပျက်စီး၍ ပညတ်သည် ဆွေးမြေ့ပျက်စီးခြင်းမရှိဟု ဆိုလျှင် မှန်မည်လော-မှားမည်လော။

၇၁-ဖြေ။ ။နိဗ္ဗာန်ကိုချန်ထား၍ စိတ်,စေတသိက်,ရုပ်-တို့သည် ဥပါဒ်,ဌိ,ဘင်-ခဏတ္တယအားဖြင့် ဆွေးမြေ့ပျက်စီးတတ်၍ ပညတ်သည် ဥပါဒ်,ဌိ,ဘင်-ခဏတ္တယအားဖြင့် ဆွေးမြေ့ပျက်စီးခြင်းမရှိသောကြောင့် မှန်သည်ဟု ဆိုရပါမည်။

{ရှုပံ ဇီရတိ မစ္စာနံ၊နာမဂေါတ္တံ နဇီရတိ-ပါဠိကိုထောက်ပါ။}

● ''သမ္မုတိ်ထပေတွာ နိဗ္ဗတ္တိတပရမတ္ထဝေန''ဟူသောဋီကာအရ ပညတ်မှ ပရမတ် ထုတ်နုတ်ယူပုံကို ဖော်ပြပါ။

၇၂-ဖြေ။ ။ယောက်ျား-မိန်းမ စသော သမ္မုဟပညတ်မှ ထုတ်နုတ်ယူလျှင် ခန္ဓာငါးပါးရ၏။ထိုခန္ဓာငါးပါးသည် ထို သမ္မုဟပညတ်မှ ထုတ်နုတ်၍ ယူအပ်သော ပညတ်မစပ် ဆတ်ဆတ်သော ပရမတ် မည်၏။

{သမ္မုတိ်ထပေတွာ-ပါဠိဖြင့်ပရမတ္ထအားဖြင့်သာ-ဟူသော အဝတ္ထင်းငုပ်သော အဝဓာရဏာ အဖြစ်ကိုဂုဏ်း။ ပညတ်အားဖြင့် မဟုတ်ဟူသော အဝဓာရဏာ၏ အကျိုးကိုဂုဏ်း ပြသည်။}

● ပရမတ်သည် မြတ်ပါလျက် အဘယ့်ကြောင့် ဟီနာ ဓမ္မာ အရထဲတွင် ပရမတ်တရားတွေ ပါနေပါသနည်း။

၇၃-ဖြေ။ ။လောဘသည် ဥပါဒ်,ဌိ,ဘင်-ခဏတ္တယ၊ ပုဂ္ဂလသန္တာနအခိုက်အတန့်အမျိုးမျိုးမှာဖြစ်သော်လည်းလိုချင်မှုသဘောကို မစွန့်၊လိုချင်မှုသဘောမှ ပြောင်းလဲဘောက်ပြန်မှုမရှိ၊တည့်မတ်မှန်ကန်(မှုမှန်) သောကြောင့် မြတ်သည်ဟု ဆိုရသည်။ ထို လောဘသည် အပြစ်နှင့်တကွ မကောင်းကျိုးပေးခြင်း သဘောမှလည်း ဘယ်အခါမျှ မဘောက်ပြန်သောကြောင့် မြတ်သည်ဟုပင် ဆိုရသည်။ သို့သော်.... မကောင်းကျိုးပေးသော သဘောကား ယုတ်ညံ့၍သာ ဟီနာ ဓမ္မာ ထဲမှာပါနေရခြင်းဖြစ်သည်။

{ယုတ်သည့်သဘောသည် ယုတ်၊မြတ်သည့်သဘောသည်မြတ်သည့်အတိုင်း ဖြစ်မှသည်ပင် သဘောအားဖြင့် မဘောက်မပြန်

မှန်ကန်တည့်မတ်၍ မြတ်သော ပရမတ်ဟု ဆိုရသည်။အယုတ်၏ဆန့်ကျင်ဘက် အမြတ်ကို ပရမဘ် ဆိုသည်မဟုတ်။အမြတ်ဆိုသောစကား၏ ပင်ကိုယ် သဘောအားဖြင့် မြတ်။ အယုတ်၏ဆန့်ကျင်ဘက်ဖြစ်၍ မြတ် ၂-မျိုးရှိသည်ကို သတိပြုလေ။}

● တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ - ဂါထာဌ္ဌ အဘိဓမ္မတ္ထ အရနှင့် စိဉ္စံ စေတသိကံ ရူပံ နိဗ္ဗာနံ-အရ တူမည်လော-ထူးမည်လော ရှင်းလင်းခဲ့ပါ။

၇၄-ဖြေ။ ။မတူပါ- ထူးပါသည်။ အဘိဓမ္မတ္ထအရ-အဘိဓမ္မတ္ထလေးပါးကား-သာမညအနက်၊စိဉ္စံ စေတသိကံ့ ရူပံ နိဗ္ဗာနံ-အရအဘိဓမ္မတ္ထလေးပါးကား-ဝိသေသအနက်၊ ဤသို့ ထူးပါသည်။ တနည်း...အဘိဓမ္မတ္ထအရကား-သရူပဝန်။စိဉ္စံ စေတသိကံ ရူပံ နိဗ္ဗာနံ-အရကား သရုပ်။ ဤသို့လည်းထူးပါသေးသည်။ {အကျယ်ကို မဏိမဉ္ဇူဌ္ဌ ရှုပါ။}

† အဘိဓမ္မတ္ထာတိပဒေန ဝုတ္တော အတ္ထော သာမညတ္ထော၊စိတ္တာဒီနာ ဝုတ္တော အတ္ထော ဝိသေသတ္ထော။ တေသု သာမညတ္ထော သရူပဝါနာမ၊ ဝိသေသတ္ထော သရူပံနာမ။ (၇)

● အဘိဓမ္မတ္ထနှင့် ပရမတ္ထ-အရ တူမည်လော - ထူးမည်လော သင်္ဂဟထောက်၍ ရှင်းလင်းခဲ့ပါ။

၇၅-ဖြေ။ ။သာမန်အားဖြင့်ရေတွက်လျှင်အဘိဓမ္မာဌ္ဌဟောသော အဘိဓမ္မတ္ထကား....ပညတ်ပရမတ်အားဖြင့် ၂-ပါး၊စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်,ပညတ်အားဖြင့် ၅-ပါးရှိ၏။ ပရမတ္ထကား ..."ပရမတ္ထတော"ကို ထောက်၍ စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်အားဖြင့် လေးပါးသာရှိ၍ ထူးပါးသည်။ ဋီကာကျော် အလိုကား....ပရမတ္ထအားဖြင့် ရေတွက်လျှင် လေးပါးစီ အတူတူဖြစ်၍ မထူးဟု ဆိုရပါမည်။

† နိဗ္ဗတ္တိတ ပရမတ္ထဘာဝေန အဘိဝိသိဋ္ဌာ ဓမ္မာ ဇေတ္ထာတိ အာဒိနာ အဘိဓမ္မော။ (၈)

● "စိတ္တံဝိညာဏကွန္ဓော" စသည်ဖြင့်ဋီကာဖွင့်ရာ၌ ဂဟေတဗ္ဗတ္ထ နိဝတ္တေတဗ္ဗတ္ထအနက်များကို အသီးသီးခွဲခြား၍ ကောက်ပြပါ။

၇၆-ဖြေ။ ။စိတ္တ-အရ စိတ်တခုယုတ် ကိုးဆယ်ဟု ဆိုအပ်သော ဝိညာဏကွန္ဓာသည်ဂဟေတဗ္ဗတ္ထ (ယူအပ်သောအနက်)၊စိတ္တသူကြွယ် စိတ္တဥယျာဉ်-ပန်းချီဆေးရေးမှုစသည်သည်နိဝတ္တေတဗ္ဗတ္ထ (နစ်စေအပ်သောအနက်)၊စေတသိကံအရ-ဝေဒနာစသောခန္ဓာသုံးပါးအပေါင်း ဟုဆိုအပ်သော စေတသိက်သည် ဂဟေတဗ္ဗတ္ထ။စိတ္တဇရုပ်သည်နိဝတ္တေတဗ္ဗတ္ထ။ ရူပံအရ-ရုပ္ပနလက္ခဏာရှိသော ဘူတရုပ်, ဥပါဒါရုပ် အားဖြင့် ပြားသောရူပကွန္ဓာသည် ဂဟေတဗ္ဗတ္ထ။ရုပ္ပနလက္ခဏာမရှိသော လောကီစိတ် စေတသိက်ဟု ဆိုအပ်သော ပိယရုပ်, သာတရုပ်သည် နိဝတ္တေတဗ္ဗတ္ထ။နိဗ္ဗာနံ-အရ မဂ်,ဖိုလ်တို၏ အာရုံဖြစ်သော အသင်္ခတ ဓမ္မသည် ဂဟေတဗ္ဗတ္ထ။ ပညတ်နှင့် အရဟတ္တဖိုလ်သည် နိဝတ္တေတဗ္ဗတ္ထ ဖြစ်ပါသည်။ (ဋီ)

● စိတ္တ-ပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ် ဖော်ပြပြီးလျှင် "ပိသယဝိဇာနနလက္ခဏံ" ဟု အထူးဆိုရခြင်း အကျိုးကိုလည်း ရေးခဲ့ပါ။

၇၇-ဖြေ။ ။"စိန္တေတီတိစိတ္တံ" (ကတ္တုသာဓန-အာရုံကိုသိတတ်သောကြောင့် စိတ်) "စိန္တေန္တိ သမ္ပယုတ္တဓမ္မာ ဧတေနာတိ စိတ္တံ" (ကရဏသာဓန-အာရုံကို သိကြောင်းဖြစ်သောကြောင့်စိတ်) "စိန္တနံ စိတ္တံ" (ဘာဝသာဓန - အာရုံကို သိကာမျှ ဖြစ်သောကြောင့် စိတ်) (ဝစနတ္ထနှင့်အဓိပ္ပာယ်။) "ဝိသယ ဝိဇာနန လက္ခဏံ စိတ္တံ" ဟူသော ပါဋ္ဌဖြင့် စိတ်သည် အာရုံနှင့်ကင်း၍ဖြစ်၏ဟု အယူရှိကုန်သော ပုဂ္ဂိုလ်ဟို၏အယူကို တားမြစ်ရခြင်း အကျိုးရှိပါသည်။ စိတ်၏အာရုံကို သိမှုသည် သညာသိ ပညာသိမျိုး မဟုတ် ထူးခြားသော ဝိညာဏ်သိမျိုး ဟူ၍လည်း ပြသည်။

† ဧတေန နိရာရမ္မဏဝါဒိမတံ ပဋိက္ခိတ္တံ ဟောတိ။ (ဋီ)

* ပရမတ္တ သဒ္ဒါ, ဝိဂြိုဟ်ပြုလရကား,ကရဏ ကတ္တု, ဘာဝပြု။ (နိယံ)

● လောက၌ ပြုတတ်ပြုကြောင်းဖြစ်သော ကတ္တား ကရိဏ်းသာ ထင်ရှားသောကြောင့် ကတ္တု-ကရဏ-သာဓနသာပြုသင့်လျက် အဘယ့်ကြောင့် ဘာဝသာဓန-ကို ပြုပါသနည်း။

၇၈-ဖြေ။ ။ပရမတ္ထသဘောတရားတို့မည်သည်အကြောင်းပစ္စည်း အားလျော်စွာဖြစ်ခြင်းသဘောမျှသာဖြစ်၍ဘာဝသာဓနကိုပြုပါသည်။

{ထို့ကြောင့် အလုံးစုံသော ပရမတ္ထသဘောတရားတို့အား မုချ နိပ္ပရိယာယအားဖြင့်ဘာဝသာဓနတမျိုးသာရအပ်၏ဟုမှတ်။}

† ယထာပစ္စယံ ဟိ ပဝတ္တိမတ္တမေဝ ယဒိဒံ သဘာဝ မေ္မော နာမ၊ ဧဝဉ္စ ကတ္တာ သဗ္ဗေသမ္ပိ ပရမတ္ထမေ္မာနံ ဘာဝသာဓနမေဝ နိပ္ပရိယာယတော လဗ္ဘတိ။ (ဋီ)

{ပဝတ္တိမတ္တမေဝ-၌မတ္တ-ဟူသောအဝဓာရဏဖြင့် ကတ္တု-ကရဏသာဓနတို့ကိုနစ်စေ၍ ဧဝ-သဒ္ဒါဖြင့် မတ္တ-သဒ္ဒါဖြင့် ထို သို့နစ်စေမှုကို ဖွင့်ပြသည်။တနည်းမတ္တ-သဒ္ဒါ၏ ကတ္တု-ကရဏ သာဓနကို နစ်စေမှုကိုသာလျှင် မြဲမြဲစွာပြုသည် ဟူလို။}

● ပရမတ္ထ သဘောတရားတို့သည် အကြောင်းပစ္စည်း အားလျော်စွာ ဖြစ်ခြင်း သဘောမျှသာ ဖြစ်၍ ဘာဝသာဓနကိုသာ ရအပ်လျှင် ဘာဝသာဓန ကိုသာ ဆိုသင့်လျက် အဘယ့်ကြောင့် ကတ္တုသာဓန, ကရဏသာဓနတို့ကို ဆိုပြန်ပါသနည်း။

၇၉-ဖြေ။ ။စိတ်၏အာရုံကို သိခြင်းကိစ္စတို့၌ မိမိ (ပရမတ္ထတရား) ပြဋ္ဌာန်းသည်ကို တင်စား၍ ကတ္တုသာဓနကိုဌင်း၊ သဟဇာတ် ဘရား တို့၏ အာရုံကို သိကြောင်းကိစ္စတို့၌ မိမိပြဋ္ဌာန်းသည်ကို တင်စား၍ ကရဏ သာဓနကိုဌင်း၊ ဥပစာပရိယာယအားဖြင့် ရအပ်သောကြောင့် ကတ္တုသာဓန, ကရဏ သာဓနတို့ကို ဆိုပြန်ပါသည်။

{ဥပစာ ဆိုသော်လည်း ဥပစာ ၁၀-ပါးတွင် မည်သည် ဥပစာဟု မဆိုနိုင်။ဆိုလိုသောသူက ကတ္တားဆိုလိုလျှင်ကတ္တား၊ ကရိဏ်းဆိုလိုလျှင် ကရိဏ်းဖြစ်သည်ကိုသာပရိယာယဆိုသည်။ အဘူတ ဘူတကပ္ပနာမျိုးဟူလို။ တနည်း....အဘေဒဘေဒူ-

တဒ္ဓမ္မူပစာမျိုးလည်း ဆိုနိုင်သည်။ ။ပရိယာယ်ကြံပုံကား.... စိတ်၏ အာရုံကို သိမှုကိစ္စ၌ ပြဋ္ဌာန်းသော သဘောကို ကတ္တား အဖြစ်ဖြင့် ကြံ၍ ကတ္တုသာဓနကို ဆိုသည်။ စိတ်၏ အစွမ်းဖြင့် စိတ်နှင့်ယှဉ်သော သမ္ပယုတ်တရားတို့သည် အာရုံကိုသိမှုကိစ္စ၌ စိတ်အားလျော်စွာ ဖြစ်လာသောကြောင့် ထိုသမ္ပယုတ်တရား တို့၏အာရုံကို သိမှုကိစ္စ၌ ပြဋ္ဌာန်းသောသဘောဖြစ်လာသည်။ ထိုသဘောကို ကတ္တား၏ အဖြစ်ဖြင့် ကြံသည်။ (သမ္ပယုတ် တရားများက ကတ္တားသဘော ဖြစ်လာပြီ) တဖန် သမ္ပယုတ် တရားတို့၏အာရုံကို သိမှုကိစ္စ၌ ပြဋ္ဌာန်းသော ကတ္တားသဘော ဖြစ်လာရသည်မှာ ဘယ်သူကြောင့်နည်းဟု စဉ်းစားလျှင် စိတ် ကြောင့်စိတ်နှင့်ဆက်သွယ်မှုကြောင့်ဟုတွေ့ရှိရမည်။ထို့ကြောင့် သမ္ပယုတ်တရားတို့၏ အာရုံကိုသိမှုကိစ္စ၌ပြဋ္ဌာန်းသော ကတ္တား သဘော ဖြစ်လာရာဝယ် ထိုစိတ်သည် အာရုံကို သိကြောင်း အားဖြင့် ပြဋ္ဌာန်းသော အကြောင်းတခု ဖြစ်လာပြန်သည်။ ထို သဘောကို ကရိဏ်း အဖြစ်ဖြင့် ကြံ၍ ကရဏ သာဓန ပြုသည် ဟူလို။အသိခက်သည်။သေချာစွာကြံလေ။ ကြိယာအမူအရာမျှ ဖြစ်သောစိတ်၌ သတ္တိမန္တ, သတ္တိအားဖြင့် အဘေဒဘေဒူအဖြစ် ကြံခြင်းကိုပင် ဤ၌ ပရိယာယ်ဆိုသည်ဟု မှတ်။}

† ကတ္တုကရဏ ဝသေန ပန နိဗ္ဗစနံ ပရိယာယ ကထာတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● မုချရသော ဘာဝသာဓန ကိုသာ မပြုဘဲ ပရိယာယ်အားဖြင့် ရသော ကတ္တု,ကရဏသာဓနကို ပြုသဖြင့် အဘယ်အကျိုးရှိပါ သနည်း။

၈၀-ဖြေ။ ။ပရမတ္တသဘောတရားမှလွတ်သော ကတ္တား စသည် မရှိသည်အဖြစ်ကို ပြုရခြင်း အကျိုးရှိပါသည်။ { ထို ဝိဂြိဟ် ၂-ခုကို ဆို သဖြင့် ပြုကာမျှ အမူအရာ ကြိယာသဘောမှ လွတ်သော ကတ္တားကံ အဖြစ်ဖြင့် ခေါ်ဝေါ်အပ်သော ပုဂ္ဂိုလ်, သတ္တဝါ, အတ္တဇီဝ စသည် ဘယ်အခါမျှမရှိ ဟူသောအနက်ကို ပြသည်ဟူလို။ }

† တထာ နိဒဿနံ ပန ဓမ္မသဘာဝ ဝိနိမုတ္တာသ ကတ္တာဒိနော အဘာဝ ပရိဒီပနတ္ထံ။ (ဋီ)

† စိန္တေတိဟိ ဓမ္မကော အညသ္မ ကတ္တု နိဝတ္တနတ္ထံ၊ ဓမ္မမေဝ ကတ္တာရံ နိဒ္ဒိသတိ။ (ဂူ)

● နိဿယ, သမနန္တရစသော အကြောင်း ကိုးကြောင့်လည်း ဖြစ်လျက်၊ စိတ်သည် ဒေဘယ့်ကြောင့် အာရုံကိုသိခြင်း လက္ခဏာရှိသည်ဟု အကြောင်း တခုတည်း ကိုသာ အဋ္ဌကထာ ဆိုပါသနည်း။

၈၁-ဖြေ။ ။နိဿယ, သမနန္တရစသော အကြောင်းပစ္စည်းရှိသော်လည်း စိတ်သည် အာရုံနှင့်ကင်းရှဲ့ ဘယ်အခါမျှ မဖြစ်သောကြောင့် စိတ်သည် အာရုံကို သိခြင်းလက္ခဏာရှိသည်ဟူသော အကြောင်းတခု ကိုသာ အဋ္ဌကထာဆရာများ ဆိုခြင်းဖြစ်ပါသည်။

{စိတ်၏ အာရုံကို သိမှုကား အရေးကြီးသော အကြောင်းတခုဖြစ်သည်ဟု သိစေလိုသည်။ ဤကိုဆောက်သဖြင့် အိပ်ပျော်နေသောသူ, တွေဝေမိန်းမောနေသောသူတို့၏စိတ်သည်လည်း အာရုံကို သိမှုနှင့် ဘယ်ဒေခါမျှ မကင်းသည်ကို ပြသည်။}

† သတိပိ ဟိ နိဿယ သမနန္တရာဒိပစ္စယေန ဝိနာ အာရမ္မဏေန စိတ္တမုပ္ပဇ္ဇတိတိ တဿ ဘံ လက္ခဏတာ ဝုတ္တာ။ (ဋီ)

● အာရုံကို သိတတ်သောကြောင့် စိတ် ဟု ဆိုလျှင် ကုသိုလ်, အကုသိုလ် စိတ်များမှာ သင့်တန်စေ၊ အဖျာကတ ဖြစ်သော ဝိပါက်စိတ်များမှာကား - နိဗ္ဗာပါရမျိုးဖြစ်၍ အာဘယ်သို့ သင့်မည်နည်း။

၈၂-ဖြေ။ ။သင့်ပါသည်။ အာရုံကို သိတတ် ဆိုသည်မှာ အမှန်အားဖြင့် ကတ္တုဗျာပါရသဘောမျိုးကိုရည်၍ ဆိုခြင်းမဟုတ်၊ (ပရမတ္ထတရားများမှာ ကတ္တုဗျာပါရသဘောမျိုး အမှန်မရှိ၊ ပရိယာယ်အားဖြင့်သာ ရနိုင်သည်။) အာရုံကို ရယူနိုင်ခြင်း သဘောမျိုးကိုသာ ရည်၍

ဆိုသောကြောင့် ဝိပါက်စိတ်မှားမှာလည်း အာရုံကို ရယူနိုင်ခြင်း သဘောရှိ၍ သင့်မြတ်ပါသည်။

† ဝိဇာနာတိတိ သညာပညာ ကိစ္စဝိသိဋ္ဌံ ဝိသယဂ္ဂဟဏမာဟ။
(မူလဋီကာ)

† အာရမ္မဏံ စိန္တေတိတိ စိတ္တံ ဝိဇာနာတိတိ အတ္ထော၊ သဗ္ဗစိတ္တသာဓာရဏာ ဝေသေနေတံ ဒဋ္ဌဗ္ဗံ။ (သဒ္ဒနီတိ)

● စိန္တေတိတိ စိတ္တံ-အရ စိန္တာအပြား,အာရမ္မဏဂ္ဂဟဏအပြား တို့ကို ၎င်းတို့၏အရနှင့်ဘက္ခ အသီးသီး ဖော်ပြပါ။

၈၃-ဖြေ။ ။

အပြား	စိန္တာ	အရ
ဥဟာနစိန္တာ		ဝိတက်
ဝိဇာနနစိန္တာ		ဝိညာဏ်
ပဇာနနစိန္တာ		ပညာ

အာရမ္မဏဂ္ဂဟဏ

သဉ္ဇာနန	သညာစေတသိက်
ဝိဇာနန	ဝိညာဏ်
ပဇာနန	ပညာ

ဤစင်္ခ်ကား-ဝိဇာနနစိန္တာနှင့် ဝိဇာနနအာရမ္မဏဂ္ဂဟဏ ကိုသာ ရ၏။ စိတ်၏ သညာ, ပညာက်စွတို့မှ ထူးသော အာရုံကို ရယူခြင်း သဘောကို ပြခြင်းငှာ "အာရမ္မဏံ ဝိဇာနာတိတိ အတ္ထော" ဟု ဋီကာဆရာ မိန့်ဆိုသည်။ (၎)

● ပညာနည်းသောသူတို့မှာ အထူးထူးသော အခြင်းအရာတို့ဖြင့် ကြိုသော်လည်း အနက်ကိုလွယ်ကူစွာမသိနိုင်၍ ကြံခြင်း သိခြင်း သဘောမှာ တမျိုးစီသာ ဖြစ်သောကြောင့် စိန္တေတိ-ဟူသော ပုဒ်၏ ဝိဇာနာတိဟူသောအနက်သည် မဖြစ်သင့်။ သို့ မဖြစ်သင့်

ဘဲလျက် အာရမ္မဏံစိန္တေတီတိ စိတ္တံ-ဟုပြဆိုပြီးမှ ဝိဇာနာတီတိ အတ္ထော-ဟု အဘယ့်ကြောင့် ထပ်၍ ဆိုပြန်ပါသနည်း။

၈၄-ဖြေ။ ။ဝိဇာနာတိ-ဟူသောဤသဒ္ဒါသည် စိန္တေတိ-ဟူသော ပုဒ်၏ အနက်ပင် ဖြစ်နေသောကြောင့်၎င်း။ ၀၊ ဝိဇာနာတိ-ဟူသော ဤသဒ္ဒါသည် စိန္တနအနက်ကို ဟောတတ်သော သဒ္ဒါပင် ဖြစ်နေသော ကြောင့်၎င်း။ ဝိဇာနာတီတိ အတ္ထော-ပုဒ်ကို ဆိုပြန်ပါသည်။ တနည်း အားဖြင့် စိန္တေတီ-ဟူသော ပုဒ်၏အနက်သည် ဝိဇာနာတိ-ဟူသော ပုဒ်၌ ဝိဇာနနကြိယာပင်ဖြစ်သောကြောင့် ဝိဇာနာတီတိအတ္ထောပုဒ်ကို ဆိုပြန်ပါသည်။

† စိန္တေတီတိ ဣမဿ အတ္ထော ဝိဇာနာတီတိ ဧတ္ထ ဝိဇာနနကြိယာ။ (ဇူ)

● စိတ်၏ ပကတိသဘောကို ဖော်ပြ၍ အကုသိုလ်စိတ် ကုသိုလ်စိတ် ဖြစ်ပေါ်လာရခြင်းအကြောင်းကိုလည်း ရေးခဲ့ပါ။

၈၅-ဖြေ။ ။စိတ်၏ ပကတိသဘောမှာ ဖြူစင်၍ ပြိုးပြိုး ပြက်ပြက် အရောင် ထွက်လျက်ရှိသည်။ သို့သော်.... မည်းညစ်သော လောဘစသော အကုသိုလ်စေတသိက်တို့ ယှဉ်လာသောအခါ အကုသိုလ်စိတ် ဖြစ်၍၊ ဖြူစင်သော သဒ္ဓါစသော ကုသိုလ်စေတသိက်တို့ ယှဉ်လာသော အခါ ကုသိုလ်စိတ် ဖြစ်ပေါ်လာရပါသည်။

† သဘာဝေါ၀ အယံစိတ္တဿ ပဏ္ဍရတာ။ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ (ပါဋိတော်)

● သမ္မယုတ် တရားမဘက် ပကတိ ဖြူစင်လျက်ရှိသော စိတ်သည် ကုသိုလ်ဖြစ်သင့်သလော၊ အကုသိုလ် ဖြစ်သင့်သလော၊ အဗျာကတ ဖြစ်သင့်ပါသလော အကြောင်းပြ၍ ညွှန်ကြားပါ။

၈၆-ဖြေ။ ။ပကတိဖြူစင်လျက်ရှိသောစိတ်သည် ပကတိ ဖြူစင်နေသောကြောင့် ကုသိုလ်လည်း မဖြစ်သင့်-အကုသိုလ်လည်း မဖြစ်သင့်-အဗျာကတလည်း မဖြစ်သင့်ပါ။ဥပမာ-သန့်ရှင်းကြည်လင်နေသောရေ

၌ ဆေးနီခတ်လျှင် နီ၊ ဆေးဖြူခတ်လျှင် ဖြူ၊ ဆေးဝါခတ်လျှင် ဝါသလို ဖြူစင်သော စေတသိက်တို့နှင့် ယှဉ်သောအခါ ကုသိုလ်စိတ်။ မည်းညစ်သော စေတသိက်တို့နှင့် ယှဉ်သောအခါ အကုသိုလ်စိတ်။ ထို ဖြူစင် မည်းညစ်သော စေတသိက်တို့နှင့်ယှဉ်၍ အဝိပါကသဘောနှင့်ဖြစ်ပေါ်လာသောအခါ အဗျာကတစိတ်ဟု ဆိုရသည်။

● ဆရာ့ ဆရာများ ဖွင့်ပြသော စိတ္တ-သဒ္ဒါ၏ ရနိုင်သမျှ အနက်များကို ဖော်ပြပါ။

၈၇-ဖြေ။ ။ဆန်းကြယ်သော အမူအရာရှိသောကြောင့်၎င်း, မိမိ၏ ဆန်းကြယ်သောကြောင့်၎င်း, ကံကိလေသာတို့သည် ဆည်းပူးအပ်သောကြောင့်၎င်း (ဝိပါက် ဝိညာဏ်အတွက်သာ)၊ ကံကိလေသာတို့သည် ဆည်းပူးအပ်သော အတ္တဘောကို စောင့်တတ်သောကြောင့်၎င်း၊ (ဝိပါက် ဝိညာဏ်အတွက်ပင်)၊ စိတ်အစဉ်ကိုပွားစေတတ်သောကြောင့်၎င်း (ဇောစိတ် အတွက်)၊ အထူးထူးသော အာရုံရှိသောကြောင့်၎င်း စိတ်-မည်ပါသည်။

{အတ္တနော စိတ္တတာယ-အရ မောဟစိတ် တခုတည်းက ထိုသို့ဆန်းကြယ်မှုမရှိနိုင်သော်လည်းဆန်းကြယ်သောစိတ်တို့၏ အတွင်း၌ ဝင်ပြီးဖြစ်သောကြောင့် ဧကဒေသျူပစာရ အားဖြင့် စိတ္တ-မည်နိုင်သည်။

† ဝိစိတ္တကရဏာ စိတ္တံ၊ အတ္တနော စိတ္တတာယဝါ။
စိတံ ကမ္မကိလေသေဟိ၊ စိတံ တာယတိ ဝါ တထာ။
စိနောတိ အတ္တသန္တာနံ၊ ဝိစိတ္တာ ရမ္မဏန္တိစ။ (၌)

† ဝိစိတ္တာနံ ပန အန္တောဂဓတ္တာ ဧတေသု ယံကိဉ္စိ ဧကမ္ပိ ဝိစိတ္တ တာယ စိတ္တန္တိ ဝတ္တုံ ဝဋ္ဌတိ။ (၉)

● စေတသိကပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ "တဒါယတ္တ ဝုတ္တိ တာယ" အဓိပ္ပာယ်ကိုလည်း ရှင်းလင်းခဲ့ပါ။

၈၈-ဖြေ။ ။"စေတသိ ဘဝံ စေတသိကံ၊ စေတသိ နိယုတ္တံဝါ စေတသိကံ" (ဝစနတ္ထ) ဤဝစနတ္ထအရ စိတ်၌ဖြစ် စိတ်၌ယှဉ်တတ်သော

ကြောင့် စေတသိက်ဆိုသော်လည်း, စိတ်သည် ပရမတ္ထ သဘောတရား ဖြစ်၍ အလုံးအလျောင်း ပုံဟန်သဏ္ဌာန် မရှိသောကြောင့်, စေတသိက်နှင့် မချအား‌ဖြင့် အာဓာရအာဓေယ္ယ မဖြစ်နိုင်။ စိတ်နှင့် စပ်ခြင်းသဘော မျက်ိုပင် ၍်အရာ၌ အာဓာရ အာဓေယ္ယအဖြစ်ဖြင့် ယူလေဟု "တဒါယတ္တာ ဝုတ္တိတာယ" ဟူသောပါဠိဖြင့် ဋီကာဆရာ သင်စေပါသည်။

● စေတသိ ဘစံ လောက်တွင် ဆင်က လိုအပ်သော အနက်သည့် ပြီးကောင်းလျက် အဘယ်အကျိုးငှာ "တဒါယတ္တာဝုတ္တိတာယ" ပုဒ်ကို ထပ်၍ ဆိုပြန်ပါသနည်း။

၈၉-ဖြေ။ ။သုခဝေဒနာစသော စေတသိက်တို့၏သမ္မယုတ်စိတ်ကင်းလျက် ဖြစ်၏-ဟူသောအယူ၊ မြဲသော သတ္တ-ဇီဝ-အတ္တ ဖြစ်သည်ဟူသော မိစ္ဆာအယူတို့ကို တားမြစ်ရခြင်း အကျိုးရှိပါသည်။

† တေန သုခါဒီနံ အစေတနတ္တာနိစ္စတ္တာဒယော ဝိပ္ပဋိပတ္တိယော ပဋိက္ခိတ္တာ ဟောန္တိ။ (ဋီ)

● စေတသိက်သာ စိဿာယဿ ဝုတ္တိက မည်၍ စိတ်သည် အဘယ့်ကြောင့် စေတသိကာယတ္တ ဝုတ္တိက မ-မည်ပါသနည်း။

၉၀-ဖြေ။ ။စေတသိက်သည် စိတ်နှင့်ကင်း၍ အာရုံကို မယူနိုင်. စိတ်မရှိသည်ရှိသော် အခြင်းခပ်သိမ်းမဖြင့်နိုင်သောကြောင့် စေတသိက်သာ စိတ္တာယဿ ဝုတ္တိက မည်၍၊ စိတ်မှာကား - ဒန္ဓရှိသော ဝိဘက်စသော စေတသိက်များနှင့် ကင်း၍လည်း အာရုံ၌ ဖြစ်နိုင်သောကြောင့် စေတသိကာယတ္တ ဝုတ္တိက မ-မည်တော့ပါ။

† နာ ဟိ တံ စိတ္တေန ဝိနာ အာရမ္မဏဂ္ဂဟဏသမတ္ထံ၊ အသတိစိတ္တေ သဉ္ဇေနသဒ္ဓံ အနုပ္ပဇ္ဇနတောဒိဋ္ဌံ ပန ကေနစိ စေတသိကေန ဝိနာပိ အာရမ္မဏော ပဝတ္တိတိ တံ စေတသိကမေဝ စိဿာယတ္တ ဝုတ္တိကံနာမ။ (ဋီ)

● ရူပံ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပါယ်ဖော်ပြပြီးလျှင် ရုပ်၏ဘေဒကို ပြန်ပုံကိုလည်း ထင်ရှားစွာ ရှင်းလင်းခဲ့ပါ။

၉၁-ဖြေ။ ။"ရုပ္ပတိတိရုံ"အချမ်းအပူ စသော ဆန့်ကျင်သော အကြောင်းတို့ကြောင့် ဘော်ပြန်ခြင်းသို့ရောက်တတ်၊ ထိုအချမ်း အပူ စသော ဆန့်ကျင်ဘက် အကြောင်းတို့သည် ဘောက်ပြန်ခြင်းသို့ ရောက်စေအပ်သောကြောင့်ရုပ်မည်ပါသည်။ (ဗဟိဒ္ဓသီတစသည်တို့နှင့်မတွေ့ရသော သုခုမရုပ်များမှာ ဩဇဋ္ဌမကရုပ်နှင့်သဘောတူ၍,ဩဇဋ္ဌမကရုပ်ထဲမှာ ပါသွားပြီ။) အချမ်း အပူ စသော ဆန့်ကျင်ဘက်အကြောင်းများ ညီညွတ်ခဲ့သော် ဧရှိအချမ်းအပူစသော ဆန့်ကျင်ဘက်အကြောင်းတို့နှင့် မတွေ့မီ ဖြစ်သော ရုပ်နှင့် နောက် အချမ်းအပူ စသော ဆန့်ကျင်ဘက် အကြောင်းတို့နှင့်တွေ့ဆုံပြီးမှဖြစ်သောရုပ်တို့၏မတူ ထူးခြားကွဲလွဲလျက် ဖြစ်ပေါ်လာခြင်း သဘောများကိုပင် ရုပ်ဘောက်ပြန်သည်ဟု ဆိုလိုပါသည်။ ရုပ်၏ ကဋ္ဌ စသော သဘောမှ ပဋ္ဌဝီဏာ စသော သဘောသို့ ပြောင်းရွှေ့သွားမျှ ဘောက်ပြန်ခြင်းမျိုး မဟုတ်ပါ။ ရုပ်သည် မိမိတို့ ပဋ္ဌဝီဏာ စသော သဘောမှ ပြောင်းရွှေ့ခြင်းမရှိပါ။

† သီတုဏှာဒိဝိရောဓိပစ္စယေဟိ ဝိကာရမာပဇ္ဇတိ။အာပါဒိယတိ ဝါ အတ္ထော။ တေနာဟ ဘဂဝါ သီတေနပိ ရုပ္ပတိ ဥဏှေနပိ ရုပ္ပတိတ္ဝေဒိ။ ရုပ္ပနဋ္ဌေတ္ထ သီတာဒိဝိ ရောဓိပစ္စယ သမဝါယေ ဝိသဒိ သုပ္ပတ္တိယေဝ။ (ဋီ)

{ဇိယန္တ-ပိပါသ-စသည်ကြောင့် ဘောက်ပြန် ပုံကိုလည်း အာဒိ-ဖြင့် ယူလေ။ဋီကာ-၌ ဝိကာရမာပဇ္ဇတိ-ဖြင့် ကတ္တုထ္ထကို အာပါယတိ-ဖြင့် ကမ္မထ္ထကို ပြသည်။}

● သီတေနပိ ရုပ္ပတိ ဥဏှေနပိ ရုပ္ပတိ-ဟု ဟောတော်မူသောကြောင့် ရုပ်သည် ကံ,စိတ်,အာဟာရတို့ကြောင့် မဘောက်ပြန်ဟု မှတ်ရမည်လော။

၉၂-ဖြေ။ ။မမှတ်ရပါ။ထိုသို့ဟောခြင်းကား-နိဒဿနနည်းမျှသာဖြစ်၍ ကံ,စိတ်,အာဟာရတို့ကြောင့်လည်း ဘောက်ပြန်ပါသည်။

† သီတေနပိ ရုပ္ပတိတိအာဒိ နိဒဿနမတ္တံ ဝါ။ကမ္မစိတ္တာဟာရာနမ္ပိ ဝိသဒိသုပ္ပဇ္ဇနဿ ဗလဝကာရဏာနံ ဝိဇ္ဇမာနတ္တာ။ (အင်္ဂ်ရ)

- ရှေးရုပ်အစဉ်နှင့်နောက်ရုပ်အစဉ်မတူဘဲဘောက်ပြန်တတ်သော ကြောင့် ရုပ်မည်သည်ဆိုလျှင် နာမ်တရားများလည်း ရှေးနာမ် အစဉ်နှင့် နောက်နာမ်အစဉ် မတူဘဲ ဘောက်ပြန် သောကြောင့် ရုပ်မည်၏ဟု မှတ်ရမည်လော ရှင်းလင်းခဲ့ပါ။

၉၃-ဖြေ။ ။မမှတ်ရပါ။သီတ-အစရှိသော သဒ္ဒါကိုဆိုခြင်းကြောင့် ဤနေရာ၌ အထူးသဖြင့် ထင်ရှားသောဘောက်ပြန်ခြင်းကိုသာလိုအပ်၍ နာမ်တရားတို့သည် ထင်ရှားသော ဘောက်ပြန်မှု မရှိသောကြောင့် ရုပ် မည်သည်ဟုမမှတ်ရပါ။ထင်ရှားစေအံ့ ... ဘောက်ပြန်ခြင်းသည်အထူး သဖြင့် ထင်ရှားသော ဘောက်ပြန်ခြင်း, အထူးသဖြင့် မထင်ရှားသော ဘောက်ပြန်ခြင်းဟူ၍ ၂-မျိုးရှိ၏။ထိုတွင်-ရုပ်တို့မှာ လေးသောဖြစ်ခြင်း ရှိသောကြောင့် ဌီ-ခဏ၌ သီတစသောဆန့်ကျင်ဘက်အကြောင်းတို့နှင့် ပေါင်းဆုံမိသော်၊ ရှေးရုပ် အစဉ်နှင့် မတူသော နောက်ရုပ် အစဉ်၏ ဖြစ်ခြင်းဟု ဆိုအပ်သော ဘောက်ပြန်ခြင်းသည် ဖြစ်၏။ ထိုဘောက်ပြန် ခြင်းသည် ထင်ရှားသောဘောက်ပြန်ခြင်းဖြစ်ပါသည်။နာမ်တရားတို့မှာ လျင်သောဖြစ်ခြင်းရှိသောကြောင့်ဌီ-ခဏ၌သီတစသောဆန့်ကျင်ဘက် အကြောင်းတို့နှင့် ပေါင်းဆုံမိခြင်း မရှိသောကြောင့် ရှေးနာမ်အစဉ်နှင့် မတူသော နောက်နာမ်အစဉ်၏ဖြစ်ခြင်းဟု ဆိုအပ်သော ဘောက်ပြန် ခြင်းသည်ဖြစ်၏။ထိုဘောက်ပြန်ခြင်းသည် မထင်ရှားသောဘောက်ပြန် ခြင်းဖြစ်ပါသည်။ ထိုတွင်-ဤ၌ ထင်ရှားသော ဘောက်ပြန်ခြင်းကိုသာ လိုအပ်သောကြောင့် နာမ်တရားတို့အား ရုပ်ဟူ၍ မမှတ်ရပါ။

† သီတ်ာဒိဂ္ဂဟဏ သာမတ္ထိယတော ဝိဘူတတရသော ရုပ္ပနသာ မိပ္ပေတတ္တာ။ (ဋီ)

- ထင်ရှားသော ဘောက်ပြန်ခြင်း မှ ဘ ပါး - မထင်ရှားသော ဘောက်ပြန်ခြင်းသည်လည်း ရုပ်မည်သည်ဟုယူသော် အဘယ် အပြစ် ဖြစ်ပြန် ပါသနည်း။

၉၄-ဖြေ။ ။ဤသို့ယူခဲ့သော် ရုပ္ပတိ-ဟူသောစကားမျှဖြင့်ထင်ရှား သောဘောက်ပြန်ခြင်း မထင်ရှားသော ဘောက်ပြန်ခြင်းသည် ပြည့်စုံပြီ

ဖြစ်၍ "သီတေနပိ ရုပ္ပတိ"ဟု မြတ်စွာဘုရား သီတ-သဒ္ဒါကို အထူးပြု၍ ဟောရခြင်း၏ အကျိုးမရှိသော အဖြစ်သို့ ရောက်ရာသော အပြစ်ဖြစ်ပါသည်။ (ဋီ)

{ဤဋ္ဌကား-သီတ စသော ဆန့်ကျင်ဘက်အကြောင်းတို့သည် နှိပ်စက်အပ်သော ရုပ်၏ ဘောက်ပြန်ခြင်းသည် အထူးသဖြင့် ထင်ရှား၏။ အထူးသဖြင့် ထင်ရှားသော ဘောက်ပြန်ခြင်းသည် သာလျှင် ရုပ်-မည်၏ဟု သိစေလိုသောကြောင့်သာ မြတ်စွာဘုရားသည် သီတ-သဒ္ဒါကို အထူးပြု၍ ဟောသည်ဟူလို။}

● သီတ-သဒ္ဒါကို အထူးပြု၍ ယူသဖြင့် သီတ စသည်တို့ကြောင့် အထူးသဖြင့် ထင်ရှားသော ရုပ္ပနသည်သာ ရုပ်မည်ခဲ့သော် ရုပဗြဟ္မာဘုံ၌ကပ်၍ နှိပ်စက်တတ်သော သီတ စသည်တို့မရှိသောကြောင့် ရုပဝေါဟာရ အဘယ်သို့ ဖြစ်နိုင်မည်နည်း။

၉၅-ဖြေ။ ။မဖြစ်နိုင်ပါ။ ထို ရုပ ဗြဟ္မာဘုံ၌ ကပ်၍ နှိပ်စက်တတ်သော သီတ စသည်တို့ မရှိသော်လည်း ချီးမြောက်တတ်သော သီတ စသည်တို့ ရှိသောကြောင့်ငင်း, ထိုရုပဘုံ၌ပင် ဖြစ်သော်လည်း ဆန့်ကျင်ဘက်နှင့် မတွေ့သေး၍သာ ဆန့်ကျင်ဘက်အကြောင်းနှင့်တွေ့က ဧကန် ဘောက်ပြန်မည်ဖြစ်၍ ရုပ္ပနသဘောကို မလွန်နိုင်သော ကြောင့်ငင်း, ရုပဝေါဟာရ (ရုပ်-ဟု ခေါ်ဝေါ်ခြင်း) ဖြစ်နိုင်ပါသည်။

{ဗြဟ္မာတို့အား ဥတုဇရုပ် ရှိသောကြောင့် ရုပဗြဟ္မာဘုံ၌ ရုပကာယအား ချီးမြောက်တတ်, မညှင်းဆဲတတ်, ပွားများစေတတ်, ထောက်ပံ့တတ်သော ချမ်းသာသောအတွေ့ရှိသည့် အပမှာဖြစ်သော အချမ်းအပူဟူသော ဥတုသည်ရှိ၏။ ထိုချီးမြောက်တတ်သော ဥတုတို့သည် ဘောက်ပြန် စေအပ်သောကြောင့်ပင် ရုပဘုံ၌ ရုပဝေါဟာရ ဖြစ်နိုင်သည် ဟူလို။}

† ကိဉ္စာပိ ဥပဃာတကာ နတ္ထိ၊ အနုဂ္ဂါဟကာပန အတ္ထိ၊ တသ္မာ တံ ဝသေနေတ္ထ ရုပ္ပနံ သမ္ဘဝတိ။ အထဝါ တံသဘာဝါနာတိ ဝတ္တနတော တတ္ထ ရုပဝေါဟာရော။ (ဋီ)

● နိဗ္ဗာနံ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ် ရှင်းလင်းခဲ့ပါ။

၉၆-ဖြေ။ ။"ဝါန သခ်ါတာယ တဏ္ဍာယ နိက္ခန္တန္တိ နိဗ္ဗာနံ" (ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ-လည်း လုပ်လေ။) ဘဝငယ် ဘဝကြီးကို အောက်အထက်အားဖြင့် ချုပ်စပ်တတ်သော ဝါန မည်သောတဏ္ဍာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်-မည်သည်ဟူလို။ တနည်း.... "နိဗ္ဗာတိဝါဧတေန ရာဂဂ္ဂိအာဒိကောတိ နိဗ္ဗာနံ"လည်းပြု။ ရာဂအစ ရှိသော မီး ၁၁-ပါးတို့၏ စင်စစ် ငြိမ်းအေးကြောင်း ဖြစ်သောကြောင့် လည်း နိဗ္ဗာန်-မည်သည်ဟူလို။ ပထမဝိကပ်အလို-သံသိဗ္ဗန အနက်ရှိ သည့် ဝီ-ဓာတ်နှင့်ပြီးသော ဝါန-ပုဒ် နိ-ပုဒ်။ ဝါနနိ-ဟု ဆိုလိုလျက် ဝဏ္ဏဝိပရိယာယ နိရုတ္တိနည်းဖြင့် နိဗ္ဗာန-ပြီးသည်။ (ပဉ္ဇမီ တပ္ပုရိသ်၊ ဝါ၊ ပဉ္ဇမီ အဗျယီဘော သမာသ်။) ဒုတိယဝိကပ်အလို နိပုဗ္ဗ-ဂူပသမ အနက်ရှိသော ဝါ-ဓာတ် ယု-ပစ္စည်း။ (ကရဏ သာဓနတည်း။)

(ဋီ-ဇူ)

● အဘိဓမ္မာ-၌ ဟောသော အနက်ဘို့သည် သခေ်ပ အားဖြင့် လေးပါးရှိသည်ဟု ဆိုသည့်အတိုင်း သခေ်ပ အားဖြင့် ပြလိုလျှင် အကျဉ်းဆုံးအားဖြင့် "နာမရူပ ဝသေန ဒွိဓာ ဌိတာ" ဟု ဆိုသင့်လျက် မဆိုဘဲ အဘယ့်ကြောင့် "စိတ္တံ စေတသိကံ ရူပံနိဗ္ဗာနံ" ဟု ဆိုရပါသနည်း။

၉၇-ဖြေ။ ။အဘိဓမ္မာ၌ နာမ်ကို သာမညဏ်အစွမ်းဖြင့် မဟောဘဲ စိတ်, စေတသိက်, နိဗ္ဗာန်၏ အစွမ်းဖြင့် ဟောအပ်သောကြောင့် အဘိ ဓမ္မာ၌ "နာမရူပဝသေန ဒွိဓာ ဌိတာ" ဟု မဆိုဘဲ "စိတ္တံ စေတသိကံ နိဗ္ဗာနံ" ဟု ဆိုပါသည်။

† အဘိဓမ္မေ နာမံ သာမညဝသေန အဝတ္ဌာ စိတ္တစေတသိက နိဗ္ဗာနဝသေန ဝုတ္တတ္တာ အဘိဓမ္မေ ဒွိဓာ ဌိတာတိ နဝတ္တဗ္ဗံ။

(သခေ်ပ)

● နာမ်ချင်း တူသောအားဖြင့် နာမ်တရား တပေါင်းတည်း ဖြစ် အောင် စိတ္တံ စေတသိကံ နိဗ္ဗာနံ ရူပံ-ဟု အစဉ်ကိုဆိုအပ်လျက် မဆိုဘဲ အဘယ့်ကြောင့် နိဗ္ဗာန်ကိုနောက်ထားရှ်ဆိုပါသနည်း။

၉၈-ဖြေ။ ။စိတ်, စေတသိက်, ရုပ်တို့၏ ချုပ်ရာဌာနကို ပြခြင်း အကျိုးငှာ နိဗ္ဗာန်ကို အဆုံးဦးထား၍ ဆိုပါသည်။

† စိတ္တာစေတသိကရုပါနံနိရောဓဋ္ဌာနဒဿနတ္ထံနိဗ္ဗာနံအနွေဝုဘွံ။
(သဒ္ဒဲပ)

● သို့ဖြစ်လျှင် နိဗ္ဗာန်ကို နောက်ဆား၍ ဆိုလိုပါက နိဗ္ဗာန်လည်း နောက်ဆုံးဖြစ်အောင်နာမ်တရားသုံးပါးလည်းတပေါင်းတည်း ဖြစ်အောင် ရုပ်, စိတ္တံ, စေဘသိကံ, နိဗ္ဗာနံ-ဟုဆိုပါတော့လော။ ဝိဘင်းကျမ်းဦလည်း ရုပ်ကိုရှေးဦးစွာပင် ဟောသည် မဟုတ်ပါလော။

၉၉-ဖြေ။ ။ဝိဘင်းကျမ်းဦ ရုပ်ကို ရှေထား၍ ဟောသည်ကား မှန်ပါ၏။ သို့ မှန်သော်လည်း သင်္ဂြိဟ်ကျမ်းကိုရေးသော ရှင်အနုရုဒ္ဓါဆရာသည် ဝိဘင်းကျမ်းကိုမမှီဘဲ ဓမ္မသင်္ဂဏီကျမ်းကိုမှီ၍ ရေးလိုသောကြောင့် ဓမ္မသင်္ဂဏီကျမ်း၏ အစဉ်အားလျော်စွာ စိတ်, စေတသိက်ကို ရှေထား၍ ဆိုပါသည်။ (သဒ္ဒဲပ)

● ရှင်အနုရုဒ္ဓါဆရာသည် ဤ သင်္ဂြိဟ်ကျမ်းကို ရေးရာဦ ဝိဘင်းကျမ်းကိုမမှီဘဲ အဘယ့်ကြောင့် ဓမ္မသင်္ဂဏီကျမ်းကိုမှီ၍ ရေးပါသနည်း။

၁၀၀-ဖြေ။ ။ဓမ္မသင်္ဂဏီကျမ်းသည် အမြစ်ပင်စည်နှင့်တူ၍ဝိဘင်းကျမ်းသည် အခက်အရွက် စသည်နှင့် တူ၏။ ထို့ကြောင့် အခက်အရွက် စသည်နှင့်တူသော ဝိဘင်းကျမ်းကို မမှီဘဲ အမြစ် ပင်စည်နှင့် တူသော ဓမ္မသင်္ဂဏီကျမ်းကိုမှီ၍ ရေးသားပါသည်။

† ဓမ္မသင်္ဂဏီပါဠိ မူလခန္ဓ သဒ်ဒါသာ၊ ဝိဘင်္ဂပါဠိ သာခါပတ္တာဒိသဒ်ဒါသာ၊ တသ္မာ စ မူလခန္ဓံ အနိဿာယ သာခါဒိဂ္ဂဟဏသုက္ကရဘာဝစ ဇေဝံ ကဘံ။ (သဒ္ဒဲပ)

● စိတ်, စေတသိက် နှစ်ပါးဘို့တွင် အဘယ့်ကြောင့် စိတ်ကို ရှေထား၍ ဆိုပါသနည်း။

၁၀၁-ဖြေ။ ။နိဿယ-နိဿိတ နှစ်ပါးတို့တွင် နိဿယ ပဓာန ဖြစ်သော စိတ်ကို ရှေးဦးစွာ ဆိုအပ်သောကြောင့် စိတ်ကို ရှေထား၍ ဆိုပါသည်။ (တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ - ဂါထာကား - ပရမတ္ထ အကျဉ်းပြ ဂါထာ ဖြစ်သည်။)

† နိဿယ နိဿိတောသု နိဿယဿ ပဌမံ ဝတ္တုမတ္တာ ပဌမံ ဝုတ္တံ။ (သင်္ခေပ)

ပရမတ္ထ သင်္ခေပ အဖြေ ပြီး၏။

စိတ္တ သင်္ခေပ အဖြေ

●

● ရှင်အနုရုဒ္ဓါဆရာသည် ဥဒ္ဒေသ အစဉ်အားဖြင့် စိတ္တ-သဒ္ဒါ၏ နိဒ္ဒေသ အစဉ်ကို ပြလိုသည်ဖြစ်အံ့။ သောမနဿ သဟဂတံ စသော စကားကိုသာ ဆိုသင့်လျက် မဆိုဘဲ အဘယ့်ကြောင့် တတ္ထ စိတ္တံ တာဝ စတုဘူမံ-စသော စကားကို ဆိုပါသနည်း၊

၁၀၂-ဖြေ။ ။ဝေဘန်ခြင်းရှိကုန်သော ပရမတ္ထသဘောတရားတို့၏ သဘောကို ထင်စွာပြခြင်းသည် ဝေဘန်ခြင်းနှင့်ကင်း၍ မဖြစ်နိုင်သောကြောင့် စိတ္တံ စေတသိကံ-စသော မာတိကာ အစဉ်ဖြင့် ပြအပ်ကုန်ပြီးသော အဘိဓမ္မာအနက်တို့၏ ဥဒ္ဒေသမာကိကာအစဉ်အားဖြင့် စိတ်၏ အပြားကို ခွဲခြမ်းဝေဘန်၍ပြခြင်းငှာ တတ္ထ စိတ္တံ တာဝ စတုဘူမံ-စသော စကားကို ဆိုပါသည်။ (ဋီ)

● သင်္ဂဟ-တွင် စိတ္တ-၏ဥဒ္ဒေသ,နိဒ္ဒေသ,ပဋ္ဌာနဒ္ဒေသပြဝါဋိများကို အသီးသီး ထုတ်ပြပါ။

၁၀၃-ဖြေ။ ။တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ ဂါထာ၌ပါသော စိတ္တံကား စိတ္တ၏ ဥဒ္ဒေသ။တတ္ထစိတ္တံတာဝ စတုဘူမံစသော စကားကား နိဒ္ဒေသ။ သောမနဿ သဟဂတံ ဒိဋ္ဌဂတ သမ္မယုတ္တံ ။လ။ကေဝိသ သတံ ဗုဓာ။ စိတ်ပိုင်း အဆုံးထိ စကား ကား - ပဋ္ဌာနဒ္ဒေသပြ ပါဋိများ ဖြစ်ပါသည်။

(သင်္ဂဟ) တတ္ထ စိတ္တံ တာဝ စတုဋ္ဌိမံ-ဈာ ပါသော ကာမာဝစရံ ကား-ကာမာဝစရ၏ ဥဒ္ဒေသ သခေါ်ပ။ တတ္ထ ကတမံ ကာမာဝစရံမှစ၍ စတု ပညာသ သဗ္ဗထာ-ကာမာဝစရ စိတ်အဆိုးအထိကား-ကာမာဝစရ၏ နိဒ္ဒေသဝိတ္ထာရပြ ပါဠိဟုလည်းကြံလေဦး။ (တတ္ထ စိတ္တံ တာဝ စတုဗိုမံ-စသောစကားကို စိတ်အကျဉ်းပြ စကားဟုလည်း ဆို သည်။)
(သင်္ဂဟ)

● ရှင်အနုရုဒ္ဓါဆရာသည် လောကုတ္တရံ-ရူပါဝစရံ စသော အစဉ်ကို ဆိုသင့်လျက် မဆိုဘဲ အဘယ့်ကြောင့် ကာမာဝစရံ-ရူပါဝစရံ စသော အစဉ်ကို ဆိုပါသနည်း။

၁၀၄-ဖြေ။ ။ဘုံလေးပါးဌ ဖြစ်ကုန်သော တရားတို့သည် အစဉ် အတိုင်း မြတ်ပါသည်။ ထို့ကြောင့် အယုတ်, အမြတ်၊ အထူးသဖြင့် အမြတ်, အထူးသဖြင့် အလွန်မြတ်သော အစဉ်ဖြင့် ထိုတရားတို့ကို ပြလို သောကြောင့် ကာမာဝစရံ-ရူပါဝစရံ စသော အစဉ်ကို ရှင်အနုရုဒ္ဓါ ဆရာ ဆိုပါသည်။

† ယသ္မာပနေတေ စတုဘူမကာ ဓမ္မာ အနုပ္ပဇ္ဇပဏိတာ၊ တသ္မာ ဟိနုက္ကဋ္ဌုက္ကဋ္ဌတရတမာနုက္ကမေန ဒေသံ နိဒ္ဒေသော ကတော။
(ဋီ)

● ဥက္ကဋ္ဌတမ, ဥက္ကဋ္ဌတရ, ဥက္ကဋ္ဌ ဟိန-အစဉ်ဖြင့် လောကုတ္တရံ-အရူပါဝစရံ - ရူပါဝစရံ - ကာမာဝစရံ-ဟူသော ၅၂ အစဉ်ကို လည်း ဆိုသင့်သည် မဟုတ်ပါလော။

၁၀၅-ဖြေ။ ။အောက် အထက် ဘုံစဉ်အားဖြင့် ဆိုသင့် သော ကြောင့်ဂုဏ်း, ရူပါရူပါဝစရ လောကုတ္တရာတို့၏အခြေဖြစ်သော ကာမာ ဝစရစိတ်ကို ရှေးဦးစွာ ဘုရား ဟောတော်မူသောကြောင့်ဂုဏ်း မဆို သင့်ပါ။ (သခေါ်ပ)

● ကာမာဝစရံ-ပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ရှင်းလင်းခဲ့ပါ။

၁၀၆-ဖြေ။ ။"ကာမေတီတိ ကာမော" (ကတ္တုသာဓန ကာမတဏ္ဍာကိုရ၏။) "ကာမော ဧတ္ထ အဝစရတိ အာရမ္မဏ ကရဏဝသေနာတိ ကာမာဝစရံ" (ကာမစိတ် ၅၄-ပါးရ၏။) {ဤအလိုကားကာမတဏ္ဍာ၏ ကျင်လည်ရာ ဖြစ်ရာဖြစ်သော ကာမစိတ် ၅၄-ပါးသည် ကာမာဝစရမည်သည် ဟူလို} တနည်း- "ကာမိယတီတိ ကာမော" (ကမ္မသာဓန ကာမတဏ္ဍာသည် အလိုရှိအပ်သော ကာမ ၁၁-ဘုံ ရ၏။) "ကာမေ ယေဘုယျေန အဝစရတီတိ ကာမာဝစရံ" (ကာမစိတ် ၅၄-ပါးကိုပင် ရ၏။) {ဤအလို ကာမတဏ္ဍာသည် အလိုရှိအပ်သော ကာမ ၁၁-ဘုံ၌များသောအားဖြင့် ဖြစ်တတ်သော စိတ် ၅၄-ပါးသည် ကာမာဝစရမည်သည် ဟူလို။ ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်သောကြောင့် ကာမာဝစရ မည်သဖြင့် ရူပါ ရူပဘုံတို့၌ တခါတရံ ကျင်လည်သော်လည်း ကာမာဝစရပင် မည်သည်ဟု ပြသည်။ဤစကားဖြင့် ကာမဘုံ၌ ဖြစ်သော်လည်း ရူပ အရူပစိတ်တို့သည် ကာမာဝစရမ,မည်ဟူသောအနက်ကိုလည်း သာမတ္ထိယအားဖြင့်ပြသည်။}တနည်း "ကာမော အဝစရတိ ဧတ္ထာတိ ကာမာဝစရော" ဟုပြု။{ဤအလိုဝတ္ထုကာမ,ကိလေသာ ကာမ-ဟု ဆိုအပ်သော ၂-ပါးသော ကာမ၏ ကျင်လည်ရာဖြစ်သော ကာမ ၁၁-ဘုံသည် ကာမာဝစရ မည်သည်။ဤနောက်နည်းအလို ဘုံသာမုချ ကာမာဝစရမည်၍ ၅၄-ပါးသောစိတ်ကား-ဌာနူပစာရ အားဖြင့်သာ ကာမာဝစရ မည်သည်ဟူလို။} (ရူပ အရူပတို့၌လည်း ရူပေ ယေဘုယျေန အဝစရတီတိ ရူပါဝစရံ။အရူပေ ယေဘုယျေန အဝစရတီတိ အရူပါဝစရံ-ဟုပြုလေ။)

† ကာမော ဝစရတီတျေတ္ထ၊ ကာမေ ဝစရတီတိ ဝါ။
ဌာနူပစာရတောဝါပိ၊ တံ ကာမာဝစရံ ဘဝေ။ (ဋီ)

● လောကုတ္တရံကိုရသင့်သမျှဝစနတ္ထပြု၍အရလည်းကောက်ပြပါ။

၁၀၇-ဖြေ။ ။"ဥပါဒါနက္ခန္ဓသခ်ါတလောကတောဥတ္တရတိအနာသဝဘာဝေနာတိ လောကုတ္တရံ" (မဂ်စိတ်ရ) "ဥပါဒါနက္ခန္ဓ သခ်ါတလောကတော ဥတ္တိဏ္ဏံ အနာသဝဘာဝေနာတိ လောကုတ္တရံ။" (ဖိုလ်

စိတ်ရ)"လောကတော ဥတ္တရံအဓိကန္တိ လောကုတ္တရံ" ဟု ပြုလေ။
(မဂ်, ဖိုလ်နှင့်တကွ နိဗ္ဗာန်ပါရ။)

{ဤကား ဌီကာကျော်အလိုတည်း။အဘိဓမ္မာဝတာရဌီကာ အလိုမူ လောကသုံးပါးမှပင်ထွက်မြောက်သည်ဟူ၏။ဤဌ်ကား လောကုတ္တရာ စိတ်ကိုသာ လိုအပ်သောကြောင့် နိဗ္ဗာန်ကို မလိုအပ်။ တဏ္ဍာသုံးပါးတို့၏ စွဲလမ်းမှုမှ လွတ်သော လောကသုံးပါး၌ အကျုံးမဝင်သည်၏ အဖြစ်ကိုပင် လွန်မြောက်သည်ဟု ဆိုသည် မှတ်လေ။}

● ကိလေသာကာမ,ဝတ္ထုကာမတို့၏အရကိုအသီးသီးဖော်ပြပါ။
၁၀၈-ဖြေ။ ။ကိလေသာ ကာမအရကား-ဆန္ဒရာဂ ရ၏။ဝတ္ထုကာမ အရကား-ဘုံသုံးပါး၌ဖြစ်သော ဝဋ္ဌတရားရ၏။

{အဌသာလိနီ၌လည်း ဤအတိုင်းပင် ဆိုသည်။ သို့ ဆိုခြင်းသည်လည်း မဟာနိဒ္ဒေသ၌ လာသော သုတ္တန်နည်းကိုယူ၍ ဆိုခြင်းမျှသာ ဖြစ်သည်။အဘိဓမ္မာ၌ကား-ရူပါဝစရ,အရူပါဝစရ တရားတို့ကို ကာမ အမည်ဖြင့် ဟောခြင်းမရှိ၍ ဤနေရာ၌ ရူပါဝစရ, အရူပါဝစရတရားမှ ကြွင်းသော တေဘုမ္မက တရားသည်သာ ဝတ္ထုကာမ-မည်၏ဟု ယူရမည်။ }

† ဥဒါနတော ဒုဝေ ကာမာ၊ ကိလေသဝတ္ထုဝသာ ပန။
ကိလေသော ဆန္ဒရာဂေါဝ၊ ဝတ္ထု တေဘူမဝဋ္ဌကံ။
ကိလေသကာမော ကာမေတိ၊ ဝတ္ထု ကာမိယတီတိစ။
သိဇ္ဈတိ ဒုဝိဓောပေသ၊ ကာမော ဝေါကာရကဒ္ဒယေ။ ။
(ဇူ-ပြ အဘိဓမ္မာဝတာရ)

* **ဆန္ဒရာဂါ, ကိလေသာ, ကာမာအရထွက်။**
* **ဝတ္ထုကာမာ, တေဘုမ္မာ, ဝဋ္ဌာဒုကွမြွက်။**
* **ရူ-အရူပါ, ဘိုဓမ္မာ, ကြင်ပါဝတ္ထုတွက်။** (သစ်)

- ကာမာဝစရစိတ်၏ ဘူမိပရိစ္ဆေဒကို ဝစနတ္ထနှင့်တကွပြ၍ ဤ၌ ဋီကာပြအပ်သော ဘူမိပရိစ္ဆေဒကိုလည်း ညွှန်ပြပါ။

၁၀၉-ဖြေ။ ။ကာမာဝစရစိတ်၏ ဘူမိပရိစ္ဆေဒသည် (က) မုချ ဘူမိပရိစ္ဆေဒ။ (ခ) ဥပစာရဘူမိပရိစ္ဆေဒအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုဘွင် မုချ ဘူမိပရိစ္ဆေဒသည် (၁) အာလမ္ဗက ဓမ္မဝသေန ဘူမိပရိစ္ဆေဒ။ (၂) သဟဇာတဝသေန ဘူမိပရိစ္ဆေဒ။ (၃) အာလမ္ဗိတဗ္ဗ ဓမ္မဝသေန ဘူမိပရိစ္ဆေဒ။ (၄) ဝိပါကဒါန ဝသေနဘူမိပရိစ္ဆေဒ-ဟူ၍ လေးပါး အပြားရှိ၏။ ၎င်းတို့၏ ဝစနတ္ထသည် အောက်ပါအတိုင်းပင် ဖြစ်၏။

က-(၁) "ကာမော ဧတ္ထ အဝစရတိ အာရမ္မဏ ကရဏ ဝသေနာတိ ကာမာဝစရံ။ ကာမေ ယေဘုယျေန အဝစရတီတိ ကာမာဝစရံ။" (ဋီကာကျော် ရှေ ၂-ဝိကပ်၊ အာလမ္ဗကဓမ္မဝသေန ဘူမိပရိစ္ဆေဒကို ပြသည်။)

(၂) "ဒုဝိဓောပိ ကာမော အဝစရတိ ဧတ္ထသဟဇာတဝသေနာတိ ကာမာဝစရံ။" (သဟဇာတဘူမိပရိစ္ဆေဒပြ။ အဘိဓမ္မတ္ထ ဝိကာသိနီ။)

(၃) "အာရမ္မဏ ကရဏဝသေန ဒုဝိဓေ ကာမေ အဝစရတီတိ ကာမာဝစရံ" (အာလမ္ဗိတဗ္ဗ ဘူမိပရိစ္ဆေဒပြ။ အဘိဓမ္မတ္ထ ဝိကာသိနီ။)

(၄) "ပဋိသန္ဓိဒါနဝသေန ကာမေ အဝစရတီတိ ကာမာဝစရံ" (ဝိပါကဒါန ဘူမိပရိစ္ဆေဒပြ။ ခေမာစရိယ-ဋီ။အဌသာလိနီ နည်းတူလာ။)

(ခ) "ကာမော အဝစရတိ ဧတ္ထာတိ ကာမာဝစရော"...., ဋီကာကျော် နောက်ဆုံး ဝိကပ်။ ဥပစာရဘူမိ ပရိစ္ဆေဒပြ။ ဤ ဝိကပ်အရ ဘုံသည် မုချ စိတ်ကို ဌာနူပစာရဖြင့် ယူ။ဤ ဝစနတ္ထ အားလုံးဖြင့် ကာမာဝစရစိတ်ကိုချည်း ရ၏။)

× ဤ၌ မုချ ဘူမိပရိစ္ဆေဒ လေးပါးတည်းက အာလမ္ဗက ဘူမိ ပရိစ္ဆေဒနှင့် ဥပစာရ ဘူမိပရိစ္ဆေဒကို ဋီကာဆရာ ပြသည်။

● ''ကာမိယတိတိ ကာမေါ'' ဝစနတ္ထအရ၊ ကာမတဏှာသည် အလိုရှိအပ်သောကြောင့် ကာမ-မည်သည်ဟု ဆိုလျှင်၊ ကာမသုဂတိ ၇-ဘုံသည်သာ ကာမ-မည်ရာ၏။ အပါယ်လေးဘုံသည် အလိုမရှိအပ်သောကြောင့်ကာမ,မ-မည်ရာသည်မဟုတ်တုံလော။

၁၁၀-ဖြေ။ ။ဘဝင်္ဂတပ်မက်တတ်သော ဘဝနိကန္တိက လောဘဇောဖြင့် အလိုရှိအပ် တောင့်တအပ်သောကြောင့် အပါယ်လေးဘုံသည်လည်း ကာမ-မည်နိုင်ပါသည်။

တနည်း....ကာမရာဂကို အနာဂါမိမဂ်ဖြင့် မပယ်ရသေးသဖြင့် တပ်ခြင်းသဘောကို မလွန်ဆန်နိုင်သောကြောင့် အဇ္ဈာသယ၏အစွမ်းဖြင့်ကာမတဏှာသည်အလိုရှိအပ်သောကြောင့်ကာမမည်နိုင်ပါသည်။

တနည်း....ဘောက်ပြန်သော သညာ၏ အစွမ်းဖြင့် အလိုမရှိအပ်သော အပါယ်လေးဘုံကို အလိုရှိအပ်သည်ဟု ယူသောအခါဌ္ဌထိုအပါယ်လေးဘုံကို ကာမတဏှာသည် အလိုရှိအပ်သည်သာ ဖြစ်သောကြောင့် ကာမ-မည်နိုင်ပါသည်(၄) (ထင်လာသောအကြောင်းနိမိတ်၌ သာယာသောအားဖြင့် အပါယ်လေးဘုံသည် ကာမ-မည်နိုင်သည်ဟု လယ်တီဆရာတော် အထူးကြိုသေး၏။)

† နိမိတ္တာသာဒဝသေနဝါဘဝနိကန္တိဝသေနဝါ။(ပရမတ္ထဒီပနီ)

● ကာမော အဝစရတိ ဇွော်တိ ကာမာဝစရံ'' ဟူသော ဋီကာနောက်ဆုံးနည်းအရ ၂-ပါးသော ကာမ၏ ကျင်လည်ရာဖြစ်သောကြောင့် ကာမာဝစရမည်သည်ဟုဆိုလျှင်၊ကာမ ၁၁-ဘုံ၌ အခြားသော ရူပ-အရူပ စိတ်များလည်း ဖြစ်သောကြောင့် ကာမာဝစရ-ဟူသော အမည်ကို အဘယ်သို့ ရနိုင်မည်နည်း။

၃၁၁-ဖြေ။ ။အခြားသောစိတ်များ ဤကာမ ၁၁-ဘုံ၌ဖြစ်သော်လည်း ဤကာမ ၁၁-ဘုံကို ထိုကာမ ၂-ပါးဖြင့် မှတ်အပ်သောကြောင့် ကာမာဝစရ-ဟူသော အမည်ကို ရနိုင်ပါသည်။ (အခြားသော အခြေ ၂-ချောင်း အခြေ ၄-ချောင်းသတ္တဝါအများတို့ကျက်စားသော်လည်း

လက်နက်နှင့်တကွသော ယောဂျားတို့ ကျက်စားခြင်းဖြင့် မှတ်၍ ထိုအရပ်ကို "သသတ္ထာဝစရ" ခေါ်သကဲ့သို့မှတ်။)

† အဿ ကောဒသဝိဓဿ ပဒေသဿ တေန ဒုဝိဓေန ကာမနေ အဘိလက္ခိတဗ္ဗာ။ (၄)

● "လုဒ္ဓတိ ပလုဒ္ဓတီတိ လောကော" အရ လောကုတ္တရာစိတ်တို့သည်လည်း သန်္ဓတတရားဖြစ်၍ ပျက်စီးခြင်းသဘောရှိသောကြောင့် လောကပင် မည်ရာပါသည် မဟုတ်လော။

၁၁၂-ဖြေ။ ။မမည်ပါ။အကြင်လောကီတရား၌ နိစ္စ, ဓုဝ, သဿတဟု လူအပေါင်းတို့ မှားယွင်း ယူဆခြင်းဖြစ်၏။ ထို မှားယွင်း ယူဆခြင်းဖြစ်သော လောကီတရားကိုသာ ထိုအမှားကို တားမြစ်ခြင်းငှာ လုဒ္ဓနပလုဒ္ဓန အနက်ကြောင့် လောက (အနိစ္စ) ဟု ဟောတော်မူသည်ဖြစ်၍ ထိုမိစ္ဆာအယူမှ လွတ်နေသော (ထိုမိစ္ဆာအယူဖြင့် မယူနိုင်သော) လောကုတ္တရာတရား၌အား လောကအဖြစ် မရှိသောကြောင့်ဂုဏ်း, ဒုက္ခသစ္စာနယ်ပယ်သာ လောက မည်သောကြောင့်ဂုဏ်း လောကုတ္တရာစိတ်တို့သည် လောက မ-မည်နိုင်တော့ပါ။

တနည်းအားဖြင့် ပျက်စီးခြင်းသဘောမှ ကင်းသော နိဗ္ဗာန်လျှင် အာရုံရှိသောကြောင့် လောကုတ္တရာ စိတ်တို့သည် လောက မ-မည်နိုင်တော့ပါ။ (ဇူ-သာရတ္ထ-အကဲ့ရ)

● လောကမှ ထွက်မြောက်တတ်သောကြောင့် လောကုတ္တရာ-ဟူဆိုရာ လောကကြီးထဲမှ ခုန်ထွက်သွားသော သဘောကို ထွက်မြောက်သည်ဟု ဆိုပါသလော။

၁၁၃-ဖြေ။ ။မဟုတ်ပါ။ လောကုတ္တရာ စိတ်တို့သည် သာသဝဖြစ်သော ဥပါဒါနက္ခန္ဓာ တို့၌ အကျုံးမဝင် သောကြောင့် သာသဝဖြစ်သော ဥပါဒါနက္ခန္ဓာတို့မှ အနာသဝဓာ၏ အဖြစ်ဖြင့် (အာသဝတရားတို့၏ အာရုံမဟုတ်သောအဖြစ်ဖြင့်) လွန်မြောက်တတ်သောကြောင့် သာ လောကုတ္တရာ မည်ပါသည်။လောကကြီးထဲမှခုန်ထွက်သွားသော

သဘောကို ထွက်မြောက်သည်ဟု ဆိုလိုရင်း မဟုတ်ပါ။ (အနာသဝ ဘာဝေန-ဋီကာကို ထောက်ပါ။)

† အနာသဝ ဘာဝေန အာသဝါနံ အနာရမ္မဏဘာဝေန ဥတ္တရတိ။ (၉)

● လောကသုံးပါးမှ လွန်မြောက် (ထွက်မြောက်) ပုံကို အသီးသီး ဖော်ပြပါ။

၁၁၄-ဖြေ။ ။ဥပါဒါန်၏အာရုံဖြစ်သော သခ်ါရလောကမှအာသဝ၏ အာရုံမဟုတ်သောအားဖြင့် လွန်မြောက်သည်။ (သခ်ါရလောကမှ လွန်မြောက်ပုံ)သောတာပတ္တိမဂ်သည်ပုထုဇဉ်လောကမှ။သကဒါဂါမိမဂ်သည် သောတာပန်လောကမှ။ အနာဂါမိမဂ်သည် သကဒါဂါမ်လောကမှ။အရဟတ္တမဂ်သည် အနာဂါမ်လောကမှလွန်မြောက်သည်။ (သတ္တလောကမှလွန်မြောက်ပုံ) သောတာပတ္တိမဂ်သည်အပါယ်ဘုံမှ။ သကဒါဂါမိမဂ်သည် ကာမဘုံ တစိတ်မှ။ အနာဂါမိမဂ်သည် ကာမဘုံ အလုံးစုံမှ။ အရဟတ္တမဂ်သည် ရူပ - အရူပဘုံမှ လွန်မြောက်သည်။ (ဩကာသလောကမှ လွန်မြောက် 'ထွက်မြောက်'ပုံ) (အဋ္ဌသာလိနီ စသည်။)

● လောကသုံးပါးကို အသီးသီး ဝစနတ္ထပြု၍ တရားကိုယ်ကိုလည်း ကောက်ပြပါ။

၁၁၅-ဖြေ။ ။"လောကိယတိ ဧတ္ထ ကုသလာကုသလံ တဗ္ဗိပါကောစာတိ လောကော" (သတ္တလောက) အရကား-ဇူခြိယဗဒ္ဓ ဖြစ်သော ခန္ဓာတို့၏အပေါင်းကိုဌင်း, သန္တာန်အစဉ်ကိုဌင်း ရ၏။

"လောကိယန္တိ ဧတ္ထ ဇင်္ဂမာ ထာဝရာစ တေသဉ္ဇ ဩကာသ ဘူတောတိ လောကော" (ဩကာသလောက) အရကား - အနိခြိယ ဗဒ္ဓဖြစ်သော ရုပ်စသည်တို့၏ အပေါင်းကိုဌင်း, သန္တာန်အစဉ်ကိုဌင်း-ရှ၏။

"လုဇ္ဇတိ ပလုဇ္ဇတိတိ လောကော" (သခ်ါရလောက)
အရကား....ဣန္ဒြိယဗဒ္ဓ အနိန္ဒြိယဗဒ္ဓဖြစ်သော ခန္ဓာကို ရ၏။
† ဣန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ သမူဟောသန္တာနောစ သတ္တလောကော။
အနိန္ဒြိယ ဗဒ္ဓါနံ ရူပါဒိနံ သမူဟော သန္တာနောစ သြကာသ
လောကော။ ဥဘယေပိ ခန္ဓာ .သခ်ါရလောကော။
(သာရတ္ထဒီပနီ)

စိတ္တသန္ဓေါပအဖြေ ပြီး၏။

အကုသိုလ်စိတ် အဖြေ

●

● ဓမ္မသင်္ဂဏီ၌ ကုသိုလ်ကို ရှေးဦးစွာ ပြသကဲ့သို့မပြဘဲ အကုသိုလ်စိတ်ကို ရှေးဦးစွာပြ၍ ထိုတွင် လောဘမူကို ရှေးဦးစွာ ပြ၍ ထိုနောင် ဒေါသမူကို ထိုနောင် မောဟမူကို ဤသို့သော အစဉ် ဖြင့် အဘယ့်ကြောင့် ရှင်အနုရုဒ္ဓါဆရာ ပြုပါသနည်း။ အသီးသီး အကြောင်းပြ၍ ဖြေခဲ့ပါ။

၁၁၆-ဖြေ။ ။အကုသိုလ်စိတ် အဟိတ်စိတ်တို့မှကြွင်းသော တခု ယုတ်ခြောက်ဆယ်၊ ဝ၊၊ကိုးဆယ့်တခုသော စိတ်တို့ကို သောဘဏစိတ် ဟု ရေတွက်လွယ် ခေါ်ဝေါ်လွယ်ခြင်းအကျိုးငှာ ဆိုလတ္တံ့သော ပါပါ ဟေတုက မုဉ္စာဝန်-စသော ဂါထာနှင့်လျော်ညီစွာ အကုသိုလ်စိတ်ကို ရှေးဦးစွာ ပြုပါသည်။ ထိုတွင်....ပဋိသန္ဓေနေသော ပုဂ္ဂိုလ် တို့အား ဝိထိစိတ်၏အစွမ်းဖြင့် လောဘဇောစိတ်သာ ရှေးဦးစွာ ဖြစ်သင့်သော ကြောင့် လောဘမူစိတ်ကို, ထိုနောင် ဒိဋ္ဌိဟိတ်အဖြစ်ဖြင့် တူသောကြောင့် ဒေါသမူစိတ်ကို, ထိုနောင် ဟိတ်တပါးသာရှိ၍ အကုသိုလ် အဖြစ်ဖြင့် တူသောကြောင့် မောဟမူစိတ်ကို ပြုပါသည်။ (ဋီ)

{ပရမတ္ထဒီပနီဆရာကား-အကုသိုလ်စိတ်တို့တွင် လောဘမူ စိတ်သည်များ၍ ဝဋ္ဋမူလ ၂-ပါးနှင့်ယှဉ်သဖြင့် ပြဋ္ဌာန်းထင်ရှား၍ ရှေးဦးစွာ ဆိုသည်ဟု မိန့်၏။ ဝိထိစိတ်၏ အစွမ်းအားဖြင့်

လောဘဇောစိတ် ရှေးဦးစွာဖြစ်သည်။ ဝိထိမုတ်စိတ်၏ အစွမ်းအားဖြင့်ကား-ဘဝင်စိတ်သာ ရှေးဦးစွာ ဖြစ်သည်ဟု ခွဲ၍မှတ်လေ။ }

● အကုသိုလ်စိတ် - အဟိတ်စိတ် ၂-ပါးတို့တွင် အဘယ့်ကြောင့် အကုသိုလ်စိတ်ကို ရှေးဦးဌာ ဆိုပါသနည်း။

၁၁၇-ဖြေ။ ။အဗျာကတဖြစ်သော အဟိတ်စိတ်တို့၏ အကုသိုလ်လျှင် ရှေ့သွားရှိသောကြောင့် အကုသိုလ်စိတ်ကို ရှေးဦးစွာဆိုပါသည်။

† တေသုစ ပါပါဟေတုကေသု အဗျာကတာနံ ကုသလာကုသလ ပုဗ္ဗင်္ဂမတ္တာ ပါပေယေဝ ပဌမံ ဒဿနွာ။ (ဋီ)

● လောဘမူစိတ်သည် ဒေါသမနဿ-ဥပေက္ခာသဟဂတ၏အစွမ်းဖြင့် ၂-ပါးအပြားရှိရာ အဘယ့်ကြောင့် ဒေါသမနဿကို ရှေးဦးစွာ ဆိုပါသနည်း။

၁၁၈-ဖြေ။ ။သုခံ, ဒုက္ခံ, ဥပေက္ခာ-ဟူသော ပါဠိကို အမှီပြု၍ ဒေါသမနဿကို ရှေးဦးစွာ ဆိုပါသည်။

† သုခံ,ဒုက္ခံ ဥပေက္ခာတိပါဠိံ နိဿာယ ဝုတ္တံ။ (သခေါပ)

● ဒေါသမနဿသဟဂတ်သည်လည်း ဒိဋ္ဌဂတသမ္ပယုတ်-ဝိပ္ပယုတ် အားဖြင့် ၂-ပါးရှိရာ အဘယ့်ကြောင့် ဒိဋ္ဌဂတ သမ္ပယုတ်ကို ရှေးဦးစွာ ဆိုပါသနည်း။

၁၁၉-ဖြေ။ ။မရှိခြင်းမည်သည် ရှိခြင်းကိုမှီ၍ ဖြစ်သောကြောင့် ရှိခြင်းဟူဆိုအပ်သော ဒိဋ္ဌိသမ္ပယုတ်ကို ရှေးဦးစွာ ဆိုပါသည်။

† အဘာဝေါနာမ ဘာဝံ နိဿာယ ပဝတ္တာဘိ၊ တသ္မာ ဘာဝသင်္ခါတံ ဒိဋ္ဌိသမ္ပယုတ္တံ ပဌမံ ဝုတ္တံ။ (သခေါပ)

● အသင်္ခါရိက, သသင်္ခါရိက ၂-ပါးတို့တွင် အဘယ့်ကြောင့် အသင်္ခါရိကကို ရှေးဦးစွာ ဆိုပါသနည်း။

၁၂၀-ဖြေ။ ။တိက္ခ, မန္ဒ သဘောကို မှီ၍ ဆိုအပ်သောကြောင့် အသင်္ခါရိကကို ရှေးဦးစွာ ဆိုပါသည်။

† တိက္ခ မန္ဒသဘာဝမ္မိ နိဿာယ ဝတ္တုဗ္ဗတ္တာ။ (သခေါပ)

● သောမနဿ-ပုဒ်ကို ရသင့်သမျှဝစနတ္ထပြု၍အရကောက်ပြီးလျှင် ရှုပ်ပြီးပုံကိုလည်း ညွှန်ကြားခဲ့ပါ။

၁၂၁-ဖြေ။ ။"သုန္ဒရံ မနော သုမနော" (ကမ္မဓာရည်း-ကောင်း သောစိတ် ရ၏။) သုန္ဒရံ မနော တေသာတိဝါ သုမနော (ဗဟုဗ္ဗိဟိ-ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်ရ၏။) "သုမနံ တေသ အတ္ထီတိဝါ သုမနော" (အဿတ္ထိတဒ္ဓိတ်-ကောင်းသော စိတ်ရှိသော ပုဂ္ဂိုလ်ပင် ရ၏။) (ဗဟုဗ္ဗိဟိနှင့် အဿတ္ထိကား-စတုတ္ထီ သင်္ကမိ အရာဌ် သဒ္ဒါသာ ကွဲ၍ အရကား တူကြ၏။) "သုမနဿ ဘာဝေါ သောမနဿံ" (ဘာဝတဒ္ဓိတ်-စိတ်ဌဖြစ်သော သုခဝေဒနာ ရ၏) ။ ။သုမန-တည်။ ဘာဝ အနက်ဌ ဏျ-ပစ္စည်းသက်။ ဏာ-အနုဗန်ကိုချေ။ ယ-ကြင်း။ သသရေ ဝါဂမော-သုတ်ဌ အာဒိ သဒ္ဒါဖြင့် ယ-ပစ္စည်း နှောင်းသော ကြောင့် သ-လာ။ ယ-သို့ကပ်။ ယဝံဘံ တလနဒကာရာနံ သုတ်ပါကာရ သဒ္ဒါဖြင့် သျ-ကို သ-ပြု၊ သ-ဒွေဘော်ဆင့်။ တနည်း....သျော ဿယုဂံ ဟူသော သဒ္ဒနိတိသုတ်ဖြင့် ဿျ-ကို သ-ပြု၊ သောမနဿ-ပြီး၏။ (သောမနဿေန သဟဂတံ သောမနဿသဟဂတံ-ဟု သမာသ်တွဲလေ။ သောမနဿ သဟဂတ်စိတ် ရ၏။) (၌)

● ဒိဋ္ဌဂတ-ပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အဓိပ္ပာယ်ဖော်ပြပြီးလျှင် ဤဌ် လိုအပ်သော ဒိဋ္ဌိ ကိုလည်း အကြောင်းပြ၍ ရှင်းလင်းခဲ့ပါ။

၁၂၂-ဖြေ။ ။"မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ" မှားသောအားဖြင့် မြင်တတ်သောကြောင့် ဒိဋ္ဌိ-မည်သည်။ ဒိဋ္ဌိ-ဟု သာမည ဆိုသောကြောင့် သမ္မာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိ ၂-ပါးလုံးပင် ရနိုင်သော်လည်း ဤဌ် အကုသိုလ် အရာဌာနဖြစ်၍ မိစ္ဆာဒိဋ္ဌိကိုသာ လိုအပ်ပါသည်။ (သာမည်ဆိုသော စကားပင်ဖြစ်သော်လည်း အနက်,အရာ,လိင်,အသင့်ယူတို့ စသည်ကို ထောက်ဆ၍ ဝိသေသအနက်ကို ရကောင်းသောကြောင့် ဤဌ် မိစ္ဆာဒိဋ္ဌိကိုသာ ယူရမည် ဟူလို။)

"ဒိဋ္ဌယေဝ ဂတံ ဒိဋ္ဌဂတံ" မှားသောအားဖြင့် မြင်တတ်သော သဘောသည်ပင်ဒိဋ္ဌဂတမည်သည်။ (ဂတ-သဒ္ဒါအနက်မရှိသခ်ါရဂတံ ထာမဂတံ-ပုဒ်မျိုးကဲ့သို့ တဖြောဟူလို။) တနည်း.... "ဒွါသဋ္ဌယာဝါ ဒိဋ္ဌသု ဂတံ အန္တောဂတန္တိ ဒိဋ္ဌဂတံ"ပြု) (ဂတ-သဒ္ဒါ အန္တောဂတ အနက်ဟောဟူလို။) "ဒိဋ္ဌယာဝါ ဓမနမတ္တံန္တိ ဒိဋ္ဌဂတံ" (ဂတ-သဒ္ဒါ ပဝတ္တနအနက်ဟော ဟူလို။) (သမံ ကေပ္ပာဒါဒီဟိ ပကာရေဟိ ယုတ္တန္တိ သမ္ပယုတ္တံ။ ဒိဋ္ဌဂတေန သမ္ပယုတ္တံ ဒိဋ္ဌဂတ သမ္ပယုတ္တံ-ဟု ဘွဲလေ။) (ဋီ)

● ဒိဋ္ဌိ ၆၂-ပါးကို အသီးသီး ရေတွက်ပြပါ။

၁၂၃-ဖြေ။ ။သဿတ ဝါဒ.....၄-ပါး။
ကေစ္စ သဿတ ဝါဒ.....၄-ပါး။
အန္တာနန္တ ဝါဒ.....၄-ပါး။
အမရာ ဝိက္ခေပ ဝါဒ.....၄-ပါး။
အဓိစ္စ သမုပ္ပန္န ဝါဒ.....၂-ပါး။
သညီ ဝါဒ.....၁၆-ပါး။
အသညီ ဝါဒ.....၈-ပါး။
နေဝသညီ နာသညီ ဝါဒ.....၈-ပါး။
ဥစ္ဆေဒ ဝါဒ.....၇-ပါး။
ဒိဋ္ဌဓမ္မ နိဗ္ဗာန ဝါဒ.....၅-ပါး။
ပေါင်း ၆၂-ပါး ဖြစ်ပါသည်။ (ဇူ)

● သခ်ါရ-ပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု-အရကောက်-အဓိပ္ပာယ် ရှင်းလင်းပြီးလျှင် သသခ်ါရိကံ, အ သခ်ါရိကံ၌ လိုအပ်သော သခ်ါရကိုလည်း ညွှန်းခဲ့ပါ။

၁၂၄-ဖြေ။ ။"သခ်ရောတိစိတ္တံ တိက္ခဘာဝသခ်ါတ မဏ္ဍနဝိသေ သေန သဇ္ဇေတိတိ သခ်ါရော"သခ်ရိယတိဝါ သဇ္ဇိယတိ ဧတေနာတိ

သခ်ါရော"(ပုဗ္ဗပယောဂရ၏။)ထိုပုဗ္ဗပယောဂသည် မိမိပုဗ္ဗပယောဂ-သုတပါး ပုဗ္ဗပယောဂ-ဟူ၍ ၂-ပါးပြား၏။ ကုသလပက္ခ-အကုသလပက္ခမှာပင် ၂-ပါးစီပြား၏၊ ထိုထိုသောကိစ္စတို့၌ တွန့်တိုသောစိတ်ကို အားအဆင့်ကို ပေးသည်၏ အစွမ်းဖြင့် ဒုါရ ၃-ပါး၌ဖြစ်သော မိမိ၏ မိန္ဆာဝဝါယာမ, သမ္မာဝဝါယာမ, သုတပါးဘို့အား တိုက်တွန်းသည်၏ အစွမ်းဖြင့် ဖြစ်စေအပ်သော ကာယဝီဒုါရတို့၌ဖြစ်သော အာဏာတို့သည် ပုဗ္ဗပယောဂ-မည်၏။

{မိမိ၏ ပုဗ္ဗပယောဂ ကား - တရားကိုယ်အားဖြင့် ဝိရိယစေဘသိက်။ သုတပါးပုဗ္ဗပယောဂ ကား-တရားကိုယ်အားဖြင့် စေတနာစေတသိက်။ဝါဝိရိယစေတသိက်။တနည်း-စေတနာဝိရိယပြဋ္ဌာန်းသော နာမက္ခန္ဓာလေးပါးတည်း။ ပရမတ္ထဒီပနီ၌ ကား-သခ်ါရ (ပုဗ္ဗာဘိသခ်ါရ) သည် ပယောဂ-ဥပါယအားဖြင့် ၂-ပါးရှိသည်။ စေခိုင်းခြင်း, တိုက်တွန်းခြင်း, ခြိမ်းခြောက်ခြင်း ဤအမှုကိုပြုလော့ဟု မိမိသုတပါးဘို့ပြုအပ်သော ကာယဝစီပယောဂသည် ပယောဂ-မည်၏။ စေခိုင်းခြင်းကို မပြုဘဲပြုခြင်း၌ အကျိုးကိုငဲ့,မပြုခြင်း၌ အပြစ်ကိုငဲ့,သုတပါးတို့အား ပြုခြင်း, ကတိကဝတ်ကို ပြုခြင်း,ဒဏ်ထားခြင်း, မိမ်ကိုယ်တိုင် ထိုဘိုအခြင်းအရာကို ဆင်ခြင်ခြင်း ပြုခြင်းစသည်သည် ဥပါယ-မည်၏။ ထို ၂-ပါးလုံးကိုပင် ဤ၌ လိုအပ်သည်ဟု ဆိုသည်။}

သသခ်ါရိက် အသခ်ါရိကံ၌ ကား - ပုဗ္ဗ ပယောဂကြောင့် ဖြစ်သော စိတ်၏ ထက်သည်၏ အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူးသည် ကာရဏူပစာရအားဖြင့် သခ်ါရမည်၏။ (အကြောင်းဖြစ်သော ပုဗ္ဗပယောဂ၏အမည်ကို အကျိုးဖြစ်သော စိတ်၏ထက်သည်၏ အဖြစ်ဟုဆိုအပ်သော တန်ဆာအထူး၌ တင်စား၍ ထိုစိတ်၏ ထက်သည်၏ အဖြစ်ဟု ဆိုအပ်သော တန်ဆာအထူး (သဘော်) ကို ကာရဏူပစာရအားဖြင့် သခ်ါရ ဆိုသည်။) ထို ထက်သည်၏ အဖြစ်ဟု ဆိုအပ်သော

တန်ဆာအထူးနှင့် တကွဖြစ်သည်ကို သသခ်ါရိက၊ တကွမဖြစ်သည်ကို အသခ်ါရိကဆိုသည်။(သဟ-သဒ္ဒါတုလျယောဂအနက်ဟောဟူလို။) 'သလောမကော သပကွကော'ကဲ့သို့ သဟ-သဒ္ဒါ သံဝိဇ္ဇမာန အနက်ယူ၍"သံဝိဇ္ဇတိသခ်ါရော အဿာတိသသခ်ါရိကံ"လုပ်မူကား ဥပစာမဟုတ်။ပုဗ္ဗပယောဂ၏ ရှိခြင်း,မရှိခြင်းသည်ပင် သသခ်ါရိက-အသခ်ါရိက မည်သည် ဟူလို။ (ခဲရပ်) အသခ်ါရံ ဧဝ အသခ်ါရိကံ-၌ ဧက-ပစ္စည်းကား-အနက်မရှိ သွတ္ထ။ အ,ကား-ဝိရဟတ္ထတည်း။

{ဋီကာကျော် အလိုကား.... ပုဗ္ဗပယောဂသည် သခ်ါရ မည်၏။ သို့သော် သသခ်ါရိကံ အသခ်ါရိကံ ပုဒ်၌ကား-ပုဗ္ဗပယောဂနှင့် စိတ်သည် အတူတကွ မဖြစ်နိုင်သောကြောင့် ထို ပုဗ္ဗပယောဂကြောင့်ဖြစ်သော စိတ်၏ တန်ဆာအထူး (သတ္တိ) ကိုသာ ကာရဏူပစာရ အားဖြင့် သခ်ါရ - အရ ယူလိုသည်။ အဋ္ဌကထာကြီးများမှာမူကား-ကာယဝစီပယောဂသည် သခ်ါရ။ထိုသခ်ါရနှင့် အတူတကွဖြစ်သော အာရုံစသောအကြောင်း အပေါင်းသည် သသခ်ါရ။ ထိုသသခ်ါရကြောင့်ဖြစ်သော စိတ်သည် သသခ်ါရိက မည်သည်ဟု တမျိုးဖွင့်ပြကြ၏။ ခဲရပ်ဖြစ်၍ ကျယ်ကျယ် ရှင်းလင်းလိုက်သည်၊ သဘောကျခဲစွ။ }

† ပုဗ္ဗပယောဂသမ္ဘူတော၊ ဝိသေသော စိတ္တသမ္ဘဝီ။
သခ်ါရော တံ ဝသေနေတ္ထ၊ဟောတျာ သခ်ါရိကာဒိတာ။ (ဋီ)

† မိစ္ဆာဝါယာမော သမ္မာဝါယာမော အတ္တနော ပယောဂေါ နာမ။ အာဏတ္တိ ပရပယောဂေါနာမ။ အာဏတ္တိစ စေတနာ, ဝါယာမော ဝါ, တပ္ပဓာနာ ဝါ စတ္တာရော ခန္ဓာ။ (ဇူ)

* ပုဗ္ဗပယောဂါ, သူ့ချည်းသာ, ခေါ်ပါ သခ်ါရ။

* သသခ်ါရိက, မဏ္ဍနဝိသေသာ, သတ္တိသာ, ခေါ်ပါသခ်ါရ တနည်းပြ။ (သစ်)

● ဥပေက္ခာပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၁၂၅-ဖြေ။ ။"ဥပပတ္တိတော ယုတ္တိတော ဇုက္ခတိ အနုဘဝတိတိ ဥပေက္ခာ" အသင့်အလျော်အားဖြင့် အာရုံ၏အရသာကို ခံစားတတ်သောကြောင့် ဥပေက္ခာ-မည်၏။ (အဓိပ္ပာယ်)။ ။"သုခဒုက္ခာနံဝါ ဥပေတာ ယုတ္တာ အဝိရုဒ္ဓါ ဇုက္ခာ အနုဘဝနန္တိ ဥပေက္ခာ" သုခ ဒုက္ခ ဝေဒနာတို့နှင့် မဆန့်ကျင်သဖြင့် အာရုံ၏ အရသာကို ခံစားတတ်သောကြောင့် ဥပေက္ခာ-မည်၏။ (အဓိပ္ပာယ်) ဇုက္ခနံဇုက္ခာ။ဥပေတာ ဇုက္ခာ ဥပေက္ခာ"ဟူ၍ အစိတ်စိတ်သော်လည်း ပြု။ (ဋီ)

● ဥပေက္ခာဝေဒနာသည် သုခဝေဒနာ,ဒုက္ခဝေဒနာတို့နှင့်မဆန့်ကျင်ကြောင်းကို အဘယ့်ကြောင့် သိနိုင်ပါသနည်း။

၁၂၆-ဖြေ။ ။သုခဝေဒနာ-ဒုက္ခဝေဒနာတို့ကား တပါးနှင့်တပါး ဆန့်ကျင်ကြသောကြောင့် တပါး၏ အခြားမဲ့၌ တပါးမဖြစ်ကြကုန်။ ဥပေက္ခာဝေဒနာကား ထိုကဲ့သို့မဟုတ်။ဥပေက္ခာနောင်လည်းဥပေက္ခာ ဖြစ်သည်။ သုခ ဒုက္ခတို့ နောင်လည်း ဥပေက္ခာ ဖြစ်သည်ကို မြင်သောကြောင့် ဥပေက္ခာသည် ထိုသုခ ဒုက္ခဝေဒနာတို့နှင့် မဆန့်ကျင်ကြောင်းကို သိရပါသည်။

† သုခဒုက္ခာဝိရောဓိတာယ ဟေသာ တေသံ အနန္တရဓိ ပဝတ္တတိ။ (ဋီ)

● ဥပေက္ခာနှင့် တတြမဇ္ဈတ္တတာ အဘယ်သို့ ထူးပါသနည်း။

၁၂၇-ဖြေ။ ။ဥပေက္ခာသည် ဇုဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ မဇ္ဈတ္တာကာရ အားဖြင့် ရှုခြင်းလက္ခဏာရှိ၏။ တတြမဇ္ဈတ္တတာသည် စိတ် စေတသိက်တို့ကို လျစ်လျူရှုခြင်း လက္ခဏာရှိ၏။ ဤသို့ထူးပါသည်။ဥပေက္ခာသည် ဝေဒနုပေက္ခာ။တတြမဇ္ဈတ္တတာသည် ဗြဟ္မဝိဟာရုပေက္ခာ ဤသို့လည်း ထူးပါသည်။ ဥ-သည် စိတ်၏လက္ခဏာ,တ-ကား စေ-၏ လက္ခဏာ ဤသို့လည်း ထူးသည်။

† ဇုဋ္ဌာနိဋ္ဌေသု မဇ္ဈတ္တာကာရပဝတ္တိ လက္ခဏာ ဥပေက္ခာ။ သာ စိတ္တစေတသိကာနံ အဇ္ဈုပေက္ခနလက္ခဏာ။ (ကမ္မဋ္ဌာန်းပိုင်းနှင့် စေတသိက်ပိုင်း) (ဋီ)

● လောဘမူစိတ်၌ တပါးသော ဖဿ-စသော သမ္မယုတ် တရား များရှိလျက် ဖဿသမ္မယုတ္တံ စသည်ဖြင့်မဆိုဘဲ အဘယ့်ကြောင့် ဝေဒနာဖြင့်အထူးပြု၍သောမနဿသဟဂတံဟု ဆိုပါသနည်း။

၁၂၈-ဖြေ။ ။သောမနဿဝေဒနာ စသည် တို့သည် သာလျှင် အလုံးစုံသော လောဘမူစိတ်တို့နှင့် မဆက်ဆံသောကြောင့် ဝေဒနာဖြင့် အထူးပြု၍ သောမနဿသဟဂတံ စသည်ဖြင့် ဆိုပါသည်။

{ဖဿ စသည်တို့တွင် အခြို့သော စေတသိက်တို့သည် စိတ် အလုံးစုံနှင့် ဆက်ဆံကြ၏။ ဝိတက်စသော ၆-ပါးတို့တွင် အချို့ စေတသိက်တို့သည် ကုသိုလ် စသည်တို့နှင့် ဆက်ဆံကြ၏။ မောဟစသောစေတသိက်တို့လည်းအကုသိုလ်စိတ်အလုံးစုံနှင့် ဆက်ဆံကြ၏။ ထို့ကြောင့် ထိုဖဿစသည်တို့ဖြင့် စိတ်ကိုအထူး ပြုသော်လည်း အလုံးစုံတို့နှင့် ဆက်ဆံနေသောကြောင့် အထူး မရှိရာ။ သောမနဿဝေဒနာ စသည်တို့ကား အချို့စိတ်မှာသာ ဖြစ်၍ အချို့စိတ်မှာ မဖြစ်ကြ။ ထို့ကြောင့် ထိုသောမနဿ ဝေဒနာ စသည်ဖြင့် စိတ်ကို အထူးပြုသည်ရှိသော် စိတ်၏အထူး ဝိသေသသည် ထင်ရှားရာ၏။ ထို့ကြောင့် သောမနဿဝေဒနာ စသည်ဖြင့်သာ အထူးပြု၍ 'သောမနဿသဟဂတံ' စသည်ဖြင့် ဆိုသည် ဟူလို။}

† သောမနဿာဒိနမေဝ အသာဓာရဏာဘာဝတော။ (ဋီ)

● ထို သောမနဿဝေဒနာ စသည်တို့သည် အချို့ စိတ်မှာဖြစ်၍ အချို့စိတ်မှာ အဘယ့်ကြောင့် မဖြစ်ကြပါသနည်း။

၁၂၉-ဖြေ။ ။သောမနဿဝေဒနာ ဖြစ်ခြင်း အကြောင်းရှိသော ကြောင့် အချို့စိတ်မှာဖြစ်၍ သောမနဿဝေဒနာ ဖြစ်ခြင်း အကြောင်း မရှိသောကြောင့် အချို့စိတ်မှာ မဖြစ်ကြပါ။ (သောမနဿဝေဒနာ စသည်ဆိုရာ၌ အာဒိဖြင့် ဥပေက္ခာဝေဒနာကို ယူပါ။)

† ကာရဏာဿ သန္ဓိဟိတာ သန္ဓိဟိတဘာဝတော။ (ဋီ)

● သောမနဿဝေဒနာဖြစ်ခြင်းအကြောင်းဥပေက္ခာ,ဒိဋ္ဌိ,အသခ်ါရိကဘို၏ဖြစ်ခြင်းအကြောင်းများကို အသီးသီး ဖော်ပြပါ။

၁၃၀-ဖြေ။ ။သဘာဝပရိကပ္ပိတဖြစ်သောဇူဌာရုံနှင့်ကြုံတွေ့ခြင်း။ သောမနဿနှင့် ပဋိသန္ဓေနေခြင်း။ မနက်နဲသော သဘောရှိခြင်း။ (ဤကား သောမနဿ ဖြစ်ခြင်း အကြောင်းသုံးပါး)။ ။ဇူဌမဇ္ဈတ္တာရုံနှင့် ကြုံတွေ့ခြင်း။ ဥပေက္ခာနှင့် ပဋိသန္ဓေနေခြင်း။ နက်နဲသော သဘောရှိခြင်း။ (ဤကား-ဥပေက္ခာ ဖြစ်ခြင်း အကြောင်း သုံးပါး)။ ။အယူဖောက်ပြန်ပျက်စီးသော ပုဂ္ဂိုလ်ကိုမှီဝဲခြင်း။ သဿတအယူ - ဥစ္ဆေဒအယူရှိခြင်း။ (ဤကား-ဒိဋ္ဌိဖြစ်ခြင်း အကြောင်း ၂-ပါး။ ထိုမှပြန်၍ ဒိဋ္ဌိ ဝိပ္ပယုတ္တ အကြောင်းကိုလည်း သိပါ)။ ။လျောက်ပတ်သော ဥတု။ လျောက်ပတ်သော ဘောဇဉ်။လျောက်ပတ်သော ကျောင်း, အိပ်ရာ, နေရာ။ လျောက်ပတ်သော အဆွေခင်ပွန်းတို့နှင့်ဇွေ့ဆုံခြင်း စသည်တို့ကား-အသခ်ါရိက ဖြစ်ခြင်းအကြောင်းတို့ ဖြစ်ပါသည်။ (ထိုမှပြန်၍ သသခ်ါရိက ဖြစ်ကြောင်းတို့ကိုလည်း သိပါလေ။) (ဋီ)

{ပရမတ္ထဒီပနီ၌ကား-သောမနဿ,ဥပေက္ခာဖြစ်ကြောင်း၌ ဗျသန မိမုတ္တိ အင်္ဂါတပါးပို၍။ ဒိဋ္ဌိ-၌ သဒ္ဓမ္မ ဝိမုခတာ, မိစ္ဆာ ဝိတက္ကဗဟုလတာ,အယောနိသော ဥမ္မုဇ္ဇန သုံးပါးပိုသည်။ဤအင်္ဂါများကား အကုန်လုံးပြည့်စုံမှ သောမနဿ စသည်ဖြစ်နိုင်သည်မဟုတ်၊ တပါးပါးပြည့်စုံကလည်း ဖြစ်နိုင်သည်ဟု မှတ်။}

* သောမနသံ, မနက်ပြန်, ဇူဌံမှိကပ်-သောမနသ်။

* ဥပေက္ခာသံ, ဂမ္ဘီရံ, မဇ္ဈံမှိကပ်-ဥပေက်မှတ်။

* မှားသူကပ်မိ, မှားယူရှိ, ဒိဋ္ဌိဖြစ်ကြောင်းရပ်။

* ဥတုဘောဇန, အာဝါသနှင့်, မိတ္တစစ္စာ, ပြည့်စုံလာက, အသခ်, ဖြစ်ရတကြောင်းမှတ်။

* ထိုမှ ပြန်ဘို, ဒိဋ္ဌိ-သသင်, ဖြစ်ကြောင်းအင်, ဥာဏ်တွင်ပြောင်း၍ဟပ်။ (သစ်)

● သဘာဝဇ္ဇာရုံ ပရိကပ္ပိတဇ္ဇာရုံတို့၏ အဓိပ္ပာယ်ကိုအသီးသီး ရှင်းလင်းပြပါ။

၁၃၁-ဖြေ။ ။သဘောအားဖြင့်နှစ်သက်မြတ်နိုးဘွယ်ရှိသောထမင်း အဖျော် အစရှိသော အာရုံမျိုးသည် သဘာဝ ဇ္ဇာရုံ မည်၏။သဘော အားဖြင့် နှစ်သက်မြတ်နိုးဘွယ်မဟုတ်သော မစင်ခွေးစကောင်ပုပ် အစ ရှိသော အာရုံသည် ခွေး စသော သတ္တဝါတို့ ဖောက်ပြန် ကြံဆသော အားဖြင့် အလိုရှိသောအခါ ပရိကပ္ပိတ ဇ္ဇာရုံ ဖြစ်ပါသည်။

† တတ္ထ သဘာဝတောတိ အာရမ္မဏပ္ပကတိတော၊ ပရိကပ္ပ တောတိ အနိဋ္ဌေပိ ဇ္ဇန္တိ ပဝတ္တဝိပရိတသညာတော။ (ဇူ)

● လောဘမူဉ် ပီတိ, မာန, ထိန, မိဒ္ဓ, စေတသိက် တို့လည်း ဝေဒနာ,ဒိဋ္ဌိ,စေတသိက်တို့ကဲ့သို့ အချိုစိတ်မှာသာယှဉ်၍ အချိုစိတ်မှာ မယှဉ်သောကြောင့် သပီတိကံ - အပီတိကံ။ မာန သမ္ပယုတ္တံ-မာနဝိပ္ပယုတ္တံ။ထိနမိဒ္ဓသမ္ပယုတ္တံ-ထိနမိဒ္ဓဝိပ္ပယုတ္တံ- ဟု ဆိုသင့်လျက် အဘယ့်ကြောင့် မဆိုပါသနည်း။

၁၃၂-ဖြေ။ ။ထို စေတသိက် တို့တွင် သောမနဿ ဝေဒနာ စေတသိက်ကိုယူသဖြင့် ပီတိစေတသိက်ကို ယူပြီးဖြစ်သောကြောင့်ဌင်း၊ မာန, ထိန,မိဒ္ဓတို့မှာ အနိယတယောဂီ စေတသိက်, ယေဝါပနက စေတသိက်များ ဖြစ်သောကြောင့်ဌင်း။ သပီတိကံ - မာနသမ္ပယုတ္တံ- စသည်ဖြင့် အထူးပြု၍ မဆိုပါ။

† တေသု ဟိ သောမနဿေ ဂဟိတေ ပီတိ ဂဟိတာဝ ဟောတိ၊ ဇ္ဇတရာနိစ တီဏိ အနိယတ ယောဂီနိစ ဟောန္တိ၊ ယေဝါပန ကာနိစာတိ နဂဟိတာနိ။ (ပရမတ္ထဒီပနီ)

● လောဘမူစိတ် (ဂ) ခုကို အားနည်း အားကြီးသော အစဉ် အားဖြင့် အသီးသီးဖော်ပြပါ။

၁၃၃-ဖြေ။ ။လောဘမူစိတ် (ဂ) ခုတွင် စတုတ္ထစိတ်သည် အားအနည်းဆုံး ဖြစ်၏။ ထိုထက် တတိယ စိတ်သည် အားကြီး၏။ ထိုထက် အဋ္ဌမ စိတ်သည် အားကြီး၏။ ထိုထက် သတ္တမ စိတ်သည်

အားကြိုး၏။ထိုထက် ဒုတိယစိတ်သည် အားကြိုး၏။ထိုထက် ပဌမစိတ်သည် အားကြိုး၏။တိုထက် ဆဋ္ဌစိတ်သည် အားကြိုး၏။ ထိုထက် ပဉ္စမစိတ်သည် အားကြိုး၏။ ပဉ္စမစိတ်ကား အားအကြိုးဆုံးဖြစ်၏။ (၄)

● ဣမာနိ အဋ္ဌဝိ-ဉ် ဝိ-သဒ္ဒါ၏အနက်ကို ဖော်ပြ၍၊ထို အနက်ဖြင့် အဘယ်ကို ညွှန်ပြပါသနည်း။

၁၃၄-ဖြေ။ ။ဣမာနိအဋ္ဌဝိ-ဉ် ဝိ-သဒ္ဒါကား သမ္ပိဏ္ဍနအနက်ရှိပါသည်။ ထိုသမ္ပိဏ္ဍန အနက်ရှိသော ဝိ-သဒ္ဒါဖြင့် ရသင့်သော ကမ္မပထအပြား-ကာလ-ဒေသ-သန္တာန်-အာရုံ စသော အပြားဖြင့် ရောတွက်သော် ထို လောဘမူစိတ်တို့၏ များသော အပြားရှိသည့်၏ အဖြစ်ကို သိုက်ဟ် ရောတွက်ရမည်ဟု ညွှန်ပြပါသည်။ (ဒေါသမူစသည်၌ ဝိ-သဒ္ဒါ ကိုလည်း ဤနည်းအတိုင်းပင် မှတ်လေ။)

† အဋ္ဌဝိတိ ဝိသဒ္ဒေါ သမ္ပိဏ္ဍနတ္ထော၊ တေန ဂဏ္ဍမာန နယေန အကုသလကမ္မပထေသု နေသံ လဒ္ဓမာနကမ္မပထာနုရူပတော ပဝတ္တိဘေဒံ ကာလ ဒေသ သန္တာနာ ရမ္မဏာဒီ ဘေဒေန အနေက ဝိဓတမ္ပိ သင်္ဂဏှာတိ။ (၌)

● လောဘမူစိတ်၌ လောဘဟိတ် မောဟဟိတ် ၂-ပါးရှိပါလျက် မောဟဖြင့် အထူးမပြဘဲ အဘယ့်ကြောင့်လောဘဟိတ်ဖြင့်သာ အထူးပြု၍ 'လောဘသဟဂတ စိတ္တာနိနာမ' ဟု ဆိုပါသနည်း။

၁၃၅-ဖြေ။ ။မောဟသည် အကုသိုလ်စိတ် ၁၂-ပါးလုံးနှင့်ယှဉ်သောကြောင့် အထူးပြု၍ မထူးခြား။ လောဘသည် ဤစိတ် (၈) ပါးမှာသာ ယှဉ်သဖြင့် အထူးပြု၍ ထူးခြားသောကြောင့် ဤစိတ် (၈) ပါးမှာသာ လောဘဟိတ်ဖြင့် အထူးပြု၍'လောဘသဟဂတစိတ္တာနိနာမ' ဟု ဆိုပါသည်။ {လောဘမူစိတ် (၈) ပါးဖြစ်စဉ်ကိုကား-ဋီကာမှာ ယူပါကုန်။ ကျယ်လွန်းမည်စိုး၍ ဤ၌ မပြုသာပြီ။}

† ဧဝန္တုကတ္ထာ နေသံ သတိဝိ မောဟဟေတုကဘာဝေ လောဘသဟဂတဘာဝေါ နိဂမနေ ဝုတ္တော။ (၌)

● ဒေါမနဿသဟဂတံ-ပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍အရလည်း ကောက်ပြခဲ့ပါ။

၁၃၆-ဖြေ။ ။"ဒုဋ္ဌုံ မနော ဒုမ္မနော"(မကောင်းသောစိတ်ရစေ) "ဒုဋ္ဌု မနော ဧတဿာတိ ဒုမ္မနော" (မကောင်းသော စိတ်ရှိသော ပုဂ္ဂိုလ်ရစေ။) "ဒုမ္မနဿ ဘာဝေါ် ဒေါမနဿံ" (မာနသိကဒုက္ခ ဝေဒနာရစေ။) "ဒေါမနဿေန သဟဂတံ ဒေါမနဿသဟဂတံ"ဟု တတိယာ တပ္ပုရိသ် သမာသ် တွဲလေ။ {မကောင်းသောစိတ် ဟူသည် အပြစ်ရှိ၍ မကောင်းခြင်းမျိုးမဟုတ်၊ မသာယာအပ်သော ဒေါမနဿ ဝေဒနာကြောင့် ဖြစ်ရသည့် အတွက်သာ မကောင်းသောစိတ် ဖြစ်ရ သည်။ကောင်းသောစိတ်'သုမန'မှာလည်း အပြန်အားဖြင့်သိပါ။}

(ဦ)

● ပဋိဃ-၏အဓိပ္ပာယ်ကိုရေး၍ ပဋိဃသည် နာမ်တရားဖြစ်သော ကြောင့် အာရုံ၌ အဘယ်သို့ ထိပါးမည်နည်း၊ ရှင်းလင်းဖော်ပြ ခဲ့ပါ။

၁၃၇-ဖြေ။ ။"အာရမ္မဏေ ပဋိဟညတီတိ ပဋိဃော" ဟူသော ဝစနတ္ထနှင့်အညီ အာရုံ၌ထိပါးတတ်သောကြောင့် ပဋိဃမည်ပါသည်။ ပဋိဃသည် နာမ်တရားပင် ဖြစ်သော်လည်း ကြမ်းတမ်းသော သဘော ရှိသောကြောင့် အာရုံ၌ ထိပါးသကဲ့သို့ (ထိပါးသလို) ဖြစ်ခြင်းကိုပင် အာရုံကိုထိပါးသည်ဟု ဆိုပါသည်။စင်စစ် နာမ်တရားများကား ဒြပ်-၂-ခု ထိပါးသကဲ့သို့ ထိပါးခြင်း မဖြစ်နိုင်ပါ။ ထိုသို့ ထိပါးတတ်သော သတ္တိမရှိဘဲလျက် ရှိသကဲ့သို့ စကားကြီး စကားကျယ် အလွန် အကွံ့၊ ဆိုခြင်းမျိုးကို ဥပရိကျ၁-ဟု ဆိုပါသည်။

† စဏ္ဍိက္က သဘာဝတာယ ဟေသ အာရမ္မဏံ ပဋိဟနန္တောဝိယ ပဝတ္တတိ။ (ဦ)

* နိသတ္တိကို,သတ္တိရှိလာ,ကျမ်းဌ်ပါ,ဝါစာသိလိဋ္ဌ-ဥပရိက်။ (နိယံ)

● လောဘမူစိတ်ကဲ့သို့ ဒေါမနဿ သဟဂုတ်စိတ်သည် ဝေဒနာ အားဖြင့် အပြားမရှိဘဲလျက် အာယဿအကျိုးငှာ 'ဒေါမနဿ သဟဂတံ'ဟု ဝေဒနာကို အထူးပြု၍ ဆိုပါသနည်း။

၁၃၈-ဖြေ။ ။ဒေါမနဿ သဟဂုတ်စိတ်သည် ဝေဒနာအားဖြင့် မပြားသော်လည်း တပါးသော စိတ်တို့နှင့် မဆက်ဆံ - ဒေါမနဿ ဝေဒနာနှင့်သာ ဆက်ဆံသော စိတ်-ဟု ဒေါမနဿ ဝေဒနာဖြင့် ဒေါမနဿ သဟဂုတ် စိတ်ကို မှတ်ပြခြင်း အကျိုးငှာ 'ဒေါမနဿ သဟဂတံ'ဟု ဝေဒနာကို အထူးပြု၍ ဆိုပါသည်။

† ဒေါမနဿသဟဂတဿ ဝေဒနာဝသေန အဘေဒေပိ အသာ မာရဏမမ္မဝသေန စိတ္တဿဥပလက္ခဏဏ္ဍံ ဒေါမနဿဂ္ဂဟဏံ။ (ဋီ)

● ဒေါမနဿ သဟဂုတ်ကို ဆိုလျှင် ပြီးကောင်းလျက် ပဋိဃ သမ္မယုတ် အဖြစ်ကို အဘယ်အကျိုးငှာ အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၃၉-ဖြေ။ ။ဒေါမနဿဝေဒနာ ဒေါသစေတသိက်တို့၏ စင်စစ် အတူတကွ ဖြစ်သည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ ပဋိဃ သမ္မယုက်၏ အဖြစ်ကို ဒေနုရုဒ္ဓါဆရာ ဆိုပါသည်။

† ပဋိဃ သမ္မယုတ္တာ ဘာဝေါ ပန ဥဘိန္နံ ကေန္တ သဟစာရိတာ ဒဿနတ္ထံ ဝုတ္တောတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● ဒေါမနဿ ပဋိဃတို့၏ အထူးကို ရေးခဲ့ပါ။

၁၄၀-ဖြေ။ ။ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ ရှိသော ဝေဒနာကွန္ဒာ၌ အကျုံးဝင်သော တရား။ ပဋိဃ ကား-ကြမ်း တမ်းခြင်း သဘောရှိသော သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော တရား။ ဤသို့ ထူးပါသည်။

{ဒေါမနဿသည် ဝေဒနာကွန္ဓာ တရားမျိုး, ပဋိဃသည် သင်္ခါရက္ခန္ဓာ တရားမျိုး ဟူလို။ ဒေါသနှင့် ပဋိဃမှာ ဒေါသ စေတသိက်သာ ဖြစ်သော်လည်း အားနည်းသောအမျက်သည်

ဒေါသ။ အားကြီးသော အမျက်သည် ပဋိဃ-ဟု အထူးမှတ်လေးဦး။ 'သီလကွန် အဌကထာ'။ }

† ဒေါမနဿ ဥတ္တ အနိဋ္ဌာ ရမ္မဏာ နုဘဝန လက္ခဏော ဝေဒနာကွန္ဓာပရိယာပန္နော ကောဓမ္မော၊ ပဋိဃော စဏ္ဍိက္က သဘာဝေါ သန်ဒါရကွန္ဓ ပရိယာပန္နော ဧကော ဓမ္မောတိ အယမေတေသံ ဝိသေသော။ (ဋီ)

● ဒေါမနဿ ပဋိဃ ၂-ပါးတို့၏ ဖြစ်ကြောင်းတို့ကား အဘယ်ပါနည်း။ ၎င်းတို့ကို ညွှန်ပြပါ။

၁၄၁-ဖြေ။ ။ဒေါမနဿ ပဋိဃ ၂-ပါးဘို့၏ဖြစ်ကြောင်းတို့ကား အလုံးစုံသော အနိဋ္ဌာရုံနှင့် ကြုံတွေ့ခြင်း။ရန်ငြိုးဖွဲ့ခြင်း ၉-ပါးတို့ ဖြစ်ပါသည်။ (ထိုစိတ် ၂-ပါးတို့သည် ပါဏာတိပါတ စသည်တို့၌ ထက်စွာ ဖြစ်သောအခါ အသန်ဒါရိက, နုံ့စွာ ဖြစ်သောအခါ သသန်ဒါရိက ဖြစ်သည်ကိုလည်း မှတ်ရာသည်။)

† ဣဋ္ဌ စ ယံကိဉ္စိ အနိဋ္ဌာရမ္မဏံ နဝဝိဓအာဃာတ ဝတ္ထူနိစ ဒေါမနဿသဿ ကာရဏံ ပဋိဃဿ ကာရဏန္တွာဂိ ဒဋ္ဌဗ္ဗံ။ (ဋီ)

* **အနိဋ္ဌာရုံ, တွေ့ကြုံအာဃာတ, ဒေါမနဿ, ဖြစ်ရကြောင်း နှစ်ရပ်။** (သစ်)

● ရန်ငြိုးဖွဲ့ကြောင်းဖြစ်သော အာဃာတဝတ္ထု ၉-ပါး၊ ၁၀-ပါးတို့ကို အသီးသီးဖော်ပြပါ။

၁၄၂-ဖြေ။ ။ဤသူသည် ငါ၏အကျိုးမဲ့ကို ရှေးကလည်း ပြုဘူးပြီ၊ ယခုလည်းပြုဆဲ၊နောင်လည်းပြုလတ္တံ့-ဟု မိမိကိုစွဲ၍သုံးပါး၊ဤသူသည် ငါချစ်သူ၏ အကျိုးမဲ့ကို ရှေးကလည်း ပြုဘူးပြီ၊ ယခုလည်းပြုဆဲ၊ နောင်လည်း ပြုလတ္တံ့-ဟု မိမိချစ်သူကိုစွဲ၍ သုံးပါး၊ ဤသူသည် ငါ့ရန်သူ၏ အကျိုးကိုရှေးကလည်းပြုဘူးပြီ၊ယခုလည်းပြုဆဲ၊နောင်လည်း ပြုလတ္တံ့-ဟု မိမိရန်သူကိုစွဲ၍ သုံးပါး၊ပေါင်း-အာဃာတဝတ္ထုကား (၉) ပါး ဖြစ်

သည်။ဤ(၉)ပါးတွင် နေသည်ပူလွန်းလှသည်၊ မိုဃ်းသည် ရွာလွန်းလှသည်၊ လသည် သာလွန်းလှသည် စသည်ဖြင့် အရာမဟုတ်သည်၌ အမျက်ထွက်သော အဌာနကောပ-ကို ထည့်က အာဃာတဝတ္ထု (၁၀) ပါး ဖြစ်ပါသည်။ (အဌသာလိနီ)

● ဒေါသမူစိတ်တွင် သခ်ါရသည် ဤဒေါသမူစိတ်ကို အထူးပြုတတ်သောကြောင့် ဆိုတန်စေ။ဝေဒနာ-ပဋိဃဘို့သည်ကား အထူးမပြုတတ်ဘဲလျက် ၎င်းတို့ကို အဘယ့်ကြောင့် ဆိုပါသနည်း။

၁၄၃-ဖြေ။ ။အထူးမပြုတတ်သော်လည်း ဤ ဒေါသမူစိတ်သည် တခါတရံတပါးသောဝေဒနာနှင့်ယှဉ်သေးသလော ဟူသောယုံမှားကို ရှင်းစေခြင်းငှာ ဒေါမနဿဝေဒနာကို(ဋီကာအဆိုနှင့် ယှဉ်ကြည့်ပါ။) ဤ ဒေါသမူစိတ်သည် တပါးသော စေတသိက်နှင့် ယှဉ်သေးသလော ဟူသောယုံမှားကိုရှင်းစေခြင်းငှါပဋိဃသမ္ပယုတ္တအဖြစ်ကိုဆိုရပါသည်။

† ဒေါမနဿဂ္ဂဟဏံ တာဝ ဇုမဿ စိတ္တဿ ကဒါစိ အညဝေဒနာယောဂတာ ပသင်္ဂနိဝတ္တနတ္ထံ။ပဋိဃဂ္ဂဟဏမ္ပိ အညဓမ္မသမ္ပယုတ္တတာ ပသင်္ဂနိဝတ္တနတ္ထံ။ (ပရမတ္ထဒီပနီ)

● ဒေါသမူစိတ်၌ ဇုဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့လည်း ယှဉ်သောကြောင့် ထို စေတသိက်တို့နှင့် အထူးပြု၍ ဇုဿာသမ္ပယုတ္တံ၊ မစ္ဆရိယ သမ္ပယုတ္တံ-စသည်ဖြင့် ဆိုသင့်သည်မဟုတ်ပါလော၊ အဘယ့်ကြောင့် မဆိုပါသနည်း။

၁၄၄-ဖြေ။ ။ဆိုဇုဿာ, မစ္ဆရိယ, ကုက္ကုစ္စ,စေတသိက်တို့သည် အနိယတယောဂီ - ယေဝါပနက စေတသိက်များ ဖြစ်သောကြောင့် ၎င်းတို့နှင့်အထူးပြု၍ ဇုဿာ သမ္ပယုတ္တံ-မစ္ဆရိယသမ္ပယုတ္တံ-စသည်ဖြင့် မဆိုပါ။ (ပရမတ္ထဒီပနီ)

● ဝိစိကိစ္ဆ-ဥဒ္ဓစ္စပုဒ်တို့ကို ရသင့်သမျှ ဝစနတ္ထပြု၍ အရကောက်ပြီးလျှင် ဥဒ္ဓစ္စစေတသိက်သည် အလုံးစုံသော အကုသိုလ်စိတ်၌

ယှဉ်လျက် နောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌သာလျှင် ဥဒ္ဓစ္စ ဖြင့် အထူးပြု၍ ဥဒ္ဓစ္စသမ္မယုဇ္ဈံပဟုအဘယ့်ကြောင့်ဆိုပါသနည်း။

၁၄၅-ဖြေ။ ။ကိန္တိ ကိလမတိ တောယာတိ ကိန္တာ။ သဘာဝံ ဝိစိနန္တီသ ကိန္တာ ဝိစိကိန္တာ။ (စေတသိက်ရစေ) တနည်း....ဝိဂတာ စိကိန္တာ ဇာမိသာတိ ဝိစိကိန္တာ။ (စေတသိက်ဂုဏ်းရစေ) ဝိစိကိန္တာယ သမ္မယုဇ္ဈံ ဝိစိကိန္တာ သမ္မယုဇ္ဈံ-ဟု တွဲ။ ။"ဥဒ္ဓံ ဓုနာတိ ကမ္မတိတိ ဥဒ္ဓတော။ (ပုဂ္ဂိုလ်ရစေ) ဥဒ္ဓတသာ ဘာဝေါ ဥဒ္ဓစ္စံ"။ (စေတသိက်ရစေ)။ ။ဥဒ္ဓစ္စစေတသိက်သည် အကုသိုလ်စိတ် အလုံးစုံ၌ ယှဉ်သော်လည်း မပြဋ္ဌာန်း။ ဤနောက်ဆုံးဖြစ်သော စိတ်၌ကား သမ္မယုတ်တရား ၁၅-ပါးတို့တွင် မိမိပြဋ္ဌာန်း အားရှိသည်ဖြစ်၍ ယှဉ်၏။ ထို့ကြောင့် နောက်ဆုံးဖြစ်သော စိတ်၌ သာလျှင် ဥဒ္ဓစ္စဖြင့်· အထူးပြု၍ "ဥဒ္ဓစ္စသမ္မယုတ်" ဟု ဆိုပါသည်။

{လောဘမူစိတ်၌လောဘ-ဒေါသမူစိတ်၌ဒေါသ-ဝိစိကိန္တာစိတ်၌ ဝိစိကိန္တာရှိနေ၍ ထို စိတ်များ၌ ဥဒ္ဓစ္စသည် မပြဋ္ဌာန်း-အားနည်း၏။ ဤ နောက်ဆုံး စိတ်၌ကား..... ဥဒ္ဓစ္စ တခုသာ ရှိသောကြောင့် ဥဒ္ဓစ္စသည် ပြဋ္ဌာန်း၍ အားရှိသည် ဟူလို။}

† သဗ္ဗာကုသလ ယုတ္တာမို၊ ဥဒ္ဓစ္စံ အန္တိမာနသေ။
ဗလဝံ ဇာတိ တံ ယေဝ၊ ဝုတ္တာမုဒ္ဓစ္စယောဂတော။ (ဦ)

● ဥဒ္ဓစ္စသည် နောက်ဆုံးဖြစ်သောစိတ်၌ ပြဋ္ဌာန်းသည်၏အဖြစ်ကို အဘယ့်ကြောင့် သိရပါသနည်း။

၁၄၆-ဖြေ။ ။ဓမ္မသင်္ဂဏီ ဓမ္မုဒ္ဒေသပါဠိ- ၌ ဥဒ္ဓစ္စ သမ္မယုတ်စိတ်မှ ကြွင်းသော အကုသိုလ်စိတ်တို့၌ ဥဒ္ဓစ္စကို ယေဝါပနက၏ အစွမ်းဖြင့် ဟော၍ ဤနောက်ဆုံးဖြစ်သော အကုသိုလ်စိတ်၌ သာလျှင် "ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ"ဟု သရုပ်ထုတ်၍ မြတ်စွာဘုရား ဟောသည်ကို ထောက်၍ ဤနောက်ဆုံးစိတ်၌ ဥဒ္ဓစ္စ ပြဋ္ဌာန်းသည်ကို သိရပါသည်။

{ယေဝါပနက အားဖြင့် ဟော၏ ဟူသည်ကား "ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ" စသည်ဖြင့် အသီးအခြား ထုတ်နုတ်၍ မဟောဘဲ

'ယေဝါပန အညေပိ အတ္ထိ'ဟု သာမညအားဖြင့်ဟောခြင်းကို ဆိုသည်။ ပါဠိတော်၌ 'ဥဒ္ဓစ္စံ ဟောတိ' ရှိလျက် ဋီကာကျော် ဆရာက ''ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ''ဟု ပြခြင်းမှာ ဥပ္ပဇ္ဇတိ သဒ္ဒါသည် ဟောတိသဒ္ဒါနှင့် အနက်တူသောကြောင့်ဟု မှတ်။ }

† တေနေဝ ဟိ မုနိန္ဒေန၊ ယေဝါပနက နာမတော။
ဝဟ္ဟာ သေသေသု ဧတ္ထေဝ၊ တံ သရူပေန ဒေသိတံ။ (ဋီ)

● မောဟမူ စိတ်တို့၌ ဝေဒနာ အပြားမရှိဘဲ အ ဘယ့်ကြောင့် ဥပေက္ခာဝေဒနာသာ ဖြစ်ရပါသနည်း။

၁၄၇-ဖြေ။ ။မောဟမူ စိတ်တို့သည် ဇူဌာရုံ-ဇူဌမဇ္ဈတ္တာရုံ တို့၌ လောဘမူစိတ်ကဲ့သို့ တပ်ခြင်းမရှိ၊ အနိဋ္ဌာရုံ၌ဒေါသမူစိတ်ကဲ့သို့ပြစ်မှားခြင်းမရှိသောကြောင့် ဥပေက္ခာ ဝေဒနာသာ ဖြစ်ရပါသည်။

† သဗ္ဗတ္ထာပိ ရဇ္ဇနဒုဿန ရဟိတာနိ ဥပေက္ခာ သဟဂတာနေဝ ပဝတ္တန္တိ။ (ဋီ)

● မောဟမူစိတ်တို့သည် အဘယ့်ကြောင့် တပ်ခြင်း ပြစ်မှားခြင်း မရှိကြပါသနည်း။

၁၄၈-ဖြေ။ ။အလွန်တွေဝေသောကြောင့် တပ်ခြင်းမရှိ။ တုန်လှုပ်သောကြောင့် ပြစ်မှားခြင်း မရှိကြပါ။ (ဋီ)

● မောဟမူ စိတ်တို့သည် အဘယ့်ကြောင့် အလွန် တွေဝေ၍ တုန်လှုပ်ကြပါသနည်း။

၁၄၉-ဖြေ။ ။လောဘ ဒေါသမူလမှကင်း၍ မောဟမူလတပါး သာရှိသောကြောင့် အလွန် တွေဝေ၍ ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့် ယှဉ်ခြင်းကြောင့် တုန်လှုပ်ကြပါသည်။ (ဋီ)

{မူလတပါးသာရှိ၍ အလွန်တွေဝေ၊ အလွန်တွေဝေသောကြောင့် တပ်ခြင်းမရှိ။ တပ်ခြင်းမရှိသောကြောင့် သောမနဿ မဖြစ်နိုင်။ ။ဝိစိကိစ္ဆာ ဥဒ္ဓစ္စနှင့် ယှဉ်ခြင်းကြောင့် တုန်လှုပ်၊ တုန်လှုပ်သောကြောင့် ပြစ်မှားခြင်းမရှိ၊ ပြစ်မှားခြင်း မရှိသော

ကြောင့် ဒေါမနဿ မဖြစ်နိုင်။ ထို့ကြောင့် ဥပေက္ခာ ဝေဒနာ ချည်း ဖြစ်ရသည်ဟု ဋီကာ၏ အဆင့်ဆင့် အကြောင်းပြများကို သိလေ။ }

● မောဟမူစိတ်တို့သည် မောဟဖြင့် အလွန် တွေဝေသည် မည် ၌းအံ့။ လောဘမူ ဒေါသမူ စိတ်တို့၌လည်း မောဟ ရှိသော ကြောင့် ထို လောဘမူ ဒေါသမူ စိတ်တို့သည်လည်း အလွန် တွေဝေသည် မဟုတ်ပါလော။

၁၅၀-ဖြေ။ ။လောဘမူ ဒေါသမူ၌ရှိသော မောဟသည် လောဘ ဒေါသ တည်းဟူသော မူလတပါး ရှိနေသောကြောင့် ထို လောဘမူ ဒေါသမူ စိတ်တို့ကို မောဟဖြင့် အလွန် တွေဝေသည်ဟု မဆိုနိုင်ပါ။ ဤမောဟမူ စိတ်၌ရှိသော မောဟသည်ကား - ယှဉ်ဘော်ယှဉ်ဘက် မူလဟိတ်တပါး မရှိသောကြောင့် ဤမောဟမူစိတ်ကိုသာ မောဟဖြင့် အလွန် တွေဝေသည်ဟု ဆိုရပါသည်။

{ "မောဟေန မုယ္ဟန္တိ အတိသယေန မုယ္ဟန္တိတိ မောမူဟာနိ"ဟု ဝစနတ္ထပြု။မောဟမူဟ-ဟုဆိုလိုလျက်သုတ်ကြီးဖြင့် ၌ ဟ-တလုံးချေ မောမူဟ ပြီးသည်။ "ပရိယာယ် နှစ်ချက် ဆင့်က မြင့်သောအသံ ထွက်သည်"ဆိုသည့်အတိုင်း တွေဝေ ခြင်းအနက်ဟော မောဟ, မူဟ နှစ်ပုဒ်ဆင့်ထားသောကြောင့် ဤမောဟမူ ဒွေးဦ၌ရှိသော မောဟကား-လောဘမူ ဒေါသမူမှာ ရှိသော မောဟထက် ပိုပြီး တွေဝေ သည်ဟု ဆိုလို သည်။ ထို့ကြောင့် ဋီကာ၌လည်း "အတိသယေန"ဟု မိန့်ဆိုထား သည်။ }

† မူလန္တရ ဝိရဟတောဝါ။ (ဋီ)

● အာရမ္မဏပဝဋ္ဋနက (အာရုံ၌ လိမ့်တတ်သော) စိတ်ကိုပြု၍ လိမ့်ပုံ အခြင်းအရာကိုလည်း ဖော်ပြပါ။

၁၅၁-ဖြေ။ ။အာရမ္မဏပဝဋ္ဋနက စိတ်ကား-မောဟမူဒွေးဖြစ်ပါ သည်။ထို ၂-ပါးတို့တွင်ဝိစိကိစ္ဆာသည်အမြဲမောက္ခကိုမရသောကြောင့်

စင်စစ် အာရုံ၌ လိမ့်တတ်သော စိတ် ဖြစ်ပါသည်။ လုံးသော ပတ္တမြားကလေးကို အနိမ့်သို့ လိမ့်ချ လိုက်သည်ရှိသော် မနားဘဲ လိမ့်သွားသကဲ့သို့ ဖြစ်ပါသည်။

ဥဒ္ဓစ္စသည် အဓိမောက္ခကိုရှေးသောကြောင့် အာရုံ၌ လိမ့်သော်လည်း တန့်၍ တန့်၍သာ လိမ့်ပါသည်။ လေးထောင့်ပတ္တမြားကလေးကို အနိမ့်သို့ လိမ့်လိုက်သည်ရှိသော် တန့်၍ တန့်၍ လိမ့်သွားသကဲ့သို့ပင် ဖြစ်ပါသည်။ (အဋ္ဌသာလိနီ)

● မောဟမူစိတ်တို့မှာ အဘယ့်ကြောင့် သင်္ခါရ အပြားမရှိပါသနည်း။

၁၅၂-ဖြေ။ ။အာရုံကိုမဆုံးဖြတ်နိုင်ခြင်းအာရုံ၌ ပြန့်လွင့်ခြင်းရှိသည် ဖြစ်၍ သဘောအားဖြင့် ထက်သည်၏အဖြစ် တိုက်ဘွန်း အပ်သည်၏ အဖြစ်မရှိသောကြောင့် ထိုမောဟမူစိတ်တို့အား သင်္ခါရအပြားမရှိပ်။

{ "ဝိဘူတာ ဝိဘူတဘေဒေါ နတ္ထိ" ကဲ့သို့ ဤဥဒ္ဓစ္စလည်း အသင်္ခါရိက-သသင်္ခါရိက အပြားသာ မရှိသည်။ အသင်္ခါရိက မူကား ရှိရမည်ဟု ကြံကြသေး၏။ ပရမတ္ထဒီပနီ ဆရာကား-ကနှစ် အသင်္ခါရိကဖြစ်၍ ဤစိတ်၌ သင်္ခါရအပြားကိုမဆိုဟု မိန့်တော်မူ၏။ ဝိသုဒ္ဓိမဂ် မဟာဋီကာဆရာကား-သင်္ခါရ ဝိမုတ်ဟု ဆိုလိုရိပ်ရှိ၏။ ထိုအယူကိုပရမတ္ထဒီပနီဆရာကမကြိုက်။ အသင်္ခါရိက - သသင်္ခါရိက အဖြစ်ကို ဓမ္မသင်္ဂဏီ ပါဠိတော်နှင့် တကွ အဋ္ဌကထာကြီးတို့လည်းမဆင့်။ သင်္ဂြိဟ်ဆရာကလည်း "ပဋ္ဌမေ ပန ပဋိဃ သမ္ပယုတ္တေ အသင်္ခါရိကော၊ သသင်္ခါရိက ပဋ္ဌမေပိ" စသည်ဖြင့် အသင်္ခါရိက-သသင်္ခါရိက ငါးပါးစီသာ ဆိုခဲ့သည်။ ဋီကာကျော် ဆရာကလည်း အထူးမဆို။ ထို့ကြောင့် ဤစိတ် ၂-ပါးတို့ သင်္ခါရမရှိဟုသာမှတ်သားရာသည်။ နောက်ဆရာများကား-သရုပ်ခွဲ လွှဲစေခြင်းငှာ အသင်္ခါရိကဆဲ သွင်းယူကြသည်။ }

† တတောယေဝစ သဘာဝတိက္ခတာယ ဥဿာဟေတမ္ပတာယ အဘာဝတော သင်္ခါရဘေဒေါပိ နေသံ နတ္ထိ။ (ဋီ)

● အာခုံ၌ တုန်လှုပ်ခြင်း သဘောရှိသော ဥဒ္ဓစ္စ သဟဂတ်စိတ်၊ ဝိစိကိစ္ဆာသဟဂတ်စိတ်တို့၏ အထူးကို ဖော်ပြပါ။

၁၅၃-ဖြေ။ ။ဥဒ္ဓစ္စသဟဂတ်စိတ်သည် တခုသောအာရုံ၌တုန်လှုပ်ပါသည်။ ဝိစိကိစ္ဆာသဟဂတ်စိတ်သည် အထူးထူးသော အာရုံ၌ တုန်လှုပ်ပါသည်။ ဤသို့ ထူးကြပါသည်။

† ဥဒ္ဓံစ္စဥို ကောရမ္မဏော ဝိပ္ပန္နတိ၊ ဝိစိကိစ္ဆာ နာနာရမ္မဏော။
(အဋ္ဌသာလိနီ)

● အဘယ့်ကြောင့် အကုသိုလ်မည်ပါသနည်း။ဥပမာဖြင့် ထင်ရှားစွာပြခဲ့ပါ။

၁၅၄-ဖြေ။ ။မိတ်ဆွေ၏ ဆန့်ကျင်ဘက်သည် ရန်သူမည်သကဲ့သို့ ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အကုသိုလ် မည်ပါသည်။ အကုသလံ-၌ အ,သဒ္ဒါသည် ပဋိပက္ခ (ဝိရုဒ္ဓ) အနက်ဟော ဖြစ်ပါသည်။ "နကုသလံ အကုသလံ-ဟု" ဝစနတ္ထပြုလေ။

† ကုသလပဋိပက္ခာနိ အကုသလာနိ၊ မိတ္တပဋိပက္ခော အမိတ္တော ဝိယ။ (၌)

● ကုသိုလ်နှင့် အကုသိုလ်ဘို့သည် မိတ်ဆွေ၏ ဆန့်ကျင်ဘက် ဖြစ်သော ရန်သူကဲ့သို့ ဆန့်ကျင်သည်ဟု ဆိုလျှင် တဦးကိုတဦး သတ်ဖြတ်သည်ဦးဆဲသောအားဖြင့် ဆန့်ကျင်ပါသလော။

၁၅၅-ဖြေ။ ။ကုသိုလ်နှင့် အကုသိုလ်တို့သည် ပဟာယက ပဟာတဗ္ဗ (ပယ်တတ်,ပယ်အပ်) အဖြစ်ဖြင့်သာ ဆန့်ကျင်ကြပါသည်။ တဦးကိုတဦး သတ်ဖြတ်သည်ဦးဆဲသောအားဖြင့် ဆန့်ကျင်ခြင်းမျိုးမဟုတ်ပါ။
(ကုသိုလ်သည် ပဟာယက၊ အကုသိုလ်သည် ပဟာတဗ္ဗ။)

† ပဋိပက္ခဘာဝေါစ ကုသလာကုသလာနံ ယထာက္ကမံ ပဟာယက ပဟာတဗ္ဗဘာဝေန ဝေဒိတဗ္ဗော။ (၌)

● အဘယ့်ကြောင့် ကုသိုလ်သာ ပဟာယကဖြစ်၍ အကုသိုလ်က ပဟာတဗ္ဗ-ဖြစ်ပါသနည်း။ အကုသိုလ်က ပဟာယက ကုသိုလ်က ပဟာတဗ္ဗလည်း ဖြစ်နိုင်သည် မဟုတ်ပါလော။

၁၅၆-ဖြေ။ ။မဖြစ်နိုင်ပါ။ ကုသိုလ်သည်သာလျှင် မဟာဗလဝဖြစ်၍ ဗယောဂကို ပြီးစီးစေနိုင်သဖြင့် အမြဲသတ္တဝါတို့၏ သန္တာန်၌ ကိန်းအောင်းသော အကုသိုလ်ဘို့ကို တဒင်္ဂ-ဝိက္ခမ္ဘန-သမုစ္ဆေဒ ပဟာန်တို့ဖြင့် ပယ်စွန့်နိုင်ပါသည်။ ထို့ကြောင့် ကုသိုလ်ကသာ ပဟာယကဖြစ်၍ အကုသိုလ်က အားသေးသောကြောင့် ပဟာယက မဖြစ်နိုင်ပါ။

† မဟာဗလဝ တာယ ပန ကုသလာယေဝ ပယောဂနိပ္ဖာဒိတာ သဒါနုသယိတေ အကုသလေ တဒင်္ဂဝိက္ခမ္ဘနသမုစ္ဆေဒဝသေန ပဇဟန္တီ။ (၄)

† ကုသလံ ဟိ မဟာဗလံ၊ အကုသလံ ဒုဗ္ဗလံ။ (အဘိဓမ္မတ္ထဝိဘာဝိနီ။)

● အဘယ့်ကြောင့် ကုသိုလ်သည် ဗလဝန္တ ပဟာယက ဖြစ်၍ အကုသိုလ်သည် ဒုဗ္ဗလ ပဟာတဗ္ဗ ဖြစ်ရပါသနည်း။

၁၅၇-ဖြေ။ ။ကုသိုလ်သည် ရွှေစစ် ကဲ့သို့ အနှစ်နှင့် ပြည့်စုံ၍ အဖန်ဖန် ပွားများခြင်းငှာ ထိုက်သဖြင့် ပွားများခဲ့သော် ခိုင်ခံ့အားရှိ၍ အရဟတ္တမဂ်တိုင်အောင် ကြီးပွားဖွံ့ဖြိုးလျက်အပါယ်ကြောဝင့်ကြောကို အကြွင်းမဲ့ဖြတ်ပြီး အနုပါဒိသေသ နိဗ္ဗာန်တိုင်အောင် အကျိုးသက်ဝင်နိုင်သောကြောင့် ကုသိုလ်သည် ဗလဝန္တ ပဟာယက ဖြစ်ပါသည်။

အကုသိုလ်မှာကား....ရွှေတုကဲ့သို့ အကာမျှသာဖြစ်၍ အဖန်ဖန် ပွားများခြင်းငှာ မထိုက်။ အဖန်ဖန် ပွားများသော်လည်း တုန်လှုပ်ချောက်ချားလျက် အပါယ်ဘုံတခုသို့သာ အမြဲအကျိုးသက်ဝင်စေနိုင်သဖြင့် ကုသိုလ် အမြစ်အရင်းကို အကြွင်းမဲ့ဖြတ်၍ သတ္တဝါတို့ကို ဝဋ်တရား ရေယဉ်ကြောမှ မကယ်တင်နိုင်သောကြောင့် အကုသိုလ်သည် ဒုဗ္ဗလ-ပဟာတဗ္ဗသာ ဖြစ်ရပါသည်။ (ပရမတ္ထဒီပနီ)

● အကယ်၍ အကုသိုလ်က ပဟာယက ဖြစ်နိုင်သည်ဟု ဆိုလျှင် အဘယ်အပြစ် ဖြစ်မည်နည်း။

၁၅၈-ဖြေ။ ။အကုသိုလ်က စင်စစ်ကုသိုလ်မူလကို ဖြတ်အပ်သော ကြောင့် သတ္တဝါတွေအပါယ်ဘုံမှာပြည့်ပြီး, အပါယ်ဘုံမှလွတ်ကြတော့ မည်မဟုတ် ဟူသော အပြစ်ဖြစ်နိုင်ပါသည်။

† ဇုတရထာ ကုသလာနဓိ အကုသလေဟိ ပဟာတဗ္ဗာဝေ အစ္ဆန္ဒ သမုစ္ဆိန္နကုသလမူလတ္တာ အပါယ ပူရကာဝေ သတ္တာ သိယုံ။ (ဇူ)

● အကုသိုလ်စိတ်သည် ကာမာဝစရကောန်ဖြစ်ပါလျက် အဘယ့် ကြောင့် ကာမာဝစရအကုသိုလ်စိတ်ဟု မဆိုပါသနည်း။

၁၅၉-ဖြေ။ ။အကုသိုလ်သည် ကာမာဝစရကောန်ဖြစ်သော်လည်း ကုသိုလ်သည် ကာမာဝစရ ကုသိုလ်-ရူပါဝစရ ကုသိုလ်-အရူပါဝစရ ကုသိုလ်ဟုပြားသကဲ့သို့ ကာမာဝစရအကုသိုလ်-ရူပါဝစရအကုသိုလ်-အရူပါဝစရ အကုသိုလ်ဟု ပြားမှုမရှိသောကြောင့် ကာမာဝစရ အကုသိုလ်ဟု မဆိုဘဲ အကုသိုလ်စိတ်ဟုသာ ဆိုပါသည်။

(အဋ္ဌသာလိနီ)

● 'ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ'ဟု ဟောတော်မူသည့် အတိုင်း စိတ်သည် ဖြူစင်သည်ဟု ဆိုငျှင် အကုသိုလ်စိတ်သည် ဖြူစင်ပါ မည်လော။

၁၆၀-ဖြေ။ ။ပဘဿရမိဒံ-ဟု ဟောတော်မူခြင်းသည် ဘဝင်စိတ်ကို ရည်၍ ဟောတော်မူခြင်း ဖြစ်သည်။ ဂင်္ဂါမြစ်မှ ထွက်လာသော မြစ်သည် ဂင်္ဂါမြစ်နှင့် သဘောတူသကဲ့သို့ ထို ဖြူစင်သောစိတ်မှ ထွက် လာသော အကုသိုလ်တို့လည်း ဖြူစင်သည်ဟုပင် ဆိုရပါသည်။တနည်း အားဖြင့် အလုံးစုံသော စိတ်သည် သဘောအားဖြင့် ဖြူစင်ကြပါသည်။ အာဂန္ဓုကဖြစ်သော ဥပက္ကိလေသ တရားတို့ကြောင့်သာ ညစ်နွမ်းကြ ပါသည်။ထို့ကြောင့် အကုသိုလ်ကိုလည်း သဘောအားဖြင့်ဖြူစင်သည် ဟုပင် ဆိုရပါသည်။

{ကုသိုလ်စိတ်သည် မိမိသဘောက ဖြူစင်သောကြောင့်ဖြူစင်သည်။ အကုသိုလ်စိတ်သည် ဘဝင်အကျိုးဆက်ကြောင့် ဖြူစင်သည်။ဝိပါက်စိတ်သည် မှီရာဝတ္ထုဖြူစင်၍ဖြူစင်သည်။ကုသလဦ အတ္တနော ပရိသုဒ္ဓတာယ ပဏ္ဍရံနာမ၊ အကုသလံ ဘဝင်နိဿန္ဒေန၊ ဝိပါကံ ဝတ္ထု ဗဏ္ဍရတ္တာ။} (အဋ္ဌသာလိနီ)

† တတော နိက္ခန္တတ္တာ ပန အကုသလမ္ပိ ဝင်္ဂါယ နိက္ခန္တာ နဒီ ဝင်္ဂါဝိယ ပဏ္ဍရန္တေဝ ဝုတ္တံ။ (အဋ္ဌသာလိနီ)

† တဉ္ဍိ ပဏ္ဍရတော နိက္ခန္တံ၊ သယဉ္စ ပဏ္ဍရံ။ (မူလဋီကာ)

● အကုသိုလ်စိတ်-အကုသိုလ်စေတသိက်၊ ကုသိုလ်စိတ်-ကုသိုလ်စေတသိက်-ဟု ခေါ်ရာ၊ အကုသိုလ်-ကုသိုလ်ဟူသော အမည်သည် စိတ်၏ အမည်ရင်းပင် ဖြစ်ပါသလော၊ စေတသိက်၏ အမည်ရင်းပင် ဖြစ်ပါသလော။

၁၆၁-ဖြေ။ ။စိတ်သည် ပကတိသဘောအားဖြင့် ပြိုးပြိုးပြက် ဖြူစင်တောက်ပ၏။ ရာဂ-စသော အကုသိုလ် အယုတ်တရားတို့ကြောင့်သာ ညစ်နွမ်းရ၏ဟု ဟောတော်မူသောကြောင့်၎င်း, စိတ်၏အာရုံကို သိမှုသဘောသည် တွေဂေခြင်း စသည်ကဲ့သို့ စင်စစ် အပြစ်ရှိသည်လည်း မဟုတ်၊ သဒ္ဓါယုံကြည်ခြင်း စသည်ကဲ့သို့ စင်စစ်အပြစ်ကင်းသည်လည်း မဟုတ်သောကြောင့်၎င်း, အကုသိုလ်,ကုသိုလ်-ဟူသော အမည်သည် လောဘ-စသော စေတသိက် သဒ္ဓါ-စသော စေတသိက်တို့၏အမည်ရင်းသာ ဖြစ်ပါသည်။ စိတ်၏အမည်ရင်း မဟုတ်ပါ။ (ပရမတ္ထဒီပနီ)

● ဇူစွေဝံ - ပုဒ်ကို ဖြစ်သင့်သမျှ ပုဒ်ခွဲ၍ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၁၆၂-ဖြေ။ ။ဇူစွေဝံ။ ဇူတိ+ဧဝံ-ဟု ပုဒ်ဖြတ်။ဇူတိ-နိပါတ်၊ဧဝံ-နိပါတ်။ ဇူတိ-သဒ္ဓါဖြင့် သောမနဿ သဟဂတ ဒိဋ္ဌိဂတ သမ္ပယုတ္တ ၁၂-အရိကစသောသဒ္ဓါအပေါင်း။ ထိုသဒ္ဓါသည်ဟောအပ်ကုန်သော ပါးသေခ်ါသာ အကုသိုလ်စိတ်တို့၏ အပေါင်းကို ညွှန်ပြခြင်း နိဒဿန

အနက်ရှိသည်။ ဧဝံ-သဒ္ဒါဖြင့် သောမနဿ သဟဂတ ဒိဋ္ဌိဂတ သမ္ပယုတ္တ အသခ်ါရိက-သဒ္ဒါသည် ပဌမ။ ထိုသဒ္ဒါသည် ဟောအပ်သော သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် အသခ်ါရိကစိတ် ဟူသော အနက်သည်လည်း ပဌမ။ သောမနဿ သဟဂတ ဒိဋ္ဌိဂတသမ္ပယုတ္တ သသခ်ါရိက - သဒ္ဒါသည် ဒုတိယ။ ထို သဒ္ဒါသည် ဟောအပ်သော သောမနဿသဟဂုတ် ဒိဋ္ဌိဂတ သမ္ပယုတ် သသခ်ါရိကစိတ် ဟူသော အနက်သည်လည်း ဒုတိယ။ ဤသို့ သဒ္ဒါအနက်တို့၏ (အစဉ်) ကို သွန်ပြခြင်း နိဒဿန အနက်ရှိသည်။ (ဋ္ဌစွေဝံ-ဋ္ဌတိဧဝံ၊ ဤသို့သော သဒ္ဒါအစဉ်,အနက်အစဉ်အားဖြင့် ဤသို့ အနက်ပေး။)

တနည်း.... ဋ္ဌစွေဝံ ကား.... တတိယာ ဧကဝုစ် အဆုံး ရှိသော နိပါတ်ပုဒ် အပေါင်းတည်း။ (ဋ္ဌစွေဝံ-ဋ္ဌတိဧဝံ ယထာဝုတ္တ နယေန၊ အကြင် အကြင် ဆိုခဲ့ပြီးသော - သောမနဿ သဟဂတံ အစ ရှိသော နည်းဖြင့်။ ဤသို့ အနက်ပေး။) (ဋီ)

● သဗ္ဗထာပိ-အရ အဓိပ္ပာယ်ကို ဖော်ပြပါ။

၁၆၃-ဖြေ။ ။သောမနဿ,ဥပေက္ခာ,ဒိဋ္ဌိသမ္ပယောဂ,ပဋိဃ,ဝိစိကိစ္ဆာ,ဥဒ္ဓစ္စ ဟိုဏ် ယထာရဟ သမ္ပယောဂ-ဝိပ္ပယောဂ-အသခ်ါရိက သသခ်ါရိက-ဟူသော အပြားအားဖြင့် ဖြစ်ခြင်းကို သဗ္ဗထာ-ဆိုသည်။ (ဋီ)

တနည်းအားဖြင့်....လောဘမူစိတ် (၈) ပါး။ ဒေါသမူစိတ် (၂) ပါး။ မောဟမူစိတ် (၂) ပါးအားဖြင့် ပြားခြင်းကို သဗ္ဗထာ ဆိုသည်။ (ဇူ)

● "သမတ္တာနိ" ပုဒ်ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်ကို လည်း ရှင်းလင်းခဲ့ပါ။

၁၆၄-ဖြေ။ ။သမတ္တ - သဒ္ဒါကား....ပရိနိဋ္ဌိတဝါစက အနိုဝုန္ဒ ပါဋိပဒိက ပုဒ်တည်း။ဂင်းကို 'ပရိနိဋ္ဌိတာနိ' ဟူသောဋီကာဖြင့်ပြသည်။

တနည်း.... "သမ္ပဋ္ဌိသု ပရိနိဋ္ဌာနံ ဂစ္ဆိသူတိ သမတ္တာနိ" ပြု။ သံ-ပုဗ္ဗ၊အဇ-ဓာတ်၊တ-ပစ္စည်း။ဓာတွန်ဇ-ကိုတ-ပြု။သံသဒ္ဒါဓာတွတ္ထ

ဗာဓက။အဇ-ဓာတ်-ပရိနိဋ္ဌိတ ဝါစက၊နိပ္ပန္ဓ ပါဋိပဒိကတည်း။ပြီးဆုံးခြင်းသို့ ရောက်တတ် သောကြောင့် သမတ္တ-မည်၏။ ၎င်းကို 'ပရိနိဋ္ဌိတာနိ'ဟူသော ဋီကာဖြင့်ပင် ပြသည်။

တနည်း....''သင်္ဂဟေတွာ အတ္တယိ ံသု ဂဏိ ံသူတိသမတ္တာနိ'' သံ-ပုဗ္ဗ။ အဒ-ဓာတ်။ တ-ပစ္စည်း။ ဓာတွန်ဒ-ကို တ-ပြု။ သံ-သဒ္ဒါ သင်္ဂဟတ္ထ၊ အဒ-ဓာတ် ဂဟိတတ္ထဝါစက။ ပေါင်းရုံး၍ ယူအပ်သောကြောင့် သမတ္တ-မည်၏။၎င်းကို'သင်္ဂဟေတွာဝါ အတ္တာနိ ဂဟိတာနိ' ဟူသော ဋီကာဖြင့် ပြသည်။

● အဌဓာလောဘမူလာနိ-စသော ဂါထာသည် သင်္ဂဟဂါထာ-နိဂမနဂါထာ - အတ္ထန္တရ ဂါထာမျိုးတို့တွင့် အဘယ်ဂါထာမျိုး ဖြစ်ပါသနည်း။

၁၆၅-ဖြေ။ ။ဇုစ္စေဝံ - အစရှိသော စကားဖြင့် ဆိုအပ် ပြီးသော စိတ်တို့ကို သွင်းယူပြီးဖြစ်သောကြောင့် နိဂမနဂါထာ ဟုတ်။ အနက်သစ်ကို မဆိုခြင်းကြောင့် အနက်ထူးသော အတ္ထန္တရ ဂါထာလည်း မဟုတ်။ အမှန်မှာ-ဆိုခဲ့ပြီးသော အကုသိုလ်စိတ်တို့ကို ယူလွယ်စေခြင်းငှာ ဤဂါထာဖြင့် အကျဉ်းချုံး၍ ဆိုအပ်သောကြောင့် ''သင်္ဂဟ'' ဂါထာမျိုးသာ ဖြစ်ပါသည်။

● လောဘမူလ-ပုဒ်ကို အစိတ်အပေါင်း ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ရှင်းလင်းခဲ့ပါ။

၁၆၆-ဖြေ။ ။''အာရမ္မဏေ လုဗ္ဘတီတိ လောဘော၊'မူလယတ် ပတ်ဌာတိ ဧတ္ထ ရုက္ခောတိ မူလံ၊ မူလံ ဇုဝ မူလံ၊ လောဘော မူလံ ဧတဿာတိ လောဘမူလံ''။(ဝစနတ္ထ)လောဘဟုဆိုအပ်သော မူလရှိသောကြောင့် လောဘမူစိတ် မည်သည်။ (အဓိပ္ပာယ်) လောဘမူလံ အရ လောဘမူစိတ် (၈) ခုပင် ရ၏။

{ဋီကာကျော်တွင် 'လောဘော စ သော သုပ္ပတိဋ္ဌိတဘာဝ သာဓနေန မူလ သဒိသတ္တာ မူလဥ' ကား....''လောဘောစ သော မူလဥာတိ လောဘမူလံ''ဟု ကမ္မဓာရည်း သမာသ်ပြု

ဘို့ပြခြင်းမဟုတ်။လောဘ-ပုဒ်နှင့် မူလပုဒ် ၂-ပုဒ်အရတူသည်ဟု ပြခြင်းမျှ ဖြစ်သည်။ ဝစနတ္ထကို အထက်က ပြခဲ့သည့်အတိုင်း ဗဟုဗ္ဗီဟိ ပြု၍ စိတ်ကို အရကောက်ရမည်။ "တံ ဧတေသန္တိ လောဘမူလာနိ" ဟူသော ဋီကာကျော်၌လည်း "တံ-သဒ္ဒါဖြင့် လောဘော မူလံ-ဟူသော ၂-ပုဒ်ကို သုံးသပ်စွဲယူခြင်းကြောင့် ဗဟုဗ္ဗီဟိသမာသ်သာဖြစ်ရမည်ဟုပြသည်။အသတ္ထိတဒ္ဓိတ်မဖြစ်ဟု အထူးမှတ်။ အဘိဓမ္မတ္ထ ဝိကာသိနီ-၌လည်း ဗဟုဗ္ဗီဟိသာပြသည်။ } (၄)

● လောဘမူလ-အရ စေတသိက် ကေဝိသနှင့် စိတ္တဇရုပ်တို့သည်လည်း လောဘမူလပင် မဟုတ်ပါလော။သို့ဖြစ်လျှင် ၎င်းတို့ကို မကောက်ဘဲ လောဘမူလအရ၊အဘယ့်ကြောင့်လောဘမူစိတ်ကိုသာ ကောက်ယူပါသနည်း။

၁၆၇-ဖြေ။ ။စေတသိက် ကေဝိသနှင့် စိတ္တဇရုပ်တို့သည်လောဘမူလပင် ဖြစ်သော်လည်း ၎င်းတို့ကို မကောက်ယူဘဲ၊ စိတ်သာလျှင် တည်ရာပဓာန ဖြစ်သောကြောင့် လောဘမူစိတ်ကိုသာ ကောက်ယူပါသည်။

† စိတ္တာဓိကာရတ္တာ လောဘမူလ ဘာဝေဝိ စေတသိကာနိ နိဝတ္တေတိ စိတ္တဇရူပါနိ ဝါ။ (၄)

● အဘယ့်ကြောင့် လောဘမူ (၈) ပါး၊ ဒေါသမူ (၂) ပါး၊ မောဟမူ (၂) ပါး ပြားရပါသနည်း။

၁၆၈-ဖြေ။ ။လောဘမူသည် ဝေဒနာ,သမ္ပယောဂ,သင်္ခါရပြားသောကြောင့် (၈) ပါး၊ ဒေါသမူသည် သင်္ခါရ ပြားသောကြောင့် (၂) ပါး၊ မောဟမူသည် သမ္ပယောဂ ပြားသောကြောင့် ၂-ပါး ပြားရပါသည်။ (၄)

- အကုသိုလ်စိတ်သည် သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏာအားဖြင့် တပါးတည်းသာဖြစ်သင့်လျက် အဘယ့်ကြောင့် ၁၂-ပါးပြားရ ပါသနည်း။

၁၆၉-ဖြေ။ ။လက္ခဏာအခေးဖြင့် တပါးတည်းဖြစ်သင့်သော်လည်း သမ္ပယောဂ-သခ်ါရအပြားအားဖြင့် ပြားသောကြောင့် ၁၂-ပါးပြားရ ပါသည်။

† မူလဘေဒတောတိဝိဓမ္ပိ အကုသလံ သမ္ပယောဂါဒိဘေဒတော ဒ္ဓါဒသဓာ ဝိဘဇိတ္ဓာ။ (ဋီ)

အကုသိုလ်စိတ် အဖြေ ပြီး၏။

အဟိတ်စိတ် အဖြေ

●

- အကုသိုလ်စိတ်၏ အခြားမဲ့၌ အဟိတ်စိတ်ကို အဘယ့်ကြောင့် ပြပါသနည်း။

၁၇၀-ဖြေ။ ။အသောဘဏအဖြစ်ဖြင့်တူသောကြောင့် အကုသိုလ်၏ အခြားမဲ့၌ အဟိတ်စိတ်ကို ပြပါသည်။

- အဟိတ်စိတ်၌ အကုသလဝိပါက် ကုသလဝိပါက် ကြိယာအားဖြင့် သုံးမျိုးရှိလျက် အကုသလဝိပါက်စိတ်ကို အဘယ့်ကြောင့် ရှေးဦးစွာ ပြပါသနည်း။

၁၇၁-ဖြေ။ ။အဟိတ်စိတ်မှာ သုံးမျိုးပင်ရှိသော်လည်း အကုသိုလ်၏ အခြားမဲ့၌ အကုသိုလ်၏ အကျိုးကို ခွဲခြမ်း ဝေဖန်၍ ပြလို သဖြင့် အကုသလ ဝိပါက်ကို ရှေးဦးစွာ ပြပါသည်။

† တေသံ အကုသလ ဝိပါကာဒိဝသေန တိဝိဓဘာဝေပိ အကုသလာနန္တရံ အကုသလ ဝိပါကောယေဝ သတ္တဓာ ဝိဘဇိတုံ။ (ဋီ)

† အကုသလဝိပါကတ္တာ တဒနန္တရံ တံ ဝိပါကို ဝုတ္တံ။ (သခေါ)

● အကုသလဝိပါက်သည် အကုသိုလ်၏ အကျိုးတမျိုးတည်းသာ ဖြစ်သင့်လျက် အဘယ့်ကြောင့် ၇-ပါး ပြားရပါသနည်း။

၁၇၂-ဖြေ။ ။အကုသိုလ်၏အကျိုးဖြစ်၍ တမျိုးတည်းသာဖြစ်သင့်သော်လည်း စက္ခု စသော မှီရာသမ္ပဋိုစ္ဆိုင်းစသောကိစ္စတို့၏အပြားဖြင့် ၇-ပါး ပြားရပါသည်။

† စက္ခာဒိနိဿယ သမ္ပဋိစ္ဆနာဒိ ကိစ္စဘေဒေန သတ္တဓာ။ (ဋီ)

● အကုသလ ဝိပါက်၏ အခြားမဲ့၌ ကုသလဝိပါက် ကြိယာတို့ကို အဘယ့်ကြောင့် ပြပါသနည်း။

၁၇၃-ဖြေ။ ။အကုသလဝိပါက်၏အခြားမဲ့၌ ဝိပါက်ချင်းတူသောကြောင့် ကုသလဝိပါက်ကို၊ ထိုနောင် အဟိတ်အဖြစ်ဖြင့် တူသောကြောင့် ကြိယာကို မြပါသည်။

† ဝိပါကသာမညေန တဒနန္တရံ ကုသလဝိပါကံ ဝုတ္တံ။ တတော ပစ္ဆာ အဟေတုကသာမညေန ကြိယဒွယံ။ (သခေ်ပ)

● စက္ခု-ပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ် ဖော်ပြပြီးလျှင် အရလည်း ကောက်ခဲ့ပါ။

၁၇၄-ဖြေ။ ။"စက္ခတိ ဝိညာဏာဓိဋ္ဌတံ ဟုတ္ဌာ သမဝိသမံ အာစိက္ခန္တံ ဝိယဟောတီတိစက္ခု။စက္ခတိ ရူပံ အဿာဒေန္တံ ဝိယဟောတီတိ စက္ခု။စက္ခတိ ရူပံ ဝိဘာဝေတီတိ စက္ခု"စက္ခုဝိညာဏ်၏တည်ရာဖြစ်၍ ညီညွတ် မညီညွတ်သည်ကို ပြောကြားသကဲ့သို့ ဖြစ်တတ်သောကြောင့်၎င်း။ ရူပါရုံကို သာယာသကဲ့သို့ဖြစ်တတ်သောကြောင့်၎င်း။ ရူပါရုံကို ထင်ရှားစွာ ဖော်ပြ တတ် သော ကြောင့် ၎င်း စက္ခု - မည် ပါ သည်။ (အဓိပ္ပာယ်) အရကား.... စက္ခု ပသာဒကို မုချအားဖြင့် ရ၏။ စက္ခုပသာဒနှင့် တကွဖြစ်၍ မျက်မှောင်ရိုးဖြင့် ပိုင်းခြား အပ်သော အသားစိုင်ကို ဌာနျူပစာရအားဖြင့် ရ၏။ ဝိညာဏံကို "ဝိဇာနာတီတိ ဝိညာဏံ" ဟုပြု။သောတ,ဃာန,ဇိဝှါတို့၌လည်း ပသာဒကို မုချ။၎င်း၏မှီရာ အသားစိုင်ကို ဌာနျူပစာရအားဖြင့် အရကောက်လေ။ ပြီးမှ-စက္ခုသို့

နိဿိတံ ဝိညာဏံ စက္ခုဝိညာဏံ။ သောတဝိညာဏံ။ ဃာနဝိညာဏံ။ ဇိဝှါဝိညာဏံ''ဟု တွဲလေ။ (ဦ-စသည်)

- စက္ခုဝိညာဏ်-ပုဒ်ကို 'စက္ခုသို့ ပဝတ္တံ ဝိညာဏ်' ဟု ဝစနတ္ထ ပြုသင့်, မပြုသင့် အကြောင်းချင့်၍ ဆုံးဖြတ်ခဲ့ပါ။

၁၇၅-ဖြေ။ ။''စက္ခုသို့ ပဝတ္တံ ဝိညာဏံ''ဟု ဝစနတ္ထပြုလျှင် စက္ခုဒွါရိကစိတ် အားလုံးသည် စက္ခုဝိညာဏ် မည်ရာသောကြောင့် ထိုသို့ ဝစနတ္ထ မပြုသင့်ပါ။

- ဇုတရထာ သဒ္ဒေသံ စက္ခုဒွါရိကစိတ္တာနံ စက္ခုဝိညာဏဘာဝေါ အာပဇ္ဇေယျ။ (ဇူ)

- ''စက္ခတိ ရူပံ အဿာဒေန္တံ ဝိယဟောတိတိ စက္ခု'' ဝစနတ္ထ အရ-ရူပါရုံကို သာယာသက့်သို့ ဖြစ်တတ်သောကြောင့် စက္ခု မည်သည်ရှိသော် သောတပသာဒစသည်လည်းသောတာရုံကို သာယာ တတ်သောကြောင့် စက္ခုပင် မည်သည်ဟု မှတ်ရ မည်လော။

၁၇၆-ဖြေ။ ။မမှတ်ရပါ။မယုရ-သဒ္ဒါသည် မြေ၌တွန်တတ်သော ငှက်အပေါင်းကို ဟောသော်လည်း ဥဒေါင်း၌သာ ထင်သဖြင့် ဥဒေါင်း ကိုသာ ယူရသက့်သို့ သာယာခြင်း သဘောတူသော်လည်း စက္ခုသဒ္ဒါ ကို....ရှုခြင်းငှာအလိုရှိအမ်သောကာတေဏ္ဍာလျှင်အကြောင်းရှိသော ကိကြောင့်ဖြစ်သော မဟာဘုတ်ကိုဆ် ကြည်ခြင်း လက္ခဏာ ရှိသော စက္ခုပသာဒ၌သာ အထင်အားဖြင့်တင်စားအမ်သောကြောင့် သောတ ပသာဒစသည်သည် စက္ခုပင်မည်သည်ဟု မမှတ်ရတော့ပါ။(ရုဒ္ဒီဟူလို) (ဦ)

- သမ္မော အဌကထာဆရာသည် စက္ခုသန္ဓိဿိတလက္ခဏံ စက္ခု ဝိညာဏံ - လောက်သာ ဆိုသင့်လျက် အဘယ့်ကြောင့် ရူပ ဝိဇာနန လက္ခဏံ-ဟု ဆိုပါသနည်း။

၁၇၇-ဖြေ။ ။စက္ခုသန္ဓိဿိတ လက္ခဏံ-လောက်တွင်ဆိုက စက္ခု ပသာဒ၌ မှီသော ဖဿ စသော တရားများလည်း စက္ခုဝိညာဏ် မည်၊

သည်ဟူသော အနက်ရောက်ရာသောကြောင့် ထိုအနက်ကို နစ်ဓစခြင်း ငှာ ရူပဝိဇာနနလက္ခဏာ-ဟု အဋ္ဌကထာဆရာ ဆိုပါသည်။

† ရူပဝိဇာနနဂ္ဂဟဏော စံ စက္ခုသန္နိဿိတော ဖဿာဒယော ဓမ္မေ နိဝတ္တေတိ။ (၄)

● စက္ခုပသာဒသည်ရုပ်တရားဖြစ်၍အာရုံကိုမယူတတ်အကာဏ်း သာဖြစ်လျက် အဘယ်သို့ ပြောကြားသကဲ့သို့ ဖြစ်နိုင်မည်နည်း။

၁၇၈-ဖြေ။ ။ရုပ်တရားဖြစ်၍ အာရုံကို မယူတတ် အကာဏ်းသာ ဖြစ်သော်လည်း စက္ခုဝိညာဏ်၏ တည်ရာ ဖြစ်နေသောကြောင့် ပြော ကြားသကဲ့သို့ ဖြစ်နိုင်ပါသည်။

† ဝိညာဏာဓိဋ္ဌိတံ ဟုတ္တာ။ (၌)
ဝိညာဏာဓိဋ္ဌိတသာ ဘာဝတော အတ္ထော။ (၄)

● သိတတ်သောကြောင့် ဝိညာဏ်မည့်သည်ဖြစ်၍ ဝိညာဏ်သည် တပါးတည်း ဖြစ်သင့်လျက် အဘယ့်ကြောင့် စက္ခု၊ ဝိညာဏ်, သောတ ဝိညာဏ် စသည်ဖြင့် ပြားရပါသနည်း - ဥပမာဖြင့် ထင်ရှားစွာ ပြခဲ့ပါ။

၁၇၉-ဖြေ။ ။နတ်၏ အမည်သည် သာမညပင် ဖြစ်သော်လည်း ဓပေါက်ပင်နေသောကြောင့် ပေါက်ပင်နတ်။ ညောင်ပင်မှာ နေသော ကြောင့် ညောင်ပင်နတ် ခေါ်သကဲ့သို့ ဝိညာဏ်သည် သိတတ်သော အနက်သဘောအားဖြင့် တပါးတည်း ဖြစ်သော်လည်း စက္ခု၊ ပသာဒ၌ မှီ၍ဖြစ်သောကြောင့် စက္ခုဝိညာဏ်။ သောတပသာဒ၌မှီ၍ ဖြစ်သော ကြောင့် သောတဝိညာဏ် စသည်ဖြင့် ပြားရပါသည်။ (အင်္ဂါရ)

● တထာသောတဝိညာဏံ-စသည်၌ တထာသဒ္ဒါဖြင့်အဘယ်ကို ပြပါသနည်း။ စက္ခု-သည် သာယာသကဲ့သို့ဖြစ်သလို သောတ လည်း သာယာသကဲ့သို့ ဖြစ်သည်ကိုပင် ဆိုလိုပါသလော။

၁၈၀-ဖြေ။ ။မဟုတ်ပါ။ထို တထာ-သဒ္ဒါဖြင့် စက္ခုဝိညာဏ်သည် ဥပေက္ခာသဟဂတဖြစ်သလို သောတ, ဃာန, ဇိဝှါ-တို့လည်း ဥပေက္ခာ

သဟဂတပင်ဖြစ်သည်ဟု ညွှန်ပြပါသည်။ (ဤတထာသဒ္ဒါကို ဇိဝှါတိုင်ရုံသာ လိုက်ပါ။)

† တထာတိ ဣမိနာ ဥပေက္ခာသဟဂတဘာဝံ အတိဒိဿတိ။(ဋီ)

● သောတ,ဃာန,ဇိဝှါ-ပုဒ်တို့ကို အသီးသီးဝစနတ္ထပြု-အဓိပ္ပာယ်ဖော်ပြ၍ ဇီဝိတ-အရ မုချ ဥပစာ ခွဲကောက်ပြီးလျှင် ဇိဝှါ-ရုပ်ပြီးပုံကိုလည်း ညွှန်ပြပါ။

၁၈၁-ဖြေ။ ။"ဝိညာဏာဓိဋ္ဌိတံ ဟုတ္ဘာ သုဏာတီတိ သောတံ။ ဃာယတိ ဂန္ဓောပါဒါနံ ကရောတီတိ ဃာနံ။ ဇီဝိတံ အဝှါယတီတိ ဇိဝှါ" (ဝစနတ္ထ)။ဝိညာဏ်၏တည်ရာဖြစ်၍ သဒ္ဒါရုံကိုကြားတတ်သောကြောင့် သောတ။ ဂန္ဓာရုံကို ယူခြင်းကို ပြုတတ်သောကြောင့် ဃာန။ ဇီဝိတ်နွေ၏ အကြောင်းဖြစ်သော အာဟာရ ရသကို ခေါ်ဝေါ်တတ်သောကြောင့်ဇိဝှါ-မည်၏။(အဓိပ္ပာယ်များ)။(ဌင်းတို့၏အရကောက်ပုံကို စက္ခုပုဒ်တုံးကညွှန်ပြခဲ့သည့်အတိုင်းမှတ်) ဇီဝိတ-အရ ဇီဝိတ်နွေကို မုချ-အကျိုးဖြစ်သော ဇီဝိတ်နွေ၏ ဇီဝိတအမည်ကို အကြောင်းဖြစ်သော အာဟာရ-ရသ၌ တင်စား၍ အကြောင်းဖြစ်သော အာဟာရ-ရသကို ဖလူပစာရအားဖြင့် ရ၏။ ဇီဝိတအဝှါ-ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် ဇီဝိတ၌ ဝိတ။အဝှါ၌ အ-ကိုချေ။ဇီ-၌ ဤ-ကို ဣ-ရဿပြု၍ ဇိဝှါ-ဟု ပြီးပါသည်။

{သောတပသာဒ - ဃာန ပသာဒတို့သည် မကြားတတ်, မ နမ်း တတ် သော် လည်း ကြား တတ်,နမ်း တတ် သော ဌာနီ ဝိညာဏ်၏အမည်ကို ဌာနပသာဒမှာ တင်စား၍ ဌာနူပစာရအားဖြင့် ခေါ်ထားသည်ဟု မှတ်။ နိရုတ္တိနည်း အကြောင်းကို မစိုးရိမ် ရူပသိဒ္ဓိ အဖြေ ဥဏာဒ်အဆုံးမှာ ကြည့်ပါ။ }

† ဇီဝိတံ အဝှါယတိ တသ္မိံ နိန္ဓတာယာတိ ဇိဝှါ နိရုတ္တိနယေန။ (ဋီ)

● ဇီဝပါသာဒသည် ရုပ်တရား မဟုတ်ပါလော၊ ရုပ်တရားဖြစ်လျက် အဘယ့်ကြောင့် ရသာရုံကို ခေါ်ဝေါ်တတ်သည်ဟု ဆိုပါသနည်း။

၁၀၂-ဖြေ။ ။စင်စစ်ခေါ်ဝေါ်တတ်သည်ကား မဟုတ်ပါ။ ထိုရသာရုံ၌ အလိုအားလျော်စွာ ညွှတ်ကိုင်းတတ်သော သဘောရှိသောကြောင့် ထိုရသာရုံကို ခေါ်ဝေါ်တတ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

† တသ္မိံ နိန္နတာယ။ (၌)

† တသ္မိံ ဇိဝိတေ အဇ္ဈာသယတော နိန္နဘာဝေ အဝှါနတော အဝှါယတီနာမ။ န ကေန္တေန အဝှါနတောတိ အဓိပ္ပာယော။ (၇)

● ကာယ-ပုဒ်ကို ရသင့်သမျှအစိတ်အပေါင်းဝစနတ္ထပြု အဓိပ္ပာယ် ဖော်ပြ၍ အရှလည်း ကောက်ခဲ့ပါ။

၁၀၃-ဖြေ။ ။ကာယကို ကု+အာယ ပုဒ်ဖြတ်။ ကု-ကား-ကုစ္ဆိုတ္ထ။ အာယ-ကား ပဝတ္တနတ္ထ။ "အာယန္တိ ပဝတ္တန္တိ ဧတ္ထာတိ အာယော။ကုစ္ဆိတာနံ ပါပဓမ္မာနံ အာယောတိ ကာယော"။စက်ဆုပ်အော်ကုန်သော အကုသိုလ်တရားတို့၏ ဖြစ်ရာ ဌာန ဖြစ်သောကြောင့် ကာယ-မည်၏။ (အဓိပ္ပာယ်) ကာယပသာဒသည် မုချ၎င်း၏တည်ရာအသားစိုင်ကား - ဌာန။ ပစာရ အားဖြင့် ရ၏။ "အာယန္တိ ပဝတ္တန္တိ ဧတ္ထာတိ အာယော။ကုစ္ဆိတာနံ ကေသာဒီနံ အာယောတိကာယော" စက်ဆုပ် အော်ကုန်သော ဆံ အစရှိသည်တို့၏ ဖြစ်ရာဌာန ဖြစ်သောကြောင့် ကာယ-မည်၏။ (အဓိပ္ပာယ်) သသမ္ဘာရကာယ-ဟု ဆိုအပ်သော အသားစိုင်သည် မုချ။ ၎င်း၌တည်သော ပသာဒကား - ဌာန။ ပစာရအားဖြင့် ရ၏။ (ဤ ၂-ခုတွင် ပဌမ ဤ၌ ပသာဒကို, ဒုတိယ ဤ၌ သသမ္ဘာရကာယကို စွဲလေ။) (၌)

● အကုသိုလ်တရားတို့၏မှီ၍ဖြစ်ရာကား ဟဒယဝတ္ထုဖြစ်၍ဟဒယဝတ္ထုသည်သာအကုသိုလ်တရားတို့၏ဖြစ်ရာဖြစ်လျက် အဘယ့်ကြောင့် ကာယိန္ဒြေကို အကုသိုလ်တရားတို့၏ ဖြစ်ရာဟု ဆိုပါသနည်း။

၁၈၄-ဖြေ။ ။ထူးသောအကြောင်းဖြစ်သောကြောင့် ဆိုပါသည်။

{ကာယိန္ဒြေ-သည် ဖောဋ္ဌဗ္ဗာရုံကို ယူခြင်း သဘောရှိသောကြောင့် ထိုဖောဋ္ဌဗ္ဗာရုံ၌ သာယာသည်၏ အစွမ်းဖြင့် ဖြစ်ကုန်သော မေထုန သေဝန စသော အကုသိုလ်တရားတို့၏ဝင်း, ထိုဖောဋ္ဌဗ္ဗာရုံလျှင် အကြောင်းရင်းရှိကုန်သော အဒိန္ဒာဒါန်အစရှိကုန်သော အကုသိုလ်တရားတို့၏ဝင်း, ထူးသောအကြောင်းတခုဖြစ်၍ ထိုကာယိန္ဒြေကို အကုသိုလ်တရားတို့၏ ဖြစ်ရာဌာနကဲ့သို့ပြု၍ ဆိုသည်ဟူလို။ }

† ကာယိန္ဒြိယဠိ ဖောဋ္ဌဗ္ဗဂ္ဂဟဏ သဘာဝတ္တာ တဒဿာဒဝသပ္ပဝတ္တာနံ တမ္မူလကာနဥ္စ ပါပဓမ္မာနံ ဝိသေသကာရဏန္တိတေသံ ပဝတ္တိဋ္ဌာနံဝိယ ဂယှတိ။ (ဋီ)

● ဒုက္ခ-သမ္ပဋိစ္ဆန - သန္တီရဏ-ပုဒ်တို့ကို အသီးသီး ဝစနတ္ထပြု၍ အဓိပ္ပာယ်လည်း ဖော်ပြခဲ့ပါ။

၁၈၅-ဖြေ။ ။"ဒုကုစ္ဆိတံ ဟုတ္ဝာ ခနတိ ကာယိကသုခန္တိ ဒုက္ခံ" စက်ဆုပ်အပ်သည်ဖြစ်၍ ကာယိကသုခကို တူးဖြိုတတ်သောကြောင့် ဒုက္ခ-မည်သည်။ (ဒု+ခနု+ကွိ) "ဒုက္ခေန ခမ်တဗ္ဗန္တိ ဝါ ဒုက္ခံ" ဆင်းရဲစွာ သည်းခံအပ်သောကြောင့် ဒုက္ခ-မည်သည်။ (ဒု+ခမု+ကွိ). "ဒုက္ကရံ ဩကာသဒါနံ ဧတဿာတိ ဒုက္ခံ" ဆင်းရဲသောအခွင့်ပေးခြင်းရှိသောကြောင့် ဒုက္ခ-မည်သည်။ (ဒု+ခ+ဗဟုဗ္ဗီဟိ သမာသ်။ဒု-သဒ္ဒါ ဒုက္ကရအနက်ဟော။ ခ-သဒ္ဒါဩကာသဒါန အနက်ဟော အပရေဝါဒ) "ပဥ္စဝိညာဏဂ္ဂဟိတံ ရူပါဒိအာရမ္မဏံ သမ္ပဋိစ္ဆတိ တဒါကာရပ္ပဝတ္တိ ယာတိ သမ္ပဋိစ္ဆနံ" ပဥ္စဝိညာဏ်သည် ယူအပ်ပြီးသော ရူပါရုံ စသော အာရုံကို။ ထိုအာရုံနှင့်စပ်၍ဖြစ်သောအားဖြင့် ခံယူတတ်သောကြောင့် သမ္ပဋိစ္ဆိုင်း-မည်သည်။ ။"သမ္မာ တီရေတိ ယထာသမ္ပဋိစ္ဆိတံ ရူပါဒိအာရမ္မဏံ ဝိမံသဟိတိ သန္တီရဏံ" သမ္ပဋိစ္ဆိုင်းသည် ခံယူအပ်ပြီးသော ရူပါရုံ စသော အာရုံကို စုံစမ်းတတ်သောကြောင့် သန္တီရဏ-မည်ပါသည်။ (ဋီ)

● ပဉ္စဝိညာဏ်သည် ယူအပ်ပြီးသော အာရုံကို ခံယူတတ်သောကြောင့် သမ္ပဋိစ္ဆိုင်း-ဟု ဆိုရာ၊ လက်ဖြင့် ခံယူသကဲ့သို့ စင်စစ် ခံယူတတ်သောကြောင့် ဆိုပါသလော။

၁၈၆-ဖြေ။ ။မဟုတ်ပါ။ပဉ္စဝိညာဏ်သည် ယူအပ်ပြီးသော ရူပါရုံ အစရှိသော အာရုံကို ခံယူသော အခြင်းအရာ အားဖြင့် ဖြစ်သောကြောင့်သာ ခံယူတတ်သည်ဟု ဆိုပါသည်။ စင်စစ် လက်ဖြင့် ခံယူသကဲ့သို့ ခံယူတတ်သောကြောင့် ဆိုခြင်းမဟုတ်ပါ။

† တဒါကာရပ္ပဝတ္တိယာ။ (ဋီ)

† တဒါကာရပ္ပ ဝတ္တိယာတ် ရူပါဒိအာရမ္မဏဿ သမ္ပဋိစ္ဆနာကာရေန ပဝတ္တိတော၊ ဧတေန ဟတ္ထာဒိ သမ္ပဋိစ္ဆနံဝိယ ဧကန္တ သမ္ပဋိစ္ဆနံ နိဝတ္တေတိ။ (ဇူ)

● ဝိပါက-ပုဒ်ကို ဝစနတ္ထပြု၊ အဓိပ္ပာယ် ဖော်ပြ၍ ဝစနတ္ထအားလျော်စွာ ယူအပ် နစ်စေအပ်သော အနက်များကို ညွှန်ပြပါ။

၁၈၇-ဖြေ။ ။"အညမညဝိရုဒ္ဓါနံ ကုသလာကုသလာနံ ပါကာတိ ဝိပါကာ"အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်သောကြောင့် ဝိပါက်-မည်ပါသည်။ ဤဝစနတ္ထဖြင့် အကြောင်းဖြစ်သော ကုသိုလ် အကုသိုလ်ကံ'၏' 'နှင့်' "မုချကျိုး၏အဖြစ်" (နာမ်၏အဖြစ်ဖြင့်) တူသော ဝိပါက် စိတ်များကိုသာ ယူရပါမည်။ ကုသိုလ် အကုသိုလ်ကံ၏ အကျိုးပင် ဖြစ်သော်လည်း အကြောင်းဖြစ်သော ကုသိုလ် အကုသိုလ်ကံနှင့် နာမ်၏အဖြစ်ဖြင့် မတူသော ကမ္မဇရုပ်တို့ကို မယူရ နစ်စေပါသည်။

{အဌကထာ၌ကား.... အည မည ဝိသိဌာနံ ကုသလာ ကုသလာနံ ပါကာတိဝိပါကာ-ဟုပြုသေး၏။ကုသိုလ်အကုသိုလ်တို့၏အချင်းချင်းထူးပုံ အချင်းချင်းတူပုံကို 'မစိုးရိမ် ညဝါအဖြေ'၌ ရှုပါ။ }

† ဝိပက္ကဘာဝမာပန္ဒာနံအရူပဓမ္မာနမေတံအဓိဝစနံ။ဝေဌကတ္ဌာ ကုသလာ ကုသလကမ္မသမုဋ္ဌာနမ္ပိ ကဋတ္တာရူပါနံ နတ္ထိ ဝိပါက ဝေါဟာရော။ (ဋီ)

- သုခ-ပုဒ်ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ် ကိုလည်း ဖော်ပြပါ။

၁၈၈-ဖြေ။ ။"ကာယစိတ္တံ သုခယတီတိ သုခံ" (သုခ-ဓာတ်+အ-ပစ္စည်း) သုခိန္ဒြေဖြစ်သောကရဇကာယ သောမနဿိန္ဒြေဖြစ်သောသမ္ပယုတ်စိတ်ကို ချီးမြှောက်ခြင်းကို ပြုတတ်သောကြောင့် သုခ-မည်သည်။ "ကာယစိတ္တာဗာဓံ သုဋ္ဌုခနတီတိ သုခံ" (သု+ခနု+ကွိ) ဒုက္ခိန္ဒြေ ဖြစ်သော ကရဇကာယ၏ကျင်နာခြင်း,ဒေါမနဿိန္ဒြေဖြစ်သော သမ္ပယုတ်စိတ်၏ ကျင်နာခြင်းကို တူးဖြို တတ်သောကြောင့် သုခ-မည်သည်၊ "သုခေန ခမိတဗ္ဗန္တိ ဝါ သုခံ" (သု+ခမု+ကွိ) ချမ်းသာစွာ သည်းခံအပ်သောကြောင့် သုခ-မည်သည်။ 'သုကရံသြကာသဒါနံဧတဿာတိ သုခံ' (သု+ခ+ဗဟုဗ္ဗီဟိ သမာသ်-သု-သဒ္ဒါ သုကရအနက်ဟော-ခ, သဒ္ဒါ သြကာသဒါနအနက်ဟောအပရေဝါဒ) လွယ်ကူချမ်းသာသော အခွင့်ပေးမှုရှိသောကြောင့် သုခ-မည်ပါသည်။ (အဓိပ္ပာယ်) (ဋီ)

- အကုသလဝိပါက် သန္တီရဏကို တပါးသာ ဆိုသကဲ့သို့ မဆိုဘဲ ကုသလဝိပါက် သန္တီရဏကို အဘယ့်ကြောင့် ၂-ပါး ဆိုပါသနည်း။

၁၈၉-ဖြေ။ ။ဇုဋ္ဌာရုံ၌ သောမနဿ ဝေဒနာ ဇုဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာဝေဒနာဖြစ်၍ဇုဋ္ဌာရုံဇုဋ္ဌမဇ္ဈတ္တာရုံတို့၏အစွမ်းဖြင့်သောမနဿ ဥပေက္ခာဝေဒနာ ၂-ပါး ပြားသင့်သောကြောင့် ၂-ပါး ဆိုပါသည်။

† ဇုဋ္ဌဇုဋ္ဌမဇ္ဈတ္တာရမ္မဏဝသေနဝေဒနာဘေဒသမ္ဘဝတော။(ဋီ)

- အကုသလဝိပါက်၌လည်း အနိဋ္ဌာရုံ အနိဋ္ဌမဇ္ဈတ္တာရုံ တို့၏ အစွမ်းဖြင့် ဝေဒနာအပြား ဖြစ်သင့်၍ ၂-ပါးပင် ဆိုသင့်သည် မဟုတ်ပါလော။

၁၉၀-ဖြေ။ ။ဝေဒနာအပြား မဖြစ်သင့်၍ ၂-ပါး မဆိုသင့်ပါ။ အဘယ့်ကြောင့်ဟူမူ အနိဋ္ဌာရုံ၌ ဒေါမနဿဝေဒနာ အကယ်၍ဖြစ်အုံ။ ထို ဒေါမနဿ ဝေဒနာသည် ပဋိဃနှင့် မကင်းကောင်းရကား-ပဋိဃလည်း ဖြစ်ရာ၏။ သို့ဖြစ်ခဲ့သော် စင်စစ် အကုသိုလ် သဘောရှိသော

ပဋိဃသည် အဗျာကတ သဘောရှိသော ဝိပါက်စိတ်တို့၌ ဇာတ်ပြား သောကြောင့် ဖြစ်ရိုးမရှိ၊ ဖြစ်လည်း မဖြစ်သင့်။ သို့ဖြစ်သောကြောင့် ဝေဒနာမပြား၍ ၂-ပါး မဆိုခြင်း ဖြစ်ပါသည်။

{အကုသိလဇာတ်ရှိသော ပဋိဃသည် အဗျာကတဇာတ်ရှိသော အကုသလ ဝိပါက်တို့၌ မဖြစ်၊ သို့မဖြစ်၍ ၎င်းနှင့်အတူတကွ ဖြစ်သော ဒေါမနဿ ဝေဒနာလည်း မဖြစ်။ သို့မဖြစ်၍ ဝေဒနာ မပြား။ ဝေဒနာမပြား၍ သန္ဓိရဏလည်း မပြားဘဲ ဥပေက္ခာ သန္ဓိရဏ တပါးသာ ဖြစ်ရသည် ဟူလို။ }

တနည်းအားဖြင့် ပုတ်ခတ်လာသောအားကြီးသောယောကျ်ားကို အားနည်းသော ယောကျ်ားက လျစ်လျူရှု သည်းခံရသကဲ့သို့ အားနည်းသော အကုသလဝိပါက်စိတ်တို့သည်အနိဋ္ဌာရုံ၌လည်းဒေါမနဿ ဝေဒနာ မဖြစ်နိုင်သောကြောင့် ဥပေက္ခာ သန္ဓိရဏ တပါးသာ ဖြစ်ရပါသည်။ (ဋီ)

● အကုသလဝိပါက် သန္ဓိရဏကို ဒေါမနဿ သန္ဓိရဏ အဖြစ် မဆိုသင့်ပါက ကုသလဝိပါက်ကဲ့သို့ပင် သောမနဿ သန္ဓိရဏ ဥပေက္ခာ သန္ဓိရဏ အားဖြင့် ၂-ပါး ဆိုသင့်သည် မဟုတ်ပါလော။

၁၉၁-ဖြေ။ ။အကုသလဝိပါက်စိတ်တို့သည် ကောန္တ အနိဋ္ဌာရုံသာ အာရုံရှိ၍ သောမနဿသန္ဓိရဏမဖြစ်သင့်သောကြောင့် သောမနဿ ဥပေက္ခာ သန္ဓိရဏ အားဖြင့် ၂-ပါး မဆိုသင့်ပါ။

† ထို့ပန အကုသလ ဝိပါကာနံ ကောန္တာ နိဋ္ဌာရမ္မဏတ္တာ သောမနဿသဟဂတသန္ဓိရဏံ န သမ္ဘဝတိ။ (ဋီဟောင်း)

● အဟိတ် အကုသလ ဝိပါက်ကို ပြဆိုရာ၌ အကုသလ ဝိပါကံ ဟူသော ဝိသေသနဇ် မ, မ-ဘဲ အဟိတ် ကုသလဝိပါက်ကို ပြဆိုရာ၌ "ကုသလဝိပါကံ" ဟူသော ဝိသေသနကို အဘယ့်ကြောင့် ၍အနုဂ္ဂါဆရာ မ, ပါသနည်း။

၁၉၂-ဖြေ။ ။အကုသလ ဝိပါက်၏ အခြားမဲ့၌ ဖြစ်သောကြောင့် အကုသိလ၏အကျိုးဟုမှတ်ရာသေ့ကြောင့်၎င်း, အကြောင်းဖြစ်သော

မဟာကုသိုလ်စိတ်နှင့် ဝေးသောကြောင့် ကုသိုလ်၏အကျိုး မဟုတ်ဟု မှတ်ရာသောကြောင့်ငှင်း,၏ဝိပါက်စိတ်သည်အကုသလဝိပါက်စိတ်ပင် ဖြစ်လေသလောဟု တစုံတယောက်သောသူတို့ယုံမှားသံသယဖြစ်စရာ ရှိသောကြောင့်ငှင်း, ''ကုသလ ဝိပါကံ''ဟူသော ဝိသေသနကို ရှင်အနုရုဒ္ဓါဆရာ မ,ရပါသည်။ · (အင်္ဂုရ)

- ကုသလ ဝိပါက် ဖြစ်ကြောင်းကို အဟိတ် ကုသလ ဝိပါက်၏ အဆုံး၌'ဇုမာနိအဌပိ ကုသလဝိပါကာဟေတုကစိတ္တာနိနာမ' ဟူသော နိဂုံးဖြင့် ပြလတ္တံ့ ဖြစ်၍ ၏ အစ၌ အဘယ့်ကြောင့် 'ကုသလဝိပါကံ'ဟူသော ဝိသေသနကိုအပိုပြနေရပါသနည်း။

၁၉၃-ဖြေ။ ။ဇုတိပိ သော ဘဂဝါ....ဘဂဝါ၌ကဲ့သို့ အဟိတ် ကုသလဝိပါက် နိဂုံး၌ ကေန္တ ကုသလဝိပါက်အဖြစ်ကို မပြ။ အဟိတ် ကုသလဝိပါက် အမည်မျှကိုသာ ပြလတ္တံ့ဖြစ်၍ ကေန္တကုသလဝိပါက် အဖြစ်ကို ပြလိုသောကြောင့် 'ကုသလဝိပါကံ' ဟူသော ဝိသေသနကို အစ၌ ပြရပါသည်။ (ဂုဏဝါစက နာမဝါစကမျိုး ဟူလို) {ကုသလ ဝိပါကံ၌ပါသော တထာ-သဒ္ဒါကား-အကုန်လိုက်သော ကုသလဝိပါ ကံပုဒ်ကို မငင်။ အကုန်မလိုက် ဇိဝှါဝိညာဏံလောက်တွင် လိုက်သော ဥပေက္ခာသဟဂတံ ပုဒ်ကိုသာ ငင်သည်။} (အင်္ဂုရ)

- စက္ခုဝိညာဏ်စသော ဝိညာဏ်ငါးပါးတို့၏ဖြစ်ကြောင်းများကို အသီးသီး ဖော်ပြပါ။

၁၉၄-ဖြေ။ ။

အကြောင်းတရားများ				အကျိုးတရား
စက္ခုပသာဒ	ရူပါရုံ	အာလောက	နေသ်ကာရ	စက္ခုဝိညာဏ်
သောတပသာဒ	သဒ္ဒါရုံ	အာကာသဓာတ်	။	သောတဝိညာဏ်
ဃာနပသာဒ	ဂန္ဓာရုံ	ဝါယောဓာတ်	။	ဃာနဝိညာဏ်
ဇိဝှါပသာဒ	ရသာရုံ	အာပေါဓာတ်	။	ဇိဝှါဝိညာဏ်
ကာယပသာဒ	ဖောဋ္ဌဗ္ဗာရုံ	ပဿဒီဓာတ်	။	ကာယဝိညာဏ်

{ဤကား စကွဒိညာဏ်စသော ဝိညာဏ်ငါးပါး ဖြစ်ကြောင်း မျှားသာဖြစ်သည်။ ဝိထိပိုင်းလာ အာရုံထင်မှု မှာကား မနသိကာရ-မပါ။ အကြောင်းသုံးပါးနှင့်ပင် ရုပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံတို့ ထင်ခြင်းသို့ ရောက်နိုင်သည်။ မနသိကာရကား အာရုံထင်ပြီးမှဖြစ်ရ၍ ပဉ္စဝိညာဏ်၏ အကြောင်းသာဖြစ်သည် ဟု အထူးမှတ်လေ။}

● ဤ စကွဒိညာဏ် ဖြစ်ခြင်း အကြောင်းတို့ကို အဘယ့်ကြောင့် ၄-ပါး ဆိုပါသနည်း။ 'စက္ခုံစ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ' ဟု ဟောတော်မူသောကြောင့် စကွဒိညာဏ်ဖြစ်ခြင်း အကြောင်း ၂-ပါးသာ မဟုတ်ပါလော။

၁၉၅-ဖြေ။ ။၂-ပါးသာဟောသော်လည်း ထိုပါဋိဠိ၌ စ-သဒ္ဒါဖြင့် မနသိကာရနှင့် အာလောက စသော သမ္ပယုတ္တ ခန္ဓာများကို ယူရသောကြောင့် လေးပါးပင် ဆိုပါသည်။

† စက္ခုဝိညာဏုမ္မတ္တိယာ စတူသု ပစ္စယေသု စက္ခုရူပါနိ ဧဝ သရူပတော ဂုတ္တာနိတိ ဇာတရေ အာဝဇ္ဇနဉ္စ သမ္ပယုတ္တက္ခန္ဓာ စာတိ ဒွေ ပစ္စယာ စသဒ္ဒေန ဂဟိတာ။ (ပရမတ္ထဒီပနီ)

● ကုသလဝိပါက် အကုသလဝိပါက်၏ အစွမ်းဖြင့်ဖြစ်သော စကွဒိညာဏ်ဒွေး, သောတ, ဃာန, ဇိဝှာ ဝိညာဏ်ဒွေး တို့သည် အဘယ့်ကြောင့် ဥပေက္ခာ သဟဂတ်သာ ဖြစ်ပါသနည်း။

၁၉၆-ဖြေ။ ။ဝဇ္ဇ၊ အာရုံ ထိခိုက်ခြင်း အားနည်း သောကြောင့် ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ပင် ၎င်းလေးဒွေးတို့သည် ဥပေက္ခာသဟဂတ်သာ ဖြစ်ရပါသည်။

† ဝဇ္ဇာလမ္ဗဿဘာဝါနံ၊ ဘူတိကာနဥ္စိ ဃဋ္ဋနံ။
ဒုမ္မလံ ဇာတိ စက္ခာဒိ၊ စတုစိတ္တမုပေက္ခကံ။ (ဋီ)

● ဝဇ္ဇ၊အာရုံထိခိုက်ခြင်း အားနည်းပုံကို ဥပမာနှင့်တကွထင်ရှားစွာ ပြခဲ့ပါ။

၁၉၇-ဖြေ။ ။ထို စက္ခုဝိညာဏ်, သောတ, ဃာန, ဇိဝှါ-ဝိညာဏ်ဒွေးတို့၏မှီရာ စက္ခုပသာဒရုပ် စသည်တို့သည် ဥပါဒါရုပ်ဖြစ်၍ ၎င်း စက္ခုဝိညာဏ်စသည်တို့ အာရုံပြုသော ရူပါရုံ စသည်တို့လည်း ဥပါဒါရုပ်ပင် ဖြစ်၏။ ထိုဥပါဒါရုပ် ဖြစ်သော စက္ခုပသာဒ စသည်နှင့် ဥပါဒါရုပ်ဖြစ်သော ရူပါရုံ စသည်တို့၏ထိခိုက်ခြင်းသည် ဝါဂွမ်းစိုင်အချင်းချင်း ထိခိုက်သကဲ့သို့ အလွန်အားနည်းခြင်း ဖြစ်ပါတော့သည်။

† ပိစုပိဏ္ဍကေန ပိစုပိဏ္ဍကဿ ဖုသနံဝိယ။ (ဋီ)

● ကာယဝိညာဏ်ဒွေးသည် ဥပေက္ခာသဟဂတ်မဖြစ်ဘဲ အဘယ့်ကြောင့် ဒုက္ခ-သုခ သဟဂတ် ဖြစ်ရပါသနည်း။

၁၉၈-ဖြေ။ ။ဝတ္ထုအာရုံတို့အချင်းချင်း ထိခိုက်ခြင်း အားရှိသောကြောင့် ကာယဝိညာဏ်ဒွေးသည် အနိဋ္ဌာရုံ၌ ဒုက္ခသဟဂတ်, ဇဋ္ဌာရုံ၌ သုခ သဟဂတ် ဖြစ်ရပါသည်။

† ကာယနိဿယ ဖောဋ္ဌဗ္ဗ၊ ဘူဘာနံ ဃန္ဒနာယတု။
ဗလဝတ္တာ နံ ဝိညာဏံ၊ ကာယိကံ မဇ္ဈဝေဒနံ။ (ဋီ)

● ဝတ္ထုအာရုံ အချင်းချင်း ထိခိုက်ခြင်း အားရှိပုံကို ဥပမာဖြင့် ထင်စွာ ပြခဲ့ပါ။

၁၉၉-ဖြေ။ ။ကာယဝိညာဏ်၏ အာရုံကား-ဖေါဋ္ဌဗ္ဗာရုံဟု ဆိုအပ်သော မဟာဘုတ် သုံးပါး ဖြစ်၏။ (တချက် မှတ်ထားပါ) ပေပေါ်မှာ တင်ထားသော ဝါဂွမ်းကိုတူနှင့်ထုသောအခါ တူသည် ဝါဂွမ်းတွင်သာ မထိဘဲ ဝါဂွမ်းကို ကျော်လွန်၍ အောက်ခံပေထိအောင် ထိခိုက်သဖြင့် အသံထွက်သကဲ့သို့ တူနှင့်တူသော မဟာဘုတ်သုံးပါးဟု ဆိုအပ်သော ဖေါဋ္ဌဗ္ဗာရုံသည် ဝါဂွမ်းနှင့်တူသော ကာယပသာဒကို ထုရိုက် ထိခိုက်သောအခါ ၎င်းတွင်သာမနေဘဲ ပေနှင့်တူသော ကာယပသာဒ၏မှီရာ မဟာဘုတ်ကို သွား ထိခိုက်သဖြင့် နာခြင်ကျင်း, နှူးညံ့ခြင်း ဖြစ်ရ၏။ သို့ဖြစ်၍ တူနှင့်ပေ ထိရာ၌ ခက်မာ အားရှိသကဲ့သို့ အာရုံမဟာဘုတ်နှင့် တည်ရာ မဟာဘုတ်တို့ ထိခိုက်ခြင်းမှာလည်း အားရှိခြင်း ဖြစ်ပါတော့သည်။ (ဋီ)

● သမ္ပဋိစ္ဆိုင်းခွေးသည် အဘယ့်ကြောင့် ဥပေက္ခာသဟဂုတ်သာ ဖြစ်ပါသနည်း။

၂၀၀-ဖြေ။ ။သမ္ပဋိစ္ဆိုင်းခွေးသည် မိမိနှင့်တူသော မှိရာမရှိသော စက္ခုဝိညာဏ် စသည်တို့၏ အခြားမဲ့၌ ဖြစ်ရ၍ တူသော မှိရာရှိသော စိတ်မှ အနန္တရပစ္စည်းကို မရသဖြင့် သဘောတူသော အဖော်သဟဇာတ်သင်္ဂဟမှ ကင်းသော ယောက်ျားကဲ့သို့ အားနည်းကာ အာရုံ၏ အရသာကိုမခံစားနိုင်သောကြောင့် အလုံးစုံသောအာရုံတို့၌ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။ (ပဉ္စဝိညာဏ်ကား- ပဉ္စဝတ္ထုကို မှီ၍, သမ္ပဋိစ္ဆိုင်းခွေးကား-ဟဒယဝတ္ထုကို မှီသောကြောင့် မှိရာချင်းမတူ။)

† သမာနနိဿယော ယသ္မာ၊ နတ္ထာနန္တရပစ္စယော။
တသ္မာ ဒုဗ္ဗလမာလမ္ဗေ၊ သောပေက္ခံ သမ္ပဋိစ္ဆနံ။ (၌)

● သမ္ပဋိစ္ဆိုင်းခွေးသည် ဥပေက္ခာသဟဂုတ် ဖြစ်သကဲ့သို့ မဖြစ်ဘဲ ကုသလဝိပါက် သန္တီရဏသည် အဘယ့်ကြောင့် သောမနဿ ဥပေက္ခာ ဖြစ်ရပါသနည်း။

၂၀၁-ဖြေ။ ။တူသော မှိရာရှိသော သမ္ပဋိစ္ဆိုင်းစိတ်မှ အာသေဝနပစ္စည်းကိုရ၍ အားရှိသောကြောင့် ကုသလဝိပါက် သန္တီရဏသည် ဇုဋ္ဌာရုံ၌ သောမနဿ, ဇုဋ္ဌမဋ္ဌာရုံ၌ ဥပေက္ခာ ဖြစ်ရပါသည်။ (အကျယ်ဖြေပုံမှာ ရှေ့ပုစ္ဆာအဖြေမှ ပြန်၍ ဖြေလေ။)

† ဝုတ္တပရိယာယတော ကုသလဝိပါကသန္တီရဏံ ဇုဋ္ဌဇုဋ္ဌမဋ္ဌာရမ္မဏေသု သုခေါပေက္ခာ သဟဂတံ။ (၌)

● အာဝဇ္ဇန်းခွေးသည် မိမိနှင့်တူသောမှိရာရှိသော ဘဝင်္ဂပဋ္ဌေဒသန္တီရဏ၏အခြားမဲ့၌ဖြစ်လျက် သုခေါပေက္ခာမဖြစ်ဘဲအဘယ့်ကြောင့် ဥပေက္ခာ သဟဂုတ်သာ ဖြစ်ရပါသနည်း။

၂၀၂-ဖြေ။ ။ခပ်သိမ်းသောအခြင်းအရာအားဖြင့် အာရုံ၏အရသာကို ခံစားခြင်းငှာမစွမ်းနိုင်သောကြောင့်သုခေါပေက္ခာမဖြစ်ဘဲဥပေက္ခာသဟဂုတ်သာ ဖြစ်ရပါသည်။ ထင်ရှားစေအံ့-အာဝဇ္ဇန်းခွေးဘင် ရှေး

ဖြစ်သော ပဋ္ဌဒါရာဝဇ္ဇန်းစိတ်သည် ရှေးဦတစုံတခုသောဝီထိစိတ်သည် မယူအပ်သေးသော အာရုံကို အာရုံပြုသောကြောင့်၎င်း, အကြိမ်များစွာမဖြစ် တကြိမ်သာ ဖြစ်သောကြောင့်၎င်း ဒုဗ္ဗလ ဖြစ်၍ အာရုံ၏အရသာကိုမခံစားနိုင်။ နောက်ဖြစ်သော မနောဒွါရာဝဇ္ဇန်းသည်လည်း မိမိနှင့်မတူသော ဇောစိတ် ဘဝင်စိတ်တို့၏ အစဉ်ကို အနန္တရပစ္စည်းစသည်တို့၏ အစွမ်းဖြင့် နောက်၌ ဖြစ်စေရခြင်း တည်းဟူသော ကိစ္စတပါး ဗျာပါရတပါးကို ငဲ့နေရသောကြောင့် အာရုံ၏အရသာကို မခံစားနိုင်။ ထို့ကြောင့် ထို စိတ် ၂-ပါးသည် သုခေါပေက္ခာ မဖြစ်ဘဲ ဥပေက္ခာသဟဂုတ်သာ ဖြစ်ရသည် ဟူလို။ (ဋီ)

{ဤဦရှေးဖြစ်သော ပဋ္ဌဒါရာဝဇ္ဇန်း, နောက်ဖြစ်သောမနောဒွါရာဝဇ္ဇန်းဆိုရာ၌ အနုရုဒ္ဓါဆရာ၏ ပြစဉ်နိဒ္ဒိဋ္ဌက္ကမ၊ မြတ်စွာဘုရားဟောစဉ်ဒေသနာက္ကမအားဖြင့်သာယူ။ ဖြစ်စဉ်ဥပ္ပတ္တိက္ကမအားဖြင့် မယူနှင့်။ }

● အဘယ့်ကြောင့် အဟိတ်စိတ်-ဟု ခေါ်ပါသနည်း။

၂၀၃-ဖြေ။ ။ယှဉ်ဘော်ယှဉ်ဘက်သမ္ပယုတ်ဟိတ်မရှိသောကြောင့် အဟိတ်စိတ်-ဟု ခေါ်ပါသည်။

† သမ္ပယုတ္တဟေတု ဝိရဟတော။ (ဋီ)

† အလောဘာဒိ သမ္ပယုတ္တဟေတူတိ ဝိရဟတော အဟေတုက စိတ္တာနိနာမ။ (ဇူ)

● အဟိတ်ကုသလဝိပါက်စိတ်၌ဖြစ်စေတတ်သောဇနကဟိတ်ရှိ၍ ထိုဟိတ်၏အစွမ်းဖြင့် သဟိတ်စိတ် ခေါ်သင့်လျက် မခေါ်ဘဲ အဘယ့်ကြောင့် အဟိတ်စိတ်-ဟု ခေါ်ပါသနည်း။

၂၀၄-ဖြေ။ ။အဟိတ်ကုသလဝိပါက်စိတ်၌ဖြစ်စေတတ်သောဇနကဟိတ် ရှိသော်လည်း ယှဉ်ဘော်ယှဉ်ဘက် သမ္ပယုတ်ဟိတ် မရှိသောကြောင့် သမ္ပယုတ်ဟိတ် မရှိသည်ကိုစွဲ၍ အဟိတ်စိတ်ဟု ခေါ်ပါသည်။

† နိဗ္ဗတ္တကဟေတုဝသေန နိပ္ပန္ဒာနိပိ ဟေတာနိ သမ္ပယုတ္တဟေတုဝသေနေဝ အဟေတုက ဝေါဟာရံ လဘန္တိ။ (ဋီ)

● ဇနကဟိတ် ရှိသောကြောင့် သဟိတ်စိတ် ခေါ်ဝေါ်ခဲ့သော် သင့်ပါမည်လော။

၂၀၅-ဖြေ။ ။မသင့်ပါ။ ထိုသို့ခေါ်ဝေါ်ခဲ့သော် မဟာဝိပါက်စိတ်နှင့် ဤအဟိတ် ဝိပါက်စိတ်တို့မှာ အထူးအခြားမဲ့ အတူတူပင် ဖြစ်ရာသောကြောင့် ဖြစ်ပါသည်။

{သမ္မယုတ်ဟိတ် မရှိသည်ကို စွဲ၍သာ အဟိတ်စိတ်-ဟု ခေါ်သည်။ အကယ်၍ ဇနကဟိတ်ကိုစွဲ၍ ခေါ်ဝေါ်ခဲ့သော် အဟိတ်စိတ်၌ ဇနကဟိတ် ရှိသောကြောင့် အဟိတ်စိတ် မဖြစ်ဘဲ မဟာဝိပါက်စိတ်နှင့် မထူးမခြား သဟိတ်စိတ်ပင် ဖြစ်သွားလိမ့်မည် ဟူလို။}

† ဇတရထာ မဟာဝိပါကေဟိ ဇမေသံ နာနတ္တာသမ္ဘဝတော။

(၌)

● ကုသလဝိပါက်စိတ်၏ နိဂုံး၌ အဟေတုက-သဒ္ဒါကို အထူးပြု၍ ဆိုသလို အကုသလ ဝိပါက်စိတ်၏ နိဂုံး၌ အဘယ့်ကြောင့် 'အဟေတုက' သဒ္ဒါကို အထူးပြု၍ မဆိုပါသနည်း။

၂၀၆-ဖြေ။ ။ကုသလ ဝိပါက်သည် သဟိတ် အဟိတ် ၂-မျိုးရှိ၍ သဟိတ်ကုသလဝိပါက်နှင့်ကွဲပြားရအောင် အဟေတုကသဒ္ဒါကိုအထူးပြု၍ဆိုရသည်။အကုသလ ဝိပါက်စိတ်သည်ကား စင်စစ်အဟိတ်တမျိုးတည်းပင်ဖြစ်၍ အ,ဟိတ်လော သ,ဟိတ်လောဟု ယုံမှား လင်းပါးဘွယ်မရှိသောကြောင့် အဟေတုက သဒ္ဒါကို အထူးပြု၍ မဆိုတော့ပါ။
(အဟေတုက ကြိယစိတ္တာနိ-မှာလည်း ထို့အတူမှတ်။)

{သမ္ဘဝဟုဆိုအပ်သော သာမညဖူးဘီစာရဟုဆိုအပ်သော အနေကန္တိက အဖြစ်မျိုးရှိမှ ဝိသေသန မ, ရကျိုး ရှိသည်။ ဤဒွိကား-အဟိတ် ဧကန္တိကဖြစ်၍ ဝိသေသန မ,စရာမလို။ အမှားနှင့်ဆက်ဆံသော သာမညအကြောင်းသည် သ မ္ဘ ဝ။ သို့ ဆက်ဆံသောအနက်များ ရှေရှ ပါဝင်လာခြင်း အကျိုးတရားသည်

ဗျဘိစာရ တည်း။ "ဝိရုဒ္ဓါနံ အဘိမုခံ စရဏံ ပဝတ္တန် ဗျဘိစာရော" ဟုပြု။}

† ဗျဘိစာရာဘာဝတော။ (ဦ)

† သမ္ဘဝေတိ သာမညေ။ ဗျဘိစာရေတိ တပ္ပလေ အနေကန္တိက ဘာဝေ။ (ဇူ)

† သမ္ဘဝေ ဗျဘိစာရေစ၊ ဝိသေသနံ သာတ္ထကံ သိယာ။
သမ္ဘဝေါနာမ သာမညံ၊ ဗျဘိစာရောတု တပ္ပလံ။ (ပေါရာဏ)

● အကုသလဝိပါက်စိတ်တို့သည် သ,ဟိတ်မရှိဘဲ အ,ဟိတ်တမျိုး တည်းသာရှိကြောင်း အဘယ့်ကြောင့် သိရပါသနည်း။

၂၀၇-ဖြေ။ ။အကုသလ ဝိပါက်စိတ်တို့သည် လောဘ စသော သာဝဇ္ဇဓမ္မ၏အကျိုးဖြစ်သောကြောင့် ထိုလောဘအစရှိသောသာဝဇ္ဇဓမ္မ၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော အလောဘအစရှိသောဟိတ်တို့နှင့် မယှဉ်သင့်သောကြောင့်၎င်း, အကုသလဝိပါက်ဟု ဆိုအပ်သော မိမိသည် အဗျာကတ နိရဝဇ္ဇသဘောရှိ၍ လောဘ အစရှိသော သာဝဇ္ဇ အကုသိုလ်တရားတို့နှင့် ဘိန္ဒဇာတိက ဘိန္ဒသဘာဝ ဖြစ်သဖြင့် ယှဉ်ဘို့ ဆန့်ကျင်နေသောကြောင့်၎င်း, ထို ၂-ကြောင်းကြောင့် သဟိတ်ဖြစ်ဘို့ မရှိဘဲ အဟိတ်တမျိုးတည်းသာရှိကြောင်း ဧကန်သိရပါသည်။ (ဦ)

● ပဉ္ဇဒါရာဝဇ္ဇန-ပုဒ်ကို ဝစနတ္ထပြု၍အဓိပ္ပာယ်ကိုလည်းရေးခဲ့ပါ။

၂၀၈-ဖြေ။ ။"ပဉ္ဇဒါရေ ဃဋ္ဌိတမာရမ္မဏံ အာပဇ္ဇေတိတ်ပဉ္ဇဒါရာဝဇ္ဇနံ" (ဝစနတ္ထ) ပဉ္ဇဒါရ၌ ထိခိုက်လာသောအာရုံကို ဆင်ခြင်တတ်နှလုံးသွင်းတတ်သောကြောင့်၎င်း၊ တနည်း....စိတ် အစဉ်ကို ဘဝင်၏ အစွမ်းဖြင့် ဖြစ်ခွင့်ကိုမပေးဘဲ ဝိတိစိတ် ဖြစ်စေခြင်းငှာ ညွှတ်စေတတ်သောကြောင့်၎င်း ပဉ္ဇဒါရာဝဇ္ဇန်းစိတ် မည်ပါသည်။ (အဓိပ္ပာယ်)။ (ဦ)

● မနောဒွါရာဝဇ္ဇန-ပုဒ်ကို ဝစနတ္ထပြု၍ မနောဒွါရ-အရ မနောဒွါရာ ဝဇ္ဇန အရမျှားကိုလည်း ခွဲခြားပြခဲ့ပါ။

၂၀၉-ဖြေ။ ။"မနောဒွါရေအပါထ ဂတမာရမ္မဏံ အာဝဇ္ဇေတိတိ မနောဒွါရာဝဇ္ဇနံ" (ဝစနတ္ထ) မနောဒွါရာဝဇ္ဇန်း၏ အနန္တရ ပစ္စည်း ဖြစ်သော (ရှေးဦး ဖြစ်သော) ဘဝင်စိတ်သည် မနောဒွါရ-မည်၏။ တနည်း-ဘဝင်စိတ်အကုန်သည် မနောဒွါရ-မည်၏။ ကြိယာအဟိတ် မနော ဝိညာဏဓာတ် ဥပေက္ခာ သဟဂုတ်စိတ်သည် မနောဒွါရာဝဇ္ဇန မည်ပါသည်။ (ဋ္ဌီ)

● အဘယ့်ကြောင့် မနောဒွါရ-မနောဒွါရာဝဇ္ဇန-မည်ပါသနည်း။

၂၁၀-ဖြေ။ ။ဝိထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် မနောဒွါရ-မည်ပါသည်။ မနောဒွါရ၌ ထင်မြင်လာသော အာရုံကို ဆင်ခြင်တတ် ဝိထိစိတ်ဖြစ်စေရန် ညွှတ်စေတတ်သောကြောင့် မနောဒွါရာဝဇ္ဇန မည်ပါသည်။ {ဤမနောဒွါရာဝဇ္ဇန်းသည်ပင် ပဉ္စဒွါရ၌ သန္တီရဏသည် စုံစမ်းပြီးသော အာရုံကို မှတ်တတ် သောကြောင့် ဝုဋ္ဌော အမည်ကို ရပြန်သည်။ } (ဋ္ဌီ)

● မဟာဂဇစိတ် သဗ္ဗညုတဉာဏ်နှင့် တူသောစိတ်ကို ဖော်ပြပါ။

၂၁၁-ဖြေ။ ။များသောအာရုံရှိ၍ ဆင်ပြောင်ကြီးနှင့်တူသောမဟာဂဇစိတ်ကား-မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပါသည်။ ၎င်းသည် အာရုံမပြုနိုင်သော တရားမည်သည် မရှိ။ အလုံးစုံကို အာရုံပြုနိုင်သောကြောင့် သဗ္ဗညုတဉာဏ်နှင့် အလားတူသော စိတ်မှာလည်း ထို မနောဒွါရာဝဇ္ဇန်းစိတ်ပင် ဖြစ်ပါသည်။ (အဋ္ဌသာလိနီ)

{ဤမနောဒွါရာဝဇ္ဇန်းသည် ပရိတ္တာရုံဝိထိဌ် ဝုဋ္ဌေဝကိစ္စနှင့် ဖြစ်ခိုက် ဇောအရာဌ်လည်း တည်ပါသည်။ }

● ပဉ္စဒွါရာဝဇ္ဇန်းနှင့် မနောဒွါရာဝဇ္ဇန်းတို့သည် ပဉ္စဒွါရ မနောဒွါရတို့၌ ဆင်ခြင်သော စိတ်များပင်ဖြစ်၍ အတူတူပင် မဟုတ်ပါလော။

၂၁၂-ဖြေ။ ။မဟုတ်ပါ။ ပဉ္စဒ္ဓါရာ ဝဇ္ဇန်းကား-ကြိယာ အဟိတ် မနောဓာတ်။မနောဒ္ဓါရာ ဝဇ္ဇန်းကား-ကြိယာအဟိတ် မနောဝိညာဏ ဓာတ်။ ဤသို့ အရ ထူးပါသေးသည်။ (ဆင်ခြင်သော စိတ်ချင်းပင် တူသော်လည်း မနောဓာတ် - မနောဝိညာဏဓာတ်အဖြစ် ထူးသေး သည်ဟူလို။) (ဦ)

- ဟသိတုပ္ပါဒ-ပုဒ်ကို ဝစနတ္ထပြု၍အရကောက်ပြီးလျှင်အဓိပ္ပာယ် လည်း ရှင်းလင်းခဲ့ပါ။

၂၁၃-ဖြေ။ ။"ဟသိတံ ဥပ္ပာဒေတီတိ ဟသိတုပ္ပာဒံ" (ဝစနတ္ထ) ကြိယာအဟိတ် မနောဝိညာဏဓာတ်ဖြစ်သော သောမနဿသဟဂုတ် စိတ် ရ၏။ရယ်ခြင်း ၆-မျိုးတို့တွင် ပဌမ'သိတ'ကိုသာရ၏။ ရယ်ခြင်းကို ဖြစ်စေတတ်သော စိတ် ၁၃-ပါး ရှိသော်လည်း ဤစိတ်သည် သိတ မျှကိုသာ ဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပာဒ်-မည်သည်။ အခြား စိတ်များ ဟသိတုပ္ပာဒ် မ,မည်ပါ။ ပုဂ္ဂိုလ်အားဖြင့် ဘုရား ရဟန္တာတို့ သန္တာန်၌သာ ဖြစ်သည်။ (ဤကား အဓိပ္ပာယ်) (ဦ)

- ဟသိတုပ္ပာဒ်စိတ်သည် အဘယ့်ကြောင့် သောမနဿ ဖြစ်ရပါ သနည်း။

၂၁၄-ဖြေ။ ။ဝိပ္ပလ္လာသ ကင်းပြီးသော ရဟန္တာ ပုဂ္ဂိုလ် တို့၏ သန္တာန်ဝယ် ဇုဌာရုံ၌သာ ဖြစ်သောကြောင့် သောမနဿ ဖြစ်ရပါ သည်။ (အဘိမမ္မတ္ထ ဝိကာသိနီ)

{ပဉ္စဒ္ဓါရိကစိတ်တို့သည် ဝိညတ်ကို မဖြစ်စေနိုင်သောကြောင့် ဤ ဟသိတုပ္ပာဒ်စိတ်သည်ပဉ္စဒ္ဓါရ၌ သောမနဿကိုသာဖြစ်စေ နိုင်သည်။ ဟာသကို မဖြစ်စေနိုင်။ မနောဒ္ဓါရ၌ ဟာသကိုပါ ဖြစ်စေနိုင်သည်ဟုမှတ်။ ပဉ္စဒ္ဓါရ၌ သောမနဿကိုသာ ဖြစ်စေ သော်လည်း မနောဒ္ဓါရ၌ ဟာသကိုဖြစ်စေခြင်း၏အကြောင်း၏ အဖြစ်ကိုရည်ရွယ်၍'ဟသိတုပ္ပာဒကိစ္စာ'ဟုအဘိမမ္မာဝတာရ၌ သာမညဆိုထားသည်။ကေန္တပဉ္စဒ္ဓါရ၌ ဟာသကို ဖြစ်စေတတ် သည်၏အဖြစ်ကို ရည်ရွယ်၍ ဆိုထားခြင်းမဟုတ်ဟု မှတ်လေ။}

● မြတ်စွာဘုရားပြိုးရယ်တော်မူသောအခါ၌ သွားတော်ကြွားမှ ဖြူသော ရောင်ခြည်တော်များထွက်သဖြင့် ရယ်ခြင်း ၆-ပါးတို့တွင် စဉ်းငယ် သွားပေါ်ရုံ ရယ်သော ဒုတိယ ဟသိတ ရယ်ခြင်းမျိုး သည်သာလျှင်'ဟသိတံ ဥပ္ပာဒေတိ ဟသိတုပ္ပာဒံ'အရ၊ ဤ၌ ဟသိတုပ္ပာဒ မည်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် သိတ,ရယ်ခြင်းမျိုးသည်သာလျှင်ဟသိတုပ္ပာဒမည်ပါသနည်း။

၂၁၅-ဖြေ။ ။သွားမပေါ်ဘဲ စဉ်းငယ်ခံတွင်းကိုဖွင့်ကာမျှဖြင့် သွား တော်ကြွားမှ ဖြူသောရောင်ခြည်တော်များထွက်နိုင်သောကြောင့်ဂုဏ်၊ ထိုထို ပါဠိတော်များ၌ 'သိတံ ပါတ္ပာ ကာသိ' ဟု ဟောတော်မူသော ကြောင့်ဂုဏ်၊ 'ဟသိတံ ဥပ္ပာဒေတိ ဟသိတုပ္ပာဒံ' ဝစနတ္ထ၌ ဟသိတ အရ သိတ ရယ်ခြင်းမျိုးကိုသာ ယူရသဖြင့် ထို သိတ ရယ်ခြင်းမျိုးသည် သာလျှင် ဤ၌ ဟသိတုပ္ပာဒ-မည်ပါသည်။ ဟသိတ စသော ငါးပါး သော ရယ်ခြင်းမျိုးကား-ဟသိတုပ္ပာဒ မ,မည်ပါ။ (၄)

---

❶ တပါးသော သောမနဿဇော ၁၂-ခုတို့သည်လည်း ရယ်ရွှင် ခြင်းကိုဖြစ်စေတတ်သောကြောင့် ဟသိတုပ္ပာဒ် မည်သင့်သည် မဟုတ်ပါလော။ အဘယ့်ကြောင့် ဤစိတ်သည်သာလျှင် ဟသိ တုပ္ပာဒ်-မည်ပါသနည်း။

၂၁၆-ဖြေ။ ။'ဟသိတသေဝ ဥပ္ပာဒနကိစ္စာ' ဆိုသည့်အတိုင်း ဤစိတ်သည် သိတ-ဟု ဆိုအပ်သော ရယ်ရွှင်ခြင်းမျှကိုသာလျှင် ဖြစ်စေ တတ်၏ဟူသော အဝဓာရဏအတွင်း ဝင်နေသောကြောင့် ဤစိတ် သာလျှင် ဟသိတုပ္ပာဒ် မည်၍ အခြားသော စိတ်များ ဟသိတုပ္ပာဒ် မ,မည်ပါ။ တနည်းအားဖြင့် ပက်ဇ-သဒ္ဒါသည် ပဒုမ္မာကြာ၌သာလျှင် ထင်သကဲ့သို့ ဟသိတုပ္ပာဒ်-ဟူသော အမည်သည်လည်း ဤစိတ်၌သာ လျှင် ထင်သောကြောင် အထင်ရှင်ဖို့ အားဖြင့် ဤစိတ်သည် သာလျှင် ဟသိတုပ္ပာဒ်-မည်၍ အခြားသော စိတ်များ ဟသိတုပ္ပာဒ်မ,မည်ပါ။ {ဤစိတ်ကား-သိတ ရယ်ခြင်းတမျိုးကိုသာ ဖြစ်စေနိုင်၏။ အခြားသော သောမနဿဇော ၁၂-ခုတို့ကား သိတစသော ရယ်ခြင်း ၆-မျိုးလုံးကို ဖြစ်စေနိုင်သည်ဟု မှတ်။ } (၄)

● ရယ်ခြင်း ၆-မျိုးကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြ၍ ပုဂ္ဂိုလ်အား ဖြင့်လည်း ပိုင်းခြား ဝေဖန်ခဲ့ပါ။

၂၁၇-ဖြေ။ ။

ရယ်ခြင်း ၆-မျိုး အဓိပ္ပာယ်

(၁) သိတ.....မုက်စိပွင့်ရုံ ရယ်ခြင်း။
(၂) ဟသိတ ..... စဉ်းငယ် သွားပေါ်ရုံ ရယ်ခြင်း။
(၃) ဝိဟသိတ.... . အသံညှင်းညှင်းသာသာ ထွက်ရုံ ရယ်ခြင်း။
(၄) ဥပဟသိတ .... ဥကျွောင်း,ပခုံး, လက်ရုံး လှုပ်ရုံ ရယ်ခြင်း။
(၅) အပဟသိတ .... မုက်ရည်ထွက်အောင် ရယ်ခြင်း။
(၆) အတိဟသိတ ... ကိုယ်ကို ရှေထိုးနောက်ငင် ခွက်ထိုးခွက်လံ ရယ်ခြင်း။

ထို ၆-မျိုးတို့တွင် ၁-၂-ဖြင့် အမြတ်စား။ ၃-၄-ဖြင့် အလတ်စား။ ၅-၆-ဖြင့် အယုတ်စားပုဂ္ဂိုလ်များ ရယ်ရှင်ကြပါသည်။ (ရုပ်ပိုင်းကျမှ အကျယ်ရှုပါဦး။)

† သိတမိဟ ဝိကာသိနယနံ၊
ကိဋ္ဌာလကျိယ ဒိဇန္တု ဟသိတံ တံ။
မဓုဿရံ ဝိဟသိတံ၊
အံသသ်ရောကမ္ပမုပဟသိတံ။ ။
အပဟသိတံ သဇလကျိ၊
ဝိကျိတ္တင်ံ ဘဝတျတိ ဟသိတံ။
ဒွေဒွေ ကထိတာ စေသံ၊
ဇေဋ္ဌေ မဇ္ဈေ ဇမ္မေပိ စ ကမတော။ ။ (အလင်္ကာရ)

● ဟသ်တုပ္ပာဒ် စိတ်သည် ဇောကိစ္စ တပ်၍ ဘုရား ရဟန္တာတို့ ရယ်ရှင်သောစိတ် ဖြစ်ပါလျက် အဘယ့်ကြောင့် မတင့်တယ်သော အသောဘဏစိတ်ထဲမှာ ပါနေရပါသနည်း။

၂၁၈-ဖြေ။ ။ဇောကိစ္စ တပ်သော်လည်း အကြံအစည်နှင့်မဘက်သက်သက် ပြီးရယ်မှုဟူသော သေးနုပ်သိမ်ငယ်သောကိစ္စသာရှိ၍ အား

နည်းသောကြောင့် အားကြီးတင့်တယ်သောဟိတ်တရားကြီးများမယှဉ်နိုင်၍ အသောဘဏာ အဟိတ်စိတ်ထဲမှာ ပါဝင်နေရပါသည်။ (ဘုရားရဟန္တာတို့ ရယ်ရွှင်မှုနှင့် ဟိတ်တရားကြီးများယှဉ်မှု ဘာမျှမဆိုင်။)

† အာဝဇ္ဇန ဟသနကိစ္စာနိစ ဒုဗ္ဗလကိစ္စာနိဝေ ဟောန္တိ၊ တသ္မာ ဣမာနိ သဗ္ဗာနိ သမ္မယုတ္တာ ဟေတုရဟိတာနီတိ ဒဋ္ဌဗ္ဗာ။
(ပရမတ္ထဒီပနီ)

● အဟိတ်စိတ်၌ သန်ါရအပြား ရှိသင့်, မရှိသင့် ထောက်ချင့်၍ ဆုံးဖြတ်ခဲ့ပါ။

၂၁၉-ဖြေ။ ။ဒေါ်ဟိတ်စိတ်တို့တွင် မြင်မြင်း စသော ကိစ္စတို့၌ မိမိအလိုဖြင့် ပြုခြင်း, သူတပါးခိုင်းစေ၍ ပြုခြင်းတို့မှာ ရှိကောင်း၍ မိမိအလိုဖြင့် ပြုအံ့ အသန်ါရိက၊ သူတပါးခိုင်း၍ပြုအံ့ သသန်ါရိက ဖြစ်နိုင်၍ သန်ါရအပြား ရှိသင့်သော်လည်း မထင်ရှားသောကိစ္စ ရှိသောကြောင့် ပါဠိတော်၌ မဟောသဖြင့် အနုရုဒ္ဓါလည်း မပြခဲ့ခြင်း ဖြစ်သည်။ ဤအလို ၂-မျိုးလုံးကို ခွင့်ပြုရာ ရောက်သည်။ ဤသဘောကို အဋ္ဌသာလိနီနှင့် တကွ မူလဋီကာဆရာများကလည်း လက်ခံ နှစ်သက်ကြသည်ဟု ဆိုကြသည်။ သို့သော်လည်း အဟိတ်စိတ်တို့သည် မိမိတို့၏ ပကတိသဘောအကြောင်းညီညွတ်မှုတို့နှင့် ပေါင်းဆုံမိသောအခါ မဖြစ်သောစိတ်ဟူ၍ မရှိသဖြင့် ဤနေရာ၌ သသန်ါရိကဟုမဟောသောကြောင့် အသန်ါရိကဟုတ်ချင်ဟုက် မဟုတ်ချင်နေ အသန်ါရိက, ဝိပ္ပယုတ်ထဲမှာသာရေတွက်ရမည်ဟု နောက် အရာများက ဆုံးဖြတ်ကြပြန်သည်။ သို့ ဆုံးဖြတ်ကြသော်လည်း ပါဠိတော် အဋ္ဌကထာတို့က အထူး မဆိုခြင်း, အနုရုဒ္ဓါကိုယ်တိုင်ပင် ဘုံပိုင်း-အသန်ါရံ သသန်ါရဝိပါကာနိ နပစ္စတိ, ဂါထာဝယ် အသန်ါရ သသန်ါရခွဲရာ၌ အဟိတ်ဝိပါက်များကို ၂-ပါးလုံးတွင် ထည့်သွင်း၍ မပြခဲ့ခြင်း, သမ္မယုတ် ဝိပ္ပယုတ် သသန်ါရ အသန်ါရခွဲခြင်းကြောင့် စိတ်သရုပ် ကွဲပြား ခြားနား လာမှုလည်း မရှိခြင်းကြောင့် သမ္မယုတ် ဝိပ္ပယုတ်မဟုတ် အသန်ါရိက သသန်ါရိက မဟုတ် ဟူ၍သာ မှတ်ရပါသည်။

● အဘယ့်ကြောင့် ဝိပါက်, ကုသိုလ်, အကုသိုလ်, ကြိယာဘို့ ဖြစ်ကြပါသနည်း။

၂၂၀-ဖြေ။ ။ဝိထ်မုတ်စိတ်ဘို့သည် ကိစ္စအားနည်းသောကြောင့် ၎င်း၊ ဒွေးပဉ္စ ဝိညာဏ်တို့သည် ဝတ္ထု အားနည်းသောကြောင့် ၎င်း၊ သမ္ပဋိစ္ဆိုင်း စသည်တို့သည် ကိစ္စဌာန အားနည်းသောကြောင့်၎င်း၊ မိမိတို့ အစွမ်းသတ္တိကင်း၍ စင်စစ်အားဖြင့် ရင့်ကျက်ခါမျှ သဘောဖြင့်သာ ဖြစ်ကြသောကြောင့် ထို အလုံးစုံတို့သည် ဝိပါက်များ ဖြစ်ကြပါသည်။ အကြင်စိတ်တို့သည် အားရှိကြသောကြောင့် မိမိဘို့၏ အစွမ်းသတ္တိဖြင့် ဖြစ်နိုင်ကြကုန်၏။ နောင်အခါ၌လည်း အကျိုးကို ဖြစ်စေခြင်းငှာ စွမ်းနိုင်ကြကုန်၏။ ထို စိတ်တို့သည် ကုသိုလ်, အကုသိုလ်များ ဖြစ်ကြပါသည်။ ။အကြင် စိတ်တို့သည် ရင့်ကျက်ခါမျှ သဘောကို လွန်၍ မိမိတို့၏ အစွမ်းသတ္တိဖြင့် ဖြစ်နိုင်ကြကုန်၏။ ထို စိတ်တို့ဟူသည် အာဝဇ္ဇန်းဒွေးသည် ဝိပါက်သန္တာန်မှ ရအပ်သောပစ္စည်းရှိ၍ ဘးနည်းငယ် အားနည်းသောကြောင့်၎င်း၊ ကျန်သောစိတ်တို့သည် နိရာနုသယသန္တာန်၌ ဖြစ်သောကြောင့်၎င်း အခြင်းခပ်သိမ်း အကျိုးကို ဖြင့်စေခြင်းငှာ မစွမ်းနိုင်ကြကုန်။ ထိုစိတ်တို့သည် ကြိယာစိတ်များ ဖြင့်ကြပါသည်။ (ပရမတ္ထဒီပနီ)

● ဝတ္ထုဘေဒစိတ်-ဒွါရဘေဒစိတ်-ကိစ္စဘေဒစိတ်-ကိစ္စဝေဒနာဘေဒစိတ်-ကိစ္စဒွါရဘေဒစိတ်များကို အသီးသီးဖော်ပြပါ။

၂၂၁-ဖြေ။ ။ဒွေးပဉ္စဝိညာဏ် ၁၀-ကား-ဝတ္ထုဘေဒစိတ်မည်ပါသည်။ ဒွါရဘေဒစိတ်သည်း မည်ပါသည်။ ဒွေးပဉ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုင်းဒွေးဟသိတုပဉ္စဒွါဒိကား ကိစ္စဘေဒစိတ်များမည်ပါသည်။ သန္တီရဏ ဥ-ခုကား ကိစ္စ,ဝေဒနာဘေဒစိတ် မည်ပါသည်၊ အာဝဇ္ဇန်းဒွေးကား-ကိစ္စ,ဒွါရဘေဒစိတ် မည်ပါသည်။ (ပရမတ္ထဒီပနီ)

● အဘယ့်ကြောင့် ပဉ္စဝိညာဏ်ကို ဒွေးဦးစွာ ပြုပါ သနည်း။ တပါးပါးသော ဝိညာဏ်၏ အခြားမဲ့၌ သမ္ပဋိစ္ဆိုင်း စသည်တို့ကိုလည်း ပြုသင့်သည် မဟုတ်ပါလော။

၂၂၂-ဖြေ။ ။ပြသင့်သော်လည်း အဟိတ်ဝိပါက်တို့သည် နိယတာ
ရမ္မဏ အနိယတာ ရမ္မဏအားဖြင့် ၂-မျိုးတို့တွင် နိယတာရမ္မဏဖြစ်၍
ပဋ္ဌဝိညာဏ်ကို ရှေးဦးစွာပြပါသည်၊ထို့နောင်မှ အနိယတာရမ္မဏဖြစ်
သော သမ္ပဋိစ္ဆိုင်း စသည်ကို ပြပါသည်။ ထို့ကြောင့် ပဋ္ဌဝိညာဏ်၏
အခြားမဲ့၌ သမ္ပဋိစ္ဆိုင်း စသည်တို့ကို မပြတော့ပါ။ (သခ်ၤပ)

● ပဋ္ဌဝိညာဏ်တို့တွင် စက္ခုဝိညာဏ်ကို ရှေးဦးစွာပြ၍ သောတ
ဝိညာဏ် စသည်ကို အဘယ့်ကြောင့် နောက်မှပြပါသနည်း။

၂၂၃-ဖြေ။ ။ဝေနေယျပုဂ္ဂိုလ်သဃန်၏အစွမ်းဖြင့် မြတ်စွာဘုရား ဟော
သောအစဉ်ကိုမှီ၍ ပြခြင်း ဖြစ်ပါသည်။ တနည်းအားဖြင့် အသမ္ပတ္တ
ဂါဟက-သမ္ပတ္တ ဂါဟက အစဉ်အားဖြင့် ဒိဋ္ဌအသမ္ပတ္တဂါဟက-သုတ
အသမ္ပတ္တ ဂါဟက ဖြစ်သော စက္ခုဝိညာဏ်-သောတ ဝိညာဏ်ကို၊
ထို့နောင် နိဿယ သမ္ပတ္တဂါဟကဖြစ်သော ဃာန,ဇိဝှါ-ကို၊ထို့နောင်
သယံ သမ္ပတ္တဂါဟကဖြစ်သော ကာယ ဝိညာဏ်ကို အစဉ် အတိုင်း
ပြပါသည်။

{ကာယပသာဒသည် ကလလ ကာလ၌ ဖြစ်သော်လည်း
ဖောဋ္ဌဗ္ဗာရုံကိုယူခြင်း၏အစွမ်းဖြင့်ရုန့်ရင်းသောကြောင့်နောက်
ဆုံးမှ ပြသည်။ အနိယတာ ရမ္မဏတို့တွင် သမ္ပဋိစ္ဆိုင်းကို ဝိဇ်
စိတ်တို့၏ ဖြစ်စဉ်အားဖြင့် ရှေးဦးစွာ ပြသည်။} (သခ်ၤပ)

● ဣစ္ဆေဝံ သဗ္ဗထာဝိ-၌ သဗ္ဗထာကာရ-ကို ဖော်ပြပါ။

၂၂၄-ဖြေ။ ။အကုသလဝိပါက်,ကုသလဝိပါက်,ကြိယာအားဖြင့်
ကွဲပြားခြင်းသည် သဗ္ဗထာကာရဖြစ်ပါသည်။ (ဋီ)

● အဘယ့်ကြောင့် အဟိတ်စိတ် ၁၈-ပါး ပြားရပါသနည်း။

၂၂၅-ဖြေ။ ။စက္ခု အင်္ဂါသောမှိရာ-သမ္ပဋိစ္ဆိုင်းအစရှိသော ကိစ္စ-
အာဝဇ္ဇန်း အစရှိသောကိစ္စ ပြားသောကြောင့် အဟိတ်စိတ် ၁၈-ပါး
ပြားရပါသည်။

အဟိတ်စိတ်အဖြေ ပြီး၏။

ကာမာဝစရစိတ် အဖြေ

●

● အကုသိလ်စိတ် အဂိတ်စိတ် ၃၀-တို့သည် အဘယ့်ကြောင့် အသောဘဏစိတ် မည်ကြပါသနည်း။

၂၂၆-ဖြေ။ ။အကုသိလ်စိတ် ၁၂-ပါးသည် လောဘ အစရှိသော အပြစ်နှင့်တကွဖြစ်သော ဟိတ်များနှင့် ယှဉ်သောကြောင့်၎င်း၊ အဟိတ်စိတ် ၁၈-ပါးသည် အလောဘ အစရှိသော အပြစ်မရှိသော ဟိတ်များနှင့် မယှဉ်သော ကြောင့်၎င်း အသောဘဏစိတ် မည်ကြ ပါသည်။ အကုသိလ်စိတ် ၁၂-ပါးသည်မိမိသည်ဖြစ်စေအပ်သောအပါယ်စသော ဆင်းရဲသို့ ရောက်စေတတ်သောကြောင့် ပါပလည်း မည်ပါသေးသည်။ အတ္ထနာ အဓိသယိတဿ အပါယာဒိဒုက္ခဿ ပါပနတော ပါပေဟိ။ (၌)

{အသောဘဏ-၌ အ-ကို ပဋိသေဓမကြံဘဲ အသ အနက် ကြံကလည်း သင့်သည်သာ။} (၌)

● အဘယ့်ကြောင့် သံသောဘဏ-မည်ပါသနည်း။

၂၂၇-ဖြေ။ ။သောဘဏဂုဏ်ကို ဆောင်တတ်သောကြောင့်၎င်း၊ အလောဘ အစရှိသော အပြစ်မရှိသော ဟိတ်နှင့် ယှဉ်သောကြောင့်၎င်း သောဘဏမည်ပါသည်။ {သောဘဏနာမည်သည် သဒ္ဒါစသော စတသိက်တို့၏ နာမည်ရင်းတည်း။ စိတ်၏နာမည်ရင်း မဟုတ်။}

† သောဘဏဂုဏာဝဟနတော အလောဘာဒိ အနဝဇ္ဇ ဟေတု သမ္ပယောဂတောစ သောဘဏာနိတိ ဝုစ္စရေ။ (၌)

● သောဘဏ စိတ်တို့တွင် ကာမာဝစရစိတ်ကို ရှေးဦးစွာ ပြ၍ ထိုတွင် ကုသိုလ်ကို၊ ထိုနောင် ဝိပါက်ကို၊ ထိုနောင် ကြိယာကို အဘယ့်ကြောင့် ပြပါသနည်း။

၂၂၈-ဖြေ။ ။စိတ်၏ ဥဒ္ဒေသ၌ "ကာမာဝစရံ, ရူပါဝစရံ, အရူပါဝစရံ, လောကုတ္တရဉ္စေတိ" ဟု ပြခဲ့ပြီးသော အစဉ် ရှိသောကြောင့် ကာမာဝစရစိတ်ကို ရှေးဦးစွာ ပြပါသည်။ ထိုတွင် အဗျာကတ တရား

ဘို့မှာ ကုသိုလ်သာလျှင် ရှေသွားရှိသောကြောင့် ကုသိုလ်ကိုရှေးဦးစွာ ပြပါသည်။ ထိုကုသိုလ်၏ အကျိုးဖြစ်သောကြောင့် ထိုနောင် ဝိပါက်ကို ပြပါသည်။ ထိုဝိပါက်နှင့် တူသောဘုံ၌ အကျုံးဝင်သောကြောင့် ထိုနောင် ကြိယာစိတ်ကို ပြပါသည်။ (ဦ-ဇူ)

● ဉာဏသမ္ပယုတ္တံ-ပုဒ်၌ 'ဉာဏ'ပုဒ်ကို ဝစနတ္ထပြု အရကောက်၍ အဓိပ္ပာယ်လည်း ဖော်ပြပါ။

၂၂၉-ဖြေ။ ။"ဇာနာတိ ယထာသဘာဝံ ပဋိဝိဇ္ဇတီတိ ဉာဏံ" (ဝစနတ္ထ)အမောဟစေတသိက် ရ၏။ ထိုထိုရုပ်,နာမ်ဟု ဆိုအပ်သော သဘာဝဓမ္မများကို ကင်္ဌတ္တ,ဖုသန,အနိစ္စတာ-စသော အခြင်းအရာ တို့ဖြင့် ထိုးထွင်း၍ သိတတ်သောကြောင့် ဉာဏ်-မည်ပါသည်။

(အဓိပ္ပာယ်) (ဦ)

● မဟာ ကုသိုလ် စိတ်၌ သောမနဿ, ဥပေက္ခာ, သမ္ပယုတ်, ဝိပ္ပယုတ်,အသခ်ါရိက,သသခ်ါရိက-တို့၏ ဖြစ်ကြောင်းများကို အသီးသီး ညွှန်ပြပါ။

၂၃၀-ဖြေ။ ။အားကြီးသော သဒ္ဓါရှိခြင်း,ပညာအမြော်အမြင်နှင့် ပြည့်စုံခြင်း, ပစ္စည်း အလှူခံ စသည်တို့နှင့် ပြည့်စုံခြင်း စသည်တို့ကား-သောမနဿ ဖြစ်ခြင်းအကြောင်းများဖြစ်ပါသည်။(ထိုမှပြန်၍ဥပေက္ခာ ဖြစ်ကြောင်းများကို သိပါ။) ပညာကိုဖြစ်စေတတ်သောကံကိုဆည်းပူး ခဲ့ခြင်း,အနှောင့်အယှက်ကင်းသော ဗြဟ္မာဘုံ၌ဖြစ်ခြင်း, ဇူနွေရင့်ခြင်း, ကိလေသာတို့မှ ဝေးခြင်း၊ ဤကား - ဉာဏသမ္ပယုတ် ဖြစ်ခြင်း၏ အကြောင်းများ ဖြစ်ပါသည်။ (ထိုမှပြန်၍ ဉာဏဝိပ္ပယုတ် ဖြစ်ကြောင်း များကို သိပါ။)ကျောင်း,အိပ်ရာ နေရာလျောက်ပတ်သည်၏အစွမ်းဖြင့် ကိုယ်,စိတ် ၂-ပါး ခံ့ကျန်းခြင်း၊ ရှေးဘဝဝယ် အလှူစသည်တို့၌ ပြုဘူး သော လေ့ကျက်မှုရှိခြင်း၊ ဤကား-အသခ်ါရိကဖြစ်ကြောင်းများဖြစ်ပါ သည်။ (ထိုမှပြန်၍ သသခ်ါရိက ဖြစ်ကြောင်းများကို သိပါလေ။) (ဦ)

မဏိသာရမဉ္ဇူ-၌ကား သောမနဿ ဖြစ်ကြောင်းတွင် ဇူဌာရုံနှင့် တွေကြိုခြင်း, မနက်နဲသော သဘောရှိခြင်း, သောမနဿနှင့် ပဋိသန္ဓေ

နေခြင်း၊ အကျိုးအာနိသင်ကို မြင်ခြင်း၊ ပိတိသမ္ပောဇ္ဈင်၏အကြောင်း ဖြစ်ဘော ဇုဠဂါနုဿတိ အစရှိသော ၁၁-ပါးသော တရားတို့နှင့်ပြည့်စုံခြင်း ဟု ငါးပါး အပိုလာသည်။

{ဇုဠဂါနုဿတိ စသော ၁၁-ပါးဘရုကား....ဇုဠဂါနုဿတိ, ဓမ္မာ,သံဃာ,သီလာ,စာဂါ,ဒေဝတာ,ဥပသမာ,လူဓပုဂ္ဂလ ပရိဝဇ္ဇန,သိနိဒ္ဓ ပုဂ္ဂလသေဝန, ပသာဒနီယသုတ္တန် ပစ္စဝေက္ခဏာ, တဒဓိမုတ္တတာ-ကို ယူ။ }

ဉာဏသမ္ပယုတ် ဖြစ်ကြောင်းတွင် ....ဓမ္မဝိစယ သမ္ဗောဇ္ဈင်သကာရဏာဘူတေဟိ ပရိပုစ္ဆကတာ, ဝတ္ထုဝိသဒကြိယာ, ဣန္ဒြိယသမတ္တ ပဋိပါဒနာ, ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ, ပညဝန္တပုဂ္ဂလသေဝနာ, ဂမ္ဘီရဉာဏ စရိယပစ္စဝေက္ခဏာ,တဒဓိမုတ္တတာ-တို့ကို ထည့်ယူပါ။ (၄)

အသင်္ခါရိက ဖြစ်ကြောင်းတွင်....ဒိဋ္ဌဓမ္မေ ဒါနာဒီသု ကတပရိစယတာ, အတ္တသမ္မာပဏိဓိ, သဗ္ဗညုဗောဓိသတ္တာဒီနံ ပုဗ္ဗစရိယာနုဿရဏံ တို့ကို ထည့်၍ယူပါ။

- မဟာကုသိုလ် သောမနဿ ဖြစ်ကြောင်းတို့တွင် ဣဋ္ဌာရုံသည် သာယာဇနိ နှစ်သက် တပ်စွဲအပ်သောကြောင့် လောဘ ဖြစ်ကြောင်းသာလျှင် မဟုတ်ပါလော၊ အဘယ့်ကြောင့် ထိုဣဋ္ဌာရုံသည် ကုသိုလ်ဖြစ်ကြောင်း ဖြစ်ပါသနည်း။

၂၃၁-ဖြေ။ ။ထိုဣဋ္ဌာရုံသည် နိယနိဘ စသည်တို့၏ အစွမ်းဖြင့် ကုသိုလ်ဖြစ်ကြောင်း ဖြင့်နိုင်ပါသည်။ ။ဆင်ခြေးစေပါအံ့။....အကြင် ပုဂ္ဂိုလ်တယောက်သည် ဣဋ္ဌာရုံကို ရရာ၌ ငါသည် ကုသိုလ်ကိုသာ ပြုသင့်၏ဟု ကုသိုလ်ပြုခြင်း၌သာလျှင် ဗီဇ်ကို မှတ်သားခြင်းဖြင့်၎င်း၊ အကုသိုလ်ဖြစ်မှမှ တားမြစ်၍ ကုသိုလ်ပြုခြင်း၌သာလျှင် စိတ်ကို သွတ်စေခြင်းဖြင့်၎င်း၊ မပြတ်မပြတ် ကုသိုလ်ပြုမှု၌ လေ့လာခြင်းဖြင့်၎င်း၊ စက်လေးပါးနှင့်ပြည့်စုံ၍ ကုသိုလ်ဖြစ်မှု၌ အသင့်အတင့် နှလုံးသွင်းခြင်းဖြင့်

၎င်း၊ ဇ္ဇာရုံ၌ ကုသိုလ်စိတ်များ ဖြစ်နိုင်သောကြောင့် ဇ္ဇာရုံသည် ကုသိုလ်ဖြစ်ကြောင်း ဖြစ်နိုင်ပါသည်။

† နိယာမ ပရိဏာမေဟိ၊ သမုဒါစိဏ္ဏတာယစ။
ဉာဏပုဗ္ဗင်္ဂမာ ဘောဂါ၊ ဇ္ဇေပိ ကုသလံ သိယာ။ ။

(ဇူ-ပြ သာဓက)

● မဟဂ္ဂုတ်ကုသိုလ်ကံသည် မိမိနှင့်တူသော အကျိုးကိုသာပေး၍ ကာမာဝစရ ကုသိုလ်ကံသည် အဘယ့်ကြောင့် မိမိနှင့် တူ, မတူသောအကျိုးကို ပေးပါသနည်း။

၂၃၂-ဖြေ။ ။မဟဂ္ဂုတ်-ကုသိုလ်ကံသည် အပွနာသို့ရောက်၍ ထက်မြက် အားရှိသောကြောင့် မြတ်သော ဗြဟ္မာ၏အဖြစ် ဘဝင်ဌာနတို့၌ သာလျှင်အကျိုးကိုပေးသည်။ထို့ကြောင့် အခါခပ်သိမ်းမိမိနှင့်တူသော အကျိုးကိုသာ ပေးသည်။ ကာမာဝစရ ကုသိုလ်ကံသည် အပွနာသို့ မရောက် နူးညံ့၍အားနည်းသောကြောင့် အနည်းငယ်မျှဖြစ်သောထိုထို ကိစ္စဌာနနှင့် ယုတ်ညံ့သော အတ္တဘောဉ်သာ အကျိုးပေးနိုင်သည်။ ထို့ကြောင့် မိမိနှင့် တူ, မတူသော အကျိုးကိုလည်း ပေးနိုင်သည်။

(ပရမတ္ထဒီပနီ)

ကာမာဝစရ ကုသိုလ်သည် ဒိဋ္ဌဓမ္မ ဝေဒနီယ, ဥပပဇ္ဇ ဝေဒနီယ, အပရာပရိယ ဝေဒနီယ ကံ၏ အစွမ်းဖြင့် အထူးထူးသော ကာလ၌ အကျိုးကိုဖြစ်စေတတ်သောကြောင့် တူသောအကျိုး မတူသောအကျိုး ကိုလည်း ပေးပါသည်။ ရူပါဝစရစသော ကုသိုလ်တို့သည် အန္တရာယ် မရှိသည်ရှိသော် အခြားမဲ့ဘဝ၌ အကျိုးပေးကာလ မြဲသောကြောင့် တူသောအကျိုးကိုသာပေးပါသည်။လောကုတ္တရာကုသိုလ်သည်လည်း မိမိ၏ အခြားမဲ့၌ အကျိုးပေး ကာလ မြဲသောကြောင့် တူသောအကျိုး ကိုသာ ပေးပါသည်။ ။တနည်းအားဖြင့် ကာမာဝစရကုသိုလ်သည် အထူးထူးသော အာရုံရှိသောကြောင့် အကျိုးဝိပါက်သည်လည်းအထူး ထူးသော အာရုံရှိပါသည်။ ထို့ကြောင့် တူသောအကျိုး မတူသော အကျိုးကို ပေးပါသည်။ ရူပါဝစရ စသော ကုသိုလ်တို့သည် အာရုံ တခုသာရှိ၏။ အကျိုးဝိပါက်သည်လည်း ထိုကုသိုလ်နှင့် အာရုံ တူ၏။

ထို့ကြောင့် တူသောအကျိုးသာ ပေးပါသည်။ (သခေ်ပ) {မဟာ ကုသိုလ်စိတ်(၈)ပါးတို့၏ဖြစ်စဉ်အကျယ်ကိုကား ဋီကာမှာယူပါကုန်။}

● အဋ္ဌပိ-၌ သမ္ဓိဏ္ဍနအနက်ရှိသော ပိ-သဒ္ဒါဖြင့်ပေါင်းဆည်းအပ်သော ကာမာဝစရ ကုသိုလ်စိတ်များကို ရေတွက်ပြပါ။

၂၃၃-ဖြေ။ ။ကာမာဝစရကုသိုလ်(၈)ပါးကိုတည်။ပုညကြိယာဝတ္ထု ၁၀-ပါးနှင့် မြောက် ၈၀-ဖြစ်၏။ ၎င်းကို အာရုံ ၆-ပါးနှင့် မြောက် ၄၈၀-ဖြစ်၏။ ၎င်းကို ဉာဏဝိပ္ပယုတ်-၂၄၀။ ဉာဏသမ္ပယုတ် ၂၄၀-စီခွဲ။ဉာဏဝိပ္ပယုတ် ၂၄၀-ကို ဝီမံသာဓိပတိမရ၍ အဓိပတိ ၃-ပါးနှင့်မြောက် ၇၂၀-ဖြစ်၏။ ဉာဏသမ္ပယုတ် ၂၄၀-ကို ဝီမံသာဓိပတိရ၍ အဓိပတိ ၄-ပါးနှင့်မြောက် ၉၆၀-ဖြစ်၏။ နှစ်ရပ်ပေါင်း(၉၆၀+၇၂၀=၁၆၈၀) ဖြစ်၏။ ၎င်းကို ကံ ၃-ပါးနှင့်မြောက် (၁၆၈၀×၃=၅၀၄၀) ဖြစ်၏။ ၎င်းကို ဟိန စသည် ၃-ပါးနှင့်မြောက်(၅၀၄၀×၃=၁၅၁၂၀) ဖြစ်၏။ ကာလဒေသ အစရှိသည်တို့၏ အစွမ်းအားဖြင့် ဖြစ်သော ကာမာဝစရ ကုသိုလ်ကို ရေတွက်လျှင်ကား - အသင်္ချေယူ အပ္ပမေယျပင် ဖြစ်၏။ ။အဘိဓမ္မာ ဝတာရ ဆရာရှင်ဗုဒ္ဓဒတ် ကား.... ဉာဏသမ္ပယုတ်ဒေသနာအယဉ်၌ ကျသည်၏အစွမ်းဖြင့် ဉာဏဝိပ္ပယုတ်တို့၌ ဝီမံသာ ဓိပတိကို မလျော့ဘဲ အဓိပတိ ၄-ပါး အညီအမျှယူ၍ မြောက်ပွားသဖြင့် ကာမာဝစရကုသိုလ် စိတ်ပေါင်း (၁၇၂၈၀) ဖြစ်သည်ဟု ပြတော်မူ၏။

† ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာ ဓိပတိဟိ စ။
ကမ္မဟိနာဒိတောစေဝ၊ ဂဏေယျ နယကောဝိဒေါ။ (ဋီ)

● ကုသလ-ပုဒ်ကို ရသင့်သမျှ အစိတ် အပေါင်း ဝစနတ္ထပြု အရကောက်၍ အဓိပ္ပာယ်ကိုလည်း အသီးသီး ဖော်ပြပါ။

၂၃၄-ဖြေ။ ။(၁)"သလယန္တီတိ သလာ။ ကုစ္ဆိတေ သလာ ကုသလာ"။ "တနည်း....ကုစ္ဆိတေ ပါပဓမ္မေ သလယန္တီ ကမ္ပေန္တီ ဝိဒ္ဓံသေန္တီ အပဂမေန္တီတိ ကုသလာနိ" (ကု-သဒ္ဒူပပဒ သလဓာတ်) ကု-အရ အကုသိုလ်ခမ္မ-ရ၏။ သလ-အရ စတုဘုမ္မိက ကုသိုလ် ရ၏၊

စက်ဆုပ်အပ် ကဲ့ရဲ့အပ်ကုန်သော အကုသိုလ်တရားတို့ကို တဒင်္ဂပဟာန်ဖြင့် တုန်လှုပ်စေတတ်, ဝိက္ခမ္ဘန ပဟာန်ဖြင့် ဖျက်ဆီးတတ်, သမုစ္ဆေဒ ပဟာန်ဖြင့်အကြွင်းမဲ့ချုပ်စေတတ်သောကြောင့် ကုသိုလ်မည်၏။ တဒင်္ဂ အရ ကာမာဝစရကုသိုလ်, ဝိက္ခမ္ဘန အရ မဟဂ္ဂုတ်ကုသိုလ်, သမုစ္ဆေဒ အရ မင်္ဂကုသိုလ်ကို အသီးသီးခွဲ၍ယူ။ (အဓိပ္ပာယ်)

(၂) "သယန္တိ ပဝတ္တန္တိတိ သာ၊ ကုစ္ဆိတေန သာ ကုသာ၊ လုနန္တိ ဆိန္ဒန္တိတိ လာနိ၊ ကုသေ လာနိ ကုသလာနိ" "တနည်း....ကုသ သခ်ါတေ ပါပဓမ္မေ လုနန္တိ ဆိန္ဒန္တိတိ ကုသလာနိ" (ကုသ-သဒ္ဒ။ ပပဒ လူဓာတ်) ကုသ-အရ အကုသိုလ်ဓမ္မ-ရ၏။ လူ-အရ ကာမာဝစရကုသိုလ်ရ၏။ စက်ဆုပ်အပ် ကဲ့ရဲ့အပ်သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော အကုသိုလ်တရားတို့ကို ရိတ်လှီး ပယ်ဖြတ် တတ်သောကြောင့် ကုသိုလ်မည်၏။ (အဓိပ္ပာယ်)

(၃) "သာတိ တနုံ ကရောတိ ဩသာနံဝါ ကရောတီတိ သံ၊ ကုစ္ဆိတေ သံ ကုသံ၊ လာတဗ္ဗာနီတိလာနိ။ ကုသေန လာနိ ကုသလာနိ။ တနည်း....ကုစ္ဆိတေ ပါပဓမ္မေ သာတိ တနုံ ကရောတီတိကုသံ၊ ကုသေန လာတဗ္ဗာနိ ပဝတ္တေတဗ္ဗာနီတိ ကုသလာနိ" (ကု-သဒ္ဒ။ ပပဒသာ-ဓာတ် လာ-ဓာတ်) ကု-အရ အကုသိုလ်ဓမ္မရ၏။ သ-အရ ဉာဏ်-ရ၏။ လာ-အရ ကာမာဝစရကုသိုလ်ရ၏။ စက်ဆုပ်အပ် ကဲ့ရဲ့အပ်ကုန်သော အကုသိုလ်တရားတို့ကို ခေါင်းပါး ဆုံးရှုံးအောင် ပြုတတ်သော ဉာဏ်သည် ဖြစ်စေအပ်သောကြောင့် ကုသိုလ်-မည်၏။ (အဓိပ္ပာယ်)

{ဋီကာ၌ ယထာရဟံ-အရ ဉာဏ်သည် တိဟိတ် ကုသိုလ်အား သဟဇာတ-ဥပနိဿယ၏အစွမ်းဖြင့်ငုင်း, ဒွိဟိတ် ကုသိုလ်အား ဥပနိဿယ၏ အစွမ်းဖြင့် သာလှုင်ငုင်း သန္တာန်၌ ဖြစ်စေသည်ကိုယူ။ } (ဋီ-ဇူ)

* ပုဒ်ပေါင်း ကုသလ, ထိုဝါကျဝယ်, အစမျှော်ရှု, ကုက-တဖြာ, သလာ-တဝ, ကုသ-တခါ, လာက-တခု, ကု-တဌာန, သ-တချက်သာ, လာ-တခွန်းမြွက်, အနက်သုံးထွေ, ဆိုလေသည်တွင်, ဥာဏ်ဖြင့် ဖျဉ်လော့။ (တွင်းကြီး)

● မဟာဝိပါက်စိတ်တို့သည်မဟာကုသိုလ်စိတ်ကဲ့သို့ပုညကြိယာ၏ အစွမ်းဖြင့်၎င်း, ကမ္မဋ္ဌါန၏အစွမ်းဖြင့်၎င်း, ကံ၏အစွမ်းဖြင့်၎င်း, အဓိပတိ၏အစွမ်းဖြင့်၎င်း အဘယ့်ကြောင့် မဖြစ်ပါသနည်း။

၂၃၅-ဖြေ။ ။မဟာဝိပါက်စိတ်တို့သည် ဒါန စသည်တို့၏အစွမ်းဖြင့် မဖြင်သောကြောင့်၎င်း, ဝိညတ်ကို ဖြစ်စေခြင်း မရှိသောကြောင့်၎င်း, အကျိုးပေးခြင်းသဘော မရှိသောကြောင့်၎င်း,ဆန္ဒ စသည်ကို့ရှေသွား ပြု၍ မဖြစ်ခြင်းကြောင့်၎င်း,မဟာကုသိုလ်စိတ်ကဲ့သို့ ပုညကြိယာစသည်တို့၏ အစွမ်းဖြင့် ဖြစ်ခြင်းမရှိပါ။ (ဟိတ် ၄-ပါး၊ကို အစဉ်အတိုင်းဟပ်၍ယူပါ။) (၌)

[ကမ္မဋ္ဌါရဝသေန-အရ ဝိပါက်စိတ်တို့သည် ကာယကံ-ဝစီကံ၏ဖြစ်ရာ ကာယဋ္ဌါရဝစီဋ္ဌါရကိုသာ မဖြစ်စေနိုင်သည်မဟုတ်သေး၊ "အဝိပါက သဘာဝတာ" ဟူသော နောက်ဟိတ်ကို ထောက်၍မနောကံ၏ဖြစ်ရာမနောဋ္ဌါရကိုလည်းမဖြစ်စေနိုင်ဟူ မှတ်ပါ။။'အဝိပါက သဘာဝတော'၌ ဝိပါကအရေဝိပါကုပ္ပာဒန် သဘာဝကိုယူ။ ၌မဟာဝိပါက် စိတ်ကို အာရုံ ၆-ပါး ဟိန်-စသည် ၃-ပါးနှင့်မြောက်၍ (၁၄၄) ပါးဟူသိ၊ကြိယာကိုကား ကုသိုလ်နှင့်အတူ သိပါလေ။]

● "ကာယေန ကတံ ကမ္မံ ကာယကမ္မ" ဟူသော ဂစနတ္ထအရ ကာယဝိညတ်သည် ကာယကံအား ၂၄-ပစ္စည်းတို့တွင် တစုံတခုသောပစ္စည်းနှင့်မျှ ကျေးဇူးမပြုပါဘဲလျက် အဘယ့်ကြောင့် ကာယဝိညတ်ဖြင့် ပြုအပ်သောကံဟု ဆိုနိုင်ပါသနည်း။

၂၃၆-ဖြေ။ ။တစုံဟခုသော ပစ္စည်းဖြင့် ကျေးဇူး မပြုသော်လည်း ထိုကာယကံကို ဖြစ်စေတတ်သော ထိုကာယဝိညတ်၏သဘောကိုသာလျှင် ကာယကံ-ဟု ခေါ်ဝေါ်သောကြောင့် ထို ကာယဝိညတ်ဖြင့် ပြုအပ်သောကံဟု ဆိုနိုင်ပါသည်။ (၇)

● ကြိုယာ-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၂၃၇-ဖြေ။ ။"ကရဏံ ကြိယာ" ဘုရား, ရဟန္တာ ပုဂ္ဂိုလ် တို့၏ သန္တာန်၌သာ ဖြစ်၍ ကုသိုလ်ကဲ့သို့ အကျိုးပေးခြင်း သဘော မရှိဘဲ ပြုကာမျှ အားထုတ်ခါမျှသာ ဖြစ်သော သဘောသည် ကြိယာ-မည် ပါသည်။

● ကာမာဝစရဝိပါက် ကြိယာစိတ်တို့၌ သဟေတုက-သဒ္ဒါဖြင့် အထူးပြုသကဲ့သို့ ကာမာဝစရ ကုသိုလ်စိတ်၌ အဘယ့်ကြောင့် အထူးမပြုပါသနည်း။

၂၃၈-ဖြေ။ ။ကာမာဝစရ ကုသိုလ်စိတ်သည် စင်စစ် သဟိတ်ဖြစ်သောကြောင့် ထိုကုသိုလ်စိတ်ကို သဟေတုက သဒ္ဒါဖြင့် အထူးမပြုပါ။

{ဤ၌ သဟေတုက သဒ္ဒါကို ဝိပါက်ကြိယာတို့၌သာ စပ်၍ ကုသိုလ်၌မစပ်၊ ယဆာလာဘ နည်းအားဖြင့် ယူရမည်ဟူလို။}

† ကုသလဿ ကေန္တ သဟေတုကတ္တာ။ (ဋီ)

● ကာမာဝစရကုသိုလ်စိတ်၌ သဟေတုကသဒ္ဒါဖြင့် အထူးမပြုဘဲ ကာမာဝစရဝိပါက် ကြိယာစိတ်တို့၌ အဘယ့်ကြောင့် 'သဟေတုက'သဒ္ဒါကို အထူးပြု၍ ဆိုပါသနည်း။

၂၃၉-ဖြေ။ ။အဟိတ်ဝိပါက် အဟိတ် ကြိယာတို့နှင့်ယှဉ်မှားသံသယ ဖြစ်စရာရှိသောကြောင့် ကာမာဝစရ ဝိပါက် ကြိယာစိတ်တို့၌ သဟေတုကသဒ္ဒါဖြင့် အထူးပြု၍ ဆိုပါသည်။

● အဘယ့်ကြောင့် မဟာဝိပါက် မည်ပါသနည်း။

၂၄၀-ဖြေ။ ။ရူပဝိပါက် စသည်တို့ထက် အရေအတွက်များသောကြောင့် မဟာဝိပါက် မည်ပါသည်။ (မဟာကုသိုလ် မဟာကြိယာတို့မှာလည်း ထို့အတူမှတ်။ အဟိတ်ဝိပါက်မှာ အရေအတွက် များသော်လည်း အမည်ထူးရပြီးဖြစ်၍ မဟာဝိပါက်အမည်ကို မရဟူလို။)

(အကျိုးရှု)

{အကျိုးပေး အရာကျယ်သောကြောင့် မဟာကုသိုလ်။မဟာကုသိုလ်၏အကျိုးဖြစ်သောကြောင့်မဟာဝိပါက်။မဟာကုသိုလ်

၏ကြိယာ ဖြစ်သောကြောင့်၊ ၀၊ မဟာကုသိုလ်စိတ် သည်ပင်နိနုရာသယသန္တာန်၌ဖြစ်သောကြောင့် မဟာကြိယာ-ဟုလည်းဆိုကြကုန်သေး၏။အဘိဓမ္မတ္ထဝိကာသိနီဆရာကား-မြတ်သောကြောင့်၎င်း, ပူဇော်အပ်သောကြောင့်၎င်း မဟာ မည်သည်ဟုပြဆိုသည်။၍"မဟာ"ဟူသော အမည်ကိုကား အနုရုဒ္ဓါဆရာကိုယ်တိုင်မသုံးခဲ့၊ အဋ္ဌသာလိနီနှင့် ဋီကာဆရာ များသာ သုံးသည်။}

● မဟာ ဝိပါက် စိတ်တို၌ သောမနဿ ဥပေက္ခာ ဖြစ် ခြင်း အကြောင်းများကို အသီးသီး ဖော်ပြပါ။

၂၄၁-ဖြေ။ ။ဇူဌာရုံသည် သောမနဿ ဖြစ်ခြင်း၏အကြောင်း, ဇူဌမဇ္ဈတ္တာရုံသည် ဥပေက္ခာဖြစ်ခြင်း၏ အကြောင်း ဖြစ်ပါသည်။

† ဇူမာနိပိ ဇူဌ ဇူဌ မဇ္ဈတ္တာ ရမ္မဏဝသေန ယဘာက္ကမံ သောမနဿုပေက္ခာသဟိတာနိ။ (ဋီ)

● ကုသိုလ်,အကုသိုလ်စိတ်တို၏ ဝေဒနာယောဂဖြစ်ပုံနှင့် ဝိပါက်စိတ်တို၏ ဝေဒနာယောဂ ဖြစ်ပုံ အထူးကို ဖော်ပြပါ။

၂၄၂-ဖြေ။ ။ကုသိုလ် အကုသိုလ်တို၏ အာရုံအားလျော်စွာ ဝေဒနာယောဂ ဖြစ်ခြင်းသည် အနေကန္တိက၊ ဝိပါက်စိတ်တို၏ အာရုံအားလျော်စွာ ဝေဒနာ ယောဂ ဖြစ်ခြင်းသည် ဧကန္တိက ဖြစ်ပါသည်။ အကြောင်းမူကား....ကုသိုလ် အကုသိုလ်တို့သည် ဝိပလ္လာသကို မပယ်ရကုန်သေးသော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောကြောင့် အတိဇူဌာရုံ ကိုလည်း ဇူဌမဇ္ဈတ္တာရုံ အနိဋ္ဌာရုံ အားဖြင့်၎င်း, အနိဋ္ဌာရုံ ကိုလည်း ဇူဌာရုံ ဇူဌမဇ္ဈတ္တာရုံ အားဖြင့်၎င်း, ဖောက်ပြန် သောအားဖြင့် ယူနိုင်သောကြောင့် အာရုံအားလျော်စွာ ဝေဒနာယောဂ ဖြစ်ခြင်းသည် အနေကန္တိက ဖြစ်ပါသည်။ ဝိပါက်စိတ်တို့သည် ကံအားလျော်စွာ ဖြစ်သောကြောင့် ကြေးမုံ (မှန်)၌ ချက်နှာရိပ်ကဲ့သို့ အထူးကြံစည်ခြင်းကင်း၍ ကြံဆ၍ယူမှု မရှိသောကြောင့် အာရုံအားလျော်စွာ ဝေဒနာ ယောဂ ဖြစ်ခြင်းသည် ဧကန္တိက ဖြစ်ပါသည်။ (ဇူ)

● ဘုရားအစရှိသော အတိုဇ္ဈင်္ဂဝါရုံ၌ (၁) သဒ္ဓါတရားမရှိသေးသူ။ (၂) တိတ္ထိ။မစင်စစသောပဋိက္ခလာရုံ၌ (၃) ဉာဏ်နက်နဲသော သဘော ရှိသောသူ။ (၄) ခွေး။ ဤပုဂ္ဂိုလ်များမှာ အဘယ် ဝေဒနာများ ဖြစ်နိုင်ပါသနည်း။

၂၄၃-ဖြေ။ ။(၁)ဥပေက္ခာဝေဒနာ ဥပေက္ခာဇော။ (၂) ဒေါ မနဿဝေဒနာ ဒေါသဇော။ (၃)ဥပေက္ခာဝေဒနာ ဥပေက္ခာဇော။ (၄) သောမနဿဝေဒနာ သောမနဿဇောများ ဖြစ်နိုင်ပါသည်။

(၄)

● ထို (၁) (၂) (၃) (၄) ဝေဒနာများ၏ ရှေ့အဘို့, နောက် အဘို့၌ အဘယ်ဝိပါက်များ ဖြစ်နိုင်ပါသနည်း။

၂၄၄-ဖြေ။ ။(၁) (၂) ၏ ရှေ့, နောက်၌ ကုသလ ဝိပါက်စိတ် (၃)(၄) ၏ ရှေ့,နောက်၌အကုသိလ်ဝိပါက်စိတ်များဖြစ်နိုင်ပါသည်။ {ကုသိုလ် အကုသိုလ် ဇောများကသာလျှင် အာရုံ အား လျော့စွာမဟုတ်ဘဲ ပြောင်းလဲ၍ ဝိပါက်စိတ်ကား-အာရုံအား လျော့စွာသာ ဖြစ်၏၊ ပြောင်းလဲမှု မရှိ။ ဝိပါက်အမှန်-ဇော အပြန်တည်း။}

† အနိဋ္ဌေ အာရမ္မဏေ ။လ။ တဒါရမ္မဏာနိ။ ဋ္ဌေ ကုသလ ဝိပါကာနိ။ (သင်္ဂဟ)

† ပုရိမပဉ္စဝေါဘာဂပုဝဏ္ဏာနိပန ဝိပါကာနိ ယဿဝဏ္ဏကာနေဝ ဟောန္တိ။ (ဋီ)

● မဟာဝိပါက်စိတ်တို့၌ ဉာဏသမ္မယုတ် ဉာဏဝိပ္ပယုတ် ဖြစ်ခြင်း အကြောင်းများကို အသီးသီး ဖေါ်ပြပါ။

၂၄၅-ဖြေ။ ။ပဋိသန္ဓေ-ဘဝင်-စုတိအစွမ်းဖြင့် ဖြစ်သောအခါ ပဋိသန္ဓေကိုပေးသောကံသည် တိဟိတ်ဉာဏ္ဍင်္ဂ ကုသိုလ်ကံ ဖြစ်ခြင်း, တဒါရုံ ဖြစ်သောအခါ ဉာဏသမ္မယုတ် ဇော နှောင်ဖြစ်ခြင်း,ပဝတ္တိ အကျိုးကို ပေးသောကံသည် ဗလဝ ဖြစ်ခြင်းတို့ကား- ဉာဏသမ္မယုတ် ဖြစ်ခြင်း အကြောင်းတို့ ဖြစ်ပါသည်။ ။ပဋိသန္ဓေ-ဘဝင်-စုတိ အစွမ်းဖြင့် ဖြစ်

သောအခါ- ပဋိသန္ဓေကို ပေးတတ်သော ကံသည် တိဟိတ် ဩမက ဒွိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံဖြစ်ခြင်း, တဒါရုံဖြစ်သောအခါ ဥဏဝိပ္ပယုတ်ဇောနောင်ဖြစ်ခြင်း, ပဝတ္တိအကျိုးကိုပေးသောကံသည် ဒုဗ္ဗလဖြစ်ခြင်းတို့ကား-ဥဏဝိပ္ပယုတ်ဖြစ်ခြင်းအကြောင်းတို့ ဖြစ်ပါသည်။ (၉-၇)

- ဋီကာဝယ် "တဒါရမ္မဏပ္ပဝတ္တိယံ ယေဘုယျေန ဇဝနာ နုရူပတော"၌ အဘယ့်ကြောင့် ယေဘုယျ-သဒ္ဒါကို ဆိုပါသနည်း ရှင်းလင်းခဲ့ပါ။

၂၄၆-ဖြေ။ ။ဇောဖြင့် တဒါရုံကိုမှတ်ခြင်းသည် ဧကန္တိကမဟုတ်။ အနေကန္တိကဖြစ်သောကြောင့် ယေဘုယျသဒ္ဒါကိုဆိုပါသည်။ ထင်ရှားစေအံ့....အကုသိုလ်ဇောတို့၌အလေ့အကျက်များသောသူအား တခါတရံ ကုသိုလ်ဇောစောသော်လည်း အကုသိုလ်ဇော၌ အလေ့အကျက်များခြင်းဖြင့် တိဟိတ်ကုသိုလ်ဇောနောင်မှလည်း အဟိတ်တဒါရုံဖြစ်ပါသည်။ ကုသိုလ်ဇောတို့၌ အလေ့အကျက်များသောသူအား တခါတရံ အကုသိုလ်ဇော စောသော်လည်း ကုသိုလ်ဇော၌ အလေ့အကျက်များခြင်းဖြင့် အကုသိုလ်ဇော နောင်မှလည်း တိဟိတ် တဒါရုံ ဖြစ်ပါသည်။ ထိုသို့ဇောဖြင့်တဒါရုံကိုမှတ်ခြင်းသည် ဧကန္တိကမဟုတ်။ အနေကန္တိကဖြစ်သောကြောင့် ယေဘုယျ-သဒ္ဒါကို ဋီကာဆရာ ဆိုခြင်းဖြစ်ပါသည်။ (၇)

- မဟာ ဝိပါက်စိတ်၌ အသင်္ခါရိက သသင်္ခါရိက ဖြစ်ခြင်း အကြောင်းတို့ကို အသီးသီး ဖော်ပြပါ။

၂၄၇-ဖြေ။ ။မိမိပယောဂ သူတပါးပယောဂကိုကြဉ်ထား၍ သေခါနီးအခါ၌ ထင်လာသော ကံ-ကမ္မနိမိတ်-ဂတိနိမိတ်-အာရုံ တို့တွင် တပါးပါးဖြစ်ခြင်း, မွန်မြတ်သော ဥတု ဘောဇဉ် အာဝါသ ကျောင်း အိပ်ရာ နေရာနှင့် တွေ့ကြုံခြင်းတို့ကား-အသင်္ခါရိကဖြစ်ခြင်းအကြောင်းတို့ ဖြစ်ပါသည်။ ။မိမိပယောဂ-သူတပါးပယောဂနှင့်တကွသေခါနီးအခါ၌ထင်လာသောကံ-ကမ္မနိမိတ်-ဂတိနိမိတ်အာရုံတို့တွင်တပါးပါးဖြစ်ခြင်း,ယုတ်ညံ့ကြမ်းကမ်းသောဥတု-ဘောဇဉ်-အာဝါသ-ကျောင်း

'အိပ်ရာနေရာနှင့် တွေ့ကြုံခြင်းတို့ကား-သသန်ဓါရိက ဖြစ်ခြင်းအကြောင်းကို ဖြစ်ပါသည်။

{ဋီကာ၌"ယဆာပဓေယျာဂံ။လ။ပစ္စယေဟိ"ဖြင့်ပဋိသန္ဓေ, ဘဝင် စုတိကိစ္စတည်သော မဟာဝိပါက် စိတ်၏ အသန်ဓါရိက သသန်ဓါရိက ဖြစ်ကြောင်းကို ပြသည်။"ဥတုဘောဇနာဒီ ။လ။ ဝသေန" ဖြင့် တဒါရုံကိစ္စ တည်သော မဟာဝိပါက်စိတ်၏ အသန်ဓါရိက သသန်ဓါရိကဖြစ်ကြောင်းကို ပြသည်။ (၌) (မူလဋီကာ-အဘိဓမ္မတ္ထဝိကာသိနီဆို့အတူ) အဘိဓမ္မတ္ထ ဝိကာသိနီဋီကား - အခြားမဲ့ ချုပ်ပြီးသော ကုသိုလ် အကုသိုလ်ဇော၏ အစွမ်းဖြင့်လည်း အသန်ဓါရိက သသန်ဓါရိက ဖြစ်ကြောင်းကို ပြသေး၏။ ဋီကာကျော်၌"ဇဝနာနုရူပတော"မှာ အကျုံးဝင်နေ၍ အထူးမပြတော့ဟုမှတ်။ }

● ကာမာဝစရစိတ်သည် ကာလ, ဒေသ, သန္တာန် စသည်တို့၏ အပြားဖြင့် များသော အပြားရှိလျက် အနုရုဒ္ဓါ ဆရာသည် အဘယ့်ကြောင့် စတုပညာသ-ဟုသာ ဆိုပါသနည်း။

၂၄၈-ဖြေ။ ။ကာမာဝစရစိတ်သည် ကာလ, ဒေသ, သန္တာန် စသည်တို့၏ အပြားဖြင့် များသော်လည်း ဤ ၃၂-ပါးသော ဝိပါက်, ၂၀-သော ကုသိုလ် အကုသိုလ်, ၁၁-ပါးသော ကြိယာစိတ်တို့၌ အကျုံး ဝင်နေသောကြောင့် အနုရုဒ္ဓါဆရာသည် "စတုပညာသ" ဟုသာ ဆိုပါသည်။

{စတုပညာသေဝ-ဟူသောဋီကာ၌ ဧဝ-သဒ္ဒါဖြင့် ကာမာဝစရစိတ်တို့၏ ကာလ-ဒေသ စသည်ဖြင့် အလွန် ရေတွက်ခြင်းကိုသာ တားမြစ်၍ အယုတ်အားဖြင့် ရေတွက်ခြင်းကိုမတားမြစ်သောကြောင့်၊ "ယတ္ထ အာသက်ာ တတ္ထ ပဋိသေဓော" အရ စတုပညာသထက် အလွန် ရေတွက်ခြင်းမျိုးသာ ရှိသည်။ ဝါ၊ အလွန်သာရှိသည်။ စတုပညာသအောက် အယုတ် ရေတွက်ခြင်းမျိုးမရှိ။ ဝါ၊ အယုတ်မရှိဟု သိအပ်၏။} (ဋီ-၌)

● ဝေဒနာဉာဏ သခ်ါရ ဘေဒေန-၌ ဝေဒနာမှာ ပြားသော လက္ခဏာသဘောရှိသောကြောင့် ဝေဒနာဘေဒ ဖြစ်တန်စေ၊ ဉာဏဘေဒ - သခ်ါရ ဘေဒ တို့ကား - အဘယ့်ကြောင့် ဖြစ်ပါသနည်း။

၂၄၉-ဖြေ။ ။ဉာဏ်သခ်ါရတို့၏ ရှိခြင်းသဘော, မရှိခြင်းသဘောဟု ဆိုအပ်သောအပြားကို ဉာဏ်သခ်ါရတို့ပင် ပြုအပ်သောကြောင့် ဉာဏဘေဒ, သခ်ါရဘေဒ ဖြစ်ပါသည်။

{ဝပြောခြင်း ငတ်မွတ်ခြင်းကို ခိုဃ်းတခုတည်းက ပြုသကဲ့သို့ ထို ဉာဏ်သခ်ါရတို့၏ ရှိ, မရှိ အပြားကို ဉာဏ်သခ်ါရတို့ပင် ပြုသောကြောင့် ထိုဉာဏ် သခ်ါရတို့သည် ပြုအပ်သော အပြားကိုပင် ဉာဏဘေဒ, သခ်ါရဘေဒ-ဟု ဆိုအပ်သည်ဟူသို့။}

† ဉာဏသခ်ါရာနံ ဘာဝါဘာဝကဘောပိ ဘေဒေါဉာဏသခ်ါရ ကတောဝ၊ ယထာ ဝဿကတော သုဘိက္ခော ဒုဒ္ဓိက္ခောတိ။ (ဋီ)

● အဘယ့်ကြောင့် ကာမာဝစရစိတ် ၂၄-ပါး ပြားရပါသနည်း။

၂၅၀-ဖြေ။ ။ဝေဒနာအပြား - ဉာဏ်အပြား - သခ်ါရအပြား ပြားသောကြောင့် ကာမာဝစရစိတ် ၂၄-ပါး ပြားရပါသည်။

ကာမာဝစရစိတ်အဖြေ ပြီး၏။

ရူပါဝစရစိတ် အဝဖြေ

●

● စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ-၌ စိတ္တ-အရ ဥဒ္ဒေသ, ဥဒ္ဒိဋ္ဌ, နိဒ္ဒေသ, နိဒ္ဒိဋ္ဌ-အရတို့ကို အသီးသီး ညွှန်ပြပါ။

၂၅၁-ဖြေ။ ။စိတ္တံ-ဟူသောသဒ္ဒါအစဉ်သည် ဥဒ္ဒေသ-မည်၏။ ထိုစိတ္တသဒ္ဒါဖြင့်ပြအပ်သောစိတ်သည် ဥဒ္ဒိဋ္ဌ-မည်၏။ 'တတ္ထ စိတ္တံ တာဝ စတုဇ္ဇိမံဟောတိ' အစရှိသောစိတ်ပိုင်းအကုန်လုံးသည်နိဒ္ဒေသ မည်၏။ ထိုစိတ်ပိုင်းအကုန်လုံးဖြင့်ပြအပ်သောစိတ်တို့သည် နိဒ္ဒိဋ္ဌ မည်ပါသည်။

● ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရံ-ဉ် ဖြစ်သင့်သော ဥဒ္ဒေသ-ဥဒ္ဒိဋ္ဌ-နိဒ္ဒေသ-နိဒ္ဒိဋ္ဌ များကို အသီးသီး ခွဲခြားညွှန်ပြပါ။

၂၅၂-ဖြေ။ ။ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရံ ဟူသော သဒ္ဒါအစဉ်သည် ဥဒ္ဒေသ-မည်၏။ ထိုသဒ္ဒါအစဉ်ဖြင့် ပြအပ်သော ကာမာဝစရ ရူပါဝစရ အရူပါဝစရ လောကုတ္တရာစိတ်တို့သည် ဥဒ္ဒိဋ္ဌ-မည်၏။ တတ္ထကတမံ ကာမာဝစရံ သောမနဿ သဟဂတံ အစရှိသော စိတ်ပိုင်းအကုန်လုံးသည် နိဒ္ဒေသ-မည်၏။ထိုစိတ်ပိုင်းအကုန်လုံးဖြင့် ပြအပ်သော စိတ်အကုန်လုံးသည် နိဒ္ဒိဋ္ဌ-မည်ပါသည်။

● ဝိတက္က ဝိစာရ-ပီတိတို့ကို အသီးသီး ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၂၁၃-ဖြေ။ ။"အာရမ္မဏံ ဝိတက္ကေတိ သမ္မယုတ္တမမ္မေ အဘိနိရောပေတီဘိ ဝိတက္ကော" (ဝစနတ္ထ) သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေ့ရှုတင်ပေးတတ်(ကြံစည်တတ်)သောကြောင့် "ဝိတက်" မည်ပါသည်။ ထိုဝိတက်သည် အာရုံသို့ရှေ့ရှုတင်ပေးခြင်း (အာရမ္မဏာဘိနိရောပန)၊ လက္ခဏာရှိ၏။

{စိတ်ကို အာရုံသို့ ရောက်၍ ရောက်၍ သွား အောင် ပို့ဆောင် တင်ပေးမှုကို ကြံစည်သည်ဟု မှတ်။ }

"အနုဝိစာရေန အာရမ္မဏော စိတ္တံ ဝိစရတီတိ ဝိစာရော" (ဝစနတ္ထ) အာရုံ၌စိတ်သည် ထိုဝိစာရဖြင့် ဆင်ခြင်သုံးသပ်တတ် ထို့မှ ဤမှ သွားလာ ကျက်စားတတ်သောကြောင့် "ဝိစာရ" မည်ပါသည်။ ထိုဝိစာရသည် အာရုံကို သုံးသပ် ဆင်ခြင်ခြင်း (အာမဋ္ဌာနုမဇ္ဇန)၊ လက္ခဏာရှိ၏။ (ဋီ)

● ဝိတက် ဝိစာရတို့ကို ဥပမာအားဖြင့် ထင်ရှားအောင် ပြခဲ့ပါ။

၂၁၄-ဖြေ။ ။ဝိတက်သည် သမ္မယုတ်တရားနှင့်တူသော တောတွင်းသားကို အာရုံနှင့်တူသော မင်း၏နန်းတော်သို့ ခေါ်ဆောင် ညွှန်ပြပေးတတ်သော တောတွင်းသား၏ဆွေမျိုး။ ဝါးမင်းကျွမ်းဝင်သော တော

တွင်းသား၏ မိတ်ဆွေနှင့် တူ၏။ တနည်းအားဖြင့် ရှေးဦးစွာ ယိုးအပ်သော ခေါင်းလောင်းသံနှင့်ဌင်း, ကောင်းကင်သို့ ပျံတက်လိုသော ဌက်၏ အတောင်ခတ်ခြင်းနှင့်ဌင်း, ဂန္ဓာရုံကိုနှစ်သက်သော ပိတုံး၏ ပဒုမ္မာကြာတောသို့ ရှေးရှု ကျရောက်ခြင်းနှင့်ဌင်း တူပါသည်။ ။ဝိစာရသည် ခေါင်းလောင်းထိုးပြီးနောက် ညည်းသံနှင့်ဌင်း, ကောင်းကင်ပျံတက်ပြီး သောဌက်၏ အတောင်ဖြန့်ကာ လေဟုန်စီးနေခြင်းနှင့်ဌင်း, ကြာဘောသို့ ရောက်ပြီးသော ပိတုံး၏ ကြာဘောပေါ်တွင် စုံစမ်းသောအားဖြင့် ရှင်ဒဲ့နေခြင်းနှင့်ဌင်း တူပါသည်။ (၌)

- ဝိတက်၏ အစွမ်းဖြင့် စိတ်သည် အာရုံသို့ တက်ရောက်သော် ဝိတက်မရှိသော အဝိတက္ကစိတ်တို့သည် အဘယ်သို့လျှင် အာရုံသို့ တက်ရောက်မည်နည်း ရှင်းလင်းခဲ့ပါ။

၂၅၅-ဖြေ။ ။ဝိတက်မရှိသော အဝိတက္က စိတ်ကိုသည် ဝိတက်၏ အစွမ်းဖြင့်ပင်အာရုံသို့တက်ရောက်ပါသည်။{သဝိတက္ကစိတ်၏သန္တာန်၌ အဖန်ဖန်အထပ်ထပ် ဝိတက်နှင့်အတူတကွ ဖြစ်ခဲ့ပြီး ဖြစ်သောကြောင့် ဝိတက်နှင့်ကင်းသော်လည်း အဝိတက္ကစိတ်သည် အာရုံသို့တက်ရောက်နိုင်သည် ဟူလို။} တနည်းအားဖြင့်....အဝိတက္က စိတ်တို့တွင် ဒွေးပဲ့ဝိညာဏ် ၁၀-သည် ဝတ္ထုအာရုံ ထင်ခိုက်ခြင်း၏ အစွမ်းဖြင့် အာရုံသို့ တက်ရောက်သည်။ ဒုတိယဈာန် စသည်တို့သည် အောက်အောက်၌ ဖြစ်သော ဘာဝနာ၏အစွမ်းဖြင့် အာရုံသို့ တက်ရောက်ပါသည်။

{မဇ္ဈိမအဋ္ဌကထာ၌ကား ဒွေးပဲ့ဝိညာဏ်သည်မနသိကာရ အဖော်ကိုရ၍ အာရုံသို့တက်ရောက်သည်။ဒုတိယဈာန် စသည်တို့သည် မနသိကာရ-ဝိရိယ-သတိ-အဖော်ကိုရ၍ အာရုံသို့ တက်ရောက်သည်ဟု ဆိုသည်။ဘာဝနာ၏ အစွမ်းအရကို မကြိမဇ္ဈိုက ဒုအောက်အောက်ဈာန်ကို ဘာဝနာဟု ဖွင့်သော်လည်း ကာမာဝစရ ဘာဝနာဟုသာ မှတ်။}

† တမ္ပိဝိတက္ကဗလေနေဝအဘိနိရောဟတိ။ အပိစေတ္ထပဉ္စဝိညာဏံ အဝိတက္ကမ္ပိ ဝတ္ထာရမ္မဏ သံဃဋ္ဌနဗလေန၊ ဒုတိယဇ္ဈာနာဒီနိစ ဟေဌိမဘာဝနာဗလေန အဘိရောဟန္တိ။ (ဌီ)

* **ဝတ္ထာလမ္ဗ, သံဃဋ္ဌ, တက်ရဒွေးပဉ္စာ။**

* **ဟေဌာဘာဝန, အစွမ်းရ, ဒု-တ-စသည်မှာ။** (သစ်)

● ဝိတက် ဝိစာရတို့၏ အထူးကို ရေးခဲ့ပါ။

၂၅၆-ဖြေ။ ။စိတ်၏ ရှေးဦးစွာအာရုံ၌ကျရောက်ခြင်းသည်ဝိတက်မည်၏။ အဖန်တလဲလဲ အာရုံကို သုံးသပ်ခြင်းသည် ဝိစာရ-မည်၏။ တနည်း.... ဝိတက်သည် တုန်လှုပ်ခြင်း သဘော ရှိ၏။ ဝိစာရသည် ငြိမ်သက်သော ဖြစ်ခြင်းရှိ၏။ ဤသို့လည်း ထူးပါသည်။

* ဧတ္ထစ ဝိစာရတော ဩဋ္ဌာရိကဋ္ဌေန တသော ပုဗ္ဗင်္ဂမဋ္ဌေနစ ပဌမဃဏ္ဍာဘိဃာတောဝိယ စေတသော ပဌမာဘိနိပါတော ဝိတက္ကော။ အနုရဝေါဝိယ အနုသဉ္စရဏံ ဝိစာရော။ ဝိပ္ဖာရဝါ စေတ္ထ ဝိတက္ကော စိတ္တဿ ပရိဖန္ဒဘူတော။ သန္တဝုတ္တိဝိစာရော စိတ္တဿ နာတိပရိပ္ဖန္ဒဘူတော။ (ဌီ)

● ဝိတိ-သုခ-ဧကဂ္ဂတာ တို့ကို အသီးသီး ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၂၅၇-ဖြေ။ ။"ပိနယတိ ကာယစိတ္တံ တပ္ပေတိ ဝဓေဘိတိဝါ ဝိတိ" (ဝစနတ္ထ) နာမကာယ ရူပကာယနှင့် သမ္ပယုတ် ဖြစ်သော စိတ်ကို ရောင့်ရဲစေတတ် ပြည့်စေတတ် ပွားစေတတ်သောကြောင့် "ဝိတိ" မည်ပါသည်။ ထိုဝိတိသည် အာရုံကို နှစ်သက်မြတ်နိုးခြင်း (သမ္ပိယာယန) လက္ခဏာရှိ၏။ {သမ္ပိယာယန လက္ခာဏာ ဆိုသည်ကား-အာရုံကို သင့်လျော် လျောက်ပတ်သော အားဖြင့် ယူခြင်း လက္ခဏာဟု ဆိုလိုသည်။}

"သမ္ပယုတ္တဓမ္မေ သုခယတိတိ သုခံ" (ဝစနတ္ထ) သမ္ပယုတ် တရားတို့ကို ချမ်းသာစေတတ်သောကြောင့် "သုခ" မည်ပါသည်။

ထိုသုခသည် ကောင်းသော ဘောဇဉ် အရသာကို ခံစားတတ်သော မင်းကဲ့သို့ ဇုဌာရုံကို ခံစားခြင်း (ဇုဌာနုဘဝန) လက္ခဏာရှိ၏။

"တေံ အာရမ္မဏံ အဂ္ဂံ ဇုမဿာတိ ကေဂ္ဂံ-စိတ္တံ၊ ကေဂ္ဂဿ ဘာဝေါ ကေဂ္ဂတာ-သမာဓိ။" (ဝစနတ္ထ) ကေဂ္ဂတာ ဟူသော အမည်နှင့် ဤစိတ်ကား တခုသောအာရုံရှိသောစိတ်ဟုသိသောဉာဏ်ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် ကေဂ္ဂတာ မည်ပါသည်။ ထိုကေဂ္ဂတာသည် အထူးထူးသောအာရုံ၌ မပြန့်မလွင့်ခြင်း-ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက် (အဝိက္ခေပ) လက္ခဏာ ရှိ၏။ (ဋီ)

● ပီတိ ၅-မျိုးနှင့် သဘောကို ရေးသား ဖော်ပြပါ။

၂၅၈-ဖြေ။ ။

(၁) ခုဒ္ဒိကာ ပီတိ.....ကြက်သီးမွေးညှင်းထရုံ နှစ်သက်ခြင်း။
(၂) ခဏိကာ ပီတိ ....လျှပ်စစ်ပြက်သကဲ့သို့ခဏခဏနှစ်သက်ခြင်း။
(၃) ဩက္ကန္တိကာပီတိ....သမုဒ္ဒရာ လှိုင်းခတ်သကဲ့သို့ ကိုယ်သို့သက်၍ သက်၍ နှစ်သက်ခြင်း။
(၄) ဥဗ္ဗေဂါ ပီဟိ.....ကိုယ်ကို ကောင်းကင်သို့ မြောက် တက်စေ လောက်အောင် နှစ်သက်ခြင်း။
(၅) ဖရဏာ ပီတိ.....ဆီထိသော ဝါဝွမ်းကဲ့သို့ ကိုယ်အလုံးစိမ့်၍ နှစ်သက်ခြင်း။

ထို ၅-မျိုးတို့သည်အစဉ်အတိုင်း အားရှိကြကုန်၏။ (အဋ္ဌသာလိနီ)

● သမာဓိသည်ပင်လျှင် အဝိက္ခေပဖြစ်၍၊ သမာဓိဟု ဆိုအပ်သော အဝိက္ခပေသည် အဝိက္ခေပ လက္ခဏာ ရှိသည်ဟု ဆိုရာ၊ မိမိသည်ပင် မိမိ၏ လက္ခဏာ အဘယ်သို့ ဖြစ်နိုင်မည်နည်း ရှင်းလင်းခဲ့ပါ။

၂၅၉-ဖြေ။ ။သိအပ်သော သဒ္ဒတ္ထ၊ မသိအပ်သော သဒ္ဒတ္ထ ၏ အဖြစ်ဖြင့် လက္ခဏ လက္ခိတဗ္ဗ ဖြစ်သင့်သောကြောင့် မိမိသည်ပင် မိမိ၏ လက္ခဏာ ဖြစ်နိုင်ပါသည်။ ထင်ရှားစေအုံ....စိတ္တေကဂ္ဂတာ-ဟူသော သဒ္ဒတ္ထ၏အဖြစ်ဖြင့် မသိအပ်သောသမာဓိသည်လက္ခိတဗ္ဗ၊ အဝိက္ခေပ-

ဟူသော သဒ္ဒတ္ထ၏အဖြစ်ဖြင့် သိအပ်သောသမာဓိသည်လက္ခဏ၊ ဤသို့ လက္ခိတဗ္ဗ လက္ခဏဖြစ်သင့်သောကြောင့် မိမိသည်ပင် မိမိ၏လက္ခဏာ ဖြစ်နိုင်ပါသည်။

{ပရမတ္ထအားဖြင့် မပြားသော်လည်း အဘိဓေယျ ဝတ္ထုဉ္ဌ တင်စား၍ ဝစန ဝစနီယအဖြစ်ပြားနိုင်သဖြင့်လက္ခဏလက္ခိတဗ္ဗ အဖြစ် ပြားသင့်သည်။ သို့ဖြစ်၍ လက္ခဏ လက္ခိတဗ္ဗ အားဖြင့် မိမိသည်ပင် မိမိ၏လက္ခဏာ ဖြစ်နိုင်သည်။ "သိလာပုတ္တကသ သရီရံ" ကဲ့သို့ အဘေဒဘေဒူပစာမျိုးဟူလို။ ခဲရပ်။ }

† ဝိညာတာ ဝိညာတ သဒ္ဒတ္ထ ဘာဝေန လက္ခဏ လက္ခိတဗ္ဗ ဘာဝ ယုတ္တိတော။ (၉)

● ဝိတက္က ဝိစာရ ပီတိ သုခေ ကဂ္ဂတာ သဟိတံ-ကို ဖြစ်သင့်သော သမာသ် တွဲစပ်ပြပါ။

၂၆၀-ဖြေ။ ။ဝိတက္ကောစ ဝိစာရောစ ပီတိစ သုခဉ္စ ဧကဂ္ဂတာစ ဝိတက္ကဝိစာရ ပီတိသုခေ ကဂ္ဂတာ၊ ဝိတက္ကဝိစာရပီတိသုခေ ကဂ္ဂတာဟိ သဟိတံ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ" (ဒွန္ဒဂဗ္ဘိ တတိယာ တပ္ပုရိသ် သမာသ်) {ဝိတက္ကဝိစာရ ပီတိသုခေ ကဂ္ဂတာ သဟိတာ ယေနာတိ-ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာ သဟိတံ-ဟူသော ဗဟုဗ္ဗီဟိ သမာသ်ကိုကား နှစ်စေသည်။ }

● ပီတိ သုခတို့၏ အထူးကို ရေးခဲ့ပါ။

၂၆၁-ဖြေ။ ။အာရုံကို ကြားသိ တွေ့မြင်လာသောအခါ နှစ်သက်ခြင်းသည် ပီတိ-မည်၏။ ထို ရရှိလာသော အာရုံကို ခံစားခြင်းသည် သုခ-မည်၏။ ဤသို့ ထူးပါသည်။ (၉)

တနည်း.... ပီတိ-ကို သခ်ါရက္ခန္ဓာ၊ သုခ-ကို ဝေဒနာက္ခန္ဓာ၌ ရေတွက်အပ်၏။ ဤသို့လည်း ထူးပါသေးသည်။ တနည်း....ပီတိကား-မာနသိကသုခ၊ သုခ ကား-ကာယိကသုခ။ ဤသို့လည်း ထူးပါသည်။

† သခ်ါရက္ခန္ဓ သဟိတာ ပီတိ၊ ဝေဒနာက္ခန္ဓ သဟိတံ သုခံ။

(အဌသာလိနီ)

● ဗီတိနှင့် သောမနဿတို့၏ အထူးကို ရေးခဲ့ပါ။

၂၆၂-ဖြေ။ ။ဗီတိ သောမနဿ ၂-ပါးတို့တွင် ဗီတိမူကား-ကြည်ဖြူနှစ်သက်ခြင်း လက္ခဏာရှိ၏။ သောမနဿကား-ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။ ဤသို့ ထူးပါသည်။

● ပဌမချာနံ-၌ ပဌမချာန်သည် အဘယ်၏ အစွမ်းဖြင့် ပဌမဖြစ်သည်ကိုငှင်း, ချာန-အရ အဓိပ္ပာယ်ကိုငှင်း, အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်တို့တွင် အဘယ်ချာန် ဖြစ်သည်ကိုငှင်း ဖော်ပြပါ။

၂၆၃-ဖြေ။ ။ပဌမချာန်သည် ဒေသနာက္ကမ-ပဝတ္တိက္ကမ ၂-ပါးလုံး၏ အစွမ်းဖြင့် ပဌမ ဖြစ်ပါသည်။ ကသိုဏ်း-စသော အာရုံသို့ ကပ်၍ ရှုတတ်သောကြောင့်ငှင်း, ဆန့်ကျင်ဘက် နီဝရဏ တရားတို့ကို ဘုတ်ကြည်းတတ် ပူပန်စေတတ် သောကြောင့်ငှင်း ချာန်-မည်ပါသည်။ (အဓိပ္ပာယ်)ဤချာန်သည် အာရမ္မဏူပနိဇ္ဈာန်ဖြစ်ပါသည်။(ရူပ အရူပ ချာန်ဟူသမျှ အာရမ္မဏူပနိဇ္ဈာန်ချည်းဟူ၍မှတ်။)

{ချာန်ဟူသည် အာရုံတခုကို စူးစူးစိုက်စိုက် ရှုနေမှုသဘောတည်း၊ကောင်းကင်ပျံမှုကား ချာန်မဟုတ် ဣဒ္ဓိသဘောမျိုးသာ ဖြစ်သည်။ထို့ကြောင့် * **စိုက်စိုက်စူးစူး, အထူးအားအန်, ရှုအားသန်, ချာန်ဟူခေါ်သတတ်**-ဟု လယ်တီဆရာတော် မိန့်လေသည်။}

† ပဌမဉ္ဇ ဒေသနာက္ကမတော စေဝ ဥပတ္တိက္ကမတော စ အာဒိဘူတတ္တာ၊ တံ ချာနဉ္ဇ အာရဏူပနိဇ္ဈာနတော ပစ္စနီက ချာပနတောစာတိ ပဌမချာနံ။ (ဋီ)

● ချာန-ပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ အာရမ္မဏူပနိဇ္ဈာန် လက္ခဏူပနိဇ္ဈာန်တို့၏ အဓိပ္ပာယ်နှင့်တကွ အရကိုလည်း ဖော်ပြပါ။

၂၆၄-ဖြေ။ ။"အာရမ္မဏံ ချာယတိ ဥပနိဇ္ဈာယတီတိ ချာနံ၊ ပစ္စနီကေ ချာပေတိ ဥဟတီတိ ချာနံ" (အဓိပ္ပာယ်ကို အထက်က ရေး**ခေတ်—၉၊ (ပဌမအကြိမ်။)**

ခဲ့ပြီ။) ကသိုဏ်းစသော အာရုံကိုကပ်၍ ရှုတတ်သောကြောင့် အာရမ္မဏူပနိဇ္ဈာန်-မည်သည်။ အရကား-သမာပတ် (၈) ပါးတည်း။

အနိစ္စတာ-အစရှိသောလက္ခဏာ ၃-ပါးအပေါင်းသို့ကပ်၍ရှုတတ်သောကြောင့် လက္ခဏူပနိဇ္ဈာန် မည်သည်။ အရကား - ကာမာဝစရ ဝိပဿနာ-မဂ်-ဖိုလ်တည်း။ (၇-အဌသာလိနီ)

{ကာမာဝစရ ဝိပဿနာသည် အနိစ္စ စသည်ဖြင့် ရှုတတ်၍ ဖိုလ်သည် နိဗ္ဗာန်၏တဿလက္ခဏာကို ရှုတတ်သည်။ဝိပဿနာ ရှုမှုသည် မဂ်ကျမှ ပြီးစီးသောကြောင့် မဂ်ကလည်း ရှုရာရောက်သည်။ မဂ်က သီးခြား ရှုမှုကား မရှိ။}

* **အာရမ္မဏူမှာ, ဌသမာ, ဈာနာအရဘဲ။**

* **လက္ခဏမှာ, ပဿနာ, ဖလာ-မဂ္ဂစွဲ။ (သစ်)**

● ဈာန်နင်နှင့် ဈာန်တို့၏ အထူးကို ရေးခဲ့ပါ။

၂၆၅-ဖြေ။ ။ဝိတက်-ဝိစာရ-စသော အစိတ်စိတ်သည် ဈာနင် (ဈာနဂ်) ဈာန်အင်္ဂါ မည်ပါသည်။ ဝိတက် အစရှိသော ဈာန်အင်္ဂါ ငါးပါးအပေါင်းသည် ဈာန်-မည်ပါသည်။ဤသို့အစိတ်အပေါင်းမျှသာ ထူးပါသည်။ လှည်းဘီးအကွပ် စသည်ကို ရထား၏ အစိတ် ရထား၏ အင်္ဂါ၊ ထို လှည်းဘီးအကွပ် စသည်ကို ပေါင်းထားသော အပေါင်းကို ရထား ခေါ်ဝေါ်သကဲ့သို့မှတ်။ {ဤကိုကြည့်၍ ဈာန်ဟူသည်' ဈာန်အင်္ဂါဟူသည် စေတသိက်၏ အမည်တည်း၊ထိုစေတသိက်ဈာန်နှင့်ယှဉ်သောစိတ်ကိုသာ ဈာန်စိတ် ခေါ်သည်ဟု မှတ်လေ။ }

† ဈာနဂ် သမုဒါယေယေဝ ဟိ ဈာနဝေါဟာရော၊ နေမိအာဒိ အင်္ဂသမုဒါယေ ရထဝေါဟာရောဝိယ။ (ဋီ)

● ဝိတက်-စသော ဈာန်အင်္ဂါ ငါးပါးအပေါင်းကိုသာ ဈာန်-ဟု ခေါ်နိုင်ပါသလော၊ ဝိတက် စသော အစိတ်စိတ် ဈာန်အင်္ဂါ တပါးပါးကိုလည်း ဈာန်-ဟု မခေါ်နိုင်ပါသလော။

၂၆၆-ဖြေ။ ။ဝိတက် စသော ဈာန်အင်္ဂါတပါးပါးသည် အာရုံသို့ ရှေ့ရှုတင်ပေးခြင်းစသောမိမိ-မိမိတို့ကိစ္စအသီးသီးကိုကပ်၍ ရှုခြင်းကိစ္စ

ရှိသောကြောင့်ငင်း, ပဋ္ဌာန်း ချာနပစ္စည်း၌ ဝိတက် စသော တပါးပါး ကိုပင် ချာနပစ္စည်းအဖြစ် ဟောထားသောကြောင့်ငင်း ဝိတက်,ဝိစာရ စသော အစိတ်အစိတ် ဟပါးပါးကိုလည်း ချာန်-ဟု ခေါ်နိုင်ပါသေး သည်။ (အပရေဆရာ အလို)

{ဘာဝနာ၏ အစွမ်းသည် ချာန်အင်္ဂါ ထူးပြားအောင် ပြုတတ်၏။ "ဝိတက္ကဝိရာဂ ဘာဝနာ"သည် မိမိမှာ ဝိတက်နှင့် ယှဉ်နေသော်လည်း ဝိတက်ရှိသော ပဌမချာန်၌ ဝိတက်ကင်း အောင်ပွားများခြင်း၏အစွမ်းဖြင့် ထိုအမည်ကိုရသည်ဟုမှတ်။}

● ဖဿ စသော တပါးသော သမ္ပယုတ်တရားများရှိလျက် ဝိတက် စသော ဤ ငါးပါးကိုသာ အဘယ့်ကြောင့် ချာန်အင်္ဂါ-ဟု ဆိုပါသနည်း။

၂၆၇-ဖြေ။ ။ကသိုဏ်းစသော အာရုံကိုကပ်၍ ရှုခြင်းကိစ္စရှိသော ကြောင့်ငင်း,ကာမစ္ဆန္ဒ စသော နီဝရဏဘရားတို့၏ဖြောင့်ဖြောင့် ဆန်ကျင်ဘက် ဖြစ်သောကြောင့်ငင်း,တပါးသော ဖဿ စသောသမ္ပယုတ် တရားတို့ကို ချာန်အင်္ဂါမဆိုဘဲ ဤဝိဘက်စသော တရားငါးပါးကိုသာ လျှင် ချာန်အင်္ဂါ-ဟု ဆိုပါသည်။

† ဥပနိဇ္ဈာနကိစ္စတ္တာ၊ ကာမာဒိ ပဋိပက္ခတော။
သန္တေသုပိစ အညေသု၊ ပဌေဝ ချာနသညိတာ။
(ဋီ-ပြ ပေါရာဏ)

● ဝိဘက်စသော ချာနင်ငါးပါးတို့သာ ကသိုဏ်းစသောအာရုံသို့ ကပ်၍ ရှုခြင်းကိစ္စရှိသည်ဟု အဘယ့်ကြောင့် ဆိုနိုင်ပါသနည်း။ အခြားသော သမ္ပယုတ် တရားတို့သည်လည်း အာရုံသို့ ကပ်၍ ရှုခြင်းကိစ္စ ရှိသည်မဟုတ်ပါလော။

၂၆၈-ဖြေ။ ။ဝိဘက်သည် စိတ်ကို အာရုံ၌ ရှေရှုတင်ပေးခြင်း၊ ဝိစာရသည် မပြတ်ဖွဲ့ခြင်း။ဒီတိသည် အာရုံဖြင့် ရောင့်ရဲခြင်း။ သုခသည် အာရုံ၌ဘာဝနာ၏အစွမ်းဖြင့်ပွားစေခြင်း။ထိုဝိတက်စသည်တို့၏အဘိ

နိရောပန,အနုပ္ပဗန္ဓန,ဝိနန,ဥပဗြူဟနတို့ဖြင့် ချီးမြှောက်အပ်သည်ဖြစ်၍ ကေဂ္ဂတာသည် ကောင်းစွာ အာရုံ၌ ထားခြင်း ကိစ္စဖြင့် မိမိသို့ အစဉ်လိုက်စေလျက် စိတ်ကို အာရုံ၌ အညီအညွတ် ကောင်းစွာ ထားခြင်းဟု ဆိုအပ်သော ပထဝီကသိုဏ်းအစရှိသော အာရုံသို့ကပ်၍ရှုခြင်း, ကြံခြင်း ကိစ္စသည် ထိုဝိတက် စသော ဈာနင်ငါးပါးတို့၏သာလျှင် သူတပါးတို့နှင့်မဆက်ဆံသော အသီးအခြား အာဝေဏိကဥစ္စာ ဖြစ်သောကြောင့် ဝိတက်စသော ဈာနင်ငါးပါးတို့သာ ကသိုဏ်း စသော အာရုံသို့ကပ်၍ ရှုခြင်းကိစ္စ ရှိသည်ဟု ဆိုပါသည်။ အခြား သမ္မယုတ် တရားများကို မဆိုပါ။ (ဋီ-မှာ အကျယ်ရှု)

{အနုဂ္ဂဟိတဖြစ်သော ကေဂ္ဂတာ၏ သမာဓာနကိစ္စ ခေါင်းဆောင်ခြင်းရှိသည့် အနုဂ္ဂါဟကဖြစ်သော ဝိတက် စသည်တို့၏ အဘိနိရောပန, အနုပ္ပဗန္ဓန, ဝိနန, ဥပဗြူဟန-ကိစ္စငါးပါးလုံးကိုပင် "ဥပနိဗ္ဗာနကိစ္စ" ဟု ဆိုရပါသည်။ }

● အဘယ်ဈာနင်သည် အဘယ် နိဝရဏ၏ ဆန့်ကျင်ဘက် ဖြစ်ပါသနည်း အသီးသီး ညွှန်ပြပါ။

၂ ၆၉-ဖြေ။ ။ဝိတက်သည် ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက်။ဝိစာရသည် ဝိစိကိစ္ဆာ၏။ပီတိသည် ဗျာပါဒ၏။သုခသည် ဥဒ္ဓစ္စကုက္ကုစ္စ၏။သမာဓိ (ဧကဂ္ဂတာ) သည် ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက် ဖြစ်ကြပါသည်။

{ရှေးနိဝရဏ ငါးပါးထဲသည်းမှာ-အဝိဇ္ဇာ နိဝရဏကို ပယ်မှုအထိုက်အလျောက် ပါသွားပြီးဖြစ်၍ အဝိဇ္ဇာ နိဝရဏအတွက် သီးခြား ပယ်မှုကိုမဆို။ တနည်းဆောင်းဖြင့် အဝိဇ္ဇာနိဝရဏကား မဂ်, ဖိုလ်-ကိုသာ ပိတ်ဖုံးတတ်၍ ဈာန်ကို မပိတ်ဖုံးတတ်သောကြောင့် ဈာနင်တို့ပယ်သော နိဝရဏထဲတွင် မပါ။ }

ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိစာပိ ဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စကုက္ကုစ္စံ။
သမာဓိ ကာမစ္ဆန္ဒဿ၊ ပဋိပက္ခောတိ ပေဋကေ။ ။

● ဝိတက် စသော ဈာနင်တို့သည် ထိနမိဒ္ဓ စသော နီဝရဏာတို့၏ ဆန့်ကျင်ဘက် ဖြစ်ရခြင်း အကြောင်းများကို အသီးသီး ဖော်ပြပါ။

၂၇၀-ဖြေ။ ။ဝိတက်သည် အသင့်ကြီခြင်း၏အစွမ်းဖြင့် ပြန့်နှံ့သော ဖြစ်ခြင်းရှိသောကြောင့် စိတ် စေတသိက်တို့၏ တွန့်တို ထိုင်းမှိုင်းခြင်း သဘောရှိသော ထိနမိဒ္ဓတို့၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ ဝိစာရသည် အာရုံကို အဖန်တလဲလဲ သုံးသပ်ခြင်း၏ အစွမ်းဖြင့် ပညာသဘောရှိသောကြောင့်သို့လောသို့လော တွေးတောယုံမှား၍မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ပီတိသည် အာရုံ၌ဝမ်းမြောက်ခြင်းသဘော ရှိသောကြောင့် ကြမ်းတမ်း ခက်မာခြင်း သဘောရှိသော ဗျာပါဒ (ဒေါသ) ၏ ဆန့်ကျင်ဘက် ဖြစ်ပါသည်။ သုခသည် စိတ်၏ ငြိမ်သက် ချမ်းမြေ့ခြင်း သဘော ရှိသောကြောင့် စိတ်၏ မငြိမ်မသက် ပြန့်လွင့်ခြင်း, နှလုံးပူပန်ခြင်း သဘောရှိသော ဥဒ္ဓစ္စ ကုက္ကုစ္စ၏ဆန့်ကျင်ဘက်ဖြစ်ပါသည်။ သမာဓိသည် ကာမစ္ဆန္ဒ၏အစွမ်းဖြင့်အထူးထူးသော အာရုံတို့သည် ဖြားယောင်း၍ တချာချာ လည်နေသောစိတ်ကို တည်ငြိမ်စွာအာရုံ၌ ကောင်းစွာထားတတ်သောကြောင့် ကာမရာဂတို့သည် ပြင်းစွာ တပ်ခြင်း တချာချာ လည်နေခြင်း သဘောရှိသော ကာမစ္ဆန္ဒ နီဝရဏ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် ဖြစ်ပါသည်။ (ဦ)

● ဥပေက္ခာကို ဈာနင်၏အဖြစ်ဖြင့် ဘုရားဟောတော်မူလျက် ဤ၌ အဘယ့်ကြောင့် ဈာနင်၏အဖြစ်ဖြင့် မရေတွက်ပါသနည်း။

၂၇၁-ဖြေ။ ။ဥပေက္ခာကို ဈာနင်၏ အဖြစ်ဖြင့် ဘုရားဟောသော် လည်း ဥပေက္ခာသည် ငြိမ်သက်ခြင်း သဘောရှိ၍ သုခ၌ အကျုံးဝင်ပြီး ဖြစ်သောကြောင့် ဤ၌ ဈာနင်အဖြစ်ဖြင့် သီးခြား မရေတွက်တော့ပါ။

{ဤကိုထောက်၍ မဟဂ္ဂုတ်၌ သောမနဿထက် ဥပေက္ခာ အားကြီးကြောင်း ထင်ရှားသည်။ ကာမာဝစရမှာ ကား-သောမနဿက အားကြီး၏။ }

† ဥပေက္ခာ သန္တဝုတ္တိတာ၊ သုခမိစ္စေဝ ဘာသိတာ။ (ဦ)

- ရူပ - အရူပ စိတ်တို့၌ အသခ်ါရိက - သသခ်ါရိက အပြား ကို အဘယ့်ကြောင့် ရှင်အနုရုဒ္ဓါဆရာ မဆိုပါသနည်း။

၂၇၂-ဖြေ။ ။ရူပ-အရူပ စိတ်တို့သည် အသခ်ါရိက-သသခ်ါရိက အပြားမှလွတ်သောကြောင့် သခ်ါရအပြားကိုရှင်အနုရုဒ္ဓါဆရာမဆိုပါ။ {မြတ်စွာဘုရားပင် သခ်ါရအဖြစ် ဧကန္တိကအားဖြင့် မဟောဘဲ အနေကန္တိကအားဖြင့်သာ ဟောသောကြောင့် အနေကန္တိက ဒေသနာဖြစ်သည်အားလျော်စွာ သခ်ါရအပြားကို ရှင်အနုရုဒ္ဓါဆရာ အထူးမဝေဖန်ဟူလို။}တနည်းအားဖြင့်....ရူပ-အရူပဈာန်တို့သည် ပုဗ္ဗာဘိသခ်ါရဟု ဆိုအပ်သော ရှေးအဘို့၌ဖြစ်သောအားထုတ်ခြင်း၏အစွမ်းကြောင့်သာ လျှင်ဖြစ်သောကြောင့် တခါတရံမျှအသခ်ါရိကမဖြစ်သင့်၍ အသခ်ါရိက ဟူ၍ အထူးမဆို၊သသခ်ါရိက ဧကန်ဖြစ်နေ၍ သသခ်ါရိကအဖြစ် လင်းပါးဘွယ်မရှိသောကြောင့် သသခ်ါရိကဟူ၍လည်း အထူးမဆိုခြင်း ဖြစ်ပါသည်။ (လင်းပါးဘွယ် 'သံသယဖြစ်ဘွယ်' ရှိရာ၌သာ အထူးဆိုသည်။) ဤနောက်နည်းအလို သသခ်ါရိက ဧကန်ဟု ဆိုလိုသည်။

{ ပရမတ္ထ ဒီပနီ ဆရာကား.... သခ်ါရ ဝေါဟာရသည် အကုသိုလ်တို့နှင့်ဆက်ဆံနေ၍ မဟဂ္ဂုတ်လောကုတ္တရာ ပဋိပတ္တိမ္မေတို့နှင့် ဆက်ဆံသော ပဋိပဒါဝေါဟာရဖြင့် မ္မေသင်္ဂဏီ၌ ဟောထားသောကြောင့် ဤ မ ဟ ဂ္ဂုတ် လော ကု တ္တ ရာ တို့၌ ၂-ပါးလုံးရသင့်သည်ဟုအယူရှိ၏။သို့သော်သမ္ပယုတ်ဝိပ္ပယုတ် အတွက် အသခ်ါရိက သသခ်ါရိကအတွက် ပါဋိ အဌကထာ တို့၌ အထူး မဆိုသောကြောင့် ၎င်းတို့အတွက် ဦကာကျော် ရှေးနည်းအတိုင်း မရေတွက်ခြင်းသည်သာလျှင် အကောင်းဆုံး ဖြစ်၏။ နောက် ဆရာများကား-ဦကာကျော် နောက်နည်းသို့ လိုက်၍ သရုပ်ခွဲလွယ်စေခြင်းငှာ သမ္ပယုတ် သသခ်ါရိကထဲမှာ ထည့်သွင်းကြ၏။ ရှေးဘဝက ဈာန်ကို ကြိုးကြိုး စားစား အား ထုတ်ခဲ့ဘူးခြင်းကို **အဓိကာရ**။ယခုဘဝ ဈာန်မရမီ ရှေးအဘို့က ပထဝီ ပထဝီ စသည်ဖြင့် ကမ္မဋ္ဌာန်း အားထုတ် စီးဖြန်းမှုကို **ပုဗ္ဗာဘိသခ်ါရ** - ခေါ်သည်ဟု မှတ်။ အဓိကာရနှင့် ကင်း၍

ပုဗ္ဗာဘိသခ်ါရ သက်သက်ဖြင့် ဈာန်ကိုမရနိုင် ဟူသော ဋီကာ ကျော်စကားကိုကား စဉ်းစား၍ ယူအပ်၏။ }

† ပုဗ္ဗာဘိသခ်ါရဝသေနေဝ ဥပ္ပဇ္ဇမာနသ နကဒါစိအသခ်ါရိက ဘာဝေါသမ္ဘဝတီတိ အသခ်ါရိကန္တိစ၊ ဗျဘိစာရာဘာဝတော သသခ်ါရိကန္တိစ နဝုတ္တံ။ (ဋီ)

* **ရူပနှင့်အရူပေ။ ။အသခ်ါ-သသခ်, ငြင်းကြထွေထွေ။ ။ နှစ်ပါးဇလ, ခြားရေးတော့ ဟုတ်ဘူး။ ။သသခ်ါဋီကာ မိန်တယ်, နောက်ဟိတ်အထူး။ (သစ်)**

● စတုက္ကနည်းကို မြိတ်စွာဘုရားသည် ဓမ္မသင်္ဂဏီ ပါဋိတော်၌ ရှေးဦးစွာ ဟောပါလျက် အဘယ့်ကြောင့် ထိုစတုက္ကနည်းကို အနုရုဒ္ဓါဆရာ မပြပါသနည်း။

၂၇၃-ဖြေ။ ။စတုက္ကနည်းသည် ပဋ္ဌကနည်း၌ အကျုံးဝင်ပြီး ဖြစ်သောကြောင့် ထိုစတုက္ကနည်းကို အနုရုဒ္ဓါဆရာ မပြခြင်း ဖြစ်ပါသည်။

† စတုက္ကနယသ ပဋ္ဌကနယေ အန္တောဂဓတ္တာ။ (သခေ်ပ)

● တနည်းနည်းကိုသာ ဟောက ပြီးကောင်းလျက် ပါဋိတော်၌ အဘယ့်ကြောင့် စတုက္ကပဋ္ဌိက ၂-နည်းကို ဟောပါသနည်း။

၂၇၄-ဖြေ။ ။ပုဂ္ဂလဇ္ဈာသယ၏အစွမ်းဖြင့်ရင်း, ဒေသနာဝိလာသ၏ အစွမ်းဖြင့်ရင်း ၂-နည်းကို ဟောပါသည်။

† ပုဂ္ဂလဇ္ဈာသယဝသေနစ ဒေသနာဝိလာသေနစ။

(အဋ္ဌသာလိနီ)

● စတုက္ကနည်းကို ပြဆိုလျှင် အဘယ်သို့ ပြမည်နည်း။

၂၇၅-ဖြေ။ ။"ဝိတက္က ဝိစာရ ဝိတိ သုခေ ကဂ္ဂတာ သဟိတံ ပဌမ ဈာန ကုသလစိတ္တံ၊ ဝိတိ သုခေ ကဂ္ဂတာသဟိတံ ဒုတိယဈာန ကုသလ စိတ္တံ၊ သုခေကဂ္ဂတာသဟိတံ တတိယဈာန ကုသလစိတ္တံ၊ ဥပေက္ခေ ကဂ္ဂတာသဟိတံ စတုတ္ထဈာန ကုသလစိတ္တဉ္ဇေတိ ဋမာနိ စတ္တာရိပိ ရူပါဝရ ကုသလစိတ္တာနိနာမ" ဟု ပြဆိုရပါမည်။

● ရူပါဝစရ ဈာန်စိတ်တို့သည် အရူပါဝစရ စိတ်ကဲ့သို့ အာရုံ၏ အစွမ်းဖြင့် အဘယ့်ကြောင့် မပြားပါသနည်း။

၂၇၆-ဖြေ။ ။ရူပါဝစရ ဈာန်စိတ်တို့သည် အာရုံ၏ အစွမ်းဖြင့် အထူးမရှိ၊ အာရုံတူမျှနေသောကြောင့် အာရုံ၏အစွမ်းဖြင့် မပြားပါ။

† ရူပါဝစရဇျှာနဿ အာရမ္မဏဝသေန ဝိသေသော နတ္ထိ။ သမာနာရမ္မဏတ္တာ။ (ဇူ)

● ရူပဈာန် ငါးပါး၏ ပဟာနင် သမ္ပယောဂင်တို့ကို အသီးသီး ဖော်ပြပါ။

၂၇၇-ဖြေ။ ။

	ဈာန်အမည်	ပဟာနင်	သမ္ပယောဂင်
(၁)	ပဌမဈာန်	နီဝရဏ.....	ဝိဘက္ကာဒိပဉ္စင်
(၂)	ဒုတိယဈာန်.....	ဝိတက်	ဝိစာရာဒိစတုရင်
(၃)	တတိယဈာန်.....	ဝိစာရ	ပီတာဒိတိဝင်
(၄)	စတုတ္ထဈာန်	ပီတိ	သုခါဒိဒုဝင်
(၅)	ပဉ္စမဈာန်.....	သုခ.....	ဥပေက္ခာဒိဒုဝင်(ဇူ)

● ပဟာနင်သမ္ပယောဂင်ကိုပြသောသင်ဟပါဠိများကိုဖော်ပြပါ။

၂၇၈-ဖြေ။ ။"တတော ပဌာယ ပရိဗန္ဓ ဝိပ္ပဟီနာ ကာမာဝစရ သမာဓိ သခ်ါတာ - ဥပစာရ ဘာဝနာ နိပ္ပန္ဓာနာမ ဟောတိ ။လ။ ယဘာဂ္ဂမံ ဒုတိယဈာနာဒယော ယဘာရဟမပ္ပေံန္တိ"။ (ပဟာနင် သမ္ပယောဂင်-ပြ ကမ္မဋ္ဌာန်းပိုင်း-ပါဠိ)

● ပဋိပဒါ စတုက္က အာရမ္မဏ စတုက္ကများကို အသီးသီး ဖော်ပြပါ။

၂၇၉-ဖြေ။ ။(၁) ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာ။
(၂) ဒုက္ခပ္ပဋိပဒါ ခိပ္ပာဘိညာ။
(၃) သုခပ္ပဋိပဒါ ဒန္ဓာဘိညာ။
(၄) သုခပ္ပဋိပဒါ ခိပ္ပာဘိညာ။ (ပဋိပဒါစတုက္က)

(၁) ပရိတ္တံ ပရိတ္တာရမ္မဏံ။
(၂) ပရိတ္တံ အပ္ပမာဏာရမ္မဏံ။
(၃) အပ္ပမာဏံ ပရိတ္တာရမ္မဏံ။
(၄) အပ္ပမာဏံ အပ္ပမာဏာရမ္မဏံ။

(အာရမ္မဏစတုက္က)

{ပိ-သဒ္ဒါဖြင့်....စတုက္က ပဉ္စကနည်းအားဖြင့် သုဒ္ဓိကနဝက တခု။ ၎င်းကို ပဋိပဒါ ၄-ပါးနှင့်ယှဉ်၍ ၄-နဝက။ အာရမ္မဏ-၄-ပါးနှင့် ယှဉ်၍ ၄-နဝက။ အာရမ္မဏ ပဋိပဒါ ရောသော မိဿကနည်းနှင့်ယှဉ်၍ ၁၆-နဝက။ ပေါင်း နဝက ၂၅-ပါး၊ ဤသို့ စသောနည်းများကို ပေါင်းသည်။} (ဋီ)

● ဒုက္ခ ပ္ပဋိပဒါဒန္ဓာဘိညာ-၌ ပဋိပဒါအရ အဘိညာ အရဘို့ကို အသီးသီး ဖော်ပြပါ။

၂၈၀-ဖြေ။ ။ရှေးဦး အစ စီးဖြန်း သည်မှစ၍ အကြင်မျှလောက် ထိုထိုချာန်၏ ဥပစာရ ချာန်ဇောသည် ဖြစ်၏။ ထိုမျှလောက် အဘွင်း ဖြစ်သောသမာဓိဘာဝနာသည် ပဋိပဒါဖြစ်ပါသည်။ ဥပစာရချာန်မှစ၍ အကြင်မျှလောက် အပ္ပနာချာန်သည် ဖြစ်၏။ ထိုမျှလောက် အဘွင်း ဖြစ်သော ပညာသည် အဘိညာ ဖြစ်ပါသည်။

† ပဌမ သမန္နာ ဟာရတော ပဌာယ ယာဝ တဿ တဿ ချာနဿ ဥပစာရံ ဥပ္ပဇ္ဇတိ၊ တာဝ ပဝတ္တာ သမာဓိ ဘာဝနာ ပဋိပဒါတိ ဝုစ္စတိ။ ဥပစာရတောပန ပဌာယ ယာဝ အပ္ပနာ တာဝ ပဝတ္တာ ပညာ အဘိညာတိ ပဝုစ္စတိ။ အဘိညာတိစ ပ္ပဒ္ဓဘာဂပညာ အပ္ပနာပညာစ။ (ဇူ)

{ပိ-သဒ္ဒါဖြင့် ပေါင်းယူအပ်သော ပဋိပဒါ, အာရမ္မဏ, အဘိဘာယတန, ဝိမောက္ခ,ဗြဟ္မဝိဟာရ စသည်တို့ဖြင့် ချာန်အပြား အကျယ်ရေတွက်ခြင်းကို ဤ၌မပြသာ၊ ပရမတ္ထဘာဇနီ ကျမှ ရှုကြပါကုန်။}

● ရူပါ ရူပကုသိုလ်နှင့် ရူပါ ရူပကြိယာတို့ အဘယ်သို့ ထူးပါသနည်း။

၂၈၁-ဖြေ။ ။ရူပါရူပကုသိုလ်သည်ပုထုဇဉ်သေက္ခတို့အားဘာဝနာဉာဏ်၏အစွမ်းဖြင့် ဖြစ်ပါသည်။ ရူပါရူပကြိယာသည် ရဟန္တာပုဂ္ဂိုလ်တို့အား ဘာဝနာကာရ၏အစွမ်းဖြင့် ဖြစ်ပါသည်။ ဤသို့ထူးပါသည်။
(အဘိဓမ္မာ ဝတာရ)

● ရူပါဝစရ ဝိပါက်ကို အဘယ့်ကြောင့် ကုသိုလ်ဈာန်နှင့်တူစွာ ဝေဖန် ပါသနည်း။ ကာမာဝစရ ကုသိုလ်၏ ဝိပါက် ကဲ့သို့ ကုသိုလ်နှင့်မတူဘဲ ဝေဖန်သင့်သည် မဟုတ်ပါလော။

၂၈၂-ဖြေ။ ။ဥပစာရဈာန်မှထူးသော ရူပါဝစရကုသိုလ်ဈာန်သည် ဖြစ်စေအပ်သော ဝိပါက်စိတ်သည် ဆင်ရိပ်သည် ဆင်နှင့်တူသကဲ့သို့ စင်စစ်အားဖြင့် ထိုထိုကုသိုလ်ဈာန်နှင့်သာ တူသောကြောင့် ရူပါဝစရ ဝိပါက်ကိုကုသိုလ်ဈာန်နှင့်တူစွာသာလျှင်ဝေဖန်ပါသည်။ကာမာဝစရ ဒိပါက်ကဲ့သို့ ကုသိုလ်နှင့်မတူဘဲ မဝေဖန်သင့်ပါ။

† ဈာနဝိသေသေန နိဗ္ဗတ္တိတဝိပါကော ဇနေန္တော တံတံဈာန သဒိသောဝါတိ ဝိပါကံ ဈာနသဒိသမေဝ ဝိဘာဇိံ။ (ဋီ)

● ရူပဈာန်, အရူပဈာန်, လောကုတ္တရာဈာန် ရှိသကဲ့သို့ ကာမာဝစရဈာန် ရှိ, မရှိ အကယ်၍ ရှိက ထုတ်ဖော်ပြခဲ့ပါ။

၂၈၃-ဖြေ။ ။ရှိပါသည်။ ထိုကာမာဝစရဈာန်ကား....နိဝရဏ-ဝိတက်-ဝိစာရ စသည်တို့ကို ငြိမ်းစေရာ၌ ကည်ကြည်စွာ ဖြစ် သော ဥပစာရဈာန်ပင် ဖြစ်ပါသည်။

† ဥပစာရန္တိစ နိဝရဏ ဝိဘက္ကဝိစာရနိကန္တိ အာဒီနံ ဂုပသမေ ထိရဘူတံ ကာမာဝစရဈာနံ။ (ဋီ)

● ရူပါဝစရစိတ်သည် ရူပဘုံ၌ ဖြစ်ခြင်း တူသောကြောင့် တပါး တည်း ဖြစ်သင့်လျက် အဘယ့်ကြောင့် ၅-ပါး ပြားရသနည်း။

၂၈၄-ဖြေ။ ။တပါးတည်းဖြစ်သင့်သော်လည်း ပဌမဈာန်စသော ဈာန်အပြား အင်္ဂါငါးပါး စသည်ဖြင့် ယှဉ်သော သမ္ပယောဂ အပြား

အားဖြင့် ငါးပါး ပြားရပါသည်။ (သာမည) ကုသိုလ်-ဝိပါက်-ကြိယာ ဇာတ် အားဖြင့် အသီးသီးရေတွက်မူကား ၁၅-ပါး ပြားပါသည်။

(ဝိသေသ)

{သင်္ဟဋ္ဌ ဈာနဘေဒကို ဈာနင် သမ္ပယောဂဘေဒေန-ဟု ဆိုလိုလျက် နိရုတ္တိနည်းအားဖြင့် အင်္ဂပုဒ် သမ္ပယောဂ ပုဒ်ဘိုကို ချေထားသည်။ }

† ဈာနင်္ဂေဟိ သမ္ပယောဂ ဘေဒေန ပဋ္ဌဓာ။ (ဋီ)

ရူပါဝစရစိတ် အဖြေ ပြီး၏။

အရူပါဝစရစိတ် အဖြေ

●

● အာကာသနဉ္ဇ-ပုဒ်ကို ဖြစ်သင့်သမျှ အစိတ်အပေါင်း ဝစနတ္ထ ပြု၍ ရပ်ပြီးပုံ ပြပြီးလျှင် အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၂၈၅-ဖြေ။ ။"နဿ အန္တောတိ အနန္တံ၊ အာကာသဉ္ဇ ဘံ အနန္တဉ္ဇာတိ အာကာသာနန္တံ၊ အာကာသာနန္တမေဝ အာကာသာ နဉ္ဇံ" (ဝစနတ္ထ) အဂ္ဂိအာဟိတော ပူဇိတောယေနာတိအဂျာဟိတော ဋ္ဌအာဟိတဂ္ဂိ-ဟုဆိုလိုလျက်အဂျာဟိတော-ဟုဆိုသကဲ့သို့၊ ဤဋ္ဌလည်း အနန္တာကာသ-ဟု ဆိုလိုလျက် ဝိသေသနပုဒ် နောက်ထားသော အားဖြင့် အာကာသာနန္တ-ဟု ဆိုထားသည်။ အာကာသာနန္တ + ဏျ။ နန္တ-ဋ္ဌ န-ကို ရှေ့ န-ထက်ဋ္ဌ နိဂ္ဂဟိတ်ပြု။ ဏျ-ကို စ-ပြု၊ ပြုပြီးသော နိဂ္ဂဟိတ်ကို ဥ-ပြု၍ အာကာသာနဉ္ဇံ-ပြီးသည်။ (ရုပ်ပြီးပုံ) ဥပါဒ်, ဋ္ဌ, ဘင် အပိုင်းအခြားမရှိသော ကောင်းကင်သည် အာကာသာနဉ္ဇ-မည် ၏၊ ကသိဏုဂ္ဂဘာဋ္ဌ မာကာသ-ဟူလို။ (အဓိပ္ပာယ်) (ဋီ-ဇူ)

● အာကာသ အပြားကို ပြ၍ ဤဋ္ဌလို အပ်သော အာကာသ ကိုလည်း ညွှန်ခဲ့ပါ။

၂၈၆-ဖြေ။ ။အာကာသသည် (၁) အဇဋာကာသ၊ (၂) ပရိစ္ဆိဒ္ဒာ ကာသ၊ (၃) ကသိဏုဂ္ဂဘာဋ္ဌမာကာသ၊ (၄) ရူပ ပရိစ္ဆေဒါကာသ

အားဖြင့် ၄-ပါး ရှိပါသည်။ ဤဥကား - ကသိဏ္ဍာဒီ မာကာသကို လိုအပ်ပါသည်။ (အကိုရ)

- အာကာသာနဉ္စ-ကို အာယတနနှင့် ဖြစ်သင့်သော သမာသ် တွဲစပ်၍ အရကိုလည်း ကောက်ပြပါ။

၂၀၇-ဖြေ။ ။"အာကာသာနဉ္စမေဝ အာယတနံ အာကာသာနဉ္စာယတနံ" (တုလျာမိကရဏသမာသ်)သမ္မယုတ္တမမ္မနှင့်တကွသော ဈာန်တို့၏ အာရုံပြုသော အားဖြင့် တည်ရာဖြစ်သော အနန္တာကာသကို မှခု။ ဈာန်ကို ဌာန္ဂုပစာ ကာရဏူပစာ အားဖြင့် ရ၏။ ။တနည်း.... 'အာကာသာနဉ္စံ အာယတနံ အဿာတိ အာကာသာနဉ္စာယတနံ' (ဗဟိရတ္ထသမာသ်) စိတ် စေတသိက်အပေါင်းကို မှခု-ဈာန်ကို ဇကေဒေသူပစာ အားဖြင့် ရ၏။ "အာကာသာနဉ္စံ ဃ ယတနေန သမ္မယုတ္တံ ကုသလစိတ္တံ အာကာသာနဉ္စာယတနကုသလစိတ္တံ" ဟု တွဲလေ။ (ဋီ)

- ဝိညာဏဉ္စ-အရ ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ ရုပ်ပြီး ပြပြီးလျှင် အဓိပ္ပာယ်နှင့်တကွ အရလည်း ကောက်ပြပါ။

၂၀၈-ဖြေ။ ။"ဝိညာဏမေဝ အနန္တံ ဝိညာဏာနန္တံ၊ဝိညာဏာနန္တမေဝ ဝိညာဏဉ္စံ၊ ဒုတိယာရုပ္ပ ဝိညာဏေနဝါ အဋ္ဌိတဗ္ဗံ ပါပုဏိတဗ္ဗန္တိ ဝိညာဏဉ္စံ" ဝိညာဏာနန္တ+ဏျ။ နန္တ-ဌ်ိ န-ကို ဓျေ န-ထက်၌ နိဂ္ဂဟိတ်ပြု။ တျ-ကို စ-ပြု၊ပြုပြီးသော နိဂ္ဂဟိတ်ကို ဉ-ပြု၍ ဝိညာဏာနဉ္စံ ပြီးသည်။ ၎င်းကိုမှ ဝိညာဏာနဉ္စ ဆိုလိုလျက် အာ-ကို ရဿ-ပြု။ န-ကိုခြေပြုန်၍ ဝိညာဏဉ္စံ-ပြီးသည်။နောက်နည်း ဝိညာဏ သဒ္ဒူပပဒ အဉ္ဇုဓာတ်-ပါပုဏာန အနက်ဟော။ ဝိညာဏေန အဋ္ဌံ ဝိညာဏဉ္စံ-ဟု တပ္ပုရိသ် သမာသ် လုပ်လိုရင်းတည်း။ဏျ-ပစ္စည်းကား-အာကာသာနဉ္စကဲ့သို့သကတ်အနက်၌ဘာဝဏျ ပစ္စည်းတည်း။(ရုပ်ပြီးပုံ)ပဌမာရုပ္ပ ဝိညာဉ်သည်ပင်လျှင် အဆုံးပိုင်းအခြား မရှိသောကြောင့် ဝိညာဏဉ္စံ-မည်သည်။ (အဓိပ္ပာယ်) ဝိညာဏ-အရ ပဌမာရုပ္ပ ဝိညာဉ်ကိုပင် ရ၏။

† ဝိညာဏာနန္တံမေဝ ဝိညာဏဉ္စံ၊ အာကာရဿ ရဿဘဿ နကာရဿ လောပဉ္စ ကတွာ။ (ဋီ-၄)

● ဝိညာဏ-ကို အာယတနနှင့် ဖြစ်သင့်သော သမာသ် တွဲစပ်၍ အရကိုလည်း ကောက်ပြပါ။

၂၈၉-ဖြေ။ ။"ဝိညာဏဉ္ဇမေဝ အာယဘနံ ဝိညာဏဉ္ဇာယတနံ" (တုလျာဓိကရဏသမာသ်) ဒုတိယာရုပ္ပ ဝိညာဉ်၏ တည်ရာဖြစ်သော ပဌမာရုပ္ပဝိညာဉ်သည် မုချ-ချာန်ကို ဌာနူပစာ ကာရဏူပစာအားဖြင့် ရ၏။ တနည်း.... "ဝိညာဏဉ္ဇံ အာယတနံ အဿာတိ ဝိညာဏဉ္ဇာယတနံ"(ဗာဟိရတ္ထသမာသ်) စိတ် စေတသိက်အပေါင်းကို မုချ-ချာန်ကို ဧကဒေသူပစာအားဖြင့် ရ၏။ "ဝိညာဏဉ္ဇာယဘနေန သမ္ပယုတ္တံ ကုသလစိတ္တံ ဝိညာဏဉ္ဇာယတန ကုသလစိတ္တံ"ဟု တွဲလေ။

† သေသံ ပုရိမသမံ။ (ဋီ-၉)

● ပဌမာရုပ္ပဝိညာဉ်သည် ဥပါဒ်စသော ခဏတ္တယ ရှိသောကြောင့် အနန္တဟု မဆိုသင့်၊ ဥပါဒ်စသော ခဏတ္တယကင်းသောကြောင့် ကောင်းကင် နိဗ္ဗာန်ကိုသာ အနန္တ-ဟု ဆိုသင့်လျက် အဘယ့်ကြောင့် ပဌမာရုပ္ပ ဝိညာဉ်ကို အနန္တ-ဟု ဆိုပါသနည်း။

၂၉၀-ဖြေ။ ။အဆုံး အပိုင်းအခြားမရှိသော ကောင်းကင် ပညတ်ကို အာရုံပြုသောကြောင့်ဌာနူပစာအားဖြင့်၎င်း၊ ဝိညာဏံအနန္တံ, ဝိညာဏံ အနန္တံ-ဟု စီးဖြန်းသော အနန္တ ဖရဏ အမည်ရသော ကာမာဝစရ ဘာဝနာ၏ အာရုံဖြစ်သောကြောင့် ဖလူပစာအားဖြင့်၎င်း၊ ပဌမာရုပ္ပ ဝိညာဉ်ကို အနန္တ-ဟု ဆိုပါသည်။

† တဦး ဥပ္ပာဒါဒိ အန္တဝန္တဖြိ အနန္တာကာသေ ပဝတ္တနတော အတ္တာနံ အာရဗ္ဘ ပဝတ္တာယ ဘာဝနာယ ဥပ္ပာဒါဒိအန္တံ အဂ္ဂဟေတွာ အနန္တတော ဖရဏဝသေန ပဝတ္တနတောစ အနန္တန္တိ ဝုစ္စတိ။ (ဋီ-၉)

● ကောင်းကင်ပညတ်သည် အဘယ့်ကြောင့် အဆုံးအပိုင်းအခြား မရှိပါသနည်း။

၂၉၁-ဖြေ။ ။ကောင်းကင်ပညတ်သည် ဖြစ်ခြင်း ပျက်ခြင်း အပိုင်းအခြား မရှိသောကြောင့်၎င်း၊ အဆုံးမရှိဟု နှလုံးသွင်းသော အားဖြင့်၎င်း အဆုံးအပိုင်းအခြား မရှိပါ။

† အနန္တတာပနဿ ဥပ္ပာဒဝယန္တာ ဘာဝတော အနန္တမနသိ ကာရဝသေနဝါ ဝေဒိတဗ္ဗာ။ (အဘိမ္မေတ္ထ ဝိကာသိနီ)

● အာကိဉ္စညပုဒ်ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ် အရနှင့် တကွ ရပ်ပြီးပုံကိုလည်း ဖော်ပြပါ။

၂၉၂-ဖြေ။ ။"နတ္ထိ ကိဉ္စနံ အပ္ပမတ္တကံ အဿာတိ အကိဉ္စနံ" (ပဌမာရုပ္ပဝိညာဏံ) "အကိဉ္စနဿ ဘာဝေါ အာကိဉ္စညံ" (ပဌမာရုပ္ပဝိညာဏာဘာဝေါ) စိုးစဉ်း အနည်းငယ်မျှအကြွင်းမရှိသော ပဌမာရုပ္ပဝိညာဉ်၏အဖြစ် တည်းဟူသော နတ္ထိဘော ပညတ်သည်ပင်လျှင် အာကိဉ္စည မည်၏။ (အဓိပ္ပာယ်) အာကိဉ္စည-အရ နတ္ထိဘော ပညတ်ကိုရ၏။ (ပဌမာရုပ္ပကုသိုလ်၏မရှိခြင်းတည်းဟူသောနတ္ထိဘောပညတ်။ ပဌမာရုပ္ပကုသိုလ်ကြိယာ၏မရှိခြင်းတည်းဟူသောနတ္ထိဘောပညတ်ဟု ၂-မျိုးခွဲ။) အကိဉ္စန+ဏျ။ ချ-အတူ။ ချ-ကို ဥ-ပြု။ ဥ-ကို ဒွေးဘော်ပြု။ အ-ကို အာဝုဒ္ဓိ-ပြု။ အာကိဉ္စည-ပြီးသည်။ (ရပ်ပြီးပုံ) (ဌီ-ဇူ)

● "အန္တမသော ဘင်္ဂမတ္တမ္ပိ အဝသိဋ္ဌံ နအတ္ထိ" ဟူသောဌီကာ၌ ဌီ,ဘင်-တို၏ အကြွင်းရှိပုံ, မရှိပုံကို ရှင်းလင်းဖော်ပြပါ။

၂၉၃-ဖြေ။ ။ပဌမာရုပ္ပဝိညာဉ်သည် ဥပ္ပာဒက္ခဏ၌တည်သော် ဌီ, ဘင်-တို့သည် ထို ဥပါဒ်ခဏမှ ကြွင်းသည် မည်ပါသည်။ ပဌမာရုပ္ပဝိညာဉ်သည် ဌီ-ခဏ၌ တည်သော် ဌီ-သည် ထို ဥပ္ပာဒက္ခဏမှ ကြွင်းသည် မည်ပါသည်။ ဘင်-သည်ကား - ပဌမာရုပ္ပ ဝိညာဉ်၏ ဌီခဏ-ဘင်ခဏမှာပင် ဥပါဒ်, ဌီ-တို့မှ ကြွင်းသည် မည်ပါသည်။ ပဌမာရုပ္ပဝိညာဉ်ဘင်ကို လွှန်သောအခါကား-ဌီ, ဘင်တို့ကို ကြွင်းသည်ဟု မဆို ရတော့ပါ။

{မတ္တ သဒ္ဒါဖြင့် ဥပါဒ်သည် အကြွင်း မရှိသောကြောင့် ဌီ-ကိုသာ နစ်စေသည်။} (ဇူ)

● ပဌမာရုပ္ပ ဝိညာဉ်၏ အကြွင်းရှိပုံ, မရှိပုံကိုလည်း ဖော်ပြပါ။

၂၉၄-ဖြေ။ ။ပဌမာရုပ္ပ ဝိညာဉ်ကို ဥပ္ပံဘဒက္ခဏ၌ အကြောင်းရှိသည်၊ အကြောင်းမရှိဟု မဆိုရသေးပါ။ ဒွိခဏ, ဘင်ခဏ၌ကား-အကြောင်းရှိသည်ဟုသာဆိုရ၍ အကြောင်းမရှိဟုမဆိုရပါ။ဘင်ခဏကိုလွန်သောအခါကား အကြောင်းမရှိဟုသာဆို့ရ၍ အကြောင်းရှိသေးသည်ဟုကား မဆိုရတော့ပါ။

{အာယတနနှင့်တွဲပုံ အရကောက်ပုံကိုကား အာကာသာနဉ္စ ဝိညာဏဉ္စပုဒ်တို့အတိုင်းပင် မှတ်ပါလေ။ } (၄)

● "နေဝသညာ နာသညံ" ပုဒ်ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်နှင့်တကွ အရလည်း ကောက်ပြပါ။

၂၉၅-ဖြေ။ ။"နေဝသ သညာ အတ္ထိတိ နေဝသညံ၊ နာသ သညာ အတ္ထိတိ အသညံ၊ န အသညံ နာသညံ၊ နေဝသညဉ္စ တံ နာသညဉ္စာတိ နေဝသညာ နာသညံ" (ဝစနတ္ထ) ရုန်ရင်းသော သညာကား မရှိ၊ သိမ်မွေသော သညာရှိသောကြောင့် နေဝသညာနာသညာ-မည်၏။ (အဓိပ္ပာယ်) အရကား စတုတ္ထဈာရုပ္ပ ဈာန်ရ၏။

တနည်း.... "နေဝသညာတိ နေဝသညာ၊ န သညာတိ အသညာ၊ န အသညာတိ နာသညာ၊ နေဝသညာစ သာ နာသညာစာတိ နေဝသညာနာသညာ" (ဝစနတ္ထ) ရုန်ရင်းသော သညာကား မဟုတ်၊သိမ်မွေသောသညာဟုတ်သောကြောင့်နေဝသညာနာသညာမည်၏။ ရေပူ၌ သုခုမ တေဇောဓာတ် ရှိနေသကဲ့သို့၊ သုခုမ သန်ါရ၏ အဖြစ်ဖြင့် ရှိနေသောကြောင့် ဟူလို။ (အဓိပ္ပာယ်) အရကား သညာရ၏။ (၉-၈)

{နေဝသည နာသညံဟု မဆိုဘဲ ဝစနသောဘဏ အကျိုးငှာ, အ,အက္ခရာကို ဒီဃရေး၍ "နေဝသညာ နာသညံ" ဟုဆိုထားသည်။ ပဌမနည်း နေဝသ၌ နှ-အက္ခရာ အနက်ရှိသော နေဝသဒ္ဒါသည် အဘာဝတ္ထ၊ နာသညံ၌ နှ-အက္ခရာသည် အညတ္ထ၊ အ,အက္ခရာသည် အဘာဝတ္ထကိုဟောသည်။ဒုတိယနည်းနေဝသညာ၌ နေဝသဒ္ဒါ အညတ္ထ၊ နာသညာ၌ နှ-အက္ခရာ, အ-အက္ခရာတို့သည်လည်း အညတ္ထပင်။ }

- နေဝသညာ နာသညံ-ကို အာယတနနှင့်ဖြစ်သင့်သမျှသမာသ် တွဲစပ်၍ အရကိုလည်း ကောက်ပြပါ။

၂၉၆-ဖြေ။ ။"နေဝသညာ နာသညာမေဝ အာယတနံ နေဝသညာ နာသညာယတနံ"(တုလျာဓိကရဏသမာသ်) အရကား စိတ်စေတသိက်အပေါင်းကို မုချ-ချာန်ကို ဧကဒေသူပစာရအားဖြင့်ရ၏။ ။ တနည်း.... "နေဝသညာ နာသညာဧဝ အာယတနံ နေဝသညာ နာသညာယတနံ"(တုလျာဓိကရဏသမာသ်ပင်) အရကားသညာကို မုချ၊ ချာန်ကို ဌာနူပစာအားဖြင့်ရ၏။နေဝသညာ နာသညာယတနေန သမ္ပယုတ္တံ ကုသလစိတ္တံ နေဝသညာ နာသညာယတန ကုသလစိတ္တံဟု ချာန်ကိုပဓာနထား၍တွဲ၊ 'နေဝသညာ နာသညာယတနမေဝကုသလ စိတ္တံ နေဝသညာ နာသညာယတန ကုသလ စိတ္တံ'ဟု စိတ်ကို ပဓာန ထား၍လည်း တွဲလေ၊ (ဦ-၉)

- နေဝသညာ နာသညံနှင့် အာယတနံကို သမာသ်တွဲရာ၌ ပဌမနည်း၌ နေဝသညာ နာသညံ-အရ စတုတ္ထချာန်ကို ယူရသောကြောင့် ဓမ္မာယတန ပရိယာပန္နတ္တာလောက်သာဆိုသင့်လျက် အဘယ့်ကြောင့် မနာယတန ဓမ္မာယတန ပရိယာပန္နတ္တာ-ဟု ဦကာဆရာ ဆိုပါသနည်း။

၂၉၇-ဖြေ။ ။သသမ္ပယုတ္တ ဓမ္မဿ-ဟု ဆိုအပ်သည်ဖြစ်၍ စိတ်သည်လည်း နေဝသညာ နာသညဖြစ်သောကြောင့် မနာယတန ဓမ္မာယတန ပရိယာပန္နတ္တာ-ဟု ဦကာဆရာ ဆိုပါသည်။ (ချာန်သည် ဓမ္မာယတန စိတ်သည် မနာယတန၌ အကျုံးဝင်သည်ဟူလို။) {ပိ-သဒ္ဒါဖြင့်ပေါင်း ယူအပ်သော အရူပချာန် အပြားကိုကား ဤ၌ မပြသာပြီ၊ ထိုထို ပါဠိ အဌကထာများမှ ယူကြပါကုန်။}

† သသမ္ပယုတ္တဓမ္မဿာတိ ဝုတ္တတ္တာ ပန စိတ္တဿာပိ နေဝသညာ နာသညဘာဝတောမနာယတနဓမ္မာယတနပရိယာပန္နတ္တာတိ ဝုတ္တံ။ (၉)

● စတုတ္ထ အရူပဈာန်၌ သိမ်မွေ့သော ဝေဒနာများလည်း ရှိလျက် အဘယ့်ကြောင့် နေဝသညာ နာသညာ-ဟု သညာကိုသာ မှတ်၍ ဆိုပါသနည်း။

၂၉၇-ဖြေ။ ။နေဝသညာ နာသညာဟုဆိုခြင်းကား သညာသည်သာ ဈာန်ကိုမှတ်သောကြောင့် ဆိုခြင်းဖြစ်သည်။ ဤသို့ဆိုခြင်းသည်လည်း နိဒဿနမျှသာဖြစ်၍ ဇနဝ ဝေဒနာ နာဝေဒနာ-ဟု ဆိုလိုကလည်း ဆိုနိုင်ပါသည်။

† သညာဝသေန စေတ္ထ ဈာနုပလက္ခဏံ နိဒဿနမတ္တံ၊ ဝေဒနာဒယော ပိ ဟိ တသ္မိံ ဈာနေ နေဝဝေဒနာ နာဝေဒနာဒိကာ ယေဝ။ (ဋီ)

● နတ္ထိဘောပညတ်သည့် အဘယ့်ကြောင့် အာကိဉ္စည-ဟူသော အမည်ကို ရပါသနည်း။

၂၉၉-ဖြေ။ ။နတ္ထိ ကိဉ္စိ-ဟု နှလုံး သွင်းခြင်း၏ အစွမ်းဖြင့်ဌင်း, ဒီးဖြန်းခြင်း၏အစွမ်းဖြင့်ဌင်း အာကိဉ္စည-ဟူသောအမည်ကိုရပါသည်။

† သော ဟိ နတ္ထိ ကိဉ္စိတိ ပရိကမ္မဝသေန တံနာမံ လဘတိ။ (အင်္ဂုံရ)

● ဝိညာဏဉ္စာယတန (ကုသလဝိပါကကြိယ) စိတ္တံ-ဌိပါသော ဝိညာဏ-သဒ္ဒါ သုံးခုတို့၏အဓိပ္ပာယ်ကို အသီးသီးကောက်ပြပါ။

၃၀၀-ဖြေ။ ။ဝိညာဏဉ္စာယတန ကုသလစိတ္တံ-ဌိပါသောဝိညာဏသဒ္ဒါဖြင့် ဤဘဝ နှေးဘဝ အနန္တဘွဲ့သန်အာနုဌိဖြစ်ဘူးသောအာကာသာနဉ္စာယတနကုသိုလ်စိတ်ကို ရပါသည်။ ။ဝိညာဏဉ္စာယတန ဝိပါက စိတ္တံ-ဌိပါသော ဝိညာဏသဒ္ဒါဖြင့် နှေးဘဝ အဓိဿဘွဲ့သန်အာနုဌိဖြစ်ဘူးခဲ့သော အာကာသာနဉ္စာယတန ကုသိုလ်စိတ်ကို ရပါသည်။ ။ဝိညာဏဉ္စာယတနကြိယစိတ္တံ-ဌိပါသော ဝိညာဏသဒ္ဒါဖြင့် ဤဘဝ နှေးဘဝ

အဓိပ္ပာယ်ဆန်နာန်ဦဖြစ်ဘူးသော အာကာသာနဉ္စာယတနကုသိုလ်စိတ်၊ ဌါနဝ အဓိပ္ပာယ်ဆန်နာန်ဦသာ ဖြစ်ဘူးသော အာကာသာနဉ္စာ ယတန ကြိယာစိတ်ကို ရပါသည်။ (ဒုက်ရ)

● အရူပါဝစရဈာန်သည် ရူပါဝစရဈာန်ကဲ့သို့ ဈာန်အင်္ဂါ၏ အစွမ်းဖြင့် အာဘယ့်ကြောင့် မပြားပါသနည်း။

၃၀၁-ဖြေ။ ။အရူပါဝစရဈာန်သည် ဥပေက္ခာကေဝဋ္ဋတာ၏အစွမ်း ဖြင့် ဈာန်အင်္ဂါတူမျှနေသောကြောင့် ဈာန်အင်္ဂါ၏အစွမ်းဖြင့်မပြားပါ။

† အရူပါဝစရဈာနသဿ ပန အင်္ဂဝသေန ဝိသေသော နတ္ထိ ဥပေက္ခာ ကဋ္ဌတာဝသေန သမာနင်္ဂာ။ (ဌ)

● အရူပါဝစရစိတ်သည် ရူပါဝစရစိတ်ကဲ့သို့ ဈာန်ဂံယောဂဘေဒ အားဖြင့်သာ ပြားသင့်လျက် အာဘယ့်ကြောင့် အာရမ္မဏဘေဒ အားဖြင့် ပြားပါသနည်း။

၃၀၂-ဖြေ။ ။အရူပါဝစရစိတ်သည် အင်္ဂါချင်းတူနေသောကြောင့် ရှေးရှေးဌာနဖြစ်သော ဈာန်အင်္ဂါကို လွန်သည်၏ အစွမ်းအားဖြင့် မဖြစ်။ ရှေးရှေးအာရုံကို လွန်သည်၏ အစွမ်းအားဖြင့်သာ ဖြစ်သောကြောင့် အာရမ္မဏဘေဒအားဖြင့် ပြားရပါသည်။

† အာရမ္မဏာ တိက္ကမတော၊ စတသော်ပိ ဘဝန္တိမာ။
အင်္ဂါတိက္ကမ မေတာသံ၊ နာ ဇာန္တိ ဂိဘာဝိနော။

(ဦ-ပြ အဋ္ဌသာလိနီ)

● အရူပါဝစရစိတ်၏ အာရုံ၏ အစွမ်းဖြင့် ပြားပုံကို ပြသော သင်္ဂဟပါဠိကို ဖော်ပြပါ။

၃၀၃-ဖြေ။ ။အာကာသဝေါတ ကသိဏောသုပန ။လ။ စတုတ္ထာရုပ္ပ မပ္ပေတိ။ (အရူပါဝစရဈာန်၏ အာရမ္မဏဘေဒပြ ကမ္မဋ္ဌာန်းပိုင်းပါဠို)

● အရူပါဝစရစိတ်ကို အဘယ့်ကြောင့် အာရမ္မဏာ တိက္ကမ၏ အစွမ်းဖြင့်သာ အင်္ဂကထာဆရာများ ဆိုပါသနည်း။ "အာကာ

သာနဉ္ဇာယတနံ သမတိက္ကမ္မ'' စသည်ဖြင့် ဈာနာတိက္ကမ ကို လည်း ဘုရားဟောတော်မူသည် မဟုတ်ပါလော။

၃၀၄-ဖြေ။ ။ဈာနာတိက္ကမကို ဘုရားဟောသော်လည်း သဒေါသ အာရမ္မဏာ တိက္ကမ၏ အစွမ်းဖြင့် ဈာနာတိက္ကမ ဖြစ်နိုင်သောကြောင့် အာရမ္မဏာတိက္ကမကိုသာ အဌကထာဆရာများ ဆိုခြင်းဖြစ်ပါသည်။

† သဒေါသာ ရမ္မဏာတိက္ကမ ဝသေန ဈာနသပိ အတိက္ကမော ဟောတိ။ (သခေ်ပ)

● အာရမ္မဏပွဘေဒေန၊စဘုဓာရပ္ပမာနသံ-အရ၊အရူပစိတ်သည် အာရုံ အပြား အားဖြင့် ၄-ပါး ပြားခဲ့သော် ထို စိတ်ကို၏ အတိက္ကမိတဗ္ဗအာရုံ အာလမ္ဗိတဗ္ဗ အာရုံများကို အသီးသီး ခွဲခြားရှိပြပါ။

၃၀၅-ဖြေ။ ။

	စိတ်	အတိက္ကမိတဗ္ဗအာရု	အာလမ္ဗိတဗ္ဗအာရုံ
(၁)	ပ	ကသိုဏ်းနိမိတ်	ကသိဏုဂ္ဂဒ္ဓမာကာသ
(၂)	ဒု	ကသိဏုဂ္ဂဒ္ဓမာကာသ	ပဌမာရုပ္ပဝိညာဉ်
(၃)	တ	ပဌမာရုပ္ပဝိညာဉ်	နတ္ထိဘောပညတ်
(၄)	စ	နတ္ထိဘောပညတ်	တတိယာရုပ္ပဝိညာဉ်

[ဤ အရူပစိတ်ကား အာရုံ အပြားအားဖြင့် ၄-ပါး ပြား သည်။ အင်္ဂါလွန်သောအားဖြင့် ပြားသည်မဟုတ်၊ အတိက္ကမိ တဗ္ဗ အာလမ္ဗိတဗ္ဗအာရုံ ၂-မျိုးလုံးကို ဦးကာပြသည်။ လယ်တီ ဆရာတော်ကား-အာလမ္ဗိတဗ္ဗအာရုံ အပြားကိုသာ ပြသည်။ အာကာသာနဉ္စာ ယတနံ - စ သည် ဖြင့် ဤ သ ဖြိုတ် ကျမ်း၌ အာလမ္ဗိတဗ္ဗ အာရုံကိုသာ သရုပ်ထုတ်ပြသောကြောင့်ဟူလို။]

● အရူပါဝစရစိတ်သည် ဥပေက္ခာဧကဂ္ဂတာအားဖြင့်အင်္ဂါ ၂-ပါး ရှိခြင်း တူကြသဖြင့် တပါးတည်းဖြစ်သင့်လျက် အဘယ့်ကြောင့် ပဌမ အရူပစိတ်-ဒုတိယအရူပစိတ် စသည်ဖြင့် ၄-ပါး ပြားရပါ သနည်း။

၃၀၆-ဖြေ။ ။အင်္ဂါ ၂-ပါးရှိခြင်း တူကြသော်လည်း ဘာဝနာ ဝိသေသ၏ အစွမ်းဖြင့် ထိုအင်္ဂါ ၂-ပါးတို့၏ ပဏီတ, ပဏီတ တရ, ပဏီတ ဘမ, ပဏီတ တရဘမ၏အစွမ်းဖြင့် အဆင့်ဆင့် မြတ်ကြသော ကြောင့် ၄-ပါး ပြားရပါသည်။ (ဘာဝနာ ဝိသေသကြောင့် အာရုံ ၄-ပါးပြား၊ အာရုံ ၄-ပါးပြားသောကြောင့် အရူပစိတ် ၄-ပါးပြား၊ ဘဖန် ကုသိုလ်ဝိပါက် ကြိယာဇာတ် ပြားသောကြောင့် ၁၂-ပါးပြားရ သည်ဟုမှတ်)။{အဆင့်ဆင့်မြတ်ပုံဥပမာအမျိုးမျိုးကို ပရမတ္ထဘာဇနီ၌ ရှုကြပါကုန်။ ဤ၌ကား မပြသာပြီ။}

† သုပဏီ တတရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဧဓ။
ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒ တလသာဋိကာ။
(အဋ္ဌသာလိနီ)

● နေဝသညာ နာသညာတယနချာန်ကို ရလိုသော ယောဂါဝစရ ပုဂ္ဂိုလ်သည် ငါရပြီးသော အာကိဉ္စညာ ယတန ချာန် သည် ဝိညာဏဉ္စာယတနချာန် တည်းဟူသော နီးသောရန်သူရှိ၏ဟု အပြစ်ကိုမြင်ပြီးဖြစ်လျက် အဘယ့်ကြောင့် အာကိဉ္စညာယတန ချာန်ကိုပင် အာရုံပြန်၍ ပြုပါသနည်း။

၃၀၇-ဖြေ။ ။အပြစ်ကိုမြင်သော်လည်း အာကိဉ္စညာယတနချာန်မှ ဘပါး အခြားကို အာရုံ ပြုစရာ မရှိသဖြင့် မင်း၏ အပြစ်ကို မြင်လျက် အသက်မွေးခြင်း အကြောင်းကြောင့် မဇ်းကို ခစားရသကဲ့သို့ အာကိဉ္စ ညာယတနချာန်ကိုပင် ပြန်၍ အာရုံပြုရပါသည်။ {ဝိညာဏဉ္စာယတန ချာန်ကို ရလိုရှိ စီးဖြန်းသော ပုဂ္ဂိုလ်၏ အာကာသာနဉ္စာယတနချာန် ကိုပြန်၍ အာရုံပြုရာ၌လည်း ဤအတိုင်းပင် မှတ်လေ။}

† အာရမ္မဏံ ကရောတွေဝ၊ အညာဘာဝေန တံ ဧဒံ။
ဒိဋ္ဌဒေါသမ္ပိ ရာဇာနံ၊ ဝုတ္တိဟေတု ယထာ ဇနော။
(အဋ္ဌသာလိနီ)

● အာကိဉ္စညာ ယတနချာန်ကို ရပြီးသော ယောဂါဝစရပုဂ္ဂိုလ် သည် နေဝသညာ နာသညာ ယတန ချာန်ကို ရလိုရှိ စီး ဖြန်း

သောအခါ မိမိရပြီးသော အာကိဉ္ဉညာ ယတန ဈာန်ကိုပင် အလွန် ငြိမ်သက်၏ အလွန် မြတ်၏ဟု အမွန်းတင် ချီးမွမ်းနေသဖြင့် ထို အာကိဉ္ဉညာယတနဈာန်မှ အဘယ်သို့လွန်မြောက်နိုင်ပါမည်နည်း။

၃၀၈-ဖြေ။ ။အမွန်းတင်ချီးမွမ်းနေသော်လည်း အာကိဉ္ဉညာယတန ဈာန်သက် နေဝသညာ နာသညာ ယတန ဈာန်က အထူးသဖြင့် ငြိမ်သက် အထူးသဖြင့်မြတ်နေသဖြင့် ဝါသည် ထိုအာကိဉ္ဉညာယတနဈာန်ကို ဆင်ခြင်အံ့,ဝင်စားအံ့,ဆောက်တည်အံ့,ထိုဈာန်မှသအံ့,ဆင်ခြင်အံ့ဟူ၍ နှလုံးသွင်း အာဘောဂမရှိသောကြောင့် လွန်မြောက်နိုင်ပါသည်။ ကျဉ်းကျဉ်းကား.... မဝင်စားလို နှလုံး မသွင်းလုသောကြောင့် လွန်မြောက်နိုင်သည်ဟု ဖြေလေ။

† သန္တဘော စေ မနသိကာရောတိ, ကဘံ သမတိက္ကမောတိ အနာဝဇ္ဇိ တုကာမဘာယ။ (အဌသာလိနီ)

● အကြင် ပုဂ္ဂိုလ်တို့သည် ဈာန်ကိုတောင့်တ၍ ဈာန်၏ ပရိကံတိပြုပြီး ဈာန်နှင့် စပ်သော သုဘွန် ပါဠိတို့ကို ရေးသား ဖွင့်ဆိုကြကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် မရအပ်သေးသော မဟဂ္ဂုတ် ဈာန်ကို အာရုံပြုနိုင်ပါမည်လော။

၃၀၉-ဖြေ။ ။မပြုနိုင်ပါ။ထိုပုဂ္ဂိုလ်တို့သည် ဈာန်ဆိုသည်ကား ၍သို့ ကန်ခံ ခြင်း အကျိုးကြီးကျယ်၏ဟု ကြားသိ၍ ကြားသိ သင်အံခြင်း သုတပရိယတ္တိ၏ အစွမ်းဖြင့် အခြင်းအရာကို မှတ်သားသော ဉာဏ်ဌိတည်၍ အနုမာန (မှန်းဆခြင်း) ၏ အစွမ်းဖြင့်သာ ဟောင့်တ၍ ပရိကံတိုပြုပြီး သုဘွန် ပါဠိတို့ကို ဖွင့်ဆိုရေးသားခြင်းမျှသာ ဖြစ်ပါသည်။မင်း, ဖိုလ်, နိဗ္ဗာန်တို့၏ အကြောင်း အရာကို ရေးသား ဖွင့်ဆို ရာ၌လည်း ထို့အတူပင် မှတ်လေ။ (ပရမတ္ထ ဒီပနီ)

● ရူပ အရူပစိတ် ၂၇- ပါးသည် အဘယ့်ကြောင့် မဟဂ္ဂုတ်မည်ပါသနည်း။

၃၁၀-ဖြေ။ ။မြတ်သည်၏ အဖြစ်သို့ ရောက်သော ကြောင့်ငင်း၊ မြတ်ကုန်သော ဈာနလာဘီ အရိယာပုဂ္ဂိုလ်ဘို့သည် ရောက်အပ်သော ကြောင့်ငင်း မဟဂ္ဂုတ်-မည်ပါသည်။ (အဋ္ဌသာလိနီ)

† ဝိနီဝရဏာဒိတာယ မဟတ္တံ ဂတာနိ မဟန္တေဟိဝါ ဈာယီဟိ ဂတာနိ ပတ္တာနီတိမဟဂ္ဂတာနိ။ (ဌီ-စေတသိက်ပိုင်းအပ္ပမညာ သမ္ပယောဂနည်း အဖွင့်။)

အရူပါဝစရစိတ် အဖြေ ပြီး၏။

လောကုတ္တရာစိတ် အဖြေ

●

● သောတာပတ္တိမဂ္ဂစိတ္တံ-၌ သောတ-အရ ဖြစ်သင့်သမျှ ဝစနတ္ထ ပြု၍ အဓိပ္ပာယ်နှင့်တကွ အရကိုလည်း ကောက်ပြပါ။

၃၁၁-ဖြေ။ ။"နိဗ္ဗာနံ အဘိမုခံ ဟုတ္ဝာ သဝတိ အာရမ္မဏကရဏ ဝသေန ဥပဂစ္ဆတီတိ သောတော" (ဝစနတ္ထ) နိဗ္ဗာန်သို့ အာရုံပြု သောအားဖြင့် ရှေရှသွားတတ်ကပ်ရောက်တတ်သောကြောင့် သောတ မည်၏။ (အဓိပ္ပာယ်) အဋ္ဌဂိကမဂ်ကို ရ၏။ (မုချနက်)

တနည်း.... "နိဗ္ဗာနံ အာရမ္မဏံ ကတ္ဝာ သဝတိ ဥပဂစ္ဆတိ ပဝတ္တတီတိ သောတော" (ဝစနတ္ထ) နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်တတ် သောကြောင့် သောတ-မည်၏။(အဓိပ္ပာယ်)အဋ္ဌဂိကမဂ်ကိုပင် ရ၏။ (မုချနက်)

တနည်း...."နိဗ္ဗာနေ အာရမ္မဏဘူတေ သဝတိ အာရမ္မဏ ကရဏဝသေန ဥပဂစ္ဆတိ ပဝတ္တတီတိ သောတော" (ဝစနတ္ထ) အာရုံဖြစ်သော နိဗ္ဗာန်၌ အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့် သောတ-မည်၏။ (အဓိပ္ပာယ်) အဋ္ဌဂိကမဂ်ပင် ရ၏။ (မုချနက်ပင်)

တနည်း.... "နိန္ဒဋ္ဌာနေ သဝတိ သန္ဒတီတိ သောတော" (ဝစနတ္ထ) ချိုင့်ဝှမ်းရာ သမုဒ္ဒရာ အရပ်၌ စီးဝင်တတ် သောကြောင့် သောတ-မည်၏။ (အဓိပ္ပာယ်) ပကတိ ရေအယဉ်ကိုရ၏။

"သောတော ဝိယာတိ သောတော" ချိုင့်ဝှမ်းရာ မဟာသမုဒ္ဒရာ အရပ်၌ စီးဝင်တတ်သော ရေအယဉ်နှင့် တူသောကြောင့် သောတ-မည်၏။(အဓိပ္ပာယ်) {သမုဒ္ဒရာသည် ငါးမကန်းစသည်တို့၏နေရာဌာန ရွှေ,ငွေစသော ရတနာတို့၏ တည်ရာဖြစ်သကဲ့သို့ နိဗ္ဗာန် သည်လည်း အရိယာပုဂ္ဂိုလ်တို့၏ နေရာဌာန ၃၇-ပါးသော ဗောဓိပက္ခိယ တရား ရတနာတို့၏တည်ရာဖြစ်သည်။သမုဒ္ဒရာ ချိုင့်ဝှမ်းရာအရပ်သို့ရေအယဉ် စီးဝင်သကဲ့သို့ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ကိုင်းရှိုင်း စီးဝင်တတ် သောကြောင့် မဂ်သည် ပကတိ ရေအယဉ်နှင့်တူသည်ဟူလို။}အဌဂီက မဂ်ကိုပင် ရ၏။ (ရူပကအနက်) (ဒို-ဇူ)

● သောတာပတ္တိ မဂ္ဂစိတ္တံ-၌ အာပတ္တိ, မဂ္ဂ-တို့ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အရကောက်ပြီးလျှင် သောတ,စိတ္တတို့နှင့်သမာသ် တွဲစပ်ပြပါ။

၃၁၂-ဖြေ။ ။"ပဇ္ဇနံ ပတ္တိ"ရောက်ခြင်း ရ၏။ "အာဒိတော ပတ္တိ အာပတ္တိ" ရှေးဦးစွာ ရောက်ခြင်း ရ၏။ "သောတဿ အာပတ္တိ သောတာပတ္တိ"နိဗ္ဗာန်သို့ ရှေ့ရှုအာရုံပြုသောအားဖြင့် ကပ်တတ်သော အရိယာမဂ်သို့ ရှေးဦးစွာရောက်ခြင်း ရ၏။ ။"နိဗ္ဗာနံ မဂ္ဂေတိ ဂဝေ သတီတိ မဂ္ဂေါ" (မဂ္ဂ+အ=ကတ္တု) နိဗ္ဗာန်ကို ရှာမှီးတတ်သော ကြောင့် မဂ်-မည်၏။ (အဓိပ္ပာယ်) တနည်း-"နိဗ္ဗာနတ္ထိကေဟိ မဂ္ဂိ ယတိ ဂဝေသိယတီတိ မဂ္ဂေါ" (မဂ္ဂ+အ=ကမ္မ) နိဗ္ဗာန်ကို အလိုရှိ ကုန်သောသူတို့သည်ရှာမှီးအပ်သောကြောင့် မဂ်မည်၏။(အဓိပ္ပာယ်) တနည်း.... "ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ (မရ+ဂမု+ကွိ) ကိလေသာကို သတ်ဖြတ်လျက် နိဗ္ဗာန်သို့ သွားတတ် သောကြောင့် မဂ်-မည်၏။ (အဓိပ္ပာယ်) အဌင်္ဂိက မဂ်ကို ရ၏။ (မာရေန္တဂေါ-ဟု ဆိုလိုလျက် နိရုတ္တိ နည်းအားဖြင့် မဂ္ဂေါ-ဟု ဆိုသည်။) "မဂ္ဂေန သမ္ပယုတ္တံ စိတ္တံ မဂ္ဂစိတ္တံ" မဂ်စိတ်ကို ရ၏။ "သောတာပတ္တိယာ လဒ္ဓံ မဂ္ဂစိတ္တံ သောတာပတ္တိ မဂ္ဂစိတ္တံ-ဟု တွဲ။

တနည်း.... "ပဇ္ဇနံ ပတ္တိ" ရောက်ခြင်း ရ၏။ "ပဌမာရိယာ ပုဂ္ဂလေန အာဒိတော ပတ္တိ အာပတ္တိ"သောတာပန်ပုဂ္ဂိုလ်၏ရှေးဦးစွာ

ရောက်ခြင်းရ၏။ "သောတဿ အာပတ္တိ ဧတဿာတိသောတာပတ္တိ" သောတာပန် ပုဂ္ဂိုလ် ရ၏။ သောတာပတ္တိနော ပုဂ္ဂလဿ မဂ္ဂေါ သောတာပတ္တိမဂ္ဂေါ" အဋ္ဌဂီကမဂ်ကိုရ၏။ "သောတာပတ္တိမဂ္ဂေနသမ္မ ယုတ္တံ စိတ္တံ သောတာပတ္တိ မဂ္ဂစိတ္တံ" ဟုတွဲလေ။ သောတာပတ္တိမဂ်စိတ်ကို ရ၏။ (ဋီ-ဇူ)

{အထက်ပါ အဖြေများကို ရှုရှ် သောတအရ။ ပတ္တိအရ။ အာပတ္တိအရ။သောတာပတ္တိအရ။ မဂ္ဂအရ။သောတာပတ္တိမဂ္ဂအရ။ သောတာပတ္တိ မဂ္ဂစိတ္တ အရတို့ကို သိနိုင်လောက်ပြီ၊ သောတာပတ္တိအရ ၂-မျိုးကောက်။}

● အဘယ့်ကြောင့် သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိမဂ်စိတ်ဟု ခေါ်ပါသနည်း။

၃၁၃-ဖြေ။ ။အရိယာမဂ် တည်းဟူသော အယဉ်သို့ ရှေးဦးစွာ ရောက်ခြင်း ရှိသောကြောင့် သောတာပန်ပုဂ္ဂိုလ်-ဟု ခေါ်ပါသည်။ ထို သောတာပန် ပုဂ္ဂိုလ်၏ မဂ်နှင့်ယှဉ်သော စိတ် ဖြစ်သောကြောင့် သောတာပတ္တိ မဂ်စိတ်ဟု ခေါ်ပါသည်။ (ဋီ)

● အဘယ့်ကြောင့် သကဒါဂါမ်ပုဂ္ဂိုလ်-သကဒါဂါမိ မဂ်စိတ်ဟု ခေါ်ပါသနည်း။

၃၁၄-ဖြေ။ ။ဤလူ့ဘုံသို့ တကြိမ် ပဋိသန္ဓေနေသော အားဖြင့် လာတတ်သောကြောင့် သကဒါဂါမ်ပုဂ္ဂိုလ် ခေါ်ပါသည်။ ထိုသကဒါဂါမ်ပုဂ္ဂိုလ်၏ မဂ်နှင့် ယှဉ်သောစိတ် ဖြစ်သောကြောင့် သကဒါဂါမိ မဂ်စိတ်-ဟု ခေါ်ပါသည်။ (ဋီ)

{ကာမဘုံချင်းသာ ပြန်လာသည်၊ ဗြဟ္မာဘုံ သကဒါဂါမ် များကား-ပြန်မလာဟု မှတ်။}

● သကဒါဂါမိ-ပုဒ်ကို ဝစနတ္ထပြု အရကောက်၍ မဂ္ဂ-စိတ္တပုဒ်တို့ နှင့် သမာသ် တွဲစပ်ပြပါ။

၃၁၅-ဖြေ။ ။"သကိံ ဧကဝါရံ ပဋိသန္ဓိဝသေန ဧမံ မနုဿလောက အာဂစ္ဆတီတိ သကဒါဂါမီ" သကဒါဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်-ရ၏။

"သကဒါဂါမိနော မဂ္ဂေါ သကဒါဂါမိမဂ္ဂေါ၊ သကဒါဂါမိ မဂ္ဂေန သမ္ပယုတ္တံ စိတ္တံ သကဒါဂါမိ မဂ္ဂစိတ္တဲ"ဟု တွဲ။ (ဋီ)

{သကိပုဒ်- အာ-ပုဗ္ဗ+ဂမု-ဓာတ်+တဿီလ ဏီ-ပစ္စည်း။ ဣ-ကို အ-ပြု။ နိဂ္ဂဟိတ် ဒ-ပြု။ ဗြဟ္မာဘုံက သကဒါဂါမ်များ ဤလူ့ဘုံသို့ မလာသောကြောင့် သဒိသူပစာရအားဖြင့်သာ သကဒါဂါမ် မည်သည်ဟု မှတ်။}

● သကဒါဂါမ် ပုဂ္ဂိုလ် အပြားကို ဖော်ပြ၍၊ ဤ၌ လိုအပ်သော သကဒါဂါမ် ပုဂ္ဂိုလ်ကိုလည်း ညွှန်ပြပါ။

၃၁၆-ဖြေ။ ။သကဒါဂါမ်ပုဂ္ဂိုလ်သည်....

(၁) ဣဓ ပတ္ဆာ ဣဓ ပရိနိဗ္ဗာယီ။

(၂) တတ္ထ ပတ္ဆာ တတ္ထ ပရိနိဗ္ဗာယီ။

(၃) ဣဓ ပတ္ဆာ တတ္ထ ပရိနိဗ္ဗာယီ။

(၄) တတ္ထ ပတ္ဆာ ဣဓ ပရိနိဗ္ဗာယီ။

(၅) ဣဓ ပတ္ဆာ တတ္ထ နိဗ္ဗတ္တိတ္ဆာ ဣဓ ပရိနိဗ္ဗာယီ - ဟု ငါးမျိုးရှိရာ နောက်ဆုံး(၅)နံပါတ်အမျိုးကိုသာ ဤ၌ လိုအပ်ပါသည်၊ ကျန် ၄-မျိုးကား-ရဋ္ဌီအားဖြင့်သာ သကဒါဂါမ်မည်ကြပါသည်။ (ဋီ)

● သောတာပတ္တိမဂ္ဂေါ-၌ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဖြင့်အထူးပြု၍ ဆိုသကဲ့သို့ ဆိုတဲ၊ သကဒါဂါမိ မဂ္ဂေါ-၌ အဘယ့်ကြောင့် ဖလဋ္ဌာန်ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ ဆိုပါသနည်း။

၃၁၇-ဖြေ။ ။သကဒါဂါမ်မဂ် ပုဂ္ဂိုလ်သည် တကြိမ် ပဋိသန္ဓေနေသောအားဖြင့် ဤလူ့ဘုံသို့ မလာနိုင်သောကြောင့် သကဒါဂါမ်မဂ် ပုဂ္ဂိုလ်ဖြင့် အထူးပြုလျက် ဆိုရှိ မရပါ။ ထို့ကြောင့် သကဒါဂါမ်မဂ်တို့ ပဌမ - တတိယ - စတုတ္ထမဂ်တို့မှ ထူးစေခြင်းငှာ ဖလဋ္ဌာန် ပုဂ္ဂိုလ်ဖြင့် အထူးပြု၍ ဖလူပစာအားဖြင့် သကဒါဂါမိ မဂ္ဂေါ-ဟု ဆိုပါသည်။ အနာဂါမိမဂ္ဂေါ-မှာလည်း ထို့အတူပင်မှတ်။

{သောတာပန်ကား - မဂ်ပုဂ္ဂိုလ်၏ အမည်။ သကဒါဂါမ်၊ အနာဂါမ်ကား-ဖိုလ်ပုဂ္ဂိုလ်၏ အမည်တည်း။ မဂ်ပုဂ္ဂိုလ်သည်

စိတ္တကွဏ တချက်မျှသာရှိ ၍ ပဋိသန္ဓေ အစွမ်းဖြင့် မလာနိုင်၊ ဖိုလ်ပုဂ္ဂိုလ်မှ လာနိုင်သည်။ }

† တဿ ပန ကာရဏဘူတော ပုရိမုပ္ပန္ဓောမဂ္ဂေါမဂ္ဂန္တရာဝစ္ဆေဒ နတ္ထံ ဖလဋ္ဌေန ဝိသေသေတွာ ဝုစ္စတိ သကဒါဂါမိ မဂ္ဂေါတိ။ (ဋီ)

● အဘယ့်ကြောင့် အနာဂါမ် ပုဂ္ဂိုလ် အနာဂါမိ မဂ် စိတ်-ဟု ခေါ်ပါသနည်း။

၃၁၈-ဖြေ။ ။ပဋိသန္ဓေနေသောအားဖြင့် ဤကာမဘုံသို့မလာတတ်သောကြောင့် အနာဂါမ် ခေါ်ပါသည်။ ထိုအနာဂါမ်ပုဂ္ဂိုလ်၏ မဂ်နှင့် ယှဉ်သောစိတ် ဖြစ်သောကြောင့် အနာဂါမိမဂ်စိတ်ဟု ခေါ်ပါသည်။

● အနာဂါမိ-ပုဒ်ကို ဝစနတ္ထပြု အရကောက်၍ မဂ္ဂ-စိတ္တပုဒ်ဘို့နှင့် သမာသ်တွဲစပ်ပြပါ။

၃၁၉-ဖြေ။ ။"ပဋိသန္ဓိဝသေန ဣမံ ကာမဓာတုံ နအာဂစ္ဆတီတိ အနာဂါမီ" အနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။ "အနာဂါမိနော မဂ္ဂေါ အနာဂါမိမဂ္ဂေါ၊ အနာဂါမိမဂ္ဂေန သမ္ပယုတ္တံ စိတ္တံ အနာဂါမိမဂ္ဂစိတ္တံ" ဟုတွဲ။ (ဋီ)

{န-ပုဒ်+အာ-ပုဗ္ဗ+ဂမု-ဓာတ်+တဿီလ ဏီ-ပစ္စည်းပင်၊ ထိုအနာဂါမ်ပုဂ္ဂိုလ်သည် ဗြဟ္မာ့ဘုံ၌သာ ဖြစ်၏။ ထိုသို့ဖြစ်ခြင်းသည်လည်း မဂ္ဂသဟာယဖြစ်သောဈာန်၏အာနုဘော်ကြောင့် ဟု မှတ်။}

● အရဟာ-ပုဒ်ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၃၂၀-ဖြေ။ ။"ပူဇာဝိသေသံ အရဟတီတိ အရဟာ" (အရဟောဟု ဆိုလိုလျက် သျာဒိဂိုဏ်းဖြစ်၍ အရဟာ-ဟု ဆိုသည်။ တနည်း.... အ-ကို အာ-ဒီဃ ရေးထားသည်။) ပူဇော်အထူးကို ခံယူထိုက်သောကြောင့် အရဟာ-မည်၏။ (အဓိပ္ပာယ်) တနည်း...."ကိလေသသခ်ါ

ဘာ အရယော ဟတာ အနေနာတိ အရဟာ'' ကိလေသာ တည်း ဟူသော ရန်သူတို့ကို သတ်ဖြတ်တတ်သောကြောင့် အရဟာ-မည်၏။ (အဓိပ္ပာယ်) တနည်း.... ''သံသာရ စက္ကဿ အရာ ကိလေသာ ဟဘာ အနေနာတိ အရဟာ'' သံသရာစက်၏ ကိလေသာ တည်းဟူသော အကန့်အကွက်တို့ကိုဖျက်ဆီးတတ်သောကြောင့် အရဟာ-မည်၏။ (အဓိပ္ပာယ်) တနည်း....''နတ္ထိပါ ပကရဏေ ရဟော ပဋိစ္ဆန္ဒောကာသော ဋမဿာတိ အရဟာ''မကောင်းမှုကိုပြုခြင်း၌ ဆိတ်ကွယ်ရာ အရပ် မရှိသောကြောင့်လည်း အရဟာ - မည်၏။ (အဓိပ္ပာယ်) အားလုံးအရကား-အရဟတ္တ ဖလဌာန် ပုဂ္ဂိုလ် ရ၏။ (ဋီ)

- အရဟ-အရ အရဟတ္တ-အရတို့ကို အသီးသီး ကောက်ပြ၍၊ အရဟတ္တနှင့် မဂ်စိတ္တ - အရဟတ္တနှင့် ဖလစိတ္တ တို့ကိုလည်း အသီးသီး သမာသ် တွဲစပ်ပြပါ။

၃၂၁-ဖြေ။ ။အရဟ-အရကား....''အရဟတ္တဖလဌာန် ပုဂ္ဂိုလ် ရ၏။ အရဟတ္တ အရကား....အရဟတ္တဖိုလ် ရ၏။ ။''အရဟတ္တဿ မဂ္ဂေါ အရဟတ္တမဂ္ဂေါ။ အရဟတ္တမဂ္ဂေန သမ္ပယုတ္တံ စိတ္တံ အရဟတ္တ မဂ္ဂစိတ္တံ''အရဟတ္တဥ တံ ဖလဥာတိ အရဟတ္တဖလံ၊ အရဟတ္တဖလေန သမ္ပယုတ္တံ စိတ္တံ အရဟတ္တ ဖလစိတ္တံ''ဟု တွဲ။ (ဋီ)

- ဖိုလ်သည် မဂ်အားလျော်စွာ ဖြစ်ခြင်းကြောင့် ၄-ပါးပြားသည် ဟုဆိုရာ၊ အဘယ်သို့ ဖြစ်ခြင်းကို မဂ်အားလျော်စွာ ဖြစ်သည်ဟု ဆိုပါသနည်း။

၃၂၂-ဖြေ။ ။မဂ်လေးပါးသည် သမုစ္ဆေဒ ပဟာန်ဖြင့် ပယ်အပ်ပြီးသော ကိလေသာတို့ကို ပဋိပဿမ္ဘန ပဟာန်ဖြင့် တဖန် ငြိမ်းစေသည်၏အစွမ်းဖြင့်ဖြစ်ခြင်းကို မဂ်အားလျော်စွာဖြစ်သည်ဟုဆိုပါသည်။

{သောတာပတ္တိဖလစိတ္တံ-၌ ဖလသဒ္ဒါသည် မဂ္ဂင် ၈-ပါး၊ စိတ် စေတသိက်အစု၊ စိတ်အနက် ၃-ပါး၌ ဖြစ်သော်လည်း၊

ဂျိန်ဒကား-စိတ်အနက်၌ ဖြစ်သည်ဟု ပြခြင်းငှာ "ဝိပါက ဘူတံ စိတ္တံ" ဟု ဋီကာဆရာ ဆိုသည်။}

† တဒနုရူပဘောတိ ကုသလသမုဋ္ဌာနကိလေသာနံပဋိပဿမ္ဘနေန တဿ ကုသလဿ ဝိပါကဿ အနုကုလဘာဝေန။ (၄)

● မဂ် ၄-ပါးတွင် တပါးပါး၌ အင်္ဂါ ၈-ပါးစီ ရှိခြင်းကြောင့် မဂ် ၁-ပါးတည်းသာ ဖြစ်သင့်လျက် အဘယ့်ကြောင့် ၄-ပါး ပြားရပါသနည်း။

၃၂၃-ဖြေ။ ။တပါးတည်းဖြစ်သင့်သော်လည်း သံယောဇနပဟာန ကိစ္စထူးသောကြောင့် ၄-ပါး ပြဒ်းရပါသည်။ (**မဂ်လေးပါး ပြားပုံကို မေးသည်။**)

† ဧဝံ သံယောဇနပ္ပဟာန ဝသေန စတုဒ္ဓိဓာနံ သောတာပတ္တိ မဂ္ဂါဒိနံ။ (၄)

● လောကုတ္တရာ မဂ်စိတ်သည် အဘယ့်ကြောင့် ၄-ပါး ပြားရပါသနည်း။

၃၂၄-ဖြေ။ ။သန္ဓါစသော ဇာန်နှစ်တို့၏ မထက်သည်၏အဖြစ်၊ထက်သည်၏အဖြစ်၊ အထူးသဖြင့် ထက်သည်၏ အဖြစ်ဟု ဆိုအပ်သော သတ္တိပြား၍ သံယောဇဉ်တို့ကို အသီးသီး ပယ်ခြင်း ကိစ္စ ထူးသောကြောင့် အင်္ဂါ ၈-ပါးစီ ရှိသော မဂ် ၄-ပါး ပြားလာပါသည်။ ထိုအင်္ဂါ ၈-ပါးစီရှိသော မဂ် ၄-ပါးနှင့် ယှဉ်သောကြောင့် လောကုတ္တရာမဂ်စိတ် ၄-ပါး ပြားရပါသည်။ (**မဂ်စိတ်လေးပါး ပြားပုံကို မေးသည်။**) (၄)

{သောတာပတ္တိမဂ်သည် ဇာန်နှစ်၍ သကဒါဂါမိမဂ်သည် ဇာန်တစ်ပါးဖြင့် ဩဠာရိကဝိသယတို့ကိုသာ အကြင်းမဲ့ပယ်နိုင်သည်၊ သကဒါဂါမိမဂ်သည် အနည်းငယ်ဇာန်ရှေးရှင့်၍ ကာမရာဂ ဗျာပါတို့ကိုခေါင်းပါးစေနိုင်သည်။ အနာဂါမိမဂ်သည် ထို့ထက် ဇာန်ရှေးရှင့်၍ ထို ကာမရာဂ ဗျာပါဒတို့ကို အကြွင်းမဲ့ ပယ်နိုင်သည်။ အရဟတ္တမဂ်သည် ဇာန်နှစ် အလွန် ရင့်လွန်းပြီ ဖြစ်သောကြောင့် ရူပရာဂ-

အရူပရာဂ-မာန-ဥဒ္ဓစ္စ-အဝိဇ္ဇာတို့ကို အကြွင်းမဲ့ ပယ်နိုင်သည်။ ဤသို့ သံယောဇဉ်တို့ကို အသီးသီး ပယ်နိုင်သော ပဟာယက သတ္တိ ပြားသော ကြောင့် မဂ် ၄-ပါးပြား၊ ထို မဂ် ၄-ပါးနှင့် ယှဉ်သောကြောင့် မဂ်စိတ် ၄-ပါး ပြားရသည် ဟူလို။ ဖိုလ်မှာ လည်း ထို မဂ်အားလျော်စွာ ဖြစ်ခြင်းကြောင့် ၄-ပါးပင် ပြား ရသည်။ ကျဉ်းကျဉ်း မှတ်ရန်ကား.... ဇူနွေ အနု အရင့် ပြား၍ ပဟာယက သတ္တိ ၄-မျိုးပြား၊ သတ္တိ ၄-မျိုးပြား၍ မဂ် ၄-ပါး ပြား။ ထိုမဂ် ၄-ပါးနှင့်ယှဉ်၍ မဂ်စိတ် ၄-ပါးပြားရသည်ဟူလို။}

● လောကုတ္တရာစိတ်၌ အဘယ့်ကြောင့် ကြိယာမရှိပါသနည်း။

၃၂၅-ဖြေ။ ။မဂ်စိတ်သည် တကြိမ်သာ ဖြစ်သောကြောင့် လောကုတ္တရာစိတ်၌ ကြိယာမရှိခြင်း ဖြစ်ပါသည်။

† မဂ္ဂဿ ဧကစိတ္တက္ခဏိကတ္တာ။ (ဋီ)

* **ကြိယာနုတ္တရ - အနုဒ္ဓဆရာ။ ။စိတ်သချ်ာ ရေးမထုတ်-ထွေးရှုတ်စရာ။ ။မဂ်ကိစ္စတကြိမ်သာ-ဖြစ်မြဲသာမှန်ဘိ။ ။ ကျမ်းဋီကာ အမှာရေးတယ် တွေးဆသတိ။ (သစ်)**

● မဂ်စိတ်အကြိမ်များစွာဖြစ်ခဲ့သော် ကြိယာရှိကောင်းမည်လော။

၃၂၆-ဖြေ။ ။မဂ်စိတ် အကြိမ်များစွာ ဖြစ်ခဲ့သော် ကြိယာစိတ် ရှိကောင်းပါသည်။

{မဂ်စိတ်သည် တကြိမ်သာ ဖြစ်သဖြင့် ထိုသို့ ကိလေသာ တိုကို ပယ်ခြင်းကိစ္စ ပြီးသောကြောင့်ရင်း၊ အကယ်၍ ထပ်ပြီး ဖြစ်သော်လည်း ပြုဘွယ်ကိစ္စ မရှိသောကြောင့်ရင်း၊ အကြိမ်ကြိမ် မဖြစ်တော့ဘဲ တကြိမ်သာ ဖြစ်လေသည်။ ထိုသို့ တကြိမ်သာ ဖြစ်၍ ကြိယာဖြစ်ခွင့် မရှိတော့ဘဲ ဖိုလ်စိတ်သည်သာ နိဗ္ဗာန်ကို အာရုံပြု၍ အကြိမ်ကြိမ် ဖြစ်တော့သည် ဟူလို။}

† ယဒိ ဟိ မဂ္ဂစိတ္တံ ပုနပ္ပုနံ ဥပ္ပဇ္ဇေယျ၊ တဒုပ္ပတ္တိယာ ကြိယ ဘာဝေါ သက္ကာ ဝတ္တုံ။ (ဋီ)

- မဂ်စိတ်သည် တဖန်ဖြစ်၍ ပြုဘွယ်ကိစ္စမရှိသော်လည်း ဖိုလ်စိတ်များကဲ့သို့ မဂ်စိတ်သည်လည်း တဖန် ဖြစ်ကောင်းသည်မဟုတ်ပါလော။

၃၂၇-ဖြေ။ ။မျက်မှောက်ဖြစ်သောကိုယ်၏အဖြစ်၌ ချမ်းသာစွာနေခြင်းငှာ နိဗ္ဗာန်လျှင် အာရုံရှိသော ဖလသမာပတ်သာလျှင် တဖန်ဖြစ်ရိုးရှိသောကြောင့် မဂ်စိတ်သည် သေက္ခ-အသေက္ခ ပုဂ္ဂိုလ်တို့ သန္တာန်၌ ဘယ်အခါမျှ ထပ်၍မဖြစ်တောပါ။

{ဤအဖြေကား ဖိုလ်စိတ်အကြိမ်ကြိမ် ဖြစ်ရခြင်း အကြောင်းကိုပါ ဖြေဖြီးသားဖြစ်သည်။ ဤအဖြေကိုရှု၍ သေက္ခ-အသေက္ခ ပုဂ္ဂိုလ်များမှာပင် မဂ်ကုသိုလ် အကြိမ်ကြိမ် ဖြစ်ခွင့် မရှိလျှင် ပုထုဇဉ်များမှာ ဆိုဘွယ်ရာ မရှိသောကြောင့် လောကုတ္တရာ ကုသိုလ်ကို အကြိမ်ကြိမ် ထပ်ပြုနေကြသောသူများ အထူး စဉ်းစား၍ ပြုကြပါကုန်။}

+ ဒိဋ္ဌမ္မ သုခ ပိဟာရတ္ထဉ္စ ဖလသမာပတ္တိယာ ဧဝ နိဗ္ဗာနာရမ္မဏ ဝသေန ပဝတ္တနတော နကဒါစိ သေက္ခာနံ ဝါ အသေက္ခာနံ ဝါ ဥပ္ပဇ္ဇတိ။ (ဌီ)

- လောကုတ္တရာမဂ်သည် သတ္တိကအောက် အဘယ့်ကြောင့် မဖြစ်ပါသနည်း။

၃၂၈-ဖြေ။ ။လောကုတ္တရာမဂ်တို့သည် သီလကွန်,သမာဓိကွန်တို့၌ တပါးသည် တပါး၏ ကိစ္စကို မပြီးစေသော်လည်း ပညာကွန်မှာကား သမ္မာဒိဋ္ဌိရှိရာမှာသာ သမ္မာသင်္ကပ္ပ ဖြစ်နိုင်၍ ပါဒက ဈာန်စသည်တို့၏ အစွမ်းဖြင့် ဖြစ်သောအခါ ထိုသမ္မာသင်္ကပ္ပ မရှိသော်လည်း ပညာကွန် မဆုတ်ယုတ်နိုင်သဖြင့် သတ္တိကမဂ်သာ ဖြစ်နိုင်ပါသည်။ထို့အောက် အယုတ်အားဖြင့် မဖြစ်နိုင်တောပါ။ (ပရမတ္ထ ဒီပနီ)

- "နတ္ထိ သဗ္ဗထာပိ လောကုတ္တရ ကြိယစိတ္တံ" ဟူသော ဌီကာ၌ သဗ္ဗထာ-အရ ရှင်းလင်းပြခဲ့ပါ။

၃၂၉-ဖြေ။ ။မဟဂ္ဂုတ်ကြိယာစိတ်သည် ဘာဝနာ၏အစွမ်း မဂ်၏ အာနုဘော်အားဖြင့် ဖြစ်သလို လောကုတ္တရာ ကြိယာစိတ်သည်

ဘာဝနာ၏ အစွမ်းဖြင့်ရင်း၊ မဂ်၏ အာနုဘော်အားဖြင့်ရင်း မဖြစ်ဟု ဆိုလိုပါသည်။ ထို့ကြောင့် သဗ္ဗထာပိ၊ ဘာဝနာ၏အစွမ်း မဂ်၏ အာနုဘော်ဟုဆိုအပ်သော ခပ်သိမ်းသော အခြင်းအရာအားဖြင့် လည်း-ဟု အနက်ပေးရပါမည်။ (ဇူ).

- လောကုတ္တရာစိတ်တို့သည် အနုတ္တရ မည်သည်ချည်းပင် ဖြစ်၍ အာဓာရ-အာဓည် မထူးခြားပါဘဲလျက် အာဓာရ-အာဓည် ထူးခြားသကဲ့သို့ ဋီကာဆရာသည် အဘယ့်ကြောင့် "အနုတ္တရေ စိတ္တာနိ" ဟု ဆိုပါသနည်း။

၃၃၀-ဖြေ။ ။လောကုတ္တရာ စိတ်တို့သည် အနုတ္တရ ချည်းပင် ဖြစ်သော်လည်း 'ရုက္ခေသာခါ'ကဲ့သို့ အပေါင်းအစိတ်အားဖြင့် အာဓာရ အာဓည် ကွဲပြားနိုင်သောကြောင့် "အနုတ္တရေ စိတ္တာနိ" ဟုဋီကာဆရာ ဆိုပါသည်။ (အဘေဒ ဘေဒူပစာမျိုး ဟူလို။)

{မိမိထက် လွန်မြတ်သော တရားမရှိသောကြောင့် လောကုတ္တရာစိတ်ကို "အနုတ္တရ" ခေါ်သည်။ အနုတ္တရ သဒ္ဒါသည် လောကုတ္တရာ၏ ပရိယာယ်တည်း။ သင်္ဂဟ၌ "အဌဓာ နုတ္တရေ တထာ၊ အဌဓာ နုတ္တရေ ဌိတာ" ပါ၌ ၂-မျိုး ရှိသည်။}

† ကတ္ထစိအပရိယာပန္ဒာနိ နဝဝိဓလောကုတ္တရဓမ္မ သမူဟေကဒေသဘူတာနိ ရုက္ခေသာခါ ဘျာဒီသုဝိယ အနုတ္တရေ စိတ္တာနိတိ ဝုတ္တာနိ။ (ဋီ)

- လောကုတ္တရာ စိတ်တို့သည် အဘယ့်ကြောင့် တစုံတခုသော လောကီဘုံ လောကီတရား၌ အကျုံးမဝင်ပါသနည်း။

၃၃၁-ဖြေ။ ။ကာမတဏ္ဍာ စသည်တို့၏ အာရုံမဟုတ်၍ ထိုကာမတဏ္ဍာ စသည်တို့သည်မပိုင်းခြားအပ်သောကြောင့် လောကုတ္တရာစိတ်တို့သည် တစုံတခုသော လောကီဘုံ လောကီတရား၌အကျုံးမဝင်ပါ။

† ကာမတဏ္ဍာဒီနံအနာရမ္မဏဘာဝတော၊ တာဟိအပရိစ္ဆိန္ဒတ္တာ အနန္တောဝတာနိ လောကုတ္တရ စိတ္တာနိ။ (ဇူ)

● ကာမစိတ်သည် ကာမဘုံ၌သာ ဖြစ်သည်မဟုတ် အခြားသော ဘုံတို့၌လည်း ဖြစ်သောကြောင့် ကာမစိတ် ဟူ၍သာ မဆိုဘဲ ရူပ-အရူပစိတ်ဟု မဆိုကောင်းပါသလော။

၃၃၂-ဖြေ။ ။မဆိုကောင်းပါ။လူမိန်းမဝမ်းမှမွေးသောတိရစ္ဆာန်သည် လူမှမွေးသော်လည်း တိရစ္ဆာန်အမျိုး၌ အကျုံးဝင်သောကြောင့် တိရစ္ဆာန်ဟူ၍သာ ခေါ်ရသကဲ့သို့ ကာမစိတ်သည် ရူပ-အရူပ ဘုံတို့၌ ဖြစ်သော်လည်း ကာမတဏှာ၏အာရုံသာဖြစ်၍ကာမဘုံ၌သာအကျုံးဝင်သောကြောင့် ကာမစိတ်ဟူ၍သာ ဆိုရပါသည်။ရူပ-အရူပစိတ်ဟူ၍ မဆိုရတော့ပါ။ {ကာမတဏှာ၏ အာရုံဖြစ်မှုသည်ပင် ကာမဘုံ၌ အကျုံးဝင်သည်ဟု ဆိုရသည်။ ရူပ-အရူပမှာလည်း ထို့အတူပင်။ }

† ကာမတဏှာဒိ ဝိသယဘာဝေန ကာမဘဝါဒိ ပရိယာပန္နာနိ စိတ္တာနိ သကသကဘူမိတော အညတ္ထ ပဝတ္တမာနာနိပိ ကာမဘဝါဒိသု စိတ္တာနိတိ ဝုစ္စာနိ။ (ဋီ)

● အဝတ္ထု၏ သဘောကို ရှင်းလင်း ဖော်ပြပါ။

၃၃၃-ဖြေ။ ။တရားတို့ကို ကာမတဏှာ စသည်တို့ဖြင့်ပိုင်းခြားအပ်သောအဖြစ် မပိုင်းခြားအပ်သော အဖြစ်သည်ပင် "အဝတ္ထု" မည်ပါသည်။တဘူမိကတရားတို့သည် ကာမတဏှာ စသည်တို့၏ အာရုံဖြစ်သောကြောင့် ထိုတရားတို့ကို ထိုကာမတဏှာ စသည်တို့ဖြင့် ပိုင်းခြားအပ်သောအဖြစ်သည် "အဝတ္ထု" မည်၏။လောကုတ္တရာတရားတို့သည် ထိုကာမတဏှာစသည်တို့၏အာရုံမဟုတ်သောကြောင့် ထိုတရားတို့ကို ထို့ ကာမတဏှာ စသည်တို့ဖြင့် မပိုင်းခြားအပ်သော အဖြစ်သည် "အဝတ္ထု" မည်၏။ကာမ-ရူပ-အရူပတို့၌ ဌာနဘုံ အဝတ္ထုဘုံ ၂-မျိုးရှိ၏။ လောကုတ္တရာ၌ကား-အဝတ္ထုဘုံ တမျိုးသာ ရှိ၏။

{အခိုက်အတန့်ဖြစ်သော တရားတို့ကို အခိုက်အတန့် ဖြစ်ခွင့်ရှိသော တရားတို့၏ အခိုက်အတန့် ဖြစ်ရာဌာနကဲ့သို့ ခေါ်ဆိုရသောကြောင့် အဝတ္ထုဘုံ-ဟု ဆိုနိုင်သည်။ } (ဂူ)

● သောတာပတ္တိ မဂ်စိတ်သည် အဘယ့်ကြောင့် ပဌမချာန် သောတာပတ္တိ မဂ်စိတ်, ဒုတိယချာန် သောတာပတ္တိ မဂ်စိတ် စသည်ဖြင့် ငါးပါး ပြားရပါသနည်း။

၃၃၄-ဖြေ။ ။"ပါဒကချာန်, သမ္မသိတချာန်, ပုဂ္ဂလဏ္ဌာသယ" ဘိုဧ၏ အစွမ်းအားဖြင့် ချာန်အင်္ဂါ ၅-ပါး, ၄-ပါး, ၃-ပါး, ၂-ပါးရှိသော ရူပါဝစရ ပဌမချာန် ဒုတိယချာန် စသည်ဘိုနှင့်ချာန်အင်္ဂါတူမျှသောကြောင့် ပဌမချာန် သောတာပတ္တိမဂ်စိတ်၊ ဒုတိယချာန် သောတာပတ္တိ မဂ်စိတ် စသည်ဖြင့် ငါးပါး ပြားရပါသည်။ (ဋီကာစကား ကား-အသိခက်၏။)

{ထိုသို့သောတာပတ္တိမဂ်စိတ်စသည်တပါးတပါးက ၅-ပါး ၅-ပါးစီ ပြားသောကြောင့် လောကုတ္တရာစိတ် အကျယ် ၄၀-ပြားရလေသည်။ "တံတံချာနသဒိသတ္တာ" ဟု ဋီကာ ဆိုသည် အတိုင်း၊ ပါဒကချာန် စသည်ဘိုနှင့် တူသောကြောင့် သာသဒိသူပစာအားဖြင့် တပါးက ၅-ပါး ၅-ပါးစီ ပြား၍ လောကုတ္တရာစိတ်အကျယ် ၄၀-ပြားရသည် ဟူလို။ လောကုတ္တရာစိတ်များသည် လက္ခဏူပနိဏ္ဌာန်ဖြစ်၍ လက္ခဏူပနိဏ္ဌာန်အတွက် ဆိုလျှင် လောကုတ္တရာစိတ်များသည် တိုက်ရိုက်ပင်ချာန်အမည် ရနိုင်သည်။ }

† ချာနင်္ဂယောဂဘေဒေန၊ ကတွေကေကန္တု၊ ပဋ္ဌဝာ။
ဝုစ္စတာ နုတ္တရံ စိတ္တံ၊ စတ္တာလီသဝိဓန္တိ စ။ (သင်္ဂဟ)

● ပါဒက, သမ္မသိတ, ပုဂ္ဂလဏ္ဌာသယ-ဘိုဧ၏ အဓိပ္ပာယ်ကို ရှင်းလင်းခဲ့ပါ။

၃၃၅-ဖြေ။ ။အကြင်ချာန်ကို ဝင်စားဧ၏၊ ထိုချာန်သည် (ဝုဋ္ဌာန ဂါမ်နီ ဝိပဿနာဖြစ်ကြောင်း ဖြစ်သောကြောင့်) ပါဒကချာန်-မည်ဧ၏။ ဆိုလိုရင်းကား-ဝုဋ္ဌာနဂါမ်နီ ဝိပဿနာဖြစ်ကြောင်း အခြေ ဖြစ်သော ဝင်စားအပ်သောချာန်သည် ပါဒကချာန်မည်သည်ဟု ရှင်းရှင်းမှတ်ပါ။ ဝုဋ္ဌာနဂါမ်နီ ဝိပဿနာဖြစ်ဘို အနိစ္စ စသည်ဖြင့် ဆင်ခြင် သုံးသပ်အပ်

သောဈာန်သည် သမ္မသိတဈာန်မည်၏။ပုဂ္ဂိုလ်၏ အလိုဆန္ဒ (ငါ့အား ပဌမဈာန်နှင့်တူသော အင်္ဂါ ၅-ပါးရှိသော မဂ်ကိုဇင်း, ဒုတိယဈာန် စသည်နှင့်တူသော အင်္ဂါ ၄-ပါး စသည်ရှိသော မဂ်ကိုဇင်း ရပါမူကား ကောင်းလေစွတ်ဟု ဖြစ်သော ယောဂီပုဂ္ဂိုလ်၏ အလို) သည် ပုဂ္ဂလစ္ဆာသယ-မည်ပါသည်။ (ဋီ)

● ပဌမဈာန် စသော ပါဒက, သမ္မသိတ, ပုဂ္ဂလစ္ဆာသယ တို့နှင့် တူစွာ မဂ်ဖြစ်ပေါ်ပုံကို ရှင်းလင်း ဖော်ပြပါ။

၃၃၆-ဖြေ။ ။ယောဂါဝစရပုဂ္ဂိုလ်သည် ပဌမဈာန် စသော ဈာန်တပါးပါးကို ဝင်စားပြီး၊ ထိုဈာန်မှထ၍ ပကိဏ္ဏကသင်္ခါရတရားတို့ကို အနိစ္စ စသည်ဖြင့် သုံးသပ်ဆင်ခြင်၍ မဂ်ကိုရသည်ဖြစ်အံ့၊ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထို ရလာသော မဂ်သည် ပဌမဈာန် စသော ဝင်စားအင်သော ပါဒကဈာန်နှင့်တူစွာ ဖြစ်ပေါ်လာရပါသည်။ယောဂါဝစရပုဂ္ဂိုလ်သည် ပဌမဈာန် စသော ဈာန်တပါးပါးကို ဝင်စားပြီး၊ ထိုဈာန်မှထ၍ ပကိဏ္ဏကသင်္ခါရတရားတို့ကို အနိစ္စ စသည်ဖြင့် သုံးသပ်ဆင်ခြင်၍ မဂ်ကိုရသည်ဖြစ်အံ့၊ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထို ရလာသော မဂ်သည် ပဌမဈာန် စသော ဝင်စားအင်သော ပါဒကဈာန်နှင့်တူစွာ ဖြစ်ပေါ်လာရပါသည်။ယောဂါဝစရပုဂ္ဂိုလ်သည် ပဌမဈာန် စသော ဈာန်တပါးပါးကို ဝင်စားပြီး၊ ထိုဈာန်မှထ၍ ပကိဏ္ဏကသင်္ခါရတရားတို့ကို အနိစ္စ စသည်ဖြင့် သုံးသပ်ဆင်ခြင်၍ မဂ်ကိုရသည်ဖြစ်အံ့၊ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထို ရလာသော မဂ်သည် ပဌမဈာန် စသော ဝင်စားအင်သော ပါဒကဈာန်နှင့်တူစွာ ဖြစ်ပေါ်လာရပါသည်။ ။ယောဂါဝစရပုဂ္ဂိုလ်သည် ပဌမဈာန် စသော ဈာန်တပါးပါးကို ဝင်စားပြီး၊ ထိုဈာန်မှထ၍ ပကိဏ္ဏကသင်္ခါရတရားတို့ကို အနိစ္စ စသည်ဖြင့် သုံးသပ်ဆင်ခြင်၍ မဂ်ကိုရသည်ဖြစ်အံ့၊ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထို ရလာသော မဂ်သည် ပဌမဈာန် စသော ဝင်စားအင်သော ပါဒကဈာန်နှင့်တူစွာ ဖြစ်ပေါ်လာရပါသည်။ ။ယောဂါဝစရပုဂ္ဂိုလ်သည် ပဌမဈာန် စသော ဈာန်တပါးပါးကို ဝင်စားပြီး၊ ထိုဈာန်မှထ၍ ပကိဏ္ဏကသင်္ခါရတရားတို့ကို အနိစ္စ စသည်ဖြင့် သုံးသပ်ဆင်ခြင်၍ မဂ်ကိုရသည်ဖြစ်အံ့၊ ထိုယောဂါဝစရပုဂ္ဂိုလ်၏ ထို ရလာသော မဂ်သည် ပဌမဈာန် စသော ဝင်စားအင်သော ပါဒကဈာန်နှင့်တူစွာ ဖြစ်ပေါ်လာရပါသည်။ ။အကယ်၍ ပုဂ္ဂိုလ်၏ အလိုဆန္ဒမရှိဘဲ အောက်အောက် ဈာန်ကို ဝင်စားပြီး ထိုဈာန်မှထ၍ အထက်အထက် ဈာန်ကို သုံးသပ်ဆင်ခြင်၍ မဂ်ကိုရသည်ဖြစ်အံ့၊ထိုရလာသော (ဖြစ်လာသော) မဂ်သည် ဝင်စားသော အောက်အောက်ပါဒကဈာန်ကိုမငဲ့ဘဲ သုံးသပ်သော အထက် အထက် သမ္မသိတဈာန်နှင့်တူစွာ ဖြစ်ပေါ်လာသည်။ အထက် အထက်ဈာန်ကို ဝင်စားပြီး ထိုဈာန်မှထ၍ အောက်အောက် ဈာန်ကို သုံးသပ် ဆင်ခြင်၍ မဂ်ကို ရသည် ဖြစ်အံ့၊ ထို ရလာသော

(ဖြစ်လာသော) မဂ်သည် သုံးသပ်သော အောက်အောက် သမ္မသိတ ဈာန်ကိုမငဲ့ဘဲဝင်းစားသော အထက်အထက် ပါဒကဈာန်နှင့်တူစွာဖြစ်ပေါ်လာပါသည်။ ဤသို့ ဖြစ်ရခြင်းကား-အောက်အောက် ဈာန်ထက် အထက်အထက်ဈာန်က ဗာဝးကြီးသောကြောင့် ဖြစ်ပါသည်။

{မဂ်ကိုရရှာ၌ ဈာန်ကို ပါဒက သမ္မသိတပြုပြီးမှရသော မဂ်၊ ဈာန်ကို ပါဒက သမ္မသိတ မပြုဘဲ ပကိဏ္ဏကက သခ်ၤဟာရကိုကိုသာ ဆင်ခြင်၍ ရသောမဂ်ဟူ၍ ရခြင်း ၂-မျိုးရှိ၏။ ထို့ဘွင် ဈာန်ကို ပါဒက သမ္မသိတပြု၍ရသော **"ဈာနနိယာမ"** ပုဂ္ဂိုလ်တို့အား ထို့ပါဒက သမ္မသိတ ပုဂ္ဂလဋ္ဌာသယအားလျော်စွာ ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန် မဂ် ၅-ပါးလုံးကို ရ၏။ သုက္ခဝိပဿက ပုဂ္ဂိုလ်-ဈာန်ကိုပင်ရသော်လည်း ဈာန်ကိုပါဒကမပြုဘဲ ပကိဏ္ဏကသခ်ၤဟာရကိုသာဆင်ခြင်သော **"ဝိပဿနာနိယာမ"** ပုဂ္ဂိုလ်ကိုအား ပဌမဈာန်မဂ်သာဖြစ်၏။ ကျန် မဂ်ပြားမဖြစ်။ ဤသို့ဒုတိယကိုလည်း မှတ်ပါ။}

† ဟေဋ္ဌိမ-ဟေဋ္ဌိမဈာနတော ဥပရူပရိဈာနံ ဗလဝဘံဝါ။ (ဋီ)

● ပုဂ္ဂလဋ္ဌာသယသည် ဈာန်အစစ် ဟုတ်, မဟုတ် ဒိစစ် ဝေဖန်ခဲ့ပါ။

၃၃၇-ဖြေ။ ။ပုဂ္ဂလဋ္ဌာသယသည် ဈာန်အစစ်မဟုတ်ပါ။ ပြုလိုက၁ မျူဖြစ်သောကုသလစေ့ဆန္ဒသာဖြစ်ပါသည်။ (ဆန္ဒစေတသိကပင်) အကျိုး ဒး ရမ္မဏိက ဖြစ်သော် ဆန္ဒ စေတသိက်၏ ပုဂ္ဂလဋ္ဌာသယ-ဟူသော အမည်ကို အာရုံအကြောင်းဖြစ်သော ဈာန်၌ တင်စားခြင်း ဒလူပစာရ အားဖြင့် ဈာန်-ဟု ဆိုဆိုကက ဆိုနိုင်ပါသည်။

† ဥပ္ပဇ္ဇိဿသယောတိ ဥပ္ပဇ္ဇမာ ကတ္တုကမ္မဘာ သခ်ၤတော ကုသလဆန္ဒဒီနံ။ (ဂီ)

● "သုက္ခဝိပဿက"ပုဒ်ကို ဝစနတ္ထပြု အရကောက်၍ အဓိပ္ပာယ်ကိုလည်း နှလုံးသဘေး ဖေဖော်ပြပါ။

၃၃၈-ဖြေ။ ။“သက္ခာ လူခါ အသိနိဒ္ဓါ ဝိပဿနာ ယဿာကိ သက္ခဝိပဿကော” (ဗျာန်ကိုမရဘဲ သခ်ၤါရတရားသက်သက်ကို သုံးသပ်ဆင်ခြင်၍ မဂ်ရသောပုဂ္ဂိုလ်-မဂ်ပုဂ္ဂိုလ်ကိုရ၏။) သမထဘာဝနာဟု ဆိုအပ်သော အစေးခြောက်သွေ့ ခေါင်းပါးသောဝိပဿနာရှိသောကြောင့် သက္ခဝိပဿက-မည်ပါသည်။ (အဓိပ္ပာယ်) (၇)

● ဝုဋ္ဌာနဂါမိနိဝိပဿနာကို ဝစနတ္ထပြု အရကောက်၍ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၃၃၉-ဖြေ။ ။“ရူပဝေဒနာသညာသခ်ၤါရဝိညာဏနိမိတ္တတော ဝုဋ္ဌာတီတိ ဝုဋ္ဌာနံ” (မဂ်ရ၏) ရုပ်,ဝေဒနာ,သညာ,သခ်ၤါရ,ဝိညာဏနိမိတ်မှ ထတတ်သောကြောင့် မဂ်သည် ဝုဋ္ဌာန-မည်ပါသည်။ (အဓိပ္ပာယ်)

“ဝုဋ္ဌာနံ ဂစ္ဆတိ ပစ္စယ ဘာဝေနာတိ ဝုဋ္ဌာနဂါမိနီ” (မဂ်နှင့် ဆက်စပ်မှုရ၏။) မဂ်နှင့် အကြောင်း၏ အဖြစ်ဖြင့် ဆက်စပ်မှုရှိသောကြောင့် ဝုဋ္ဌာန ဂါမိနီ-မည်ပါသည်။ (အဓိပ္ပာယ်)

“ဝုဋ္ဌာနဂါမိနီ ဇေ ဝိပဿနာ ဝုဋ္ဌာနဂါမိနီဝိပဿနာ (သခ်ၤါရုပေက္ခာဝိပဿနာ-ရ၏။) မဂ်၏ ရှေအဘို့ခဲ့ ဖြစ်သော သခ်ၤါရတို့ကို ရှုတတ်သော ဝိပဿနာဖြစ်သောကြောင့် ဝုဋ္ဌာနဂါမိနီဝိပဿနာ-မည်ပါသည်။ (အဓိပ္ပာယ်) (၇) (ကမ္မဋ္ဌာန်ပိုင်းခွဲလည်းထင်ရှားလတ္တံ့။)

● အဘယ်သို့ ပြုသည်ကို ဗျာန ဝင်စား, အဘယ်သို့ ပြုသည်ကို ဗျာန်မှ ထသည်ဟု ဆိုပါသနည်း ရှင်းလင်းခဲ့ပါ။

၃၄၀-ဖြေ။ ။ဘဝင်တို့ဖြင့် ရောပြွမ်းခြင်းကိုမပြုဘဲ ဗျာန်ဖြစ်ခြင်းငှာ သာလျှင် စိတ်ကို အာရုံတခုတည်းမှာ သိုသိပ် သွင်းထားခြင်းကို ဗျာန စဉ်စားသည်ဟု ဆိုပါသည်။ ဗျာန်မှ ဆုတ်နစ်၍ ဘဝင်အဖြစ်ခံတည်၍ ဘဝင်ဖြစ်နေခြင်းကိုပင် ဗျာန်မှထသည်ဟု ဆိုပါသည်။

† သမာပဇ္ဇိတ္ဝာတိ ပဝိသေတ္ဝာ၊ဘဝင်္ဂံဟိ အဝေါကိဏ္ဏံ ကတ္ဝာ ဗျာနံပုတ္တိယေဝ ဟိ သမာပဇ္ဇနံနာမ။ ဝုဋ္ဌာယာတိ ဝုဋ္ဌဟိတ္ဝာ ဗျာနတော နိဝတ္တေတ္ဝာ ဘဝင်္ဂံ ဂတ္ဝာ၊ဘဝင်္ဂပုတ္တိယေဝ ဟိ ဝုဋ္ဌာနံ နာမ။ (၇)

● "ဝိပဿနာ ယာနိက" ပုဂ္ဂိုလ်များ မဂ်ကိုရရုံနှင့် မဂ်နှင့်တပြိုင်နက် လောကီဈာန်များကို ရနိုင်ပါသလော ရှင်းလင်းခဲ့ပါ။

၃၄၁-ဖြေ။ ။မဂ်ကိုရရုံနှင့် မဂ်နှင့်တပြိုင်နက် လောကီဈာန်များကို မရနိုင်ပါ။မဂ္ဂင်္ဂနှဘာဝဖြင့် မဂ်ကိုရပြီးနောက်အဘိဉ္ဉာသာ လောကီဈာန်များကို ရနိုင်ပါသည်။

† ပဋိလဒ္ဓန်္တိ မဂ္ဂါဓိဂမတော အပရဘာဂေ မဂ္ဂင်္ဂနှဘာဝေန သန္တာနေ ဥပ္ပတ္တိရဟံ၊ န ဟိ မဂ္ဂက္ခဏေ လောကိယဈာန မုပ္ပဇ္ဇတိတိ။ (၄)

● လောကုတ္တရာ ဈာန်သည် အရှုပါဝစရ ဈာန်ကဲ့သို့ အာရုံ၏ အစွမ်းဖြင့် အဘယ့်ကြောင့် မပြားပါသနည်း။

၃၄၂-ဖြေ။ ။လောကုတ္တရာ ဈာန်သည် နိဗ္ဗာန်အာရုံ၏ အစွမ်းဖြင့် အာရုံတူမျှနေသောကြောင့် အာရုံ၏အစွမ်းဖြင့် မပြားပါ။{လောကုတ္တရာဈာန်သည် ကိလေသပွဟာနကိစ္စ၏ အစွမ်းဖြင့်သာ ပြားသည်။}

† လောကုတ္တရဈာနသဟိ အာရမ္မဏဝသေန ဝိသေသော နတ္ထိ၊ နိဗ္ဗာန ဝသေန သမာနာရမ္မဏာတ္တာ။ (၄)

● လောကုတ္တရာ ဈာန်၏ ကိလေသပွဟာန ကိစ္စဖြင့် ပြားပုံ ကို ပြသော သင်္ဂဟပါဠိကို ဖော်ပြပါ။

၃၄၃-ဖြေ။ ။ဣဓ ပန သောတာပတ္တိမဂ္ဂံ ဘာဝေတ္ဝာ။လ။အရဟာနာမ ဟောတိ လောကေ အဂ္ဂဒက္ခိဏေယျော။ (လောကုတ္တရာဈာန် ကိလေသပွဟာနကိစ္စဖြင့် ပြားပုံကိုပြသော ကမ္မဋ္ဌာန်းပိုင်း ပါဠိ။)

● လောကုတ္တရာစိတ်သည် အဘယ်၏အစွမ်းဖြင့် အကျဉ်း ဂ-ပါး၊ အကျယ် ၄၀-ဖြစ်ရပါသနည်း။

၃၄၄-ဖြေ။ ။ဝိပဿနာ နိယာမ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် အကျဉ်း ဂ-ပါး ဖြစ်ရပါသည်။ဈာန နိယာမ ပုဂ္ဂိုလ်၏အစွမ်းဖြင့် အကျယ် ၄၀ ဖြစ်ရပါသည်။

● လောကုတ္တရာစိတ် အကျဉ်း ဂ-ပါး၌ အဘယ်ဝေဒနာ ဖြစ်သင့်ပါသနည်း။

၃၄၅-ဖြေ။ ။သောမနဿ ဥပေက္ခာအထူးမဆို၍ အကြင်းမရှိသော အနက်ကို သိအပ်သောကြောင့် သောမနဿ ဥပေက္ခာ ၂-ပါးလုံး ဖြစ်သင့်ပါသည်။

{အကျယ် ၄၀-မှာကား-ဝုဋ္ဌာန ဂါမိနိဝိပဿနာ နိယမ၏ အစွမ်းဖြင့် ဝေဒနာနိယမကို မှတ်ရမည်ဆိုသည့်အတိုင်း၊ ဝုဋ္ဌာန ဂါမိနိဝိပဿနာသည် သောမနဿနှင့်ယှဉ်အံ့၊ မဂ်သည်လည်း သောမနဿနှင့် ယှဉ်ရာ၏။ ဝုဋ္ဌာန ဂါမိနိ ဝိပဿနာသည် ဥပေက္ခာနှင့် ယှဉ်အံ့၊ မဂ်သည်လည်း ဥပေက္ခာနှင့် ယှဉ်ရာ၏။ ထို့ကြောင့် မဂ် ၂၀-တွင် စတုတ္ထဈာန် အထိ ၁၆-ပါးသည် သောမနဿ၊ ပဉ္စမဈာန် ၄-ပါးသည် ဥပေက္ခာ ဖြစ်သည်။ ဖိုလ်မှာလည်း ထို့အတူပင်။}

● အရူပါဝစရစိတ်ကိုအဘယ့်ကြောင့်ပဉ္စမဈာန်ဟုဆိုပါသနည်း။

၃၄၆-ဖြေ။ ။အရူပစိတ်သည် ဥပေက္ခာ-ဧကဂ္ဂတာနှင့် ယှဉ်သဖြင့် ပဉ္စမဈာန်နှင့် ဈာန်အင်္ဂါချင်း တူမျှသောကြောင့် ထိုအရူပစိတ်ကို ပဉ္စမဈာန်-ဟု ဆိုရပါသည်။

{ပဉ္စမဈာနဝေါဟာရံ လဘတီတျတ္ထော-ဟူသော ဋီကာဝိဏ္ဍာတ္ထစကားဖြင့် ထိုအရူပစိတ်သည် ပဉ္စမဈာန် အစစ်မဟုတ်၊ ပဉ္စမဈာန်နှင့် ဈာန်အင်္ဂါတူ၍သာ ပဉ္စမဈာန်-ဟု ခေါ်ဝေါ်ရသည်ဟူသော အဓိပ္ပာယ်ကို ဋီကာဆရာ သိစေတော်မူသည်။}

● အရူပစိတ်သည် ပဉ္စမဈာန်ဖြစ်လျက် ရူပ ပဉ္စမဈာန်နှင့်အဘယ့်ကြောင့် အာရုံမတူပါသနည်း။

၃၄၇-ဖြေ။ ။အရူပစိတ်သည် အာရမ္မဏာတိက္ကမဖြစ်၍ ရူပ ပဉ္စမဈာန်က အင်္ဂါတိက္ကမ ဖြစ်သောကြောင့် အာရုံမတူခြင်း ဖြစ်ပါသည်။

{အာရမ္မဏာတိက္ကမမှာ အာရုံတမျိုးစီသာရှိ၍ အင်္ဂါတိက္ကမမှာ ကသိဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး စသည်ဖြင့် အာရုံအများအပြား ရှိသည်။

- ဒွါဒသာ ကုသလာနေဝံ-စသော ဂါထာ၌ ဆတ္တိံသေဝနောင် ရှိသော ဧဝ သဒ္ဒါကို အဘယ်ပုဒ်တို့နောင် ယှဉ် ရမည် နည်း၊ အသီးသီး ယှဉ်ပြပါ။

၃၄၈-ဖြေ။ ။ဒွါဒသဧဝ,ဧကဝီသတိဧဝ,ဆတ္တိံသဧဝ,ဝီသတိဧဝ ဟု လေးပုဒ်လုံးနောင် ယှဉ်ရပါမည်။ သို့ ယှဉ်သော်လည်း ဒွါဒသနှင့် ဝီသတိနောင် ဧဝကား-အယုတ်အလွန်ကိုနစ်စေသော နိဝတ္တာပနာဝ ဓာရဏ အနက်ကို ဟော၍၊ ဧကဝီသတိ, ဆတ္တိံသနောင် ဧဝ ကား-အလွန်ကိုမှတ်သော နိယမအနက်ကို ဟောသည်ဟု အထူးမှတ်ပါ။

(ဋီဟောင်း)

{၏ ဒွါဒသာ ကုသလာနေဝံ-ဂါထာကား - ဇာတိဘေဒပြ ဂါထာဖြစ်၍၊ စတုပညာသဓာ ကာမေ - ဂါထာကား - ဘူမိ ဘေဒပြ ဂါထာဖြစ်သည်။}

- သတ္တတိံ သဝိဓံ ပုညံ-စသော ဂါထာတွင် စိတ် ၁၂၁-ပါးကို ရေတွက်ပြရာ၌ အကုသိုလ်စိတ်, ကြိယာစိတ်တို့၏ အပြားကို မပြဘဲ၊အဘယ့်ကြောင့် ကုသိုလ်နှင့် ဝိပါက်စိတ် အပြားကိုသာ ပြပါသနည်း။

၃၄၉-ဖြေ။ ။ပါဒကဈာန် စသည်တို့၏ အစွမ်းဖြင့် ရေတွက်ခြင်း၏ ပွားများခြင်းသည် ကုသိုလ်နှင့် ဝိပါက် စိတ်တို့၌သာ ဖြစ်သင့်၍, အကုသိုလ်နှင့် ကြိယာစိတ်တို့၏ အပြားသည် ရှိရင်း အတိုင်းပင်ဖြစ်၍ အထူး မပြတော့ဘဲ၊အရေအတွက်ပွားများလာသော ကုသိုလ်နှင့် ဝိပါက်စိတ် အပြားကိုသာ ပြပါသည်။ သို့မပြသော်လည်းအရေအတွက်မပွားသော အကုသိုလ်နှင့် ကြိယာစိတ်ကို ထည့်၍ ရေတွက်လျှင် စိတ် ၁၂၁-ပါး ဖြစ်ပါသည်။ (ဋီ)

လောကုတ္တရာစိတ် အဖြေ ပြီး၏။

စတုဘူမိကစိတ် အဖြေ

●

● (၁) ဘူမိဇာတိ သမ္မယောဂ သန်ဒါရဘေဒစိတ်နှင့် (၂) ဘူမိဇာတိ ဗျာန ဘေဒစိတ်၊ (၃) ဘူမိဇာတိ အာရမ္မဏဘေဒစိတ်၊ (၄) ဘူမိဇာတိ မဂ္ဂဘေဒစိတ်တို့ကိုအသီးသီးညွှန်ပြပါ။

၃၅၀-ဖြေ။ ။(၁) စိတ်ကား-ကာမာဝစရစိတ်။ (၂) စိတ်ကား-ရူပါဝစရစိတ်။ (၃) စိတ်ကား-အရူပါဝစရစိတ်။ (၄) စိတ်ကား-လောကုတ္တရာစိတ် ဖြစ်ပါသည်။ (၄)

● အကြောင်းဖြစ်သောစိတ်, အကျိုးဖြစ်သော စိတ်, အကြောင်း အကျိုးမဟုတ်သောစိတ်များကို အသီးသီးဖော်ပြပါ။

၃၅၁-ဖြေ။ ။အကြောင်းဖြစ်သောစိတ်ကား-ကုသိုလ်စိတ်, အကုသိုလ်စိတ် ဖြစ်ပါသည်။ အကျိုးဖြစ်သောစိတ်ကား - ဝိပါက်စိတ် ဖြစ်ပါသည်။ အကြောင်း အကျိုး မဟုတ်သော စိတ်ကား - ကြိယာစိတ် ဖြစ်ပါသည်။

● ကာမဘုံ၌သာ ဖြစ်သော စိတ်များကား-အဘယ်စိတ် များပါနည်း။

၃၅၂-ဖြေ။ ။ထိုစိတ်များကားအောက်ပါအတိုင်း ၂၀-ဖြစ်ပါသည်။

† ကာမေ အဋ္ဌ မဟာ ပါကာ၊ ဒေါမနဿ ဒွယမ္မိစ။
တထာ ဃာနာဒိဝိညာဏာ၊ ဏ္ဍယံ ပါကာ အပုညဇာ။
(အဘိဓမ္မာဝတာရ-ဋီဟောင်း)

ဤကာမဘုံ၌သာဖြစ်သောစိတ် ၂၀-ကား အဘိဓမ္မာဝတာရ အလိုဖြစ်သည်။ ၎င်း၏အလိုကား-ရူပဘုံ၌ အနိဋ္ဌာရုံများမရှိ၍ အကုသလဝိပါက် စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း သန္တီရဏ-၎င်း ၄-ပါးကိုမရ။ ထို့ကြောင့် ထို ၄-ပါးကို ကာမဘုံထည်းမှာ ထည့်ထားသည်။ သမာနဝါဒ ဆရာကြီးများအလိုကား - ရူပဘုံကနေ၍ အနိဋ္ဌာရုံကို မြင်နိုင်, ကြားနိုင်သဖြင့် ထို ၄-ပါးကို ရူပဘုံ၌လည်း ရနိုင်၍ ကာမဘုံမှာသာ ဖြစ်သော

စိတ်ထည်းမှာမထည့်ဘဲ၊ကာမဘုံ၌သာဖြစ်သော စိတ် ၁၆-ပါး ဟုဆိုသည်။သမာနဝါဒ ဆရာကြီးများအလိုအားဖြင့်ဂါထာကို အောက်ပါအတိုင်း ပြင်၍မှတ်ရမည်။

† ကာမေ အဋ္ဌ မဟာ ပါကာ၊ ဒေါမနဿ ဒွယမ္မိစ။
ဆစ ဃာနာဒိ ဝိညာဏံ၊ သောဋ္ဌသေဝစ ဇာယရေ။

● ရူပဘုံ၌သာ ဖြစ်သော စိတ်, အရူပဘုံ၌သာဖြစ်သော စိတ်များကား-အဘယ်စိတ်များပါနည်း။

၃၅၃-ဖြေ။ ။ထို စိတ်များကား - အောက်ပါ အတိုင်း ၅-ပါး, ၄-ပါး ဖြစ်ပါသည်။

† ရူပေဝ ရူပ ပါကာဝါ၊ ရူပ္ပပါကာ အရူပိသု။
နဝ မဟဂ္ဂတာ ပါကာ၊ ရူပါရူပေဝ ဇာယရေ။
(အဘိဓမ္မာဝတာရ-ဋီကာဆရာ)

● ကာမ,ရူပ ၂-ဘုံ၌သာ ဖြစ်သောစိတ်များကား - အဘယ်စိတ်များပါနည်း။

၃၅၄-ဖြေ။ ။ထိုစိတ်များကား - အောက်ပါ အတိုင်း ၁၈-ပါး ဖြစ်ပါသည်။

† ပဉ္စရူပါနိ ပဉ္စေဝ၊ ပဉ္စဇ္ဈာ သမ္ပဋိစ္ဆနံ။
စက္ခုသောတဒွယံ ပဉ္စ၊ ပါဏ္ဍု သန္တီရဏဒွယံ။
ပဉ္စပါကံ ဟသိတုပ္ပါဒ၊ မနောဓာတု ကြိယာဝိစ။
အဋ္ဌာရသာဒိ မဂ္ဂေန၊ ပဉ္စ ရူပကြိယာဝိစ။
ကာမရူပ ဘဝေသွေဝ၊ တောနေဝ သဒါ သိယုံ။
(အဘိဓမ္မာဝတာရ-ဋီကာဆရာ)

● ကာမ-ရူပ-အရူပ- သုံးဘုံလုံး၌ ဖြစ်နိုင်သော စိတ်များကား-အဘယ်စိတ်များပါနည်း။

၃၅၅-ဖြေ။ ။ထို စိတ်များကား - အောက်ပါ အတိုင်း ၄၂-ပါး ဖြစ်ပါသည်။

† ပဋိဃဒွယဝဇ္ဇိတာနိ၊ အပှညာနိ ဒသေဝစ။
မဟာပှညာနိ အဋ္ဌေဝ၊ ဝေါဋ္ဌဗ္ဗန ကြိယာနိစ။ (အဋ္ဌ)
ပှညာ ရပ္ပာနိ စတ္တာရိ၊ အာရပ္ပ ကိရိယာနိစ။
ကနိဋ္ဌမဂ္ဂဝဇ္ဇာနိ၊ သတ္တလောကုတ္တရာနိစ။
ဒွေ စတ္တာလီသစိတ္တာနိ၊ ဟောန္တိ တီသု ဘဝေသုပိ။
(အဘိမ္မောဝတာရ-ဋီဟောင်း)

● ဘုံ ၃၀-လုံးနှင့် ဆက်ဆံနိုင်သော စိတ်များကား-အဘယ်စိတ်များ ပါနည်း။

၃၅၆-ဖြေ။ ။ထို စိတ်များကား - အောက်ပါ အတိုင်း ၁၄-ပါး ဖြစ်ပါသည်။

† ဝေါဋ္ဌဗ္ဗံ ကာမပုညဉ္စ၊ ဝိယုတ္တာနိစ ဒိဋ္ဌိယာ။
ဥဒ္ဓစ္စသဟိတဉ္စေဝ၊ ဟောန္တိ သဗ္ဗတ္ထ စုဒ္ဒသ။
(အဘိမ္မောဝတာရ-ဋီဟောင်း)

● ဒိဋ္ဌာရမ္မဏစိတ်, သုတာရမ္မဏစိတ်, မုတာရမ္မဏစိတ်, ဒိဋ္ဌသုတ မုတာရမ္မဏစိတ်, ဒိဋ္ဌသုတမုတဝိညာတာရမ္မဏစိတ်, ဝိညာတာ ရမ္မဏစိတ်များကို အသီးသီး ခွဲပြပါ။

၃၅၇-ဖြေ။ ။ဒိဋ္ဌာရမ္မဏစိတ်ကား - စက္ခုဝိညာဏ် ဒွေးတည်း။ သုတာရမ္မဏစိတ်ကား-သောတဝိညာဏ်ဒွေးတည်း။ မုတာ ရမ္မဏစိတ် ကား-ဃာန, ဇိဝှာ, ကာယ - ဝိညာဏ်ဒွေးတည်း။ ဒိဋ္ဌ သုတ မုတာ ရမ္မဏစိတ်ကား-မနောဓာတ် ၃-ခုတည်း။ ဒိဋ္ဌသုတမုတ ဝိညာတာ ရမ္မဏစိတ်ကား-ဒွေးပဉ္စဝိညာဏ်-၁၀။ မနောဓာတ် ၃-ခုကြဉ်သော ကာမစိတ် ၄၁။ အဘိညာဏ်ဒွေးတည်း။ ဝိညာတာရမ္မဏစိတ်ကား-အဘိညာဏ်ဒွေးမှ တပါးသောမဟဂ္ဂုတ်စိတ် သတ္တဝီသ-လောကုတ္တရာ စိတ် ဂ-ခု။ ပေါင်း ၃၅-ပါးတည်း။ (သစ္စ သံခိပ်)

● ပုထုဇဉ်အားသာဖြစ်သောစိတ်၊ သေက္ခအားသာဖြစ်သောစိတ်၊ ရဟန္တာအားသာ ဖြစ်သောစိတ်၊ ပုထုဇဉ် သေက္ခ ဤ ၂-ပါး

အားသာ ဖြစ်သောစိတ်၊ ပုထုဇဉ် သေက္ခ ရဟန္တာ ဤ ၃-ပါး လုံးအား ဖြစ်သော စိတ်များကား အဘယ်စိတ်များပါနည်း။

၃၅၈-ဖြေ။ ။ပုထုဇဉ် အားသာ ဖြစ်သော စိတ်ကား-ဒိဋ္ဌဂတသမ္ပယုတ် ၄-ပိစိကိစ္ဆာ ဤ ၅-မျိုးဘည်း။ သေက္ခအားသာဖြစ်သော စိတ်ကား-အရဟတ္တဖိုလ်ကြဉ်သော လောကုတ္တရာစိတ် ၇-ပါးတည်း။ ရဟန္တာအားသာဖြစ်သောစိတ်ကား အာဝဇ္ဇန်းဒွေးကြွင်းသောကြိယာဇော အဋ္ဌာရသ အရဟတ္တဖိုလ်ပေါင်း ၁၉-ပါးတည်း။ ပုထုဇဉ် သေက္ခ ၂-ပါးအားသာ ဖြစ်သောစိတ်ကား-ဒိဋ္ဌဂတသမ္ပယုတ် ပိစိကိစ္ဆာကြွင်းသောအကုသိုလ်စိတ် ၇-ခု၊ လောကီကုသိုလ်သင်္ဘူရသ ပေါင်း ၂၄-ပါးတည်း။ ပုထုဇဉ်သေက္ခ ရဟန္တာ ၃-ပါးလုံး အားဖြစ်သော စိတ်ကား-ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော လောကီဝိပါက်ဗာတို့သ အာဝဇ္ဇန်းဒွေးပေါင်း ၃၄-ပါးတို့ ဖြစ်ပါသည်။ (သစ္စသံခိပ်)

● ကေဇစိတ်, ဒ္ဒိဇစိတ်, တိဇစိတ်များကို အသီးသီး ဖော်ပြပါ။

၃၅၉-ဖြေ။ ။ကာမဘုံ၌သာဖြစ်သော ဒေါသမူဒွေး-ဃာနာဒိဥ္စာယ မဟာဝိပါက် ၁၆-ပါး၊ ရူပဘုံ၌သာ ဖြစ်သော ရူပဝိပါက်-၅၊ အရူပဘုံ၌သာ ဖြစ်သော အရူဝိပါက်-၄၊ ပေါင်း ကေဇစိတ် ၂၅-ပါး ဖြစ်ပါသည်။ စက္ခုဝိညာဏ်ဒွေး၊ သောတဝိညာဏ်ဒွေး၊ သမ္ပဋိစ္ဆဉ်းဒွေး၊ သန္တီရဏာ ၃-ခု၊ သောတာပတ္တိမဂ်၊ ရူပကုသိုလ်ကြိယာ-၁၀၊ ပဥ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပာဒ်၊ ပေါင်း ၂၂-ပါးသော စိတ်တို့ကား-ကာမ, ရူပ ၂-ဘုံ၌ဖြစ်သော ဒ္ဒိဇစိတ်များ ဖြစ်ပါသည်။ ဤမှကြွင်းသော ၄၂-ပါးသော စိတ်တို့ကား ကာမ, ရူပ, အရူပ သုံးဘုံလုံး၌ ဖြစ်သောကြောင့် တိဇစိတ်များ ဖြစ်ပါသည်။ {ဧကဘုမ္မိကစိတ်၊ ဒ္ဝေဘုမ္မိကစိတ်၊ တိဘုမ္မိကစိတ်ပါ မေးကလည်း ဤအတိုင်းပင် ဖြေလေ။} (သစ္စသံခိပ်)

စတုဘူမိကစိတ်အဖြေ ပြီး၏။

စိတ်ပိုင်း-ပကိဏ္ဏက

●

- **စိတ်သည်**....သဝိပါကစိတ်-အဝိပါကစိတ်အားဖြင့် ၂-ပါး ရှိသည်။ ထိုတွင် သဝိပါကစိတ်ကား-ကုသိုလ်,အကုသိုလ်စိတ်၊ အဝိပါက စိတ်ကား - ဝိပါက် ကြိယာ အများကတစိတ်များ ဖြစ်သည်။
- **တဖန်** ....သဝတ္ထုကစိတ် အဝတ္ထုကစိတ် အားဖြင့် ၂-ပါး ရှိရာ၊ သဝတ္ထုက စိတ်ကား - ကာမ ရူပစိတ်ဖြစ်၍၊ အဝတ္ထုက စိတ်ကား-အရူပစိတ် ဖြစ်သည်။
- **အကုသိုလ်စိတ်တွင်**....နိယတဝတ္ထုကစိတ်ကား-ဒေါသမူ ဒွေးဖြစ်၍ အနိယတဝတ္ထုကစိတ်ကား-ကျန်အကုသိုလ်စိတ်များ ဖြစ်သည်။
- **ကာမာဝစရစိတ်တွင်**.... သဝတ္ထုက စိတ်ကား - မဟာ ဝိပါက်စိတ် ဖြစ်၍ အဝတ္ထုက စိတ်ကား- မဟာကုသိုလ် မဟာ ကြိယာစိတ်များ ဖြစ်သည်။
- **လောကုတ္တရာစိတ်တွင်**....နိယတဝတ္ထုကစိတ်ကား သော တာပတ္တိ မဂ်စိတ်ဖြစ်၍ အနိယတဝတ္ထုကစိတ်ကား-သောတာ ပတ္တိ မဂ်စိတ်မှတပါး ကျန် လောကုတ္တရာစိတ်များဖြစ်သည်။

- **ဈာန်နှင့်ယှဉ်သောစိတ်**....ပဌမဈာန်ဧကာဒသ-ကာမာ ဝစရ သောမနဿ ၁၂။ အကုသိုလ် သောမနဿ ၄။ သော မနဿ သန္တီရဏ-ဟသိတုပ္ပာဒ် ပေါင်း ၂၉-ပါးသော စိတ်၌ ဈာန်အင်္ဂါ ၅-ပါးရ၏။ ။ဒုတိယဈာန်ဧကာဒသ-ကာမာဝစရ ဥပေက္ခာ ၁၂။ ဒေါသမူဒွေး-အကုသိုလ်ဥပေက္ခာ ၆။ ဒွေးပဉ္စ ဝိညာဏ်ကြဉ်အဟိတ်ဥပေက္ခာ ၆။ပေါင်း ၃၇-ပါးသောစိတ်၌ ဝိတက်ကြဉ် ဈာန်အင်္ဂါ ၄-ပါး ရ၏။ (ဒေါသမူ ဥပေက္ခာတို့၌

ဗိတိမရ ဝိတက်ရ၏။ ထိုက်သလိုယူ)။ ။တတိယစျာန် ကော ဒသ-၌ ဗိတိ, သုခ, ကေဂ္ဂတာ စျာန်အင်္ဂါ ၃-ပါး ရ၏။ ။ စတုတ္ထစျာန် ကောဒသ, ပဉ္စမစျာန် တေဝိသ ပေါင်း ၃၄-ပါး သော စိတ်၌ ဥပေက္ခာ ကေဂ္ဂတာ သို့မဟုတ် သုခကေဂ္ဂတာ ထိုက်သလို စျာန်အင်္ဂါ ၂-ပါးရ၏။ ဒွေးပဉ္စဝိညာဏ် ၁၀-တို့၌ စျာန် အင်္ဂါ တပါးမျှမရ၊ အစျာနင် စိတ်သာတည်း၊ {ပေါင်း စိတ်အကျယ် ၁၂၁-ပါးတည်း။}

● **ဇာန်နှင့်ယှဉ်သောစိတ်**...ဒွေးပဉ္စဝိညာဏ်-၁၀။မနော ဓာတ်-၃။သန္တီရဏ-၃။ပေါင်း၁၆-ပါးသောစိတ်၌မနုဿ်, ဇိဝိ တိရွှေ ဝေဒနိရွှေတခုခု ပေါင်း ဇာရွှေ ၃-ပါးရ၏။ ။ဝိစိကိစ္ဆာ စိတ်၌ ဝိရိယိရွှေ, မနိရွှေ, ဇိဝိတိရွှေ, ဥပေက္ခိရွှေ ပေါင်း ဇာရွှေ ၄-ပါးရ၏။ဝိစိကိစ္ဆာကြည့် ကျန်အကုသိလ်-၁၁၊ ဟသိတုပ္ပါဒ် ဝုဋ္ဌော ပေါင်း ၁၃-ပါး၌ ဝိရိယိရွှေ, မနိရွှေ, ဇိဝိတိရွှေ, သမာ ဓိရွှေ,ဝေဒနိရွှေ,တပါးပါး ပေါင်းဇာရွှေ ၅-ပါးရ၏။ ။ဉာဏ ဝိပ္ပယုတ်စိတ် ၁၂-ခု၌ သဒ္ဓါ, သတိ, သမာဓိ, ဝိရိယ, ဇိဝိတ, မနိန္ဒြိယ,ဝေဒနိရွှေတပါးပါး ပေါင်းဇာရွှေ ၇-ပါးရ၏။ ။ဉာဏ သမ္မယုတ်စိတ်-၁၂၊မဟဂ္ဂုတ်စိတ် ၂၇၊ပေါင်း ၃၉-ပါး၌ ယခင် ၇-ပါးနှင့်ပညိရွှေ-၁၊ပေါင်းဇာရွှေ ၈-ပါးရ၏။ ။လောကုတ္တရာ စိတ် ၄၀-တို့၌ ယခင် ၈-ပါးနှင့်တကွ အနညာတညဿာ မိတိရွှေ, အညိရွှေ, အညာတာဝိရွှေ ၃-ပါးတွင် တပါးပါး ပေါင်းဇာရွှေ ၉-ပါးရ၏။ (ဇာရွှေ ၆-ပါးနှင့်ယှဉ်သောစိတ်ကား မရှိ) {ပေါင်းစိတ်အကျယ် ၁၂၁-ပါးတည်း။}

● **မဂ္ဂင်နှင့်ယှဉ်သောစိတ်**.... အမဂ္ဂင် စိတ်ကား - အဟိတ် စိတ် ၁၈-ပါးတည်း။ ။မဂ္ဂင် ၂-ပါးရှိသော စိတ်ကား-ဝိစိ ကိစ္ဆာ သဟဂုတ် စိတ်တည်း။ (မိစ္ဆာသက်ပွ မိစ္ဆာဝဓိယာမ ၂-ပါး ရှိသည်။) မဂ္ဂင် ၃-ပါးရှိသော စိတ်ကား - ဒိဋ္ဌိဂတ ဝိပ္ပယုတ်-၄၊ဒေါသမူဒွေး,ဥဒ္ဓစ္စသဟဂုတ်ပေါင်း ၇-ပါးတည်း။

(မိန္ဆာသက်ပွ,မိန္ဆာဝါယာမ,မိန္ဆာသမာဓိ ၃-ပါးရှိသည်)။ ။ မဂ္ဂင် ၄-ပါးရှိသောစိတ်ကား ဉာဏဝိပွယုတ်စိတ်-၁၂။ဒိဋ္ဌဂတသမ္ပယုတ်-၄။ပဌမစျာန် ၃-ပါးကြဉ်မဟဂ္ဂုတ်စိတ် ၂၄-ပေါင်း ၄၀-သောစိတ်တည်း။ (သမ္မာသက်ပွ,သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ အားဖြင့်ဂုဏ်း။ မိန္ဆာဒိဋ္ဌိ, မိန္ဆာသက်ပွ, မိန္ဆာဝါယာမ,မိန္ဆာသမာဓိ အားဖြင့်ဂုဏ်း။သမ္မာဒိဋ္ဌိ,သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ အားဖြင့်ဂုဏ်း။ လျော်သလို မဂ္ဂင် ၄-ပါးစီရှိ၏။) ။ ။မဂ္ဂင် ၅-ပါးရှိသော စိတ်ကား-ဉာဏသမ္ပယုတ်စိတ်-၁၂ ။လောကီပဌမစျာန်စိတ် ၃။ပေါင်း ၁၅-ပါးတည်း။ (သမ္မာဒိဋ္ဌိ,သမ္မာသက်ပွ,သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိ ၅-ပါးရှိ၏) ။ ။မဂ္ဂင် ၇-ပါးရှိသော စိတ်ကား-လောကုတ္တရာ ပဌမစျာန် ၀-ပါးကြဉ် ကျန် ၃၂-ပါးတည်း။ (သမ္မာသက်ပွမှ တပါး ၇-ပါးရှိ၏။)မဂ္ဂင် ၀-ပါးရှိသောစိတ်ကား....လောကုတ္တရာ ပဌမစျာန်စိတ် ၀-ပါးတည်း။ (မဂ္ဂင် ၀-ပါးလုံးရှိသည်။) (မဂ္ဂင် ၆-ပါးရှိသော် စိတ်ကား မရှိဟု မှတ်လေ။) {ပေါင်းစိတ်အကျယ် ၁၂၁-ပါးတည်း။}

- **ဗိုလ်နှင့်ယှဉ်သောစိတ်**....ဗိုလ် ၂-ပါးရှိသော စိတ်ကား-ဟသိတုပ္ပာဒ်နှင့်ဝုဋ္ဌောစိတ် ၂-ပါးတည်း။ (ဝိရိယဗလ,သမာဓိဗလ ရှိသည်။) ။ ။ဗိုလ် ၃-ပါးရှိသော စိတ်ကား-ဝိစိကိစ္ဆာစိတ်တခုတည်း။ (ဝိရိယ,အဟိရိက,အနောတ္တပ္ပဗိုလ်ရှိသည်။) ဗိုလ် ၄-ပါးရှိသော် စိတ်ကား-ဝိစိကိစ္ဆာကြဉ်သော အကုသိုလ်စိတ် ၁၁-ခုတည်း။ (ဝိရိယ, အဟိရိက, အနောတ္တပ္ပ,သမာဓိဗိုလ်ရှိသည်) ။ ။ဗိုလ် ၆-ပါးရှိသောစိတ်ကား-ဉာဏဝိပွယုတ်စိတ် ၁၂-ခုတည်း။(သဒ္ဓါ,ဝိရိယ,သတိ,သမာဓိ,ဟိရိ,ဩတ္တပ္ပဗိုလ်ရှိသည်) ။ ။ဗိုလ် ၇-ပါးရှိသော စိတ်ကား-ဉာဏသမ္ပယုတ်စိတ်-၁၂ ။ မဟဂ္ဂုတ်စိတ်-၂၇။ လောကုတ္တရာစိတ်-၄၀၊ ပေါင်း ၇၉-ခုတည်း။ (သဒ္ဓါ, ဝိရိယ, သတိ, သမာဓိ, ပညာ,

ဟိရီ, ဩတ္တပ္ပ-ဇိုလ် ရှိသည်)။ ။ဇိုလ်မရှိသော အဗလ စိတ် ကား-ဒွေးပဉ္စဝိညာဏ်-၁၀။ မနောဓာတ်-၃။ သန္တီရဏ-၃။ ပေါင်း ၁၆-ခုတည်း။ (ဇိုလ် ၅-ပါးနှင့်ယှဉ်သောစိတ်ကားမရှိ) {ပေါင်း စိတ်ကျမ် ၁၂၁-ပါးတည်း။}

● **ကဝိဓာဒိနယ**....စိတ်သည် အာရမ္မဏ ဝိဇာနနသဘော အားဖြင့် တပါးသာရှိ၏။ အဟိတ် သဟိတ်အားဖြင့် ၂-ပါး ရှိ၏။ သဝတ္ထုက, အဝတ္ထုက, သဝတ္ထုကာဝတ္ထုက အားဖြင့် ၃-ပါးရှိ၏။ ထိုတွင်....ကာမဝိပါက် တဝီသ၊ ရူပစိတ်-၁၅၊ သောတာပတ္တိမဂ်၊ ပဉ္စဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပာဒ်၊ ဒေါသမူဒွေး ပေါင်း ၄၃-ပါးသည် ကေန်သဝတ္ထုက စိတ်များတည်း။ အရူပ ဝိပါက် ၄-ပါးသည် ကေန် အဝတ္ထုက စိတ်များတည်း၊ ဤမှ ကြွင်းသော ၄၂-ပါးသော စိတ်သည် သဝတ္ထုကာ ဝတ္ထုက စိတ်များတည်း။ (ပေါင်း စိတ်အကျဉ်း ၉၀-ပါးတံ်တည်း။)

● **အာရမ္မဏဂ္ဂဟဏအားဖြင့်**.... စိတ်သည် တပါးပါးကို အာရုံပြုသောစိတ်၊ ၅-ပါးကို အာရုံပြုသော စိတ်၊ ၆-ပါးကို အာရုံပြုသောစိတ်အားဖြင့်လည်း ၃-မျိုး ၃-စားရှိ၏။ ထိုတွင်-ဒွေးပဉ္စဝိညာဏ်-၁၀၊ လောကုတ္တရာစိတ်-၈၊ အာဘိညာဏ်ဒွေး ကြည့်သော မဟဂ္ဂုတ်စိတ်-၂၇၊ ပေါင်း ၄၅-ပါးသောစိတ်သည် တပါးပါးသို့သာ အာရုံပြု၏။ မနောဓာတ် ၃-ခုသည် ၅-ပါး သော အာရုံ (ပဉ္စာရုံ) ကို အာရုံပြု၏။ ဤမှကြွင်းသော ၄၃-ပါး သော စိတ်သည် ၆-ပါးသောအာရုံကို အာရုံပြု၏။ (ပေါင်း စိတ်အကျဉ်း ၈၉-ပါးတည်း။ အာဘိညာဏ်ဒွေးအတွက် ၂-ခု ပိုနေသည်။)။

● **တဖန်**...စိတ်သည် ရုပ်-ဥရိယာပုထ် ဝိညတ်ကို ဖြစ်စေတတ် သောစိတ်။ ရုပ်-ဥရိယာပုထ်ကိုသာဖြစ်စေတတ်သောစိတ်။ ရုပ်

ကိုသာ ဖြစ်စေတတ်သော စိတ်။ သုံးပါးလုံးကို မဖြစ်စေတတ်သောစိတ်အားဖြင့် ၄-ပါး ပြား၏။ ထို ၄-ပါးတို့၏ အရကို အောက်ပါ အဘိဓမ္မာဝတာရ ဂါထာများဖြင့် သိပါ။ (ရုပ်ပိုင်း ၌လည်း ဆောင်ပုဒ်များဖြင့် ပြပါဦးလတ္တံ့။)

† ရူပီရိယာပထဝိညတ္တိ၊ ဇနကာ ဇနကာဒိတော။
ဝေဥ္ဇာပိ ဟိ ဘံ စိတ္တံ၊ ဟောတိ သဗ္ဗံ စတုဗ္ဗိဓံ။ ။

ဒွါဒသာကုသလာ တတ္ထ၊ ကုသလာ ကာမာဓာတုယာ။
တထာ ဒသ ကြိယာ ကာမေ၊ အဘိညာမာနသံ ဒွယံ။ ။

သမုဋ္ဌာပေန္တိ ရူပါနိ၊ ကပ္ပေန္တိ ဣရိယာပထံ။
ဇနယန္တိစ ဝိညတ္တိံ၊ ဣမေ ဒွတ္တိံသ မာနသာ။ ။

ကုသလာစ ကြိယာစေဝ၊ တေ မဟဂ္ဂတမာနသာ။
အဋ္ဌာနာသဝ စိတ္တာနိ၊ ဆဗ္ဗိသတိစ မာနသာ။ ။

သမုဋ္ဌာပေန္တိ ရူပါနိ၊ ကပ္ပေန္တိ ဣရိယာပထံ။
စောပနံ နစ ပါပေန္တိ၊ ဒ္ဒိကိစ္စာနိယတာ ဣမေ။ ။

ထပေတွာ ဒသ ဝိညာဏေ၊ ဝိပါကာ ဒ္ဒီသု ဘူမိသု။
ကြိယာစေဝ မနောဓာတု၊ ဣမာနေကူနဝီသတိ။ ။

သမုဋ္ဌာပေန္တိ ရူပါနိ၊ နကရောန္တိ တရဒွယံ။
ပုန ဒွေပဥ္ဇဝိညာဏာ၊ ဝိပါကာစ အရူပိသု။ ။

သဗ္ဗေသံ သန္ဒိစိတ္တဥ္ဇ၊
စုတိစိတ္တဥ္ဇာရဟတော။
နကရောန္တိ တိကိစ္စာနိ။
ဣမေ သောဋ္ဌသ မာနသာ။ ။

စိတ်ပိုင်း ပကိဏ္ဏက ပြီး၏။

စိတ်ပိုင်း အဖြေ ပြီးပြီ။

စေတသိက်ပိုင်း

အညသမာန်းရာသီ[1] အဖြေ

●

● စေတသိက်ပိုင်း၌ ပိဏ္ဍတ္ထ ၄-ပါးကို ဖော်ပြပါ။

၃၆၀-ဖြေ။ ။(၁) စေတသိက်လက္ခဏာ ၄-ပါးကို ပြခြင်း,
(၂) အညသမာန, အကုသလ, သောဘဏ ၃-ရာသီတို့ဖြင့် စေတသိက် ၅၂-ပါးကိုပြခြင်း,
(၃) ထို စေတသိက်တို့၏ သမ္ပယောဂနည်း ၁၆-နည်းကို ပြခြင်း,
(၄) ထိုစေတသိက်တို့၏သင်္ဂဟနည်း ၃၃-နည်းကို ပြခြင်းတို့ကား-ပိဏ္ဍတ္ထ ၄-ပါး ဖြစ်ပါသည်။ ၎င်းကို "ဝဝတ္ထာန" ၄-ပါး ဟုလည်း ဆိုရပါသည်။ (၉)

● သမ္ပယောဂ လက္ခဏာများကို ရေတွက်ပြပါ။

၃၆၁-ဖြေ။ ။သမ္ပယောဂ လက္ခဏာကား-ကေုပ္ပာဒ, ကေနိရောဓ, ကောလမ္ပဏ, ကေဝတ္ထုက-တို့ ဖြစ်ပါသည်။ {သမ္ပယောဂလက္ခဏာ, စေတသိက်လက္ခဏာ, စေတောယုတ္တလက္ခဏာ အတူတူ။ ပါဠိလိုက-ကေုပ္ပာဒ နိရောဓာစ-စသော သင်္ဂဟကို ကိုးလေ။}

● ကေုပ္ပာဒနိရောဓာစ-၌ ပါသော ကေ-သဒ္ဒါနှင့် ကောလမ္ပဏ ဝတ္ထုကာ၌ပါသော ကေ-သဒ္ဒါတို့၏အထူးကို ရေးခဲ့ပါ။

၃၆၂-ဖြေ။ ။ပဌမကေသဒ္ဒါကား-သဟ-အနက်မှာဖြစ်၍၊ ဒုတိယ ကေ-သဒ္ဒါကား-သမာန-အနက်မှာဖြစ်ပါသည်။ ဤသို့ထူးကြပါသည်။ (၉)

---

[1] ပါဠိလို "ရာသီ" ပင် ဖြစ်သော်လည်း မြန်မာခေါ်သို့လိုက်၍ "ရာသီ" ဟု သုံးသည်။ အထက်၌ "ဝသိဘာဝ" ပုဒ်ကိုလည်း "ဝသိဘော်" ဟု မြန်မာခေါ်တိုင်း သုံးလိမ်မည်။

● သမ္မဲယောဂ လက္ခဏာ ၄-ပါး၏ အဓိပ္ပာယ်နှင့် တက္ခ ပဌေဝါကာရ, စတုဝေါကာရ ဘုံတို့၌ ရနိုင်သော လက္ခဏာများကိုလည်း ခွဲခြားသတ်မှတ်ပြပါ။

၃၆၃-ဖြေ။ ။စိတ်ဖြစ်လျှင် စေတသိက်များလည်းဖြစ်ကြ၏။ ဤသို့ဖြစ်ခြင်းသည် ကုပ္ပါဒမည်ပါသည်။ စိတ်ချုပ်လျှင်စေတသိက်တို့လည်း ချုပ်ကြကုန်၏။ ဤသို့ချုပ်ခြင်းသည် ကနိရောဓမည်ပါသည်။ စိတ်သည် ရူပါရုံကို အာရုံပြုသည်ဖြစ်အံ့၊ စေတသိက်တို့သည်လည်း ရူပါရုံကိုပင် အာရုံ ပြုကြကုန်၏။ ဤသို့ ပြုခြင်းသည် ကောလမွဏ - မည်ပါသည်။ စိတ်သည် စက္ခုဝတ္ထုကို မှီအံ့၊ စေတသိက်တို့သည်လည်း စက္ခုဝတ္ထုကိုပင် မှီကြကုန်၏။ ဤသို့ မှီရာတူခြင်းသည် ကဝတ္ထုက-မည်ပါသည်။

ပဋ္ဌဝေါကာရဘုံ၌ ၄-ပါးလုံးအကုန်ရ၍ စတုဝေါကာရဘုံ၌ကား-ဝတ္ထုရုပ် မရှိသောကြောင့် ရှေ့ ၃-ပါးသာရသည်။ ဇကဝတ္ထုက မရ၊ အရူပဘုံ၌ ဧကဝတ္ထုက မရကြောင်း အဋ္ဌသာလိနီ၌ တိုက်ရိုက် ဆိုလျက်ရှိ၏။

† အာရုပ္ပေပန ဝိနာဝိ ဧကဝတ္ထုဘာဝံ သမ္မယောဂေါ လဒ္ဓုံတိ။
(အဋ္ဌသာလိနီ)

"စတုဝေါကာရဘုံ-၌ဖြစ်သော စေတသိက်တို့သည် ဘုံအခိုက်အတန့်အားဖြင့် ဝတ္ထုရုပ်ကို မမှီရသော်လည်း မှီတတ်သော သဘောကား ရှိနေသည်။ စတုဝေါကာရဘုံ၌ဖြစ်သော ဖဿသည် မှီရာဝတ္ထုရုပ် မရှိသလို ဝေဒနာမှာလည်း မှီရာဝတ္ထုရုပ် မရှိ။ ဤသို့ မှီရာဝတ္ထုရုပ် မရှိခြင်း ဘူသည်ကို ဧကဝတ္ထုက သဘောယူ၍ စတုဝေါကာရဘုံ၌လည်း သမ္မယောဂလက္ခဏာ ၄-ပါးလုံး ရသည်ဟု နောက်ပညာဝန်များ ယူဆကြ၏။ မှီတတ်သော သဘောရှိနေ၍ ဧကဝတ္ထုက ရမည်ဆိုလျှင် ပကိဏ်းပိုင်း ဝတ္ထုသင်္ဂဟ၌ "နိဿာယဝါ အနိဿာယဝါ" ဟု အနုရုဒ္ဓါဆရာ မဆိုတန်ရာ၊ နိဿာယတမျိုးသာ ဆိုခဲ့ရာ၏။ ဝတ္ထုရုပ်မရှိတာခြင်းတူ၍ ဧကဝတ္ထုက ရမည်ဆိုလျှင် "ဧကအဝတ္ထုက"

သာ ဆိုခဲ့ရာ၏။ ကေဝတ္ထုကဟု မဆိုတန်ရာ ဆိုကား ဆိုခဲ့၏။ ထို့ကြောင့် ထိုပညာဝန်တို့၏ ယူဆချက်ကို စဉ်းစားကြကုန်ရာသည်။ }

● စေတသိက် လက္ခဏာ ၄-ပါးတို့တွင် တပါးပါးကို ဆိုက ပြီးကောင်းလျက် အဘယ့်ကြောင့် ကေနိရောဓ စသည်ကို ဆိုရပြန်ပါသနည်း။ ထို့သို့ဆိုသဖြင့် ရအပ် သိစေအပ်သော အနက်များကို အနုလောမ ပဋိလောမအားလျော်စွာ ရှင်းလင်းပြခဲ့ပါ။

၃၆၄-ဖြေ။ ။အနုလောမအားဖြင့် ကေနိရောဓသဒ္ဒါဖြင့် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်-စိတ္တဇရုပ်တို့ကို နစ်စေပါသည်၊ ကောလမ္ဗဏသဒ္ဒါဖြင့် ဝိညတ်ဒွေး စုတိစိတ်၏ အထက် ၁၇-ချက်မြောက် ဘဝင်စိတ်နှင့် အတူဖြစ်၍ စုတိစိတ်မှာချုပ်သော ကမ္မဇရုပ် အဝိနိဘောဂရုပ် ၈-ခုကို နစ်စေပါသည်။ ကေဝတ္ထုက သဒ္ဒါဖြင့် ရှေးလက္ခဏာ ၃-ပါးနှင့်ပြည့်စုံသော စေတသိက်တို့သည် စင်စစ်တူသော မှီရာရှိသည်ဟု ပြပါသည်။ (ကေဝတ္ထုက-ကို ဆိုခြင်းကား-ရှေး ၃-ပါးဖြင့်ပင် စေတောယုတ္တအဖြစ်ပြီးလျက် အလွန်အားဖြင့် ဆိုအပ်သောကြောင့် ဥက္ကဋ္ဌနည်းအားဖြင့် ဆိုခြင်းဖြစ်သည်။ ယထာလာဘနည်း, အဓိကနည်းဟုလည်း ဆိုကြကုန်သေး၏။)

ပဋိလောမအားဖြင့် ကောလမ္ဗဏ သဒ္ဒါဖြင့် တခုသော မဟာဘုတ်လျှင် မှီရာရှိသော ကြွင်းသော မဟာဘုတ်, ဥပါဒါရုပ်, မရဏာသန္ဓဝိထိ၌ ဇော, တဒါရုံ, စုတိတို့ကို နစ်စေပါသည်။ ကေနိရောဓ သဒ္ဒါဖြင့် ပဋိသန္ဓေ, ပဌမဘဝင်တို့ကို နစ်စေပါသည်။ ကေုပ္ပာဒ သဒ္ဒါဖြင့် နောက်လက္ခဏာ ၃-ပါးနှင့် ပြည့်စုံသော စေတသိက်တို့သည် အတူတက္ခဖြစ်ကြသည်ဟု ပြပါသည်။ (ဋီကာကျော် သခေ်ပ-မူလဋီကာတို့အလိုနှီးနှောဂ၍ ပြဆိုချက် ဖြစ်သည်။)

{ဥတုဇ အာဟာရဇ ရုပ်တို့သည် စိတ်နှင့်အတူတက္ခ ဖြစ်သော်လည်း သဟဇာတပစ္စည်းအဖြစ်မရှိသောကြောင့်စိတ်နှင့် တက္ခဖြစ်သည်ဟူသော ဝေါဟာရမရှိ၍ လင်းပါးဘွယ်မလို။}

● ကေုပ္ပာဒ နိရောဓာစ - စသော ဂါထာ၌ အဘယ်ပါ၌ ဖြင့် အဘယ်ကိုပြသည်ဟု အသီးသီး ဖော်ပြပါ။

၃၆၅-ဖြေ။ ။ကေုပ္ပာဒ-လ-ဝတ္ထုကာ-ဖြင့် စေတသိက်လက္ခဏာကို စေတောယုတ္တာ-ဖြင့်ဝစနတ္ထ (ဝါ၊စေတသိက်သဘော)ကို။ ဒ္ဒိပညာသဖြင့် အရေအတွက်ကို။ ဓမ္မာ-ဖြင့် အရကို။ စေတသိကာ-ဖြင့် အမည်ကို ပြပါသည်။

● အညသမာန,အကုသလ,သောဘဏ ၃-ရာသီတို့တွင်အဘယ့်ကြောင့် အညသမာန ရာသီကို ရှေးဦးစွာ ပြဆိုပါသနည်း။

၃၆၆-ဖြေ။ ။အကုသိုလ်-အဟိတ်-သောဘဏစိတ်တို့နှင့်ဆက်ဆံသောကြောင့် အညသမာနရာသီကို ရှေးဦးစွာ ပြဆိုပါသည်။

† အကုသလ အဟေတုက သောဘဏ သခ်ါတာနံ တိဏ္ဏံ ရာသီနံ သာဓာရဏတ္တာ။ (သခေ်ပ)

● အညသမာန်း စေတသိက်တို့တွင် သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့ကို အဘယ့်ကြောင့် ရှေးဦးစွာ ပြဆိုပါသနည်း။

၃၆၇-ဖြေ။ ။အလုံးစုံသောစိတ်တို့နှင့် ဆက်ဆံသည်ဖြစ်၍ အရာကျယ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့ကို ရှေးဦးစွာ ပြဆိုပါသည်။

† မဟာဝိသယတ္တာ။ (သခေ်ပ)

● သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့တွင် ဖဿ-ကို အဘယ့်ကြောင့် ရှေးဦးစွာ ပြပါသနည်း။

၃၆၈-ဖြေ။ ။ဖဿ ပဉ္စက ရာသီ, ဈာန ပဉ္စက ရာသီ, ဣန္ဒြိယဋ္ဌက ရာသီ, ယေဝါပနက-တို့၏ အစွမ်းဖြင့် မြတ်စွာဘုရား ဟောတော်မူသောအစဉ်ကို မှီ၍ ဖဿ-ကို ရှေးဦးစွာ ဆိုပါသည်။

† ဖဿပဉ္စကရာသိ ဈာနပဉ္စကရာသိ ဣန္ဒြိယဋ္ဌကရာသိ ယေဝါပနကဝသေန ဘဂဝတာ ဝုတ္တက္ကမံ နိဿာယ အယံကမော ဝုတ္တော။ (သခေ်ပ)

● သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့တွင် အဘယ် စေတသိက်တို့ကို အဘယ်ရာသီ၌ မြတ်စွာဘုရား ဟောတော်မူပါသနည်း။

၃၆၉-ဖြေ။ ။ဖဿ,ဝေဒနာ,သညာ,စေတနာ၊ ဤစေတသိက်တို့ကို ဖဿ ပဋ္ဌကရာသီ၌,ဧကဂ္ဂတာ စေတသိက်ကို ဈာနရာသီ၌, ဇီဝိတိန္ဒြေ စေတသိက်ကို ဇုန္ဒြိယဋ္ဌကရာသီ၌, မနသိကာရကို ယေဝါပနက၌ ဟောတော်မူပါသည်။ (သခေ်ပ)

● ဒေသနာဂ္ဂမ, ဥပ္ပတ္တိဂ္ဂမ ၂-ပါးတို့တွင် အဘယ် ကမ-၏ အစွမ်းဖြင့် ဖဿကို မြတ်စွာဘုရား ရှေးဦးစွာဟောပါသနည်း။

၃၇၀-ဖြေ။ ။ဒေသနာဂ္ဂမ၏ အစွမ်းဖြင့် ဖဿ-ကို ရှေးဦးစွာ ဟောပါသည်။ (သခေ်ပ)

{ဝိတ်တခု၌ ဖြစ်ကုန်သော တရားတို့တွင် ဤတရားကား-ပဌမဖြစ်, ဤတရား ကား-နောက်ဖြစ်ဟူ၍ မရှိ။ ဒေသနာအစဉ် အားဖြင့်သာ ဖဿကို ရှေးဦးစွာ ဟောခြင်းဖြစ်သည်။ }

● အဘယ့်ကြောင့် ဖဿ-မည်သနည်း၊ ဖဿ-၏ လက္ခဏာ ကိုလည်း ရေးခဲ့ပါ။

၃၇၁-ဖြေ။ ။"ဖုသတီတိ ဖဿော" ဟူသော ဝစနတ္ထနှင့်အညီ အာရုံကို တွေ့ထိတတ် (တွေ့ထိသလိုဖြစ်တတ်) သောကြောင့် ဖဿ မည်ပါသည်။ ထို ဖဿသည် (ဖုသနလက္ခဏာ) အာရုံကို တွေ့ထိခြင်း လက္ခဏာ ရှိပါသည်။ (ဋီ)

● ဖဿ-သည် နာမ်တရားဖြစ်၍ အာရုံကို မတွေ့ထိကောင်းပါဘဲ လျက် အဘယ့်သို့ အာရုံကို တွေ့ထိခြင်းလက္ခဏာ ရှိပါသနည်း။

၃၇၂-ဖြေ။ ။ဖဿ-သည် နာမ်တရားဖြစ်၍ အာရုံကိုမတွေ့ထိတတ် သော်ယည်း တွေ့ထိသော အခြင်းအရာအားဖြင့် ဖြစ်တတ်သောကြောင့် အာရုံကို တွေ့ထိခြင်း လက္ခဏာရှိသည်ဟု ဆိုပါသည်။

† အယဉ္ဇိ အရူပဓမ္မောပိ သမာနော အာရမ္မဏေ ဖုသနာကာရေ နေဝ ပဝတ္တတိ။ (ဋီ)

● ဖဿသည် အာရုံကို တကယ် မတွေ့ထိ ခံသော်လည်း တွေ့ထိသောအခြင်းအရာအားဖြင့် ဖြစ်ပုံကို အဘယ် ဥပမာဖြင့် မှတ်ရမည်နည်း။

၃၇၃-ဖြေ။ ။ချဉ်သီး စားနေသူမြင်က တယောက်သူမှာ ခံတွင်း ချဉ်၍ သွားရည်ယိုသကဲ့သို့၎င်း၊ သစ်ခက်အဖျားကလေးကို လျှောက် သွားသည်ကိုမြင်က အောက်က လူမှာ အသဲယားပြီး ကြောက်ဒူးတုန် သကဲ့သို့၎င်း၊ တစ္ဆေသရဲကို တွေ့သောအခါ ကြက်သီးထ၍ ခေါင်းကြီး သွားသကဲ့သို့၎င်း ဤဥပမာများဖြင့် မှတ်ရပါမည်။

† သာစသဲ ဖုသနာကာရပ္ပဝတ္တိ အမိုလခါဒကာဒိနံ ပဿန္တသဲ ပရဿ ခေဠုပ္ပါဒါဒိဝိယ ဒဋ္ဌဗ္ဗာ။ (ဋီ)

● ဖဿသည် ပရမတ္ထ တရားဖြစ်၍ ကတ္တုဗျာပါရ မရှိပါဘဲလျက် "ဖုသတိတိ ဖဿော" ဟု အဘယ့်ကြောင့် ကတ္တုသာဓနဝိဂြိဟ်ကို ဆိုပါသနည်း။

၃၇၄-ဖြေ။ ။ကတ္တုဗျာပါရပင် မရှိသော်လည်း တွေ့ထိသော အခြင်းအရာဖြင့်ဖြစ်သော ဖဿမှတပါး အခြားသော ကတ္တား မည်သည် မရှိဟု သိစေခြင်းငှာ 'ဖုသတိ' ဟု ကတ္တုသာဓနဝိဂြိဟ်ကိုဆိုသည်။ (ဥပရိကျွာမျိုး ဟူလို။)

{ဖဿ-စသော သဘောတရားတို့ကို ဝစနတ္ထပြု၍ လက္ခဏာကို ဖော်ပြခြင်းကား-ထိုတရားတို့၏သဘောကို ပေါ်လွင် ထင်ရှားစေလို၍သာ ဖြစ်သည်ဟု မှတ်လေ။ အရာရာ၌ဤအတိုင်းပင် မှတ်။ }

† ဖုသတိတိ ကတ္တုနိဒ္ဒေသော ဓမ္မတော အညဿ ကတ္တုနိဝတ္တနတ္ထံ ကတော။ (ဌီ)

● အဘယ့်ကြောင့် ဝေဒနာ မည်သနည်း၊ ဝေဒနာ၏ လက္ခဏာကိုလည်း ရေးခဲ့ပါ။

၃၇၅-ဖြေ။ ။"ဝေဒယတိအာရမ္မဏရသံအနုဘဝတီတိ ဝေဒနာ" ဟူသောဝစနတ္ထနှင့်အညီ အာရုံ၏အရသာကိုခံစားတတ်သောကြောင့်

ဝေဒနာ-မည်ပါသည်။ ထိုဝေဒနာသည် (ဝေဒယိတ လက္ခဏာ) အာရုံ၏အရသာကို ခံစားခြင်းလက္ခဏာ ရှိပါသည်။ (ဋီ)

- ခပ်သိမ်းသော စိတ်စေတသိက် တရားတို့သည် သာရမ္မဏသာ ဖြစ်သောကြောင့် ဝေဒနာမှ ကြွင်းသော သမ္ပယုတ် တရားတို့ သည်လည်း အာရုံ၏အရသာကို ခံစားတတ်ပါလျက် ဝေဒနာ ကိုသာလျှင် အာရုံ၏ အရသာကို ခံစားတတ်သည်ဟုအစာယ့် ကြောင့် ဆိုပါသနည်း။

၃၇၆-ဖြေ။ ။ကြွင်းသော သမ္ပယုတ်တရားများ အာရုံကို ခံစားခြင်း ကား-စားဖိုသည် ဟင်းလျာမြီးသကဲ့သို့ တစိတ်တဒေသမျှသာခံစားပါ သည်။ ဝေဒနာသည်သာလျှင် ပြည့်ရှင်မင်းကဲ့သို့ စင်စစ်အားဖြင့် အစိုး တရ အာရုံ၏ အရသာကို ခံစားနိုင်ပါသည်။ ထို့ကြောင့် ဝေဒနာကို သာလျှင် အာရုံ၏အရသာကို ခံစားတတ်သည်ဟု ဆိုပါသည်။

† အာရမ္မဏ ရသာနုဘဝနဠိ ပတ္ထာ သေသ သမ္ပယုတ္တာ မ္မောဧကေဒေသ မတ္တေနေဝ ရသံ အနုဘဝန္တိ။ ဧကံသတော ပန ဣဿရဝတာယ ဝေဒနာဝ အနုဘဝတိ။ (ဋီ)

- အဘယ့်ကြောင့် သညာ မည်သနည်း၊ သညာ၏ လက္ခဏာ ကိုလည်း ရေးခဲ့ပါ။

၃၇၇-ဖြေ။ ။"နီလာဒိဘေဒံ အာရမ္မဏံ သဉ္ဇာနာတိ သညံ ကတ္ဘာ ဇာနာတီတိ သညာ" ဟူသော ဝစနတ္ထနှင့်အညီ အညို,အရွှေစသည် အပြားရှိသော အာရုံကို နောက်၌ သိခြင်း၏ အကြောင်း ဖြစ်သော အမှတ်ကိုပြု၍ သိတတ်သောကြောင့် သညာ-မည်ပါသည်။ထို သညာ သည် (သဉ္ဇာနနလက္ခဏာ) နောက်၌သိခြင်း၏ အကြောင်းဖြစ်သော အမှတ်ကိုပြု၍ သိခြင်းလက္ခဏာ ရှိပါသည်။{လက်သွား စသည်တို့သည် သစ် စသည်တို့၌ ဤကား အောက်၊ဤကား အထက်-ဟု နောက်အခါ သိတို့အကြောင်းဖြစ်သော တမျဉ်းဆွဲခြင်း၊ ခဲ့အမှတ်သားခြင်း စသော အမှတ်သညာ ပြုသကဲ့သို့ မှတ်လေ။ ‖ (ဋီ)

● နောက်ဦးသိခြင်း၏ အကြောင်းဖြစ်သောအမှတ်ကိုပြု၍ သိတတ်သောကြောင့် ရှေးဦးစွာဖြစ်သော သညာသည် သညာ မည်တန်စေ။ ခြုံးဦးသညာသည် အမှတ်ပြုပေးလိုက်သည့်အတိုင်း နောက်သိသော ဒုတိယ သညာသည် နောက်ဦး သိခြင်း၏ အကြောင်း ဖြစ်သော အမှတ်ကို ပြု၍ သိတတ်သော သညာ အဘယ်သို့ မည်နိုင်မည်နည်း။

၃၇၈-ဖြေ။ ။မည်နိုင်ပါသည်။ ဒုတိယ သညာသည်လည်း နောက်တဖန် ဖြစ်လတ္တံ့သော တတိယ သညာ၏ သိခြင်း၏ အကြောင်း ဖြစ်သောအမှတ်ကိုပြု၍ပင် ဖြစ်သောကြောင့် သညာ-မည်နိုင်ပါသည်။

{ဒုတိယ သညာသည် နောက်နောက် သညာများ သိဘို့ အမှတ်ကို ထပ်၍ ထပ်၍ ပြုသည်။ သို့အမှတ်ကို ထပ်၍ ထပ်၍ ပြုသောကြောင့် တချို့မှာ သေသည်တိုင်အောင်မမေ့တဲ့ အမှတ်ရမနေတော့သည်ဟူလို။ သညာ၌ သံ-သဒ္ဒါသည် အမှတ်ကိုပြု၍ ပဟူသော ဒေနက်ထူးကိုဟောနိုင်၍ ဓာတ္တထ္ထ ဝိသေသကအနက် ရှိ၏။ သညာ-သဒ္ဒါသည် အမှတ်ပြုရုံလောက်တွင်မက အမှတ်ပြုခြင်းမှထူးသော "သိခြင်း" ထိအောင် ဟောနိုင်သော ဇာနန အနက်ရှိ၏။ ဉာဏဝိပ္ပယုတ်စိတ်၌ စိတ်သည် အဠော ဟာရိက ဖြစ်၍ သညာနောက်လိုက် ဖြစ်၏။ ဉာဏသမ္ပယုတ်စိတ်၌ကား-သညာနှင့် စိတ်သည် အဠောဟာရိကဖြစ်၍ ဉာဏ်နောက်သို့ လိုက်ရ၏။ သို့အတူ သမာဓိပြဋ္ဌာန်းရာ၌ သမာဓိနောက်သို့ လိုက်ရ၏ဟု မှတ်လေ။ }

† သာဝိပုန် အပရာယ သညာယ သဒ္ဓေနနသဒ္ဒါမိတ္တံ အာကာရံ၊ ဂဟေတွာ ဥပပဇ္ဇတိတိ နဏ္ဍေ ကောစိ အသမ္ဘဝေါ။ (ဋီ)

● အဘယ့်ကြောင့် စေတနာ-မည်သနည်း၊ စေတနာ၏လက္ခဏာကိုလည်း ဥပမာနှင့်တကွ ပြပါ။

၃၇၉-ဖြေ။ ။"အတ္တနာ သမ္မယုတ္တဓမ္မေ အာရမ္မဏေ စေတေတိ အဘိသန္ဒဟတီတိ စေတနာ" ဟူသော ဝစနတ္ထနှင့်အညီ မိမိနှင့်တကွ

သမ္မယုဘ်ဘရားဘို့ကို အာရုံ၌ တိုက်ဘွန်းနှိုးဆွ စေ့ဆော် တတ်သော ကြောင့် စေတနာ - ဧည့်ပါသည်။ ထို့ စေတနာသည် (စေတယိတလက္ခဏာ) တိုက်ဝှန်း နှိုးဆွ စေ့ဆော်ခြင်း လက္ခဏာ ရှိပါသည်။ တပည့်ကြီး လက်သမ်းကြီးတို့သည် မိမိလည်း အလုပ်ကိစ္စ ပြီးအောင် လုပ်၊ ငယ်သားများအားလည်း အလုပ်ပြီးအောင် နှိုးဆော် တိုက်တွန်း ပေးသကဲ့သို့ပင် ဖြစ်ပါသည်။

{ဤစေတနာကိုပင် ဂ်ံ့-ဟူ၍ဆိုရသော ထိုထို ကိုယ်-နှုတ်-စိတ်အမှုတို့၏ ပြုံးစီးခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဖလပစ္စယအားဖြင့် "ကံ့" ဟု ဟောတော်မူသည်။ }

† ဇေဋ္ဌသိဿ မဟာဝရုကိ အာဒယော ဝိယ သကိစ္စ ပရကိစ္စ သာဓိကာတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● တယောက်သောသူသည် တယောက်သောသူအား ကြိုးပမ်းစေချင်, ချမ်းသာစေချင်, ဝတ်စေချင်, စားစေချင်သည်ကား-စေတနာလော-? သဒ္ဓါလော-? ခွဲခြမ်း ဝေဖန်ပြပါ။

၃၈၀-ဖြေ။ ။စေတနာလည်း မဟုတ်, သဒ္ဓါလည်း မဟုတ်ပါ။ အမှန်မှာ သမ္မာဆန္ဒ-ကုသလဆန္ဒ-ဟုသာ ဆိုနိုင်ပါသည်။ ထိုသမ္မာဆန္ဒရှိ၍ ကြိုးပမ်း ချမ်းသာကြောင်း လုပ်ဘို့ နည်းလမ်းညွှန်ပြ တိုက် တွန်းသောအခါမှ စေတနာ ဖြစ်နိုင်ပါသည်။ (ဖလူပစာမျိုး ဖြစ်သည်။) သဒ္ဓါကား - ဤကောင်းမှုကိုပြုက ဤကောင်းကျိုးကို ရပေအံ့ဟု ကြည်လင် သန့်ရှင်း ယုံကြည်ခြင်းမျိုးပင် ဖြစ်သည်။

{ကေဋ္ဌတာ - ဝိတက် - ဝိစာရ - ဒိတိ တို့၏ သဘော အဓိပ္ပာယ်ကို ရူပါဝစရစိတ်က ပြခဲ့ပြီ။ }

● မပြန့်လွင့်ခြင်း လက္ခဏာရှိသော ဧကဂ္ဂတာ စေတသိက်သည် သဒ္ဒစိတ္တာသာဓာရဏဖြစ်၍ ပြန့်လွင့်ခြင်းလက္ခဏာရှိသော ဥဒ္ဓစ္စ သဟဂုတ်စိတ်၌ အဘယ်သို့ ယှဉ်နိုင်မည်နည်း။

၃၈၁-ဖြေ။ ။အာရုံတခုသည် သဘောအမျိုးမျိုး ရှိသောကြောင့် ထိုသဘောအမျိုးမျိုးတို့၌ ပြန့်လွင့်ခြင်းသို့ မရောက်စေဘဲ တခုသော

သဘောဉ် တခဏမျှဖြစ်သောစိတ်၏မတုန်လှုပ်သောအခြင်းအရာသည် ဖြစ်နိုင်သောကြောင့် ပြန့်လွင့်ခြင်း လက္ခဏာရှိသော ဥဒ္ဓစ္စ သဟဂုတ်စိတ်၌ ဧကဂ္ဂတာ ယှဉ်နိုင်ပါသည်။ (ပရမတ္ထဒီပနီ)

ဧကဂ္ဂတာနှင့် ဥဒ္ဓစ္စတို့သည် လက္ခဏာအားဖြင့် ဆန့်ကျင်ဘက်ဖြစ်ကြကုန်သော်လည်း ပြန့်လွင့်ခြင်း,မ တည်ကြည်ခြင်း တို့ကို အာရုံတခုခု၌ ၁-ဝီထိ ၂-ဝီထိ စသည်ဖြင့် လိုက်လျောလျက် တည်ကြည်ခြင်း, မပြန့်လွင့်ခြင်းဖြစ်အောင် ဧကဂ္ဂတာသည် ဖြားယောင်း သွေးဆောင်၍ ယှဉ်နိုင်လေသည်။ ဥပမာအားဖြင့် မြင်းကြမ်းကို ဖြားယောင်း ဆုံးမ၍ စီးနိုင်သော မြင်းစီးကောင်း ယောကျားကဲ့သို့ မှတ်အပ်၏။

† ဥဒ္ဓစ္စ သဟဂတစိတ္တေပနာယံ အဿဒမ္မပုရိသောဝိယ ဒဋ္ဌမ္ဗော။ (ဇူ)

● အဘယ့် ကြောင့် ဇီဝိတိန္ဒြေ - မည်သနည်း၊ ဇီဝိတိန္ဒြေ၏ လက္ခဏာကိုလည်း ဥပမာနှင့်တက္ခ ဖော်ပြပါ။

၃၈၂-ဖြေ။ ။"ဇီဝန္တိ သမ္ပယုတ္တာဓမ္မာ တေနာတိ ဇီဝိတံ၊ ဇီဝိတမေဝ ဣန္ဒြိယံ ဇီဝိတိန္ဒြိယံ" ဟူသော ဝစနတ္ထနှင့်အညီ ရှင်စေကြောင်းဖြစ်သော အသက်သည် သဟဇာတ်ဖြစ်သော ရုပ်,နာမ် တရားတို့ကို စောင့်ရှောက်ခြင်း၌ အစိုးရခြင်းနှင့် ယှဉ်ခြင်းကြောင့် ဇီဝိတိန္ဒြေ-မည်ပါသည်။ ထိုဇီဝိတိန္ဒြေသည် ကန်နှင့် အရိုး၌ရှိသောရေသည် ကြာ စသည်ကို မညှိုးအောင် စောင့်ရှောက်သကဲ့သို့ သဟဇာတ်ဖြစ်သော ရုပ်,နာမ် တရားတို့ကို စောင့်ရှောက်ခြင်း (အနုပါလန) လက္ခဏာ ရှိပါသည်။ (ဌီ)

{ကန်၌ရှိသော ရေသည် မိမိစောင့်ရှောက် အပ်သော ကြာ စသည်ရှိမှ စောင့်ရှောက်မှုကို ပြီးစေသည်။ အရိုး၌ရှိသော ရေသည် မိမိထင်ရှားဆဲ ခဏ၌သာလျှင် စောင့်ရှောက်မှုကို ပြီးစေနိုင်သည်ဟူ၍ ခွဲမှတ်ပါ။ ဇီဝိတိန္ဒြိယသည် မိမိကိုယ်ကို မိမိပင်ပြန်၍ စောင့်ရှောက်သည်။ အခြား စောင့်ရှောက်သူမရှိ။ ပြဲပွဲသို့သားသို့များကိုပို့သော မိဘများသည့် မိမိကိုလည်း ပြဲပွဲသို့ပို့ပြီးသား ဖြစ်သကဲ့သို့တည်း။ ရုပ်ပိုင်း၌ ထင်ရှားလတ္တံ့။ ||

● ဇီဝိတိန္ဒြေ စေတသိက်သည် သမ္မယုတ်တရားတို့ကို ရှင်အောင် စောင့်ရှောက် နေပါလျက် စိတ်အစဉ်သည် အဘယ့်ကြောင့် ခဏ ခဏ ချုပ်ဆုံးသွားရပါသနည်း။

၃၀၃-ဖြေ။ ။ခဏ ခဏ ချုပ်ဆုံးသွားသော စိတ်အစဉ်သည်လည်း ထို့ဇီဝိတိန္ဒြေ စေတသိက်၏အစွမ်းကြောင့်သာအဖန်ဖန်အသက်ရှင်လာပြန်၍ ခန္ဓပရိနိဗ္ဗာန်တိုင်အောင် အဖန်ဖန် ဖြစ်နေကြရပါသည်။ ထို့ဇီဝိတိန္ဒြေမရှိသော အနိန္ဒြိယပုဒ္ဂိုလ်တို့ဦးကား-ထိုသို့စိတ်အစဉ် မပြတ်ဖြစ်မှု အထူးသည် မရှိတော့ပါ။ ထို့ကြောင့် ခဏခဏ ချုပ်ဆုံးသွားသောစိတ်ကိုလည်း အစဉ်မပြတ် ဖြစ်ပေါ်မှု (ရှင်မှု) ကို စောင့်ရှောက်သည်ဟုပင် ဆိုရပါသည်။ {ဇီဝိတိန္ဒြေသည် မိမိ ချုပ်သွားသော်လည်း အနန္တရသတ္တိဖြင့် ကျေးဇူးပြုခဲ့၍ ချုပ်,နာမ်အစဉ်သည် ထပ်ခါထပ်ခါ ဖြစ်နိုင်ကြသည်ဟု မှတ်ပါ။} (ပရမတ္ထဒီပနီ)

● အဘယ့်ကြောင့် မနသိကာရ-မည်သနည်း၊ မနသိကာရ၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၃၀၄-ဖြေ။ ။"ကရဏံ ကာရော-မနသ္မိံ ကာရော မနသိကာရော-မနသ္မိံ အာရမ္မဏံ,မနံ ဝါဒအာရမ္မဏော ကရောတိ နိန္နာမေတိတိ မနသိကာရော"ဟူသော ဝစနတ္ထနှင့်အညီစိတ်၌အာရုံကို-ဝ၊၊စိတ်ကိုအာရုံ၌ ထားတတ် ဆင်ခြင် ညွှတ်ကိုင်း စေတတ်သောကြောင့် မနသိကာရမည်ပါသည်။ ထိုမနသိကာရသည် သိန္နောမြင်းတို့ကို နှင်သွားသော ရထားထိန်းကဲ့သို့စိတ်ကိုအာရုံ၌ အညီအညွတ်ကောင်းစွာဆောင်ခြင်း (စောသော အာရမ္မဏော သမ္မန္နာဟာရ) လက္ခဏာရှိပါသည်။ (၌)

● မနသိကာရ အပြားနှင့် ၎င်းတို့၏အရကို အသီးသီး ကောက်ပြပါ။

၃၀၅-ဖြေ။ ။မနသိကာရသည် အာရမ္မဏပဋိပါဒက မနသိကာရ အရကား-မနသိကာရ စေတသိက်။ ဒိထိ ပဋိပါဒက မနသိကာရ အရကား-ပဉ္စဒ္ဒါရာဝဇ္ဇန်း။ ဇဝနပဋိပါဒက မနသိကာရ အရကား-မဉ္ဉနာဒ္ဒါရာဝဇ္ဇန်း၊ ဤသို့ ၃-ပါး ပြားပါသည်။ (၇)

● မနုသိကာရ ၃-ပါး၏ အဓိပ္ပာယ်ကို အသီးသီး ရေး သား ဖော်ပြပါ။

၃၈ဖြ-ခွေ။ ။စိတ်၌ အာရုံကို-ဝါ၊စိတ်ကိုအာရုံ၌ စိရင်တတ် ရှေ့ရှု ဆောင်သွားတတ်သောကြောင့် အာရမ္မဏ ပဋိပါဒက မနသိကာရမည် ပါသည်။ ။ပဋ္ဌဒ္ဓါရုံဆိုက် အာရုံ၌-ဝါ၊ အာရုံကို ပဋ္ဌဒ္ဓါရုဝိထိ၌ စိရင်တာ၀ဲ ရှေ့ရှုဆောင်သွားတတ်သောကြောင့် ဝိထိပဋိပါဒက မနသိကာရ မည်ပါသည်။ ။မနောဒ္ဓါရ ဝီထိက် အာရုံ၌-၀ါ၊ အာရုံကို မနောဒ္ဓါရ ဝီထိ၌ စိရုံတတ် ရှေ့ရှုဆောင်သွားတတ်သောကြောင့် ဇဝနပဋိပါဒက မနသိကာရ-မည်ပါသည်။ (ဒုကံရှု)

(“ပုရိမ မနော၀ါဝဇ္ဇနံကရောတိတိ မနသိကာရော”
ဟု ဇနာဂက် ၂-ပါး၏ မနသ်ကာရ မည်ပုံကိုပြသော မဏိမဉ္ဇူ။
လည်း ဤအဓိပ္ပာယ်အ၀ိုင်းပင်။)

● ယောနိသော မနသိကာရ အယောနိသော မနသိကာရ-ဟူသည် အဘယ်ကို ခေါ်ပါသနည်း ရှင်းလင်းပြပါ။

၃၀၇-ဖြ။ ။ပဋ္ဌဒ္ဓါ ရုဝဇ္ဇန်း၊မနောဒ္ဓါရာဝဇ္ဇန်းတို့ကိုပင်လျှင် တခါ တရံ ပြုကတ္တဲ့သော အလေ့အကျင့် ညွှတ်ကိုင်းခြင်း, မှတ်သားခြင်း စသော အကြောင်းတို့ဖြင့် ထောက်ပံ့အပ်သည်ဖြစ်၍ စိတ်၏အစဉ်သည် အသင့်အားဖြင့်အာရုံဆီသို့ညွှတ်ကိုင်းခြင်းကိုပြုသောကာလ-ယောနိသော မနသိကာရ။ မသင့် မတင့်သောအားဖြင့် ညွှတ်ကိုင်းခြင်းကို ပြုသော ကာလ-အယောနိသော မနသိကာရ-ဟု ခေါ်ပါသည်။ (အကံရှ)

● ပကိဏ္ဏကရာဂီကို ယေ၀ါပနက-အစဉ်ဖြင့် မဟောဘဲ ဝိတက်, ဝိစာရ, ပီတိ-ဘုံကို ဗျာနရာသို့၌၊ ဝိရိယကို ဣန္ဒြိယရာသို့၌၊ အဓိ မောက္ခ, ဆန္ဒဘုံကို ယေ၀ါပနက-၌ အစဉ်မဟုတ်ဘဲရောနှော၍ အဘယ့်ကြောင့် ဟောပါသနည်း။

၃၀၈-ဖြ။ ။ပကိဏ္ဏက - ဟူသော အမည်နှင့် လျော်စွာ ဤသို့ အစဉ်မဟုတ်ဘဲ ရောနှော၍ ဟောပါသည်။

† ပကိဏ္ဏက နာမာနုရူပေန ဟိ ဧဝံ ဝုတ္တာ။ (သခ်ဳပ)

● ဝိတက်မှ တပါးသော နာမ်တရားတို့သည်လည်း သာရမ္မဏသဘောရှိသောကြောင့် အာရုံသို့ တက်ရောက် နိုင်သည်ချည်း ဖြစ်လျက်၊ အဘယ့်ကြောင့် ဤစေတသိက်ကိုသာလျှင် ဝိတက်-ဟု ဆိုပါသနည်း။

၁၈၉-ဖြေ။ ။တပါးသော နာမ်တရားတို့ အာရုံသို့ တက်ရောက်ခြင်းသည် အခြားမိမိတို့ကိစ္စတပါးကြောင့်သာ တက်ရောက်ကြ၏။ ဤစေတသိက်မှာကား-အာရုံသို့တက်ရောက်ခြင်းကိစ္စမှတပါး တခြားကိစ္စမရှိသောကြောင့် ဤစေတသိက်ကိုသာ "ဝိတက်" ဟု ဆိုရပါသည်။

(စရမတ္ထဒီပနီ)

● ဝိတက်, စေတနာ, မနသိကာရ-တို့ကား- အဘယ်သို့ ထူးပါသနည်း၊ ၎င်းတို့၏အထူးကို ရေးခဲ့ပါ။

၁၉၀-ဖြေ။ ။ဝိတက်သည် သဟဇာတ် တရားတို့ကို အာရုံ၌ ထည့်သွင်းပေးတတ်-ပို့ပေးတတ်၏။ စေတနာသည် ဝိတက်သည် အာရုံသို့ ရှေ့ရှုတင်အပ်ပြီးသော သဟဇာတ်တရားတို့ကို ထိုထိုသို့သော အာရုံ၌ ယှဉ်စေတတ်-အာရုံပြုဟို တိုက်တွန်း နှိုးဆော်ပေးတတ်၏။ မနသိကာရသည် သဟဇာတ်တရားတို့ကို အာရုံ၌ အညီအမျှယှဉ်စေတတ်-ဆောင်သွားတတ်၏။ ဤသို့ထူးကြပါသည်။ (အလုပ်ရုံသို့ရောက်အောင် ပို့ပေးသုနှင့် ဝိတက်, အလုပ်ရှိရာသို့ ခေါ်ဆောင် သွားသူနှင့် မနသိကာရ, အလုပ်ကို ကြည့်ကြပ် ညွှန်ကြား နှိုးဆော် ခိုင်းစေသုနှင့် စေတနာတူကြသည်။) (ဦ)

* ဦ-နှိုး-ဆောင်ကြ, တက်-စေ-မ, သုံးစ အထူးစည်း။

(သစ်)

● အဘယ့်ကြောင့် အဓိမောက္ခဲမည်ပါသနည်း၊ အဓိမောက္ခ၏ လက္ခဏာကိုလည်း ဥပမာနှင့်တက္ခ ဖော်ပြပါ။

၁၉၁-ဖြေ။ ။"အဓိမုစ္စနံ အဓိမောက္ခော" ဟုသော ဝစနတ္တနှင့် အညီ အာရုံကို ဆုံးဖြတ်တတ်-သွက်တတ်-ငုပ်,နစ်တတ်သောကြောင့်

အဓိမောက္ခ-မည်ပါသည်။ထိုအဓိမောက္ခသည် မတုန်မလှုပ် စိုက်ထား အပ်သော တံခါးတိုင်ကဲ့သို့ အာရုံကိုဆုံးဖြတ်ခြင်း၊အာရုံတခု၌ ငုပ်,နစ်နေခြင်း (သန္ဓိဌာန) လက္ခဏာရှိပါသည်။

● အဓိမောက္ခနှင့်ပသာဒါဓိမောက္ခတို့ အဘယ်သို့ထူးပါသနည်း။

၃၉၂-ဖြေ။ ။အဓိမောက္ခကား-မဆုံးဖြတ်နိုင်သော ပါဏာတိပါတဒါန စသည်တို့၌ မဖြစ်သောကြောင့် ကောင်း,ဆိုး အာရုံအလုံးစုံကိုဆုံးဖြတ်ခြင်း လက္ခဏာ ရှိပါသည်။ ပသာဒါ ဓိမောက္ခကား-ကြည်ညိုဘွယ်ရှိသော ဘုရားစသော အာရုံတို့၌ ကြည်လင်စွာဆုံးဖြတ်ခြင်း လက္ခဏာ ရှိပါသည်။ ထိုပသာဒါဓိမောက္ခကား-သဒ္ဓါ,စေတသိက် ဖြစ်ပါသည်။ အဓိမောက္ခ စေတသိက် မဟုတ်ပါ။ ဤသို့ ထူးပါသည်။ (ဇူ)

● အဓိမောက္ခနှင့် ဝုဋ္ဌောကား-အဘယ်သို့ ထူးပါသနည်း။

၃၉၃-ဖြေ။ ။အဓိမောက္ခကား - အာရုံကို ဧကန် ဧက ယတိပြတ် ဆုံးဖြတ်ခြင်း လက္ခဏာရှိပါသည်။ဝုဋ္ဌောကား-အကြင်အခြင်းဖြင့် သန္တီရဏသည် စုံစမ်းအပ်ပြီးသော အနက်၌ ဆုံးဖြတ်သော အခြင်းအရာ အားဖြင့်ဖြစ်၍ နောက်၌ဖြစ်ကုန်သော ဇောစိတ်တို့အား မိမိ (ဝုဋ္ဌော) ထင်မြင် ဆုံးဖြတ်ချက်အတိုင်း အတည်ဖြစ်ဘို့ အကြောင်းခံ ကျေးဇူးပြုတတ်၏။ ဤသို့ ထူးပါသည်။ (ဇူ)

{အောက်လွှတ် တော် ထင်မြင် ဆုံးဖြတ် ချက် ကို ထပ်မံ အတည်ပြု ဆုံးဖြတ်ပေးဘို့ အသက်လွှတ်တော်သို့ တင်ပို့ခြင်း နှင့် တူ၏။}

● ဝိစိကိစ္ဆာ သမ္ပယုတ္တမ္မေ-တို့၌ ဝုဋ္ဌောသည် အဘယ်သို့ ဖြစ်နိုင်မည်နည်း။

၃၉၄-ဖြေ။ ။ထို ဝိစိကိစ္ဆာ သမ္ပယုတ္တမ္မေ တို့အားလည်း စင်စစ်အားဖြင့် မဆုံးဖြတ်နိုင်သော အခြင်းအရာ အားဖြင့် ဖြစ်ဘို့ ကျေးဇူးပြုတတ်သောကြောင့် ဝုဋ္ဌော-ဖြစ်နိုင်ပါသည်။

† တေသမ္ဝိ ဧကံသေနေဝ သံသပ္ပနာကာရဿ ပစ္စယတာယ ဒဋ္ဌဗ္ဗံ။ (ဇူ)

● အဘယ့်ကြောင့် ဝီရိယ - မည်သနည်း၊ ဝီရိယ၏ လက္ခဏာ ကိုလည်း ရေးခဲ့ပါ။

၃၉၅-ဖြေ။ ။"ဝီရာနံ ဘာဝေါ ကမ္မံဝါ ဝီရိယံ၊ ဝိဓိနာ ဤရယ်တဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဝါဝီရိယံ" ဟူသော ဝစနတ္ထနှင့်အညီ ရဲရင့်သောသူတို့၏ အဖြစ်၊ ရဲရင့်သောသူတို့၏ အမှုဖြစ်သောကြောင့်ရင်း, သင့်သောနည်း အကြောင်းဖြင့် ဖြစ် စေ အပ် သော ကြောင့်ရင်း ဝီရိယ - မည်ပါသည်။ (အားထုတ်ကြောင်းဖြစ်သော လုံလ ဥဿာဟကို ရ၏။) ထို ဝီရိယ သည် သဟဇာတ် တရားတို့ကို ထောက်ပံ့ ခိုင်စေခြင်း (ဥပတ္ထမ္ဘန) လက္ခဏာရှိပါသည်။ (ဋီ)

{အကျိုးဖြစ်သော ကမ္မ၏ ဝီရိယ - ဟူ သော အ မည် ကို အကြောင်းဖြစ်သော ဥဿာဟ၌ တင်စား၍ အ ကြောင်း ဖြစ် သော ဥဿာဟကို ဝီရိယ-ဟုဆိုသောကြောင့် ဖလူပစာမျိုးဖြစ် သည်။ "ဤရယိတဗ္ဗံ ပဝတ္တေတဗ္ဗန္တိ ဤရိယံ"(ကိတ်)"ဝိဓိနာ ဆျာယေန ဥပါယေန ဤရိယံ ဝီရိယံ" (သမာသ်) ဟုလည်းခွဲ၍ ဝစနတ္ထပြုနိုင်သေးသည်။}

● အဘယ့်ကြောင့် ဝီရိယကို ထောက်ပံ့ ခိုင်စေခြင်း လက္ခဏာရှိ သည်ဟုဆိုပါသနည်း၊ သဟဇာတ် တ ရား တို့ သည် မိမိတို့ သဘောအားဖြင့်သာလျှင် ထောက်ပံ့ ခိုင်စေ တတ်ကြသည် မဟုတ်ပါလော။

၃၉၆-ဖြေ။ ။ဝီရိယ၏ အစွမ်းဖြင့် ထို သဟဇာတ်တရားတို့သည် တွန့်တို ဆုတ်နစ်ခြင်းမရှိသောကြောင့် ဝီရိယကို ထောက်ပံ့ ခိုင်စေခြင်း လက္ခဏာရှိသည်ဟု ဆိုရပါသည်။

† ဝီရိယဝသေန ဟိ သေသံ ဩလီန ဝုတ္တိတာ နဟောတိ။ (ဋီ)

● အဘယ့်ကြောင့် ဆန္ဒ-မည်သနည်း၊ ဆန္ဒ၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၃၉၇-ဖြေ။ ။"ဆန္ဒနံ ဆန္ဒော" ဟူသော ဝစနတ္ထနှင့်အညီ အာရုံကို အလိုရှိကာမျှဖြစ်သောကြောင့် ဆန္ဒ-မည်ပါသည်။ ထိုဆန္ဒသည် အာရုံ

ကိုရယူရာ၌ ခိုးသူတို့၏အမိုက်မှောင်၌ ဥစ္စာထုပ်ကိုယူခြင်းငှာ လက်ကို ဆန့်တန်း သကဲ့သို့ အာရုံကို ရယူလိုကာမတွာ (ကတ္တုကာမတာ) သကဲ့ဏာ ရှိပါသည်။ (၌)

{ဆန္ဒသည် တဏှာဆန္ဒ,ကတ္တုကမျတာ ဆန္ဒ-ဟု ၂-မျိုး ရှိရာ၊ ဤ၌ကတ္တုကမျတာ ဆန္ဒကိုသာ လိုအပ်သည်။ ထို့ကတ္တုကမျတာဆန္ဒသည် သမ္မာဆန္ဒ, မိစ္ဆာဆန္ဒ-ဟု ၂-မျိုးရှိ၏။ ထို့တွင် သမ္မာဆန္ဒသည်လည်း ကုသလဆန္ဒ, အဗျာကတဆန္ဒ-ဟု ၂-မျိုးရှိပြန်၏။ အဗျာကတဆန္ဒသည် မိမိသဘောအားဖြင့် မဖြစ်။ အားရှိ,အားမဲ့ဖြစ်သော မိမိက်၏အစွမ်းဖြင့်သာဖြစ်၏။ ထို့ကြောင့် ထိုအဗျာကတဆန္ဒကိုဖယ်ထား၍ကုသလဆန္ဒသည် မိစ္ဆာဆန္ဒထက် အားကြီးသောကြောင့် ပဟာယက-မိစ္ဆာဆန္ဒသည် ပဟာတဗ္ဗဟုမှာ။ မိစ္ဆာဆန္ဒသည် ပကတိသဘောအားဖြင့် တဏှာအားသေး၍ ဆာမပတ္တာဖြစ်သော မိစ္ဆာဆန္ဒကား-တဏှာအားရှိ၍ အင်ပတိ အဖြစ်သို့လည်း ရောက်နိုင်သည်ဟုမှတ်။ }

---

❽ ကတ္တုကာမတာအရေးသည်း ဆန္ဒ, ကတ္တုကာမတာလက္ခဏာရှိသော တဏှာအရေလည်း ဆန္ဒပင် ဖြစ်၍ ဆန္ဒသည် ဆန္ဒ၏လက္ခဏာ အဘယ်သို့ ခွဲခြားနိုင်မည်နည်း။

၁၉၀-ဖြေ။ ။"ပဋိမာယ သရီရံ"ဤ ဆင်းတု တခုတည်းကိုပင် ဆင်းတု၏ ကိုယ်ဟု ခွဲ၍ ခေါ်သကဲ့သို့ အသေခံဘဒ္ဒပစ္စာဒေးဖြင့် ဆန္ဒသည်ပင် ဆန္ဒ၏ လက္ခဏာ (လက္ခဏဝန်ဆောင် လက္ခဏာ အဖြစ်ဖြင့်), ဖြစ်နိုင်ပါသည်။ (၌)

---

❾ အာရုံကို အလိုရှိကာမျှဖြင့်သော သဘောကို ဆန္ဒ-ဟု ဆိုလျှင် ဒါနဝတ္ထုကို စွန့်လွှတ်ခြင်း၏ အဓွန်းဖြင့် ဖြစ်သော ဒေတနာသမ္မယုတ္တဆန္ဒသည် ဒေးအာရုံကိုအလိုရှိကာမျှသဘော ဘဝင်သို့ ဖြစ်နိုင်မည်နည်း။

၁၉၉-ဖြေ။ ။ပစ်ရန်မြားကိုယူသောအခါ၌ပစ်ရန်မြားကိုယူလိုခြင်းဖြစ်သကဲ့သို့၊ ဒါနဝတ္ထုကိုစွန့်လွှတ်သောအခါ၊ ထိုဒါနဝတ္ထုကို

ဒုန့်လွှတ်လိုခြင်း ဒေလှူပေးလိုခြင်း ဖြစ်နိုင်သောကြောင့် အာရုံက့်အလိုရှိ ကာမျှ သဘော ဖြစ်နိုင်ပါသည်။

{ဤဌီဠ အခွိုဆရာတို့က လေးသွားသည် ပစ်ပြီးသော မြား တို့ကို ရနိုင်သေးကကောက်ယူလိုစိတ်ရှိသည်ဟု ဥပမာနဘက်၌ အဓိပ္ပာယ် ယူဆကြသည်ကား-ဋီကာ၌ "ဒိဝိတ" ပစ်ပြီးသား မြားဟု မဆို။ "ဒိဝိတဿ" မပစ်ရသေးသော မြားဟု ဆိုသော ကြောင့် ထိုဆရာတို့၏ အယူကား-မသင့်လှုန်း။ }

† ဒါနာဝယ္ယု ဝိသဇ္ဇနဝသေန ပဝတ္တကာလေဝိ စေသ ဝိသဇ္ဇိ တာပ္ပဒေန ဇေတန အတ္ထိကောဝ၊ ဒိဝိတဿ ဥဿုနံ ဂဟဏော အတ္ထိကော ဇာသာသောဝိယ။ (ဋီ)

● လွှဒါန်း ပေးကမ်းလို၍ ပစ္စည်းဥစ္စာ ရှာဖွေမှုမှာ ဆန္ဒ ဖြစ်မည်, လောဘ ဖြစ်မည် ဤ ၂-လိုကို အတည်တကျ ဆုံးဖြတ်ခဲ့ပါ။

၄၀၀-ဖြေ။ ။ပစ္စည်းဥစ္စာ လိုချင်၍ ရှာသော်လည်း ဒွန့်လွှတ်ဘို့ကို ရှောင်ရှား၍ ကပ်ငြိတွယ်တာမှုမရှိသောကြောင့် ဆန္ဒသာ ဖြစ်သင့်ပါသည်။

{ဤစေတသိက်တို့သည် သောဘဏ အသောဘဏစိတ်တို့၌ သောဘဏ အသောဘဏအပြား။ ဝါ၊ ကုသိလ်-အကုသိလ် ဝိပါက်-ကြိယာ အပြားအားဖြင့် ရောပြွမ်း၍ ယှဉ်သောကြောင့် ပကိဏ်း စေတသိက်-မည်ကုန်၏။ သဗ္ဗစိတ္တ သာဓာရဏ-၇။ ပကိဏ်းစေတသိက်-၆။ ဤ ၁၃-ပါးကို အညသမာန်း တရသ (၁၃) ခေါ်၍၊ ဤစေတသိက်များကို ပြဆိုရာအပိုင်းကို အညသမာန်းရာသီ-ဟု ခေါ်သည်။

● အညသမာန-ပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ် ရှင်းလင်းဖြီးလျင် အည-၏ အပါဒါန်ကိုလည်း သွန်ပြပါ။

၄၀၁-ဖြေ။ ။"အညေစ အညေစ အညေ၊အညေဟိ အညေသံဝါ သမာနာအညသမာနာ"အသောဘဏစိတ်မှတပါး သောဘဏစိတ်၊ ဧခတ်—၁၃၊ (ပဋ္ဌမအကြိမ်။)

သောဘဏ္ဍစိတ်မှတပါး အသောဘဏ္ဍစိတ်နှင့် တူသောကြောင့်။ ဝါ၊ ယှဉ်သောကြောင့် အညသမာန (အညသမာန်း) မည်ပါသည်။ (အမိပ္ပာယ်) သောဘဏ္ဍစိတ်တို့နှင့် ယှဉ်ခိုက် အသောဘဏ္ဍစိတ်၊ အသောဘဏ္ဍစိတ်တို့နှင့် ယှဉ်ခိုက် သောဘဏ္ဍစိတ်တို့သည် အခိုက်အတန့်အားဖြင့် အည-၏ အပါဒါန် ဖြစ်ကြပါသည်။အည-၏ အပါဒါန်ကား-အမြဲမရှိပါ။ (ဋီ)

အညသမာန်းဏာသိအဖြေ ပြီး၏။

အကုသလဏာသီ အဖြေ

●

- စိတ်မှာ အကုသိုလ်စိတ် အဟိတ်စိတ်ရှိသကဲ့သို့ စေတသိက်မှာလည်း အကုသိုလ်စေတသိက် အဟိတ်စေတသိက် ရှိသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အဟိဘ်စေတသိက်ကို မပြုပါသနည်း။

၄၀၂-ဖြေ။ ။အဟိတ် အမည်ရှိကုန်သော၊ ဝါ၊ အဟိတ်စိတ်မှာ အသီးအခြားယှဉ်သော စေတသိက်များ မရှိသောကြောင့် အဟိတ်စေတသိက်-ဟု အသီးအခြား မပြဓတ္တပါ။

† အဟေတုကာ ပန အာဝေဏိကမမ္မာ နတ္ထိတိ န တေ ဝိသုံ ဝုတ္တာ။ (ဋီ)

- အဘယ့်ကြောင့် မောဟ-မည်ပါသနည်း၊ မောဟ၏လက္ခဏာကိုလည်း ဖော်ပြပါ။

၄၀၃-ဖြေ။ ။"အာရမ္မဏေ မုယ္ဟတီတိ မောဟော" ဟူသော ဝစနတ္ထနှင့်အညီ အာရုံ၌တွေဝေတတ် အာရုံကိုမသိတတ်သောကြောင့် မောဟ-မည်ပါသည်။ ထိုမောဟသည် အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း (အာရမ္မဏ သဘာဝစ္ဆာဒန) လက္ခဏာ ရှိပါသည်။ (ဋီ)

{ထို မောဟ-သည် ဟုတ်မှန်သော သဘောကို ဖုံးလွှမ်း၍ မဟုတ်မမှန်သော သဘောကို ကြံဖန် လှည့်စား၍ ယူရာ၌ ဉာဏ်

နှင့်အလားတူသောကြောင့် ထိုမောဟကိုပါဠိတော်အဋ္ဌကထာတို့၌ မိန္ဓာဉာဏ်ဟု ဆိုကြသည်။ ဆို့ကြောင့် မကောင်းမှုဘက်၌ မောဟ, လောဘ, ဒိဋ္ဌိ, ဝိတက်, ဝိစာရ, စိတ်-ဤ ၆-ပါးတို့သည် ဉာဏ်နှင့် အလားတူသည်ဟု ဆိုကြကုန်၏။ }

● အဘယ့်ကြောင့် မောဟ-ကို အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာရှိသည်ဟု ဆိုပါသနည်း၊ မောဟသည်အာရုံကိုယူနိုင်သောကြောင့် အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း လက္ခဏာမရှိသည် မဟုတ်ပါလော။

၄၀၄-ဖြေ။ ။မောဟ-သည် အာရုံကို စွဲလမ်း တပ်မက်သောတဏှာ၏အစွမ်းဖြင့် ယူနိုင်, ဖြစ်နိုင်သော်လည်း ထိုအာရုံ၏ ဟုတ်မှန်သောသဘောကို ဖုံးလွှမ်းတတ်သော အခြင်းအရာ အားဖြင့်သာလျှင် ယူနိုင်, ဖြစ်နိုင်သောကြောင့် အာရုံ၏သဘောကိုဖုံးလွှမ်းခြင်းလက္ခဏာရှိသည်ဟုသာ ဆိုရပါသည်။ အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်းလက္ခဏာမရှိဟု မဆိုရပါ။

† အာရမ္မဏဝသပ္ပဝတ္တောပိဟေသတသဿယထာသဘာဝပ္ပဋိစ္ဆာဒနာကာရေနေဝ ပဝတ္တတိ။ (ဋီ)

● အာရုံ၌ တွေဝေသော မောဟ-နှင့် အာရုံ၌ ထိုင်းမှိုင်းသော မိဒ္ဓ-တို့ အဘယ်သို့ ထူးပါသနည်း။

၄၀၅-ဖြေ။ ။ယမင်းရုပ် ကလေးကို ဖုံးထားသော အဝတ်ကဲ့သို့ အာရုံ၏သဘောကို ဖုံးလွှမ်းခြင်းသည် မောဟ, မျက်နှာဖုံး စည်းထားသော အဝတ်ကဲ့သို့ သမ္မယုတ် တရားတို့၌ ပြန့်နှံ့မှုကို မပေးခြင်းသည် မိဒ္ဓ-ဤသို့ ထူးပါသည်။ (အဘိဓမ္မတ္ထ ဝိကာသိနီ)

● အဟိရိက အနောတ္တပ္ပ-တို့ကို ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

၄၀၆-ဖြေ။ ။"နဟိရိယတိ နလဇ္ဇတီတိ အဟိရိကော" (ပုဂ္ဂိုလ်နှင့် ဓမ္မသမူဟရ) "အဟိရိကဿ ဘာဝေါ အဟိရိကံ္က-အဟိရိကမေဝ

အဟိရိကံ'' (အဟိရိက + ဏ္ဍ။ ဏ-အနုဗန်ချေ။ ဏ္ဍ-ဂို ဏ္ဍ-ပြီ။ က-တလုံးချေ။ အဟိရိက-ပြီးဓါ။) ကာယဒုစရိုက်စသည်တို့ကို မစက်ဆုပ်တတ်၊ ဝါ၊ ကာယဒုစရိုက် စသည်တို့မှ မရှက်တတ်သောကြောင့် အဟိရိက-မည်ပါသည်။ (အဓိပ္ပာယ်)

''နံ သြဋ္ဌပ္ပတိတိ အနောတ္တပ္ပံ'' ကာယဒုစရိုက် စသည်တို့မှ မကြောက်လန့်တတ်သောကြောင့် အနောတ္တပ္ပ-မည်ပါသည်။ (အဓိပ္ပာယ်) (ဋီ)

{ကောင်းသောအလုပ်ကိစ္စတို့၌ ပြုရဲလုပ်ရဲ မရှက်မကြောက် မှုကား-ဤစေတသိက်များ မဟုတ်။}

● အဟိရိက-အနောတ္တပ္ပဘို၏ အထူးကို ဥပမာနှင့်တကွ ထင်စွာပြခဲ့ပါ။

၄၀၇-ဖြေ။ ။ရှာသူတို့၏ဝက်သည် မစင်ကို (မှ) မစက်ဆုပ် မရှက်သကဲ့သို့ အဟိရိကသည် ကာယဒုစရိုက် စသည်ကို (မှ) မစက်ဆုပ်ခြင်း မရှက်ခြင်း (ကာယ ဒုစ္စရိတာဒိတော အဇိဂုစ္ဆန) လက္ခဏာရှိ၏။ ပိုးပရဏ် (ပိုးနံ့) သည် မီးမှ မကြောက်လန့် သကဲ့သို့ အနောတ္တပ္ပသည် ကာယဒုစရိုက် စသည်မှ မကြောက်လန့်ခြင်း (ကာယဒုစ္စရိတာဒိဘောအနုတ္တာသ) လက္ခဏာရှိ၏။ ဤသို့ ထူးပါသည်။

† ဇိဂုစ္ဆတိ နာဟိရိကော၊ ပါပါ ဂုထာဝ သူကရော။
နဘာယတိ အနောတ္တပ္ပီ။ သလဘောဝိယ ပါဝကာ။ (ဋီ)

● အဘယ့်ကြောင့် ဥဒ္ဓစ္စ-မည်ပါသနည်း၊ ဥဒ္ဓစ္စ-၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၄၀၈-ဖြေ။ ။''ဥဒ္ဓတသာ ဘာဝေါ ဥဒ္ဓစ္စံ'' ဟူသော ဝစနတ္ထနှင့်အညီ တုန်လှုပ်ဘတ်သော ပုဂ္ဂိုလ်၊ ဝါ၊ တုန်လှုပ်တတ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်သောကြောင့် ဥဒ္ဓစ္စ-မည်ပါသည်။ ထိုဥဒ္ဓစ္စသည် ခဲကျခြင်းကြောင့် လွင့်တက်လာသော ပြာကဲ့သို့ စိတ်၏ မငြိမ်သက်ခြင်း (အဝူပသမ) လက္ခဏာ ရှိပါသည်။ (ဋီ)

● အဘယ့်ကြောင့်လောဘ-မည်ပါသနည်း၊လောဘ၏လက္ခဏာ ကိုလည်း ဥပမာနှင့်တက္ဂ ဖော်ပြပါ။

၄၀၉-ဖြေ။ ။"အာရမ္မဏေ လုဗ္ဘတီတိ လောဘော" ဟူသော ဝစနတ္ထနှင့်အညီ အာရုံ၌ကပ်ငြိတွယ်တာတတ်,အာရုံကိုတပ်မက်လိုချင် တတ်သောကြောင့် လောဘ-မည်ပါသည်။ထိုလောဘသည် မျောက်နဲ့ စေး (အမှတ်မရှိ သစ်စေး) သည် မျောက်၌ ကပ်ငြိ လိမ်းကျံ သကဲ့သို့ အာရုံ၌ ကပ်ငြိ လိမ်းကျံခြင်း (အဘိသင်) လက္ခဏာရှိပါသည်။ (ဋီ)

{ဤလောဘသည် လိုချင်မှုနေရာ၌ကား-အိုးကင်းပူ၌ ထည့် အပ်သောအမဲတုံးနှင့်တူသည်၊ခလေးများတစုံတခုလိုချင်သော အခါ ဆွေဆွေခုန်နေသည်နှင့် တူ၏။စေတသိက်လောဘသည် လောဘလည်း မည်၏။မူလလည်း မည်၏။စိတ်,လောဘကား လောဘသာ မည်သည်ဟု အထူးကိုလည်း မှတ်လေ။}

● ဆန္ဒ, လောဘ-တို့၏အထူးကို ရေးခဲ့ပါ။

၄၁၀-ဖြေ။ ။အာရုံကို အလိုရှိကာမျှ သဘောသည် ဆန္ဒ-မည်၏။ အာရုံကို ကပ်ငြိ တပ်မက်သောအားဖြင့် အလွန်အလိုရှိသော သဘော သည် လောဘ-မည်၏။ ဤသို့ ထူးပါသည်။

† စိတ္တဿ အာလမ္ဗိ ဘုကာမဘာ မတ္တံ ဆန္ဒော၊ လောဘော တတ္ထ အဘိဝိစ္စုနန္တိ အယမေဘေသံ ဝိသေသော။ (ဋီ)

● အဘယ့်ကြောင့် ဒိဋ္ဌိ-မည်ပါသနည်း၊ဒိဋ္ဌိ၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၄၁၁-ဖြေ။ ။"မိစ္ဆာ ပဿတီတိ ဒိဋ္ဌိ"ဟူသော ဝစနတ္ထနှင့်အညီ အနိစ္စ-ကို နိစ္စ, အနတ္တ-ကို အတ္တ စသည်ဖြင့် မှားယွင်း ယူဆ ထင်မြင် တတ်သောကြောင့် ဒိဋ္ဌိ-မည်ပါသည်။ထိုဒိဋ္ဌိသည် ဖောက်ပြန်မှားယွင်း နှလုံးသွင်းခြင်း (မိစ္ဆာ ဘိနိဝေသ) လက္ခဏာ ရှိပါသည်။ (ဋီ)

{မိစ္ဆာဝိတက်များသော အချို့သော ပဏ္ဍိတ မာနိတို့အား ဖြစ်သော ထာမဂတ ဒိဋ္ဌ-သည် အရာမဟုတ်သည်၌ ပဋိဝေဓ ဉာဏ်နှင့် အလားတူ၏။ ဤ ဒိဋ္ဌနှင့် မောဟသည် ဉာဏ်နှင့် အလားတူသော်လည်း မိမိတို့ လက္ခဏာအားဖြင့် ထူးကြသည် ဟု မှတ်။}

● ဉာဏ်နှင့် ဒိဋ္ဌတို့၏ အထူးကို ရေးခဲ့ပါ။

၄၁၂-ဖြေ။ ။ဉာဏ်သည် အာရုံကို ဟုတ်မှန်သော သဘောအား ဧလျော်စွာ သိတတ်၏။ဒိဋ္ဌသည် မဟုတ်မမှန်သောအားဖြင့် ယူတတ်၏၊ ဤသို့ ထူးပါသည်။

† ဉာဏဉ္စ အာရမ္မဏံ ယထာသဘာဝတော ဇာနာတိ၊ဒိဋ္ဌိယထာ သဘာဝံ ဝိဇဟိဘ္မာ အယာထာဝတော ဂဏှာတီတိ အယမေ တေသံ ဝိသေသော။ (ဋီ)

● အဘယ့်ကြောင့် မာန-မည်ပါသနည်း၊ မာန၏ လက္ခဏာ ကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၄၁၃-ဖြေ။ ။"သေယျော ဟမသ္မီတျာဒိနာ မညတိကိ မာနော" ဟူသော ဝစနတ္ထနှင့်အညီ ငါသာလျှင် မြတ်၏၊ ငါသာလျှင် တတ်၏၊ ငါလိုလူ ဇမ္ဗူမရှိ စသည်ဖြင့် မိမိကိုယ်ကို အထင်အမြင်ကြီး၍ ဘဝင်မြင့်တတ်, မောက်မာတတ်သောကြောင့် မာန-မည်ပါသည်။ထို့ မာနသည် အလွန်မြင့်စွာ စိုက်ထားအပ်သော တံခွန်, မှန်ကင်းကဲ့သို့ မောက်မာထောင်လွှားခြင်း (ဥန္နတိ) လက္ခဏာ ရှိပါသည်။ (ဋီ)

● မာန်တက်ခြင်း အပြားကို ရနိုင်သမျှ ဖော်ပြပါ။

၄၁၄-ဖြေ။ ။

သေယျမာန်....အမြတ်မာန်

သဒိသမာန်....အလတ်မာန်

ဟီနမာန်....အယုတ်မာန်....ဟူ၍ ၃-မျိုးရှိ၏။ ထိုတွင် ငါသာလျှင် မြတ်၏ဟု မြတ်သူ၌ဖြစ်သော မာန်ကား-သေယျမာန်၊

သူတို့နှင့် ငါ့ကော ဘာထူးသလဲ အတူတူဘဲဟု တူသူ၌ ဖြစ်သော မာန်ကား-သဒိသမာန်၊ သူတို့အောက် ကျနေကော ဘာအရေးလဲ ဘယ်သူ့အရေးစိုက်ရမလဲ ဟု ယုတ်သူ၌ဖြစ်သော မာန်ကား-ဟီနမာန်မျိုး ဖြစ်သည်။ထို ၃-မျိုးဘာည မြတ်သူ, တူသူ, ယုတ်သူ ပုဂ္ဂိုလ် ၃-မျိုးတွင်ဖြစ်နိုင်သောကြောင့် မာန်တက်ခြင်း ၉-မျိုးဖြစ်၏။ ထို ၉-မျိုးတွင် မြတ်သူအား မြတ်သောမာန်, တူသူအား တူသောမာန်, ယုတ်သူအား ယုတ်သော မာန်သာ၊ ဖြစ်ထိုက်သူမှာ ဖြစ်သော ယာထာဝမာန် - မည်၏။ ထို ယာထာဝ မာန်ကို အရဟတ္တမဂ်ဖြင့် ပယ်သည်။ မဖြစ်ထိုက်သူမှာ ဖြစ်သောမာန်ကား-အယာထာဝမာန်-မည်၏။ ထိုအယာထာဝမာန်ကို သောတာပတ္တိမဂ် ပယ်သည်။

{အမြတ် ပုဂ္ဂိုလ်များက အလတ်တန်းစားတွေက ဘာလဲ-အညံ့စားတွေကကော ဘာလဲဟု လှမ်း၍မာန်တက်၏။အလတ် ပုဂ္ဂိုလ်များကလည်းအမြတ်စားတွေကကော ဘာလဲ-အညံ့စား တွေကကော ဘာလဲဟု လှမ်း၍ မာန်တက်၏။ အညံ့စားပုဂ္ဂိုလ် များကလည်း အမြတ်စားတွေကကော ဘာလဲ - အလတ်စား တွေကကော ဘာလဲဟု မိမိနှင့် တန်းမတူသော်လည်း လှမ်း၍ မာန်တက်တတ်၏။ ထိုမှတပါး....ဇာတိမာန်, ဓနမာန်,ပညာ မာန်, ဝယ္ကမ္မမာန်, ပရိဝါရမာန်, ဂုဏမာန်, ပိုညမာန်,ကုသလ (လိမ္မာမှု) မာန်-စသောအားဖြင့် မာန်တက်ခြင်းကား - များပြားလှတော့သည်။} (ဦးနှင့် အကိုရ)

● အဘယ့်ကြောင့် ဒေါသ-မည်သနည်း၊ ဒေါသ၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၄၁၅-ဖြေ။ ။"ဒုဿတိတိ ဒေါသော"ဟူသော ဝစနတ္ထနှင့်အညီ မိမိနှင့်သူတပါးကို ဖျက်ဆီးတတ်သောကြောင့်၎င်း, မိမိတည်ရာပုဂ္ဂိုလ်နှင့်စိတ်ကို ဖောက်ပြန်စေတတ်သောကြောင့်၎င်း ဒေါသမည်ပါသည်။ (၎ဒေါသဖြစ်လာလျှင် သူတပါးကို ဖျက်ဆီးသည်ဖြစ်စေ,မဖျက်ဆီးသည် ဖြစ်စေ၊ ဒေါသဖြစ်သူအားကား မျက်စိမျက်နှာနီခြင်းစသောရုပ်အဆင်း

ဖောက်ပြန် စေခြင်းဖြင့် ဖျက်ဆီး တော့သည်သာ။) ထို ဒေါသသည် တုတ်ဖြင့်ရိုက်လိုက်သော မြွေဟောက်သည် ကြမ်းကြုတ်ခက်ထန်သကဲ့သို့ ကြမ်းကြုတ် ခက်ထန်ခြင်း (စဏ္ဍိကွ) လက္ခဏာ ရှိပါသည်။ (နှိ-၄)

---

၈ အဘယ့်ကြောင့် ဇာသာ, မန္ဆရိယ - မည်သနည်း၊ ဇာသာ, မန္ဆရိယဘို့၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၄၁၆-ဖြေ။ ။"ဇာသတိတိ ဇာသာ" ဟူသော ဝစနတ္ထနှင့်အညီ သူဌာပါး စည်းစိမ်ကို ငြူစူစောင်းမြောင်း (မနာလိုမနှစ်သက်) တတ်သောကြောင့် ဇာသာ-မည်ပါသည်။ ထို ဇာသာသည် သူတပါးစည်းစိမ်ကို ငြူစူစောင်းမြောင်း မနာလို မနှစ်သက်ခြင်း (ပရသမ္ပတ္တိဥသူယန) လက္ခဏာ ရှိပါသည်။

"မန္ဆရတိ အတ္တာသမ္ပတ္တိံ နိဂ္ဂဟတီတိ မန္ဆော၊ မန္ဆဿ ဘာဝေါ မန္ဆရိယံ" ဟူသော ဝစနတ္ထနှင့်အညီ ဝန့်ကိုတတ်သောသူ၊ မိမိဝတ္ထုစည်းစိမ်ကို လျှို့ဝှက်တတ်သောသူ၏ဖြစ်ကြောင်း ဖြစ်သောကြောင့် မန္ဆရိယ-မည်ပါသည်။ တနည်းအားဖြင့် "အန္ဆံ ဓနံ ပဟာရိတုံယုဉ္ဇန်တိ အန္ဆ ဧိုယံ၊ မာ အန္ဆံ ရိယန်တိ ပဝတ္တ မန္ဆရိယံ" ဟူသော ဝစနတ္ထနှင့်အညီ ဤအံ့ဘွယ်သရဲသည် သူတပါးတို့အား မဖြစ်ပါစေနှင့် ငါတယောက်အား သာ ဖြစ်ပါစေ ဟူသော အခြင်းအရာမျိုးဖြင့် ဖြစ်ဘတ်သောကြောင့် မန္ဆရိယ-မည်ပါသည်။ ထို မန္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်း (အတ္တသမ္ပတ္တိ နိဂ္ဂဟန) လက္ခဏာ ရှိပါသည်။ မန္ဆရိယသည် ရှိခြင်း ရှိခြင်းသော မိမိစည်းစိမ်ကို လျှို့ဝှက်ခြင်းဟူ၍ ၂ မျိုးရှိ၏။ (နှိ-၄)

---

၉ ဇာသာ, မန္ဆရိယတို့၏ အထူးကို ရေးသား ဖော်ပြပါ။

၄၁၇-ဖြေ။ ။ဇာသာကား-သူတပါးစည်းစိမ်ကိုငြူစူစောင်းမြောင်း တာဘ်၏။ မန္ဆရိယကား-ငန်တိုတတ်, မိမိစည်းစိမ်ကို လျှို့ဝှက်တာဘ်၏။ ဤသို့ထူးပါသည်။ တနည်းအားဖြင့် ဇာသာကား-ဗဟိဒ္ဓကို, အာရုံပြု၍၊ မန္ဆရိယကား-အဇ္ဈတ္တကို အာရုံပြုသည်။ ဤသို့လည်း ထူးပါသည်။

သူတပါးတို့ ရပြီးစည်းစိမ် စသည်ကို မနာလို မနှစ်သက်ခြင်းသည် ဌာသာ၊ မိမိ၏ရပြီး ရလဒ်ကို ပစ္စည်းကို မိမိနှင့်သာ ဆက်ဆံစေလိုခြင်း သူတပါးနှင့်မဆက်ဆံစေလိုမှုသည် မစ္ဆရိယ။ ဤသို့လည်းထူးပါသည်။

● မစ္ဆရိယ ၅-ပါး၏ သရုပ်အဓိပ္ပာယ်ကို အသီးသီး ဖော်ပြပါ။
၄၁၈-ဖြေ။ ။

(၁) အာဝါသမစ္ဆရိယ....ကျောင်း, ကန်, အိပ်ရာ နေရာ ထိုင်ခင်းတို့၌ ဝန်တိုခြင်း။

(၂) ကုလ မစ္ဆရိယ.....ဒကာ-ဒကာမ ဆွေမျိုး ဉာတိမိတ် သင်္ဂဟတို့၌ ဝန်တိုခြင်း။

(၃) လာဘ မစ္ဆရိယ ....ပစ္စည်းလာဘ်လာဘတို့၌ဝန်တိုခြင်း။

(၄) ဝဏ္ဏ မစ္ဆရိယ.....ကိုယ်, အဆင်း ဂုဏ် သတင်းတို့၌ ဝန်တိုခြင်း။

(၅) ဓမ္မ မစ္ဆရိယ ..... ပရိယတ္တိ ပဋိဝေဓဓမ္မ အတတ်ပညာတို့၌ ဝန်တိုခြင်း။

{ခိုက်ရန် ငြင်းခုံမှုဖြစ်သော်သူ စသည်တို့ကို ဒိဋ္ဌိ၏ အာဝါသ၌ မနေစေလိုမှုကား - အာဝါသမစ္ဆရိယ မဖြစ်။ သူယုတ်မာတို့အား ဒကာ-ဒကာမ ဆွေမျိုးဉာတိ စသည်တို့နှင့် မဆက်ဆံစေလိုမှုကား-ကုလမစ္ဆရိယ မဖြစ်။ သဒ္ဓါတရား ပေးလှူဆားသော ပစ္စည်းမျိုးကိုအသုံးမတတ်,မကောင်းသဖြင့် သုံးစွဲခြင်း,ဆွေးရိပုံသိုး နေသည်တိုင်အောင် သူတပါးအား မပေး မစွန့်နေသည်ကို ဖြင့်၍ ဤပစ္စည်းကို ဤသို့မသုံးတတ်သူများ မရတဲ့ သုံးတတ်သောသူများရလျှင် ကောင်းမှာဘဲဟု ကြံစည်သောသူအား လာဘမစ္ဆရိယမဖြစ်။ ပုဂ္ဂိုလ်နှင့်အတတ်ပညာ,အတတ်ပညာနှင့်ပုဂ္ဂိုလ်မသင့်တော်၍ သင်မပေးခြင်းကား-ဓမ္မမစ္ဆရိယ မဖြစ်ဟု မှတ်။} (အဋ္ဌသာလိနီ)

● မစ္ဆရိယ ၅-ပါးကို အပြစ်အကျိုးနှင့်တကွ ဖော်ပြပါ။

၎၁၉-ဖြေ။ ။(၁) အာဝါသမစ္ဆရိယ။ (၂) ကုလ မစ္ဆရိယ။ (၃) လာဘမစ္ဆရိယ။ (၄) ဝဏ္ဏမစ္ဆရိယ။ (၅) ဓမ္မမစ္ဆရိယ ၅-ပါး တို့တွင် အာဝါသ မစ္ဆရိယကြောင့် တံမြက်ချေးစုကို ခေါင်းဖြင့် ရွက် ဆောင်ရသော ဘီလူး, ပြိတ္တာ ဖြစ်ရ၏။ ကုလမစ္ဆရိယကြောင့် သွေးအန် ဘတ်၏။ အူသိမ် အူမတို့လည်း ပြတ်တတ်၏။ လာဘ မစ္ဆရိယကြောင့် ဘီလူး, ပြိတ္တာ, စပါးကြီးမွှေဖြစ်ရ၏။ ဝဏ္ဏမစ္ဆရိယကြောင့် အဆင်းမလှ အရုပ်ဆိုး၏။ ဓမ္မ မစ္ဆရိယကြောင့် သားရေ တရွရွကျ၏။ တနည်းအား ဖြင့် အာဝါသမစ္ဆရိယကြောင့် သံပုဂံရဲ့၌ ခံရ၏။ ကုလမစ္ဆရိယကြောင့် လာဘ်သပ္ပကာနည်းပါး၏။ လာဘမစ္ဆရိယကြောင့် မစင် ဘင်ပုတ် ငရဲ၌ခံရ၏။ ဝဏ္ဏ မစ္ဆရိယကြောင့် ဖြစ်ရာဘဝ၌ အဆင်းမလှ ဖြစ်ရ၏။ ဓမ္မ မစ္ဆရိယကြောင့် ပြာပုဂံရဲ့၌ ခံရပါသည်။ (အဋ္ဌသာလိနီ)

{အခြားမစ္ဆရိယ သဘောအဓိပ္ပာယ်များကို အဋ္ဌသာလိနီ နိဂ္ဂေပကဏ္ဍ-၌ ရှုပါကုန်။ အဘိဓမ္မတ္ထ ဒီပကနှင့် အဂ်္ဂုရ-၌ ကုလနှင့် လာဘအကျိုးပြ အဋ္ဌသာလိနီနှင့် လွဲနေသည်။}

* **အာဝါသကြောင့်-ကျက်ရသံပူ။ ကုလပူ လာဘ်ပါး။ ။ ဘင်ပုတ် လာဘံနှင့်-ဝဏ္ဏံ အာဝဏ္ဏပ-ဓမ္မ ပြာပူ တွင်း-ဆင်းကြအများ။** (သစ်)

● အဘယ့်ကြောင့် ကုက္ကုစ္စ-မည်သနည်း၊ ကုက္ကုစ္စ၏ လက္ခဏာ ကိုလည်း ဖော်ပြပါ။

၎၂၀-ဖြေ။ ။"ကုစ္ဆိတံ ကတန္တိ ကုကတံ-ကုကတဿ ဘာဝေါ ကုက္ကုစ္စံ" ဟူသော ဝစနတ္ထနှင့်အညီ ပြုအပ်ပြီးသော ဒုစရိုက် မပြုလိုက် ခဲသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်သောစိတ်၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ကုက္ကုစ္စ-မည်ပါသည်။ (ကုကတ, အရကား-ပြုအပ်ပြီး သော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်ကို မုချအားဖြင့် ရ၏။ ထိုကို အာရုံပြု၍ဖြစ်သောဝိပ္ပဋိသာရဒေါသမူစိတ္တုပ္ပာဒ်ကို ကုကာရဏ္ဏုပစာအား ဖြင့် ရ၏။ ကုက္ကုစ္စအရကား-ကုက္ကုစ္စစေတသိက်ရ၏။)ထိုကုက္ကုစ္စသည်

ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့၌ အဖန်တလဲလဲ စိုးရိမ်ခြင်း (ကစ္စာကတ ဒုစ္စရိုတ သုစရိတာ နုသောစန) လက္ခဏာ ရှိပါသည်။ (၌)

{ပစ္ဆာနုတာပလက္ခဏော-ဟု အဋ္ဌသာလိနီ၌ ဆိုသောကြောင့် ကုက္ကုစ္စသည် ကေန္တ အဘိတ်ကို အာရုံပြုသည်ဟု မှတ်လေ။ သုစရိုက်ကို ဒုစရိုက်ထင်၍ ပြုပြီးနောက်မှ သုစရိုက်မှန်းသိသော အခါ၎င်း၊ ဒုစရိုက်ကို သုစရိုက်ထင်၍ပြုပြီးနောက်မှ ဒုစရိုက်မှန်းသိသော အခါ၎င်း ကုက္ကုစ္စဖြစ်တတ်သေး၏။ နိက္ခေပ ကဏ္ဍမှာ အကျယ်ရှုပါ။}

● ကတဒုစ္စရိတသည် ကုကတ မည်တန်စေ၊ အကတ သုစရိတသည် ကား-အဘယ်သို့ ကုကတ - မည်နိုင်မည်နည်း၊ သုကတသာ မည်ရာသည် မဟုတ်ပါလော။

၄၂၁-ဖြေ။ ။အကတသုစရိတကိုလည်း စက်ဆုပ်ဘွယ်သော အမှုအရာ (ကုကတ) ဟူ၍ လူများခေါ်ဝေါ်ကြသောကြောင့်၎င်း, ဝိပ္ပဋိသာရ၏ အကြောင်း ဖြစ်သောကြောင့်၎င်း အကတ သုစရိတသည် ကုကတ-မည်နိုင်ပါသည်။ သုကတ မ, မည်နိုင်ပါ။

† အကတမိုဟိ ကုကတန္တိ ဝေါဟရန္တိ။ ယံ မယာ အကတံ တံ ကုကတန္တိ။ (၌)

● ကတာကတ ဒုစ္စရိတ သုစရိဘ-ပုဒ်ကို ပုဒ်တိုင်းနှင့်စပ်၍ ကတ ဒုစ္စရိတ,သုစရိတ။အကတဒုစ္စရိတ,သုစရိတ-ဟု ၄-မျိုးယူသင့် မယူသင့် အကြောင်းချင့်၍ ဆုံးဖြတ်ခဲ့ပါ။

၄၂၂-ဖြေ။ ။မဟာနိဒ္ဒေသပါဠိတော်, အဂ်ုတ္တိရ်, အဋ္ဌသာလိနီ, အဋ္ဌကထာတို့၌ ကတ-ပုဒ်ကို ဒုစ္စရိတနှင့် အကတပုဒ်ကို သုစရိတနှင့် သာတွဲ၍ဖွင့်ပြကြသောကြောင့် ၄-မျိုးမယူသင့်တော့ပါ။ကတဒုစ္စရိတ, အကတသုစရိတဟူ၍ ကုက္ကုစ္စကို ၂-မျိုးသာယူသင့်ပါသည်။ဘုရားကြီး ဂဏ္ဌိဆရာတော်ကား ၄-မျိုးယူလျက်ရှိ၏။ ထိုအယူကို ဆရာများမနှစ်သက်ကြ။

● အကတဒုစ္စရိတ-ကတသုစရိတကို အာရုံပြု၍ စိုးရိမ်စရာကုက္ကုစ္စ မဖြစ်က အဘယ် အကုသိုလ် ဖြစ်နိုင်ပါသနည်း။

၄၂၃-ဖြေ။ ။သောကသာဒြစ်နိုင်ပါသည်။ အယာထာဝ ကုက္ကုစ္စလည်း ဆိုနိုင်သည်။

† တသု ပန္ထာနံတာပေါ် သောကောတိ ဒဋ္ဌဗ္ဗော။ (အင်္ဂုရ)

{ထိုကုက္ကုစ္စသည် ရှေးဦး မကောင်းမှုကိုပြု၍ရင်း၊ ကောင်းမှုကို မပြု၍ရင်း။ အပါယ်သို့ကျ၍ မိမိပြုခဲ့,မပြုမိသောကံကို တဖန် အောက်မေ့သောသူတို့အား သာ ဖြစ်၏။ အခြားသောသူများမှာ မဖြစ်ဟု မှတ်။ ဒု, သ, နု, သော-ငရဲသား ၄-ယောက်တို့ စိုးရိမ်ရပုံကို ဆောက်လေ။ }

● အဘိဓမ္မာဌ်လာသော, ကုက္ကုစ္စ သုတ္တန်ဌ် လာသော,ကုက္ကုစ္စ ဝိနည်းဌ်လာသော ကုက္ကုစ္စတို့၏အထူးကို ရှင်းလင်း ဖော်ပြပါ။

၄၂၄-ဖြေ။ ။အဘိဓမ္မာဌ်လာသော ကုက္ကုစ္စကား- ကတဒုစ္စရိတ အကတ သုစရိတတို့ဌ် အဖန် တလဲလဲ စိုးရိမ်ခြင်း လက္ခဏာ ရှိသော **"ကုက္ကုစ္စ စေတသိက်"** ဖြစ်ပါသည်။ (နိဝရဏာ ကုက္ကုစ္စလည်း ခေါ်သည်။) ဟတ္ထကုက္ကုစ္စတွင် ပါဒကုက္ကုစ္စကမ္မ-ဟု သုတ္တန်ဌ် လာသော ကုက္ကုစ္စကား-လက,ခြေ၊ လက်မခိုစည်းခြင်း,လက်,ခြေ ဆော့ခြင်းဟု ဆိုအပ်သော မောဟ ဟိရီဒုစ်ရိုက်သော အကုသိုလ် စိတ်ဟုပ္ပာဒ်ဖြစ်သည့် **"အသံယတ ကုက္ကုစ္စ"** ဖြစ်ပါသည်။ဝိနည်းဌ်လာသော ကုက္ကုစ္စကား- အပ်သလော, မအပ်သလော-ဟု ယုံမှားသော အခြင်းအရာအားဖြင့် ဖြစ်သော ကုသိုလ်ကြံသည်ဟူ၍ပုဗ္ဗာပ္ပာဒ်ဟု ဆိုအပ်သော **"ဒိနယ သံသယ ကုက္ကုစ္စ"** ဖြစ်ပါသည်။ ဤဌ်ဆို ထုံးကြပါသည်။ (အကံ်ရ)

● အဘယ် သဘောသည် ထိန မိဒ္ဓ - မည်ပါသနည်း၊ ၎င်းတို့၏ လက္ခဏာကိုလည်း အသီးသီး ဖော်ပြပါ။

၄၂၅-ဖြေ။ ။"ထိနံ ထီနံ-မိဒ္ဓံ မိဒ္ဓံ"ဟူသော ဝစနတ္ထနှင့်အညီ စိတ်၏ တွန့်တို့ ဆုတ်နစ် ပျင်းရိ ထိုင်းမှိုင်းခြင်း သဘောသည် ထိန၊ စေတသိက်၏ တွန့်တို့ ဆုတ်နစ် ပျင်းရိ ထိုင်းမှိုင်းခြင်း သဘောသည်

မိဒ္ဓ-မည်၏။ ထိန-သည် စိတ်၏ (အကမ္မညတာ) အမှုဉ် မခံ့သည်၏ အဖြစ်လျှင် လက္ခဏာရှိ၏။ မိဒ္ဓ-သည် ဝေဒနာ စသော ခန္ဓာ ၃-ပါး အပေါင်း၏ (အကမ္မညတာ)အမှုဉ် မခံ့သည်၏ အဖြစ်လျှင် လက္ခဏာ ရှိပါသည်။ (ဦ)

● ထိန မိဒ္ဓ-တို့၏ အထူးကို ရေးခဲ့ပါ။

၄၂၆-ဖြေ။ ။ထိန-သည် စိတ်၏မခံ့ခြင်း လက္ခဏာရှိ၏။မိဒ္ဓ-သည် ဝေဒနာ စသော ခန္ဓာ ၃-ပါး အပေါင်း၏ မခံ့ခြင်း လက္ခဏာ ရှိ၏။ ဤသို့ တူးပါသည်။

† ထိနံ စိတ္တဿ အကမ္မညတာ လက္ခဏံ၊ မိဒ္ဓံ ဝေဒနာဒိက္ခန္ဓတ္တ ယဿာတိ အယမေတေသံ ဝိသေသော။ (ဦ)

● မေ္မသင်္ဂဏီပါဠိတော်၌ မိဒ္ဓကို "ယာ ကာယဿ အကလ္လတာ" စသည်ဖြင့် ဟောတော်မူသောကြောင့် ရူပကာယ (ရုပ်) ဖြစ်သော မိဒ္ဓ-ရှိကောင်းသည် မဟုတ်ပါလော ရှင်းလင်းခဲ့ပါ။

၄၂၇-ဖြေ။ ။မရှိကောင်းပါ။ အ ဘယ့် ကြောင့် ဟူမူ ထို မိဒ္ဓ-ကို ကာမစ္ဆန္ဒ နီဝရဏ တရားတို့ကဲ့သို့ ပဟာတဗ္ဗ တရားတို့၌ ဟောတော်မူသောကြောင့်ရင်း, ရုပ်ကို ပဟာတဗ္ဗ တရားတို့၌ မြတ်စွာ ဘုရား မဟောသောကြောင့်ရင်း ဖြစ်ပါသည်။

{ရုပ်ကို ပဟာတဗ္ဗ တရားတို့၌ မြတ်စွာဘုရား မဟော၍ ပဟာတဗ္ဗ တရားတို့၌ ဟောသော မိဒ္ဓ-သည် ရုပ် မဟုတ်နိုင်။ "နတုမှံ ဘိက္ခဝေ ရူပံ ပဇဟေထ" ဟု ဟောရာ၌လည်း ရုပ်ကို ပဟာတဗ္ဗ (ပယ်ရမည့်) တရားတို့၌ ဟောခြင်းမဟုတ်။ ရုပ်၌ တပ်သော ဆန္ဒရာဂကိုသာ ပယ်ရမည်ဟု ဌာနူပစာရအားဖြင့် ဆန္ဒရာဂကိုသာ ပဟာတဗ္ဗ တရားတို့၌ ဟောတော် မူခြင်း ကြောင့် ပဟာတဗ္ဗ တရားတို့၌ ဟောသော ရုပ်ဖြစ်သော မိဒ္ဓ သည်လည်း မရှိနိုင် ဟူလို။}

† ကေစိ မိဒ္ဓမိ ရူပန္တိ၊ ဝဒန္တေတံ နယုဇ္ဇတိ။
ပဟာတဗ္ဗေသု ဝုတ္တတ္တာ၊ ကာမစ္ဆန္ဒာဒယော ဝိယ။ (ဦ)

● ထိုထိုသုတ္တန်၌ နာမ်-မိဒ္ဓကိုဟောသဖြင့် မဟောသော ရုပ်-မိဒ္ဓ ရှိသေးသည် မဟုတ်ပါလော။

၄၂၀-ဖြေ။ ။ထိုထိုသုတ္တန်၌ "အရူပံ မိဒ္ဓံ ပဟာယ" ဟု ဝိသေသ မဟောဘဲ "မိဒ္ဓံ ပဟာယ" ဟု သာမည ဟောသောကြောင့်၎င်း, မိဒ္ဓ မှန်သမျှ နိဝရဏအဖြစ်, သမွယောဂအဖြစ်, အရူပဘုံ၌ ရှိသည်၏အဖြစ် ကို ဟောသောကြောင့်၎င်း ရုပ်, မိဒ္ဓ-ဟူ၍ မရှိတော့ပါ။ (ဒု)

● ရုပ်ဖြစ်သော မိဒ္ဓ မရှိသော် နာမ်ဖြစ်သော မိဒ္ဓကို ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့မှာ အဘယ့်ကြောင့် အိပ်ခြင်းဖြစ်ပါသနည်း၊ ထို ရဟန္တာ ပုဂ္ဂိုလ်တို့၏ အိပ်ခြင်းမှာ ရုပ်-မိဒ္ဓဖြင့်ပင် အိပ်ခြင်း မဟုတ်ပါလော။

၄၂၉-ဖြေ။ ။မဟုတ်ပါ။နာမ်-မိဒ္ဓကိုပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ် တို့၏အိပ်ခြင်းကား ရုပ်-မိဒ္ဓဖြင့်အိပ်ခြင်းမဟုတ်၊ ကာယဇကာယ၏ကျင်နာ နွမ်းနယ်ခြင်း ရှိသောကြောင့်သာ အိပ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ရုပ်-မိဒ္ဓ မရှိဟု သေချာစွာ မှတ်သားရပါသည်။

{ထိန မိဒ္ဓ ၂-ပါးသည် ပုထုဇဉ်သေက္ခတို့အား အိပ်ခြင်း၏ ရှေ့အဘို့ နောက်အဘို့၌၎င်း, တပါးသော လေးလံ ထိုင်းမှိုင်း သောအခါမျိုး၌၎င်း ဖြစ်သည်။ အရဟတ္တမဂ်ဖြင့် ပယ်ပြီးသော ကြောင့် ရဟန္တာတို့အား ဖြစ်ခြင်းမရှိဟု မှတ်။}

† နိဒ္ဒါဒိဏာသဝါနန္တာ၊ ကာယဝေလညတော သိယာ။ (ဒု)!

● အိပ်ခြင်းသည် အဘယ်စိတ်ဖြင့် အိပ်ပါသနည်း၊ထိန မိဒ္ဓဖြင့်ပင် အိပ်ပါသလော။

၄၃၀-ဖြေ။ ။မဟုတ်ပါ။ ဘဝင်စိတ်ဖြင့်သာ အိပ်ခြင်းဖြစ်ပါသည်။

† နိဒ္ဒနံ ဝိထိစိတ္တသ အဝခဏ္ဍနံ ဆိန္နနံ နိဒ္ဒါ၊ ဘဝင်္ဂါတရဏံ၊ တဥ္စိ နေသံ နိဒ္ဒါနဘဝမ။ (ဇု)

● ဝိစိကိစ္ဆာသည် အာရုံကို မဆုံးဖြတ်နိုင်ခြင်းလက္ခဏာရှိသည်ဟု ဆိုသော်၊ ဤလမ်းသည် ဘုရားသို့သွားသောလမ်းဟုတ်သလော မဟုတ်သလော၊ ဤပစ္စည်းသည် ရွှေ ဟုတ်သလော, မဟုတ်

သလော စသည်ဖြင့်တွေးတောယုံမှားခြင်းမျိုးကို ဝိစိကိစ္ဆာ-ဟု ဆိုရမည်လော။

၄၃၁-ဖြေ။ ။မဆိုရပါ။ ပဋိရူပက ဝိစိကိစ္ဆာ (ဝိစိကိစ္ဆာ အတု အယောင်) ဟုသာ ဆိုရပါသည်။ ထိုဝိစိကိစ္ဆာ အတုအယောင်သည် ပိုထုဇဉ်သေက္ခတို့အား ကုသိုလ်သော်၎င်း, အကုသိုလ်သော်၎င်းဖြစ်၍ ရဟန္တာ ပုဂ္ဂိုလ်တို့အား ကြိယာ အဗျာကတ ဖြစ်ပါသည်။ ဤနေရာ၌ ကား-ဗုဒ္ဓေ ကင်္ခတိ, ဓမ္မေ, သံဃေ, သိက္ခာယ ကင်္ခတိ, ပုဗ္ဗန္တေ, အပရန္တေ, ပုဗ္ဗန္တာ ပရန္တေ, ပဋိစ္စသမုပ္ပာဒ-ဟု ဆိုအပ်သော (၈) ဌာနဘိုဒ် ယုံမှားခြင်းဟု ဆိုအပ်သော ဝိစိကိစ္ဆာအစစ်ကိုသာ လိုအပ်ပါသည်။ {ကေန ဝိစိကိစ္ဆာ ပဋိရူပက ဝိစိကိစ္ဆာ ၂-မျိုးဟု မှတ်။} (ပရမတ္ထဒီပနီ)
(ဝိစိကိစ္ဆာ၏ ဝစနတ္ထအဓိပ္ပာယ် စသည်ကို အကုသိုလ်စိတ်ကပြခဲ့ပြီ။)

● အကုသိုလ်စေတသိက် ၁၄-ခုတို့ဘွင် သဗ္ဗာကုသလ သာဓာရဏ, လောဘမူလ သာဓာရဏ, ဒေါသမူလ သာဓာရဏ, ဥဘယသာဓာရဏ, မောဟမူလ သာဓာရဏ-စေတသိက်များကို အသီးသီးဖော်ပြပါ။

၄၃၂-ဖြေ။ ။ထိုစေတသိက်များကား-အောက်ပါအတိုင်း ဖြစ်ပါသည်။

သာဓာရဏ	စေတသိက်
(၁)	သဗ္ဗာကုသလ သာဓာရဏစေ.....*မောစတုက် ၄-ပါး။
(၂)	လောဘမူလ သာဓာရဏစေ.....လောဘြို ၃-ပါး။
(၃)	ဒေါသမူလ သာဓာရဏစေ.....ဒေါစတုက် ၄-ပါး။
(၄)	ဥဘယသာဓာရဏစေ.....ထိန-မိဒ္ဓ ၂-ပါး။
(၅)	မောဟမူလ သာဓာရဏစေ.....ဝိစိကိစ္ဆာ ၁-ပါး။

* မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ ၄-ပါးကို၊ မောစတုက်၊ လောဘ, ဒိဋ္ဌိ, မာန ၃-ပါးကို လောဘြို။
ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၄-ပါးကို ဒေါစတုက်ဟု မှတ်။

● အကုသိုလ် စေတသိက် ၁၄-ပါး တို့တွင် သမ္ဘာကုသလ သာဓာရဏာ ၇-ပါးကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုပါသနည်း။

၎၃၃-ဖြေ။ ။သမ္ဘာကုသလ သာဓာရဏာ ဖြစ်သောကြောင့် ရှေးဦးစွာ ဆိုပါသည်။

† တေသု သမ္ဘာကုသလ သာဓာရဏာ ပဌမံ ဥဒ္ဓဋာ။ (သင်္ခေါ)

● မောစတုက် ၄-ပါးတို့တွင် မောဟကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုပါသနည်း။

၎၃၄-ဖြေ။ ။မူလပဓာန ဖြစ်သောကြောင့် မောဟ-ကို ရှေးဦးစွာ ဆိုပါသည်။

† တေသုဝိ မူလဘူတတ္တာ မောဟော ပဌမံ ဝုတ္တော။ (သင်္ခေါ)

● မောဟနောက် - အဟိရိက-အနောတ္တပ္ပ-ဥဒ္ဓစ္စ တို့ကို အဘယ့်ကြောင့် ဆိုပါသနည်း။

၎၃၅-ဖြေ။ ။လောက ဝိနာသက ဖြစ်၍ ထင်ရှားသောကြောင့် အဟိရိက - အနောတ္တပ္ပကို, နောက်ဆုံးစီတ်၌ ပြဋ္ဌာန်း သောကြောင့် ဥဒ္ဓစ္စကို ဆိုပါသည်။

† တတ္ထတော်ပန္နာလောကဝိနာသကဘာဝေနပါဠိကတ္တာလောက ဝိနာသကဒုက်ံ၊ တတော်ပန္နာ အန္တိမစိတ္တေ ပဌာနတ္တာ ဥဒ္ဓံစ္စံ ဝုတ္တံ။ (သင်္ခေါ)

● မောစတုက် ၄-ပါး၏ အခြားမဲ့၌ လောဘြို ၃-ပါးကို ထိုတွင် လောဘ, ဒိဋ္ဌိ, မာန- စသည်ဖြင့် အဘယ့်ကြောင့် အစဉ်ကို ဆိုပါသနည်း။

၎၃၆-ဖြေ။ ။ဥဒ္ဓိဋ္ဌကမအားဖြင့် လောဘြို့ကို၊ ထိုတွင် မူလပဓာန ဖြစ်ဒသာကြောင့် လောဘကို၊ ထိုနောက် ဒိဋ္ဌိဂတသမ္မယုတ် စိတ်တို့၌ ဖြစ်သောကြောင့် ဒိဋ္ဌိကို၊ ထိုနောက် ဒိဋ္ဌိဂတ ဝိပ္ပယုတ် စိတ်ဘို့၌ ဖြစ်သောကြောင့် မာန-ကို ဆိုပါသည်။ (သင်္ခေါ)

- လောတြိ၏ အခြားမဲ့၌ ဒေါစတုက်ကို၊ ထိုတွင် ဒေါသ, ဋ္ဌသာ, မစ္ဆရိယ, ကုက္ကုစ္စ-အစဉ်ဖြင့် အဘယ့်ကြောင့် ဆိုပါသနည်း။

၄၃၇-ဖြေ။ ။ဥဒ္ဒိဋ္ဌက္ကမဖြင့် ဒေါစတုက်ကို၊ ထိုတွင် မူလပဓာန ဖြစ်သောကြောင့် ဒေါသကို၊ ထိုနောက် ပါဋ္ဌိအစဉ်ကိုမှီ၍ ဋ္ဌသာ, မစ္ဆရိယ, ကုက္ကုစ္စဘိုကို ဆိုပါသည်။ (သခေ်ပ)

- ဒေါသမူလ သာဓာရဏ၏ အခြားမဲ့၌ ဥဘယ သာဓာရဏ-မောဟမူလ သာဓာရဏ စေတသိက်တို့ကို အဘယ့်ကြောင့် ဆိုပါသနည်း။

၄၃၈-ဖြေ။ ။လောဘ ဒေါသမူလ ၂-ပါးနှင့်ဆက်ဆံသောကြောင့် ဥဘယသာဓာရဏကို၊ ထိုတွင် ပါဋ္ဌိအစဉ်ကိုမှီ၍ ထိနမိဒ္ဓကို၊ ထိုနောက်မှ မောဟမူလ၌ ဖြစ်သောကြောင့် ဝိစိကိစ္ဆာကို ဆိုပါသည်။ (သခေ်ပ)

အကုသလရာသီ အဖြေ ပြီး၏။

သောဘဏရာသီ အဖြေ

- အဘယ့်ကြောင့် သဒ္ဓါ-မည်သနည်း၊ သဒ္ဓါ၏ လက္ခဏာကို လည်း ဥပမာနှင့်တက္ခ ဖော်ပြပါ။

၄၃၉-ဖြေ။ ။"သဒ္ဓဟတီတိ သဒ္ဓါ"ဟူသော ဝစနတ္ထနှင့် အညီ ရတနာသုံးပါးကံ-ကံ၏အကျိုးတရားတို့၌ သို့ကြည်တတ်သောကြောင့် သဒ္ဓါ-မည်ပါသည်။ (ရတနာပါး ကံ-ကံ၏ အကျိုး တရားတို့၌ ဖြစ်သောသမ္ပယုတ်တရားတို့ကို ကြည်လင်စေတတ်သောပသာဒသမ္ပယုတ် တရားတို့၏ ကြည်လင်ကြောင်းဖြစ်သော ပသာဒသည် သဒ္ဓါ-မည်သည် ဟူလို။) ရေနောက်ကို ကြည်လင် စေတတ်သော စကြဝဇေးမင်း၏ ပတ္တမြားရတနာကဲ့သို့ သဒ္ဓါသည် သမ္ပယုတ် တရားတို့ကို ကြည်လင် စေတတ်သော (ပသာဒန) လက္ခဏာ ရှိပါသည်။ (ဋီ)

● သင်္ခါအပြားကိုရေးရှု၍ ၎င်းတို့၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။ ၄၄၀-ဖြေ။ ။

အာဂမသင်္ခါ။ ။ဘုရားအလောင်း တို့၏ သင်္ခါများ ဖြစ်၍ ဘဝအမျိုးမျိုးတို့၌ တည်နိုင်၏။

အဓိဂမသင်္ခါ။ ။အရိယာတို့၏ သင်္ခါများဖြစ်၍ နိဗ္ဗာန်တိုင်အောင် တည်နိုင်၏။

ပြကပ္ပနသင်္ခါ။ ။ဉာဏသမ္မယုတ်သင်္ခါများဖြစ်၍ တဘဝလုံး တည်တံ့ခိုင်မြဲနိုင်၏။

ပသန္နသင်္ခါ။ ။ဉာဏ ဝိပ္ပယုတ် သင်္ခါများဖြစ်၍ မခိုင်တတ် ပျက်လွယ်တတ်၏။

{ဤကား - သင်္ခါအပြားနှင့်တကွ ၎င်းတို့၏ အဓိပ္ပာယ် ဖြစ်သည်။ **"မူဋ္ဌပသန္နသင်္ခါ"** ဟူသည်ကား-တိတ္ထိတို့၏ တပည့်သားသည်မိမိဆရာတိတ္ထိတို့ကိုကြည်ညိုခြင်းတည်း၊ ထိုမူဋ္ဌပသန္နသင်္ခါကို မောဟ စေတသိက်ကို ကောက်အပ်၏။ ဤမှ တပါး သောသင်္ခါများကိုကား-သင်္ခါစေတသိက်ကိုကောက်အပ်၏။}

● တိတ္ထိတို့သည် ပူရဏကဿပ-စသော ဆရာကြီးတို့၌ ယုံကြည်ခြင်းသည် သင်္ခါဟုတ်, မဟုတ် ဆိုးဖြတ်ခဲ့ပါ။

၄၄၁-ဖြေ။ ။သင်္ခါမဟုတ်ပါ။ သင်္ခါတု-မိစ္ဆာဓိမောက္ခသာ ဖြစ်ပါသည်။(မိစ္ဆာဓိမောက္ခဟူသည် ဒိဋ္ဌိ,မောဟတို့နှင့်ယှဉ်သောအကုသိုလ်စိတ္တုပ္ပါဒ်သာတည်း။) လောကဋ္ဌယုံကြည်အပ်သောစကားကိုယုံကြည်ခြင်း စသည်တို့ကား-အဓိမောက္ခ စေတသိက်များသာ ဖြစ်ပါသည်။

† တေန ပူရဏာဒိသု ပသာဒဿ သင်္ခါဘာဝံ နိဝတ္တေတိ။ တဒုပ္ပန္နပ္ပသာဒေါ ဟိ မိစ္ဆာဓိမောက္ခောတိ။ (၄)

● အဘယ်သဘောသည်သတိ-မည်ပါသနည်း၊ သတိ၏လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၄၄၂-ဖြေ။ ။**"သရဏံ သတိ"** ဟူသော ဝစနတ္ထနှင့်အညီ မှတ်သား အောက်မေ့နိုင်ခြင်းသဘောသည် သတိ-မည်ပါသည်။ (ကြာမြင့်

စွာသော ကာလက ပြုခဲ့ပြီးသောအမှု, ဆိုခဲ့ပြီးသောစကားတို့ကို တဖန် အမှတ်ရခြင်း သဘောမျိုး ဟူလို။) စကြဝတေးမင်း၏ ဘဏ္ဍာစိုးသည် မင်းကြီးအား ဆင်, မြင်း စသော ဇာသရိယစည်းစိမ်ကိုနှေစဉ်ပြောကြား သတိရစေသကဲ့သို့ သတိသည် သမ္မယုတ်တရားတို့ကိုမှတ်သားအောက် မေ့စေခြင်း (သရဏ) လက္ခဏာ ရှိပါသည်။ (၄၄)

{ထိုသတိသည် သမ္မာသတိ, မိစ္ဆာသတိ-ဟု ၂-မျိုး ရှိ၏။ ဤ၌ သမ္မာသတိကိုသာ လိုအပ်၏။}

● မိမိတို့ပြုပြီးသော မကောင်းမှု, ပြုလတ္တံ့သော မကောင်းမှုတို့ကို အောက်မေ့ အမှတ်ရခြင်းသည် သတိစေတသိက် ဟုတ်, မဟုတ် ဆိုးဖြတ်ခဲ့ပါ။

၄၄၃-ဖြေ။ ။သတိ-မဟုတ်ပါ။ အောက်မေ့သော အခြင်းအရာ အားဖြင့်ဖြစ်သော အကုသိုလ် စိတ္တုပ္ပာဒ်သာ ဖြစ်ပါသည်။

{မိစ္ဆာသတိ, ပဋိရူပက သတိ, သတိတူ-ဟုကား-ဆိုနိုင်ပါ သည်။ မိစ္ဆာသတိဟု ဟောခြင်းကား - ပရိယာယ် အားဖြင့် ဟောခြင်းသာ ဖြစ်သည်။ သတိစေတသိက်မဟုတ်၊ အမှန်မှာ အကုသိုလ်စိတ္တုပ္ပာဒ်သာ ဖြစ်သည်။}

● သညာသည်အမှတ်ပြု၍သိသည်။သတိသည်လည်းအောက်မေ့ အမှတ်ရသည်။ ထို ၂-ခု အဘယ်သို့ ထူးပါသနည်း။

၄၄၄-ဖြေ။ ။သညာသည် သတိက အမှတ်ရသောအခါ ကွဲကွဲ ပြားပြား အမှတ်ရဘို့, အမှတ်ခိုင်မြဲဘို့ အညို, အရွှေ, အလုံး, အဝိုင်း, စသည်ဖြင့် သတ်မှတ်ပေး၏၊ ကူညီ၏၊ သတိသည် သညာကသတ်မှတ် ကူညီပေးသည့်အတိုင်း အညိုဘဲ,အရွှေဘဲ,အလုံးဘဲ,အဝိုင်းဘဲ စသည် ဖြင့်ပြန်၍အမှတ်ရ၏၊အကူအညီခံယူ၏၊ဤသို့ထူးပါသည်။{အကြောင်း အကျိုးထူး၏။ "သတိ ထိရသညာပဒဋ္ဌာနံ" ကို ထောက်။}

● အဘယ့်ကြောင့် ဟိရိ သြတ္တပ္ပ - မည်ပါသနည်း၊ ၎င်းတို့၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၎၎၅-ဖြေ။ ။'ဟိရိယတိ ကာယဒုစ္စရိတာဒိဟိ ဇိဂုစ္ဆတီတိ ဟိရိ'ဟူသော ဝစနတ္ထနှင့်အညီ ကာယဒုစရိုက်စသည်တို့မှ စက်ဆုပ်တတ်သောကြောင့် ဟိရိ-မည်ပါသည်။ ထို ဟိရိသည် မကောင်းမှုမှ စက်ဆုပ်ခြင်း (ဇိဂုစ္ဆန)လက္ခဏာရှိပါသည်။"သြတ္တပ္ပတီတိ သြတ္တပ္ပံ"ဟူသော ဝစနတ္ထနှင့်အညီ ကာယဒုစရိုက် အစရှိသည်တို့မှထိတ်လန့်တတ်သောကြောင့် သြတ္တပ္ပ-မည်ပါသည်။ထိုသြတ္တပ္ပသည် မကောင်းမှုမှထိတ်လန့်ခြင်း (ဥတ္တာသ) လက္ခဏာ ရှိပါသည်။ (၌)

{ဤစေတသိက် ၂-ပါးသည် မိမိကိုင့်၍ ရှက်ခြင်း၊ သူတပါးကိုင့်၍ လန့်ခြင်းဖြင့် ကိုယ်စောင့်နတ် စသည်တို့၌လေးစားခြင်းကိုပြု၍ မကောင်းမှုမှရှောင်ပြီး မိမိကို ဂုဏ်စင်အောင် ဆောင်ရွက်တတ်သောကြောင့် ထိုတရား ၂-ပါးကို လောကပါလ တရား ၂-ပါး သုက္ကခမ္မတရား ၂-ပါးဟု ဆိုအပ်သည်။ ။ဘုရားသွေးကျောင်းတက် ကုသိုလ်ပြုရမည်အတွက် မရှက်ရမည့် နေရာ၌ ရှက်ခြင်း၊ဆရာသမား မိဘ စသည်ထံသို့သွားရမည်ကိုမကြောက်ရမည့်နေရာ၌ ကြောက်ခြင်း စသည်တို့ကား- ဟိရိသြတ္တပ္ပအစစ်မဟုတ်၊ အတုသာတည်း။ဆရာသမား လူကြီးမိဘများအားလေးစားသောအားဖြင့် ရှက်ကြောက်သော အမူအရာ၊ ထိုလူကြီး, မိဘ စသည်တို့အား လေးစားသောအားဖြင့် ကိုယ်အင်္ဂါကြီးငယ် စသည်ကို မြင်မှာစိုး၍ ရှက်ကြောက်သော အမူအရာတို့မှာ ကုသိုလ်ဖြစ်သင့်သော်လည်းမကောင်းမှုပြုရာ ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြစ်၍ သူတပါးမြင်မည်ကို ရှက်ခြင်း၊ ထိုအင်္ဂါအစိတ်အပိုင်းများကို မြင်ရမှာ ရှက်ခြင်း၊ မဂ္ဂင်ဘဝနှင့် ရှက်ချင်ယောင်ဆောင်ခြင်း၊မကြောက်ဘဝနှင့် ကြောက်ချင်ယောင်ဆောင်ခြင်း၊ လူယျိ ကလေးကို အယျိ ကလေးက ရှက် ကြောက် ခြင်း၊ အယျိ ကလေးကို လူယျိကလေးကရှက်ကြောက်ခြင်းစသည်တို့မှာ'မာယာဝဇ္ဇနာ' မျိုးသာဖြစ်၍ ဟိရိ သြတ္တပ္ပ အတုသာ ဖြစ်သည်။

တရားကိုယ်မှာ တဏ္ဍာရာဂပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပာဒ်သာတည်း။ အပြစ်ရှိ၍ လူကြီးမိဘ ဆရာသွားတို့ထံ သွားရမည်ကို ရှက်ကြောက်ခြင်း၊ အလိမ်ပေါ်၍ ရှက်ကြောက်ခြင်း၊ အပြစ်ပေါ်လာ၍ ရှက်ကြောက်ခြင်း၊ တရားမဟောရဲခြင်း၊ စကားမပြောရဲခြင်း၊ သီချင်းမဆိုရဲခြင်း စသည်တို့ကား - ဟိရီသြတ္တပ္ပအတုတို့သာတည်း။ တရားကိုယ်မှာ ဒေါမနဿဝေဒနာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပာဒ်များသာ ဖြစ်သည်။ တစ္ဆေကြောက်ရန်သူကြောက် စသော အကြောက်မျိုးကား - ဟိရီသြတ္တပ္ပမဟုတ်၊ ဆုတ်နစ်သော ဒေါသအစစ်သားတည်း။ ဟိရီသြတ္တပ္ပအတုတို့ကား - အရာဌာနလိုက်၍ အလွန်ပင် များပြားကုန်၏။ အချုပ်မှာ-မာယာ, သာဌေယျ, ဝဉ္စနာ, ကုဋိလ သဘောမျိုးပါသည့် ဟိရီသြတ္တပ္ပတို့ကား-အတုသာဟု မှတ်ကုန်ရာသည်။}

● ဟိရီ သြတ္တပ္ပတို့၏ အထူးကို ရေးခဲ့ပါ။

၄၄၆-ဖြေ။ ။ဟိရီ-သည် မိမိကိုအလေးအမြတ်ပြု၍ မကောင်းမှုမှ စက်ဆုပ်တတ်သောကြောင့် မိမိ၏အမျိုးဂုဏ်ကိုင့်၍ မိမိယောက်ျားမှ တပါးသော ယောက်ျားတို့နှင့် ဖောက်ပြားရမည်ကို ရှက်သော အမျိုးကောင်း ချွေးမနှင့်တူ၏။ သြတ္တပ္ပသည် သူတပါးကို အလေးအမြတ်ပြု၍ မကောင်းမှုမှလန့်တတ်သောကြောင့် ယောက်ျားတပါးကိုင့်၍ကိုယ်ဝန်ရမည့်ဘေးမှ ကြောက်သော ပြည့် တန် ဆာ မ နှင့် တူ ၏။ ဤသို့ထူးပါသည်။

† အတ္တဂါရဝ ဝသေန ပါပဘော ဇိဂုံစ္ဆနတော ကုလဝဓူဝိယ ဟိရီ၊ ပရဂါရဝ ဝသေန ပါပဘော ဥတ္တာသနတော ဝေသိယာ ဝိယ သြတ္တပ္ပ။ (ဋီ)

● ဟိရီ သြတ္တပ္ပ ဖြစ်ခြင်း အကြောင်းများကို ရေးခဲ့ပါ။

၄၄၇-ဖြေ။ ။အကြောင်းများကားအောက်ပါအတိုင်းဖြစ်ပါသည်။

* **ဇာတိ - ဝယ - သူရ - ဗာဟုသ်, စတုပ္ပစ္စယံ, ဤလေးတန်, ဖြစ်ရန် ဟိရီ အကြောင်းတည်း။**

* အတ္တ-ပရ, နုဝါဒနှင့် ဒဏ္ဍ-ဒုဂ္ဂတိ, ရူကြည့်ဘယံ, ဤလေ။ ဘန်, ဖြစ်ရန်ဩတ္တပ် အကြောင်းတည်း။ (သစ်)

{အဋ္ဌသာလိနီ၌ ဇာတိ မဟတ္တ ပစ္စဝေက္ခဏာ စသော အခြား ဟိရီဖြစ်ကြောင်းလေးပါးကိုလည်း ပြလျက်ရှိသေး၏။}

● အဘယ့်ကြောင့် အလောဘ-မည်ပါသနည်း၊ ထိုအလောဘ၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၄၄၈-ဖြေ။ ။လောဘပွဋိပက္ခောအလောဘော'' (နလောဘော အလောဘော) ဟူသောဝစနတ္ထနှင့်အညီ အာရုံ၌ကပ်ငြိတွယ်တာခြင်း၊ အာရုံကို တပ်မက် လိုချင်ခြင်း မရှိသောကြောင့် အလောဘ - မည်ပါသည်။ ထိုအလောဘသည် ရာဂကပ်ငြိခြင်းမှ လွတ်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်ကဲ့သို့ အာရုံ၌ စိတ်၏ မကပ်ငြိခြင်း (အလဂ္ဂတာ) လက္ခဏာ ရှိပါသည်။

{အ, ကား - အကုသလ၌ကဲ့သို့ ဝိရုဒ္ဓ အနက်ဟောပင်။ ကုသိုလ်နှင့် ကောင်းသော အရာဌာနဘို၌ မလိုချင်မှု မသိမ်း ဆည်းမှုတို့မှာ အကျိုးအပြစ်ကို မသိသော မောဟ ကြောင့် သော်ရင်း၊ လုံလပီရိယ ယုတ်ညံ့သော ဟီနစ္ဆန္ဒကြောင့်သော် ရင်း ဖြစ်ရာသည်။ အလောဘ မဟုတ်။ }

● အဘယ့်ကြောင့် အဒေါသ - မည်ပါသနည်း၊ အဒေါသ၏ လက္ခဏာကိုလည်း ဥပမာနှင့်တကွ ဖော်ပြပါ။

၄၄၉-ဖြေ။ ။''ဒေါသပွဋိပက္ခော အဒေါသော'' (နဒေါသော အဒေါသော) ဟူသော ဝစနတ္ထနှင့်အညီ မိမိနှင့် သူတပါးကိုမဖျက်ဆီး တတ်သောကြောင့်ရင်း, မိမိဘည်ရာ ပုဂ္ဂိုလ်နှင့်စိတ်ကို မဖောက်ပြန်စေ တတ်သောကြောင့်ရင်း အဒေါသ - မည်ပါသည်။ ထိုအဒေါသသည် သဘောချင်းမျှသော မိတ်ဆွေ ကောင်းသည် မကြမ်းတမ်း သကဲ့သို့ မကြမ်းတမ်းခြင်း (အစဏ္ဍိက္က) လက္ခဏာရှိပါသည်။ (ဋီ)

{ဤ၌ အ-လည်း ဝိရုဒ္ဓ အနက် ဟောပင်။ အလောဘ-အဒေါသတို့နှင့်တွဲဘက် အမောဟတို့ကား-နောက်၌ ပညိန္ဒြေ

အမည်နှင့် ပြလတ္တံ့ ဖြစ်၍ သီးခြား မပြတော့။ အလောဘ, အဒေါသ တို့ကား - သော ဘဏ သာ ဓာ ရဏ, ပညိန္ဒေ၊ (အမောဟ)ကား-သောဘဏသာဓာရဏ မဟုတ်၍ တခြားစီ ခွဲပြသည်။}

● ဝိယဝိပ္ပယောဂဒုက္ခ-အပ္ပိယသမ္ပယောဂဒုက္ခ-ဇုစ္ဆိတာလာဘ ဒုက္ခတို့ကို ကင်းပျောက်စေ တတ်သော တရားများ ကား-အဘယ်တရားများပါနည်း။

၄၅၀-ဖြေ။ ။အလောဘ,အဒေါသ,အမောဟ-တို့ ဖြစ်ပါသည်။ ၎်တရားများကို ဒုက္ခကင်းဝေးနေနိုင်ရေး တရားများဟု ဆိုနိုင်ပါသည်။ (အဋ္ဌသာလိနီ)

● အဘယ့်ကြောင့် တတြမဇ္ဈတ္တတာ - မည်ပါသနည်း၊ တတြမဇ္ဈတ္တတာ၏ လက္ခဏာကိုလည်း ဥပမာနှင့်တက္ပ ဖော်ပြပါ။

၄၅၁-ဖြေ။ ။"ဒ္ဝိန္ဒံ ပက္ခာနံ မဇ္ဈေ ဌိတော အတ္တာသဘာဝေါ ဧတဿာတိမဇ္ဈတ္တော၊ (ပုဂ္ဂလော ဓမ္မသမူဟောဝါ) တဿ ဘာဝေါ မဇ္ဈတ္တတာ၊ တေသု တေသု သမ္ပယုတ္တဓမ္မေသု မဇ္ဈတ္တတာ တတြမဇ္ဈတ္တတာ" ဟူသော ဝစနတ္ထနှင့်အညီ ထိုထို သမ္ပယုတ်တရားတို့၌ လျစ်လျူရှုသော အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် တတြ မဇ္ဈတ္တတာ မည်ပါသည်။ ထို တတြမဇ္ဈတ္တတာသည် အညီအမျှ ပြေးသွားကြသော အာဇာနည်မြင်းတို့ကို လျစ်လျူရှု၍ လိုက်သွားသော ရထားထိန်းကဲ့သို့ သမ္ပယုတ်ဖြစ်ကုန်သော စိတ်,စေတသိက်တို့ကို လျစ်လျူရှုခြင်း (အဇ္ဈူပေက္ခဏ) လက္ခဏာ ရှိပါသည်။ (ဋီ-ဇူ)

{လျစ်လျူရှု-ဟူသည် လုံးလုံး အာရုံမပြု ဂရုမစိုက်ခြင်းမျိုး မဟုတ်၊ အပိုအလိုမရှိ ငြိမ်သက်စွာ အညီအမျှ ရှုခြင်းမျိုးကို ဆိုလိုသည်။}

● အဘယ်သဘောသည် ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိ-စသည် မည်ပါသနည်း၊ ၎င်းတို့၏လက္ခဏာကိုလည်း အသီးသီး ဖော်ပြပါ။

၄၅၂-ဖြေ။ ။"ကာယဿ ပဿမ္ဘနံ ကာယပဿဒ္ဓိ" ဟူသော ဝစနတ္ထနှင့်အညီ ကိုယ်၏ပူပန်ခြင်းမှ ငြိမ်းခြင်းသဘောသည် ကာယ

ပဿဒ္ဓိ-မည်ပါသည်။ "စိတ္တဿ ပဿမ္ဘနံ စိတ္တပဿဒ္ဓိ" ဟူသော ဝစနတ္ထနှင့်အညီ စိတ်၏ပူပန်ခြင်းမှ ငြိမ်းခြင်းသဘောသည် စိတ္တပဿဒ္ဓိ မည်ပါသည်။ထို ၂-ပါးတို့သည်ကိုယ်စိတ်တို့၏ ပူပန်ကြောင်းဖြစ်သော "**ဥဒ္ဓစ-ကုက္ကုစ**" အစရှိသော ကိလေသာတို့ကိုငြိမ်းစေခြင်း(ဂူပသမ) လက္ခဏာ ရှိပါသည်။

{ကိုယ်ကာယ-အရ ဝေဒနာစသော ခန္ဓာသုံးပါး စေတသိက်များကိုယူ။ ကိုယ်ခန္ဓာကို မယူနှင့်၊ စိတ်အရလည်း သောဘဏ စိတ်ကိုယူ။နောက်၌ ဤနည်းအတိုင်းပင် "ကာယောတိ စေတ္ထ ဝေဒနာဒိက္ခန္ဓတ္တယဿ ဂဟဏံ"။} (ဋီ)

ကာယလဟုတာ - စိတ္တလဟုတာ - တို့သည် ကိုယ်,စိတ်တို့၏ လေးသည်၏အဖြစ်ဟု ဆိုအပ်သော "**ထိန မိဒ္ဓ**" စသည်တို့ကို ငြိမ်းစေခြင်း လက္ခဏာ ရှိပါသည်။

ကာယမုဒုတာ,စိတ္တမုဒုတာ-တို့သည် ကိုယ်,စိတ်တို့၏ခက်ထန်ကြမ်းတမ်းသည်၏ အဖြစ်ဟု ဆိုအပ်သော "**ဒိဋ္ဌိ မာန**" စသည်တို့ကို ငြိမ်းစေခြင်း လက္ခဏာ ရှိပါသည်။

ကာယကမ္မညတာ, စိတ္တကမ္မညတာ-တို့သည် ကိုယ်,စိတ်တို့၏ ကောင်းမှုကုသိုလ်၌ မကောင်းသည်၏အဖြစ် မခံ့သည်၏ အဖြစ်ဟု ဆိုအပ်သော "**ကာမစ္ဆန္ဒ**" စသော ကိလေသာတို့ကို ငြိမ်း စေခြင်း လက္ခဏာ ရှိပါသည်။

ကာယ ပါဂုံညတာ,စိတ္တပါဂုညတာ-တို့သည် ကိုယ်,စိတ်တို့၏ အနာရှိသော စိတ်၏ အဖြစ်ဟု ဆိုအပ်သော "**မ သဒ္ဓါခြင်း**" (အဿဒ္ဓိယ) စသော ကိလေသာတို့ကို ငြိမ်းစေခြင်း လက္ခဏာ ရှိပါသည်။

ကာယုဇုကတာ,စိတ္တုဇုကတာ-တို့သည်ကိုယ်,စိတ်၏ကောက်ကျစ်သည်၏အဖြစ်ဟုဆိုအပ်သော "**မာယာသာဌေယျ**" စသည်တို့မှ ကင်း၍ ဖြောင့်မတ်သည်၏အဖြစ်ကျင် လက္ခဏာ ရှိပါသည်။ (ဋီ)

{လဟု-အရ လျင်မြန် ပေါ့ပါး ဟူသည် ဘဝင်အစဉ်မှ လျင်လျင်မြန်မြန်ထခါ ဇောစိတ်အစဉ်ကို သွက်လက်စွာဆက်၍ ဖြစ်စေနိုင်ခြင်းမျိုးကို ဆိုလိုသည်။}

† ဧတစ ဉဒ္ဓစ္စာဒိ ထိန မိဒ္ဓါဒိ ဒိဋ္ဌိမာနာဒိ ကာမစ္ဆန္ဒာဒိ အသဒ္ဓိယာဒိ မာယာသာဌေယျာဒယောတိ ဒဋ္ဌဗ္ဗာ။ (၄)

(ဆန့်ကျင်ဘက် ကိလေသာများကို အဓိနှင့်ပြထားသည်။)

● မာယာသာဌေယျတို့၏သဘောကို ဖော်ပြ၍၊ ၎င်းတို့၏ တရားကိုယ်ကိုလည်း ကောက်ပြပါ။

၄၅၃-ဖြေ။ ။မာယာသည် မိမိ၌ရှိသောအပြစ်ကို ဖုံးလွှမ်းကာကွယ်၍ လှည့်ပတ်ခြင်း သဘောရှိ၏။ သာဌေယျကား - မိမိ၌ မရှိသော ဂုဏ်ကျေးဇူးကိုရှိလေသယောင် ဟန်ဆောင်ပြောဆို ကောက်ကျစ်ခြင်း သဘောရှိ၏။ ဤ ၂-ပါးလုံးပင် စဉ်းလဲ ကောက်ကျစ်သော အလိမ်-အဝါ-အညာများ ချည်းသာ ဖြစ်၏။ တရားကိုယ်အားဖြင့် လောဘ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပာဒ်သာတည်း။

{ဤသို့ မာယာသာဌေယျတို့ဖြင့် ကောက်ကျစ်ခြင်းမျိုးကိုပင် ကိုယ်,စိတ်တို့ဖြင့် ကောက်ကျစ်သည်ဟု ဆိုရသည်။တယောက်နှင့်တယောက် စိတ်ကောက်ခြင်းမျိုးမဟုတ်၊ စိတ်ကောက်ခြင်းကား - ဒေါမနဿ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပာဒ်သာတည်း။}

● ကိုယ်, စိတ်တို့၏ ကောက်ခြင်း အပြားကို အဓိပ္ပာယ်နှင့်တကွ အသီးသီး ဖော်ပြပါ။

၄၅၄-ဖြေ။ ။အကြင်သူသည် မကောင်းမှုကိုပြုပြီး မပြုပါဟုပြော၏။ ထိုသူသည် မကောင်းမှုကို တဖန်ပြန်၍ ပြုဦးမည်ဖြစ်၍ အလွန်ကောက်သောကြောင့် ဂေါမုတ္တဝက် (နွားသေးကောက်) မည်ပါသည်။ ။ အကြင်သူသည် မကောင်းမှုကို ပြုစဉ်ပင်လျှင် ငါသည် မကောင်းမှုမှ ကြောက်လန့်ပါ၏ဟု ပြောဆို၏။ ထိုသူသည် များသောအားဖြင့် ကောက်သောကြောင့် စန္ဒလေခါဝက် (လ-ရေးကောက်) မည်ပါသည်။ ။အကြင်သူသည် မကောင်းမှုကိုပြုစဉ်ပင်လျှင် အဘယ်သူသည်

မကောင်းမှုမှ မကြောက်ဘဲရှိအံ့နည်းဟု ပြောဆိုဏ်။ထိုသူသည် အလွန်မကောက်လွန်းသောကြောင့် နင်္ဂလကောဋိဝက် (ထွန်ကိုင်းကောက်) မည်ပါသည်။ ။တနည်းအားဖြင့် အကြင်သူသည် ကံသုံးပါးလုံးမစင်ကြယ်၊ ထိုသူသည် နွားသေးကောက်-မည်ပါသည်။ အကြင်သူသည် ကံသုံးပါးတွင် ၂-ပါး မစင်ကြယ်၊ထိုသူသည် လ-ရေးကောက်-မည်ပါသည်။ အကြင်သူသည် ကံသုံးပါးတွင် တပါး မစင်ကြယ်၊ ထိုသူသည် ထွန်ကိုင်းကောက်-မည်ပါသည်။ (အဋ္ဌသာလိနီ)

● သမာဓိစသော တရားတို့ကို ဒုဝိဓဏ်အဖြစ်မဟောဘဲ၊ဤကာယပဿဒ္ဓိ-စသော တရားတို့ကိုသာ အဘယ့်ကြောင့် ဒုဝိဓဏ်အဖြစ်ဖြင့် (၂-ပါး ၂-ပါးစီတွဲ၍) ဟောပါသနည်း။

၄၅၅-ဖြေ။ ။ကာယပဿဒ္ဓိ-စသော တရားတို့သည်သာ ၂-ပါး ၂-ပါးစီတပေါင်းတည်းတွဲ၍၊မိမိတို့၏သဘောအားလျော်စွာဆန့်ကျင်ဖက်ဖြစ်သော ဥဒ္ဓစ္စ စသော ကိလေသာတရားတို့ကို သတ်ဖြတ်ညှဉ်းဆဲတတ်သောကြောင့်၊ထိုကာယပဿဒ္ဓိ စသည်တို့ကိုသာ ၂-ပါး ၂-ပါးစီတွဲ၍ ဒုဝိဓဏ်အဖြစ်ဖြင့် ဟောပါသည်။ သမာဓိ-စသော တရားတို့ကို ဒုဝိဓဏ်အဖြစ်ဖြင့် မဟောပါ။ တနည်း-စိတ္တပဿဒ္ဓိဖြင့် စိတ်၏ ငြိမ်းခြင်းစသည်သာ ဖြစ်၏။ ကာယပဿဒ္ဓိ-စသည်ဖြင့်ကား-စေတသိက် ခန္ဓာ ၃-ပါးနှင့်တကွ ရူပကာယ၏ငြိမ်းခြင်းစသည်လည်းဖြစ်၏။ထိုအကျိုးကို ပြခြင်းငှာ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ-စသည်ဖြင့် ၂-ပါးစီ ၂-ပါးစီတွဲ၍ ဟောပါသည်။

† ယသ္မာစေတေ ဒွေဒွေမ္မောဝ ဧကဘော ဟုတ္တာ ယထာသကံ ပဋိပက္ခမ္မေ ဟနန္တိ၊တသ္မာ ဗုဓေဝ ဒုဝိဓတာ ဝုတ္တာ။နသမာဓိ အာဒီသု။ (ဋီ)

● အဘယ့်ကြောင့် သောဘဏ သာဓာရဏ စေတသိက် မည်ပါသနည်း။

၄၅၆-ဖြေ။ ။သောဘဏ စိတ် တခုယုတ် ခြောက်ဆယ် တို့၌ ဖြစ်

သောကြောင့်ဂုဏ်း, အလုံးစုံသော သောဘဏစိတ်တို့နှင့်ဆက် ဆံသော ကြောင့်ဂုဏ်း သောဘဏ သာဓာရဏ စေတသိက်-မည်ပါသည်။

† သောဘဏာနံ သဗ္ဗေသမ္ပိ သာဓာရဏာ နိယမေန တေသု ဥပ္ပဇ္ဇနတောတိ သောဘဏ သာဓာရဏာ (ဋီ)

● သောဘဏ သာဓာရဏ် စေတသိက်တို့တွင် ယုဂဒ္ဒ, အယုဂဒ္ဒ စေတသိက်များကို ခွဲပြပါ။

၄၅၇-ဖြေ။ ။ကာယပဿဒ္ဓိအစ စိတ္တုဇုကတာအဆုံး ၆-စုံ ၁၂-ခု သည် ယုဂဒ္ဒစေတသိက်၊သဒ္ဓါအစ တတြမဇ္ဈတ္တတာအဆုံး ၇-ခုသည် အယုဂဒ္ဒ စေတသိက် ဖြစ်ပါသည်။ (သခေါပ)

● သောဘဏ သနာမိက စေတသိက်ဘို့ဘွင် သောဘဏ သာဓာရဏ စေတသိက် ၁၉-ခုကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုပါသနည်း။

၄၅၈-ဖြေ။ ။သောဘဏစိတ် တခုယုတ်ခြောက်ဆယ်။ဝါ။ ၉၁-ခုတို့နှင့် ယှဉ်သည်ဖြစ်၍ အရာကျယ်သောကြောင့် ရှေးဦးစွာဆိုပါသည်။ ထို့နောင် အနည်းအများကိုလိုက်၍ ဝိရတီအပ္ပမညာတို့ကိုဆိုပါသည်။ (သခေါပ)

● သောဘဏ သာဓာရဏ စေတသိက် ၁၉-ခုတို့တွင် သဒ္ဓါကို အဘယ့်ကြောင့် ရှေးဦးစွာ ဆိုပါသနည်း။

၄၅၉-ဖြေ။ ။ဓမ္မုဒ္ဒေသ ပါဠိတော်ကိုမှီ၍ ရှေးဦးစွာ ဆိုပါသည်။ (သခေါပ) တနည်း....အလုံးစုံသော ကုသိလဘရားတို့တွင် ပြဋ္ဌာန်း၍ အလုံးစုံသောကုသိလတရားတို့၏ရှေ့သွားဖြစ်သောကြောင့် ရှေးဦးစွာ ဆိုပါသည်၊ ပညိန္ဒြေကို အနာမိကဖြစ်၍ အရေအတွက် အနည်းဆုံး ဖြစ်သောကြောင့် နောက်ဆုံး ဆိုသည်။ (သခေါပ)

† သဒ္ဓါပုဗ္ဗင်္ဂမာ ပုရေစာရိကာ ဟောတိ။ (အဋ္ဌသာလိနီ)

● အဘယ့်ကြောင့် သမ္မာဝါစာ-မည်ပါသနည်း၊ သမ္မာဝါစာ၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၄၆၀-ဖြေ။ ။"သမ္မာဝဒန္တိ တေါယာတိ သမ္မာဝါစာ"ဟူသော

ဝစနတ္ထနှင့်အညီ မိစ္ဆာဝါစာကို ပယ်သည်ဖြစ်၍ အသင့် အားဖြင့် ဆိုကြောင်းဖြစ်သောကြောင့် သမ္မာဝါစာ-မည်ပါသည်။ တနည်း-ကောင်းမြတ် ချီးမွမ်းအပ်သော မချော်ယွင်းသော စကား အစရှိသည်ကို ဆိုကြောင်း ဖြစ်သောကြောင့် သမ္မာဝါစာ-မည်ပါသည်။ ထိုသမ္မာဝါစာသည် အသက်မွေးခြင်းအကြောင်းကိုမငဲ့ဘဲ ဝစီဒုစရိုက် ၄-ပါးမှရှောင်ကြဉ်ခြင်း လက္ခဏာ ရှိပါသည်။ (ဋီကာ၌ လက္ခဏာမပါ) မုသာဝါဒ-ဖရုသဝါစာ-သမ္ဖပ္ပလာပတို့မှ ရှောင်ကြဉ်သောအားဖြင့် သမ္မာဝါစာ ၄-မျိုး ရှိပါသည်။ (၌)

---

❶ တရားစကား ဟောပြောခြင်း, ဆွေးနွေးခြင်း, စာပေပို့ချခြင်း, အကျိုးရှိသော စကားကို ပြောဆိုခြင်း စသည်တို့သည် သမ္မာဝါစာ ဝိရတိ ဖြစ်, မဖြစ် သင့်သလို ဆုံးဖြတ်ပါ။

၄၆၁-ဖြေ။ ။ဝိရမိတမ္ပဒုစ္စရိဘဝင်္ဂမှ ရှောင်ကြဉ်မှုမရှိသောကြောင့် သမ္မာဝါစာ ဝိရတိမဖြစ်ပါ။ သုဘာသိတဝါစာ-ကထာသမ္မာဝါစာသာ ဖြစ်ပါသည်။ {ဝိရတိဟူသည် ဒုစရိုက်တို့မှ ရှောင်ကြဉ်မှု ရှိမှသာလျှင် ဝိရတိ-ဖြစ်သည်။} (ပရမတ္ထဒီပနီ)

● သမ္မာဝါစာအပြားကို အဓိပ္ပာယ်နှင့်တကွ ရှင်းလင်းဖော်ပြပါ။

၄၆၂-ဖြေ။ ။သမ္မာဝါစာသည်-

(၁) ကထာ သမ္မာဝါစာ

(၂) စေတနာ သမ္မာဝါစာ

(၃) ဝိရတိ သမ္မာဝါစာ - ဟူ၍ ၃-မျိုးရှိ၏။ ထိုတွင် အကျိုးအကြောင်းနှင့်စပ်သော စကားကို ကောင်းစွာ ဆိုခြင်းသည် ကထာသမ္မာဝါစာ-မည်၏။ (ကထာသမ္မာဝါစာကား ဝစီဝိညတ်ပင်တည်း။)

ဘုံကထာသမ္မာဝါစာကို ဖြစ်စေတတ်သော ကုသိုလ်ကြံယာစေတနာသည် စေတနာသမ္မာဝါစာ-မည်၏။

ဒုစရိုက်တို့မှ ရှောင်ကြဉ်သော အခြင်းအရာ အားဖြင့် စိတ်ဖြစ်ခြင်းသည် ဝိရတိ သမ္မာဝါစာ-မည်၏။ ဤ၌ ဝိရတိ သမ္မာဝါစာကိုသာ လိုအပ်သည်။ (ပရမတ္ထဒီပနီ)

● အသက်မွေးခြင်းအကြောင်းကိုင့်၍ ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သောအခါ သမ္မာဝါစာ ဖြစ်,မဖြစ် အဘယ်ဝိရတီမျိုး၌ ပါသင့်မပါသင့် ထောက်ချင့်၍ ဆုံးဖြတ်ပါ။

၄၆၃-ဖြေ။ ။ဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်သောကြောင့် သမ္မာဝါစာ ဖြစ်ပါသည်။ သို့သော် အသက်မွေးခြင်းအကြောင်းကို ငဲ့သောကြောင့် သမ္မာဝါစာ ဝိရတီ၌ မပါသင့်။ သမ္မာအာဇီဝ ဝိရတီ၌သာ ပါသင့်ပါသည်။ (အက်ရ)

● သမ္မာဝါစာ-၌ သမ္မာ-အရ အမိပ္ပာယ် ရှင်းလင်းဖော်ပြပါ။

၄၆၄-ဖြေ။ ။ဝစီဒုစရိုက်မှ သမာဒါန-စသည်ဖြင့်ရှောင်ကြဉ်ခြင်းသည် သမ္မာ-မည်၏၊ ထိုသို့ဝစီဒုစရိုက်မှ သမာဒါန စသည်ဖြစ်အောင်ရှောင်ကြဉ်မှလည်း သမ္မာဝါစာ ဝိရတီ ဖြစ်သည်ဟု သမ္မာဖြင့် ပြသည်။ (သမ္မာကမ္မန္တ သမ္မာအာဇီဝမှာလည်း ထို့အတူ။)

† သမ္မာတိ ဉာယေန မိစ္ဆာဝါစာ ပဟာနေန။ (ဇူ)

● အဘယ့်ကြောင့် သမ္မာကမ္မန္တ-မည်ပါသနည်း၊ သမ္မာကမ္မန္တ၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၄၆၅-ဖြေ။ ။"ကမ္မမေဝ ကမ္မန္တော၊ သမ္မာ ပဝတ္တော ကမ္မန္တော သမ္မာကမ္မန္တော" ဟူသော ဝစနတ္ထနှင့်အညီ မိစ္ဆာကမ္မန္တကို ပယ်သည်ဖြစ်၍ အသင့်အားဖြင့်ဖြစ်သော ကံဖြစ်သောကြောင့် သမ္မာကမ္မန္တ မည်ပါသည်။ ထို သမ္မာကမ္မန္တသည် အသက်မွေးခြင်း အကြောင်းကို မဲ့ဘဲ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်း လက္ခဏာ ရှိပါသည်။ (ပါဏာတိပါတ-အဒိန္ဓာဒါန-ကာမေသုမိစ္ဆာစာရတို့မှရှောင်ကြဉ်သော အားဖြင့် သမ္မာကမ္မန္တ ၃-မျိုးရှိ၏။) ကမ္မန္တ-၌ အန္တ-သဒ္ဒါကား-သုတ္တန္တ ဝနန္တတို့၌ကဲ့သို့ အနက်မရှိ။ တဘ္ဘောတည်း။ (ဋီ) (ဋီ-၌လက္ခဏာမပါ)

● အသက်မွေးမှုကိုမဲ့ဘဲ ရတနာသုံးပါး၏ ဝေယျာဝစ္စကိုပြုခြင်း, လမ်းရှင်းခြင်း, တံတားခင်းခြင်း, ရေတွင်းတူးခြင်း, အပြစ်မရှိ

သော သူတပါး၏ အလုပ်ကိုကူ ညီဆောင်ရွက်ပေးခြင်း စသည် တို့သည် သမ္မာကမ္မန္တ ဝိရတီ ဖြစ်, မဖြစ် သင့်သလို ဆုံးဖြတ်ပါ။

၄၆၆-ဖြေ။ ။ဝိရမီတဗ္ဗဒုစ္စရိတဝတ္ထုမှရှောင်ကြဉ်မှုမရှိသောကြောင့် သမ္မာကမ္မန္တဝိရတီမဖြစ်ပါ၊ ကြိယာသမ္မာကမ္မန္တ, စေတနာသမ္မာကမ္မန္တ သာ ဖြင့်ပါသည်။ ကာယသုစရိတ ကုသိုလ်ဟု ကား- ဆိုနိုင်ပါသည်။ (ဝိရတီ-ဟူသည် ဒုစရိုက်တို့မှ ရှောင်ကြဉ်မှု ရှိမှသာလျှင် ဝိရတီ ဖြစ်သည်။) (ပရမတ္ထဒီပနီ)

- လူတယောက်သည် မြွေတကောင်ကို တွေ့ ၍ ရိုက်သတ် မည် ပြုပြီးမှ မရိုက်ဘဲ အ သက် ချမ်း သာ ပေး လိုက် ၏။ နောက်တယောက်မှာ ရေခန်းသောအိုင်မှ ငါးတကောင်ကိုတွေ့၍ ရေကန်ထဲမှာလွှတ်လိုက်၏။ ထို ၂-ယောက်တို့မှာ ဒါန, သီလ, ကုသိုလ်တို့တွင် အဘယ်ကုသိုလ် ဖြစ်ကြမည်နည်း။

၄၆၇-ဖြေ။ ။ပဌမလူမှာ သီလကုသိုလ် ဖြစ်၍၊ ဒုတိယလူမှာ ဒါန ကုသိုလ် ဖြစ်ပါသည်။

- သမ္မာကမ္မန္တအပြားကို အဓိပ္ပာယ်နှင့်တကွ ရှင်းလင်းဖော်ပြပါ။

၄၆၈-ဖြေ။ ။သမ္မာကမ္မန္တသည်-

(၁) ကြိယာ သမ္မာကမ္မန္တ။

(၂) စေတနာ သမ္မာကမ္မန္တ။

(၃) ဝိရတီ သမ္မာကမ္မန္တ-ဟူ၍ ၃-မျိုးရှိ၏။

ထိုတွင် အပြစ်မရှိသော အမှုအခုခုကို ပြုသောသူ၏ ကိုယ်၌ဖြစ်သော အမှုအရာ ကြိယာသည် ကြိယာသမ္မာကမ္မန္တ-မည်၏။

ထိုကြိယာ သမ္မာကမ္မန္တကို ဖြစ်စေတတ်သော စေတနာ သည် စေတနာ သမ္မာကမ္မန္တ-မည်၏။

ဒုစရိုက်တို့မှ ရှောင်ကြဉ်သော အခြင်းအရာအားဖြင့် စိတ်ဖြစ်ခြင်းသည် ဝိရတီသမ္မာကမ္မန္တ-မည်၏။ ဤ၌ ဝိရတီ သမ္မာကမ္မန္တကိုသာ လိုအပ်ပါသည်။ (ပရမတ္ထဒီပနီ)

- အသက်မွေးခြင်း အကြောင်းကိုင့်၍ ကာယ ဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သောအခါ သမ္မာကမ္မန္တ ဖြစ်,မဖြစ် အဘယ် ဝိရတီ မျိုး၌ ပါသင့်,မပါသင့် ထောက်ချင့်၍ ဆုံးဖြတ်ပါ။

၄၆၉-ဖြေ။ ။ကာယဒုစရိုက်တို့မှ ရှောင်ကြဉ်သောကြောင့် သမ္မာကမ္မန္တ-ဖြစ်ပါသည်။ ဤသော် အသက်မွေးခြင်းအကြောင်းကို ငဲ့သောကြောင့် သမ္မာကမ္မန္တ ဝိရတီ၌ မပါသင့်၊ သမ္မာအာဇီဝ ဝိရတီ၌သာ ပါသင့်ပါသည်။ (အက်ုရ)

- အဘယ့်ကြောင့် သမ္မာအာဇီဝ-မည်ပါသနည်း၊သမ္မာအာဇီဝ ၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၄၇၀-ဖြေ။ ။"သမ္မာအာဇီဝန္တိ ဧတေနာတိ သမ္မာအာဇီဝေါ" ဟူသောဝစနတ္ထနှင့်အညီ မိစ္ဆာဇီဝကို ပယ်သည်ဖြစ်၍ အသင့်အားဖြင့် အသက်မွေးကြောင်း ဖြစ်သောကြောင့် သမ္မာအာဇီဝ-မည်ပါသည်။ ထို သမ္မာအာဇီဝသည် အသက်မွေးခြင်း အကြောင်းကိုင့်၍ ကာယ ဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်း လက္ခဏာ ရှိပါသည်။ (အသက်မွေးကြောင်းကိုင့်၍ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုရိုက် ၄-ပါးတို့မှရှောင်ကြဉ်သောအားဖြင့် သမ္မာအာဇီဝ ၇-မျိုးရှိ၏။) (ဋီ)

(ဋီ-၌ လက္ခဏာမပါ)

- ပြကတေ့အားဖြင့် အပြစ်မရှိသော ကုန်သွယ်ခြင်း, လယ် လုပ်ခြင်း, ရောင်းဝယ် ဖောက်ကားခြင်း, ဆွမ်းခံခြင်း, အသက်မွေးဝမ်းကျောင်းအတွက် ပစ္စည်းရမှုတခုခုကို ရှာဖွေခြင်း စသည်တို့သည် သမ္မာအာဇီဝ ဝိရတီ ဖြစ်,မဖြစ် သင့်သလို ဆုံးဖြတ်ပါ။

၄၇၁-ဖြေ။ ။ဝိရမီဘဗ္ဗ ဒုစ္စရိတ ဝတ္ထုမှ ရှောင်ကြဉ်မှုမရှိသောကြောင့် သမ္မာအာဇီဝ ဝိရတီ-မဖြစ်ပါ။ ဝိရိယ သမ္မာ အာဇီဝသာ ဖြစ်ပါသည်။ (ဝိရတီ-ဟူသည် ဒုစရိုက်တို့မှ ရှောင်ကြဉ်မှုရှိမှသာလျှင် ဝိရတီဖြစ်သည်ဟု အမြဲမှတ်လေ။ (ပရမတ္ထဒီပနီ-ဇူ)

● ကြက်တကောင်ကို သတ်မည်ပြုပြီးမှ မသတ်ဘဲ ရှောင်ကြဉ်လျှင် အာဘယိဝရတီ-ဖြစ်သနည်း၊ ဖြစ်သင့်သမျှ ခွဲခြားရှင်းပြပါ။

၄၇၂-ဖြေ။ ။ကြက်တကောင်ကိုစားချင်၍ သတ်မည်ပြုပြီးမှသနား၍ ရှောင်ကြဉ်လျှင် သမ္မာအာဇီဝ ဝိရတီ ဖြစ်သည်။ စားချင်၍မဟုတ် အမြင်ကပ်၍ သတ်မည်ပြုပြီးမှ သနား၍ ရှောင်ကြဉ်လျှင် သမ္မာကမ္မန္တ ဝိရတီ-ဖြစ်သည်။

● သမ္မာဝါစာ, သမ္မာကမ္မန္တတို့နှင့် သမ္မာအာဇီဝ၏ အထူးကို ၎င်း, သမ္မာအာဇီဝ အပြားကို၎င်း ရေးခဲ့ပါ။

၄၇၃-ဖြေ။ ။သမ္မာဝါစာ,သမ္မာကမ္မန္တတို့မှာ အာဇီဝဟေတုကို မငဲ့မူ၍ ဝဒီဒုစရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးမှ ကြဉ်သည်။သမ္မာအာဇီဝသည် အာဇီဝဟေတုကိုငဲ့၍ ဝဒီဒုရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးတို့မှကြဉ်သည်။ဤသို့ထူးပါသည်။သမ္မာအာဇီဝသည်အထက်က ဖြေခဲ့သည့်အတိုင်း ၇-မျိုးပြားသည်။အုံဘွယ်သရဲကို ဖြစ်စေခြင်း၊ မိဒိကိုယ်ကို ချိုးမြောက်၍ ဟောပြောခြင်း စသော မိစ္ဆာဇီဝမှ ကြဉ်သော အားဖြင့်ကား-များသောအပြား ရှိပါသည်။

{ကုဟန လပန စသော မိစ္ဆာဇီဝမှရှောင်ကြဉ်သော အာဇီဝ ပါရိသုဒ္ဓိမျိုးကား - ပစ္စည်းကို ရှာဖွေသော လုံ့လသည် သမ္မာအာဇီဝ၏ ဂုဏ်မျှဖြစ်၍၊ အသက်မွေးမှုကိုငဲ့၍ ဒုစရိုက်မှ ရှောင်ကြဉ်မှုမရှိသောကြောင့် ဤနေရာ၌ သမ္မာအာဇီဝအစစ်ဟု မယူဆအပ်၊ ပရိယာယ်အားဖြင့် သမ္မာအာဇီဝ ဖြစ်သည်ကိုသာ ရည်ရွယ်၍ ဋီကာဆရာ ဆိုခြင်းဖြစ်သည်။}

† သော ပန အာဇီဝဟေတုက ကာယဝစီ ဒုစ္စရိတတော ဝိရမဏာဝသေန သတ္တဝိဓော၊ ကုဟန လပနာဒီ မိစ္ဆာဇီဝ ဝိရမဏာဂသေန ဗဟုဝိဓော ဝေါ။ (ဋီ)

● သမ္မာအာဇီဝအပြားကိုအဓိပ္ပာယ်နှင့်တကွရှင်းလင်းဖော်ပြပါ။

၄၇၄-ဖြေ။ ။သမ္မာအာဇီဝသည်-

(၁) ဝိရိယ သမ္မာအာဇီဝ။

(၂) ဝိရတိ သမ္မာအာဇီဝ-ဟူ၍ ၂-မျိုးရှိ၏။

ထိုတွင်-ပြကတော့အားဖြင့် အပြစ်မရှိကုန်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း, ဆွမ်းခံခြင်း စသည်တို့ကိုပြု၍ အသက်မွေး ကုန်သော သူတို့၏ ထက်ြသော အခြင်းအရာအားဖြင့်ဖြစ်သော လုံ့လသည် ဝိရိယ သမ္မာအာဇီဝ-မည်၏။

အသက်မွေးခြင်းအကြောင်းကိုငဲ့၍ မိမိ၏အသက်မွေးမှု ပျက်စီး ခြင်း၏ အကြောင်းဖြစ်ကုန်သော ကာယ ဝစီ ဒုစရိုက်တို့ကို မပြုမလုပ် ကုန်သောသူတို့၏ မကောင်းမှုမှ ရှောင်ကြဉ်သောအခြင်းအရာအားဖြင့် စိတ် ဖြစ်ခြင်းသည် ဝိရတိ သမ္မာအာဇီဝ - မည်၏။ ဤ၌ ဝိရတိ သမ္မာ အာဇီဝကိုသာ လိုအပ်ပါသည်။ (ပရမတ္ထဒီပနီ)

● မုဆိုး,တံငါ-စသည်တို့သည် ဒုစရိုက်မှုကိုစွန့်သော်လည်း မိမိတို့ ရရှိထားသော ပစ္စည်းတွေကို မစွန့်ဘဲ သုံးစွဲနေပါလျှင် သမ္မာ အာဇီဝ ဖြစ်နိုင်,မဖြစ်နိုင် အကြောင်းပိုင်ပိုင်နှင့် ဆုံးဖြတ်ခဲ့ပါ။

၄၇၅-ဖြေ။ ။သမ္မာ အာဇီဝဖြစ်မှု၌ ပစ္စည်းကို စွန့်ရမည်ဟု မဆို၊ မိစ္ဆာဇီဝ (ဒုစရိုက်) ကိုသာ စွန့်ရမည်ဟု ဆိုသဖြင့် အသက်မွေးမှုနှင့် ပတ်သက်၍ ဒုစရိုက်တို့ကို စွန့်လွှတ်ရှောင်ကြဉ်လိုက်သည်နှင့်တပြိုင်နက် သမ္မာအာဇီဝအစစ် ဖြစ်ပါသည်။ သို့သော်-မစင်ကြယ်သောပစ္စည်းဖြင့် အသက်မွေးနေသောကြောင့် သမ္မာအာဇီဝ မဖြစ်ဟု လောကအခြေ အဆိုဘေးမှကား-မလွတ်ပါ။

{မုဆိုး, တံငါ အလုပ်နှင့် အသက်မွေးခြင်း, မတရား တံစိုး လက်ဆောင်စား၍ တရားစီရင်ခြင်း, မုသားပြောခြင်း စသည်

ကား-မိစ္ဆာဇီဝ၊ ထိုအမှုတို့မှရှောင်လျှင် သမ္မာအာဇီဝ ဖြစ်၏ ဟု မှတ်လေ။}

† ယံပန အာဇီဝဟေတု နေသာဒမစ္ဆဗန္ဓာဒယော ပါဏံ ဟနန္တိ၊ အဒိန္ဒံ အာဒိယန္တိ၊ မိစ္ဆာစာရံ စရန္တိ၊ အယံ မိစ္ဆာဇီဝေါနာမ၊ တတော ဝိရတိ သမ္မာအာဇီဝေါနာမ။ (အဋ္ဌသာလိနီ)

● သမ္မာအာဇီဝဟူသည်သီးခြားမရှိ၊သမ္မာဝါယာမ,သမ္မာကမ္မန္တ ထဲတွင်ပါဝင်ပြီးဖြစ်လျက် အဘယ့်ကြောင့် သီးခြားထုတ်နုတ်၍ ပြပါသနည်း။

၄၇၆-ဖြေ။ ။လောက၌ ကာယဝစီဒုစရိုက်တို့ကို လွန်ကျူးကြခြင်း ကား-အမြဲမပြတ် အသက်မွေးမှုနှင့်စပ်၍သာ လွန်ကျူးကြ၏။ထို အမြဲ မပြတ် အသက်မွေးမှုနှင့်စပ်၍ လွန်ကျူးသော ဒုစရိုက်မှ ရှောင်ကြဉ်မှု ဝိရတိကို ပြလိုသဖြင့် သီးခြားထုတ်နုတ်၍ ပြပါသည်။

† ဒုဝ ပဋိသေဝန ဝသေန ပနာယံ တတော နီဟရိတွာ ဒဿိတော။ (အဋ္ဌသာလိနီ)

● သမ္မာအာဇီဝသည် မနောဒုစရိုက်ကိုရှောင်ကြဉ်၍ မနောဒွါရ၌ လည်း ဖြစ်သင့်သည် မဟုတ်ပါလော။

၄၇၇-ဖြေ။ ။အာဇီဝပျက်မှု,ပြည့်မှုသည် ကာယဝစီဒွါရတို့၌သာ ရကောင်း၍၊မနောဒွါရ၌အာဇီဝပျက်မှု,ပြည့်မှု မရကောင်းမရှိကောင်း သောကြောင့် မနောဒွါရ၌ သမ္မာအာဇီဝ မဖြစ်သင့်ပါ။ {ဝိရတိသီလ ကား-ကာယဝစီ ဒွါရတို့၌သာ ဖြစ်နိုင်၏။ မနောဒွါရ၌ ဝိရတိသီလ မဖြစ်နိုင်ဟု မှတ်။}

† အာဇီဝေါနာမေသ ဘိဇ္ဇမာနော ကာယဝစီ ဒွါရေသုယေဝ ဘိဇ္ဇတိ၊မနောဒွါရေအာဇီဝဘေဒေါနာမနတ္ထိ၊ပူရယမာနောပိ တသ္မိံယေဝ ဒွါရဒွယေ ပူရတိ၊မနောဒွါရေ အာဇီဝပူရဏံနာမ နတ္ထိ။ (အဋ္ဌသာလိနီ)

❺ အဘယ့်ကြောင့် ဝိရတီ-မည်ပါသနည်း၊ ဝိရတီ အပြားကိုလည်း ရသင့်သမျှ ခွဲခြားပြခဲ့ပါ။

၄၇၈-ဖြေ။ ။ကာယဝစီ ဒုစရိုက်, ဒုရာဇီဝတို့မှ ရှောင်ကြဉ်တတ် ရှောင်ကြဉ်ကြောင်းဖြစ်သောကြောင့် ဝိရတီမည်ပါသည်၊ ဝါ-ထိုဒုစရိုက် ဒုရာဇီဝတို့မှ ရှောင်ကြဉ်ခြင်းသည် ဝိရတီမည်ပါသည်။ ။ထိုဝိရတီသည် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝအားဖြင့် ၃-ပါးရှိပါသည်။ ထို ၃-ပါးတွင် တပါးပါး၌ သမ္ဗတ္တ-သမာဒါန-သမုစ္ဆေဒ ဝိရတီအား ဖြင့် ၃-ပါး ၃-ပါးစီပြားသောကြောင့်၊ ၉-ပါးဖြစ်ပါသည်။ ရသင့်သမျှ ရေတွက်လျှင် သမ္မာဝါစာဝိရတီ ၄-ပါး၊ သမ္မာကမ္မန္တဝိရတီ ၃-ပါး၊ သမ္မာအာဇီဝဝိရတီ ၇-ပါး၊ပေါင်း ၁၄-ပါး ဖြစ်ပါသည်။ထို ၁၄-ပါးတွင် တပါးပါး၌ သမ္ဗတ္တ စသော ၃-ပါး ၃-ပါးစီ ရနိုင်သောကြောင့် (၁၄×၃=၄၂) ပါး ဖြစ်ပါသည်။

† တိဝိဓာပိပဲနေတာ ပစ္စေကံ့ သမ္ဗတ္တ သမာဒါန သမုစ္ဆေဒဝိရတိ ဝသေန တိဝိဓာ ဝိရတိယောနာမ၊ ယထာဝုတ္တ ဒုစ္စရိတေဟိ ဝိရ မဏတောဝါ။ (ဋီ)

● ဒုစရိုက်နှင့် ဒုရာဇီဝတို့၏အထူးကို ဖော်ပြပါ။

၄၇၉-ဖြေ။ ။အသက်မွေးကြောင်းနှင့်မစပ်သော ပါဏာတိပါတ စသော အကုသိုလ်သည် ဒုစရိုက်, အသက်မွေးဝမ်းကြောင်းနှင့် စပ်၍ လုပ်သော ပါဏာတိပါတ စသော အကုသိုလ်သည် ဒုရာဇီဝ။ ဤသို့ ထူးပါသည်။

---

❻ သမ္ဗတ္တ-သမာဒါန-သမုစ္ဆေဒ-ဝိရတိ ၃-ပါးတို့၏အဓိပ္ပာယ်ကို အသီးသီး ဖော်ပြပါ။

၄၈၀-ဖြေ။ ။သိက္ခာပုဒ်ကို မဆောက်တည်ဘဲရှင်း, ဆောက်တည် သော်လည်း သိက္ခာပုဒ်ကိုမငဲ့ဘဲ အရှက်အကြောက်ကို ငဲ့၍ သာလျှင် ရောက်လာသော ဒုစရိုက်မှုကို ရှောင်ကြဉ်ခြင်းသည် သမ္ဗတ္တဝိရတိ မည်၏။ ။သိက္ခာပုဒ်ကို ဆောက်တည်ပြီး- ဆောက်တည်တိုင်း စောင့်

ရှောက်အုံဟု သိက္ခာပုဒ်ကိုငဲ့၍ ရောက်လာသောဒုစရိုက်မှုကိုရှောင်ကြဉ်ခြင်းသည် သမာဒါန ဝိရတိ-မည်၏။ ။မဂ်ခဏ၌အလုံးစုံသောဒုစရိုက်တို့၏ အကြောင်းကို အကြွင်းမဲ့ဖြတ်ခြင်း၏ အစွမ်းဖြင့် ဖြစ်ပေါ်သော ဝိရတိသည် သမုစ္ဆေဒဝိရတိ-မည်၏။ . (ဖိုလ်ဝိရတိကို ဤမဂ်ဝိရတိ၌ သွင်းယူပါ။) (ပရမတ္ထဒီပနီ)

● လောကီဝိရတိနှင့် လောကုတ္တရာဝိရတိတို့သည် အဘယ်ကို အာရုံပြု၍ အဘယ်အရာတို့ကို ဝန်လွှတ် ရှောင်ကြဉ်ပါသနည်း။

၄၈၁-ဖြေ။ ။လောကီဝိရတိတို့သည် ဇီဝိတိန္ဒြေ-သတ္တဝါ-သင်္ခါရတို့ကို အာရုံပြု၍ ကာယဝစီဒုစရိုက်တို့မှ ရှောင်ကြဉ်ပါသည်။ လောကုတ္တရာဝိရတိတို့သည် နိဗ္ဗာန်ကို အာရုံပြု၍ ထိုဒုစရိုက်တို့မှပင် ရှောင်ကြဉ်ပါသည်။ (ပရမတ္ထဒီမနီ)

● လောကီ သမ္မာအာဇီဝ, လောကုတ္တရာ သမ္မာ အာဇီဝ တို့၏ အထူးကို ရေးခဲ့ပါ။

၄၈၂-ဖြေ။ ။လောကီသမ္မာအာဇီဝသည် အထူးထူးသောစိတ်၌ ဖြစ်၏။လောကုတ္တရာသမ္မာအာဇီဝသည်ကား-တခုသောစိတ်၌ဖြစ်၏။ ဤသို့ ထူးပါသည်။

{ကာယဝစီဒွါရ၌ ကမ္မပထ ၇-ပါး၏ အစွမ်းဖြင့် ဖြစ်သော မိစ္ဆာဇီဝဟု ဆိုအပ်သော ဒုဿီလျစေတနာကိုဖြတ်၍ မဂ်အင်္ဂါကို ပြည့်စေလျက် လောကုတ္တရာ ဝိရတိသည် တချက်သာ ဖြစ်သည်ဟူလို။}

† အယမ္ပိ သမ္မာအာဇီဝော ပုဗ္ဗဘာဂေ နာနာစိတ္တေသု လဗ္ဘတိ။ လောကုတ္တရမဂ္ဂက္ခဏေပန ဧကစိတ္တသ္မိံယေဝ လဗ္ဘတိ။
(အဋ္ဌသာလိနီ)

● ဝိရတိတို့သည် အဘယ်ကာလ၌ဖြစ်သော ဒုစရိုက်တို့ကို ရှောင်ကြဉ်ပါသနည်း။

၄၀၃-ဖြေ။ ။သမ္မတ္တာဝိရတိသည် ပစ္စုပ္ပန်ကာလ၌ဖြစ်သော ဒုစရိုက်တို့ကိုရှောင်ကြဉ်ပါသည်။ (ပဋ္ဌသိက္ခာပဒါပစ္စုပ္ပန္နာရမ္မဏာ။သိက္ခာပဒဝိဘင်းပါဠိ)

သမာဒါနဝိရတိသည် ပစ္စုပ္ပန်-အနာဂတ် ကာလ၌ဖြစ်သော ဒုစရိုက်ကို ရှောင်ကြဉ်ပါသည်။

သမုစ္ဆေဒဝိရတိသည် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ ဒုစရိုက်တို့မှ ရှောင်ကြဉ်ပါသည်။ (အတိတ်၌ဖြစ်သော ဒုစရိုက်သည် ချုပ်ပြီးဖြစ်၍ ရှောင်ကြဉ်၍မရတော့။)

{ညဝါအကျော်-ပုဂံအတွင်းဝန်ဆရာတော်ကား-အထက်ပါသိက္ခာပဒဝိဘင်းပါဠိကို ကိုးကား၍ ဝိရတိသည် ပစ္စုပ္ပန်တပါးကိုသာ ကန်အာရုံပြုသည်ဟု အခိုင်အမာဆိုးဖြတ်တော်မူ၏။}

† ပဋ္ဌသိက္ခာပဒါ ပစ္စုပ္ပန္နာရမ္မဏာတိ ဣဒံ သမ္မတ္တဝိရတိ ဝသေန ဝုတ္တံ။ (သမ္မော အဋ္ဌကထာ)

● ဝိတိက္ကမိတ္ထ ဝတ္ထုနှင့် ဝိရမိတဗ္ဗ ဝတ္ထုတို့၏ အထူးကို ခွဲခြားပြခဲ့ပါ။

၄၀၄-ဖြေ။ ။ဇီဝိတိန္ဒြေ-သဗ္ဘဝါ-သဒ်္ဓါရတို့ကား- ဝိတိက္ကမိတဗ္ဗ (လွန်ကျူးအပ်သော) ဝတ္ထုဖြစ်၍၊ ပါဏာတိပါတာ စသော ဒုစရိုက်တို့ကား-ဝိရမိတဗ္ဗ (ရှောင်ကြဉ်အပ်သော) ဝတ္ထုများ ဖြစ်ပါသည်။ဝိရတိတို့သည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ ဝိရမိတဗ္ဗဝတ္ထုမှ ရှောင်ကြဉ်ကြပါသည်။ ဤသို့ ထူးခြားကြပါသည်။

{အချို့စာများ၌ ဝိရတိတို့သည် ဝိရမိတဗ္ဗဝတ္ထုကို အာရုံပြုသည်ဟု ရေးကြသော်လည်း အမှန်မှာ ဝိတိက္ကမိတဗ္ဗဝတ္ထုကိုသာ အာရုံပြုသည်ဟု မှတ်။ ပါဏာတိပါတ စသော ဒုစရိုက် ဝိရမိတဗ္ဗဝတ္ထုတို့သည် လွန်ကျူးကြောင်းဖြစ်၍ ဝိတိက္ကမအမည်ကိုလည်း ရသည်။}

† လောကိယ ဝိရတိယော ဇီဝိတိန္ဒြိယာဒိနိ ဝိတိက္ကမိတဗ္ဗဝတ္ထူနိ အာလမ္ဗိတ္ဝာ ပါဏာတိပါတာဒိနိ ဝိရမိတဗ္ဗဝတ္ထူနိ ပဇဟန္တီ။ (ပရမတ္ထဒီပနီ)

● အဘယ့်ကြောင့် ကရုဏာ - မည်ပါသနည်း၊ ကရုဏာ၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၄၈၅-ဖြေ။ ။"ကရောတိ ပရဒုက္ခေ သတိ သာဓူနံ ဟဒယခေဒံ ဇနေတီတိ ကရုဏာ၊ ကိရတိ ပရဒုက္ခံ ဝိုက္ခိပတီတိ ကရုဏာ၊ ကိဏာတိ ပရဒုက္ခံ ဟိံသတီတိ ကရုဏာ။ ကိရိယတိ ဒုက္ခိတေသု ပသာရိယတီတိ ကရုဏာ" ဟူသော ဝစနတ္ထများနှင့်အညီ သူတပါးတို့၏ ဆင်းရဲဒုက္ခကို မြင်သော် သူတော်ကောင်းတို့၏ စိတ်နှလုံးပင်ပန်းခြင်းကို ဖြစ်စေတတ်သောကြောင့်၎င်း, သူတပါးတို့၏ဆင်းရဲခြင်းကိုပယ်တတ်သောကြောင့်၎င်း, သူတပါးတို့၏ဆင်းရဲကို ဖျက်ဆီးတတ်သောကြောင့်၎င်း, ဆင်းရဲဖြစ်သော သတ္တဝါတို့၌ ဖြန့်အပ်သောကြောင့်၎င်း ကရုဏာ - မည်ပါသည်။ ထို ကရုဏာသည် (ပရဒုက္ခာပန ယနကာမတာ) သူတပါးတို့၏ ဆင်းရဲကို ပယ်ဖျက်လိုသူ၏အဖြစ်လျှင် လက္ခဏာ ရှိပါသည်။ (ဌီ)

{မိမိနှင့် နီးစပ်သူ တယောက် ဆင်းရဲဒုက္ခရောက်နေသည်ကို မြင်လျှင် အလွန်သနားကျင်နာခြင်းဖြစ်တတ်၏။ ထိုသဘောမှာ ကရုဏာအစစ်မဟုတ်၊ စိုးရိမ်ကြောင့်ကြမှုပါသော သောကခေါ် ဒေါမနဿဝေဒနာ (ကရုဏာတု) သာတည်း။ ကရုဏာအစစ်မှာ စိုးရိမ် ကြောင့်ကြမှုမပါ။ သာမန် ပုထုဇဉ် တို့ကား-ကရုဏာအစစ် ဖြစ်ခဲ၏။ သောကတက် ယိုင်သွားသည်သာမုား၏။ ထိုသဘောကိုသောက၌ "သောက-လူယောင်ဆောင်" သည်ဟု ခေါ်ကြ၏။ "ဂေဟသိတံ ဒေါမနဿံ အာသန္ဒပစ္စတ္ထိကံ" ဟု အဋ္ဌကထာ ဆရာက မိန့်ပြီ။ ဂေဟသိတ ဒေါမနဿကား-သောကပင်တည်း။}

● ကရုဏာသည် သူတပါးတို့၏ ဆင်းရဲကို ပယ်ခြင်း လက္ခဏာ ရှိသောဟု ဆို၏။ ကေန္တအားဖြင့်ပင် သူတပါးတို့၏ဆင်းရဲခြင်းကို ပယ်တတ်ပါသလော၊ မပယ်တတ်က ကရုဏာဟူ၍ အဘယ့်သို့ ဆိုမည်နည်း။

၄၈၆-ဖြေ။ ။ဆိုနိုင်ပါသည်။ ကရုဏာသည် သူတပါးတို့၏ဆင်းရဲခြင်းကို ပယ်သည်မူလည်း ဖြစ်စေ, မပယ်သည်မူလည်း ဖြစ်စေ, သူတပါး

တို့၏ဆင်းရဲခြင်းကို ပယ်သောအခြင်းအရာအားဖြင့်သာလျှင် ဖြစ်သော ကြောင့် ပရဒုက္ခာပနယန လက္ခဏာရှိရကား-ကရုဏာ-ဟူ၍ပင် ဆိုနိုင်ပါသည်။

† တာယ ဟိ ပရဒုက္ခံ အပနီယတုဝါ မာဝါ ကဒါကာရေနေဝ သာ ပဝတ္တတိ။ (ဋီ)

● အဘယ့်ကြောင့် မုဒိတာ-မည်ပါသနည်း၊ မုဒိတာ၏လက္ခဏာ ကိုလည်း ဖော်ပြပါ။

၄၈၇-ဖြေ။ ။"မောဒန္တိ ဧတာယာတိ မုဒိတာ" ဟူသော ဝစနတ္ထ နှင့်အညီ ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် မုဒိတာ-မည်ပါသည်။ ထိုမုဒိတာသည် သူတပါးတို့၏စည်းစိမ်ကို ဝမ်းမြောက်ခြင်း(ပရသမ္ပတ္တိ အနုမောဒန) လက္ခဏာ ရှိပါသည်။ (ဋီ)

{မိမိနှင့်နီးစပ်နေသူတယောက်ပြည့်ပြည့်စုံစုံဖြစ်နေသည်ကို မြင်လျှင် ဝမ်းမြောက်မှုဖြစ်တတ်၏၊ ထိုသဘောမှာ မုဒိတာစစ် ဖြစ်ခဲ၏။ အလွန်နှစ်သက် ဝမ်းမြောက်၍ ပီတိသောမနဿ ပြဋ္ဌာန်းသော လောဘမူစိတ်ဘက် ယိုင်သွားသော မုဒိတာ အဘုသာ အဖြစ်များ၏၊ မုဒိတာအစစ်ကား-ကုသိုလ်ဘည်း။ ထို့ကြောင့် အဋ္ဌကထာဆရာက "ဂေဟသိတံ သောမနဿ အာသန္ဒ ပစ္စတ္ထိကံ" ဟု မိန့်ပြီ။}

● အဘယ့်ကြောင့် အပွမညာ - မည်ပါသနည်း၊ အမိပ္ပာယ် ကိုလည်း ရှင်းလင်းဖော်ပြပါ။

၄၈၈-ဖြေ။ ။"နတ္ထိ ပမာဏံ ဧတေသန္တိ အပွမာဏာ (သတ္တာ) အပွမာဏာ အာရမ္မဏာ ဧတာသန္တိ အပွမာဏာ(ဥက္ကရပဒလောပ) အပွမာဏာဝေ အပွမညာ" (သကတ္ထဏျ-ပစ္စည်း) ဟူသော ဝစနတ္ထ နှင့်အညီ အတိုင်းအရှည်မရှိသော သတ္တဝါပညတ်လျှင် အာရုံရှိသော ကြောင့် အပွမညာ-မည်ပါသည်။ (ဋီ)

{အပွမညာသည် အပိုင်းအခြားရှိသော်လည်း ၎င်း၏အာရုံ ဖြစ်သော သတ္တဝါပညတ်က အပိုင်းအခြား မရှိသောကြောင့် အာရုံ၏ အမည်ကို အာရမ္မဏိက၌ တင်စား၍ ကာရဏူပစာ

အားဖြင့် အပွမညာခေါ်သည်။ ဒုက္ခိတသတ္တဝါများပြား၍ ထို ဒုက္ခိတသတ္တဝါ အာရုံရှိသော ကရုဏာကို ရှေးဦးစွာ ပြသည်။ အပွမညာ မည်ကြောင်းကို ကမ္မဋ္ဌာန်းပိုင်း၌လည်း ပြ ထားသေးသည်။}

● အတိုင်းအရှည် မရှိသော သတ္တဝါ ပညတ်လျှင် အာရုံရှိသော ကြောင့် အပွမညာ မည်သည်ဟု ဆိုသော်၊ တယောက်သော သတ္တဝါ ပညတ်ကို အာရုံပြု၍ ကရုဏာ, မုဒိတာ-ဖြစ်ရာ၌ အဘယ်သို့ အပွမညာ-မည်နိုင်မည်နည်း။

၄၈၉-ဖြေ။ ။တယောက်သော သတ္တဝါ ပညတ်ကို အာရုံပြု၍ ဖြစ်သော်လည်း သူ၏သဘောက ဤမျှသော သတ္တဝါပညတ်ကိုသာအာရုံပြု၍ ဖြစ်ရမည်၊ ဤမျှသော သတ္တဝါ ပညတ်ကို အာရုံပြု၍ မဖြစ်ရ-ဟု အပိုင်းအခြားပမာဏမရှိသောကြောင့် အပွမညာပင် မည်နိုင်ပါသည်။

† ပရိစ္ဆေဒပွမာဏဿ အဘာဝါ ကေသို့သတ္တေ ပဝတ္တာပိ အပွမညာဝေ နာမ ဓဟာန္တိ။ (ပရမတ္ထဒီပနီ)

● ကမ္မဋ္ဌာန်းပိုင်း၌ အပွမညာ ၄-ပါး ဆိုလတ္တံ့ ဖြစ်လျက် ဤ၌ အဘယ့်ကြောင့် ၂-ပါးသာ ဆိုပါသနည်း။

၄၉၀-ဖြေ။ ။၄-ပါး ဆိုလတ္တံ့ဖြစ်သော်လည်း ဤ၌ အဒေါသဖြင့် မေတ္တာကို တတြမဇ္ဈတ္တတာဖြင့် ဥပေက္ခာကို ယူပြီးဖြစ်သောကြောင့် ၂-ပါးသာ ဆိုပါသည်။{ဤသို့ယူရာ၌ အဒေါသတိုင်း တတြမဇ္ဈတ္တတာ တိုင်းကိုမယူရ။ သတ္တဝါတို့၌ အစီးအပွားကို အလိုရှိသည်၏ အစွမ်းဖြင့် ဖြစ်သော အဒေါသကိုသာ မေတ္တာ၊ သတ္တဝါတို့၌ အမျက်ထွက်ခြင်း, ချစ်ခြင်းမှ ငြိမ်းခြင်း၏ အစွမ်းဖြင့် ဖြစ်သော တတြမဇ္ဈတ္တတာ ကိုသာ ဥပေက္ခာ-ဟု ယူအပ်၏။အခြားစေတသိက်များကဲ့သို့သန်ျာအတိအကျ မပြသည်မှာ အပွမညာ ၂-ပါးသာမက ၄-ပါး ရှိနေသောကြောင့် ဖြစ်သည်။}

† အဗျာပါဒေန မေတ္တာဟိ၊ တတြမဇ္ဈတ္တတာယ စ။
ဥပေက္ခာ ဂဟိတာ ယသ္မာ၊တသ္မာ နဂဟိတာ ဥဘော။(ဋီ)

† အဒေါ်သောယေဝ ဟိ သတ္တော်သု ဟိတဇ္ဈာသယဝသပ္ပဝတ္တော
မေတ္တာနာမ၊တတြမဇ္ဈတ္တတာယေဝ တေသု ပဋိဃာ နုနယဂ္ဂပ
သမပ္ပဝတ္တာ ဥပေက္ခာနာမ။ (ဋီ)

● ကမ္မဋ္ဌာန်းပိုင်းလာ ကရဏာ,မုဒိတာ,အပ္ပမညာနှင့်စေတသိက်
ပိုင်းလာ ကရဏာ, မုဒိတာ, အပ္ပမညာ တို့ကား-အဘယ်သို့
ထူးပါသနည်း။

၄၉၁-ဖြေ။ ။ကမ္မဋ္ဌာန်းပိုင်းလာ ကရဏာ,မုဒိတာ, အပ္ပမညာ
ကား-အပ္ပနာပတ္တ-ရူပါဝစရ၊ စေတသိက်ပိုင်းလာ ကရဏာ,မုဒိတာ,
အပ္ပမညာ ကား-ကာမာဝစရ။ဤသို့ ထူးပါသည်။

† ကေဝလဉ္စိ တာ အပ္ပနာပတ္တာ ရူပါဝစရာ၊ တုဓ ကာမာဝစရာတ်
အယမေဝ ဝိသေသော။ (အဋ္ဌသာလိနီ)

● ဝမ်းမြောက်သောပုဂ္ဂိုလ်ဟုခေါ်ရာ၌သဘာဝကျပါမည်လော၊
အဘယ်သည် ဝမ်းမြောက်ပါသနည်း ရှင်းလင်းဖော်ပြပါ။

၄၉၂-ဖြေ။ ။မောဒနကြိယာကလေးသည် မုဒိဘာပင်ဖြစ်သည်။
မောဒနကြိယာကြောင့် ဖြစ်ပေါ်လာသော သမ္ပယုတ် တရားတို့ကို
မောဒနကြိယာကလေးသည် ဝမ်းမြောက်မှု၌ အစိုးတရကျေးဇူးပြုပေး
သည်။ ထို့သို့'မောဒနကြိယာကလေးက သမ္ပယုတ်တရားတို့အား ဝမ်း
မြောက်ဘို့ကျေးဇူးပြုပေးသောအခါ သမ္ပယုတ်တရားတို့နှင့်အတူတကွ
ဖြစ်သော ပုဂ္ဂိုလ်ကို ဝမ်းမြောက်သော ပုဂ္ဂိုလ်ဟု လောက၌ ခေါ်ကြ
ပါသည်။

{မောဒနကြိယာ (မုဒိတာ) ကား-ဝမ်းမြောက်ကြောင်း
တရား၊ သမ္ပယုတ္တ ဓမ္မကား - ဝမ်းမြောက်တတ်သောတရား၊
ထိုသမ္ပယုတ္တဓမ္မနှင့် အတူဘက္ခဖြစ်သော ပုဂ္ဂိုလ်ကိုလည်း ဝမ်း
မြောက်သောပုဂ္ဂိုလ်-ဟု ဥပစာအားဖြင့် ခေါ်နိုင်သည်ဟူလို။}

† တဿာ ဟိ ဓမ္မာနံ တထာပဗ္ဗယဘာဝေ သတိ ပုဂ္ဂလော
မောဒတီတိ ဝေါဟာရော ဟောတိ။ (ဋီ)

● အဘယ့်ကြောင့် ပညာ- မည်ပါသနည်း၊ ထို ပညာသည်ပင် ဣန္ဒြေမည်ခြင်း၏ အကြောင်းကိုလည်း ရေးခဲ့ပါ။

၄၉၃-ဖြေ။ ။"ပကာရေနဇာနာတိအနိစ္စာဒိဝသေနအဝဗုဇ္ဈတီတိ ပညာ"ဟူသော ဝစနတ္ထနှင့်အညီ အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့် ထိုးထွင်း၍သိတတ်သောကြောင့် ပညာ မည်ပါသည်။ထိုပညာသည်ပင် အကြင်အကြင် အနိစ္စ အစရှိသော သာမည သဘောလက္ခဏာ ကက္ခဋ္ဌ ဒုသနစသော ဝိသေသသဘောလက္ခဏာကိုထိုးထွင်း၍သိခြင်း၌အစိုးရ သည်၏ အဖြစ်နှင့် ယှဉ်ခြင်းကြောင့် ဣန္ဒြေ-မည်ပါသည်။ ထို ၂-ပါး သော သတ္တိကြောင့် ပညိန္ဒြေ-မည်ပါသည်။

† သာဧဝ ယထာသဘာဝါဝ ဗောဓနေ အာဓိပစ္စယော ဂတော ဣန္ဒြိယန္တိ ပညိန္ဒြိယံ။ (ဋီ)

{ပညာကား - ကုသိုလ်တရား အစစ်သာဘည်း။ ရန်သူကို လှည့်ဖြားနိုင်ခြင်း,သူတပါးအား လှည့်စားလိမ်ညာ ဖြားယောင်း သွေးဆောင်နိုင်ခြင်းတို့ကား- မာယာခေါ် ဝဉ္ဇနာပညာ (ပညာ ဘု) သာတည်း။တရားကိုယ်ကား-လောဘတဏှာပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပာဒ်သာဖြစ်ရာသည်။ ပညာစစ်ကား-မဖြစ်နိုင်။ အကျိုးရှိဘို့ ဥပါယ်၌ လိမ်မာသော ပညာများကား-ကုသိုလ်မျိုး ဖြစ်၍ ပညာစစ်ဖြစ်သင့်သည်။ ဓား, လှံ, လေး, မြား, သေနတ်, ဒုံး, အမြောက်-စသည် ပြုလုပ်ရာ၌ လိမ်မာကျွမ်းကျင်မှုမျိုးကား- အကုသိုလ်ကို ရှေရှုနေသဖြင့် ပညာစစ် မဖြစ်နိုင်။ အကုသလ ဝိတက်၏ အစွမ်း ထက်မြက်မှုမျိုးသာ ဖြစ်ရာသည်။ အကျိုးရှိမှု, ကာကွယ်မှုကို ရှေရှုပြုလုပ်ရာ၌ကား-ကုသိုလ်ဖြစ်ခွင့်ရှိ၍ပညာစစ် မဟုတ်ဟူ၍လည်း မဆိုသာ။ ဤအရာမျိုး၌ ရည်ရွယ်ပုံ အဝဝ စိတ်ဖြစ်ပုံကလည်း လျင်မြန်လှ၍ ဧကန် ဧကပါဘဲဟု တဘစ်ချ ပြောနိုင်ဘို့ကား-မလွယ်လှပါပေ။}

† ကိံဒိဋ္ဌိဂတိကာနံ ဝဉ္ဇနာ ပညာ နတ္ထီတိ-အတ္ထိ။ နပနေသာ ပညာ မာယာနာမေသာ ဟောတိ၊ အတ္ထတော တဏှာဝ။

(အဋ္ဌသာလိနီ)

● သညာ, ဝိညာဏ်, ပညာတို့၏ သိပုံအထူးကို ဥပမာဆောင်၍ ထင်အောင် ပြခဲ့ပါ။

၄၉၄-ဖြေ။ ။သညာသည် အညို,အရွှေ စသည်တို့၏ အစွမ်းဖြင့် သိခြင်းမျှကိုသာ ပြုနိုင်၏။ အနိစ္စ စသော သဘောလက္ခဏာကိုကား-ထိုးထွင်း၍မသိနိုင်။ဝိညာဏ်သည် အနိစ္စ စသော သဘောလက္ခဏာကို ထိုးထွင်း၍ကား-သိနိုင်၏။ လုံလထုတ်ပြီး ဝိပဿနာကိုပွား၍ မဂ်သို့ မရောက်စေနိုင်။ပညာသည်ကား-ထို ၃-ပါးသောကိစ္စကိုအကုန်ပြီးစေနိုင်၏။သူငယ်-ရွာ၌ နေသောသူ (အမိ) -ရွှေပန်းထိမ်သည်တို့၏ရွှေကို သိခြင်းကဲ့သို့ပင် ဖြစ်၏။ ဤသို့ထူးကြပါသည်။

{သူငယ်သည် ဤဝတ္ထုကား-ညို၏, ရွှေ၏ စသည်ဖြင့်သာ သိသည်။ အသပြာဟူ၍ မသိ။ ရွာ၌နေသောသူ (အမိ) သည် အညို, အရွှေ စသည်ကိုလည်း သိ၏၊ အသပြာဟူ၍လည်း သိ၏၊ အဘိုးမည်မျှ ထိုက်တန်သည်ကိုကား-မသိ။ ရွှေပန်းထိမ်သည် ကား-ဤ ၃-ပါးကို အကုန်သိသကဲ့သို့ပင် ဖြစ်၏ ဟူလို။}

† ဗာလဂါမိက ဟေရညိကာနံ ကဟာပဏာဝဗောဓနမေတ္တ နိဒဿနံ။ (ဋီ)

● ဉာဏ ဝိပ္ပယုတ်စိတ်၌ သညာနှင့် ဝိညာဏ်သည် မည်သူက ပြဋ္ဌာန်းပါသနည်း။

၄၉၅-ဖြေ။ ။နောက်၌ သိခြင်း၏ အကြောင်းဖြစ်သော အမှတ်ကို ယူ၍ ဖြစ်သောအခါ (အမှတ်အသားပြု၍ ဖြစ်သောအခါ) သညာက ပြဋ္ဌာန်း၍ ဝိညာဏ်ကား မပြဋ္ဌာန်း၊ အမှတ်အသားပြုမှု မရှိသောအခါ ဝိညာဏ်က ပြဋ္ဌာန်း၍ သညာကား-မပြဋ္ဌာန်းပါ။ (သညာ စေတသိက်က သာမည မှာခဲ့သေးသည်။)

† ဉာဏဝိပ္ပယုတ္တ သညာယ စေတ္ထ အာကာရဂ္ဂဟဏ ဝသေန ဥပ္ပဇ္ဇနကာလေ ဝိညာဏ် အဗ္ဗောဟာရိကံ၊ သေသကာလေ ဗလဝံ။ (ဋီ)

● ဉာဏသမ္ပယုတ်စိတ်၌ သညာ, ဝိညာဏ်, ပညာ တို့သည် မည်သူက ပြဋ္ဌာန်းပါသနည်း။

၄၉၆-ဖြေ။ ။ပညာကပြဋ္ဌာန်း (သိမှုကဦးစီး) ၍ သညာ,ဝိညာဏ် တို့ကား-မပြဋ္ဌာန်း နောက်လိုက်သာ ဖြစ်ကြပါသည်။

† ဉာဏသမ္ပယုတ္တာပန ဥဘောပိ တဒနုဂတိကာ ဟောန္တိ။ (ဋီ)

● သောဘဏ စေတသိက် တို့တွင် နာမ, အနာမ စေတသိက်၊ သနာမိကစေတသိက်၊ အနာမိကစေတသိက်များကို အသီးသီး ခွဲခြမ်း ဝေဖန်ပြပါ။

၄၉၇-ဖြေ။ ။သောဘဏ သာဓာရဏ,ဝိရတီ,အပ္ပမညာ,ပညိန္ဒေ-အားဖြင့်နာမ,အနာမစေတသိက်အစု၄-မျိုး၊အပြား-၂၅။သောဘဏ သာဓာရဏ, ဝိရတီ, အပ္ပံမညာ အားဖြင့် သနာမိက စေတသိက် အစု ၃-မျိုး၊ အပြား-၂၄။ အနာမိကစေတသိက် ပညိန္ဒေ ၁-ပါး ဖြစ်ပါသည်။ (သခေ်ပ)

● ကာမာဝစရစိတ်, ရူပါဝစရစိတ်, အရူပါဝစရစိတ် ရှိသကဲ့သို့ ကာမာဝစရ စေတသိက်, ရူပါဝစရ စေတသိက်, အရူပါဝစရ စေတသိက်-ဟု အဘယ့်ကြောင့် မရှိပါသနည်း။

၄၉၈-ဖြေ။ ။ကာမာဝစရမှာအမြဲယှဉ်သောစေတသိက်၊ရူပါဝစရ-အရူပါဝစရမှာ အမြဲယှဉ်သော စေတသိက်များ မ ရှိ သော ကြောင့် ကာမာဝစရ စေတသိက်စသည် မရှိတော့ပါ။ (ကု သိုလ် စေ တ သိက် သီးခြားမရှိရာမှာလည်း ဤအတိုင်းပင် မှတ်။)

● သဝိဘတ္တိကစေတသိက်,အဝိဘတ္တိကစေတသိက်များကိုခွဲပြပါ။

၄၉၉-ဖြေ။ ။စိတ်,ဝေဒနာ,ဧကဂ္ဂဘာ,ဝိတက်,ဝီရိယ,အဟိရိက, အနောပ္ပံတ္တ, ဥဒ္ဓစ္စ, ဘောဘ, ဒိဋ္ဌိ, ဒေါသ, သဒ္ဓါ,သတိ,ဟိရီ,ဩတ္တပ္ပ, အလောဘ, အဒေါသ, ဝိရတီ ၃-ပါး,ပညာ။ ဤ (၂၁) ပါးကား-သဝိဘတ္တိကစေတသိက်များ ဖြစ်ကြပါသည်။ဤမှကြွင်းသော(၃၂)ပါး သော စေတသိက်တို့ကား - အဝိဘတ္တိက စေတသိက်များ ဖြစ်ကြပါသည်။ (စိတ်တခုပိုသည်)

† ဧကဝီသပနိစ္စေတေ၊ သဝိဘတ္တိကနာမကာ။
သေသာ ဒွတ္တိံသတိမ္မော၊ သဗ္ဗေပိ အဝိဘတ္တိကာ။

(ပရမတ္ထ ဝိနိစ္ဆယ)

● စလ, အစလ စေတသိက်များကား-အဘယ် စေတသိက်များ ပါနည်း။

၅၀၀-ဖြေ။ ။စလစေတသိက်ကား-ဝိတက်,ဝိစာရ,ဝိတိ,ပညာ, အပွမညာ,ဝိရဘီ ပေါင်း ၉-ပါးတို့ ဖြစ်ပါသည်၊ (ယုတ်ခြင်း,တိုးခြင်း, ရှိခြင်း,မရှိခြင်းအားဖြင့် စလ-ဖြစ်သည်ဟူလို။) အစလ စေတသိက်များ ကား-ဤမှကြွင်းသော ၂၉-ပါးသော စေတသိက်များ ဖြစ်ကြပါသည်။

† ဝိတက္ကာဒိတ္တယံ ပညာ၊ ပဉ္စဓာ နိယတာ စလာ။
ဟာနိ ဗုဒ္ဓိဝသာ တေသာ၊ နစလန္တိ ကုစဒါနံ။
(ပရမတ္ထ ဝိနိစ္ဆယ)

● စေတသိက် ၅၂-ပါးတွင် ကုသိုလ်, အကုသိုလ်, အဗျာကတ အမည်ရသော စေတသိက်နှင့် အဝိနိဗ္ဘောဂ-အမည်ရသော စေတသိက်များကား-အဘယ် စေတသိက်များပါနည်း။

၅၀၁-ဖြေ။ ။ကုသိုလ်, အကုသိုလ်, အဗျာကတ အမည်ရသော စေတသိက်များကား-အညသမာန်းစေတသိက် ၁၃,စိတ်ပေါင်း ၁၄-ပါး ဖြစ်ပါသည်။ အဝိနိဗ္ဘောဂ အမည်ရသော စေတသိတ်များကား-ဧကဂ္ဂတာ,ဇီဝိတိန္ဒြေ,မနသိကာရ,ဖဿ,ဝေဒနာ,သညာ,စေတနာ-စိတ်၊ ၏ ၈-ပါးတို့ ဖြစ်ပါသည်။ (အဘိမ္မောဝတာရ)

{ကုသိုလ် စသော အမည်ဖြင့် ရေတွက်ရာ ဌာန ဖြစ်သော ကြောင့် စိတ်သည် စေတသိက်အရထဲမှာ ပါဝင်နေသည်။}

* ကု-အကု-ဗျာ, ခေါ်စရာ, သညာစေတသိက်။
* အည-မနာ, စုဒ္ဓသာ, တဖြာရောဂ်ကြိတ်။
* ရေတွက်ရာမှန်, စေနာပံ, တဖန်ရသည့်စိတ်။
* ဧ-ဇီ-မန,ဖဿ-ပဉ္စကာ,အဌမှာ,သညာအဝိနိဗ်။ (သစ်)

သောဘဏရာသီ အဖြေ ပြီး၏။

သမ္ပယောဂနည်း အဖြေ

●

● စိတ္တုပ္ပာဒေသု ပစ္စေကံ-၌ စိတ္တုပ္ပာဒပုဒ်ကို ရသင့်သမျှ အစိတ် အပေါင်း ဝစနတ္ထပြု၍ အဓိပ္ပာယ်ကိုလည်း ရှင်းလင်းခဲ့ပါ။

၅၀၂-ဖြေ။ ။"ဥပ္ပဇ္ဇတိတိ ဥပ္ပာဒေါ၊စိတ္တမေဝဥပ္ပာဒေါ စိတ္တုပ္ပာဒေါ" (ဝစနတ္ထ)ဤအလို စိတ်ကိုပင် စိတ္တုပ္ပာဒ-ဟု ဆိုသည်။"ဥပ္ပဇ္ဇတိ စိတ္တံ ဧတေနာတိ ဥပ္ပာဒေါ" (စေတသိက်ရ) "စိတ္တဉ္စ ဥပ္ပာဒေါစ စိတ္တုပ္ပာဒေါ" ဤအလိုစိတ်,စေတသိက် ၂-ပါး လုံးကိုပင် ရဏ်။ စိတ်, စေတသိက် ၂-ပါးလုံးကိုပင် စိတ္တုပ္ပာဒ-ဟု ဆိုသည်။

{ဤဌ်ကား-ရှေဝစနတ္ထ အလိုသာ သင့်သည်။ စိတ္တုပ္ပာဒါနမ်ဆွေဝံ-စိတ္တုပ္ပာဒဝသေနေဝ-စသော အခြားနေရာ ဌ်ဌ်ကား-နောက် ဝစနတ္ထ အလိုလည်း သင့်သေးဏ်။ စိတ္တာဝိယုတ္တာ-၌ လည်း စိတ္တ,အဝိယုတ္တပုဒ်ဖြတ်၍ အ,ပဋိသေဓ၊ပ်,ပဋိသေဓ ၂-ခုပါသောကြောင့် 'စိတ်၌ အမြဲယှဉ်ကုန်သော'ဟု ပကတိအနက်ပေးရသည်။ "စိတ္တဉ္စတံ ဥပ္ပာဒေါစာတိ စိတ္တုပ္ပာဒေါ"၌ ကမ္မဓာရည်းဟု ယုံမှားစဘုရှိသော်လည်း ဥပ္ပာဒ-ဟူသော နောက်ပုဒ်၏အစ၌ စိတ္တသဒ္ဒါကျေးနေသည်ကိုပြခြင်းငှာ တံ-သဒ္ဒါကို ဆိုထားသောကြောင့် ကမ္မဓာရည်းမဟုတ်၊ ထို့ကြောင့် သမာဟာရဒွန်-ဟု ဌီကာဆရာ ညွှန်ပြခြင်း ဖြစ်သည်။}

● စုဒ္ဒသာ ကုသလေသွေဝ,သောဘဏေသွေဝ,သောဘဏာ-၌ ဧဝ-သဒ္ဒါတို့၏အနက်ကို အသီးသီးဖော်ပြပါ။

၅၀၃-ဖြေ။ ။အကုသလေသွေဝ-၌ ဧဝ-သဒ္ဒါသည် အကုသိုလ် စေတသိက် ၁၄-ခုတို့ကို အကုသိုလ်စိတ်တို့မှ တပါးသော စိတ်တို့၌ဖြစ်ခြင်းကို တားမြစ်၍ အကုသိုလ်စိတ်တို့၌ဖြစ်ခြင်းကိုသာ မှတ်သားသောကြောင့် နိဝါရဏ,နိယမအနက် ရှိပါသည်။(အကုသိုလ်စိတ်တို့ကိုကား

အကုသိုလ် စေတသိက် ၁၄-ပါးတို့၌ ဖြစ်ခြင်းကို မမှတ်သား ပါ)
သောဘဏေသွေဝ-၌ ဧဝ-ကိုလည်း ဤနည်းအတူပင် မှတ်ပါ။
(သခေ်ပ)

{သတ္တသဗ္ဗတ္ထယုဇ္ဇနီ-ဟူသော ဤဂါထာကား-သမ္ပယောဂ နည်း အကျဉ်းပြ ဂါထာဖြစ်သည်။}

● ပကိဏ်း စေတသိက် သမ္ပယောဂနည်း - ဝိတက်စေတသိက် ယှဉ်ရာ၌အဘယ့်ကြောင့် ဒွေးပဉ္စဝိညာဏ် ၁၀-နှင့်ဒုတိယဈာန် ဧကာဒသ-စသည်တို့ကို ကြဉ်ပါသနည်း။

၅၀၄-ဖြေ။ ။ဒွေးပဉ္စဝိညာဏ် ၁၀-သည် သဘောအားဖြင့် ဝိတက်ကင်းသောကြောင့်ရင်း,ဒုတိယဈာန် ဧကာဒသ စသည်တို့သည် ဘာဝနာ၏ အစွမ်းဖြင့် ဝိတက်မရှိသောကြောင့်ရင်း ကိုစိတ်ရှားကို ကြဉ်ရပါသည်။

† သဘာဝေန အဝိတက္ကတ္တာ ဒ္ဝိပဉ္စဝိညာဏာနိ ဝဇ္ဇိတာနိ၊ သေသာနံ ဘာဝနာဗလေန အဝိတက္ကတ္တာတိ အဓိပ္ပာယော။
(ဋီ)

● ဒွေးပဉ္စဝိညာဏ် ၁၀-နှင့် ဝိစိကိစ္ဆာစိတ်-၌ အဓိမောက္ခ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၀၅-ဖြေ။ ။အဓိမောက္ခကား-အာရုံကိုဆုံးဖြတ်ခြင်းသဘောရှိ၍ ဒွေးပဉ္စဝိညာဏ် ၁၀-ကား-မြင်ခြင်းစသည်မျှသဘောရှိသဖြင့်အာရုံကို ဆုံးဖြတ်မှုကင်းသောကြောင့်ရင်း,အားနည်းသောကြောင့်ရင်း ဒွေးပဉ္စဝိညာဏ် ၁၀-၌ အဓိမောက္ခ မယှဉ်။ ။အဓိမောက္ခကား-အာရုံကို ဆုံးဖြတ်ခြင်း သဘောရှိ၍ ဝိစိကိစ္ဆာကား-အာရုံကို မဆုံးဖြတ်နိုင်ခြင်း သဘောရှိသဖြင့် အချင်းချင်း ဆန့်ကျင်သောကြောင့် ဝိစိကိစ္ဆာစိတ်၌ အဓိမောက္ခ မယှဉ်ပါ။

† အဓိမောက္ခောစ ဒဿနာဒိမတ္တသဘာဝဿ ဒ္ဝိပဉ္စဝိညာဏဿ အဓိမုစ္စန ရဟိတတ္တာစ၊ ဝိစိကိစ္ဆာယ တဿ ပဋိပက္ခတ္တာစ ဘေသု နုပ္ပဇ္ဇတိ။ (သခေ်ပ)

● ဝီရိယ-သည် ပဉ္စဒ္ဓါရာဝဇ္ဇန်း, ဒွေးပဉ္စဝိညာဏ် ၁၀, သမ္ပဋိစ္ဆိုင်း သန္တီရဏ စိတ်တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၀၆-ဖြေ။ ။ထိုစိတ် ၁၆-ပါးတို့သည် ဗိုလ်ကင်းသောကြောင့် ထိုစိတ်တို့၌ ဝီရိယ မယှဉ်ပါ။

† ဗလရဟိတတ္တာ နုပ္ပဇ္ဇတိ။ (သခေ်ပ)

● ဝီတိ-သည် ဒေါသမူဒွေး, ဒုက္ခသဟဂုတ်, ဥပေက္ခာ ၅၅-ပါး တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၆၀၇-ဖြေ။ ။ဝီတိ-သည် နှစ်သက် မြတ်နိုးခြင်းသဘော၊ ဒေါသ သည် ကြမ်းတမ်းခြင်းသဘောရှိ၍ ဆန့်ကျင်သောကြောင့် ဒေါသမူဒွေး ဒုက္ခ သဟဂုတ်စိတ်တို့၌ မယှဉ်။ ဝီတိ-သည် သောမနဿဝေဒနာနှင့် အမြဲယှဉ်သောကြောင့် ဥပေက္ခာ ၅၅-ပါး၌ မယှဉ်ပါ။

† ဝီတိ ဒေါမနဿ ဒုက္ခသဟဂတ စိတ္တေသု တေသံ ပဋိပက္ခတ္တာ နုပ္ပဇ္ဇတိ၊ ပဉ္စပညာသဥပေက္ခာသဟဂတေသုပနသောမနဿေ နသဟ နိစ္စံ ပဝတ္တတ္တာ နုပ္ပဇ္ဇတိ။ (သခေ်ပ)

● ဝီတိ - သည် သုခသဟဂုတ်, ကာယဝိညာဏ်, စတုတ္ထဈာန်, ဧကာဒသ - တို့မှာ သုခသောမနဿ ဖြစ်သင့်လျက် အဘယ့် ကြောင့် မယှဉ်ပါသနည်း။

၅၀၈-ဖြေ။ ။သုခသဟဂုတ် ကာယ ဝိညာဏ်သည် ကိုယ်ချမ်းသာ ကို ခံစားသော ကာယိကဖြစ်၍၊ စိတ်ချမ်းသာကို ခံစားသောမာနသိက ဖြစ်သည့် ဝီတိသည် ထိုသုခ သဟဂုတ် ကာယဝိညာဏ်-၌ မယှဉ်ပါ။ ။ စတုတ္ထဈာန် ဧကာဒသ-တို့၌ကား-ဘာဝနာ၏အစွမ်းဖြင့် ဝီတိကို ပယ် ထားသောကြောင့် ထိုစတုတ္ထဈာန် ဧကာဒသ-၌ ဝီတိ မယှဉ်ပါ။

† .သုခဝေဒနာယ ကာယိကတ္တာ မာနသိကဘူတာ ဝီတိ တတ္ထ နုပ္ပဇ္ဇတိ။ စတုတ္ထဈာနေသု ပန ဘာဝနာဗလေန နုပ္ပဇ္ဇတိ။ (သခေ်ပ)

● ဆန္ဒသည် အဟိတ်စိတ်, မောဟမူစိတ်တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၀၉-ဖြေ။ ။အဟိတ်စိတ်, မောဟမူစိတ်တို့သည် ပြုလိုကာ မတ္တသဘောမှ ကင်းသောကြောင့် ထိုစိတ်တို့၌ ဆန္ဒ မယှဉ်ပါ။

† အဟေတုက မောမူဟစိတ္တာနံ ကတ္တုကာမတာ သဘာဝရဟိတတ္တာ ဆန္ဒော တေသု နုပ္ပဇ္ဇတိ။ (သခေ်ပ)

● ပကိဏ်းစေတသိက် ၆-ခုတို့ဘွင် ဝိတက်, ဝိစာရ, ဗီတိ ၃-ပါးတို့သည် စိတ်အကျယ်မှာ အဓိမောက္ခ, ဝီရိယ, ဆန္ဒ ၃-ပါးတို့သည် စိတ်အကျဉ်းမှာ အဘယ့်ကြောင့် ယှဉ်ပါသနည်း။

၅၁၀-ဖြေ။ ။ဝိတက်,ဝိစာရ,ဗီတိ ၃-ပါးတို့သည်ဈာနင်ကိစ္စတပ်၍ ဈာနင်၌ အကျုံးဝင်သောကြောင့် စိတ်အကျယ်မှာယှဉ်၍၊အဓိမောက္ခ, ဝီရိယ, ဆန္ဒ ၃-ပါးတို့သည် ဈာနင်ကိစ္စမတပ်၍ ဈာနင်၌ အကျုံးမဝင်သောကြောင့် စိတ်အကျဉ်းမှာ ယှဉ်ပါသည်။

† ဝိတက္ကာဒီနံ ဈာနင်္ဂတ္တာစ အညေသံ အဈာနင်္ဂတ္တာစ ဝုတ္တာ။ (သခေ်ပ)

{လောကုတ္တရာစိတ် အားလုံး၌ ယှဉ်နိုင်သော အဓိမောက္ခ, ဝီရိယ, ဆန္ဒ-တို့မှာ စိတ်အကျဉ်း၌ ယှဉ်၍ ၊လောကုတ္တရာစိတ် အချို၌သာယှဉ်သော ဝိတက်,ဝိစာရ,ဗီတိတို့မှာ စိတ်အကျယ်၌ ယှဉ်သည်ဟု ဆိုကြသေးသည်။ သစ္စသံခိပ်နှင့် ပရမတ္ထ သံခိပ်မှာ ကား-အကျယ်မှာချည်း ယှဉ်ပြထားသည်။}

● ပကိဏ်း စေတသိက် ၆-ခုလုံး မယှဉ်နိုင်သော စိတ်ကား-အဘယ်စိတ်ပါနည်း၊ ထိုစိတ်ကို ဖော်ပြပါ။

၅၁၁-ဖြေ။ ။ဒွေးပဉ္စဝိညာဏ် ၁၀-ဖြစ်ပါသည်။

● ပကိဏ်းစေတသိက် ၆-ခုတို့သည် ထိုဒွေးပဉ္စဝိညာဏ် ၁၀-တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၁၂-ဖြေ။ ။ဒွေးပဉ္စဝိညာဏ် ၁၀-တို့သည် အလုံးစုံတို့အောက်အား အနည်းဆုံး ဖြစ်သောကြောင့် ထိုဒွေးပဉ္စဝိညာဏ် ၁၀-တို့၌ ပကိဏ်းစေတသိက် ၆-ခုတို့ မယှဉ်ပါ။

† ဒွိပဉ္စ ဝိညာဏာနံ သဗ္ဗ ဒုဗ္ဗလတ္တာ တေသု ဆ ပကိဏ္ဏကာ နုပ္ပဇ္ဇန္တိ။ (ပရမတ္ထဒီပနီ)

● မောဟ,အဟိရီက,အနောတ္တပ္ပ,ဥဒ္ဓစ္စ,စေတသိက် ၄-ပါးတို့၏ သဗ္ဗာကုသလ သာဓာရဏာ စေတသိက် အဖြစ်ကို "သဗ္ဗာကုသလ သာဓာရဏာ နာမ"ဟု ဆိုပြီး ဖြစ်လျက် အဘယ် အကျိုးငှာ အနုရုဒ္ဓါဆရာသည် "သဗ္ဗေသုပိ ဒ္ဓါဒသာကုသလေသု လဗ္ဘန္တိ"ဟု ဆိုရပြန်ပါသနည်း။

၅၁၃-ဖြေ။ ။ထိုလေးပါးကုန်သောစေတသိက်တို့နှင့်အလုံးစုံသော အကုသိုလ်စိတ်တို့၏ ဆက်ဆံသည်၏ အဖြစ်ကို ပြီးပြည့်စုံ စေခြင်းငှာ သဗ္ဗေသုပိ စသောစကားကို အနုရုဒ္ဓါဆရာ ထပ်၍ဆိုရပြန်ပါသည်။

† သဗ္ဗာကုသလ သာဓာရဏာတိ ဝတ္ဝာ တဓဒဝ သမတ္ထေတုံ သဗ္ဗေသုပိ တျာဒိ ဝုတ္တံ။ (ဋီ)

● ထိုမောဟ စသော ၄-ပါးကုန်သော စေတသိက်တို့ကိုအဘယ့်ကြောင့် အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ပါသနည်း။

၅၁၄-ဖြေ။ ။သူအသက် သတ်ခြင်း စသည်ကို ပြုသော သူသည် မောဟဖြင့် အပြစ်ကို မမြင်သောကြောင့်ရင်း၊ အဟိရီကဖြင့် မစက်ဆုပ်သောကြောင့်ရင်း၊ အနောတ္တပ္ပဖြင့် မကြောက်လန့်သော ကြောင့်ရင်း၊ ဥဒ္ဓစ္စဖြင့် မငြိမ်မသက် ပြန့်လွင့်သောကြောင့်ရင်း ထိုသူ့အသက် သတ်ခြင်း စသည်ကိုပြု၏။ ထို့ကြောင့် ထို ၄-ပါးကုန်သော စေတသိက်တို့ကို အလုံးစုံသော အကုသိုလ်စိတ်တို့၌ ရအပ်ပါသည်။ (ဋီ)

● လောဘသည် ဒေါသမူ, မောဟမူ စိတ်တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၁၅-ဖြေ။ ။ပြစ်မှားတတ်, တွေဝေတတ်သော စိတ် တို့ အား တပ်ခြင်းမှကင်းသောကြောင့် ထိုဒေါသမူ,မောဟမူစိတ်တို့၌ လောဘ မယှဉ်ပါ။

† ဒုဿနမုယှနစိတ္တာနံ ရဇ္ဇနရဟိတတ္တာ တေသု လောဘော နတ္ထိ။ (သင်္ခေပ)

● ဒိဋ္ဌိ-ကို အဘယ့်ကြောင့် ဒိဋ္ဌိဂတသမ္ပယုတ် လောဘသဟဂတ် စိတ်တို့၌သာလျှင် ရအပ်ပါသနည်း။

၅၁၆-ဖြေ။ ။သက္ကာယ အစရှိသည်တို့၌ အတ္တ-စသည်ဖြင့် မှားသော နှလုံးသွင်းခြင်း ရှိသောသူအား ထိုသက္ကာယ တရားတို့၌ မြတ်နိုးခြင်းဖြစ်သင့်သောကြောင့် ဒိဋ္ဌိ-ကို ဒိဋ္ဌိဂတသမ္ပယုတ် လောဘသဟဂတ် စိတ်တို့၌သာလျှင် ရအပ်ပါသည်။

† သက္ကာယာဒိသု ဟိ အဘိနိဝိသန္နာသ တတ္ထ မမာယန သမ္ဘဝတော ဒိဋ္ဌိ လောဘသဟဂတစိတ္တေသ္ဝေဝ လဗ္ဘတိ။ (ဋီ)

● ဒိဋ္ဌိ မာနတို့သည် ဒေါသမူ, မောဟမူစိတ်တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၁၇-ဖြေ။ ။ဒိဋ္ဌိ မာနတို့သည် မိမိကိုယ်, မိမိကိုယ်နှင့်စပ်၍ ချစ်မြတ်နိုးခြင်းကို မှီသည်၏အစွမ်းဖြင့် စင်စစ်လောဘလျှင် နီးစွာသော အကြောင်းရှိသောကြောင့် ဒေါသမူ, မောဟမူစိတ်တို့၌ မယှဉ်ပါ။

† တေ ဥဘော စေတသိကာ ဒေါသမူလာဒိသုပိ အတ္တာတ္တနိယ သိနေဟနိဿယဝသေန ကေန္တေ လောဘပဒဋ္ဌာန ဘာဝတော နုပ္ပဇ္ဇန္တိ။ (သင်္ခေပ)

ဒိဋ္ဌိမာနတို့သည် ခန္ဓာတို့၌ သာယာမှုကိုမလွတ်ဘဲ ထိုခန္ဓာတို့၌ ထိုထို သာယာမှုဖြင့် သုံးသပ်၍ ဖြစ်ကြသောကြောင့် ဒိဋ္ဌိ မာနတို့သည် ဒေါသမူ, မောဟမူစိတ်တို့၌ မယှဉ်ဘဲ လောဘမူစိတ်၌သာ ယှဉ်ကြပါသည်။ (ပရမတ္ထဒီပနီ)

● မာနနှင့်ဒိဋ္ဌိ အတူတကွ မယှဉ်နိုင်ခြင်းကို ဥပမာဖြင့် ထင်စွာပြ၍၊ မာနသည် ဒိဋ္ဌဂတ ဝိပ္ပယုတ် စိတ်တို့၌ ဖြစ်ခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

၅၁၀-ဖြေ။ ။မာနသည် ငါဟူသော မာန်မာန၏အစွမ်းဖြင့် ဖြစ်သောကြောင့် ဒိဋ္ဌိနှင့်ဖြစ်ပုံ သဘောချင်းတူ၏။ ထို့ကြောင့် ကေသရာခြသေ့မင်း တကောင်းသည် ကေသရာခြသေ့မင်း တကောင်နှင့် အတူတကွ ဂူတခုတည်းမှာ အောင်း၍ မဖြစ်သလို။ ဒိဋ္ဌိယှဉ်သော စိတ်မှာ ယှဉ်၍ မဖြစ်နိုင်ပါ။ ထို့ကြောင့် မာနသည် မိမိကိုချစ်ခြင်းလျှင် မှီရာရှိသည်ဖြစ်၍ စင်စစ်လောဘလျှင် နီးစွာသော အကြောင်းရှိသောကြောင့် ဒေါသမူစိတ်တို့၌လည်း မဖြစ်နိုင်၍ ဒိဋ္ဌဂတ ဝိပ္ပယုတ်စိတ်တို့၌သာလျှင် ဖြစ်ရပါသည်။ (၄)

{မာနကား - အနာဂါမ် တိုင် အောင် ဖြစ် ၍၊ ဒိဋ္ဌိ ကား- ပုထုဇဉ်မှာသာ ဖြစ်သည်။}

● ဒေါသသည် ဒေါသမူဒွေးဦသာလျှင်ယှဉ်၍၊အခြားစိတ်များမှာ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၁၉-ဖြေ။ ။ပြစ်မှားခြင်းသည် တပ်နှစ်သက်ခြင်း,ရွံရှာခြင်း,ပြန့်လွင့်ခြင်းတို့၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဒေါသသည် ဒေါသမူဒွေးဦသာလျှင် ယှဉ်ပါသည်။လောဘမူ, မောဟမူ-တို့၌ မယှဉ်ပါ။

† ဒုဿနဿ ရဇ္ဇနသံသပ္ပနဝိက္ခိပနာနံ ဝိရုဒ္ဓတ္တာ ဒေါသော ပဋိဃ ဒ္ဒယေဝ ဥပ္ပဇ္ဇတိ၊ န လောဘမူလ မောဟမူလေသု။

(သင်္ခေပ)

● ဣဿာ, မစ္ဆေရ, ကုက္ကုစ္စ, စေတသိက်တို့ကို အဘယ့်ကြောင့် ဒေါသမူစိတ်၌သာလျှင် ရအပ်ပါသနည်း။

၅၂၀-ဖြေ။ ။သူတပါးစည်းစိမ်ကိုငြူစူခြင်း, မိမိစည်းစိမ်ကိုလျှို့ဝှက်ခြင်း,ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်သေးသော သုစရိုက်တို့၌ အဖန်တလဲလဲစိုးရိမ်ခြင်းရှိသောသူအား ထိုထိုအာရုံတို့၌ထိပါး ညှဉ်းဆဲသကဲ့

သို့ ဖြစ်သောကြောင့် ထို့စေတသိက် ၃-ခုတို့ကို ဒေါသမူစိတ်၌သာလျှင် ရအပ်ပါသည်။ (ဋီ)

{မိမိစည်းစိမ်ကို လှူဒါန်းခြင်း လက္ခဏာရှိသော မစ္ဆရိယသည် လောဘ အရင်းခံ ဖြစ်သော်လည်း ထို မိမိစည်းစိမ်ကို သူတပါးတို့နှင့် ဆက်ဆံမှုကို မလိုလား သည်း မခံနိုင်သ ဖြင့် ဒေါသသဘောသက်ရောက်၍ ဒေါသမူမှာသာ ယှဉ်ရသည်။}

---

❶ ထိနမိဒ္ဓ စေတသိက် ၂-ခုကို အဘယ့်ကြောင့် သသင်္ခါရိကစိတ် ၅-ခု၌သာ ရအပ်ပါသနည်း။

၅၂ ၁-ဖြေ။ ။အမှုကို ပြုခြင်းငှာမခံ တွေဝေ ထိုင်းမှိုင်း နေသော သူအား သဘောအားဖြင့် ထက်ကုန်သော အသင်္ခါရိကစိတ်တို့၌ မဖြစ်သင့်သောကြောင့် ထိနမိဒ္ဓ စေတသိက် ၂-ခုကို သသင်္ခါရိကစိတ် ၅-ခု၌သာလျှင် ရအပ်ပါသည်။ (ဋီ)

အမှုကိစ္စတို့၌ လေးခြင်းသဘောရှိသော ထိနမိဒ္ဓတို့သည် အမှုကိစ္စတို့၌ ပေါ့ပါးခြင်း သဘောရှိသော အသင်္ခါရိကစိတ်တို့၌ မဖြစ်နိုင်သောကြောင့် ထို့စေတသိက် ၂-ပါးတို့သည် သသင်္ခါရိကစိတ် ၅-ခုတို့၌သာ ယှဉ်ကြပါသည်။ (အကုံရ)

---

❷ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာစေတသိက်၌သာလျှင် ယှဉ်၍ အခြား စေတသိက်များမှာ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၂ ၂-ဖြေ။ ။ဝိစိကိစ္ဆာသည် ရွေ့လျားခြင်းသဘောရှိသောကြောင့် ဝိစိကိစ္ဆာစိတ်၌သာလျှင်ယှဉ်၍အခြားအကုသိုလ်စိတ်များမှာမယှဉ်ပါ။

† သံသပ္ပန သဘာဝတ္တာ ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ စိတ္တေယေဝ လဗ္ဘတိ နာညေသု။ (သခေါပ)

---

❸ ဝိရတိစေတသိက်တို့သည် လောကုတ္တရာစိတ်၌အဘယ့်ကြောင့် အမြဲမယှဉ်ပါသနည်း။

၅၂ ၃-ဖြေ။ ။မင်္ဂသည် ကာယဒုစရိုက် စသည်တို့ကို အကြွင်းမဲ့ ဖြတ်သည်၏အစွမ်းဖြင့် ဖြစ်သောကြောင့်ရင်း၊ ဖိုလ်သည်လည်း ထို့မင်္

အားလျော်စွာပင် ဖြစ်သောကြောင့်ဌင်း ဝိရတိ စေတသိက် တို့သည် လောကုတ္တရာစိတ်၌ အမြဲယှဉ်ပါသည်။

† မဂ္ဂသ္မာ ကာယဒုစ္စရိတာဒီနံ သမုစ္ဆေဒဝသေန ဖလသ္မာ စ တဒုကုသဝသေန ပဝတ္တနတော။ (ဋီ)

● လောကီ၌ဖြစ်သော ဝိရတီနှင့် လောကုတ္တရာ၌ဖြစ်သော ဝိရတီတို့သည် အဘယ်သို့ ထူးပါသနည်း။

၅၂၄-ဖြေ။ ။လောကီ၌ဖြစ်သောဝိရတီတို့သည် မုသာဝါဒဒုစရိုက်တို့ကို အသီးသီး တခုစီသာပယ်နိုင်၏၊ တပြိုင်နက် အကြွင်းမဲ့မပယ်နိုင်။ လောကုတ္တရာ၌ ဖြစ်သော ဝိရတိတို့သည် မုသာဝါဒ အစရှိသော ဒုစရိုက်တို့ကို အသီးသီးတခုစီ ပယ်နေရသည်မဟုတ်၊ ထိုထိုသို့သောမက် ဖြင့် တပြိုင်နက်ဘည်းသောခဏ၌ အလုံးစုံသောဒုစရိုက် ဒုရာဇီဝတို့ကို အကြွင်းမဲ့ ပယ်နိုင်လေသည်။ ဤသို့ ထူးခြားကြပါသည်။ (ဋီ)

● အလုံးစုံသော ဒုစရိုက် ဒုရာဇီဝတို့ကို ထိုထိုမဂ်ဖြင့် တပြိုင်နက်သောခဏ၌ ပယ်ဖြတ်ခြင်းဟူသော အနက်သည် "ဧကတော" ဟူသော ပုဒ်ဖြင့်ပင် ပြီးကောင်းလျက် "သမ္မဒေဝ" ဟူသော ပုဒ်ကို အဘယ့်ကြောင့် အနုရုဒ္ဓါဆရာ ဆိုရပြန်ပါသနည်း။

၅၂၅-ဖြေ။ ။ဝိရတိ ၃-ပါး တပြိုင်နက် မဂ်ခဏ၌ဖြစ်ခြင်းကို ပြ၍ မျှဖြင့် အလုံးစုံသော ဒုစရိုက် ဒုရာဇီဝတို့ကို ပယ်သည်၏ အစွမ်းဖြင့် ဖြစ်ခြင်းဟူသော အခြင်းအရာကို မပြရသေးသောကြောင့် သမ္မဒေဝ-ဟူသောပုဒ်ကို အနုရုဒ္ဓါဆရာ ဆိုရပြန်ပါသည်။

{ဧကတောပုဒ်ဖြင့် မဂ်ခဏ၌ ထိုထို ဒုစရိုက်တို့ကို ပယ်သည်၏အစွမ်းဖြင့် ဝိရတိစေတသိက် ၃-ခုတို့၏ တပြိုင်နက်ဖြစ်သည်ကိုပြသည်။ သမ္မဒေဝ-ဟူသော ပုဒ်ဖြင့် အလုံးစုံသော ဒုစရိုက် ဒုရာဇီဝတို့ကို ပယ်သည်၏အစွမ်းဖြင့်ဖြစ်သော အခြင်းအရာကို

ပြသည်။ ထို့ကြောင့် ထို ၂-ပုဒ်မှာ အနက်မတူ တမျိုးစီဖြစ်၍ သမ္ဘထာဝိ ပုဒ်ကို ထပ်၍ဆိုရသည်ဟူလို။ }

† တိဿနှံ ကေတော ဝုတ္တိပရိဒီပနမတ္တေန စတုဋ္ဌေ ဝစီဒုစ္စရိတာဒိနံ ပဋိပက္ခာကာရပ္ပဝတ္တိယာ အဒိဝိတတ္တာ။ (ဋီ)

● ဝိရတိ စေတသိက်တို့သည် လောကိ၌ ကဒါစိ (အနိယတ) လောကုတ္တရာ၌ နိယတ ယှဉ်သည်၏အဖြစ်ကို အာဘယ့်ကြောင့် သိရပါသနည်း။

၅၂၆-ဖြေ။ ။ထိုဝိရတိစေတသိက်ဘို့ကို လောကီ၌သချပ်မထုတ်ဘဲ သာမည ယေဝါပနကအားဖြင့် ဟောတော်မူသောကြောင့် လောကီ၌ ကဒါစိ (အနိယတ) လောကုတ္တရာ၌ သမ္မာဝါစာ ဟောတိ စသည်ဖြင့် သရုပ်ထုတ်၍ ဟောတော်မူသောကြောင့် လောကုတ္တရာ၌ နိယတ-ဟု သိရပါသည်။

တနည်းအားဖြင့်....လောကုတ္တရာစိတ်တို့သည် နိစ္စ သီလ၏ အစွမ်းဖြင့် ဖြစ်သောကြောင့် လောကုတ္တရာ၌ နိယတ, ကာမာဝစရကုသိုလ်စိတ်တို့သည် တခါတရံ ဒါန၊ တခါတရံ သီလ၊ တခါတရံ ဘာဝနာ၏အစွမ်းဖြင့်ဖြစ်သောကြောင့် လောကီ၌ ကဒါစိ(အနိယတ) ဖြစ်ကြပါသည်။ ကဒါစိ ဖြစ်သော်လည်း သမ္မတ္တ-ဘမာဒါန၏ အစွမ်းအားဖြင့်သာ ဖြစ်သည်။ သမုဋ္ဌာန၏အစွမ်းဖြင့် မဖြစ်။ (ပရမတ္ထဒီပနီ)

† တဿာ ဟေတာ လောကိယေသုယေဝါ ပနာကာ ဝသေန ဒေသိတာ။ ဣဓ ပန သဗ္ဗေသေဝ။ (ဋီ)

● ကာမာဝစရကုသလသွေး-၌ ဧေ-သဒ္ဒါ အဘယ်အနက်ရှိပါသနည်း၊ ၎င်း ဧသဒ္ဒါဖြင့် အဘယ်ကို နှစ်ဖေပါသနည်း။

၅၂၇-ဖြေ။ ။ကာမာဝစရ ကုသလသွေး-၌ ဧသဒ္ဒါ အဝဓာရဏာ အနက်ရှိပါသည်။ ထို အဝဓာရဏာ အနက်ရှိသော ဧသဒ္ဒါဖြင့် ကာမာဝစရဝိပါက်ကြီးယာ မဟဂ္ဂုတ်စိတ်တို့၌ ဝိရတိတို့၏ဖြစ်ခြင်းကို နှစ်ဖေပါသည်။

† ကာမာဝစရကုသလေသွေဝါတိ အဝဓာရဏေန ကာမာဝစရ ဝိပါကကြီယေသု မဟဂ္ဂတေသုစ သမ္ဘဝံ နိဝါရေတိ။ (ဋီ)

● ဝိရတိစေတသိက်တို့သည် လောကီ၌ ဝိသုံဝိသုံ လောကုတ္တရာ၌ ကေတောဖြင့် အဘယ်ကြောင့် ယှဉ်ပါသနည်း။

၅၂၇-ဖြေ။ ။လွန်ကျူးအပ်သော ဝတ္ထုဟု ဆိုအပ်သော သတ္တဝါ သန်ါရစသော အာရုံတို့၏ဖြစ်သင့်ခြင်းကိုငဲ့သောကြောင့် (အာ ရုံပြားသောကြောင့်) လောကီ၌ ဝိသုံဝိသုံ (အသီးအသီး) နိဗ္ဗာန်အာရုံတခုတည်း၏ အစွမ်းဖြင့် အာရုံ မပြားသောကြောင့် လောကုတ္တရာ၌ ကေတော (တပြိုင်နက်) ယှဉ်ပါသည်။

† ဝိတိက္ကမိတဇ္ဇ သန်ါတာနံ အတ္တနော အာရမ္မဏာနံ သမ္ပ ဝါ ပေက္ခတ္တာတိ ဝုတ္တံ ဝိသုံဝိသုန္တိ။ (ဋီ-အဋ္ဌ ရ အတ္ထ)

● ဘယ်ဘုံမှာမဆိုဖြစ်သော ကာမာဝစရကုသိုလ်တိုင်းမှာ ဝိရတိ ယှဉ်နိုင်ပါသလော။

၅၂၉-ဖြေ။ ။ကာမဘုံမှာဖြစ်ခိုက် ကာမာဝစရ ကုသိုလ်မှာသာ ဝိရတိယှဉ်နိုင်ပါသည်။ရူပ,အရူပဘုံမှာဖြစ်ခိုက်ကာမာဝစရကုသိုလ်မှာ ကား-မယှဉ်နိုင်ပါ။

† ကာမာဝစရ ကုသလေသုပိ ကာမဘူမိယံ ဥပ္ပဇ္ဇန္တေသုဝေ နရူပါ ရူပဘူမိယံ ဥပ္ပဇ္ဇန္တေသု။ (ပရမတ္ထဒီပနီ)

● ရူပ အရူပဘုံ၌ဖြစ်သော ကာမာဝစရကုသိုလ်၌အဘယ့်ကြောင့် ဝိရတိ မယှဉ်ပါသနည်း။

၅၃၀-ဖြေ။ ။ဗြဟ္မာတို့အား ဝိရမိတဗ္ဗဝတ္ထု-ဟု ဆို အပ် သော ကာယဝစီဒုစရိုက်တို့မရှိသဖြင့် လောကီဝိရတိတို့သည်လည်း ဝိရမိတဗ္ဗဝတ္ထုမှကင်းသော ပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့် မယှဉ်ပါ။

† နဟိ ဗြဟ္မာနံ ဝိရမိတဗ္ဗဝတ္ထုသန်ါတာနိ ကာယဝစီ ဒုစရိတာနိနာမ အတ္ထိ၊ နစ လောကိယ ဝိရတိယော ဝိရမိတဗ္ဗဝတ္ထုရဟိတေသု ပုဂ္ဂလေသု ပဝတ္တန္တိ။ (ပရမတ္ထဒီပနီ)

● ဗြဟ္မာတို့မှာ ဝိရမီတဗ္ဗဝတ္ထုမရှိ၍ ဝိရတီမဖြစ်လျှင် အခြင်း ခပ်သိမ်း ဝိရတီမရှိဟု မှတ်ရမည်လော၊ အဘယ်သို့နည်း။

၅၃၁-ဖြေ။ ။ဝိရမီတဗ္ဗဝတ္ထုမရှိ၍ သမ္ပတ္တ,သမာဒါန ဝိရတီသာ မရှိပါ။ လောကုတ္တရာဖြစ်သော သမုစ္ဆေဒ ဝိရတီကား-ရှိပါ သည်။

† လောကုတ္တရာ ပန သန္တိ။ (ကထာဝတ္ထုအနုဋ္ဌီကာ)

● လောကုတ္တရာ ဝိရတီတို့သည် နိဗ္ဗာန်အာရုံ တခုတည်း၏အစွမ်း ဖြင့် အာရုံမပြားသော်လည်း သမ္မာသက်ပ္ပကိစ္စကို သမ္မာဒိဋ္ဌိ သည် ပြီးစေ၍ သတ္တိကမဂ်ဖြစ်သလို တပါး၏ကိစ္စကို တပါး သည် ပြီးစေ၍ တပြိုင်နက် ၃-ပါး မဖြစ်ဘဲ တပါး နှစ်ပါး ဖြစ် သင့်သည် မဟုတ်ပါလော။

၅၃၂-ဖြေ။ ။လောကုတ္တရာ ဝိရတီတို့သည် တပါး၏ကိစ္စကို တပါးက ပြီးစေမူ မရှိသောကြောင့် တပြိုင်နက် ၃-ပါးသာဖြစ်ပါသည်၊ တပါး,နှစ်ပါးခွဲ၍ မဖြစ်သင့်တော့ပါ။ (အင်္ကုရ)

● ကာမဘုံဉ်ဖြစ်သော သေက္ခပုဂ္ဂိုလ်တို့မှာကမ္မပထပတ္တ ဝိရမီတဗ္ဗ ဝတ္ထုဟု ဆိုအပ်သော ကာယဝစီ ဒုစရိုက်များ မရှိကြသော ကြောင့် ထိုပုဂ္ဂိုလ်တို့မှာအဘယ်သို့ ဝိရတီ ယှဉ်နိုင်ပါမည်နည်း။

၅၃၃-ဖြေ။ ။ထိုပုဂ္ဂိုလ်တို့မှာ ကမ္မပထပတ္တဝိရမီတဗ္ဗဝတ္ထု ဒုစရိုက် များမရှိကြသော်လည်း ကမ္မပထ အပတ္တ ဝိရမီတဗ္ဗဝတ္ထု ဒုစရိုက်များ ရှိကြသောကြောင့် ထို ကမ္မပထ အပတ္တ ဝိရမီတဗ္ဗဝတ္ထု ဒုစရိုက်တို့ကို ကြဉ်ရှောင် သောအားဖြင့် ထို ကာမသေက္ခ ပုဂ္ဂိုလ်တို့အား လောက် ဝိရတီများ ယှဉ်နိုင်ပါသည်။ (အင်္ကုရ)

● ဝိရတီသည် လောကုတ္တရာမှာ အမြဲယှဉ်သောကြောင့် နိယတ ယောဂီဟုဆိုလျှင် သင့်,မသင့် အကြောင်းချင့်၍ ဆုံးဖြတ်ခဲ့ပါ။

၅၃၄-ဖြေ။ ။နိယတယောဂီ ဟူသည်မှာ မိမိတို့ ယှဉ်သောစိတ်မှာ အမြဲယှဉ်မှုကိုဆိုပါသည်။အနိယတယောဂီဟူသည်မှာမိမိတို့ယှဉ်သော စိတ်မှာပင်အမြဲမယှဉ်မှုကိုဆိုပါသည်။ဝိရတီမှာလည်း မိမိတို့ယှဉ်သော

စိတ်များတွင် လောကုတ္တရာမှာ အမြဲယှဉ်မှုကနည်း၍ လောကီမှာ ရံခါ ယှဉ်မှု မယှဉ်မှုကသာ အဖြစ်များသောကြောင့် အနိယတ ဓေယျာဂိသာ မည်သင့်ပါသည်။ နိယတာယောဂိ မ-မည်သင့်ပါ။ (နောတက္ကော), ဘနည်း အားဖြင့် နိယတယှဉ်မှုမှာ မထင်ရှား၊ အနိယတယှဉ်မှုသာ ထင်ရှားသောကြောင့် အနိယတယောဂိသာ မည်သင့်ပါသည်။

{လောကုတ္တရာဝိရတိ အာရုံဖြစ်သော နိဗ္ဗာန်၏ အမြဲအခါ ခပ်သိမ်း ရှိမှုမဖြစ်သေးသောကြောင့် နိယတမဖြစ်သင့်၊ လောကီ ဝိရတိအာရုံသာကွဲပြားသောကြောင့်အနိယတဖြစ်သင့်သည်ဟု အဘိဓမ္မတ္ထ ဝိကာသိနီဆရာ ဆိုသည်။ ကေစိ ဆရာများကား-နိယတ-ဟု ဆိုလိုကြသည်။}

● အာရတိနှင့် ဝိရတိ အဘယ်သို့ထူးပါသနည်း၊ ၎င်းတို့၏ အထူးကို ရေးသားဖော်ပြပါ။

၅၃၅-ဖြေ။ ။မကောင်းမှုဌ အပြစ်ကိုမြင်၍ စိတ်ဖြင့်မနှစ်သက်ခြင်း, ရှောင်ကြဉ်ခြင်းသည် အာရတိ-မည်၏။ ကမ္မဋ္ဌါရ၏အစွမ်းဖြင့် ကိုယ်, နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်းသည် ဝိရတိ-မည်၏။ ဤသို့ ထူးပါသည်။

† အာရတိနာမ ပါဉပေ အာဒိနဝ ဒဿာဝိနော မနသာဝေ အနဘိရတိ။ ဝိရတိနာမ ကမ္မဋ္ဌါရ ဝသေန ကာယဝါစာဟိ ဝိရမဏံ။ (ခုဒ္ဒကပါဋ္ဌ ဋ္ဌကထာ)

● အပ္ပမညာ စေတသိက်တို့၏ သမ္ပယောဂနည်းဌ ပဋ္ဌမစျာန်ကို အဘယ်ကြောင့် ကြဉ်ပါသနည်း။

၅၃၆-ဖြေ။ ။အပ္ပနာသို့ ရောက်ကုန်သော အပ္ပမညာတို့သည် ဘရုံတခါမျှ သောမနဿနှင့်ကင်း၍ မဖြစ်သောကြောင့် ဥပေက္ခာဖြင့်သော ပဋ္ဌမစျာန်ကိုကြဉ်၍ ယှဉ်ရပါသည်။

{အပ္ပမညာတို့သည် တပါးသောသတ္တဝါတို့အား အကြောင်းလွန်ကဲသော ဗျာပါဒ-မငြိမ်သက် မအေးချမ်းခြင်း၊ ငြိမ်သက်

အေးချမ်း ခါမျှဖြစ်ခြင်း သဘောရှိကြ၍ နိဗျာပါရ အတိသန္တ ဖြစ်သော ပဉ္စမစျာန်တို့၌ မယှဉ်နိုင်ဟူလို။}

† အပ္ပနာပတ္တာနံ အပ္ပမညာနံ နကဒါစိ သောမနဿရဟိတာ ပဝတ္တိ အတ္ထိ။ (ဋီ)

● အပ္ပနာ ပတ္တ ဖြစ်သော အပ္ပမညာတို့သည် အဘယ့်ကြောင့် သောမနဿနှင့်ကင်း၍ မဖြစ်ပါသနည်း။

၅၃၇-ဖြေ။ ။အပ္ပမညာတို့သည် ဒေါမနဿနှင့်တကွ ဖြစ်သော သွဉ်းဆဲခြင်း, မမ္ဖေလျော်ခြင်းတို့ကို ပယ်တတ်သောကြောင့်ဝင်း၊ ဒေါမနဿနှင့် ဆန့်ကျင်ဘက်ဖြစ်သော သောမနဿနှင့်သာ ယှဉ်သင့်သောကြောင့်ဝင်း ဓသောမနဿနှင့်ကင်း၍ မဖြစ်နိုင်ပါ။ (ဇူ)

● အပ္ပမညာ စေတသိက်တို့သည် အဘယ့်ကြောင့် အသီးသီး ယှဉ်ပါသနည်း။

၅၃၈-ဖြေ။ ။အာရုံပြားသောကြောင့်ဝင်း, မိမိ၏ အာရုံဖြစ်သော ဒုက္ခိတ,သုခိတ သတ္တဝါတို့အား ထင်ခြင်းသို့ ရောက်ခြင်းကို ငဲ့လိုသော ကြောင့်ဝင်း အသီးသီးယှဉ်ပါသည်။

† ဘိန္ဒာရမ္မဏတ္တာ အတ္တနော အာရမ္မဏဘူတာနံ ဒုက္ခိတ သုခိတ သတ္တာနံ အာပါထဂမနာပေက္ခတာယဝိသုံဝိသုံ ဟုတ္ဘာ။ (ဋီ)

● အပ္ပမညာတို့သည် အပ္ပနာ၏ ရှေအတို့ဖြစ်သော မဟာကုသိုလ် မဟာကြိယာတို့၌ ဥပေက္ခာဝေဒနာနှင့် ယှဉ်သကဲ့သို့ အပ္ပနာ အခိုက် ကာမာဝစရစိတ်မှာလည်း ဥပေက္ခာဝေဒနာနှင့် ယှဉ်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သောမနဿ ဝေဒနာတပါးနှင့်သာ ယှဉ်ပါသနည်း။

၅၃၉-ဖြေ။ ။ပြားသောဇာတ်ရှိသောစိတ်သည် ပြားသောဇာတ် ရှိသောစိတ်အား အာသေဝနပစ္စည်းမတပ်သကဲ့သို့ ပြားသောဝေဒနာ ရှိသော ကာမာဝစရစိတ်သည် ပြားသောဝေဒနာရှိသော မဟဂ္ဂုတ်

စိတ်အား အာသေဝနပစ္စည်း မတပ်နိုင်သောကြောင့် သောမနဿ ဝေဒနာတပါးနှင့်သာ ယှဉ်ပါသည်။ ဥပေက္ခာဝေဒနာနှင့် မယှဉ်ပါ။

† အပ္ပနာဝီထိယံ ပန တာသံ ကေန္တေ သောမနဿ သဟဂတသ္မေ သမ္ပယောဂါ ဒဋ္ဌဗ္ဗော၊ ဘိန္နဇာတိကဿဝိယ ဘိန္နဝေဒနဿဝိ အာသေဝန ပစ္စယာဘာဝတော။ (ဋီ)

● အပ္ပနာသို့ရောက်သော အပ္ပမညာသည် သောမနဿဝေဒနာနှင့် အမြဲယှဉ်သလို၊ အပ္ပနာ၏ ရှေ့အဘို့ဖြစ်သော မဟာကုသိုလ် မဟာကြိယာတို့၌လည်း သောမနဿဝေဒနာနှင့်သာ ယှဉ်သင့်သည် မဟုတ်ပါလော။

၅၄၀-ဖြေ။ ။မဟုတ်ပါ။ အပ္ပနာ၏ ရှေ့အဘို့ အပ္ပမညာစေတသိက်တို့ကိုပွားများသောပရိကံအခါ၌သောမနဿ သဟဂတစိတ်တို့ဖြင့်ပွားများခြင်းပရိကံကိုလေ့လာပြီးသည်၏အဖြစ်ကြောင့် ဥပေက္ခာသဟဂတစိတ်တို့ဖြင့်လည်း အပ္ပမညာတို့ကို ပွားများခြင်းပရိကံကို ပြုနိုင်ပါသည်။ {လေ့လာပြီးသော ဝိပဿနာဖြင့် တောက္ကမက သန်ါရတရားတို့ကို ဆင်ခြင် သုံးသပ်သော ပုဂ္ဂိုလ်အား တရံတခါ အလေ့အကျက်၏ အစွမ်းကြောင့် ဉာဏဝိပ္ပယုတ်စိတ် တို့ဖြင့်လည်း သုံးသပ်ခြင်း ဖြစ်နိုင်သကဲ့သို့ပင် ဖြစ်၏။ ထို့ကြောင့် အပ္ပနာ၏ ရှေ့အဘို့ ဖြစ်သော မဟာကုသိုလ် မဟာကြိယာ စိတ်တို့၌ အပ္ပမညာတို့သည် သောမနဿဝေဒနာနှင့်သာ မယှဉ်သင့်ဘဲ ပရိကံ၏ အစွမ်းဖြင့် ဥပေက္ခာဝေဒနာနှင့်လည်း ယှဉ်သင့် ယှဉ်နိုင်သည်ဟူလို။ ကေဠိဆရာတို့ကား-အပ္ပနာ၏ ရှေ့အဘို့ မဟာကုသိုလ် မဟာကြိယာ စိတ်တို့၌လည်း အပ္ပမညာ တို့သည် ဥပေက္ခာနှင့် မယှဉ်နိုင်ဟု ဆိုကြောင်းကို သင်္ဂဟ၌ပင် အနုရုဒ္ဓဆရော ထုတ်ပြလျက်ရှိ၏။ ဤကရဏာ,မုဒိတာတို့သည် အပ္ပနာအခိုက်မှ မဟုတ်၊ ပကတိအခါ၌လည်း ဖြစ်ကြသည်။ }

† ကရုဏာ မုဒိတာ ဘာဝနာကာလေ အပ္ပနာဝီထိတော ပုဗ္ဗေ ပရိစယ ဝသေန ဥပေက္ခာ သဟဂတ စိတ္တေဟိ ပရိကမ္မံ ဟောတိ။ (ဒီ)

● အပ္ပမညာ အမျှားဆုံး ယှဉ်နိုင်သော စိတ်, အပ္ပနာဝီထိ၏ ရှေ့အဘို့၌ ယှဉ်နိုင်သော စိတ်, အပ္ပနာဝီထို၌ ယှဉ်နိုင်သော စိတ်များကို အသီးသီး ထုတ်ပြပါ။

၅၄၁-ဖြေ။ ။အပ္ပမညာ အမျှားဆုံးယှဉ်နိုင်သော စိတ်က ၁း-ပဋ္ဌမဈာန်ကြဉ် မဟဂ္ဂုတ်စိတ်-၁၂၊ ကာမာဝစရကုသိုလ်ကြွယာအား၌ဖြင့် ၂၀၊ အပ္ပနာဝီထိ၏ ရှေ့အဘို့၌ ကာမာဝစရ ကုသိုလ်ကြွယာ-၁၆၊ အပ္ပနာဝီထို၌ ပဋ္ဌမဈာန်ကြဉ် မဟဂ္ဂုတ်စိတ်-၁၂၊ကာမာဝစရကုသိုလ်ကြွယာ သောမနဿ-၈၊ ပေါင်း ၂၀-ဖြစ်ပါသည်။

---

❸ အပ္ပမညာတို့သည် ကာမဝိပါက်နှင့် လောကုတ္တရာ စိတ်တို့၌ အဘယ့်ကြောင့် မယှဉ်ပါသနည်း။

၅၄၂-ဖြေ။ ။အပ္ပမညာတို့သည် သတ္တဝါပညတ်လျှင် အာရုံရှိသည်။ ကာမဝိပါက်နှင့် လောကုတ္တရာစိတ်တို့သည် စင်စစ် ပရိဿ တရားနှင့် နိဗ္ဗာန်လျှင် အာရုံရှိသည်။ ထိုသို့အာရုံကွဲပြားသောကြောင့် မယှဉ်ပါ။

† အပ္ပမညာယောဟိသတ္တာရမ္မဏာကာမဝိပါကလောကုတ္တရာနိ ပန ကေန္တိ ပရိတ္တာနိဒ္ဓာနာ ရမ္မဏာနိ။ (သင်္ခေပ)

---

❹ အပ္ပမညာ စေတသိက်၏ သမ္မယောဂ နည်းတွင် ကရုဏာ, မုဒိတာတို့၏ ယှဉ်ရာများကို သိရပြီ၊ ရသင့်သော မေတ္တာ, ဥပေက္ခာတို့၏ ယှဉ်ရာများကို အဘယ်သို့ သိရမည်နည်း။

၅၄၃-ဖြေ။ ။မေတ္တာသည် ကရုဏာ,မုဒိတာတို့နှင့်အတူ ပဋ္ဌမဈာန်ကြဉ်သော မဟဂ္ဂုတ်စိတ်-၁၂၊ မဟာကုသိုလ်မဟာကြွယာစ်တ်-၁၆၊ ပေါင်း ၂၈-ပါးသောစိတ်မှာ ယှဉ်ပါသည်။ ဥပေက္ခာသည် ပဋ္ဌမဈာန်ဒုတိယဈာန်၊မဟာကုသိုလ်မဟာကြွယာ-၁၆၊ပေါင်း ၃၁-ပါးမှာယှဉ်ပါသည်။ စေတသိက်ချင်း ယှဉ်မှာလည်း မဟာကုသိုလ်၌ အမြဲ ယှဉ် သော စေတသိက် ၃၇-တွင် အဒေါသကြဉ် မေတ္တာ အပ္ပမညာသည် ၃၂-ပါး သောစေတသိက်နှင့်ယှဉ်ပါသည်။ အဒေါသပြန်ထည့် တကြွမဇ္ဈတ္တတာကိုကြဉ် ဥပေက္ခာ အပ္ပမညာသည် ၃၂-ပါးသော စေတသိက်နှင့် ယှဉ်ပါသည်။

● ပညိန္ဒြေစေတသိက်သည် ကသိဏ်းနိမိတ်စသော မနက်နဲ့သော အာရုံရှိသော မဟဂ္ဂုတ်စိတ်တို့၌ အဘယ့်ကြောင့် ယှဉ်နိုင်ပါသနည်း။

၅၄၄-ဖြေ။ ။ကသိဏ်းနိမိတ် စသော အာရုံသည် မနက်နဲ့သော်လည်း ကမ္မဋ္ဌာန်း အားထုတ်မှု အစွမ်းကြောင့်၎င်း၊ စိတ် တည်ကြည်မှု အစွမ်းကြောင့်၎င်း၊ ကိလေသာမှ ဝေး ကွာ သော ကြောင့် ၎င်း၊ ထို ကသိဏ်းနိမိတ် စသည်လျှင် အာရုံရှိသော မဟဂ္ဂုတ် စျာန်စိတ်တို့၌ ပညိန္ဒြေစေတသိက် ယှဉ်နိုင်ပါသည်။ (ပရမတ္ထဒီပနီ)

● ပညာယှဉ်သောစိတ် ၄၇-ပါးတွင် ဉာဏသမ္မယုတ်စိတ် ၁၂-ပါးမှာ ယှဉ်ကြောင်းကား-ထင်ရှားပြီ၊ မဟဂ္ဂုတ် လောကုတ္တရာ တို့၌ယှဉ်ကြောင်းကိုကား-အဘယ်သို့ သိရမည်နည်း။

၅၄၅-ဖြေ။ ။မဟဂ္ဂုတ်စိတ်များမှာ နိဝရဏကိလေသာကင်းကွာသဖြင့် ၎င်းနိဝရဏတို့ ကင်းကွာလျှင် ပညာ အလိုလိုပါလာပြီဟု သိရပါသည်။ လောကုတ္တရာစိတ်မှာ သမ္မာဒိဋ္ဌိမဂ္ဂင် ပြဋ္ဌာန်းသဖြင့် ပညာ ယှဉ်ပြီဟု သိရပါသည်။

● အနိယတယောဂီစေတသိက်များကို ရေတွက်ပြု၍ နာနာကဒါစိ စေတသိက်၊ ကဒါစိ စေတသိက်၊ ကဒါစိသဟ စေတသိက်များ ကိုလည်း ခွဲခြားညွှန်ပြပါ။

၅၄၆-ဖြေ။ ။အနိယတ ယောဂီ စေတသိက်များကား - ဇာသာ, မဇ္ဈေရ, ကုက္ကုစ္စ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာ, မာန, ထိန, မိဒ္ဓ-တို့ ဖြစ်ပါသည်။ ထိုတွင် ဇာသာ, မဇ္ဈေရ, ကုက္ကုစ္စ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ကရုဏာ, မုဒိတာ-တို့ကား-နာနာကဒါစိစေတသိက်များ ဖြစ်ပါသည်။ မာနကား-ကဒါစိ စေတသိက် ဖြစ်ပါသည်။ ထိန မိဒ္ဓကား - ကဒါစိ သဟ စေတသိက် ဖြစ်ပါသည်။

† ဇာသာ မဇ္ဈေရ ကုက္ကုစ္စ၊ ဝိရတီ ကရုဏာဒယော။
နာနာ ကဒါစိ မာနော၀၊ ထိနမိဒ္ဓံ တထာ သဟာ။ (သင်္ဂဟ)

● ဒုနိယတ ယောဂိ စေတသိက် များသည် အဘယ် စိတ်များ၌ နာနာကဒါစိ ဖြစ်ကြသနည်း၊ ၎င်းတို့ နာနာကဒါစိ ယှဉ်ရာစိတ် များကိုလည်း ညွှန်ပြပါ။

၅၄၇-ဖြေ။ ။ဇာသာ,မဆ္ဆရ,ကုက္ကုစ္စ စေတသိက်တို့သည် ဒေါသမူဒ္ဓေးဠ် နာနာကဒါစိဖြစ်ကြပါသည်။ထိုဒေါသမူဒ္ဓေးဠ်မပင် နာနာကဒါစိ ဖြစ်၍ ယှဉ်သည်။ ။ဝိရတီ ၃-ခုတို့သည် မဟာကုသိုလ်စိတ် ၈-ခုတို့၌ နာနာကဒါစိဖြစ်၍ ယှဉ်သည်။ ။ကရုဏာ,မုဒိတာ ၂-ခုတို့သည် ရူပ, သောမနဿ-၁ ၂၊ မဟာကုသိုလ်-၈၊ မဟာကြိယာ-၈၊၎င်းစိတ်တို့၌ နာနာကဒါစိဖြစ်၍ ယှဉ်သည်။ ။မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ခု၌ ကဒါစိဖြစ်၍ ယှဉ်သည်။ ။ထိန မိဒ္ဓ ၂-ခုသည် သသင်္ခါရိက ၅-ခု၌ ကဒါစိဖြစ်၍ ယှဉ်သည်။ {ထို စေတသိက် ၂-ခုသည် တခုနှင့် တခု မကွေမကွာတွဲ၍ယှဉ်ခြင်းကြောင့် သဟစေတသိက်ဟုလည်းခေါ်ရသည်။ ဝိသုံဝိသုံနှင့် နာနာကား-အတူတူဟူ၍မှတ်။ }

● အနိယတယောဂိ စေတသိက်တို့၏ နာနာဖြစ်ပုံ, ကဒါစိဖြစ်ပုံ အခြင်းအရာများကို အသီးသီးခွဲခြား၍ ညွှန်ပြပါ။

၅၄၈-ဖြေ။ ။ဇာသာ,မဆ္ဆရိယ,ကုက္ကုစ္စတို့၏ နာနာဖြစ်ပုံ.... သူတပါးစည်းစိမ်ကို ငြူစူသောအခါ ဇာသာ-ဖြစ်၏။ မဆ္ဆရိယ,ကုက္ကုစ္စ မဖြစ်၊မိမိစည်းစိမ်ကိုလျှို့ဝှက်သောအခါမဆ္ဆရိယဖြစ်၏။ဇာသာ,ကုက္ကုစ္စ မဖြစ်။ပြုအပ်ပြီးသောဒုစရိုက်,မပြုရသေးသောသုစရိုက်တို့၌စိုးရိမ်သောအခါ ကုက္ကုစ္စ-ဖြစ်၏။ဇာသာ,မဆ္ဆရိယ မဖြစ်။ (ဤကား-နာနာဖြစ်ပုံ)

၎င်းစေတသိက်တို့ ကဒါစိဖြစ်ပုံ....သူတပါးစည်းစိမ်ကို ငြူစူသောအခါ ဇာသာဖြစ်၏၊ မငြူစူသောအခါ မဖြစ်။မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ မဆ္ဆရိယဖြစ်၏၊ မလျှို့ဝှက်သောအခါ မဖြစ်။ ပြုအပ်ပြီးသောဒုစရိုက် မပြုရသေးသော သုစရိုက်တို့၌ စိုးရိမ်သောအခါ ကုက္ကုစ္စဖြစ်၏၊ မစိုးရိမ်သောအခါ မဖြစ်။ (ဤကား-ကဒါစိဖြစ်ပုံ)

ဝိရတိစေတသိက် ၃-ခု နာနာဖြစ်ပုံ.... အာဇီဝဟေတုကို မငဲ့ဘဲ ဝစီဒုစရိုက် ၄-ပါးမှကြဉ်သောအခါ သမ္မာဝါစာ-ဖြစ်၏၊ သမ္မာ

ကမ္မန္တ,သမ္မာအာဇီဝ မဖြစ်။ အာဇီဝဟေတုကိုမင့်ဘဲ ကာယဒုစရိုက် ၃-ပါးမှ ကြဉ်သောအခါ သမ္မာကမ္မန္တ-ဖြစ်၏၊ သမ္မာဝါစာ, သမ္မာအာဇီဝ မဖြစ်။အာဇီဝဟေတုကိုင့်၍ ဝစီဒုစရိုက် ၄-ပါး၊ကာယဒုစရိုက် ၃-ပါးမှကြဉ်သောအခါ သမ္မာအာဇီဝ ဖြစ်၏၊ သမ္မာဝါစာ, သမ္မာကမ္မန္တ မဖြစ်။ (ဤကား-နာနာဖြစ်ပုံ)

ထိုစေတသိက်တို့ ကဒါစိ ဖြစ်ပုံ.... အာဇီဝဟေတုကိုမင့်ဘဲ ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်သောအခါ သမ္မာဝါစာ ဖြစ်၏၊ မကြဉ်သောအခါမဖြစ်။အာဇီဝဟေတုကိုမင့်ဘဲ ကာယဒုစရိုက် ၃-ပါးမှကြဉ်သောအခါ သမ္မာကမ္မန္တ ဖြစ်၏၊မကြဉ်သောအခါမဖြစ်။ အာဇီဝဟေတုကိုင့်၍ ဝစီဒုစရိုက် ၄-ပါး၊ ကာယဒုစရိုက် ၃-ပါးမှကြဉ်သောအခါ သမ္မာအာဇီဝ ဖြစ်၏၊ မကြဉ်သောအခါ မဖြစ်။ (ဤကား-ကဒါစိ ဖြစ်ပုံ)

အပ္ပမညာဒွေး နာနာဖြစ်ပုံ....ဒုက္ခိတ သတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာ-ဖြစ်၏၊ မုဒိတာ-မဖြစ်။ သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာ-ဖြစ်၏၊ ကရုဏာ-မဖြစ်။ (ဤကား-နာနာဖြစ်ပုံ)

ထိုအပ္ပမညာဒွေး ကဒါစိဖြစ်ပုံ....ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားသောအခါ ကရုဏာ-ဖြစ်၏၊ မသနားသောအခါ မဖြစ်။ သုခိတ သတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာဖြစ်၏၊ဝမ်းမမြောက်သောအခါမဖြစ်။ (ဤကား-ကဒါစိဖြစ်ပုံ)

မာနစေတသိက် ကဒါစိဖြစ်ပုံ.... မိမိကိုယ်ကို ငါသာလျှင်မြတ်၏ဟု ထောင်လွှားသောအခါ မာန-ဖြစ်၏၊ မထောင်လွှားသောအခါ မဖြစ်။ (မာနစေတသိက်ကား-ကဒါစိသာ နာနာမရ)

ထိနမိဒ္ဓစေဘသိက်တို့ ကဒါစိဖြစ်ပုံ....နာမက္ခန္ဓာ ၄-ပါးတို့၏ မခံ့သောအခါ ထိနမိဒ္ဓ-ဖြစ်၏၊ခံ့သောအခါ မဖြစ်။ (ဤကား-ကဒါစိဖြစ်ပုံ။) ဤစေတသိက် ၂-ခုသည် အတူတကွ မကွေမကွာ ယှဉ်သောကြောင့် သဟလည်း အမည်ရသည်။ (ဦ)

{ဤကား-အနိယတယောဂိစေဘသိက် ၁၁-ခုတို့၏ နာနာကဒါစိဖြစ်ပုံ အကျယ်တည်း။ ဤစေတသိက်တို့၏ နာနာကဒါဝိဖြစ်ပုံကို သဘောကျခဲ့၍ ယောင်ဝါးဝါးဖြစ်တတ်သောကြောင့် ဂန္ဓဲဂရုကိုမရှုနိုင်ဘဲ ကျယ်ကျယ်ရေးလိုက်ရသည်။}

● ထိန မိဒ္ဓ စေတသိက် ၂-ခုသည် အဘယ်စိတ်၌ အဘယ်စေတသိက်များနှင့် အတူတကွဖြစ်၍၊ အဘယ်စိတ်၌ အဘယ်စေတသိက်များနှင့် အသီးသီး ဖြစ်ပါသနည်း၊ ရှုနိုင်သမျှခွဲခြားယှဉ်တွဲ၍ ပြခဲ့ပါ။

၅၄၉-ဖြေ။ ။ထိန မိဒ္ဓ စေတသိက် ၂-ခုသည် ပဋိဃ သမ္မယုတ်, သသင်္ခါရိကစိတ်၌ ဇာသာ, မဇ္ဈေရ,ကုက္ကုစ္စ စေတသိက်တို့နှင့် အတူတကွ (သဟ) ဖြစ်၍၊ ဒိဋ္ဌဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်တို့၌ မာနနှင့် အတူတကွ (သဟ) ဖြစ်၏။ ။ဒိဋ္ဌဂတသမ္မယုတ် သသင်္ခါရိကဉ္စ ဖြစ်သောအခါ ဇာသာ,မဇ္ဈေရ,ကုက္ကုစ္စ,မာန တို့နှင့်ဂင်း၊ ပဋိဃသမ္မယုတ် သသင်္ခါရိကဉ္စဖြစ်သောအခါ မာနနှင့်ဂင်း၊ ဒိဋ္ဌဂတ ဝိပ္ပယုတ် သသင်္ခါရိကဉ္စ ဖြစ်သောအခါ ဇာသာ, မဇ္ဈေရ, ကုက္ကုစ္စ တို့နှင့်ဂင်း ကင်း၍ (နာနာ) လည်း ဖြစ်ပါသေးသည်။ (၌)

{ဤကား-ဌီကာလာ တနည်းပြ စကားကို ယထာလာဘနည်းဖြင့် ရနိုင်သမျှ ခွဲခြားယှဉ်တွဲ၍ပြခြင်းတည်း။ဤအရာကား-အလွန်ယောင်မှား၍ ဌီကာလာ စကားကို ဝိုး တိုး ဝါး တား သဘောကျခဲသည်၊ လွယ်သည်ဟု မမှတ်သင့်၊ ကွဲပြားခြားနားအောင် အထူးလေ့လာကြိုးစားကြည့်ရှုပါကုန်။ရှေးနည်း သဟဖြစ်ပုံနှင့် ဤနည်း သဟဖြစ်ပုံ မတူ၊ ခွဲခြား၍ မှတ်ပါ၊ ဌီကာနောက်နည်း ဖြစ်သည်။ မာဒနုဝစ-၌ စ-သဒ္ဒါကို သဟနောင် ရွှေ့၍ ထိုင်။}

● ပညာသည် ဉာဏသမ္မယုတ်စိတ်နှင့်မဟဂ္ဂုတ်လောကုတ္တရာစိတ်များမှာသာ ယှဉ်၍၊ ဉာဏဝိပ္ပယုတ် စိတ်များမှာ မယှဉ်သော

ကြောင့် အနိယတယောဂီ မည်သင့်, မ-မည်သင့်, သင့်သလို့ ဆိုးဖြတ်ပါ။

၅၅၀-ဖြေ။ ။ပညာသည် ဉာဏဝိပွယုတ်စိတ်မှာ ဘယ်အခါမျှ မယှဉ်သဖြင့် နိယတလော - အနိယတ၊လော စိစစ်ဘို့မလို၊ ဉာဏသမ္ပယုတ်နှင့် မဟဂ္ဂုတ်လောကုတ္တရာမှာလည်းအမြဲတမ်းယှဉ်သောကြောင့် အနိယတ လင်းပါး (ယုံမှား) ဘို့မလို၊ ထို့ကြောင့် နိယတယောဂီ အစစ်သာဖြစ်ပါသည်။

● နိယတ, အနိယတ, နိယတာ နိယတ ယောဂီစေတသိက်များကို ရေတွက်ပြပါ။

၅၅၁ -ဖြေ။ ။ဇာသာ,မဏ္ဍရိယ,ကုက္ကုစ္စ, ကရုဏာ,မုဒိတာ,မာန, ထိန, မိဒ္ဓ, ဝိရတိတို့မှကြွင်းသော စေတသိက် ၄၁-ကား နိယတ၊ အထက်ပါ ဇာသာမှစ၍ မိဒ္ဓ-တိုင်အောင် ဂ-ပါးကား - အနိယတ၊ ဝိရတိ ၃-ခုတို့ကား - နိယတာ နိယတ စေတသိက်များ ဖြစ်ပါသည်။

သမ္မယောဂနည်း အဖြေ ပြီး၏။

သင်္ဂဟနည်း အဖြေ

●

● အဘယ့်ကြောင့် သမ္မယောဂနည်းကဲ့သို့ စေတသိက ဥဒ္ဒေသက္ကမဖြင့် သင်္ဂဟနည်းကို မဆိုပါသနည်း။

၅၅၂ -ဖြေ။ ။စေတသိက်တို့ကိုရေတွက်အပ်သောကြောင့်မဆိုပါ။

{ သမ္မယောဂနည်းကို စေတသိက်ကိုမှီ၍ စိတ်ကို ရေတွက်သောကြောင့် စေတသိတ် အစဉ်ဖြင့် ဆိုသည်။ သင်္ဂဟနည်းကို ကား - စိတ်ကိုမှီ၍ စေတသိက်တို့ကို ရေတွက် သောကြောင့် ဘူမိကမ စိတ်အစဉ်အားဖြင့် ဆိုသည်ဟူလို။ }

† စေတသိကာနံ ဂဏနတ္တာ။ '(သဒ္ဒနီပ)

● သမ္ပယောဂနည်း, သင်္ဂဟနည်းတို့၏ အထူးကို ရေးခဲ့ပါ။

၅၅၃-ဖြေ။ ။ဤစေတသိက်ကို ဤမျှသောစိတ်တို့၌ ရအပ်သည်ဟု စိတ်ကို ပိုင်းခြားရှိပြခြင်းသည် သမ္ပယောဂနည်း။ ဤစိတ်၌ ဤမျှသော စေတသိက်တို့သည်ဖြစ်ကြသည်ဟုစေတသိက်ကိုပိုင်းခြားရှိပြခြင်းသည် သင်္ဂဟနည်း-မည်၏။ {ကုဉ်းကုဉ်းကား-စိတ်ကို ပိုင်းခြားရှိပြခြင်းသည် သမ္ပယောဂနည်း၊ စေတသိက်ကို ပိုင်းခြားရှိပြခြင်းသည် သင်္ဂဟနည်း၊ ဤသို့ ထူးပါသည်။} (၉)

● လောကုတ္တရာ စိတ်၏ သင်္ဂဟနည်း၌ အပ္ပမညာကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

၅၅၄-ဖြေ။ ။အပ္ပမညာ စေတသိက်တို့သည် သတ္တဝါပညတ်လျှင် အာရုံရှိ၍ လောကုတ္တရာစိတ်တို့မှာ နိဗ္ဗာန်လျှင် အာရုံ ရှိသောကြောင့် အာရုံပြားသည်ဖြစ်၍ အပ္ပမညာကို ကြဉ်ပါသည်။

{ဤလောကုတ္တရာစိတ် သင်္ဂဟနည်း "ပဉ္စကချာနဝသေန ပဉ္စဓာဝ သင်္ဂဟော ဟောတိ"၌ ဧဝ-သဒ္ဒါသည် နိယမအနက်ရှိ၏။စတုက္ကနည်းဖြစ်လျှင် သင်္ဂဟနည်း ၄-နည်းသာရှိသည်ဟု ပြသည်။}

† အပ္ပမညာနံ သတ္တာရမ္မဏတ္တာ၊ လောကုတ္တရာနဉ္စ နိဗ္ဗာနာရမ္မဏတ္တာ ဝုတ္တံ အပ္ပမညာ ဝဋ္ဌိတာတိ။ (၉)

● ပဉ္စကနည်းချာန်၌ ဝိတက်,ဝိစာရတို့ကို အသီးသီးလွန်၍ စတုက္ကနည်း ချာန်၌ အဘယ့်ကြောင့် တပြိုင်နက် လွန်ပါသနည်း။

၅၅၅-ဖြေ။ ။ဉာဏ် မထက် လွန်းသဖြင့် ဝိတက်, ဝိစာရ - ဟို၌ တပြိုင်နက် အပြစ်ကို မမြင်သောကြောင့် ပဉ္စကနည်း၌ အသီးသီးလွန်၍ ဉာဏ်ထက်လွန်းသဖြင့် ထိုဝိတက်,ဝိစာရတို့ကို တပြိုင်နက်တည်း အပြစ်ကိုမြင်သောကြောင့် စတုက္ကနည်း၌ တပြိုင်နက် လွန်ပါသည်။

† ဝိသုံဝိသုံ အတိက္ကမိတ္ဆာ နာတိ တိက္ခ ဉာဏတာယ ဧကတော ဒ္ဒီသု အာဒီနဝဿ အဒိဋ္ဌတ္တာတိ အဓိပ္ပာယော၊ ဧကတော အတိက္ကမိတ္ဆာ အတိတိက္ခ ဉာဏတာယ တေဒ္ဒယေ ဧကတော အာဒီနဝဿ ဒိဋ္ဌတ္တာတိ အဓိပ္ပာယော။ (၉)

● အသီးသီးလွန်, တပြိုင်နက်လွန် - ဟူသည် လူတယောက်က တယောက်ကို လွန်တက် သွားခြင်းမျိုးကို ဆိုပါသလော၊ အဘယ်သို့နည်း။

၅၅၆-ဖြေ။ ။မဟုတ်ပါ၊ ထိုပဌမချာန်, ဒုတိယချာန်တို့၌ တပ်ခြင်း တဏ္ဍာကို ပယ်ခြင်း၏အစွမ်းဖြင့်၎င်း, ထိုချာန်တို့၌ တဖန် မဖြစ်အောင် ပြုခြင်း၏ အစွမ်းဖြင့်၎င်း ဖြစ်ခြင်းကိုသာ လွန်သည်ဟု ဆိုပါသည်။ {ဒုတိယချာန် စသည်တို့၌ ဝိတက် စသည်တို့ကို ကြဉ်သွားခြင်းကား- ဘာဝနာ၏အစွမ်းကြောင့် မှတ်လေ။ }

† အတိက္ကမ နဉ္ဇေတ္ထတေသုနိကန္တိပ္ပဟာနဝသေန ယထာဝုတ္တဏ္ဌာ နေသု အနုပ္ပတ္တိ ကရဏ ဝသေနစ ဒဋ္ဌဗ္ဗံ။ (ဇူ)

● မဟဂ္ဂုတ်စိတ် သင်္ဂဟနည်း၌ အဘယ့်ကြောင့် ဝိရတီကို ကြဉ်ပါ သနည်း။

၅၅၇-ဖြေ။ ။သီလ စင်ကြယ်သည်၏ အစွမ်းဖြင့် ကောင်းစွာ သုတ် သင်အပ်ပြီးသော ကာယဝစီ ပယောဂရှိသောပုဂ္ဂိုလ်အား သက်သက် စိတ်တည်ကြည်ခါမျှဖြင့်၊ ဝါ-စိတ်ကို အာရုံ၌ကောင်းစွာ ထားခါမျှဖြင့် မဟဂ္ဂုတ်ချာန်များ ဖြစ်ကြသောကြောင့် ဝိရတီကို ကြဉ်ရပါသည်။

{အထက်ပါ ဆိုခဲ့သော အကြောင်းကြောင့် သာလျှင် မဟဂ္ဂုတ်ချာန်ဖြစ်သည်။ကာယကံ ဝစီကံတို့ကိုသုတ်သင်သော အားဖြင့်၎င်း,ဒုစရိုက် ဒုရာဇီဝတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, တဖန် ငြိမ်းစေခြင်း အစွမ်းဖြင့်၎င်း မဟဂ္ဂုတ်ချာန်များ ဖြစ်ကြသည် မဟုတ်၊ ထိုကြောင့် ဝိရတီကို ကြဉ်ရသည်ဟူလို။} (ဌီ)

● ရူပါဝစရ ပဉ္စမချာန်မှာ စေတသိက်-၃၀၊ အရူပါဝစရစိတ် မှာလည်း ၃၀-ပင် ယှဉ်ရာ၊ ၎င်းတို့၏ အထူးကို အဘယ်သို့ မှတ်ရမည်နည်း။

၅၅၈-ဖြေ။ ။စေတသိက်ချင်းတူသော်လည်း ရူပ ပဉ္စချာန်ကား- ရူပသညာ ဖြစ်သောကြောင့် ရူပါဝစရ၏အဖြစ်၊ ဤအရူပါဝစရကား-

ရူပသညာကိုလွန်သဖြင့် ရောက်အပ်သော အရူပါဝစရ၏အဖြစ် (ရူပါဝစရအဖြစ်-အရူပါဝစရအဖြစ်။) ဤသို့အထူးကို မှတ်ရမည်။

† အရူပါဝစရဘာဝေါ စေတ္ထ ဝိသေသော။ (အဘိမ္မောဝတာရ)

● မဟာကုသိုလ်စိတ်၏ သင်္ဂဟနည်း၌ အပွမညာ ဝိရတီတို့သည် အဘယ့်ကြောင့် အသီးသီး တခုစီ တခုစီ ယှဉ်ကြပါသနည်း။

၅၅၉-ဖြေ။ ။အပွမညာတိုသည် သတ္တဝါပညတ်လျှင် အာရုံရှိသည်၏အဖြစ်ကြောင့်ရင်း, ဝိရတီတို့သည် ဝိတိက္ကမိတဒ္ဒ ဝတ္ထုလျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်ရင်း, ထိုအပွမညာ ဝိရတီတို့သည် တခုသောစိတ္တုပ္ပာဒ်၌ အတူဘက္ခ မဖြစ်နိုင်ပါ။ ထို့ကြောင့် အသီးသီး တခုစီ တခုစီသာ ယှဉ်ရပါသည်။

† အပွမညာနံဟ် သတ္တာရမ္မဏတ္တာ ဝိရတီနဉ္စ ဝိတိက္ကမိတဒ္ဒဝတ္ထုဝိသယတ္တာ နတ္ထိ တာသံ ဧကစိတ္တုပ္ပာဒေ သမ္ဘဝေါ။ (ဋီ)

● မဟာကုသိုလ် ပဌမဒွေး၌ အများဆုံး အမြဲတမ်း တပြိုင်နက် စေတသိက် မည်မျှစီ ယှဉ်နိုင်ပါသနည်း၊ အသီးသီး သင်္ချာမျှ ဖော်ပြပါ။

၅၆၀-ဖြေ။ ။အများဆုံး ၃၈-ပါး၊ အမြဲတမ်း ၃၃-ပါး၊ တပြိုင်နက် ၃၄-ပါး ယှဉ်နိုင်ပါသည်။ (အဘိမ္မောဝတာရ

{စေတသိက် ၅၂-ပါး အကုန်ရအောင်ယှဉ်ချင်လျှင် မဟာကုသိုလ်ပဌမဒွေးထဲကတခုခု၊ သောဘမူပဌမ သသင်္ခါရိကတခု၊ ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄-ခုထဲက တခုခု၊ ဒေါသမူဒွေးထဲက တခုခု၊ ဝိစိကိစ္ဆာစိတ် တခုကိုယူလျှင် စေတသိက် ၅၂-ပါးလုံးယှဉ်နိုင်သည်။}

● မဟာကြိယာစိတ်၌ အဘယ့်ကြောင့် ဝိရတီကို ကြဉ်ပါသနည်း။

၅၆၁-ဖြေ။ ။လောကီဖြစ်သော ဝိရတီတို့သည် စင်စစ် ကုသိုလ်သဘောရှိကြ၍၊ အများကတ သဘောရှိသော မဟာ ကြိယာစိတ်၌ မဖြစ်သင့်သောကြောင့် ဝိရတီကို ကြဉ်ရပါသည်။

† လောကီယ ဝိရတီနံ ဧကန္တ ကုသလ သဘာဝတ္တာ နတ္ထိ အများကတေသု သမ္ဘဝေါတိ ဝုတ္တံ ဝိရတိဝဇ္ဇိတာတိ။ (ဋီ)

● လောကုတ္တရာ ဝိရတီတို့သည်လည်း ကေန္တ ကုသိုလ် ဖြစ်သင့်သည်မဟုတ်ပါလော၊အဘယ့်ကြောင့် ထိုလောကုတ္တရာ ဝိရတီတို့ကို သိက္ခာပဒ ဝိဘင်း၌ ကေန္တကုသိုလ်၏အဖြစ်ဖြင့် မြတ်စွာ ဘုရား မဟောပါသနည်း။

၅၆၂-ဖြေ။ ။ဖိုလ်သည် မဂ်အားလျော်စွာ ဖြစ်သောကြောင့်ရင်း, မဂ်သည် ပယ်အပ်ပြီးသော ဒုစရိုက် ဒုရာဇီဝတို့ကို တဖန် ငြိမ်းစေတတ်သည်၏ အဖြစ်ကြောင့်ရင်း, လောကုတ္တရာ ဝိရတီတို့ကို ထို သိက္ခာပဒ ဝိဘင်း၌ ကေန္တ ကုသိုလ်၏ အဖြစ်ဖြင့် မြတ် စွာ ဘုရား မ ဟော ပါ။ (အဗျာကတသဘော သက်ဝင်နေသောကြောင့် မဟော ဟူလို။)

† ဖလဿပနမဂ္ဂပ္ပဋိဗိမ္ဘဘူတတ္တာ ဒုစ္စရိတ ဒုရာဇီဝါနံပဋိပဿမ္ဘန တောစ နလောကုတ္တရ ဝိရတီနံ ကေန္တကုသလတာ ယုတ္တာတိ တာသံ တတ္ထ အာဟဏံ။ (ဋီ)

● မဟာ ဝိပါက်စိတ်၌ အဘယ့်ကြောင့် အပွမညာ ဝိရတီတို့ မယှဉ်ပါသနည်း။

၅၆၃-ဖြေ။ ။မဟာဝိပါက် စိတ်တို့၏ စင်စစ် ကာမ တရားလျှင် အာရုံရှိသည်၏အဖြစ်ကြောင့်ရင်း, အပွမညာတို့၏သတ္တဝါပညတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်ရင်း, ဝိရတီတို့၏လည်း စင်စစ် ကုသိုလ်သဘောရှိသည်၏ အဖြစ်ကြောင့်ရင်း မဟာဝိပါက်စိတ်၌ အပွမညာ ဝိရတီတို့ မယှဉ်ပါ။

† ကာမာဝစရပိပါကာနမ္ပိ ကေန္တ ပရိတ္တာရမ္မဏတ္တာ အပွမညာ နဉ္စ သတ္တာ ရမ္မဏတ္တာ ဝိရတီနမ္ပိ ကေန္တ ကုလတ္တာ ဝုတ္တံ အပွမညာ ဝိရတိ ဝဇ္ဇိတာတိ။ (ဋီ)

● ကာမာဝစရ ကုသိုလ်သည် ပညတ် စသော အာရုံကို အာရုံပြုသောကြောင့် ကာမာဝစရ ကုသိုလ်ကံ၏ အာရုံနှင့် ဝိပါက်၏ အာရုံသည် အတူတူပင်ဖြစ်သင့်လျက် အဘယ့်ကြောင့် ဝိပါက်၏အာရုံသည် ပရိတ္တတရားသာ ဖြစ်ပါသနည်း။

၅၆၄-ဖြေ။ ။အတူတူ မဖြစ်သင့်ပါ။ အဘယ့်ကြောင့်ဟူမူ ကာမ တဏ္ဍာနှင့်စပ်သော ကာမာဝစရကံ၏အကျိုးဖြစ်သောကြောင့် ဖြစ်ပါ

သည်။ ကျွန်မကမ္မေးသောသားသည် ကျွန်၏သားပင် ဖြစ်သော်လည်း ကျွန်မက မပိုင်ဆိုင်-အရှင်သာလျှင် ပိုင်ဆိုင်သကဲ့သို့၊ ကာမတဏှာနှင့် စပ်သောကြောင့် ကျွန်မနှင့်တူသော ကာမာဝစရကံ၏အကျိုးဖြစ်သော သားနှင့်တူသော ဝိပါက်စိတ်သည် ကာမာဝစရကံသည် ယူအပ်သော ပညတ် စသောအာရုံကိုမယူဘဲ ကာမတဏှာ၏ အာရုံဖြစ်သော ပရိတ္တာ အာရုံကိုသာလျှင် ယူပါသည်။ ထို့ကြောင့် ကုသိုလ်နှင့် အာရုံ မတူဘဲ ဝိပါက်၏အာရုံသည် ပရိဿတရားသာ ဖြစ်ရပါသည်။ (၄)

● (၁) အပွမညာသာယှဉ်၍ ဝိရဘီမယှဉ်သော သောဘဏစိတ်။
(၂) ဝိရဘီသာယှဉ်၍ အပွမညာမယှဉ်သော သောဘဏစိတ်။
(၃) ၂-ပါးစုံယှဉ်သော သောဘဏစိတ်။
(၄) ၂-ပါးစုံမယှဉ်သောသောဘဏစိတ်များကိုရောက်ပြပါ။

၅၆၅-ဖြေ။ ။(၁) မဟာကြိယာစိတ်-၈၊ ပဉ္စဒွာရာန်ကြဉ် မဟဂ္ဂုတ်စိတ်-၁၂၊ ပေါင်း-၂၀။
(၂) လောကုတ္တရာစိတ် ၈-ခု။
(၃) မဟာကုသိုလ်စိတ် ၈-ခု။
(၄) မဟာဝိပါက်-၈၊ပဉ္စမဈာန်၁၅၊ပေါင်း ၂၃-ခု တို့ဖြစ်ပါသည်။

† နဝိဇ္ဇန္တေတ္ထ ဝိရတီ၊ ကြိယေသုစ မဟဂ္ဂတော။
အနုဿရေ အပွမညာ၊ ကာမပါကေ ဒွယံ တထာ။ (သင်္ဂဟ)

● ဝိသေသက စေတသိက်များကိုရောတွက်ပြ၍၊ အဘယ်သို့ပြုသည်ကို အထူးပြုသည်ဟု ဆိုပါသနည်း။

၅၆၆-ဖြေ။ ။ဝိသေသက စေတသိက်များကား-ဝိဘက်, ဝိစာရ, ဒိတိ, သုခ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဉာဏ်တို့ ဖြစ်ပါသည်။ အချို့သော စိတ်မှာယှဉ်၍ အချို့သော စိုက်မှာ မယှဉ်ခြင်းကိုပင် အထူးပြုသည်ဟု ဆိုပါသည်။

* တက်-စာ-ဒိ-သု, ဗျာန်အင်စုံ, နှစ်ခု ပမညာ။
* ဝိရတီဥာဏ, ပေါင်းဆယ်ဝ, မှတ်ကြ ဝိသေသာ။ (သစ်)

● အဘယ်စိတ်၌ အဘယ်တရားများအထူးပြုပါသနည်းအသီးသီး ဖော်ပြပါ။

၅၆၇-ဖြေ။ ။လောကုတ္တရာစိတ်၌ ဝိတက်, ဝိစာရ, ပီတိ, သုခ-ဟူဆိုအပ်သော ဈာန်တရားများ အထူးပြုပါသည်။ မဟဂ္ဂုတ်စိတ်၌ ထိုဈာန်တရား ၄-ပါးနှင့် အပ္ပမညာ စေတသိက်တို့ အထူး ပြုပါသည်။ ကာမာဝစရ သောဘဏ စိတ်၌ ဝိရတီ ၃၊ ညာဏ် - ပီတိ - အပ္ပမညာ စေတသိက်များ အထူးပြုပါသည်။

† အနုတ္တရေ ဈာနမမ္မာ၊ အပ္ပဗညာစ မတ္ထိမေ။
ဝိရတီ ညာဏပီတိစ၊ ပရိတ္တောသု ဝိသေသကာ။ (သင်္ဂဟ)
{အပ္ပမညာစ-၌ စ-သဒ္ဒါဖြင့် ဝိတက်, ဝိစာရ, ပီတိ, သုခ-ဈာန်လေးပါးကို ငင်ယူပါ။ ပီတိစ-၌ စ-သဒ္ဒါဖြင့် အပ္ပမညာဒွေးကို ငင်ယူပါ။ကာမလောကုတ္တရာတို့၏ အလယ်၌ဖြစ်သောကြောင့် မဟဂ္ဂုတ်စိတ်သည် "မတ္ထိမ" မည်သည်ဟုမှတ်။ } (ဋီ)

● ထို ဝိသေသက စေတသိက်များ အဘယ်မှ အဘယ်ကို အထူးပြုသည်ဟု ၎င်းဟိုဋီကာ၏အထူးပြုပုံကို ထင်စွာခွဲခြမ်း ဝေဖန်ပြခဲ့ပါ။

၅၆၈-ဖြေ။ ။ဝိရတီ ၃-ခုသည် ကာမာဝစရကုသိုလ် ၈-ခု၌သာယှဉ်၍ဝိပါက်ကြီယာတို့၌မယှဉ်သောကြောင့်ကုသိုလ်မှဝိပါက်ကြီယာတို့ကို အထူးပြုပါသည်။အပ္ပမညာဒွေးသည်ကာမာဝစရကုသိုလ်ကြီယာတို့၌ယှဉ်၍ ဝိပါက်၌မယှဉ်သောကြောင့် ကုသိုလ်ကြီယာမှ ဝိပါက်ကို အထူးပြုသည်။မဟဂ္ဂုတ်မှာကား-ပဌမဈာန်၊ ဒု,တ,စ-ဈာန်တို့၌ ယှဉ်၍ ပဌမဈာန်၌ မယှဉ်သောကြောင့် ပ,ဒု,တ,စ-ဈာန်မှ ပဌမဈာန်ကို အထူးပြုသည်။ ညာဏ်သည် ညာဏသမ္မယုတ်မှာသာယှဉ်၍ ညာဏဝိပ္ပယုတ်မှာမယှဉ်သောကြောင့် ညာဏသမ္မယုတ်မှ ညာဏဝိပ္ပယုတ်ကိုအထူးပြုသည်။ !(ပဌမဒွေး စသည်မှ ဒုတိယဒွေး စသည်းကို အထူးပြုသည် အတူတူ။) ပီတိသည် သောမနဿ သဟဂုတ်၌သာ ယှဉ်၍ ဥပေက္ခာ သဟဂုတ်၌မယှဉ်သောကြောင့် သောမနဿမှ ဥပေက္ခာကို အထူးပြုသည်။ (ပဌမဒွေး ဒုတိယဒွေးမှ တတိယဒွေး စတုတ္ထဒွေးကိုအထူးပြုသည် အတူတူ။)

ဝိတက်သည် ပဌမဈာန်၌ယှဉ်၍ ဒုတိယဈာန် စသည်၌ မယှဉ်သော ကြောင့် ပဌမဈာန်မှ ဒုတိယဈာန် စသည်ကိုအထူးပြုသည်။ဝိစာရသည် ပဌမဈာန်,ဒုတိယဈာန်၌သာယှဉ်၍ တတိယဈာန်စသည်၌မယှဉ်သော ကြောင့် ပဌမဈာန်, ဒုတိယဈာန်မှ တတိယဈာန် စသည်ကို အထူးပြုသည်။သုခဝေဒနာသည် ပ,ဒု,တ,စ-ဈာန်တို့၌ယှဉ်၍ ပဉ္စမဈာန်၌မယှဉ်သောကြောင့် ပ, ဒု, တ, စ-ဈာန်မှ ပဉ္စမဈာန်ကို အထူး ပြုသည်။ ဥပေက္ခာဝေဒနာသည် ပဉ္စမဈာန်မှာယှဉ်၍ ပ,ဒု,တ,စ-တို့မှာ မယှဉ်သောကြောင့် ပဉ္စမဈာန်မှ ပ,ဒု,တ,စ-ဈာန်တို့ကို အထူးပြုသည်။ {ဤကား-ဝိသေသကစေတသိက် ၁၀-ခုတို့၏ အထူးပြုပုံအကျယ်တည်း။ }

† တတ္ထ ဝိရတိ ကုသလေဟိ ဝိပါက ကြိယာနံ ဝိသေသကာ, အပ္ပမညာ ကုသလ ကြိယေဟိ ဝိပါကာနံ၊ ဉာဏဝိတိပန တီသု ပဌမ ယုဂဋ္ဌာဒီဟိ ဒုတိယ ယုဂဋ္ဌာဒီနဉ္စိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● (၁) အနိယတ ယောဂိသာ ဖြစ်၍ ဝိသေသက မဖြစ်သော စေတသိက်၊ (၂) ဝိသေသကသာ ဖြစ်၍ အနိယတယောဂိ မဖြစ်သော စေတသိက်၊ (၃) ၂-ပါးစုံဖြစ်သော စေတသိက်၊ (၄) ၂-ပါးစုံမဖြစ်သော စေတသိက်များကို ထုတ်ပြပါ။

၅၆၉-ဖြေ။ ။

(၁) ဇာဿာ, မစ္ဆရိယ, ကုက္ကုစ္စ, မာန, ထိန, မိဒ္ဓ ၆-ပါး။
(၂) ဝိတက်, ဝိစာရ, ဒိတိ, ဝေဒနာ, ပညာ ၅-ပါး။
(၃) ဝိရတိ, အပ္ပမညာ ၅-ပါး။
(၄) ကျန်သောစေတသိက် ၃၄-ပါး။

ပေါင်း ၅၂-ပါး ဖြစ်ပါသည်။

● ပဉ္စမအာသန်ဂါရိကစိတ်၌ ဇာဿာ, မစ္ဆေရ, ကုက္ကုစ္စ စေတသိက်တို့သည် အဘယ့်ကြောင့် အသီးသီး ယှဉ်ကြပါသနည်း။

၅၇၀-ဖြေ။ ။အာရုံ ပြား သော ကြောင့် အ တူ တ ကွ မ ယှဉ် ဘဲ အသီးသီး ယှဉ်ကြပါသည်။

† ဘိန္နာရမ္မဏတ္တာ ယေဝါတိ အဓိပ္ပာယော။ (ဋီ)

● ပဌမအသန်ါရိကစိတ်၌ အများဆုံး, အမြဲတမ်း, တပြိုင်နက် စေတသိက် မည်မျှယှဉ်နိုင်ပါသနည်း အသီးသီး ဖေါ်ပြပါ။

၅၇၁-ဖြေ။ ။အများဆုံးအားဖြင့်-၂၀၊ အမြဲတမ်း-၁၇၊ တပြိုင်နက် ၁၈-ပါး ယှဉ်နိုင်ပါသည်။

● ဝိစိကိစ္ဆာ သဟဂုတ်စိတ်၌ အဓိမောက္ခ အဘယ့်ကြောင့်မယှဉ်ပါသနည်း။

၅၇၂-ဖြေ။ ။အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်း လက္ခဏာရှိသောကြောင့် အာရုံကိုမဆုံးဖြတ်နိုင်ခြင်း, နှစ်လုံးနှစ်ခွဖြစ်ခြင်းသဘောရှိသော ဝိစိကိစ္ဆာစိတ်၌ မယှဉ်နိုင်ပါ။ ထို့ကြောင့် မယှဉ်ခြင်းဖြစ်ပါသည်။

† အဓိမောက္ခဿ နိစ္ဆယ ကာရပ္ပဝတ္တိတော ဒွေဋ္ဌက သဘာဝေ ဝိစိကိစ္ဆာ စိတ္တေ သမ္ဘဝေါ နတ္ထိ။ (ဋီ)

● (၁) သဗ္ဗာကုသလ သာဓာရဏ စေတသိက်၊ (၂) သဗ္ဗာကုသလ ယောဂီ စေတသိက်၊ (၃) ကေဒေသာ ကုသလ ယောဂီစေတသိက်၊ (၄) နသဗ္ဗာကုသလယောဂီစေတသိက်တို့ကို အသီးသီး ဖေါ်ပြပါ။

၅၇၃-ဖြေ။ ။

(၁) မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓိစ္စ ၄-ပါး။

(၂) သဗ္ဗာကုသလသာဓာရဏ-၄၊ ဆန္ဒ, ပီတိ, အဓိမောက္ခကြဉ် အညသမာန်း-၁၀၊ ပေါင်း ၁၄-ပါး။

(၃) သဗ္ဗာကုသလ သာဓာရဏ ၄-ပါးမှ တပါးကျန် အကုသိလ စေတသိက်နှင့် ဆန္ဒ, ပီတိ, အဓိမောက္ခ ၁၃-ပါး။

(၄) သောဘဏ စေတသိက် ၂၅-ပါး။

{၃-၌ လောဘသည် မောဟမူစိတ်မှာသာ၊ ဒိဋ္ဌိသည် ဒိဋ္ဌိသမ္ပယုတ် မှာသာ၊ မာန-သည် ဒိဋ္ဌိ ဝိပ္ပယုတ်မှာသာ၊ ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စသည် ဒေါသမူမှာသာ၊ထိန မိဒ္ဓသည် သ သင်္ခါရိကမှာသာ၊ ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ စိတ်မှာသာ

ယှဉ်၍ ဆန္ဒကား - မောဟမူမှာ မယှဉ်။ ဗီတိကား-ဒေါသမူ, မောဟမူမှာ မယှဉ်။ အဓိမောက္ခကား-ဝိစိကိစ္ဆာမှာ မယှဉ်။ ကျန် အကုသိုလ် စိတ်များမှာသာ ယှဉ်၍ ဧကဒေသာ ကုသလ ယောဂီ ဖြစ်သည်။}

† သာဓာရဏာစ စတ္တာရော၊ သမာနာစ ဒသာပရေ။
စုဒ္ဒသေတေ ပဝုစ္စန္တိ၊ သဗ္ဗာကုသလယောဂိနော။ (သင်္ဂဟ)

● မနောဓာတ်နှင့် မနောဝိညာဏဓာတ်ဘို၏ အထူးကိုရေးခဲ့ပါ။

၅၇၄-ဖြေ။ ။သိကာမျှဖြစ်သောဓာတ်သည် မနောဓာတ်-မည်၏။ အထူးသဖြင့် သိခြင်းကိစ္စနှင့် ယှဉ်သော ဓာတ်သည် မနော ဝိညာဏ ဓာတ်-မည်၏။ ဤသို့ ထူးပါသည်။ (ဒို)

● အဟိတ်စိတ် သင်္ဂဟနည်း၌ အောက်စိတ်၌ဆိုခဲ့သော အစဉ်ဖြင့် မဆိုဘဲ ဟသိတုပ္ပာဒ်စိတ် စသည်ကို အဘယ့်ကြောင့်ရှေးဦးစွာ ဆိုပါသနည်း။

၅၇၅-ဖြေ။ ။သန်္ဓာ အများအနည်း၏အစွမ်းဖြင့် ကြဉ်၍ ရေတွက်ဘို့ လွယ်ကူသဖြင့် အများ အနည်း အစဉ်အားဖြင့် ဟသိတုပ္ပာဒ် စသည်ကို ရှေးဦးစွာ ဆိုပါသနည်း။

{အဟိတ်စိတ် သင်္ဂဟနည်း၌ ဆန္ဒ, ဗီတိ, ဝိရိယ, ပကိဏ်း စေတသိက်တို့ကို ကြဉ်ရခြင်းအကြောင်းကို ပကိဏ်းစေတသိက် သမ္မယောဂနည်း အဖြေများထို ပြန်ကြည့်ပါ။}

† ဗဟုကပ္ပက ဂဏန ဝသေန ပရိဝဇ္ဇနဿ သုကရတ္တာ ဦနသန်္ဓာ နုက္ကမံ ဝုတ္တာနိ။ (သခေ်ပ)

● (၁) သဗ္ဗာဟေတုက ယောဂီ၊ (၂) ဧကဒေသာ ဟေတုက ယောဂီ၊ (၃) နသဗ္ဗာဟေတုကယောဂီ စေတသိက်များကို အသီးသီး ခွဲပြပါ။

၅၇၆-ဖြေ။ ။

(၁) သဒ္ဒစိတ္တ သာဓာရဏ စေတသိက် ၇-ပါး။

(၂) ဆန္ဒကြဉ် ပကိဏ်းစေတသိက် ၅-ပါး။

(၃) ဆန္ဒ,အကုသိုလ်-၁၄၊ သောဘဏ-၂၅၊ပေါင်း ၄၀ - တို့ ဖြစ်ပါသည်။

● (၁) သောဘဏ၊ (၂) အသောဘဏ၊ (၃) သောဘဏာ သောဘဏ စေတသိက်များကို အသီးသီးရေတွက်ပြပါ။

၅၇၇-ဖြေ။ ။

(၁) သောဘဏအရကား-သောဘဏစေတသိက် ၂၅-ပါး။

(၂) အသောဘဏအရကား-အကုသိုလ်စေတသိက် ၁၄-ပါး။

(၃) သောဘဏာသောဘဏအရကား အညသမာန်း ၁၃-ပါး-တို့ ဖြစ်ပါသည်။ ပေါင်း စေတသိက် ၅၂-ပါးတည်း။

● သမ္ပယောဂနည်းကို အကျဉ်းချုပ် ရေတွက်ပြပါ။

၅၇၈-ဖြေ။ ။အညသမာန်း စေတသိက် ၇-နည်း၊ အကုသိုလ် စေတသိက် ၅-နည်း၊ သောဘဏစေတသိက် ၄-နည်း၊ ပေါင်း ၁၆-နည်း ဖြစ်ပါသည်။

● သင်္ဂဟနည်းကို အကျဉ်းချုပ် ရေတွက်ပြပါ။

၅၇၉-ဖြေ။ ။လောကုတ္တရာစိတ်၌ ၅-နည်း၊ မဟဂ္ဂုတ်စိတ်၌ ၅-နည်း၊ ကာမာဝစရ သောဘဏစိတ်၌ ၁၂-နည်း။ အကုသိုလ်စိတ်၌ ၇-နည်း၊အဟိတ်စိတ်၌သဘောတူပေါင်း၍ ၄-နည်း၊ပေါင်း ၃၃-နည်း ဖြစ်ပါသည်။ {ဆတ္တိံ သာနုတ္တရေဓမ္မာ ၊လ၊ ပဋ္ဌာ တတ္ထ သင်္ဂဟော ၂-ဂါထာကား-သင်္ဂဟနည်းအကျဉ်းပြ ဂါထာများဟု မှတ်။}

● သမ္မယောဂနည်း၌ အကုသိုလ်ကို ရှေထားသကဲ့သို့ မထားဘဲ သင်္ဂဟနည်း၌ အဘယ့်ကြောင့် လောကုတ္တရာကို ရှေထားပါသနည်း။

၅၀၀-ဖြေ။ ။စေတသိက်အယှဉ်များသောကြောင့် လောကုတ္တရာကို ရှေထားပါသည်။

● စေတသိက် အယှဉ်များ၍ ရှေထားလျှင် မဟာကုသိုလ် ကို ရှေထားသင့်လျက် အဘယ့်ကြောင့် မထားပါသနည်း။

၅၀၁-ဖြေ။ ။မဟာ ကုသိုလ်က နိယတ ၃၃-ပါး သာ ယှဉ်၍၊ လောကုတ္တရာက နိယတ ၃၆-ပါး ယှဉ်သဖြင့် လောကုတ္တရာက နိယတ အယှဉ်များသောကြောင့် လောကုတ္တရာကို ရှေထားပါသည်။ {မဟာကုသိုလ်, မဟာကြိယာ, မဟာဝိပါက်တို့ကိုလည်း စေတသိက် အယှဉ်အများ အနည်းကို လိုက်၍ထားသည်။ မဟဂ္ဂုတ်, အကုသိုလ်, အဟိတ်တို့၌လည်း ဤနည်းအတူ သိပါ။}

● စိတ်အများဆုံး ယှဉ်နိုင်သော စေတသိက်၊ အနည်းဆုံး ယှဉ်နိုင်သော စေတသိက်၊ စေတသိက် အများဆုံး ယှဉ်နိုင်သောစိတ်၊ အနည်းဆုံး ယှဉ်နိုင်သောစိတ်များကို အသီးသီးဖော်ပြပါ။

၅၀၂-ဖြေ။ ။စိတ် အများဆုံး ယှဉ်နိုင်သော စေတသိက်ကား-သမ္မစ်တွ သာဓာရဏ စေတသိက် ၇-ခု ဖြစ်ပါသည်။ စိတ်အနည်းဆုံး ယှဉ်နိုင်သော စေတသိက်ကား-ဝိစိကိစ္ဆာ စေတသိက် ဖြစ်ပါသည်။ ။ စေတသိက်အများဆုံးယှဉ်နိုင်သောစိတ်ကား-လောကုတ္တရာပဌမစျာန်စိတ် ၈-ခု ဖြစ်ပါသည်။ အနည်းဆုံး ယှဉ်နိုင်သောစိတ်ကား-ဒွေး ပဉ္စဝိညာဏ် ၁၀-ဖြစ်ပါသည်။

● ကာမဘုံ၌သာဖြစ်သော စေတသိက်၊ ကာမ, ရူပ ၂-ဘုံ၌ ဖြစ်သော စေတသိက်၊ ကာမ, ရူပ, အရူပ ၃-ဘုံ၌ ဖြစ် သော စေတသိက်များကို အသီးသီး ခွဲပြပါ။

၅၀၃-ဖြေ။ ။

ကာမဘုံ၌သာဖြစ်....ဒေါသ,ဣဿာ,မစ္ဆရိယ,ကုက္ကုစ္စ ၄-ပါး။

ကာမ, ရူပ ၂-ဘုံ၌ဖြစ်....ကရဏာ, မုဒိတာ ၂-ပါး။
ကာမ, ရူပ, အရူပ ၃-ဘုံ၌ဖြစ်-ကျန် စေတသိက် ၄၆-ပါး ဖြစ်ပါသည်။

† ဇာသာ မဇ္ဈရ ကုက္ကုစ္စ၊ ဒေါသာ ကာမေ ဒယာမုဒါ။
ကာမေ ရူပေစ သေသာ ဆ၊ စတ္တာလီသတိဓာတုဇာ။
(သင်္ဂဟ)

● အဘယ်ပုဂ္ဂိုလ်၌ အဘယ်စေတသိက်များရသည်ဟု အသိုးသိမ်း ခွဲခြား ဝေဖန်ပြပါ။

၅၀၄-ဖြေ။ ။ပုထုဇဉ် ပုဂ္ဂိုလ် လေးယောက်မှာ စေတသိက် ဒွေး ပညာသရ၏၊ မဂ္ဂင်္ဌာန်ပုဂ္ဂိုလ်လေးယောက်မှာ အညသမာန်းတေရသ-အပွမညာကြဉ်သောစေတသိက်တေဝိသအားဖြင့် စေတသိက်ဆတ္တိ်သ ရ၏၊သောတာပတ္တိဖလဌာန်,သကဒါဂါမိဖလဌာန်ပုဂ္ဂိုလ် ၂-ယောက် မှာ ဒိဋ္ဌိ ၀စီကို ဆွာ ကြဉ်သော စေတသိက် ပညာသ ရ၏၊ အနာဂါမိ ဖလဌာန်ပုဂ္ဂိုလ်မှာ ဒိဋ္ဌိ, ၀စီကိ ဆွာ, ဒေါသ,ဇုသာ,မဆ္ဆရိယ,ကုက္ကုစ္စ ကြဉ်သော စေတသိက် ဆစတ္တာလီသရ၏၊ ရဟန္တာ ပုဂ္ဂိုလ်မှာ အည သမာန်း တေရသ သောဘဏစေတသိက် ပဏ္ဍဝိသအားဖြင့် အင်္ဂတိ်သ ရပါသည်။

● စိတ္တေန သမမုဒ္ဒိသေ-အရ စိတ်နှင့်အမျှပြားသောစေတသိက် များကို သိသာရုံမျှ ဖော်ပြပါ။

၅၀၅-ဖြေ။ ။ဖဿသည် စိတ်အကျဉ်း-၀၉။အကျယ် ၁၂၁-ပါးမှာ ယှဉ်သောကြောင့် ဖဿစေတသိက်ပေါင်း-၀၉။ အကျယ် ၁၂၁-ပါး ဖြစ်လာပါသည်။ ၀ိတက် စေတသိက်သည် စိတ် ၅၅-ပါး၌ ယှဉ်သော ကြောင့် ၀ိတက် စေတသိက်ပေါင်းလည်း ၅၅-ပါး ဖြစ်လာပါသည်။ ဤသို့အားဖြင့် ကျန်စေတသိက်များကိုလည်း မိမိတို့ယှဉ်သော စိတ်နှင့် အမျှ ပြားသွားရပါမည်။ ဤသို့ စိတ်နှင့်အမျှ စေတသိက် ပြားသွား သည်တို့ကို "စိတ္တေန သမမုဒ္ဒိသေ" ဟု အနုရုဒ္ဓါဆရာ ညွှန်ပြခဲ့ပါသည်။

သင်္ဂဟနည်းအဖြေ ပြီး၏။

စေတသိက်ပိုင်း ပကိဏ္ဏက

စေတသိက် စေတသိက်ချင်းယှဉ်

●

* မိမိကြဉ်လတ်, ကေတ်ပညာ, ယှဉ်ရာမှန်လှ, သဗ္ဗသတ္တာ, တက်-စာ-ဝီရိယ, မှတ်ကုန်ကြလော၊ တဝဓိ-ဆံ, ကြဉ်ရန်ဝိစိ, ယှဉ်ဘို ငါးဆယ်၊ ပီတိဝယ်မူ, ကြဉ်ဘွယ်ဒေါ, ဇူသ်, ဝိစိပ်-မစ်-ကုစ်, အဟုတ်ပယ်ဖျောက်, လေးဆယ့်ခြောက်တည်း၊ မော-နောက်-ဟီဥ, တခုကြဉ်ရ, မိမိချ၍, အညအကု, ဆဗ္ဗီစု၏၊ တခုလောဘ, အည-သာဓာ, ဒိဋ္ဌ-မာ-ထိ-မိ, ယှဉ်၏ကေ်ဝီ၊ ထို့ပြီဒေါသ, ပီတိချ၍, အညာ-သာဓာ-ဇူသာ-ထိ-မိဒ်, ပေါင်းကြိတ်ကုစ်-မစ်, နှစ်ဆယ့်တစ်ယှဉ်၊ ထိ-မိဒ်တွင်ကား, အညမည, ပြန်လှန်ကြ၍, အည-သာဓာ-ဒိဋ္ဌ-မာ-လောထုတ်, ဒေါစတုက္ကံ, ပဇ္ဇဝိမှန်၏။ ဒိဋ္ဌ-မာန်တဖြာ, နှစ်ခုခွာ၍, ကိစ္ဆာတခု, ဒေါစတုပယ်, ယှဉ်ဘွယ်တဝ, အည-အကုသ်, နှစ်ဆယ် ဟုတ်၏၊ မစ်-ကုစ်-ဇူသာ, ပီမှာကြဉ်ရ, အည-သာဓာ, ဒေါသာ-ထိ-မိ, ဆယ့်ကိုးရှိ၏၊ ဝိစိအမှန်, ဓိ-ဆ-ပီကြဉ်, အည-သာဓာ, ဆယ့်လေးလာ၏၊ ဒွယာပမည, ယှဉ်ရဘွယ်မှာ, သာဓာ-သောဘဏ, အည-ပညာ, တေတ္တိံသာတည်း။ ယှဉ်ရာဝိရတို, မိမိပမညာ, ပယ်ခွာအည, သောဘဏကြိမ်, ပဇ္ဇတိံရ၊ ကြွင်းထသောဘဏာ, နှစ်ဆယ်မှာကား, အညာ-သောဘဏ, ဌတိံသမှ, သတ္တိံသသာ, မိမိခွာသည်, ယှဉ်ရာစေ့ငုမမှားတည်း။ {လက်ာနှင့်ပင် သိလောက်ပြီဖြစ်၍ အကျယ်အဓိပ္ပာယ်မရှင်းလင်းတော့ပြီ။}

- **နိယတ သောဘဏသာဓာရဏ စေတသိက်ကား**....သောဘဏ သာဓာရဏ စေဟသိက် ၁၉-ပင်။
- **နိယတ အကုသိုလ်စေတသိက်ကား**....မောဟ, အဟိရိက, အနောတ္တပ္ပ, ဥဒ္ဓစ္စ-လေးပါးတည်း။
- **ကုသိုလ်-ကုသိုလ်စေတသိက်၊ အကုသိုလ်-အကုသိုလ် စေတသိက်၊ အဗျာကတ-အဗျာကတ စေတသိက်များကား**— အညသမာန်းစေတသိက် ၁၃-နှင့်စိတ်၊ ပေါင်း (၁၄) ပါးဖြစ်သည်။

- **ယေဝါပနက စေတသိက်များ**.... ဆန္ဒ-အဓိမောက္ခ-တတြ မဇ္ဈတ္တတာ - မနသိကာရ - ဥဒ္ဓစ္စ (နိယတ ယေဝါပနက ၅) အပ္ပမညာ-ဝိရတီ-မာန- ဣဿာ-မစ္ဆရိယ-ကုက္ကုစ္စ-ထိန-မိဒ္ဓ (အနိယတ ယေဝါပနက - ၁၁) ပေါင်း ယေဝါပနက စေတသိက် ၁၆-ပါးတည်း။
- **လောက နာသက စေတသိက်**....အဟိရိက - အနောတ္တပ္ပ ၂-ပါးတည်း။
- **လောကပါလက စေတသိက်**....ဟိရိ-ဩတ္တပ္ပ ၂-ပါးတည်း။
- **ဗလစေတသိက်**....သဒ္ဓါ - သတိ-ပညာ - ဧကဂ္ဂတာ-ဝိရိယ-အဟိရိက-အနောတ္တပ္ပ-ဟိရိ-ဩတ္တပ္ပ ၉-ပါး တည်း။
- **ဣန္ဒြိယ စေတသိက်**....သဒ္ဓါ-သတိ-ပညာ-ဧကဂ္ဂတာ-ဝိရိယ ဇီဝိတိန္ဒြေ - ပညိန္ဒြေ - အနညာတ ညဿာမိတိန္ဒြေ-အညိန္ဒြေ-အညာတာဝိန္ဒြေ (ပညာက လေးပါးပြား) သုခိန္ဒြေ-ဒုက္ခိန္ဒြေ-သောမနဿိန္ဒြေ - ဒေါမနဿိန္ဒြေ - ဥပေက္ခိန္ဒြေ (ဝေဒနာက ငါးပါးပြား) ပေါင်း ၁၄-ပါး၊ ပညာအတွက် သီးခြား မရေတွက်နှင့်တော့။
- **အာဟာရ စေတသိက်**....ဖဿ-စေတနာ ၂-ပါးတည်း။
- **ကမ္မပထ စေတသိက်**....လောဘ-ဒေါသ-ဒိဋ္ဌိ (ဒုဂ္ဂတိကမ္မပထ) သမ္မာဒိဋ္ဌိ-အနဘိဇ္ဈာ-အဗျာပါဒ (သုဂတိ ကမ္မပထ) ပေါင်း ၆-ပါး။
- **ယုဂဋ္ဌ စေတသိက်**....ကာယစိတ္တ ပဿဒ္ဓိ - ကာယစိတ္တ လဟုတာ-ကာယစိတ္တ မုဒုတာ-ကာယစိတ္တ ကမ္မညတာ-ကာယစိတ္တ ပါဂုညတာ-ကာယစိတ္တ ဥဇုကတာ ၆-ခုအစုံ ၁၂-ပါးတည်း။
- **ဥပကာရ စေတသိက်**....သတိနှင့် သမ္ပဇည (ပညာ) ၂-ပါး တည်း။

စေတသိက်ပိုင်း ပကိဏ္ဏက ပြီး၏။

စေတသိက်ပိုင်း အဖြေ ပြီးပြီ။

ပကိဏ်းပိုင်း

ဝေဒနာသင်္ဂဟ အဖြေ

●

● အဘယ့်ကြောင့် ပကိဏ္ဏက သင်္ဂဟ-မည်ပါသနည်း။

၅၈၆-ဖြေ။ ။စိတ် စေတသိက်တို့ကို ဝေဒနာ စသည်ဖြင့် ပြိုးပြွမ်း၍ ခွဲခြမ်း ဝေဖန်သောကြောင့်ရင်း, ထိုထိုဝေဒနာ စသည် ပြိုးပြွမ်းသော အပြားဖြင့် ပြားသော စိတ်, စေတသိက်တို့ကိုခွဲခြမ်းဝေဖန်သောကြောင့် ရင်း ပကိဏ္ဏက-မည်ပါသည်။ ထိုသို့ခွဲခြမ်း ဝေဖန်ခြင်းကို အကျဉ်းအား ဖြင့် ယူရာ ယူကြောင်း ဖြစ်သောကြောင့် ပကိဏ္ဏက သင်္ဂဟ - မည်ပါ သည်။ (၄)

ဝေဒနာ အစရှိသော ပြိုးပြွမ်းသောအနက်ခြောက်ပါး၏အစွမ်း ဖြင့်ဖြစ်သော စိတ်, စေတသိက်တို့ကို အကျဉ်းချုံး၍ ယူရာ ယူကြောင်း ဖြစ်သောကြောင့် ပကိဏ္ဏက သင်္ဂဟ-မည်ပါသည်။ (၅)

● တေပညာသ သဘာဝတော-အရ "နာမ်တေပညာသ" ကို ရေတွက်၍ပြပါ။

၅၈၇-ဖြေ။ ။စိတ်သည် တခုယုတ်ကိုးဆယ် အပြားရှိသော်လည်း အာရုံကိုသိခြင်းသဘော သာမညအားဖြင့် တပါးသာယူ၍၊ စေတသိက် မှာကား-ဖဿမှာ ဖုသန လက္ခဏာ, ဝေဒနာမှာ ဝေဒယိတလက္ခဏာ စသောအားဖြင့် ပြားသောကြောင့် ၅၂-ပါးယူ၍ ပေါင်းသော် "နာမ် တေပညာသ" ၅၃-ပါး ဖြစ်ပါသည်။

● တေသံဒါနိယထာရဟံ-၌ ယထာရဟံ၏အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြပါ။

၅၈၈-ဖြေ။ ။ငါးဆယ့်သုံးပါးသော သဘောတရားတို့ကို ခြောက် ပါးသော သင်္ဂဟတို့ဖြင့် ခွဲခြမ်း ဝေဖန်ပြမည် ဆိုသော်လည်း ဝေဒနာ, ကိစ္စ, အာလမ္ဗဏသင်္ဂဟတို့၌ အလုံးစုံသော စိတ်စေတသိက်တို့ကိုရင်း၊ ဟေတုသင်္ဂဟ-၌ အဟိတ်စိတ် ၁၈-ခု၊ ဒွါရသင်္ဂဟ-၌ ဒွါရဝိမုတ်စိတ် ၁၉-ခု၊ ဝတ္ထုသင်္ဂဟ-၌ အရူပဝိပါက် ၄-ခုမှတပါး၊ ကြွင်းသော စိတ်

စေတသိက်တို့ကိုသာလျှင်ဂုဏ်း သင့်သလို ခွဲခြမ်း ဝေဖန်၍ ပြခြင်းသည် ယထာရဟ ဖြစ်ပါသည်။ (အဓိပ္ပာယ်)

{ဝေဒနာ သင်္ဂဟ အားဖြင့် သုခဝေဒနာ ဖြစ် သော စိတ် စသည်။ ဟေတုသင်္ဂဟအားဖြင့် အဟိတ်, သဟိတ်, ကေဟိတ်, ဒုဟိတ် စသည်။ကိစ္စသင်္ဂဟအားဖြင့် ၁-ကိစ္စ ၂-ကိစ္စတည်သော စိတ် စသည်ဖြင့် ဖြစ်သင့်သလို ခွဲဆောင်ပြမည်ကို ယထာရဟံ ဆိုသည်ဟုယူက ကျမ်းဆရာအာဘော် ပို၍ကျပေမည်။}

† ဝေဒနာကိစ္စာ လမ္ဗဏဝသေန သဇ္ဇေသမေဝ စိတ္တာ စေတသိကာနံ သင်္ဂဟော ပဝတ္တော၊ ဟေတုဒ္ဒါရ ဝဏ္ဏုဝသေန ပန ကေသဉိ ဝေါတိ ယထာရဟန္တိ ဝုတ္တံ။ (၄)

---

(၃) စိတ္တုပ္ပါဒ ဝသေနေဝ-ဥ္စ စိတ္တုပ္ပါဒ-အရ အဘယ်ကို ယူရမည်နည်း၊ ဤဥ္စပါသော ဧဝ-သဒ္ဒါ၏အနက်ကိုလည်းနှင်းလင်းပြပါ။

၅၀၉-ဖြေ။ ။စိတ္တုပ္ပါဒအရ ပရမတ္ထဒီပနီနှင့် အင်္ဂုတ္တိုရတို့က စိတ်ကိုသာယူ၏၊ ဋီကာကျော်ကား-စိတ် စေတသိက် ၂-ပါးလုံးကိုပင် ယူသည်။ဧဝ-သဒ္ဒါဖြင့် ပရမတ္ထဒီပနီနှင့် အင်္ဂုတ္တိုရတို့က စေတသိက်ကိုမြစ်၊ ဋီကာကျော်က စိတ် စေတသိက်နှင့်ကင်း၍ ပြခြင်းကို နှစ်သက်စေသောနိဝတ္တာ ပနာဝဓာရဏာ အနက်ရှိ၏ဟု မိန့်၏။

---

(၄) ဝေဒနာ သင်္ဂဟပုဒ်ကို ဝစနတ္ထပြု၍ အဓိပ္ပာယ် ကို လည်းရှင်းလင်းပြပါ။

၅၉၀-ဖြေ။ ။"ဝေဒနာတော တံ သဟ ဂဝ စိတ္တုပ္ပါဒတောစ ပဝတ္တော သင်္ဂဟော ဝေဒနာသင်္ဂဟော" (ဝစနတ္ထ) ဝေဒနာကို ဝေဖန်သောအားဖြင့်ဂုဏ်း, ထို ဝေဒနာနှင့် ယှဉ်သော စေတသိက်ကို ဝေဖန်သော အားဖြင့်ဂုဏ်း အကျဉ်းယူပြရာ ဖြစ်သော စကားသည် ဝေဒနာသင်္ဂဟ-မည်၏။ (အဓိပ္ပာယ်) (ဟေတုသင်္ဂဟ စသည်၌လည်း ဤနည်းအတိုင်းပင် သိလေ။)

{တိဝိဓာ ဝေဒနာ သုခံ ဒုက္ခံ အဒုက္ခမသုခါစေတိ-ဟူသော သင်္ဂဟစကားကိုကြည့်၍ "သုခါဒိဝေဒနာနံ ဝိဘာဂ ဝသေန"

ဟူသော စကားကို ဋီကာဆရာ ဆိုသည်။ဘဏ္ဍ သုခသဟဂတံ ကုသလဝိပါကံ ကာယဝိညာဏမေကမေဝ ဟူသော သင်္ဂဟ စကားကိုကြည့်၍'တံ သဟဂတစိတ္တုပ္ပာဒါနုဇ္ဇဝိဘာဂဝသေန' ဟူသောစကားကို ဋီကာဆရာဆိုသည်။စေတသိက်ဖြင့် ဝေဖန်မှုမှာပါပြီးဖြစ်၍ သင်္ဂဟဋ္ဌကထာယ မပြသော်လည်း"စိတ္တ စေတသိကာ ဓမ္မာ၊ တေသံဒါနိ ယထာရုဟံ"ဟူသော သင်္ဂဟဋ္ဌ ပဒီညာဉ်စကားကိုကြည့်၍ဋီကာဆရာ ဆိုခြင်းဖြစ်ရာသည်။ဘနည်းအားဖြင့် ဝေဒနာနှင့်စိတ်ကိုဝေဖန် ပြခြင်းကား-နိတ္ထ၊ စေတသိက်ကို ဝေဖန်၍ ပြခြင်းကား-နေယျတ္ထ၊ဒေဝိနာဘာဝအားဖြင့်ရသင့်၍ ဝေဖန်ခြင်းဖြစ်ရာသည်။[၂]

● "ဒွေမာ ဘိက္ခဝေ ဝေဒနာ သုခါ ဒုက္ခာ"ဟူ၍ ဟောတော်မူသောကြောင့် ဝေဒနာသည် ၂-ပါးသာ ဖြစ်သင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့် အနုရုဒ္ဓါဆရာ ၃-ပါးဆိုပါသနည်း။

၅၉၁-ဖြေ။ ။ဝေဒနာ ၂-ပါး မြတ်စွာဘုရား ဟောတော်မူသည်ကား-အပြစ်မရှိသော အတိုင်္ဂရှိသော အဒုက္ခမသုခဝေဒနာကို သုဝေဒနာဟူသွင်း၍ အပြစ်နှင့်တကွဖြစ်သောအတိုင်္ဂရှိသော အဒုက္ခမသုခဝေဒနာကို ဒုက္ခဝေဒနာဟူ သွင်း၍ ဟောတော်မူခြင်း ဖြစ်ပါသည်။ အနုရုဒ္ဓါဆရာကား - ထိုသို့မသွင်းဘဲ အနုဘဝန လက္ခဏာအားဖြင့် သီးခြားထုတ်နုတ်၍ တခုခ်ီပြုလိုသောကြောင့် ၃-ပါး ဆိုပါသည်။(ဋီ)

{ပရမတ္ထဒီပနီနှင့် အင်္ဂုတ္တရကား - ဥပေက္ခာဝေဒနာကို သုခဝေဒနာဟူ ထည့်သွင်း၍ဟောသည်ဟူ၏။"အဒုက္ခမသုခါ"ကို နာ ဒုက္ခာ အဒုက္ခာ၊ နာ သုခါ အသုခါ၊အဒုက္ခာစ သာ အသုခါ စာတိ အဒုက္ခာ သုခါ-ဟု ဆိုလိုလျက်၊ အဒုက္ခာက အာ-ကို ရဿ-ပြု၊ မ-အက္ခရာလာ၍ အဒုက္ခမ သုခါ ဆိုသည်။}

● အနုဘဝနဘေဒ အားဖြင့် ဝေဒနာ ၃-ပါးပြားလျှင် "ယံကိဉ္စိ ဝေဒယိတမိဒမေတ္ထ ဒုက္ခဿ"ဟုအဘယ့်ကြောင့် ဒုက္ခဝေဒနာတမျိုးတည်း ဟောရပြန်ပါသနည်း။

၅၉၂-ဖြေ။ ။ထိုသို့ဟောခြင်းကား-အလုံးစုံသော ဝေဒနာတို့၏ သခ်ါရဒုက္ခ သဘောရှိသောကြောင့် ဒုက္ခဝေဒနာတမျိုးတည်း ဟောခြင်းဖြစ်ပါသည်။ {ဝေဒနာ ၂-ပါး ၁-ပါး ဟောခြင်းကား-နေယျတ္ထနည်းဖြစ်၍၊ နိတတ္ထအားဖြင့် ၃-ပါးသာ မှတ်ပါဟူလို။}

† တံ သခ်ါရ ဒုက္ခတာယ သဗ္ဗဝေဒနာနံ ဒုက္ခသဘာဝတ္တာ ဝုတ္တံ။ (ဋီ)

● အနုဘဝနဘေဒအားဖြင့် ၃-ပါးပြားလျက်၊ ဣန္ဒြိယဘေဒအားဖြင့် အဘယ့်ကြောင့် ငါးပါး ဟောရပြန်ပါသနည်း။

၅၉၃-ဖြေ။ ။ကာယိက သာတ အသာတ, မာနသိက သာတ, အသာတအားဖြင့် ဝေဒနိန္ဒြေ အပြားကို ပြလိုသောကြောင့် ငါးပါး ဟောရပြန်ပါသည်။ (ဋီ)

● ဣန္ဒြိယဘေဒအားဖြင့် ပြားသော ဝေဒနာငါးပါးကို ကာယိက ဝေဒနာ - မာနသိကဝေဒနာ၊ ကာယိကသာတ - မာနသိက သာတ၊ ကာယိက အသာတ - မာနသိက အသာတ ဝေဒနာ အပြားဖြင့် အသီးသီးခွဲခြမ်းဝေဖန်ပြပါ။

၅၉၄-ဖြေ။ ။ကာယိက ဝေဒနာကား - သုခ, ဒုက္ခ ၂-ပါး၊ မာနသိက ဝေဒနာကား-သောမနဿ, ဒေါမနဿ, ဥပေက္ခာ ၃-ပါး တည်း။ ကာယိကသာတကား-သုခဝေဒနာ၊ မာနသိကသာတကား-သောမနဿဝေဒနာ၊ ကာယိက အသာတကား - ဒုက္ခဝေဒနာ၊ မာနသိက အသာတကား-ဒေါမနဿဝေဒနာ ဖြစ်ပါသည်။

† ကာယိက မာနသိက သာတာ သာတ ဘေဒတော ဟိ သုခံ ဒုက္ခဥ ပစ္စေကံ ဒ္ဝိဓာ ဝိဘဇိတ္ဝာ သုခိန္ဒြိယံ သောမနဿိန္ဒြိယံ ဒုက္ခိန္ဒြိယံ ဒေါမနဿိန္ဒြိယန္တိ ဒေသိတာ၊ ဥပေက္ခာ ပန ဘေဒါ ဘာဝတော ဥပေက္ခိန္ဒြိယန္တိ ဧကဓာဝ။ (ဋီ)

● ဣန္ဒြိယဘေဒအားဖြင့် ပြားသော ဝေဒနာငါးပါးတို့၏ သဘောလက္ခဏာကို အသီးသီးထုတ်ပြပါ။

၅၉၅-ဖြေ။ ။သုခဝေဒနာသည် အလိုရှိအပ်သော ဖောဋ္ဌဗ္ဗာရုံကို

ခံစားခြင်း လက္ခဏာရှိ၏။ ဒုက္ခဝေဒနာသည် အလိုမရှိအပ်သော ဖောင္ဒဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။ သောမနဿ ဝေဒနာသည် သဘောအားဖြင့်၎င်း၊ ကြိဆသော အားဖြင့်၎င်း ဖြစ်သော ဇုဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ဒေါမနဿ ဝေဒနာသည် သဘောအားဖြင့်၎င်း၊ ကြိဆသောအားဖြင့်၎င်းဖြစ်သောအနိဋ္ဌာရုံကိုခံစားခြင်းလက္ခဏာရှိ၏။ ဥပေက္ခာဝေဒနာသည် ဇုဋ္ဌမဇ္ဈတ္တာရုံ အနိဋ္ဌမဇ္ဈတ္တာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ (ဋီ)

{ပင်ကိုသဘောကိုက အလိုရှိအပ်သောအာရုံသည်သဘာဝ ဇုဋ္ဌာရုံ၊ အလိုမရှိအပ်သော အာရုံပင် ဖြစ်သော်လည်း သညာ ဝိပလ္လာသအားဖြင့် အလိုရှိအပ်သော အာရုံဟု မှတ်ထင်သော အာရုံသည် ပရိကပ္ပိဘ ဇုဋ္ဌာရုံ - မည်၏။ အနိဋ္ဌာရုံမှာလည်း ထို့အတူ သဘာဝပရိကပ္ပိဘ ၂-ပါးပင်ဖြစ်သည်။}

● သုခဒုက္ခတို့ကို ကာယိက မာနသိက ၂-ပါးစီခွဲ၍ဟောသကဲ့သို့ ဥပေက္ခာကို အဘယ့်ကြောင့် ကာယိက မာနသိက ၂-ပါးစီခွဲ၍ မဟောပါသနည်း။

၅၉၆-ဖြေ။ ။သုခဒုက္ခတို့သည် ကာယိန္ဒြေနှင့် စိတ်ကို ချီးမြှောက်ခြင်း, ညှဉ်းဆဲ နှိပ်စက်ခြင်းကိုပြုသကဲ့သို့၊ ဥပေက္ခာသည် ကာယိန္ဒြေနှင့် စိတ်ကိုချီးမြှောက်ခြင်း, ညှဉ်းဆဲ နှိပ်စက်ခြင်းကို မပြုတတ်သောကြောင့် သုခဒုက္ခ တို့ကဲ့သို့ ကာယိက မာနသိက ၂-မျိုး ခွဲခြား မဟောဘဲ၊ မာနသိကတမျိုးတည်းသာ ဟောရပါသည်။

† ယထာဟိ သုခဒုက္ခာနိ အညထာ ကာယသ အနုဂ္ဂဟမုပဃာ တဉ္စ ကရောန္တိ၊ အညထာ မနသော၊ နေဝံ ဥပေက္ခာ၊ တသ္မာ သာ ဧကဓာဝ ဒေသိတာ။ (ဋီ)

● အနုဘဝနလက္ခဏာအားဖြင့် ဝေဒနာ ၃-ပါးတို့တွင် အဘယ် ဇုန္ဒြေသည် အဘယ် ဝေဒနာမှ ပြားထွက်လာပါသနည်း။

၅၉၇-ဖြေ။ ။သုခိန္ဒြေ-သောမနဿိန္ဒြေသည်သုခဝေဒနာမှ,ဒုက္ခိန္ဒြေ ဒေါမနဿိန္ဒြေသည် ဒုက္ခဝေဒနာမှ ပြားထွက်လာပါသည်။ ဥပေက္ခာ

ဝေဒနာကား-ဥပေက္ခာဇွေတပါးသာ အပြားမရှိပါ။(ဥပေက္ခာဇွေကား-မာနသိကသာ။ ဇုန္ဒြိယဘေဒဖြင့် ပြားထွက်လာပုံတည်း။)

† ကာယိကံ မာနသံ ဒုက္ခံ၊ သုခဥ္စောပေက္ခဝေဒနာ၊ ကေမာနသမေဝေတိ၊ပဥ္စမိန္ဒြိယဘေဒတော။(ဋီ-ပြဿဒ္ဓိသံဒိဝ်)

● အနုဘဝနလက္ခဏာဒ္ဒိလာသော သုခဝေဒနာနှင့် ဇုန္ဒြိယဘေဒဒ္ဒိလာသော သုခ ဝေဒနာတို့သည် တရားကိုယ် အားဖြင့် တူသလော၊ ထူးသလော ရှင်းလင်းခဲ့ပါ။

၅၉၈-ဖြေ။ ။ထူးပါသည်။ သုခ သဟဂတ် ကာ ယ ဝိ ညာဏ် သောမနဿ သဟဂတ် ၆ ၂-ပါးဒ္ဒိရှိသော သုခဝေဒနာ ၆၃-ခုသည် အနုဘဝန လက္ခဏာဒ္ဒိလာသော သုခဝေဒနာ ဖြစ်ပါသည်။သုခ သဟဂတ် ကာယ ဝိညာဏ်ဒ္ဒိရှိသော သုခ ဝေဒနာဘခုကား-ဇုန္ဒြိယဘေဒဒ္ဒိလာသော သုခဝေဒနာ ဖြစ်ပါသည်။ ဤသို့ထူးကြပါသည်။

● ဇုန္ဒြိယဘေဒ ဝေဒနာ ငါးပါးကို ဘူမိဘေဒ-ဇာတိဘေဒ အားဖြင့် ခွဲခြားဝေဖန်ပြပါ။

၅၉၉-ဖြေ။ ။ကာမာဝစရဘုံဒ္ဒိ သုခ, ဒုက္ခ, ဒေါမနဿ ၃-ပါး။ ကာမ,ရူပ,အရူပလောကုတ္တရာဘုံဟိုဒ္ဒိ သောမနဿဥပေက္ခာ ၁-ပါးစီ ၈-ပါး၊ ပေါင်း ဘူမိဘေဒအားဖြင့် ဝေဒနာ ၁၁-ပါး ဖြစ်ပါသည်။

ကုသိလ ဇာတ် အား ဖြင့် သောမနဿ - ဥပေက္ခာ ၂-ပါး။ အကုသိ**လ**ဇာတ်အားဖြင့် သောမနဿ-ဒေါမနဿ-ဥပေက္ခာ ၃-ပါး။ အဗျာကတဇာတ်အားဖြင့် သုခ-ဒုက္ခ-သောမနဿ-ဥပေက္ခာ ၄-ပါး။ ဤသို့ မာတိကာနည်းအားဖြင့် ဝေဒနာ ၉-ပါး။

ကုသိလ ဇာဘ် အား ဖြင့် သောမနဿ - ဥပေက္ခာ ၂-ပါး။ အကုသိလဇာတ်အားဖြင့် သောမနဿ-ဒေါမနဿ-ဥပေက္ခာ ၃-ပါး။ ဝိပါက်ဇာတ်အားဖြင့် သုခ-ဒုက္ခ - သောမနဿ - ဥပေက္ခာ ၄-ပါး။ ကြိယာဇာတ်အားဖြင့် သောမနဿ-ဥပေက္ခာ ၂-ပါး၊ ပေါင်း နိဒ္ဒေသ နည်းအားဖြင့် ဝေဒနာ ၁၁-ပါး ဖြစ်ပါသည်။ (သဒ္ဓံပ)

ဝေဒနာသင်္ဂဟ အဖြေ ပြီး၏။

ဟေတုသင်္ဂဟ အဖြေ

●

● အဘယ့်ကြောင့် ဟိတ်-မည်ပါသနည်း၊ ထိုဟိတ်တရားတို့ကို မူလ-ခေါ်ရခြင်း အကြောင်းကိုလည်း ရေးခဲ့ပါ။

၆၀၀-ဖြေ။ ။"ဟိနောတိ တိဋ္ဌတိ ဖလံ ဇဏ္ဍောတိ ဟေတု၊ဟိနောတိ ပဝတ္တတိ ဖလံ ဇတေနာတိ ဟေတု" ဟူသော ဝစနတ္ထနှင့်အညီ အကျိုးပစ္စယုပ္ပန်တရားတို့၏ တည်ရာ ဖြစ်သောကြောင့်၎င်း၊ အကျိုးပစ္စယုပ္ပန်ကရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့်၎င်း ဟိတ်-မည်ပါသည်။ ။ သစ်မြစ်သည် သစ်ပင်ကို ခိုင်ခံ့တည်တံ့အောင် ပြုသကဲ့သို့ ဟိတ်ဘရားတို့သည်လည်း သမ္မယုတ်တရားတို့ကို ကောင်းစွာ ထောက်ရာ တည်ရာ ဖြစ်စေသောကြောင့် ဟိတ်တရားတို့ကို "မူလ" ဟု ခေါ်ပါသည်။

● ဟေတုဘာဝ - ဟူသည် အဘယ် ပါနည်း၊ ထို သဘော ကို ရှင်းလင်းပြပါ။

၆၀၁-ဖြေ။ ။သမ္မယုတ်တရားတို့၏ ကောင်းစွာတည်မှုကို ပြုးစေတတ်သော (သစ်မြစ်နှင့်တူသော မူလဘာဝ) တည်ရာ၏ အဖြင့်သည့် ဟေတုဘာဝ ဖြစ်ပါသည်။ {အမှန်မှာ ဟေတုဘာဝ ဟူသည် ဟေတုပစ္စယသဘော်ပင်တည်း။။}

† ဟေတုဘာဝေါပန နေသံ သမ္မယုတ္တာနံ သုပ္ပတိဋ္ဌတ ဘာဝသာ ဓနသဒ်ါတော မူလဘာဝေါ။ (ဋီ)

● ကုသိုလ် စသည်တို့၏ ကုသိုလ် စသော အဖြစ်ကို ပြုးစေတတ်သောသဘောသည် ဟေတုဘာဝ (ဟိတ်၏အဖြစ်) မည်၏ဟု အပရေ ဆရာကြီးတို့ ဆိုသောစကား သင့်, မသင့် အကြောင်းချင့်၍ ဆုံးဖြတ်ခဲ့ပါ။

၆၀၂-ဖြေ။ ။အပရေဆရာကြီးတို့ ဆိုတိုင်းယူက ဟိတ်တရားတို့သည်လည်း ကုသိုလ် စသည် မည်နေသောကြောင့် ထိုကုသိုလ် စသည် မည်နေသော ဟိတ်တရားတို့၏ ကုသိုလ်စသည်၏ အဖြစ်ကို ပြုးစေနိုင်

သော အခြားဟိတ်တရား တပါးကိုလည်း ဌာနမှိုးနေရဦးမည်ဖြစ်၍ ထို အပရဆရာကြီးတို့ ဝါဒမသင့်ပါ။ (ဋီ) {ဟေတုဘာဝကား-ဆရာ့ ဆရာကြီးတို့ နာနာဝါဒ ကွဲပြားကြ၏။}

❶ ကုသိုလ်စသည် မည်နေသောဟိတ်တရားဘို့၏ ကုသိုလ်စသည် ၏ အဖြစ် သည် ကြွင်း သော သ မ္ပ ယုတ် ဟိတ် နှင့် စပ် သ ဖြင့် အချင်းချင်း ကုသိုလ်စသည်၏အဖြစ်ကို ပြီးစေနိုင်သည် မဟုတ်ပါလော။

၆၁၃-ဖြေ။ ။ထိုသို့သမ္ပယုတ်ဟိတ်နှင့်ဝပ်သည်ဟုဝှေ့ခဲ့သော်မောဟမူးနွေးခြင်း မောဟသည် သမ္ပယုတ်ဟိတ်နှင့် စပ်မှုမရှိသဖြင့် အကုသိုလ်မ,မည်နိုင်သောကြောင့်ထင်း,အဟိတ်စိတ်၌သမ္ပယုတ် ဟိတ်တရားများမရှိသောကြောင့်အဟိတ်စိတ်သည်အဗျာကတမ,မည်နိုင်သောကြောင့်ထင်း အချင်းချင်း ကုသိုလ်စသည်၏ အဖြစ်ကို မပြီးစေနိုင်ပါ။ (ဋီ)

❷ ကုသိုလ်စသောတရားတို့၏ ကုသိုလ်စသော အဖြစ်သည် ဟိတ် နှင့်မစပ်ပါက အတတ်တို့နှင့်စပ်၍ ဖြစ်ပါသနည်း အသီးသီး ညွှန်ပြပါ။

၆၁၄-ဖြေ။ ။ကုသိုလ်၏အဖြစ်သည် ယောနိသော မနသိကာရနှင့် အကုသိုလ်၏ အဖြစ်သည် အယောနိသော မနသိကာရနှင့်၊ ကြိယာအဗျာကတသည် နိရာနုသယ ဖြစ်သော ဆုဟန်နှင့် သန္တာန်-အဝိပါက ဘာဝနှင့် ဝိပါက် အဗျာကတသည် ကုသိုလ်, အကုသိုလ်-အဝိပါက ဘာဝနှင့်စပ်၍ ဖြစ်ပါသည်။

† ကုသလာဒိဘာဝေါ ပန ကုသလာနံ ယောနိသော အယောနိသော မနသိကာရပုဗ္ဗင်္ဂမတ္တေန အဗျာကတာနံ ပန အဗျာကတ ဘာဝေါ နိရာနုသယ သန္တာနုပ္ပဇ္ဇမတ္တေါ, ကမ္မပုဗ္ဗ ဇမတ္တေါ, အဝိပါကဘာဝပုဗ္ဗဇမတ္တေါတေ ဒဋ္ဌဗ္ဗော။ (ဋီ)

❸ ကုသိုလ် အကုသိုလ်ဟိသည် အဘ ဆုပ္ပဟာနော ယောနိသောမန မသိကာရ အယောနိသောမနသိကာရနှင့်စပ်၍ဖြစ်ပါသနည်း။

၆၀၅-ဖြေ။ ။ယောနိသောမနသိကာရ,အယောနိသောမနသိကာရ တို့ကား-ကုသိုလ်, အကုသိုလ်တို့၏ နီးသော အကြောင်းများ ဖြစ်၍

ထိုမနသိကာရများရှိသော် ကုသိုလ်,အကုသိုလ်များဖြစ်ကြ၍၊ ထို မနသ်
ကာရများမရှိသော် ကုသိုလ်, အကုသိုလ်များ မဖြစ်ကြသောကြောင့်
ကုသိုလ်,အကုသိုလ်တို့သည်ယောနိသောမနသိကာရ အယောနိသော
မနသိကာရနှင့်စပ်၍ ဖြစ်ကြပါသည်။ (ယသာက္ကမ ဟ၍ယူပါ။)

† ယသ္မာ သန္တေသုယေဝ ကေသု တေသမုပ္ပဇ္ဇနတော အသန္တေ
သုစ အနုပ္ပဇ္ဇနတော ယထာက္ကမံ တေတေ သမာသဒ္ဒ ကာရ
ကာနိ ဟောန္တိ။ (၄)

---

❻ ယောနိသောမနသိကာရ-အယောနိသောမနသိကာရဟူသည်
အဘယ်ပါနည်း၊ မနသ်ကာရ စေတသိက်ပင် ဖြစ်ပါသလော၊
၆၀၆-ဖြေ။ ။မဟုတ်ပါ။ သေက္ခပုထုဇ္ဇဉ်ပုဂ္ဂိုလ်တို့အား ခြောက်ဒွါရ
တို့၌ အာရုံထင်လာသောအခါ ပဋိဂ္ဃာဒေသဝါသ စသည်တို့နှင့်ပြည့်စုံ
ခြင်းကြောင့် ကုသိုလ်တရားတို့၏အကြောင်း၏အဖြာဖြာဖြင့်ဘဝင်ကိုသည်
စေ၍ဖြစ်သော အာဝဇ္ဇန်းဒွေးသည် ယောနိသော မနသ်ကာရ-မည်
ပါသည်။ (အပြန်အားဖြင့် အယောနိသောမနသိကာရကိုသိပါ) (၄)

{ မနသိကာရ စေတသိက်ကလည်း ရေးခဲ့ပြီ }

---

❼ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ကြိယာစေါ၏ အကြောင်း ဖြစ်သော
အာဝဇ္ဇန်းကို အဘယ်မနသိကာရဟူ၍ မှတ်ရမည်နည်း။
၆၀၇-ဖြေ။ ။ယောနိသော မနသ်ကာရ ဘက်သို့သွင်း၍ ယောန်
သော မနသ်ကာရ-ဟူ၍ဂုဏ်း, နှစ်ပါးလုံး မဆိုအပ်သဖြင့် အဏ္ဏာကတ
မနသ်ကာရ-ဟူ၍ဂုဏ်း မှတ်ရပါမည်။ (၄-၌ အကျယ်ရှုပါ)

{ရဟန္တာတို့၏ အာဝဇ္ဇန်းကို ယောနိသော မနသ်ကာရ
ဆိုရသော်လည်း နိရာနုသယ သန္တာန်၌ ဖြစ်သော ကြောင့်
ကုသိုလ်စေါ မစေါတဲ့ ကြိယာစေါသာ စေသည်။}

---

❽ ဟိတ် ၆-ပါးကို စဘိဘေဒ,ဘူမိဘေဒအားဖြင့် ခွဲခြမ်းဝေဖန်
ပြပါ။

၆၀၈-ဖြေ။ ။စဘိဘေဒအားဖြင့်ကုသိုလ်ဟိတ် ၃-ပါး၊အကုသိုလ်
ဟိတ် ၃-ပါး၊ အဏ္ဏာကတဟိတ် ၃-ပါး၊ ပေါင်း မာတိကာနည်းဖြင့်

၉-ပါး၊ တနည်းအားဖြင့်ကသိုလ်ဟိတ် ၃-ပါး၊ အကုသိုလ်ဟိတ် ၃-ပါး၊ ဝိပါက်ဟိတ် ၃-ပါး၊ ကြိယာဟိတ် ၃-ပါး၊ ပေါင်း နိဒ္ဒေသ နည်းဖြင့် ၁၂-ပါး ဖြစ်ပါသည်။

ဘူမိဘေဒအားဖြင့် ကာမဘုံ၌ ၆-ပါး၊ ရူပ, အရူပ, လောကုတ္တရာ ဘုံ၌ ၃-ပါးစီ ၃×၃=၉+၆=၁၅-ပါး ဖြစ်ပါသည်။ တနည်း ၃၆-ပါး ဖြစ်ပါသည်။ (သခ်ၤပ)

● သေသာနိဒသအကုသလစိတ္တာနိစေဝ။လ။ဒ္ဒိဟေတုကစိတ္တာန်၌ ဒ္ဒိဟေတုကအရ အဘယ်ဟိတ်များကိုယူရမည်နည်း၊ စိတ်နှင့် စပ်၍ အသီးသီး ခွဲခြမ်းဝေဖန်ပြပါ။

၆၀၉-ဖြေ။ ။လောဘမူစိတ်၌ လောဘ, မောဟ၊ ဒေါသမူစိတ်၌ ဒေါသ, မောဟ၊ ဉာဏ်ဝိပ္ပယုတ် ၁၂-ခု၌ အလောဘ-အဒေါသဟိတ်များကို ယူရပါမည်။ (သခ်ၤပ)

● ဟေတုသင်္ဂဟ-၌ သဟိတ် စိတ်တို့ကိုသာ ပြသင့်သည် မဟုတ် ပါလော၊ အဘယ့်ကြောင့် အဟိတ်စိတ်များကို အနုရုဒ္ဓါဆရာ ပြုပါသနည်း။

၆၁၀-ဖြေ။ ။သဟိတ်စိတ်တို့ကိုရေတွက်လွယ်စေခြင်းငှာ အဟိတ် စိတ်တို့ကို ရှေးဦးစွာ ထုတ်ပြုရပါသည်။ တနည်း-အဟိတ် ဟူသော အမည်သည် ပိတ်ဓာ်အစွမ်းဖြင့်ပင်ပြီးသောကြောင့် အဟိတ်စိတ်တို့ကို အနုရုဒ္ဓါဆရာ ပြုပါသည်။ (ပရမတ္ထဒီပနီ)

● အဟိတ်ပုဂ္ဂိုလ်, ဒ္ဒိဟိတ်ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်-ဟူ၍ ရှိသကဲ့သို့ ဧကဟိတ်ပုဂ္ဂိုလ်ဟူ၍ အဘယ့်ကြောင့် မရှိပါသနည်း။

၆၁၁-ဖြေ။ ။အဟိတ်ပုဂ္ဂိုလ် စသည် ခေါ်ခြင်းမှာကား-ပဋိသန္ဓေစိတ်ကို အစဲပြု၍ ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ ဧကဟိတ်စိတ်မှာကား-ပဋိသန္ဓေစိတ်မဟုတ်၊ ပဝတ္တိစိတ်သာဖြစ်၍ ဧကဟိတ်ပုဂ္ဂိုလ်ဟူ၍ မရှိခြင်းတည်း။

ဟေတုသင်္ဂဟ အဖြေ ပြီး၏။

ကိစ္စသင်္ဂဟ အဖြေ

●

● အဘယ့်ကြောင့် ဒဿနကိစ္စ စသည် မည်ပါသနည်း၊ ၎င်းတို့၏ အဓိပ္ပာယ်ကိုလည်း အသီးသီးရေးခဲ့ပါ။

၆၁၂-ဖြေ။ ။စက္ခုဒ္ဒါရဉ် ထိခိုက်လာသော ရူပါရုံကို ပစ္စက္ခအားဖြင့် ရှုခြင်းသည် ဒဿနကိစ္စ-မည်၏။သောတဒ္ဒါရဉ်ထိခိုက်လာသော သဒ္ဒါရုံကိုကြားခြင်းသည် သဝနကိစ္စ-မည်၏။ဃာနဒ္ဒါရဉ် ထိခိုက်လာသော ဂန္ဓာရုံကို နမ်းခြင်းသည် ဃာယနကိစ္စ-မည်၏။ဇိဝှါဒ္ဒါရဉ် ထိခိုက်လာသော ရသာရုံကို လျက်ခြင်းသည် သာယနကိစ္စ-မည်၏။ကာယဒ္ဒါရဉ် ထိခိုက်လာသော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းသည် ဖုသနကိစ္စ-မည်၏။ သန္တီရဏသည် စုံစမ်းပြီးသော ရူပါရုံ စသော အာရုံကို မှတ်သားခြင်းသည် ဝုဋ္ဌောကိစ္စ-မည်၏။ {အာဝဇ္ဇန, သမ္ပဋိစ္ဆန, သန္တီရဏတို့ကို အဟိတ်စိတ်က ဆိုခဲ့သည့်အတိုင်း မှီ၍သိပါ။}

● အဘယ်သည် ပဋိသန္ဓေ, ဘဝင်,ဇော, တဒါရုံ, စုတိကိစ္စ-မည်သည်ဟု အဓိပ္ပာယ်ကို ရေးခဲ့ပါ။

၆၁၃-ဖြေ။ ။ဘဝဟောင်းနှင့် ဘဝသစ်ကို စပ်ခြင်းသည် ပဋိသန္ဓိကိစ္စ၊ ဥပပတ္တိဘဝ၏ အကြောင်းဖြစ်သော စိတ်၏ မပြတ်ဖြစ်ကြောင်းဖြစ်သော ဆက်သွယ်ပေးမှုသည် ဘဝင်ကိစ္စ၊ အာရုံ၌ ထိုထိုကိစ္စကို ပြီးစေသည်၏အစွမ်းဖြင့် လျင်စွာဖြစ်ခြင်းသဘောသည် ဇောကိစ္စ၊ထိုထိုသို့သော ဇောသည် ယူအပ်ပြီးသောအာရုံကို အာရုံပြုခြင်း (ယူခြင်း) သည် တဒါရုံကိစ္စ၊ ထင်ရှားရှိသောဘဝမှ ရွှေလျောခြင်းသည် စုတိကိစ္စ မည်ပါသည်။ (အဓိပ္ပာယ်) (ဋီ)

{တကြိမ်ပင် ဖြစ်သော်လည်း လျင်သော အဟုန်နှင့် ဖြစ်သည်ကို ဇော-ဟု ဆိုလိုသည်။ဘဝင်-၌ ဘဝအရ ဥပပတ္တိဘဝ အင်္ဂအရ ဘဝင်္ဂပစ္ဆေဒ ၁၉ခုကိုယူ။ ကမ္မဘဝနှင့် ဥပပတ္တိဘဝ အထူးကိုကား-မစိုးရိမ် ညဝါ ဆဖြေမှာရှုပါ။}

● "ကေကွတ္ဘုဝါဇဝမာနသ" ဦးကာအရ တကြိမ်ဖြစ်သော ဇောများကို ရနိုင်သမျှ ရေတွက်ပြပါ။

၆၁၄-ဖြေ။ ။တကြိမ်စီသော ဇောများကား-မဂ်ဇော, အဘိညာဉ်ဇော, ပဌမကပ္ပုန်မဟာဝုတ်စျာန်ဇော, အနုလုံ ၄-ခု၏ရှေ့ဆွားဖြစ်သော မဂ္ဂင်ိထိဉ် ဖိုလ်ဇော, နိဗ္ဗာန်ကောမသမာပတ်ဝင်စားသောအခါ နေဝသညာနာသညာယတနဈာန်ဇော, နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ဇောများ ဖြစ်ပါသည်။ (၄)

● ဌာန-ပုဒ်ကို ဝစနတ္ထပြု၍ အနက်သည်းကောက်ပြပါ။

၆၁၅-ဖြေ။ ။"တိဋ္ဌတိ ဇ္ဈောတိ ဌာနံ" (ဝစနတ္ထ) ပဋိသန္ဓေစသော ဝိပ်ာရဓ်။ (၃) အနန္တရဝိဝရကပ္ပပညတ်ရဓ်။ (သခေါပ)

● ပဋိသန္ဓိ-အရေနှင့် ကိစ္စ၊ ပဋိသန္ဓိ အရှင့် ဌာန-အရ တို့သည် တူသလော, သူးသလော ရှင်းလင်းခဲ့ပါ။

၆၁၆-ဖြေ။ ။ပဋိသန္ဓိအရေနှင့် ကိစ္စ၊ ပဋိသန္ဓိအရှင့် ဌာန-အရတို့သည် ဒိကာကေျာ်အငဲ့ အရတူပါသည်။သခေါပအလိုအားဖြင့် ပဋိသန္ဓိအရ ဘဝနှင်ပါးကိုစဉ်ဆြေးကိစ္စရဓ်။ ဌာနအရ အနန္တရဝိဝရကပ္ပပညတ်ရဓ်။ ဤသို့ထူးပါသည်။

● ပဋိသန္ဓိ-အရေနှင့် ဌာန-အရ, အရတူခဲ့သော်"ပဋိသန္ဓိဇော ဌာနံ ပဋိသန္ဓိဌာနံ"ဟု သမာသ်တွဲသင့်လျက် အဘယ့ကြောင့် "ပဋိသန္ဓိယာ ဌာနံ ပဋိသန္ဓိဌာနံ"ဟု ဒိကာဆရာ တွဲပါသနည်း။

၆၁၇-ဖြေ။ ။ပဋိသန္ဓေမှလွဲသော ဌာနမဂ်ကို၍ 'ပဋိသန္ဓိဇော ဌာနံ ပဋိသန္ဓိဌာနံ' ဟုတွဲသင့်သော်လည်းဓါဝေါလွယ်စေခြင်းငှာ 'သ်လာဂုဏ်ကဲသ သဓိရံ' ကဲ့သို့ အဘေဒ ဘေဒူပစာရဖြင့် "ပဋိသန္ဓိယာဌာနံ ပဋိသန္ဓိဌာနံ"ဟု ဆဋ္ဌီ တပ္ပုရိသ် သမာသ်ဒိကာဆရာ တွဲခြင်းပါသည်။ (၄)

● ပဋိသန္ဓိဇော်ဘွဲ့, ပဋိသန္ဓိကိစ္စ, ပဋိသန္ဓိဌာန-အရတို့ကို အသီးသီးကောက်ပြပါ။

၆၁၈-ဖြေ။ ။ပဋိသန္ဓိစိတ္တ-အရ ပဋိသန္ဓေစိတ် ဧကူနဝိသ-ရဏ်။ ပဋိသန္ဓိကိစ္စအရ ရှေ့နောက် ဘဝနှစ်ပါးကို စပ်ပေးခြင်းသဘော ရဏ်။ (ဋီအလို) ပဋိသန္ဓေစိတ်ရဏ်။ (သခေ်ပအလို) ပဋိသန္ဓိဌာနအရ ပဋိသန္ဓေစိတ်-ရဏ်။(ဋီအလို)အန္တရဝိဝရကပ္ပပညတ်ရဏ်။(သခေ်ပအလို)

● ၂၅-ဌာနကို အကျဉ်းချုပ်အားဖြင့် ရေတွက်ပြပါ။

၆၁၉-ဖြေ။ ။ပဋိသန္ဓေ ၁-ဌာန၊ ဘဝင်၆-ဌာန၊ အာဝဇ္ဇန်း၂-ဌာန၊ ပဉ္စဝိညာဏ် ၁-ဌာန၊ သမ္ပဋိစ္ဆိုင်း ၁-ဌာန၊ သန္တီရဏ ၁-ဌာန၊ ဒုဋ္ဌော ၂-ဌာန၊ ဇော ၆-ဌာန၊ တဒါရုံ ၂-ဌာန၊ စုတိ ၃-ဌာန၊ ပေါင်း ၂၅-ဌာန ဖြစ်ပါသည်။ (ဋီ)

{အကျယ်ကို သခေ်ပမှာ ရှုပါ။ }

● ကိစ္စမှာ ၁၄-ပါးရှိလျက် ဌာနမှာ အဘယ့်ကြောင့် ၁၀-ပါးသာ ရှိပါသနည်း။

၆၂၀-ဖြေ။ ။ပဋိသန္ဓေကိစ္စ-၌ အတိတ် ဘဝနှင့် ပစ္စုပ္ပန် ဘဝကို စပ်ပေးခြင်းသဘောသက္ဘိသည် ကိစ္စ၊စပ်ပေးခြင်းသဘောသက္ဘိရှိသော ပဋိသန္ဓေစိတ်ဒြပ်သည် ဌာန၊ (သက္ဘိ သက္ဘိမန္တ ထူးသည်။ ဋီအလို) ပဋိသန္ဓေစိတ်ဒြပ်သည် ကိစ္စ၊ စုတိဘဝင်ဘိုဏ်အကြား အန္တရဝိဝရကပ္ပပညတ်သည် ဌာန၊ (ပရမတ်ပညတ် ထူးသည်။ သခေ်ပအလို)

{အင္ဌသင္ဌိ တထာဒွေစ"လ"ကိစ္စဌာနာနိ နိဒ္ဒိသေ။ဂါထာ ကိုထောက်လျှင် အနုရုဒ္ဓါအလို ကိစ္စရော ဌာနပါ စိတ်တခု

တည်းယူလိုရိပ်ရှိသည်။ ဌာန-အရ ကာလပညတ် ယူရမည်ကို မူလဋီကာနှင့် မဟာဋီကာတို့ကလည်း ထောက်ခံလျက်ရှိ၏။]

* **သတ္တိ-သတ္တိမာန်, ကိစ္စဌာန်, ထူးပြန်ဋီကာဆိုသတည်း။**

* **ပရမတ်-ပညတ်, ထူးမှတ်စေရန်, သဓံပံ, မိန့်ပြန်တမျိုး တည်း။ (သဒ်)**

● ဌာန-အရ သတ္တိမန္တစိတ်နှင့် အန္တရ ဝိဝရကပ္ပပညတ် ယူခြင်းသည် အဘယ်ဝါဒက အနုရုဒ္ဓါဆရာ၏ အလိုနှင့် ညီမျှပါသနည်း၊ အကြောင်းထောက်ချင့်၍ ဆုံးဖြတ်ပါ။

၆၂၂-ဖြေ။ ။ဌာန-အရ သတ္တိမန္တစိတ်ကို ယူလျှင် ကိစ္စ ၁၄-ပါး ဌာန ၁၄-ပါး ပြားရမည်။ ယခုမူ ပဉ္စဒ္ဓါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း၏ အကြား ပဉ္စဝိညာဏ် ၅-ခုကိုတဌာနတည်းယူ၍ ၁၀-ဌာနသာပြသော ကြောင့် ဌာန-အရ အန္တရဝိဝရကပ္ပပညတ်ကိုယူခြင်းက အနုရုဒ္ဓါဆရာ၏ အလိုနှင့် ပို၍ညီမျှပါသည်။ (သခ်ပ)

● သန္တိရဏချင်း အတူတူ ဥပေက္ခာ သန္တိရဏ ၂-ပါးသာ ပဋိသန္ဓေကိစ္စတပ်၍ ဧသာမနဿ သန္တိရဏသည် အဘယ့်ကြောင့် ပဋိသန္ဓေကိစ္စ မတပ်ပါသနည်း။

၆၂၃-ဖြေ။ ။သောမနဿသဟဂတ်သန္တိရဏကိုပဋ္ဌာန်း၌ ပဝတ္တိ၏ အစွမ်းဖြင့်သာ ပဋိစ္စနည်းကို ဝေဖန်၍ ပဋိသန္ဓေ၏ အစွမ်းဖြင့် မဝေဖန်သည်ကိုမြင်သဖြင့် ပဋိသန္ဓေ၏ အစွမ်းဖြင့် ဖြစ်ခြင်းသဘော မရှိသောကြောင့် ဧသောမနဿသဟဂတ်သန္တိရဏသည် ပဋိသန္ဓေကိစ္စမတပ်ပါ။

အဟိတ်ပဋိသန္ဓေအကျိုးကိုပေးသောဒွိဟိတ်ဩမကကုသိလ်ကံ့ သည် အလွန်အားနည်း၍ သောမနဿပဋိသန္ဓေကို မပေးစွမ်းနိုင်သောကြောင့် ဧသောမနဿ သန္တိရဏသည် ပဋိသန္ဓေကိစ္စ မတပ်ပါ။

(ပရမတ္ထဒီပနီ)

† သုခသန္တိရဏသပဋိသန္ဓိဝသပ္ပဝတ္တိဘာဝါဘာဝတော။ (ဋီ)

● အာဝဇ္ဇန်းဒွေးသည် ကြိယာစိတ်ဖြစ်လျက် အဘယ်ကြောင့် ဧဇောကိစ္စ မတပ်ပါသနည်း။

၆၂၄-ဖြေ။ ။အာဝဇ္ဇန်းဒွေးသည် ကြိယာစိတ် ဖြစ်သော်လည်း အာရုံ၏ အရသာကို ခံစားခြင်းသဘော မရှိသောကြောင့် ဇောကိစ္စ မတပ်ပါ။

အားနည်း၍ လျင်သော အဟုန်နှင့် ဖြစ်မှု မရှိသောကြောင့် ဇောကိစ္စ မဘပ်ပါ။ (ပရမတ္ထဒီပနီ)

† တဿ အာရမ္မဏ ရသာနုဘဝနာ ဘာဝဘောတိ ဝုတ္တံ အာဝဇ္ဇနဒ္ဒယဝဇ္ဇိတာနီတိ။ (ဋီ)

● ပုထုဇဉ် သန္တာန်၌ ဖြစ်သော အာဝဇ္ဇန်းဒွေးသည် အဘယ့်ကြောင့် အကျိုးမပေးပါသနည်း။

၆၂၅-ဖြေ။ ။အာသေဝနပစ္စည်းကိုရ၍ အားနည်းသောကြောင့် အကျိုးမပေးပါ။ ခိုးခေါင်ရေးနေ့ကာလ၌ ပွင့်ရသောလေပွင့်သည် အသီးကို မဖြစ်စေနိုင်သကဲ့သို့တည်း။ {ပုထုဇဉ် သန္တာန်၌ ဖြစ်သော ကြိယာစိတ်ကား-၏ အာဝဇ္ဇန်းဒွေးပင်တည်း။}

† သဒ္ဒေသုယေဝ ဟိ ကြိယစိတ္တေသု ယံ ဇဝနဘာဝံ အပတ္တံ တံ ဝါတပုပ္ပံ ဝိယ အဖလံ ဟောတိ။ (အဋ္ဌသာလိနီ)

● အာသေဝနပစ္စည်းကိုရ၍ အားရှိသော မဟာကြိယာစိတ်သည် အဘယ့်ကြောင့် အကျိုးမပေးပါသနည်း။

၆၂၆-ဖြေ။ ။အာသေဝနပစ္စည်းကိုရ၍ အားရှိသော်လည်း ဝဋ်မြစ်ပြတ်ပြီးသော ဘုရား ရဟန္တာဘို၏ သန္တာန်၌ဖြစ်သောကြောင့် အကျိုးမပေးပါ။ လေပွင့် မဟုတ်သော်လည်း အမြစ်ပြတ်ပြီးသော သစ်ပင်၏ အပွင့်သည် အသီးကို မဖြစ်စေနိုင်သကဲ့သို့တည်း။

† ယံ ဇဝန ဘာဝပ္ပတ္တံ တံ ဆိန္ဒမူလက ရုက္ခပုပ္ပံ ဝိယ အဖလံ ဟောတိ။ (အဋ္ဌသာလိနီ)

● ရဟန္တာပုဂ္ဂိုလ်၏ ပုထုဇဉ်အခါကဖြစ်စေအပ်သော သမာပတ်သည် ကုသိုလ်လော, ကြိယာလော ဆုံးဖြတ်ခဲ့ပါ။

၆၂၇-ဖြေ။ ။အကြင်မျှလောက် ကာလပတ်လုံး မဝင်စားသေး ထိုမျှလောက် ကာလပတ်လုံး ကုသိုလ်ဖြစ်ပါသည်။ ဝင်စားသောအခါ

ကား-ကြိုယာ ဖြစ်ပါသည်။{ရဟန္တာဖြစ်မှ ဖြစ်စေအပ်သောသမာပတ်
ကား-ကြိုယာသာ။}

† ဒီဏာသဝသုပထုဇ္ဈနကာလေ နိဗ္ဗတ္တိတာ သမာပတ္တိ ယာဝ နံ သမာပဇ္ဇန္တိ တာဝ ကုသလာဝ၊ သမာပန္နကာလေ ကြိုယာ ဟောတိ။ (အဋ္ဌသာလိနီ)

● မဂ်စိတ်သည် တကြိမ်သာဖြစ်လျက် အဘယ့်ကြောင့် ဇောကိစ္စ တပ်ပါသနည်း။

၆၂၁-ဖြေ။ ။မဂ်စိတ်သည် တကြိမ်သာဖြစ်သော်လည်း အာရုံ၏ အရသာကို ခံစားခြင်း သဘောရှိသောကြောင့် (လျင်သောအဟုန်နှင့် ဖြစ်ခြင်း ဇောသဘောရှိသော ကြောင့်) ဇောကိစ္စ တပ်ပါသည်။ အဘိညာဏ်ဇော ထို့အတူ။

† ကေစိတ္တာကွဏိကန္တိ ဟိ လောကုတ္တရမဂ္ဂါဒိကံ တံ သဘာဝန္တရတာယ ဇဝနကိစ္စံ နာမ။ (ဋီ)

● ဖိုလ်စိတ်သည် ဝိပါက်ဖြစ်၍ အာသေဝနုပစ္စည်း ကင်းလျက် အဘယ့်ကြောင့် ဇောကိစ္စ တပ်ပါသနည်း။

၆၂၉-ဖြေ။ ။အာသေဝနုပစ္စည်း ကင်းသော်လည်း မဂ်စေတနာသည် တန်ခိုးကြီးသောကြောင့်၊ ပရိကံဘာဝနာအစွမ်းဖြင့်ဖြစ်သောကြောင့်ဝင်း အာရုံ၌ လျင်စွာဖြစ်ခြင်း သဘော ရှိပါသည်။ ထို့ကြောင့် ဖိုလ်စိတ်သည် ဇောကိစ္စ တပ်ပါသည်။

† ယဿပနဇလစိတ္တံ အာသေဝနဘာဝရဟိတမ္ပိ မဂ္ဂစေတနာဝယ မဟာနုဘာဝတ္တာ ပရိကမ္မ ဘာဝနာ ဗလေန စ ပဝတ္တတ္တာ အာရမ္မဏေ ဝေဂသဟိတမေဝ ပဘဝတီတိ တသ္မာ ဇဝနေသု ဂဟဏံ ကတံ။ (ပရမတ္ထဒီပနီ)

● သေသာနိပန "လ" ယဏာသမ္ဘဝ မေက ကိစ္စာနိ-၌ ဃဏသမ္ဘဝ ဇောကိစ္စဖြစ်ပုံကို အသိုးသိုး ဖော်ပြပါ။

၆၃၀-ဖြေ။ ။ဇော ၅၅-သည် ဇောကိစ္စ၊ ပဋ္ဌာန၌ရာ ဝဇ္ဇန်းသည် အာဝဇ္ဇန်းကိစ္စ၊ သမ္ပဋိစ္ဆိုင်းခွေးသည် သမ္ပဋိစ္ဆိုင်းကိစ္စ၊ စက္ခုဝိညာဏ်

ဒွေးသည် ဒဿနကိစ္စ၊ သောတဝိညာဏ်ဒွေးသည် သဝနကိစ္စ၊ ဃာန ဝိညာဏ်ဒွေးသည်ဃာယနကိစ္စ၊ဇိဝှာဝိညာဏ်ဒွေးသည် သာယန ကိစ္စ၊ ကာယဝိညာဏ်ဒွေးသည် ဖုသနကိစ္စ ဤသို့ အသီးသီး တကိစ္စစီ တပ်ကြ ပါသည်။ (သင်္ဂဟ)

{ဤကိစ္စသင်္ဂဟအဆုံး ပဋိသန္ဓာဒယောနာမ ကိစ္စဘေဒေန-၌ ပဋိသန္ဓေစသော နာမဘေဒ, ပဋိသန္ဓေစသော ကိစ္စဘေဒ-ဟု ၂-မျိုးခွဲ၍မှတ်။}

ကိစ္စသင်္ဂဟအဖြေ ပြီး၏။

ဒ္ဓါရသင်္ဂဟ အဖြေ

●

● အဘယ့်ကြောင့် ဒ္ဓါရမည်သည်ကို ဥပမာနှင့်တကွ ဖော်ပြပါ။

၆၃၁-ဖြေ။ ။"နိက္ခမန္တာ ပဝိသန္တာစာတိ ဒွေဇနာ အရန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ထွေ ဧတေဟီတိ ဝါ ဒ္ဓါရာနိ,ဒ္ဓါရာနိဝိယာတိဒ္ဓါရာနိ" ဟူသော ဝစနတ္ထနှင့်အညီ ပကတိ တံခါးသည် ဝင်ကုန် ထွက်ကုန်သော သူ ၂-ယောက်တို့၏ ဝင်ရာထွက်ရာဝင်ကြောင်းထွက်ကြောင်းဖြစ်သကဲ့သို့၊ အာဝဇ္ဇန်း စသော နာမ်တရားတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဒ္ဓါရ-မည်ပါသည်။{ခြောက်ဒ္ဓါရ၌ ဝီထိစိတ်တို့၏ဖြစ်ခြင်းသည် ဝင်သည် နှင့်တူ၍ ချုပ်ခြင်းသည် ထွက်သည်နှင့်တူသည် ဟူလို။}

† အာဝဇ္ဇနာဒီနံ အရူပဓမ္မာနံ ပဝတ္တိ မုခဘာဝတော ဒ္ဓါရာနိ ဝိယာတိ ဒ္ဓါရာနိ။ (ဋီ)

● စက္ခုမေဝ စက္ခုဒ္ဓါရံ-၌ ဧဝ-သဒ္ဒါဖြင့် အနုရုဒ္ဓါ ဆရာသည် အဘယ်ကို,ယူစေလို အဘယ်ကို နစ်စေလိုပါသနည်း။

၆၃၂-ဖြေ။ ။ဧဝ-သဒ္ဒါဖြင့် စက္ခုပသာဒ ရုပ်ကိုသာ ယူစေလိုပါ သည်။ သတ္တဇီဝ စသည်ကို နစ်စေလိုပါသည်။ (ဇူ) စက္ခုဒသက

ကလာပ်၌ စက္ခုပသာဒရုပ်မှတပါး ကျန်ကလာပ်ဖော်ရွပ်တို့ကို နှစ်စေလိုပါသည်။ (ဆရာများအလို) ဧဝ-သဒ္ဒါဖြင့် စက္ခု၏ဒွါရ၌ ဖြစ်သည်၏ အဖြစ်ကို နှစ်စေ၍ ဒွါရ၏အဖြစ်ကို မြွေစေပါသည်။ (သဒ္ဒနီပ)

● မနောဒွါရံ-ပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ မန-အရ အထူးကို လည်း ဖွင့်ရေးခဲ့ပါ။

၆၃၃-ဖြေ။ ။"မနာနံ ဒွါရံမနောဒွါရံ" (ဆဋ္ဌီတပ္ပုရိသ်) "မနောဧဝ ဒွါရံ မနောဒွါရံ" (အဝဓာရဏာ ကမ္မဓာရည်း)၌ ဝစနတ္ထအလို မန-အရ အာဝဇ္ဇန်း စသော ဝိထိစိတ်ကိုရ၏။ နောက် ဝစနတ္ထအလို မန-အရ ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုရ၏။ ထိုဘဝင်္ဂုပစ္ဆေဒ ၁၉-ခုသည်ပင် မနောဒွါရ-မည်၏။ တနည်း-ဘဝင်ဟူသမျှသည် မနောဒွါရ-မည်၏။ (ဘဝင်္ဂုပစ္ဆေဒ ၁၉-ခု ဆိုသော်လည်း ဘဝင််စလန, ဘဝင်္ဂုပစ္ဆေဒ အမည်ရသော ဘဝင်္ဂုပစ္ဆေဒကိုသာ ဆိုလိုသည်။)

{ဒွါရသည် အာကာသဒွါရ, မဏ္ဍာဒွါရ-ဟု ၂-မျိုး ရှိ၏။ ကောင်းကင် အပေါက်သည် အာကာသဒွါရ၊ မှန်ကြေးမုံပြင် အလင်းရောင်ထိုးဖောက်နိုင်သော အာလောကလမ်းကြောင်းသည် မဏ္ဍာဒွါရ-မည်၏။}

† အာဝဇ္ဇနာဒိနံ မနာနံ မနောယေဝ ဝါ ဒွါရန္တိ မနောဒွါရံ၊ ဘဝင်္ဂန္တိ အာဝဇ္ဇနာနန္တရံ ဘဝင်ံ။ (ဋီ) အာဝဇ္ဇနာနန္တရန္တိ မနောဒွါရာ ဝဇ္ဇနာနန္တရံ။ (ဇ)

● ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုသည် အဘယ့်ကြောင့် မနောဒွါရ-မည်ပါသနည်း။

၆၃၄-ဖြေ။ ။မနောဒွါရာဝဇ္ဇန်း အစရှိသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုသည် မနောဒွါရ-မည်ပါသည်။ (ဋီ)

{အထင်ရှင်ဋီအားဖြင့် မနောဒွါရာ ဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဘဝင်္ဂုပစ္ဆေဒ ၁၉-ခုသာ မနောဒွါရ မည်၍၊ မဏ္ဍဒွါရာ

ဝဇ္ဇနိုးခ်ိ အခြားမဲ့ဥ်ဖြစ်သော ဘဝဂုံပဏ္ဍိဒ ၁၉-ခုသည် ဝိထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သော်လည်း မနောဒွါရမ, မည်တော့ပါ။}

● ပကိဏ်းဝိုင်းလာ ကာယဒွါရနှင့် ဘုံဝိုင်းလာ ကာယဒွါရတို့၏ အထူးကို ရေးခဲ့ပါ။

၆၃၅-ဖြေ။ ။ပဉ္စဒွါရာဝဇ္ဇနိုး စသော ဝိထိစိတ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ပကိဏ်းဝိုင်း၌ ကာယ ပသာဒရုပ်ကို ကာယဒွါရ ခေါ်သည်။ ကာမာဝစရကုသိုလ်, အကုသိုလ်ကံတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဘုံဝိုင်း၌ စောပနကာယ၊ ဝါ-ကာယဝိညတ်ရုပ်ကို ကာယဒွါရ-ခေါ်သည်။ ဤသို့ ထူးပါသည်။

● ပကိဏ်းဝိုင်းလာ မနောဒွါရနှင့် ဘုံဝိုင်းလာ မနောဒွါရတို့၏ အထူးကို ရေးခဲ့ပါ။

၆၃၆-ဖြေ။ ။ပကိဏ်းဝိုင်း၌ ဘဝင်္ဂုပဏ္ဍိဒ ၁၉-ခုကို မနောဒွါရ ခေါ်သည်။ ဘုံဝိုင်း၌ကား-လောကီကုသိုလ်,အကုသိုလ်စေ၁ ၂၉-ခုတို့ကို မနောဒွါရ-ခေါ်သည်။ ဤသို့ထူးပါသည်။

† တေဘူမက ကုသလာ ကုသလော ကွေနတိ်သဝိစော မနော မနောကမ္မ ဒွါရံနာမ။ (အဋ္ဌသာလိနီ)

● ဆ စတ္တာလီသဗ်ဘာန် စက္ခုဒွါရေ ယဆာရဟံ ဥပဓ္ဓန်-၌ ယဆာရဟ၏ အဓိပ္ပာယ်ကို သိသာရုံ ဖော်ပြပါ။

၆၃၇-ဖြေ။ ။စက္ခုဒွါရ၌ဖြစ်သောစိတ်တို့သည် ၄၆-ပါး ဆိုသော်လည်း အခါခပ်သိမ်း ၄၆-ပါး မဖြစ်၊ ဣဋ္ဌာရုံ အစရှိသော အာရုံ၌ ယောနိသော မနသိကာရ, အယောနိသော မနသိကာရ, အနုသယကင်းသော ပုဂ္ဂိုလ်တို့၏ သန္တာန်, အနုသယရှိသော ပုဂ္ဂိုလ်တို့၏သန္တာန် အားလျော်စွာ ဖြစ်သည်ကို ယထာရဟ ဆိုပါသည်။

{ဣဋ္ဌဣဋ္ဌမဇ္ဈတ္တာရုံ၌ ကုသလဝိပါက်၊ အနိဋ္ဌအနိဋ္ဌမဇ္ဈတ္တာရုံ၌ အကုသလဝိပါက်၊ ဣဋ္ဌာရုံ၌ သောမနဿ သန္ဓိရဏ တဒါရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာ သန္ဓိရဏ တဒါရုံ၊ ယောနိသော မနသိကာရဖြစ်ခဲ့ ကုသိုလ်စေ၁၊ အယောနိသော မနသိကာရ

ဖြစ်အံ့ အကုသိုလ်ဇော၊ နိရာနုသယ သန္တာန် ဖြစ်အံ့ ကြိယာဇော၊ သာနုသယ သန္တာန်ဖြစ်အံ့ ကုသိုလ်, အကုသိုလ်ဇော လျော်စွာ ဖြစ်သည်ဟူလို။} (၌)

● တတ္ထ ပဉ္စဒ္ဒါရာဝဇ္ဇန ။လ။ ကာမာဝစရ ဇဝန တဒါရမ္မဏ ဝသေန-၌ တဒါရမ္မဏ-အရ တဒါရုံ အရေအတွက် အဘယ်မျှ ကို ယူမည်နည်း။

၆၃၈-ဖြေ။ ။သန္ဓိရဏ ၃-ပါးကိုယူ ပြီးဖြစ်သောကြောင့် အဂ္ဂဟိတဂ္ဂဟဏနည်းအားဖြင့် မဟာဝိပါက် ၈-ပါးကိုသာ ယူရပါသည်။ {ထို မဟာဝိပါက်စိတ် ၈-ခုသည် တဒါရုံကိစ္စ တပ်ခိုက်၌သာ ဒွါရ၌ ဖြစ်၍၊ တဒါရမ္မဏ ဝသေန-ဟုသာ ဆိုသည်။ မဟာဝိပါက ဝသေန-ဟု မဆိုဟု မှတ်။}

● ပဉ္စဒ္ဒါရိက စိတ်တို့ကို ပြုရာ၌ သန္ဓိရဏနှင့် မဟာဝိပါက်တို့ကို ခွဲခြားဆိုသကဲ့သို့ မဆိုဘဲ မနောဒ္ဒါရိက စိတ်တို့ကို ပြုရာ၌ သန္ဓိရဏနှင့် မဟာဝိပါက်တို့ကိုပေါင်း၍ တဒါရမ္မဏ ဝသေန ဟု အဘယ့်ကြောင့် ဆိုပါသနည်း။

၆၃၉-ဖြေ။ ။ပဉ္စဒ္ဒါရဝိဉ္ဉာဏ-သန္ဓိရဏကိစ္စ တပ်ခိုက်ဖြစ်၍ သန္ဓိရဏ ၃-ပါးကို ခွဲ၍ဆိုသည်။ မနောဒ္ဒါရဝိဉ္ဉာဏ-သန္ဓိရဏကိစ္စတပ်ခိုက် ဖြစ်သည်မဟုတ်၊ တဒါရုံကိစ္စဘပ်ခိုက်၌ဖြစ်သောကြောင့် သန္ဓိရဏနှင့် မဟာဝိပါက်ကိုပေါင်း၍ တဒါရမ္မဏ ဝသေန-ဟု ဆိုပါသည်။

● သဗ္ဗဆာပိ ပဉ္စဒ္ဒါရေ စတုပညာသဇ္ဈာနိ-၌ သဗ္ဗထာပိ-အရ အဓိပ္ပာယ်ကို ဖော်ပြပါ။

၆၄၀-ဖြေ။ ။အာဝဇ္ဇန်းအစ တဒါရုံအဆုံးရှိသော အလုံးစုံသော စိတ်တို့သည် ကာမာဝစရတို့သာဖြစ်ကုန်၏။ တနည်း-ပဉ္စဒ္ဒါရိက စိတ်တို့သည် တဒ္ဒါရ၌ ၎၆-ပါး ဖြစ်သော်လည်း အဂ္ဂဟိတဂ္ဂဟဏ နည်းအားဖြင့် ရေတွက်လျှင် ကာမစိတ် ၅၄-ပါးတို့သာ ဖြစ်ကုန်၏ဟု ပြုပါသည်။ (အဓိပ္ပာယ်) (၌)

- မနောဒွါရ၌ မဖြစ်နိုင်သောစိတ်တို့ကို မဖြစ်နိုင်ခြင်း အကြောင်း နှင့်တကွ ရေတွက်ပြပါ။

၆၄၁-ဖြေ။ ။ပဉ္စာရုံကိုသာ အာရုံပြုသောကြောင့် ဒွေပဉ္စဝိညာဏ် ၁၀-နှင့် မနောဓာတ် ၃-ခု၊ ပေါင်း ၁၃-ခုတို့ ဖြစ်ပါသည်။

† ဘေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒီနိ ဧကေကာ ရမ္မဏာနေဝ၊ မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာရမ္မဏံ။ (သင်္ဂဟ)

- ပဉ္စဒွါရ၌ မဖြစ်သော စိတ်တို့ကို မဖြစ်ခြင်း အကြောင်းကို ပြ၍ ရေတွက်ခဲ့ပါ။

၆၄၂-ဖြေ။ ။ဓမ္မာရုံကိုသာ အာရုံပြုသောကြောင့် အပွနာဇော ဆဒ္ဒီသတို့ ဖြစ်ပါသည်။

- ပဋိသန္ဓေ, ဘဝင်, စုတိ အစွမ်းဖြင့် တခုယုတ် ၂၀-သော စိတ်တို့သည် အဘယ့်ကြောင့် ဒွါရဝိမုတ် ဖြစ်ပါသနည်း။

၆၄၃-ဖြေ။ ။စက္ခု စသော ဒွါရတို့၌ မဖြစ်သောကြောင့်ရင်း, မိမိတို့သည်ပင် မနောဒွါရဟု ဆိုအပ်သော ဘဝင်ဖြစ်သောကြောင့်ရင်း, ကမ္မနိမိတ် စသည်တို့မှ တပါးသော အာရုံကို ယူခြင်း၏ အစွမ်းဖြင့် မဖြစ်သောကြောင့်ရင်း၊ ထို တခုယုတ် ၂၀-သော စိတ်တို့သည် ဒွါရဝိမုတ် ဖြစ်ရပါသည်။ (ဋီ)

{ပဌမဟိတ်ဖြင့် စုတိ ပဋိသန္ဓေ စိတ်တို့၏ ဒွါရဝိမုတ် ဖြစ်ကြောင်းကိုပြသည်။ ဒုတိယဟိတ်ဖြင့် ဘဝင်စိတ်တို့၏ဒွါရဝိမုတ် ဖြစ်ကြောင်းကို ပြသည်။ တတိယဟိတ်ဖြင့် ဘဝင်စုတိစိတ်တို့၏ ဒွါရဝိမုတ် ဖြစ်ကြောင်းကို ပြသည်။ ကံအစွမ်းကြောင့်သာ ပဋိသန္ဓေ ဘဝင် စုတိကိစ္စများ ပြီးကြသည်။ ဒွါရထူးခြားမှု အစွမ်းကြောင့် ပြီးသည်မဟုတ်၊ ထို့ကြောင့် ထိုကိစ္စတပ်သောစိတ်တို့သည် ဒွါရဝိမုတ် ဖြစ်သည်ဟူလို။}

- တေသု ပန "လ"ဆတ္တိံ သ ယထာရဟ မေကဒွါရိကစ်ဘာနိ နာမ-၌ ယထာရဟ ဧကဒွါရိကဖြစ်ပုံကို အသီးသီးဖော်ပြပါ။

၆၄၄-ဖြေ။ ။ဒွေးပဉ္စဝိညာဏ် ၁၀-တို့သည် အစဉ်အတိုင်း စဒ္ဒွါရစသော ၅-ဒွါရ၌ မဟဂ္ဂုတ်လောကုတ္တရာဇော်တို့သည် မနောဒွါရ၌ ဤသို့ အသီးသီး တဒွါရစိတ် ဖြစ်ကြပါသည်။ (သင်္ဘ-ဋီ)

● ဥပက္ခာ သဟဂုတ် သန္တီရဏ, မဟာ ဝိပါက် စိတ်တို့သည် အဘယ့်ကြောင့် ဆဒွါရိက-ဒွါရဝိမုတ္တ ဖြစ်ကြပါသနည်း။

၆၄၅-ဖြေ။ ။ပဉ္စဒွါရ-၌ ဥပေက္ခာ, သဟဂုတ်, သန္တီရဏ ၂-ခု တို့သည် သန္တီရဏကိစ္စ, တဒါရုံကိစ္စ၏ အစွမ်းဖြင့်ဂုဏ်း, မဟာဝိပါက် ၈-ခုတို့သည် တဒါရုံကိစ္စ၏အစွမ်းဖြင့်ဂုဏ်း ဖြစ်ကြ၍၊ မနောဒွါရ၌ကား-ထိုစိတ် ၁၀-တို့သည် တဒါရုံကိစ္စ၏ အစွမ်းဖြင့်သာ ဖြစ်ကြသောကြောင့် ဆဒွါရိက ဖြစ်ကြပါသည်။ ထို ၎င်တို့သည် ပဋိသန္ဓေကိစ္စ စသည်တို့၏အစွမ်းဖြင့်လည်းဖြစ်သောကြောင့် ထိုပဋိသန္ဓေကိစ္စ စသည်တို့၏အစွမ်းဖြင့် ဖြစ်သော်အခါ ဒွါရဝိမုတ္တ ဖြစ်ကြပါသည်။ (ဋီ)

● မဟဂ္ဂုတ်ဝိပါက် ၉-ပါးသည် အဘယ့်ကြောင့် ခြောက်ဒွါရမှ လွတ်ပါသနည်း။

၆၄၆-ဖြေ။ ။မဟဂ္ဂုတ် ဝိပါက် ၉-ပါး သည် ခြောက်ဒွါရ၌ ဖြစ်သောကိစ္စ မရှိသောကြောင့် ခြောက်ဒွါရမှ လွတ်ပါသည်။

† မဟဂ္ဂတ ဝိပါကစိတ္တာနံ ဒွါရိကကိစ္စာ ဘာဝါ ဒွါရဝိမုတ္တာနေ ဝါတိ ဝုတ္တံ။ (သခ်ဳပ)

● ပဉ္စဒွါရ၌သာဖြစ်သော စိတ်, မနောဒွါရ၌သာဖြစ်သော စိတ်, ၂-ပါးစုံ၌ ဖြစ်သောစိတ်, ၂-ပါးစုံ၌ မဖြစ်သော စိတ်တို့ကို အသီးသီး ရေတွက်ပြပါ။

၆၄၇-ဖြေ။ ။ပဉ္စဒွါရ၌သာဖြစ်သော စိတ်ကား-ဒွေးပဉ္စဝိညာဏ်-၁၀၊ မနောဓာတ်-၃၊ ပေါင်း ၁၃-ဖြစ်ပါသည်။ မနောဒွါရ၌သာဖြစ်သော စိတ်ကား အပွနာဇော ၂၆-ဖြစ်ပါသည်။ ၂-ပါးစုံ၌ ဖြစ်သော စိတ်ကား-မနောဒွါရာဝဇ္ဇန်း, ကာမဇော တခုယုတ်သုံးဆယ်, တဒါရုံကောဒသ၊ ပေါင်း ၄၁-ဖြစ်ပါသည်။ ၂-ပါစုံ၌ မဖြစ်သောစိတ်ကား-

မဟဂ္ဂုတ် ဝိပါက် ၉-ခု ဖြစ်ပါသည်။ အားလုံးပေါင်း စိတ်တခုယုတ် ကိုးဆယ် (၈၉) ဖြစ်ပါသည်။

● အဟေတုက ဒွါရ-သဟေတုကာ ဟေတုကဒွါရတို့ကို ခွဲပြပါ။ ၆၄၈-ဖြေ။ ။အဟေတုက် ဒွါရကား - ပဉ္စဒွါရ, သဟေတုကာ ဟေတုက ဒွါရကား-မနောဒွါရ-ဖြစ်ပါသည်။

ဒွါရသင်္ဂဟအဖြေ ပြီး၏။

အာရမ္မဏသင်္ဂဟ အဖြေ

●

● -အဘယ့်ကြောင့် အာရမ္မဏ(အာရုံ)မည်ပါသနည်း၊ အဓိပ္ပာယ် နှင့်တကွ ဖော်ပြပါ။

၆၄၉-ဖြေ။ ။"စိတ္တ စေတသိကာနိ အာဂန္တွာ ရမန္တိ ဇော်တိ အာရမ္မဏံ" ဟူသော ဝစနတ်ထနှင့်အညီ အာရမ္မဏီကဖြစ်သော စိတ်, စေတသိက်တို့သည်လာ၍မွေ့လျော်ရာဖြစ်သောကြောင့် အာရုံ-မည်ပါသည်။ (အာပုဗ္ဗ-ရမုဓာတ်-ယုပစ္စည်း)

တနည်း.... "စိတ္တစေတသိကေဟိ အာလမ်ဗိယတိ ဂယ္ဟတီတိ အာလမ္ဗဏံ တဒေဝ အာရမ္မဏံ နီရုတ္တိနယေန" ဟူသော ဝစနတ်ထနှင့် အညီ စိတ် စေတသိက်တို့သည် ဆွဲကိုင်အပ်သောကြောင့် အာရုံ-မည်ပါသည်။ အာလုံ-ဟူ ဆိုအပ်လျက် လ-ကို ရ-ပြု၍ အာရုံ ဖြစ်သည်။ (အာပုဗ္ဗ လမ္ဗ, လဗိဓာတ်-ယုပစ္စည်း)

{အာရမ္မဏနှင့် အာလမ္ဗဏသည် အဓိကရဏသာဓ်, ကမ္မသာဓ်မျှသာထူး၍ အာရုံ ၆-ပါးကိုပင် ရသောကြောင့် အတူတူပင်ဖြစ်၏။ အာရမ္မဏ, အာလမ္ဗဏ-၌ ယုပစ္စည်း အန-အပြုက န-ကို ဏ-ကြီးပြု၊ အာလမ္ဗန မှာကား - ဏ-ကြီးမပြုဘဲ န-အတိုင်းထား၍ဤမျှ ခု-ပုဒ်ရုပ်ပြီးထူး၏၊အရကားအတူတူပင်။} (ဋီ-၄)

● အဘယ့်ကြောင့် ရူပ-မည်ပါသနည်း၊ အဓိပ္ပာယ်ကို ရှင်း လင်း ဖေါ်ပြပါ။

၆၅၀-ဖြေ။ ။"ဝဏ္ဏာဝိကာရံ အာပဇ္ဇမာနံ ရူပယတိ ဟဒယင်္ဂတ ဘာဝံ ပကာသေတိတိရူပံ"ဟူသော၀စနတ္ထနှင့်အညီ အဆင်းအမျိုးမျိုး ပြောင်းလဲ၍ စိတ်၌ဖြစ်သော သဘော၀ါတို့၏ အလိုကို ပြ တတ် သော ကြောင့် ရူပ-မည်ပါသည်။ ထို ရူပသည်ပင် စိတ် စေတသိက်တို့လာ၍ မွေ့လျော်ရာဖြစ်သောကြောင့် ရူပါရုံ-မည်ပါသည်။ (ရူပမေ၀ အာရမ္မဏံ ရူပါရမ္မဏံ-ဟု တွဲ။) (ဋီ)

{ရူပက္ခန္ဓာက ရူပကား - ဖေါက်ပြန်ခြင်း အနက်၊ ဤ၌ ရူပကား-ပြခြင်းအနက် ဤသို့ထူး၏။ }

● အဘယ့်ကြောင့် သဒ္ဒ - မည်ပါသနည်း၊ အဓိပ္ပာယ်နှင့်တကွ ရှင်းလင်း ဖေါ်ပြပါ။

၆၅၁-ဖြေ။ ။"သဒ္ဒိယတိ ဥစ္စာရိယတိတိ သဒ္ဒေါ" (စိတ္တဇသဒ္ဒ) "သပွတိ သောတဝိညာဏာ ရမ္မဏဘာဝံ ဂစ္ဆတိတိ သဒ္ဒေါ" (ဥတုဇ သဒ္ဒ) "သောတ ဝိညာဏေန ပါပုဏိယတိ သုယျတိတိ သဒ္ဒေါ" ဟူသော ၀စနတ္ထနှင့်အညီ ရွတ်ဆို အပ်သောကြောင့်၎င်း, သောတ ဝိညာဏ်၏ အာရုံ၏ အဖြစ်သို့ ရောက်လာ တတ်သော ကြောင့်၎င်း, သောတဝိညာဏ်ဖြင့်ကြားအပ်သောကြောင့်၎င်း-သဒ္ဒ (အသံ) မည်ပါသည်။ ထိုသဒ္ဒ (အသံ) သည်ပင် စိတ် စေတသိက်တို့လာ၍ မွေ့လျော်ရာ ဖြစ်သောကြောင့် သဒ္ဒါရုံ-မည်ပါသည်။ (သဒ္ဒေါယေ၀ အာရမ္မဏံ သဒ္ဒါရမ္မဏံ-ဟု တွဲ။) (ဋီ-ဋ္ဌ)

● အဘယ့်ကြောင့် ဂန္ဓ - မည်ပါသနည်း၊ အဓိပ္ပာယ်နှင့်တကွ ရှင်းလင်း ဖေါ်ပြပါ။

၆၅၂-ဖြေ။ ။"ဂန္ဓယတိ အတ္တနော ၀တ္ထုံ သူစေတိ ဇာဒမေတ္ထ အတ္ထီတိ ပေသုညံ ကရောန္တံ ဝိယ ဟောတီတိ ဂန္ဓော"ဟူသော၀စနတ္ထနှင့်အညီ မိမိ (အနံ့) ၏တည်ရာဖြစ်သော စပယ်, စကား, ခရား စသော ပန်းပြပ်ကို ဤမွှေးသောပန်း စသော အထည်ပြပ်သည် ဤအရပ်မှာ

ရှိသည်ဟု ချောပစ်ဂုံးတိုက်သကဲ့သို့ ဖြစ်တတ်သောကြောင့် ဂန္ဓ-မည်ပါသည်။ ထို ဂန္ဓသည်ပင် စိတ် စေတသိက်တို့၏လာ၍ မ္ဂေလျော်ရာ ဖြစ်သောကြောင့် ဂန္ဓာရုံ-မည်ပါသည်။ (ဂန္ဓောယေဝ အာရမ္မဏံ ဂန္ဓာရမ္မဏံ-ဟုတွဲ။) (ဋီ)

- အဘယ့်ကြောင့် ရသ-မည်ပါသနည်း၊ အဓိပ္ပာယ်နှင့် တကွ ရှင်းလင်း ဖော်ပြပါ။

၆၅၃-ဖြေ။ ။"ရသန္တိ တံ သတ္တာ အဿာဒေန္တိတိ ရသော" ဟူသော ဝစနတ္ထနှင့်အညီ သတ္တဝါတို့သည် သာယာအပ်သောကြောင့် ရသ-မည်ပါသည်။ ထို ရသ သည်ပင် စိတ် စေတသိက်တို့သည် လာ၍ မ္ဂေလျော်ရာ ဖြစ်သောကြောင့် ရသာရုံ-မည်ပါသည်။ (ရသောယေဝ အာရမ္မဏံ ရသာရမ္မဏံ-ဟု တွဲ။)

- အဘယ့်ကြောင့် ဖောဋ္ဌဗ္ဗ-မည်ပါသနည်း၊ အဓိပ္ပာယ်နှင့်တကွ ရှင်းလင်း ဖော်ပြပါ။

၆၅၄-ဖြေ။ ။"ဖုသိယတီတိ ဖောဋ္ဌဗ္ဗံ"ဟူသော ဝစနတ္ထနှင့်အညီ တွေ့ထိအပ်သောကြောင့် ဖောဋ္ဌဗ္ဗ-မည်ပါသည်။ထိုဖောဋ္ဌဗ္ဗသည် စိတ် စေတသိက်တို့လာ၍ မ္ဂေလျော်ရာဖြစ်သောကြောင့် ဖောဋ္ဌဗ္ဗာရုံ-မည်ပါသည်။ (ဖောဋ္ဌဗ္ဗမေဝ အာရမ္မဏံ ဖောဋ္ဌဗ္ဗာရမ္မဏံ-ဟု တွဲ။) (ဋီ)

{ဖောဋ္ဌဗ္ဗာရုံအရ အာပေါဓာတ် ကြဉ်သော ဘုတ် ၃-ခုကို ယူ။ အာပေါဓာတ် ကြဉ်ရခြင်းအကြောင်း အထက် ရုပ်ပိုင်း၌ ထင်ရှားလတ္တံ့။}

- အဘယ့်ကြောင့် ဓမ္မ-မည်ပါသနည်း၊ ဖြစ်သင့်သမျှ အဓိပ္ပာယ်ကိုလည်း ရှင်းလင်းဖော်ပြပါ။

၆၅၅-ဖြေ။ ။"ပစ္စယေဟိ ဓရိယတီတိ ဓမ္မော"ဟူသော ဝစနတ္ထနှင့်အညီ အကြောင်းတရားလေးပါးတို့သည် ဆောင်အပ်သောကြောင့် ဓမ္မ-မည်ပါသည်။ (သခ်တဓမ္မ) တနည်း "အတ္တနော သဘာဝံ ဓာရေတီတိ ဓမ္မော"ဟူသောဝစနတ္ထနှင့်အညီ ကကျွဋ္ဌ,ဖုသန စသော မိမိတို့

၏သဘောကို ဆောင်တတ်သောကြောင့် ဓမ္မ-မည်ပါသည်။ (သခ်ာသခ််တဓမ္မ) 'ယထာသဘာဝတော ပဏ္ဍိတေဟိ ဓာရိယတီတိ ဓမ္မော' ဟူသော ဝစနတ္ထနှင့်အညီ သဘောအားလျော်စွာ ပညာရှိတို့သည် ဆောင်အပ်သောကြောင့် ဓမ္မ-မည်ပါသည်။ (သခ််တာ သခ််တပညတ္တိ ဓမ္မ)ဤဒွိကား-သခ််တ တစိတ်နှင့် အသခ််တ ပညတ်တရားတို့ကိုနောက် ဆုံး ဝစနတ္ထအရ ဓမ္မ-ဟု ဆိုပါသည်။ ထို ဓမ္မသည်ပင် စိတ် စေတသိက်တို့၏ လာ၍ မွေ့လျော်ရာ ဖြစ်သောကြောင့် ဓမ္မာရုံ - မည်ပါသည်။ (ဓမ္မောယေဝ အာရမ္မဏံ ဓမ္မာရမ္မဏံ-ဟု တွဲ။) (ဋီ-၄)

● ရူပ, သဒ္ဒ-စသည် တို့သည်လည်း မိမိတို့ သဘောကို ဆောင်နိုင်လျက် အဘယ့်ကြောင့် ဓမ္မာရုံ မ-မည်ပါသနည်း။

၆၅၆-ဖြေ။ ။မိမိတို့ သဘောကို ဆောင်နိုင် သော်လည်း ရူပါရုံ, သဒ္ဒါရုံ စသော အမည်ထူးကို ရပြီးဖြစ်သောကြောင့် ဓမ္မာရုံ မ-မည်နိုင်တော့ပါ။ အမည်ထူးကို မရသေးသော ပသာဒရုပ်, သုခုမရုပ်, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်တို့သာလျှင် ဓမ္မာရုံ မည်သင့်ပါသည်။

ဝါနည်းအားဖြင့် ဓမ္မာရုံ ဟူသော အမည်သည် ပသာဒရုပ် စသော ၆-ပါးတို့၌သာလျှင် ထင်သောကြောင့် ၎င်း ၆-ပါးတို့သည်သာလျှင် ဓမ္မာရုံ-မည်သင့်ပါသည်။ ရူပါရုံ, သဒ္ဒါရုံ စသည် တို့သည် ဓမ္မာရုံ မ, မည်သင့်တော့ပါ။

† လဒ္ဓနာမ ဝိသေသတ္တာ။ (ဋီ)

† ဓမ္မာရမ္မဏသဒ္ဒဿ ပသာဒါဒိသုဒယော ဆသု နိရုဠ္ဍတ္တာ။ (ဋီ)

● ရူပမေဝ ရူပါရမ္မဏံ-ဒ္ဝိ ဧဝ-သဒ္ဒါဖြင့် အဘယ်ကို ယူစေလို, အဘယ်ကို နှစ်စေလိုပါသနည်း။

၆၅၇-ဖြေ။ ။ဧဝ - သဒ္ဒါဖြင့် ရူပါရုံကိုသာ ယူစေလို၍၊ ရူပါရုံမှ ဘပါးသောရုပ်ကိုငင်း, သတ္တဇိဝ စသည်ကိုငင်း နှစ်စေပါသည်။ (ဋီ)

တနည်း....ဝတ္ထာဃယတန ခေါ်သော ရုပ်သည်သာလျှင် ရူပါရုံ မည်၏ဟု ဆိုးဖြတ်ခြင်းအနက်ကို ပြုပါသည်။

† ဧဝသဒ္ဒေါ သန္နိဋ္ဌာနတ္ထော။ (အင်္ဂုံရ)

● မုက်စိဖြင့် မြင်ကောင်းသမျှ အဆင်းသည် ရူပါရုံ-မည်၏ဟု ဆိုသဖြင့် မုက်စိဖြင့် မမြင်ကောင်းသော အလွန်သေးငယ်သည့် မြူမှုန် စသော အဆင်းသည် ရူပါရုံ ဟုတ်ပါမည်လော ။

၆၅၈-ဖြေ။ ။ကေစိ ဆရာကြီးများကား-ဓမ္မာရုံ-ဟု ဆိုကြပါသည်။ သို့သော်လည်း ရူပါရုံပင် ဖြစ်ပါသည်။ ထိုရူပါရုံသည် မနောဝိညာဏ်ဒြဗ္ဗစက္ခု စသော တရားတို့၏ အာရုံဖြစ်ပါသည်။

† ယေပ နဲ အနာပါထဂတာ ရူပါဒယောပိ ဓမ္မာရမ္မဏာမိစ္စေဝ ဝဒန္တိ၊ တေ ဣဓ်နာ သုတ္တေန ပဋိက္ခိဒိတဗ္ဗာ။ (အဋ္ဌသာလိနီ)

● တဋ္ဌ ပစ္စုပ္ပန်-ဉ် ပစ္စုပ္ပန် အပြားကို ဖော်ပြ၍ ဤဉ် လို့အပ်သော ပစ္စုပ္ပန်ကိုလည်း ညွှန်ကြားခဲ့ပါ။

၆၅၉-ဖြေ။ ။ခဏ ပစ္စုပ္ပန်, သန္တတိ ပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်-အားဖြင့် ၃-ပါး ရှိပါသည်။ထိုတွင်-ဤဉ် ခဏပစ္စုပ္ပန်ကိုသာ လိုအပ်ပါသည်။

† ပစ္စုပ္ပန္နန္တိ ဝတ္တမာနံ။ (ဋီ)

† ခဏသန္တတိ အဒ္ဓါ ပစ္စုပ္ပန္နေသု ခဏပဋ္ဌာနမေဝါ ဓိပ္ပေတာန္တိ ဒသေန္တော ပစ္စုပ္ပန္နန္တိ ဝတ္တမာနန္တိ အာဟ။ (ဋီ)

● ပစ္စုပ္ပန် ၃-မျိုး၏ အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြပါ။

၆၆၀-ဖြေ။ ။စိတ်၏ ဥပါဒ်, ဌိ, ဘင်, ခဏတ္တယကာလသည် ခဏပစ္စုပ္ပန်-မည်၏။ ၇-ဝီထိ, ၈-ဝီထိမျှလောက် ကုသိုလ်, အကုသိုလ်ကြိယာ သဘာဝ ဇောတို့၏ အစဉ်၏ အစွမ်းဖြင့်ဖြစ်၍ ချုပ်သည့် တိုင်အောင်သော နာဝ်၏ သန္တာန်၊ နေ့ပူမှလာ၍ တိုက်ခန်းသို့ ဝင်သောသူအား အခိုက်မှောင် မပျောက်မီသော်ငင်း, အေးသောအရပ်မှလာ၍ တိုက်ခန်းသို့ ဝင်ဆိုင်သောသူအား အချမ်းမပျောက်မီငင်း, ဤအတွင်းဥ် ဖြစ်သော ရုပ်၏ သန္တာန်တို့ဖြင့် ပိုင်းခြားအပ်သော ကာလသည် သန္တတိပစ္စုပ္ပန်-မည်၏။ ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် အဘွင်းသည် အဒ္ဓါပစ္စုပ္ပန်-မည်၏။ (ပါရာဇိကဏ် အဋ္ဌကထာ တ-ပါရာဇိက)

● ပဋ္ဌဒါရိကစိတ်တို့၏ အာရုံကို ပြဆိုရာ၌ အနုရုဒ္ဓါဆရာသည် တဒ္ဓ ပစ္စုပ္ပန်ံ - တာနိစ ပစ္စုပ္ပန္နာနိ ယေဝ - ဟု ဆိုခြင်းကြောင့် ပဋ္ဌာရုံသည် ပစ္စုပ္ပန်သာ ရှိသည်။ အတိတ်, အနာဂတ် ပဋ္ဌာရုံ မရှိဟု ဆိုလိုပါသလော၊ အဘယ်သို့မှတ်ရမည်နည်း။

၆၆၁-ဖြေ။ ။မဆိုလိုပါ။ပဋ္ဌာရုံသည် ပစ္စုပ္ပန်,အတိတ်,အနာဂတ် ကာလသုံးပါးပင် ရှိပါသည်။သို့ရှိသော်လည်း ပဋ္ဌဒါရိက စိတ်တို့သည် ကား-ပစ္စုပ္ပန်ဖြစ်သော ပဋ္ဌာရုံတမျိုးကိုသာ အာရုံပြုသည်။ အတိတ်, အနာဂတ်ဖြစ်သော ပဋ္ဌာရုံကို အာရုံမပြုဟု သိစေလို၍ တဒ္ဓ ပစ္စုပ္ပန်ံ-တာနိစ ပစ္စုပ္ပန္နာနိ ယေဝ-ဟု ဆိုခြင်းဖြစ်ပါသည်။

● ပဋ္ဌာရုံချင်းအတူတူဖြစ်ပါလျက် ပဋ္ဌဒါရိကစိတ်တို့သည်အဘယ့်ကြောင့် အတိတ်, အနာဂတ် ဖြစ်သော ပဋ္ဌာရုံကို အာရုံမပြုပါသနည်း။

၆၆၂-ဖြေ။ ။ပဋ္ဌဒါရိက စိတ်တို့သည် ပဋ္ဌပသာဒ၌ ထိခိုက်သော ပဋ္ဌာရုံတို့ကိုသာလျှင် အာရုံပြုနိုင်သည်။ အတိတ်,အနာဂတ် ဖြစ်သော ပဋ္ဌာရုံတို့သည်ကား-ပသာဒ၌ ထိခိုက်မှုမရှိသောကြောင့် ထို အတိတ်, အနာဂတ် ပဋ္ဌာရုံတို့ကို အာရုံမပြုပါ။

† ရူပါနိုဝိ ဃန္နနရဟိတာနိ အတိတာ နာဂတာနိ အလမ္ဗိတုံ နလဗ္ဘန္တိ။ (ပရမတ္ထဒီပနီ)

● ပဋ္ဌဒါရိက စိတ်တို့၏ အာရုံဖြစ်သော ပဋ္ဌာရုံနှင့် မနောဒ္ဓါရိကစိတ်တို့၏ အာရုံဖြစ်သော ပဋ္ဌာရုံတို့သည် အဘယ်သို့ထူးကြပါသနည်း။

၆၆၃-ဖြေ။ ။ပဋ္ဌဒါရိက စိတ်တို့၏ အာရုံဖြစ်သော ပဋ္ဌာရုံသည် မက်မှောက်ဖြစ်၍၊ပသာဒ၌ ထိခိုက်လာသော ပစ္စုပ္ပန်ပဋ္ဌာရုံဖြစ်သည်။ မနောဒ္ဓါရိက စိတ်တို့၏ အာရုံဖြစ်သော ပဋ္ဌာရုံသည်ကား-မျက်ကွယ်ဖုံးလွှမ်းဝေးကွာ၍ ပသာဒ၌ ထိခိုက်ခြင်းမရှိသော ကာလတွယ ပဋ္ဌာရုံဖြစ်သည်။ ဤသို့ထူးကြပါသည်။

- ပဉ္ဇဒ္ဓါရိကစိတ်တို့၏ အာရုံကို ပြဆိုရာ၌ အနုရုဒ္ဓါ ဆရာသည် တဉ္ဇ ပစ္စုပ္ပန်ဒုံ - တာနိစ ပစ္စုပ္ပန္ဒာနိ ယေဝ - ဟု ဆိုခြင်းကြောင့် ပဉ္ဇာရုံသည် ပစ္စုပ္ပန်သာ ရှိသည်။ အတိတ်, အနာဂတ် ပဉ္ဇာရုံ မရှိဟု ဆိုလိုပါသလော၊ အဘယ်သို့မှတ်ရမည်နည်း။

၆၆၁-ဖြေ။ ။မဆိုလိုပါ။ပဉ္ဇာရုံသည် ပစ္စုပ္ပန်,အတိတ်, အနာဂတ် ကာလသုံးပါးပင် ရှိပါသည်။သို့ရှိသော်လည်း ပဉ္ဇဒ္ဓါရိက စိတ်တို့သည် ကား-ပစ္စုပ္ပန်ဖြစ်သော ပဉ္ဇာရုံတမျိုးကိုသာ အာရုံပြုသည်။ အတိတ်, အနာဂတ်ဖြစ်သော ပဉ္ဇာရုံကို အာရုံမပြုဟု သိစေလို၍ တဉ္ဇ ပစ္စုပ္ပန်ဒုံ-တာနိစ ပစ္စုပ္ပန္ဒာနိ ယေဝ-ဟု ဆိုခြင်းဖြစ်ပါသည်။

- ပဉ္ဇာရုံချင်းအတူတူဖြစ်ပါလျက် ပဉ္ဇဒ္ဓါရိကစိတ်တို့သည်အဘယ့်ကြောင့် အတိတ်, အနာဂတ် ဖြစ်သော ပဉ္ဇာရုံကို အာရုံမပြုပါသနည်း။

၆၆၂-ဖြေ။ ။ပဉ္ဇဒ္ဓါရိက စိတ်တို့သည် ပဉ္ဇပသာဒ၌ ထိခိုက်သော ပဉ္ဇာရုံတို့ကိုသာလျှင် အာရုံပြုနိုင်သည်။ အတိတ်,အနာဂတ် ဖြစ်သော ပဉ္ဇာရုံတို့သည်ကား-ပသာဒ၌ ထိခိုက်မှုမရှိသောကြောင့် ထို အတိတ်, အနာဂတ် ပဉ္ဇာရုံတို့ကို အာရုံမပြုပါ။

† ရူပါနိပိ ဃန္ဓနရဟိတာနိ အတီတာ နာဂတာနိ အသမ္မိတုံ နလဗ္ဘန္တိ။ (ပရမတ္ထဒီပနီ)

- ပဉ္ဇဒ္ဓါရိက စိတ်တို့၏ အာရုံဖြစ်သော ပဉ္ဇာရုံနှင့် မနောဒ္ဓါရိက စိတ်တို့၏ အာရုံဖြစ်သော ပဉ္ဇာရုံတို့သည် အဘယ်သို့ထူးကြပါသနည်း။

၆၆၃-ဖြေ။ ။ပဉ္ဇဒ္ဓါရိက စိတ်တို့၏ အာရုံဖြစ်သော ပဉ္ဇာရုံသည် မျက်မှောက်ဖြစ်၍၊ပသာဒ၌ ထိခိုက်လာသော ပစ္စုပ္ပန်ပဉ္ဇာရုံဖြစ်သည်။ မနောဒ္ဓါရိက စိတ်တို့၏ အာရုံဖြစ်သော ပဉ္ဇာရုံသည်ကား-မျက်ကွယ်ဖုံးလွှမ်းဝေးကွာ၍ ပသာဒ၌ ထိခိုက်ခြင်းမရှိသော ကာလတ္တယ ပဉ္ဇာရုံဖြစ်သည်။ ဤသို့ထူးကြပါသည်။

မနောဒွါရိကစိတ်တို့၏ ယထာရဟ အာရုံပြုပုံကို အောက်ပါ ဇယားဌ ရှုပါကုန်။

"မနောဒွါရိက စိတ်တို့၏ ယထာရဟ အာရုံပြုပုံ"

ဇယား

စိတ်	လုံးရေ	ပစ္စုပ္ပန်	အတိတ်	အနာဂတ်	ကာလဝိမုတ်		အာရုံ
					နိဗ္ဗာန်	ပညတ်	
ဟသိတုပ္ပါဒ်ဇော	၂၀	ပြ	ပြ	ပြ	ပြ	ပြ	၆-ပါး
ဟသိတုပ္ပါဒ်ဇော	၁	ပြ	ပြ	ပြ	မ	မ	၆-ပါး
ဒိဗ္ဗစက္ခုံအဘိညာဏ်ဇော	၁	ပြ	မ	မ	မ	မ	ရူပါရုံ
ဒိဗ္ဗသောတ	။	၁	ပြ	မ	မ	မ	သဒ္ဒါရုံ
ဣဒ္ဓိဝိဓ	။	၁	ပြ	ပြ	ပြ	မ	၆-ပါး
စေတောပရိယ	။	၁	ပြ	ပြ	ပြ	မ	ဓမ္မာရုံ
ပုဗ္ဗေနိဝါသ	။	၁	မ	ပြ	မ	ပြ	၆-ပါး
ရူပဇော		၁၀	မ	မ	မ	ပြ	ဓမ္မာရုံ
အရူပ ပ-တ-ဇော		၄	မ	မ	မ	ပြ	ဓမ္မာရုံ
အရူပ ဒု-စ-ဇော		၄	မ	ပြ	မ	မ	ဓမ္မာရုံ
လောကုတ္တရာ		၈	မ	မ	မ	ပြ	ဓမ္မာရုံ

● မနောဒွါရိက စိတ်တို့၏ အာရုံကို ပြရာ၌ ယထာရဟံ - အရ တဒါရုံ၏အာရုံကို ခွဲမပြဘဲ၊ ဇောတို့၏အာရုံကိုသာ အဘယ့်ကြောင့် ဋ္ဌီကာဆရာ ခွဲပြပါသနည်း။

၆၆၆-ဖြေ။ ။တဒါရုံသည် ပရိတ္တာရုံကိုသာ အာရုံပြု၍ ခွဲပြစရာမလို၊ ဇောတို့၏အာရုံသည်သာလျှင် ပရိတ္တ စသော အာရုံကို အာရုံပြု၍ လင်းပါးစရာ ရှိသောကြောင့် ဇောတို့၏ အာရုံကိုသာလျှင် ဋ္ဌီကာဆရာ ခွဲပြပါသည်။ (၄)

- ဒွါရဝိမုတ္တာနဉ္စ ။လ။အာရမ္မဏံ ဟောတိ-ပါဠိဉ္စ ယထာ သမ္ဘဝံ ၏ အဓိပ္ပာယ်ကို ထင်ရှားစွာ ဖော်ပြပါ။

၆၆၇-ဖြေ။ ။ကာမာဝစရ ပဋိသန္ဓေ,ဘဝင်,စုတိ-ဟူဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် ထိုက်သည်အားလျော်စွာ ဆဒ္ဒါရဂ္ဂဟိတပစ္စုပ္ပန် အတိတ်ဖြစ်သော ကံ,ကမ္မနိမိတ်, ဂတိနိမိတ်-ဟု ဆိုအပ်သော အာရုံ ၆-ပါးကို အာရုံပြု၏။ ထိုတွင် ကာမာဝစရ ပဋိသန္ဓေ, ဘဝင်, ဒွါရဝိမုတ်စိတ်တို့သည် ဆဒ္ဒါရဂ္ဂဟိတ ပစ္စုပ္ပန်, အတိတ်, ကမ္မနိမိတ် ပဉ္စာရုံကို။ကာမာဝစရစုတိ ဒွါရဝိမုတ်စိတ်တို့သည် ဆဒ္ဒါရဂ္ဂဟိတ အတိတ်, ကမ္မနိမိတ်ပဉ္စာရုံကို။ကာမာဝစရပဋိသန္ဓေ,ဘဝင်,စုတိဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ အတိတ်,ကံ,ကမ္မနိမိတ် ဓမ္မာရုံကို။ကာမာဝစရပဋိသန္ဓေ,ဘဝင်,စုတိ,ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ ပစ္စုပ္ပန် ဂတိနိမိတ် ရူပါရုံကို အာရုံပြုကုန်၏။ ဤသို့ ကာမာဝစရ ဒွါရဝိမုတ်စိတ်ကို လေးမျိုးခွဲ၍ မှတ်။

မဟဂ္ဂုတ်ဖြစ်သော ပဋိသန္ဓေ, ဘဝင်, စုတိ-ဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ ပညတ်, အတိတ် ဖြစ်သော ကမ္မနိမိတ်ဓမ္မာရုံကိုအာရုံပြု၏။ထိုတွင်-ရူပါဝစရ ပဋိသန္ဓေ,ဘဝင်,စုတ်ဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ ပညတ်ကမ္မနိမိတ် ဓမ္မာရုံကို။အရူပါဝစရပဋမ,တတိယ,ပဋိသန္ဓေ,ဘဝင်,စုတိ-ဟု ဆိုအပ်သော ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ ပညတ် ကမ္မနိမိတ် ဓမ္မာရုံကို။ အရူပါဝစရ ဒုတိယ, စတုတ္ထ ပဋိသန္ဓေ, ဘဝင်,စုတိ, ဒွါရဝိမုတ်စိတ်တို့သည် မနောဒွါရဂ္ဂဟိတ အတိတ်,ကမ္မနိမိတ်ဓမ္မာရုံကို အာရုံပြုကုန်၏။

{မရဏာသန္နဝီထိစိတ်ပဋိသန္ဓေ,စုတိစိတ်တို့၏အာရုံ ၆-ပါးကိုသာ ထိုက်သလို ကံ့, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု သုံးသည်။ အခြားဝီထိစိတ်တို့၏ အာရုံ ၆-ပါးကိုကား-ရူပါရုံ, သဒ္ဒါရုံ စသည်ဖြင့်သာ သုံးသည်ဟုမှတ်။}

ဒွါရ ဝိမုတ်စိတ်တို့၏ ယထာသမ္ဘဝ အာရုံဖြိုပုံကို ဧအောက်ပါ ဇယားတွင် ရှုပါ။

"ဒွါရဝိမုတ်စိတ်တို့၏ ယထာသမ္ဘဝ အာရုံဖြိုပုံ"

ဇယား

စိတ်	လုံးရေ	ဒွါရ	ဝတ္ထုဖြစ်ပုံ	ဥတုဇရူပ	ဗလဝ	ဝဏ္ဏ	ဂန္ဓရသ	ဩဇာ	အာရုံ
ကာမပဋိသန္ဓေ-ဘဝင်	၁၀	ဆဒ္ဒါရ	ပြ	ပြ	မ	မ	ပြပြပြ	မ	ပဋ္ဌာရုံ
ကာမ စုတိ	၁၀	ဆဒ္ဒါရ	မ	ပြ	မ		ပြပြပြ	မ	ပဋ္ဌာရုံ
ကာမ ပဋိသန္ဓေ-ဘဝင်စုတိ	၁၀	မနော	မ	ပြ	မ	ပြ	ပြပြပြ	မ	ဓမ္မာရုံ
ကာမ ပဋိသန္ဓေ-ဘဝင်စုတိ	၁၀	မနော	ပြ	မ	မ	မ	ပြပြပြ	ပြ	ဣပါရုံ
ရူပ-ပဋိသန္ဓေ-ဘဝင်-စုတိ	၅	မနော	မ	မ	ပြ	မ	ပြပြပြ	မ	ဓမ္မာရုံ
အရူပ-ပ-တ	၂	မနော	မ	မ	ပြ	မ	ပြပြပြ	မ	ဓမ္မာရုံ
အရူပ-ဒု-စ	၂	မနော	မ	ပြ	မ	မ	ပြပြပြ	မ	ဓမ္မာရုံ

{မနောဒွါရိကစိတ်နှင့် ဒွါရဝိမုတ် စိတ်တို့၏ အာရုံကား-အလွန် ခဲကပ်၍ ပြည့်စုံစွာ ရှင်းလင်းချက်များ တွေ့နိုင်ခဲသဖြင့် ဤ အဖြေနှင့် ဇယားများကို တိုက်ဆိုင်၍ သဘောကျအောင် စေ့စေ့စပ်စပ် ဆင်ခြင်သုံးသပ်ကြပါကုန်။}

● ဒွါရဝိမုတ္တာနဉ္စ "လ" အာရမ္မဏံ ဟောတိ-၌ ယထာသမ္ဘဝံ ဘဝင်္ဂါရေ ဆဒ္ဒါရဂ္ဂဟိတံ - ပစ္ဆုပ္ပန္န မတီတံ ပညတ္တိ ဘူတံဝါ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ သမ္မတံ-တို့ကို အာဘယအကျိုးငှာ ဆိုပါသနည်း။

၆၆၈-ဖြေ။ ။ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ရှေးဦး တစုံတခုသော စိတ် သည် မယူအပ်သေးသောအာရုံကို ယူ၍ဖြစ်သကဲ့သို့ ဒွါရဝိမုတ်စိတ်တို့ သည် ထိုသို့မဖြစ်ဘဲ ရှေးဦး ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်ပြီး သော အာရုံကိုသာ ယူ၍ဖြစ်သည်။ ပဉ္စဒွါရိက ဇောတို့သည် ဧကန္တ ပစ္ဆုပ္ပန်ကို အာရုံပြုသကဲ့သို့ ဒွါရဝိမုတ်စိတ်တို့သည် ထိုသို့မပြုဘဲပစ္ဆုပ္ပန်မှ

ဘပါးသော အာရုံကိုလည်း အာရုံပြုသည်။ မနောဒွါရိကဇောတို့သည် တိကာလိက ကာလဝိမုတ္တ ဖြစ်သောအာရုံကို အာရုံပြုသကဲ့သို့ ဒွါရ ဝိမုတ် စိတ်တို့သည် ထိုသို့မပြုဘဲ ပစ္စုပ္ပန်, အတိတ်, ကာလ ဝိမုတ်ကို အာရုံပြုသည်။ မရဏာသန္ဒ ပုဗ္ဗဘာဂ ဇောတို့သည် အကြောင်းဖြစ်သော ကုသိုလ်, အကုသိုလ်ကံကြောင့် ပြီးသော ကံ, ကမ္မနိမိတ်, ဂတိ နိမိတ်-ဟု ခေါ်ဝေါ်အပ်သောအမည်မှ လွတ်သောအာရုံကို အာရုံပြုသကဲ့သို့၊ ဒွါရ ဝိမုတ်စိတ်တို့သည် ထိုသို့မပြုဘဲ အကြောင်း ကုသိုလ်, အကုသိုလ်ကံကြောင့် ပြီးသော ကံ, ကမ္မ နိမိတ်, ဂတိ နိမိတ်-ဟု ခေါ်ဝေါ်အပ်သော အာရုံကိုသာ အာရုံပြုသည်။ ဤ သို့ သော အ နက် ကို ပြခြင်းအကျိုးငှာ ယထာသမ္ဘဝံ "လ" သမ္မတံ-တို့ကို ဆိုပါသည်။

(ဦ-ဇူ)

● ဘဝန္တရေ-၌ ဘဝန္တရ-အရ အခြားမဲ့ဘဝကိုယူမည်၊ သို့မဟုတ် ၂-ဘဝ, ၃-ဘဝ စသည်ကို ယူမည်ကို အကြောင်းဆ၍ယူပြပါ။

၆၆၉-ဖြေ။ ။အခြားမဲ့ ၂-ဘဝ, ၃-ဘဝတို့က ဆဒွါရိကမရဏာသန္ဒဇောသည် ယူပေးအပ်သောအာရုံကား-ဤဘဝ၌ ပဋိသန္ဓေတို့၏အာရုံ မဖြစ်နိုင်သောကြောင့် ဘဝန္တရ-အရ အခြားမဲ့ တဘဝကိုသာ ယူရပါမည်။ {အခြားမဲ့တဘဝက ဆဒွါရိက မရဏာသန္ဒဇောသည် ယူပေးအပ်သော အာရုံသာလျှင် ဤဘဝ၌ ပဋိသန္ဓေ စသည်တို့၏ အာရုံ ဖြစ်နိုင်သည်ဟူလို။}

† ဘဝန္တရေတိ ဧတ္ထ အတီတာနန္တရ ဘာဝေါဝါဓိပ္ပေတော၊ န အတီတန္တရိတ ဘဝေါ။ (ဇူ)

● ရုပ်ဒွါရတို့သည် အာရုံကို မယူနိုင်ပါဘဲလျက် အဘယ့်ကြောင့် ဆဒွါရဂ္ဂဟိတံ-ဟု အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၆၇၀-ဖြေ။ ။ရုပ်ဒွါရတို့သည် အာရုံကို မယူနိုင်သော်လည်း ဌာန ဖြစ်သော ဒွါရ၏အမည်ကို ဌာနီဖြစ်သော မရဏာသန္ဒဇောအပေါ်မှာ တင်စား၍ ဌာနီဖြစ်သော မရဏာသန္ဒဇောက အာရုံကို ယူသည်ကိုပင်

ဌာနဖြစ်သော ဒွါရကယူသကဲ့သို့ ဌာနူပစာအားဖြင့်ပြုလိုသောကြောင့် ဆဒွါရဂ္ဂဟိတံ-ဟု အနုရုဒ္ဓါဆရာ ဆိုထားခြင်းဖြစ်ပါသည်။

† မဠာ ဉကွာဠိံ ကရောန္တိတိ ဏ္ဍေ မဠုသဒ္ဒေန မဠုဠော ဝိယ ဒွါရသဒ္ဒေန ဒွါရဌာနိ ဂဟိတာနီတိ အာဟ ဆဒွါရိကာ ဇဝနေဟိတိ။ (၄)

● ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့ကို ဒွါရ, ကာလ, အာရုံတို့ဖြင့် ခွဲခြားဝေဖန်၍ပြပါ။

၆၇၁-ဖြေ။ ။ကံသည် မနောဒွါရ အတိတ်ကာလ ဓမ္မာရုံဖြစ်သည်။ ကမ္မနိမိတ်သည် ဆဒွါရ,ပစ္စုပ္ပန်,အတိတ်ကာလ,ပညတ်,အာရုံ ၆-ပါး ဖြစ်သည်။ ဂတိနိမိတ်သည် မနောဒွါရ ပစ္စုပ္ပန်ကာလ ရူပါရုံ ဖြစ်သည်။ (၄)

{အတိတ် ကမ္မနိမိတ်သည် အာရုံ ၆-ပါး မနောဒွါရ။ပစ္စုပ္ပန် ကမ္မနိမိတ်သည်အာရုံ ၆-ပါး၊ ဒွါရ ၆-ပါး။ ပညတ် ကမ္မနိမိတ် သည် ဓမ္မာရုံ မနောဒွါရ။ ဤသို့ ကမ္မနိမိတ်ကို ၃-မျိုးခွဲ၍မှတ်။ ပရမတ္ထဒီပနီဋီကား-ဂတိနိမိတ်ကို ပစ္စုပ္ပန်, အတိတ် အာရုံ ၆-ပါး၊ဒွါရ ၆-ပါးပင် ဆိုသည်။အာဇာနိယ်စီစစ်ချက်ကိုငဲ့၍ယူပါ။ ဓမ္မာရုံသည် အတိတ်သာမဟုတ်၊ ပစ္စုပ္ပန်လည်းရှိ၏။ မရဏာသန္နဇောတို့သည် အခါ့ိုသော ပစ္စုပ္ပန် ကမ္မနိမိတ် ဓမ္မာရုံကို အာရုံပြုကြောင်း ၇-၌ ဆိုလျက်ရှိ၏။ }

† ကမ္မနိမိတ္တံ အတိတမေဝ မနောဒွါရေန ဂယှတိ၊ ဝတ္တမာနံ ဆဒွါရေဟိ ဂယှတိ။ (သစ္စသံခိပ် ဋီကာ)

* ကံအာရုံမှာ, တိတ်ဓမ္မာ, ထင်ရာမနောဝတည်း။
* ကမ္မနိမိတ်, ပန်တိတ် ညတ်မှန်, ဆဒ္ဒါရုံ, ထင်ရန် ဆဒွါရည်း။
* ဂတိမှာကား,ပန်ရူထား,ထင်ငြားမနောချည်း။ (သစ်)

● ယေဘုယျေန ဘဝန္တရေ ဆဒ္ဒါရဂ္ဂဟိတံ-ဥ္စ အနုရုဒ္ဓါဆရာသည် အဘယ့ကြောင့် ယေဘုယျသဒ္ဒါကို ထည့်၍ဆိုပါသနည်း။

၆၇၂-ဖြေ။ ။အသညသတ်ဘုံမှ စုတိသောသတ္တဝါတို့၏ ပဋိသန္ဓေအာရုံကို အခြားမဲ့လွန်ပြီးသော အသညသတ်ဘဝ၌ တစုံတခုသော ဒွါရ၌ ဖြစ်သော မရဏာသန္နဇော တို့ဖြင့် ယူခြင်း မရှိသော ကြောင့် အသညသတ်ကို စင်စစ်ခြင်းငှာ ယေဘုယျ သဒ္ဒါကို အနုရုဒ္ဓါ ဆရာ အထူးပြုပြီး ထည့်၍ဆိုပါသည်။ (၄)

{အရူပဘုံမှ စုတိသောပုဂ္ဂိုလ်တို့၏ ဂတိနိမိတ်ဟု ဆိုအပ်သော ကာမပဋိသန္ဓေ အာရုံကို စင်စစ် လိုသောကြောင့်လည်း ယေဘုယျသဒ္ဒါကို ဆိုသည်ဟု ပရမတ္ထဒီပနီဆရာ မိန့်၏။ }

● ထိုသို့ ပဋိသန္ဓေ၏ အာရုံကို တစုံတခုသော ဒွါရဖြင့် မယူသည် ရှိသော်၊ အသညသတ်ဘုံမှ စုတိသော သတ္တဝါတို့အား ပဋိသန္ဓေ၏ အာရုံသည် အဘယ်သို့ထင်၍ အဘယ်ကို အာရုံပြုပါသနည်း။

၆၇၃-ဖြေ။ ။ကံ၏ အစွမ်းကြောင့် ထင်၍၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ၃-ပါးတို့တွင် တပါးပါးကို အာရုံပြုသည်။ ။အသညသတ်ဘုံသို့မရောက်မီ တပါးသော ဘဝကပြုခဲ့သော အပရာပရိယဝေဒနီယကံသည် အကျိုးပေးခွင့်ရ၍၊ ထို အသညသတ်ဘုံမှ စုတိသောသတ္တဝါတို့၏ ပဋိသန္ဓေသည် ထိုအခြားမဲ့ဘဝကပြုခဲ့သော အပရာပရိယကံသည် ထင်စေအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသော အာရုံကို အာရုံပြုပါသည်။ (မရဏာသန္နဇောသည် ယူပေးအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် တပါးပါးကို အာရုံပြုသည်မဟုတ် ဟူလို။)

{အရူပဘုံ၌ ရုပ်မရှိ၍ ထိုဘုံက မရဏာသန္နဇောသည်ကာမပဋိသန္ဓေအတွက် ဂတိနိမိတ်နှင့် ရုပ် ကမ္မနိမိတ် အာရုံကို ယူမပေးနိုင်၊ ထို အရူပဘုံမှ စုတိသော ပုဂ္ဂိုလ်တို့၏ ကာမပဋိသန္ဓေ အာရုံသည် အကျိုးပေးမည့်ကံ၏အစွမ်းကြောင့် ထင်လာသော်ကံ့အာရုံသာဖြစ်ရမည်ဟု အနုဋီကာဆရာမိန့်၏။ 'အသညသတ်

ဘုံမှ စုတိသော ပုဂ္ဂိုလ်ကား - ကာမ သုဂတိ ပဋိသန္ဓေ သာ တည်း။' }

† ကေဝလဉ္ဇိ ကမ္မဗလေနေဝ တေသံ ပဋိသန္ဓိယာ ကမ္မနိမိတ္တာ ဒိက မာရမ္မဏံ ဥပဋ္ဌာတိ။ (ဋီ)

† ဘဝန္တရကတံ ကမ္မံ၊ ယမောကာသံ လဘေ တတော။ ဟောတိ သာ သန္ဓိ တေနေဝ၊ ဥပဋ္ဌာပိတ ဂေါစရေ။

(ဋီပြ-သစ္စသံခိပ်)

● အသညသတ်ဘုံမှ စုတိသော ပုဂ္ဂိုလ်ဘို့၏ ပဋိသန္ဓေ အာရုံကို အဘယ့်ကြောင့် တစုံတခုသော ဒွါရ၌ ဖြစ်သော ဇော သည် မယူနိုင်ပါသနည်း။

၆၇၄-ဖြေ။ ။အသညသတ်ဘုံ၌ တစုံတခုသော ဒွါရ, ဒွါရိက စိတ်တို့မရှိသောကြောင့် မယူနိုင်ခြင်း ဖြစ်ပါသည်။

† တတ္ထ ဒွါရ ဒွါရိနမ ဝိဇ္ဇမာနတ္တာ။ (ဇူ)

● အသညသတ်ဘုံမှ စုတိသော သတ္တဝါတို့၏ ပဋိသန္ဓေ အာရုံ သည် ကုံသည် ထင်စေသော အာရုံမှတပါး၊ မရဏာသန္ဓဇော သည် ထင်စေသောအာရုံကို အာရုံပြုသည်ဟုဆိုလျှင် အဘယ် အပြစ် ဖြစ်မည်နည်း။

၆၇၅-ဖြေ။ ။မရဏာသန္ဓ ဇောသည် ထင်စေသော အာရုံသည် လည်း ကုံအစွမ်းကြောင့်သာ ထင်သောကြောင့် "ဟောတိ သာသန္ဓိ တေနေဝ" ဟူသော သစ္စသံခိပ်ဝယ် တေနေဝ-၌ ဧဝ-သဒ္ဒါ၏နစ်စေ အပ်သော အနက်မရှိ ဟူသောအပြစ် ဖြစ်ရာပါသည်။ (ဋီ)

● အသညသတ်ဘုံမှ စုတိသော သတ္တဝါတို့၏ ပဋိသန္ဓေ အာရုံ သည် အသညီဘဝမှ ရှေးဖြစ်သောဘဝ၌ တစုံတခုသော ဒွါရ ဖြင့် မရဏာသန္ဓ ဇောသည် ယူအပ်သောအာရုံ ဖြစ်သင့်သည် မဟုတ်ပါလော။

၆၇၆-ဖြေ။ ။ကံ,ကမ္မနိမိတ်အာရုံကား-ဖြစ်သင့်ပါသည်။ဂတိနိမိတ် ဖြစ်သော အာရုံကား-ကာမဘုံမှစုတိ၍ ကာမဘုံ၌ဖြစ်၊ အသညသတ်မှ

တပါး ဗြဟ္မာ့ဘုံမှစုတိ၍ ကာမဘုံ၌ ဖြစ်သော သဘ္ဘဝါဘို အားလည်း သေခါနီး အခါမှ သာလျှင် ဖြစ်သောကြောင့် မဖြစ်သင့်ပါ။ တနည်း အားဖြင့် ဤ ဝီထိမုတ်စိတ်တို၏အာရုံကိုပြုရာ၌ ဆဒ္ဒါရဂ္ဂဟိတ-ဟူသော စကားကို သေခါနီးအခါ၌ဖြစ်သောဇောတို့သည် ယူအပ်သော အာရုံ ကိုသာလျှင် အနုရုဒ္ဓါဆရာ ရည်ရွယ်၍ ဆိုခြင်းကြောင့် မဖြစ်သင့်ပါ။

† မရဏာသန္ဒ သဘ္ဘဿ၊ ယထောပဋိတ ဂေါစရံ။
ဆဒ္ဒါရေသု တမာရဗ္ဘီ၊ ပဋိသန္ဒိ ဘဝန္တရေ။
(ဋီ-ပြ ပရမတ္ထ ဝိနိစ္ဆယ)

● အနာဂတ်အာရုံသည် အဘယ့်ကြောင့် ပဋိသန္ဓေ (ဒွါရဝိမုတ်) စိတ်၏ အာရုံ မဖြစ်ပါသနည်း။

၆၇၇-ဖြေ။ ။အနာဂတ်အာရုံကို အတိတ်ဖြစ်သော ကံ,ကမ္မနိမိတ် တို့ကဲ့သို့ မခံစားအပ်၊ ထိုအနာဂတ်အာရုံသည် ပစ္စုပ္ပန်ဖြစ်သော ကမ္မ နိမိတ်, ဂတိ နိမိတ် တို့ကဲ့သို့ ထင်ခြင်းသို့လည်း မရောက်၊ ထို့ကြောင့် ထိုအနာဂတ်ဖြစ်သော အာရုံသည် ပဋိသန္ဓေစိတ်၏အာရုံ (ဒွါရဝိမုတ် စိတ်တို့၏အာရုံ) မဖြစ်နိုင်ပါ။

† နဟိ တံ အတီတကမ္မကမ္မနိမိတ္တာနိဝိယ အနုဘူတံ၊ နာပိ ပစ္စုပ္ပန္ဓ ကမ္မနိမိတ္တ ဂတိနိမိတ္တာနိဝိယ အာပါထဂတဉ္ဇ ဟောတိ။ (ဋီ)

● သန္တီရဏ, မဟာဝိပါက်, ဟသ်တုပ္ပာဒ်-ဟု ဆို အပ်သော ၁၂-ပါးသောစိတ်ဘို့သည်အဘယ့်ကြောင့်ကာမဘရားကိုသာ အာရုံပြုကြပါသနည်း။

၆၇၈-ဖြေ။ ။အထူးကြီခြင်း သတ္တိကင်းသောကြောင့် ကာမဘရား ကိုသာ အာရုံ ပြုကြပါသည်။ မရှိသော ပညတ်တရား, သိမ်မွေ့သော မဟဂ္ဂုတ်တရား, နက်နဲသော လောကုတ္တရာ တရားဘို့ကို အာရုံ မပြုနိုင်ပါ။

† ဝိကပ္ပသတ္တိရဟိတတ္တာ။ (ပရမတ္ထဒီပနီ)

● သဒ္ဓထာဝိ ကာမာဝစရာရမ္မဏာနံ-၌ သဒ္ဓထာဝိ-အရ ကာမာဝစရာ ရမ္မဏာ-အရ ဘို့ကို ရှင်းလင်း ဖော်ပြပါ။

၆၇၉-ဖြေ။ ။ဆန္ဒါရိုက-ဆန္ဒါရဝိမုတ္တာ-ဆဋ္ဌာရမ္မဏာ အခြင်းအရာ အားဖြင့် ဖြစ်ခြင်းသည် သဒ္ဓထာ-အရ ဖြစ်ပါသည်။ ကာမသဘော ရှိသော ၆-ပါးသော အာရုံသည် ကာမာဝစရာရမ္မဏာ-အရ ဖြစ်ပါသည်။ (၀ိ-ကား-ဒုတိယတွဲ သမ္မိလ္လာန အနက်ရှိ၏။) (ဋီ)

● ဒွေးပဉ္စဝိညာဏ်-၁၀၊သမ္ပဋိစ္ဆိုင်းဒွေးကြဉ်သော ကာမဝိပါက် ၁၁-ပါး၊ဟသိတုပ္ပာဒ်၃တ်တို့သည် အဘယ်အခါမျိုး၌ ကာမာဝစရကို အာရုံပြုကြပါသနည်း။

၆၈၀-ဖြေ။ ။ကာမဝိပါက် ၁၁-ပါးတို့သည် သန္တီရဏ၏အစွမ်းဖြင့် ဖြစ်သောအခါ,ပဉ္စာရုံ-ပဋိသန္ဓေစသည်တို့၏အစွမ်းဖြင့်ဖြစ်သောအခါ အာရုံ ၆-ပါးဟု ဆိုအပ်သော ကာမာဝစရကို အာရုံပြုကြပါသည်။ ဟသိတုပ္ပာဒ်သည်ရဟန်းတရားအားထုတ်ဘို့လျော်ပတ်သောအရပ်ကိုမြင်၍ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်အား ရှုပါရုံ၊ ဘဏ္ဍာကို ဝေဖန်ရာအရပ်၌ သည်းခန်သော အသံကိုကြား၍ ဤသို့ ဘဏ္ဍာ၌ တပ်သော လျပ်ပေါ်သောဘဏ္ဍာကို ငါသည်ပယ်အပ်ပြီဟုနှင်သက်ခြင်းဖြစ်သော ရဟန္တာပုဂ္ဂိုလ်အား သဒ္ဒါရုံ၊နံ့သာ စသည်တို့ဖြင့် စေတီပုထိုးကိုပူဇော်သောအခါ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်အား ဂန္ဓာရုံ၊ အရသာနှင့်ပြည့်စုံသော ဆွမ်း, ဘောဇဉ်ကို သီဘင်းသုံးဘော် တို့နှင့် ဝေဖန်၍ သုံးဆောင်သောအခါ နှစ်သက်သော ရဟန္တာ ပုဂ္ဂိုလ်အား ရသာရုံ၊ အာဘိသမာစာရိက ဝတ်ကို ဖြည့်သောအခါ နှစ်သက်သော ရဟန္တာ ပုဂ္ဂိုလ်အား ဖောဋ္ဌဗ္ဗာရုံ၊ပုဗ္ဗေနိဝါသညာဏ် စသည်တို့ဖြင့် ယူအပ်သော ကာမာဝစရတရားကို အာရုံပြု၍ နှစ်သက်သော ရဟန္တာပုဂ္ဂိုလ်အား ဓမ္မာရုံ၊ ဤသို့ အာရုံ ၆-ပါးဟု ဆိုအပ်သော ကာမာဝစရကို အာရုံပြုပါသည်။ (ဋီ)

၏ အကုသိုလ်ဒွါဒသ ဉာဏဝိပ္ပယုတ်-ဂ၊ပေါင်း ၂၀-ဧသောစိတ်တို့သည် အဘယ်အခါမျိုးဌ်ဌ် လောကုတ္တရာ ကြဉ်သော အလုံးစုံသောအာရုံကို အာရုံပြုကြပါသနည်း။

၆၈၁-ဖြေ။ ။ဒိဋ္ဌဂတသမ္ပယုတ် ၄-ပါးတို့သည် ပရိဟ္ဘတရားတို့ကို အာရုံပြု၍မှားသောအားဖြင့်စွဲလမ်းခြင်း,လွန်စွာအာရုံကိုသာယာခြင်း, အလွန်နှစ်သက်ခြင်းဖြစ်သောအခါဌ် ကာမာဝစရတရားကို အာရုံပြုကြပါသည်။ထိုသို့မှားသောအားဖြင့် စွဲလမ်းသာယာနှစ်သက်သောအခြင်းအရာဖြင့် မဟဂ္ဂတ်တရားတို့ကို အာရုံပြု၍ ဖြစ်သောအခါဌ် မဟဂ္ဂတ်တရားကို အာရုံပြုကြပါသည်။ပညတ်တရားကို အာရုံပြု၍ဖြစ်သောအခါဌ် ပညတ်တရားကို အာရုံပြုကြပါသည်။ ။ဒိဋ္ဌဂတဝိပ္ပယုတ် ၄-ပါးတို့သည် ထိုကာမ,မဟဂ္ဂတ်,ပညတ်တရားတို့ကို လွန်စွာအာရုံကိုသာယာခြင်း,အလွန်နှစ်သက်ခြင်းဖြစ်သောအခါ အစဉ်အတိုင်း ကာမာဝစရ-မဟဂ္ဂတ် ပညတ်တရားကိုအာရုံပြုကြပါသည်။။ ။ဒေါသမူဒ္ဓေးတို့သည် ပြစ်မှားခြင်း, နှလုံးမသာယာခြင်း၏ အစွမ်းဖြင့် ဖြစ်သောအခါ ကာမာဝစရ-မဟဂ္ဂတ် - ပညတ်တရားကို အာရုံကြပြုပါသည်။ ။ဝိစိကိစ္ဆာသဟဂုတ်စိတ်သည် မဆုံးဖြတ်နိုင်သောအခါမျိုးဌ် ဥဒ္ဓစ္စသဟဂုတ်သည် စိတ်ပြန့်လွင့်ခြင်း, မငြိမ်သက်ခြင်း၏အစွမ်းဖြင့်ဖြစ်သောအခါဌ် ကာမာဝစရ-မဟဂ္ဂတ်-ပညတ်တရားကို အာရုံပြုကြပါသည်။ ။ဉာဏဝိပ္ပယုတ် ဂ-ပါးတို့သည် အောက်ဖလဋ္ဌာန် ၃-ယောက် ပုထုဇဉ် ရဟန္တာပုဂ္ဂိုလ်တို့၏ အလေးအမြတ်မပြုမူ၍ ပေးလှူခြာ,ဆင်ခြင်ခြာ,တရားနာခြာကာလစသည်တို့ဌ် ပရိဟ္ဘဓမ္မကိုအာရုံပြု၍ဖြစ်သောအခါဌ်ကာမာဝစရကိုအာရုံပြုကြပါသည်။ အလွန်လေ့လာပြီးသောဈာန်ကို ဆင်ခြင်သော အခါဌ် မဟဂ္ဂတ်ကို အာရုံပြုကြပါသည်၊ ကသိဏ်း ပဋိဘာဂနိမိတ် စသော အာရုံတို့ဌ် ပရိကံ် စသည်ကို ပြုသောအခါဌ် ပညတ်တရားကိုအာရုံပြုကြပါသည်။ (၌)

{၌ကာလာ အဿာဒန-အာဘိနန္ဒန ၂-ပါးတွင် အားနည်းသောတဏှာသည် အဿာဒန၊ အားကြီးသော တဏှာသည့်

အဘိနန္ဒန။ တနည်း သပ္ပီတိက နိပ္ပီတိကတဏ္ဍာသည် အဿာ
ဒန၊ သပ္ပီတိကတဏ္ဍာသည် အဘိနန္ဒန-ဟု အထူးမှတ်။} (ဇူ)

● အကုသိုလ်စိတ်-၁၂၊ ဉာဏဝိပ္ပယုတ်ဇော ၈-ခုအားဖြင့် ၂၀-သောစိတ်တို့သည် အဘယ့်ကြောင့် လောကုတ္တရာ တရားကို အာရုံမပြုနိုင်ပါသနည်း။

၆၈၂-ဖြေ။ ။မိမိတို့၏ မိုက်မဲသည်၏ အဖြစ် ဉာဏ်ကင်းသည်၏ အဖြစ်ကြောင့် လောကုတ္တရာတရားတို့ကိုအာရုံပြုခြင်းငှာမစွမ်းနိုင်သောကြောင့်၊ထို ၂၀-သော စိတ်တို့သည် လောကုတ္တရာတရားကိုအာရုံမပြုနိုင်ပါ။ (လောကုတ္တရာတရားတို့သည် တန်ခိုးကြီးသောကြောင့်လည်း အာရုံမပြုနိုင်ဟု မှတ်။)

† အတ္တနော ဇဝုဘာဝတော လောကုတ္တရဓမ္မေ အာရဗ္ဘပဝတ္တိတုံ နသက္ကောန္တိတိ နဝဝိဓ လောကုတ္တရဓမ္မေ ဝဇ္ဇေတိ။ (ဋီ)

● ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်-၄၊ကုသိုလ်အဘိညာဏ်အားဖြင့် ငါးပါးသော စိတ်တို့သည် အဘယ်အခါမျိုး၌ အရဟတ္တမဂ် အရဟတ္တဖိုလ်ကြဉ်သော အလုံးစုံသောအာရုံကို အာရုံပြုကြပါသနည်း။

၆၈၃-ဖြေ။ ။ထို ငါးခုသော စိတ်တို့သည် သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အလေးအမြတ်ပြု၍ အလှူပေးခြင်း, ဆင်ခြင်ခြင်း, တရားနာခြင်း, သခ်ါရတရားတို့ကို သုံးသပ် ဆင်ခြင်ခြင်း, ကသိုဏ်းပဋိဘာဂ နိမိတ်၌ ပရိကံပြုခြင်း, ဂေါတြဘူဝေါဒါန်၏အစွမ်းဖြင့်ဖြစ်ခြင်း,ဒိဗ္ဗစက္ခုစသော အဘိညာဏ်တို့ဖြင့် ရူပါရုံ, သဒ္ဒါရုံတို့ကို သိခြင်း စသော အခါမျိုး၌ ကာမာဝစရ- မဟဂ္ဂုတ်- ပညတ်-နိဗ္ဗာန်-ဟု ဆိုအပ်သော အလုံးစုံကို အာရုံပြုကြပါသည်။ (ဋီ)

{အလေးအမြတ်ပြု၍ အလှူပေးခြင်း,ဆင်ခြင်ခြင်း,တရားနာခြင်း, သခ်ါရဓမ္မကို သုံးသပ်ခြင်းပြုသောအခါ ကာမာဝစရကို၊ ဆင်ခြင်ခြင်း, သုံးသပ်ခြင်း ပြုသောအခါ မဟဂ္ဂုတ်ကို၊ ဆင်ခြင်သောအခါ နိဗ္ဗာန်ကို၊ ကသိုဏ်းပဋိဘာဂနိမိတ်၌ ပရိကံပြုခြင်း စသည်ကိုပြုသောအခါ မဟဂ္ဂုတ်နှင့်ပညတ်ကို၊ထိုကာမ စသည်

အာရုံရှိသော အဘိညာဏ်ကို ပရိကံပြုသော အခါ၌ ကာမ-
မဟဂ္ဂုတ်-နိဗ္ဗာန်ကို၊ ဂေါတြဘူဝေါဒါနံ၏အစွမ်းဖြင့်ဖြစ်သော
အခါ နိဗ္ဗာန်ကို ဉာဏသမ္ပယုတ်ဇော ၄-ခုတို့သည် အာရုံပြုကြ
သည်။ ဒိဗ္ဗစက္ခု စသည်ဖြင့် ရူပါရုံ စသည်ကို သိသော အခါ
ကာမာဝစရ စသည်ကို အဘိညာဏ်ကသိုလ်ဇောသည် အာရုံ
ပြုသည်ဟု ခွဲ၍မှတ်ပါ။ ကုသိုလ် ဉာဏသမ္ပယုတ် ၄-ပါးသည်
ဂေါတြ ဘူဝေါဒါနံကိစ္စတပ်ဒိုင်္ကသာ နိဗ္ဗာန်ကို ပစ္စက္ခအာရုံပြု
နိုင်သည်။ အခြားအခါ၌ အနုမာနဒေးဖြင့်သာ အာရုံပြုနိုင်
သည်။ သို့သော် ပစ္စက္ခအားဖြင့် အာရုံပြုနိုင်ပြီဟု မဆိုရသေး
ကြောင်းကို ရှယ်ပိုင်း နိဗ္ဗာန်အခန်းဌ၌ ရှုပါ။ }

● ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်-၄၊ ကုသိုလ်အဘိဉာဏ်
အားဖြင့် ၎င်းပါးသောစိတ်တို့သည် အဘယ်ကြောင့် အရဟတ္တ
မဂ်, အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ပါသနည်း။
၆၈၄-ဖြေ။ ။ဤစိတ်တို့သည် သေက္ခပုထုဇဉ်တို့၏သန္တာန်၌သာ
လျှင် ဖြစ်သောကြောင့် အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို အာရုံမပြုနိုင်ပါ။
(သေက္ခပုဂ္ဂိုလ်တို့သည် ရဟန္တာပုဂ္ဂိုလ်၏ အသီးအခြားဥစ္စာဖြင့်သော
အရဟတ္တမဂ်, အရဟတ္တဖိုလ်ကိုမရဘူးသေး၊ ထိုစိတ်တို့မှာလည်း သေက္ခ
ပုဂ္ဂိုလ်တို့၏ သန္တာန်၌သာ ဖြစ်ခဲ့သော ကြောင့် ထို အရဟတ္တမဂ်,
အရဟတ္တဖိုလ်ကို အာရုံမပြုနိုင် ဟူလို။)
{သေက္ခ ပုဂ္ဂိုလ်တို့သည် အောက်အောက်သော ပုဂ္ဂိုလ်
တို့၏ မဂ်, ဖိုလ်ကို အာရုံပြုနိုင်သည်။ ထို့ကြောင့် အရဟတ္တမဂ်
အရဟတ္တဖိုလ်ကိုသာ ကြည့်သည်။ ဤစိတ် ၎င်းပါးသည်
အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြည့် အလုံးစုကို အာရုံပြုသည်ဆိုရာ၌
အနာဂါမ်အဘွက်သာဖြစ်သည်။ အောက်အောက်ပုဂ္ဂိုလ်သည်အထက်အထက်စိတ်ကို့မသိနိုင်သောကြောင့်သကဒါဂါမ်
သောတာပန်-ပုထုဇဉ်များအတွက် အထက်အထက် မဂ်, ဖိုလ်
များကို လျှော့ပါ။}

† သေက္ခပုထုဇ္ဇန သန္တာနေသွေဝ ပဝတ္တနတော။ (ဋီ)

† တတ္ထ ပုထုဇ္ဇနော စေတောပရိယ ဉာဏလာဘီ ပုထုဇ္ဇနာနံ ယေဝ စိတ္တံ ဇာနာတိ နဲ အရိယာနံ၊ အရိယေသုပိ ဟေဋ္ဌိမော ဥပရိမဿ စိတ္တံ နဲ ဇာနာတိ - ဥပရိမော ပန ဟေဋ္ဌိမဿ ဇာနာတိ။ (တိက အဂ်ုတ္တိုရ် အဋ္ဌကထာ)

† နဲ အရိယာနန္တိ အရိယာနံ မဂ္ဂဖလ စိတ္တံ နဲ ဇာနာတီတိ အတ္ထော "လ" ဟေဋ္ဌိမော ဥပရိမဿ စိတ္တံ နဲ ဇာနာတီတိ အာဒီနိပိ မဂ္ဂဖလ စိတ္တသေဝ သန္ဓာယ ဝုတ္တာနီတိ ဝေဒိ တဗ္ဗာနိ။ (၎င်းဋီကာ)

● သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ-၌ သဗ္ဗထာ အရ, သဗ္ဗာရမ္မဏ-အရ တို့ကို အသီးသီးဖော်ပြပါ။

၆၈၅-ဖြေ။ ။ကာမာဝစရတရား, မဟဂ္ဂုတ်တရား, အလုံးစုံသော လောကုတ္တရာတရား, ပညတ်တရား - တည်းဟူသော ခပ်သိမ်းသော အပြားသည် သဗ္ဗထာ-အရ ဖြစ်ပါသည်။ ကာမာဝစရ, မဟဂ္ဂုတ်, သဗ္ဗ လောကုတ္တရ, ပညတ်တရားတို့သည် သဗ္ဗာရမ္မဏ ဖြစ်ပါသည်။ (ဋီ)

{အာရုံသည် အကျဉ်းချုပ် အားဖြင့် ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်အားဖြင့် လေးမျိုးသာရှိသည့်။ ကာမစိတ် စတုပညာသ၊ စေတသိက် ဒွေးပညာသ၊ ရုပ် အဋ္ဌဝီသကား-ကာမတရား ဖြစ်သည်။ ဤ၌ သဗ္ဗကား-နိပ္ပဒေသ သဗ္ဗတည်း။}

● မဟာကြိယာ ဉာဏသမ္ပယုတ်-၄၊ ကြိယာ အဘိညာဏ်, ဝုဋ္ဌော အားဖြင့် ၆-ပါးသောစိတ်တို့သည် သန္တာန်တိုင်းမှာပင် သဗ္ဗာ ရမ္မဏ ဖြစ်ကြပါသလော။

၆၈၆-ဖြေ။ ။မဖြစ်ကြပါ၊ မြတ်စွာဘုရားသန္တာန်တော်မှာဖြစ်ခိုက် သာလျှင် သဗ္ဗာရမ္မဏဖြစ်၍၊ ပစ္စေကဗုဒ္ဓါတို့၏ သန္တာန်မှာ ဖြစ်မိုက် ကား-သဗ္ဗာရမ္မဏ မဖြစ်ကြပါ။ (ပရမတ္ထဒီပနီ)

● မြတ်စွာဘုရား၏သန္တာန်တော်မှာ သဗ္ဗာရမ္မဏဖြစ်ကြသည်ဟု ဆိုသော် အခါခပ်သိမ်းပင် သဗ္ဗာရမ္မဏ ဖြစ်သည်ဟု မှတ်ရမည်လော။

၆၀၇-ဖြေ။ ။မမှတ်ရပါ၊ မဟာကြိယာဇော ၄-ခု၊ကြိယာ အဘိညာဏ်တို့သည် သဗ္ဗညုတဉာဏ်,အနာဝရဏဉာဏ်,အတီတံသဉာဏ်, ဣဒ္ဓိဝိဓဉာဏ်,ပုဗ္ဗေနိဝါသဉာဏ် စသည်တို့၏အစွမ်းဖြင့် ဖြစ်သောအခါ၌ငင်း၊ ဝုဋ္ဌောသည် ထိုသဗ္ဗညုတဉာဏ် စသည်တို့၏ ရှေသွားဖြစ်သော အခါ၌ငင်း သဗ္ဗာရမ္မဏ ဖြစ်ကြပါသည်။ အခါခပ်သိမ်း သဗ္ဗာရမ္မဏ မဖြစ်ကြပါ။(သဗ္ဗညုတဉာဏ်တော်ကား-မဟာကြိယာ ဉာဏသမ္ပယုတ် ၄-ခု၌ရှိသော ပညာစေတသိက်ပင်တည်း။)

† ကြိယဇဝနဉီ သဗ္ဗညုတဉာဏာဒိဝသပ္ပဝတ္တိယံ၊ ဝေါဋ္ဌဗ္ဗနဿစ တံ တံ ပုရေစာရိက ဝသပ္ပဝတ္တိယံ နစ ကိဉ္စိ အဂေါစရံ နာမ အတ္ထိ။ (ဋီ-ဇူ)

● ကာမာဝစရ အာရုံသည် အဘယ့်ကြောင့် ပရိတ္တ - မည်ပါသနည်း။

၆၀၈-ဖြေ။ ။ကာမာဝစရ အာရုံသည် မဟဂ္ဂုတ်အာရုံ စသည်တို့ကိုထောက်၍ နည်းသောအာနုဘော်ရှိသဖြင့် ထက်ဝန်းကျင်မှပိုင်းဖြတ်အပ်,ပိုင်းခြားနိုင်သောဝတ္ထုနှင့် တူသောကြောင့် ပရိတ္တ-မည်ပါသည်။

† ကာမာဝစရဉီ မဟဂ္ဂတာဒယော ဥပါဒါယ မန္ဒာနုဘာဝတာယ ပရိသမန္တတော အတ္တံ ဓဏ္ဍိတံဝိယာတိ ပရိတ္တံ။ (ဋီ)

● ပဉ္စဝီသ ပရိတ္တမှိ-စသော ဂါထာ၌ ပဉ္စဝီသ-အရ ပရိတ္တ-အရ ကိုငင်း၊ ဆ-အရ မဟဂ္ဂတ-အရ ကိုငင်း၊ ဧကဝီသတိ-အရ ဝေါဟာရ (ပညတ္တ) အရကိုငင်း အသီးသီး ကောက်ပြပါ။

၆၀၉-ဖြေ။ ။ပဉ္စဝီသ အရကား-ကာမဝိပါက်တေဝီသ ပဉ္စဒ္ဓါရာ ဝဇ္ဇန်း-ဟသိတုပ္ပာဒ်-တို့ ဖြစ်ပါသည်။ပရိတ္တအရကား-ကာမသဘောရှိသော အာရုံ ၆-ပါး ဖြစ်ပါသည်။ဆ-အရကား-ဒုတိယ,စတုတ္ထအာရုပ္ပစိတ် ဖြစ်ပါသည်။မဟဂ္ဂတအရကား-ပဌမ-တတိယ အာရုပ္ပစိတ် ဖြစ်ပါသည်။ ဧကဝီသတိ အရကား-ရူပါဝစရစိတ်-၁၅၊ ပဌမ တတိယာရုပ္ပ

စိတ်-၆၊ ပေါင်း ၂၁-ဖြစ်ပါသည်။ ဝေါဟာရ (ပညတ္တ) အရကား-ကသိုဏ်းပညတ်, အသုဘပညတ်, ကောဌာသပညတ်, အာနာပါနပညတ်, သုခိတ ဒုက္ခိတသတ္တဝါပညတ်,ကသိုဏ်း ၉-ပါးမှခွါ၍ ရအပ်သော ကောင်းကင်ပညတ်, နတ္ထိဘော ပညတ်-တို့ ဖြစ်ပါသည်။ [ကသိုဏ်းပညတ် ၁၀-ပါး စသော ပဌမဈာန်အာရုံ ၂၅-ပါး၊ ဒု-တ-စ အာရုံ ၁၄-ပါး၊ ပဉ္စမဈာန်အာရုံ ၁၂-ပါးစသော အစိတ်စိတ် အာရုံများကိုကား-ဤ၌ မပြသာပြီ။]

† ကသိဏာဒိပညတ္တီသု။ (ဋီ)

† ကသိဏာဒိပညတ္တီသူတိ ကသိဏာ သုဘကောဌာသာနာပါန သတ္တကသိဏုဌာဋိမာကာသ နတ္ထိဘာဝ ပညတ္တီသု။ (၈)

● ကာမဘုံ, ရူပဘုံ, အရူပဘုံ တို့၌ ရနိုင်သော အာရုံများကို အသီးသီး ဖော်ပြပါ။

၆၉၀-ဖြေ။ ။ကာမဘုံ၌ အာရုံ ၆-ပါးလုံး၊ရူပဘုံ၌ ရူပါရုံ,သဒ္ဒါရုံ, မ္မောရုံ ၃-ပါး, အရူပဘုံ၌ မ္မောရုံတပါးသာ ရပါသည်။

† ဆာရမ္မဏာနိ လဒ္ဓနိ၊ ကာမာဝစရဘူမိယံ။
တီဏိ ရူပေ ပနာရူပေ၊ မ္မောရမ္မဏမေကဏ်ံ။

(အဘိမ္မောဝတာရ)

အာရမ္မဏသင်္ဂဟ အဖြေ ပြီး၏။

ဝတ္ထုသင်္ဂဟ အဖြေ

●

● အဘယ့်ကြောင့် ဝတ္ထုမည်ပါသနည်း။

၆၉၁-ဖြေ။ ။"ဝသန္တိ ပတိဋ္ဌန္တိ စိတ္တစေတသိကာ ဧတ္ထောတိ ဝတ္ထု" ဟူသော ဝစနတ္ထနှင့်အညီ စိတ် စေတသိက်တို့၏ တည်ရာမှီနေရာ ဖြစ်သောကြောင့် ဝတ္ထု-မည်ပါသည်။

{စက္ခု ဝတ္ထု စသည်ကား - ဝါကျ သခေ်ပဟု ပရမတ္ထဒီပနီ ဆရာ အယူရှိ၏။ စ-သဒ္ဒါဖြင့် ဒွန်ဝါကျကို ပြသည်။ ဝိဘတ္တိ

လောပ ကြီ-ဟု ဇူ-၌ ဆိုဏ်။ ဒွန်သမာသ် ဟူ၍ဂုင်း၊ အ ဝိဘတ္တိက နိဒ္ဒေသဟူ၍ဂုင်း အမျိုးမျိုးဆိုကြသေးဏ်။ }

† ဝသန္တီ ဧတေသု စိတ္တစေတသိကာ တန္ဒိဿယတ္တာတိ ဝတ္ထူနိ။ (ဋီ)

● ကာမဘုံ၌ ရနိုင်သော ဝတ္ထုရုပ် မှား ကို ပုဂ္ဂိုလ် အား ဖြင့် အသီးသီး ခွဲခြား ဝေဖန်ပြပါ။

၆၉၂-ဖြေ။ ။ဗုန္ဓေပြည့်စုံသော ပုဂ္ဂိုလ်အား ဝတ္ထုရုပ် ၆-ပါးလုံး ရပါသည်။ စက္ခု-သောတ-ဃာန ၃-ပါးတိုတွင် တပါးပါး ချိသော ပုဂ္ဂိုလ်အား ဝတ္ထုရုပ် ၅-ပါး ရပါသည်။ စက္ခုသောတ-စက္ခုဃာန-သောတဃာန ၂-ပါးစုတိုတွင် ၂-ပါးတစုချိသောသူအား ဝတ္ထုရုပ် ၄-ပါး ရပါသည်။ စက္ခု-သောတ-ဃာန ချိသောသူအား ဝတ္ထုရုပ် ၃-ပါး ရပါသည်။ (အင်္ဂုရ)

{ဤကို ထောက်၍ ကာမဘုံ၌ ဝတ္ထုရုပ် အမှားဆုံး ၆-ပါး၊ အနည်းဆုံး အားဖြင့် ဇိဝှါ-ကာယ-ဟဒယ ၃-ပါးသာ ရနိုင်သည်ကိုဂုင်း၊ ကာမဘုံ၌ ဇိဝှါချိသူ မရှိသောကြောင့် ခိကျောင်း လျှာမရှိဟု ပြောကြားစေကာမူ လျှာရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ အရသာကို သိစေနိုင်သော ပသာဒကား-ရှိသည်ဟု မှတ်လေ။}

● ကာမဘုံ၌အဘယ့်ကြောင့် ဝတ္ထုရုပ် ၆-ပါးလုံးကိုရပါသနည်း။

၆၉၃-ဖြေ။ ။ကာမဘုံ၌ပြည့်စုံသော ဗုန္ဓေရှိသောပုဂ္ဂိုလ်ကိုရအပ်သောကြောင့် ကာမဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံးကို ရအပ်ပါသည်။

† တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ ပရိပုဏ္ဏိန္ဒိယဿ တတ္ထေဝ ဥပလဗ္ဘနတော။ (ဋီ)

● တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ-၌ ပိ-သဒ္ဒါဖြင့် အဘယ်သို့သော အဓိပ္ပာယ်ကိုအနုရုဒ္ဓါဆရာသိစေပါသနည်း။

၆၉၄-ဖြေ။ ။ထိုပိ-သဒ္ဒါဖြင့် စက္ခုနွေ့ ချိုခြင်း စသည်တို့၏အစွမ်းဖြင့် ကာမဘုံ၌ အချိုသော စက္ခု-သောတ-ဃာန-တို့၏ မဖြစ်ခြင်းကို အနုရုဒ္ဓါဆရာ သိစေပါသည်။

† ပိသဒ္ဒေန ပန အန္ဓဗဓိရာဒိဝသေန ကေသဉ္စိ အသမ္ဘဝံ ဒီပေတိ။

(ဋီ)

● ကာမာဝစရကံသည် အာနုဘော်နည်းသောကြောင့် ထိုကံကြောင့်ဖြစ်သော သတ္တဝါသည် အဘယ့်ကြောင့် ဇုန္ဓေပြည့်စုံရပါသနည်း။

၆၉၅-ဖြေ။ ။ကာမာဝစရကံသည် အာနုဘော်နည်းသော်လည်း ကာမတံဏှာ၏အလိုကို ဖြည့်စွမ်းနိုင်သော အတ္တဘောကို ဖြစ်စေနိုင်ပါသည်။ကာမတဏှာ၏အလိုဆန္ဒကလည်းဇုန္ဓေပြည့်စုံသောအတ္တဘောဖြင့် ရုပါရုံစသော ကာမဂုဏ်တို့ကို ခံစားရမှသာလျှင် အလိုပြည့်ဝပါသည်။ ထို့ကြောင့် ကာမသတ္တဝါသာလျှင် ဇုန္ဓေပြည့်စုံရပါသည်။

(အက်ရ)

● ရူပ ဗြဟ္မာ့ဘုံ၌ ဃာနာဒိတ္တယသည် အဘယ့်ကြောင့် မရှိပါသနည်း။

၆၉၆-ဖြေ။ ။ရူပ ဗြဟ္မာတို့သည် ကာမဂုဏ်တို့၌တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းဖြင့် ဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်ခြင်းမရှိသည်၏အဖြစ်ကြောင့် ထိုဂန္ဓာရုံ-ရသာရုံ-ဖောဋ္ဌဗ္ဗာရုံလျှင်အာရုံရှိကုန်သော (ဝိညာဏ်တို့၏ မှီရာဖြစ်သော) ဃာန-ဇိဝှာ-ကာယပသာဒဝတ္ထုတို့၌လည်း တပ်ခြင်း ကင်းသောသဘော ဖြစ်သင့်သောကြောင့် ရူပဘုံ၌ ဃာနာဒိတ္တယရုပ် ၃-ခုအပေါင်းသည် မရှိပါ။

† ဗြဟ္မာနံ ကာမဝိရာဂ ဘာဝနာဝသေန ဂန္ဓ ရသ ဖောဋ္ဌဗ္ဗေသု ဝိရတ္တတာယ တဒ္ဓိသယပ္ပသာဒေသုပိ ဝိရာဂသဘာဝတော။

(ဋီ)

{အထက်ပါဋီကာ "တဒ္ဓိသယပ္ပသာဒေသုပိ" ပုဒ်ကိုအနက်ပေးရာ၌၊ထို ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံ ရှိ ကုန် သော ဃာန,ဇိဝှာ, ကာယပသာဒ ဝတ္ထုတို့၌လည်း-ဟု အနက်မပေး

ဘဲ။ "ထို ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံလျှင် အာရုံရှိ ကုန် သော (ဝိညာဏ်တို့၏ မှီရာဖြစ်သော) ဃာန, ဇိဝှာ, ကာယပသာဒ ဝတ္ထုတို့၌လည်း" ဟုအနက်ပေးမှသဘာဝကျမည်ဟုသတိထား စဉ်းစားကြပါကုန်။ နိသျတို့၌ကား-သာမန်ပင် ပေးကြသည်။}

● ရူပဘုံ၌ ဃာနာဒိတ္တယ မရှိခဲ့သော် ဂန္ဓာရုံ ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တို့မရှိ၊ ရူပ ဗြဟ္မာတို့အား နှာခေါင်းပုံ,လျှာပုံ,ကိုယ်ပုံသဏ္ဌာန် တို့လည်း မရှိဟု မှတ်ရမည်လော။

၆၉၇-ဖြေ။ ။မမှတ်ရပါ။ ရူပဘုံ၌ ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံတို့ ရှိပါသည်။ အာယတနကိစ္စကား-မဘပ်၊ ၎င်းတို့ကိုမ္မောယဘန ဖွဲ့ရပါသည်။ ရူပ ဗြဟ္မာတို့အား နှာခေါင်းပုံ,လျှာပုံ,ကိုယ် ပုံသဏ္ဌာန်တို့လည်း ရှိကြပါသည်။ ထို ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗအာရုံတို့၌ တပ်ခြင်းကင်းသောကြောင့် ဃာန ပသာဒ, ဇိဝှာ, ကာယပသာဒ-တို့သာ မရှိပါ။ ထို့ ကြောင့် "ဃာနာဒိတ္တယံ နတ္ထိ" ဟူသောစကားသည် ထိုပသာဒတို့ကိုသာရည်၍ ဆိုခြင်းဖြစ်ပါသည်။ {ဗြဟ္မာပုံသဏ္ဌာန်ကား - ယောက်ျားပုံသဏ္ဌာန်တည်း၊ လိင်အင်္ဂါကား မရှိဟု မှတ်လေ။}

† ဧုဒဉ္ဇ ပသာဒရူပဘွယံ သန္ဓာယ ဝုတ္တံ၊ သသမ္ဘာရ ဃာန ဇိဝှာ ကာယသဏ္ဌာနာနိ ပန သုဋ္ဌု ပရိပုဏ္ဏာနိ ဧဝ ဟောန္တိ။

(ပရမတ္ထဒီပနီ)

● ရူပဘုံ၌ ဃာနာဒိတ္တယကို မရသော်လည်း စက္ခု-သောတ ၂-ပါးကို အဘယ့်ကြောင့် ရပါသနည်း။

၆၉၈-ဖြေ။ ။ရူပ ဗြဟ္မာတို့သည် ဘုရားကို ဖူးမြင်ခြင်း၊ တရားကို ကြားနာခြင်း အကျိုးငှာ ထို စက္ခု-သောတ ၂-ပါး၌ တပ်ခြင်း ရှိသေး သောကြောင့် စက္ခု-သောတ ၂-ပါးကို ရူပဘုံ၌ ရပါသည်။

† ဗုဒ္ဓဒဿန မေ္မသဝနာဒိ အတ္ထံ ပန စက္ခုသောတေသု အဝိရတ္တ ဘာဝတော စက္ခာဒိဒွယံ တတ္ထ ဥပလဗ္ဘတိ။ (ဋီ)

● အရူပဘုံ၌ ဝတ္ထုရုပ် ၆-ပါးလုံးကို အဘယ့်ကြောင့် မရပါသနည်း။

၆၉၉-ဖြေ။ ။အရူပဗြဟ္မာတို့၏ ရုပ်ဠာတပ်ခြင်းကင်းသောဘာဝနာ၏အစွမ်းဖြင့် ထိုအရူပဘုံဠာ အခြင်းခပ်သိမ်း ရုပ်ဖြစ်ခြင်းမရှိသောကြောင့် အရူပဘုံဠာ ဝတ္ထုရုပ် ၆-ပါးလုံးကို မရခြင်းဖြစ်ပါသည်။

† အရူပိနံ ရူပဝိရာဂ ဘာဝနာ ဗလေန တတ္ထ သဇ္ဇန သမ္ဘံ ရူပပ္ပဝတ္တိယာ အဘာဝတော။ (ဋီ)

● အရူပလောကေ သဗ္ဗာနိပိ နသံဝိဇ္ဇန္တိ-ဠာ သဗ္ဗာနိ-အရ ရူပါနိ-ဟု မဖွင့်ဘဲ၊အဘယ့်ကြောင့်"ဆဝတ္ထူနိ"ဟုဋီကာဆရာဖွင့်ဆိုပါသနည်း။

၇၀၀-ဖြေ။ ။ဤအရူပဘုံဠာ ရုပ်ဟူ၍မကြားဘူးသောကြောင့် ရူပါနိ-ဟု မဖွင့်ဘဲ၊ ဆ ဝတ္ထူနိ-ဟု ဋီကာဆရာ ဖွင့်ဆိုပါသည်။

† ဇုဓ တေသံ အသုတတ္တာ။ (ဋီ)

● ဤ အရူပဘုံဠာ ရုပ်ဟူ၍ မကြားဘူးလျှင် ဤ အရူပဘုံဠာ ရုပ်ရှိသလော,မရှိသလော ယုံမှားစရာမရှိပြီ မဟုတ်ပါလော။

၇၀၁-ဖြေ။ ။ဉာဏ်ထက်သောပုဂ္ဂိုလ်များအတွက်မှာကား-ယုံမှားစရာမရှိပါ။ သို့သော်-ဉာဏ်နုံသော ပုဂ္ဂိုလ်များ အတွက် မှာကား-ယုံမှားစရာ ရှိပါသေးသည်။

† ယဒ္ဓေဝံ-တပ္ပသင်္ဂါနုသိယာကိစ္စေ၊အာဝမတိက္ကမုဠိနံ ဝသေန, မန္ဒမုဠိနံ ဝသေန ပန သော ဟောတိ။ (ဋီ)

● အရူပဘုံဠာ ရုပ်မရှိဟုဆိုရာ၊ ဘုံမှာ မရှိခြင်းလော,ပုဂ္ဂိုလ်မှာ မရှိခြင်းလော ခွဲခြားရှင်းပြပါ။

၇၀၂-ဖြေ။ ။ရူပဝိရာဂ ဘာဝနာကံကြောင့် ဖြစ်သော ထို အရူပဘုံဠာ အစ္ဆတ္တာ,ဗဟိဒ္ဓ သန္တာန် ၂-ခုလုံးမှာပင် အခြင်းခပ်သိမ်း ရုပ်ဖြစ်ခြင်းမရှိသောကြောင့် ဘုံနှင့်ပုဂ္ဂိုလ်နှစ်မျိုးလုံးမှာပင် ရုပ်မရှိပါ။ [ကံကို အကြောင်းခံ၍ ဥတုကြောင့်ဖြစ်သော ဘုံဗိမာန် မရှိဟူလို။]

† ရူပဝိရာဂ ဘာဝနာ ကမ္မနိဇ္ဇတ္တာ တသ္မိံ လောကေ အစ္ဆတ္တာ ဗဟိဒ္ဓါသန္တာနေသုပိ သဇ္ဇေနသမ္ဘံ ရူပပ္ပဝတ္တိယာ ဧဝ အဘာဝတော။ (ပရမတ္ထဒီပနီ)

● ဘုံနှင့် ပုဂ္ဂိုလ် ၂-မျိုးလုံးမှာ ရုပ်မရှိက အရူပပုဂ္ဂိုလ်များ အရူပဘုံ၌ အဘယ်သို့ အဘယ်ပုံ တည်နေကြပါသနည်း။

၇၀၃-ဖြေ။ ။အရူပပုဂ္ဂိုလ်များသည် စင်ကြယ်သော အမိုက်တိုက် ဖြစ်သော ကောင်းကင်ပြင်၌သာလျှင် စိတ်အစဉ်မျှဖြစ်၍ (နာမ်အချင်းချင်း အညမည-နိဿယ သဘောဖြင့်မှီ၍) တည်နေကြပါသည်။

. † တတ္ထ နိဗ္ဗတ္တာဟိ သတ္တာ သုဒ္ဓေ အန္ဓကာရဘူတေ အာကာသေ တလေဝေ စိတ္တာပဗန္ဓမတ္တာ ဟုတ္ဝာ တိဋ္ဌန္တိ။ (ပရမတ္ထဒီပနီ)၊

[မှတ်ချက်....အရူပဘုံ၌ ရုပ်မရှိဟု ဆိုသော်လည်း ထင်ရှားပြောပလောက်သော ရုပ်သာမရှိသည်။ ပညာမိက ဘုရားမှာ အဓိကမဟုတ်သော သန္ဓါ-ဝိရိယများ ပါသကဲ့သို့ မထင်ရှားမပြောပလောက်သော အလွန် နူးညံ့သိမ်မွေ့သည့် ရုပ်ကား-ရှိစကောင်းသည်ဟု နောက် ပညဝန်များ ကြံစည် ကြကုန်၏။ လောကဓာတ်ဘက် သက်ဝင်သော ခေတ် ပညာတတ်များက လည်း ရုပ်မရှိဘဲ နာမ်ချည်းသက်သက် အဘယ်နည်း နှင့် မျှမတည်နေနိုင်သဖြင့် နာမ်တရားတည်နေနိုင်လောက်သော ရုပ်တရားမျိုးကား-ကေန်ရှိရမည်ဟု ယူဆကြ၏။ သို့ ယူဆကြသော်လည်း ထိုအယူအဆမျိုး ကျမ်းဂန်များ၌အဆိုမရှိပေ။နာမ် နာမ်ချင်း အညမည သဘော, နိဿယ သဘောဖြင့် မှီ၍ ဖြစ်နိုင်ကြသည်ကို မသိခြင်း သည်သာလျှင် ထို ခေတ် ပညာတတ်တို့၏ အပြစ်ဖြစ်ရာ၏။ ။သဗ္ဗာနိပိ-၌ သဗ္ဗ-ကိုလည်း နိပ္ပဒေသ သဗ္ဗ အဖြစ်သာ ဖွင့်ဆိုကြကုန်၏။ ဒိ-သဒ္ဒါဖြင့် အလုံစုံသာ မရှိသည်မဟုတ်၊ အစိတ် အားဖြင့်လည်း မရှိဟု ဒေဝယဝါ သမ္ဘဝ-သဒ္ဒိဋ္ဌာနအနက်ကို ဖွင့်ပြကြကုန်၏။ ထို့ကြောင့် ထိုဆရာတို့၏ ယူဆချက်ကို စဉ်းစားကြကုန်ရာသတည်း။ ခဲရုပ်။]

● မနောဓာတ်, ပဉ္စဝိညာဏဓာတ်, မနောဝိညာဏဓာတ်-တို့၏ သိပုံအထူးကို အကြောင်းနှင့်တကွ ဖော်ပြပါ။

ခေတ်—၂၁၊ (ပဉ္စမအကြိမ်။)

၇၀၄-ဖြေ။ ။မနောဓာတ်သည် အထူးသိမှုကိစ္စမရှိ။ ပဉ္စဒွါရဉ်ထင်လာသော ပဉ္စာရုံကို ဆင်ခြင်ကာမျှ,လက်ခံကာမျှ ကိစ္စသာရှိသောကြောင့် သိကာမျှသာ ဖြစ်ပါသည်။ပဉ္စဝိညာဏဓာတ်သည်ပဉ္စပသာဒဉ် ထင်လာသောပဉ္စာရုံကို မျက်မှောက်ထင်ထင် သိမြင်ခြင်းကိစ္စရှိသောကြောင့် မနောဓာတ်ထက် အနည်းငယ်ထူးသောသိခြင်းကိစ္စရှိပါသည်။ မနောဝိညာဏဓာတ်သည် အာရုံ၏သဘောကို စုံစမ်းဆင်ခြင်ခြင်း၏ အစွမ်းဖြင့် ထူးသောသိမှုကိစ္စရှိသောကြောင့် မနောဓာတ်,ပဉ္စဝိညာဏဓာတ်တို့ထက် ပို၍အလွန်အကျူး အထူးသဖြင့် သိခြင်းကိစ္စရှိပါသည်။ ဤသို့သိပုံ ထူးခြားကြပါသည်။ (ပရမတ္ထဒီပနီ)

{ပရိယာယ် ၂-ချက်ဆင့်သော သဒ္ဒါသည်''ပဒဋ္ဌာနံ-ဒုက္ခဒုက္ခံ''၌ လွန်ကဲသော အနက်ကို ဟောသကဲ့သို့၊ ဤ မနောဝိညာဏမှာလည်း အဓိကအနက်ကို မှတ်လေ။ဤဓာတ် ၃-ပါး အကြောင်း ဋီကာ၌ ပြည့်စုံစွာမပါ။ }

● ပဉ္စဝိညာဏ်နှင့် မနောဝိညာဏ်တို့သည် အသိချင်း အဘယ်သို့ ထူးပါသနည်း။

၇၀၅-ဖြေ။ ။ပဉ္စဝိညာဏ်သည် ပစ္စုပ္ပန်ပဉ္စာရုံကိုသာသိပါသည်။ အတိတ်,အနာဂတ် ပဉ္စာရုံကို မသိပါ။မနောဝိညာဏ်ကား-အတိတ်, အနာဂတ် အာရုံ ၆-ပါးလုံးကိုသိနိုင်ပါသည်။ဤသို့ထူးကြပါသည်။

† နဟိ တာနိ အတီတာနာဂတံ ဝိဇာနန္တိ၊ မနောဝိညာဏံ ပန အတီတမ္ပိ အနာဂတမ္ပိ ဇာနာတိ။ (အဋ္ဌသာလိနီ)

● ကာမဘုံ, ရူပဘုံ, အရူပဘုံ တို့၌ရသော ဝတ္ထုရုပ်နှင့် ဝိညာဏဓာတ်တို့ကို အသီးသီးဖော်ပြပါ။

၇၀၆-ဖြေ။ ။

ဘု	ဝတ္ထု	ဝိညာဏဓာတ်
ကာမဘုံ	၆-ပါး။	၇-ပါး။
ရူပဘုံ စက်,သော,ဟ	၃-ပါး။	ဃာနာဒိတ္တယကြဉ် ၄-ပါး။
အရူပဘုံ	×	မနောဝိညာဏဓာတ် ၁-ပါး။

အသညသတ်ဘုံ၌ကား-တပါးမျှ မရ။ (သင်္ဂဟ-ဋီ)

● သန္တီရဏ-၃၊မဟာဝိပါက်-၈၊ဒေါသမူဒွေး,သောတာပတ္တိမဂ်, ဟသိတုပ္ပာဒ်, ရူပစိတ် ၁၅-အားဖြင့် ၃၀-သော စိတ်တို့သည် အရူပဘုံ၌ အဘယ့်ကြောင့် မဖြစ်ကြပါသနည်း၊ အသီးသီး ညွှန်ပြပါ။

၇၀၇-ဖြေ။ ။သန္တီရဏ,မဟာဝိပါက် ၁၁-ပါးတို့သည် အရူပဘုံ၌ ပဋ္ဌာဒါရနှင့်တဒါရုံ,ပဋိသန္ဓေ စသော ကိစ္စမရှိသောကြောင့်မဖြစ်ကြပါ။ နီဝရဏသာလျှင်ဖြစ်သော အခိုက်အတန့်ကင်းသော ဒေါသမရှိသော ကြောင့် (နီဝရဏ ဧကန်ဖြစ်သောကြောင့်) ဒေါသမူဒွေးသည် ရူပ, အရူပဘုံ ၂-ပါးလုံးမှာပင်မဖြစ်ကြပါ။သူတပါးဟု ဆိုအပ်သော ဘုရား စသည်မှဖြစ်သောတရားဒေသနာဟူသော အကြောင်းမရှိသောကြောင့် အရူပဘုံ၌ သောတာပတ္တိမဂ် မဖြစ်ပါ။[ဘုရားစသည်မှဖြစ်သောတရား ဒေသနာကို မကြားနာရက သောတာပတ္တိမဂ်ကိုမရနိုင်။ ဘုရားပစ္စေက ဗုဒ္ဓါတို့သည်လည်း လူ့ဘုံမှ တပါးသောဘုံတို့၌ဖြစ်ခြင်းမရှိ၊ထို့ကြောင့် အရူပဘုံ၌ သောတာပတ္တိမဂ်မဖြစ်၊အရူပဘုံ၌ဘုရားမပွင့်၊ဘုရားမပွင့်က တရားမနာရ၊ တရားမနာရက သောတာပတ္တိမဂ် မဖြစ်နိုင် ဟူလို။] အရူပဘုံ၌ ရူပကာယမရှိ၍ ပြီးခြင်းမဖြစ်နိုင်သောကြောင့် ထိုအရူပဘုံ၌ ဟသိတုပ္ပာဒ်စိတ်မဖြစ်၊ အရူပဗြဟ္မာတို့သည် ရုပ်၌တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းဖြင့် ထိုရုပ်လျှင် အာရုံရှိကုန်သော ဈာန်တို့၌လည်း တပ်ခြင်း မရှိသည်၏အဖြစ်ကြောင့် အရူပဘုံ၌ ရူပါဝစရစိတ်များလည်း ဖြစ်ခြင်းမရှိကြပါ။ (ဋီ)

● ရူပဝိပါက်စိတ်သည်အဘယ့်ကြောင့်အရူပဘုံမှာမဖြစ်ပါသနည်း။

၇၀၈-ဖြေ။ ။အရူပဘုံ၌ဖြစ်ဘို့ ပဋိသန္ဓေ-ဟူသော အကြောင်းမရှိ သောကြောင့် အရူပဘုံမှာ မဖြစ်ပါ။

{အထက်အဖြေ၌ ရူပစိတ် အရူပဘုံ၌ မဖြစ်ခြင်း အကြောင်း ကား-ကုသိုလ်ကြိယာအကြောင်းမျှသာဖြစ်၍၊ဝိပါက်မဖြစ်ခြင်း အကြောင်းကျန်နေ၍ ဇူ-က ကောက်ချက်ချသည်။}

† ဟေတွာဘာဝတောတိ ဇုဒံ ပန ဝိပါကာနံ အနုပ္ပတ္တိကာရဏ ဝစနံ။ ဇုဒံ ပန သုဝိညေယျန္တိ နဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ (ဇူ)

● ပဌဝိညာဏဓာတ်, မနောဓာတ် တို့သည် အ ဘယ့် ကြောင့် အရူပဘုံ၌ မဖြစ်ကြပါသနည်း။

၇၀၉-ဖြေ။ ။ပဋိပဿဒ္ဓဝတ္ထု, ဟဒယဝတ္ထုကိုအမြဲမှီသောကြောင့်ဌာန်း, အရူပဘုံ၌ ပဋိသန္ဓေရ, ဟဒယဝတ္ထုမရှိသောကြောင့်ဌာန်း အရူပဘုံ၌ မဖြစ်ကြပါ။

{အဝသေသာ ပန မနောဝိညာဏဓာတုသခ်ါတာ-အရ ၃၀-သော စိတ်တို့သည် အဘယ့်ကြောင့် အရူပဘုံ၌ မဖြစ်သနည်း၊ ဟဒယဝတ္ထုကို အမြဲမှီသောကြောင့်၊ အဘယ့်ကြောင့် ဟဒယဝတ္ထုကို အမြဲမှီရသနည်း၊ အရူပဘုံ၌မဖြစ်သောကြောင့် ဟုအပြန်အလှန် အကြောင်း၊ပြနိုင်သည်။ အသီးသီးသောစိတ်တို့ မဖြစ်ခြင်းအကြောင်းကိုကား-အောက်နားက ဖြေခဲ့ပြီ။}

● ပဋိဝတ္ထုကို အမြဲမှီသောစိတ်,ဟဒယဝတ္ထုကိုအမြဲမှီသောစိတ်, ဟဒယဝတ္ထုကို ရံခါမှီ၍ ရံခါမမှီသောစိတ်, ဟဒယဝတ္ထုကို ဘယ်အခါမှ မမှီသောစိတ်များကို အသီးသီးခွဲခြားရှင်ပြခဲ့ပါ။

၇၁၀-ဖြေ။ ။ပဋိဝတ္ထုကို အမြဲမှီသောစိတ်ကား-ဒွေးပဉ္စဝိညာဏ် ၁၀-ဖြစ်ပါသည်။ ဟဒယဝတ္ထုကို အမြဲမှီသောစိတ်ကား-မနောဓာတ် ၃-ခု၊ တဒါရုံကောဒသ,ဒေါသမူဒွေး,သောတာပတ္တိမဂ်,ဟသိတုပ္ပါဒ်, ပရိတ်-၁၅၊ ပေါင်း ၃၃-ပါး ဖြစ်ပါသည်။ ဟဒယ ဝတ္ထုကို ရံခါမှီ, ရံခါမမှီသော စိတ်ကား-ရူပကုသိုလ်မှတပါး လောကီကုသိုလ်-၁၂၊ ဒေါသမူဒွေးမှတပါး အကုသိုလ်စိတ်-၁၀၊ ပဉ္စဒွါရာဝဇ္ဇန်း, ဟသိတုပ္ပါဒ်, ရူပကြိယာမှကြွင်းသော ကြိယာ-၁၃၊ သောတာပတ္တိမဂ်မှတပါး လောကုတ္တရာ စိတ်-၇၊ ပေါင်း ၄၂-ပါး ဖြစ်ပါသည်။ ဟဒယဝတ္ထုကို ဘယ်အခါမှ မမှီသောစိတ်ကား-အရူပဝိပါက် ၄-ခုတို့ဖြစ်ပါသည်။ (သင်္ဂဟ)

● ဒွေစတ္တာလီသ-အရ ၄၂-ပါးသော စိတ်တို့သည် အဘယ်၏ အစွမ်းဖြင့် ဟဒယ ဝတ္ထုကို မှီ၍ဌာန်း, မမှီ မူ၍ဌာန်း ဖြစ်ကြပါသနည်း။

၇၁၁-ဖြေ။ ။ဆို ၄ ၂-ပါးသော စိတ်တို့သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်သည်၏ အစွမ်းဖြင့် ဟဒယဝတ္ထုကို မှီ၍ဖြစ်၏, စတုဝေါကာရဘုံ၌ ဖြစ်သည်၏ အစွမ်းဖြင့် မမှီမူ၍ဖြစ်ကြပါသည်။

† ပဉ္စဝေါကာရဘဝဝယေန ဟဒယံ နိဿာယဝါ စတုဝေါကာရဘဝ ဝသေန အနိဿာယဝါ ပဝတ္တန္တိ။ (ဋီ)

---

❹ (၁) ဟဒယဝတ္ထုကိုသာမှီ၍ အရူပဘုံ၌မဖြစ်သောစိတ်။
(၂) အရူပဘုံ၌သာဖြစ်၍ ဟဒယဝတ္ထုကို မမှီသောစိတ်။
(၃) ၂-ပါးစုံ ဖြစ်နိုင်သောစိတ်။
(၄) ၂-ပါးစုံ မဖြစ်နိုင်သောစိတ်များကို အသီးသီးခွဲပြပါ။

၇၁၂-ဖြေ။ ။(၁) ၃၃ ၊ (၂) ၄ ၊ (၃) ၄၂ ၊ (၄) ၁၀၂ ကိုပါ။

ပေါင်း.... ၈၉-ပါးတည်း။

---

❶ ဟဒယဝတ္ထုကိုမှီကြသောစိတ်ချင်းတူ၍ မနောဓာတ်နှင့် မနောဝိညာဏဓာတ်ကို ပေါင်း၍ ၃၃-ပါး တပေါင်းတည်း ဖြစ်သင့်လျက်၊ အဘယ့်ကြောင့် မနောဓာတ်ကိုခွဲခြား၍ အနုရုဒ္ဓါဆရာ ပြုပါသနည်း။

၇၁၃-ဖြေ။ ။ဟဒယ ဝတ္ထုကို မှီချင်းတူကြ သော်လည်း မနောဓာတ်နှင့်မနောဝိညာဏဓာတ်တို့၏ ဓာတ်ချင်းမတူပုံ, သိပုံခြင်းခြားနားပုံကို ထင်ရှား ပေါ်လွင်စေလိုသောကြောင့် မနောဓာတ်ကို ခွဲခြား၍ အနုရုဒ္ဓါဆရာ ပြခြင်းဖြစ်ပါသည်။

† ဓာတုဘေဒံ ပတ္ဝာ ဓာတုနာနတ္တံ ပမာဏန္တိ မနနံ ဝိဇာန နတော ဝိသုံ ကတ္ဝာ မနောဓာတု ဝိသုံ ဝုတ္တာ။

(ပရမတ္ထဒီပနီ ဝိထိပိုင်းအစ)

ဝတ္ထုသင်္ဂဟ အဖြေ ပြီး၏။

ပကိဏ်းပိုင်း-ပကိဏ္ဏက

●

''ဝေဒနာသင်္ဂဟ-ဝေဒနာနှင့်ယှဉ်သော စေတသိက်'' ဂဟိတဂ္ဂဟဏနည်း

* ဝေကြဉ်သဗ္ဗ, ဆသန်ျကား, သုခ-ဒုက္ခာ, ယှက်ခဲ့ရာ၏၊ ဝေဒနာဝိစိက်, ဒေါ-ဣသ်-မစ်-ကုစ်, ပယ်ဖြုတ်ဆစတ်, သောမနည်သာ၊ တဖြာမှတ်ဘို, လော-ကြို-ဝိ, ပီ-ဝေဒနာ, ကြဉ်ပါအည, အကုမှလျှင်, ဧက်ဝိတွင်ကား, ယှဉ်ငြား၊ ဒေါမန၊ တဝမှတ်ပါ, ဝေမှာပီနှော, ဒေါစတုက္ကာ, ပယ်ခွာရွေး ကောက်, ၄၆-မှာ, ဥပေက္ခာမှန်, ယှဉ်ခဲ့ပြန်သည်။ ။ ကေန်မှတ်လေ-မခဲတည်း။ (သစ်)

အဂ္ဂဟိတဂ္ဂဟဏနည်း

●

* ဒေါစတုက်-ပီတို, ဝိစိကိစ္ဆစ်, တစ်ဖြစ်ခြောက်ဖြာ၊ နှစ်မှာ သောဘဏံ, လောဒိဋ္ဌ-မာန်ပြ, ဌာဝီရ၏။ ကြဉ်ထပီတို, ပကိဏ်းရှိနှင့်, ထိ-မိ-သာ-ဓာ, ၁၁-ဖြာတို့, သုံးသာဖြစ်ကြ ပဥ္ဇဝေဒနာ, ၆-ခုမှာကား, ဝေသာကြဉ်ထ, ကျန်သဗ္ဗ တည့်၊ မ-တခုမှာ, ဝေဒနာလှုံ, ဒွိပဉ်စုံသည်။ ။တဖုံမှတ် လေ-မလွှဲတည်း။ (သစ်)

''ဟေတုသင်္ဂဟ-ဟိတ်နှင့်ယှဉ်သော စေတသိက်'' ဂဟိတဂ္ဂဟဏနည်း

●

* မောဟမူဝယ်, ယှဉ်တွယ်မောဟ, ဆန္ဒပယ်ရိပ်, အဟိတ်၌ ယှဉ်၊ အညာဒွါဒ, တေရသမှာ, အဟိတ်သာတည်း၊ ပယ်ခွာ မောဟ, မောမူမှပေ, ယှဉ်လေပန္ဒရ, လောဘ-ဒေါသာ, စိတ်မှာယှဉ်ငြား, ဟိတ်သုံးပါးနှင့်, ဥာဏ်ကား မယှဉ်,

စိတ်တွင်နှံစ်ဝ, ဝီသပေါင်းလစ်, တဟိတ်ဖြစ်၏၊ မှတ်လစ်လောဘာ, စိတ်မှာယှဉ်ကြ, ကြွင်းဝီသနှင့်, ဥာဏဝိပ္ပာ, ယှဉ်လာဗာဝီ, ကြွင်းပြီးသောဘဏ, တဝမှတ်ရာ, တိဟိတ်မှာယှဉ်, ဟိတ်လျှင်သုံးပုဒ်, ဣသ်-မစ်-ကုစ်ပါ, ပေါင်းခါဌစတ်, ဒွိဟိတ်မှတ်၍၊ တရပ်ဟိတ်မှ, ကြွင်းကျန်ကြသည့်, ဥာဏသမ္ပယုတ်, မယုတ်ယှဉ်ငြား, ၃၅-သည်။ ။မမှားမှတ်လေ-တိဟိတ်တည်း။ (သစ်)

အဂ္ဂဟိတဂ္ဂဟဏနည်း

●

* လော-ဒေါ-ကိစ္ဆာ, တဟိတ်သာဟုတ်၊ ဣသ်-မစ်-ကုစ်-မော, ဒိဋ္ဌ-မာနောနှင့်, အလော-အဒေါ, အမောဇ-ဖြာ, ဒွိဟိတ်သာမည်၊ အဟီ-အနုတ်, ဥဒ္ဒစ္စမှန်, ထိ, မိဒ္ဓံနှင့်, ဟိတ်ကျန်သောဘဏ, ဒွါဝီသမှာ, သုံးဖြာဟိတ်ရှိ၊ ပီတိ-ငါးဝ၊ ဆ-ကားဒွါဒင်, အညပီ-ခွာ၊ ဒွေးပညာသည်။ ။သေချာစေ့ပြီ-ဟိတ်ခဏ်းတည်း။ (သစ်)

"ကိစ္စသင်္ဂဟ-ကိစ္စနှင့်ယှဉ်သော စေတသိက်" ဂဟိတဂ္ဂဟဏနည်း

●

ဤ ကိစ္စသင်္ဂဟ-၌ ဂဟိတဂ္ဂဟဏ နည်းဖြင့် စေတသိက်ကိုရေတွက်နည်းမှာ-ပဋိသန္ဓေ, ဘဝင် ကိစ္စနှင့်ယှဉ် ပဉ္စတိံသ၊ အာဝဇ္ဇန်းကိစ္စနှင့်ယှဉ် ဧကာဒသ၊ ဒဿန စသည်နှင့်ယှဉ် သတ္တ-စသည်ဖြင့် မခဲ့လှ၍ မပြတော့ပြီ။

အဂ္ဂဟိတဂ္ဂဟဏနည်းကား

●

* အကုစုဒ္ဒ, ဝိရတိတ္တယာ, တကိစ္စာတည့်၊ အပ္ပပညာ, လေးကိစ္စာပ၊ ကြွင်းလာ-သောဘဏ, ဆန္ဒဧက်ဝီ, ဂါးကိစ်စီ၏၊

ခြောက်လီ-ပီတိ၊ ဝီရိသတ္တာ၊ တက်-စာ-ဓိ-ကိုး၊ ၁၄-မျိုး ရ, သဗ္ဗခုနစ်, ဒွိပဉ်ဖြစ်သည်။ ။ပေါင်းလစ်မှတ်လေ- အမြဲ တည်း။ (သစ်) (ကိစ္စသရုပ်ကို ကြံပါ)

"ဒွါရသင်္ဂဟ-ဒွါရဉ်ဖြစ်သော စေတသိက်" ဂဟိတဂ္ဂဟဏနည်း

●

* ပဉ္စတိံကား, ဝိမုတ်ထားလော၊ အများစေမှာ, ဒွိပညာ သည်။ ။ခြောက်ဖြာဒွါရ-ဖြစ်သတည်း။ (သစ်)

{ဒွါရဝိမုတ် ၉-ပါးမှာယှဉ်ခိုက် စေတသိက် ပဉ္စတိံသကား- ဒွါရဝိမုတ်စေတသိက်များ ဖြစ်သည်။ ကျန်စေတသိက် ၅၂-ပါး ကား-ဒွါရ၆-ပါးမှာဖြစ်နိုင်သည်ချည်းတည်း။ အဂ္ဂဟိတဂ္ဂဟဏ နည်းဖြင့် အထူး စီစစ်ဘို့ မလိုတော့ပြီ။ ဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကား-ဝီရတီ, အပ္ပမညာတို့မှာ မနောဒွါရဉ်သာ ဖြစ်၍၊ ကျန် စေတသိက် ၄၇-ပါးကား - ၆-ဒွါရလုံးမှာ ဖြစ်သည်ဟု စီစစ်တော်မူသေး၏။ နောက်ဆရာများကား - အပ္ပမညာဒွေး သည် မနောဒွါရမှာသာ ဖြစ်သည်ဟု ယူလိုရိပ် ရှိကြ၏။ စက္ခု ဒွါရပါ မိဿက, မနောဒွါရ, ကာမဇောတို့ဉ်လည်း အပ္ပမညာ ယှဉ်လျက်ပင်ရှိသည်ကို သတိပြုဘို့ပင်။}

"အာရမ္မဏသင်္ဂဟ-အာရုံပြုသော စေတသိက်" အဂ္ဂဟိတဂ္ဂဟဏနည်း

●

* စေအများထု, ဒွိပဉ်စုတွင်၊ အကုသလာ, လောကီသာပင်း ထိုတွင်ဇုဿာ, ဗဟိဒ္ဓါမှတ်၊ အဇ္ဈတ်မစ္ဆေ, ပြုကြပေ၏၊ သုံးထွေလောကို, ဝိရတိမူ၊ တိက္ကမိတ၊ ဝတ္ထုကနှင့်, ကာမ နာမ်ရုပ်, ပစ္စုပ်, နာဂတ်, အမှန်ကပ်၏၊ တရပ်လောကုတ်, သဘောထုတ်က, ဝိမုတ်ခေမ, အပ္ပမာဏသာ, ပြုကြရာ၏၊

အပ္ပမညာမူ, ကာလာပညတ်, ဝိမုတ်မှတ်လော၊ ကြွင်းရပ်မှန်လှ, တေတ္တိံသကား, သဗ္ဗအာရုံ, အလုံးစုံကို။ ။အကုန်ပြုလေ-မကြွင်းတည်း။ (သစ်)

{ဤအာရမ္မဏသင်္ဂဟ်၌လည်း ဂဟိတဂ္ဂဟဏနည်းဖြင့်အာရုံ ၆-ပါးကို အာရုံမပြုနိုင်သော စေတသိက်ဟူ၍ မရှိပြီ၊ အပ္ပမညာသည် ပဉ္ဇာရုံကို အာရုံမပြုဟု ဆိုကြသေး၏။}

"ဝတ္ထုသင်္ဂဟ-ဝတ္ထုဒ္ဒမှိသော စေတသိက်"

ဂဟိတဂ္ဂဟဏနည်း

●

* ပဉ္ဇဝတ္ထု, မှိမှုသဗ္ဗ, ခုနစ်ဝတည်း၊ ဟဒယမှာ, ဒွိပညာသည်။ ။သေချာမှိ၏-အကုန်တည်း။ (သစ်)

အဂ္ဂဟိတဂ္ဂဟဏနည်း

●

* သဗ္ဗစိတ္တ, ခုနစ်ဝကား, ကာမမှိဆ၊ ရူပသုံးဆူ၊ အရူမရှိ၊ ဒေါ-ဣ-မစ်-ကု, မှိမှုမြဲစွ, ဟဒယမှန်၊ ကြွင်းကျန် လေးတစ်, (၄၁) မှိလစ်ဟမှာ, ရုံတခါသည်။။ပေါင်းပါဒွိပင်စုံ၏တည်း။ (သစ်)

{အရူပဘုံမှာ အပ္ပမညာ မရသင့်သဖြင့် ဟဒယဝတ္ထုအမြဲမှိ, ၆-ပါးဟုလည်း ဆိုကြသေး၏။}

ကေန် အာရုံပြု

●

* တေဝိကာမ, ဝိပါကနှင့်, ပဉ္ဇဝဇ္ဇန်း, တခန်းဟသီ, ပဉ္ဇဝိမှာ, ကာမသာတည်း၊ ဝိညာနေဝ, ဆစိတ္တကား, အဇ္ဈမဟဂ္ဂုတ်, အတိတ်ထုတ်လော၊ လောကုတ်အဌ, နိဗ္ဗာနနှင့်၊

နှစ်ဝပေါင်းက, စုဒ္ဒသမှာ, နာမအမှန်၊ ဝိညာဏ်ဒသတ်-မနောဓာတ်စု, ၁၃-ခုမှာ, ပစ္စု-ရုပေ၊ တထွေထိုမှ, ရုပ-အာကာ, အာကိဉ္ဇာနှင့်, အဌာလောကုတ်, ဝိမုတ်ပြုရိုး၊ ၂၉-နှင့်၊ ဟမျိုးမှတ်ရ, ရုပအာကာ, အာကိဉ္ဇာနှင့်, ၂၀-မှာ တစ်, ပညတ်ဖြစ်၏၊ တဆစ်မှတ်ကြ, တေဝီသမှာ, ဝိပါက်ကာနှင့်, ပဉ္ဇာဒွါရ, ဟသိတဟုတ်, လောကုတ္တရာ, ဝိညာနေဝ, ကျေနစတ်, ပရမတ်ကိုသာ၊ တဖြာတဝ, ရုပ-အာကာ, ကုတ္တရာမှီ, ဤဆဗ္ဗီကား, စွဲမှီဗဟိဒ္ဓ၊ ငါးဝအာရုံ, ငါးစုံဝိညာဉ်, ပြုမြဲပင်တည်း၊ တသွင်ထိုမှ, ရုပရုပါ, ကုတ္တရာနှင့်, ပဉ္ဇာတိံသ, ဓမ္မအာရုံ, ပြုမြဲတုံပေ၊ ဆယ်ထွေဝိညာ, ခြောက်ဖြာကာ-ကိန်, ဝိညာနေဝ, ပုညဝိပါက်, လေးချက်တဝ, အဌကုတ္တရာ, အဌာဝီသ, ပြုကြတပါး၊ နှစ်ပါးပြုရာ, ဝိညာနေဝ, ကြိယ ၂-ခု၊ ငါးပြုသုံးရပ်, မနောဓာတ်ပင်၊ ပဉ္ဇမချာန်ရုပ, ဤသုံးဝကား, ၁၂-ဝလှုံ၊ တဖုံရုပ, ဒု-တ-စ-မှာ, ဤ ၉-ဖြာမှု, ၁၄-ယူ၏၊ တမူမှတ်သား, ၂၅-ကို, သုံးပါးပဌမ, ချာန်ရုပသည်။ ။ပြုကြကေန်-အမြဲတည်း။ (သစ်)

အနေကန် အာရုံပြု

●

* အမြဲမှပြန်, အနေကန်ကို, ဝေ့ဖန်ခါပ, အကျဉ်းပြအုံ၊ ကာမမဟဂ္ဂုတ်, ဝိမုတ်-ပညတ်, ပရမတ်ဟု, ငါးရပ်တို့မှာ, ပယ်ခွာဟာသော, ကာဇောဘိညာ, ဝုဋ္ဌောသာဟု, သေချာပေါင်းလစ်, ၃၁-စီ၊ ပစ္စုပ်-တီတ, နာဂတနှင့်, ဓမ္မရုပ်-နာမ်, ဤခြောက်တန်မှာ, အမှန်တဒါ, ဇောကာမနှင့်, ဘိညာဝုဋ္ဌော, ပေါင်းရောစုရုံး, ၄၃-စီ၊ တလီအဇ္ဇ, ဗဟိဒ္ဓနှင့်, အဇ္ဇဗဟိဒ္ဓါ, ဤသုံးဖြာမှာ, သိညာနှစ်ဝ, ကာမစိတ်နှောက်, ၅၆-မှန်၊ နန်းနီဗ္ဗာန်မှာ, ပုညံမဟာ, ကြိယာ

မှ,ဥာဏသမ္ပယော,ဝဋ္ဋေဘိညာ,ဒေ-ဖြာတည့်၊သန်္ဃာပဒ္ဓ, ရုံဓမ္မကို,နာမ-နေကန်,အခြေခံဝယ်,ဝေလျှံရောစပ်, မနောဓာတ်ပါ,ဆစတွာတို့,တခါရုံမျှ,ပြုကြကုန်သည်။ ။ ရှဆနေကန်-မလွဲတည်း။ (သစ်)

{ဤလက်ဝများကို ရသူတို့ကား-သရုပ်အတွက် စိတ်မပျက် ရတော့ပြီ။ သရုပ်ကောက်လွယ်အောင် ဖော်ပြထားသည်။

စိတ်တခုယုတ်ကိုးဆယ်ကို-ဝေဒနာ-ဟိတ်-ကိန္နာ-ဒွါရ-အာရုံ-ဝတ္ထု၊ ၆-သင်္ဂဟတို့ဖြင့်

ဝေဖန်ပုံ

- လောဘမူစိတ်သည်.... သောမနဿ, ဥပေက္ခာ ဝေဒနာ ၂-ပါးနှင့်ယှဉ်ကုန်၏။လောဘ,မောဟ,ဟိတ် ၂-ပါးရှိကုန်၏။ ဇောကိစ္စတပ်ကုန်၏။ ခြောက်ဒွါရ၌ ဖြစ်ကုန်၏။လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုကုန်၏။ ဟဒယဝတ္ထုကို ရုံခါမှီ၍ ရုံခါမမှီကုန်။
- ဒေါသမူစိတ်သည်....ဒေါမနဿ ဝေဒနာနှင့် ယှဉ်ကုန်၏။ ဒေါသ,မောဟဟိတ် ၂-ပါးရှိကုန်၏။ ဇောကိစ္စ တပ်ကုန်၏။ ခြောက်ဒွါရ၌ ဖြစ်ကုန်၏။လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုကုန်၏၊ ဟဒယဝတ္ထုကို အမြဲမှီကုန်၏။
- မောဟမူစိတ်သည်.... ဥပေက္ခာ ဝေဒနာနှင့် ယှဉ်ကုန်၏။ မောဟဟိတ် တပါးရှိကုန်၏။ ဇောကိစ္စ တပ်ကုန်၏။ ခြောက်ဒွါရ၌ ဖြစ်ကုန်၏။ လောကုတ္တရာကြဉ် အလုံးစုံကို အာရုံပြုကုန်၏။ ဟဒယဝတ္ထုကို ရုံခါမှီ၍ ရုံခါမမှီကုန်။

{ဤသို့ စသည်ဖြင့် ကျန်စိတ်များကိုလည်း ဝေဖန်ပါ။ မခဲတော့ပြီ။}

ပကိဏ်းပိုင်း-ပကိဏ္ဏက ပြီး၏။

ပကိဏ်းပိုင်း အဝြဖြ ပြီးပြီ။

ဒီထိပိုင်း

ဆ ဆက္က အဖြေ

●

● အဘယ်ကို ဒိထိခေါ်ပါသနည်း၊ ၎င်း၏အရကိုလည်း ဖော်ပြပါ။

၇၁၄-ဖြေ။ ။"ဒွါရပ္ပဝတ္ထာ စိတ္တပ္ပဝတ္တိယော"ဟူသော သင်္ဂဟနှင့်အညီ ဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏အစီအစဉ် (ဖြစ်စဉ်) ကို 'ဒိထိ' ဟု ခေါ်ပါသည်။

● အဘယ်မျှသော အပြားတို့ဖြင့် မှတ်အပ်သော ဝိထိ သင်္ဂဟကို ပဝတ္တိသင်္ဂဟ-ဟု ဆိုပါသနည်း။

၇၁၅-ဖြေ။ ။ကာမ, ရူပ, အရူပ-ဟုဆိုအပ်သော ဘုံအပြားဖြင့်၎င်း, ဒွိဟိတ်စသော ပဋိသန္ဓေအပြားအားဖြင့်၎င်း, ဤစိတ်သည် ဤမျှသောစိတ်တို့မှ နောက်၌ဖြစ်၏။ ဤစိတ်၏အခြားမဲ့ ရှေ့၌ ဤမျှသော စိတ်တို့သည် ဖြစ်ကုန်၏။ ဤသို့ ရှေ့စိတ်, နောက်စိတ် တို့ဖြင့်၎င်း မှတ်အပ်သော ((အာဝဇ္ဇန်း စသည်ကား - ရှေ့စိတ်, စက္ခုဝိညာဏ် စ သည်ကား - နောက်စိတ်တည်း။)) ဝိထိသင်္ဂဟကို ပဝတ္တိ သင်္ဂဟ-ဟု ဆိုပါသည်။ (၌)

{ပဋိသန္ဓေ ပဝတ္တိအခါတို့၌ အထက်ပါ အခြင်းအရာတို့ဖြင့် စိတ်တို့၏ ဖြစ်ခြင်းကို အကဲဉီးချုံး၍ ပြသောကြောင့် ပဝတ္တိသင်္ဂဟ မည်သည် ဟူလို။ ဘုံအပြားမှာ လောကုတ္တရာဘုံ မပါ။ ပဋိသန္ဓေ အပြားကား - ဒွိဟိတ်, တိဟိတ်, အဟိတ်, ပဋိသန္ဓေဉာဏ်, အရိယာတို့ တည်း။}

● ဝတ္ထု, ဒွါရ, အာရမ္မဏ သင်္ဂဟတို့ကို အောက် ပကိဏ်းဝိုင်း၌ ဆိုပြီးဖြစ်လျက်၊ ဤပဝတ္တိသင်္ဂဟမည်သော ဝိထိသင်္ဂဟ၌ ၎င်းတို့ကို အဘယ့်ကြောင့် ထပ်၍ အနုရုဒ္ဓါဆရာ ဆိုပြန် ပါသနည်း။

၇၁၆-ဖြေ။ ။ဝတ္ထု, ဒွါရ, အာရမ္မဏ သင်္ဂဟတို့ကို အောက်ပကိဏ်းဝိုင်း၌ ဆိုပြီးဖြစ်သော်လည်း ခြောက်ပါးသော ဆက္ကတို့ ပြည့်စုံစွာနှင့်

ပဝတ္တိ သင်္ဂဟကို ပြခြင်းငှာ (ပြလိုသောကြောင့်) ဤဒွါလည်း ထပ်၍ တဖန် အနုရုဒ္ဓါဆရာ ဆိုပြန်ပါသည်။

† ဝတ္ထုဒွေါရာ ရုမ္မဏာသင်္ဂဟာ ဟေဌာ ကထိတာဝိ ပရိပုဏ္ဏံ ကာတ္ဌ ပဝတ္တိသင်္ဂဟံ ဒသေတုံ ပုန နိက္ခိတ္တာ။ (၌)

● ဝိသယပွဝတ္တိပုဒ်ကို ရသင့်သမျှ ဝစနတ္ထပြု၍ ဝိသယပွဝတ္တိ မည်ပုံကိုလည်း ရှင်းလင်းခဲ့ပါ။

၇၁၇-ဖြေ။ ။"ဝိသယာနံ ဒွါရေသု ပဝတ္တိ ဝိသယပွဝတ္တိ၊ ဝိသယေသုစ စိတ္တာနံ ပဝတ္တိ ဝိသယပွဝတ္တိ" (ဝစနတ္ထ) အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်း၊ အာရုံတို့၌ စိတ်တို့၏ဖြစ်ခြင်း သဘောကိုပင် ဝိသယပွဝတ္တိ ခေါ်သည်။

{အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်း ဆိုသည်ကား - ဒွါရ တို့၌ ထင်ခြင်းသို့ ရောက်ခြင်းကိုပင်ဆိုသည်။ဝိသယပွဝတ္တိအရကား- အတိမဟန္တာ စသော အာရုံများကိုပင်ရ၏။ ပဉ္စဒွါရ၊ မနောဒွါရ-ဟုအနုရုဒ္ဓါဆရာဆိုသောကြောင့်ရှေဝစနတ္ထကိုအနုရုဒ္ဓါဆရာ နှစ်သက်သည်ဟု သိအပ်၏။ရှေကား-ဝိထိဒ်တွင် ဝိသယပွဝတ္တိပြ၊နောက်ကားဝိထိမုတ္တဝိသယပွဝတ္တိပြဟူ၍ယူနိုင်သည်။}

† ဝိသယာနံ ဒွါရေသု ဝိသယေသုစ စိတ္တာနံ ပဝတ္တိ ဝိသယပွဝတ္တိ။ (၌)

● ဝိသယပွဝတ္တိအပြားကို ရနိုင်သမျှရောက်၍ ဝိထိစိတ္တဝိသယပွဝတ္တိ,ဝိထိမုတ္တ ဝိသယပွဝတ္တိ, ဒွါရိကဝိသယပွဝတ္တိ, ဒွါရပိမုတ္တ ဝိသယပွဝတ္တိ,ပဉ္စဒွါရ ဝိသယပွဝတ္တိ, မနောဒွါရ ဝိသယပွဝတ္တိများကိုလည်း အသီးသီး ခွဲပြပါ။

၇၁၈-ဖြေ။ ။အတိမဟန္တာ, မဟန္တာ, ပရိတ္တ, အတိပရိတ္တာ, ဝိဘူတ, အဝိဘူတ, ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အားဖြင့် ဝိသယပွဝတ္တိ ၉-မျိုးရှိပါသည်။ထိုတွင်ရှေ ၆-မျိုးသည် ဝိထိစိတ္တာ,ဒွါရိက,ဝိသယပွဝတ္တိဖြစ်၍၊ နောက် ၃-မျိုးသည် ဝိထိမုတ္တာ,ဒွါရဝိမုတ္တာ, ဝိသယပွဝတ္တိ-ဖြစ်ပါသည်။

အတိမဟန္တ, မဟန္တ, ပရိတ္တ, အတိပရိတ္တတို့ကား-ပဉ္စဒ္ဓါရဝိသယပွဝတ္တိ ဖြစ်၍၊ ဝိဘူတ, အဝိဘူတတို့ကား-မနောဒ္ဓါရဝိသပွယဝတ္တိဖြစ်ပါသည်။
(သင်္ဂဟ)

● အဘယ့်ကြောင့် ပဉ္စဒ္ဓါရ၌ ဝိသယပွဝတ္တိ ၄-မျိုး၊ မနောဒ္ဓါရ၌ ဝိသယပွဝတ္တိ ၂-မျိုး ပြားရပါသနည်း။

၇၁၉-ဖြေ။ ။ပဉ္စဒ္ဓါရ၌စိတ်ဖြစ်ပုံအလှည့်အကြိမ်သည် တဒါရမ္မဏ, ဇဝန, ဝေါဋ္ဌပ္ပန, မောဃဝါရ-ဟု ၄-မျိုးရှိ၍ ၄-မျိုး ပြားရပါသည်။ မနောဒ္ဓါရ၌ကား-တဒါရမ္မဏ, ဇဝနဝါရ ဟု ၂-မျိုးသာရှိ၍၊ ဝိဘူတ, အဝိဘူတ-ဟု ၂-မျိုးသာ ပြားရပါသည်။

● အဘယ့်ကြောင့် ဝိထိ-မည်ပါသနည်း၊ ၎င်း၏သဘောကိုလည်း ရှင်းလင်းဖော်ပြပါ။

၇၂၀-ဖြေ။ ။ခရီးလမ်းအစဉ်ကဲ့သို့ စိတ်တို့၏အစဉ်မပြတ် အဆက်ဆက် ဖြစ်ဟတ်သောကြောင့် ဝိထိ-မည်ပါသည်။ "ဝိယန္တိ ဂစ္ဆန္တိ ဧတ္ထောတိ ဝိထိ" (ခရီးလမ်းရ) "ဝိထိ ဝိယာတိ ဝိထိ" (စိတ်အစဉ်ရ) ဟူသော ဝစနတ္ထနှင့်အညီ ခရီးလမ်းသည် တရွာပြီးတရွာဆက်၍ရွာစဉ်ကို မကျော်လွန်ဘဲသွားသကဲ့သို့ စိတ်တို့သည်လည်း ခုန်ကျော်၍မဖြစ်ဘဲ ပဉ္စဒ္ဓါရာဝဇ္ဇန်းပြီး စက္ခုဝိညာဏ်, စက္ခုဝိညာဏ်ပြီး သမ္ပဋိစ္ဆိုင်း, သမ္ပဋိစ္ဆိုင်းပြီး သန္တီရဏာ ဤသို့စသည်ဖြင့် အစဉ်အတိုင်း အဆက်ဆက် ဖြစ်သွားခြင်းသဘောကိုပင် ဝိထိ-ဟု ဆိုပါသည်။

● ပဋိသန္ဓေ, ဘဝင်, ဒုတိစိတ် ၁၉-ခုတို့သည် အဆက်ဆက်အစဉ်အားဖြင့် ဖြစ်ခြင်း ရှိပါလျက် ၎င်းတို့ကို ဝိထိစိတ် မခေါ်ဘဲ အဘယ့်ကြောင့် ဝိထိမုတ်စိတ်-ဟု ခေါ်ပါသနည်း။

၇၂၁-ဖြေ။ ။ထိုစိတ်တို့သည် အဆက်ဆက် အစဉ်အားဖြင့်ဖြစ်ခြင်း ရှိသော်လည်း ဒွါရ၌ မဖြစ်၍ စက္ခု ဒွါရ ဝိထိ စသည်ဖြင့် မခေါ်နိုင်သောကြောင့် ဝိထိမုတ်စိတ်ဟုသာ ခေါ်ရပါသည်။

● အဘယ်သဘောကို စက္ခုဒ္ဓါရဝီထိ, စက္ခုဝိညာဏဝီထိ-ဟု ဆိုပါသနည်း၊ ၎င်းတို့၏အဓိပ္ပာယ်ကိုလည်း ရေးခဲ့ပါ။

၇၂၂-ဖြေ။ ။"စက္ခုဒ္ဒါရေ ပဝတ္တာ ဝိထိ စက္ခုဒ္ဒါရဝိထိ" ဟူသော ဝစနတ္ထနှင့်အညီ စက္ခုဒ္ဒါရ၌ဖြစ်သောစိတ်တို့၏ အဆက်ဆက်ကို၊ ဝါ-စက္ခုဒ္ဒါရ၌ဖြစ်သော စိတ်တို့၏အစဉ်အတိုင်း ဆက်ခါဆက်ခါ ဖြစ်သွားခြင်းသဘောကို စက္ခုဒ္ဒါရဝိထိ-ဟု ဆိုပါသည်။ "စက္ခုဝိညာဏသမ္ပယုတ္တံ ဝိထိ စက္ခုဝိညာဏဝိထိ" ဟူသော ဝစနတ္ထနှင့်အညီ စက္ခုဝိညာဏ်နှင့် တူသောအာရုံ, တူသောဒွါရဘိုး၌ စက္ခုဝိညာဏ်နှင့် အတူတကွစပ်၍ ဖြစ်ကြသော စိတ်တို့၏ အစဉ်အတိုင်း ဆက်ခါဆက်ခါ ဖြစ်သွားခြင်းသဘောကို စက္ခုဝိညာဏဝိထိ-ဟု ဆိုပါသည်၊ (သောတဒွါရ,သောတဝိညာဏ်စသော ဝိထိဘို့မှာလည်း ဤနည်းအတူ သိပါလေ။) (ဋီ)

{စိတ်ပိုင်းလာ စက္ခုဝိညာဏကို "စက္ခုသို့နိဿိတံဝိညာဏံ စက္ခုဝိညာဏံ" လုပ်၍စက္ခုဝိညာဏ်ခွေးကိုအရကောက်သည်၊ ဤဝိထိပိုင်းလာ စက္ခုဝိညာဏကို "စက္ခုဒ္ဒါရေ ပဝတ္တံ ဝိညာဏံ စက္ခုဝိညာဏံ" လုပ်၍ စက္ခုဒ္ဒါရ၌ဖြစ်သော ဒီဃ ၄၉-ပါးကိုလည်း အရကောက်နိုင်သည်။}

● မနောဝိညာဏဝိထိကို အဓိပ္ပာယ် ဖွင့်ပြပါ။

၇၂၃-ဖြေ။ ။"မနောဝိညာဏသမ္ပယုတ္တံ ဝိထိ မနောဝိညာဏဝီထိ" ဟူသော ဝစနတ္ထနှင့်အညီ မနောဝိညာဏ်နှင့်တူသောအာရုံ, တူသောဒွါရ၌ ဆက်စပ်၍ ဖြစ်ကြသော စိတ်တို့၏ အဆက်ဆက်သည် မနောဝိညာဏဝိထိ-မည်ပါသည်။ (ဋီ)

သုဒ္ဓေါပန မနောဝိညာဏပဋိဗန္ဓောမနောဝိညာဏဝိထိ-သက်သက်သော မနောဝိညာဏ်အစဉ်သည် မနောဝိညာဏဝိထိ-မည်ပါသည်။ (ပရမတ္ထဒီပနီ)

မနောဝိညာဏသည် မနောဒွါရေ ပဝတ္တ စိတ္တသည် ဝိထိပဋိဗန္ဓော မနောဝိညာဏဝိထိ-မနောဒွါရ၌ ဖြစ်သောစိတ်တို့၏ အဆက်အဆက်သည် မနောဝိညာဏဝိထိ-မည်ပါသည်။ (အင်္ဂါရ)

{ဤအလို မနောဒွါရဝိထိနှင့် မနောဝိညာဏဝိထိ ၂-ခု အမည်မထူးသလိုဖြစ်၏။}

● အဘယ့်ကြောင့် အတိမဟန္တာရုံ စသည် ခေါ်ပါသနည်း အသိုးသိုး အဓိပ္ပာယ်ကို ဖော်ပြပါ။

၇၂၄-ဖြေ။ ။အာရုံထင်ခြင်းသို့ရောက်သည်မှစ၍ အလွန်များသော ဒိထိစိတ္တုပ္ပါဒ်အသက်ကြွင်းရှိသောကြောင့် ထိုအာရုံကိုအတိမဟန္တာရုံ ခေါ်ပါသည်။ အာရုံထင်ခြင်းသို့ ရောက်သည်မှစ၍ များသော ဒိထိစိတ္တုပ္ပါဒ် အသက်ကြွင်းရှိသောကြောင့် ထိုအာရုံကို မဟန္တာရုံ ခေါ်ပါသည်။ အာရုံထင်ခြင်းသို့ ရောက်သည်မှစ၍ နည်းသော ဒိထိစိတ္တုပ္ပါဒ် အသက်ကြွင်း ရှိသောကြောင့် ထိုအာရုံကို ပရိတ္တာရုံ- ခေါ်ပါသည်။ အာရုံထင်ခြင်းသို့ ရောက်သည်မှစ၍ ဒိထိစိတ် ဖြစ်ခွင့်မရ၊ နီးကပ်သော ချုပ်ခြင်းရှိသောကြောင့် ထိုအာရုံကို အတိပရိတ္တာရုံ-ခေါ်ပါသည်။ ။ ထင်ရှား ပေါ်လွင်သော အာရုံသည် ဝိဘူတ,-မထင်ရှား မပေါ်လွင်သော အာရုံသည် အဝိဘူတ-မည်ပါသည်။

{တဒါရုံ အဆုံးရှိသော အတိမဟန္တာရုံဝိထိကို တဒါရုမ္မဏဝါရ၊ ဧော အဆုံးရှိသော မဟန္တာရုံဝိထိကို ဧဝနဝါရ၊ ဝုဋ္ဌော အဆုံးရှိသော ပရိတ္တာရုံဝိထိကို ဝေါဋ္ဌပ္ပနဝါရ၊ ဒိထိစိတ် ဖြစ်ခွင့်မရှိ၊ ဘဝင်္ဂစလနမျှသာဖြစ်သော အတိပရိတ္တာရုံဝိထိကို မောဃဝါရ-ဟုအသိုးသိုးမှတ်ပါ။ပရမတ္ထဒီပနီဆရာကား-အာလောကစသော အကြောင်းပြည့်စုံမှု, မပြည့်စုံမှု, ဝတ္ထုကြီးမှု, သေးမှုစသည်အစွမ်းဖြင့် အတိမဟန္တ စသည်မည်ကြောင်းကို မိန့်ဆို၏။ မဟန္တကို ဗဟုလဝါစကမှတပါး, ဒီဃဝါစက ကြီကလည်း သင့်စရာရှိ၏။ အခွို့ ပုထုလ ဝါစကလည်း ကြီကြသေး၏။ သင့်,မသင့်ကိုကား-ထောက်ချင့်၍ ယူပါကုန်။}

† ဝိဘူတံ ပါကဋံ အဝိဘူတံ အပါကဋံ။ (ဋီ)

● အဘယ်သဘောသည် ဥပါဒ်, ဋ္ဌိ, ဘင်-မည်ပါသနည်း။

၇၂၅-ဖြေ။ ။"ဥပ္ပဇ္ဇနံဥပ္ပာဒေါ"ဟူသောဝစနတ္ထနှင့်အညီ ဖြစ်ခြင်း(သဘောကိုရခြင်း)သည် ဥပါဒ်-မည်ပါသည်။ "ဋ္ဌိယတေ ဋ္ဌိတိ"ဟူသောဝစနတ္ထနှင့်အညီ တည်နေခြင်း(ရအပ်သောသဘောမှမဆုတ်နစ်

ခြင်း) သည် ဌီ-မည်ပါသည်။ "ဘဥ္ဇနံ ဘင်္ဂေါ"ဟူသော ဝစနတ္ထနှင့် အညီ ပျက်စီးခြင်း (သဘောလက္ခဏာနှင့်တကွဖြစ်သော ဒြပ်၏ပျက်စီးခြင်း၊ ဝါ-ရအပ်သော သဘောတရား ကွယ်ပျောက်ခြင်း) သည် ဘင်-မည်ပါသည်။ (ဋီ)

{စိတ်၏ ဖြစ်မှုသည် ဥပါဒ်, ဖြစ်ရာကာလသည် ဥပါဒ်ခဏ-ဟု ခွဲ၍ မှတ်၊ ဌီ-ဌီခဏ။ ဘင်-ဘင်ခဏမှာလည်း ထို့အတူ။}

● စိတ္တယမိုက်၌ စိတ်၏ ဌီခဏကို ဘုရား မဟောပါဘဲ လျက် အဘယ့်ကြောင့် အနုရုဒ္ဓါဆရာသည် 'ဥပ္ပာဒဌီတိ ဘင်္ဂဝသေန' ဟူသောစကားကို ဆိုပါသနည်း။

၇၂၆-ဖြေ။ ။စိတ္တယမိုက်၌ ဘုရား မဟောသော်လည်း စိတ်တို့၏ ဌီခဏကို အလိုရှိအပ်သောကြောင့် 'ဥပ္ပာဒဌီတိ ဘင်္ဂဝသေန'ဟူသော စကားကို အနုရုဒ္ဓါဆရာ ဆိုပါသည်။

● ဌီခဏကို အလိုရှိအပ်သော် ထိုဌီခဏ ဟူသည် အဘယ်ပါနည်း ၎င်းကို ညွှန်ပြပါ။

၇၂၇-ဖြေ။ ။ဥပါဒ်ဘင်တို့မှထူးသော ဘင်သို့ ရှေ့ရှသော အခိုက် အတန့်ကလေးသည် ဌီ-မည်ပါသည်။

† ဥပ္ပာဒ ဘင်္ဂါဝတ္ထာ ဟိ ဘိန္နာ ဘင်္ဂါဘိမုခါဝတ္ထာပိ ဇုစ္ဆိတဗ္ဗာ။ သာ ဌီတိနာမ။ (ဋီ)

● ထိုသို့ ဌီခဏကို အလိုရှိအပ်လျက် စိတ္တယမိုက်၌အဘယ့်ကြောင့် ဌီခဏကို မြတ်စွာဘုရား မဟောပါသနည်း။

၇၂၈-ဖြေ။ ။စိတ္တယမိုက် ပါဠိဘော်၌ကား-ဝေနေယျပုဂ္ဂိုလ်တို့၏ အလိုအား မဆန့်ကျင်သောအားဖြင့် ဒိဝပဒဝလဥ္ဇန နည်း၏အစွမ်းဖြင့် ထိုဌီခဏကို သိလောက်ပြီဖြစ်၍၊ နည်းကိုပြသောအားဖြင့် ထို ဌီခဏကို မြတ်စွာဘုရား မဟောခြင်း ဖြစ်ပါသည်။

{ဒိဝပဒ ဝလဥ္ဇနနည်းဆိုသည်ကား-ကျောက်ဖျာပေါ် သား သမင် ဖြတ်သွားရာ၌ တက်ရာ ဆင်းရာတို့၌ ခြေရာကိုမြင်သဖြင့်

ကျောက်ဖျာပေါ် သားသမင်ကောင် ဖြတ်သွားသည်၊ကျောက်ဖျာအလယ်သို့ သားသမင်ကောင် ရောက်သည်ဟု သိရသောနည်းမျိုး ဖြစ်သည်။}

† ပါဠိယံ ပန ဝေနေယျဿ သဃာနုရောဓတော နယဒဿန ဝသေန သာ နု ဝုတ္တာ။ (ဋီ)

● သုတ္တန်ဒေသနာသာလျှင် ဝေနေယျဿသယ ဖြစ်လျက်၊ အဘိဓမ္မာယမိုက် ပါဠိတော်၌ ဝေနေယျဿသယအား မဆန့်ကျင်သောအားဖြင့် ဋီကာကို မြတ်စွာဘုရားမဟောဟူသောစကားသည် အဘယ်သို့ သင့်မြတ်ပါမည်နည်း။

၇၂၉-ဖြေ။ ။သင့်မြတ်ပါသည်၊ အဘိဓမ္မာဒေသနာသည်လည်း တရံတခါ ဝေနေယျတို့၏ အလို အားလျော်စွာ မဆန့်ကျင် သဖြင့် ဖြစ်သောအရာရှိသောကြောင့် ဖြစ်ပါသည်။

{ရုပ်၏ဖြစ်ဆဲတခုကိုပင် ဥပစယ-သန္တတိ-ဟု အမည် ၂-မျိုး တပ်၍ ဟောသကဲ့သို့ ဝေနေယျဿသယအားလျော်စွာ ဟောသော အရာရှိသောကြောင့် သင့်မြတ်သည် ဟူလို။ ဋီကာမရှိဟူသော မူလဋီကာဝါဒကို အထူးမစိစစ်တော့ပြီ။လိုက်ဋီကာမှ ယူပါကုန်။}

† အဘိဓမ္မဒေသနာပိ ဟိ ကဒါစိ ဝေနေယျဿသယာနုရောဓေန ပဝတ္တတိ၊ ယထာရုပဿ ဥပ္ပာဒေါ ဥပစယော သန္တတိတိ ဒ္ဝိဓာ ဘိန္နိတ္ဝာ ဒေသိတော။ (ဋီ)

● သန်တတရားချင်း အတူတူဖြစ်၍ စိတ်သက်,ရုပ်သက်တို့မှာတူမျှသင့်လျက်မတူမျှဘဲ အဘယ့်ကြောင့်စိတ်မှာအသက်တို့၍ရုပ်မှာအသက်ရှည်ရပါသနည်း။

၇၃၀-ဖြေ။ ။အာရုံကိုယူတတ်သောစိတ်သည် စိတ္တက္ခဏတချက်၏အစွမ်းဖြင့် လျင်သောအဖြစ် ပြီးသောကြောင့်၎င်း,အာရုံအဖြစ် ယူအပ်သောရုပ်သည် စိတ္တက္ခဏာ (၁၇) ချက်၏အစွမ်းဖြင့် လေးသောအဖြစ်

ပြီးသောကြောင့်ဌင်း စိတ်မှာ အသက်တို၍ ရုပ်မှာ အသက်ရှည်ရပါသည်။

† အရုပံ လဟုပရိမာဏံ ရုပံ ဂရုပရိမာဏံ၊ ဂါဟက-ဂါဟေတဗ္ဗ ဘာဝဿ တံတံ ခဏဒွသေန နိပ္ပဇ္ဇနတော။ (ဋီ)

{စိတ်သည် အာရုံရခြင်း သဘောမျှသာဖြစ်၍ အသက်တို သည်။ (အာရုံကိုရပြီးက ချုပ်သည်၊ စိတ်ချုပ်က စေတသိက်များလည်း ချုပ်ရသည်။) ရုပ်တို့တွင် မဟာဘုတ်တို့သည် လေးကန်၍ ကြင်းရုပ်များလည်း လေးကန်ပြီး အသက်ရှည်ရသည်ဟု အနုဋီကာ ဆိုသည်။}

● ရုပ် သက်သည်လည်း စိတ်သက်ကဲ့သို့ ခဏငယ်သုံးချက်သာ အသက်ရှိသင့်သည် မဟုတ်ပါလော။

၇၃၁-ဖြေ။ ။ရုပ်သက် ခဏငယ် သုံးချက်ယူက ပစ္စုပ္ပန် ဖြစ်သော ဘဝင်နှင့်အတူတကွဖြစ်၍ အတူတကွချုပ်သွားမည်ဖြစ်၍အတိမဟန္တာရုံ စသည်ဖြင့် အာရုံကို မမှတ်သား နိုင်သောကြောင့် ရုပ်သက်သည် စိတ်သက်ကဲ့သို့ ခဏငယ်သုံးချက် မရှိသင့်ပါ။ (ဇူ)

● တာနိပန သတ္တာရသ စိတ္တာကွဏာနိ ရူပဓမ္မာနုမာယူ - ဟူသော ပါဠိဋ္ဌ ရူပဓမ္မာ-အရ အဘယ်ရုပ်တရားမျိုးကို ယူရမည်နည်း၊ ရုပ်တရား အကုန်လုံးကို ယူရမည်လော။

၇၃၂-ဖြေ။ ။ရုပ်တရားအကုန်လုံးကိုမယူရပါ။ဂိညတ်ဒွေးလက္ခဏာ ရုပ် ၄-ခုကြဉ်သော ၂၂-ပါးသော ရုပ်တရားများကိုသာ ယူရပါမည်။

† ရူပဓမ္မာနန္တိ ဝိညတ္တိလက္ခဏာ ရူပဝဇ္ဇာနံ ရူပဓမ္မာနံ။ (ဋီ)
† တံ သတ္တရသစိတ္တာဘာယု၊ဝိနာ ဝိညတ္တိလက္ခဏံ။ (သစ္စသံခိပ်)

● ဝိညတ်ဒွေး လက္ခဏာရုပ် ၄-ခုတို့ကို အဘယ့်ကြောင့် ကြဉ်ရပါသနည်း{

၇၃၃-ဖြေ။ ။ဝိညတ်ဒွေးသည် စိတ္တာနု ပရိဝတ္တိ တရားမျိုးဖြစ်၍ စိတ္တက္ခဏတချက်,ခဏငယ်၃-ချက်ခန့်သာအသက်ရှည်သည်။လက္ခဏာ

ရုပ် ၄-တို့တွင် ဥပစယ-သန္တတိ-ဟုဆိုအပ်သော ဇာတိရုပ်သည် စိတ်၏ ဥပ္ပာဒက္ခဏမျှလောက် အသက်ရှည်သည်။ ဇရတာသည် စိတ္တက္ခဏ (၄၉) ချက်ခန့် အသက်ရှည်သည်။ (ခဏငယ်ကို ဆိုလိုသည်။) အနိစ္စတာသည် စိတ်၏ ဘင်္ဂက္ခဏမျှလောက်သာ အသက်ရှည်သည် ဖြစ်၍၊ ရုပ်သက် သတ္တရသာယုက ၁၇-ချက် အသက်မပြည့်, မမှီ,မစေ့ သောကြောင့် ၎င်းရုပ်တို့ကို ကြဉ်ရပါသည်။

{လက္ခဏရုပ် ၄-ခုကိုအကုန်ပေါင်းမှ စိတ္တက္ခဏ ၁၇-ချက် ခဏငယ် ၅၁-ချက် အသက်မှီသည်။ ဘခုချင်းကား-အသက် မမှီဟူ၍မှတ်။ ။ရုပ်သက်မှာ ရုပ်ခဏတ္တယအားဖြင့်-၃၊ နာမ်ခဏတ္တယအားဖြင့်-၁၇၊ နာမ်ခဏငယ်အားဖြင့် ၅၁-ရှိသည်။ နာမ်သက်မှာ နာမ်ခဏတ္တယအားဖြင့်-၁၊ နာမ်ခဏငယ် အားဖြင့် ၃-ရှိသည်။ မူလဋီကာ အလိုအားဖြင့် ရုပ်သက် ဥပါဒ်, ဘင်-၂၊နာမ်သက်အားဖြင့်-၁၆၊ နာမ်ခဏငယ်အားဖြင့် ၃၂-သာရှိသည်။ ဆိုတွင် ရုပ်၏ဥပါဒ်နှင့်ဘင်သည် ခဏငယ် ၂-ချက်ခန့်စီရှိ၍ ရုပ်၏ ဌီသည် ခဏငယ် ၂၈-ချက်ခန့်သာ ရှိ၏။}

† ဝိညတ္တိဒွယဉ္စ ကေစိတ္တက္ခဏာယုက် လက္ခဏရူပေသုစ ဇာတိစေဝ အနိစ္စတာစ စိတ္တဿ ဥပ္ပာဒ ဘင်္ဂက္ခဏေဟိ သမာနာယုကာ၊ဇရတာပန ကေူနပညာသ စိတ္တက္ခဏာ ယုကာ။ (ဋီ)

● ဝိညတ်ဒွေး လက္ခဏ ရုပ်တို့ကိုသာ ကြဉ်၍ အာကာသဓာတ် လဟုတာ ဒိတ္တယရုပ် ၄-ခုတို့ကို အဘယ့်ကြောင့် မကြဉ်ပါသနည်း၊ ၎င်းတို့သည် အသဘာဝရုပ်ပင် မဟုတ်ပါသော။

၇၃၄-ဖြေ။ ။အသဘာဝရုပ် ပှန်သော်လည်း သဘာဝရုပ်များ ထင်ရှားရှိနေသရွှေကာလပတ်လုံးရနိုင်,ဖြစ်နိုင်၍၊စိတ္တက္ခဏ ၁၇-ချက် အသက်ရှိသကဲ့သို့ ဖြစ်နိုင်သောကြောင့် ၎င်းတို့ကို မကြဉ်ပါ။

† သတိပိ အသဘာဝ ရူပဘာဝေ ယာဝ သဘာဝ ရူပါနိ ရေန္တိ တာဝ ဥပလဗ္ဘမာနတ္တာ သတ္တရသ စိတ္တက္ခဏာယုကာနိ ဝိယ ဟောန္တိတိ နဝဇ္ဇိတာနိတိ ဒဋ္ဌဗ္ဗာနိ။ (ဇူ)

- ရုပ်သက်သည် စိတ္တက္ခဏ ၁၆-ချက်သာအသက်ရှိသည်။ဖြစ်ဆဲ ဖြစ်သော ရူပါရုံသည် ဘဝင် စလနအား ကျေးဇူးပြုနိုင်ပြီ ဆိုသောဝါဒ သင့်,မသင့် နှိုင်းချင့်၍ ဆုံးဖြတ်ပါ။

၇၃၅-ဖြေ။ ။ပဋိသန္ဓေနှင့်တကွဖြစ်သော ရူပါရုံသည် သတ္တရသမ စိတ်၏ ဘင်မှာချုပ်သည်။ပဋိသန္ဓေစိတ်၏ဌီခဏ၌ဖြစ်သောရူပါရုံသည် အဋ္ဌာရသမစိတ်၏ ဥပါဒ်မှာ ချုပ်သည်ဟု ခန္ဓဝိဘင်း အဋ္ဌကထာမှာ လာသောကြောင့် ထိုဝါဒမသင့်ပါ။ (ထိုဝါဒကား-မူလဋီကာအကြိုက် ပဋိစ္စသမုပ္ပာဒ် အဋ္ဌကထာဝါဒတည်း။) (ဋီ)

- အဋ္ဌကထာ ဆရာတဦးတည်းက ရုပ်သက် ၁၇-ချက် တနည်း၊ ၁၆-ချက် တနည်း ဆိုထားသဖြင့် အချင်းချင်း ဆန့်ကျင်မနေ ပြီလော၊ ရှင်းလင်းခဲ့ပါ။

၇၃၆-ဖြေ။ ။မဆန့်ကျင့်ပါ၊ဘဝင်စလနစိတ်၏ကျေးဇူးပြုဘို သင့် လျော်လျောက်ပတ်သော ဌီခဏ၏အစွမ်းဖြင့်သာ သောဋ္ဌသစိတ္တက္ခဏ နည်းကိုပဋိစ္စသမုပ္ပါဒ်အဋ္ဌကထာ၌ဆိုထားသောကြောင့်မဆန့်ကျင်ပါ။ ရှင်းဦးအုံ-ပဋိစ္စသမုပ္ပာဒ် အဋ္ဌကထာ၌ ဆိုထားသည်ကား-ထင်ခြင်းသို့ ရောက်၍ ပကတူပနိဿယပစ္စည်းဖြစ်နိုင်သောအခါမှစ၍ဆိုထားသည်။ ပကတူပ နိဿယပစ္စည်းမဖြစ်မီ လွန်သွားသော အတီတ ဘဝင်တချက် နှင့် ရေတွက်လျှင် ၁၇-ချက်ပင်ဖြစ်၍ အဋ္ဌကထာ ၂-ခု မဆန့်ကျင် တော့ပါ။

{မူလဋီကာဆရာကား-ပဋိစ္စသမုပ္ပာဒ် အဋ္ဌကထာကို ကိုး၍ ဘဝင်စလနမှာ စဖြစ်သောရူပါရုံသည် ဖြစ်လျှင်ဖြစ်ခြင်းပကတူပ နိဿယပစ္စည်း ဖြစ်နိုင်ပြီဟု ယူဆ၍ အတီတဘဝင်မပါ။ဘဝင် စလနကစ၍ ရေတွက်သဖြင့် ၁၆-ချက်သာ အသက်ရသည်။ သမာနဝါဒ ဆရာများကား-ရုပ်သည် ဖြစ်စမှာ ပစ္စည်းမဖြစ်နိုင် သေး၊ ဌီခဏကျမှ ပစ္စည်းဖြစ်နိုင်သည်။ အနည်းဆုံး စိတ္တက္ခဏ တချက်လွန်ပြီးမှပစ္စည်းဖြစ်နိုင်သည်။ပဋိစ္စသမုပ္ပာဒ်အဋ္ဌကထာ၌ ၁၆-ချက်ဆိုထားသည်ကား-ပစ္စည်းဖြစ်နိုင်သောဘဝင်စလနက

စဆိုထားသည်၊ ပစ္စည်းမဖြစ်နိုင်သော အတီတဘဝင်တချက်ပါ ရေတွက်လျှင် ၁၇-ချက်ပင် ဖြစ်သည်ဟု ယူဆသည်...ခဲရပ် ရှုပ်ထွေးသည် သဘောကျခဲသည်။}

† ယတ္ထ ပန သောဋ္ဌသ စိတ္တက္ခဏာနေဝ ပညာယန္တိ၊တတ္ထ စိတ္တပ္ပ ဝတ္တိယာ ပစ္စယ ဘာဝယော ဂျက္ခဏဝသေန နယော နီတော။ (ဦ)

† ကောဒသ စိတ္တက္ခဏာ အတီဘာ ဟောန္တီတိ ဝစနမ္ပိ အာပါထ ဂတဘာဝေနလဒ္ဓပစ္စယတောပဋ္ဌာယဝုတ္တံ၊ဟေဋ္ဌိမကောဋ္ဌိယာ ဟိ ကေစိတ္တက္ခဏမ္ပိ အတိက္ကန္တသ ရူပသ အပါထ ဂမနံ သာမတ္ထိယံ ဟောတိ၊ တသ္မာ ပစ္စယော အဟုတ္ဝာ အတီတ စိတ္တေန သဟ သတ္တရသ စိတ္တက္ခဏာနိဝေ ရူပမ္မောန မာယူတိ ဒဋ္ဌဗ္ဗံ။ (အဘိမ္မတ္ထသင်္ဂဟဒီပနီ)

● ဝိထိစိတ်ဖြစ်ရာ၌ အတီတဘဝင် ၁-ချက် ၂-ချက်စသည်လွန်ပြီး မှသာလျှင် အာရုံတို့သည် ပသာဒဒွါရမှာ ထင်ခြင်းသို့ ရောက်ကြသည်ဟု ဆိုရာ၊ အဘယ့်ကြောင့် အတီဘဘဝင် ၁-ချက် ၂-ချက်စသည် လွန်ရသနည်း၊ မလွန်ဘဲနှင့် မထင်နိုင်ပြီလော။

၇၃၇-ဖြေ။ ။မထင်နိုင်ပါ၊အယုတ်ဆုံးအားဖြင့် စိတ္တက္ခဏတချက် လွန်ပြီးသောအာရုံသည်သာလျှင် ပသာဒဒွါရမှာ ထင်ခြင်းငှာ စွမ်းနိုင်ပါသည်။

{ဥပ္ပာဒက္ခဏမှာ ပြည့်စုံသော အကြောင်း ပစ္စည်းကို မရ၍ အားနည်းသောကြောင့် ထင်ခြင်းသို့မရောက်နိုင်ဘဲ အနည်းဆုံး စိတ္တက္ခဏ ၁-ချက် လွန်၍ ဌီခဏသို့ ရောက်မှ ပြည့်စုံသော အကြောင်း ပစ္စည်းကိုရ၍ အားရှိသောကြောင့် ထင်ခြင်းသို့ ရောက်နိုင်ပါသည်။ထို့ကြောင့် အတီတဘဝင် ၁-ချက် ၂-ချက် စသည် လွန်ရပါသည်။ မလွန်ဘဲနှင့် မထင်နိုင်ပါ။ ထို့ကြောင့် လည်း သင်္ဂဟ၌ "ဌီတိပ္ပတ္တာနေဝ"ဟု ဆိုထားသည် မဟုတ်

ပါလော၊ ဝေ-ဖြင့် အာရုံသည် ဥပ္ပာဒက္ခဏမှာပင် ထင်ခြင်းသို့ ရောက်နိုင်သည်ဆိုသော မူလဇီကာဝါဒကို ပယ်သည်။

† ဟေဋ္ဌိမကောဋ္ဌိယာ ဟိ ဧကစိတ္တက္ခဏမ္ပိ အတိက္ကန္တသေဝ ရူပဿ အာပါထာဂမ့နသာမတ္ထိယံ။ (ဋီ)

ဆ ဆက္က အဖြေ ပြီး၏။

ပဥ္စဒ္ဒါရဝိထိ စိတ္တပ္ပဝတ္တိ အဖြေ

●

● ဧကစိတ္တက္ခဏ-ဟူသည် အဘယ်မျှလောက် အတိုင်းအရှည် ပမာဏရှိပါသနည်း။

၇၃၈-ဖြေ။ ။လက်ဖျစ်တတွက် လျှပ်တပြက် မျက်စိတမှိတ် ခဏတွင် စိတ်ပေါင်း ကုဋေတသိန်းမျှ ဖြစ်သည်ဟုဆိုသောကြောင့် မျက်စိတမှိတ် ခဏကို အပုံပေါင်း ကုဋေတသိန်းပုံ၍ တပုံမျှလောက် အတိုင်းအရှည် ပမာဏရှိပါသည်။

† အစ္ဆရာသင်္ဃာဋ္ဌက္ခဏေ အနေကကောဋိသတ သဟဿ သခ်ါ ဝေဒနာ ဥပ္ပဇ္ဇန္တိ။ (သမ္မောအဋ္ဌကထာ)

† ဧကစ္ဆရက္ခဏေ ကောဋိသတ သဟဿာနိ ဥပ္ပဇ္ဇန္တိ။ (ဥဒါန်း အဋ္ဌကထာ)

● ကေစိတ္တက္ခဏာတီတာနိ-၌ ကေစိတ္တက္ခဏ-အရ ခဏ ယူပုံကို ရှင်းလင်းခဲ့ပါ။

၇၃၉-ဖြေ။ ။"ကေစိတ္တဿ ခဏံ ကေစိတ္တက္ခဏံ" (ဥပါဒ်, ဌီ, ဘင်-ဟူသော ခဏငယ်အစိတ်စိတ်ကိုရ၏။) "ကေစိတ္တက္ခဏံဝိယာတိ ကေစိတ္တက္ခဏံ" (ခဏတ္တယ ၃-ပါးအပေါင်း ရ၏။) တနည်း-"ကေ စိတ္တဿ ခဏံ ကေစိတ္တက္ခဏံ" (ရုပ်ခဏတ္တယ ၃-ပါး၊ စိတ်ခဏတ္တယ ၃-ပါးတွင် တမျိုးမျိုး ရ၏။) "ကေ စိတ္တဿ ခဏံဝိယ ခဏံ ကေ စိတ္တက္ခဏံ" (ထို ရုပ်ခဏတ္တယ စိတ်ခဏတ္တယ တမျိုးမျိုးပင် ရ၏။ မပြားသော်လည်း ပြားသကဲ့သို့ အပြန်အလှန်ကြံ။)

● ဌီတိပ္ပတ္တာ-အရ စိတ္တက္ခဏ ၁-ချက်, ၂-ချက်စသည် လွန်ပြီးမှ ဌီသို့ ရောက်သည်ကို ဆိုလိုပါသလော၊ ဥပါဒ်ခဏမှ လွန်၍ ဌီခဏသို့ရောက်သည်ကို ဆိုလိုပါသလော ရှင်းလင်းခဲ့ပါ။

၇၄၀-ဖြေ။ ။ဥပ္ပာဒက္ခဏမှလွန်၍ဌီခဏသို့ရောက်သည်ကို ဌီတိပ္ပတ္တ မဆိုလိုပါ၊ စိတ္တက္ခဏ ၁-ချက် ၂-ချက် စသည် လွန်ပြီးမှ ရုပ်၏ ဌီသို့ ရောက်သည်ကိုသာလျှင် ဌီတိပ္ပတ္တာ-ဟု ဆိုလိုပါသည်။

† နဉ ဥပ္ပာဒက္ခဏ မတ္တာတီတာနိ ဟုတ္ဆာ ဌီတိပ္ပတ္တာနီတိ ဟိ အတ္ထော။ (ဇူ)

● အာရုံ ထိခိုက်၏ဟူသည် ဝတ္ထုပစ္စည်း ၂-ခ ထိခိုက်ခြင်းကဲ့သို့ ထိခိုက်ခြင်းမျိုးကို ဆိုလိုပါသလော။

၇၄၁-ဖြေ။ ။မဟုတ်ပါ၊ ပဉ္စာရုံတို့သည် ပဉ္စပသာဒတို့အားရှေ့ရှု၍ ထင်လွယ် မြင်လွယ်, ထင်မြင်ခြင်းငှာ လျောက်ပတ်သော အရပ်၌ ဖြစ်ပေါ်လာခြင်း, ရပ်တည်လာခြင်း သဘောကိုပင် ပဉ္စဒ္ဓါရ၌ ပဉ္စာရုံတို့ ထိခိုက်သည် ထင်ခြင်းသို့ရောက်သည်ဟု ဆိုပါသည်။

{ပဉ္စ ပသာဒနှင့် ပဉ္စဒ္ဓါရကား - အထူး အဆန်း မဟုတ်၊ အတူတူပင်ထင်ခြင်းသို့ရောက်သည် ရှေ့ရှုတော်သည် ပေါင်းဆုံမိသည် ကြိမ်ကြိုက်သည် ထိခိုက်သည် တိုက်ဆိုင်သည် ပြိုင်မိသည် အတူတူ။}

† ပဉ္စသု ဟိ ပသာဒေသု ယောဂျဒေသာ ဝဋ္ဌာန ဝသေန အာရမ္မဏေ ဃဋ္ဌိတေ။ (ဋီ)

● ရူပါရုံ, သဒ္ဒါရုံတို့သည် စက္ခု,သောတ,ဒ္ဓါရ-တို့၌ ထင်ခြင်းသို့ ရောက် သော အခါ မိမိတို့ သွားရှိပင် ထင်ခြင်းသို့ ရောက် သလော၊ မသွားဘဲပင် ရောက်သလော ရှင်းလင်းခဲ့ပါ။

၇၄၂-ဖြေ။ ။ရူပါရုံ, သဒ္ဒါရုံတို့သည် မိမိတို့က မသွားဘဲ မိမိတို့ တည်ရာ အရပ်က ရပ်တည်၍ သာလျှင် စက္ခု, သောတ ဒ္ဓါရ တို့၌ ထင်ခြင်းသို့ရောက်ပါသည်။

† ရူပသဒ္ဒါရမ္မဏာနိ သကသကဌာနေ ဌတ္ဆာဝ ဂေါစရဘာဝံ ဂစ္ဆန္တိ။ (ဋီ)

- တခုသော ရုပ်ကလာပ်၌ တည်သော ရူပါရုံ-သဒ္ဒါရုံ, များစွာ သောရုပ်ကလာပ်၌တည်သော ရူပါရုံ-သဒ္ဒါရုံတို့တွင် အဘယ် ရူပါရုံ-သဒ္ဒါရုံတို့သည် ထင်ခြင်းသို့ ရောက်ပါသနည်း။

၇၄၃-ဖြေ။ ။နှလုံးသွင်း ရှိသည် အား လျော် စွာ များ စွာ သော ရုပ်ကလာပ်၌ တည်ကုန်သော ရူပါရုံ - သဒ္ဒါရုံတို့သည် ထင်ခြင်းသို့ ရောက်ပါသည်။

{စက္ခု,သောတတို့သည် မိမိသို့မရောက်ယာသောအာရုံကို ယူတတ်သောကြောင့် များစွာသော ရုပ်ကလာပ်၌တည်သော ရူပါရုံ, သဒ္ဒါရုံတို့သည် စက္ခု, သောတ ဒွါရတို့၌ ထင်ခြင်းသို့ ရောက်သည် ဟူလို။}

+ အာဘောဂါနုရုပံ အနေက ကလာပဂတာနိ အာပါထံ အာဂစ္ဆန္တိ။ (၉)

- များစွာကုန်သော ရုပ်ကလာပ်၌တည်ကုန်သော ရူပါရုံ,သဒ္ဒါရုံ တို့သည် ထင်ခြင်းသို့ ရောက်သည်ဟုဆိုလျှင် စက္ခု ဝိညာဏ်, သောတဝိညာဏ်တို့သည် ထိုများစွာသော ရူပါရုံ,သဒ္ဒါရုံတို့ကို အာရုံပြုပါသလော။

၇၄၄-ဖြေ။ ။မပြုပါ၊ ပရမတ္ထအားဖြင့် အပေါင်းမည်သည် မရှိ၊ အစိတ်အစိတ်သော ရူပါရုံ, သဒ္ဒါရုံတို့သည်သာလျှင် တပေါင်းတည်း ဖြစ်၍ ထမ်းစင်ထမ်းသောအသွင်ဖြင့် စက္ခုဝိညာဏ်,သောတဝိညာဏ် တို့၏ အာရုံအဖြစ်သို့ ရောက်ကြပါသည်။ (၉)

- ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့သည် ဃာန,ဇိဝှာ,ကာယဒွါရ တို့၌ထင်ခြင်းသို့ရောက်သောအခါ မိမိတို့ကသွား၍ပင်ထင်ခြင်း သို့ရောက်သလော၊မသွားဘဲပင်ရောက်သလောရှင်းလင်းခဲ့ပါ။

၇၄၅-ဖြေ။ ။ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့သည် မိမိတို့က ဃာန, ဇိဝှာ, ကာယဒွါရရှိရာသို့ သွားရောက် ကပ်ငြိသောအားဖြင့်သာလျှင်

ဆင်ခြင်းသို့ ရောက်ပါသည်၊ မသွားမရောက် မကပ်ငြိဘဲ ထင်ခြင်း သို့ မရောက်ပါ။

† သေသာနိပနဃာနာဒိနိဿယေသု အလ္လီနာနေဝ ဝိညာဏုပ္ပတ္တိ ကာရဏာနိ။ (ဋီ)

● တခုသော ရုပ်ကလာပ်၌တည်သော ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ၊ များစွာသော ရုပ်ကလာပ်၌တည်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့တွင် အဘယ် ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ တို့သည် ဃာနဒွါရစသည်တို့၌ ထင်ခြင်းသို့ ရောက်ပါသနည်း။

၇၄၆-ဖြေ။ ။များစွာသော ရုပ်ကလာပ်၌ တည်သော ဂန္ဓာရုံ, ရသာရုံ,ဖောဋ္ဌဗ္ဗာရုံသာ မဟုတ်။ တခုတခုသော ရုပ်ကလာပ်၌တည်သော ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့သည်လည်း ဃာနဒွါရစသည်တို့၌ ထင်ခြင်းသို့ ရောက်နိုင်ပါသည်။

{ဃာန,ဇိဝှာ,ကာယ တို့ကား-မိမိတို့ထံ ရောက်လာသော အာရုံကို ယူတတ်သည် ဖြစ်၍ များစွာသော ရုပ်ကလာပ်၌ တည်သော အာရုံများသာမဟုတ်၊ တခုတခုသောရုပ်ကလာပ်၌တည်သော ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံတို့သည်လည်း ဃာနဒွါရစသည်တို့၌ ထင်ခြင်းသို့ ရောက်နိုင်သည်။ ဝါ-ထင်ခြင်းသို့ ရောက်၍ ဃာနဝိညာဏ် စသည်တို့အား အာရမ္မဏ သတ္တိဖြင့် ကျေးဇူးပြုနိုင်သည် ဟူလို။ ဤကား-ဋီကာကျော် ဝါဒတည်း။ နောက်ဆရာများကား....ဂန္ဓာရုံ စသည်တို့သည်လည်းအများ အပြား စုပေါင်းမိမှသာ ထင်နိုင်ကြသည်ဟု ယူကြ၏။ ဤအာရုံ ထင်မှု၌ အာရုံရော ပသာဒပါ အများအပြား ပေါင်းစု တွေ့ဆုံမိမှသာ ထင်ခြင်းသို့ရောက်နိုင်သည်ဟု ဆရာများ ယူဆကြသည်။ “စက္ခုံစ ပဋိစ္စ ရူပေစ”၌ ကဝုစ် ဗဟုဝုစ် ဟောခြင်းကား-ပသာဒသည် တသန္တာန်တည်း၌ဖြစ်၍ တမျိုးတည်းသာရှိခြင်းကြောင့် ကဝုစ်နှင့်ဟောပြီး၊ အာရုံက သန္တာန်အမျိုးမျိုး၌ဖြစ်ခြင်း အမျိုးအစား များခြင်းကြောင့် ဗဟုဝုစ်နှင့် ဟောသည်ဟု

မူလဋီကာ မိန့်သည်။ မဟာဋီကာ, အနုဋီကာ, ဋီကာကျော်တို့ကား - အာရုံက အများအပြားမှ ထင်လာ နိုင်သော်လည်း ပသာဒအတွက်မှာ တခုရှိက ကိစ္စပြီးသည်။ ထို့ကြောင့်.... "စက္ခုံစ"ဟု ဧကဝုစ်နှင့် ဟောသည်ဟု ယူဆကြသည်။

{အသမ္ပတ္တ အာရုံကား - အာရုံသာ ထိခိုက်သည်၊ ဝတ္ထုမထိခိုက်၊ သမ္ပတ္တအာရုံကား-ဝတ္ထုသာ ထိခိုက်သည်၊ အာရုံမထိခိုက်၊ ဤအသမ္ပတ္တ သမ္ပတ္တအာရုံများကား-ပဉ္စဒ္ဒါရအတွက်သာ ဖြစ်သည်။ မနောဒ္ဒါရ မှာကား-အသမ္ပတ္တ အာရုံများသာ ထင်ခြင်းသို့ ရောက်သည်ဟုမှတ်။}

† ဧကေက ကလာပ ဂတာနိပိ။ (ဋီ)

● အဘယ့်ကြောင့် အတီတဘဝင် ခေါ်ပါသနည်း၊ အဓိပ္ပာယ်ကို ဖော်ပြပါ။

၇၄၇-ဖြေ။ ။အာရုံနှင့်ပသာဒဒ္ဒါရတို့ မထိခိုက်,မတိုက်ဆိုင်,မထင်မြင်မီ ချုပ်ပျောက်သွားသော ဘဝင်ဖြစ်သောကြောင့် အတီတဘဝင် ခေါ်ပါသည်။

● အာရုံနှင့် ပသာဒ တို့သည် အဘယ်က စဖြစ်၍ အဘယ်မှာ ထင်ခြင်းသို့ ရောက်ပါသနည်း။

၇၄၈-ဖြေ။ ။အတီတဘဝင်၏ဥပါဒ်ကစဖြစ်ကြ၍ ဘဝင်္ဂစလန၏ ဥပါဒ် (ရုပ်၏ ဌီခဏ) ရောက်မှ ထင်ခြင်းသို့ ရောက်ပါသည်။

† တေပန ဘဝင်္ဂစလနဿ အနန္တရပစ္စယဘူတေန ဘဝင်္ဂေနသဒ္ဓိ ဥပ္ပန္နာ၊ ဧကစိတ္တက္ခဏမ္ပိ အတိက္ကန္တဿေဝ ရူပဿ အာပါထ ဂမနသာမတ္ထိယံ။ (ဋီ)

{အာပါတ,အာပါထ, အာဗာဓ ၃-မျိုးရှိရာ အာပါထ, အာဗာဓ သင့်ကြောင်း ပန်းလွှား ဆရာတော် မိန့်၏။ တလိုင်းကုန်း ဆရာတော်ကား-အာပါတသာ သင့်ကြောင်း ဆုံး ဖြတ်တော်မူ၏။}

● ဘဝင် လှုပ်သည် ဟူသည် အဘယ်သို့ ဖြစ် ခြင်း မျိုး ပါ နည်း၊ သစ်ခက်ကိုလေတိုက်၍ လှုပ်ခြင်းမျိုးကဲ့သို့ မှတ်ရမည်လော။

၇၄၉-ဖြေ။ ။မမှတ်ရပါ၊ ရှေဘဝင်စိတ်နှင့် မတူသော အာဝဇ္ဇန်း စသော ဝိညာဏ်စိတ်(ဝီထိစိတ်)တို့၏ ဖြစ်ပေါ်ဘို့အကြောင်း၏ အဖြစ် ဖြင့် ဖြစ်လာခြင်းသဘော,အကြောင်းအဖြစ်သို့ရောက်လာခြင်းသဘော ကိုပင် ဘဝင်လှုပ်သည်ဟု ဆိုပါသည်။

{ယူမြဲတိုင်းသော ကံ စသော အာရုံကို လွှတ်၍ ယခု မိမိ၌ ထင်ခြင်းသို့ ရောက်လာသော အာရုံသစ်ကို ယူခြင်းငှာ အား ထုတ်ခြင်းဖြစ်သကဲ့သို့ ဘဝင်အစဉ် ဖောက်ပြန် ပြောင်းလွှဲလာ ခြင်းသဘောမျိုး ဟူလို။အဟောင်းကိုလွှတ်ရတော့မလို,အသစ် ကို ယူရတော့မလို ဂဏာမငြိမ်ဘဲ ပင်ကိုသဘောမှ ချောက် ချားလာမှုမျိုးဟု ဆိုလိုသည်။}

† ဝိသဒိသ ဝိညာဏုပ္ပတ္တိ ဟေတုဘာဝ သခ်ါတ ဘဝင်စလန ဝသေန။ (ဋီ)

● ဒွိက္ခဏ္ဍုံ ဘဝင်စလိတေ-၌ ဘဝင်သည် ၁-ကြိမ်သာမလှုပ်ဘဲ ၂-ကြိမ်လှုပ်ပုံ အခြင်းအရာကို ထင်ရှားစွာ ပြခဲ့ပါ။

၇၅၀-ဖြေ။ ။အာရုံနှင့် ပသာဒ ထိခြင်းအစွမ်း အာနုဘော်ကြောင့် ဘဝင်အစဉ်ပြတ်သည်ရှိသော် အဆောတလျင်မပြတ်သေးဘဲအဟုန်နှင့် ပြေးသွားသောယောက်ျားသည် ဗြုံးကနဲရပ်လိုပါသော်လည်း မရပ်နိုင် သေးဘဲ ခြေတလှမ်း,နှစ်လှမ်းလောက်လွန်ပြီးမှရပ်နိုင်သကဲ့သို့ နှစ်ကြိမ် ဖြစ်ပြီး (လှုပ်ပြီး) မှ ပြတ်ရပါသည်။ ထို့ကြောင့် ဘဝင်နှစ်ကြိမ် လှုပ် သည်ဟု ဆိုပါသည်။ ထိုနှစ်ကြိမ်တွင် ရှေးဦးစွာဖြစ်သော ဘဝင်စိတ် သည် ဘဝင်အစဉ်ကို လှုပ်စေသကဲ့သို့ ဖြစ်သောကြောင့် ထိုကို ဘဝင် စလန-ဟုခေါ်ဆိုရပါသည်။နောက်ဖြစ်သောဘဝင်စိတ်သည်ထိုဘဝင် အစဉ်၏ပြတ်သောအခြင်းအရာအားဖြင့်ဖြစ်သောကြောင့် ထိုကိုဘဝင် ပစ္ဆေဒ-ဟု ခေါ်ဆိုရပါသည်။ သင်ဟကျမ်း၌ကား-ထို ဘဝင် စလန,

ဘဝဂ်ပစ္ဆေဒ,နှစ်ပါးကို သာမညအားဖြင့် ဘဝဂ်စလန ဟူ၍သာ ခေါ်ဆိုသည်။

† ယသာ ဝေဂေန ဓာဝန္တော၊ ဌာတုကာမော နတိဋ္ဌတိ။
ဧဝံ ဒ္ဓိက္ခတ္တုံ ဘဝဂ်ံ၊ ဥပ္ပဇ္ဇိတ္ဌာဝ ဆိဇ္ဇတိ။ (ဋီကာ-သင်္ဟ)

† တတ္ထ ပဌမစိတ္တံ ဘဝဂ်သန္တတိံ စာလေန္တံ ဝိယ ဥပ္ပဇ္ဇတိတိ ဘဝဂ်စလနံ၊ ဒုတိယံ တဿ ဩစ္ဆိဇ္ဇနာကာရေန ဥပ္ပဇ္ဇနတော ဘဝဂ်ပစ္ဆေဒေါတိ ဝေါဟရန္တိ။ (ဋီ)

● အဘယ် ပသာဒသည် အဘယ်အကြောင်းကြောင့် မန္ဒာယုက, အမန္ဒာယုက, မဇ္ဈိမာယုက ပသာဒ-မည်ကြပါသနည်း။

၇၅၁-ဖြေ။ ။ပဥ္ဇဒ္ဓါရာဝဇ္ဇန်းမှစ၍ နောက်ကိုပြန်၍ ရေတွက်သော် ၁၇-ချက်မြောက်သော ဘဝင်စိတ်၏ ဘဝင်ကစ၍ပဥ္ဇဒ္ဓါရာဝဇ္ဇန်းအဆုံး အထိ စိတ္တက္ခဏ ၁၇-ချက်၊ခဏငယ် ၄၉-ချက်တို့တွင်အတီတဘဝင်၏ ဥပ္ပာဒက္ခဏ၌ဖြစ်သောပသာဒသည် ဒုတိယ တဒါရုံနှင့်ပြိုင်၍ချုပ်သဖြင့် ရူပါရုံနှင့် အသက်မျှသောကြောင့် မဇ္ဈိမာယုက ပသာဒ-မည်ပါသည်။ အတီတဘဝင်၏ ရှေး စိတ္တက္ခဏတို့၌ ဖြစ်ကုန်သော ၃၇- ပါးသော ပသာဒတို့သည် ဒုတိယ တဒါရုံ မချုပ်မီ ချုပ်နှင့်၍ ရူပါရုံ အောက် အသက်တိုသောကြောင့် မန္ဒာယုကပသာဒတို့-မည်ပါသည်။ အတီတ ဘဝင်၏ ဌီမှစ၍ ပဥ္ဇဒ္ဓါရာ ဝဇ္ဇန်း၏ ဘင် တိုင် အောင် စိတ္တက္ခဏ ၁၁-ချက်တို့၌ ဖြစ်သော ၁၁-ပါးသော ပသာဒတို့သည် တတိယ တဒါရုံ ချုပ်ပြီးနောက်မှချုပ်၍ ရူပါရုံထက် အသက် ရှည်သောကြောင့် အမန္ဒာယုက ပသာဒတို့-မည်ပါသည်။

{ပဥ္ဇဝိညာဏ်ကား-အတီတဘဝင်နှင့် ဥပါဒ်ပြိုင် ဖြစ်သော ပဥ္ဇပသာဒကိုသာမှီသည်။ဤရွေးစစ်ချက်ကား-အတိမဟန္တာရုံ ဝီထိအတွက်သာဖြစ်၏။ကျန်ဝီထိများအတွက်ကား-ဤနည်းကို မှီ၍ ရွေးစစ်ကြပါလေ။}

† သတ္တတ္တိံ သမန္ဒာယုကာ၊ ဧကံဝ မဇ္ဈိမံ မကံ။
အမန္ဒေကာဒသာစေတိ၊ဝိညာတဗ္ဗာ ဝိဘာဝိနာ။(ဇူ-သင်္ဟ)

● မန္ဒာယုက စသည်ကိုရေတွက်ရာ၌ ပဉ္စဝိညာဏ်စိတ်မဖြစ်ပေါ်မီ ဖြစ်သော ခဏငယ် ၄၉-ချက်၌ရှိသော ပဉ္စပသာဒတို့ကိုသာ ရေတွက်၍ ထိုမှ ရှေ့, နောက်၌ ဖြစ်ကုန်သော ပဉ္စပသာဒတို့ကို အဘယ့်ကြောင့် မရေတွက်ပါသနည်း။

၇၅၂-ဖြေ။ ။ဤ ၄၉-ချက်၌ရှိသော ပဉ္စပသာဒတို့သည်သာလျှင် ပဉ္စဝိညာဏ်စိတ်ဖြစ်သောအခါ၌ ဌီအဖြစ် ထင်ရှားရှိ၍ပဉ္စဝိညာဏ်စိတ်တို့က မှီ,မမှီ ယုံမှားစရာရှိသောကြောင့် ဤ ၄၉-ချက်၌ရှိသော ပဉ္စပသာဒတို့ကိုသာ ရေတွက်ရ၍ ထိုမှ ရှေ့,နောက်၌ဖြစ်သောပဉ္စပသာဒတို့ကိုကား-ပဉ္စဝိညာဏ်စိတ် ဖြစ်သောအခါ ဌီ-၏ အဖြစ်ဖြင့် ထင်ရှားမရှိ၍ မှီ, မမှီ ယုံမှားစရာမရှိသောကြောင့် မရေတွက်ပါ။ (ဇူ)

● ပဉ္စာရုံသည် ပဉ္စပသာဒကို ထိခိုက်ရာ၌ ပဉ္စ ပသာဒကိုမှီ၍ ဖြစ်သော ပဉ္စဝိညာဏ်သာလှုပ်သင့်လျက် အဘယ့်ကြောင့် ဟဒယဝတ္ထုကိုမှီသော ဘဝင်က လှုပ်ရပါသနည်း။

၇၅၃-ဖြေ။ ။သန္တတိ ပစ္စုပ္ပန်၏ အစွမ်းဖြင့် တစပ်တည်း စပ်နေသောကြောင့် ဟဒယဝတ္ထုကိုမှီသော ဘဝင်စိတ် လှုပ်ရပါသည်။

{ဤ၌ ဘဝင်လှုပ်ပုံ အခြင်း အရာကို သကာခဲ ဥပမာဖြင့် သိရာ၏။ ၎င်းကို ဌီကာမှယူပါ။ဌီကာကျော်ကား-စည်မျက်နှာ ၂-ပြင်ကို ပြသည်။ ဝိသုဒ္ဓိမဂ် မဟာဌီကာ ကား-စည်မျက်နှာ တပြင်တည်းကို ပြသည်။}

† သန္တတိ ဝသေန ဧကာဗဒ္ဓတ္တာ။ (ဌီ)

† ဃဋ္ဌိတေ အညဝတ္ထုမှိ၊ အညနိဿိတ ကမ္ပနံ။
ဧကာဗဒ္ဓေန ဟောတီတိ၊ သက္ခရောပမယာ ဝဒေ။
(ဌီ-ပြ သစ္စသံခိပ်)

ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သောအခါ စက္ခုဒွါရ,မနောဒွါရ ၂-ဒွါမှာတပြိုင်နက် မရှေးမနှောင်းထင်သည်။၄က်တကောင်သည် သစ်ပင်ဖျား၌နားသောအခါ သစ်ခက်ကို ထိခိုက်မိသည်နှင့်တပြိုင်နက် မြေပြင်၌ အရိပ်ထင်ခြင်းသည် မရှေးမနှောင်း သကဲ့သို့ပင် ဖြစ်သည်။

ထို့ကြောင့် ရူပါရုံသည် စက္ခုပသာဒဒွ်ထိခိုက်သောအခါ စက္ခုဒွါရတွင် မကဘဲ မနောဒွါရဟု ဆိုအပ်သော ဘဝင်မှာလည်း ထိခိုက် ထင်လာခြင်းကြောင့် ဘဝင်လှုပ်သည်ဟု အဋ္ဌသာလိနီဒွ် မိန့်တော်မူ၏။

{ဤသို့ ပဉ္စဒွါရုံသည့် ၂-ဒွါရ ၂-ဒွါရဒွ် ထင်သော်လည်း အများနှင့် ဆက်ဆံသော မနောဒွါရမှာ ထင်သည်ဟု မသုံးဘဲ ရူပါရုံသည် စက္ခုဒွါရမှာထင်သည် စသည်ဖြင့် အများနှင့်မဆိုင်သော အသာခဝရဏနည်းအားဖြင့်သာ သုံးထားသည်ဟုမှတ်။ သုဒ္ဓ မနောဒွါရမှာကား - အာရုံနှင့် ပသာဒ ထိခိုက်မှုမရှိ၊ ပြကတ်သော ဒိဋ္ဌ, သုတ, ဃာယိတ, သာယိတ, ဖုဋ္ဌ-တို့၏ အစွမ်းဖြင့် အာရုံများ ထင်ကြသည်။}

† ဧကေကံ အာရမ္မဏံ ဒ္ဝိသု ဒ္ဝိသု ဒွါရေသု အာပါထမာဂစ္ဆတိ၊ ရူပါရမ္မဏဉ္စိ စက္ခုပသာဒံ ဃဋ္ဋေတွာ တဒ်ဏာညေဝ မနောဒွါရေ အာပါထ မာဂစ္ဆတိ၊ ဘဝင်္ဂစလနသ ပစ္ဈယော ဟောတိတိ အတ္ထော။ (အဋ္ဌသာလိနီ)

● စက္ခုနာ ရူပံ ဒိသွာ-ဟု ဟောတော် မူသောကြောင့် စက္ခုန္ဒြေသည်သာ မြင်ခြင်းကိစ္စကို ပြီးစေနိုင်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အနုရုဒ္ဓါဆရာသည် "တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ"ဟု ဆိုပါသနည်း။

၃၅၄-ဖြေ။ ။ရုပ်သည် အကာဏ်းဖြစ်၍ ရူပါရုံကိုမြင်မှုဌ် မစွမ်းနိုင်သဖြင့်ဝိညာဏ်ကသာမြင်နိုင်သောကြောင့် "တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ"ဟု အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။ (စက္ခုနာကို သည်-ဟု အနက်မပေးဘဲ ဖြင့်-ဟု ကရိဏ်းပေး၍ ဝိညာဏ်သည် မျက်စိဖြင့် ရူပါရုံကို မြင်သည်ဟု ဆိုလိုသည်။) တနည်းအားဖြင့်-အကြောင်းမှိရာဖြစ်သော စက္ခုပသာဒ၏ စက္ခုဟူသောအမည်ကို အကျိုးမှိတတ်သော စက္ခုဝိညာဏ်အပေါ်တင်စား၍ အကျိုးမှိတတ်သော စက္ခုဝိညာဏ်ကို စက္ခု-ဟု ကာရဏူပစာ, ဌာနူပစာအားဖြင့်ဟောတော်မူသောကြောင့် စက္ခုဝိညာဏ်ဖြင့်သာ မြင်နိုင်၍ "တမေဝ ရူပံ ပဿန္တံ စက္ခုဝိညာဏံ"

ဟု အနုရုဒ္ဓါဆရာ ဆိုပါသည်။ (ဤအလို စက္ခုနာကို သည်-ဟု အနက်ပေးနိုင်သည်။ တဒ္ဓမ္မူပစာ-ဟုလည်း ဆိုနိုင်သည်။)

{စက္ခုဝိညာဏ်သည် ဖလ်တံတိုင်း စသည် ခြားသော်လည်း အာလောကအကြောင်းရှိ၍ရူပါရုံကိုမြင်နိုင်သည်။အာလောက အကြောင်း မရှိသော အုတ်နံရံ စသည် ခြားရာ၌ကား - မမြင်နိုင်။}

† ရူပဿ အန္ဓဘာဝေန ရူပဒဿနေ အသမတ္ထ ဘာဝဘော၊ အထဝါ နိဿိတကြိယာ နိဿယပွဋိဗဒ္ဓါ ဝုတ္တာ ယထာ မဉ္ဇာ ဥက္ကုဋ္ဌိ ကရောန္တီတိ။ (ဋီ)

† စက္ခုနာ ရူပံ ဒိသ္ဝာတိ ကာရဏဝသေန စက္ခူတိ လဒ္ဓ ဝေါဟာရေန ရူပဒဿန သမတ္ထေန စက္ခုဝိညာဏေန ရူပံ ဒိသ္ဝာ။ (ဝိသုဒ္ဓိမဂ်)

● ရုပ်ကို အကာဏ်း အာရုံကိုမယူတတ်ဟု အဘယ့်ကြောင့် ဆိုပါသနည်း။

၇၅၅-ဖြေ။ ။အာရုံကိုမယူတတ်သောကြောင့် အကာဏ်း-ဟုဆိုပါသည်။စိတ်စေတနာမရှိသောကြောင့်အာရုံကိုမယူတတ်ဟုဆိုပါသည်။

† ကသ္မာ အန္ဓံ အနာရမ္မဏတ္တာ၊ ကသ္မာ အနာရမ္မဏံ အစေတနတ္တာ။ (ဇူ)

● ရူပါရုံကို မျက်စိက မြင်သလော၊သို့မဟုတ် စိတ်က မြင်သလော အဘယ်က မြင်ပါသနည်း။

၇၅၆-ဖြေ။ ။မျက်စိသည် စိတ်မဟုတ်သောကြောင့် ရူပါရုံကိုမမြင်၊ စိတ်သည်လည်းမျက်စိမဟုတ်သောကြောင့် ရူပါရုံကိုမမြင်နိုင်ပါ။အမှန်ကား-ဒ္ဓါရနှင့်အာရုံပေါင်းဆုံထိခိုက်မိသောအခါ စက္ခုပသာဒဝတ္ထုကို မှီ၍ဖြစ်သော စက္ခုဝိညာဏ်စိတ်ကသာ မြင်ပါသည်။ (ရှေးဆရာ)

● ယံကိဉ္စိ လဒ္ဓပစ္စယံ-၌ အဘယ်သို့သော အကြောင်းမျိုးကို လဒ္ဓပစ္စယ-ဟု ဆိုပါသနည်း။

၇၅၇-ဖြေ။ ။ယောနိသော မနသိကာရ စသော အကြောင်းမျိုးကို လဒ္ဓပစ္စယ-ဟု ဆိုပါသည်။

{ယောနိသော မနသိကာရဖြစ်လျှင် မဟာကုသိလဇော, အယောနိသော မနသိကာရဖြစ်လျှင် အကုသိလဇော, နိရာနုသယ သန္တာန်၌ဖြစ်လျှင် ကြိယာဇော စောကြသည် ဟူလို။ ထိုယောနိသော မနသိကာရ စသည်တို့ ဖြစ်ဘို့ရန် မဖြစ်ဘို့ရန် အကြောင်းကား - သဒ္ဓမ္မသဝန သပ္ပုရိသူပနိဿယ စသော သမ္မတ္တိစက်တို့၏ ရှိခြင်း, မရှိခြင်းပင်တည်း။

† ယောနိသော မနသိကာရာ ဒိဝသေန လဒ္ဓေါ ပစ္စယော ဇေတနာတိ လဒ္ဓပစ္စယံ။ (ဋီ)

● ယောဘုယျေန သတ္တက္ခတ္တုံ၂ ဇဝတိ-၌ ယောဘုယျ-သဒ္ဒါဆိုရခြင်း ဒေကြောင်းကို ရေးခဲ့ပါ။

၇၅၀-ဖြေ။ ။အများအားဖြင့် ဇော ၇-ကြိမ် စောသည် ဆိုသော်သည်း တွေ့ဝေမိန်းမောသောကာလ, အလွန်နီးသော သေခြင်းရှိသော (သေခါနီးသော) ကာလတို့၌ကား-အနည်းအကျဉ်းအားဖြင့် ၆-ကြိမ် ၅-ကြိမ်လည်း စောသေးသည်ဟူသော အဓိပ္ပာယ်ကို သိစေလိုသောကြောင့် ယောဘုယျသဒ္ဒါကို အနုရုဒ္ဓါဆရာ ဆိုပါသည်။

† မုဉ္စာမရဏာသန္နကာလေသုစ ဆ ပဉ္စပိ ဇဝနာနိ ပဝတ္တန္တီတိ အာဟ ယောဘုယျေနာတိ။ (ဋီ)

● အဘယ်သို့ဖြစ်ခြင်းသဘောကို တဒါရုံ-ဟု ဆိုပါသနည်း။

၇၅၉-ဖြေ။ ။မြစ်ညာ, ရေညာသို့ဆန်၍ လှော်ခတ်ခုတ်မောင်းနေသောလှေ, သင်္ဘော၏နောက်သို့ရေအဟုန်ယက်ပန်းသည်အနည်းငယ် အစဉ်တစိုက် လိုက်ဘိသကဲ့သို့ ဇောသို့အစဉ်တစိုက် အနည်းငယ်လိုက်သောအားဖြင့် ဇော၏အာရုံကို အာရုံပြု၍ဖြစ်ခြင်းသဘောကို တဒါရုံဟု ဆိုပါသည်။ (ဋီ)

● ဒွေ တဒါရမ္မဏာ ပါကာနိ ယထာရဟံ ပဝတ္တန္တိ-၌ ယထာရဟံ အရကား-အဘယ်သို့ မှတ်ရမည်နည်း။

ဇခတ်—၂၃၊ (ပဉ္စမအကြိမ်။)

၇၆၀-ဖြေ။ ။အာရုံ, ဇော, သတ္တဝါ အားလျော်စွာ တဒါရုံ ဖြစ်သည်ဟု မှတ်ရပါမည်။

† ယထာရဟန္တိ အာရမ္မဏ ဇဝန သတ္တာနုရုပံ။ (ဋီ)

● ဘဝင်ပါတော-အရ ဘဝင်ကျပုံ အမိပ္ပာယ်ကို ဖော်ပြပါ။

၇၆၁-ဖြေ။ ။ဝီထိစိတ်၏အစွမ်းဖြင့်မဖြစ်ဘဲ စိတ်သည်ဘဝင်ကိစ္စ၌ ကျရောက်ခြင်းကဲ့သို့ ဘဝင်၏ အစွမ်းဖြင့် ဖြစ်ခြင်းသည် ဘဝင်ပါဘ (ဘဝင်ကျ) သည် မည်ပါသည်။ {ဝီထိစိတ်မဖြစ်စေခြင်းငှာ ဘဝင်စိတ် အစဉ် ဖြစ်ခြင်းဟု ဆိုလိုသည်။}

† ဘဝင်ပါတောတိ ဝီထိစိတ္တ ဝသေန အပ္ပဝတ္တိတ္တာ စိတ္တဿ ဘဝင်ပါတော ဝိယ ဘဝင်ဝသေန ဥပ္ပတ္တိတိ ဝုတ္တံ ဟောတိ။ (ဋီ)

● ပဉ္စာရုံနှင့် ပဉ္စပသာဒတို့ ထိခိုက်မိသောအခါ ပဉ္စဒ္ဓါရာဝဇ္ဇန်းစသောဝီထိစိတ်တို့သည် အဘယ်ကလာ၍ဖြစ်ပေါ်ပါသနည်း၊ နဂိုကရှိနေ၍လော၊ သို့မဟုတ် တစုံတယောက်သောပုဂ္ဂိုလ်က အဖြစ်ခိုင်း၍လော ရှင်းလင်းခဲ့ပါ။

၇၆၂-ဖြေ။ ။နဂိုကလည်း မရှိပါ။ တစုံတယောက်သောပုဂ္ဂိုလ်ကလည်း အဖြစ်မခိုင်းပါ။ လောက၌ ကျောက်မှန်,လောင်စာ,နေပူတို့ ပေါင်းဆုံမိသောအခါ နဂိုကမရှိသောမီး ဖြစ်ပေါ် လာသကဲ့သို့၊ ထို့အတူ ဝတ္ထုအာရုံစသော အကြောင်းတရားတို့ပေါင်းဆုံ ညီညွတ်ခြင်းကို စွဲ၍ စိတ္တနိယာမအားဖြင့် ပဉ္စဒ္ဓါရာဝဇ္ဇန်းစသော ဝီထိစိတ်တို့ ဖြစ်ပေါ် လာပါသည်။ (ဋီ)

{နိယာမ ဆိုသည်ကား - တရားတို့၏ သဘောကိစ္စတို့ဖြင့် မိမိ၏အကျိုးတရား၏အကြောင်း၏အဖြစ်ဖြင့်ဖြစ်ပေါ်လာခြင်း၊ အကျိုးဖြစ်သော သဘောကိစ္စတို့၏ အကြောင်း၏ အဖြစ်ဖြင့် ဖြစ်ခြင်းဟု ဆိုအပ်သော ထူးခြားချက်ပင်ဖြစ်သည်ဟု မူလဋီကာ အနုဋီကာတို့၌ ဆိုသည်။ နိယာမငါးပါး အကျယ်ကို ဤ၌ မပြသာပြီ၊ ပရမတ္ထဘာဇနီမှာ ရှုကြပါကုန်။ ဝီထိစိတ်ဖြစ်ပုံ အမွှော

ပမာ နာဋ္ဋိယနေ္တ္ဝာပမာ စသော ဥပမာဆက္က ကိုးသည်း ဋ္ဌီ-နှင့် အဋ္ဌသာလိနီမှာ ယူကြပါကုန်။}

† မဏိန္ဓနာတပေ အဂ္ဂိ၊ အသန္တေ္ဝာဝိ သမာဂမေ။
ယထာ ဟောတိ တထံ္ဝာ စိတ္တံ၊ ဝတ္ထာလမ္ဘာဒိ သင်္ဂမေ။
(သစ္စသံခိပ်)

● စက္ခွဒ္ဒါရ ဝိထိဖြစ်သောအခါ ဤရူပါရုံကို ငါမြင်၏-ဟု သိပါသလော။

၇၆၃-ဖြေ။ ။မသိသေးပါ။ အဘယ်အခါမှ သိသနည်း ဟူမူ-ကြွေးညိုးစွာ စက္ခွဒ္ဒါရဝိထိဖြစ်၊ ထို့နောင် တဒနုဝတ္တကမနောဒ္ဒါရဝိထိ, ထို့နောင် သမုဒါယဂါဟိကဝိထိ, ထို့နောင် ဝဏ္ဏသလက္ခဏဝိထိ, ထို့နောင် ဝတ္ထုဂဂါဟိကဝိထိ, ဤ့နောင် ဝတ္ထု သလ္လက္ခဏဝိထိ, ထို့နောင် နာမဂဂါဟိကဝိထိ,ထို့နောင် နာမ သလ္လက္ခဏ ဝိထိများဖြစ်၍၊ ၌ သလ္လက္ခဏဝိထိများဖြစ်သောအခါမှ သိရပါသည်။ (ပရမတ္ထဒီပနီ)

● မဟန္တာရုံဝိထိ၌ အဘယ့်ကြောင့် တဒါရုံ မဖြစ်ပါသနည်း။

၇၆၄-ဖြေ။ ။ပဌမ မဟန္တာရုံဝိထိ၌ သတ္တမဇောတွင် အာရုံချုပ်သွားသောကြောင့် တဒါရုံ မဖြစ်နိုင်ပါ။ တဝိထိတည်း၌ အာရုံမပြားကောင်းသောကြောင့် တဒါရုံသည် ချုပ်လေပြီးသော အတိတ်အာရုံကို အာရုံပြု၍လည်းဖြစ်ခွင့်မရှိပြီ။ ဒုတိယ မဟန္တာရုံဝိထိ၌ ဇောနောင် စိတ္တက္ခဏတချက်ကြွင်းသေးသော်လည်း တဒါရုံ ၂-ကြိမ်မဖြစ်လောက်, တကြိမ်တည်းလည်း ဖြစ်ရိုးမရှိသောကြောင့် လုံးလုံးမဖြစ်တော့ပါ။

{တဒါရုံသည် တကြိမ်တည်း ကျရိုးမရှိ။ ၂-ကြိမ် ကျရိုး၊ "တဒါရမ္မဏာနိ ဒ္ဝေ" ဟုသာ ပါဠိတော်၌ မှတ်လျက်ရှိသည်။ သကိံ ဒ္ဝေဝါ တဒါလမ္ဗံ၊ သကိမာ ဝဇ္ဇနာဒယော-ဟု ပရမတ္ထဒီပနီ၌ ယခု ဆိုသည်ကား-မဇ္ဈိမနိကာယ်ဆောင်ဆရာတို့၏အဟူကိုမှီး၍ ဆိုခြင်းမျှ ဖြစ်သည်။ ထိုအယူကို သမ္မောဟဝိနောဒနီ အဋ္ဌကထာဆရာ ပယ်ပြီးဖြစ်၍ အနုရုဒ္ဓါဆရာလည်း တဒါရုံတကြိမ် ကျခြင်းကို အလိုမရှိ၊ ၂-ကြိမ်ကျခြင်းကိုသာ အလိုရှိသည် ဟူလို။} (၉)

● အပ္ပဟောန္တာတိတက်-အရအဘယ်သို့မလောက်၍အဘယ်သို့လွန်သည်ကို မလောက်သည်ဖြစ်၍ လွန်သည်ဟု ဆိုပါသနည်း။

၇၆၅-ဖြေ။ ။မဟန္တာရုံဝိထိဉ် တဒါရုံ ၂-ကြိမ် မဖြစ်လောက်ဘဲ အတိဘဘဝင် ၂-ကြိမ်, ၃-ကြိမ် လွန်သည်ကို မလောက်သည်ဖြစ်၍ လွန်သည်၊ဝါ-မလောက်သည်ဖြစ်၍လွန်ခြင်းရှိသော မဟန္တာရုံဝိထိ-ဟု ဆိုပါသည်။

{ထင်လာသော အာရုံသည် ဒုတိယ တဒါရုံ ဖြစ်သည်တိုင်အောင် ဌိဓာဉ် တည်တံ့ နေခြင်းငှာ မစွမ်း နိုင်သည်ကိုပင် တဒါရုံ ၂-ကြိမ်မဖြစ်လောက်ဟု ဆိုသည်။}

● ပဟောန္တာတိတက, အပ္ပဟောန္တာတိတက-အရ တို့ကို ခွဲခြားပြပါ။

၇၆၆-ဖြေ။ ။အတိမဟန္တာရုံဝိထိဉ် အတိတဘဝင်တချက်လွန်ခဲ့၏။ ထိုလွန်ခဲ့ခြင်းကား-တဒါရုံ ၂-ကြိမ်ဖြစ်လောက်သော (တဒါရုံ ၂-ကြိမ်ဖြစ်သည်တိုင်အောင် တည်တံ့ခြင်းငှာ စွမ်းနိုင်သော) ပဟောန္တာတိတက တည်း။မဟန္တာရုံဝိထိဉ်အတိတဘဝင် ၂-ကြိမ်, ၃-ကြိမ်လွန်ခြင်းကား-တဒါရုံ ၂-ကြိမ် မဖြစ်လောက်သော (တဒါရုံ ၂-ကြိမ် ဖြစ်သည်တိုင်အောင် တည်တံ့ခြင်းငှာ မစွမ်းနိုင်သော) အပ္ပဟောန္တာတိတက တည်း။ ဤသို့ထူးခြားပါသည်။

● မဟန္တာရုံဝိထိဉ် ဥပါဒ်ပြီးနောက် အတိတဘဝင် ၂-ချက်, ၃-ချက် (စိတ္တက္ခဏ ၂-ချက် ၃-ချက်) လွန်ပြီးမှ အဘယ့်ကြောင့် အာရုံထင်လာနိုင်ပါသနည်း။

၇၆၇-ခဖြေ။ ။အာရုံ ထင်လာခြင်း၏ အကြောင်းဖြစ်သော စက္ခုပသာဒ,ရူပါရုံ,အာလောကစသော အကြောင်းတို့က အတိမဟန္တာရုံတုံးကလောက် အားမကောင်းသောကြောင့် အတိတဘဝင် ၂-ချက် ၃-ချက် (စိတ္တက္ခဏ ၂-ချက် ၃-ချက်) လွန်ပြီးမှ အာရုံထင်လာရပါသည်။

{မဟန္တာရုံဝိထိဉ္စ အာရုံ,ပသာဒ,အာလောကတို့၏အားရှိ အားမဲ့ကိုလိုက်၍ ၂-ကြိမ်လွန်, ၃-ကြိမ်လွန် အာရုံ ထင်ခြင်း ကွဲပြားရသည်။ဤမဟန္တာရုံဝိထိသည် ၂-မျိုးပြားသော်လည်း ၈၀နဝါရ၏အာရုံချည်းဖြစ်၍ မဟန္တာရုံချည်း အမည်ရသည်။}

● ပရိတ္တာရုံဝိထိဉ္စ ဝုဋ္ဌောနောင် စိတ္တက္ခဏ ၆-ချက် အသက်ကြွင်း ရှိပါသေးလျက် အဘယ့်ကြောင့် ဇော-မဖြစ်ပါသနည်း။

၇၀၆-ဖြေ။ ။အာရုံ အားနည်းသောကြောင့် ဇော-မဖြစ်ပါ။

{ဇောတို့မည်သည်မှာ စိတ္တက္ခဏ ၇-ချက် အသက်ရှိသော အာရုံဉစ္ဆသာလျှင် ၇-ကြိမ် ဖြစ်ရိုးရှိသည်။ ဤဝိထိဉ္စ စိတ္တက္ခဏ ၆-ချက် အသက်ကြွင်းရှိသော်လည်း အတိတဘဝင်မှ ဥပါဒ်လာသော အာရုံသည် နည်းသော အသက်ကြွင်း ရှိသည်၏ အဖြစ်ဖြင့် အလွန်အားနည်းနေသောကြောင့် ဇောဖြစ်လောက်အောင် အကြောင်းအထောက်အပံ့မလုံလောက်၍ ဇောဖြစ်ခွင့် မရှိတော့ ဟူလို။}

† အာရမ္မဏံ အပ္ပဘာယုကဘာဝေန ပရိဒုမ္မလတ္တာ ဇဝနုပ္ပတ္တိယာ ပစ္စယော န ဟောတိ။ (ဋီ)

● ဇဝနမိ အနုပ္ပဇ္ဇိတ္ဝာ-ကို အနက်ပေး၍ အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြပါ။

၇၆၉-ဖြေ။ ။ဇဝနမိ-ဇဝနသအပိ၊ဇော၏လည်း။ အနုပ္ပဇ္ဇိတ္ဝာ-အနုပ္ပဇ္ဇနတော၊ မဖြစ်ခြင်းကြောင့် ဤသို့အနက်ပေးရပါမည်။ အနုပ္ပဇ္ဇိတ္ဝာ၏ကဿားကား-ဇဝနံ၊ ပဝတ္တိတိ၏ ကတ္တားကား-ဝေါဋ္ဌဗ္ဗနံဖြစ်၍ ကတ္တားမတူ ကွဲပြား၏။ ထိုသို့ကတ္တားကွဲရာ၌ ကတ္တား တူစေရန်....
* ကတ္တားကွဲဘို့, မတူရှိသော်, မိမိကတ္တား, သမ္ဗန်ထား၍, သက်ငြားဟိတ်မှာ,ဖြစ်တိုလာသည်,တွာဒိပစ္စည်း-သဘောတည်း။.... ဟူသော နိယံနှင့်အညီ ဇဝနံ-ဟူသော မိမိကတ္တားကို ဇဝနသသာဝိ-ဟူ သမ္ဗန်ပြင်၍ တွာပစ္စယန္တပုဒ်ကို အနုပ္ပဇ္ဇိတ္ဝာ အနုပ္ပဇ္ဇနတော-ဟု

ဟိတ် ပြင်ပေးရသည်ကား-တွာဒိပစ္စည်းတို့၏သဘော သဒ္ဒါထုံးစံတခု ပင်ဖြစ်သည်။ (အဓိပ္ပာယ်)

† ဖေတုမိ စာယံ တွာပစ္စယော ဇဝနသဒိ အနုပ္ပတ္တိယာတိ အတ္ထော၊ ဇုတရထာ ဟိ အပရကာလကြိယာယ သမာနကတ္တု၊ ကတာ နု လဒ္ဓတိ။ (ဋီ)

● တပါးသောဝိထိတို့၌ ဝုဋ္ဌော တကြိမ် ဖြစ်သကဲ့သို့ မဖြစ်ဘဲ ဤပရိတ္တာရုံဝိထိ၌အဘယ့်ကြောင့် ၂-ကြိမ် ၃-ကြိမ်ဖြစ်ပါသနည်း။ ၇၇၀-ဖြေ။ ။ဝုဋ္ဌောသည် ဇောကျသောဝိထိ၌တကြိမ်ဖြစ်၍၊ ဇောမကျသောဝိထိ၌ ဇောအစား ၂-ကြိမ် ၃-ကြိမ် ဖြစ်ရိုး ရှိသောကြောင့် ဤဇောမကျသောပရိတ္တာရုံဝိထိ၌ဝုဋ္ဌော ၂-ကြိမ်၃-ကြိမ်ဖြစ်ရပါသည်။

{ကေစိဆရာများကတိကွတ်ကား-ဝစနသိလိဋ္ဌမျှသာ ဝုဋ္ဌော ၃-ကြိမ်မကျဟု ဆိုကြ၏။ဝုဋ္ဌော ၃-ကြိမ်ကျခြင်းကို ထိုထို အဋ္ဌကထာများ၌တားမြစ်ချက်မရှိသောကြောင့် ၃-ကြိမ်ကျသည်ဟု မှတ်ရမည်။ (ဋီ) ဒွိတိကွတ်ကား-ဝါကျသာ သမာသ်မဟုတ်-ကွတ်သဒ္ဒါ, ဝါသဒ္ဒါကျေနေသည်။အကယ်၍ သမာသ်ဆိုလျှင် ဘဝိထိဘည်းမှာ ဝုဋ္ဌော ၂-ကြိမ်တခါ, ၃-ကြိမ်တခါ ၂-ခါဖြစ်နေရလိမ့်မည်။ထို့ကြောင့် သမာသ်မဟုတ် ဝါကျဟု မှတ်။(ဇူ) နောက်ဆရာများကား-သမာသ်လည်း လုပ်ကြသေး၏။}

† ဇဝနဝိထိယံ ကေကွတ်၊ ဝေါဋ္ဌပ္ပနံ၊ အလဒ္ဓေ ပန ကေသို့ ဒွိတိကွတ်၊ ဥဒိရိတံ။ (အဘိဓမ္မတ္ထ ဝိကာသိနီ)

● ဝိထိစိတ်တခု ဖြစ်ပေါ်ရာ၌ ဇောသို့မရောက်ဘဲ စိတ်ဖြစ်ခြင်း, ဆုတ်နစ်ပြီး ဆုံးနိုင်သကဲ့သို့ ဝုဋ္ဌောသို့မရောက်ဘဲ စိတ်ဖြစ်ခြင်း ဆုတ်နစ်ပြီးဆုံးနိုင်ပါသလော။

၇၇၁-ဖြေ။ ။မပြီးဆုံးနိုင်ပါ၊ဝိထိစိတ်တခုဖြစ်ပေါ်ရာ၌ ဝုဋ္ဌောစိတ် သို့မရောက်ဘဲ စကျဝိညာဏ် စသော ကြားစိတ် တခုခုမှာ ရပ်နားမှုမည်သည် မရှိသောကြောင့် စိတ်ဆုတ်နစ်ခြင်း မဖြစ်နိုင်ပါ။

၇. တံ ပန အပတ္တာ အန္တရာ စကျဝိညာဏာဒိသု ဌတ္တာ စိတ္တာပ္ပဝတ္တိယာ နိဝတ္တနံ နတ္ထိ။ (ဋီ)

● ပရိတ္တာရုံဝိထိကို ဝုဋ္ဌောအဆုံးရှိသော ဝါရဖြင့်မှတ်ရာ၌သိသာ ထင်ရှားအောင် ဝါဒန္တရဆုတ်၍ ရှင်းလင်းပြခဲ့ပါ။

၇၇၂-ဖြေ။ ။ဤဝိထိကို ဝါရဖြင့်မှတ်ရာ၌ အဘိဓမ္မာမူလစ္ဆီကာ ကျမ်းပြုအာနန္ဒာဆရာကား-ဝုဋ္ဌော, အာဝဇ္ဇန်းတို့မှာ အနက်သဘော အတူတူဖြစ်၍ ဝုဋ္ဌောဏ် ကုသိုလ်, အကုသိုလ်, ကြိယာ ဇောတို့အား အနန္တရပစ္စည်းအဖြစ်ဖြင့် ကျေးဇူးပြုကြောင်းပဋ္ဌာန်း၌ဟောလျက်ရှိ၏။ ဘဝင်အား ကျေးဇူးပြုကြောင်း ဟောလျက်မရှိသောကြောင့် နောက်ဘဝင်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုသော ဝုဋ္ဌောဖြင့် ဤဝိထိကို မမှတ်ဘဲ ဝုဋ္ဌောက နောက်ကုသိုလ်, အကုသိုလ်, ကြိယာဇောတို့အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြုကြောင်း ပဋ္ဌာန်း၌ ဟောလျက်ရှိသော ကြောင့်တွေဝေမိန်းမောသောမုစ္ဆာကာလစသည်တို့၌အားနည်းသော အရှိန်အဟုန်ရှိသောကြောင့် ဇော ၇-ကြိမ် မပြည့်စုံခြင်းဖြင့်သာ ဤပရိတ္တာရုံကို မှတ်ရမည်ဟု ဆို၏။ ။ရှင်အနုရုဒ္ဓါဆရာကား-တိဟိဘ်ဝိပါက်စိတ်ဘို့ကိုလည်း အနန္တရပစ္စည်းအဖြစ်ဖြင့် ဘုရားဟောဘော်မူ၏။ သို့ ဟောတော်မူသော်လည်း ရဟန္တာတို့၏ စုံတိ၏အစွမ်းဖြင့် ဖြစ်သော တိဟိဘ်ဝိပါက်စိတ်ဘို့မှာကား-ဝဋ္ဌမြစ်ပြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်ဘို့ သန္တာန်မှာ ဖြစ်ခြင်းဟူသော အကြောင်း ချိုတဲ့ခြင်းကြောင့် အနန္တရပစ္စည်း တပ်သည်ဟု မဆိုနိုင်သကဲ့သို့၊ ထို့အတူ ဝုဋ္ဌောသည် နောက်ကုသိုလ်စသော ဇောတို့အား အနန္တရပစ္စည်းအဖြစ်ဖြင့် ဘုရား ဟောတော်မူသော်လည်း အတိမဟန္တာရုံ, မဟန္တာရုံ စသော အကြောင်းချိုတဲ့ခြင်းကြောင့် အခါခပ်သိမ်း အနန္တရပစ္စည်းတပ်သည်ဟု မဆိုနိုင်၊ သို့မဆိုနိုင်သောကြောင့် အဋ္ဌကထာတို့၌လာသောနည်း အတိုင်း ဤဝိထိကို ဝုဋ္ဌောအဆုံးရှိသော ဝါရဖြင့်သာ မှတ်ရမည်ဟု ဆိုတော်မူ၏။ (ရှင်းလင်းချက်ခဲရပ်) (၉)

● အတိပရိတ္တာရုံဝိထိ၌ ဝိထိစိတ်မဖြစ်ဘဲ အဘယ့်ကြောင့် ဘဝင်စလနချည်းသာ ဖြစ်ပါသနည်း။

၇၇၃-ဖြေ။ ။လွန်သော အဘို့အစုအားဖြင့် (အလွန်အားဖြင့်) စိတ္တက္ခဏ ၇-ချက် အသက်ကြွင်းရှိသော အာရုံ၏ ဝုဋ္ဌော ၂-ကြိမ်

၃-ကြိမ် ဖြစ်ခြင်းငှာ မလောက်သောကြောင့် ဝိထိစိတ်များး ဖြစ်ခွင့်မရှိတော့ပါ။ ဘဝင်သာ ကျရပါတော့သည်။

{အတိပရိတ္တာရုံ ၆-ဝိထိတို့တွင် ပဌမ အတိပရိတ္တာရုံဝိထိဉ် အတီတဘဝင် ၁၀-ကြိမ်နောင် စိတ္တက္ခဏ ၇-ချက် အသက်ကြွင်းရှိသေး၏။ ရှိသည့်အတိုင်း န,ဒ,ပ,စ,သံ,ဏ-ထိ ၌အောင် ချသွားက ၁၆-ကြိမ်ဖြစ်၏။ ထို့နောင် ဝုဋ္ဌော ၂-ကြိမ် ၃-ကြိမ် ချက ၁၈-ကြိမ် ၁၉-ကြိမ် ဖြစ်သွားလိမ့်မည်။ ဝိထိစိတ်တို့မှာလည်း ၁၇-ချက်သာ အသက်ရှိ၍ ၁၈-ချက် ၁၉-ချက် မဖြစ်ကောင်း၊ မဖြစ်ကောင်းသောကြောင့် ဝုဋ္ဌော ၂-ကြိမ် ၃-ကြိမ် ဖြစ်ခွင့်မရှိ၊ မရှိသောကြောင့် သန္တီရဏ မဖြစ်၊ ဏ-မဖြစ်သောကြောင့် သံ,စ,ပ,ဒ-တို့ ဖြစ်ခွင့်မရှိတော့ဘဲ ဘဝင်လှုပ်ရုံ (ဘဝင်စလန ၂-ကြိမ်) မျှ ဘဝင်စိတ်သာ ဖြစ်ရတော့သည်ဟူလို။}

(ဋီ)

● ဘဝင်စလနမေဝ-၌ ဧဝ-သဒ္ဒါ၏ အကျိုးပြပါဋ္ဌိကို ထုတ်ပြပါ။

၇၇၄-ဖြေ။ ။ဧဝသဒ္ဒါ၏အကျိုးပြပါဋ္ဌိကား- "နတ္ထိ ဝိထိစိတ္တုပ္ပာဒေါ" ဖြစ်ပါသည်။

{"နတ္ထိဝိထိစိတ္တုပ္ပာဒေါ" ပါဋ္ဌိကို အဘယ်အကျိုးငှာ ဆိုပါသနည်းမေးက၊ ဘဝင်စလနမေဝ-၌ ဧဝသဒ္ဒါ၏ နိဝတ္တာပနာဝဓာရဏအကျိုးကိုပြခြင်းငှာ ဆိုပါသည်ဟု ဖြေရမည်။ မဟန္တာရုံဝိထိ "တတ္ထ ဇဝနာဝသာနေ ဘဝင်ပါတော" ၌ ဧဝ-သဒ္ဒါ၏ အကျိုးပြပါဋ္ဌိကား- "နတ္ထိ တဒါရမ္မဏုပ္ပာဒေါ" ပင်ဖြစ်သည်။ ဋီကာအထူး မဖွင့်တော့။}

† ဘဝင်စလနမေဝါတိ အဝဓာရဏဖလံ ဒဿေတုံ နတ္ထိ ဝိထိစိတ္တုပ္ပာဒေါတိ ဝုတ္တံ။ (ဋီ)

● ဤ နောက်ဆုံး ဝါရကိုသာ အဘယ့်ကြောင့် မောဃဝါရ-ဟု အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၇၇၅-ဖြေ။ ။အခြင်းခပ်သိမ်းဝိထိစိတ်တို့၏ဖြစ်ခြင်းမရှိသောကြောင့် ဤနောက်ဆုံးဝါရကိုသာ မောဃဝါရ-ဟု အနုရုဒ္ဓါဆရာ ဆိုပါသည်။

{အဌသာလိနီဋ္ဌကား-ဒုတိယ,တတိယ(မဟန္တာရုံ,ပရိတ္တာရုံ) ဝါရတို့ကိုလည်း တဒါရုံ ဇောတို့မှ ဆိတ် သော ကြောင့် မောဃဝါရ-ဟု ဆိုလျက်ရှိသေးသည်။}

† သဗ္ဗသော ဝိထိစိတ္တုပ္ပတ္တိယာ အဘာဝတော ပစ္ဆိမဝါရော ဝိဓ မောဃဝါရဝသေန် ဝုတ္တော။ (ဋီ)

● စတုန္ဒံ ဝါရာနံ အာရမ္မဏဘူတာ-၌ ရှေသုံးဝါရ၏အာရုံကား-သင့်တန်စေ၊ မောဃဝါရ၏ အာရုံကား - အဘယ်သို့ သင့်မည်နည်း။

၇၇၆-ဖြေ။ ။"လဘတိ မာရော အာရမ္မဏံ"ဟူသော သံယုတ်ပါဠိတော်၌ အာရမ္မဏသဒ္ဒါသည် အကြောင်းဟူသောအနက်ကိုဟောသကဲ့သို့၊ ၍၌လည်း အာရမ္မဏသဒ္ဒါသည် ရှေသုံးဝါရနှင့်တွဲခိုက် အာရုံဟူသောအနက်ကိုဟော၍၊မောဃဝါရနှင့်တွဲခိုက် အကြောင်းဟူသော အနက်ကို ဟောသဖြင့် မောဃ ဝါရ၏ အကြောင်း ဟူသော အနက်သည် သင့်လျော်ပါသည်။

{အကယ်၍ အာရမ္မဏ သဒ္ဒါသည် အကြောင်း ဟူသော အနက်ကိုမဟောဘဲ အာရုံဟူသောအနက်ကိုသာဟောခဲ့သည်ရှိသော်၊ဘဝင်စလနသည် မိမိ မိမိ၏ကံစသော အာရုံ၌သာဖြစ်သောကြောင့် နောက်ဆုံး မောဃဝါရ၏ အတိပရိတ္တာရုံ၌ ဖြစ်ခြင်းမရှိနိုင်သည့်အတွက်"စတုန္ဒံ ဝါရာနံ အာရမ္မဏ ဘူတာ" ဟူသောစကားကို အနုရုဒ္ဓါဆရာ မကောင်းသဖြင့်ဆိုရာရောက်သွားမည်ဟူလို။}

† ပစ္စယောပိ ဟိ အာရမ္မဏန္တိ ဝုစ္စတိ၊ လဘတိ မာရော ဩကာရံ လဘတိမာရောအာရမ္မဏန္တ၊ ဒီသုဝိယ။တေနေဝေတ္ထမောဃ ဝါရဿာပိ အာရမ္မဏဘူတာ ဝိသယပ္ပဝတ္တိတိ သိဒ္ဓံ။ (ဋီ)

● စက္ခုဒ္ဓါရ, မနောဒ္ဓါရတို့သည် စက္ခုဒ္ဓါရိကဝိထိစိတ်တို့၏ ဒ္ဓါရကိစ္စကို ပြီးစေခြင်းအတူတူ ဖြစ်လျက်၊ စက္ခုဒ္ဓါရဝိထိသာခေါ်၍ မနောဒ္ဓါရဝိထိ-ဟု အဘယ့်ကြောင့် မခေါ်ပါသနည်း။

၇၇၇-ဖြေ။ ။အားကြီးသော စက္ခုဒွါရကို အစွဲပြု၍ ထို အားကြီးသော စက္ခုဒွါရ၌ ဖြစ်လာသောကြောင့် စက္ခုဒွါရ, စက္ခုဝိညာဏဝီထိ သာခေါ်၍ မနောဒွါရဝီထိ-ဟု မခေါ်ပါ။ (အဏ်ရ)

- ပဉ္စဒွါရဝီထိစိတ်တို့သည် အဘယ်ဝတ္ထုကိုမှီ၊ အဘယ်ကို အာရုံပြု၍ အဘယ်ဒွါရ၌ ဖြစ်ကြပါသနည်း။

၇၇၈-ဖြေ။ ။စက္ခုဝိညာဏ်သည် မဇ္ဈိမာယုက စက္ခုဝတ္ထုကိုမှီ၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်ခါ ဘဝင်္ဂစလနတွင် ထိခိုက် ထင်လာသော ရူပါရုံကိုအာရုံပြုပြီး စက္ခုဒွါရ၌ဖြစ်ပါသည်။ (သောတဝိညာဏ် စသည်ကို နည်းတူသိပါ။) ဤမှတပါးသော အာဝဇ္ဇန်း အစရှိသော ဝီထိစိတ်တို့သည် မိမိ မိမိတို့၏ရှေနားကဖြစ်သောစိတ်နှင့်အတူဖြစ်သော ဟဒယဝတ္ထုကိုမှီ၍ ထို ရူပါရုံကိုပင် အာရုံပြုပြီး မနောဒွါရ၌ ဖြစ်ကြပါသည်။ ရှေဘဝင်, နောက်ဘဝင်တို့သည် မိမိ၏ ရှေနားကဖြစ်သော စိတ်နှင့် အတူဖြစ်သော ဟဒယဝတ္ထုကိုမှီ၍ အတိတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဘတိနိမိတ်သုံးပါးတို့တွင် တပါးပါးကို အာရုံပြုကြပါသည်။

- ပဉ္စဒွါရ ဝီထိများကို ရသင့်သမျှ ရေတွက်၍ ဘုံ-ပုဂ္ဂိုလ်တို့ဖြင့် လည်း ဝေဖန်ပြပါ။

၇၇၉-ဖြေ။ ။အတိမန္တာရုံ ၁-ဝီထိ၊ မဟန္တာရုံ ၂-ဝီထိ၊ ပရိတ္တာရုံ ၆-ဝီထိ၊ အတိပရိတ္တာရုံ ၆-ဝီထိအားဖြင့် စက္ခုဒွါရ၌ ၁၅-ဝီထိ၊ ကျန်ဒွါရ များမှာလည်း ၁၅-ဝီထိ ဖြစ်ရကား- (၁၅×၅=၇၅) ပဉ္စဒွါရ၌ ၇၅-ဝီထိ ဖြစ်ပါသည်။ဘုံအားဖြင့် စက္ခု,သောတ,အတိမဟန္တာရုံ-၂။ သာနာဒိတ္တယ-၄၅။ ဤ ၄၇-ဝီထိတို့သည် ကာမ ၁၁-ဘုံ၌ဖြစ်ကုန်၏။ ကြွင်း ၂၈-ဝီထိတို့သည် ပဉ္စဝေါကာရ ၂၆-ဘုံ၌ ဖြစ်ကုန်၏။ (တဒါရုံ မကျသော အတိမဟန္တာရုံ ဝိဘူတာရုံ ဝီထိများ ရူပဘုံ၌ ဖြစ်ကြကုန်သေး၏။ကာမဘုံကိုသာရည်၍ အတိမဟန္တာရုံကို တဒါရုံဖြင့်မှတ်၍ ဆိုသည်။ ရူပဘုံ၌မဖြစ်၍မဟုတ်။) ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်လေးယောက်, ဖလဋ္ဌာန်လေးယောက် ဤရှစ်ယောက်၌ ဖြစ်ကြသည်။ (ဤပဉ္စဒွါရ၌ ဖြစ်သော ဝီထိစိတ်များကား-ကာမစိတ် ၅၄-ပါးသာတည်း။)

- ဝိထိစိတ္တာနိ သတ္တေဝ-စသော ဂါထာ၌ သတ္တ,စတုဒ္ဒသ,စတုပညာသ-အရတို့ကို အသီးသီး ရေတွက်ပြပါ။

၇၈၀-ဖြေ။ ။သတ္တ-အရကား-အဝိသေသကိစ္စအားဖြင့် ပဉ္စဒ္ဓါရာဝဇ္ဇန်း, စက္ခုဝိညာဏ် စသည် သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံ-တို့ ဖြစ်ပါသည်။ ။စတုဒ္ဒသ အရကား - စိတ်ဖြစ်ခြင်းခဏ၏ အစွမ်းဖြင့် (စိတ္တုပ္ပာဒ်အားဖြင့်) ပဉ္စဒ္ဓါရာဝဇ္ဇန်းအစ ဝုဋ္ဌော အဆုံးရှိသော စိတ် ၅-ခု၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် ဖြစ်ပါသည်။ စတုပညာသ-အရကား-စိတ်သရုပ်အကျယ် (ဝိတ္ထာရ) အားဖြင့်ကာမစိတ် ၅၄-ပါး ဖြစ်ပါသည်။

{ယထာရဟံ-အရ စက္ခုဒ္ဓါရ စသည်နှင့်လျော်စွာ ပဉ္စဝိညာဏ် စိတ်များဖြစ်ကြ၏။ ယောနိသော,အယောနိသောတို့နှင့်လျော်စွာ ကုသိုလ်, အကုသိုလ်ဇောများ ဖြစ်ကြ၏။ အာရုံ, ဇော, သတ္တဝါတို့နှင့်လျော်စွာ တဒါရုံများ ဖြစ်ကြ၏ဟုပြသည်။}

(ဋီ-ဇူ)

ပဉ္စဒ္ဓါရဝိထိ စိတ္တပ္ပဝတ္တိအဖြေ ပြီး၏။

မနောဒ္ဓါရ-ကာမဇောဝါရ အဖြေ

- မနောဒ္ဓါရ-၌ ပဉ္စဒ္ဓါရ၌ကဲ့သို့ အာရုံကို အတိမဟန္တာရုံ စသည်ဖြင့် မမှတ်ဘဲ အဘယ့်ကြောင့် ဝိဘူတ, အဝိဘူတ၏ အစွမ်းဖြင့် မှတ်ပါသနည်း။

၇၈၁-ဖြေ။ ။မနောဒ္ဓါရ၌ဖြစ်သောစိတ်တို့သည် ပစ္စုပ္ပန်အာရုံသာ မဟုတ်၊ အတိတ်, အနာဂတ် အာရုံလည်း ဖြစ်သောကြောင့် အတိမဟန္တာရုံစသည်ဖြင့် မှတ်ခြင်းငှာ မစွမ်းနိုင်၍ ထို အတိတ်, အနာဂတ် ဖြစ်သောအာရုံကိုဝိဘူတ,အဝိဘူတအစွမ်းဖြင့်သာမှတ်ရပါသည်။(ဋီ)

{ဘို့ကြောင့် ဧကစိတ္တက္ခဏာတီတာနိဝါ-စသောအစီရင်ကို စီစစ်ဘို့မလို ဟူလို၊ အဘီတဘဝင် ချဘွယ်လည်းမလို၊သို့သော် ပစ္စုပ္ပန်ရုပ်ကို အာရုံပြုသော မနောဒ္ဓါရ ဝိထိမှာကား-အတီတ

ဘဝင် ချရသေးသည်ဟု မှတ်။ ဤမနောဒွါရကား-သုဒ္ဓါ မနော ဒွါရ-တည်း။ မိဿက မနောဒွါရမဟုတ်၊သုဒ္ဓ မနောဒွါရသည် လည်း ပဥ္စဒွါရာ နုဗန္ဓက, ဝိသုံသိဒ္ဓအားဖြင့် ၂ -မျိုး ရှိသေး၏။ အကျယ်မခဲ့ပြီ။]

● ကာမဇောဝါရ မနောဒွါရဝိထိ-၌ အဘယ့်ကြောင့် ၄၁-ပါး သောစိတ်သာ ဖြစ်ပါသနည်း။

၇၈၂-ဖြေ။ ။ဒွေးပဉ္စဝိညာဏ်-၁၀၊ မနောဓာတ် ၃-ခုအားဖြင့် ၁၃-ပါးသောစိတ်တို့သည် ထိုမနောဒွါရ၌မဖြစ်သောကြောင့် ၄၁-ပါး သောစိတ်သာ ဖြစ်ပါသည်။ {ထို ၁၃-ပါးသော စိတ်တို့သည် အဘယ့် ကြောင့် မနောဒွါရ၌ မဖြစ်ကြပါသနည်းဟု ဆင့်ဆိုမေးသော်၊ပဉ္စဒွါရ၏ အသီးအခြား ဥစ္စာ ပဉ္စဒွါရ၌ အမြဲယှဉ်သောကြောင့်-ဟု ဖြေလေ။}

† ပဉ္စဒွါရာ ဝေဏှိကာနံ နွိပဉ္စ ဝိညာဏာ မနောဓာတုတ္တာယ ဝသေန ကေရသ စိတ္တာနံ တတ္ထ အပ္ပဝတ္တနတော။ (နွိ)

● ကာမဇောဝါရ မနောဒွါရဝိထိတိုင်း အတိတဘဝင် ကျနိုင်, မကျနိုင် စိစစ်ခဲ့ပါ။

၇၈၃-ဖြေ။ ။ဝိထိတိုင်း မကျနိုင်ပါ။ ၁၇-ချက်အသက်စေ့ကောင်း၍ ဝိညတ်ဒွေး လက္ခဏရုပ် ၄-ခုကြဉ်သော ပစ္စုပ္ပန်ရုပ် ဗာဝိသကိုအာရုံပြုသော မနောဒွါရ ဝိထိမျိုးသာ အတိတဘဝင် ကျနိုင်ပါသည်။ ၁၇-ချက် အသက်မစေ့ကောင်းသော ကာလ ၃-ပါး၌ဖြစ်သော ရုပ်, နာမ်, ပညတ်တို့ကို အာရုံပြုသော မနောဒွါရ ဝိထိမျိုးကား - အတိတ ဘဝင် မကျကောင်းပါ။

● အတိတဘဝင်ကျနိုင်သော ဝိထိမျိုးကို ရွေးချယ် စိစစ်ပြပါ။

၇၀၄-ဖြေ။ ။ကာမဇောဝါရလည်းဖြစ် သတ္တရသာယုကလည်းစေ့ ပစ္စုပ္ပန်ရုပ် ဗာဝိသတို့တွင် တပါးပါးကိုလည်း အာရုံပြုသော ဝိထိမျိုးမှ အတိတဘဝင် ကျနိုင်ပါသည်။

● အဘယ်ကြောင့် ဝိဘူတ,အဝိဘူတ-မည်ပါသနည်း။

၇၀၅-ဖြေ။ ။အာရုံကြီးမား ထင်ရှားခြင်း စိတ် အား ကြီး ခြင်း ကြောင့် ဝိဘူတ-မည်ပါသည်။ အာရုံမှေးမှိန်ခြင်း, စိတ်အားသေးခြင်း ကြောင့် အဝိဘူတ - မည်ပါသည်။ (ပရမတ္ထ ဒီပနီ-ဋီကာ အ လိုကို အောက်နားက ပြခဲ့ပြီ။)

{ကာမဇောဝါရဉ် ၂-ပါးလုံးရဏ်။အပွနာဇောဝါရဉ်ကား-ဝိဘူတ တမျိုးသာရဏ်။ဘုံအားဖြင့် ကာမဇောဝါရ ဝိဘူတာရုံ ဝိထိသည် ကာမဘုံဉ်သာရဏ်။ အဝိဘူတအာရုံကား-ဘုံ ၃၀-လုံးမှာ ရဏ်။}

● အိပ်မက်မြင်မက်သော ပုဂ္ဂိုလ်တို့သည် ပဉ္စဒ္ဓါရ, မနောဒ္ဓါရတို့တွင် အဘယ်ဒ္ဓါရဉ်ဖြစ်သောစိတ်ဖြင့် မြင်မက်ကြပါသနည်း။

၇၀၆-ဖြေ။ ။မနောဒ္ဓါရဉ်ဖြစ်သောစိတ်ဖြင့် မြင်မက်ကြပါသည်။

{အိပ်မက်သည် ဘဝင်ကျ၍ အိပ်ပျော်စဉ်လည်း မ,မက်၊ နိုးနေခိုက် ဇောဝါရဉ်လည်း မ,မက်၊ ထို ၂-ခု တခုခုကေန်ကေ မဆိုရသော မျောက်မျဉ်း အိပ်စဉ် အခါဉ်သာ မြင်မက်သည် ဟုမှတ်။}

† သုပိနံ ဟိ ပဿန္တော မနောဒ္ဓါရိကေ နေဝ ပဿတိ နပဉ္စဒ္ဓါရိကေ။ (တေရသကဏ်ဋီ)

† ကပိမိဒ္ဓပရေတော ခေါမဟာရာဇသုပိနံပဿတိ။(မိလိန္ဒပဉ္ဓာ)

● အိပ်မက်မြင်မက်သောပုဂ္ဂိုလ်အား ကုသိုလ်,အကုသိုလ်,အဗျာကတ သုံးပါးတို့တွင် အဘယ်တရား ဖြစ်သင့်ပါသနည်း။

၇၀၇-ဖြေ။ ။စေတီပုထိုးကို ဖူးမြင်ရခြင်း, တရားနာရခြင်း စသည်ကိုမြင်မက်မူ ကုသိုလ်ဖြစ်ပါသည်။သူ့အသက်ကို သတ်ရခြင်းစသည်ကို မြင်မက်မူ အကုသိုလ်ဖြစ်ပါသည်။ တို ၂-ပါးမှလွဲတ်သော အာဝဇ္ဇန်း တဒါရုံအခိုက်ဉ်မြင်မက်မူ အဗျာကတ ဖြစ်ပါသည်။ဤသို့သုံးမျိုးလုံးပင် ဖြစ်သင့်ပါသည်။

† တေနာယံ ကုသလောပိ ဟောတိ အကုသလောပိ အဗျာကတောပိ။ (ပါရာဇိကဏ် အဌကထာ)

- အိပ်မက်တွင်ဖြစ်ပေါ်သော ကုသိုလ်,အကုသိုလ်စေတနာသည် အကျိုးကို ပေးနိုင်ပါသလော၊အဘယ်အကျိုးမျိုးကို ပေးနိုင်ပါသနည်း။

၇၈၈-ဖြေ။ ။ထိုစေတနာသည်မှီရာဝတ္ထုရုပ် အားနည်း၍ပဋိသန္ဓေ အကျိုးကိုမပေး၊ပဝတ္တိအခါတပါးသော ကုသိုလ်,အကုသိုလ်စေတနာ အထောက်အပံ့ကို ရလျှင်ကား-ပဝတ္တိအကျိုးကို ပေးနိုင်ပါသည်။

(ပါရာဇိကဏ် အဋ္ဌကထာ)

- ပဉ္စဒွါရ-၌ ဝတ္ထုအာရုံထိခိုက်သောကြောင့် ဝီထိစိတ် ဖြစ်တန်စေ၊ မနောဒွါရ-၌ ဝတ္ထု အာရုံ ထိခိုက်ခြင်း မရှိဘဲလျက် အဘယ့်ကြောင့် ဝီထိစိတ် ဖြစ်နိုင်ပါသနည်း။

၇၈၉-ဖြေ။ ။မနောဒွါရ၌ အာရုံထင်သောကြောင့် ဝီထိစိတ် ဖြစ်နိုင်ပါသည်။

{မနောဒွါရ၌ အာရုံထင်ဟူသည် ဝတ္ထုအာရုံထိခိုက်၍ ထင်ခြင်းမျိုးမဟုတ်၊ မနောဒွါရာဝဇ္ဇန်း အာရုံပြုနိုင်သော အဖြစ်မျိုးကိုသာဆိုလိုသည်။အောက်နားက အမှာတွင်လည်းပြခဲ့ပြီးပြီ။}

- ဝီထိစိတ္တာနိတီဏေဝ-စသောဂါထာ၌ တီဏီ,ဒသ,စတ္တာလီသ အရတို့ကို အသီးသီး ကောက်ပြပါ။

၇၉၀-ဖြေ။ ။တီဏီ-အရကား-ကိစ္စအစွမ်းဖြင့် မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံတည်း။ ဒသ-အရကား-စိတ်ဖြစ်ခြင်းခဏ (စိတ္တုပ္ပာဒ်) ၏အစွမ်းဖြင့် မနောဒွါရာဝဇ္ဇန်း-၁၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ် တို့တည်း။ ဧကစတ္တာလီသ-အရကား-စိတ်သရုပ်အကျယ် (ဝိတ္ထာရ) အားဖြင့် ဒွေးပဉ္စဝိညာဏ်-၁၀၊မနောဓာတ် ၃-ခုကြဉ်သောကာဓစိတ် ၄၁-ပါးတို့တည်း။

မနောဒွါရ-ကာမဇောဝါရ အဖြေ ပြီး၏။

မနောဒွါရ-အပ္ပနာဇောဝါရ အဖြေ

●

● အပ္ပနာဇောဝါရ-၌ အဘယ့်ကြောင့် ဝိဘူဘ, အဝိဘူဘအပြားမရှိပါသနည်း။

၇၉၁-ဖြေ။ ။ကသိဏ်းပညတ် စသော အာရုံထင်သော အခါ၌သာလျှင် အပ္ပနာဇော ဖြစ်သင့်သောကြောင့် ဝိဘူတ, အဝိဘူတအပြား မရှိပါ။

[ဝိဘူတ, အဝိဘူတ ၂-ပါးသာ အပြား မရှိသည်၊ အာရုံထင်သောအခါမှဖြစ်သောကြောင့် ဝိဘူဘ ၁-ပါးတည်းမှကား ရှိသည်ဟု မှတ်လေ။ တနည်း....တဒါရုံ မဖြစ်သောကြောင့် ဝိဘူတ, အဝိဘူတအပြားမရှိ။(သခ်ပ)၌ အပ္ပနာဇောဝါရ-၌ ရုပ်အာရုံများမဟုတ်၊ကသိဏ်းအာရုံ, နိဗ္ဗာန်အာရုံများသာဖြစ်၍ အတီတဘဝင်ချဘွယ်မလို၊အပ္ပနာမည်ပုံကိုကား-ကမ္မဋ္ဌာန်းပိုင်း၌ ရှုပါ။]

† ဝိဘူတာ ဝိဘူတဘေဒေါ နတ္ထိ၊ အာရမ္မဏသာမ ဝိဘူတကာလေ ယေဝ အပ္ပနာသမ္ဘဝတော။ (ဋီ)

● အပ္ပနာဇောနောင် အဘယ့်ကြောင့် တဒါရုံ မကျပါသနည်း။

၇၉၂-ဖြေ။ ။အလွန် ငြိမ်သက်သော အပ္ပနာဇောသို့ မငြိမ်သက်သော တဒါရုံ မလိုက်နိုင်သောကြောင့် အပ္ပနာဇောနောင် တဒါရုံ မကျပါ။

† နဟိ အတိသန္တာတရုံ အပ္ပနာဇဝနံ တဒါရမ္မဏံ အနုဗန္ဓတိ။ (ပရမတ္ထဒီပနီ)

● အဘယ့်ကြောင့် ပရိကံ,ဥပစာ,အနုလုံ,ဂေါတြဘု-ဟု ခေါ်ပါသနည်း၊ ၎င်းတို့၏ အဓိပ္ပာယ်ကိုလည်း အသီးသီး ဖော်ပြပါ။

၇၉၃-ဖြေ။ ။“အပ္ပနံ ပရိကရောတိ ပဋိသန်ရောတိတိ ပရိကမ်ံ” ဟူသော ဝစနတ္ထနှင့်အညီ အပ္ပနာကို ပြုပြင်စီရင်တတ်,အပ္ပနာ ဖြစ်ပေါ်လာအောင် ပြုတတ်သောကြောင့် ပရိကံ-ဟုခေါ်ပါသည်။“အပ္ပနာယ သမီပေ အစိရံ တဒုပ္ပာဒနာယ စရတိ ပဝတ္တတီတိ ဥပစာရံ”ဟူသော

ဝစနတ္ထနှင့်အညီ အပ္ပနာ၏ အနီး၌ မကြာမြင့်မီ ထို အပ္ပနာဖြစ်လာရန် ဖြစ်တတ်သောကြောင့် ဥပစာ ခေါ်ပါသည်။ ရှေးအဘို့ဖြစ်သော ပရိကံ ဘို့အားပစ္စယုပ္ပန် အဖြစ်ဖြင့်၎င်း၊ အထက်ဖြစ်သော အပ္ပနာအားပစ္စည်း အဖြစ်ဖြင့်၎င်း လျော်သောကြောင့် အနုလုံ-ခေါ်ပါသည်။ "ဂေါတ္တံ အဘိဘဝတိ ဆိန္ဒတီတိ ဂေါတြဘု၊ ဂေါတ္တံ ဘာဝေတိ ဝဒေတီတိ ဂေါတြဘု" ဟူသော ဝစနတ္ထနှင့်အညီ ကာမအန္ဓယ်, ပုထုဇဉ်အန္ဓယ်ကို နှိပ်နင်း-ဖျက်ဆီး-ဖြတ်တောက် တတ်သောကြောင့်၎င်း, မဟဂ္ဂုတ် အန္ဓယ်, လောကုတ္တရာ အရိယာအန္ဓယ်ကို ပွားစေတတ်သောကြောင့်၎င်း ဂေါတြဘု-ဟု ခေါ်ပါသည်။ (အနုလောမ သည်ကား - အနုကုလတ္ထဝါစီ ရဋ္ဌီ အနိပ္ဖန္ဓ ပါဋိပဒိကပုဒ်ဖြစ်၍ ဝစနတ္ထ မပြုရ။)

{အပ္ပနာအနီး၌ဖြစ်သောကြောင့် ဥပစာဆိုသော် ဂေါတြဘု သာ ဥပစာမည်သင့်သော်လည်း မနီးလွန်းသော်လည်း အလွန်မဝေးလွန်းသောကြောင့်ဒုတိယစိတ်ကိုပင်ဥပစာဟုဆိုမှသည်။}

† နာစ္စာသန္ဓောပိ ဟိ နာတိဒူရပ္ပဝတ္တိ သမီပစာရီနာမ ဟောတိ။ (ဋီ)

{ဣတော ပုဗ္ဗေ ပရိကမ္မာနန္တိ နာနာဝဇ္ဇန ဝီထိယံ ပရိကမ္မာနံ ဟူသော မဟာဋီကာနှင့်အညီ ရှေးအဘို့ဖြစ်သော ပရိကံ-အရ ဤအပ္ပနာဝီထိတွင်းကပရိကံကိုမယူဘဲအပ္ပနာဝီထိသို့မရောက်မီ ရှေးရှေး ဝီထိတုံးက အပ္ပနာဖြစ်ပေါ်လာအောင်ပြုစီမံပေးတတ်သော ပရိကံဇောတို့ကိုယူလေ။ ဤဇော ၄-ခုတို့ကိုပရိကံဇော, ဥပစာဇော, အနုလုံဇော-ဟု ဆိုနိုင်သည်ချည်းတည်း။ အမည်ချင်း မထပ်အောင်သာ တမျိုးစီ ဆိုထားသည်။ ဂေါတြဘု-ဟူသောအမည်ကားနောက်ဆုံးဇောတခုကိုသာဆိုနိုင်သည်။}

● အနုရုဒ္ဓါဆရာသည် အဘယ် အကျိုးငှာ စတုက္ခတ္တံ၊ တိက္ခတ္တု၊ မေဝဝါ-ဟူ၍၎င်း, စတုတ္ထံ ပဉ္စမံဝါ-ဟူ၍၎င်း သန်္ဓာအစဉ်ကို ဆိုပါသနည်း။

၇၄၉-ဖြေ။ ။ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု အမည်လေးခုကို အကြွင်းအကျန်မရှိ အကုန်ရသော ဝါရကို ပြခြင်းအကျိုးငှာ စတုက္ခတ္တံ၊

ဘိက္ခတ္တုမေဝဝါ-ဟု စတုက္ခတ္တုသန်္ဓာကို အစထား၍ ဆိုပါသည်၊ ဤ၌ ကား - အရေအတွက် အစဉ်အတိုင်း ဆိုထားသည်ဟု သိစေခြင်းငှာ စတုတ္ထံ ပဉ္စမံဝါ-ဟု ပဉ္စမသဒ္ဒါကို နောက်ထား၍ ဆိုထားပါသည်။ သို့ ဆိုထားသော်လည်း အဖြောင့် အဓိပ္ပာယ် မှာကား-ခိပ္ပာဘိညပုဂ္ဂိုလ် အား ၃-ကြိမ်ဖြစ်သော ကာမာဝစရဇောနောင် ၄-ကြိမ်မြောက်၌ အပွနာဇောသည်ရင်း, ဒန္ဓာဘိညပုဂ္ဂိုလ်အား ၄-ကြိမ် ဖြစ် သော ကာမာဝစရဇောနောင် ၅-ကြိမ်မြောက်၌ အပွနာဇောသည်ရင်း ဖြစ် သည်ဟု အသီးသီး ခွဲခြမ်းစပ်ဟပ်၍မှတ်ပါလေ။ {ယထာရဟံအရကား-ခိပ္ပာဘိညဒန္ဓာဘိညအားလျော်စွာ ၄-ကြိမ် ၅-ကြိမ် ဖြစ်သည်ဟု ဆိုလိုသည်။} (ဋီ)

● စတုက္ခတ္တုံ တိက္ခတ္တုမေဝဝါ-၌ ဧဝ-သဒ္ဒါ, ဝါ-သဒ္ဒါ တို့ဖြင့် သိစေအပ်သောအနက်ကို ဖော်ပြပါ။

၇၉၅-ဖြေ။ ။စတုက္ခတ္တုမေဝ ဝါ-၌ ဧဝ-ဖြင့် ၅-ကြိမ်မြောက် ဂေါတြဘုဖြစ်ခြင်းကို တားမြစ်သည်။ ၅-ကြိမ်မြောက် ဂေါတြဘုသည် လျှောကျ တုန်လှုပ်ချိန် ဇောဖြစ်၍ ကာမပုထုဇဉ် အနွယ်ကို ဖြတ်၍ မဟဂ္ဂုတ် လောကုတ္တရာအနွယ်ကို မပွားစေနိုင်သောကြောင့်ဖြစ်သည်။ တိက္ခတ္တုမေဝ ဝါ-၌ ဧဝ-ဖြင့် ၂-ကြိမ်မြောက်၌ ဂေါတြဘု ဖြစ်ခြင်းကို တားမြစ်သည်။ အာသေဝနပစ္စည်းကိုမရသော် ပဌမဖြစ်သော အနုလုံက ဒုတိယဖြစ်သော ဝေါတြဘုကို မဖြစ်စေနိုင်သောကြောင့်ဖြစ်သည်။ ဝါ-သဒ္ဒါဖြင့် မန္ဒပညာပုဂ္ဂိုလ်အား ၄-ကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်အား ၃-ကြိမ်ဖြစ်ခြင်းကို ပြသည်။

{အဋ္ဌသာလိနီ၌ကား-မန္ဒ, မဇ္ဈိမ, မဟာပညာ ၃-စား ခွဲ၍ ၅-ကြိမ်မြောက်၌ ဂေါတြဘုဇော ဖြစ်ခွင့် ပေးသကဲ့သို့ ဖွင့်ပြသော်လည်း အခြား အဋ္ဌကထာများ၌ စီစစ်၍ ပယ်ထားသောကြောင့် မယူအပ်၊ ဤအတွက် ကာမဇောနောင် အပွနာဇောကျပုံ အယူအဆ ရှုပ်ထွေးကြ၏။} (ပရမတ္ထဒီပနီ)

● ယထာဘိနီဟာရဝသေန-၌ ယထာဘိနီဟာရ၏ အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြပါ။

၇၉၆-ဖြေ။ ။ရူပါဝစရ, အရူပါဝစရ အားလျော်သော သမထ ဘာဝနာစိတ်, လောကုတ္တရာ မဂ်, ဖိုလ် အားလျော်သော ဝိပဿနာ ဘာဝနာစိတ်ကို မိမိဥစ္စာဖြစ်သော အာရုံသို့ ရှေးရှု ဆောင်ခြင်းအား လျော်စွာ ၂၆-ပါးသော မဟဂ္ဂုတ် လောကုတ္တရာ ဇောတို့တွင် တခုခု သည် အပ္ပနာဇော အဖြစ်ဖြင့် ပေါ်လာသည်ဟူလို့။ (အဓိပ္ပာယ်)

† ယထာဘိနိဟာရ ဝသေနာတိ ရူပါရူပ လောကုတ္တရာ မဂ္ဂ ဖလာနုရူပ သမထ ဝိပဿနာ ဘာဝနာစိတ္တာဘိနိ ဟာရဏာနုရူပတော။ (ဋီ)

● အပ္ပနာဇောတို့သည် ၄-ကြိမ်မြောက် ဒေါက် အယုတ်အား ဖြင့်ရင်း, ၅-ကြိမ်မြောက်ထက် အလွန်အားဖြင့်ရင်း အဘယ့် ကြောင့် မဖြစ်ပါသနည်း။

၇၉၇-ဖြေ။ ။အာသေဝနပစ္စည်းကိုမရသော အနုလုံသည် ဂေါတြဘုကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်ပါ။ အာသေဝနပစ္စည်းကိုပင် ရပါသော်လည်း ၆-ကြိမ်မြောက် ၇-ကြိမ်မြောက်၌ ဖြစ်သော ဇောသည် ဘဝင်ကျဘိုးနေသောကြောင့် ကမ်းပါးပြတ်အနီးသို့ပြေးသော ယောကျ်းသည် ထောက်တည်ရာမရဘဲ ကိုယ်ကို မဟန်နိုင်သကဲ့သို့၊ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်ပေါ် တည်တံ့ခြင်းငှာ မစွမ်းနိုင်ပါ။ ထို့ကြောင့် အပ္ပနာဇောတို့သည် ၄-ကြိမ်မြောက်အောက် အယုတ်အားဖြင့်ရင်း, ၅-ကြိမ်မြောက်ထက် အလွန်အားဖြင့်ရင်း မဖြစ်ခြင်း ဖြစ်ပါသည်။ (ဋီ)

{၃-ကြိမ်မြောက်၌ အပ္ပနာ ဖြစ်လျှင် နု, ဂေါ, ဗျာန်-ဤသို့ ဖြစ်ရမည်။ သို့ဖြစ်လျှင် အနုလုံသည် ပဌမဇော ဖြစ်၍ သူ့ရှေ့က ဇောမရှိသဖြင့် အာသေဝန ပစ္စည်းကိုမရ၊ အာသေဝန ပစ္စည်း မရလျှင် ဂေါတြဘုကို မဖြစ်စေနိုင်၊ ထို့ကြောင့် ၄-ကြိမ်မြောက် အောက် အယုတ် ၃-ကြိမ်မြောက်မှာ အပ္ပနာမဖြစ်နိုင်ဟု ဆိုလို သည်။ ဤ ဋီကာဝါဒကိုပယ်ပြီး ၆-ကြိမ်မြောက်၌ အပ္ပနာမက် ဇောကျပုံကို အဋ္ဌကထာကိုး၍ သခ်ၤပဋီကာဆရာဆိုသေး၏။

● တဲ့တော ပရံ ဘဝင်္ဂပါတောဝ ဟောတိ-ဟူ၍သာ မဆိုဘဲ၊ အဘယ့်ကြောင့် အပ္ပနာ ဝသာနေ-ဟူသောစကားကို နောက်၌ထပ်၍ ဆိုပါသနည်း။

၇၉၈-ဖြေ။ ။တတော ပရံ ဘဝင်္ဂပါတောဝ ဟောတိ-လောက်တွင်ဆိုက ၄-ကြိမ် ၅-ကြိမ်မြောက် ဖြစ်သော အပ္ပနာဇောနောင် ဘဝင်သာ ကျတော့သည်၊ မဂ္ဂဝီထိ, သမာပတ္တိဝီထိတို့နောင် ဗျာန်ဇော, ဖိုလ်ဇောများ အကြိမ်များစွာဖြစ်ခွင့်မရှိတော့ပြီဟု မှတ်ယူမည်စိုးသောကြောင့်၊ ထိုသို့ မမှတ်ရအောင် အပ္ပနာဝသာနေ-ဟူသော စကားကို နောက်ထပ်တဖန် ဆိုရပြန်ပါသည်။

{သိစေလိုရင်းကား-ဤအာဒိကမ္မိကဗျာန ဝီထိ၌ ဗျာန်ဇော ၁-ကြိမ်နောင် ဘဝင်ကျသကဲ့သို့မဟုတ်ဘဲ၊ မဂ္ဂဝီထို၌ မဂ်နောင် ဖိုလ်ဇော ၂-ကြိမ် ၃-ကြိမ်၊ သမာပတ္တိ ဝီထို၌ ဗျာန်ဇော, ဖိုလ်ဇော အကြိမ်များစွာဖြစ်ပြီးမှ ဘဝင်ကျသည်ဟု သိစေလိုရင်း ဖြစ်သည်။} (ဋီ)

● ဘဝင်္ဂပါတော-လောက်တွင်မဆိုဘဲ အဘယ်အကျိုးငှာ ဘဝင်္ဂပါတောဝ-ဟု ဧဝ-သဒ္ဒါနှင့် ဆိုပြန်ပါသနည်း။

၇၉၉-ဖြေ။ ။ဇောတဝနဝါသီ, အဘယဂိရိဝါသီ ဂိဏ်းသားတို့သည် ဗျာန အာဒိကမ္မိက အပ္ပနာဝီထို၌ ဗျာန်ဇော ၁-ကြိမ်နောင် ဇော ၇-ကြိမ်ပြည့်စေခြင်းငှာ ကာမဇော ၂-ကြိမ် ၃-ကြိမ်ဖြစ်သေးသည်ဟု အယူ ရှိကြသောကြောင့် ထိုအယူကို တားမြစ်ခြင်း အကျိုးငှာ အဝ မာရဏာ ဧဝ-သဒ္ဒါနှင့် ဆိုရပြန်ပါသည်။ (ဋီ)

● သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် ဇော ၄-ခု နောင် ဥပေက္ခာသဟဂုတ် အပ္ပနာကို အဘယ့်ကြောင့် အလိုမရှိအပ်ပါသနည်း။

၈၀၀-ဖြေ။ ။ဝေဒနာ ပြားသော ဇောအချင်းချင်း အာသေဝန ပစ္စည်းမတပ်သောကြောင့် အလိုမရှိအပ်ပါ။

† ဘိန္ဒ ဝေဒနာနံ အညမညံ အာသေဝန ပစ္စယဘာဝဿ အနုဒ္ဓဋ္ဌာ။ (ဌီ)

● ဉာဏသမ္ဗယုတ် ကုသိုလ်ဇော ၄-ခုနောင် အဘယ့်ကြောင့် ကြိယာ အပ္ပနာဇော မဖြစ်ပါသနည်း။

၈၀၁-ဖြေ။ ။ပြားသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ် သော ကြောင့် (ပုဂ္ဂိုလ်သန္တာန် ပြားသောကြောင့်) ကြိယာအပ္ပနာဇော မဖြစ်ပါ။

† ဘိန္ဒသန္တာနေ နိဗ္ဗတ္တနတော။ (ဌီ)

● မဟာကုသိုလ် ဉာဏ ဝိပ္ပယုတ်ဇောတို့နောင် အဘယ့်ကြောင့် အပ္ပနာဇော-တို့ မဖြစ်ပါသနည်း။

၈၀၂-ဖြေ။ ။ဒွိဟိတ် ဇောတို့သည် မခိုင်မြဲသော သဘောရှိသည် ဖြစ်၍၊ အပ္ပနာဇောအား အနန္တရူပနိဿယ ပစ္စည်းဖြင့် ကျေးဇူးမပြုနိုင် သောကြောင့် မဟာကုသိုလ် ဉာဏဝိပ္ပယုတ်ဇောနောင် အပ္ပနာဇော တို့ မဖြစ်ကြပါ။

† ဉာဏရဟိတံ ဒွိဟေတုကဇဝနံ အထိရသဘာဝတ္တာ အပ္ပနာယ အနန္တရူပနိဿယော နဟောတိ။ (ပရမတ္ထဒီပနီ)

● ဒွတ္တိံသ သုခပုညမှာ-၈၊ထာ၌ ဒွတ္တိံသ-အရ, ဒွါဒသ-အရ, အဋ္ဌ-အရ, ဆ-အရတို့ကို အသီးသီး ရေတွက်ပြပါ။

၈၀၃-ဖြေ။ ။ဒွတ္တိံသ အရကား-ရူပကုသိုလ် သောမနဿ-၄၊မဂ် သောမနဿ-၁၆၊အောက်ဖိုလ်သုံးခု သောမနဿ-၁၂၊ပေါင်း-၃၂။ ဒွါဒသ အရကား-ရူပကုသိုလ် ဥပေက္ခာ-၁၊ အရူပကုသိုလ် ဥပေက္ခာ ၄၊ မဂ် ဥပေက္ခာ-၄၊ အောက်ဖိုလ်သုံးခု ဥပေက္ခာ-၃၊ ပေါင်း-၁၂။ ။ အဋ္ဌ အရကား—ရူပကြိယာ သောမနဿ-၄၊ အရဟတ္တဖိုလ် သော မနဿ-၄၊ ပေါင်း-၈။ ။ဆ, အရကား—ရူပကြိယာ ဥပေက္ခာ-၁၊ အရူပကြိယာ ဥပေက္ခာ-၄၊ အရဟတ္တဖိုလ်ဥပေက္ခာ-၁၊ပေါင်း ၆-ပါး ဖြစ်ပါသည်။

- (၁) တိဟိတ်ပုထုဇဉ် အောက် ဖလဌာန် သုံးယောက် တို့၏ တိဟိတ် ကာမကုသိုလ် ၄-ခုနောင်၊ (၂) ရဟန္တာပုဂ္ဂိုလ်တို့၏ တိဟိတ် ကာမကြိယာ ၄-ခုနောင် အပွနာဇောမည်မျှစောနိုင်ပါသနည်း။

၈၀၄-ဖြေ။ ။(၁) အရဟတ္တဖိုလ်စိတ် ၅-ခုကြဉ် လောကုတ္တရာစိတ်-၃၅၊ မဟဂ္ဂုတ်ကုသိုလ်-၉၊ ပေါင်း ၄၄-ပါး စောနိုင်ပါသည်။ ။ (၂) အရဟတ္တဖိုလ်စိတ် ၅-ခု၊ မဟဂ္ဂုတ်ကြိယာ-၉၊ ပေါင်း ၁၄-ပါး စောနိုင်ပါသည်။

{ပုထုဇ္ဇနာန ။လ။ ဝိတရာဂါနမပွနာ-ဂါထာ အရတည်း၊ ဒွတ္တိံသ သုခပှညမှာ-ရှေဂါထာက ဒွတ္တိံသ-အရ, ဒွါဒသ-အရကို ပေါင်းလိုက်လျှင် ပုထုဇ္ဇနာန သေက္ခာနံ၊ နောက်ဂါထာ၌ စတုစတ္တာလီသ (၄၄) ပါးဖြစ်လာသည်။ထို့အတူ ရှေဂါထာက အဋ္ဌ-အရနှင့် ဆ-အရကိုပေါင်းလိုက်လျှင် နောက်ဂါထာ၌ စတုဒ္ဒသ(၁၄) ပါး ဖြစ်လာသည်ဟု မှတ်။}

မနောဒွါရ-အပွနာဇောဝါရအဖြေ ပြီး၏။

မနောဒွါရဝိထိ စိတ္တပွဝတ္တိအဖြေ ပြီးပြီ။

တဒါရမ္မဏနိယမ အဖြေ

- ဇုဋ္ဌေကုသလဝိပါကာနိ-၌ဇုဋ္ဌ-အရကုသလဝိပါကာနိ-အရယူသင့်သော အာရုံ,ရသင့်သောကုသလဝိပါက်များကိုညွှန်ပြပါ။

၈၀၅-ဖြေ။ ။အတိ ဇုဋ္ဌာရုံကို အသီးအခြား ဆိုလတ္တံ့ဖြစ်၍ ဇုဋ္ဌေဟု ဆိုသော်လည်း ဇုဋ္ဌ-အရ ဇုဋ္ဌမဇ္ဈတ္တာရုံကို ယူရပါမည်။ ကုသလဝိပါကာနိ-အရ ကုသလဝိပါက်,ပဉ္စဝိညာဏ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ, တဒါရုံ-တို့ကို ယူရပါမည်။ (ဋီ)

{၏ ဇုဋ္ဌ, အနိဋ္ဌ ဖြစ်ပုံကို အလယ်အလတ်စား ပုဂ္ဂိုလ်အားဖြင့်၎င်း၊ ဝိပါက်စိတ် အားဖြင့်၎င်း၊ ဒွါရ,ကာလ,အဆင်း, အနှံ့စသည်အားဖြင့်၎င်း ခွဲခြားမှတ်သားရမည်။}

● အနိဋ္ဌာရုံ၌ အကုသလဝိပါက်၊ ဣဋ္ဌာရုံ၌ ကုသလဝိပါက် တို့ကို သာ အဘယ့်ကြောင့် ချရပါသနည်း။

၈၀၆-ဖြေ။ ။အနိဋ္ဌာရုံနှင့်တွေ့ဆုံကြုံကြိုက်ရခြင်းသည် အကုသိုလ်က် အကျိုးပေးဖြစ်သောကြောင့် အနိဋ္ဌာရုံ၌ အကုသလဝိပါက်ကို ချရပါသည်။ ဣဋ္ဌာရုံနှင့် တွေ့ဆုံ ကြုံကြိုက်ရခြင်းသည် ကုသိုလ်ကံ အကျိုးပေးဖြစ်သောကြောင့် ဣဋ္ဌာရုံ၌ ကုသလဝိပါက်ကို ချရပါသည်။
(ပရမတ္ထဒီပနီ)

● အတိ ဣဋ္ဌာရုံ၌ ဥပေက္ခာ သဟဂုတ် သန္တီရဏ တဒါရုံတို့ ဖြစ်ကောင်းသည် မဟုတ်ပါလော၊ သို့ဖြစ်လျက် အဘယ့်ကြောင့် အနုရုဒ္ဓါဆရာသည် အတိဣဋ္ဌပန သောမနဿ သဟဂတာနေဝ-စသော စကားကို ဆိုပါသနည်း။

၈၀၇-ဖြေ။ ။ဣဋ္ဌမဇ္ဈတ္တာရုံ၌ သန္တီရဏ,တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်များသာဖြစ်ကြသောကြောင့် အတိဣဋ္ဌာရုံ၌သောမနဿသာဖြစ်သင့်၍ အတိဣဋ္ဌပန-စသော စကားကို အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။ (ဋီ)

● အတိဣဋ္ဌာရုံ၌ အဘယ့်ကြောင့် သောမနဿ သဟဂုတ် သန္တီရဏ,တဒါရုံများသာ ဖြစ်ကြပါသနည်း။

၈၀၈-ဖြေ။ ။ကြီးမုံမှန်၌ ထင်လာသော မျက်နှာရိပ်သည် တစုံတရာ အထူးကြီခြင်း, လုံလုပြုခြင်းမရှိဘဲ မျက်နှာလှပ်လျှင်လှပ်, စောင်းလျှင် စောင်းသလို အကြောင်းကံ၏အာနုဘော်အစွမ်းကြောင့်ဖြစ်ပေါ်လာသောအကျိုးဝိပါက်တရားဘို့သည်လည်း ဘစုံတရာလုံလဉ်ဃာဟအားထုတ်မှုမရှိ၊ လုံလဉ်ဃာဟ ဗျာပါရစိုက်၍ အာရုံကို ယူမှုမရှိ၊ ထင်လာတိုင်းသော ကံအာရုံအတိုင်းသာ ဝေဒနာယှဉ်မှုဖြစ်သောကြောင့် အတိဣဋ္ဌာရုံ၌ သောမနဿ သဟဂုတ်သာဖြစ်သော သန္တီရဏ,တဒါရုံများ ဖြစ်ကြပါသည်။ {ဣဋ္ဌ မဇ္ဈတ္တာရုံမှာ ဥပေက္ခာ ဝေဒနာနှင့် အပြန်အားဖြင့် သိပါ။} (ဋီ)

● ကုသိုလ်, အကုသိုလ် ဧောတို့မှာ ထင်လာသော အာရုံ အား လျော်စွာ အဘယ့်ကြောင့် ဝေဒနာယှဉ်ခြင်း မဖြစ်ပါသနည်း။

၁၀၉-ဖြေ။ ။ကုသိုလ်, အကုသိုလ်ဧောတို့မှာကိလေသာဝိပလ္လာသ ဘာရုံးတို့ကို မဂ်ဖြင့် အကြွင်းမဲ့ မပယ်ရသေးသော ပုထုဇဉ်သေက္ခတို့၏ သန္တာန်၌ဖြစ်၍၊ အတိဋ္ဌာရုံကို ဋ္ဌမဇ္ဈာန်, အနိဋ္ဌ အခြင်းအရာအားဖြင့်ဌင်း, အနိဋ္ဌာရုံကို ဋ္ဌ, ဋ္ဌမဇ္ဈာန် အခြင်းအရာအားဖြင့်ဌင်း ဖောက်လွဲဖောက်ပြန် ယူတတ် ရှုတတ်သောကြောင့် ထင်လာတိုင်းသော အာရုံအားလျော်စွာ ဝေဒနာယှဉ်ခြင်း မဖြစ်နိုင်ပါ။

{ထို့ကြောင့် သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်တို့မှာဘုရားစသော အတိဋ္ဌာရုံ၌လည်း ဥပေက္ခာဧော ဖြစ်၏။ တိဏ္ဍိတို့မှာကား-ထို ဘုရားစသောအာရုံ၌ ဒေါသဧောပင် ဖြစ်သေး၏။ နက်နဲသော သဘောရှိသော ပုဂ္ဂိုလ်တို့မှာ ပဋိကူလ အနိဋ္ဌာရုံ၌ ဥပေက္ခာဧော ခွေး, ဝက်, ကြက်, ငှက် စသည်တို့မှာကား-ထို ပဋိကူလ အနိဋ္ဌာရုံမှာပင် သောမနဿ ဧောများ ဖြစ်ကြလေသည်။} (ဋီ)

● ကုသိုလ်, အကုသိုလ်ဧောတို့သည်အာရုံအတိုင်းမဖြစ်ကဌင်းဘို့ရှေ့, နောက်အတို့၌ဖြစ်သော ဝိပါက်တို့မှာ အဘယ်သို့ ဖြစ်ပါသနည်း။

၁၁၀-ဖြေ။ ။ကုသိုလ်, အကုသိုလ်ဧောတို့မှာ အာရုံအတိုင်းမဖြစ်သော်ငြားလည်း ဌင်းတို့၏ အကျိုး ဝိပါက် များမှာကား - အာရုံ အတိုင်း ကုသလဝိပါက်, အကုသလဝိပါက်များ ဖြစ်ကြပါသည်။ ပြောင်းလွဲခြင်း မရှိပါ။

{ခွေးသည် မစင်ကိုမြင်၍ ဝမ်းမြောက်နှစ်သက်ခြင်း ဝိပလ္လာသ ဋ္ဌာရုံ ဖြစ်သော်လည်း မစင်သည် ပကတိအားဖြင့် ပဋိကူလ အနိဋ္ဌာရုံဖြစ်၍ ထိုအနိဋ္ဌာရုံ အားလျော်စွာ အကုသလဝိပါက် အကျိုးသာ ဖြစ်ရာသည်ဟူလို။ ထို့ကြောင့် ရှေးဆရာကြီးများသည် "ဝိပါက်မှာအမှန်-ဧောမှာအပြန်" ဟု ဆိုရိုးပြုခဲ့ကြသည်။ ။ဝိပါက်မှာ အာရုံအတိုင်းဖြစ်သည် ဆိုသော်လည်း စက္ခုဝိညာဏ် စသည်တို့မှာ အတိဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ ဖြစ်

သော်လည်း ဥပေက္ခာ သဟဂုတ်သာ ဖြစ်ရခြင်း အကြောင်းကို အောက် အဟိတ်စိတ်အဖြေမှာ ဆိုခဲ့တိုင်း သိပါလေ။ }

† ပုရိမပစ္ဆာဘာဂပ္ပဝတ္တာနိ ပန ဝိပါကာနိယထာဝတ္ထုကာနေဝ၊ အပိစ အသုစိဒဿနေ သုမနာယ မာနာနံ သုနခါဒီနံ။ (ဋီ)

● ပုထုဇဉ်သေက္ခတို့၏ ကုသိုလ်,အကုသိုလ် သောမနဿ ဇောနောင် ဥပေက္ခာ တဒါရုံ၊ ဥပေက္ခာ ဇောနောင် သောမနဿ တဒါရုံဖြစ်သလို၊ ရဟန္တာတို့၏ ကြိယာဇောနောင် အဘယ့်ကြောင့် မဖြစ်ပါသနည်း။

၈၁၁-ဖြေ။ ။ရဟန္တာပုဂ္ဂိုလ်တို့မှာစိတ္တဝိပလ္လာသမရှိသောကြောင့် ကုသိုလ်,အကုသိုလ်ဇောနောင်တဒါရုံကဲ့သို့မဖြစ်ဘဲ အာရုံအတိုင်းသာ သောမနဿ သဟဂုတ် ကြိယာဇောနောင် သောမနဿ တဒါရုံ, ဥပေက္ခာသဟဂုတ် ကြိယာဇောနောင် ဥပေက္ခာ တဒါရုံသာ ဖြစ်ရပါသည်။

{ကုသိုလ်, အကုသိုလ် ဇောမှာသာ ဝိပါက်အမှန် - ဇောအပြန်ဖြစ်၍၊ ကြိယာဇောများမှာကား - ဝိပါက်လည်းအမှန်-ဇောလည်း အမှန်ပင်၊ ဤကား-ပကတိနီဟာရ၏အစွမ်းဖြင့်ဖြစ်သော ကြိယာဇောများကိုသာ ဆိုလိုသည်။ စိတ္တာဘိသခ်ါရ၏ အစွမ်းဖြင့်ဖြစ်သောကြိယာဇောများမှာကား-ဇူဌာရုံမှာလည်း ဥပေက္ခာဝေဒနာ, အနိဌာရုံမှာလည်း သောမနဿ ဝေဒနာ ယှဉ်နိုင်သေးသည်ဟု အထူးမှတ်လေဦး။}

† ခီဏာသဝါနံစိတ္တဝိပလ္လာသာဘာဝေနကြိယဇဝနာနိပိယထာ ရမ္မဏမေဝ ပဝတ္တန္တိ။ (ဋီ)

● ကုသိုလ်,အကုသိုလ်ဇောနောင် တဒါရုံကျခြင်းကိုသာ ပဋ္ဌာန်း၌ ဟောသောကြောင့် ကြိယာဇောနောင် တဒါရုံကျခြင်းကို ဆိုသဖြင့် သင့်ပါမည်လော။

၈၁၂-ဖြေ။ ။သင့်ပါသည်၊ ကြိယာဇောနောင် တဒါရုံကျခြင်းကို ဘုရားမဟောသည်ကား မှန်ပါသည်။ သို့သော် မရသင့်၍ မဟောခြင်း မဟုတ်ပါ၊ ရသင့်လျှက် မဟောခြင်းဖြစ်၍ သင့်ပါသည်။

{အကယ်၍ ကြိုယာဇောနောင် တဒါရုံကျခြင်းကိုဟောခဲ့အံ့၊ ပရိတ္တာရုံဝိထိဒ္ဓဝုဋ္ဌောနောင်တဒါရုံဖြစ်သည်ဟုမှတ်ထင်ခဲ့ရာ၏၊ ထို့ကြောင့် မဟောခြင်းဖြစ်ပါသည်။ သို့ မဟောသော်လည်း မရသင့်၍ မဟုတ်, ရသင့်လျက် မဟောခြင်းဖြစ်၍၊ ကြိုယာဇောနောင် တဒါရုံကျခြင်းကို ဆိုသင့် ဆိုထိုက်လှသဖြင့် သင့်မြတ်သည်ဟူလို၊ ဓမ္မသင်္ဂဏီဋ္ဌ ဟဒယဝတ္ထုကို ရအပ်လျက် ဒေသနာအစဉ် ပျက်ခြင်းမှ စောင့်ရှောက်ခြင်းငှာ မဟောသကဲ့သို့ ဤဌာန မဟောခြင်းမျှ ဖြစ်သည်ဟု မှတ်ပါ။ မူလဋီကာ ဆရာကား-ပဋ္ဌာန်းဋ္ဌ ဘုရားမဟော၍ ကြိုယာဇောနောင်တဒါရုံဖြစ်ခြင်းမရှိဟု မိန့်တော်မူ၏။ အနုရုဒ္ဓါဆရာနှင့် မဆန့်ကျင်အောင် သင့်လျော်သောအဖြေမှာ အထက်ပါအတိုင်းဖြစ်သည်။} (ဋီ)

● ဒေါမနဿသဟဂုတ် ဇော၏အဆုံးဋ္ဌ သောမနဿ သဟဂုတ် တဒါရုံဘဝင်တို့သည် အဘယ့်ကြောင့် မဖြစ်ပါသနည်း။

ဂဃဉ-ဖြေ။ ။အချင်းချင်း ဆန့်ကျင်သောသဘော ရှိသောကြောင့် မဖြစ်ပါ။

† အညမညံ ဝိရုဒ္ဓသဘာဝတ္တာ။ (ဋီ)

● အဘယ် ဇောနောင် အဘယ် တဒါရုံများ ဖြစ်နိုင်ပါသနည်း၊ ရနိုင်သမျှ အသီးသီးရေတွက်ပြပါ။

ဂဃဂ-ဖြေ။ ။လောဘမူဇော-၈၊ မောဟမူဇော-၂၊ မဟာကုသိလဇော ၈-ခုတို့နောင် တဒါရုံကောဒဿလုံးဖြစ်နိုင်ပါသည်။ဒေါသဇောနောင် ဥပေက္ခာတဒါရုံ ၆-ခုသာဖြစ်နိုင်ပါသည်။သောမနဿကြိုယာဇော ၅-ခုနောင် သောမနဿ တဒါရုံ ၅-ခုသာ ဖြစ်နိုင်ပါသည်။ ဥပေက္ခာ ကြိုယာဇော ၄-ခုနောင် ဥပေက္ခာ တဒါရုံ ၆-ခုသာဖြစ်နိုင်ပါသည်။

† ပရိတ္တကုသလာဒေါသ၊ ပါပသာတကြိုယာဇဝါ။
ပဋ္ဌေသ္မေကံ တဒါလမ္ဗံ၊ သုခိတေသု ယထာရဟံ။ ။
ပါပါ ကာမသုဘာစေဝ၊ သောပေက္ခာစ ကြိုယာဇဝါ။
ဒေသောပေက္ခေသု တဒါလမ္ဗံ၊ဆဋ္ဌေကမနုရူပတော။ ။ (ဋီ)

* လော-မော-ကု-နောင်, အကုန်ဆောင်၍, ဒေါနောင် ဥ-ဆ, သောမနကြိမှာ, သောပဥ္ဇာတည်း, ကြိယာ ဥ-မှ, ဥ-ဆ၊တဒါ, ဖြစ်ဘိုလာသည်။ ။သေချာမှတ်လေ-အမြဲတည်း။ (သစ်)

● အဘယ် ပုဂ္ဂိုလ်နောင် အဘယ်တဒါရုံများ ဖြစ်သည်ဟု အသီးသီး ဖော်ပြပါ။

၈၁၅-ဖြေ။ ။ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်မှာ အဟိတ် တဒါရုံ သုံးပါး။ သုဂတိအဟိတ်, ဒွိဟိတ် ၂-ယောက်မှာ အဟိတ် တဒါရုံသုံး၊ ဒွိဟိတ် တဒါရုံလေး၊ပေါင်း ၇-ပါး၊ တိဟိတ်ဖလဌာန်ငါးယောက်မှာ တဒါရုံ ဧကာဒသ အကုန်ဖြစ်ပါသည်။

* အဟိတ်တဒါ, သုံးပါးမှာ, ဒုသာအမှန်ဖြစ်။
* အဟိတ်ဒွိဒါ, ၇-ဖြာ, သုမှာ ဒွိဌ်ဖြစ်။
* ဧကာဒသံ, တိ-ဖလန်, ငါးတန်သူတိုဖြစ်။ (သစ်)

● ဇောဖြင့်သာ တဒါရုံကိုမှတ်၍ ဉာဏသမ္ပယုတ် ဇောနောင် ဉာဏသမ္ပယုတ် တဒါရုံ ဖြစ်သည် စသော သမ္ပယုတ်, ဝိပ္ပယုတ်ဖြင့် တဒါရုံကို အဘယ့်ကြောင့် မမှတ်ပါသနည်း။

၈၁၆-ဖြေ။ ။ဇောဖြင့် တဒါရုံကို မှတ်ခြင်းကား-ဧကန္တိက နည်းဖြစ်၍၊ ဉာဏသမ္ပယုတ်, ဝိပ္ပယုတ်ဖြင့် မှတ်ခြင်းကား - အနေကန္တိက နည်းဖြစ်သောကြောင့် ဇောဖြင့်သာ တဒါရုံကိုမှတ်၍ ဉာဏသမ္ပယုတ်, ဝိပ္ပယုတ်ဖြင့် တဒါရုံကို မမှတ်ပါ။

{အကုသိုလ်ဇော-၌ အလေ့အကျက်များသူအား တခါတရံ အကုသိုလ်ဇော စောသောအခါ တိဟိတ်ကုသိုလ်ဇောနောင်မှ အဟိတ်တဒါရုံဖြစ်သည်။ ကုသိုလ်ဇော၌ အလေ့အကျက်များသူအား တခါတရံအကုသိုလ်ဇောစောသောအခါ အကုသိုလ်ဇောနောင်မှ တိဟိတ် တဒါရုံ ဖြစ်သည်။ ဤသို့ ဉာဏသမ္ပယုတ် ဝိပ္ပယုတ်ဖြင့်မှတ်ခြင်းကား-အနေကန္တိကဖြစ်သည်ဟူလို။}(ဋီ)

● (၁) သောမနဿနှင့် ပဋိသန္ဓေနေသော တိတ္ထိ စသောပုဂ္ဂိုလ်အား ဘုရားစသော အတိဒုဋ္ဌာရုံကိုတွေ့၍ ဒေါသဇော ဖြစ်ရာ၌ ၎င်း၊ (၂) သောမနဿနှင့် ပဋိသန္ဓေနေသော ဈာနလာဘီပုဂ္ဂိုလ်အား မလျော်မပတ်သော ကာမအာရုံ စသည်ကြောင့် လျော်ကျပြီးသော ဈာန်ကို အာရုံပြု၍ နှလုံးမသာယာ ဖြစ်ရာ၌ ၎င်း အဘယ်တဒါရုံ, အဘယ်ဘဝင်များ ကျနိုင်ပါသနည်း။

၈၁၇-ဖြေ။ ။(၁)-မှာ ဒေါသဇောနောင်ဖြစ်၍ သောမနဿ တဒါရုံ မကျနိုင်။ အတိဒုဋ္ဌာရုံဖြစ်၍ ဥပေက္ခာ တဒါရုံလည်း မကျနိုင်။

(၂)-မှာ ကာမာဝစရအာရုံ မဟုတ်၊ မဟဂ္ဂုတ် အာရုံ ဖြစ်သောကြောင့် တဒါရုံ မကျနိုင်။

ထို့ကြောင့် ဤတဘဝတည်းတွင် ရှေးအခါက အလေ့အကျက် များခဲ့သော ကာမအာရုံကို အာရုံပြု၍၊ ဥပေက္ခာ သဟဂုတ်-သန္တီရဏ စိတ်သည် အာဝဇ္ဇန်းက ဘဝင်အဖြစ်ဖြင့် ကျပါသည်။ ထိုနောင် ထို အာဝဇ္ဇန်းကဘဝင်ကို အနန္တရပစ္စည်းပြု၍ ကျိုးဖြစ်သော သောမနဿ ဘဝင် ကျပါတော့သည်။

{ထို ဥပေက္ခာ သဟဂုတ် သန္တီရဏသည် ဇော၏ အာရုံကို မယူသောကြောင့် တဒါရုံကိစ္စဖြင့်မဖြစ်၊ သမ္ပဋိစ္ဆိုင်းသည် ခံယူအပ်သော အာရုံကို စုံစမ်းသောအားဖြင့် မဖြစ်သောကြောင့် သန္တီရဏ ကိစ္စဖြင့်လည်း မဖြစ်၊ ပဝတ္တိအခါမှာဖြစ်၍ ပဋိသန္ဓေ စုတိကိစ္စတို့ဖြင့်ဖြစ်ဘို့ကား ဆိုဘွယ်မရှိ၊ ထို့ကြောင့်ထိုစိတ်သည် အာဝဇ္ဇန်းက ဘဝင်အဖြစ်သာ သင့်လျော်သည်။ ဆရာမမူပါလ လည်း ဤအတိုင်းပင် ပြသည်ဟူလို။} (သင်္ဂဟ-ဋီ-၄)

● အာဝဇ္ဇန်းနှင့်ကင်း၍ စိတ် ဖြစ်နိုင် ပါသလော၊ ဖြစ်နိုင်သော စိတ်ရှိက ထိုစိတ်များကို ထုတ်ဖော် ရေတွက်ပြပါ။

၈၁၈-ဖြေ။ ။ဖြစ်နိုင်ပါသည်။ ထို အာဝဇ္ဇန်းနှင့်ကင်း၍ ဖြစ်နိုင်သော စိတ်များကား-

အာဂန္တုကဘဝင်စိတ် ၆-ခု
မဂ္ဂဝီထိ၌ ဂေါတြဘု ဝေါဒါန်
ဖလသမာပတ္တိ ဝီထိ၌ ဖိုလ်ဇော
နိရောဓသမာပတ်မှ ထသောအခါ စောသော အနာဂါမိဖိုလ်,
အရဟတ္တဖိုလ်ဇော-တို့ ဖြစ်ပါသည်။

{၅၂ အာဂန္တုကဘဝင်သည် မူလပဋိသန္ဓေ,ဒေါသဇောတို့နှင့် အာရုံမတူ၊ ပရိစိတပုဗ္ဗဖြစ်သော ကာမအာရုံကိုသာ အာရုံပြုသည်။မူလဘဝင်မဟုတ်၍ ဝီထိစိတ်ပင်ဖြစ်သည်။ ဘဝင်ကိစ္စပင် တပ်သည်။ ဝီထိမုတ်စိတ်ကား-မဟုတ်ဟူ၍ အထူးမှတ်။ ။ အကြင်အခါ၌ ကုသိလ်ဇောတို့၏အကြားအကြား၌ အကုသိလ်ဇော စောဂ်၏၊ ထိုအခါ၌ အကုသိလ်ဇောနောင် ကုသိလ်ဇောတို့၏အဆုံး၌ အလေ့အကျက် ပြုဘူးသည်နှင့်တူသော သဟိတ်တဒါရုံဖြစ်မှုကိုအဋ္ဌကထာဆရာခွင့်ပြုသောကြောင့်အာဂန္တုကဘဝင်ဖြစ်ခွင့်ကိုလည်း ခွင့်ပြုရာရောက်သည်။ထို့ကြောင့်ဒေါသဇောနောင် မဟာဝိပါက် ဥပေက္ခာ သဟဂုတ် ၄-ပါးသည်လည်း အာဂန္တုကဘဝင်ဖြစ်ထိုက်သည်ဟု မှတ်လေ။ဥပေက္ခာသန္တီရဏ ၂-ပါးနှင့် ဆိုသော် အာဂန္တုက ဘဝင်ပေါင်း ၆-ပါး ဖြစ်သင့်၏။} (အကံ့ရ)

● ပရိစိတပုဗ္ဗ-အရ အဘယ်ဘဝ၌ လေ့ကျက်ဘူးသည်ကို ပရိစိတပုဗ္ဗ-ဟု ဆိုပါသနည်း။

ဂဝေ့-ဖြေ။ ။ဤတဘဝတည်း၌သာလျှင် ထိုစိတ်ဖြစ်သောခဏမှ ရှေးအဘို့ကာလ၌ အာရုံပြုခြင်း မှားသည်၏အစွမ်းဖြင့် အလေ့အကျက်ပြုဘူး (အာရုံပြုဘူး) သည်ကို ပရိစိတပုဗ္ဗ-ဟု ဆိုပါသည်။

† ပရိစိတ ပုဗ္ဗန္တိ ပုဗ္ဗေ ပရိစိတံ၊ တသ္မိံ ဘဝေ ယေဘုယ္ယေန ဂဟိတ ပုဗ္ဗံ။ (ဋီ-အကံ့ရ အတူ)

● ဥပေက္ခာ သဟဂုတ် သန္တီရဏသည် ရှေး၌လေ့ကျက်ဘူးသော ကာမအာရုံကို အာရုံပြု၍ အာဂန္တုကဘဝင်ကိစ္စဖြင့် ဖြစ်သည်

ရှိသော် ပဋိသန္ဓေ ဘဝင်တို့သည် သမ္မယုတ္တာဓမ္မ အာရုံအားဖြင့် တူရမည်ဟူသော ပဉ္စမပရိစ္ဆေဒ ဆိုလတ္တံ့ စကားနှင့် မဆန့်ကျင်ပါလော။

၈၂၀-ဖြေ။ ။မဆန့်ကျင်ပါ။ ပဋိသန္ဓေ ဘဝင်တို့သည် သမ္မယုတ္တာဓမ္မ အာရုံအားဖြင့် တူရမည်ဆို့သောစကားသည် ယေဘုယျအားဖြင့် ဆိုသောစကားဖြစ်၍ အပ္ပကအားဖြင့် မတူသောအရာလည်း အနည်းငယ်ရှိသေးသည်ဟူသော အဓိပ္ပာယ်ကျရောက်သောကြောင့် မဆန့်ကျင်ခြင်းဖြစ်ပါသည်။ ဤနေရာတခုကို ချန်ထား၍ ကြွင်းသော နေရာများမှာ ကား-ပဋိသန္ဓေဘဝင်တို့သည် သမ္မယုတ္တာဓမ္မ အာရုံအားဖြင့် အားလုံး တူညီကြသည်ဟု မှတ်ပါလေ။ (၌)

● တဒါရုံသည် အဘယ်မျှသောအင်္ဂါနှင့်ညီညွတ်မှ အဘယ် ဝိထိ မျိုးမှာဖြစ်သည်ဟု သင်္ဂဟ အဆောက်ပြု၍ ညွှန်ကြားပါ။

၈၂၁-ဖြေ။ ။တဒါရုံသည် ကာမဇော,ကာမသတ္တဝါ,ကာမအာရုံ ဤအင်္ဂါ ၃-ပါးနှင့် ညီညွတ်မှ ပိဘူတာရုံ, အတိမဟန္တာရုံ ဝိထိဘို့ဖြစ် သာ ဖြစ်ပါသည်။ {အဝိဘူတာရုံ, မဟန္တာရုံဖြစ်သော်ငှင်း မဟဂ္ဂုတ် အာရုံ, ပညတ်အာရုံဖြစ်သော်ငှင်း တဒါရုံမကျဟု မှတ်။}

† ကာမေ ဇဝန သတ္တာ၊ လမ္ဗဏာနံ နိယမေ သတိ။
ဝိဘူတေ တိမဟန္တေစ၊တဒါရမ္မဏမိရိတံ (သင်္ဂဟအထောက်)

● အဘယ့်ကြောင့် ကာမဇောဓ၏ အဆုံးဌိသာ တဒါရုံ ဖြစ်ပါသနည်း။

၈၂၂-ဖြေ။ ။ကာမတဏှာလျှင်အကြောင်းရင်းရှိသောကံကြောင့် သာလျှင် ဖြစ်သောကြောင့် ကာမဇောဓ၏ အဆုံးဌိသာလျှင် တဒါရုံ ဖြစ်ပါသည်။

† ကာမတဏှာ နိဒါနကမ္မနိဗ္ဗတ္တတ္တာ။ (၌)

● အဘယ့်ကြောင့် မဟဂ္ဂုတ်, လောကုတ္တရာ ဇောတို့၏ အဆုံးဌိ တဒါရုံ မဖြစ်ပါသနည်း။

၈၂၃-ဖြေ။ ။မဟဂ္ဂုတ် လောကုတ္တရာကံသည် တဒါရုံကိုမဖြစ်စေတတ်သောကြောင့်ငှင်း၊ တဒါရုံကို ဖြစ်စေတတ်သော ကာမာဝစရကံ

နှင့် ဘုံအားဖြင့် တူသော သဘော မရှိသောကြောင့်ရင်း၊ မဟဂ္ဂုတ်, လောကုတ္တရာ ဇော်တို့၏အဆိုးဥ္စ တဒါရုံ မဖြစ်ပါ။

{အိမ်မှထွက်သောသူငယ်သည် အဘ,ဦးကြီး,ဦးလေးတို့၏ လက်ကို ဆွဲလျက်သာ ထွက်၍၊ မင်းချင်း ယောကျ်ား စသည် နောက်သို့ မလိုက်သကဲ့သို့၊ တဒါရုံ သည်လည်း အဘနှင့်တူသော ကာမာဝစရကုသိုလ်, အကုသိုလ်ဇော, ဦးကြီး, ဦးလေးနှင့်တူသော ကာမာဝစရ ကြိယာဇောသို့သာလုံက်၍ သဘောမတူ၊ မသိသော မင်းချင်းယောကျ်ားနှင့်တူသော မဟဂ္ဂုတ်, လောကုတ္တရာဇောသို့ မလိုက်ဟူလို။}

† အဇနကတ္တာ ဇနကသမာနဘ္ဘာဘာဝတော စ။ (ဋီ)

● အဘယ့်ကြောင့် ဗြဟ္မာတို့အား တဒါရုံ မဖြစ်ပါသနည်း။

၈၂၄-ဖြေ။ ။တဒါရုံ၏ အားကြိုးသော အကြောင်း ဖြစ်သော ကာမာဝစရ ပဋိသန္ဓေ-ဟူသော မျိုးစေ့ မရှိသောကြောင့် ဗြဟ္မာတို့ အား တဒါရုံ မဖြစ်ပါ။

† တဒါရမ္မဏုပ နိဿယသ္မ ကာမာဝစရ ပဋိသန္ဓိ ဗိဇသ္မာ ဘာဝတော။ (ဋီ)

● အဘယ့်ကြောင့် ကာမအာရုံမှ တပါးသော မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်အာရုံတို့၌ တဒါရုံ မဖြစ်ပါသနည်း။

၈၂၅-ဖြေ။ ။ကာမအာရုံမှ တပါးသောမဟဂ္ဂုတ်,လောကုတ္တရာ ပညတ်အာရုံတို့သည် တဒါရုံ၏ လေ့ကျက်ရာ (ကျက်စားရာ) အာရုံ မဟုတ်သောကြောင့် ထိုအာရုံများ၌ တဒါရုံ ဖြစ်ခြင်းမရှိပါ။

{အဘ,ဦးကြီး,ဦးလေးနောက် လိုက်သွားသောသူငယ်သည် မရောက်ဘူးသော တော, တောင် စသော အရပ်သို့ မလိုက်ဘဲ အိမ်ဦး ကြမ်းပြင် စသော ရောက်ဘူးရာ အရပ်သို့သာလျှင်လိုက်သကဲ့သို့။ တဒါရုံသည်လည်း လေ့ကျက် (ကျက်စား) ဘူး,

ရောက်ဘူးသောကာမအာရုံမှာသာဖြစ်၍မလေ့ကျက် (မကျက်စား) ဘူးသော မဟဂ္ဂုတ်စသော အာရုံ၌ မဖြစ်ဟူလို။}

† အပရိစိတတ္တာ။ (ဋီ)

● ကာမာဝစရ ပဋိသန္ဓေ-ဟူသော မျိုးစေ့အကြောင်း မရှိသောကြောင့် ဖြဟ္မာတို့အား တဒါရုံ မဖြစ်သည်ရှိသော် ထိုဖြဟ္မာတို့အား စက္ခုဝိညာဏ်,သောတဝိညာဏ်တို့လည်း ဖြစ်ခြင်းမရှိဟု မှတ်ရမည်လော။

၈၂၆-ဖြေ။ ။မမှတ်ရပါ၊ အဘယ့်ကြောင့်ဟူမူ ထိုဖြဟ္မာတို့အား စက္ခုနွေ့, သောတိနွေ့ဖြစ်ခြင်း၏ အစွမ်းအာနုဘော် ကြီးသောကြောင့်ငင်း, စက္ခုဒွါရဝီထိ,သောတဒွါရဝီထိတို့၌ သမ္ပဋိစ္ဆိုင်း,သန္တီရဏ ဝိတ်တို့ ဖြစ်ခြင်း မြဲသောကြောင့်ငင်း ဖြစ်ပါသည်။

† ဗုဒ္ဓိယပွဝတ္တိ အာနုဘာဝတော ဒွါရဝီထိ ဘေဒေ စိတ္တနိယမ တောစ။ (ဋီ)

တဒါရမ္မဏ နိယမ အဖြေ ပြီး၏။

ဇဝန နိယမ အဖြေ

●

● မရဏာ သန္ဓကာလ၌ အဘယ့်ကြောင့် ဇော ၅-ကြိမ်သာ စောပါသနည်း။

၈၂၇-ဖြေ။ ။မှီရာ ဟဒယဝတ္ထုရုပ် အားနည်းသည်ဖြစ်၍ နုံ့နှေးချိန့်သော အရှိန်အဟုန်ရှိသောကြောင့် ၇-ကြိမ်ပြည့်အောင် မစောနိုင်ဘဲ ၅-ကြိမ်သာ စောရပါသည်။

† မရဏာသန္ဓကာလေ ဝတ္ထုဒုဗ္ဗလတာယ မန္ဒီဘူတ ဝေဂတ္တာ။ (ဋီ)

● "သတ္တက္ခတ္တုံ ဇဝတိ" ဆိုသည့်အတိုင်း ကာမာဝစရ ဇောတို့သည် ၇-ကြိမ်သာစောနိုင်ပါသလော၊ အခြားစောနိုင်သေးက စောရာအခါနှင့်တကွ ခွဲခြားဖော်ပြပါ။

၈၂၈-ဖြေ။ ။ကာမာဝစရဇောတို့သည် ပကတိအခါ၌ ၇-ကြိမ်၊ မရဏာသန္နကာလနှင့်မတူသော မုဆွာကာလ, ပဗုဒ္ဓကာလ စသည်တို့၌ ၆-ကြိမ်၊မရဏာသန္နကာလ, မရဏာသန္နကာလနှင့်တူသော မုဆွာကာလ,သာဝကနှင့်မုဒိန္ဒြိယပုဂ္ဂိုလ်တို့၏ ယမကပါဋိဟာရိယကာလတို့၌ ၅-ကြိမ်၊မြတ်စွာဘုရားနှင့်တိကျိန္ဒြိယပုဂ္ဂိုလ်တို့၏ယမကပါဋိဟာရိယကာလ, မန္ဒပုဂ္ဂိုလ်၏ ဈာနမဂ္ဂဝီထိ ရှေတို့၌ ၄-ကြိမ်၊ တိကျဉပုဂ္ဂိုလ်၏ ဈာနမဂ္ဂဝီထိရှေ၌ ၃-ကြိမ် အသီးသီးစောနိုင်ကြပါသေးသည်။

(သင်္ဂဟ-ဋီ-၎)

{ဇော ၇-ကြိမ်တွင် ပဌမဇောသည် အာသေဝန ပစ္စည်းကို မရ၍ အားအနည်းဆုံး၊ ဒုတိယ, တတိယစသော ဇောတို့သည် အဆင့်ဆင့် အားရှိ၍ စတုတ္ထဇောသည် အားအရှိဆုံး ဖြစ်၏။ ထို့နောင် ပဉ္စမဇောမှစ၍ အဆင့်ဆင့် အားဆုတ်ယုတ်သွား၍ သတ္တမဇောသည် အားကုန်ခန်းသော ဇော ဖြစ်၏။ တနည်း အားဖြင့်ကာမဇောတို့သည် ပကတိကာလ၌ ၇-ကြိမ်,၆-ကြိမ်၊ မရဏ ကာလ, မုဆွာ ကာလ, ဝိသဒိ ကာလ, အတိတရဏ ကာလတို့၌ ၅-ကြိမ်လည်း စောနိုင်သေးသည်ဟု သင်္ဂြိဟ်လာ တိုင်းလည်းမှတ်လေဦး၊အာဒိ-ဖြင့်မုဆွာ,ဝိသဒိ,အတိတရဏာ, အာရမ္မဏ ဒုဗ္ဗလကာလ-တို့ကို ယူ၊ ဝိသဒ္ဓိမဂ်၌လည်း ပကတိ ကာလ၌ ၆-ကြိမ် စောနိုင်ကြောင်း သင်္ဂြိဟ်နှင့်အတူ ဆိုလျက် ရှိ၏။}

* ပကတိသတ္တာ၊ မုဆွာပဗုဒ္ဓ, စသည်မှကား, ဆ ဟု မသွေ၊ တဏွာမုဆွာ, သန္နဲ့ာမရဏာ,သာဝကနှင့်,မုဒိန္ဒြိယမှာ, ပဋိသာတည်း၊ ဘဂဝါတိကွ, တန်ခိုးပြနှင့်, မန္ဒမထက်,ဈာန်မဂ်ပုဗ္ဗ,လေးကြိမ်ကျ၏၊ တိကွထက်မြေ,ဈာန်မဂ်ရှေမှာ, သုံးကြိမ်လာသည်။ ။သေချာမှတ်လေ-အမြဲတည်း။

(မုဆွာ ၂-မျိုးခွဲ၍မှတ်)

* ပကတိကာလ, ဆ-သတ္တာနှင့်၊ မုဆွမရဏာ,သညာကစ်းပ, တရဏခါ,ဇောပဋိသ,သေချာတနည်းမှတ်။ (သစ်)

● ယခိုက်ပြာဋ္ဌိဟာ ပြဲသောကာလ စသည်တို့၌ အဘယ်ပုဂ္ဂိုလ်တို့အား ပစ္စဝေက္ခဏာဇော ၄-ကြိမ်, ၅-ကြိမ် စောပါသနည်း။

၈၂၉-ဖြေ။ ။မြတ်စွာဘုရားအား ၄-ကြိမ်၊ အဂ္ဂသာဝက, ဟောသာဝကတို့အား ၅-ကြိမ်စောပါသည်။ အဘယ့်ကြောင့်ဟူမူ၊ ဘဂဝတော-ဟူသော စကားသည် ဥပလက္ခဏ နိဒဿနမျှသာဖြစ်၍၊ ထိုသို့ဖြစ်ခြင်းသဘောရှိသော သာဝကများကိုလည်း ယူသင့်သောကြောင့် ဖြစ်ပါသည်။ ဆရာမေ့ပါလမသေရ်ကား-တိကွိန္ဒြိယပုဂ္ဂိုလ်မှာ ၄-ကြိမ်၊ မုဒိန္ဒြိယပုဂ္ဂိုလ်မှာ ၅-ကြိမ်စောသည်ဟု ဆိုတော်မူ၏။ (ဋီ)

● တကြိမ်သာ စောသောဇောများကို ရနိုင်သမျှ ဖော်ပြပါ။

၈၃၀-ဖြေ။ ။အာဒိကမ္မိက မဟဂ္ဂုတ်ဇော, အဘိညာဏ်ဇော, မဂ်ဇော, နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ဇောတို့သည် တကြိမ်သာ စောကြပါသည်။ (သင်္ဂဟအလို)

{မဏိမဥ္ဇူ အလိုကို ပကိဏ်းပိုင်း ကိစ္စသင်္ဂဟက ပြခဲ့ပြီ။ ရှေးဦးစွာကမ္မဋ္ဌာန်းစီးဖြန်းမှုရှိသောသူကိုအာဒိကမ္မိကပုဂ္ဂိုလ်၊ ရှေးဦးစွာ ဖြစ်ပေါ်လာသော မဟဂ္ဂုတ် ဈာန်ဇောကို "ပဌမကပ္ပန"ခေါ်သည်ဟုမှတ်။}

* **အာဒိကမ္မိ, လောကိဘိုညာ, မဂ္ဂါ-ဝုဋ္ဌာန, တကြိမ်မျှ, စောရ-မှန်မလွဲ။** (သစ်)

● အာဒိကမ္မိက ဝိထိ-၌ မဟဂ္ဂုတ် ဇောတို့သည် အဘယ့်ကြောင့် တကြိမ်သာ စောပါသနည်း။

၈၃၁-ဖြေ။ ။တဖန် အာသေဝနပစ္စည်းကိုမရ၍ အားနည်းသောကြောင့် (ဖြစ်စ ဖြစ်၍ အားနည်းသောကြောင့် အကုံရအလို) တကြိမ်သာ စောရပါသည်။

† ပုန အာသေဝနာ ဘာဝဘော ပရိဒုဗ္ဗလာနိ ဟောန္တိတိ ကေဝါရမေဝ ဇဝန္တိ။ (ပရမတ္ထဒီပနီ)

● အဘိညာဏ်ဇောသည် အဘယ့်ကြောင့် အခါခပ်သိမ်း တကြိမ်သာ စောပါသနည်း။

၀၃၂-ဖြေ။ ။အဘိညာဏ်ဇောဖြစ်ရသည်မှာ တန်ခိုးဖန်ဆင်းခြင်းစသော ကိစ္စပြီးဘို့အတွက်သာဖြစ်၍၊ တန်ခိုးဖန်ဆင်းခြင်းစသော ကိစ္စပြီးပြီးနောက် ဖြာဘွယ်ကိစ္စမရှိသောကြောင့် ဝင်စားစ အခါ, ဝသီဘော်ဖြစ်သော အခါခပ်သိမ်းတို့၌ တကြိမ်သာ စောရပါသည်။ (ပရမတ္ထဒီပနီ)

● မဂ်ဇောသည် အဘယ့်ကြောင့် တကြိမ်သာ စောရပါသနည်း။

၀၃၃-ဖြေ။ ။တကြိမ်စောသဖြင့် ထိုထိုကိလေသာကို ပယ်ခြင်းကိစ္စ ပြီးပြီးနောက် ဖြာဘွယ်ကိစ္စ မရှိသောကြောင့် မဂ်ဇောသည် တကြိမ်သာ စောပါသည်။

† မဂ္ဂဇဝနာနိဒါ တံ တံ ကိလေသပဟာနကိစ္စ သိဒ္ဓိတော ပရံ ကတ္တဗ္ဗာဘာဝတော စေဝါရမေဂ ဇဝန္တိ။ (ပရမတ္ထဒီပနီ)

● နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ဇော ဝိုသည့် အဘယ့်ကြောင့် တကြိမ်သာ စောပါသနည်း။

၀၃၄-ဖြေ။ ။နိရောဓ သမာပတ်၏ အကျိုးအဆက်မှုသာ ဖြစ်သောကြောင့် ဝုဋ္ဌာနကာလ၌ တကြိမ်သာ စောပါသည်။

† နိရောဓဿ နိဿန္ဒမတ္တတ္တာ ဝုဋ္ဌာနကာလေ စေဝါရမေဂ ဇဝနံ ဥပ္ပဇ္ဇတိ။ (အင်္ဂုရ-ပရမတ္ထဒီပနီ)

● ဇဝနာနိ ဗဟူနိဝိ-ဥဒိ အဋ္ဌကထာ၏ အနက်ကား ဖော်ပြပါ။

၀၃၅-ဖြေ။ ။အဘိဓမ္မာက မဟဂ္ဂတ်ဇောတကြိမ်, နိရောဓသမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်, အရဟတ္တဖိုလ်ဇော တကြိမ်, နိရောဓသမာပတ် ဝင်စားခါနီး နေဝသညာ နာသညာယတနဈာန်ဇော ၂-ကြိမ်, မဂ်နှစ်ခု ဖိုလ်ဇော ၂-ကြိမ်, ၃-ကြိမ် စောခြင်းကို ပေါင်းစည်းခြင်း အပုဂ္ဂလဓိဋ္ဌာန အနက်ရှိပါသည်။ (ဤသို့ အနည်းငယ်လည်း စောနိုင်သေးသည် ဟူလို။) (ဋီ)

● အဘယ့်ကြောင့် မဂ်စိတ်နောင် ဖိုလ်ဇော ၂-ကြိမ်, ၃-ကြိမ် ဖြစ်ပါသနည်း။

၈၃၆-ဖြေ။ ။တခုသော အာဝဇ္ဇန်းရှိသော ဝီထိ၌ ဇော ၇-ကြိမ်မျှသာ ဖြစ်ခွင့်ရှိ၍၊ ၄-ကြိမ်မြောက်ဖြစ်သော မဂ်စိတ်နောင် ဖိုလ်ဇော ၃-ကြိမ်, ၅-ကြိမ်မြောက်ဖြစ်သော မဂ်စိတ်နောင် ဖိုလ်ဇော ၂-ကြိမ် ဖြစ်ရပါသည်။

{ထိုထက် ဖိုလ်ဇောအကြိမ် ပိုရှိဖြစ်က တဝီထိ၌ပင် ဇော အကြိမ်တွေ များနေလိမ့်မည်။ ပ, ဥ, နု, ဂေါ, ကာမဇော-၄၊ မဂ်-၁၊ ဖိုလ်-၂၊ ပေါင်း ၇-ကြိမ်။ ။ဥ,နု,ဂေါ,ကာမဇော-၃၊ မဂ်-၁၊ ဖိုလ်-၃၊ ပေါင်း ၇-ကြိမ်၊ဤသို့ဖြစ်သည်ကိုရိပ်မိပါစေ။ မဂ္ဂဝီထိ၌ ဇော ၇-ကြိမ်မျှဖြစ်ခြင်း၊ဖလသမာပတ္တိဝီထိ၌ အကြိမ်များစွာဖြစ်ခြင်းကား-မေ္မတာဟု မှတ်။}

† သတ္တဇဝန ပရမတ္တာ ဟိ ဧကာဝဇ္ဇန ဝီထိယာ စတုတ္ထံ ဥပ္ပန္ဓ မဂ္ဂတော ပရံ ကိဏီ ဖလစိတ္တာနိ၊ ပဉ္စမံ ဥပ္ပန္ဓ မဂ္ဂတော ပရံ ဒွေဝါ ဟောန္တိ။ (ဋီ)

● ကာမဇော,မဟဂ္ဂုတ် အပ္ပနာဇောဝီထိတို့၌ ဇောနောင်,ဈာန်နောင် ဘဝင်ကျသကဲ့သို့ မဂ္ဂဝီထိ၌ မဂ်နောင် ဘဝင်မကျဘဲ အဘယ့်ကြောင့် ဖိုလ်ဇော ကျရပါသနည်း။

၈၃၇-ဖြေ။ ။မဂ်ကုသိုလ်သည် လောကီကုသိုလ်များကဲ့သို့ အကျိုးပေးကာလကို ဆိုင်းငံ့ဘွယ် မရှိ၊ မိမိဖြစ်ဆဲ ခဏမှာပင် ရင့်ကျက်ခြင်း သဘောရှိ၍ မိမိ၏အခြားမဲ့၌အကျိုးပေးမြဲသောကြောင့် ဘဝင်မကျဘဲ ဖိုလ်ဇောသာ ကျရပါသည်။

† အနန္တရမေဝ ဖလဒါန နိယမေန။ (အဋ္ဌသာလိနီ)

● မဂ္ဂဝီထိ၌ အာဝဇ္ဇန်း, အနုလုံတို့သည် သခ်ါရအာရုံရှိကြသလို၊ ဂေါတြဘု, ဝေါဒါန် တို့သည်လည်း သခ်ါရအာရုံ ရှိသင့်လျက် မရှိဘဲ အဘယ့်ကြောင့် နိဗ္ဗာန်အာရုံ ရှိကြပါသနည်း။

၈၃၈-ဖြေ။ ။နိယျာနိကမေ္မတို့၏ ရှေသွားဖြစ်သောကြောင့်နိဗ္ဗာန်အာရုံ ရှိကြပါသည်။ {ဤမဂ္ဂဝီထိ၌ ဂေါတြဘု, ဝေါဒါန် မဂ်, ဖိုလ်အားလုံး နိဗ္ဗာန်ကိုချည်း အာရုံပြုကြသည်။}

† နိယျာနိကဓမ္မာနံ ပုရေစာရိကတ္တာ။
(ဇူ-ကမ္မဌာန်းပိုင်း အဘိညာဏ် အဖွင့်)

● မဝိထိ၌ ဂေါတြဘု ဝေါဒါန်တိုသည် နိဗ္ဗာန်ကို အာရုံပြုသကဲ့သို့၊ ဖလဝိထိ၌ အနုလုံတို့သည်လည်း နိဗ္ဗာန်ကို အာရုံပြုသင့်လျက်မပြုဘဲ၊ အဘယ့်ကြောင့် သခ်ါရကို အာရုံပြုပါသနည်း။

၈၃၉-ဖြေ။ ။အနိယျာနိကဓမ္မ၏ရှေသွားဖြစ်သောကြောင့် နိဗ္ဗာန်ကို အာရုံမပြုဘဲ သခ်ါရကိုသာ အာရုံ ပြုပါသည်။ {၏ ဖလ ဝိထိ-၌ အာဝဇ္ဇန်း, အနုလုံတို့သည် သခ်ါရကို အာရုံပြု၍၊ ဖိုလ်တို့သည် နိဗ္ဗာန်ကို အာရုံပြုကြသည်။ }

† အနိယျာနိကဓမ္မ ပုရေစာရိ ကတ္တာ နိဗ္ဗာနာ ရမ္မဏာနိ နဟောန္တိ။ (ဇူ-၎င်းနေရာအဖွင့်)

● သမာပတ္တိဝိထိ၌ အဘယ့်ကြောင့် ဇောအကြိမ်များစွာ ဖြစ်ပါသနည်း။

၈၄၀-ဖြေ။ ။နေ့ညဉ့်ပတ်လုံး သမာပတ်ဝင်စားခြင်း ဖြစ်နိုင်သောကြောင့် ထိုဝိထိ၌ မဂ်ဇော, အဘိညာဏ်ဇောမှကြွင်းသော မဟဂ္ဂုတ်, လောကုတ္တရာဇောတို့သည် အကြိမ်များစွာ ဖြစ်ကြပါသည်။

{ထိုသို့ဖြစ်ခြင်းကား-လေ့လာအပ်သော ဝသီဘော်ရှိသည့် ကတာဓိကာရ မဟာပုရိသတို့အတွက်သာဖြစ်သည်။အကတာဓိကာရ ပုဂ္ဂိုလ်တို့အတွက်မှာကား-ဈာနသမာပတ္တိဝိထိ၌အစမှစ၍ ၂-ကြိမ်, ၃-ကြိမ်, ၄-ကြိမ် စသည်ဖြင့် ဈာန်ဇော အစဉ်အတိုင်း ဖြစ်သည်ဟု မှတ်ပါ။}

† သမာပတ္တိဝိထိယံ အဟောရတ္တမ္ပိ ပဝတ္တနတော။ (ဦ)

● နိရောဓ သမာပတ်ကို ဝင်စားသော အခါ၌ နေဝသညာနာသညာ ယတန ကုသိုလ်ဇောများ မဖြစ်နိုင်သော ကြောင့် နိရောဓ သမာပတ္တိ ကာလေ-ဟု အနုရုဒ္ဓါဆရာ ဆိုခြင်းသည် အဘယ်သို့ သင့်ပါမည်နည်း။

၈၄၁-ဖြေ။ ။နိရောဓ သမာပတ္တိကာလေ ဆိုသော်လည်း နိရောဓ သမာပတ် ဝင်စားသောအခါကို ဆိုသည်မဟုတ်၊ နိရောဓသမာပတ် မဝင်စားမီ ရှေးအဘို့အခါကိုသာလျှင် 'ပရိနိဗ္ဗာနကာလေ အဘာသိ' ကဲ့သို့ သမီပူပစာအားဖြင့် ဆိုထားသောကြောင့် သင့်ပါသည်။ တနည်း အားဖြင့် နိရောဓသမာပတ္တိ အာသန္နကာလေ-ဟု ဆိုလိုလျက် အာသန္နသဒ္ဒါကိုချေ၍ ဆိုထားသောကြောင့် သင့်ပါသည်။

† နိရောဓ သမာပတ္တိကာလေတိ နိရောဓဿ ပုဗ္ဗဘာဂေ။ (ဋီ)

† သမီပေ သမီပီ ဥပစာရေန နိရောဓ သမာပတ္တိ ကာလောတိ ဝုတ္တော။ (ဇူ)

● နိရောဓသမာပတ်ဟူသည် အဘယ်ပါနည်း။

၈၄၂-ဖြေ။ ။အစဉ်အတိုင်းချုပ်ခြင်း၏ အစွမ်းဖြင့် စိတ်, စေတသိက်တို့၏ မဖြစ်ခြင်းသည်ပင် နိရောဓသမာပတ် မည်ပါသည်။

† အနုပုဗ္ဗ နိရောဓဝသေန စိတ္တစေတသိကာနံ အပ္ပဝတ္တိ။ (ဇူ)

● ဒိုက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ-ဟူသော သင်္ဂဟ အဌကထာ ဆရာစကားကို အမြဲပင်မှတ်ရမည်လော၊ အဘယ်သို့နည်း။

၈၄၃-ဖြေ။ ။အမြဲမမှတ်ရပါ၊ ထိုသို့ ဆိုခြင်းကား - ဥက္ကဋ္ဌနည်း, နိဒဿန နည်းမျှသာဖြစ်၍ တခါဘရံ တကြိမ်လည်း စောနိုင်သေးသည်ဟု မှတ်ရပါမည်။

† အထေကံဝါ ဒွေဝါ စိတ္တဝါရေ အဘိက္ကမိတ္ဝာ အစိတ္တကော ဟောတိ၊ နိရောဓံ ဖုသတိ။ (ဝိသုဒ္ဓိမဂ်)

● နိရောဓသမာပတ်ဟူသည် လောကီလော, လောကုတ္တရာလော အဘယ်ပါနည်း။

၈၄၄-ဖြေ။ ။လောကီလည်း မဟုတ်, လောကုတ္တရာလည်းမဟုတ်၊ အမှန်မှာ-အဝိဇ္ဇမာန သဘောသာ ဖြစ်ပါသည်။ ထို့ကြောင့် နိရောဓ သမာပတ်ကို ငါ ဝင်စား၏-ဟု ဆိုရုံမျှဖြင့် ပါရာဇိက မကျပါ။

† နိရောဓ သမာပတ္တိယာ နေဝ လောကိယတ္တာ နေ လောကုတ္တရတ္တာ။ (ပါရာဇိကဏ် အဌကထာ)

● အဘယ်ပုဂ္ဂိုလ်ဘို့သည် အဘယ့်ကြောင့် နိရောဓသမာပတ်ကို ဝင်စားနိုင်ပါသနည်း။

၈၄၅-ဖြေ။ ။ပဌမဝေါကာရဘုံဌာဖြစ်သော သမာပတ် ရှစ်ပါးကို ရသည့် အနာဂါမ်ရဟန္တာပုဂ္ဂိုလ်များသာ သမထဗလ ဝိပဿနာဗလနှင့် ပြည့်စုံသောကြောင့် ဝင်စားနိုင်ပါသည်။

† အဋ္ဌသမာပတ္တိလာဘိနော ပန အနာဂါမိနော ဒိဏ္ဏာသဝါစ သမာပဇ္ဇန်၊ ဒွိဟိ ဗလေဟိ သမန္နာဂတတ္တာ။ (ဝိသုဒ္ဓိမဂ်)

● အဘယ်ပုဂ္ဂိုလ်ဘို့သည် အဘယ့်ကြောင့် နိရောဓသမာပတ်ကို မဝင်စားနိုင်ကြပါသနည်း။

၈၄၆-ဖြေ။ ။အလုံးစုံသော ပုထုဇဉ်, သောတာပန်,သကဒါဂါမ်ဘို့သည် အချို့သောသြရမ္ဘာဂိယသံယောဇဉ်ကိုမပယ်ရသေး၍ သမထဝိပဿနာဟု ဆိုအပ်သော ယုဂနဒ္ဓဘာဝတို့ အားမသေသောကြောင့် မဝင်စားနိုင်၊ (သမာပတ္တိလာဘီ သောတာပန်,သကဒါဂါမ်ကိုသာဆိုလိုသည်။) စတုဝေါကာရဘုံ၌ အနာဂါမ်ရဟန္တာ၊ ပဉ္စဝေါကာရဘုံ၌ သုက္ခ ဝိပဿကဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာကိုသည် အနုပုဗ္ဗသမာပတ် မရှိသောကြောင့် မဝင်စားနိုင်ကြပါ။ (၄)

● အဘယ်ဘုံ၌ အဘယ့်ကြောင့် နိရောဓ သမာပတ်ကို ဝင်စားနိုင်ပါသနည်း။

၈၄၇-ဖြေ။ ။ပဉ္စဝေါကာရဘုံ၌ အစဉ်အတိုင်း ဝင်စားအပ်သော (အနုပုဗ္ဗ) သမာပတ်ရှိသောကြောင့် ဝင်စားနိုင်ပါသည်။

† ကတ္ထ သမာပဇ္ဇန်တိ ပဉ္စဝေါကာရဘဝေ၊ ကသ္မာ အနုပုဗ္ဗသမာပတ္တိ သဒ္ဘာဝတော။ (ဝိသုဒ္ဓိမဂ်)

● အဘယ်ဘုံ၌ အဘယ့်ကြောင့် နိရောဓသမာပတ်ကို မဝင်စားနိုင်ပါသနည်း။

၈၄၈-ဖြေ။ ။စတုဝေါကာရဘုံ၌ ပဌမဈာန် စသည်တို့ ဖြစ်ခြင်း မရှိသောကြောင့် မဝင်စားနိုင်ပါ။

† စတုဝေါကာရဘဝ ပန ပဌမဈာနာဒိနံ ဥပပတ္တိ နတ္ထိ၊ တသ္မာ နာ သက္ကာ ဇာတ္ထ သမာပဇ္ဇိတုံ။ (ဝိသုဒ္ဓိမဂ်)
{နိရောဓသမာပတ်နှင့်စပ်သော အခြားသိမ့တ်ဘွယ်များကို ကမ္မဋ္ဌာန်းပိုင်းကျမှ ရှုကြပါကုန်။}

---

❸ အဘိယ်ဇောသည် ပဝစဝေကွဏာဇော - မည်ပါသနည်း။ ထိုဇောကျနိုင်သော အကြောင်းများကိုလည်း ရေတွက်ပြပါ။

၈၄၉-ဖြေ။ ။မဟာကုသိုလ်,မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၍စ်ခုသည် ပစ္စဝေက္ခဏာဇော - မည်ပါသည်။ ထို ပစ္စဝေက္ခဏာဇော သည် ဈာန ပစ္စဝေက္ခဏာ ဝိထိ၌ ၅-ကြိမ်၊ မဂ္ဂပစ္စ ဝေက္ခဏာဝိထိ၌ ၇-ကြိမ်စီဖြစ်ကြသည်ဟု တောင်တွင်း ခင်ကြီးပျော်ဆရာတော်က ဝိထိလက်ရိုးတွင်ဆိုသည်။ထန်းတပင်ဆရာတော်ကား-ပဌာန်းအရကောက်၌ ဈာနမဂ္ဂ,ပစ္စဝေက္ခဏာဝိထိ ၂-မျိုးလုံးမှာပင် ၇-ကြိမ်စီချလေသည်။

● စိတ္တက္ခဏတချက် (တကြိမ်) သာ ဖြစ်သော စိတ်များကား-အဘယ်စိတ်များပါနည်း။

၈၅၀-ဖြေ။ ။စိတ္တက္ခဏတချက် (တကြိမ်) သာ ဖြစ်သော စိတ်များကား-ပဉ္စဒွါရာဝဇ္ဇန်း၊ ဒွေးပဉ္စဝိညာဏ်-၁၀၊ သမ္ပဋိစ္ဆိ၊ ဒွေး၊ သန္တီရဏ ၃-ခု၊ပဋိသန္ဓေ,စုတိ,အစဖြစ်သော ရုပ,အရုပဈာန်၊နိရောဓသမာပတ်မှ ထသော အခါဖြစ်သော အနာဂါမိဖိုလ်, အရဟတ္တဖိုလ်, အတိညာဏ် ၅-ပါး၊ မဂ် ၄-ပါး၊ ပေါင်း ၃၀-ဖြစ်ပါသည်။

† အာဝဇ္ဇပဉ္စဝိညာဏံ၊ သမ္ပဋိစ္ဆနတီရဏံ။
ပဋိသန္ဓိစုတီ သဒ္ဒာ၊ ရူပါရူပါ ဒိကပ္ပနာ။ ။
နိရောဓာ ဝုဋ္ဌဟန္တသ္သ၊ ဥပရိဋ္ဌဖလံ ဒ္ဝယံ။
ပဉ္စဘိညာ တထာ မဂ္ဂါ၊ကေစိက္ကက္ခဏာ မတာ။ ။
(နာမရူပ ပရိစ္ဆေဒ)

ဇဝနနိယမ ဘာဖြေ ပြီး၏။

ပုဂ္ဂလဘေဒ အဖြေ

●

● အဘယ့်ကြောင့် ဒုဟိတ် (ဒ္ဒိဟိတ်) သုဂတိအဟိတ်, ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်တို့သည် အပွနာဇောတို့ကို မရပါသနည်း။

၈၅၁-ဖြေ။ ။ထို ပုဂ္ဂိုလ်တို့သည် ဝိပါကန္တရာယ် တားမြစ်သော ကြောင့် အပွနာဇောတို့ကိုမရပါ။ {ထိုပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေသည်ပင် အပွနာဇောကိုမရစေနိုင်သော အန္တရာယ်ရှိသော ပဋိသန္ဓေမျိုး ဖြစ်နေ သောကြောင့်ဟူလို။ ပဋိသန္ဓေဝိညာဏ်နှင့် တက္ခဖြစ်သော လောဘ, ဒေါသဟိတ် ၂-ပါး ရှိသောကြောင့် ဒ္ဒိဟိတ်ပုဂ္ဂိုလ်၊ ထိုသို့ သဘော ရှိသော ဟိတ်မရှိသောကြောင့် အဟိတ်ပုဂ္ဂိုလ် ခေါ်သည်ဟုမှတ်။}

† ဝိပါကာ ဝရဏသဗ္ဘာဝတော။ (ဋီ)

● အဘယ့်ကြောင့် ဒုဟိတ် (ဒ္ဒိဟိတ်) သုဂတိ အဟိတ်, ဒုဂ္ဂတိ အဟိတ်ပုဂ္ဂိုလ်တို့သည် ကြိယာဇောကို မရပါသနည်း။

၈၅၂-ဖြေ။ ။အပွနာဇော ဖြစ်ခြင်းမရှိသောကြောင့် အရဟတ္တဖိုလ် ဖြစ်ခြင်းမရှိ၊ အရဟတ္တဖိုလ် ဖြစ်ခြင်းမရှိသောကြောင့် ထိုပုဂ္ဂိုလ်တို့သည် ကြိယာဇောကို မရပါ။

†အပွနာဇဝနာ ဘာဝတောယေဝ အရဟတ္တံ နတ္ထိတိ ကြိယ ဇဝနာနိ နလဗ္ဘန္တိ။ (ဋီ)

● ဒုဟိတ် (ဒ္ဒိဟိတ်) သုဂတိအဟိတ် ပုဂ္ဂိုလ်တို့သည် ဉာဏ သမ္ပယုတ်ဝိပါက်စိတ် ၄-ခုတို့ကိုအဘယ့်ကြောင့်မရပါသနည်း။

၈၅၃-ဖြေ။ ။မူလ ပဋိသန္ဓေ၏ မျိုတဲ့ ယုတ်ညံ့ မိုက်မဲသည်၏ အဖြစ်ကြောင့် ထိုပုဂ္ဂိုလ်တို့သည် ဉာဏသမ္ပယုတ် ဝိပါက်စိတ် ၄-ခု တို့ကို ရခြင်းမရှိပါ။

† မူလသန္ဓိယာ ပန ဇာ့ဘာဝတော ဥဘိန္ဓမ္ပိ နတ္ထိ တိဟေတုက တဒါရမ္မဏံ။ (ဋီ)

● ဒွိဟိတ် ပုဂ္ဂိုလ်မှာ-ဒွိဟိတ် ပဋိသန္ဓေနှင့် ပဋိသန္ဓေ နေခဲ့သော ကြောင့် မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုကိုရတန်စေ၊သုဂတိ အဟိတ် ပုဂ္ဂိုလ်မှာကား - ထိုသို့ပဋိသန္ဓေ မနေဘဲနှင့် အဘယ့် ကြောင့် ရပါသနည်း။

၈၅၄-ဖြေ။ ။သုဂတိ အဟိတ် ပုဂ္ဂိုလ်မှာ- ပဋိသန္ဓေအခါ မဟာ ဝိပါက် ဉာဏဝိပ္ပယုတ် ၄-ခုကိုမရသော်လည်း ပဝတ္တိအခါ အထူးထူး သောကံကြောင့် တဒါရုံ၏အဖြစ်ဖြင့် ရနိုင်ပါသည်။

† အဟေတုကာနမ္မိ နာနာကမ္မုန ဒွိဟေတုက တဒါရမ္မဏံ သမ္ပဇ္ဇတိ။ (ဋီ)

● ရဟန္တာပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် ကုသိုလ်, အကုသိုလ် ဇောတို့ကို မရပါသနည်း။

၈၅၅-ဖြေ။ ။အနုသယ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သဖြင့် အလုံးစုံသော ကုသိုလ်, အကုသိုလ်ဘို့သည် အနုသယနှင့် အတူတက္ခ ချုပ်ပျောက်သွားကြသောကြောင့် မရပါ။ တနည်း.... တဏှာမူလကို ပယ်ပြီးဖြစ်သောကြောင့် မရပါ။

† သမ္မသော အနုသယပ္ပဟာနေန သဗ္ဗေသံ ကုသလာကုသလာနံ သဟနိရုဒ္ဓတ္တာ။ (ပရမတ္ထဒီပနီ)

† ပဟီနတဏှာ မူလကတ္တာ။ (သဒ္ဒနီပ)

[တိဟိတ် ပဋိသန္ဓေနှင့် အရိယာ ရှစ်ယောက် ပေါင်း.... ၉-ယောက်ကို တိဟိတ် ၉-ယောက် ခေါ်သည်။ ထိုပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေ ဝိညာဏ်နှင့် တကွ အလောဘ, အဒေါသ, အမောဟတို့ ၃-ပါးရှိသောကြောင့်တိဟိတ်အမည်ရသည်။]

● ရဟန္တာပုဂ္ဂိုလ်တို့မှာ-ကုသိုလ်, အကုသိုလ်ဇောတို့ကို မရသော ကြောင့် ထိုပုဂ္ဂိုလ်တို့၏သန္တာန်မှာ ကုသိုလ် ဘယ်အခါမျှမရှိဟု မှတ်ရမည်လော။

၈၅၆-ဖြေ။ ။မမှတ်ရပါ။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ ပုဏ္ဏဇဉ်ဘဝက ဖြစ်စေအပ်သော သမာပတ်တို့သည်မဝင်စားသေးသမျှကာလပတ်လုံး

ကုသိုလ်သာဖြစ်၍၊ ဝင်စားသောအခါမှကြိုယာဖြစ်ပါသည်။ထို့ကြောင့် ရဟန္တာပုဂ္ဂိုလ်တို့၏သန္တာန်မှာကုသိုလ်ဘယ်အခါမျှမရှိဟုမမှတ်ရပါ။
(အဋ္ဌ သာလိနီ)

{ပကိဏ်းပိုင်း ကိစ္စသင်္ဂဟမှာလည်း အမေးတမျိုးနှင့် ဖြေခဲ့သေးသည်။ အကိုးပါဋ္ဌိလိုက ပြန်ကြည့်ပါ။}

● ကုသလာ ကုသလံ ဇဟံ၊ ကုသလာ ကုသလာနိ နု လဇ္ဇန္တိ-ဟု ဆိုသဖြင့် ရဟန္တာ ပုဂ္ဂိုလ်များ ကုသိုလ်, အကုသိုလ်ကို စွန့်၍ ကုသိုလ်, အကုသိုလ်ကို မရသောကြောင့် ကုသိုလ်, အကုသိုလ် အကျိုးကိုလည်း မခံစားရတော့ဟု မှတ်ရမည်လော။

၈၅၇-ဖြေ။ ။မမှတ်ရပါ။ ပဋိသန္ဓေအကျိုးကိုသာ မခံစားရပါ၊ ပဝတ္တိအကျိုးကိုကား-ခံစားရပါသေးသည်။ထိုအကြောင်းကို မြတ်စွာဘုရားသည် တခါတရံခေါင်းခဲတော်မူခြင်း,ခါးတော်နာခြင်းစသည်ကိုဆင်း၊ မြတ်စွာဘုရားနှင့်တကွ ရှင်မောဂ္ဂလာန်, ရှင်မဟာကဿပ တို့ဧဗောဇ္ဈင်တရားကိုနာရ၍ ထိုခဏမှာပင် ရောဂါမှ သက်သာခွင့် ရခြင်း ဘို့ကိုဆင်း ထောက်ဆ၍ သိနိုင်ပါသည်။

● သေက္ခ ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် ကြိုယာဇောတို့ကို မရပါသနည်း။

၈၅၈-ဖြေ။ ။တဏှာမူလကို မပယ်ရသေးသောကြောင့် မရပါ၊ ဘနည်း-ကြိုယာဇောသည် ရဟန္တာပုဂ္ဂိုလ်တို့၏သီးခြားဥစ္စာဖြစ်သောကြောင့် မရပါ။

† အပ္ပဟီန တဏှာမူလကတ္တာ။ (သဒ္ဒ်ပ)
† ဒိဏ္ဏာသဝါဝေဏိကာနိ ကြိယဇဝနာနိစ နု လဇ္ဇန္တိ။ (ဋီ)

● သေက္ခ ပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် ဒိဋ္ဌဂတ သမ္မယုတ် ဝိစိကိစ္ဆာစိတ်တို့ကို မရပါသနည်း။

၈၅၉-ဖြေ။ ။သောတာပတ္တိမဂ် အခါတုံးကပင် ထို စိတ်များကို အကြွင်းမဲ့ပယ်ပြီးဖြစ်သောကြောင့် မရပါ။

{တထာ သေက္ခပုထုဇ္ဇနာနံကြိယဇဝနာန်-ဌ သေက္ခ-အရ အောက်ဖလဋ္ဌာန် ၃-ယောက်ကိုယူ၊ဒိဋ္ဌဂတသမ္မဃုတ္တိစိတ်ဆွာ ဇဝနာနိစ သေက္ခာနံ-ဌ သေက္ခ-အရ သောတာပတ္တိ ဖလဋ္ဌာန်, သကဒါဂါမိဖလဋ္ဌာန် ၂-ယောက်ကိုသာယူ၊အနာဂါမိဖလဋ္ဌာန် ကိုကား-နောက်ဌ သီးခြားဆိုလတ္တံ့။ မင်ပုဂ္ဂိုလ် ၄-ယောက်တို့ မှာလည်း မိမိ မိမိတို့၏ မဂ်စိတ်ကိုသာရ၍ တပါးသော စိတ်မျိုးကို မရသောကြောင့် ဤသေက္ခ-အရဌမလိုအပ်၊ နောက်ဌလည်း လောကုတ္တရဇဝနာနိစ-ဟုဆိုလတ္တံ့ဖြစ်သည်။ အဓိသီလ, အဓိစိတ္တ, အဓိပညာ သိက္ခာ ၃-ပါးဌ ကျင့်လေ့ ရှိသောကြောင့် သေက္ခ-မည်သည်ဟု မှတ်။}

† ပဌမ မဂ္ဂေနေဝ သက္ကာယဒိဋ္ဌိ စိစိကိဆွာနံ ပဟီနဘာဝာ။ (၌)

● အနာဂါမိပုဂ္ဂိုလ်တို့အား အဘယ့်ကြောင့် ဒေါသမူဇောဘို့ကို မရပါသနည်း။

၁၆၀-ဖြေ။ ။အနာဂါမိပုဂ္ဂိုလ်တို့အား အနာဂါမိမဂ်ဖြင့် ဒေါသကို ပယ်ဘေးသောကြောင့် ဒေါသမူဇောဘို့ကို မရပါ။

{ဒီဏာသဝါနံ ကုသလာ ကုသလ ဇဝနာန် နာ လဗ္ဘန္တိ။ အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာန်ဉ နာ လဗ္ဘန္တိ။ ဤသဒ်ဟာ စကားများကို ထောက်၍ အနာဂါမိ ရဟန္တာပုဂ္ဂိုလ် တို့အား ကြောက်ခြင်း, စိုးရိမ် ပူဆွေး ငိုကြွေးခြင်း မရှိဟု သိပါလေ။ ကြောက်ခြင်း,စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဟိုကား-ဒေါသကြောင့်သာ ဖြစ်ကြကုန်၏။}

† အနာဂါမိမဂ္ဂေနေ ပဟီနတ္တာ။ (ပရမတ္ထဒီပနီ)
† ဒေါသပဟီနတ္တာ။ (သခ်ဳပ)

● လောကုတ္တရာစိတ်တို့သည် အဘယ့်ကြောင့် အရိယာပုဂ္ဂိုလ်ဟို့အားသာ ယထာရဟ ဖြစ်ကြပါသနည်း။

၈၆၁-ဖြေ။ ။မင်္ဂစိတ် ၄-ပါးတို့သည် စိတ္တာကာရ တခု တခုစီသာ ရှိသဖြင့် မိမိ မင်္ဂပုဂ္ဂိုလ်မှတပါး သောပုဂ္ဂိုလ်တို့၌ မဖြစ်သင့်သောကြောင့်ဖြစ်၏, အောက် အောက် ဖြစ်သော အရိယာ ပုဂ္ဂိုလ်တို့သည် အထက် အထက်ဖြစ်သော သမာပတ်ကိုမရသောကြောင့်ဖြစ်၏, အထက်အထက် ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်လည်း အောက်, အောက် မင်္ဂတို့ဖြင့် အကြင်းမဲ့မဖြတ်အပ်ကုန်သေးသော ကံကိလေသာတို့ကို အကြင်းမဲ့ချုပ်စေခြင်းဖြင့် သောတာပန်စသော ပုဂ္ဂိုလ်မှ သကဒါဂါမ်စသော ပုဂ္ဂိုလ် အဖြစ်သို့ ရောက်၍ အောက်, အောက် အမည်များ ငြိမ်းအေး ပျောက်ကွယ် သွား သော ကြောင့်ဖြစ်၏ ဤသို့သော အကြောင်း များကြောင့် ဧပေါကုဋ္ဌရာ စိတ်တို့သည် မိမိတို့ မင်္ဂ, ဖိုလ် အားလျော်စွာ အရိယာပုဂ္ဂိုလ်တို့အားသာ ထိုက်သည်အားလျော်စွာ ဖြစ်ကြပါသည်။ (ဋီ)

● အသေက္ခာနံ စတုစတ္တာလီသ-စသော ဂါထာ၌စတုစတ္တာလီသ, ဆပ္ပညာသ, စတုပညာသ-အရများကိုအသီးသီးရေတွက်ပြပါ။

၈၆၂-ဖြေ။ ။စတုစတ္တာလီသ-အရကား-ကာမဝိပါက်တေဝီသ-၂၃၊ ကြိယာဝီသ-၂၀၊ အရဟတ္တဖိုလ်စိတ်-၁၊ ပေါင်း ၄၄-ပါးဖြစ်ပါသည်။ (၄၄-ပါးကား-သမာပတ်ကိုအကုန်ရသော ကာမရဟန္တာကို သာရည်၍ဆိုသည်)။ ။ဆပ္ပညာသ အရကား-ကာမဝိပါက် တေဝီသ-၂၃၊ အာဝဇ္ဇန်းဒွေး-၂၊ ကုသိလ်ဧကဝီသ-၂၁၊ ဒိဋ္ဌဂတသမ္ပယုတ်-ဝိစိကိစ္ဆာ ၅-ကြဉ်သော အကုသိလ်စိတ်-၇၊ အောက်ဖိုလ်-၃၊ ပေါင်း ၅၆-ပါး ဖြစ်ပါသည်။ ။စတုပညာသ အရကား-ကာမဝိပါက် တေဝီသ-၂၃၊ အာဝဇ္ဇန်းဒွေး-၂၊ လောကီ ကုသိလ် သတ္တရသ-၁၇၊ အကုသိလ်ဒွါဒသ-၁၂၊ ပေါင်း ၅၄-ပါး ဖြစ်ပါသည်။ (၅၄-ပါးကား တိဟိတ် ဈာန်ရကိုသာရည်၍ ဆိုသည်။)

{ကျင့်မှုသိက္ခာ ပြီးစီး၍ ကျင့်မှု သိက္ခာကိစ္စ ပြီးစီးနေသောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို အသေက္ခ-ဟု ခေါ်သည်။ "ပုဂ္ဂိုလ်စိတ်ရ အသီးသီးတို့ကို ပကိဏ္ဏကပိုင်း၌ ပြထားသည်။}

ပုဂ္ဂလဘေဒ အဖြေ ပြီးပြီ။

ဘူမိဝိဘာဂ အဖြေ

●

● အဘယ့်ကြောင့် ကာမာဝစရဘုံ၌ အလုံးစုံသောဝိထိစိတ်တို့ကို ရုပါသနည်း။

၈၆၃-ဖြေ။ ။ဒွါရ ၆-ပါးလုံးနှင့် အလုံးစုံသော ပုဂ္ဂိုလ်တို့သည် ထိုကာမာဝစရဘုံ၌ ဖြစ်သင့်သောကြောင့် ထိုကာမာဝစရဘုံ၌ အလုံးစုံသောဝိထိစိတ်တို့ကို ရုပါသည်။

† ဆန္ဒံ ဒွါရာနံ သဒ္ဒေသဉ္စ ပုဂ္ဂလာနံ တတ္ထ သမ္ဘဝတော။ (ဋီ)

● ရူပဘုံ၌ တဒါရုံ အဘယ့်ကြောင့် မဖြစ်ပါသနည်း။

၈၆၄-ဖြေ။ ။အရာဋ္ဌာနမဟုတ်သောကြောင့်ရူပဘုံ၌တဒါရုံမဖြစ်ပါ။

{တဒါရမ္မဏဝီထိတာနိ-ဟု ဆိုသော်လည်း သန္တီရဏ ၃-ခု မှာ သန္တီရဏကိစ္စဘဝင်ဒုက် ရနိုင်၍ တဒါရုံက်စ္စ တဝ်ခုက်သာ မရသောကြောင့်အဋ္ဌဟိတဋ္ဌဟဏနည်းဖြင့်မဟာဝိပါက်တဒါရုံ ၅-စ်ခုသာ ကြဉ်ပါ။ ရူပဘုံ, အရူပဘုံ၌ ဒေါသမူစိတ် မဖြစ်ပုံ, တဒါရုံ ကောဒဿ, သောတာပတ္တိမဂ်, ဟသိတုပ္ပါဒ်, ရူပါဝစရစိတ်တို့ အရူပဘုံ၌ မဖြစ်ခြင်းအကြောင်းတို့ကို အောက်ပက်ဖော်းပိုင်း ဝတ္ထုသင်္ဂဟက ဖြေခဲ့ပြီ။}

● ရူပဘုံ၌ အနိဋ္ဌာရုံမျိုး မရှိသောကြောင့် အကုသလဝိပါက်, စက္ခုဝိညာဏ်, သောတဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ ၄-ပါးတို့ကို မရသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် ထိုစိတ် ၄-ပါးတို့ကို ရူပဘုံ၌ ရနိုင်ပါသနည်း။

၈၆၅-ဖြေ။ ။ရူပဘုံ၌ အနိဋ္ဌာရုံမျိုး မရှိသော်လည်း ရူပဘုံကနေ၍ ဤလူ့ဘုံသို့လွှမ်း၍ ကြသ့်သောအခါ အနိဋ္ဌာရုံ ဖြစ်နိုင်, မြင်နိုင်သောကြောင့် ထိုစိတ် ၄-ပါးတို့ကို ရူပဘုံ၌ ရနိုင်ပါသည်။ (မရနိုင်ဟု အဘိဓမ္မာဝတာရဆရာက ဆိုသည်။)

† ဇုဓ ပန တတ္ထ ဌတ္ဝာဝိ ဇုမံ လောကံ ပဿန္တောနံ အနိဋ္ဌာရမ္မဏသ အသမ္ဘဝေါ နာ သက္ကာ ဝတ်ုံ။ (ဋီ)

● အသည်သတ် ဗြဟ္မာ တို့အား အလုံးစုံသော ဝိထိစိတ်တို့ကို အဘယ့်ကြောင့် မရပါသနည်း။

၈၆၆-ဖြေ။ ။"မိစိတ္တံ"အစရှိသော ဘာဝနာ၏ အစွမ်းဖြင့် နာမ်တရားတို့ကို ပယ်ထားသောကြောင့် မရပါ။

{အခြား ပုဂ္ဂိုလ်များကို ပြရာ၌ သတ္တသဒ္ဒါဖြင့် မဆိုသော်လည်း အသည်သတ် ဗြဟ္မာများမှာ ရုပ်သာရှိ၍ နာမ်မရှိသောကြောင့် သတ္တဝါ မဟုတ်ဟု မှတ်ယူမည်စိုးသောကြောင့် သတ္တသဒ္ဒါနှင့် အထူးပြု၍"အသည်သတ္တ"ဟု ဆိုထားသည်။}

† မိစိတ္တံ တျာဒိ ဘာဝနာဗလေန နာမဿ ပဟီနတ္တာ။ (သခေ်ပ)

● အသီတိဝိထိစိတ္တာနိ-စသော ဂါထာ၌ အသီတိ-အရ စတုသဋ္ဌိအရ, ဒွေးစတ္တာလီသ-အရတို့ကို အသီးသီး ရေတွက်ပြပါ။

၈၆၇-ဖြေ။ ။အသီတိ-အရကား-ဝိထိမုတ်စိတ် ၉-ပါးကြဉ်သော ၈၀-သော ဝိထိစိတ်တို့ဖြစ်ပါသည်။ ။စတုသဋ္ဌိအရကား-အာဝဇ္ဇန်းဒွေး-၂၊ ဃာနဝိညာဏ်ဒွေး, ဇိဝှာဝိညာဏ်ဒွေး, ကာယဝိညာဏ်ဒွေးကြဉ်သော အဟိတ်ဝိပါက်-၉၊ ဒေါသမူဒွေးကြဉ်သော ဇော-၅၃၊ ပေါင်း ၆၄-ဖြစ်ပါသည်။ ။ဒွေစတ္တာလီသ အရကား - ဒေါသမူဒွေး ဟသိတုပ္ပာဒ်ဇောကြဉ်သော ကာမဇော-၂၆၊ အရူပဇော-၈၊ သောတာပတ္တိမဂ်ကြဉ်သော လောကုတ္တရာဇော-၇၊ မနောဒွါရာ ဝဇ္ဇန်း-၁၊ ပေါင်း ၄၂-ဖြစ်ပါသည်။ "ဘုံစိတ်ရ စသည်တိုကို ပကိဏ္ဏကပိုင်း၌ ရှုပါ။"

● တဘဝအတွင်း ဝိထိစိတ်တို့၏ ဖြစ်ရာကာလ, ဖြစ်ပုံအခြင်းအရာတို့ကို ဖော်ပြပါ။

၈၆၈-ဖြေ။ ။အကြားအကြား၌ ဘဝင်ခြားခြင်း, နိရောဓသမာပတ်ဝင်စားခြင်းမှတပါး ဝိထိစိတ်တို့သည် ထိုထို ဘုံဘဝတို့တွင် ထိုထို ဒွါရတို့၌ ဖြစ်ဆိုက်သည်အားလျော်စွာ ပဋိသန္ဓေနောင် ဘဝနိကန္တီ မနောဒွါရိကဝိထိမှစ၍ စုတိစိတ်အဆုံး သေသည် ကာလတိုင်အောင်အတွင်း မပြတ်ဘဲ တလစပ်ဖြစ်၍ နေပါသည်။ (ဋီ)

ဘူမိ ဝိဘာဂ အဖြေ ပြီး၏။

ဝီထိပိုင်း-ပကိဏ္ဏက

ဘုံ၌ ပုဂ္ဂိုလ်ဖြစ် (ဘုံပုဂ္ဂိုလ်ရ)

ဂဟိတဂ္ဂဟဏနည်း

●

* အပါယ်၌ဒု,လူ-စတုဝယ်, ပယ်ပြုဒုသာ, ဆယ့်တဖြာတည်၊ နတ်မှာ ထက်ငါး, ဒု-သုရှား၍, ရငြားတဆယ်၊ ရူဝယ် ဆယ်ခု,ဘုံအစုဝယ်,ဒု-သု-ဒွိခွာ, ကိုးယောက်သာရ၊သည သုသာ, တယောက်ပါတည်၊ သုဒ္ဓါငါးဝ, ရိယထက်ဆုး, သုံးယောက်စီရ၊ အရူပမှာ, စ-မဂ်ခွာသည်။ ။ရှစ်ဖြာ တိဟိတ် မယွင်းတည်း။ (သစ်)

ပုဂ္ဂိုလ်သည် ဘုံ၌ဖြစ်

ဂဟိတဂ္ဂဟဏနည်း

●

* ဒု-ဖြစ်ဘုံမှာ, လေးအပါတည့်, သုမှာသည, မနုဿနှင့် တဝမဟာ, ဤသုံးဖြာပ၊ ဒွိမှာမမှာ, ဖြစ်ငြားသုဂတိ, သတ္တရှိ၏၊ တိဟိတ်ဇန်မှာ, သတ္တာသုဂတိ, ရူပိဝေဟပ်, လေးရပ်အရူ, ပေါင်းမူကေဝီ, ဖြစ်ရပ်မှီ၏၊ တလီမဂ္ဂဋ္ဌ, ပဌမကား, သတ္တသုဂတိ, ရူပိဝေဟပ်, ဆယ့်တရပ်မှာ၊ အရိယာ အလယ်, လေးယောက်ဝယ်မူ,ပုထုတူ၏၊ထက်မူ အရိယာ,သုံးယောက်မှာကား,ပယ်ခွာပါယော,ပဋ္ဌဝေါ နှင့်,အရူပေါပါ,ပေါင်းရောခါဖြင့်,ဖွေရှာရွေးကောက်, ၂၆-မှာ, ဖြစ်တို့ပါသည်။ ။သေချာမှတ်ဘွယ်-အလင် တည်း။ (သစ်)

ဘုံ၌ စိတ်ဖြစ် (ဘုံစိတ်ရ)

ဂဟိတဂ္ဂဟဏနည်း

●

လေးအပါယ,ဖြစ်ပုံဆသော်,ဟသိတခွာ, အသောဘဏာနှင့်, မဟာကုသလ, သတ္တိုံသတည့်၊ ကာမသတ္တ,ခုနစ်ဝမူ, စိတ်ရရှစ်ဆယ်, ဝိမုတ်ပယ်လော၊(ကာမဘုံစိတ်ရ)ထိုဝယ်တည်ဘိ,ဃာနာဒိနှင့်,ဒေါဒွိမဟာ,ဝိပါက်ခွါလျက်,ကျန်ရာကောက်ရွေး,ခြောက်ဆယ့်လေးတွင်,ပယ်ရေးအောက်သာ, ဝိပါက်ခွာ၍, ထက်မှာ ဝိပါက်, ရောထည့်စွက်က, ပဌမဂ်ဘုံကား, ခြောက်ဆယ့်ငါးနှင့်၊ ဒု-ကား ခြောက်ခြောက်၊ တ-ရောက် ဝေမှာ, ခြောက်ငါး သာတည့်။ တဖြာ ခြောက်ငါး, တည်ထားပြီးခါ, ရွေးစစ်ပါသော်, သုဒ္ဓါဆုးရှိ, ဒိဋ္ဌ-သံ-ဝိနှင့်, အောက်ရှိမဂ်တေး, အောက်ဖိုလ်ဒွေးကို,ပယ်ရွေးချထား, ငါးဆယ့်ငါးတည်း။ (ရူပဘုံစိတ်ရ) တပါးထိုမှ, အရူပမှာ, မကြာစေမှု,အကျဉ်းပြုသော်, အကုဒေါခွာ, မနောဒွါနှင့်,မဟာကု-ကြီ,အရူပိုလည့်း,ကု-ကြိသာ,ပဌမာမဂ္ဂ, ကြဉ်ထကုတ္တရစ်,လေးဆယ့်နှစ်တွင်, အောက်ဖြစ်သုံးပယ်, ထက်ဝယ် ဝိပါက်, တခုစွက်၍, ပဌမဂ်ဘုံမှာ, လေးသုံးသာတည်း၊ ဒု-မှာ လေးတစ်,တ-ဖြစ်သုံးကိုး, တမျိုးစမှာ, သုံးခွန်သာလျှင်, သေချာရွေးစစ်, ဘုံ၌ဖြစ်သည်။ ။မှတ်လစ်နောင်လာ-အမြဲတည်း။ (အရူပဘုံစိတ်ရ) (သစ်)

{အသည်သတ်ဘုံ၌ကား-စိတ်မရရှိ။ အသီတိ ဝိထိစိတ္တာနိ-စသောသင်္ဂဟအတိုင်း ယထာရဟံကိုအရှအကျယ်ပြထားသည်။}

စိတ်သည် ဘုံ၌ဖြစ်

ဂဟိတဂ္ဂဟဏနည်း

●

* ဒိဋ္ဌသံ-ကိစ္ဆာ, စိတ်ပဌာကား, သုဒ္ဓါကြဉ်ပ, ပဌ-စတု, ဝေါကာစုဌြာ, ၂၅-၌၊ မမှာ မှတ်ပိမ့်, ဒိဋ္ဌဝိပ်-ဥဒ္ဓါ, မနောဒွါနှင့်, မဟာကုသလ, ဆယ့်လေးဝကား, တိသဘုံမှာ၊ ဃာနာဒိဆ,ဒေါဒွရှစ်ထွေ, ဖြစ်လေကာမ, ဆယ့်တဝတည်း၊ ရူပကု-ကြီ, ဟသိတဇစ်, ၁၁-ကား-ပယ်ပြစ်ပါယော, ပဌဝေါဗာဝီ၊ ကြွင်းပြီးအဟေ, စိတ်ဆယ်ထွေကား, ဆဗ္ဗေပဌဝေါ၊ မှတ်လော မဟာ, ဝိပါက် မှာမူ, ကာမာသုဂတိ၊ကြီမဟာ,ရှစ်ခုမှာကား,ပါယ်ရွာကြဉ်ကြ, ပဌစတု, ဝေါကာစုဘို, ဆဗ္ဗီရှိ၏၊ ပဝိ-ပဘူ၊ဒု-တမူကား, ဒု-ဘုံထား၍၊ စ-ကား တ-မှာ၊မ-မှာ သညတ်, ကြဉ်လတ်ပါက,စဘုံဆတည်း၊ ကာသကု-ကြီ, ပယ်ဘိပါယော, ပဌဝေါ-ကာသ, တေဝီသမှန်၊ ထက်ယံ အရူ,ကု-ကြီမူကား, သွင်းယူမိမိ,ဘုံကိုထည့်၍,စတုဝိနှင်,ပဌဝိပါ,ဆဗ္ဗီသာဟု, စဉ်တိုင်းပြု၍၊ အရူဝိပါ,လေးခုမှာကား ,သကာသက,ဘုဘဝနှင်၊ပဌမမဂ်မှာ,သတ္တာသုဂတိ,ရူပိဝေဟပ်,သတ္တရသ်သာ၊လယ်မှာနုတ္တရ,စိတ်လေးဝကား ,ထိုမှအရူ,ထည်ဝွက်ယူက, ဘုံမူကော်ဝီ၊ ထက်ဆီနုတ္တရ, စိတ်သုးဝကား, သုဒ္ဓဝါသာ, ထပ်ဖြည်ပါမူ, ဆဗ္ဗီသာစစ်, ဘုဉ်ဖြစ်သည်။ ။ မှတ်လစ်နောင်လာ-မခဲတည်း။ (သစ်)

ခေတ်—၂၆၊ (ပဌမအကြိမ်။)

ပုဂ္ဂိုလ်၌ စိတ်ဖြစ် (ပုဂ္ဂိုလ်စိတ်ရ)
ဂဟိတဂ္ဂဟဏနည်း

●

* ဒုရစိတ်မှာ, အသောဘဏာနှင့်, မဟာကုသလ, ဟသိတပစ်, သတ္တိဝ်ဖြစ်၏၊ အသစ်ရောသိဝ်, ဝိပ္ပမဟာ, ဧက်စတ္တာကား, ဒွိဟာသုမှန်၊တိဟိတ်ဈာန်မူ, ဝိသံမဟာ,ရောထည့်ပါက,ရလာပဉ်စတ်၊ဖလဋ္ဌအောက်သာ,နှစ်ယောက်မှာကား, ကိန္ဆာဒိဋ္ဌသံ, နှုတ်ပြုန်မိမိ, ဖိုလ်ကိုထည့်၍,ရဟိဧက်စတ်၊ဖလဋ္ဌအနာ, တယောက်မှာမူ, ဒေါန္ဓာဖိုလ်လဲ, ရမြဲမှန်လှ, ဧကုနစတ်၊ တရပ်မှတ်ရာ,ရဟန္တာကား,ဝိပါကာဝမ, တေဝိသနှင့်, ကာမကြိယာ, ဆယ့်တဖြာတွင်, ရဟတ္တာဖိုလ်, ထည့်ကျုံပဋ္ဌိတိ, ဈာန်ကမှန်၏၊ ဈာန်ရှိန်ရက,တိဖလအောက်တွက်,မဟဂ်ကုကိုး,ရဟန္တာမျိုးမှာ, ကြိယာမဟဂ်,ကိုးခုစွက်၍,ထည့်တွက်လေပါ၊မဂ္ဂင်္ဘာလေးရရေးကိုယ်တွက်,မိမိမဂ်သာ,ရလေပါ၏။ (ကာမပုဂ္ဂိုလ်စိတ်ရ) တဖြာရူပ,တိဟိတ်မှကား, ဒသအကု,ပယ်ပြုဒေါသာ,ဃာနာဒိဆ,ဟသိတဆိတ်, အဟိတ်ဧက်ဒသ်, မဟတ်မဟဂ်, ကုသိုလ်စွက်၍, ဝိပါက်ရူပါ, ထည့်ကာတေစတ်, ရလတ်အမှန်၊ ဖလဋ္ဌာန်အောက်သာ, သုံးယောက် မှာကား, ကိန္ဆာဒိဋ္ဌသံ, နှုတ်ပြန်မိမိ, ဖိုလ်ကိုထည့်၍, ရဟိမှန်လှ, ဧကုနစတ်သာ၊ရဟန္တာမူ,ဃာနာဒိဆ,ပယ်ပြီးမှသာ,အဟိတ်မှာရ,ဒွါဒသနှင့်,ရူပဝိပါက်,မဟဂ်ကြိယာ, မဟာကြိယ,ဖိုလ်ကအရဟတ်,ပေါင်းလတ်ထွက်ချိန်,ပဋ္ဌိတိ်ရ။ (ရူပပုဂ္ဂိုလ်စိတ်ရ) တဝအရူ,တိဟိတ်မူကား,ပယ်ယူဒေါသ,ဒသအကု,တခုမနောဒွါ,မဟာကုဟ္ရ,အရူကုဝိ, ပေါင်းဘိ သတ္တရိ၊ အောက်ဆိ ဖလဋ္ဌာ, သုံးယောက်မှာကား, ကိန္ဆာဒိဋ္ဌသံ, နုတ်ပြန်မိမိ, ဖိုလ်ကိုထည့်၍, ရဘိ

တေဒီ၊ ထိုပြိကျန်ထ, ရဟန္တာဂကား, ကြိယမဟာ,မနောဒါနှင့်,အရှုပါဝိ,ကြိတရဝ်,အရဟတ္တဖိုလ်, ထည်ဆိုသောခါ, အဒ္ဒာရသ,အမှန်ရသည်။ ။မှတ်ကြသေချာ-အမြတည်း။ (အရှုပပုဂ္ဂိုလ်စိတ်ရ) (သစ်)

ရှုပနှင့် အရှုပ-ဒွိ ဒု, သု, နိုဝင်ဝင်မရှိ၊ တိဟိတ်သာ, ဈာန်မရလည်း မရှိဟုမှတ်လေ။]

စိတ်သည့် ပုဂ္ဂိုလ်၌ ဖြစ်
ဂဟိတဂ္ဂဟဏနည်း

❀

* ဒွိဉ်သံကိုဘာ, စိတ်ပဉ္စာကား, လေးဖြာ ပုထု၊ ကုမဟာ ဥပ်,ဒွိဇုပ်ဝိပ္ပ, ဇာတရဿကား, ရဟန္တာကြည့်, ထိုပြင်သတ္တာ၊ ဒေါဒွယဟု, ဘနာရဟန်, ကြည်ပြန်ဆဟုတ်၊ ဟသိတုပ်ကြည့်, အဟိတ်တွင်းကား,ရှစ်ယောက်ထားလော၊ကြိကား ဒွာရသ်, ရဟန် မှတ်လျက်, ဝိပါက်မဟာ, ဝိပ္ပမှာကား, ဒုဒွာသာဟု၊ ဝိပ္ပဟပ်ခါ, မဟာဓဟုဂ်, ဝိပါက်တေရ,တိဟေတုထုတ်, မဟဂ္ဂုတ်ကို, ကုသိုလ်မျိုးကား, ပယ်ရိုးရဟန္တာ, တိလေး သာတည်း၊ ကုဟုရာက, စိတ်အဒ္ဓမှာ, ရိယရှစ်ယောက်, စဉ်တိုင်းရောက်သည်။ ။ဒွေးကောက်သည်သာ မလွဲတည်း။ (သစ်)

{မင်္ဂလာဂ္ဂိုလ်ကိုသီးခြားဖယ်ထား၍ ဖလဂ္ဂဟန်လေး, ကိုဟ်က်လေး၊ ဤခုစ်ယောက်ကိုသာ ပဓာနသဘော၌ဆိုသည်ဤသုံးနည်းခြောက်ချက်တို့၌ဂဟိတဂ္ဂဟဏနည်းကိုသာရေးခဲ့သည်။အဂ္ဂဟိတဂ္ဂဟဏနည်းကိုကား ကျယ်လွန်းမည်စိုး၍ ဤ၌မရေးသာပြီ။ }

ဝိဆိပိုင်း-ပကိဏ္ဏက ပြီး၏။

ဝိဆိပိုင်း အဖြေ ပြီးပြီ။

ဘုံပိုင်း

ဘုဒိစတုက္က အဖြေ

●

● အဘယ့်ကြောင့် ဝိထိမုတ္တာ သင်္ဂဟ-မည်ပါသနည်း။

၈၆၉-ဖြေ။ ။"ဝိထိ မုတ္တာနံ သင်္ဂဟော ဝိထိမုတ္တာ သင်္ဂဟော" ဟူသော ဝစနတ္ထနှင့်အညီ ပဋိသန္ဓေ,ဘဝင်,စုတိ ကာလတို့၌ ဝိထိမုတ်ဝိတ်တို့၏အစွမ်းဖြင့်ဖြစ်ခြင်းကို အကျဉ်းပေါင်းရုံး၍ ရေတွက်ရာရေတွက်ကြောင်းဖြစ်သောကြောင့် ဝိထိမုတ္တာ သင်္ဂဟ-မည်ပါသည်။

{ဝိထိ သင်္ဂဟကား-ပဋိသန္ဓေမှစ၍ စုတိအဆုံးတိုင် ဖြစ်သော စိတ်, စေတသိက်တို့ကို အကျဉ်းချုံး၍ ပြရာဖြစ်သောကြောင့် ပဝတ္တိသင်္ဂဟ-မည်သည်။ ဤဝိထိမုတ္တာ သင်္ဂဟကား-ပဋိသန္ဓေအခါ,ထိုပဋိသန္ဓေအခါနှင့်နီးသော စုတိအခါတို့၌ စိတ်,စေတသိက်ဘို့၏ဖြစ်ခြင်းကို ပြရာဖြစ်သောကြောင့် ပဝတ္တိသင်္ဂဟ-မည်သည်။ ဇာတကား-ပဋိသန္ဓေနှင့်, ဥပလက္ခဏာနည်းအားဖြင့် စုတိကာလကိုယူဟုပြ၏။ ဤသို့ ပဝတ္တိသင်္ဂဟ ၂-မျိုးကို သိလေ။ ။ ဤဝိထိမုတ္တာသင်္ဂဟ၌ဘုံဝိုးသည်ကား"ဘဝန္တိ သတ္တာ ဇွေဘတိ ဘူမိ" ဟူသော ဝစနတ္ထနှင့်အညီ သတ္တဝါတို့၏ ဖြစ်ရာဌာနအရပ်ဒေသဖြစ်သောကြောင့် ဘုံ-မည်သည်။ဤဝိထိမုတ္တာသင်္ဂဟ၌ပဋိသန္ဓိ စုတ္တိ, မရဏုပ္ပတ္တိ စုတ္တိတို့ကား-မုချ ဝိထိမုတ္တာသင်္ဂဟဖြစ်သည်။ထို စုတ္တိ ၂-ပါးတို့၏ဖြင့်ရာကိုပြသော ဘူမိစုတ္တိဖြစ်ကြောင်းကိုပြသော ကမ္မစုတ္တိဘို့ကား-ဥပစာအားဖြင့်သာ ဝိထိမုတ္တာ သင်္ဂဟ မည်သည်ဟု အထူးမှတ်ပါလေ။}

● အဘယ့်ကြောင့် အပါယ် ကာမသုဂတိ-မည်ပါသနည်း။

၈၇၀-ဖြေ။ ။"တိဿော သမ္ပတ္တိယော အယန္တိ ဂစ္ဆန္တိ ပဝတ္တန္တိ ဧတေနာတိအယော၊အယတော အပေတောတိအပါယော"ဟူသော ဝစနတ္ထနှင့်အညီ ကောင်းမှုဟူ၍သမုတ်အပ်သော သုံးပါးသောသမ္ပတ္တိသို့ရောက်ကြောင်းဖြစ်သောကုသိလ်မှကင်းသောကြောင့်အပါယ-မည်

ပါသည်။ "သောဘဏာ ဂတိ သုဂတိ။ ကာမတဏ္ဍာယ သဟ စရိတာ သုဂတိ ကာမသုဂတိ" ဟူသော ဝစနတ္ထနှင့်အညီ ကာမ တဏ္ဍာနှင့် အတူတကွဖြစ်၍၊ တင့်တယ်သော ကောင်းမှုပြုသောသူတို့ ရောက်အပ် သောကြောင့် ကာမသုဂတိ-မည်ပါသည်။ (ဋီ-၉)

{"ဒုဋ္ဌေန ကမ္မုနာ နိဗ္ဗတ္တာ ဂတိ ဒုဂ္ဂတိ" ဟူသည်နှင့်အညီ မကောင်းမှု ကံကြောင့် ဖြစ်သော လားရာဖြစ်သောကြောင့် ဒုဂ္ဂတိ မည်သည်ဟု ပြန်၍သိပါ။}

● အဘယ့်ကြောင့် နိရယ, တိရစ္ဆာန-မည်ပါသနည်း။

၈၇၁-ဖြေ။ ။"ပုညဘော အယတိ ဂစ္ဆတိ ပဝတ္တတီတိ အယော, အယတော သုခတော နိဂ္ဂတောတိ နိရယော" ဟူသော ဝစနတ္ထနှင့် အညီ ကောင်းမှုကြောင့်ဖြစ်သော ချမ်းသာမှ ထွက်မြောက်တတ်, ကင်း တတ်သောကြောင့်ရင်း, ချမ်းသာသုခကို သာယာခြင်းမရှိသောကြောင့် ရင်း, နိရယ (နိရဲ-နရဲ-ငရဲ) မည်ပါသည်။ ။"တိရော အဥ္ဇိတာတိ တိရစ္ဆာနာ" ဟူသော ဝစနတ္ထနှင့်အညီ လူများကဲ့သို့မတ်တတ်ထောင် ၍မသွားဘဲ ဖီလာကန့်လန့် အလျားလိုက် သွားတတ်သောကြောင့် ရင်း, မဂ်-ဖိုလ်မှ ဖီလာကန့်လန့်သွားတတ်သောကြောင့်ရင်း တိရစ္ဆာန် မည်ပါသည်။

{အပါယမှ အယ-သဒ္ဒါ၊ ကောင်းမှုကုသိုလ်ဟော၊ နိရယမှ အယ-သဒ္ဒါ ချမ်းသာသုခဟော၊ ဤသို့အထူးကိုမှတ်။ (ဋီ-၉)

● အဘယ့်ကြောင့် ပေတ အသုရကာယ-မည်ပါသနည်း။

၈၇၂-ဖြေ။ ။"ပကဋ္ဌေန သုခတော ဋတာ ဂတာတိ ပေတာ" ဟူသောဝစနတ္ထနှင့်အညီ ချမ်းသာမှဝေးသောအားဖြင့်ဖြစ်တတ်သော ကြောင့် ပေတ(ပြိတ္တာ)မည်ပါသည်။ ။"သုရန္တိ ဋဿရိယ ကီဋ္ဌာဒိဟိ ဒိဗ္ဗန္တိတိ သုရာ၊ န သုရာ အသုရာ" ဟူသော ဝစနတ္ထနှင့်အညီ အစိုးရ ခြင်း, မြူးထူးခြင်း အစရှိသည်တို့ဖြင့် မမြူးထူးတတ်, မထွန်းပတတ်သော ကြောင့် အသုရာ-မည်ပါသည်။(န-သဒ္ဒါ ပဋိသေဓအနက်ဟော ပြိတ္တာ အသုရာကိုရ၏။) "သုရာနံ ပဋိပက္ခာတိ အသုရာ" ဟူသောဝစနတ္ထနှင့်

အညီ သုရ အမည်ရသော တာဝတိံသာနတ်တို့၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အသုရာ-မည်၏။ (နံ-သဒ္ဒါ ပဋိပက္ခ အနက်ဟောနတ် အသုရာ-ရ၏။) (ဋီ)

● တိရစ္ဆာနယောနိ ပေတ္တိဝိသယော-ဟူသော ပါဌ်၌ တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ-အရ အဘယ်ကိုယူရမည်ဟု ၎င်းတို့၏ဘုံဌာနကို ညွှန်ပြပါ။

၈၇၃-ဖြေ။ ။တိရစ္ဆာန် ပြိတ္တာတို့၏နေရာဌာနသည် ငရဲဘုံ, အသုရကာယ်ဘုံတို့ကဲ့သို့ ပိုင်းခြား သတ်မှတ်အပ်သော အရပ်ဌာန မရှိသောကြောင့် ဩကာသဘုံကိုမယူဘဲ တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ-အရ ၎င်းတို့၏ ခန္ဓာကိုယ်ကိုပင် ယူရပါမည်။ တနည်းအားဖြင့် တိရစ္ဆာန်, ပြိတ္တာတို့၏ အမြဲနေရာ ဌာနဖြစ်သော တော, တောင်ခြေရင်း စသော ဩကာသ အရပ်ကိုလည်း တိရစ္ဆာန်ဘုံ, ပြိတ္တာဘုံ-ဟု ယူရပါသေးသည်။ (ဋီ)

● အသုရကာယော-ပုဒ်၌ အသူရာ အမျိုး အစားနှင့်တကွ ဤ၌ အဘယ်အသူရာကိုယူရမည်ဟု အကြောင်းနှင့်တကွ ဖော်ပြပါ။

၈၇၄-ဖြေ။ ။ပြိတ္တာအသူရာ, နတ်အသူရာ၂-မျိုးရှိရာနတ်အသူရာတို့ကို တာဝတိံသာနတ်ဘို့၌ ရေတွက်သင့်သောကြောင့် ဤ၌ ပြိတ္တာအသူရာကိုသာ ယူရပါသည်။

† ဗုဓစ ပေတာသုရာနမေဝ ဂဟဏံ ဗုတရေသံ တာဝတိံသေသု ဂဟဏသ ဗုစ္ဆိတတ္တာ။ (ဋီ)

† တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တာသုရာ ဂတာ။

(နာမရူပ ပရိစ္ဆေဒ)

● အဘယ့်ကြောင့် ယောနိ-မည်သည်ကို ဖော်ပြ၍၊ ၎င်းတို့၏အရကိုလည်း ကောက်ပြခဲ့ပါ။

၈၇၅-ဖြေ။ ။"ယဝန္တိ တာယ သတ္တာ အမိဿိတာပိ သမာန ဇာတိတာယ မိဿိတာဝိယ ဟောန္တိတိ ယောနိ" ဟူသော ဝစနတ္ထနှင့်အညီ သတ္တဝါတို့သည် ရောယှက်မှု မရှိကြသော်လည်း ဇာတ်တူ

သဖြင့် ရောယှက်သကဲသို့ဖြစ်တတ်သောကြောင့်ယောနိ-မည်ပါသည်။ ခန္ဓာတို့၏ ဖြစ်ခြင်းအထူးသည်ပင် ယောနိ၏အရ ဖြင်ပါသည်။

† သာ ပန အဘွတော ခန္ဓာနံ ပဝတ္တိဝိသေသော။ (ဋီ)

● မနုဿပုဒ်ကို ဝစနတ္ထဖြင့် အဓိပ္ပာယ်ဖော်ပြပြီးလျှင် အရသည်း ကောက်ပြခဲ့ပါ။

၈၇၆-ဖြေ။ ။"မနော ဥဿန္တံ ဧတေသန္တိ မနုဿာ"ပြု-ရဟန်း, ပဉ္ဇင်းပြုခြင်းငှာ လျောက်ပတ်သည်၏အဖြစ်အစရှိသောဂုဏ်အရာတိုဖြင့် မြင့်မြတ်သော စိတ်ရှိသောကြောင့် မနုဿ-မည်ပါသည်။ လွန်ကဲသော သတိပညာဉာဏ်ဂုဏ် အထူးရှိသော ဘုရားရှင် စသည်ကိုမှာလည်း လူသားပင်ဖြစ်၍ မြင့်မြတ်သောစိတ်ရှိပုံကို သိလေ။ ဤ ဝစနတ္ထအရ ဇမ္ဗူဒိပ်ကျွန်းနေ လူများကို မုချအားဖြင့်ရ၏။ ဇမ္ဗူဒိပ်ကျွန်းနေ လူများနှင့် အဆင်း အသွင်အပြင် စသည်အားဖြင့် တူသော အရိကျွန်းပေါ်နေသောလူများ, ဇမ္ဗူဒိပ်ကျွန်းကြီးမှ တပါးသော ကျွန်းကြီးဦးနေသောလူများကိုကား-သဒိသူပစာရအားဖြင့် ရ၏။ ။လောကီသဒ္ဒါကျမ်းဆရာတို့အလိုကား-"မနုနော အပစ္စံ မနုဿာ"ဟူသော ဝစနတ္ထနှင့်အညီ ကမ္ဘာဦးအခါက မနုအမည်ရှိသော အစစ္ဓာသောမင်း၏ သားသီးများ ဖြစ်ကြသောကြောင့် မနုဿ (လူ) မည်သည်ဟု ဆိုလိုပါသည်။ (ဋီ)

[အကြောင်းဟုတ်သည် မဟုတ်သည်ကိုဂင်း, အကျိုးရှိသည် မရှိသည် ကိုဂင်း, ကုသိုလ်-အကုသိုလ်ကိုဂင်း သိတတ်သော ကြောင့် မနုဿ (လူ) မည်သည်ဟု ဆိုနိုင်သေးသည်။]

★ ကျွန်းကြီးလေးကျွန်းတို့၏ ရှိရာအရပ်ကိုဂင်း, ထို ကျွန်းကြီးတို့၏ အခြေအနေကိုဂင်း၊ ထို ကျွန်းကြီးများသို့ သွားရှိရောက်နိုင်, မရောက်နိုင်ကိုဂင်း သဘာဝပထဝီအခြေအနေကိုထောက်ဆ၍ သွန်ကြားခဲ့ပါ။

၈၇၇-ဖြေ။ ။ဇမ္ဗူဒိပ် တောင်ကျွန်းကား-ဣန္ဒိယ ကျွန်းဆွဲယ်ကြီး ပင်ဖြစ်၍၊ အနောက်ကျွန်းကား-အာဖရိကတိုက်၊ မြောက်ကျွန်းကား-အမေရိကတိုက်၊ အရှေကျွန်းကား-ဩစတေးလီးယားတိုက်ကြီးများပင်

ဖြစ်ပါသည်။ ထိုကျွန်းကြီး လေးကျွန်း၏ အလယ် အာတိတ် စက်ဝိုင်း အတွင်း၌သတ္တရဒ္ဓန်တောင်စဉ် ၇-ထပ်၊သီဒါ ၇-တန်၊ မြင်းမိုရ်တောင်ကြီးများ တည်ရှိပါသည်။ (ထိုနေရာသို့ လူသားများ မသွားရောက်နိုင်ပါ) ထိုနေရာကား-အိုက်စလန်ကျွန်း၊ ဂရီးလင်ကျွန်း၊ ကနေဒါနိုင်ငံနှင့် ဆိုက်ဗေးရီးယားမြောက်ဘက် အလွန်အေးမြသော နေရာများ ဖြစ်ပါသည်။ ။ထိုကျွန်းကြီး လေးကျွန်းတို့တွင် တောင်ကျွန်းနှင့် အရှေကျွန်းမှာ ရှေးမူအတိုင်းမပျက် တည်ရှိ၍၊ အနောက်ကျွန်းနှင့်မြောက်ကျွန်းမှာကား-ရေစားသဖြင့် ရှေးမူအတိုင်းမရှိ အနည်းငယ်ပျက်စီးနေလေပြီ။ထိုကျွန်းကြီးများသို့ အာတိတ်စက်ဝိုင်း(မြင်းမိုရ်တောင်)ကိုပတ်၍ သဘာဝပထဝီ အခြေအနေအရ သင်္ဘောလမ်း - လေ ကြောင်း လမ်း များ နှင့် ဆက်သွယ်၍ တကမ္ဘာလုံးသို့ ကူးလူးဆက်ဆံ သွားလာလျက်ရှိကြပြီ။

{ဤ အကြောင်းအရာများကို တွေ့ရက ရုတ်တရက် အံ့သြကောင်း အံ့သြသွားပါလိမ့်မည်၊သို့သော် ဘုရားဟောဒေသနာတော်နှင့်ငှင်း,မျက်မြင်သဘာဝပထဝီအခြေအနေနှင့်ငှင်း ကိုက်ညီ၍ ဘယ်သူမှ မငြင်းနိုင်သဖြင့် တိုက်ကြီး ငါးတိုက်ကို တောင်ကျွန်းတကျွန်းတည်း ယူဆနေကြသော အများ အယူအဆမှ အထက်ပါအတိုင်း လေးကျွန်းတမြင်းမိုရ် ယူဆလျှင်ငှင်း၊ကမ္ဘာကြီးလုံးနေရာမှ အနည်းငယ်ကုန်း၍တောင်ပူစာကလေးအသွင် ယူဆလျှင်ငှင်း - ကမ္ဘာကြီးကို နေသွား-ရာသီနှင့်ကိုက်အောင် တခဲတယဉ်းစောင်း၍ လည်မနေတော့ဘဲ၊ နေသည် တနေရာတည်းမသွားဘဲသုံးလမ်းကူးပြောင်းသွားလာနေသည်ဟု ယူဆလျှင်ငှင်း၊ဘယ်တော့မှ မတွေ့နိုင်သော အရှေနှင့် အနောက်မှာ ဤနေရာတွင် ဘွေ့ရှိ၍ တကမ္ဘာလုံး မသဲကွဲ မရှင်းလင်းသော ပြဿနာကြီးတခုမှာလည်း ရှင်းလင်းပြေလည်သွားဘို့မှာမဝေးတော့ပြီဟု ယူဆပါသည်။လေးကျွန်းသားတို့၏ ရှေးမူနှင့်ယခုမူ

★ လေးကျွန်းတမြင်းမိုရ် တကမ္ဘာလုံးမြေပုံကို စာအုပ်အစတွင် ပြထားသည်။

အခြေအနေ အမူအရာ အသက်တမ်း, အချိန်, နာရီ, ရာသီ, ဥတု, နေသွား စသည်တို့ကို မျက်မြင်နှင့် ဒေသနာတော်ကို ချိန်ထိုး၍ ဤ၌ အကျယ်မပြသာပြီ။ "သဘာဝ အဓမ္မာ" ကျမှ ရှုကြပါကုန်။}

● အရှေကျွန်း, အနောက်ကျွန်း, မြောက်ကျွန်း, တောင်ကျွန်းတို့၏ အသက်အပိုင်းအခြားကို အသီးသီး ဖော်ပြပါ။

၈၇၈-ဖြေ။ ။အရှေ ကျွန်းကား-၇၀၀၊ အနောက်ကျွန်း-၅၀၀၊ မြောက်ကျွန်းကား-၁၀၀၀၊ တောင်ကျွန်းကား-အမြဲမရှိပါ။ ဘုရားကြီး ၈ဏ္ဍိ ဆရာတော်ကား.... အရှေ ကျွန်းနှင့် အနောက်ကျွန်း အတူတူ ၅၀၀-စီဟု ဆို၏။

* ရှေခွန် နောက်ငါး, မြောက်ကား တထောင်, သက်တမ်း ဆောင်, တောင်မှာမြဲမရှိ။ (သစ်)

● အဘယ့်ကြောင့် စတုမဟာရာဇိက 'လ' ဝသဝတ္တီ-မည်ပါ သနည်း၊ အသီးသီးအဓိပ္ပာယ်ကို ဖော်ပြပါ။

၈၇၉-ဖြေ။ ။နတ်မင်းကြီး လေးယောက်တို့၌ ခစားတတ်သောကြောင့်ရင်း, နတ်မင်းကြီး လေးယောက်တို့၏ နေရာအရပ်၌ ဖြစ်တတ်ဒသာကြောင့်ရင်း စာတုမဟာရာဇ်နတ်-မည်ပါသည်။ ထို စာတုမဟာရာဇ်နတ်တို့၏နေရာဖြစ်သောကြောင့်စာတုမဟာရာဇ်ဘုံမည်ပါသည်။ (ဘုံရအောင် နောက်ကိုဤနည်းအတိုင်းသိပါ။) မစလရွာသား မာဃလုလင်နှင့်တကွ ကောင်းမှုပြုဘက် သုံးကျိပ်သုံးယောက်တို့ဖြစ်ရာအရပ်၌ ဖြစ်တတ်သောကြောင့် တာဝတိံသာနတ်-မည်ပါသည်။ (အခြားစကြဝဋ္ဌာတို့၌လည်း နတ်ပြည်ခြောက်ထပ်ရှိသောကြောင့် ဤတာဝတိံသာဟူသောအမည်သည် အနွတ္တမဟုတ်၊ ရုဋ္ဌအမည်မျှသာ ဖြစ်သည်။) ဒုက္ခမှ ကင်းဝေးတတ်သောကြောင့် ယာမာနတ်-မည်ပါသည်။ မိမိ၏အသရေစည်းစိမ်ဖြင့် နှစ်သက်မြတ်နိုးတတ်သောကြောင့် တုသိတာနတ်မည်ပါသည်။ စိတ်ကြိုက် မိမိဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာ၌ မွေ့လျော်တတ်သောကြောင့် နိမ္မာနရတိနတ်-မည်ပါသည်။ သူတပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ်ချမ်းသာတို့ကို မိမိအလိုသို့ လိုက်စေတတ်

ဓသောကြောင့် ပရနိမ္မိတ ဝသဝတ္တီနတ်-မည်ပါသည်။ထို ဝသဝတ္တီနတ်တို့၏နေရာဌာနဖြစ်သောကြောင့် ဝသဝတ္တီနတ်ကုံ ခေါ်ပါသည်။ဤသို့စသည်ဖြင့် ဘုံနှင့်တွဲ၍ သိပါလေ။ (ဋီ)

❁ ဘူမိစဘုက္ကကို ပြဆိုရာဖြစ်၍ မနုဿဘူမိ-စသည်ဖြင့် ဘုံကိုသာ ပြဆိုသင့်လျက်အဘယ့်ကြောင့်'မနုဿာစာတုမဟာရာဇိကာ' စသည်ဖြင့် အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၈၈၀-ဖြေ။ ။ဘုံနေ လူ စသည်နှင့် ဘုံကို အဘေဒနည်းအားဖြင့် တပေါင်းတည်း ပြပြီးသား ဖြစ်သော်ကြောင့်ရင်း, ဌာနီဖြစ်သော လူစသည်၏ အမည်ဖြင့် ဌာနဖြစ်သောဘုံကို ပြပြီးသား ဖြစ်သောကြောင့်ရင်း၊ တနည်းအားဖြင့် ဘူမိပုဒ် ကြေနေသောကြောင့်ရင်း, မနုဿဘူမိစသည်ဖြင့်မဆိုဘဲ မနုဿာစသည်ဖြင့်သာ အနုရုဒ္ဓါဆရာ ဆိုပါသည်။ တနည်းအားဖြင့် ဘူမိပရိယာယ်-ဟု သ်စေလိုသဖြင့် မနုဿာ-စသည်ဖြင့် ဣတ္ထိလိင် ကေဝုစ်နှင့် ဆိုထားပါသည်။

† မနုဿာနံ နိဝါသကူတာ ဘူမိ ဣဓ မနုဿာ ဧဝံ သေသေသုပိ။ (ဋီ)

❁ အဘယ့်ကြောင့် ဗြဟ္မပါရိသဇ္ဇာ - စသည် မည်ပါသနည်း၊ ရင်းတို့၏အဓိပ္ပာယ် အသီးသီးကိုလည်း ဖော်ပြပါ။

၈၈၁-ဖြေ။ ။မဟာဗြဟ္မာတို့၏ အလုပ်အကျေး ပရိသတ်ဖြစ်သောကြောင့် ဗြဟ္မပါရိသဇ္ဇာ-မည်ပါသည်။ မဟာဗြဟ္မာတို့၏ ပုရောဟိတ်အရာ၌ ဘည်သောကြောင့် ဗြဟ္မပုရောဟိတ-မည်ပါသည်။ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့ထက် အသက်ရှည်ခြင်း, အဆင်းလှခြင်း စသည်တို့ဖြင့် မြင့်မြတ်သောကြောင့် မဟာဗြဟ္မာ-မည်ပါသည်။ ဤဗြဟ္မာ သုံးဦးတို့သည် မြတ်သော ရတနာ ရောင်တို့ဖြင့် တောက်ပသော, တူမျှသော အပြင်ရှိသောဘုံတို့၌ နေကြကုန်၏။ (ပဌမစျာန် သုံးဘုံ)

အပ်ပမာဏာဘာ အာဘာသရာ ဗြဟ္မာတို့ အောက် နည်းသော အရောင်အလင်း ရှိသောကြောင့် ပရိတ္တာဘာ-မည်ပါသည်။ အတိုင်းအရှည် မရှိသော အရောင်ရှိသောကြောင့် အပ္ပမာဏာဘာ - မည်ပါ

သည်။ အရောင်သည် ကိုယ်မှထွက်၍ ဤမှ ထိုမှ ထွက်ပြေး ထွန်းလင်း ဘတ်သောကြောင့် အာဘာသရာ-မည်ပါသည်။ (အာဘာသရာ-ဟု ဆိုလိုလျက် သ-ကို ဒွေးဘော်ပြု၊ သံယုဂ်ကြောင့် အာ-ကို အ-ရသပြု၍ အာဘာသရာ-ဟု ဆိုသည်။) ဤဗြဟ္မာသုံးဦးတို့သည်လည်း အထူးသဖြင့် မြတ်သော ရဟန္တာရောင်တို့ဖြင့် တောက်ပသော, တူမျှသော, အပြင်ရှိသော ဘုံတို့၌ နေကြကုန်၏။ (ဒုတိယစျာန် သုံးဘုံ)

အထက်ဘုံ၌ဖြစ်သောဗြဟ္မာတို့အောက် နည်းသော တခဲနက်ဖြစ်၍ မတုန်မလှုပ်တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်ရှိသောကြောင့် ပရိတ္တာသုဘာ-မည်ပါသည်။ အတိုင်းအရှည်မရှိသော တခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်ရှိသောကြောင့် အပ္ပမာဏသုဘာ-မည်ပါသည်။တခဲနက်ဖြစ်၍ မတုန်မလှုပ် တင့်တယ်ကောင်းမြတ်သော ကိုယ်အရောင်ဘိုဖြင့် ထက်ဝန်းကျင် ပြွမ်းသောကြောင့်သုဘကိဏ္ဏာ-မည်ပါသည်။ (သုဘာကိဏ္ဏာဆိုလိုလျက်ဘာ-၌ အာ-ကို အ-ရဿ ဏာ-တလုံးကို ဟ-ပြု၍ သုဘကိဏ္ဏာ-ဟုဆိုသည်) ဤဗြဟ္မာသုံးဦးတို့သည်လည်း အထူးသဖြင့် မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော,တူမျှသော,အပြင်ရှိသော ဘုံတို့၌ နေကြကုန်၏။
(တတိယစျာန် သုံးဘုံ)

စျာန်၏ အာနုဘော်ကြောင့်ဖြစ်သော ကြီးကျယ်ပြန့်ပြောသော အကျိုးရှိသောကြောင့် ဝေဟပ္ဖလ်မည်ပါသည်။(ဝိပုလဖလဆိုလိုလျက် နိရုတ္တိနည်းဖြင့် ဝေဟပ္ဖလ်ဟု ဆိုသည်။) သညာ၌ ရုံရှာစက်ဆုပ်သော ဘာဝနာ၏အစွမ်းဖြင့် သညာနှင့်တကွ နာမ်ခန္ဓာတို့ မရှိသောကြောင့် ဇင်း၊ သတ္တဝါဖြစ်သောကြောင့်ဇင်း အသညသတ္တာ-မည်ပါသည်။ ဤဗြဟ္မာ ၂-ဦးတို့သည် အထူးသဖြင့် အလွန်မြတ်သော ရတနာရောင်ဖြင့် တောက်ပသော, တူသော, အပြင်ရှိသောဘုံတို့၌ နေကုန်၏။စင်ကြယ်ကုန်သော အနာဂါမ် ရဟန္တာတို့၏ နေရာဖြစ်သောကြောင့်ဇင်း၊ ချစ်ခြင်း,မုန်းခြင်းမရှိ၍ စင်ကြယ်ကုန်သော ထိုဗြဟ္မာတို့၏နေရာသည် စင်ကြယ်သောကြောင့်ဇင်းသုဒ္ဓါဝါသမည်ပါသည်၊ ထိုဗြဟ္မာတို့၏ဘုံသည်လည်းဌာနုပစာရအားဖြင့် သုဒ္ဓါဝါသပင်ဖြစ်ပါသည်။(၅၊ ၇-ဘုံကား-

စတုတ္ထဈာန်ဘုံတည်း။ ဝေဟပ္ဖလ်နှင့် အသညသတ်မှာ တပြင်တည်း နေ၍၊ သုဒ္ဓါဝါသငါးဘုံမှာအဆင့်ဆင့်နေသည်။ ဤမျှသာထူးသည်။)

သုဒ္ဓါဝါသငါးဘုံတို့တွင် ပဌမအပြင်၌နေသော ဗြဟ္မာတို့သည် အနည်းငယ်သောကာလ၌မိမိ၏တည်ရာကိုမစွန့်သောကြောင့်အဝိဟာ မည်ပါသည်။ တစုံတခုသောအကြောင်းဖြင့် မပူပန်တတ်သောကြောင့် အတပ္ပ-မည်ပါသည်။ တင့်တယ်ကောင်းမြတ်သော ကိုယ်ရောင်ကိုယ် ဝါရှိ၍ချမ်းသာသဖြင့်ကြည့်ရှုအပ်သောကြောင့်သုဒဿာ-မည်ပါသည်။ သည်းခြေ, သလိပ်, သွေး, ပြည် အစရှိသော ဘေးကင်းလျက် အလွန် စင်ကြယ်သော စက္ခုဝိညာဏ်ရှိသဖြင့် ချမ်းသာသဖြင့် မြင်နိုင်သော ကြောင့် သုဒဿီ-မည်ပါသည်။လွန်ကဲသော စည်းစိမ်ဂုဏ်သိရှိသဖြင့် စည်းစိမ်ဂုဏ်သိရ သေးငယ်မှုမရှိသောကြောင့် အကနိဋ္ဌ-မည်ပါသည်။

(သုဒ္ဓါဝါသငါးဘုံ) (၌)

{ဤ ဝေဟပ္ဖလ်ဈာန်သည် ဟိန, မစ္ဆိုမ, ပဏီတ ရှိသော ကြောင့် ပါရိသဇ္ဇဝေဟပ္ဖလ် စသည်ဖြင့် ၃-ပါး ရှိသင့်၏။ အသင်္ဘ အဝိုင်းအခြား မထူးသောကြောင့်သာ ထိုသို့မဝေဖန် ခြင်းဖြစ်ရာသည်။ သုဒ္ဓါဝါသမှာလည်း ထို့အတူ။}

● အဘယ့်ကြောင့် ဗြဟ္မာ-မည်ပါသနည်း။

၈၈၂-ဖြေ။ ။"တေဟိ တေဟိ ဈာနာဒီဟိ ဂုဏဝိသေသေဟိ ဗြူဟိတာ ပရိဝုဒ္ဓါတိ ဗြဟ္မာနော" ဟူသော ဝစနတ္ထနှင့်အညီ ဈာန် အဘိညာဏ် အစရှိကုန်သော ထိုထို ဂုဏ်အထူးတို့ဖြင့် ကြီးပွားတတ် သောကြောင့် ဗြဟ္မာ-မည်ပါသည်။ (၌)

{ဗြဟ္မာတို့၏ ပကတိ အဆင်းကို တစုံတယောက်သော သူသည် မမြင်ရ-ဟု ဗြဟ္မနိမန္တနသုတ်အဋ္ဌကထာ၌ဆိုသည်။ဤသို့ ဆိုခြင်းကား-ဗြဟ္မာတို့၏အဆင်းကိုအောက်အောက်ဖြစ်သော လူ, နတ်, ဗြဟ္မာတို့က မမြင်ရသည်ကိုသာရည်၍ ဆိုခြင်း ဖြစ် သည်။ အောက်အောက် ဖြစ်သော နတ်, ဗြဟ္မာတို့၏ အဆင်း ကိုကား-အထက်အထက် ဗြဟ္မာတို့က မြင်ရသည်ပင်။ အထက် ဗြဟ္မာတို့၏နေရာကိုလည်း မသိကြရ၊ မှန်းဆ၍သာ ဆည်းကပ် ကြရသည်။}

● ဒုတိယဈာန် သုံးဘုံသည် တပြင်တည်းဖြစ်လျက် ဥပရိမေဟိ ပရိတ္တာ အာဘာ စသည်ဖြင့် အာဘယ့်ကြောင့် အထက်ဘုံ, အောက်ဘုံ သဘောဖြင့် ဋီကာဆရာ ဆိုပါသနည်း။

၈၈၃-ဖြေ။ ။နည်းသော ဒုတိယဈာန်ကုသိုလ်၏အကျိုးဖြစ်သော နည်းသော ဝိပါက် ဖြစ်ရာဖြစ်သောကြောင့် ပရိတ္တာဘာ အပွမာဏာဘာ ၂-ဘုံသည် အောက်အောက် ဘုံကဲ့သို့ ဖြစ်ပါသည်။ အလတ်, အမြတ် ဖြစ်သော ဒုတိယဈာန် ကုသိုလ်၏ အကျိုးဖြစ်သော အလတ်, အမြတ်ဖြစ်သော ဝိပါက်၏ ဖြစ်ရာဖြစ်သောကြောင့် အပွမာဏာဘာ, အာဘာသရာ ၂-ဘုံသည် အထက်အထက် ဘုံကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် သုံးဘုံတပြင်တည်းပင်ဖြစ်သော်လည်း အထက်ဘုံ, အောက်ဘုံ သဘောအားဖြင့် ဋီကာဆရာ ဆိုပါသည်။ (ဋီ)

● အာကာသာနဉ္စာ ယတနဘုံ-အရ အာဘယ်ကို ယူရမည် နည်းညွှန်ပြပါ။

၈၈၄-ဖြေ။ ။အာကာသာနဉ္စာ ယတနဘုံ-အရ အဆုံး အပိုင်း အခြားမရှိသော ကသိုဏ်းကိုခွာ၍ ရအပ်သော ကောင်းကင် ဟူသော အာရုံဌဖြစ်သော ပဌမာရုပ္ပ ဝိပါက်ခန္ဓာ လေးပါးကိုပင် ယူရပါမည်။ ဘနည်းအားဖြင့် ထိုပဌမာရုပ္ပ ဝိပါက်ခန္ဓာ လေးပါးတို့ဖြင့် ပိုင်းခြား အပ်သောအရပ်ကို ယူရပါမည်။

{ရှေနည်းအလို အဝတ္ထုဘုံ, နောက်နည်းအလို ဌာနဘုံကို ယူ-ဟူလို။ နောက်သုံးပါးဌိလည်း ဤနည်းအတိုင်းသိပါလေ။}
(ဋီ)

● ငရဲရှစ်ထပ် အဝေးအကွာ, လူ့ဘုံမှစ၍ နတ်ပြည်ခြောက်ထပ် အဝေးအကွာ ဗြဟ္မပါရိသဇ္ဇာဘုံမှစ၍ နေဝသညာ နာသညာဘုံတိုင်အောင် ဗြဟ္မာဘုံ အဝေးအကွာတို့ကို အသီးသီး ဖေါ်ပြပါ။

၈၈၅-ဖြေ။ ။ငရဲကြီးရှစ်ထပ် တထပ် တထပ် အကွာ အဝေးမှာ ယူဇနာပေါင်း တသောင်း, ငါးထောင်စီ ဝေးကွာပါသည်။ လူ့ဘုံမှစ၍ ဝသဝတ္တီဘုံအထိ တဘုံနှင့်တဘုံ အကွာ အဝေးမှာ ယူဇနာပေါင်း

လေးသောင်း,နှစ်ထောင်စီ ဝေးကွာပါသည်။ ဗြဟ္မာဘုံ တဘုံနှင့်တဘုံ အကွာအဝေးမှာ ငါးသန်း, ငါးသိန်း, ရှစ်ထောင်စီ ဝေးကွာပါသည်။

* သောင်းငါးထောင်စီ,သန်ချာညီ,ရှစ်လီဝေးအကွာ။

* လေးသောင်း နှစ်ထောင်, ကွာဝေးဆောင်, လူ့ဘောင် နတ်ခြောက်ရွာ။

* ငါးသန်း ငါးသိန်း,ရှစ်ထောင်ချိန်း,တွက်ကိန်း ဗြဟ္မရွာ။

(ဆရာကြီးများ)

● ပုထုဇဉ်, သောတာပန်, သကဒါဂါမ်များ မရနိုင်သော ဘုံ၊ အရိယာများ မရနိုင်သော ဘုံ၊ ၂-ပါးစုံ ရနိုင်သော ဘုံများကို ဖော်ပြပါ။

၈၈၆-ဖြေ။ ။သုဒ္ဓါဝါသ ငါးဘုံကား - ပုထုဇဉ်များ မရနိုင်ပါ။ (သောတာပန်, သကဒါဂါမ်များလည်း မရနိုင်ပါ။) အပါလေးဘုံ, အသညသတ်ဘုံကား-အရိယာများ မရနိုင်ပါ။ သုဒ္ဓဝါသ, အပါယ်, အသညသတ်မှကြွင်းသော ကာမသုဂတိ ၇-ဘုံ, ရူပ ၁၀-ဘုံ, အရူပ ၄-ဘုံ, ပေါင်း ၂၁-ဘုံကား ၂-ပါစုံ ရနိုင်ပါသည်။ (သင်္ဂဟ)

{ဤကိုထောက်၍ အပြန်အားဖြင့် အပါယ်, အသညသတ်ဘုံကား-ပုထုဇဉ်များသာ ရနိုင်သည်။သုဒ္ဓါဝါသ ငါးဘုံကား-အရိယာများသာ ရနိုင်သည်။ (သောတာပန်, သကဒါဂါမ်မပါ။) ကျန် ၂၁-ဘုံကား - ၂-ပါးစုံ ရနိုင်သည်ဟုသ်ပါလေ။}

● ဒုထုဇ္ဇနာ နလဗ္ဘန္တီ "လ" သကဒါဂါမ်နောစာပိ ပုဂ္ဂလာ-ဂါထာ၌ သောတာပန်,သကဒါဂါမ်ကိုသာပယ်ပါလျက်၊သုဒ္ဓါ ဝါသဘုံ၌ အနာဂါမိမင်ပုဂ္ဂိုလ်အဘယ့်ကြောင့်မရပါသနည်း။

၈၈၇-ဖြေ။ ။သကဒါဂါမ်ကို ပယ်သဖြင့် အနာဂါမိမင် ပုဂ္ဂိုလ်ကို လည်း ပယ်ပြီးသားဖြစ်သောကြောင့် အနာဂါမိမင်ပုဂ္ဂိုလ်ကိုမရတော့ ပါ။ ထို့ကြောင့် သုဒ္ဓါဝါသဘုံ၌ အနာဂါမိဖိုလ်, အရဟတ္တမင်, အရဟတ္တဖိုလ်ပုဂ္ဂိုလ်သုံးယောက်သာ ရပါတော့သည်။ (ပရမတ္ထဒီပနီ)

ဘူမိစတုက္ကအဖြေ ပြီး၏။

ပဋိသန္ဓိ စတုက္က အဖြေ

●

● "ဇာတိယာ အန္ဓောမွန္ဓော"ဟူသော ဝစနတ္ထနှင့်အညီ ပဋိသန္ဓေအားဖြင့် ကာဏ်းသောသူသည် ဇစ္စန္ဓမည်သည်ရှိသော် အလ္လာဇ, ဇလာဗုဇ သတ္တဝါတို့ သည်လည်း ပဋိသန္ဓေအခါ စက္ခုန္ဒြေ မဖြစ်သောကြောင့် ဇစ္စန္ဓဟူ၍ပင် မှတ်ရမည်လော။

၈၈၈-ဖြေ။ ။မမှတ်ရပါ။ အကြောင်းမူကား-ပဋိသန္ဓေအားဖြင့် ကာဏ်းသောသူသည် ဇစ္စန္ဓမည်သည်ဟု ဆိုသော်လည်း စင်စစ်အားဖြင့် အလ္လာဇ,ဇလာဗုဇ သတ္တဝါတို့မှာ စက္ခုန္ဒြေ ဖြစ်ဆဲနှင့်ဖြစ်သောသတ္တမကောဒသ မသတ္တာဟတို့၌ စက္ခုန္ဒြေ ဖြစ်ခြင်းကို ,ဘားမြစ်တတ်သော အကုဆိုလ်ကဲ့ကြောင့် စက္ခုန္ဒြေ မဖြစ်ခြင်းကိုသာ ဇစ္စန္ဓ-ဟု အလိုရှိအပ်သောကြောင့် ဖြစ်ပါသည်။ သံသေဒဇ ဥပပါတ်ပုဂ္ဂိုလ်၌မှာ စက္ခုန္ဒြေ ဖြစ်ချိန်ဖြစ်သော ပဋိသန္ဓေကာလ၌ စက္ခုမဖြစ်သည်ကို ဇစ္စန္ဓ-ဟု ဆို၍သည်။စက္ခုဖြစ်ချိန်၌ စက္ခုဖြစ်ပြီးနောက်မှ ပိုး, လေ-စသည်တို့ကြောင့် ပျက်စီးပြီး မွေးဖွားသောအခါ စက္ခု ချိုလာသော ပုဂ္ဂိုလ်ကိုအား ဇစ္စန္ဓ-ဟု မဆိုရသောကြောင့် မွေးဖွားသောအခါ စက္ခု ချိုလာခြင်းဖြင့်ဇစ္စန္ဓပုဂ္ဂိုလ်ဟု အတပ်စွဲရန်အတန်ခဲယဉ်းသည်။မြင်စွာဘုရားတို့၏ အရာသာ ဖြစ်တော့သည်။ (၌)

{အစဉ်ဖြစ်သော သတ္တဝါသည် အလ္လာဇ, အဓိဝမ်းဉ်ဖြစ်သော သတ္တဝါသည် ဇလာဗုဇ, ဇလာဗုဇနှင့် ဂဗ္ဘသေယျကား-အတူတူဟူ၍မှတ်။}

● ဇစ္စန္ဓာဒိနံ-ဉ် အာဒိသဒ္ဒါဖြင့် အဘယ်ကို ယူရမည်ဟု ညွှန်ပြပါ။

၈၈၉-ဖြေ။ ။အာဒိသဒ္ဒါဖြင့် ပဋိသန္ဓေအားဖြင့် နားပင်းသောသူ, ပဋိသန္ဓေအားဖြင့် အ-သောသူ, ပဋိသန္ဓေအားဖြင့် ဆွံ့သောသူ, ပဋိသန္ဓေအားဖြင့် ရူးသောသူ, ပဏ္ဍာက်-ဥဘတောဗျည်း-နပုံး - စကား တင်ငင်ရှိသောသူ စသည်တို့ကို ယူရပါမည်။

{အပရေဆရာများကား-အချို အဟိတ် ပဋိသန္ဓေရှိကုန်သော သူတို့သည် ဤနေ့မချို ဘဲ အတန်ငယ်သော ကာလ ပတ်လုံး စကားမဆိုနိုင်သည်ဖြစ်၍ ဆင်ခြင်နိုင်ကြကုန်၏။ ထိုပုဂ္ဂိုလ်တို့ကိုလည်း အာဒိသဒ္ဓါဖြင့် ယူရမည်ဟု ဆိုကြကုန်၏။ ပဏ္ဍာက, ဉာဘတောဗျည်းတို့၏ အကြောင်းကို မစိုးရိမ် ကခ်ါ အဖြေမှာ ရှုပါ။}

† ဇစ္စန္ဓာဒိနန္တိ ထွေ အာဒိဉဟဏေန ဇစ္စဗမိရ ဇစ္စမူဂ ဇစ္စဋ္ဌ ဇစ္စုမ္မတ္တက ပဏ္ဍာက ဉာဘတောဗျဉ္ဇနက နပုံသက မမ္မာဒိနံ သင်္ဂဟော။ (ဋီ)

● အဘယ့်ကြောင့် ဘုမ္မသိတ ဝိနိပါတိက-မည်ပါသနည်း။

၈၉၀-ဖြေ။ ။ဘုမ္မစိုးနတ်တို့နှင့် အလားတူ၍ ဘုမ္မစိုးနတ်တို့ကိုမှီ၍ ဖြစ်တတ်သောကြောင့် ဘုမ္မသိတ-မည်ပါသည်။ ချမ်းသာအပေါင်းမှ ခန္ဓာလျော ကင်းကွာသောကြောင့် ဝိနိပါတိက-မည်ပါသည်။

† ဘုမ္မဒေဝေ သိတာ နိဿိတာ တဂ္ဂတိကတ္တာတိ ဘုမ္မသိတာ၊ သုခ သမုဿယတော ဝိနိပါတာတိ ဝိနိပါတိကာ။ (ဋီ)

● အပါယ်လေးဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်, လူ, ဝိနိပါတိက အသူရာတို့အား အဘယ့်ကြောင့် အသက် အဝိုင်းအခြား အမြဲ မရှိပါသနည်း။

၈၉၁-ဖြေ။ ။အချို့သောပုဂ္ဂိုလ်တို့မှာ ရှည်သော အသက်ရှိသောကြောင့်၎င်း၊ အချို့သောပုဂ္ဂိုလ်တို့မှာ အလွန်ရှည်သောအသက်ရှိသောကြောင့်၎င်း ထိုအပါယ်စသော ပုဂ္ဂိုလ်တို့မှာ အသက် အဝိုင်း အခြား အမြဲမရှိပါ။

{၎င်းပုဂ္ဂိုလ်တို့၏ အသက် အဝိုင်း အခြား အမြဲ မရှိသောကြောင့် ၎င်းတို့၏အသက်တမ်းကို မပြဆိုခြင်း ဖြစ်သည်။}

† ကေသဉ္စိ စိရာယုကတ္တာ ကေသဉ္စိ စိရတရာ ယုကတ္တာဝစ။ (ဋီ)

● ထို အပါယ်ဘုံ စသည်၌ ဖြစ်သော ပုဂ္ဂိုလ် တို့အား အဘယ့်ကြောင့် အသက် တို-ရှည် ဖြစ်ရပါသနည်း။

၈၉၂-ဖြေ။ ။ထို အပါယ်ဘုံ စသည်၌ဖြစ်သော သက္ကဝါတို့အား အကြင်မျှလောက် အကုသိုလ်ကံ, ကုသိုလ်ကံသည် မကုန်းသေး၊ ထိုမျှလောက်သော ကာလပတ်လုံး စုတေခြင်းမရှိဒေသး၍ ၎င်းတို့၏ကံသာလျှင် ပမာဏဖြစ်သောကြောင့် အသက် တို-ရှည် ဖြစ်ရပါသည်။ ထို့ကြောင့် အချို့သောဘုမ္မစိုးနဂ်ိုဘို့သည် ၇-ရက်မျှ အသက်ရှည်၍၊ အချို့ အာယုကပ်ပတ်လုံးသည်း အသက်ရှည်ကြလေသည်။ လူဘို့မှာလည်း တခါတရံ အသင်္ချေ အသက်ရှည်၍ တခါတရံ ဆယ်နှစ်မျှ အသက်ရှည်ကြပါသည်။ (၌)

● လူ့ဘုံ၌ အသက် အပိုင်းအခြား အမြဲမရှိဟု အဘယ့်ကြောင့် အနုရုဒ္ဓါဆရာ ဆိုပါသနည်း၊ "ယော စိရံ ဇီဝတိ သော ဝဿသတံ ဇီဝတ် အပ္ပဝါ ဘိယျော ဒုတိယံ ဝဿသတံ နု ပါပုဏာတိ" ဟု ဟော တော်မူသောကြောင့် လူ့ကုံ၌ အသက် အပိုင်းအခြား ရှိသည်မဟုတ်ပါလော။

၈၉၃-ဖြေ။ ။မရှိပါ၊ ဤပါဠိသည် အသက်တမ်းမြဲသည်ကို ပြခြင်းမဟုတ်၊ ယခုရာတမ်း၌ရှိသော လူဘို့ကိုသာ ရည်ရွယ်ဟောသော ပါဠိဖြစ်သောကြောင့် လူ့ဘုံ၌ အသက်အပိုင်းအခြားမရှိဟု အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။ (၌)

{ဤပါဠိအရ အသက် ရာတမ်းတွင်-၁၀၀၊ ၁၀၀-ကျော်ရုံ မျှသာရှိ၍၊ ၂၀၀-ပြည့်အောင် မရှည်နိုင်သဖြင့် ယခုကာလ အသက်-၂၀၀၊ ၃၀၀-ရှိပြီဟု ဆိုသော သူများကို စဉ်းစား၍ ယုံကြပါကုန်။}

● အရွယ်သုံးပါးကို ပိုင်းခြား၍ ပြပါ။

၈၉၄-ဖြေ။ ။မွေးဖွားသည်မှစ၍ ၃၃-နှစ် အတွင်း သည် ပဌမအရွယ် မည်ပါသည်။ထိုပဌမ ၃၃-နှစ်မှ နောက် ၃၄-နှစ်(၆၇)သည် ဒေါတ်—၂၇၊ (ပဌမအကြိမ်။)

မဇ္ဈိမအန္ဓယ် မည်ပါသည်။ ထို ဒုတိယ ၃၄-နှစ်မှ နောက် တတိယ ၃၃-နှစ် (၁၀၀) သည် တတိယအန္ဓယ် မည်ပါသည်။

† တတ္ထ အာဒိတော တေတ္တိံသ ဝဿာနိ ပဌမ ဝယောနာမ၊ တတော စတုတ္တိံသ မဇ္ဈိမဝယောနာမ၊ တတော တေတ္တိံသ ပစ္ဆိမ ဝယောနာမ။ (ရူပါရူပ ဝိဘာဂ)

● ကုသဃဝိပါက် သန္တီရဏသည် အဘယ်မျှသောဌာန၌ အကျိုးကို ဖြစ်စေပါသနည်း။

၈၉၅-ဖြေ။ ။ကုသလဝိပါက် သန္တီရဏသည် လူ့ဘုံ၌ ဇစ္စန္ဓ, ဇစ္စဗဓိရ, ဇစ္စဠေ, ဇစ္စမူဇ္ဈက, ဉာတတောဗျဉ္ဇနက, နပုံးတို့၏ ပဋိသန္ဓေယူသောကာလ၌ ပဋိသန္ဓေဖြစ်၍ အကျိုးကို့ဖြစ်စေပါသည်။ ပဋိသန္ဓေဖြစ်ပြီးနောင် အသက်ထက်ဆုံး ဘဝင်ဖြစ်၍၎င်း၊ ဇဝနမဿတွေ ဖြစ်သော ပဉ္စဝါံကို အာရုံပြုသော ဝီထိ၌ သန္တီရဏ ဖြစ်၍၎င်း၊ အားကြိုးသော အာရုံ၌ ခြောက်ခွါရတို့၌ တဒါရုံဖြစ်၍၎င်း၊သေခါနီးသောအခါ၌ စုတိဖြစ်၍၎င်း ဤငါးဌာနတို့၌ အကျိုးကိုဖြစ်စေပါသည်။ (အဋ္ဌသာလိနီ)

● တတော စတုဋ္ဌဈာနံ တာဝတိံသာနံ-၌ စတုမဟာရာဇ်နတ်တို့ အသက်ထက် တာဝတိံသာ နတ်တို့၏ အသက်က လေးဆတက်ပုံကို ပေါ်လွင်ထင်ရှားစွာ ရှင်းလင်းပြခဲ့ပါ။

၈၉၆-ဖြေ။ ။လူတို့၏ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်ပြည်၌ တရက်သာ ဖြစ်၏။ စတုမဟာရာဇ်နတ် နှစ်ရက်မှ တာဝတိံသာ၌ တရက်ဖြစ်သောကြောင့် တာဝတိံသာနတ်တို့၏အရေအတွက် အနှစ်တထောင်သည် စတုမဟာရာဇ် နတ်တို့၏ အနှစ် နှစ်ထောင် ဖြစ်၏။ တာဝတိံသာ နတ်ပြည်၌ ဘာဝတိံသာ နတ်တို့၏ အရေအတွက်ဖြင့် အနှစ်တထောင် အသက်ရှည်၏။ စတုမဟာရာဇ် နတ်တို့၏ အရေအတွက်ဖြင့်ကား-အနှစ် နှစ်ထောင် အသက်ရှည်၏။ စတုမဟာရာဇ်၌ စတုမဟာရာဇ် နတ်တို့၏ အရေအတွက်ဖြင့် အနှစ်ငါးရာသာ အသက်ရှည်သောကြောင့် တာဝတိံသာနတ်ပြည်၌ စတုမဟာရာဇ် နတ်ပြည်ထက် လေးဆတက်၏။ (ဤကား-နေရင်းဆရာတော်ဘုရား၏ အလိုတည်း။)

လူတို့၏ အနှစ်ငါးဆယ်သည် စတုမဟာရာဇ်၌ တရက်၊ ထိုရက်ဖြင့် လ,နှစ်ဖွဲ့၍ နှစ်ပေါင်းငါးရာသည် စတုမဟာရာဇ်နတ်သက်ဖြစ်၏။ လူတို့ အဇရအတွက်အားဖြင့်အနှစ်ကိုးသန်းရှိ၏။ လူတို့အနှစ်တရာ စတုမဟာရာဇ် ၂-ရက်သည် တာဝတိံသာ၌တရက်ဖြစ်၏။ ထိုရက်ဖြင့် လ,နှစ်ဖွဲ့၍ နှစ်ပေါင်းတထောင်သည် တာဝတိံသာနတ်သက် ဖြစ်၏။ လူတို့အရေအတွက်အားဖြင့် ကိုးသန်း လေးလီဖြစ်၍၊ သုံးကုဋေ ခြောက်သန်းရှိ၏။ ဤနည်းတူ ရက်,လ,နှစ် ပမာဏ နှစ်ဆ, သုံးဆနှစ်ဆအားဖြင့် လေးဆ လေးဆတက်၍ စတုဂ္ဂုဏ-ဖြစ်၏။ (ဤကား-မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရား၏ အလိုတည်း။)

ထို ဆရာတော်ဘုရားတို့၏ ဆိုလိုရင်း ရှင်းလင်းချက်ကား-လေးဆတက်ကို လူတို့၏ အရေအတွက်ကပင် ဝဲက်တက်, နတ်တို့၏ အရေအတွက်ကပင် တက်ဘက် လေးဆဘက်၏။ ဖြစ်ပုံကား-စတုမဟာရာဇ် အနှစ်ငါးရာသည် လူတို့အရေတွက်ဖြင့် အနှစ် ကိုးသန်း ရှိ၏။ ၎င်းကို လေးဆတက် လေးနှင့်မြောက် (၉၀၀၀၀၀၀×၄=၃၆၀၀၀၀၀၀) တာဝတိံသာ နတ်သက် တထောင်၊ လူတို့ အရေအတွက် သုံးကုဋေ ခြောက်သန်း ဖြစ်၏။ ဤနည်းအကိုင်း အထက်ကို လေးဆ တက်သွား ပါလေ။ ဤကား-လူတို့ အရေအတွက်က လေးဆ တက်ပုံတည်း။

နတ်သက်ချင်း လေးဆတက်ပုံကား-စတုမဟာရာဇ် ၂-ရက်သည် တာဝတိံသာ၌ ၁-ရက်သာဖြစ်၍၊ တာဝတိံသာနတ်တို့၏ အရေအတွက်ဖြင့် တာဝတိံသာနတ်သက် တထောင်ကို စတုမဟာရာဇ်နတ်တို့၏ အရေအတွက်ဖြင့် စတုမဟာရာဇ်ဘုံကလှမ်း၍ ရေတွက်သော် အနှစ် နှစ်ထောင် ဖြစ်နေ၏။ ထိုနှစ်ထောင်မှာ စတုမဟာရာဇ်ဘုံ၌ စတုမဟာရာဇ် နတ်တို့၏ အရေအတွက်ဖြင့် နှဘ်သက် ငါးရာကတက်သော် လေးဆတက် ဖြစ်နေ၏။ တာဝတိံသာမှာကား-တထောင် တထောင် အတိုင်းပင်။ (ဤကား-တာဝတိံသာနတ်သက်ကိုစတုမဟာရာဇ်ဘုံက စတုမဟာရာဇ်နတ်သက်ဖြင့် လေးဆတက်လှမ်း၍ ရေတွက်ပုံတည်း။)

တနည်းအားဖြင့် စတုမဟာရာဇ် ငါးရာကို တာဝတိံသာနတ်တို့၏ အသက် အပိုင်းအခြားနှင့် လှမ်း၍ကြည့် (ရေတွက်) သော် နှစ်ရာ့

ငါးဆယ်သာ ရှိ၏။ ထို နှစ်ရာ့ ငါးဆယ်ကို လေး ဆ တက် သော် (၂၅၀×၄=၁၀၀၀) တာဝတိံသာ နတ်ပြည်မှာ တာဝတိံသာ နတ်ဘို့၏ အရေအတွက်ဖြင့် နတ်သက်တထောင် ဖြစ်နေ၏။ (ဤကား စတုမဟာရာဇ် နတ်ပြည်ကို တာဝတိံသာနတ်ပြည်က တာဝတိံသာ နတ်သက်ဖြင့် လေးဆတက် တဖန် ပြန်လှမ်း၍ ရေတွက်ပုံ တည်း။) (အောက်ပြည်က အထက်ပြည်ကို လှမ်း၍ ရေတွက်သော် ၂-ဆပို၍ အထက်ပြည်က အောက်ပြည်ကို လှမ်း၍ ရေတွက်သော် ၂-ဆ ယုတ် နေသည်ကို သတိပြုပါ။)

ဤသို့ဖြစ်ရခြင်းကား-နတ်ပြည်များမှာ တဘုံနှင့်တဘုံ မတူကြ၊ စတု မဟာရာဇ် ၂-ရက်စာမှ တာဝတိံသာမှာ ၁-ရက်။ တာဝတိံသာ ၂-ရက်စာမှ ယာမာမှာ ၁-ရက် စသည်ဖြင့် အချိန်ကာလ အသက် အတိုင်းအရှည်ပမာဏကိုပကတိအားဖြင့် ၂-ဆစီပိုလွန်ပြီးသားဖြစ်နေ သည်ကို သူတို့ဘုံ သူတို့နတ်သက်၊ အရေအတွက် ရက်, လ, နှစ် သင်္ချာ ပမာဏကလည်း ငါးရာကတဆောင်, တထောင်က နှစ်ထောင် စသည် ဖြင့် ၂-ဆ, ၂-ဆ တက်နေခြင်းကြောင့် လေးဆတက် ဖြစ် နေ လေ သည်။ (ဤကား-ငါတို့၏အလို ရှင်းလင်းချက်တည်း။)

လယ်ကီဆရာတော်နှင့် တလိုင်းကုန်းဆရာတော်ဘုရားတို့ကလည်း နေ့, ညဉ့်, ရက်, လ, နှစ်, နှစ်ဆ အသက်အပိုင်းအခြား အာယုပမာဏ နှစ်ဆအားဖြင့် လေးဆ တက်ကို ပြတော်မူကြသည်။ (ဤ နေ ရာ၌ လေးဆတက်ပုံကို ဆရာအများတို့ အမျိုးမျိုး တက်ပြ ကြသော်လည်း သောတုဇနတို့ နားမရှင်းဘဲ ရှုပ်ထွေးလျက်သာရှိကြ၍၊ ခပ်ကျယ်ကျယ် ရေးလိုက်သည်။ ဆရာအများအမျိုးမျိုးတက်ပြကြသော်လည်းဆိုလိုရင်း အာဘော်မှာကား-မထူးခြားကြ အတူတူပင်ဖြစ်ကြလေသည်။ အထက် ဘုံ တက်ပုံကိုလည်း ဤနည်းကို သဘောကျက လွယ်ကူပါပြီ။ ဌီကာ ဆရာကား-နေ့ ၂-ဆ၊ နှစ် ၂-တက်ကို ပြတော်မူသည်။

● ဒုတိယချာန်, တတိယချာန် ဝိပါက် ၂-ခုသည် ဒုတိယချာန်ဘုံ, တတိယချာန်ဘုံ ၂-ခု၌မဖြစ်ဘဲ အဘယ်၏အစွမ်းဖြင့် ဒုတိယ ချာန်ဘုံ၌သာ ဖြစ်ရပါသနည်း။

၈၉၇-ဖြေ။ ။စတုက္ကနည်း၏အစွမ်းဖြင့် ဒုတိယချာန်ဘုံ၌သာဖြစ်ရပါသည်။{ပဥ္စကနည်း၌ တတိယသည် စတုက္ကနည်း၌ ဒုတိယအရာမှာ တည်သောကြောင့် ဟူလို။}

† စတုက္ကနယဝသေန ဝုတ္တီ။ (ဋီ)

● တေသု ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ ကပ္ပဿ တတိယော-၌ ကပ္ပ-အရ အဘယ်ကပ်ကို ယူရမည်ဟု အကြောင်းနှင့်ဘက္ခ ဖော်ပြပါ။

၈၉၈-ဖြေ။ ။ပဌမချာန် သုံးဘုံဘိုသည် တခုသောကပ်၌ မပျက်စီးခြင်းမည်သည် မရှိ။ ပျက်စီးသည်သာဖြစ်၍ ပြည့်စုံစွာဖြစ်သော မဟာကပ်၌ မဖြစ်သင့်သောကြောင့် အသင်္ချေယျကပ်ကိုသာ ယူရပါမည်။

{ဒုတိယချာန်ဘုံမှစ၍ကား-မဟာကပ်ကိုယူပါ။}

† ကပ္ပဿာတိ အသင်္ချေယျ ကပ္ပဿ၊ ဧကကပ္ပေပိ တေသံ အဝိနာသာဘာဝေန ပရိပုဏ္ဏကပ္ပေ အသမ္ဘဝတော။ (ဋီ)

● အသင်္ချေယျကပ် တခု၏ အပိုင်း အခြား ကာလ ပမာဏကို အဘယ်သို့ သိရမည်နည်း။

၈၉၉-ဖြေ။ ။အသင်္ချေယျကပ်တခု၏ ကာလပမာဏသည် အလျားတယူဇနာ, အနံတယူဇနာရှိသော မုန်ညင်းစေ့ကို ပုံထား၊ ထိုအပုံထဲမှ အနှစ်တရာ, တရာလွန်သောအခါတစေ့တစေ့ကိုယူပစ်၍ထိုမုန်ညင်းစေ့အပုံကြီးကုန်သွားသော်လည်း ကုန်ခြင်းသဘော မရှိသေးသော မဟာကပ်တကပ်၏ လေးဘိုတဘို (လေးပုံ တပုံ) ပမာဏ ရှိပါသည်။ (ဋီ)

● အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ် တို့၏ အဓိပ္ပာယ်နှင့်တက္ခ အပိုင်းအခြားကို အသီးသီး ဖော်ပြပါ။

၉၀၀-ဖြေ။ ။ထိုထိုသတ္တဝါတို့၏ ရာ-ထောင်စသောအသက်အပိုင်းအခြားသည် အာယုကပ်-မည်၏။ ဝိဝဋ္ဌာယီ အသင်္ချေယျကပ် တခု၏ အတွင်း၌ ဆယ်နှစ်တမ်းမှ အသင်္ချေတမ်း၊ အသင်္ချေတမ်းမှ ဆယ်နှစ်တမ်းသို့လူတို့၏သက်တမ်း တိုးမှု ဆုတ်မှု (အသွား အပြန်) ၂-ခုသည် အန္တရကပ်တခု ဖြစ်၏။ (ဝိဝဋ္ဌာယီ အသင်္ချေယျကပ်၌ ထို အန္တရကပ်မျိုး ၆၄-ကပ်ရှိ၏။ကေစိဆရာတို့က အန္တရကပ် ၂၀-ဟု ဆိုကြ၏။

အပရေဆရာတို့က အန္တရကပ် ၈၀-ဟု ဆိုကြ၏။ ဗေဒင်ဆရာများက ၁၄-ကပ်ဟု ဆိုကြ၏။ အန္တရကပ်ကို စူဋ္ဌန္တရကပ်ဟုလည်း ဆိုကြ၏။) အန္တရကပ် ၆၄-ကပ်သည် အသင်္ချေယျကပ်တခုဖြစ်၏။ ထိုအသင်္ချေယျ ကပ်သည် သံဝဋ္ဌ-သံဝဋ္ဌဌာယီ-ဝိဝဋ္ဌ-ဝိဝဋ္ဌဌာယီ-အသင်္ချေယျ ကပ်ဟု လေးမျိုးပြား၏။ ထိုလေးမျိုးတို့တွင် ကမ္ဘာပျက်မိုး ရွာသည်မှစ၍ မီးလျှံငြိမ်းသည်တိုင်အောင် ပျက်နေဆဲ ကာလသည် သံဝဋ္ဌ အသင်္ချေယျ ကပ်တခု မည်၏။ မီးလျှံ ငြိမ်းသည်မှစ၍ ကမ္ဘာပြုမိုး ရွာသည်တိုင် အောင်အပျက်အဖြစ်တည်နေဆဲ ကာလသည် သံဝဋ္ဌဌာယီအသင်္ချေယျ ကပ်တခု မည်၏။ ကမ္ဘာပြုမိုးရွာသည်မှစ၍ နေ,လ,နက္ခတ်ထွက်သည် တိုင်အောင် တိုးပွားနေဆဲကာလသည် ဝိဝဋ္ဌအသင်္ချေယျကပ်တခု မည် ၏။ နေ, လ, နက္ခတ် ထွက်သည်မှစ၍ ကမ္ဘာပျက်မိုး တဖန် ရွာသည် တိုင်အောင်တိုးပွားမှု တည်နေဆဲကာလသည် ဝိဝဋ္ဌဌာ ယီအသင်္ချေယျ ကပ်တခုမည်၏။ ထိုအသင်္ချေယျ ကပ် လေးကပ်သည် မဟာကပ်တကပ် (တကမ္ဘာ)မည်၏။ ထိုမဟာကပ်သည် အဂ္ဂိသံဝဋ္ဌမဟာကပ်,ဥဒက သံဝဋ္ဌမဟာကပ်,ဝါတသံဝဋ္ဌမဟာကပ်ဟူ၍သုံးမျိုးရှိ၏။ ထိုသုံးမျိုးတွင် မီးဖျက်ခြင်းဖြင့် မှတ်အပ်သော အသင်္ချေယျ လေးကပ်သည် အဂ္ဂိသံဝဋ္ဌ မဟာကပ် တကပ်မည်၏။ ရေဖျက်ခြင်းဖြင့် မှတ်အပ်သော အသင်္ချေယျ လေးကပ်သည် ဥဒကသံဝဋ္ဌမဟာကပ်တကပ်မည်၏။ လေဖျက်ခြင်းဖြင့် မှတ်အပ်သော အသင်္ချေယျ လေးကပ်သည် ဝါတသံဝဋ္ဌ မဟာကပ် တကပ် မည်၏။ ထို မီး, ရေ, လေ-တို့ဖြင့် ပျက်စီးပုံကို အထက်အဖြေ၌ တွေ့ရလတ္တံ့။ (ပရမတ္ထဒီပနီ-အက်ရ)

{တက်ကပ် ဆုပ်ကပ် ဖြစ်ပုံကို ဦ-၌ ယူကြပါကုန်။}

* ပျက်-ငြိမ်း-ငြိမ်းပြု,ပြု-ထွက်ရှု,ထွက်မှု-ပျက်ရွာစပ်။

* ကာလတောင်တာ, သင်္ချေယျာ, လေးဖြာ စဉ်တိုင်းဟပ်။

(သစ်)

● ဩကာသလောက ပျက်စီးပုံကို သိသာရုံ အကျဉ်းမျှ ဖော်ပြပါ။ ၉၁၁-ဖြေ။ ။၇-ကြိမ်တိုင်တိုင် မီးဖြင့်ပျက်စီး၍၊ ၈-ကြိမ်မြောက်၌ ရေတကြိမ်၊ ထိုနောင် ၇-ကြိမ်တိုင်တိုင်မီးဖြင့်ပျက်စီး၍၊ ၈-ကြိမ်မြော က်၌

ရေတကြိမ်၊ ဤသို့ အလှည့်စိအလှည့်စိပျက်စီး၍အကြင်အခါ၌ဖဒ္ဓ-ကြိမ်မြောက်၏။ ထိုနောက်ဆုံး ဖဒ္ဓ-ကြိမ်မြောက်အကြိမ်တွင် လေတကြိမ်ဖြင့် သြကာသလောကကြီး ပျက်စီးပါသည်။

{မီးဖျက်သော အကြိမ်၌ ပဌမဈာန် သုံးဘုံ ပျက်စီး၏။ ရေဖျက်သောအကြိမ်၌ ဒုတိယဈာန် သုံးဘုံ ပျက်စီး၏။ လေဖျက်သော အကြိမ်၌ ဝေဟပ္ဖလ်ဘုံအောက် အကုန်ပျက်စီး၏။ မဏိသာရမဟု။ ဆရာတော် အလိုအားဖြင့် မီးဖျက်သောအကြိမ်၌ "ပဌမဈာန်တလံ ဥပါဒါယ" သည် အဘိဝိဓိ အဝဓိဖြစ်၍၊ ပဌမဈာန်သုံးဘုံပါ ပျက်သည်။ရေဖျက်သောအကြိမ်၌"ဒုတိယ,ဘတိယဈာန်တလံ ဥပါဒါယ" တွင် ဒုတိယ ဈာန်ဘုံသည် အဘိဝိဓိ, တတိယဈာန်ဘုံသည် မရိယာဒအဝဓိဖြစ်၍ ဒုတိယဈာန် သုံးဘုံသာ ပျက်သည်။ တတိယဈာန် သုံးဘုံမပါ။ လေဖျက်သောအကြိမ်၌ "စတုတ္ထဈာန်တလံ ဥပါဒါယ" သည် မရိယာဒ အဝဓိဖြစ်၍ ဝေဟပ္ဖလ်ဘုံအောက် တတိယဈာန်သုံးဘုံသာ ပျက်သည်၊ ဝေဟပ္ဖလ်မပါ ဟူလို။}

† သတ္တသတ္တာဂိုနာ ဝါရာ၊ အဒ္ဓမေ အဒ္ဓမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ကော ဝါယုဝရော သိယာ။
အဂိုနာ ဘဿရော ဟေဋ္ဌာ၊ အာပေန သုဘကိဏ္ဏတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ။
(ဦးပြု-ပေါရာဏ)

---

❶ တခုသောဘဝ၌ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့ ဘူမိ, ဇာတိ, သမ္ပယုတ္တဓမ္မ, သခ်ါရ, အာရုံအားဖြင့် တူပုံကို အကျဉ်းမျှ ဖော်ပြပါ။

၉၀၂-ဖြေ။ ။ပဋိသန္ဓေစိတ်သည် ကာမစိတ်ဖြစ်ခဲ့၊ ဘဝင်, စုတိတို့သည်လည်း ကာမဘဝင် စုတိတို့သာ ဖြစ်၏။ ရူပ,အရူပ ထို့အတူ၊ (ဤကား-ဘုံတူပုံ။) ပဋိသန္ဓေစိတ်လည်း ဝိပါက်, အဗျာကတဇာတ်၊ ဘဝင်,စုတိစိတ်တို့လည်း ဝိပါက်,အဗျာကတဇာတ် ဖြစ်၏၊ (ဤကား-ဇာတ်တူပုံ) ပဋိသန္ဓေစိတ်သည် ဖဿစသော စေတသိက်တို့နှင့်ယှဉ်၏။ ဘဝင် စုတိတို့လည်း ထိုပဋိသန္ဓေစိတ်ယှဉ်သော စေတသိက်တို့နှင့်သာ

ယှဉ်၍၊ (ဤကား-သမ္မယုတ္တဓမ္မအားဖြင့် တူပုံ။) ပဋိသန္ဓေဖိတ်သည် အသန်၊ရိုကဖြစ်အံ့။ ဘဝင် စုတိဘိုလည်း အသန်၊ရိကဖြစ်၏၊ (ဤကား သန်၊ရုတူပုံ။) သန်၊ရဒေးဖြင့် တူခြင်းကို ကာမပဋိသန္ဓေ, ဘဝင်, စုတိ ကိုဥသာ ရအေ၊ခ်၏။ ပဋိသန္ဓေဖိတ်သည့် ကံကို အာဝဲ့ပြုအံ့။ ဘဝင်,စုတိ ဖြစ်သည်း ကံဂ်ိုပင် အာဝရံပြု၏။ ကမ္မနိဒါတ်-ဂတိနိဒါဘ် ထိုအတူ။ (ဤကား-အဂနိုတူပုံတည်း။)

{ဘဝင်ဖိတ်သည် ပဋိသန္ဓေနှင့် အာဝရံတူခုမည်ဟူသောစကား သည် ယေဘုယျသာ မတူပုံကို အောက်ဖိုးပိုင်း အာဂန္တုကဘဝင်အရာ၌ ပြခဲ့ပြီ။ တနည်း ဘဝင်-ဘာရ မူလဘဝင်ကိုသာ ရည်၍ဆိုသည်။ အာဂန္တုကဘဝင်ကို မဆို။ ဤအလို ဘဝင်လည်း ပဋိသန္ဓေနှင့် အာဝရံတူသည် ဟူလို။}

ပဋိသန္ဓိစတုက္ကအဂြိုဟ်။

ကမ္မစတုက္ကအဂြိုဟ်

● အဘာယ်ခြောင့်ဇနကကံသည် ပဋိသန္ဓေပါသနည်း၊ ဆိုကံလေး ပါးကိုဒီဃဒိပွဘယ်ကိုလည်း အသီးသီး ဖေါ်ပြပါ။

၉၁၃-ဖြေ။ ။'ဇနယတိတိ ဇနက' ဟူသော ဝစနတ္ထနှင့်အညီ ပဋိသန္ဓေ ပဝတ္တိဒုဒါတို့၌ ဝိပါက်,နာမကွန်၊, ကဋတ္တာရုပ်တို့ကိုဖြစ်စေတတ်သောကုသိုလ်, အကုသိုလ်စသောနာသည့်ဇနကကံ-မည်ပါသည်။ "ဥပတ္ထမ္ဘေတီတိ ဥပတ္ထမ္ဘကံ" ဟူသော ဝစနတ္ထနှင့်အညီ ဇနကကံ၏အကျိုးကို ထောက်ပံ့တတ်သော ကုသိုလ်ကံ, အကုသိုလ်ကံသည် ဥပတ္ထမ္ဘကံ-မည်၏။ (ဤ၌ကုသိုလ်ကုသိုလ်ချင်း, အကုသိုလ်အကုသိုလ်ချင်းဇနကကံ၏အကျိုးကိုဥပတ္ထမ္ဘကံက ထောက်ပံ့သည်ကိုယူ။ ။"ဥပဂန္တွာ ဝိဇ္ဇေတီတိ ဥပပီဠကံ" ဟူသော ဝစနတ္ထနှင့်အညီ ဇနကကံ၏အကျိုးကို အားနည်းချိန် မမှီဖြိုးခောင် နှိပ်စက် သွင်းပန်းတတ်သော ကုသိုလ်, အကုသိုလ်ကံသည် ဥပပီဠကကံ-မည်၏။ (ဤ၌အကုသိုလ်ဥပပီဠကကံက ကုသိုလ်ဇနကကံ၏အကျိုးကို၊ကုသိုလ် ဥပပီဠကကံက အကုသိုလ်

ဇနကကံ၏အကျိုးကိုနှိပ်စက်ညှဉ်းပန်းတတ်သည်ကိုယူ)။။"ဥပဂန္ဓာ ဃာတေတီတိ ဥပဃာတကံ" ဟူသော ဝစနတ္ထနှင့်အညီ အားနည်းသော ဇနကကံ၏အကျိုးကို ဖြစ်စေတတ်သော အစွမ်းသတ္တိကို ဖြတ်၍ ပဝတ္တိ, ပဋိသန္ဓေ ၂-ပါးလုံး၌ မိမိ၏ အကျိုးကို ပေးသော ကုသိုလ်, အကုသိုလ်ကံသည် ဥပဃာတကကံ-မည်၏။ (ဤ၌လည်း ကုသိုလ် ဥပဃာတကကံကအကုသိုလ်ဇနကကံ၏အကျိုးကို၊ အကုသိုလ် ဥပဃာတကကံက ကုသိုလ်ဇနကကံ၏အကျိုးကိုဖြတ်၍ မိမိ၏ အကျိုးကိုပေးသည်ကိုယူ။) ဇနကနှင့်ဥပဃာတက ကား-ပဋိသန္ဓေ,ပဝတ္တိ ၂-ပါးလုံး ဥပတ္ထမ္ဘကနှင့် ဥပပီဋကတို့ကား-ပဝတ္တိသာ အကျိုးပေးသည်ဟု မှတ်။

{ဇနကံ-အရ ပဋ္ဌဒ္ဌါရိက စေတနာ မယူဘဲ၊ ကမ္မပထပတ္တ ဖြစ်သော မနောဒ္ဌါရိက စေတနာကို ယူရမည်ဟု ဝိဘာဝနိ ယောဇနာ၌ ဆိုသည်။ ပရမတ္ထဒီပနီ၌ကား-ပဋ္ဌဒ္ဌါရိကစေတနာ သည် ပဝတ္တိအကျိုးသာ ဖြစ်စေသည်ဟု ဆိုဏ်။}

● ကုသိုလ်ကံကြောင့်ဖြစ်သော အချိုသော ဝိနိပါတိက အသုရာ စသည်တို့၏ ခန္ဓာအစဉ် ကြာမြင့်စွာ တည်စေခြင်းငှာ ၎င်း၊ အကုသိုလ်ကံကြောင့်ဖြစ်သော နဂါး,ဂဋုန်,ခွေး,ဝက် စသည်တို့၏ ခန္ဓာအစဉ် ကြာမြင့်စွာ တည်စေခြင်းငှာ၎င်း အဘယ်ကံ များက ထောက်ပံ့ကြပါသနည်း။

၉၀၄-ဖြေ။ ။ပဌမသည် ကုသိုလ်ဥပတ္ထမ္ဘကကံကကုသိုလ်နှင့်ရှေး အကုသိုလ်ကို ထောက်ပံ့သည်။ ဒုတိယသည် အကုသိုလ် ဥပတ္ထမ္ဘကကံက အကုသိုလ်နှင့် ရှေးကုသိုလ်ကို ထောက်ပံ့သည်။

{ဤကား-အပ္ပကတည်း။ ယေဘုယျအားဖြင့်ကား-ကုသိုလ်က ကုသိုလ်ခန္ဓာအစဉ်ကို၊ အကုသိုလ်က အကုသိုလ်ခန္ဓာအစဉ် ကိုသာ ထောက်ပံ့သည်။}

† ကုသလံ ကုသလန္တရဋ္ဌကုသလာကုသလနိဗ္ဗတ္တဋ္ဌဥပတ္ထမ္ဘေတိ၊ တထာ အကုသလံ အကုသလန္တရဋ္ဌ ကုသလာ ကုသလ နိဗ္ဗတ္တဋ္ဌ။ (အက်ုရ)

● မိမိအကျိုးကို ဖြစ်စေတတ်ခြင်းတူသော ဇနကကံ,ဥပဃာတကကံတို့၏အထူးကို ရေးခဲ့ပါ။

၉၀၅-ဖြေ။ ။ဇနကကံသည်ကံတပါးအကျိုးကိုမတားမြစ်ဘဲမိမိ၏အကျိုးကိုပေး၏။ ဥပဃာတကကံကား-ကံတပါး၏ အကျိုးကိုဖြတ်၍ မိမိ၏အကျိုးကိုပေး၏။ ဤသို့ထူးပါသည်။အပရေဆရာတို့ကား....ဥပဃာတကကံသည် ကံတပါး၏ အကျိုးကိုဖြတ်၍ တပါးသော ကံကို အကျိုးပေးခွင့်ပြု၏။မိမိမူကား-အကျိုးမပေး။ဤသို့ ဇနကံနှင့် ထူးသည်ဟု ဆိုကြ၏။

† ဇနကော ပဃာတကာနဉ္စိ အယံ ဝိသေသော၊ ဇနကံ ကမ္မန္တရဃ ဝိပါကံ အနုပစ္ဆိန္နဒ္ဓာဝ ဝိပါကံ ဇနေတိ၊ ဥပဃာတကံ ဥပစ္ဆေဒန ပုဗ္ဗကံ။ (ဋီ)

● ကိစ္စဝသေနပါဠ-အရ အဘယ်ကိစ္စ၏ အစွမ်းဖြင့် ကံလေးပါး ပြားပါသနည်း။

၉၀၆-ဖြေ။ ။ဇနနကိစ္စ, ဥပတ္ထမ္ဘနကိစ္စ, ဥပပီဠနကိစ္စ,ဥပစ္ဆေဒန ကိစ္စတို့၏ အစွမ်းဖြင့် ဇနကံ စသော ကံလေးပါး ပြားပါသနည်း။ (ဋီ)

● အဘယ့်ကြောစ် ဂရုကံ ခေါ်ပါသနည်း။

၉၀၇-ဖြေ။ ။တပါးသောကံများ မတားမြစ်နိုင်ဘဲ စုတိ၏ အခြားမဲ့၌ အကျိုးပေးနိုင်သော အလွန် အပြစ်ကြီး, အလွန် အာနုဘော်ကြီးသောကြောင့် ဂရုကံ-ဟု ခေါ်ပါသည်။

† ဂရုကန္တိ မဟာသာဝဇ္ဇ မဟာနုဘာဝဉ္စ အညေန ကမ္မေန ပဋိဗာဟိတုံ အသက္ကုဏေယျကမ္မံ။ (ဋီ)

{ကုသိုလ်အရာ၌ အလွန်အာနုဘော်ကြီးသော လောကုတ္တရာကုသိုလ်ကံသည် ဂရုကံမည်သင့်သော်လည်း ပဋိသန္ဓေကျိုးပေးသောအစဉ်ကိုဆိုသောအရာဖြစ်၍ လောကုတ္တရာကုသိုလ်ကား ပဋိသန္ဓေကျိုးကို မပေးသောကြောင့် ဂရုကံ မ,မည် နိုင်တော့ပေ။}

● ဂရုကံ-အရ အဘယ်ကံများကို ယူရမည်ဟု ညွှန်ပြပါ။

၉၀၈-ဖြေ။ ။အကုသိုလ်အရာ၌ ပဉ္စာနန္တရိယကံငါးပါး, နတ္ထိကဒိဋ္ဌိ'အဟေတုကဒိဋ္ဌိ,အကြိယဒိဋ္ဌိ-ဟူသော နိယတ မိစ္ဆာဒိဋ္ဌိကံများကို ၎င်း၊ကုသိုလ်အရာ၌ မဟဂ္ဂုတ်ကံကို၎င်း ဂရုကံအရ ယူရပါမည်။ (ဋီ)

{အထက်ဘုံ၌ဖြစ်ရန် သမာပတ်ကိုရပြီးသော တိဿဗြဟ္မာကြီးသည် ရဟန္တာ မထေရ်ကြီးများ တောင်း ပန် ချက် အ ရ မောဂ္ဂလိ ပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေ နေခြင်းကား-ကာမဘုံ၌ တပ်နှစ်သက်သော နိကန္တိ၏အစွမ်းဖြင့် ဈာန်မှယုတ်၍ကာမဘုံ၌ ပဋိသန္ဓေယူနိုင်သည်ဟု သီဟိုဋ္ဌ ဂဏ္ဌိ သုံးစောင်က ဆိုသည်။ "ဗ္ဗဇ္ဇတိ ဘိက္ခဝေ သီသဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ" ဟု ဟောတော်မူသောကြောင့် ကာမဘုံ၌ဖြစ်လိုမှု တောင့်တသော စေတောပဏိဓိသည်မဟဂ္ဂုတ်ကံ၏အကျိုးကိုတားမြစ်၍ ကာမာဝစရကံ၏ အကျိုးပေးခွင့်ကို ပြုသည်ဟု ကေစိဆရာကြီးများက ဆိုကြ၏။ထိုသို့ဖြစ်ခြင်းကား-ကတာဓိကာရ မဟာပုညဖြစ်သော ပုဂ္ဂိုလ်ကြီးများ၏ စေတောပဏိဓိ အစွမ်းဖြင့်သာ ဖြစ်နိုင်သည်။ သူခပ်သိမ်းမှာ မဖြစ်နိုင်။ (သာရတ္ထဒီပနီ)

ဤအလောင်းတော်ကြီးတို့၏ စုတိခြင်းမျိုးကို အဓိမုတ္တိ စုတိခြင်းမျိုးဟု ဆိုကြ၏။ ဤအဓိမုတ္တိကို အာယုက္ခယ, ဥပစ္ဆေဒက တည်းမှာ ထည့်သွင်းကြ၏။ အချိုကလည်း သေခြင်းလေးပါးမှ အလွတ်ဟု ဆိုကြ၏။ နှလုံးသွင်း အဓိဋ္ဌာန်မှုကြောင့် စုတေခြင်းမျိုးကို "အဓိမုတ္တိ. ကာလံကိရိယာ"ဟု ဆိုသည်။

{ဂရုကံအများဘို့တွင် တပါးကအကျိုးပေးသော်လည်း ကျန်အကျိုးမပေးသောကံများသည် ဂရုကံ-ဟူသောအမည်ကိုမစွန့်ကြ။ ပကတိ ကြီးလေးသော ကံအဖြစ်၌ပင် တည်နေကြသည်။}

● "အနန္တရေ နိယုတ္တံ အာနန္တရိယံ" ဟူသော ဝစနတ္ထနှင့်အညီ စုတိ၏အခြားမဲ့၌ အကျိုးပေးတတ်သောကြောင့် အာနန္တရိယ ဆိုလျှင် အာနန္တရိယကံ ၂-ပါး ၃-ပါးကို ပြုမိရာ၌ အားကြီး

သောကံက အကျိုးပေးသွားသောအခါ အကျိုးမပေးဘဲကျန်ရစ်သောကံသည် အဘယ်သို့ အာနန္တရိယ ဟူသောအမည်ကို ရနိုင်မည်နည်း။

၉၀၉-ဖြေ။ ။မိမိတို့က အကျိုးပေးရမည်ကို အားကြိုးသော အာနန္တရိယက် တပါးကပေးသွားသဖြင့် မိမိတို့ပင်မပေးရသော်လည်း ထိုအကျိုးကိုပေးသောကံကို ဝိုင်းဝန်းကူညီ ထောက်ပံ့ကြသဖြင့် အကျိုးမပေးသောကံများလည်း အာနန္တရိယသဘော သက်ဝင်သောကြောင့် အာနန္တရိယအမည်ကို ရနိုင်ပါသည်။ (နိက္ခေပကဏ္ဍ-အနုဋီကာ)

{အထက် ဂရုကံတုံးက မှာခဲ့သော်လည်း အကြောင်းပြုမပါ၍ ထပ်ဖြေသည်။}

● ပုထုဇဉ်ဘဝကလုံနှင့်ထိုးရာ ရဟန္တာဖြစ်မှသေလျှင် အဘယ်ကံထိုက်မည်နည်း။

၉၁၀-ဖြေ။ ။ခန္ဓာအစဉ်မပြောင်း တဘဝတည်းက ဇီဝိတိန္ဒြေကို သျှင်စွာ ချရာရောက်သောကြောင့် အရဟန္တ ဃာတကံပင် ထိုက်ပါသည်။

● လောဟိတုပ္ပါဒကံသည် အဘယ့်ကြောင့် ပဋိသန္ဓေအကျိုးကို ပေးပါသနည်း၊ သံဃဘေဒကံသည် ဝစီကံ,ကြင်းသော အာနန္တရိယကံတို့သည် ကာယကံ-ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ဆိုသောကြောင့် လောဟိတုပ္ပါဒကံသည် ပါဏာတိပါတကံမျိုးသာ ဖြစ်ပါသည်။ ပါဏာတိပါတဖြစ်ကလည်း အင်္ဂါမညီသောကြောင့် ကမ္မပထမမြောက်သည်မဟုတ်ပါလော။

၉၁၁-ဖြေ။ ။မှန်ပါသည်၊သို့သော် ဤနေရာ၌ ဗျာပါဒကမ္မပထနှင့် ယှဉ်နေ၍ ဗျာပါဒကမ္မပထတည်းမှာ ထည့်သွင်းရသောကြောင့် ပဋိသန္ဓေကျိုးကို ပေးပါသည်။ (အင်္ဂုတ္တရ-အနုဋီကာ)

● အဘယ်ကံသည် အာသန္နကံ-မည်ပါသနည်း။

၉၁၂-ဖြေ။ ။ရှေးအခါကပြုပြီး၍သေခါနီးသောအခါ၌အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ်ကံသည်ရင်း၊ သေခါနီးသောအခါ၌ ပြုသော ကုသိုလ်, အကုသိုလ်ကံသည်ရင်း အာသန္ဒကံ-မည်ပါသည်။

{သေခါနီးသောအခါ ပြုအပ်သောကံအရ ကုသိုလ်ဘက်၌ သေခါနီးသောကာလ အလူပေးခြင်း, သီလဆောက်တည်ခြင်း စသည်ကိုယူ။ အကုသိုလ်ဘက်၌,ဥစ္စာ၌ တပ်မက်ခြင်း,သားမယားတို့၌ တပ်နှစ်သက်ခြင်း စသည်ကိုယူပါ။}

† အာသန္ဒန္တိမရဏကာလေ အနုဿရိတံ တဒါ ကဘဋ္ဌ။ (ဋီ)

● အဘယ်ကံသည် အာစိဏ္ဏကံ-မည်ပါသနည်း။

၉၁၃-ဖြေ။ ။အမြဲမပြတ် လေ့လာ ပြုလုပ် အပ်သော ကုသိုလ်, အကုသိုလ်ကံသည်ရင်း၊ တကြိမ် ပြုပြီးနောက် အမြဲမပြတ် မှီဝဲထုံအပ်, ဆင်ခြင် အောက်မေ့ အပ်သော ကုသိုလ်, အကုသိုလ်ကံ သည် ရင်း အာစိဏ္ဏကံ-မည်ပါသည်။

† 'အာစိဏ္ဏန္တိ အဘိဏ္ဒတော ကဘံ ဧကဝါရံ ကဘ္ဓာပိဝါ အဘိဏ္ဒသော သမာသေဝိတံ။ (ဋီ)

● အဘယ်ကံသည် ကဋတ္တာကံ-မည်ပါသနည်း။

၉၁၄-ဖြေ။ ။ဂရုကံစသော ကံအဖြစ်သို့မရောက်မူ၍ ပြုခါမျှသာ ဖြစ်သော ကံတည်းဟု ဆိုရုံမျှ ဖြစ်သော ကံသည် ကဋတ္တာကံ-မည်ပါသည်။ ထိုကံသည် ဂရုကံ စသော ကံကြီးများရှိက အကျိုးမပေးနိုင်၊ မရှိသော် အာသေဝန ရက ပေးနိုင်သေး၏။

{အကျိုးပေးစဉ်၌ ဂရုကံသည် ရှေးဦးစွာ ပေး၍၊ ရင်းမရှိသော် အာသန္ဒကံပေး၊ ရင်းမရှိသော် အာစိဏ္ဏကံပေး၊ရင်းမရှိသော် ကဋတ္တာ ကံပေးသည်ဟု မှတ်ပါ။}

† ကဋတ္တာကမ္မန္တိ ဂရုကာဒိဘာဝံ အသမ္ပတ္တံ ကဘမတ္တဧတာ ယေဝကမ္မန္တိ ဝတ္တဗ္ဗ ကမ္မံ။ (ဋီ)

● အောက်မေ့ အပ်သောကံ သေခါနီးကာလ ပြု အပ်သော အာသန္ဒကံထက် အမြဲမပြတ် မှီဝဲထုံအပ်သော အာစိဏ္ဏကံက

အားကြီးလျက် ရှေးဦးစွာ အကျိုးမပေးဘဲ အဘယ့်ကြောင့် အာသန္နကံက ရှေးဦးစွာ အကျိုးပေးပါသနည်း။

၉၁၅-ဖြေ။ ။နွားခြံတခုသို့ နွားအပေါင်းကို သွင်းသောအခါ အင်အားရှိသောနွားလားတို့သည်အလျင်ဝင်သွား၍ အားမရှိသောနွားအို ကြီးမှာ နောက်မှဝင်ရသဖြင့် အထဲမရောက်ဘဲ အဝတွင်အိပ်ရ၏၊နံနက် ထွက်သောအခါ နွားအိုကြီးမှာ အင်အား မရှိသော်လည်း ခြံဝန်းနှင့်နီး၍ အလျင်ထွက်ရသကဲ့သို့ ဂရုမှကံ့တပါး အားကြီးသော အာစိဏ္ဏကံ့ပင် ရှိပါသော်လည်း အားနည်းသောအာသန္နကံသည် အားပင်နည်းသော်လည်း သေခါနီးကာလ၌ ပြုအပ်သောကြောင့် နီးကပ်သည့်အားလျော်စွာ ရှေးဦးစွာ အကျိုးကို ပေးပါသည်။ အဘိဓမ္မာဝတာရ အဋ္ဌကထာ စသည်တို့၌ကား-အာသန္နကံမှ အလျင်ရှေးဦးစွာ အာစိဏ္ဏံကံ အကျိုးပေးသည်ကို ဆိုသေး၏။ အနုရုဒ္ဓါဆရာကား-အထက်ပါ ဥပမာကို နှလုံးပြု၍ အာသန္နကံ အလျင်အကျိုးပေးသည်ကိုဆိုခြင်းဖြစ်သည်။(၌)

● ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံနှင့် ကဋတ္တာကံ - တို့ကား အဘယ်သို့ ထူးခြားပါသနည်း။

၉၁၆-ဖြေ။ ။ရှေးကံသုံးပါးကား-ပစ္ဆုပ္ပန်ဘဝ၌ပြုမှုပြီးစီး၍အခြားမဲ့ ဒုတိယဘဝ၌ ခံစားအပ်၏။ ကဋတ္တာကံကား - အတိတ်ဘဝက ပြုမှုပြီးစီး၍ တတိယဘဝမှစ၍ အမှတ်မရှိ တစုံတခုသောဘဝ၌ ခံစားအပ်၏။ ဤသို့ ထူးခြားပါသည်။

{နောက်ဆရာများကား-အတိတ်ဘဝကပြုခဲ့သော ကမ္မပထပတ္တ အပရာပရိယ ဝေဒနီယကံနှင့်တကွ ဤဘဝ၌ ပြုအပ်သော ဂရုကံ, အာသန္နကံ, အာစိဏ္ဏကံအဖြစ်မှ ကင်းသော ကမ္မပထပတ္တ ဥပပဇ္ဇဝေဒနီယကံမျိုးသည် ကဋတ္တာကံ-မည်၏ဟု အလိုရှိကြသည်။}

† ဇေဋ္ဌစ ပုရိမကမ္မတ္တယံ ပစ္ဆုပ္ပန္နဘဝသံသိဒ္ဓံ ဥပပဇ္ဇဝေဒနီယံ၊ ပစ္ဆိမံ ပန အတီတဘဝသံသိဒ္ဓံ အပရာပရိယ ဝေဒနီယန္တိ ဒဋ္ဌဗ္ဗံ။ (ဇ-မဟာဋီကာ)

● အဘယ်ကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံစသည် မည်ပါသနည်း။

၉၁၇-ဖြေ။ ။မျက်မှောက်သော ကိုယ်၏အဖြစ်၌ ခံစားအပ်သော ကံသည် ဒိဋ္ဌဓမ္မဝေဒနီယ-ကံမည်၏။ မျက်မှောက်သော ကိုယ်အဖြစ်မှ အခြားမဲ့ဖြစ်သော ကိုယ်၏အဖြစ်၌ ခံစားအပ်သောကံသည် ဥပပဇ္ဇဝေဒနီယကံ-မည်၏။ မျက်မှောက်သော ကိုယ်၏အဖြစ်မှ အမှတ်မရှိ တပါးပါးသောကိုယ်၏အဖြစ်၌ ခံစားအပ်သောကံသည် အပရာပရိယဝေဒနီယကံ-မည်၏။ အကျိုးပေးပြီးလည်း မဟုတ်, ပေးဆဲလည်း မဟုတ်, ပေးလတ္တံ့လည်း မဟုတ်,ကံသည်ဖြစ်ပြီးပြီဟု ဆိုရသောကံသည် အဟောသိကံ-မည်၏။ (၄)

{ဒိဋ္ဌဓမ္မဝေဒနီယဟူသောအမည်သည် အကျိုး၏အမည်ကို အကြောင်းခံတင်စားသော ဖလူပစာ အမည်တည်း။}

● ဒိဋ္ဌဓမ္မဝေဒနီယစသောကံလေးပါးကို၏အရကို ဇောစေတနာ ဖြင့် ပိုင်းခြား၍ အကျိုးပေးရာ ကာလကိုလည်း ညွှန်ကြားပါ။

၉၁၈-ဖြေ။ ။ပဌမဇောစေတနာသည် ဒိဋ္ဌဓမ္မဝေဒနီယ-ကံမည်၏။ ပစ္စုပ္ပန်မျက်မှောက်ဘဝ၌ အကျိုးပေးပါသည်။ သဏ္ဌာမဇော စေတနာသည် ဥပပဇ္ဇဝေဒနီယကံ-မည်၏။ဒုတိယဘဝ၌ အကျိုးပေးပါသည်။ သို့သော် ပဋိသန္ဓေကျိုးကိုပေးပါမှ ပဝတ္တိကျိုးကို ပေးသည်။ ပဋိသန္ဓေကျိုးကိုမပေးမူကား-ပဝတ္တိကျိုးကိုမပေးပါ။ ပဋိသန္ဓေကျိုးကိုပေးမူကား ဘဝအရာတိုင်အောင်လည်း ပဝတ္တိကျိုးကို ပေးသည်ဟု ဆရာများ ဆိုကြသည်။အလယ်ဇောငါးခု စေတနာသည် အပရာပရိယဝေဒနီယကံ မည်၏။ တတိယဘဝမှစ၍ နိဗ္ဗာန်မရမီအကြား အခွင့်သာသောအခါ ပဋိသန္ဓေ ပဝတ္တိကျိုးကိုပေးပါသည်။ရှေးကံသုံးပါးတို့ဖြင့် အကျိုးမပေးသော ဇောစေတနာ ၇-ခုတို့သည် အဟောသိကံ-မည်၏။ (တဏှာအကြောင်းရင်းကို အရဟတ္တမဂ်ဖြင့် ဖြတ်ပြီးသော ကံ့ တို့ ကို လည်း အဟောသိကံဟု၍ပင် ဆိုရသည်။) ထိုသို့အကျိုးပေးသော ကာလမရှိ၊ ကာလကုန်လွန်သွားသောအခါကိုပင် အကျိုးပေးသောကာလဟုဆိုရပါသည်။ "တံ ကာလာဘာဝ ဝသေနစ"ဋီ-ကို ထောက်။ ဒိဋ္ဌဓမ္မ

ခဝဒနိယကား-ပဝတ္တိမျှသာ၊ ဥပပဇ္ဇ,အပရာပရိယတို့ကား-ပဋိသန္ဓေ, ပဝတ္တိ ၂-မျိုးလုံးပေးသည်ဟုမှတ်။ (ဋီ)

{စေတနာ တချက်သည် တကြိမ်သာ ပဋိသန္ဓေအကျိုးကို ပေးနိုင်သည်။ ၂-ကြိမ် ၃-ကြိမ် မပေးနိုင်။ ပုဗ္ဗအပရ စေတနာတို့ဖြင့်ကား-အကြိမ်များစွာပေးနိုင်သည်။}

(သံယုတ်အဋ္ဌကထာ)

● ဒိဋ္ဌဓမ္မဒဝဒနိယကံသည် အဘယ့်ကြောင့် ပစ္ဆုပ္ပန် မျက်မှောက်ဘဝ၌ အကျိုးကို ပေးပါသနည်း။

၉၁၉-ဖြေ။ ။ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်,အကုသိုလ်တရား ဟူသည် မနှိပ်စက်အပ် သောကြောင့်၎င်း, နောက်ဘဝက ဆည်းပူးခဲ့သော အပရာပရိယအကြောင်းထူး၏အစွမ်းဖြင့် ရအပ်သောသတ္တိထူးရှိသောကြောင့်၎င်း,ပုဗ္ဗာဘိသင်္ခါရ၏ အစွမ်းဖြင့် အားရှိသော ပထမဇော စေတနာ-ဟု ဆိုအပ်သော ဒိဋ္ဌဓမ္မ ဝေဒနိယကံသည် ပစ္ဆုပ္ပန် မျက်မှောက်ဖြစ်သောဘဝ၌ အကျိုးကိုပေးပါသည်။ (ဋီ)

● ပဌမဇော စေတနာသည် ပဋိသန္ဓေအကျိုးကိုမပေးဘဲ အဘယ့်ကြောင့် ပဝတ္တိအကျိုးမျှကိုသာ ပေးပါသနည်း။

၉၂၀-ဖြေ။ ။အာသေဝနပစ္စည်းကိုမရ၍ အားနည်းသောကြောင့် ဓလေပွင့်ကဲ့သို့ အဟိတ်ဝိပါက်ခန္ဓာ,ကဋတ္တာရူပ်ဟု ဆိုအပ်သော ပဝတ္တိကျိုးမျှကိုသာ ပေးပါသည်။ ပဋိသန္ဓေကျိုးကို မပေးပါ။

† အာသေဝနာလာဘေန အပ္ပဝိပါကတာယ ဇာယေ ပုဗ္ဗမတ္တံ ဝိယ ပဝတ္တိဝိပါကမတ္တံ အဟေတုကဖလံ ဒေတိ။ (ဋီ)

● ဥပပဇ္ဇဝေဒနိယကံ-အရ သတ္တမဇော စေတနာတခုသာ ယူရမည်လော၊ အဘယ်သို့ မှတ်ရမည်နည်း။

၉၂၁-ဖြေ။ ။သတ္တမဇောစေတနာကို ဥပပဇ္ဇဝေဒနိယကံဟုဆိုခြင်းသည် ယေဘုယျနည်းမျှသာဖြစ်သည်။ ပစ္ဆာဇာတ်ဇော ငါးကြိမ်ကျ

ရာ၌ ပဉ္စမဇော စေတနာသည်လည်း ဥပပဇ္ဇဝေဒနီယကို မည်ပါ သေးသည်။

† သတ္တမ ဇဝန စေတနာတိ ဧုဒံ ယေဘုယ်ျ ဝုတ္တိယာ ဝုတ္တံ။ ပစ္စဝေက္ခဏဝသိတာ ဒိပ္ပဝတ္တိယံ ပန ပဉ္စမာဒိကာပိ စေတနာ ဥပပဇ္ဇဝေဒနီယံနာမ ဟောတိ။ (၉)

● အဟောသိကံသည်အကျိုးပေးရာကာလမရှိဘဲအဘယ့်ကြောင့် ထိုကံကို ပါကကာလ၏အစွမ်းဖြင့် ခေါ်ပါသနည်း။

၉၂၂-ဖြေ။ ။အဟောသိကံသည် ဒိဋ္ဌဓမ္မဝေဒနီယစသော ကံသုံး ပါးတို့၏ အကျိုးပေးရာ ကာလကို လွန်သောကြောင့်သာလျှင် ပါက ကာလ၏အစွမ်းဖြင့် ခေါ်ပါသည်။

{ထို ကံသုံးပါးတို့၏ အကျိုးပေးရာ ကာလကို ကျော်လွန် သွားသော ကာလသည်ပင် အဟောသိကံ၏ အကျိုးပေးရာ ကာလဖြစ်၍ ပါကကာလ၏အစွမ်းဖြင့် ခေါ်ဝေါ်သည်ဟူလို။}

† အဟော သိကမ္မ ဿ ဟိ ကာ လာ တိ က္က မ တော ဝ တံ ဝေါဟာရော။ (၉၃)

● ပါကဒါန ပရိယာယ, ပါကကာလတို့၏အရကို ဖော်ပြပါ။

၉၂၃-ဖြေ။ ။ဂရုကံ ပဌမအကျိုးပေး၏။ဂရုကံမရှိလျှင် အာသန္နကံ အကျိုးပေး၏။အာသန္နကံမရှိလျှင် အာစိဏ္ဏကံအကျိုးပေး၏။အာစိဏ္ဏ ကံ မရှိလျှင် ကဋတ္တာကံ အကျိုးပေး၏။ ဤကား-ပါကဒါန ပရိယာယ (အကျိုးပေးစဉ်) ဖြစ်ပါသည်။ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ကာလ, ဥပပဇ္ဇဝေဒနီယကံသည်ပစ္စပ္ပုန်မှအခြားမဲ့ဖြစ်သောဒုတိယဘဝကာလ, အပရာပရိယ ဝေဒနီယကံသည် တတိယ ဘဝမှစ၍ နိဗ္ဗာန်ရသည်ကိုင် အောင် အမှတ်မရှိသောကာလ, အဟောသိကံသည် ဆိုအပ်ပြီးသော အပြားရှိသော ကာလ၏ မရှိခြင်း, လွန်ခြင်းဟု ဆိုအပ်သော ကာလ။ ဤကား-ပါကကာလ (အကျိုးပေးရာအခါ) ဖြစ်ပါသည်။ (၉၃)

{ကာမအတွေ့သည် ဖောဋ္ဌဗ္ဗာရုံ ကာမဂုဏ်တည်း။ သုရာ အတွေ့သည် ရသာရုံ ကာမဂုဏ်တည်း။ ဤသို့ကာမဂုဏ်အတွေ့တို့သည် မှားယွင်းခြင်းတူကြသည်ဟူလို။ မူလဋီကာဆရာကား-သုရာပါန ကံကို သဘာဝအားဖြင့် ကာမေသုမိစ္ဆာစာရ၌ ဥပကာရကအားဖြင့် ကမ္မပထ ၁၀-ပါးလုံး၌ သွင်း၍ ယူတော်မူသည်။}

● ကာယဝိညတ္တိ သခ်ါတေ-ပါဌ်၌ ကာယဝိညတ္တိပုဒ်ကို ဖြစ်သင့်သမျှ ဝစနတ္ထပြု၍ အဓိပ္ပာယ်ဖော်ပြပြီးလျှင် တရားကိုယ်လည်း ကောက်ပြပါ။

၉၂၉-ဖြေ။ ။"ကာယင်္ဂေန အတ္တနော အဓိပ္ပာယံ ပရေသံ ဝိညာပေတီတိ ကာယဝိညတ္တိ၊ကာယင်္ဂေန အတ္တနော အဓိပ္ပာယော ပရေဟိ ဝိညာယတီတိ ကာယဝိညတ္တိ" ဟူသော ဝစနတ္ထနှင့်အညီ စောပန ကာယဖြင့် မိမိ၏အလိုကို သူတပါးတို့အား သိစေတတ်သောကြောင့်၎င်း၊စောပနကာယဖြင့် မိမိ၏အလိုကို သူတပါးတို့သည် သိအပ်သောကြောင့်၎င်း ကာယဝိညတ်-မည်၏။ (အဓိပ္ပာယ်) ထို ကာယဝိညတ်ဟူသည် ရှေ့သို့ တက်ခြင်း, နောက်သို့ ဆုတ်ခြင်း, တူရူကြည့်ခြင်း, တစောင်းကြည့်ခြင်း စသည်ကိုဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်လွန်သော ကလာပ်၏ ဖောက်ပြန်သော ဂုဏ်သတ္တိ အထူး ကလေးပင်တည်း။ ထို ဂုဏ်အထူး ကလေးသည် ဤနေရာ၌ ကာယ ဝိညတ်မည်သည် ဟူလို။ (ဤကား-ကာယဝိညတ်အရ တရားကိုယ် အစစ်ကောက်ပုံတည်း။) သစ်ပင်လှုပ်ရာ၌ကား-ဝိညတ်မပါ၍ အလိုကိုမသိစေတတ်။ (သူအလိုလို လှုပ်ခြင်းကို ဆိုလိုသည်။) တစုံတယောက်က လှုံပ်ရာ၌ကား - အလိုကို သိစေနိုင်သည်၊ ကာယသည် သသမ္ဘာရကာယ, ပသာဒကာယ, စောပနကာယ-ဟု ၃-မျိုးရှိရာ ဤ၌ကား-ကာယဝိညတ်ဟု ဆိုအပ်သော စောပနကာယကို ယူ။

● ကာယဝိညတ်ဟူသည် ပရမတ္ထ တရားမျိုးပါလော။

၉၃၀-ဖြေ။ ။မဟုတ်ပါ၊ စိတ္တဇ ဝါယောဓာတ်၏ ဂုဏ်သတ္တိတခုမျှသာ ဖြစ်ပါသည်။ "ကလာပဿ ဝိကာရဘူတေ" ဟူသော ဋီကာ

ဝိသေသနပါဠိကိုထောက်။ ဤကိုထောက်၍ အနိပ္ပန္နရုပ်တို့သည် ပရမတ်မဟုတ်၊ ပညတ်မျှသာ ဖြစ်သည်ဟု သတိပြုစရာပင်။ ဝစီဝိညတ်ကား-စိတ္တဇပထဝီဓာတ်၏ ဂုဏ်သတ္တိတခုမျှသာဖြစ်သည်။

† နဝိညတ္တိနာမ ပရမတ္ထတ္ဂုံတော ဧကော ဓမ္မော စိတ္တဇဝါယော ဓာတုယာ ပန ဂုဏမတ္တံ။ (၉)

● ကံနှင့်တကွဖြစ်သော စိတ္တုပ္ပာဒ်သည် ဝိညတ်ကို ဖြစ်စေတတ်သောကြောင့် ကံနှင့်တကွဖြစ်သော စိတ္တုပ္ပာဒ်ကို သာလျှင် ကာယကံ စသည်၏ အကြောင်းဟု ဆိုသင့်လျက် မဆိုဘဲ အဘယ့်ကြောင့် ဝိညတ်ကိုသာလျှင် ကာယကံ စသည်၏ အကြောင်းဟု ဆိုပါသနည်း။

၉၃၁-ဖြေ။ ။ကံနှင့်တကွဖြစ်သော စိတ္တုပ္ပာဒ်သည် ဝိညတ်ကို ဖြစ်စေတတ်၍ ကံနှင့်တကွဖြစ်သော စိတ္တုပ္ပာဒ်ကိုသာ ကာယကံ စသည်၏ အကြောင်းဟု ဆိုသင့်သော်လည်း ဝိညတ်ကြောင့် ဖြစ်သော ကံ၏ ကာယကံစသော ဝေါဟာရသည် လက်လှုပ်ခြင်း,နှုတ်မြွက်ခြင်းစသော ဝိညတ်ကြောင့်သာဖြစ်၏၊ကံနှင့်တကွဖြစ်သောစိတ္တုပ္ပာဒ်ကြောင့်မဖြစ်၊ ထို့ကြောင့် ထိုဝိညတ်ကိုသာ ကာယကံ စသည်၏အကြောင်းဟု ဆိုပါသည်။ ကံနှင့်တကွ ဖြစ်သော စိတ္တုပ္ပာဒ်ကို ကာယကံ စသည်၏ အကြောင်းဟု မဆိုပါ။ (၉)

● ကာယဒွါရေ ဗာဟုလ္လဝုတ္တိတော-၌ ကာယဒွါရေ ဝုတ္တိတော လောက်တွင် မဆိုဘဲ အဘယ့်ကြောင့် ဗာဟုလ္လ သဒ္ဒါကို ဆိုပါသနည်း။

၉၃၂-ဖြေ။ ။ကာယကံသည် ကာယဒွါရ၌ များသောအားဖြင့် သာ ဖြစ်သည်။ အမြဲဖြစ်သည်မဟုတ်။ အပ္ပကအားဖြင့် ဝစီဒွါရ၌လည်း ဖြစ်သေးသည်ဟူသောအနက်ကို သိစေလိုသောကြောင့် ဗာဟုလ္လသဒ္ဒါကို ဆိုပါသည်။ (၉)

{ဗာဟုလ္လသဒ္ဒါဖြင့် ကာယကံသည် ကာယဒွါရ၌ဖြစ်သည်ကား-ယေဘုယျနည်းသာဟု သိစေလိုသည်။ နောက်ဗာဟုလ္လသဒ္ဒါပါရာ၌လည်း ဤနည်းအတိုင်း သိပါလေ။}

● အဘယ်အရာ၌ ကာယကံသည် ဝစီဒွါရ၌ ဖြစ်ပါသနည်း။

၉၃၃-ဖြေ။ ။သူ့အသက်သတ်ခြင်းစသည်ကို နှုတ်ဖြင့်စေခိုင်းရာ၌ ကာယကံသည် ဝစီဒွါရ၌ အပွကအားဖြင့် ဖြစ်ပါသေးသည်။ (ဋီ)

● အဘယ်အရာ၌ ဝစီကံသည် ကာယဒွါရ၌ ဖြစ်ပါသနည်း။

၉၃၄-ဖြေ။ ။လိမ်သည်လှည့်ဖြားခြင်းစသည်ကို နှုတ်ဖြင့်မပြောဘဲ ကိုယ်အမှုအရာ ဖောက်ပြန်၍ အရိပ်နိမိတ် ပြုလုပ်ပြသော သူအား ဝစီကံသည် ကာယဒွါရ၌ အပွကအားဖြင့် ဖြစ်ပါသည်။ (ဋီ)

● ဝစီဝိညတ္တိ သန်္ဓါတေ-ပါဠိ၌ ဝစီဝိညတ္တိပုဒ်ကို ဖြစ်သင့်သမျှ ဝစနဘေဒပြု၍ အဓိပ္ပာယ် ဖော်ပြပြီးလျှင် တရားကိုယ်လည်း ကောက်ပြပါ။

၉၃၅-ဖြေ။ ။"ဝါစာယ အတ္ထံ နော အဓိပ္ပာယံ ပရဿ ဝိညာပေတီတိ ဝစီဝိညတ္တိ၊ ဝါစာယ အတ္ထံ နော အဓိပ္ပာယော ပရေဟိ ဝိညာယတီတိ ဝစီဝိညတ္တိ" ဟူသော ဝစနဘေဒနှင့်အညီ စောပနဝါစာဖြင့် မိမိ၏ အလိုကို သူတပါးတို့အား သိစေတတ်သောကြောင့်၎င်း၊ စောပနဝါစာဖြင့် မိမိ၏အလိုကို သူတပါးတို့သည်သိအပ်သောကြောင့်၎င်း ဝစီဝိညတ်မည်၏။ (အဓိပ္ပာယ - ထိုဝစီဝိညတ်ဟူသည် နှုတ်မြွက်ခြင်းကို ပြုခြင်းဟူဆိုအပ်သော ဝစီဝိညတ်ကို ဖြစ်စေတတ်သော စိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်လွန်သော ကလာပ်၏ ဖောက်ပြန်ခြင်း ဂုဏ်သတ္တိ အထူးကလေးပင်တည်း။ ထို ဂုဏ်အထူးကလေးသည် ဤ၌ ဝစီဝိညတ် မည်သည် ဟူလို။ (တရားကိုယ်အရ) (ဋီ)

{ဤ၌ ဝစီ-ဟူသည် ဝါစာပင်တည်း။ ထိုဝါစာသည် သဒ္ဒဝါစာ, ဝိရတိဝါစာ, စေတနာဝါစာ, စောပနဝါစာအားဖြင့် လေးမျိုးရှိရာ၊ ဤ၌ကား-သဒ္ဒနှင့်တကွဖြစ်သော ဝစီဝိညတ်ဟူဆိုအပ်သော စောပနဝါစာကိုသာယူ။ ဝိညတ်နှင့်စပ်၍ ရှင်းပို့ခြင်းအကျယ်ရှုပါ။}

● အကြင်သူသည် သမင်တော သွားမည်ဟု လေးကိုစိရင်ခြင်း, ညှို့ကို ကျစ်ခြင်း, လုံကိုသွေးခြင်း, ထမင်းစားခြင်း, အဝတ်ကို ပြင်ဝတ်ခြင်း စသည်ကိုပြုပြီးနောက် တော သို့သွား၍ တနေ့လုံး လှည့်လည်သော်လည်း ကြောင်တကောင်,ယုန်တထုပ်ကိုမျှမရ ဘဲ ပြန်လာခဲ့ရ၏။ ထို အကုသိုလ်ကံသည် ကာယကံအကုသိုလ် ဖြစ်သလော, မဖြစ်သလော ဆုံးဖြတ်ပါ။

၉၃၆-ဖြေ။ ။ကမ္မပထသို့ မရောက် သော ကြောင့် ကာယကံ အကုသိုလ် မဖြစ်ပါ။ ကာယဒုစရိုက်သာ ဖြစ်ပါသည်။

{သမင်တော သွားမည် လေးပြင်ကြ စသည်ဖြင့် နှုတ်မြွက် ပြောရာ၌လည်း ဝစီကံ အကုသိုလ် မဖြစ်၊ ဝစီဒုစရိုက်မျှသာ ဖြစ်သည်ဟု သိပါလေ။}

† ဣဒံ အကုသလံ ကာယကမ္မံနာမ ဟောတိ နဲ ဟောတိတိ၊ နဲ ဟောတိ၊ ကသ္မာ ကမ္မပထံ အပတ္တတာယ၊ ဧကဝလံ ပန ကာယဒုစ္စရိတံ နာမ ဟောတိတိ ဝေဒိတဗ္ဗံ။ (အင်္ဂသာလိနီ)

● သမင်ပစ် သွားမည်ဟု ဆုံးဖြတ် စိရင်ပြီးမှ မသွား ဖြစ်သော သူအား ထိုအကုသိုလ်ကံသည် အဘယ်ကံမျိုးဖြစ်၍ အဘယ် ဒွါရ၌ ဖြစ်မည်နည်း။

၉၃၇-ဖြေ။ ။မနောဒွါရ၌ ဝဓကစေတနာ ဖြစ်ခါမျှဖြင့် ကမ္မပထ မြောက်သောကြောင့် ထို အကုသိုလ်ကံသည် မနောဒွါရ၌ဖြစ်သော ဗျာပါဒမနောကံ့ ဖြစ်ပါသည်။ကာယကံသည် မနောဒွါရ၌မဖြစ်သော ကြောင့် ပါဏာတိပါတကံ့ မဟုတ်ပါ။

† မနောဒွါရေ ပန ဝဓကစေတနာယ ဥပ္ပန္နမတ္တာယ ဧဝ ကမ္မပထဘေဒေါ ဟောတိ၊ သော စ ခေါ ဗျာပါဒ ဝသေန၊ နဲ ပါဏာတိပါတ ဝသေန။ (အင်္ဂသာလိနီ)

● အကုသိုလ်ကာယကံ့ ၃-ပါးတို့သည် ကာယဒွါရ,ဝစီဒွါရတို့၌ ဖြစ်သောအခါ ထိုအကုသိုလ်စေတနာနှင့်အတူတကွဖြစ်သော

အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ-တို့ကို ကာယကံ-ဟု ခေါ်မည်လော, မနောကံ-ဟု ခေါ်မည်လော ရှင်းလင်းခဲ့ပါ။

၉၃၈-ဖြေ။ ။စေတနာ၏ အပင်းအသင်းသာဖြစ်၍၊ကာယကံ့-ဟုသာ ခေါ်ရုပါသည်။ မိမိတို့ မပြဋ္ဌာန်း အဇ္ဈော ဟာရိကမျှသာ ဖြစ်၍ မနောကံ-ဟု မခေါ်ဝေါ်နိုင်ပါ။

{{အကုသိလ်ဝစီကံသည် ဝစီဒွါရ,ကာယဒွါရတို့၌ဖြစ်သော အခါ အတူတကွပါလာသော အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့ကိုလည်း ထိုနည်းအတူ မှတ်ပါ။

† ဝိညတ္တိသမုဋ္ဌာပက စိတ္တ သမ္မယုတ္တာ စေတ္တ အဘိဇ္ဈာဒယော စေတနာ ပက္ခိကာဝ ဟောန္တိ။ (ဋီ)

† စေတနာပက္ခိကာဝါ ဘဝန္တိ ကာယကမ္မ ဝေါဟာရ လာဘာ, အဇ္ဈောဟာရိကာဝါ မနောကမ္မ ဝေါဟာရ ဝိရဟာ။

(မူလဋီကာ)

● သို့မဟုတ်ကျွန်းလွန်သော ဘခင်၊ ပြည့်တန်ဆာမတို့၌သွားလာသူ၊ တိရစ္ဆာန်မ, အရူးမတို့၌ သွားလာသော ပေါက်ကွဲးတို့အား မိစ္ဆာစာရ ဖြစ်, မဖြစ် ဆုံးဖြတ်ခဲ့ပါ။

၉၃၉-ဖြေ။ ။သို့မဟုတ်ကျွန်းလွန်သောဘခင်မှာ အလိုတူသည်ဖြစ်စေ, မတူသည်ဖြစ်စေ၊ မိခင် အစောင့် အရှောက် ရှိသေးက မိစ္ဆာစာရ ဖြစ်သည်။ဘခင်စောင့်ရှောက်သောသို့မဟုတ်လွန်ကျွန်းသောခဏ၌ ဘခင်မှာ စောင့်ရှောက်သူ မဟုတ်တော့သဖြင့် မိစ္ဆာစာရမဖြစ်၊ ဘခင်နှင့်အတူ မနေဘဲ ဆွေမျိုးညာတကာ တရားကျင့်ဘက်တို့က စောင့်ရှောက်ထား သော သို့မဟုတ်လွန်ကျွန်းသောဘခင်မှာ မိစ္ဆာစာရဖြစ်သည်။ (သားနှင့် လွန်ကျွန်းသော မိခင်မှာ မိမိလင် ထင်ရှားရှိသေးလျှင် မိစ္ဆာစာရ ဖြစ်၏။လင်လည်း ထင်ရှားမရှိ, အစောင့်အရှောက်လည်း လွတ်နေသော မိခင်ဖြစ်က မိစ္ဆာစာရဖြစ်ဘို့မရှိ။) ပြည့်တန်ဆာမတို့ကား-မုဟုတ္တိက (တခဏ ပေါင်းဖော်သော) မယားမျိုးဖြစ်၍ ဆိုင်ရာ အထိန်း အအုပ် တို့အား ကျေနပ်အောင် ပိုက်ဆံပေး၍ ပျော်ပါး သွားလာ သူတို့မှာ မိစ္ဆာစာရမဖြစ်။တိရစ္ဆာန်မတို့မှာ အမြဲလင်တိရစ္ဆာန်ထီး ရှိလျှင်၎င်း

နဂါး, ဂဠုန်, ကိန္နရာ စသည် တို့ကဲ့သို့ မိဘ အုပ်ထိန်းသူ ရှိလျှင်ငှင်း မိန္ဆွာစာရ ဖြစ်သည်။ အုပ်ထိန်းသူမရှိလျှင်ကား-မဖြစ်။ အရွယ်မမှာ မိဘ စသည်တို့အုပ်ထိန်းလျက်ရှိလျှင် မိန္ဆွာစာရဖြစ်၏။ မရှိလျှင်ကား-မဖြစ်။

{သာရက္ခာ, သပရိဒဏ္ဍာတို့ကား-မယားအဖြစ် သတ်မှတ်စောင့်ရှောက်ခြင်း၊ မယားအဖြစ်သတ်မှတ်၍ ဒဏ်ထားခြင်းမျိုးဖြစ်သောကြောင့် မင်းစိုးရာဇာတို့က အရွယ်မကို ကျူးလွန်သူအား ဒဏ်ထားသော်လည်း မယားအဖြစ် ဒဏ်ထားခြင်းမျိုးမဟုတ်၍၊ အရွယ်မကိုစောင့်ရှောက်မှု၌ သာရက္ခာ, သပရိဒဏ္ဍာတို့နှင့်မသက်ဆိုင်။ ဤအရာမျိုးကား-သိနိုင်ခဲသော အရာမျိုးဖြစ်၍ စုံစမ်းမေးမြန်း စူးစမ်းကြိစည်ကုန်ရာသည်။}

● မိန်းမတို့၏ ပဿာဝမဂ် မှတပါး ဝစ္ဆမဂ်, မုခမဂ်တို့၌ လွန်ကျူးသောယောကျ်ားအား ကာမေသုမိန္ဆွာစာရဖြစ်, မဖြစ်ဆုံးဖြတ်ခဲ့ပါ။

၉၄၀-ဖြေ။ ။ဆရာ တဦးကား - မိဘ စသည်တို့သည် မိမိသို့၏ ပဿာဝမဂ်ကို လွန်ကျူး၍ကျင့်မည်ကိုသာ လောက၌စောင့်ရှောက်ရိုးရှိသည်။ ဝစ္ဆမဂ်, မုခမဂ်တို့၌ စောင့်ရှောက်ရိုးမရှိ၊ ထို့ကြောင့် ကာမေသုမိန္ဆွာစာရမဖြစ်၊ ထို့ဝစ္ဆမဂ်, မုခမဂ်ကိုပါ စောင့်ရှောက်မှုကား ဖြစ်သည့်ဟု ဆိုသည်။ ။ဆရာကဦးကား- "မဂ္ဂေန မဂ္ဂပဋိပတ္တိ အဓိဝါသနံ" ဟု သာမည ဆိုသောကြောင့် မိန်းမ၏ မဂ်သုံးပါးလုံးကို လွန်ကျူးရာ၌ ကာမေသု မိန္ဆွာစာရ ဖြစ်သည်ဟု ဆိုသည်။ ထိုနှစ်ဝါဒတွင် သို့၏ ဝစ္ဆမဂ်, မုခမဂ်ကို လွန်ကျူးသောအခါ မိဘများက သဘောတူမည်မဟုတ်၊ အင်္ဂါကြီးငယ်ကို သုံးသပ်ဆွေးငင်ခြင်းများကိုပင် တားမြစ်စောင့်ရှောက်ကြသောကြောင့် နောက်ဝါဒသာ သင့်ရာပါသည်။

● မိဘအုပ်ထိန်းခြင်းမကင်းဘဲမိမိထံလိုက်လာသော(လင်နောက်လိုက်လာသော) မိန်းမအား လွန်ကျူးသော ယောကျ်ားသည် ကာမေသုမိန္ဆွာစာရ ဖြစ်, မဖြစ် သင့်သလို ဆုံးဖြတ်ပါ။

၉၄၁-ဖြေ။ ။မိမိထံ သဘောတူ၍ လိုက်လာကာမျှပင် ဆန္ဒဝါသိန့် မယားအဖြစ်ရောက်နိုင်သော်လည်း မှောင်ထည်း၌ မိမိလင်ထင်၍လိုက်

ခဲ့လျှောခွင့်ပြုသောမိန်းမ,သူတပါးမယားနှင့်သွီးကိုမိမိမယားထင်၍လွန်ကျူးမိသော ယောကျ်ားတို့မှာ ကာမေသုမိစ္ဆာစာရကံ့ ထိုက်သည်ကို ထောက်၍ဂုင်း၊ မိဘအုပ်ထိန်းခြင်း မကင်းသေးသော အဂမနီယဝတ္ထု အစစ်ဖြစ်သောကြောင့်ဂုင်း ကာမေသုမိစ္ဆာစာရ ဖြစ်သင့်သည်ဟုသာ ဆိုးဖြတ်သင့်၏။အုပ်ထိန်းခြင်းကင်းလွတ်၍ သဘောတူ လာရောက်နေပါမူကား-ဆန္ဒဝါသိနီ မယားအဖြစ် ရောက်၍ ကာမေသုမိစ္ဆာစာရမှ ကင်းလွတ်သင့်သည်။

{လင်ယောကျ်ားနောက် လိုက်သွားမှန်းသိ၍ အုပ်ထိန်းသူတို့က စောင့်ရှောက်မှု ဗျာပါရကင်းငြိမ်းသွားသောအခါကား-မိစ္ဆာစာရမှ လွတ်ဘို့ရှိသည်။}

● မုသာဝါဒ စသော ဝစီကံ့လေးပါး၏ အဓိပ္ပာယ်ကို အသီးသီး ဖော်ပြပါ။

၉၄၂-ဖြေ။ ။မဟုတ်မမှန်သော ဒိဋ္ဌ, အဒိဋ္ဌ အစရှိသော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် ပြောဆိုကြောင်း ဖြစ်သောကြောင့် မုသာဝါဒ မည်ပါသည်။ သူနှစ်ယောက်တို့၏ ညီညွတ်ခြင်းကို မှုန့်မှုန့်ညက်ညက် ကြိတ်ခွဲ ပစ်လွှင့် ဖျက်ဆီး တတ်သော ကြောင့်ဂုင်း၊ သူနှစ်ယောက်တို့၏အချစ်ကို ဆိတ်သုဉ်းစေတတ်သောကြောင့်ဂုင်း ပိသုဏဝါစာ-မည်ပါသည်။ မိမိနှင့် သူတပါးကို ကြမ်းကြုတ်သည်ကို ပြုတတ်သော ကြောင့်ဂုင်း၊ လွဲကဲ့သို့ ကြမ်းသော အတွေ့ ရှိသောကြောင့်ဂုင်း ဖရုသဝါစာ-မည်ပါသည်။ ချမ်းသာဘီးပွားကို ဖျက်ဆီးတတ်သောစကား, မိမိနှင့် သူတပါး အကျိုးမဖျားသော စကားကို ပြော ဆို ကြောင်းဖြစ်သောကြောင့်ဂုင်းသမ္ဖပ္ပလာပမည်ပါသည်၊တရားကိုယ်အားဖြင့်မဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတပါးကိုသိစေလိုသော သူ၏ထိုသို့သိစေခြင်း ကာယဝစီပယောဂကိုဖြစ်စေတတ်သော စေတနာသည် မုသာဝါဒ-မည်၏။ သူတပါးအား အချစ်ပျက်စေ၍ မိမိကို ချစ်စေလိုသဖြင့် သူတပါး အချစ်ပျက်ခြင်းကို ပြုတတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော သံကိလိဋ္ဌ စေတနာသည် ပိသုဏာဝါစာ-မည်၏။ သူတပါး၏မြတ်နိုးခြင်းကို ဖြတ်တတ်သော ကာယဝစီ

ပယောဂကို ဖြစ်စေတတ်သော စင်စစ် ကြမ်းတမ်းသောစေတနာသည် ဖရုသဝါစာ-မည်၏။ သီတာမိဖုယားကို ဆောင်ခြင်း စသော အကျိုးမရှိသောအနက်ကို သိစေတတ်သော ကာယဝဓီ ပယောဂကို ဖြစ်စေတတ်သော သံကိလိဋ္ဌစေတနာသည် သန္တပွလာပ-မည်၏။

{၃၂-ပါးသော တိရစ္ဆာန်ကသားကို သာယာနှစ်သက်၍ ပြောလျှင် ကံသာ မည်၏။ ကမ္မပထ မဖြောက်။ အကြောင်းအကျိုးပြ ဆုံးမခြင်းကို နှေးရှုပ်၍ ပြောလျှင်ကား-အကျိုးပင် ရှိနိုင်သည်။} (၎)

● မုသာဝါဒါ-၌ မုသာနှင့် ဝါဒ-အရ အဘပါဠိတော်ထုတ်ပါသနည်း။

၉၄၃-ဖြေ။ ။မဟုတ်မမှန်သော ဝတ္ထုသည် မုသာ-မည်၏။ ထို မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သော အားဖြင့် ပြောဆိုခြင်းသည် ဝါဒ-မည်၏။ ဤသို့ ထုတ်ပါသည်။ {မုသာ-အရ, ဝါဒ-အရ ဆိုလျှင် ဤအကိုင်းကောက်။ မုသာဝါဒအရ ဆိုလျှင် ဝိညတ္တိသမုဋ္ဌာပကစေတနာကိုကောက်။}

† မုသာဘိ အဘူတံ ဝတ္ထု၊ တံ တဿ ဇနဿ ဇနေန္တီ ဗောဓေန္တီတိ မုသာဝါဒေါ။ (၎)

† မုသာဘိ အဘူတံ အတစ္ဆံ ဝတ္ထု၊ ဝါဒေါတိ တဿ ဘူတဇနော တစ္ဆတော ဝိညာပနံ။(သီလက္ခန်ဓ အဋ္ဌကထာ သာရတ္ထဒီပနီ တော)

● မိဘ, ဆရာသမားတို့သည် သား,သမီး တပည့်တို့အား ကဲ့ရဲ့ဆဲကြိမ်းမောင်းခြင်းသည် ဖရုသဝါစာ ဖြစ်, မဖြစ် ဖြေဆိုခဲ့ပါ။

၉၄၄-ဖြေ။ ။အပြောအဆို နူးညံ့သိမ်မွေ့ခြင်းကြောင့် ဖရုသဝါစာ မဖြင့်ပါ။ အတွင်းစိတ်ဓာတ် နူးညံ့သိမ်မွေ့ခြင်းကြောင့် ဖရုသဝါစာ ဖြင့်ပါ။

† ဧဝံ မမ္မစ္ဆေဒကောဝိ ပယောဂဂါဠှသဏှဘာဝေ ဖရုသဝါစာ နုပလဗ္ဘတိ။ (အဋ္ဌသာလိနီ)

† နဟိ စိဏ္ဏသဏှတာယ သတိ ဖရုသဝါစာနာမ ဥပလဗ္ဘတိ။ (၎)

{ဆဲရေးလိုသော သဘောဖြင့် သူတပါးကို ကျိန်ဆဲချော်လွဲသွဲပွလာပ ကမ္မပထ မြောက်သည်ဟု ဆိုကြ၏။ ပုဂ္ဂိုလ်

တယောက်ကို မျက်မှောက်ဆဲမှကံမြောက်သည်ဟု ဧကစိဆရာ
များဆိုကြသည်။မျက်ကွယ်ဆဲလည်းကံမြောက်သည်ဟု အပရေ
ဆရာများ ဆိုကြသည်။ အဝေးမှာနေသောသူ, သေသောသူ
များအား ကန်တော့ခြင်းကံမြောက်သလို၊ ဆဲရေးခြင်းကံလည်း
မြောက်သည်ဟု ဒီဃမဇ္ဈိမ နိကာယ် ဋီကာဆရာများ အလို
ရှိကြသည်။}

● ဤသူကို ချမ်းသာစွာအိပ်ပါစေ-ဟု ချိုသာစွာပြော၍ ကြိုးမိန့်ကို
ချသော တရားသူကြီးအား ဖရုသဝါစာ ဖြစ်, မဖြစ် စီစစ်ခဲ့ပါ။
၉၄၅-ဖြေ။ ။နှုတ်ထွက်ပင် သာယာချိုမြသော်လည်း အတွင်း
စိတ်ဓာတ် ကြမ်းတန်းသောကြောင့် ဖရုသဝါစာ ဖြစ်ပါသည်။
{အကြင်သူတယောက်ကို ရည်ရွယ်၍ ဖရုသဝါစာကို ပြော
ဆိုအံ့။ ထိုသူ၏ဂုဏ် အကြီး အငယ်ကိုလိုက်၍ အပြစ် အကြီး
အငယ်ကို သိပါ။ ဝစီကံ့လေးပါးကား-ဤ ကာယ, ဝစီ ၂-ဌါရ
တို့၌ပင် ဖြစ်သည်။}

† စိတ္တဖရုသတာယ ပနေသာ ဖရုသဝါစာဝ။ (အဋ္ဌသာလိနီ)

● အဘိဇ္ဈာ စသော မနောကံသုံးပါး၏ အဓိပ္ပာယ်ကို အသီးသီး
ဖေဖော်ပြပါ။
၉၄၆-ဖြေ။ ။သူတပါး၏ စည်းစိမ်ကို ရွှေရွှေလောဘ၏ အစွမ်းဖြင့်
ကြိုတင်သောကြောင့် အဘိဇ္ဈာ - မည်ပါသည်။ လက္ခဏာအားဖြင့်
ဤဥစ္စာသည် ငါ့ဥစ္စာဖြစ်လျှင် ကောင်းလေစ-ဟု သူတပါး၏ ဘဏ္ဍာကို
ရွှေရွှေကြိုခြင်း လက္ခဏာရှိ၏။ စီးပွားချမ်းသာ ပျက်စီးကြောင်း, စီးပွား
ချမ်းသာကို ဖျက်ဆီးကြောင်း ဖြစ်သောကြောင့် ဗျာပါဒ-မည်ပါသည်။
လက္ခဏာအားဖြင့် သူတပါး ပျက်စီးစေခြင်းငှာ စိတ် ပြစ် မှား ခြင်း
လက္ခဏာရှိ၏။ ဖောက်ပြန်သောအားဖြင့် (ရှုတတ်) မြင်တတ်သော
ကြောင့် မိစ္ဆာဒိဋ္ဌိ-မည်ပါသည်။ လက္ခဏာအားဖြင့် အလှူ၏ အကျိုး
သည်မရှိ စသည်ဖြင့် ဖောက်ပြန်သောအားဖြင့် မြင်ခြင်းလက္ခဏာရှိ၏။
(ဋီ-အဋ္ဌသာလိနီ)

● ဝစီကံ,မနောကံကို ကမ္မပထမြောက်,မမြောက်သောလွန်ကျူး
ပုံများကို အသီးသီးညွှန်ကြားပါ။

၉၄၇-ဖြေ။ ။သူတပါးအကျိုး ပျက်စီးအောင် ပြောသော မုသာ ဝါဒသာ ကမ္မပထ (အပါယ်လံ်းခြင်း၏ အကြောင်းကံ)မြောက်သည်။ သူတပါးအကျိုးစီးပွါးမပျက်စီးသောမုသာဝါဒသည်ကမ္မပထမမြောက်ကံသာ မည်သည်။ (အပါယ်လေးပါး၌ ပဋိသန္ဓေကို ပေးတတ်သော မုသာဝါဒစသည်သည် ကမ္မပထ-မည်၏။။မပေးတတ်သော မုသာဝါဒစသည်သည် ကံသာမည်၏။။ကမ္မပထ မ-မည်ဟူလို)။ ။သူနှစ်ယောက် အချစ်ပျက်သော ဝိသုဏ္ဏာဝါစာသည် ကမ္မပထ မြောက်သည်။ အချစ်မပျက်က ကမ္မပထမမြောက် ကံသာမည်၏။။ ။စင်စစ်ကြမ်းတမ်းသော ဖရုသဝါစာသည်သာ ကမ္မပထမြောက်သည်။စေတနာမကြမ်းဘဲ နူးတ်ကြမ်းရုံကား-ကမ္မပထ မမြောက် ကံသာမည်၏။။ ။သီတာ မိဖုရားကို ဆောင်ခြင်း စသော အကျိုးမဲ့သော သမ္ဖပ္ပလာပ စကားကို သူတပါးယုံကြည် သက်ဝင်သော်သာ ကမ္မပထ မြောက်သည်။ မယုံကြည်-ထိုစကားကို မယူ-မလိုက်နာက ကမ္မပထ မမြောက် ကံသာမည်၏။။ ။ သူဘပါး၏ဥစ္စာကို မိမိသို့သွတ်စေသော အဘိဇ္ဈာသည်သာလျှင် ကမ္မပထမြောက်သည်။လိုချင်ကာမတ္တကား-ကမ္မပထမမြောက်။(ဤပစ္စည်းကလေး ခဏသုံးရလျှင်ကောင်းမှာဘဲ၊ဇတောင်းခြင်းမျိုးရလျှင်ကောင်းမှာဘဲ။ ဤပစ္စည်းနှင့် အလားတူ ပစ္စည်းကိုရလျှင် ကောင်းမှာဘဲဟု သာယာမှု ဖြစ်ရုံမျှကား - ကမ္မပထ မမြောက် ဟူလို)။ ။ဤ သဘ္ဘဝါ ပျက်စီးလျှင် ကောင်းလေစွ-ဟု စိတ်ပြစ်မှားသော ဗျာပါဒသည်သာ ကမ္မပထ မြောက်သည်၊ သာမန် အမျက် ထွက်ရုံမျှ ဖြင့် ကမ္မပထ မမြောက်။ ။နတ္ထိကဒိဋ္ဌိ စသော ဒိဋ္ဌိအမြဲ သုံးပါး သည်သာ ကမ္မပထ မြောက်သည်။သက္ကာယဒိဋ္ဌိ စသည်တို့ကား-ကမ္မပထ မမြောက်။ (၌)

{အရိဋ္ဌရဟန်း, ကဏ္ဍက သာမဏေတို့၏ အယူကား-ကမ္မပထမြောက်သည်ဟု ဆိုကြသည်။ }

● ရယ်ရွှင်လျက် ဤသင်္ဘာဝါသေကြေ ပျက်စီးသွားလျှင် ကောင်းမှာဘဲဟု ပြောဆိုသောသူကား-အဘယ်စိတ်ဖြစ်၍၊ အဘယ်ကံ မြောက်မည်နည်း။

၉၄၀-ဖြေ။ ။ဒေါသစိတ်ဖြစ်၍ ဗျာဒါဒ မနောကံ မြောက်ပါသည်။

† တထာ ဖရုသဝါစာ ဗျာပါဒေသုပိ ယထာရဟံ ဒဋ္ဌဗ္ဗံ။ (ဋီ)

● အကြိုယဒိဋ္ဌ, နတ္ထိကဒိဋ္ဌ, အဟေတုက ဒိဋ္ဌ-တို့၏ အဓိပ္ပာယ်ကို အသီးသီး ဖော်ပြပါ။

၉၄၉-ဖြေ။ ။ပူရဏာ ကဿပကဲ့သို့ အကြောင်းကို ပယ်သော ဒိဋ္ဌိသည် အကြိုယဒိဋ္ဌ၊ အဇိတကဲ့သို့ အကျိုးကိုပယ်သောဒိဋ္ဌသည် နတ္ထိက ဒိဋ္ဌ၊ မက္ခလိဂေါသာလကဲ့သို့ အကြောင်းအကျိုးကိုပယ်သောဒိဋ္ဌိသည် အဟေတုက ဒိဋ္ဌ-မည်ပါသည်။

* အကြောင်းအကြိ, ကျိုးနတ္ထိ, ပယ်ဘိန္နစ်ခု-အဟေတု။ (သစ်)

● အကုသိုလ် မနောကံ သုံးပါးသည် ကာယဒွါရ, ဝစီဒွါရဘို့ဦး ဖြစ်သောအခါ၊ ထိုအကုသိုလ် မနောကံသုံးပါးနှင့် အတူတကွ ဖြစ်သော စေတနာကို ကာယကံ, ဝစီကံ-ဟု ခေါ်မည် လော၊ မနောကံ-ဟု ခေါ်မည်လော ဥဒ်းလင်းခဲ့ပါ။

၉၅၀-ဖြေ။ ။ကာယဒွါရ, ဝစီဒွါရဘို့ဦး ဖြစ်စေ အပ်သော်လည်း စေတနာသည်မပြဋ္ဌာန်း၊ အဇ္ဈောဟာရိကမျှသာဖြစ်၍ ကာယကံ, ဝစ်ကံ ဟု မခေါ်နိုင်ပါ။ အဘိဓ္မာ, ဗျာပါဒ, မိဆ္ဆာဒိဋ္ဌိတို့သာ ပြဋ္ဌာန်းသဖြင့် ထိုစေတနာကို မနောကံဦး ဆည့်သွင်း၍ မနောကံ-ဟုသာ ခေါ်ဆိုရပါမည်။

† စေတနာပနေတ္ထ အဇ္ဈောဟာရိကာတိ ကာယဒွါရေ, ဝစီဒွါရေစ သမုဋ္ဌာတာပိ ကာယကမ္မံ ဝစီကမ္မန္တိစ ဝေါဟာရံ န လဘတိ။ အဘိဓ္မာဒိပဋ္ဌာနတ္တာ။ (မူလဋီကာ)

● အကုသိုလ် မနောကံ သုံးပါးသည် မနောဒွါရ၌ ဖြစ်သောအခါ ထို အကုသိုလ်မနောကံ သုံးပါးနှင့် အတူတကွ ဖြစ်သော

စေတနာကို အကုသိုလ် မနောကံသုံးပါး၏ အပင်းအသင်း ဖြစ်၍ မနောကံ ခေါ်ပါသလော။

၉၅၁-ဖြေ။ ။မဟုတ်ပါ၊ သဘောအားဖြင့်သာ မနောကံ မည်၍ မနောကံခေါ်ဆိုရပါသည်။အဘိဇ္ဈာ အစရှိသော အကုသိုလ်မနောကံ သုံးပါးဟို၏ အသင်းအပင်း ဖြစ်သောကြောင့် ခေါ်ဆိုခြင်း မဟုတ်ပါ။

† သဘာဝေနေဝ သာ မနောကမ္မံ၊ နအဘိဇ္ဈာဒိပက္ခိကဘာတိ အဘိဇ္ဈာဒိ ပက္ခိကာဝါတိ နဝုတ္တံ။ (မူလဋီကာ)

● လောကုတ္တရာ ကုသိုလ်ကို မနောဒွါရ-အရ အဘယ့် ကြောင့် မယူရပါသနည်း။

၉၅၂-ဖြေ။ ။လောကုတ္တရာကုသိုလ်သည် ကံဘပါး၏ကုန်ခြင်းကို ပြုတတ်သောကြောင့် ထို လောကုတ္တရာ ကုသိုလ်ကို မနောဒွါရ-အရ မယူရပါ။ တေဘုမ္မက ကုသိုလ်,အကုသိုလ်ကိုသာ ယူရပါသည်။ ဤဦ ကား-အကုသိုလ်အရာဖြစ်၍ အကုသိုလ် ဒွါဒသကိုသာ ယူ။

{ဝစီဝိညတ်ရုပ်သည် ဝစီဒွါရ မည်၏ဟု မှတ်ပကိဏ်းပိုင်း,ဘုံပိုင်း လာ ကာယဒွါရ,မနောဒွါရ နှစ်ပါးအထူးကို ပကိဏ်းပိုင်းက ဖြေခဲ့ပြီ။}

† တေဘူမကမေဝ ဂဟဏံ၊ လောကုတ္တရ ကမ္မဿ ကမ္မက္ခယ ကရတ္တာ။ (မူလဋီကာ)

● ကာယကံ, ဝစီကံ, မနောကံဘို၏ ဖြစ်နိုင်သမျှသောဒွါရ, မဖြင်နိုင်သော ဒွါရများကို ခွဲခြမ်းဝေဖန်ပြပါ။

၉၅၃-ဖြေ။ ။အကုသိုလ် ကာယကံသည် ကာယဒွါရ, ဝစီဒွါရ ၂-ဒွါရ၌ ဖြစ်၏။ မနောဒွါရ၌ မဖြစ်။ အကုသိုလ်ဝစီကံသည် ဝစီဒွါရ, ကာယဒွါရ ၂-ဒွါရ၌ ဖြစ်၏။ မနောဒွါရ၌ မဖြစ်။ အကုသိုလ်မနောကံ သည် ဒွါရသုံးပါးလုံးမှာပင်ဖြစ်ပါသည်။"အညတြာပိ ဝိညတ္တိယာ"၌ အပိ-သဒ္ဒါဖြင့် ကာယဒွါရ,ဝစီဒွါရမှာလည်း ဖြစ်နိုင်သည်ဟု ပြသည်။ ကုသိုလ် ကာယကံ,ဝစီကံ,မနောကံတို့မှာလည်း ထို့အတူပင်သိပါ။)

† အကုသလဉ္ဍိ ကာယကမ္မံ ကာယဝစီဒွါရေသု သမုဋ္ဌာတိ နမနောဒွါရေ၊ တထာ အကုသလံ ဝစီကမ္မံ၊ အကုသလံ မနောကမ္မံ ပန ကိသုပိ ဒွါရေသု သမုဋ္ဌာတိ။ (အဋ္ဌသာလိနီ)

● မင်းတို့သည် ရယ်မြူးကုန်လျက် သူ့အသက်သတ်ခြင်းကိုစေခိုင်းသောကြောင့် ပါဏာတိပါတကံသည် လောဘမူသောမနသောကြောင့်လည်း ဖြစ်သည် မဟုတ်ပါလော။

၉၅၄-ဖြေ။ ။မဟုတ်ပါ၊ မင်းကိုသည် ရယ်မြူးကုန်လျက် သူ့အသက်သတ်ခြင်းကို စေခိုင်းသော်လည်း ဒေါသစိတ်ဖြင့်သာ စေခိုင်းသောကြောင့် ပါဏာတိပါတကံသည် လောဘမူသောမနသောကြောင့်မဖြစ်၊ အမှန်မှာ ဒေါသကြောင့်ပင် ဖြစ်ပါသည်။

† ဟသမာနာဝိ ဟိ ရာဇာနော ဒေါသစိတ္တေနေဝ ပါဏဝဓံ အာဏာပေန္တိ။ (၄)

● သမ္မာအယူရှိသော သူတယောက်နှင့် စိတ်ဆိုး၍ ထိုသူယူသောအယူကို မယူလိုဘဲ၊ မိန်းမာအယူတခုသို့ ပြောင်းသွားသောသူအား အဘယ် မူလကြောင့် အဘယ်ကံ မြောက်ပါသနည်း၊ အကြောင်းနှင့်တကွ ဖေဝ်ပြပါ။

၉၅၅-ဖြေ။ ။စိတ်ဆိုးခြင်း ဒေါသမှာ ရှေးဦးမဆွကဖြစ်၍၊ မိန်းမာအယူသို့ ပြောင်းလိုသော သူသည် ထိုမိန်းမာအယူ၌ ယူလိုမှု လောဘ ပြဋ္ဌာန်းသည်ဖြစ်၍ မြမြိုစွာ စွဲလမ်းမှု ဖြစ်ခြင်းကြောင့် လောဘမူလကြောင့်သာ မိန်းမာဒိဋ္ဌိကံ မြောက်ပါသည်။ (ကံ့မြောက်သော မိန်းမာဒိဋ္ဌိအယူမျိုး ယူသူကို ဆိုလိုသည်။)

† မိန်းမာဒဿနဿ အဘိနိဝိသိတမ္ပဝတ္ထု။သု လောဘပုဗ္ဗင်္ဂမမေဝ အဘိနိဝိသနတော အာဟ မိန်းမာဒိဋ္ဌိစ လောဘမူလေနာတိ။

(၄)

● ကြက်တကောင်ကို စားလို၍ ရိုက်သတ်သောသူသည် အဘယ်မူလကြောင့် အဘယ်ကံမြောက်မည်နည်း အကြောင်းနှင့်တကွ ဖေဝ်ပြပါ။

၉၅၆-ဖြေ။ ။စားလိုခြင်းဖြစ်သည်ကား-ရှေးဦးမဆွကဖြစ်၍ ရိုက်သတ်သောအခါမှာကား-ဒေါသစိတ်နှင့်သာသတ်ခြင်းကြောင့် ဒေါသ

မူလကြောင့် ပါဏာတိပါတကံသာ မြောက်ပါသည်။ လောဘမူလ ကြောင့် ပါဏာတိပါတကံ မြောက်ခြင်း မဟုတ်ပါ။

{"ဒေါသ သခ်ါတ မူလေန ဒေါသမူလက စိတ္တေန ဝါ ဇာယန္တိ" ဟူသော ဦ-နှင့်အညီ ဒေါသမူလကြောင့် ဒေါသ မူလနှင့်ယှဉ်သောစိတ်ကြောင့်၊ လောဘမူလကြောင့် လောဘ မူလနှင့် ယှဉ်သော စိတ်ကြောင့် ထိုကံများဖြစ်ပုံကို နှစ်မျိုးခွဲ၍ သိပါ။}

● အဒိန္ဒာဒါန-စသော ကံလေးပါးတို့ မူလ ၂-ပါးကြောင့် ဖြစ်ပုံ ကို အဘယ်သို့ မှတ်ရမည်နည်း။

၉၅၇-ဖြေ။ ။အလိုရှိအပ်သောဝတ္ထု, အလိုမရှိအပ်သောဝတ္ထုကို မိမိနှင့်တကွ ဆွေးမျိုးတို့ကိုစောင့်ရှောက်သုံးစားဘို့ ရည်ရွယ်၍ခိုးသော အခါ လောဘမူလကြောင့် အဒိန္ဒာဒါန်ဖြစ်ပါသည်။ထိုဝတ္ထုကိုရန်စလို ရန်ပွားလို၍ ခိုးသောအခါ ဒေါသမူလကြောင့် အဒိန္ဒာဒါန် ဖြစ်ပါ သည်။

{ဤအတူ မုသာဝါဒ,ပိသုဏဝါစာ, သမ္ဖပ္ပလာပတို့၌ မူလ ၂-ပါးကြောင့် ဖြစ်ပုံကိုထိုက်သည်အားလျော်စွာ သိပါ။} (ဦ)

● လောဘ,ဒေါသမူလကြောင့်ဖြစ်သော ကံများကိုသာ အနုရုဒ္ဓါ ဆရာပြ၍ မောဟမူလသက်သက်ကြောင့် ဖြစ်သော ကံများကို မပြသောကြောင့် မောဟမူလ သက်သက်ကြောင့် ကံများမဖြစ် နိုင်ဟု မှတ်ရမည်လော။

၉၅၈-ဖြေ။ ။မမှတ်ရပါ၊ကံ, ကံ၏အကျိုးတို့၌ ယုံမှားခြင်းရှိသော သူတို့သည် ယုံမှားခြင်းစိတ်ဖြင့် သူဘပါးဥစ္စာကိုခိုးယူခြင်း စသည်တို့၌ မောဟမူလ သက်သက်ကြောင့် အဒိန္ဒာဒါန် စသော ကံများ ဖြစ်နိုင် ပါသေးသည်။

{မောဟမူလသက်သက်ကြောင့် ကံများဖြစ်မှုသည် ဝိဝိကိစ္ဆာ စေတနာသည် ပဋိသန္ဓေ အကျိုးပေးပုံကိုပြသော အနုရုဒ္ဓါ

ဆရာစကားနှင့် ညီညွတ်ပါသည်။ ဋီ-၌လည်း အကျယ် ရှင်းပြထားပြီ။ ဋီ-ပြချက်မှာ ဥပနိဿယ ဧမောဟသာ ဖြစ်သင့်၍၊ ပရမတ္ထဒီပနီဆရာ မနှစ်သက်။}

● အကုသလ ကမ္မပထတရားတို့၏ မူလကိုပြရာ၌ လောဘ,ဒေါသ ၂-ပါးကိုသာ ပြ၍၊ မောဟမူလကို အဘယ့်ကြောင့် မပြပါသနည်း။

၉၅၉-ဖြေ။ ။မောဟမူလကား-သဗ္ဗသာဓာရဏဖြစ်၍ အထူးပြမှုမရှိသောကြောင့် မပြပါ။

† မောဟော ပန သဗ္ဗသာဓာရဏတ္တာ ဝိသေသကရော နဟောတီတိ ဇာဓ နဂဟိတော။ (ပရမတ္ထဒီပနီ)

● အကုသလ ကမ္မပထ တရား ၁၀-ပါးကို ဓမ္မ, ကောဋ္ဌာသ, အာလမ္ဗဏ, ဝေဒနာ, မူလအားဖြင့် အသီးသီး ခွဲခြမ်းဝေဖန်ပြပါ။

၉၆၀-ဖြေ။ ။ဓမ္မ (တရားကိုယ်) အားဖြင့် ကာယကံ-၃၊ ဝစီကံ-၄၊ ပေါင်း ၇-ပါးသည် စေတနာဓမ္မ။ မနောကံ ၃-ပါးသည် စေတနာသမ္မာယုတ္တ စေတသိကဓမ္မ-ဖြစ်ပါသည်။ကောဋ္ဌာသအားဖြင့် အဘိဇ္ဈာ ဗျာပါဒ ၂-ပါးတို့သည် ကမ္မပထလည်းမည်ကုန်၏၊မူလလည်းမည်ကုန်၏။ ကြွင်း ၈-ပါးတို့ကား-ကမ္မပထသာ မည်ကုန်၏။

အာရုံအားဖြင့်—*ဖရုသ်ဗျာပါ, ဿတ္တဝါကို၊ပါဏာ ကာမ, ဒိဋ္ဌိကာ, သန်ါရကို၊ ကြွင်းထံငါး, ယင်းနှစ်ပါးကို။ ။ပြုပြင်းအာရုံအမှန်တည်း။ ''မိဆွာစောရော သတ္တာရုမ္မဏောတိဝိ ဧကေ။''

ဝေဒနာအားဖြင့်-*ပါဏာ-ဖရုသ, ဗျာပါဒသည်, ဒုက္ခနှင့် ယှဉ်၊ ကာမ ဘိဇ္ဈာ,ဒိဋ္ဌိမှာကား, သုခါမဇ္ဈ၊ ကြွင်း လေးဝ, တိကဝေဒနာ ယှဉ်သတည်း။

မူလ အားဖြင့် —*ဘိဇ္ဈာ - ဗျာပါ, မောဟသာရှိ၊ ကာမာဒိဋ္ဌိ, လောဧမော-ဒွိတည်း၊ ပါဏာတိပ,ဖရုသကား,

နှစ်ပါး ဒေါ-မော၊ ကြွင်းသော လေးဝ,လော ဘ-မောဟာ, ဒေါ-မော ဟာဟု, မူနှစ်ခု-ရှိအ အာမှန်တည်း။

(အဋ္ဌသာလိနီနှင့်အညီစိသော ဝိသုဒ္ဓါရုံ ဆောင်ပုဒ်)

{သင်္ဂြိဟ်ဋ္ဌကား-မဆက်ဆံသော အသာဓာရဏာ မူလဝိသေသ ကိုပြခြင်းငှာသာ "တတ္ထ ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါစ ဒေါသမူလေန ဇာယန္တိ" စသည်ကိုဆိုသည်။ အထက်က ပြခဲ့သောအဋ္ဌသာလိနီအလိုကား-သာဓာရဏာအားဖြင့်ပြသည် ဟုမှတ်။ ဤအကုသလ ကမ္မပထ တရားနှင့်စပ်၍ အင်္ဂါပယောဂ နှင့်တကွ အကျယ် ဝိနိစ္ဆယများကို ဤ၌ မပြသာပြီ၊ ပရမတ္ထ ဘာဇနီမှာသာ ရှုကြပါကုန်။}

● ဒုစရိုက် ၁၀-ပါးပြီ ပါဋိကို အနုရုဒ္ဓါဆရာပြု၍ သိရပြီ၊ သုစရိုက် ၁၀-ပါးပြီ ပါဋိကိုကား-အဘယ်သို့ သိရမည်နည်း။

၉၆၁-ဖြေ။ ။သုစရိုက် ၁၀ပါးပြီ ပါဋိကိုကား "ကာမာဝစရကုသလမ္မိ ကာယဒ္ဓါရေ ပဝတ္တံ ကာယကမ္မံ "လ" ကမ္မဒ္ဓါရ ဝသေန တိဝိဓံ ဟောတိ" ဟူသော သင်္ဂဟပါဋ္ဌနှင့် "ပါဏာတိပါတာဒီဟိ ပန ဝိရတိယော အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိယောစာတိ ဇ္ဈမေဒသ ကုသလကမ္မပထာနာမ" အဋ္ဌသာလိနီ ပါဠိတို့ဖြင့် သိပါ။

{ပုညကြိယာဝတ္ထု၊ ၁၀-ပါးပြီ ဒါန,သီလ,ဘာဝနာပစာယန စသော ပါဋိကို သုစရိုက် (ကုသလ ကမ္မပထ) ၁၀-ပါးပြီ ပါဋိဟု အထင်မှားတတ်သည်။ အမှန်ကား-မဟုတ်ပေ။အထက်က ပြခဲ့သောပါဋိများသာ သုစရိုက် (ကုသလကမ္မပထ) ၁၀-ပါးပြီ ပါဋိများဖြစ်သည်ကို သတိပြုကြပါကုန်။ရေတွက်ရာ၌ ပါဏာတိပါတာ ဝိရတိ စသည်ဖြင့် ရေတွက်။ မနောကံမှာကား-ပါဋိအတိုင်း အနဘိဇ္ဈာ,အဗျာပါဒ,သမ္မာဒိဋ္ဌိ-ဟု ရေတွက်လေ။}

● ကာမာဝစရကုသိုလ်ကံသည် အာရုံ ၆-ပါးတို့၌ ကာယကံ, ဝစီကံ,မနောကံတို့၏အစွမ်းဖြင့်သာ ဖြစ်သည်မဟုတ်ပါလော၊

အဘယ့်ကြောင့် ဒါန, သီလ, ဘာဝနာ၏ အစွမ်းဖြင့် သုံးပါး ပြားရပြန်ပါသနည်း။

၉၆၂-ဖြေ။ ။ပုညကြိယဝတ္ထု ၁၀-ပါးကို သဘောတူရာ ပေါင်း ချုံးရေတွက်လျှင် ဒါန, သီလ, ဘာဝနာ သုံးပါးသော အမှတ်အသားဖြင့် ကိစ္စပြီးသောကြောင့် (သုံးပါးအတွင်း၌ဝင်သောကြောင့်) ဒါန, သီလ, ဘာဝနာ-ဟု သုံးပါး ပြားရပြန်ပါသည်။

● ပုညကြိယ ဝတ္ထု ၁၀-ပါးတွင် ဒါန, သီလ စသည်တို့၏ အဓိပ္ပာယ်ကို အသီးသီး ဖော်ပြပါ။

၉၆၃-ဖြေ။ ။ဒါနဝတ္ထုကို ပေးလှူကြောင်းဖြစ်သောကြောင့် ဒါန-မည်ပါသည်။ ကာယကံ, ဝစီကံတို့ကို ကောင်းစွာ ထားတတ်သော ကြောင့်၎င်း, ကုသိုလ်ဓမ္မတို့ကို ကပ်၍ ဆောင်တတ် သောကြောင့်၎င်း သီလ-မည်ပါသည်။ ကုသိုလ်တရားတို့ကို ပွားစေကြောင်း ဖြစ်သော ကြောင့် ဘာဝနာ-မည်ပါသည်။ပူဇော်ခြင်း၏အစွမ်းဖြင့် အရိုအသေပြု ကြောင်းဖြစ်သောကြောင့် အပစာယန-မည်ပါသည်။ ဆိုထိုအမှုကိစ္စကို ပြုခြင်း၌ အားထုတ်ကြိုးပမ်းသောသူ၏အဖြစ်သည် ဝေယျာဝစ္စ-မည်ပါ သည်။ မိမိသန္တာန်၌ဖြစ်သော ကုသိုလ်အဘိဘာဝကို သူတပါးတို့အား ပေးဝေကြောင်း ဖြစ်သောကြောင့် ပတ္တိဒါန-မည်ပါသည်။ (ကုသိုလ် အဘိုဆိုသော်လည်း ကုသိုလ်ဟုသာမှတ်)သူတပါး၏ကုသိုလ်အဘို့ကို ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် ပတ္တာနုမောဒန-မည်ပါသည်။ ဘရားကို နာကြောင်းဖြစ်သောကြောင့် ဓမ္မသဝန-မည်ပါသည်။တရား ကို ဟောကြောင်းဖြစ်သောကြောင့် ဓမ္မဒေသနာ-မည်ပါသည်။ သမ္မာ အယူကို ဖြောင့်မှန်စွာပြုခြင်းသည် ဒိဋ္ဌုကမ္မ-မည်ပါသည်။ (၌)

{သက္ကာယဒိဋ္ဌိ မကင်းသေးသော်လည်း ဒိဋ္ဌိကြီး ၃-ပါးကို မယူဘဲ ကံ, ကံ၏ဒဏ်ကိုယုံကြည်တတ်သော ကမ္မဿကတာ ဉာဏ်ဖြစ်လျှင် ဒိဋ္ဌုကမ္မဖြစ်ပြီဟုမှတ်၊ ကမ္မဿကတာဉာဏ်ကို ဒိဋ္ဌုကမ္မ ခေါ် သော်လည်း ကုသိုလ် အရာဖြစ်၍ ကုသိုလ် စေတနာကိုသာ အဝိနာဘာဝနည်းအားဖြင့် ကောက်ယူလေ၊

"ကမ္မံ သကံ ယေသံ တေတိ ကမ္မဿကာ၊ ကမ္မဿကာနံ ဘာဝေါ ကမ္မဿကတာ၊ ကမ္မဿကတာယ ဉာဏံ ကမ္မဿကတာဉာဏံ"ဟု ဝစနတ္ထပြါ။}

---

❹ ထိုဒါန စသော ပုညကြိယာဝတ္ထု ၁၀-ပါး ဘို၏ တရားကိုယ် အသီးသီးကောက်ပြပါ။

၉၆၄-ဖြေ။ ။အကျဉ်းအားဖြင့် စေတနာဓမ္မများသာ ဖြစ်ပါသည်။ အကျယ်အားဖြင့်ကား-အနုသယနှင့်တကွဖြစ်သော ခန္ဓာအဋ္ဌဂ်ရှိသော ပုဂ္ဂိုလ်၏ သူတပါးတို့အားပူဇော်ချီးမြှောက်ခြင်းကိုအလိုရှိသဖြင့် မိမိ၏ ထင်ရှားရှိသောဝတ္ထုကို ပေးကမ်းဖွန့်ကြဲသည်၏ အစွမ်းဖြင့် ဖြစ်သော စေတနာသည် ဒါန-မည်၏။ နိစ္စသီလ စသည်တို့၏အစွမ်းဖြင့် ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလတို့ကိုဆောက်တည်သောသူစောင့်ရှောက်သော သူအံ့ဩခြင်း၊ မဆောက်တည်သော်လည်း ရောက်လာသောကာယဝစီဒုစရိုက်တို့မှရှောင်ကြဉ်သောသူအံ့ဩခြင်း၊သာမဏေပြုသောသူ, ရဟန်းအဖြစ်ကို ခံယူသောသူအံ့ဩခြင်း၊ စတုပါရိသုဒ္ဓိသီလကို စောင့်ရှောက်သောသူအံ့ဩခြင်း ဖြစ်သော စေတနာသည် သီလ-မည်၏။ (ဘာဝနာအရကို သီးခြား ဖြေထားသည်။) ဂုဏဝုဒ္ဓိ, ဝယဝုဒ္ဓိ ဖြစ်ကုန်သောသူတို့အား လာဘ်လာဘကို မငဲ့သော သမ္မာဆန္ဒဖြင့် ခရီးဦးကြိုဆိုခြင်း, နေရာကို ရှေ့ရှုဆောင်၍ ခင်းပေးခြင်း စသော အမှုကိုပြုသဖြင့် များစွာမြှင်နိုးခြင်းကိုပြုကြောင်းဖြစ်သောစေတနာသည် အပစာယန-မည်၏။ လာဘ်လာဘ မငဲ့သော သမ္မာဆန္ဒဖြင့် ထို ဂုဏဝုဒ္ဓိ, ဝယဝုဒ္ဓိပုဂ္ဂိုလ်, ဂိလာနပုဂ္ဂိုလ်တို့၏ ထိုထိုသောက်ရေ ခပ်ပေးခြင်း, အဝတ်လျှော်ပေးခြင်းစသောအမှုကိုပြုကြောင်းဖြစ်သောစေတနာသည် ဝေယျာဝစ္စ-မည်၏။မိမိ၏သန္တာန်၌ဖြစ်သော ကောင်းမှု၏ သူတပါးတို့နှင့်ဆက်ဆံမှုကို ဘောင့်တသော စေတနာသည် ပတ္တိဒါန-မည်၏။ သူတပါးတို့သည် ပေးအပ် မပေးအပ်သော ကောင်းမှုကို ဝန်တိုခြင်း အညစ်အကြေးမှကင်းသောစိတ်ဖြင့် အဖန်တလဲလဲ ဝမ်းမြောက်ကြောင်းဖြစ်သော စေတနာသည် ပတ္တာနုမောဒန-မည်၏။ ဤတရားကိုနာ၍ထိုတရားတော်၌ ဟောတော်မူသောနည်းဖြင့် ကျင့်လျှင် လောကီ-လောကုတ္တရာအကျိုး

ထူး၍ များသောအကြားအမြင်ရှိပြီး သူတပါးတို့အား တရားဟောခြင်း စသည်ဖြင့် ချီးမြှောက်အံ့ဟု မိမိ သူတပါးတို့၏အစီးအပွားကိုပြီးစေခြင်း အစွမ်းဖြင့်ဖြစ်သော ညစ်ညူးခြင်းမရှိသော မြတ်သောအလိုဖြင့် အစီး အပွားကို ညွှန်ပြ ရည်မှတ်၍ တရားကို နာကြောင်းဖြစ်သော စေတနာ သည် ဓမ္မသဝန-မည်၏။ လာဘ်ပူဇော် သက္ကာ စသည်ကိုမငဲ့ဘဲ အသင့် နှလုံးသွင်းသောပုဂ္ဂိုလ်၏အစီးအပွားရှိသည်ကိုညွှန်ပြရည်မှတ်၍တရား ကို ဟောကြောင်းဖြစ်သောစေတနာသည် ဓမ္မဒေသနာ-မည်၏။ အလှူ ၏အကျိုးသည်ရှိ၏ စသောနည်းဖြင့် မြတ်သော သမ္မာအမြင်၏ အစွမ်း ဖြင့် သမ္မာအယူကို ဖြောင့်စွာပြုခြင်း၊ ဝါ-ဖြောင့်စွာပြုကြောင်းဖြစ်သော စေတနာသည် ဒိဋ္ဌုကမ္မ-မည်၏။ (၄)

{ဗဟုသုတလိုသူများအတွက် စုံလင်အောင် ဋီကာကျယ် ကျယ်ရေးလိုက်သည်။ ရှည်လွန်းသည်ဟုမငြီးငွေ့အပြစ်မပြုရာ။}

❁ အပစာယန စသော ပုညကြိယဝတ္ထု ၇-ပါးကို ဒါန, သီလ, ဘာဝနာ, ပုညကြိယဝတ္ထု ၃-ပါးဌ အသီးသီးအကြောင်းပြ၍ သွင်းခဲ့ပါ။

၉၆၅-ဖြေ။ ။ဒါနနှင့်ဆန့်ကျင်ဘက်သဘောချင်းတူသောကြောင့် ပတ္တိဒါန,ပတ္တာနုမောဒန ၂-ပါးကို ဒါနဌ ထည့်သွင်းရပါမည်၊ (ဒါန လည်း ဇာသာ, မဏ္ဍူရဘို၏ ဆန့်ကျင်ဘက်၊ ဂင်းတို့လည်း ဇာသာ, မဏ္ဍူရဘို၏ဆန့်ကျင်ဘက်၊ဤသို့ ဆန့်ကျင်ဘက်ချင်းတူသည် ဟူလို။) စာရိတ္တသီလမျိုး ဖြစ်သောကြောင့် အပစာယန, ဝေယျာဝစ္စ ၂-ပါးကို သီလဌ ထည့်သွင်းရပါမည်။ ကုသိုလ်တရားတို့ကို ပွားစေခြင်းကြောင့် ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌုကမ္မသုံးပါးကို ဘာဝနာဌ ထည့်သွင်းရ ပါမည်။ (ဤကား-ဆရာဓမ္မပါလ အလို။) ဓမ္မသဝန, ဓမ္မဒေသနာတို့ သည် ပဋိဝေဓကိုဆောင်နိုင်သောကြောင့် ဓမ္မသဝန,ဓမ္မဒေသနာတို့ကို ဘာဝနာဌ သွင်းယူရမည်။ (အပရေဆရာတို့အလို) တနည်း-ဓမ္မဒါန သဘောရှိသောကြောင့် ဓမ္မဒေသနာကို ဒါနဌသွင်းရမည်။ "ဒိဋ္ဌုကမ္မံ သဗ္ဗသံ နိယမ လက္ခဏံ" ဟု ဒီဃနိကာယ အဋ္ဌကထာဌ ဆိုသော ကြောင့် ဒိဋ္ဌုကမ္မသည်အလုံးစုံသော ပုညကြိယဝတ္ထု၏မှတ်ကြောင်း

လက္ခဏာဖြစ်သောကြောင့် အလုံးစုံသော ပုညကြိယဝတ္ထုဉ် သွင်းယူ သင့်ပါသည်။

{အဘယ် ပုညကြိယကိုပြုပြု အယူဖြောင့်မှန် စင်ကြယ်မှ အကျိုးကြီးသည်။ ဤကား-အလုံးစုံသော ပုညကြိယဝတ္ထုတို့၏ မှတ်ကြောင်း ဖြစ်ပုံတည်း။ ဤသို့ ဒါန, သီလ, ဘာဝနာ သုံးပါးဉ် ကြွင်းပုညကြိယဝတ္ထုတို့ကို ထည့်သွင်း၍ယူရသော် ပုညကြိယ ဝတ္ထုသည် အကျဉ်းအားဖြင့် သုံးပါးသာရှိသည်ဟူလို။}

† ဘံ သဘာဝတ္တာ၊ ဒါနမ္ပိ ဟိ ဗ္ဗဿာမ စ္ဆေ ရာနံ ပဋိပက္ခံ၊ ဧတေပိ။ စာရိတ္တ သီလဘာဝတော၊ ကုသလဓမ္မာ သေဝနဘော။ (ဋီ)

● ပုဗ္ဗ, မုဉ္ဇ, အပရ စေတနာ သုံးပါးတွင် အဘယ်စေတနာကို ဒါန-ဟု ဆိုရမည်နည်း။

၉၆၆-ဖြေ။ ။ထိုသုံးပါးတွင် လူဆဲခဏဉ်ဖြစ်သော မုဉ္ဇ စေတနာ ကိုသာ ဒါန-ဟု ဆိုရပါမည်။ သို့သော် မလူခီ ရှေးအဘို့ဉ် ဒါနဝတ္ထုကို ရှာမှီးသည်၏အစွမ်းဖြင့်ဖြစ်သောပုဗ္ဗစေတနာကို၎င်း, လူပြီးသောအလူ ဝတ္ထုကို ဝမ်းမြောက်သောစိတ်ဖြင့် အဖန်တလဲလဲ အောက်မေ့သည်၏ အစွမ်းဖြင့်ဖြစ်သော အပရစေတနာကို၎င်းဒါနဉ်သွင်းယူ၍ ထိုစေတနာ ၂-ပါးကိုလည်း ဒါန-ဟူ၍ပင် ဆိုရပါမည်။

† ဒါနဝတ္ထု ပရိယေသနဝသေန ဒိန္နဿ သောမနဿ စိတ္တေန အနုဿရဏဝသေန စ ပဝတ္တာ ပုဗ္ဗပစ္ဆာဘာဂ စေတနာ ဧတ္ထေဝ သမောဓာနံ ဂစ္ဆန္တိ။ (ဋီ)

● ရူပါရုံတခုကို အစွဲပြု၍ ဒါနမယ, သီလမယ, ဘာဝနာမယ ကုသိုလ်ဖြစ်ပုံကို ခွဲခြားပြပါ။

၉၇၆-ဖြေ။ ။အကြင်အခါဉ် ငါသည် ဝဏ္ဏဒါနကို ဖြစ်စေအံ့-ဟု အဆင်းနှင့်ပြည့်စုံသောပန်းကိုရ၍ ရတနာသုံးပါးအား လူဒါန်း ပူဇော်၏။ ကိုအခါ ဒါနမယကုသိုလ် ဖြစ်ပါသည်။ ။အကြင်အခါဉ် အလူပေး ခြင်းသည် ငါတို့ အမျိုးအနွယ်၏ ကျင့်ဝတ် တည်းဟု နှလုံးသွင်း၍ ထို အဆင်းနှင့်ပြည့်စုံသော ပန်း စသည်ကိုရ၍ ရတနာသုံးပါးအားလူ ဒါန်း

ပူဇော်၏။ ထိုအခါ သီလမယကုသိုလ် ဖြစ်ပါသည်။ ။အကြင်အခါ၌ထို အဆင်းနှင့်ပြည်ငုံသောပန်းကိုရ၍ ရတနာသုံးပါးအား ပူဇော်ပြီးသော အခါ ဤအဆင်းကား-ကုန်ခြင်း, ပျက်ခြင်းသို့ ရောက်လတ္တံ့-ဟု ခယ-ဝယသဘောကိုဖြစ်စေအံ့၊ ထိုအခါ ဘာဝနာမယကုသိုလ် ဖြစ်ပါသည်။ {ကြင်းသောအာရုံတို့နှင့်စပ်၍ ဒါနမယ, သီလမယ, ဘာဝနာမယဖြစ်ပုံ ကို သိလေ။} (အဋ္ဌသာလိနီ)

{ပန်းစသော ဒါနဝတ္ထုကို လူသော်လည်း အမျိုးတို့၏ ကျင့်ဝတ်ကို နှလုံးသွင်း၍လူသော စာရိတ္တသီလမျိုးဖြစ်၍ သီလမယ ကုသိုလ်မျိုးဟု ဆိုရသည်။}

† စာရိတ္တသီလတ္တာ သီလမယံ။ (မူလဋီကာ)

● ဒါနမယ ကုသိုလ်တခုကို ကာယကံ, ဝစီကံ, မနောကံ ကုသိုလ် သုံးမျိုးဖြစ်ပုံကို ဖော်ပြပါ။

၉၆၈-ဖြေ။ ။အကြင်အခါ၌ တစုံတခုသော လူဘွယ်ဝတ္ထုကို မိမိ ကိုယ်တိုင် မိမိလက်ဖြင် လူဒါန်းပူဇော်၏။ ထိုအခါ ကာယကံ ကုသိုလ် ဖြစ်ပါသည်။ အကြင်အခါ၌ သား-မယား, ဥန်, အမှုလုပ် စသည်တို့ အား လူဒါန်း ပူဇော်ခိုင်း၏။ ထိုအခါ ဝစီကံကုသိုလ် ဖြစ်ပါသည်။ အကြင်အခါ၌ ထင်ရှားရှိသော အလူဝတ္ထုကို အာရုံပြု၍ ဤအလူကို လူအံ့-ဟု ကြံစည်စိတ်ကူး၏။ ထိုအခါ မနောကံကုသိုလ် ဖြစ်ပါသည်။

{သီလမယ, ဘာဝနာမယတို့၌ ကံသုံးပါးဖြင့် ကုသိုလ်ဖြစ်ပုံ ကိုလည်း ဤနည်းအတိုင်းသိပါ။ နောင်အခါ၌ ကေန်လူလတ္တံ့ ဖြစ်၍ ထင်ရှားရှိသော ဝတ္ထုကို အာရုံပြု၍ ပေးလူတော့အံ့-ဟု စိတ်ဖြင့် ကြံစည်သောကာလမှစ၍ ကုသိုလ်ဖြစ်သည်။ ဒါနသည် သုတ္တန်အလို သန္ဓိဌာပကစေတနာခေါ် မုဉ္စစေတနာဖြင့် ဒါန မြောက်သည်။ ဝိနည်းအလို ပေးလူပါ၏-ဟု နှတ်မြွက်ရုံမျှဖြင့် ဒါန မြောက်သည်။ အဘိဓမ္မာအလို သင်ရှားရှိသော ဝတ္ထုကို အာရုံပြု၍ ပေးလူတော့အံ့-ဟု စိတ်ဖြင့် ကြံစည်သောအခါမှစ၍ ဒါနမြောက်သည်။ (အဋ္ဌသာလိနီ) ဒါနဝတ္ထု ထင်ရှားပင်မရှိ

သေးသော်လည်း ပေးလှူဘို့ ရှာကြံနေသောသူအား ပုဒ္ဓစေတ နာမျိုးဖြစ်၍ ပုဒ္ဓမယ ဒါနကုသိုလ် ဖြစ်ပါသည်။ (မူလဋီကာ)

● ရဟန္တာပုဂ္ဂိုလ်၏ ဒါနဝတ္ထု ပရိစ္စာဂ စေတနာသည် ဒါန မည်, မ-မည်, ပုညကြိယဝတ္ထု ဟုတ်, မဟုတ် ထုတ်ဖော်ပြပါ။

၉၆၉-ဖြေ။ ။ဒါနမျှသာမည်၍ ပုညကြိယဝတ္ထု မဟုတ်ပါ။

† သာ ဟိ ဒါနမတ္တံနာမ ဟောတိ၊ နပုညကြိယ ဝတ္ထုနာမ။ (ဇူ-ဋီ)

● ထင်ရှားမရှိသော ဝတ္ထုကို အာရုံပြု၍ဖြစ်သော စေတနာသည် ဒါန ဟုတ်, မဟုတ် ဆုံးဖြတ်ခဲ့ပါ။

၉၇၀-ဖြေ။ ။ဒါနမဟုတ်ပါ၊ ကောင်းမှုမျှသာ ဖြစ်ပါသည်။

† ဝိဇ္ဇမာန "လ" ပဝတ္တတီတိ ဧတေန အဝိဇ္ဇမာန ဝတ္ထုမာရမ္ဘဲ ပဝတ္တာစေတနာ ဒါနံနာမ နဟောတိ။ ပုညမတ္တမေဝ ဟောတီတိ ဒသေတိ။ (ဇူ-ဋီ)

● ပုဒ္ဓ စေတနာ, အပရ စေတနာ တို့သည် ပဋိသန္ဓေ အကျိုးကို ပေးနိုင်ပါသလော။

၉၇၁-ဖြေ။ ။"ဧက ပိဏ္ဍပါတ ဒါနသ္မိံ ဟိ ဧကာ စေတနာ ဒ္ဝေ ပဋိသန္ဓိယော နဒေတိ၊ ပုဒ္ဓပစ္ဆိမစေတနာ ဝသေန သတ္တက္ခတ္တုံ သဂ္ဂေ သတ္တက္ခတ္တုံ သေဋ္ဌိကုလေနိဗ္ဗတ္တော" ဟု သံယုတ်အဋ္ဌကထာ၌ဆိုသော ကြောင့် ပေးနိုင်ပါသည်။ သို့သော် ထို ပုဒ္ဓာ ပရစေတနာတို၏ ပဋိသန္ဓေ ကျိုးကိုပေးခြင်းကား-ဧကန္တိက မဟုတ်ဟု ပဋိသမ္ဘိဒါမဂ် ဋီကာဆရာ ဆိုသည့်အတိုင်း ဤသတ္တဝါကို သတ်တော့အုံ၊ ဤပစ္စည်းကိုခိုးတော့အုံ စသည်ဖြင့် အစ၌ဖြစ်သော စေတနာသည် အားကြီးသော အကြောင်း အထောက်အပံ့ကို ရသည်ဖြစ်အုံ့ ပဋိသန္ဓေကျိုးကို ပေး၏။ မရသည် ဖြစ်အုံ့ ပဋိသန္ဓေကျိုးကို မပေးဟု ခွဲ၍မှတ်သင့်၏။

● နိစ္စသီလ, အနိစ္စသီလတို့၏ သဘောကို အဘယ်သို့ မှတ်ရမည် နည်း အသီးသီး ခွဲခြားရှုပြပါ။

၉၇၂-ဖြေ။ ။အကြင် သီလကို မြဲသင့်၏၊ မမြဲလျှင် အပြစ်ရှိ၏။ ထို သီလသည် နိစ္စသီလ-မည်၏။ အကြင် သီလကိုမြဲသော်လည်း သင့်၏၊ များမြတ်သောကောင်းမှုကုသိုလ်ဖြစ်၏။ မမြဲသော်လည်းသင့်၏၊အပြစ် မရှိ။ ထိုသီလသည် အနိစ္စသီလ-မည်ပါ၏သည်။ ထိုတွင် ရဟန်းတို့အား ရဟန်းသီလ (ပါတိမောက္ခသံဝရသီလ)။သာမဏေတို့အား သာမဏေ သီလ (၁၀-ပါးသီလ)။ပကတိလူတို့အား ငါးပါးသီလ။ရဟန်းအသွင် ဆောင်နေသော ဥပါသကာ ရသေ့ပရိဗိုဇ်တို့အား ၁၀-ပါးသီလသည် နိစ္စသီလ-မည်၏။ ပကတိ လူတို့အား ၈-ပါးသီလ, ၁၀-ပါးသီလတို့ သည် အနိစ္စသီလမျိုးသာတည်း။ (ပရမတ္ထဒီပနီ)

- ပုဉ္ဇ ကြိယဝတ္ထု ၁၀-ပါးတွင် ဘာဝနာ-အရ အဘယ် ဘာဝနာကို ယူရမည်နည်း။

၉၇၃-ဖြေ။ ။ကမ္မဋ္ဌာန်းလေးဆယ်တို့၌ အဖန်တလဲလဲစီးဖြန်းခြင်း, ခန္ဓာစသော အာရုံတို့၌အဖန်တလဲလဲ အနိစ္စစသည်ဖြင့်သုံးသပ်ဆင်ခြင်ခြင်းကိုပြုခြင်း၏ အစွမ်းဖြင့်ဖြစ်သော မဂ်ဉာဏ်, လောကုတ္တရာ, အပ္ပနာ အဖြစ်သို့မရောက်သော ဂေါတြဘူအဆုံးထိစီးဖြန်းခြင်း, သုံးသပ်ဆင်ခြင်ခြင်းကို ပြုကြောင်းဖြစ်သော စေတနာ-ဟု ဆိုအပ်သော ကာမာဝစရဘာဝနာကိုသာ ယူရပါမည်။ (အပ္ပနာ အဖြစ်သို့ မရောက်သော ကာမာဝစရ သမထ, ဝိပဿနာဘာဝနာ ၂-ပါးကိုသာ ဤ၌ ဘာဝနာအရ ယူရမည်ဟူလို။ ဤကိုထောက်၍ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ အမည်ရသော ကာမာဝစရ စေတနာတို့သည် ကာမဘုံ၌ ပဋိသန္ဓေအကျိုးပေးနိုင်ကြောင်း သိရမည်။) အပြစ်မရှိသောအတတ် စသည်ကို သင်ကြောင်းဖြစ်သော စေတနာကိုလည်း ဤဘာဝနာ၌ ထည့်သွင်း၍ ယူရပါမည်။

† နိရဝဇ္ဇဝိဇ္ဇာဒိ ပရိယာပုဏနစေတနာပိ ဇဝေ သမောဓာနံ ဂစ္ဆတိ။ (ဋီ)

● မင်းမျိုး, ပုဏ္ဏားမျိုး, သူဌေး-သူကြွယ်မျိုး ဖြစ်၍ အရိအသေ အလေးအမြတ်ပြုသောသူအား အပစာယနကုသိုလ် ဖြစ်,မဖြစ် ဆုံးဖြတ်ပါ။

၉၇၄-ဖြေ။ ။မဖြစ်ပါ။

† ဇာတိ ဝယော ဂုဏဝုဒ္ဓေသု ဇာတိဝုဒ္ဓသ ဗဟုမာနကရဏံ အပစာယနံနာမ နဟောတိတိ အာဟ ဝယသာ "လ" ဇေဋ္ဌာ နန္တိ။ (ဇူ-ဋီ)

● ဝေယျာဝစ္စ, အပစာယနတို့၏အထူးကို ရေးခဲ့ပါ။

၉၇၅-ဖြေ။ ။အသက်ဂုဏ်ကြီးသောသူတို့၏ဌင်း,ဂိလာနတို့၏ဌင်း ထိုထို အမှုကြီးငယ်ကို ပြုပေးခြင်းသည် ဝေယျာဝစ္စ-မည်၏။ ခရီးဦးကြို ဆိုခြင်း,လက်အုပ်ချီခြင်း,ပန်း-နံ့သာစသည်ကိုရှေ့ရှုဆောင်ခြင်းစသော အရိအသေပြုမှု အမူအရာသည် အပစာယန-မည်၏။ ဤသို့ထူးပါသည်။

(အဘိမ္မေတ္ထ ဝိကာသိနီ)

● ပတ္တိဒါနအရာ၌ အဘယ်ကိုပေးသည်ကို ပတ္တိဒါန-ခေါ်သနည်း၊ ကုသိုလ်ကံကို ပေးရမည်။ (သို့မဟုတ်) ကံ၏ အကျိုးကိုပင် ပေးရမည်လော။

၉၇၆-ဖြေ။ ။ကုသိုလ်ကံကိုပြသောအရာဖြစ်၍သူဘပါးတို့ကလည်း ကုသိုလ်ကံကိုသာဝမ်းမြောက်အပ်သောကြောင့်ကုသိုလ်ကံကိုပေးခြင်း ကိုသာ ပတ္တိဒါန-ခေါ်ပါသည်။ ကုသိုလ်ကံကိုသာ ပေးရပါမည်။ကံ၏ အကျိုးကို မပေးရပါ။

{ဤကား-အာစရိယ ပရမ္ပရတို့၏ ဆုံးဖြတ်ချက် ဖြစ်သည်၊ ကေစိဆရာများကား - ကံ၏အကျိုးကို ပေးကလည်း ပတ္တိဒါန ဖြစ်သည်ဟု ဆိုကြသေး၏။}

† ကုသလကမ္မာဓိကာရတ္တာ ပန ပရေဟိစ ကမ္မသေဝ အနုမောဒိ တဗ္ဗတ္တာ ကမ္မမေဝ ဒါတဗ္ဗံ၊ အနုမောဒန္တေနပိ ကမ္မမေဝ အနုမောဒိတဗ္ဗံ။ (အဘိမ္မေတ္ထ ဝိကာသိနီ)

● ပတ္တိဒါနအရာ၌ မိမိကုသိုလ်ကို သူတပါးအား ပေးဝေလိုက်လျှင် လျော့မသွားပါသလော၊ အဘယ်သို့မှတ်ရမည်နည်း။

၉၇၇-ဖြေ။ ။မလျော့ပါ၊ ဆီမီးတတိုင်ကို ထွန်းညှိထား၍ ထိုဆီမီးတိုင်မှ အရာ,အထောင်သောဆီမီးတို့ကို ကူးယူသော်လည်း ပဌမဆီမီးမှာ ကုန်ခန်းခြင်းမရှိဘဲ၊ ပဌမ ဆီမီးရောင်နှင့် နောက်ထပ် ကူးသောဆီမီးရောင်များ ပေါင်းမိသောအခါတပေါင်းတည်း အရောင်အလင်းတိုးပွားလာသကဲ့သို့ မိမိကုသိုလ်ကို အမျှပေးဝေသောသူအား ကုသိုလ်မကုန်ခန်းဘဲ ဆထက်တံပိုး တိုး၍သာလာပါသည်။

† ဧဝမေဝ ပတ္တိ ဒဒတော ပရိဟာနံနာမ နတ္ထိ၊ ဝုမိုယေဝ ပန ဟောတိတိ ဝေဒိတဗ္ဗော။ (အဋ္ဌသာလိနီ)

● သူတပါးတို့ မပေးဝေသောကုသိုလ်ကို ဝမ်းမြောက် သာဓုခေါ်ရာ၌ ပတ္တာနုမောဒန ဖြစ်မည်လော။

၉၇၈-ဖြေ။ ။မဖြစ်ပါ၊အနုမောဒနာ ရိုးရိုးသာဖြစ်ပါသည်။ကုသိုလ်အဘို့သည် မိမိကိုရည်ရွယ်ပေးသော အဘို့, မရည်ရွယ်သောအဘို့-ဟု၂-မျိုးရှိ၏။ ထိုတွင် မိမိကို ရည်ရွယ်ပေးသော အဘို့ကို ဝမ်းမြောက်သာဓုခေါ်သောသူအားသာ မျက်မှောက်သောဘဝ၌ အကျိုးခံစားရ၏။သို့ ခံစားရကြောင်း ပေတဝတ္ထုပါဋ္ဌိအဋ္ဌကထာတို့၌ တိုက်ရိုက်လာရှိခြင်းသည် ထင်ရှားသောအကြောင်းဖြစ်၏။{မရည်ရွယ်သောကုသိုလ်အဘို့ကိုဝမ်းမြောက်ကလည်းမျက်မှောက်ဘဝ၌အကျိုးခံစားရမည်ပင်။

† အဒိန္ဓဿ ပုညဿ အနုမောဒနံ ပန အနုမောဒန မေဝ ဟောတိ နပတ္တာနုမောဒနံ၊ ပတ္တိယာ ဧဝ အဘာဝတော။

(ပရမတ္ထဒီပနီအလို)

● သူတပါးတို့ ပေးဝေသောကောင်းမှုကို ဝမ်းမြောက်ခါမျှဖြင့် ပတ္တာနုမောဒန ဖြစ်ပါမည်လော။

၉၇၉-ဖြေ။ ။သူတပါးတို့ ပေးဝေသည်ဖြစ်စေ,မပေးဝေသည်ဖြစ်စေ မစ္ဆေရအညစ်အကြေးကင်းသောစိတ်ဖြင့် ဝမ်းမြောက် ဝမ်းသာပြုကြောင်းဖြစ်သော စေတနာသည် ပတ္တာနုမောဒန ဖြစ်ပါသည်။

(ဦအလို)

● အပြစ်မရှိသော အတတ်ကို သင်ယူခြင်း, သင်ကြားပေးခြင်းတို့သည် ပုညကြိယမျိုး ဟုတ်ပါသလော။

၉၀၀-ဖြေ။ ။ဟုတ်ပါသည်၊ အပြစ်မရှိသော အတတ်ကို သင်ယူကြောင်းဖြစ်သောစေတနာကို ဓမ္မသဝန ပုညကြိယဝတ္ထု၌, အပြစ်မရှိသော အတတ်ကို သင်ကြားပေးကြောင်း ဖြစ်ရသော စေတနာကို ဓမ္မဒေသနာ ပုညကြိယဝတ္ထု၌ ထည့်သွင်း၍ ယူရသောကြောင့် ဖြစ်ပါသည်။

{အကျိုးဖြစ်သော ဓမ္မသာ ဟိတူပဒေသဖြစ်၍ စေတနာသည် ဟိတူပဒေသမဟုတ်သော်လည်း အကျိုးဖြစ်သော ဓမ္မ၏ ဟိတူပဒေသကိစ္စကို အကြောင်း ဖြစ်သော စေတနာ၌ တင်စား၍ ထိုစေတနာကို ဟိတူပဒေသ-ဟု ဋီကာဆရာ ဆိုသည်။}

† နိရဝဇ္ဇဝိဇ္ဇာဒိသဝနစေတနာပိနိရဝဇ္ဇဝိဇ္ဇာဒိဥပဒိသနစေတနာပိ ဇ္ဈေဝ သင်္ဂဟံ ဂစ္ဆန္တိ။ (ဋီ-ကို အနည်းငယ်ပြင်ထားသည်။)

● အလှူ၏ အကျိုးသည်ရှိ၏ စသည်ဖြင့် ကောင်းသော ဘယ္လူ၏ အစွမ်းဖြင့် အယူကိုဖြောင့်စွာ ပြုခြင်းသည် ဒိဋ္ဌဓ်ကမ္မ မည်သည် ရှိသော် ဉာဏဝိပ္ပယုတ် စိတ္တုပ္ပာဒ်သည် အဘယ်သို့ ဒိဋ္ဌဓ်ကမ္မ ပုညကြိယဝတ္ထု ဖြစ်မည်နည်း။

၉၀၁-ဖြေ။ ။ရှေးနောက်ဖြစ်သော စေတနာတို့ကို သိုင်းပုညကြိယဝတ္ထုတို့၌ ဘည့်သွင်း ပေါင်းရုံး၍ ယူရသောကြောင့် ဉာဏဝိပ္ပယုတ် စိတ္တုပ္ပာဒ်သည် ဒိဋ္ဌဓ်ကမ္မ ပုညကြိယဝတ္ထု ဖြစ်နိုင်ပါသည်။ အယူကို ဖြောင့်စွာပြုသောအခါ၌ ဉာဏသမ္ပယုတ်စိတ်ပင် ဖြစ်သော်လည်း, ရှေ့အတို့ နောက်အတို့တို့၌ ဉာဏဝိပ္ပယုတ်စိတ်သည် ဖြစ်၏။ ထို့ရှေ့, နောက် အတို့၌ဖြစ်သော ဉာဏဝိပ္ပယုတ်စိတ်ကို အယူဖြောင့်စွာ ပြုသောအခါ ဖြစ်သောဉာဏသမ္ပယုတ်စိတ်၌ထည့်သွင်းပေါင်းရုံး၍ယူရသောကြောင့် ဉာဏဝိပ္ပယုတ် စိတ္တုပ္ပာဒ်သည် ဒိဋ္ဌဓ်ကမ္မ ပုညကြိယဝတ္ထု ဖြစ်သည်ဟူလို။ (ဋီ)

● ပုညကြိယဝတ္ထု ၁၀-ပါးကို ကာယကံစသော ကံသုံးပါးဖြင့် ခွဲခြမ်းဝေဖန်ပြပါ။

၉၀၂-ဖြေ။ ။ဒါန,အပစာယန,ဝေယျာဝစ္စ သုံးပါးသည် ကာယ ဒွါရ၌ဖြစ်သောကြောင့် ကာယကံ-မည်၏။ ဘာဝနာ,ပတ္တိဒါန,ပတ္တာ နုမောဒန,ဓမ္မဒေသနာ လေးပါးသည် ဝစီဒွါရ၌ဖြစ်သောကြောင့် ဝစီကံ မည်၏။သီလ,ဓမ္မသဝန,ဒိဋ္ဌုဇုကမ္မ သုံးပါးသည် မနောဒွါရ၌ဖြစ်သော ကြောင့် မနောကံ-မည်၏။ (အာဘိဓမ္မတ္ထ သင်္ဂဟဒီပနီ)

{"ယသ္မိံ သန္တာနေ ဥပ္ပဇ္ဇတိ တံ ပုနာတိ သံကိလေသ ဖလတောဝိသောဓေတီတိ ပုညံ၊ကတ္တုံ နိပ္ဖာဒေတဗ္ဗန္တိ ကြိယံ၊ ဝသန္တိ တိဋ္ဌန္တိ ဧတ္ထ တဒါယတ္တာဝုတ္တိတောယ တေဓေတ အာနိသံ သာတိဝတ္ထု၊ ပုညဿ ကြိယဿ တံ ဝတ္ထုစာတိ ပုညကြိယဝတ္ထု၊ ဒါနမယဿ တံ ပုညကြိယဝတ္ထုစာတိဒါနမယပုညကြိယဝတ္ထု" ဟု ဒါနမယ ပုညကြိယဝတ္ထုကို အစိတ်အပေါင်း ဝစနတ္ထပြု။}

● ရူပါဝစရကုသိုလ်,အရူပါဝစရကုသိုလ်တို့သည် အဘယ့်ကြောင့် မနောကံ, ဘာဝနာမယ,အပွနာပတ္တာ ဖြစ်ကြပါသနည်း။

၉၀၃-ဖြေ။ ။ရူပါဝစရ,အရူပါဝစရကုသိုလ်တို့သည် အလွန်ငြိမ်သက်သဖြင့် ဝိညတ်ကို မဖြစ်စေတတ် သောကြောင့်၎င်း, ကာယဒွါရစသည်တို့၌ မဖြစ်သောကြောင့်၎င်း မနောကံသာ ဖြစ်ရပါသည်။ ဒါနစသည်တို့၏ အစွမ်းဖြင့် မဖြစ်ခြင်းကြောင့်လည်း ဘာဝနာမယသာ ဖြစ်ရပါသည်။ ရူပ,အရူပကုသိုလ်တို့၏ ရှေ့အဘို့၌ဖြစ်သော ကုသိုလ်တို့သည် ကာမာဝစရကုသိုလ်များသာဖြစ်သောကြောင့် ထို ရူပ,အရူပကုသိုလ်တို့သည် အပွနာပတ္တာ ဖြစ်ကြပါသည်။

{အပွနာ၏အစွမ်းဖြင့် အာရုံ၌ မတုန်မလှုပ် တည်တံ့ခြင်းဖြင့် အာရုံသို့ သက်ဝင်၍ဖြစ်သောကြောင့် အပ္ပံနာပတ္တာ ဖြစ်သည်ဟု နောက်ဆရာများ ဆိုကြသည်။}

† မနောကမ္မမေဝ ဝိညတ္တိသမုဋ္ဌာပကတ္တာဘာဝေန ကာယဒွါရာဒိသု အပ္ပဝတ္တနတော၊ ဘာဝနာမယံ ဒါနာဒိဝသေန အပ္ပဝတ္တနတော၊ အပွနာပတ္တိံ ပုဗ္ဗဘာဂပ္ပဝတ္တာနံ ကာမာဝစရဘာဝတော။ (ဋီ)

● ဣဿာ ကုသလ ကမ္မမုဒ္ဓစ္စရဟိတံ-ဒ္ဝိ ဉဒ္ဓစ္စစေတနာကို အဘယ့်ကြောင့် ကြဉ်ရပါသနည်း။

၉၀၄-ဖြေ။ ။ဉဒ္ဓစ္စ စေတနာသည် ပဋိသန္ဓေကျိုးကို မပေးသောကြောင့် ကြဉ်ရပါသည်။

● ဉဒ္ဓစ္စ စေတနာသည် အဘယ့်ကြောင့် ပဋိသန္ဓေကျိုး ကိုပေးခြင်း သဘော မရှိပါသနည်း။

၉၀၅-ဖြေ။ ။နာနာက္ခဏိက ကမ္မပစ္စည်းမတပ်၍ နာနာက္ခဏိက ကမ္မပစ္စည်းနှင့် ကင်းလျှင်လည်း ပဋိသန္ဓေကျိုးကို မပေးနိုင်သောကြောင့် ဉဒ္ဓိစ္စစေတနာသည် ပဋိသန္ဓေကျိုးကို ပေးခြင်းသဘော မရှိပါ။

† နစ နာနာက္ခဏိက ကမ္မပစ္စယံ ဝိနာ ပဋိသန္ဓိအာကဃုံ အတ္ထိ။ (ဋီ)

● အဓိမောက္ခကင်း၍ အလုံးစုံတို့အောက် အားနည်းသော ဝိစိ ကိစ္ဆာနှင့်ယှဉ်သော စေတနာသည် ပဋိသန္ဓေကျိုးကို ပေးပါ လျက် အဓိမောက္ခနှင့်ယှဉ်၍ အားကြီးသော ဉဒ္ဓစ္စနှင့်ယှဉ်သော စေတနာသည် အဘယ့်ကြောင့် ပဋိသန္ဓေကျိုးကို မပေးပါသနည်း။

၉၀၆-ဖြေ။ ။ပဋိသန္ဓေကျိုးကိုပေးခြင်းသဘော မရှိသောကြောင့် အားပင်ရှိသော်လည်း ပဋိသန္ဓေကျိုးကို မပေးပါ။

† ပဋိသန္ဓိဒါန သဘာဝါ ဘာဝတော။ (ဋီ)

● အားရှိသော စေတနာသည် ပဋိသန္ဓေကျိုးကိုပေး၍၊ အားမရှိသော စေတနာသည် ပဋိသန္ဓေကျိုးကို မပေးသောကြောင့် ဉဒ္ဓစ္စစေတနာသည်လည်းအားရှိသောစေတနာဖြစ်၍ပဋိသန္ဓေကျိုးကို ပေးနိုင်သည် မဟုတ်ပါလော။

၉၀၇-ဖြေ။ ။အားရှိသောစေတနာသည် ပဋိသန္ဓေကျိုးကိုပေး၍ အားမရှိသောစေတနာသည် ပဋိသန္ဓေကျိုးကို မပေးဟူသောစီစစ်ခြင်းကို ပဋိသန္ဓေကို ပေးခြင်း သဘော ရှိသော တရားတို့၌သာ ရအပ်၍ ပဋိသန္ဓေကို ပေးခြင်းသဘောမရှိသော တရားတို့၌ စီစစ်ဘွယ် မရှိပါ။

ဆို့ကြောင့် ဥဒ္ဓစ္စ စေတနာသည် ပဋိသန္ဓေကျိုးကိုပေးခြင်း သဘော မရှိသောကြောင့် ဥဒ္ဓစ္စစေတနာ၏အားရှိမှုသည် ပဋိသန္ဓေကိုပေးခြင်း၌ အကြောင်းမဟုတ်ရကား-ဥဒ္ဓစ္စစေတနာသည် ပဋိသန္ဓေးကျိုးကို မပေးနိုင်ပါ၊ ပဝတ္တိကျိုးကိုကား-ပေးပါသည်။ (ဋီ)

● ဥဒ္ဓစ္စ စေတနာသည် ပဋိသန္ဓေကျိုး ပေးခြင်းသဘော မရှိဟု အဘယ့်ကြောင့် သိရပါသနည်း။

၉၀၀-ဖြေ။ ။ဒဿနေန ပဟာတဗ္ဗတရားတို့၌မလာသောကြောင့်ဎင်း၊ ကမ္မပစ္စည်း အဖြစ်ဖြင့်သာ မြတ်စွာဘုရား ထုတ်ဆောင်ဟော၍ နာနာက္ခဏိက ကမ္မပစ္စည်း အဖြစ်ဖြင့် ထုတ်ဆောင် မဟောသောကြောင့်ဎင်း၊ နာနာက္ခဏိက ကမ္မပစ္စည်းနှင့်ကင်း၍လည်းပဋိသန္ဓေကျိုးကို ပေးခြင်းသဘော မရှိသောကြောင့်ဎင်း သိရပါသည်။

{ဥဒ္ဓစ္စစေတနာသည် အကယ်၍ ပဋိသန္ဓေကျိုးကိုပေးသည်ဖြစ်အံ့၊ ဒဿနေနပဟာတဗ္ဗ (သောတာပတ္တိမဂ်သည် ပယ်အပ်သော အကုသိုလ်)တရားတို့၌ဎင်း, နာနာက္ခဏိက ကမ္မပစ္စည်းဖြင့်ဎင်း ဘုရားဟောရာသည်၊ ဟောကား-မဟောခဲ့။ ထို့ကြောင့် ပဋိသန္ဓေကျိုးကို မပေးဟု သိရာသည်။ အပါယပဋိသန္ဓေကိုပေးတတ်သော အကုသိုလ်တရားမျိုးကို သောတာပတ္တိမဂ် အကုန် ပယ်သတ်သည်း ဥဒ္ဓစ္စစေတနာ ကျန်နေသည်ကို ထောက်၍ ဥဒ္ဓစ္စစေတနာသည် အပါယပဋိသန္ဓေကျိုးကိုမပေး, ပဝတ္တိကျိုးမျှကိုသာ ပေးသည်ဟု သိရာ၏ဟူ၏။ ထို့ဥဒ္ဓစ္စစေတနာကို အရဟတ္တမဂ်ပယ်သည်၊ ဘာဝနာယ ပဟာတဗ္ဗ တရားမျိုးဖြစ်သည်ဟု မှတ်လော။}

† ဒဿနေန ပဟာတဗ္ဗသု အနာဂတဉ္စာ။ (ဋီ)

● ဒဿနေန ပဟာတဗ္ဗ အကုသိုလ်, ဘာဝနာယ ပဟာတဗ္ဗ အကုသိုလ်,သိယာ ဒဿနေန ပဟာတဗ္ဗ သိယာ ဘာဝနာယ ပဟာတဗ္ဗ အကုသိုလ်များကို အသိသိး ဖော်ပြပါ။

၉၈၉-ဖြေ။ ။ဒိဋ္ဌိဂတသမ္ပယုတ်-၄၊ဝိစိကိစ္ဆာ-၁၊ ပေါင်း ၅-ပါးသည် နိဗ္ဗာန်ကို ရှေးဦးစွာ မြင်ခြင်းဖြင့် ဒဿန-ဟု အမည်ရသော သောတာပတ္တိမဂ်သည် ပယ်အပ်သောကြောင့် ဒဿနေန ပဟာတဗ္ဗ အကုသိုလ်-မည်၏။ ဥဒ္ဓစ္စသဟဂုတ်စိတ်သည် အရဟတ္တမဂ်သည် ပယ်အပ်သောကြောင့် ဘာဝနာယ ပဟာတဗ္ဗအကုသိုလ်-မည်၏။ဒိဋ္ဌိဂတဝိပ္ပယုတ်-၄၊ ဒေါသမူဒွေး-၂၊ ပေါင်း ၆-ပါးတို့သည် အပါယ်၌ဖြစ်စေတတ်သော အခိုက်အတန့်ကို သောတာပတ္တိမဂ်ဖြင့် ထိုအခိုက်အတန့်မှကြွင်းသော အပါယ်သို့ မရောက်စေတတ်သော ရုန့်ရင်း သိမ်မွေ့သော အခိုက်အတန့်ကို အထက်မဂ်သုံးခုတို့ဖြင့်ပယ်အပ်သောကြောင့် သိယာ ဒဿနေန ပဟာတဗ္ဗ သိယာ ဘာဝနာယ ပဟာတဗ္ဗ အကုသိုလ်-မည်၏။ (ဦ)

* ဒိဋ္ဌိသံကိစ္ဆ, ဒဿနခွာ, ဘာဝနာ ပဟာတဗ်, ဥဒ္ဓစ် မှတ်လော, နှစ်ရပ်ရုံခါ, ပယ်ခွာ ဒိဋ္ဌိဝိပ်, ဒေါဒွိက်အမှန်, လေးမဂ္ဂံ, ပယ်လှန်အကုကုန်။ (သစ်)

● အထက်မဂ် သုံးပါးကို အဘယ့်ကြောင့် ဘာဝနာ-ဟု ဆိုပါသနည်း၊ ၎င်းတို့သည်လည်း နိဗ္ဗာန်ကို မြင်တတ်သောကြောင့် ဒဿန-ဟုပင် ဆိုသင့်သည် မဟုတ်ပါလော။

၉၉၀-ဖြေ။ ။မဆိုသင့်ပါ၊ သောတာပတ္တိမဂ်သည် မြင် အပ် ပြီးသောနိဗ္ဗာန်၌ ပွားစေသည်၏အစွမ်းဖြင့် ဖြစ်သောကြောင့် အထက်မဂ် သုံးပါးကို ဘာဝနာဟုသာ ဆိုရပါသည်။

† ဥပရိမဂ္ဂတ္တယဉ္ဌိ ပဌမမဂ္ဂေန ဒိဋ္ဌနိဗ္ဗာနေ ဘာဝနာ ဝသေန ပဝတ္တနတော ဘာဝနာတိ ဝုစ္စတိ။ (ဦ)

● ဒဿနေန ပဟာတဗ္ဗ တရားတို့၌ မလာသောကြောင့် ဥဒ္ဓစ္စစေတနာ ပဋိသန္ဓေကျိုး မပေးကြောင်း သိရသည်ဟု ဆိုလျှင် သိယာဒဿနေန ပဟာတဗ္ဗဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ဒေါသ

မူဌေး တို့သည်လည်း ဒဿနေန ပဟာတဇ္ဇတို့၌ မလာသော ကြောင့် ပဋိသန္ဓေကျိုးကို မပေးဟူ၍ပင် မှတ်ရမည်လော။

၉၉၁-ဖြေ။ ။မမှတ်ရပါ၊ ဤနေရာ၌ သိယာ ဒဿနေန ပဟာတဇ္ဇ ဖြစ်သော ဒိဋ္ဌဂတဝိပ္ပယုတ်, ဒေါသမူဌေးတို့ကိုလည်း ဒဿနေန ပဟာတဇ္ဇအဖြစ် တူသောကြောင့် ဒဿနေန ပဟာတဇ္ဇဟုပင် ဆရာများခေါ်ဆိုကြပါသည်။ ထို့ကြောင့် သိယာဒဿနေန ပဟာတဇ္ဇဖြစ်သော ဒိဋ္ဌိဂတဝိပ္ပယုတ် ဒေါသမူဌေးတို့သည်ပဋိသန္ဓေကျိုးကိုမပေးဟုမမှတ်ရပါ။

† တတ္ထ သိယာ ဒဿနေန ပဟာတဇ္ဇန္တိ ဒဿနေန ပဟာတဇ္ဇ သာမညေန ဧကဓ ဒဿနေန ပဟာတဇ္ဇန္တိ ဝေါဟရန္တိ။ (ဋီ)

● လောသက တိဿပြုသောကံကြောင့် ပေါသက တိဿသာ မခံရဘဲ မဆိုင်သောတံငါသည်ငါးရာတို့ကပါ အဘယ့်ကြောင့် ဝင်၍ ခံရပါသနည်း။

၉၉၂-ဖြေ။ ။ကံ၏အကျိုးသည် ဝိပါကဖလ, နိဿန္ဒဖလ-ဟူ၍ ၂-မျိုးရှိ၏။ ထို ၂-ပါးတို့တွင် ဝိပါကဖလကို ကံပြုသောသူသာ ခံရ၏။ တပါးသောသူများ မခံရ။ နိဿန္ဒဖလကိုကား-ကံပြုသောသူသာမက နီးစပ်ရာ တပါးသူများလည်း ခံရပါသည်။ ထို့ကြောင့် လောသက တိဿသည် ၎င်းပြုသောကံအတွက် ဝိပါကဖလကို အပါယ်မှာခံပြီး၍ နိဿန္ဒဖလ အတွက် တံငါရွာမှာ ခံရသောသခါ ၎င်းနှင့် နီးစပ်သော တံငါသည်များကလည်း ရော၍ခံရခြင်း ဖြစ်ပါသည်။

† ဝိပါကဖလံ နာမ ကမ္မကာရကဿေဝ ဟောတိ၊ နိဿန္ဒဖလံပန အညဿပိ သာမာရဏဿေဝ။ (ပရမတ္ထဒီပနီ)

● ကာမကုသိုလ်ကံသည် ကာမသုဂတိဘုံ၌သာလျှင် အကျိုးပေးခွင့်ရှိလျက်၊ အဘယ့်ကြောင့် အပါယ်ဘုံ တို့၌လည်း ပဝတ္တိအကျိုးကို ပေးပါသနည်း။

၉၉၃-ဖြေ။ ။အပါယ်ဘုံဖြစ်သော နဂါး, ဂဠုန်, ဝေမာနိကပြိတ္တာတို့၏ ကြီးကျယ်သော စည်းစိမ် ချမ်းသာသည်၎င်း, ငရဲသူ-ငရဲသားတို့

သည် ရှင်မောဂ္ဂလာန်ကိုမြင်သောအခါ ရှင်မောဂ္ဂလာန်၏တရားသံကို ကြားရသောအခါ စသည်တို့၌ ငရဲမီးငြိမ်းခြင်းစသော အကျိုးသည်၎င်း အကုသိုလ်၏အကျိုး မဖြစ်သင့်, ကုသိုလ်၏အကျိုးသာ ဖြစ်သင့်သော ကြောင့် ကာမကုသိုလ်သည် အပါယ်ဘုံတို့၌လည်း ပဝတ္တိအကျိုးကို ပေးပါသည်။ ထို့ကြောင့် အနုရုဒ္ဓါဆရာလည်း "သဗ္ဗတ္ထာဝိ ကာမလောကေ" ဟု ဆိုပါသည်။ သဗ္ဗတ္ထ-အရ သုဂတိ,ဒုဂ္ဂတိ၏ အစွမ်းဖြင့် အလုံးစုံသော ကာမဘုံကိုယူ။

{ထို ဝိပါက် ၁၆-ပါးတို့တွင် မဟာဝိပါက် ၈-ခုတို့သည် သုဂတိကာမဘုံ၌ ထိုက်သည်အားလျော်စွာ အကျိုးပေးသည်။ အဟိတ် ကုသလဝိပါက် ၈-ခုတို့သည် သုဂတိ,ဒုဂ္ဂတိ အားဖြင့် အလုံးစုံသောကာမဘုံ၌ အကျိုးပေးသည်ဟု ခွဲ၍မှတ်။}

● ကာမကုသိုလ်ကံသည် ကာမဘုံတွင်သာ အကျိုးပေးသင့်လျက် အဘာယ့်ကြောင့် ရူပဘုံ၌လည်း အကျိုးကို ဖြစ်စေပါသနည်း။

၉၉၄-ဖြေ။ ။ရူပါဝစရ ကုသိုလ်ကံကြောင့် အဟိတ်ဝိပါက် ဖြစ်ခြင်းမရှိသောကြောင့် ထိုရူပဘုံ၌လည်း ကာမကုသိုလ်ကံသည် အဟိတ်ကုသလဝိပါက် အကျိုးများကို ဖြစ်စေပါသည်။

{ရူပကုံ၌ဖြစ်သော ကာမာဝစရ ကုသိုလ်ကံ၏ အကျိုးတို့ကား-ကုသလ ဝိပါက်ချည်းသာ ဖြစ်သော စက္ခုဝိညာဏ်-၁၊ သောတဝိညာဏ်-၁၊ သမ္ပဋိစ္ဆိုင်း-၁၊ သန္တီရဏ-၂၊ ဥပေါင်း ၅-ပါးဟု မှတ်လေ။}

† ရူပါဝစရ ကမ္မဇန အဟေတုက ဝိပါကုပ္ပတ္တိယာ အဘာဝတော ရူပလောကေပိ ယထာရဟံ ရူပါဒိဝိသယာနိ တာနိ အဘိနိပ္ဖာဒေတိ။ (ဋီ)

● ရူပါဝစရ ကုသိုလ်ကံကြောင့် အဟိတ်ဝိပါက်များ အဘာယ့်ကြောင့် မဖြစ်ပါသနည်း။

၉၉၅-ဖြေ။ ။ရူပဘုံ၌ ရူပါဝစရ ကုသိုလ်ကံကြောင့် ဖြစ်သော (ကာမဘုံ၌ ကာမာဝစရ ကုသိုလ်ကံကြောင့်ဖြစ်သော အဟိတ်ဝိပါက်

နှင့်တူသော) အဟိတ်ဝိပါက်များ မရှိသောကြောင့်ဌင်း၊ ကာမဂုဏ်၌ တပ်ခြင်းကင်းသော ရူပါဝစရကုသိုလ်ကို ပွားခြင်းဖြင့် ကာမတဏှာ၏ အာရုံဖြစ်သော ဝိညာဏ်ကို မဖြစ်စေတတ်သောကြောင့်ဌင်း၊မဟဂ္ဂုတ် လောကုတ္တရာကုသိုလ်ဘို့မှာလည်း စင်စစ်တူသောအကျိုးကို ပေးတတ်သောကြောင့်ဌင်း ရူပါဝစရ ကုသိုလ်ကံကြောင့် အဟိတ် ဝိပါက်များ ဖြစ်ခြင်း မရှိပါ။ (ဋီ)

● တိဟေတုကမုက္ကဋ္ဌံ,တိဟေတုက မောမကံ-ပါဠိဌ်ဒ္ဒ ဥက္ကဋ္ဌ,သြမက ကို၏ အဓိပ္ပာယ်ကို ဖော်ပြပါ။

၉၉၆-ဖြေ။ ။အကြင် ကုသိုလ်ကို ပြုသောအခါ ရှေးအဘို့ နောက်အဘို့၌ ကုသိုလ်ကံတို့သည် ခြံရုံအပ်၏။နောက်ကာလ၌လည်းအဖန်တလဲလဲ မှီဝဲခြင်း,လေ့လာခြင်းကိုပြုအပ်၏။ ထိုကုသိုလ်ကံသည် ဥက္ကဋ္ဌမည်၏။ (ကမ္မဿကတာဉာဏ်နှင့် လက္ခဏာယာဉ်သုံးပါးကို ဆင်ခြင်သော ဝိပဿနာဉာဏ်မျိုးပါက တိဟိတ်ကုသိုလ် ဖြစ်ပါပြီ။) အကြင် ကုသိုလ်ကံကို ပြုသောအခါ၌,နောက်အဘို့တို့၌ အကုသိုလ်ဘို့သည် ခြံရုံအပ်၏။ နောက်ကာလ၌လည်း ဤကုသိုလ်ကို ငါသည် မကောင်းသဖြင့် ပြုအပ်၏ဟု နှလုံးမသာယာခြင်းဖြင့် အဖန်တလဲလဲ မှီဝဲထုံအပ်၏။ထိုကုသိုလ်ကံသည် သြမက-မည်၏။ (တိဟိတ်နှင့် ဒွိဟိတ်မှာ လှူဆဲခဏ၌ ဉာဏ်ယှဉ်မှု,မယှဉ်မှု ကွဲသေး၏။) (ဋီ)

{နောက်၌ ကုသိုလ်အာသေဝန အများအပြား ရမှုကိုစွဲ၍ ဥက္ကဋ္ဌ, ဥက္ကဋ္ဌ၂က္ကဋ္ဌ, သြမကုက္ကဋ္ဌ အဖြစ်သို့ဌင်း၊ နောက်၌ အကုသိုလ် အာသေဝန အများအပြား ရလာမှုကိုစွဲ၍ သြမက, ဥက္ကဋ္ဌောမက, သြမကောမက အဖြစ်သို့ဌင်း ရောက်နိုင်သေးသည်ဟုမှတ်။}

* ရှေနောက် နှစ်တန်,ကုသိုလ်ခြံ, မှတ်ရန် ဥက္ကဋ္ဌာ။

* ရှေနောက် နှစ်တန်, အကုခြံ, မှတ်ရန် သြမကာ။ (သစ်)

● တခုသော ကုသိုလ်ကံသည် အဘယ်မျှသော ပဋိသန္ဓေကို ဖြစ်စေပါသနည်း။

၉၉၇-ဖြေ။ ။တခုသော ကုသိုလ်ကံသည် တခုသော ပဋိသန္ဓေကိုသာ ဖြစ်စေပါသည်။ ပဋိသန္ဓေအများကို မဖြစ်စေနိုင်ပါ။

† ပဋိသန္ဓိန္တိ ကေမေဝ ပဋိသန္ဓိ၊ နာ ဟိ ဧကေန ကမ္မေန အနေကာသု ဇာတီသု ပဋိသန္ဓီ ဟောတိ။ (ဋီ)

● တခုသော ကုသိုလ်ကံသည် တခုသော ပဋိသန္ဓေကိုသာ ဖြစ်စေသည်ရှိသော် ပဝတ္တိအကျိုးကိုလည်း ထို တခုသော ဘဝ၌ပင် ဖြစ်စေသည်ဟု မှတ်ရမည်လော။

၉၉၈-ဖြေ။ ။မမှတ်ရပါ။ ပဝတ္တိ အကျိုးကိုကား - ဘဝ အရာ, အထောင် ထိုအောင်ပင် ဖြစ်စေနိုင်ပါသည်။

† ပဝတ္တိ ဝိပါကော ပန ဇာတိ သတေဝိ ဇာတိ သဟဿေပိ ဟောတိ။ (ဋီ)

● တိဟိတ် သြမက ကုသိုလ်ကံသည် အလွန် အားနည်း သော ကြောင့် အဟိတ် ပဋိသန္ဓေကိုသာ ပေးသင့်လျက်၊ အဘယ့် ကြောင့် ဒွိဟိတ် ပဋိသန္ဓေကို ပေးပါသနည်း။

၉၉၉-ဖြေ။ ။ဉာဏ်သည် ပဋိသန္ဓေအားဖြင့် ကာဏ်းခြင်း အစရှိသော ဇုန္နေချိုခြင်း၏ အကြောင်း ဖြစ်သော မောဟ၏၊ ဝါ-အလုံးစုံသော အကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ထိုဉာဏ်နှင့် ယှဉ်သော တိဟိတ်သြမကကုသိုလ်ကံသည် ပဋိသန္ဓေအားဖြင့် ကာဏ်းခြင်း အစရှိသော ဇုန္နေချိုခြင်း၏အကြောင်း မဖြစ်နိုင်။ ထို့ကြောင့် တိဟိတ် သြမကကုသိုလ်ကံသည် အလွန်အားနည်းသော်လည်း ဒွိဟိတ် ပဋိသန္ဓေကိုသာ ပေးပါသည်။ အဟိတ် ပဋိသန္ဓေကို မပေးပါ။ (ဋီ)

---

၁၀. ဒွိဟိတ် ဉာဏ်ဋ္ဌ ကုသိုလ်ကံသည် အလွန် အားရှိသောကြောင့် တိဟိတ် ပဋိသန္ဓေကိုသာ ပေးသင့်လျက် အဘယ့် ကြောင့် ဒွိဟိတ် ပဋိသန္ဓေကိုသာ ပေးပါသနည်း။

၁၀၀၀-ဖြေ။ ။ဒွိဟိတ်ဉာဏ်ဋ္ဌကုသိုလ်ကံသည်ဉာဏ်နှင့်ယှဉ်ခြင်းမရှိသောကြောင့် ဉာဏ်ကိုဖြစ်စေးခြင်း၌ မစွမ်းနိုင်။ ထို့ကြောင့် ထိုဒွိဟိတ်

ဥက္ကဋ္ဌ ကုသိုလ်ကံသည် အလွန်အားရှိသော်လည်း ဒွိဟိတ် ပဋိသန္ဓေ ကိုသာ ပေးပါသည်။ တိဟိတ် ပဋိသန္ဓေကို မပေးပါ။ ထို့ကြောင့် အနုရုဒ္ဓါ ဆရာလည်း "တိဟေတုက မောမကံ ဒုဟေတုက မုက္ကဋ္ဌဥ" စသော စကားကို ဆိုပါသည်။ (ဦ)

- တိဟိတ် ဖြစ်ပြီးသော ပုထုဇဉ်သည် ဒွိဟိတ်, အဟိတ် အဖြစ်သို့ ၎င်း၊ ပညာရှိဖြစ်ပြီးသော ပုထုဇဉ်သည် ပညာမဲ့သော အဖြစ် စသည်သို့၎င်း ရောက်နိုင်, မရောက်နိုင် ဆုံးဖြတ်ခဲ့ပါ။

၁၀၀၁-ဖြေ။ ။တိဟိတ်ဖြစ်ပြီးသော ပုထုဇဉ်သည် ဒွိဟိတ်, အဟိတ် အဖြစ်သို့ ရောက်နိုင်ပါသည်။ ပညာရှိပြီးသော ပုထုဇဉ်လည်း ပညာမဲ့ သောအဖြစ်သို့ ရောက်နိုင်ပါသည်။ပယ်ပြီးသောကိလေသာများလည်း တဖန် ပြန်ဖြစ်နိုင်ပါသည်။အထက် ဘဝဂ်ဘုံသို့ ရောက်နေသော်လည်း အပါယ်ဘုံသို့ ပြန်ကျနိုင်ပါသည်။ သီလရှိပြီးသောသူလည်း ဒုသီလ ဖြစ်နိုင်ပါသည်။ တည်ကြည်ပြီးသော သူများလည်း စိတ်ပြန့် လွင့် ၍ ရူးသွပ်ခြင်းဘဝသို့ ရောက်နိုင်ပါသည်၊ ထိုသို့ဖြစ်ခြင်းကား-ထိုထိုအဖြစ် သို့ ရောက်စေတတ်သော အကြောင်းဖြစ်သော ကိလေသာကိုအကြွင်း မဲ့ မပယ်နိုင်သေးသောကြောင့်ပင်ဖြစ်ပါသည်။အရိယာပုဂ္ဂိုလ်များသာ ထိုအဖြစ်မျိုးမှ လွတ်နိုင်ပါသည်။

- တေသံ ဒွါဒသ ပါကာနိ၊ဒသာဌစ ယထာက္ကမံ-ဟူသော ကေစိ ဝါဒပြပါဌ်၌ ဒွါဒသ, ဒသ, အဌ-အရတို့ကို အသီးသီး ကောက် ပြပါ။

၁၀၀၂-ဖြေ။ ။ဒွါဒသ အရကား-အဟိတ်ကုသလဝိပါက် ၈-ခု၊ မဟာဝိပါက် အသန်ါရိက ၄-ခု၊ ပေါင်း ၁၂-ခု ဖြစ်ပါသည်။ တနည်း-အဟိတ် ကုသလဝိပါက် ၈-ခု၊ မဟာဝိပါက် သသန်ါရိက ၄-ခု၊ပေါင်း ၁၂-ခု ဖြစ်ပါသည်။ ဒသ-အရကား-အဟိတ် ကုသလဝိပါက် ၈-ခု၊ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသန်ါရိက ၂-ခု၊ ပေါင်း ၁၀-ခု ဖြစ်ပါ သည်။ တနည်း-အဟိတ် ကုသလဝိပါက် ၈-ခု၊ မဟာဝိပါက် ဉာဏ

ဝိပ္ပယုတ် သသခ်ါရိက ၂-ခု၊ ပေါင်း ၁၀-ခု ဖြစ်ပါသည်။ အဋ္ဌ-အရ ကား-အဟိတ် ကုသလဝိပါက် ၈-ခုပင် ဖြစ်ပါသည်။

(ကေစိဝါဒ အလိုတည်း)

● အသခ်ါရိက ကုသိုလ်ကံသည် သသခ်ါရိက အကျိုးဝိပါက်ကို မဖြစ်စေနိုင် စသည်ဖြင့်ဆိုသောဝါဒကို အဘယ့်ကြောင့် ကေစိဝါဒ-ဟု အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၀၀၃-ဖြေ။ ။အကျိုးဝိပါက်၏ သခ်ါရအပြားကို သေခါနီးကာလ ဌိတင်သော ကံ,ကမ္မနိမိတ် စသော အကြောင်းပစ္စယ၏ အစွမ်းဖြင့်သာ အလိုရှိအပ်၏။ ကံ၏အစွမ်းဖြင့် အလိုမရှိအပ်သောကြောင့် ထိုဝါဒကို ကေစိဝါဒ-ဟု အနုရုဒ္ဓါဆရာ ဆိုပါသည်။

† ဝိပါကဿ သခ်ါရဘေဒေါ ပစ္စယဝသေန ဗုစ္ဆိတော၊ နကမ္မ ဝသေန၊ တသ္မာ ဧသ ကေစိဝါဒေါ ကတော။ (ဋီ)

● အဘယ်၏အစွမ်းဖြင့်ဖြစ်စေအပ်သောချာန်သည် ပရိတ္တ,မဇ္ဈိမ, ပဏီတ-မည်ပါသနည်း။

၁၀၀၄-ဖြေ။ ။ယုတ်ကုန်သော ဆန္ဒ,စိတ္တ, ဝီရိယ, ဝီမံသ-တို့ဖြင့် ဖြစ်စေအပ်, ပွားများ အပ်သော ချာန်သည် ပရိတ္တ - မည်ပါသည်။ အလတ်ဖြစ်သော ဆန္ဒ,စိတ္တ,ဝီရိယ, ဝီမံသတို့ဖြင့် ဖြစ်စေအပ်,ပွားများ အပ်သောချာန်သည် မဇ္ဈိမ-မည်ပါသည်။ မြတ်ကုန်သော ဆန္ဒ,စိတ္တ, ဝီရိယ,ဝီမံသ-တို့ဖြင့် ဖြစ်စေအပ်,ပွားများအပ်သောချာန်သည် ပဏီတ မည်ပါသည်။ (ဋီ)

ရခါမျှ မမှီဝဲရသေးသောချာန်သည် ပရိတ္တ၊ ဝသီဘော် မပြည့်စုံ အလွန် မပွားစေအပ်သေးသော ချာန်သည် မဇ္ဈိမ၊ ဝသီဘော် ပြည့်စုံ အလွန်ပွားစေအပ်သောချာန်သည် ပဏီတ၊ (အဋ္ဌကထာများအလို) အနည်းငယ် အာသေဝနပစ္စည်း ရသော ချာန်သည် ပရိတ္တ၊ များစွာ အာသေဝနပစ္စည်းရသော ချာန်သည် မဇ္ဈိမ၊ အလွန်များစွာ အာသေ ဝနပစ္စည်းရသောချာန်သည် ပဏီတ။ (အနုရုဒ္ဓါဆရာအလို)

● ပဉ္ဇမချာနံ ဘာဝေတွာ-၌ အဘယ် ပဉ္ဇမချာန်မျိုးကို ယူရမည်နည်း။

၁၀၀၅-ဖြေ။ ။အဘိညာဏ်၏အဖြစ်သို့ မရောက်သော ပဉ္ဇမချာန်မျိုးကိုသာ ယူရပါသည်။

† အဘိညာဘာဝ အသမ္ပဏ္ဏံ ပဉ္ဇမချာနံ။ (ဋီ)

● အဘိညာဏ်အဖြစ်သို့ရောက်သော ပဉ္ဇမချာန်ကိုကား-အဘယ့်ကြောင့် မယူရပါသနည်း။

၁၀၀၆-ဖြေ။ ။အဘိညာဏ်အဖြစ်သို့ ရောက်သော ပဉ္ဇမချာန်ကို အကျိုးပေးခြင်းသဘော မရှိသောကြောင့် မယူရပါ။

† တဒဘာဝတော အဘိညာယ အဝိပစ္စနံ ဝုဏ္ဏံ။ (ဋီ)

● အဘိညာဏ် အဖြစ်သို့ ရောက်သော ပဉ္ဇမချာန်သည် အဘယ့်ကြောင့် အကျိုးပေးခြင်းသဘော မရှိပါသနည်း။

၁၀၀၇-ဖြေ။ ။မဟဂ္ဂုတ် ကုသိုလ်တို့သည် တူသော ဘုံရှိသော ဇောမှ အာသေဝနပစ္စည်းကိုရ၍ အားရှိမှသာလျှင်အကျိုးပေးပါသည်။ အဘိညာဏ် ကုသိုလ်ဇောကား - တကြိမ်သာဖြစ်၍ မိမိနှင့် တူသော ဘုံရှိသော ရူပါဝစရဇောမှအာသေဝနပစ္စည်းကိုမရ၍ အားနည်းသောကြောင့် အကျိုးပေးခြင်းသဘော မရှိပါ။

† သမာနာသေဝနေ လဒ္ဓေ၊ ဝိဇ္ဇမာနေ မဟဗ္ဗလေ။
အလဒ္ဓါ တာဒိသံ ဟောဘုံ၊ အဘိညာ နဝိပစ္စတိ။
(ဋီ-ပြ နာမရူပ ပရိစ္ဆေဒ)

{မူလဋီကာ,အနုဋီကာ ဆရာများကား-စတုတ္ထချာန် သမာဓိ၏ အာနိသံသဖြစ်သော အဘိညာဏ် စေတနာသည် အကျိုးအရာ၌ တည်သောကြောင့် အကျိုးမပေးဟု အလိုရှိကြ၏။ တန်ခိုး ဖန်ဆင်းခြင်း စသည်ဖြင့် အားကုန်နေသော ကြောင့် အကျိုးမပေးဟု ပရမတ္ထဒီပနီဆရာ အလိုရှိ၏။}

● အသညသတ် ဘုံသို့ ရောက်အောင် အဘယ် ကမ္မဋ္ဌာန်းကို စီးဖြန်းရမည်ဟု ညွှန်ပြပါ။

၁၀၀၈-ဖြေ။ ။အသညသတ်ဘုံသို ရောက်အောင် ပဋိပဒါမဂ္ဂင်္ဂန်ကို ပင်လျင် စိတ်ရှိသည်ရှိသော် တပ်ခြင်း,ပြစ်မှားခြင်း,တွေဝေခြင်းဖြစ်၏။ မရှိသော် မဖြစ်။ ပစ္စုပ္ပန်မျက်မှောက်၌ နိဗ္ဗာန်သို့ရောက်သည်မည်၏-ဟု "သညာရောဂေါ သညာဂဏ္ဍော မိ စိတ္တံ မိ နာမံ" ဟု စိတ်၌အပြစ်ကို ရှု၍ စိတ်မရှိသောဘုံဘဝသို့ တောင့်တခြင်းကိုအရင်းပြုသဖြင့် ဝါယောကသိုဏ်း,ဒေဝျိုပုဂ္ဂိုလ်တို့၏ အလိုအားဖြင့် ပရိစ္ဆိန္နာကာသကသိုဏ်း၌ သညာကင်းအောင် စီးဖြန်းပွားများရပါသည်။ (၌)

● အသညသတ်ဘုံ၌ အဘယ်ပုဂ္ဂိုလ်မျိုးများ ဖြစ်ကြ၍၊ ထိုဘုံ၌ဖြစ်သောအခါ အဘယ်သို့သော ပုံဟန်သဏ္ဌာန် အနေအထားဖြင့် ဖြစ်ကြသည်ကိုလည်း ညွှန်ပြပါ။

၁၀၀၉-ဖြေ။ ။ကံသည် ရှိ၏။ ကံ၏အကျိုးသည်ရှိ၏-ဟု အယူရှိကြကုန်သော ကမ္မကြိယဝါဒီ တိတ္ထိတို့သည်သာ ထို အသညသတ် ဘုံ၌ဖြစ်ကြပါသည်။ ကံသည် မရှိ၊ ကံ၏ အကျိုးသည် မရှိဟု အယူရှိသော ပုဂ္ဂိုလ်တို့မှာကား-ဗျာနဘာဝနာ မဖြစ်နိုင်ဟုမှတ်။ ထိုပုဂ္ဂိုလ်တို့သည် အကြောင် အိပ်လျောင်းခြင်း စသော ဇရိယာပုထ်ဖြင့် သေကြ၏။ ထို အိပ်လျောင်းခြင်း စသော ဇရိယာပုထ်အကိုင်းပင် အသညသတ်ဘုံ၌ ဖြစ်ကြပါသည်။ (၌)

● အနာဂါမိနောပန သုဒ္ဓါဝါသေသု ဥပပဇ္ဇန္တိ -၌ အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသ ငါးဘုံတို့တွင် ဖြစ်လိုရာဘုံ၌ ဖြစ်သည်ဟု မှတ်ရမည်လော ရှင်းလင်းခဲ့ပါ။

၁၀၁၀-ဖြေ။ ။မမှတ်ရပါ၊ သဒ္ဒါန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ လွန်ကဲသော အစဉ်အားဖြင့် သုဒ္ဓါဝါသ ငါးဘုံတို့၌ ဖြစ်ကြပါသည်။ ဖြစ်လိုရာဘုံ၌ မဖြစ်ကြပါ။

† သဒ္ဓါဒိ ဒုန္ဒြိယဝေမတ္တတာ နုက္ကမေန ပဠသု သုဒ္ဓါဝါသေသု ဥပပဇ္ဇန္တိ။ (၌)

● အနာဂါမိနော ပန သုဒ္ဓါဝါသေသု-၌ ပန-သဒ္ဒါ အ ဘယ် အနက် ရှိသည်ဟု ဖော်ပြ၍၊ ထို ပန-သဒ္ဒါကို အနာဂါမိနော ပုဒ်နောင် ထိုင်သင့်သည်၊ သို့မဟုတ် သုဒ္ဓါဝါသေသု ပုဒ်နောင် ထိုင်သင့်သည်ကို အကြောင်းပြ၍ ညွှန်ကြားပါ။

၁၀၁၁-ဖြေ။ ။ပန သဒ္ဒါကား-အဝဓာရဏဝေ အနက်ရှိပါသည်။ အနာဂါမ် ပုဂ္ဂိုလ်တို့သည်သာလျှင် သုဒ္ဓါဝါသ ဘုံတို့၌ ဖြစ်ကြကုန်၏ ဟူသော မှတ်ခြင်းသာရှိ၍ ထို အနာဂါမ်ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသဘုံမှ တပါးသောဘုံတို့၌ မဖြစ်ဟူသောမှတ်ခြင်းမရှိသောကြောင့် ပန-သဒ္ဒါ ကို အနာဂါမိနော ပုဒ်နောင်သာ ထိုင်သင့်ပါသည်။ သုဒ္ဓါဝါသေသု ပုဒ်နောင် မထိုင်သင့်ပါ။ (ဦ)

{အနာဂါမ်တို့သာ သုဒ္ဓါဝါသ၌ဖြစ်ခြင်း ဂဟေတဗ္ဗ၊ ပုထုဇဉ်, သောတာပန်,သကဒါဂါမ်တို့ သုဒ္ဓါဝါသ၌ မဖြစ်နိုင်ခြင်း နိဝတ္တေတဗ္ဗ၊ အနာဂါမ်တို့သည် သုဒ္ဓါဝါသမှတပါး ရူပ,အရူပ တို့၌လည်း ဖြစ်နိုင်သေးသည် ဟူသော အနုညာတ ၃-ပါးကို ဧဝ-ကပြသည်။}

† သုဒ္ဓါဝါသေသွနာဂါမ်၊ ပုဂ္ဂလာ ဝေါပ ပဇ္ဇရေ။

(ပရမတ္တ ဝိနိစ္ဆယ)

● အနာဂါမ်ပုဂ္ဂိုလ်တို့သည် ကာမဘုံ၌ အဘယ့်ကြောင့် မဖြစ်ကြ ပါသနည်း။

၁၀၁၂-ဖြေ။ ။ကာမရာဂကို အကြွင်းမဲ့ပယ်ပြီးဖြစ်၍ ကာမဘုံတို့၌ ဖြစ်လိုသော တပ်ခြင်း နိကန္တိမရှိသောကြောင့် ကာမဘုံ၌ မဖြစ်ကြပါ။

† အနာဂါမိနောပန ကာမရာဂဿ သဗ္ဗသော ပဟီနတ္တာ ကာမဘဝေသု နိကန္တိံ န ဥပ္ပာဒေန္တိ။ (ဦ)

● ပဌမချာန် စသည်ကို ပွားများသော ပုဂ္ဂိုလ် တို့သည် မိမိတို့ ပွားများသော ချာန်၏ ဟီန, မဇ္ဈိမ, ပဏီတ အားလျော် စွာ ဗြဟ္မပါရိသဇ္ဇာ စသော သတ်မှတ်ထားသော ဘုံတို့၌သာ ဖြစ်သည်၊ တခြားဘုံတို့၌ မဖြစ်ဟု မှတ်ရမည်လော။

၁၀၁၃-ဖြေ။ ။မမှတ်ရပါ၊ နိကန္တိ ရှိသည် ရှိသော် ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့သည် မိမိတို့ရအပ်သော ချာန်၏ ဘုံဖြစ်ကုန်သော သုဒ္ဓါဝါသ ကြဉ်သော အမှတ်မရှိ ဘုံတို့၌လည်း ဖြစ်နိုင်ပါသည်။ ဤ၌ သတ်မှတ်၍ ဆိုထားခြင်းကား-ထိုထို ချာန်တို့၏ ချာန်၏ အစွမ်းဖြင့်ရအပ်သော အသီးအခြားဥစ္စာဖြစ်သော အကျိုးပေးရာဘုံ၏ အစွမ်းဖြင့် ဆိုထားခြင်းမျှသာ ဖြစ်ပါသည်။

† သဗ္ဗမ္ပိ စေတံ တဿ တဿေဝ ချာနဿ အာဝေဏိက ဘူမိ ဝသေန ဝုတ္တံ၊ နိကန္တိယာ ပန သတိ ပုထုဇ္ဇနာဒယော ယဿာ လဒ္ဓချာနဿ ဘူမိဘူတေသု သုဒ္ဓါဝါသ ဝဇ္ဇိတေသု ယတ္ထ ကတ္ထစိ နိဗ္ဗတ္တန္တိ။ (ဋီ)

{ဤ၌ ဋီကာကျော်တွင် နိကန္တိကြောင့် ဟု ဆိုသော်လည်း စေတော ပဏိမိကြောင့်သာ ဖြစ်ရာသည်။ ရှေးကနေခဲ့ဘူးသော ဘုံဘဝကို တွယ်တာမှုကား-နိကန္တိတဏှာ, စိတ်၏တောင့်ဘမှု ဆန္ဒကား-စေတောပဏိမိ ဖြစ်သည်။}

● ချာန်ကိုးပါးလုံးကို ရပြီးသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့သည် ကာမဘုံတို့၌ ဖြစ်နိုင်ပါမည်လော။

၁၀၁၄-ဖြေ။ ။"ဋ္ဌမ္ပတိ ဘိက္ခဝေ သီလဝတော စေတော ပဏိမိ ပိသုဒ္ဓတ္တာ" ဟု ဘုရား ဟောတော် မူသောကြောင့် ထိုပုဂ္ဂိုလ်တို့သည် ကာမဘုံ၌ ဖြစ်လိုသော နိကန္တိ ရှိခဲ့ပါမူ၊ ဥပစာရ ချာန်နှင့် ယှဉ်သော ကာမာဝစရကံ၏အစွမ်းကြောင့် ကာမဘုံတို့၌လည်း ဖြစ်နိုင်ပါသည်။

{ဋီကာကျော်၌ သာမည ဆိုသော်လည်း နိကန္တိတဏှာဖြင့် ကာမဘုံ၌ တွယ်ဘာလျှင် ချာန်ကွယ်ပျောက်ပြီးသော ပုထုဇဉ်သာ ကာမဘုံ၌ ဖြစ်နိုင်သည်ဟုယူမှ သင့်မည်၊ ဤကား-ပုထုဇဉ် အတွက်သာ၊ သမာပတ္တိလာဘီ, သောတာပန်, သကဒါဂါမ်တို့ကား-ရပြီးချာန်ကို လျောချမှ ဖြစ်နိုင်သည် မလျောချက မဖြစ်နိုင်။ ဗြဟ္မာ့ဘုံသို့အမှန်သွားရမည့်ချာနအနာဂါမ်မျိုးဖြစ်သည်။

ရင်းတို့၏ ဈာန်လျောမှုကား - ပလိဗောဓကြောင့် ဖြစ်သည်။ ကာမရာဂကြောင့် မဟုတ်ဟု ခွဲ၍မှတ်ပါ။}

† တဘာ ကာမဘဝေပိ ကာမာဝစရ ကမ္မဗလေန နိဗ္ဗတ္တန္တိ။(ဌီ)

● ဈာနလာဘီ ပုဂ္ဂိုလ်တို့သည်သာ ဗြဟ္မာ့ဘုံ၌ ဖြစ်နိုင်၍ ဈာန်မရသော သုက္ခ ဝိပဿက အနာဂါမ် ပုဂ္ဂိုလ်တို့မှာ ဗြဟ္မာ့ဘုံ၌ အဘယ်သို့ ဖြစ်နိုင်မည်နည်း။

၁၀၁၅-ဖြေ။ ။ဈာန်မရသော သုက္ခဝိပဿက ပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း အနာဂါမ် ပုဂ္ဂိုလ်တို့သည် သမာဓိတရား ဖြည့် ဆည်းပူးပြီး ရင့်ကျက်ပြီး ဖြစ်သောကြောင့် သေခါနီးကာလ၌ အမှန် ဈာန်,သမာပတ် ရပြီးမှ သေပါသည်၊ မရဘဲ မသေပါ။ အယုတ်ဆုံးအားဖြင့် အိပ်နေတုံ အခါ လည်ပင်းကို ဓားနှင့်ဖြတ်၍သတ်သော်လည်း ဈာန်မရဘဲ သေရိုးမရှိပါ။ ထို့ကြောင့် ထို သုက္ခ ဝိပဿက အနာဂါမ် ပုဂ္ဂိုလ် တို့သည် သေခါနီးကာလ၌ ဈာန်ကို အမှန်ရ၍ ဗြဟ္မာ့ဘုံ၌ ဖြစ်နိုင်ကြပါသည်။

† သုက္ခ ဝိပဿကာပိ ပနေတေ မရဏကာလေ ဧကန္တေနေဝ သမာပတ္တိံ နိဗ္ဗတ္တေန္တိ သမာဓိမှိ ပရိပူရကာရီ ဘာဝတောတိ ဒဋ္ဌဗ္ဗံ။ (ဌီ)

● မိန်းမများ ဗြဟ္မာ့ဘုံသို့ သွားရောက်ဖြစ်နိုင်ပါသလော။

၁၀၁၆-ဖြေ။ ။ပုသုဇဉ်ဖြစ်စေ,အရိယာဖြစ်စေ သမာပတ် ၈-ပါး လုံးရပြီးသောမိန်းမများသည် ဗြဟ္မာ့ဘုံသို့သွားရောက်ဖြစ်နိုင်ပါသည်။ သို့သော် မဟာဗြဟ္မာကြီးများ၌ မဖြစ်နိုင်ပါ။ ဗြဟ္မပါရိသဇ္ဇ ဗြဟ္မပုရောဟိတ ဗြဟ္မာတို့၌သာ ဖြစ်နိုင်ပါသည်။ ဤကား- ကာမဘုံမှ ဝုတေ၍ ဗြဟ္မာ့ဘုံမှာ ဖြစ်သည်ကိုသာ ဆိုပါသည်။ မိန်းမအဖြစ်နှင့် ဖြစ်သည်ကို မဆိုလိုပါ။ "ဗြဟ္မ ပါရိသဇ္ဇာနံ" ဟူသော အဌကထာစကား၌ ဗြဟ္မ ပုရောဟိတကိုလည်းသွင်း၍ ရေတွက်ရပါမည်။ "ဣတ္ထိ ဗြဟ္မာ သိယာ-နေတံ ဌာနံ ဝိဇ္ဇတိ" ဟူသော နေတ္တိ ပါဠိတော်စကားကား-ဆန္ဒဝေတ်စသည် သေးနုတ်သောကြောင့် မိန်းမများ မဟာ ဗြဟ္မာကြီးများအဖြစ် သို့မရောက်၊ ဗြဟ္မပါရိသဇ္ဇ,ဗြဟ္မပုရောဟိတအဖြစ်သို့ကား ရောက်သည်

ဟု ဆိုလိုရင်းသာ ဖြစ်ပါသည်။ဗြဟ္မဝါအဖြစ် လုံးလုံးမရှိဟု မမှတ်ရပါ။ ဝိသာခါသည် ဥဒ္ဒံသောတ အကနိဋ္ဌ ဂါမိနီဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့-ဟု ဘုရားဟောတော်မူသည်ကို ထောက်ပါ။ (ဋီ-စသည်)

● မိန်းမတို့သည် မဟာဗြဟ္မာ အဖြစ်သို့ မရောက်ဘဲ အဘယ့်ကြောင့် အလုပ်အကျွေးပရိသတ်ဖြစ်သော ပါရိသဇ္ဇ ပုရောဟိတ ဗြဟ္မာတို့ဖြစ်သာလျှင် ဖြစ်ရပါသနည်း။

၁၀၁၇-ဖြေ။ ။မိန်းမတို့သည် သမာပတ် ၈-ပါးကိုရ၍၊ အခြားမဲ့ဘဝ၌ အကနိဋ္ဌဗြဟ္မာဘုံ၌ ဖြစ်ရမည် ဖြစ်သော်လည်း ယုတ်ညံ့သော ဆန္ဒ စသည်တို့နှင့်ယှဉ်သောကြောင့် အကြီးအကဲဖြစ်သောမဟာဗြဟ္မာတို့၌ မဖြစ်နိုင်ပါ။ ပရိသတ်ဖြစ်သော ပါရိသဇ္ဇ ပုရောဟိတ ဗြဟ္မာဘုံ၌သာလျှင် ဖြစ်ရပါသည်။

● ဋီကာဆရာ အားကိုးပြသော 'ဗြဟ္မပါရိသဇ္ဇေသုယေဝနိဗ္ဗတ္တာန္တိ' ဟူသော အဋ္ဌကထာပါဠိ၌ ဗြဟ္မပါရိသဇ္ဇဘုံ၌ ဖြင်္ဂြိုင်းကိုသာ ဆိုပါသလော။

၁၀၁၈-ဖြေ။ ။မဟုတ်ပါ၊အကနိဋ္ဌဗြဟ္မာဘုံမှာပင်ဖြင်္ဂြိုင်းသော်လည်း ပရိသတ်ဖြစ်သော ဗြဟ္မာငယ်တို့၌သာလျှင်ဖြစ်၍၊ ဗြဟ္မာကြီးကို၌ မဖြစ်ဟု ဆိုလိုရင်းဖြစ်ပါသည်။

† ဗြဟ္မပါရိသဇ္ဇေသု ယေဝါတိ အကနိဋ္ဌေ နိဗ္ဗတ္တမာနာပိ ပရိသဘူတဗြဟ္မေသုဝေ နိဗ္ဗတ္တန္တိ၊ န မဟာဗြဟ္မေသုဟိ အတ္ထော။

(အင်္ဂုရ)

● ဘဝသီသ (ဘဝဂ်ဘုံ) ခေါ်သော ဝေဟပ္ဖုလ်, အကနိဋ္ဌ, နေဝသညာ နာသညာ ယတနဘုံသို့ ရောက် နေ ကြ သော အရိယာ ဗြဟ္မာကြီးများသည် တပါးဘုံကိုပြောင်း၍ ဖြစ်ပါဦးမည်လော။

၁၀၁၉-ဖြေ။ ။မဖြစ်နိုင်ကြတော့ပါ၊အကနိဋ္ဌဘုံသို့ရောက်နေသော အနာဂါမ်မှာ တပါးသောဘုံသို့သာပြောင်း၍ မဖြစ်သည် မဟုတ်၊ မိမိ

ဘုံ၌လည်း ထပ်၍ မဖြစ်တော့ပါ။ ဤဘဝတွင်ပင် အရဟတ္တဖိုလ်ကို ရတော့သည်။ဝေဟပ္ဖိုလ်,နေဝသညာ နာသညာယတနဘုံသို့ ရောက်နေသော သောတာပန်,သကဒါဂါမ်,အနာဂါမ်တို့မှာကား-တပါးဘုံသို့သာ ပြောင်း၍ မဖြစ်သည်။မိမိတို့ဘုံ၌ ထပ်၍ကား-ဖြစ်သေးသည်ဟု မှတ်ပါ။ ထိုသုံးဘုံမှ ကြွင်းသော အဆင့်ဆင့်သော ဗြဟ္မာဘုံ၌ ဖြစ်ကြကုန်သော အရိယာပုဂ္ဂိုလ်တို့ကား-အောက်အောက် ဖြစ်သော ဗြဟ္မာဘုံတို့၌ မဖြစ်ကြတော့ဟု သေသေချာချာခွဲ၍ မှတ်ပါ။

{အချို့ ပုဂ္ဂိုလ် တို့ကား- "ဥက္ခိဋ္ဌာ ပုဉ္ဇတေဇေန" ၌ ပုည-အရ လောကုတ္တရာ ကုသိုလ်ယူ၍၊ လောကုတ္တရာကုသိုလ် အရှိန်ကုန်သောအခါ ဗြဟ္မာကြီးများ ကာမဘုံ, အပါယ်ဘုံသို့ ပြန်လာရသည်ဟု ဆိုကြသည်၊ ပုထုဇဉ်ဗြဟ္မာမှတပါး ကာမဘုံသို့လာသော အရိယာဗြဟ္မာများ မရှိသောကြောင့်၎င်း၊ ထိုပုဉ္ဇတေဇ မှာလည်း လောကီကုသိုလ်သာ ဖြစ်သင့်သောကြောင့်၎င်း၊ ထိုပုဂ္ဂိုလ်တို့ အယူအတိုင်းဆိုလျှင် အရိယာ ဗြဟ္မာများ အပါယ်သို့ လားရဦးမည်ဖြစ်သောကြောင့်၎င်း၊ ထိုပုဂ္ဂိုလ်တို့၏ အယူသည် အလွန်မသင့်သော အယူသာဖြစ်သည်။}

† ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေစ ပတိဋ္ဌိတာ။
နှ ပုနာညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။ ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာ နောပ ပဇ္ဇရေ။
ဒုက္ခမူလသမုဿဒါ၊ ပရိနိဗ္ဗန္တိ နာသဝါ။ ။
(ဋီ-ပြ နာမရူပ ပရိစ္ဆေဒ)

● ကုသိုလ်, အကုသိုလ် စေတနာသည် နောင်အခါ၌ ပဋိသန္ဓေအကျိုးကို ပေးသည်ဆိုရာ၌ စေတနာသည် ခဏတွယ သမဂ်ီဖြစ်၍ ချုပ် ပျောက် သွားပြီ ဖြစ် သော ကြောင့် နောင် အ ခါ အဘယ်သို့ ပဋိသန္ဓေကျိုးကို ပေးနိုင်မည်နည်း။

၁၀၂၀-ဖြေ။ ။ကုသိုလ်, အကုသိုလ်စေတနာသည် ချုပ်ပျောက်သွားပြီးဖြစ်သော်လည်း ဘာမျှမရှိဘဲ ချုပ်ပျောက်သွားခြင်း မဟုတ်ပါ။

နောင်အခါ၌ အကျိုးကိုဖြစ်စေနိုင်သော အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသည့် မိမိ၏ ကြိုယဝိသေသ သတ္တိထူးကလေးကို ထိုစိတ်အစဉ်၌ ချထားခဲ့၍သာ ချုပ်ပျောက်သွားသဖြင့် ထိုစိတ်အစဉ်သန္တာန်၌ အစဉ်သဖြင့်လိုက်ပါလာသော ကမ္မဿမ၏ကိမည်သော ထိုကြိုယဝိသေသ သတ္တိထူးကလေးသည်သာ အခွင့်ရသောအခါ ပဋိသန္ဓေကျိုးကို ပေးခြင်းဖြစ်ပါသည်။

{ထို သတ္တိထူးကလေးသည် အကြင်မျှလောက် အကျိုးပေးခွင့်မရ၊ ထိုမျှလောက် ကမ္ဘာတသိန်းတိုင်အောင်လည်း ထိုစိတ်အစဉ်သန္တာန်သို့ လိုက်နေမည်သာဖြစ်၍ ဤသို့သတ္တိထူးကလေးကို ပရမတ္ထဘရားတခုဟု မဆိုနိုင်သော်လည်း အနုသယခေါ်တခုကဲ့သို့ မှတ်သားအပ်သည်။} (ပရမတ္ထဒီပနီ)

● ကမ္မစတုက္က-၌ မဂ်ကုသိုလ်, အဘိညာဏ်ကုသိုလ်ဘို့ကို အဘယ့်ကြောင့် အနုရုဒ္ဓါဆရာ မပြဆိုပါသနည်း။

၁၀၂၁-ဖြေ။ ။ထိုကုသိုလ်တို့သည် ဘုံသုံးပါး၌ ပဋိသန္ဓေပဝတ္တိအကျိုးကိုမပေး၊ မဂ်သည် ဝဋ်တရား၌ အကျိုးကိုမဖြစ်စေသောကြောင့် အနုရုဒ္ဓါဆရာ မပြဆိုပါ။ သို့ မပြဆိုသော်လည်း မဂ်ကုသိုလ်ဘို့ကို သင့်လျော်ရာထည့်သွင်းလျှင် ကုသိုလ်ကံသုံးပါးသို့သာလျှင် ထည့်သွင်းရပါမည်။

† လောကုတ္တရမဂ္ဂေါ ဘဇာပိယမာနော ကာယကမ္မာဒိနိ တီဏိ ကမ္မာနိ ဘဇတိ။ (အဋ္ဌသာလိနီ)

† လောကုတ္တရမဂ္ဂေါ ဇ္ဈမ လောကိယ ကမ္မကထာယံ အနဓိပ္ပေတော ဘဇာပိယမာနော တီဏိ ကမ္မာနိ ဘဇတိ။
(မူလဋီကာ)

ကမ္မ စတုက္က အဖြေ ပြီး၏။

မရဏုပ္ပတ္တိ စတုက္က အဖြေ

●

● အဘယ့်ကြောင့် အာယုကမ္မယ မရဏ စသည် မည်ပါသနည်း၊ ၎င်းတို့၏အဓိပ္ပာယ်ကိုလည်း အသီးသီးဖော်ပြပါ။

၁၀၂၂-ဖြေ။ ။အသက် မသေ နေရမည့်ကံ ရှိပါသော်လည်း အသက်တမ်း အဝိုင်းအခြား (ပရိစ္ဆိန္နာယု) ကုန်ခြင်းကြောင့် သေခြင်းသည် အာယုကမ္မယ မရဏ-မည်၏။ ထိုထို ဂတိ, ထိုထိဘုံဘဝ၌ဝိုင်းခြားအပ်သော အသက်တမ်း အသက်ကြွင်း ရှိသေးသော်လည်း ကောင်းမှု (တံတံ ဘဝသာဓက) ကံ၏ကုန်ခြင်းကြောင့် သေခြင်းသည် ကမ္မကမ္မယ မရဏ-မည်၏။ အသက်တမ်း ကောင်းမှုကံ ၂-ပါး ကုန်ခြင်းကြောင့် သေခြင်းသည် ဥဘယကမ္မယ မရဏ-မည်၏။ အသက်ကံ ၂-ပါးပင် ရှိသော်လည်း ရှေးဘဝကပြုခဲ့သော ဥပစ္ဆေဒကကံ, ယခုဘဝ ဂုဏ်ကြီးသူတို့အပေါ်၌ပြုအပ်သော ဥပစ္ဆေဒကကံကြောင့် အဆောတလျင် ဓား, လက်နက်ဖြင့် သေရခြင်း၊ ဒုဿမာရ ကလာဗု မင်းတို့ကဲ့သို့ မြေမျိုခြင်း သေရခြင်း စသည်သည် ဥပစ္ဆေဒက မရဏ-မည်၏။ (၌)

{မိလိန္ဒပဉှာ၌ သေခြင်းအကြောင်း ဂ-ပါးလာသော်လည်း ဤလေးပါး၌ အကျုံးဝင်ပြီးဖြစ်၍ အနုရုဒ္ဓါဆရာ လေးပါးပင် ပြသည်။ ဇီဝိတရုပ်ကို အာယု-ဟု မုချအားဖြင့်ခေါ်သော်လည်း ဤနေရာ၌ကား-ဇီဝိတ၏တည်ရာ အသက်တမ်းကာလ အဝိုင်းအခြားကို ဌာနူပစာရအားဖြင့် အာယု-ဟုခေါ်သည်၊ကမ္မ-အရ ပဋိသန္ဓေကျိုးကိုပေးသော ဇနကကံနှင့် ထိုဇနကကံ့၏ အကျိုးခန္ဓာကို ထောက်ပံ့တတ်သော ဥပတ္ထမ္ဘကကံ့ကို ယူ။}

* အာယုပရိစ္ဆေဒ, အာယုပေ, ခေါလေ-ဤဌာနပ်။
* ဇနကောပထံ, ဤနှစ်ကံ, ကမ္မ-အရမှတ်။ (သစ်)

● ဥပစ္ဆေဒက မရဏသည် ပုဂ္ဂိုလ်တိုင်းမှာ ဖြစ်ပါသလော, မဖြစ်သော ပုဂ္ဂိုလ်များရှိက ထိုပုဂ္ဂိုလ်များကို ညွှန်ပြပါ။

၁၀၂၃-ဖြေ။ ။ပုဂ္ဂိုလ်တိုင်းမှာ မဖြစ်ပါ။ ငရဲသူ,မြောက်ကျွန်းသူ, ဘုမ္မစိုးနတ်မှ တပါးသော နတ်များမှာ ဥပစ္ဆေဒက မရဏ မဖြစ်ပါ။

† ဣဒံ ပန နေရယိကာနံ ဥတ္တရကုရုပါသီနံ ကေသဥ္ဇိ ဒေဝါနဥ္စ န ဟောတိ။ (ဋီ)

* ကေသဥ္ဇနတ်,မြောက်ကျွန်းရပ်နှင့်,နိရယတ်ပါ,ပစ္ဆေဒါ, ဋီကာမရှိမိန်။ (သစ်)

● ဘုရားရှင်တိုဏ် ပရိနိဗ္ဗာန် စံယူခြင်းသည် သေခြင်း လေးမျိုးတို့ ဘွင် အဘယ်သေခြင်းမျိုး ဖြစ်ပါသနည်း။

၁၀၂၄-ဖြေ။ ။ဘုရားရှင်မှာ အသက် အသချေ် နေနိုင်သော ကတော်ရှိသော်လည်း လူတိုအသက်တမ်း ငါးပုံပုံ၍ တပုံချန်ပြီး ပရိနိဗ္ဗာန် ပြုရိုးထုံးစံ မေ္မတာရှိသဖြင့် သက်တော် ရှစ်ဆယ်ကို အာဝေဏိက သက်တမ်းတော် အသီးအခြားယူ၍ သက်တမ်းစေ့သဖြင့်ပင် အာယုက္ခယ မရဏဖြင့်သာ ပရိနိဗ္ဗာန် စံယူသည်ဟု ဆိုရပါမည်။

● အဘယ့်ကြောင့် ကမ္မက္ခယ မရဏမှ တပါးသော မရဏတိုကို ဆိုပါသနည်း၊ အလုံးစုံသောသူတိုဏ် သေခြင်းသည် ထိုထိုဘဝ ကို ဖြစ်စေတတ်သော ကံ ကုန်သောကြောင့်သာ သေကြသည် မဟုတ်ပါလော။

၁၀၂၅-ဖြေ။ ။မှန်ပါသည်၊ သို့သော် ကမ္မက္ခယ မရဏမှ တပါး အကြောင်းထူး ရှိသေးသောကြောင့် တပါးသော မရဏတိုကိုလည်း ဆိုပါသည်။ (ပရမတ္ထဒီပနီ အင်္ဂုရ)

{ကာလမရဏ,အကာလမရဏ ၂-မျိုးတို့တွင် အာယုက္ခယ ဥဘယက္ခယ ၂-ပါးတို့သည် ကာလမရဏ,ကမ္မက္ခယဥပစ္ဆေဒက ၂-ပါးတို့သည် အကာလ မရဏဟု မှတ်။}

● တစုတခုသောဘဝ၌ မဖြစ်လင်္ကာသော ရဟန္တာ ပုဂ္ဂိုလ်တို့၏ စုတိအဆုံးရှိသောစိတ်သည် အဘယ်ကို အာရုံပြုပါသနည်း။

၁၀၂၆-ဖြေ။ ။တစုံတခုသောဘဝ၌ မဖြစ်လတ္တံ့သော ရဟန္တာပုဂ္ဂိုလ်၏ စုတိ အဆုံးရှိသော စိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ကို အာရုံမပြု၊ ကံသည် ထင်စေအပ်သော နာမ်,ရုပ်,လက္ခဏာ,ပညတ်ကိုသာ အာရုံပြုပါသည်။ (ဤကား-ဋီကာအလို၊ ဤ၌ ဝါဒများ၏။)

{မရဏာသန္နကာလသည် သမီပူပစာရအားဖြင့် မရဏကာလ မည်သည်ဟုမှတ်၊ ထိုထို ဂတိတို၌ ဖြစ်လတ္တံ့သော သတ္တဝါအားလျော်စွာဖြစ်သည်ကို ယထာရဟ ဆိုသည်။}

† ဂဇ္ဈစိ ပန အနုပ္ပဇ္ဇမာနဿ ဒီဃာသဝဿ ယထောပဋိတံ နာမရူပမမ္မာဒိကမေဝ စုတိပရိယောသာနာနံ ဂေါစရဘာဝံ ဂစ္ဆတိ၊ န ကမ္မ ကမ္မနိမိတ္တာဒယော။ (ဋီ)

● တစုံတခုသော ဘဝ၌ မဖြစ်လတ္တံ့သော ရဟန္တာ ပုဂ္ဂိုလ်၏ စုတိဓိဘင်္သည် ယထောပဋိတ နာမ်,ရုပ်,ကံ, ကမ္မနိမိတ်, ဂတိနိမိတ်, နိဿယန်တို့တွင် အဘယ်ကို အာရုံပြုပါသနည်း။

၁၀၂၇-ဖြေ။ ။ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ကိုပင် အာရုံပြုပါသည်။ ယထော ပဋိတ နာမ်, ရုပ် အာရုံ, နိဿယန်အာရုံကို အာရုံမပြုပါ။

{အပေါ် အဖြေတွင် ဋီကာဆရာပြသော ယထောပဋိတ နာမ်,ရုပ် အာရုံ ဆိုသည်ကား-ရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်၏ အာရုံအဖြစ်မယူဘဲ ရဟန္တာပုဂ္ဂိုလ်၏ မရဏာသန္နဝီထိတွင် ပါသော မရဏာသန္နဇောဝီထိ၏ အာရုံဟု ယူက သင့်လျော်ပါသည်။စုတိပရိယောသာနံကိုမရိယာဒတ္ထယူ၍စုတ်စိတ်မပါ။ အာဝဇ္ဇန်းအစ တဒါရုံ အဆုံးရှိသော ဝီထိစိတ်ကို ယူကလည်း သင့်လျော်ပါသည်။}

● "အနေဇော သန္တိမာရဗ္ဘ၊ ယံ ကာလမကရိ မုနိ" ဟူသော မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်အရ ဘုရား,ရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံပြုသည် မဟုတ်ပါလော။

၁၀၂၈-ဖြေ။ ။မဟုတ်ပါ၊ ဘုရား, ရဟန္တာတို့၏စိတ်ပင် ဖြစ်စေ၊ ပုထုဇဉ်တို့၏စိတ်ပင် ဖြစ်စေ အာရုံ အာရမ္မဏီက ပြောင်းလဲရိုးထုံးစံမရှိသဖြင့် သဖြိတ် အာရမ္မဏသင်္ဂဟ, ဓမ္မသင်္ဂဏီ အာရမ္မဏတိက်တို့၌ လာရှိသည့်အတိုင်း ဘုရား, ရဟန္တာတို့၏ စုတိစိတ်သည် နိဗ္ဗာန်ကို အာရုံမပြု၊ ပရိတ္တာရမ္မဏဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတိုတွင် တပါးပါးကိုပင် အာရုံပြုပါသည်။ ထို ဘုရား, ရဟန္တာတို့၏ မရဏာသန္ဓဇောမှာကား - အပေါ် အဖြေ တွင် ပြခဲ့သည့် အတိုင်း ယထောပဋ္ဌိတ နာမ်, ရုပ် အာရုံကို အာရုံပြုပါသည်။

{နိဗ္ဗာန်ကိုအာရုံပြုသည်ဟုဆိုလျှင် အာရမ္မဏသင်္ဂဟပရိတ္တာရမ္မဏတိက်တို့နှင့်ဆန်ကျင်နေပါလိမ့်မည်။ဤနေရာ၌ ဝါဒကားများ၏။ပရိနိဗ္ဗာနသုတ်ပါဠိတော်တွင်"သန္တီမာရဗ္ဘ"ကိုဌင်း၊ အဋ္ဌကထာ၌'သန္တီမာရဗ္ဘာတိအနုပါဒိသေသနိဗ္ဗာနံအာရဗ္ဘ ပဋိစ္စ သန္ဓာယ'ဟု ဖွင့်ဆိုသောကြောင့် နိဗ္ဗာန်ကို အာရုံပြု၍ ဟုမယူဘဲ၊ နိဗ္ဗာန်ကိုရည်ညွှန်း၍ ညွှတ်, ကိုင်း, ရှိုင်း၍ ပရိနိဗ္ဗာန်ပြုသည်ဟု ယူလျှင် အဆင်ပြေ သ ဘော ကျ သွား ပါ လိမ့်မည်။ အကျယ် မချဲ့တော့ပြီ။}

● ဥပလဒ္ဓ, ဥပကရဏ, ဥပလဘိတဗ္ဗ, ဥပဘောဂ-တို့၏အဓိပ္ပာယ်ကို ဖော်ပြပါ။

၁၀၂၉-ဖြေ။ ။ထိုကုသိုလ်, အကုသိုလ်ကံကိုပြုစဉ်အခါက စေတီ, ဆင်းတု, ရဟန်း စသည်ကိုမြင်ရခြင်းစသည်သည် ဥပလဒ္ဓ၊ ဝါ-ဥပလဒ္ဓ ကမ္မနိမိတ်-မည်၏၊ ထိုကံကိုပြုစဉ်အခါက ပန်း, ပုဆိုးစသောအဆောက်အဦ စသည်ကို မြင်ရခြင်း စသည်သည် ဥပကရဏ၊ ဝါ-ဥပကရဏကမ္မနိမိတ်မည်၏။နောက်၌ ဆိုက်ရောက်ခံစားရမည့် အမိဝမ်းရေ, နတ်ဘုံ, ငရဲဘုံ, တော, တောင်ခြေရင်း စသော သုဂတိ, ဒုဂ္ဂတိနိမိတ် အာရုံသည် ဥပလဘိတဗ္ဗ၊ ဝါ-ဥပလဘိတဗ္ဗ ဂတိနိမိတ်-မည်၏။ နောက်၌ ခံစားအပ်သော ဘဝအားလျော်စွာ ထင်လာသော နတ်သွီး, ဗိမာန်, ပဒေသာပင်, ငရဲမီးစသော အတွင်းအပ အသုံးအဆောင် အခြိအရံ အာရုံသည် ဥပဘောဂ၊ ဝါ-ဥပဘောဂ ဂတိနိမိတ်-မည်ပါသည်။(၌)

(တိုက်ရိုက်သက်ဆိုင်သောပဓာနအာရုံသည် ဥပလဒ္ဓကံ, ပြီးပြောက်ဘို့ အခြံအရံ အပဓာနအာရုံသည် ဥပကရဏာ ဤသို့လည်း တမျိုးမှတ်။)

● ဥပလဘိတမ္မနှင့် ဥပဘောဂတို့၏ အထူးကို ရေးခဲ့ပါ။

၁၀၃၀-ဖြေ။ ။ကိုယ်နှင့်စပ်၍ရအပ်သော သုဂတိ, ဒုဂ္ဂတိနိမိတ် အာရုံသည် ဥပလဘိတမ္မ၊ကိုယ်နှင့်မစပ်မူ၍ ချမ်းသာဆင်းရဲကိုခံစားဘို့ ရအပ်သော သုဂတိ,ဒုဂ္ဂတိနိမိတ် အာရုံသည် ဥပဘောဂ။ တနည်း-ဒုဂ္ဂတိဘုံသို့ ကပ်ရောက်၍ ရအပ်သော အာရုံသည် ဥပလဘိတမ္မ, သုဂတိဘုံသို့ ကပ်ရောက်၍ ခံစားအပ်သော အာရုံသည် ဥပဘောဂ။ ဤသို့ထူးပါသည်။ (အင်္ဂုရ-ပရမတ္ထဒီပနီ)

● ကုသိလ ဂတိနိမိတ်အာရုံ, အကုသိလ ဂတိနိမိတ်အာရုံများကို ခွဲခြားပြပါ။

၁၀၃၁-ဖြေ။ ။နတ်သမီးဗိမာန်, ပဒေသာပင်, အမိဝမ်းရေ အစရှိသောအာရုံသည် ကုသိလဂတိနိမိတ်အာရုံဖြစ်ပါသည်။ငရဲမီး,ငရဲထိန်း စသော အာရုံသည် အကုသိလ ဂတိနိမိတ်အာရုံ ဖြစ်ပါသည်။ (ဋီ)

{ကမ္မံဝါ ကမ္မနိမိတ္တံဝါ ဂတိနိမိတ္တံဝါ-ဥ္စ ဝါသဒ္ဒါတို့ကား-အနိယမဝိကပ် အနက်ရှိ၏။ မရဏာသန္န ဝိထိဥ္စ နိမိတ်သုံးပါးတို့တွင် တခုခုသာ ထင်သည်။ရှေးအဘို့ ကာလဥ္စကား-အမှတ်မရှိ ထင်လိုရာ ထင်နိုင်သည်။ သို့သော် တပြိုင်နက်ကား-မထင်နိုင်ဟူသော အဓိပ္ပာယ်ကို ပြသည်။}

● အကြင်အခါဥ္စ နတ်သမီး,ဗိမာန်, ပဒေသာပင် အစရှိသော နတ်ပြည် ဂတိနိမိတ်များ ထင်လာ၏။ ထိုအခါဥ္စ ထို နတ်သမီးဗိမာန်စသည်ကို တဏှာဖြင့် သာယာမှုဖြစ်၍ စုတေသော သူအား အဘယ်ဘဝမျိုးဥ္စ ဖြစ်နိုင်ပါသနည်း။

၁၀၃၂-ဖြေ။ ။ထိုသို့နတ်သမီး,ဗိမာန် စသည်ကို သာယာမှုဖြစ်သော တဏှာကိုအမှီပြု၍ များသောအားဖြင့် စိတ်ညစ်နွမ်းမှုမဖြစ်နိုင်၍ ဒုဂ္ဂတိဘဝဥ္စ မဖြစ်နိုင်။ ထိုသို့သော တဏှာကို အမှီပြု၍ များသောအားဖြင့်

စိတ်စင်ကြယ်မှုသာ ဖြစ်သင့်သောကြောင့် သုဂတိဘဝမျိုးဥ္ဇသာ ဖြစ်နိုင်ပါသည်။ {ထိုတက္ကာမျိုးသည် ကုသိုလ်ကံကို ဆောက်ပုံ တတ်သည်ဟူလို။} (ပဋိသန္ဓိဒါမဂ်)

● "နိမိတ္တာသာ ဒဂဓိတံ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌတိ၊ အနုဗျဉ္ဇနသာ ဒဂဓိတံဝါ၊ တသ္မိံ စေ ဘိက္ခဝေ သမယေ ကာလံ ကရေယျ ဌာနမေတံ ဝိဇ္ဇတိ၊ ယံ ဒ္ဝိန္နံ ဂတီနံ အညတြ ဂတိံ နိဂစ္ဆေယျ နိရယံဝါ တိရစ္ဆာန ယောနိံဝါ" ဟု အာဒိဿ ပရိယာယသုတ်၌ မြတ်စွာဘုရား ဟောတော်မူသောကြောင့် ထိုနဘ်သျှီး,ဗိမာန်,ပဒေသာပင် စသော ဂတိနိမိတ်ကို သာယာတပ်စွဲရာ၌ နိရယ,တိရစ္ဆာန်ဂတိမျိုးသာဖြစ်သင့်လျက် အဘယ့်ကြောင့် သုဂတိဂတိမျိုး ဖြစ်ရပါသနည်း။

၁၀၃၃-ဖြေ။ ။မိမိ သူတပါး၏လက်,ခြေစသည်တို့၌သာယာတပ်စွဲခြင်းမဟုတ်၊ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် အာရုံတို့၌ တပ်စွဲခြင်းမျှဖြစ်၍ သုဂတိ ဂတိမျိုး ဖြစ်ရပါသည်။

{မြတ်စွာဘုရားဟောသော ပါဠိကား-ထိုလက်,ခြေစသည်၌ တပ်စွဲမှုကိုသာ ရည်ရွယ်၍ နိရယ,တိရစ္ဆာန်ဂတိသို့ ရောက်သည်ဟု ဟောခြင်းဖြစ်သည်။} (အင်္ဂုရ)

● ဒေဝ, မနုဿ, နိရယ, တိရစ္ဆာန, ပေတဂတိတို့၏ ဂတိနိမိတ် ထင်ပုံကို အသီးသီးဖော်ပြပါ။

၁၀၃၄-ဖြေ။ ။ဒေဝဂတိသို့ လားမည့်သူအား နဘ်သျှီး,ဗိမာန်, ပဒေသာပင် စသော အဆင်း၊ မနုဿဂတိသို့ လားမည့်သူအား အမိဝမ်းရေ အဆင်း၊ နိရယဂတိသို့ လားမည့်သူအား ငရဲမီးလျှံ စသော အဆင်း၊ တိရစ္ဆာနဂတိသို့ လားမည့်သူအား တောရိပ်,တောင်ရိပ် စသော အဆင်း၊ ပေတဂတိသို့ လားမည့်သူအား အမိုက်တိုက်အဆင်း စသော ဂတ်နိမိတ်များ ထင်ပါသည်။ (ဋီ)

{အဝိဇ္ဇာနုသယ ပရိက္ခီဏ္ဍောန-အရ အနုသယ ကိလေသာ၏ ကာလဖြင့် ပိုင်းခြားပုံကို သမုစ္ဆေဒပိုင်းကျမှ ရှုကြပါကုန်။}

● ကံ, ကမ္မနိမိတ်, ဂတိနိမိတ် ထင်ရာ၌ မိဘ,ဆွေမျိုး ဉာတိ မိတ် သင်္ဂဟတို့က ထင်စေသောကြောင့် ထင်ပါသလော၊ သင်္ဂဟ အကိုးပြု၍ ဆိုးဖြတ်ပါ။

၁၀၃၅-ဖြေ။ ။"ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ" ဟူသော သင်္ဂဟ၊ဂုဏ်ကျေးဇူးကို ဆွေမျိုး, မိဘ စသည်တို့က ထင်စေသောကြောင့် ထင်သည်မဟုတ်ပါ။ကုသိုလ်,အကုသိုလ်ကံ၏အစွမ်းကြောင့်သာ ထင်ခြင်း ဖြစ်ပါသည်။

{ကံနိမိတ်သည် မိမိ၏အစွမ်းဖြင့်ပင် ထင်သည်။ ကမ္မနိမိတ်, ဂတိနိမိတ်တို့သည် ကံ၏အစွမ်းဖြင့်ထင်သည်။ ဤအဖြေလည်း ယေဘုယျပင်၊ မိမ်ကိုယ်တိုင်အောက်မေ့၍ရင်း, သုဘပါးတို့က ထင်စေ၍ရင်း ထင်နိုင်ပါသေးသည်။}

● "တတ္ထောဏတံဝဓိဘ္ဘသန္ဒာနံအဘိဏှံပဝတ္တတိဗဟုလ္လေန" ပါဠိ၌ ဗာဟုလ္လေနပုဒ်ဖြင့် အဘယ် အဓိပ္ပာယ်ကို သိစေပါသနည်း။

၁၀၃၆-ဖြေ။ ။ဖြေးဖြေးနှေးနှေးသေသော သတ္တဝါတို့အား စိတ် အစဉ်မပြတ် ဖြစ်သကဲ့သို့ အဆောတလျင်သေသော သတ္တဝါတို့မှာ စိတ် အစဉ်မပြတ် ဖြစ်ခြင်းမရှိ၊ ဤသို့သောအဓိပ္ပာယ်ကို သိစေပါသည်။

{အဆော တလျင် သေရသော သူများမှာ ရောက်ရမည့် ဘဝသို့ ကိုင်းညွှတ်လျက် စင်ကြယ်သော စိတ်အစဉ်, ညစ်နွမ်းသော စိတ်အစဉ်များ မပြတ် ဖြစ်ခြင်းမရှိ၊ မပြတ်ဖြစ်ဘို့ အချိန် မရတော့ဟူသော အဓိပ္ပာယ်ကို သိစေလို၍ ဗာဟုလ္လ သဒ္ဒါဖြင့် ဆွေးချက်ကို ပြသည်။}

† ဗာဟုလ္လေနာတိ ဣဒ်နာ သဟသာ သြစ္ဆိဇ္ဇမာန ဇိဝိတာနံ သဏိကံ မရန္တာနံဝိယ နာ အာဘိဏှာ မေဝါတိ ဒီပိတာနိ ဝိညာယတိ။ (ဋီ)

● "အာဘိနဝ ကရဏဝသေန ဒွါရေပဿံ ဟောတိ"ဉ္စ အာဘယ်သို့ ဖြိသည်ကို မိမိကိုယ်ကို အသစ်ဖြိသည်၏ အစွမ်းဖြင့် ဒွါရသို့ ရောက်သည်ဟု ဆိုပါသနည်း။

၁၀၃၇-ဖြေ။ ။ကမ္ဘာဘသိန်းအထက်ကပြုခဲ့သောကုသိုလ်ကံပင် ဖြစ်သော်လည်း ရှေးဦးပြုသော အမှတ်သည် မရှိဘဲ ထို ခဏမှာပင် ပြုအပ်သော ကုသိုလ်ကံကဲ့သို့ဖြစ်ပြီး မိမိကိုယ်ကို ကုသိုလ်ရှင် အသင်္ကဲ့သို့ပြု၍ မနောဒ္ဒါရမှာ ဇော ဓောသည်၏ အစွမ်းဖြင့် ရောက်လာသည့်ကိုပင် မိမိကိုယ်ကို အသစ်ပြုသည်၏ အစွမ်းဖြင့် ဒွါရသို့ရောက်သည်ဟု ဆိုပါသည်။

† အဘိနဝ ကရဏ ဝသေနာတိ တခ်ဏော ကရိယမာနံ ဝိယ အတ္တာနံ အဘိနဝ ကရဏ ဝသေန။ (ဋီ)

● ဇနက ကံသည်သာ အသစ်ပြုသည်၏ အစွမ်းဖြင့်ဖြစ်၍ ပစ္ဆုပ္ပန်ကမ္မနိမိတ်, ဂတိနိမိတ်တို့မှာ အဘယ့်ကြောင့် အသစ်ပြုသည်၏ အစွမ်းဖြင့် မဖြစ်ပါသနည်း။

၁၀၃၈-ဖြေ။ ။ကံသည်သာ အတိဘ်ဖြစ်၍ ပြုတုံးကလိုတဖန် ပြန်ခေါ်လာသဖြင့် အသစ်ပြုသလိုဖြစ်၍ ဒွါရသို့ရောက်သည်။ ပစ္ဆုပ္ပန်ကမ္မနိမိတ်, ဂတိနိမိတ် တို့မှာကား - မိမိဘို့မှာ ပစ္ဆုပ္ပန်ဖြစ်နေ၍ အသင်ပြုသလိုဖြစ်၍ ဒွါရသို့ရောက်မှုမရှိ။ ကံ၏အစွမ်းဖြင့် ပကတိအတိုင်းပင် ဒွါရ၌ ထင်ခြင်းသို့ ရောက်ပါသည်။

† တာနိ ဟိ သယံ ဝဘ္ဘမာနာဘာ ပကတိယာ ဥပဋ္ဌဟန္တိ။ (အကံ့ရ)

● တခဏဝဝါပန ဇနကဘူတံ''၌ ဇဝ-သဒ္ဒါ, ဝါ-သဒ္ဒါ, ပန-သဒ္ဒါတို့ဖြင့် သိစေအပ်သော အနက်ကို ဖော်ပြပါ။

၁၀၃၉-ဖြေ။ ။ဇဝ-သဒ္ဒါဖြင့် ပစ္ဆုပ္ပန်ကမ္မနိမိတ်, ဂတိနိမိတ်တို့၏ အသစ်ပြုသည်၏အစွမ်းဖြင့် ဒွါရသို့ရောက်ခြင်းကို နှစ်စေပါသည်။ (ဥမ္မင်္ဂကား-ကံသာလျှင် မိမိ၏အစွမ်းဖြင့် ဒွါရသို့ရောက်သည်။ ကမ္မနိမိတ်, ဂတိနိမိတ်တို့ကား-မိမိတို့၏အစွမ်းဖြင့် ဒွါရသို့မရောက်၊ ထိုသို့မိမိဘို့၏ အစွမ်းဖြင့် ရောက်ခြင်းကို နှစ်စေ၍ ၎င်းဘို့သည် ကံ၏အစွမ်းဖြင့်သာ ဒွါရသို့ရောက်သည်ဟု ဇဝ-သဒ္ဒါဖြင့် ပြသည်ဟု ဆိုတော်မူ၏၊) ဝါ-

သဒ္ဒါဖြင့် အတိတ်ဖြစ်သော ကမ္မနိမိတ်, ဂတ်နိမိတ်သည်လည်း အသစ်ပြုသည်၏အစွမ်းဖြင့် ဒွါရဉ်ထင်ခြင်းသို့ ရောက်သည်ကို ပေါင်းပါသည်။ ပန-သဒ္ဒါဖြင့် ကံထင်ပုံ အခြင်းအရာ အထူးကိုပြပါသည်။ (ဝိသေသဇောတက ဟူလို။) (အက်ရ)

- ပစ္စာသန္ဓ မရဏသ-၌ အဘယ်မျှလောက် နီးသောကာလကို ပစ္စာသန္ဓ မရဏကာလ-ဟု ဆိုပါသနည်း။

၁၀၄၀-ဖြေ။ ။တဝီထိ, တဝီထိထက် အနည်းငယ်မျှပို၍ အသက်ကြွင်းရှိသောကာလကို အလွန်နီးသော သေခြင်းရှိသော ကာလ-ဟု ဆိုပါသည်။

- † ဧကဝီထိပ္ပမာဏာယုက ဝသေန တတောဝါကိဉ္စိ အဓိကာယုက ဝသေန သမာသန္ဓ မရဏသ။ (ဋီ)

- မရဏာသန္ဓဝီထိ အဘယ်မျှ ရှိသည်ကို သင်္ဂဟ အထောက်ပြ၍ ဖော်ပြပါ။

၁၀၄၁-ဖြေ။ ။မရဏာသန္ဓဝီထိသည် ''ပစ္စာသန္ဓမရဏသ တသ ဝီထိစိတ္တာဝသာနေ ဘဝင်္ဂကွယေဝါ 'လ' ဥပ္ပဇ္ဇိတ္တာ နိရုဇ္ဇတိ'' ကို ထောက်၍ ဇောနောင် စုတိ၊ ဇောနောင် ဘဝင်၊ ဘဝင်နောင် စုတိ၊ တဒါရုံနောင် စုတိ၊ တဒါရုံနောင် ဘဝင်၊ ဘဝင်နောင် စုတိအားဖြင့် လေးဝီထိ ရှိပါသည်။

- အနုရုဒ္ဓါဆရာသည် ''တသ္မိံ နိရုဒ္ဓါဝသာနေ တထာဂဟိတံ'' လောက်တင်မဆိုဘဲ အဘယ်အကျိုးငှာ ''တဿာနန္တရမေဝ'' ဟူသော ပါဌ်ကို ဆိုပါသနည်း။

၁၀၄၂-ဖြေ။ ။ထိုပါဌ်ဖြင့် စုတိ၏ အခြားမဲ့၌ ကြားမရှိ ပဋိသန္ဓေ ဆက်ဖြစ်ပုံကိုပြသဖြင့် အချိုပုဂ္ဂိုလ်များ ယူနေကြသော စုတိကျ၍ သေလွန်ပြီးနောက်၊ စုတိ ပဋိသန္ဓေအကြား ဘဝတခု၌ အမိ-အဖတို့ သွားလာပေါင်းဖော်ခြင်း, အမိ၏ ဥတုလာခြင်း စသည်ကိုဆိုင်းငံ့၍ ၇-ရက်ခန့်အိမ်ပေါ်မှာနေပြီး ၇-ရက်လည်မှ အိမ်ပေါ်ကဆင်း၍ ဘဝတပါး၌

ပဋိသန္ဓေ ယူသည်ဟူသော မိစ္ဆာ အယူကို တားမြစ်ခြင်း အကျိုးငှာ ထိုပါဠိကို ဆိုရပါသည်။

† ဘသော နန္တရမေဝါတိ ဣမိနာ အန္တရာဘဝဝါဒိမတံ ပဋိက္ခိပတိ။ (ဋီ)

● "အဝိဇ္ဇာတဏှာ ဝသေန ဒွေမူလာနိ" ဟု ဆိုသောကြောင့် "အဝိဇ္ဇာတဏှာနုသယ မူလကေန သန်ဓါရေန" ဟု ဆိုသင့်လျက်မဆိုဘဲ အဘယ်၏အစွမ်းဖြင့် တဏှာနုသယ မူလကေန ဟု ဆိုပါသနည်း။

၁၀၄၃-ဖြေ။ ။ဘဝ ပတ္ထနာ၏ အစွမ်းဖြင့် ဆိုပါသည်။

{အဝိဇ္ဇာသည် အခြံအရံမျှသာဖြစ်၍ တဏှာသည်သာလျှင် သုဂတိ,ဒုဂ္ဂတိဘဝကို တောင့်တ၍ ထို သုဂတိ,ဒုဂ္ဂတိဘဝသို့ ရောက်ကြောင်းကံကိုပြုသောကြောင့် တဏှာသာလျှင်သုဂတိ, ဒုဂ္ဂတိ ဘဝသို့ ရောက်ကြောင်း၏ အကြောင်းရင်းမူလဖြစ်သည်ဟူလို။}

† ဘဝပတ္ထနာ ဝသေန ပန အဝိဇ္ဇာနုသယ ပရိကိ္ခတ္တေန တဏှာနုသယမူလကေနာတိ ဝုတ္တံ။ (အကိုရ)

● မရဏာ သန္ဓဇောနှင့်တကွ ဖြစ်ကုန်သော အငြိုး တဏှာတို့သည် ပစ္စုပ္ပန် ဖြစ်သောကြောင့် အနုသယ မဖြစ်နိုင်ဘဲလျက် အနုရုဒ္ဓ၊ဆရာသည် အဝိဇ္ဇာနုသယ ပရိကိ္ခတ္တေန-စသော စကားကို အဘယ့်ကြောင့် ဆိုပါသနည်း။

၁၀၄၄-ဖြေ။ ။ဒုနုသယနှင့် သဘောတူ၍ အနုသယ-ဟူ၍ ခေါ်ဝေါ်နိုင်သောကြောင့် အဝိဇ္ဇာနုသယ ပရိကိ္ခတ္တေန-စသော စကားကို အနုရုဒ္ဓ၊ဆရာ ဆိုပါသည်။

† အနုသယ သဒ်သတာယ တာသမ္မိ အနုသယ ဝေါဟာရ ဘာဝတော။ (ဋီ)

● ပုဂ္ဂိုလ်တယောက် ဘဝတပါးမှ စုတေ၍ ဘဝတပါးသို့ ရောက်အောင် ပို့ဆောင်ပစ်ချရာ၌ အဝိဇ္ဇာ, တဏှာ, သင်္ခါရတို့ ဒိဗိတို့ တဝဝန်ဝတ္တရားကို ဆောင်ရွက် အလုပ်လုပ်ပုံကို ညွှန်ကြားပါ။

၁၀၄၅-ဖြေ။ ။အဝိဇ္ဇာသည် အာရုံ၏ အပြစ်ကို ဖုံးလွှမ်းပေး၏။ ဘဏှာသည် သွတ်ခြင်းကို ပြုပေး၏။ ကုသိုလ်, အကုသိုလ်ကံဟု ဆိုအပ်သော သင်္ခါရတို့သည် ဘဝတပါးသို့ပစ်ချ၏။ ဤသို့ ဝတ္တရားကို ဆောင်ရွက်ကြပါသည်။

{ဒုဂ္ဂတိဘဝ ပစ်ချရာ၌ အကုသိုလ်ကံ သင်္ခါရ၊ သုဂတိဘဝ ပစ်ချရာ၌ ကုသိုလ်က် သင်္ခါရ-ဟု ယူ။ ကုသိုလ်, အကုသိုလ်ကံဟု ဆိုအပ်သော သင်္ခါရသည် ဇနကသင်္ခါရ, ဒိပနကသင်္ခါရ-ဟု ၂-မျိုးရှိ၏။ ဤ၌ ဒိပနကသင်္ခါရ ဟူလို။}

† အဝိဇ္ဇာတဏှာသင်္ခါရ၊ သဟဇေဟိ ဒေပါယိနံ။
ဝိသယာဒိနဝ ဆ္ဆာဒံ၊ နမနံ ဒိပနမ္မိစ။
အပ္ပဟီနေဟိ သေသာနံ၊ ဆာဒနံ နမနမ္ပိစ။
ဒိပကာ ပန သင်္ခါရာ၊ ကုသလာဝ ဘဝန္တိဟ။

(ဦး-ပြ သစ္စသံခိပ်)

● "သင်္ခါရေန ဇနိယမာနံ"၌ အဘယ် သင်္ခါရမျိုးကို ယူရမည်နည်း။

၁၀၄၆-ဖြေ။ ။ပဋိသန္ဓေကိုဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်စေတနာ-ဟု ဆိုအပ်သော သင်္ခါရ၊ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ် စိတ္တုပ္ပာဒ်ဟု ဆိုအပ်သော ဓမ္မသမုဒါယ သင်္ခါရ ၂-မျိုးလုံးကို ယူရပါမည်။

{ဤ၌ပဋိသန္ဓေကိုဖြစ်စေတတ်သော ကုသိုလ်, အကုသိုလ်ကံထိုက်နှင့်ယှဉ်သော စိတ္တုပ္ပာဒ်သည် ဇနနသင်္ခါရ၊ကံ, ကမ္မနိဒ္ဒိဿစသော အာရုံ၌ ပစ်ချတတ်သော မရဏာသန္နဇောနှင့် အတူတကွဖြစ်သော စေတနာ၊ ထိုစေတနာနှင့်ယှဉ်သော စိတ္တုပ္ပာဒ်သည် ဒိပန သင်္ခါရ-ဟု နှစ်မျိုးခွဲ၊ ထိုနှစ်မျိုးတွင် ဤ၌ "ဇနိယ

မာန''ဟု ဆိုသောကြောင့် ဇနန သခ်ါရကိုသာ လိုအပ်၏။ (အက်ရ) ဇနန, ခိပန သခ်ါရ နှစ်မျိုးလုံးသော်လည်း ယူ။ အဋ္ဌကထာနှင့် မူလဋီကာကို၌ ခိပန-သခ်ါရကို တိုက်ရိုက်ဖွင့်ဆို ကြ၏။}

● ဘဝဟောင်း၌ရှိသော တစုတခုသောဘရားတို့သည် ဘဝသစ် သို့ပြောင်း၍ ဖြစ်ပါသလော၊ မပြောင်းဘဲ ဘဝသစ်၌အ သစ်ပင် ဖြစ်ပါသလော။

၁၀၄၇-ဖြေ။ ။ဘဝဟောင်းမှ ပဋိသန္ဓေ,ဝိညာဏ်စသော တစုတခုသောတရားသည် ဘဝသစ်သို့ပြောင်း၍ မဖြစ်ပါ။ ဘဝဟောင်းက အဝိဇ္ဇာ, တဏှာ, ကံ-ဟု ဆိုအပ်သော အကြောင်းတို့နှင့်ကင်း၍လည်း ဘဝသစ် ပဋိသန္ဓေဝိညာဏ် မဖြစ်ပါ။ ပဲ့တင်သံ, ဆီမီးလျှံ, တံဆိပ်ရေး ကဲ့သို့ ဖြစ်ပါသည်။

{ရှေအသံဖြစ်ရာအရပ်မှာဖြစ်သော ပဲ့တင်သံသည် ထိုနေရာ မှာပင်ချုပ်၍ ဤအရပ်သို့ လာသည်လည်း မဟုတ်၊ ရှေ့ကဖြစ် သောအသံနှင့် ကင်း၍လည်း ဤအရပ်၌ အသံဖြစ်သည်လည်း မဟုတ်၊ ရှေ့ဆီမီးလျှံသည် ရှေ့တွင်ချုပ်၍ နောက်ဆီမီးလျှံသို့ မလာ၊ ရှေ့ဆီမီးလျှံနှင့် ကင်း၍လည်း နောက်ဆီမီးလျှံ မဖြစ်။ တံဆိပ်ရေး (တံဆိပ်တုံး) မှာရှိသော အမှတ်အသားသည် စက္ကူပေါ်သို့ရောက်လာသည်မဟုတ်၊ ထိုတံဆိပ်အမှတ်အသား နှင့်ကင်း၍လည်း စက္ကူပေါ်မှာ တံဆိပ်အမှတ်အသား မထင် နိုင်သကဲ့သို့ပင် ဖြစ်သည်ဟူလို။ ထိုအမိပ္ပာယ်ကို ''ဥပ္ပဇ္ဇမာန မေဝ''ဟူသော ပုဒ်ဖြင့် အနုရုဒ္ဓါဆရာ သိစေတော်မူပါသည်။}

(၉)

{ဖြစ်ကုန်ဖြစ်ကုန်သော သဘောဘရားတို့သည် မိမိတို့ဖြစ်ရာ ဌာနမှ ပကတိဟာလ၌လည်းပြောင်းရွှေ့ရိုးမရှိ၊သေသောကာလ မှာကား- ဆိုဘွယ်ရာမရ မပြောင်းသည်သာ အမှန်။ သို့သော် မရဏာသန္ဓဝိထိ၌ ဟေတုဖလ သမ္ဗန္ဓ အားဖြင့် တစပ်ဘည်း ဆက်စပ် နေသောကြောင့် ရှေဘဝဖြစ်သော တရားက တပါး၊ နောက်ဘဝဖြစ်သောတရားကတပါးဟုလည်း မယူရ။ အမှန်မှာ

ဤနေရာ၌ ဟေတုဖယ သမ္ဗန္ဓ နာနာက္ခဏိက ကမ္မသတ္တိ၏ အစွမ်း ဖြင့်ဖြစ်သည်ဟု သိစေလိုရင်းဖြစ်သည်။ ဥပ္ပဇ္ဇမာနမေဝပတိဌာတီ ဘဝန္တရေဖြင့် ပဋိသန္ဓေစိတ်သည် ဘဝဟောင်းမှာဥပါဒ်ဘဝသစ် ကျမှ ဌီ-ဖြစ်သည်မဟုတ်၊ ဖြစ်လျှင်ဖြစ်ခြင်း ဘဝသစ်မှာရောက် နေပြီ၊ ဘဝသစ်မှာပင် ဥပါဒ်ကစ၍ ဖြစ်သည်ဟု ဆိုလိုသည်။ ဤ "ဥပ္ပဇ္ဇမာနမေဝ" ဖြင့် လောက်လန်းသဘွယ် - ဝိညာဏ်တွယ် ဟူသော ဝါဒကို နစ်စေသည်၊ "ဘဝန္တရပဋိသန္ဓာန ဝသေန" ပါဌ်ဖြင့် ပဋိသန္ဓေ၏သဘောကို ပြသည်။} (ခဲရပ်)

● မရဏာသန္ဒဝိထိ-၌ မရဏာသန္ဒဇောတို့သည် အဘယ့်ကြောင့် အားနည်းစွာ ဖြစ်ကြပါသနည်း။

၁၀၄၈-ဖြေ။ ။ချုပ်ဘို့နီးနေသောကြောင့်ဂင်း, ဝတ္ထုရုပ် အားနည်း သောကြောင့်ဂင်း အားနည်းစွာ ဖြစ်ကြပါသည်။

† မန္ဒံ ဟုတ္ဘာ ပဝတ္တာနိ နိရောဓာသန္ဒတ္တာ ဒုဗ္ဗလဝတ္ထုကတ္တာ။ (ဇူ)

● အဘယ် ပစ္စုပ္ပန်အာရုံများ ထင်ရှားရှိစဉ် သတ္တဝါများ သေပါသနည်း။

၁၀၄၉-ဖြေ။ ။မနောဒ္ဓါရ၌ ဂတိနိမိတ်, ပစ္စုပ္ပန်အာရုံ ပဉ္ဇဒ္ဓါရ၌ ကမ္မနိမိတ်, ပစ္စုပ္ပန်အာရုံများ ထင်ရှားရှိစဉ်အခါ သတ္တဝါများ သေပါသည်။

{ဇောနောင် စုတိကျသော မရဏာသန္ဒဝိထိမှာ မရဏာသန္ဒဇောက ၅-ကြိမ်မျှသာစော၍ စုတိတိုင်အောင် ရေတွက်ကြည့် သော် စိတ္တက္ခဏ ၁၄-ချက်သာ ရှိသေး၍ အာရုံ မချုပ်သေး သောကြောင့် ပစ္စုပ္ပန် အာရုံကိုသာ အာရုံပြုရသည်။ ပစ္စုပ္ပန် အာရုံ ထင်ရှားရှိတုံးသာ သေရသည် ဟူလို။} (ဋီ)

● "တဒါ ပဋိသန္ဓိဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္ဓာရမ္မဏဘာ လဗ္ဘတိ" ဟူသော စကားကို အမြဲပင် မှတ်ရမည်လော။

၁၀၅၁-ဖြေ။ ။အမြဲမမှတ်ရပါ၊ ပဉ္ဇဒ္ဓါရ၌ တဒါရုံ, ဘဝင်နောင် စုတိ ကျသော မရဏာသန္ဒဝိထိတွင် (တီ-နှ-ဒ-ပ-စ-သံ-ဏ-ဝု-ဇ-ဇ-ဇ-ဇ

၉-ရုံ-ရုံ-ဘွင်-စု) စုတိဘွင် ဝိတ္တက္ခဏ ၁၇-ချက် အသက်ပြည့်သွားပြီ ဖြစ်၍ ပစ္စုပ္ပန်အာရုံလည်း ချုပ်သွားပြီ ဖြစ်သောကြောင့် ဘဝသစ် ပဋိသန္ဓေနှင့်ဘဝင်ဘိုသည် ပစ္စုပ္ပန်အာရုံကို အာရုံမပြုနိုင်တော့ပါ။ အဘိဘ်ကမ္မနိမိတ်ကိုသာ အာရုံပြုရတော့မည်။ ထို့ကြောင့် နောက်နားဘွင် "ပစ္စုပ္ပန္ဒ မတီဘာ ရမ္မဏံ ဥပလဗ္ဘတိ" ဟု သင်္ဂဟ၌ ဆိုလျက်ရှိသည်။ မနောဒွါရ မရဏာသန္ဒ ဝိထိများမှာလည်း ထိုက်သည့်အားလျော်စွာ စီစစ်၍ယူပါ။

{အချုပ်မှာ စုတိအထိ ရောက်ကြည့် ၁၇-ချက်မပြည့်သေးလျှင် ပစ္စုပ္ပန် အာရုံကိုပင် အာရုံပြုမည်။ စုတိမှာ ၁၇-ချက် အသက်ပြည့်နေလျှင် နောက်ဘဝ ပဋိသန္ဓေနှင့် ဘဝင်များမှာ အတိတ်ကိုသာ အာရုံပြုရဘောမည်ဟု မှတ်လေ။}

- "တဒါပဋိသန္ဓိဘဝင်္ဂါနန္တိ ပစ္စုပ္ပန္နာရမ္မဏဘာ လဗ္ဘတိ" အရ ဇောနောင် စုတိကျသော ပဋ္ဌဒွါရဝိထိ၌ ဘဝသစ်ကစိတ်ပေါင်းမည်မျှ ပစ္စုပ္ပန်အာရုံကို ယူနိုင်မည်နည်း ရောက်ပြပါ။

၁၀၅၁-ဖြေ။ ။ထို ဝိထိ၌ အတီဘ ဘဝင်မှစ၍ ဇုတ် ဘိုင်အောင် အာရုံအသက်မှာ စိတ္တက္ခဏ ၁၄-ချက်သာရှိသေး၍ ဘဝဟောင်းက ပစ္စုပ္ပန်အာရုံ မချုပ်သေး။ ထို့ကြောင့် ဘဝသစ်က ပဋိသန္ဓေသစ်နှင့် ဘဝင် ၂-ကြိမ်တို့သည် ထိုဘဝဟောင်း ပစ္စုပ္ပန်အာရုံကို ဆက်လက်၍ အာရုံပြုကြပါသေးသည်။ တတိယ ဘဝင်မှစ၍ နောင်ဘဝင်များမှာ ဘား-အတိတ်ကိုသာ အာရုံပြုကြပါသည်။

{ဤဝိထိကို နည်းမှီး၍ တဒါရုံနောင် စုတိကျသော ပဋ္ဌဒွါရဝိထိ, ဇောနောင် စုတိကျသော မနောဒွါရဝိထိ, တဒါရုံနောင် စုတိကျသော မနောဒွါရဝိထိ, ဇောနောင်ဘဝင် ဘဝင်နောင် စုတိကျသော ဝိထိ, တဒါရုံနောင်ဘဝင် ဘဝင်နောင် စုတိကျသောဝိထိများ၌ ဘဝသစ်က စိတ်ပေါင်းမည်မျှပစ္စုပ္ပန်အာရုံ ရနိုင်မည်ကို ကြိကြပါကုန်။}

● "ဆဒ္ဓါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တန္တု"ဉ္စ တမ္မနိမိတ်ရော ဂတိနိမိတ်ပါ ဆဒ္ဓါရဂ္ဂဟိတချည်း မှတ်ရမည်လော။

၁၀၅၂-ဖြေ။ ။မမှတ်ရပါ၊ကမ္မနိမိတ်ကို ဆဒ္ဓါရဂ္ဂဟိတ, ဂတိနိမိတ်ကို ဆဒ္ဓဒ္ဓါရဟုဆိုအပ်သော မနောဒ္ဓါရဂ္ဂဟိတ-ဟု ခွဲ၍မှတ်ရပါမည်။ သစ္စသံခိပ် မဟာဋီကာတို့ဥ္စကား-သာမညအားဖြင့် ပဋ္ဌဒ္ဓါရဉ္စလည်း ဂတိနိမိတ်ဖြစ်သေးသည်ဟုဆိုတော်မူ၏။ သို့ဆိုသော်လည်းအဋ္ဌကထာနှင့် မူလဋီကာတို့ဥ္စမလာသောကြောင့်ဋီကာဆရာပယ်ထား၏။ လယ်တီဆရာတော်ကား - ဂတိနိမိတ် ဒွါရ ၆-ပါးဥ္စ ဖြစ်မှကို အလိုရှိကြောင်း အောက်ပကိဏ်းပိုင်း ကပြခဲ့ပြီ။ တလိုင်းကုန်း ဆရာတော်လည်း ထို့အတူ အလိုရှိ၏။

† ကမ္မနိမိတ္တံ ဆဒ္ဓါရဂ္ဂဟိတံ။ ဂတိနိမိတ္တံ ဆဋ္ဌဒ္ဓါရဂ္ဂဟိတန္တိ ယထာသမ္ဘဝံ ယောဇေတဗ္ဗံ။ (ဋီ)

† ပဋ္ဌဒ္ဓါရေ သိယာ သဒ္ဒိ၊ ဝိနာ ကမ္မံ ဒ္ဝိဂေါစရေ။ (သစ္စသံခိပ်)

● ပဋိသန္ဓေကို ပေးတတ်သောကံသည် မရဏာသန္နဝီထိမှ ရှေ့အတိတ်အဘို့ ကာလက ဖြစ်၏။ မရဏာသန္နဇောသည်ကား-ပဋိသန္ဓေကို မဖြစ်စေတတ်, မရဏာသန္နဇော ဘဝသစ် ပဋိသန္ဓေ၏ အာရုံဖြစ်သော ကမ္မနိမိတ်သည်လည်း ပဋိသန္ဓေကို ပေးတတ်သော ကံ၏ ကမ္မနိမိတ်သာ ဖြစ်သင့်လျက် အဘယ့်ကြောင့် ပစ္စုပ္ပန်ကမ္မနိမိတ်ကို အာရုံပြုသည်ဟု ဆိုပါသနည်း။

၁၀၅၃-ဖြေ။ ။ပဋိသန္ဓေကို ပေးတတ်သော ကံကို ပြုစဉ်အခါက ထင်လာသော တုတ်, လုံတံ, ကျောင်း, ဘုရားစသော အာရုံသည် မုချ ကမ္မနိမိတ်-မည်၏။ မရဏာသန္နဇော ဘဝသစ် ပဋိသန္ဓေတို့ အာရုံပြုသော ပစ္စုပ္ပန် ကမ္မနိမိတ်ကား-ထိုကံပြုစဉ်အခါကထင်သော မုချ ကမ္မနိမိတ်နှင့်တူသောကြောင့် တံသဒိသ ကမ္မနိမိတ်-မည်၏။ ထို ၂-ပါးတို့တွင် ဤဥ္စကား-တံသဒိသ ကမ္မနိမိတ်ကို အာရုံပြုသည်ကိုရည်၍ ပစ္စုပ္ပန်ကမ္မနိမိတ်ကို အာရုံပြုသည်ဟု ဆိုပါသည်။ မူလဋီကာ စသည်ဥ္စလည်း ထို့အတူပင်ဆို၏။ (ဋီကာ-စသည်)

● မရဏာသန္ဓေဘဝသည် အဘယ့်ကြောင့် ပဋိသန္ဓေကို မဖြစ်စေ ပါသနည်း။

၁၀၅၄-ဖြေ။ ။ဆည်းပူးအပ်သော အဖြစ်မရှိသောကြောင့်၎င်း, တဏှာဖြင့် မသာယာအပ်သောကြောင့်၎င်း ပဋိသန္ဓေကို မဖြစ်စေပါ။ အဖန်ဖန်ဆည်းပူးအပ်သော အာသေဝန အထောက်အပံ့ရမှ ပဋိသန္ဓေကို ဖြစ်စေသည်။ သို့သော် မရဏာသန္ဓဘဝသည် အာရုံကိုကား-ထင်စေနိုင်သေးသည်။

† ဥပစိတဘာဝါ ဘာဝတော အနသာဒိတတ္တာစ။ (ဋီ)

● အရူပဘုံမှ စုတေ၍ ကာမဘုံမှာ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်တို့အား အရူပဘုံ၌ပင် ဂတိနိမိတ်ဖြစ်သော ရူပါရုံသည် အဘယ်သို့ ထင်နိုင်မည်နည်း။

၁၀၅၅-ဖြေ။ ။ဖြစ်လတ္တံ့သောကာမဘုံ၌ ရူပါရုံသည် ဂတိနိမိတ်၏အစွမ်းဖြင့် ထင်သောကြောင့် ထင်နိုင်ပါသည်။

{အရူပဘုံ၌ပင် ရူပါရုံသည် ဂတိနိမိတ်၏အစွမ်းဖြင့် ထင်သော်လည်း ထိုဂတိနိမိတ်ရူပါရုံသည် ဖြစ်လတ္တံ့သောကာမဘုံ၏အာရုံသာ ဖြစ်သောကြောင့် ထင်နိုင်သည်ဟူလို။ မထင်နိုင်ကြောင်း အနုဋ္ဌီကာနှင့် ပရမတ္ထဒီပနီဆရာတို့ အလိုကို ပကိဏ်းဝိုင်း ဒွါရဝိမုတ်စိတ်အာရုံယေဘုယျသဒ္ဒါဆိုရခြင်းအကြောင်း၌ ပြခဲ့ပြီ။}

† တံ ပန ကာမဘဝေယေဝ အာရမ္မဏံ၊ ဥပပဇ္ဇိတမ္ဘဘဝသ္မိံ ဟိ ဝတ္ထွာဂတိနိမိတ္တဘဝသေနဥပဋ္ဌာတိ။ (အဘိဓမ္မတ္ထဝိကာသဋီ)

● အရူပစုတိနောင် အဘယ့်ကြောင့် အောက်အောက် ဖြစ်သော အရူပ ပဋိသန္ဓေများကို ကြဉ်ရပါသနည်း။

၁၀၅၆-ဖြေ။ ။အထက်အထက်ဘုံ၌ဖြစ်သော အရူပဇ္ဈာတို့သည် အောက်အောက်ဘုံ၌ ပဋိသန္ဓေကိုဖြစ်စေတတ်သောကံကို အားမထုတ်သောကြောင့် အောက်အောက်အရူပ ပဋိသန္ဓေများကို ကြဉ်ရပါသည်။

† ဥပရူပရိ အရူပိနံ ဟေဋ္ဌိမ ဟေဋ္ဌိမ ကမ္မဿ အနာစိဏ္ဏဟနတော။

(ဋီ)

● အရှုပဘုံမှ စုတေ၍ ကာမဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား တိဟိတ် ပဋိသန္ဓေသာ့နေ၍ အဘယ့်ကြောင့် ဒ္ဝိဟိတ် ပဋိသန္ဓေ မနေပါသနည်း။

၁၀၅၇-ဖြေ။ ။အရှုပဝစရဗျာန်၏ အနိုး၌ဖြစ်သော ကာမာဝစရကုသိုလ်ဟုဆိုအပ်သော ဥပစာရဗျာန်၏ အားရှိသောကြောင့် ထို့ဥပစာရ့ဗျာန်၏အကျိုးဖြစ်သော တိဟိတ် ပဋိသန္ဓေသာနေ၍ ဒ္ဝိဟိတ် ပဋိသန္ဓေ မနေပါ။ (ဋီ) ဥပစာရဗျာန်ဟု ဆိုအပ်သော တိဟိတ်ဥက္ကဋ္ဌကုသိုလ်ကံမှ တပါးသော အားနည်းသောကံ တပါးသည် အကျိုးပေးခွင့်ကိုမရသောကြောင့် တိဟိတ် ပဋိသန္ဓေသာနေ၍၊ ဒ္ဝိဟိတ် ပဋိသန္ဓေ မနေပါ။ (ပရမတ္ထဒီပနီ)

† ဥပစာရဗျာနဿ ပန ဗလဝဘာဝတော တဿဝိပါကဘူတာ ကာမတိဟေတုကာ ပဋိသန္ဓိယော ဟောန္တိ။ (ဋီ)

● ရူပါဝစရဘုံမှစုတေသော ဗြဟ္မာတို့အား အခြားဘုံတို့၌ ဒ္ဝိဟိတ် ဥက္ကဋ္ဌ, တိဟိတ် သြမက ပဋိသန္ဓေသာနေ၍ အဘယ့်ကြောင့် ဒ္ဝိဟိတ် သြမက, အဟိတ်ပဋိသန္ဓေ မနေပါသနည်း။

၁၀၅၈-ဖြေ။ ။ရူပါဝစရဗျာန်၏ အနိုး၌ဖြစ်သော ကာမာဝစရကုသိုလ်ဟုဆိုအပ်သော ဥပစာရဗျာန်၏ အစွမ်းဖြင့်သာလျှင် ဒ္ဝိဟိတ် ဥက္ကဋ္ဌ, တိဟိတ်သြမက ပဋိသန္ဓေသာနေ၍ ဒ္ဝိဟိတ် သြမက-အဟိတ် ပဋိသန္ဓေ မနေပါ။ (ဋီ)

နိဝရဏတို့ကို ကောင်းစွာခွာပြီးသော ရူပဗြဟ္မာတို့အားအပ္ပနာသို့ရောက်သော ဗျာနအထူးဖြင့် ကောင်းစွာ ပွားများ အပ်ပြီးသော စိတ် အစဉ်ရှိသောကြောင့် ဇစွန္ဓစသည်ကိုဖြစ်စေတတ်သော ဒ္ဝိဟိတ်သြမက ကံနှင့် အပါယဂါမိကံတို့သည် အကျိုးပေးခွင့်ကို မရပါ။ ထို့ကြောင့် ထိုဗြဟ္မာတို့အား ဒ္ဝိဟိတ် ဥက္ကဋ္ဌ, တိဟိတ် သြမက ပဋိသန္ဓေသာနေ၍ ဒ္ဝိဟိတ် သြမက, အဟိတ်ပဋိသန္ဓေ မနေကေ့ပါ။ (ပရမတ္ထဒီပနီ)

† ဥပစာရဗျာနာနုဘာဝေနေဝ ဒုဟေတုက တိဟေတုက ပဋိသန္ဓိယော သိယုံ။ (ဋီ)

- စိတ်၌တပ်ခြင်းကင်းသော ဘာဝနာ၏အစွမ်းဖြင့် အသည်သတ်ဘုံ၌ ကမ္ဘာဝါးရာ ကာလပတ်လုံး စိတ်ကင်းနေသော ပုဂ္ဂိုလ်အား အဘယ့်ကြောင့် ကာမဘုံ၌ နောက်ဘပ်တဖန် စိတ်ဖြစ်ပေါ်လာရပြန်ပါသနည်း။

၁၀၅၉-ဖြေ။ ။ရူပါဝစရ စတုတ္ထဈာန်၏အစွမ်းဖြင့် ဝေးကွာပြီးသောစိတ်သည်ယိုဈာန်၏အာနုဘော်ကင်းသဖြင့်ကာမသုဂတိ ၇-ဘုံ၌ ဘဖန် စိတ်ဖြစ်ပေါ်လာရပြန်ပါသည်။

† ယသ္မာ စိတ္တပိရာဝတ္တံ၊ ကာတုံ နာသက္ဒိ သဗ္ဗသော။
တသ္မာ သာနုသယသော၊ ပုနုပ္ပတ္တိ သိယာ ဘဝေ။
(သစ္စသံခိပ်)

- "ပဋိသန္ဓိနိရောဓာနန္တရဘော ပဘုတိ တမေဝါရမ္မဏမာရဗ္ဘ တဒေဝစိတ္တံ" ပါဌ်၌ ပဋိသန္ဓေစိတ်သည် ချုပ်သွားပြီးဖြစ်လျက်ထို ပဋိသန္ဓေစိတ်သည်ပင် ဘဝင်,စုတိစိတ်ဖြစ်သည်ဟု အဘယ့်ကြောင့် ဆိုပြန်ပါသနည်း။

၁၀၆၀-ဖြေ။ ။ပဋိသန္ဓေစိတ်သည် ချုပ်ပြီးဖြင်၍ ဘဝင်,စုတိမဖြစ်နိုင်သော်လည်းထိုချုပ်သွားသော ပဋိသန္ဓေစိတ်နှင့် ဘဝင်,စုတိစိတ်တို့မှာ ဘုမ္မိ,ဇာတိ,သမ္ပယုတ္တဓမ္မ,သဒ်ါရ အာရုံအားဖြင့် တူသောကြောင့် သဒိသူပစာအားဖြင့်ချုပ်သွားသောပဋိသန္ဓေစိတ်သည်ပင် ဘဝင်,စုတိဖြစ်သည်ဟု ဆိုပြန်ပါသည်။

{ထို ချုပ်သွားသော ပဋိသန္ဓေစိတ်သည်ပင် မူချအားဖြင့် ဘဝင်,စုတိ မည်သောကြောင့် ဆိုသည်မဟုတ် ဟူလို။}

† တဒေဝ စိတ္တဉ္ဒိ တံ သဒိသတာယ တမ္မောဟာရပ္ပဝတ္တတ္တာ တဒေဝ စိတ္တံ။ (ဋီ)

မရဏုပ္ပတ္တိစတုက္က အဖြေ ပြီး၏။

ဘုံပိုင်း ပကိဏ္ဏက

စုတိနောင် ပဋိသန္ဓေနောင်း(အကျဉ်း)

●

‘‘ကာမ’’

* ဒု-သု-ဠိဆ, စုတိမှ, ကာမ-ဇာဆယ်သာ။
တိဟိတ်ကာမ,စု-လေးမှ,နောင်းထ-နှစ်ဆယ်ပါ။

‘‘ရူပ’’

* ရူပါပဇ္ဈ,အဟိတ်ချ,နောင်းထ သတ္တရာ။
အသညာရှိ,စုတေဘိ,ဠိ-တိ အဋ္ဌသာ။

‘‘အရူပ’’

* အာဝရုပ်လေးမှ,ဟဋ္ဌိချ, အဋ္ဌတိ-ကာ, အာရုပ္ပါ။
ရှစ်-ဆွန်-ခြောက်-ငါး,စဉ်တိုင်းသွား,မမှားတိဟိတ်မှာ။
လေး-သုံး-နှစ်-တစ်,စဉ်တိုင်းဖြစ်,မှတ်လစ်အရိယာ။

(သစ်) (ဤကား-သင်္ဂဟအတိုင်း အကျဉ်းမျှသာ)

စုတိနောင် ပဋိသန္ဓေနောင်း(အကျယ်)

●

‘‘ကာမဘုံအတွက်’’

* ဒု-သု-ဠိဆ,စုတိမှ,ဒသ ကာမာ ၁၁-ရှာ။
တိဈာန်မရှိ,ကာ-တိလေး၀,စုတိမှ,ဒသကာမာ ၁၁-ရှာ။
တိဈာန်အရှိ,ကာ-တိလေး၀,စုတိမှလျှင်,ရူပ,မဟဂ်ဒသ်,
ရလတ်ဖြဟ္မာ‘၁၅-ရှာ, သုဒ္ဓါ-ကြဉ်ကုန်ကြ။
သော - သ - ဈာန်ဆွာ, တိ-ကာလေး၀, စုတိမှ, လေး၀
တိကာ ၇-ရှာ။
သော-သ-ဈာန်ပါ,တိ-ကာလေး၀,စုတိမှလျှင်,နဝမဟဂ္ဂ
စုဒ္ဓဖြဟ္မာ, ကြဉ်လေပါ, သုဒ္ဓါ အာသည။
ဈာန်ဧကအမှန်,အနာဂါမ်မှာ,တိ-ကာလေး၀,စုတိမှလျှင်
နဝမဟဂ်, အထက်ဖြဟ္မာ ၁၉-ရှာ,ကြဉ်ပါ အာသည။

စုတိဒသ, ဝိသသန္ဓေ, ဘူမေတွက်စစ်, ကော်တိုဖြစ်, ပေါင်း
လစ် ဘုံကာမ။
ကာမစုတိ, နှောင်းတုံဘိ, သန္ဓိနိဒ္ဒြပြ။ (သစ်)
{ကာ-တိ တိ-ကာ=တိဟိတ် ကာမပဋိသန္ဓေ-၄။}
ဤကဗျာများကို အောက်ပါဇယားနှင့် ကိုက်ကြည့်ပါ။

"ကာမစုတိနောင် ပဋိသန္ဓေနှောင်းပုံ"

ဇယား

ကာမပုဂ္ဂိုလ်	စုတိ	နေနိုင်သော ပဋိသန္ဓေ	ရောက်နိုင်သည့်ဘုံ
ဒုဂ္ဂတိအဟိတ်	၁	၁၀	၁၁
သုဂတိအဟိတ်	၁	၁၀	၁၁
ဒ္ဝိဟိတ်	၄	၁၀	၁၁
ဈာန်မရတိဟိတ်	၄	၁၀	၁၁
ဈာန်ရတိဟိတ်	၄	၁၀	၁၅
ဈာန်မရ-ဧသာ	၄	၄	၇
ဈာန်ရ-ဧသာ	၄	၉	၁၄
ဈာန်မရ-သ	၄	၄	၇
ဈာန်ရ-သ	၄	၉	၁၄
အနာဂါ	၄	၉	၁၉
အဂ္ဂဟိတဂ္ဂဟဏ အပေါင်း....	၁၀	၂၀	၃၁

"ရူပဘုံအတွက်"

* ရူပဘုံတွက်, စည်းကမ်းချက်, တသက်မှတ်စရာ။
အပါယ်အသည်, ထိုင်ါးဝ, ကြဉ်ရ-အမြဲပါ။
ကျန်ဆဗ္ဗီသ, ဘုံကိုမှ, တွေးဆ-စဉ်းစားရာ။

အောက်အောက်ဘုံအား,သန္ဓေများ,ပယ်ထားရမည်သာ
ပ-တိစုမှ, အဟိတ်ချ၍, သတ္တရသာ, ကြဉ်သုဒ္ဓါ, ဘုမှာ
ဧက်ဝီသ။
ပ-သော-သ-မှ,နဝမဟတ်,စုဒ္ဒသ်ဖြဟ္မာ, ငါးသုဒ္ဓါ,ကြဉ်
ပါ-လေကုန်ကြ။
ပ-အနာမှ, နဝမဟတ်, ဖြဟ္မတ်ရပ်ဌာ, ၁၉-ရွာ,သေချာ
မှတ်ကုန်ကြ။
ဒု-တိ-ဒွိ-မှ,ပ-ခွာရ၍,သောဋ္ဌသသာ, ပ-သုဒ္ဓါ,ပယ်ခွာ
ဌာရသ။
ဒု-သော-သ-မှ,ပ-ကာ-ပ၍,အဌမဟတ်,ဧက်ဒသ်ဖြဟ္မာ,
ကြဉ်လေပါ, သုဒ္ဓါပထမ။
ဒု-အနာမှ, ပ-ကာ-ပ၍, အဌမဟတ်, သောဋ္ဌသ်ဖြဟ္မာ၊
ကြဉ်လေပါ, ၃-ဖြာ ပထမ။
တ-တိ-စုမှ,ပ-ဒု-တ-သာ,ချခါစုဒ္ဒ,ပန္ဒရသမှာ,ပ-ဒုပါ,
သုဒ္ဓါ ကြဉ်ကုန်ကြ။
တ-သော-သ-မှ, ပ-ဒု-တ-ကာ, ချခါခြောက်ဝ, အဌ
ဖြဟ္မာ, ပ-ဒု-ကာ, သုဒ္ဓါ ပယ်ခွာကြ။
တ-အနာမှ, ပ-ဒု-တ-ကာ, ချခါခြောက်ရပ်, တေရသ်
ဖြဟ္မာ, ပ-ဒုကာ, ပယ်ခွာလေကုန်ကြ။
ဝေဟပ်တိ-မှ,ပ-ဒု-တ-စာ,ချခါတေရ,ဒွါဒသမှာ,ပ-ဒု-
တာ, သုဒ္ဓါပယ်ကုန်ကြ။
ဝေဟပ္ပလေ, ရိသုးထွေ,သန္ဓေဧက-ဘုံဝေဟ။
အသညသတ်ရှိ,စုတေဘိ,ဒွိ-တိအဌ,ဘုသတ္တ။ (ရုပ်စုတိ)
အောက်လေးသုဒ္ဓါ,နာဂါမ်မှာ,ထက်သာဧက-ကိုယ်စီရ။
အကန်ဌာ,ရဟန္တာ, နှောင်းလာ မရှိပ။
စုတိခြောက်ဝ, သံကသတ္တရာ, ဘုံဆဗ္ဗာ, ရူမှာပေါင်း
လေကြ။
ရူပစုတိ, နှောင်းတုံဘိ,သန္ဓိနိဌိပြ။ (သစ်)

{ဒု, တိ, ဒ္ဒိမှ=ဒုချာန် တိဟိတ် ပဋ္ဌိသန္ဓေ ၂-ခုမှ၊ ဒုတိယ ချာနပိပါကံ တတိယချာန ဝိပါကဥ္ဇ ကို ထောက်။ ပ-ကာ= ပ ချာန်ဝိပါက်-အဟိတ်ပယ် ကာမပဋ္ဌိသန္ဓေ-ဂ။}

ဤကဗျာများကို အောက်ပါဇယားနှင့် ကိုက်ကြည့်ပါ။

"ရူပစုတိနောင် ပဋ္ဌိသန္ဓေနှောင်းပုံ"

ဇယား

ရူပပုဂ္ဂိုလ်	စုတိ	နေနိုင်သော ပဋ္ဌိသန္ဓေ	ရောက်နိုင်သည်ဘုံ
ပဌမချာန်တိဟိတ်	၁	၁၇	၂၁
၎င်း-သော,သ	၁	၉	၁၄
၎င်း-အနာဂါမ်	၁	၉	၁၉
ဒု,ချာန်တိဟိတ်	၂	၁၆	၁၈
၎င်း-သော,သ,	၂	၈	၁၁
၎င်း-အနာဂါမ်	၂	၈	၁၆
တ,ချာန်တိဟိတ်	၁	၁၄	၁၅
၎င်း-သော,သ	၁	၆	၈
၎င်း-အနာဂါမ်	၁	၆	၁၃
ဝေဟပ္ဖိုလ်တိဟိတ်	၁	၁၃	၁၂
၎င်း-သော,သ,နာ	၁	၁	၁
အသညသတ်-သု	ရုပ်	၈	၇
အဝိဟာ-အနာ	၁	၁	၁
အတပ္ပာ-အနာ	၁	၁	၁
သုဒဿာ-အနာ	၁	၁	၁
သုဒဿီ-အနာ	၁	၁	၁
အကနိဋ္ဌ-ရဟန္တာ	၁	×	×
အဂ္ဂဟိတဂ္ဂဟဏ အပေါင်း....	၆	၁၇	၂၆

၅၀၂ မစိုးရိမ်-ဦကာကျော် အဖြေကျမ်း

"အရူပဘုံအတွက်"

* တိဟိတ်-အာက, စုတိမှလျှင်, ရုပ္ပ-ကာတိ, အဋ္ဌရှိ,သုဂတိ ရုပ္ပာ ၁၁-ရွာ။

အရိ-အာက, စုတိမှလျှင်, လေးဝအာရုပ်, သန္ဓေထုတ်, စတုဓ်ရုပ္ပာ-ဘုံလေးဖြာ။

တိဟိတ်,ဝိညာ, စုတိမှလျှင်, ကာသပယ်ဘိ,သတ္တရှိ,သုဂတိ-ရုပ္ပာ-ရပ် ၁၀-ရွာ။

အရိဝိညာ, စုတိမှလျှင်, ကာသ-ကာတိ, ပယ်လေဘိ, ကြိဋ္ဌိသာ-ထက်သုံးရွာ။

တိဟိတ်ကိဉ္ဇ, စုတိမှလျှင်, ပယ်ချအာ-ဝိ,ဆ-ပဋ္ဌိ,သုဂတိ-ရုပ္ပာ-ရပ် ၉-ရွာ။

အရိကိဉ္ဇ, စုတိမှလျှင်, နေဝကိဉ္ဇိ, ဌေးပဋ္ဌိ, ကိဉ္ဇိ-နေဝါ-ထက် ၂-ရွာ။

တိဟိတ်နေဝ,စုတိမှလျှင်,နေဝ-ကာ-တိ,ငါးပဋ္ဌိ,သုဂတိ-နေဝါ-ဘုံအဋ္ဌာ။

အရိနေဝ့,စုတိမှ,နှောင်းရသကာ-ဘုံနေဝါ။

စုတိလေးဝ့, သံကရှစ်ဖြာ, ဘုံမှာတွက်စစ်, တဆယ့်တစ်, ပေါင်းလစ်-အာရုပ္ပာ။

အာရုပ်စုဟိ,နှောင်းတုံဘိ, သန္ဓိနိဋ္ဌိတာ။ (သစ်)

<u>ဤကဗျာများကို တဘက်ပါ ဇယားနှင့် ကိုက်ကြည့်ပါ။</u>

☞ ဤကဗျာနှင့်ဇယားများကိုတိုက်ဆိုင်ကြည့်ပါက မည်သည့်ဘုံက မည်သူသေလျှင် မည်သည့် ပဋိသန္ဓေစိတ်ဖြင့် မည်သည့်ဘုံများသို့ ရောက်နိုင်သည်ကို အလွယ်နှင့် သိရပါလိမ့်မည်။ ဤစုတိနောင် ပဋိသန္ဓေနှောင်းကိုပြဆိုရာ၌ ဈာန်ရ,မရ ညွှန်ကြားချက်

နှင့် ပြုထုဇဉ် အရိယာမျှလောက်ကိုသာ ခွဲပြကြသည်။ ဤကဲ့သို့ အစိတ်စိတ် ပြည့်စုံစွာ ပြဆိုချက်ကိုကား - တွေ့ရခဲမည်ဖြစ်၍ သေချာကွဲပြားစွာ ကြိုးစား၍ ကျက်မှတ်ကြပါကုန်။

"အရူပစုတိနောင် ပဋိသန္ဓေနှောင်းပုံ"

ဇယား

အရူပပုဂ္ဂိုလ်	စုံတိ	နေနိုင်သော ပဋိသန္ဓေ	ရောက်နိုင်သည်ဘုံ
အာကာသ-တိဟိတ်	၁	၈	၁၁
၎င်း သော,သ,နာ	၁	၄	၄
ဝိညာဏ-တိဟိတ်	၁	၇	၁၀
၎င်း သော,သ,နာ	၁	၃	၃
အာကိဉ္စ-တိဟိတ်	၁	၆	၉
၎င်း သော,သ,နာ	၁	၂	၂
နေဝသညာ တိဟိတ်	၁	၅	၈
၎င်း သော,သ,နာ	၁	၁	၁
အဂ္ဂဟိတဂ္ဂဟဏ အပေါင်း	၄	၈	၁၁

ဘုံပိုင်း ပကိဏ္ဏက ပြီး၏။

ဘုံပိုင်းအဖြေ ပြီးပြီ။

ရုပ်ပိုင်း

ရူပသမုဒ္ဒေသ အဖြေ

●

● သင်္ဂဟ၌ ပါသော သပ္ပဘေဒပ္ပဝတ္တိကာ-၏ အဓိပ္ပာယ်ကို ရှင်းလင်း ဖော်ပြပါ။

၁၀၆၁-ဖြေ။ ။ဥဒ္ဒေသ,နိဒ္ဒေသ,ပဋိနိဒ္ဒေသတို့၏အစွမ်းဖြင့် သုံးပါး သောပရိစ္ဆေဒတို့ဖြင့် ဆိုအပ်သောအပြား,ပဝတ္တိပဋိသန္ဓေတို့၏အစွမ်း ဖြင့် နှစ်ပါးကုန်သော ပရိစ္ဆေဒတို့ဖြင့်ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော စိတ်,စေတသိက်တရားတို့ဟူ၍ ဆိုလိုပါသည်။ (၉)

{ဥဒ္ဒေသကား-စိတ်, စေတသိက်တို့၏ အကျဉ်းသရုပ်ကို ပြသောကြောင့် စိတ်ပိုင်းမှစ၍ စေတသိက် ၅၂-ပါး အဖွင့် အကုန်။ နိဒ္ဒေသကား - သမ္ပယောဂနည်း, သင်္ဂဟနည်းတို့ဖြင့် အကျယ်ပြရာ ဖြစ်သောကြောင့် တေသံ စိတ္တာ ဝိယုတ္တာနံ မှစ၍ စေတသိက်ပိုင်းအကုန်။ပဋိနိဒ္ဒေသကား-ဝေဒနာ စသည်တို့ဖြင့် စိတ်, စေတသိက်တို့ကို တဖန် အကျယ် ဝေဖန်ရာ ဖြစ် သော ကြောင့် ပကိဏ်းပိုင်း အကုန်။ ပဝတ္တိကား-ပဝတ္တိအခါ စိတ်, စေတသိက်တို့၏ ဖြစ်စဉ်ကို ပြရာ ဖြစ် သော ကြောင့် ဝီထိပိုင်း အကုန်။ ပဋိသန္ဓေကား - ပဋိသန္ဓေစုတိအခါ၌ စိတ်ဖြစ်စဉ်နှင့် ဘဝဖြစ်စဉ်တို့ကို ပြရာဖြစ်သောကြောင့် ဘုံပိုင်းအကုန်ကို ဆိုလို သည်။ (ဤကား-အများ ယူရိုးတည်း။) တနည်းအားဖြင့် စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမိတိ သဗ္ဗထာကား-ဥဒ္ဒေသ၊တတ္ထ စိတ္တံ. တာဝ စတုဗ္ဗိဓံ ဟောတိမှစ၍ စိတ်ပိုင်း တပိုင်းလုံးကား-စိတ္တံ-ဟူသော ဥဒ္ဒေသ၏ အကျယ်ကိုပြသော နိဒ္ဒေသ၊ ဧကုပ္ပာဒ နိရောဓာစ-မှစ၍ စေတသိက်ပိုင်း တပိုင်းလုံးကား-စေတသိက် ဟူသော ဥဒ္ဒေသကိုအကျယ်ပြသော နိဒ္ဒေသ၊ပကိဏ်းပိုင်းကား စိတ်,စေတသိက်တို့ကိုတဖန်အကျယ့်ဝေဖန်ပြသောပဋိနိဒ္ဒေသ-ဟုလည်း ယူနိုင်သည်။}

● သမုဒ္ဒေသ စသော ရုပ်တို့၏ ရူပသင်္ဂဟဝါးပါး အဓိပ္ပာယ်ကို ဖော်ပြပါ။

၁၀၆၂-ဖြေ။ ။ရုပ်တို့ကိုအကျဉ်းအားဖြင့်ဖော်ပြခြင်းသည် သမုဒ္ဒေသ၊ကေဝိဓ စသည်တို့၏အစွမ်းအားဖြင့်ခွဲခြမ်းဝေဖန်ခြင်းသည် ဝိဘာဂ၊ ရုပ်တို့၏ဖြစ်ခြင်းအကြောင်းသည် သမုဋ္ဌာန၊ စက္ခုဒသက စသော ရုပ်ဘို့၏အပေါင်းအစည်းသည်ကလာပ၊ဘုံ,ကာလ,သတ္တဝါတို့၏အပြားအားဖြင့် ရုပ်တို့၏ဖြစ်စဉ်သည် ပဝတ္တိကွမ-မည်ပါသည်။ (၌)

{ဘဝဘေဒ-အရ ကာမရူပဘဝ၊ကာလဘေဒ-အရ ပဝတ္တိ ပဋိသန္ဓေကာလ၊ သဘာဘေဒ-အရ သံသေဒဇ, ဩပပါတိက, ဂဗ္ဘသေယျက, ပရိပုဏ္ဏာယတန, အပရိပုဏ္ဏာယတန,သဘာဝက,အဘာဝက,အသညီ,ကြင်းသော ရူပီသတ္တဝါတို့ကိုယူ။} (၄)

● အဘယ့်ကြောင့် မဟာဘူတ မည်သည်ကို ရှင်းလင်းဖော်ပြပါ။

၁၀၆၃-ဖြေ။ ။ငါး,လိပ် စသော ဥပါဒိန္နသန္တာန်,စကြဝဠာ,ရေ,မြေ စသော အနုံပါဒိန္နသန္တာန်တို့၌ မဟာဘုတ် ဟူ၍ဆို အပ် သော သမ္ဘာရရောတ်တို့၏ အစွမ်းဖြင့် ကြီးမား၍ ထင်ရှားစွာ ဖြစ်တတ်သော ကြောင့်ဂုဏ်း, မျက်လှည့်သည် ဘိလူးမတို့နှင့်တူသောကြောင့်ဂုဏ်း, ကြီးမားကုန်သော မဟာဘုတ် ဥပါဒါရုပ်တို့၏ ဖြစ်ရာဖြစ်သောကြောင့်ဂုဏ်း မဟာဘူတ (မဟာဘုတ်) မည့် (၉၊) ပါသည်။

† မဟန္တာ ပါတုဘူတာတိ၊ မဟာဘူတ သမာတိဝါ။
ဝဠဉ်ကဘ္ဘာ အာဘူဘေန၊ မဟာဘူတာတိ သမ္မတာ။

† မဟန္တ ပါတုဘာဝင်္ဂတာ မဟန္တာနိ ဘဝန္တိ ဇာတေသု ဥပါဒါ၊ ရူပါနိ ဘူတာနိစာတိ မဟာဘူတာနိ။ (၌)

● မဟာဘုတ်တို့၏ မျက်လှည့်သည်နှင့်တူပုံ, ဘိလူးမနှင့် တူပုံကို ဥပမာ ဥပမေယျ နှီးနှော၍ ရှင်းလင်းပြပါ။

၁၀၆၄-ဖြေ။ ။မျက်လှည့်သည်တို့သည် အံ့ဘွယ် ထူးဆန်းသော ဝတ္ထု, မဟုတ်မမှန်သော ဝတ္ထုများကို လှည့်စား၍ပြသလို မဟာဘုတ်တို့သည်လည်း မီမိသည် အညို စသော သဘောမရှိကုန်ဘဲလျက် ညှို

ဲသော အဆင်းစသော သဘောဖြင့် ဥပါဒါရုပ်တို့ကို ပြတတ်ခြင်းတူကြပါသည်။ ဘီးလူးမတို့သည် နှစ်သက်ဘွယ်ရှိသော အဆင်းသဏ္ဌာန်စသည်တို့ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်သလို၊ မဟာဘုတ်တို့သည်လည်း နှစ်သက်ဘွယ်ရှိသော မိန်းမ,ယောကျ်ားတို့၏အဆင်းကိုပြခြင်းစသည်ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်ခြင်း တူကြပါသည်။

{မဟန္တာ ဟုတ္ထာ ဘူတာ ပါတုဘူတာတိ မဟာဘူတာ။ မဟန္တာနိ အဒ္ဓုတာနိ ဇေတသူတိ မဟာဘူတာ၊ မဟန္တာနိ အဘူတာနိ ဇေတသူတိ မဟာဘူတာ-စသည်ဖြင့် ဝစနတ္ထ ပြုခဲ့လေ။} (ဋီ)

● အဘယ့်ကြောင့် ဥပါဒါရုပ်-မည်ပါသနည်း။

၁၀၆၅-ဖြေ။ ။မ ဟာ ဘုတ် တို့ ကို မှီ ၍ ဖြစ် တတ် သော ကြောင့် ဥပါဒါရုပ်-မည်ပါသည်။

† မဟာဘူတေ ဥပါဒါယ ပဝတ္တံ ရူပံ် ဥပါဒါရူပံ်။ (ဋီ)

{ဋီ-၌ ဥပါဒါယ ရူပံ ဆိုလိုလျက် ယ-ကျေနေသည်။ မူလဋီကာ၌ကား - ယ-နှင့်ပင် ရှိသည်။}

● မဟာဘုတ်တို့ကိုမှီ၍ ဖြစ် သော ကြောင့် ဥ ပါ ဒါ ရုပ် ဆို လျှင် မဟာဘုက်တို့လည်း တပါးသော မဟာဘုတ်ကို သုံးပါးသော မဟာဘုတ်တို့ကမှီသောကြောင့် ထိုသုံးပါးသောမဟာဘုတ်တို့ကိုလည်း ဥပါဒါရုပ်ဟူ၍ ခေါ်ရတော့မည်လော။

၁၀၆၆-ဖြေ။ ။မခေါ်ရပါ၊အဘယ့်ကြောင့်ဆိုသော် မဟာဘုတ်တို့ကိုမှီ၍ ဖြစ်ကုန်သော ရုပ်တို့ကိုသာ ဥပါဒါရုပ်ဟူ၍ ခေါ်ဝေါ်အပ်သောကြောင့် ဖြစ်ပါသည်။ ထင်ရှားစေအံ့။ အကြင် ရုပ်တခုသည် မဟာဘုတ်တို့ကို မှီလည်း မှီတတ်၏။ မိမိကိုလည်း တပါးသောရုပ်တို့သည် မှီးလည်းမှီအပ်၏။ထို့မှီတတ်,မှီအပ်သော ပထဝီစသောရုပ်သည် ဥပါဒါရုပ်မဟုတ်။ အကြင်ရုပ်သည် မဟာဘုတ်တို့ကိုသာ အမြဲမှီတတ်၏။ မိမိကိုကား-တစုံတခုသောရုပ်သည် မမှီအပ်၊ ထို့ စကြဝဠာစသော ရုပ်သည်သာလျှင် ဥပါဒါရုပ်-မည်ပါသည်။ လိုရင်းကား-မိမိက သူတပါး

ကို မှီလည်းမှီတတ်, သူတပါး အမှီကိုလည်း ခံတတ်သော ရုပ်သည် ဥပါဒါရုပ်မဟုတ်၊ မိမိက သူတပါးကိုသာမှီတတ်၍ သူတပါးအမှီက်ိမခံတတ်သောရုပ်သည် ဥပါဒါရုပ် မည်သည်ဟူလို။]

† ဥပါဒါယေဝ ပဝတ္တာရူဒါနံ တံ သမညာ သိဒ္ဓိတော။ (ဋီ)

● ဥပါဒါရုပ်ဘို့၏ လက္ခဏာကို အဘယ်သို့ မှတ်ရမည်နည်း။

၁၀၆၇-ဖြေ။ ။မဟာဘုတ် လေးပါးတို့ကိုမှီ၍ ဖြစ်ခြင်း သည်ပင်လျှင် ဥပါဒါရုပ်၏ လက္ခဏာ ဖြစ်ပါသည်။ (ဋီ)

● အဘယ့်ကြောင့် ပထဝီစသည် မည်ပါသနည်း အသီး သီး အမိပ္ပာယ်ကို ဖော်ပြပါ။

၁၀၆၈-ဖြေ။ ။သဟဇာတ်ဖြစ်သော ရုပ်တို့၏တည်ရာ၏အဖြစ်ဖြင့် ထင်ရှားသောကြောင့် ပထဝီ-မည်ပါသည်။ သဟဇာတ်ဖြစ်သော ရုပ်တို့ကို ပြန့်နှံ့တတ်, ပွားစေတတ်သောကြောင့် အာပေါ-မည်ပါသည်။ ကြွင်းသော ဘုတ်သုံးခုအပေါင်းကို ရင့်ကျက်စေတတ်, ထက်စေတတ်, ပူစေဘတ်, နှုးညံ့စေတတ်သောကြောင့် တေဇော-မည်ပါသည်။ အရုပ်တပါးသို့ ရောက်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် ဘုတ် အပေါင်းကို ရောက်စေတတ်သောကြောင့် ဝါယော-မည်ပါသည်။ (ဋီ)

● ပထဝီ စသော ဓာတ်လေးပါးတို့၏ လက္ခဏာကို အသီးသီး ဖော်ပြပါ။

၁၀၆၉-ဖြေ။ ။ပထဝီဓာတ်သည် ခက်မာသည်၏အဖြစ်၊ အာပေါဓာတ်သည် ပျော်ဝင်းအိ ယိုစီးသည်၏ အဖြစ်၊ တေဇော ဓာတ်သည် ပူသည်၏ အဖြစ်၊ ဝါယောဓာတ်သည်ပြန့်သည်၏အဖြစ်၊ ဝါ-ထောက်ပံ့ခိုင်ခံ့သည်၏ အဖြစ် (တောင့်မာ စေသည်၏ အဖြစ်) ဟု ဆိုအပ်သော လက္ခဏာ အသီးသီး ရှိကြပါသည်။

† စတသောဝိ ပနေတာ ယထာက္ကမံ ကထိနဿ ဒဝတ္တ ဥက္ခတ္တ ဝိတ္ထမ္ဘနတ္တ လက္ခဏာတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● အဘယ့်ကြောင့် ပထဝီသည် ကက္ခဋ္ဌ (ကထိနတ္တ) လက္ခဏာ ရှိသည်ဟု ဆိုပါသနည်း၊ နူးညှံ့သိမ်မွေ့သောပထဝီလည်းရှိသည် မဟုတ်ပါလော။

၁၀၇၀-ဖြေ။ ။နူးညှံ့သိမ်မွေ့သော် ပထဝီရှိသော်လည်း ထို နူးညှံ့သိမ်မွေ့သောပထဝီသည် ကြွင်းသော ဘုတ်သုံးပါးကိုထောက်၍ကက္ခဋ္ဌ အဖြစ်သို့သာ ရောက်၏။ ထို့ကြောင့် ပထဝီသည် ကက္ခဋ္ဌ လက္ခဏာ ရှိသည်ဟု ဆိုပါသည်။ {အချင်းချင်းထောက်ဆ၍ မုဒု,ကက္ခဋ္ဌသဘော ဖြစ်သည်ဟူလို။} (ပရမတ္ထဒီပနီ)

● ပထဝီအပြားကို ၎င်းတို့၏အရနှင့်တက္ခ အသီးသီး ဖော်ပြပါ။

၁၀၇၁-ဖြေ။ ။ပထဝီသည် လက္ခဏ ပထဝီ, သသမ္ဘာရ ပထဝီ, အာရမ္မဏ ပထဝီ, သမ္မုတိ ပထဝီ-ဟူ၍ လေးမျိုးရှိ၏။ ထိုတွင် အဇ္ဈတ္တ သန္တာန်၌ဖြစ်သော ပထဝီဓာတ်၏ လက္ခဏာသည် လက္ခဏ ပထဝီ မည်ပါသည်။ ကေသာ, လောမာ စသော ကောဌာသ ၂၀-နှင့် သံ, ပြဒါး စသော ဗာဟိရပထဝီတို့သည် သသမ္ဘာရ ပထဝီ-မည်ပါသည်။ ပထဝီကသိုဏ်းဝန်းသည် အာရမ္မဏ ပထဝီ - မည်ပါသည်။ (နိမိတ္တ ပထဝီလည်း မည်ပါသည်။) ပထဝီကသိုဏ်းချာန်ရသောပုဂ္ဂိုလ်ဆိုရာ၌ ပထဝီသည် သမ္မုတိ ပထဝီ-မည်ပါသည်။ ဤ၌ကား-လက္ခဏ ပထဝီ, သသမ္ဘာရ ပထဝီ ၂-ပါးကိုလိုအပ်ပါသည်။ (ဤနည်းကိုမှီ၍ အာပေါ လေးပါးကိုလည်း သိပါ။) (မူလပဏ္ဏာသ အဌကထာ)

● အာပေါသည် ဖွဲ့စည်းခြင်း အာဗန္ဓန (၁၀တ္တ) လက္ခဏာ ရှိသည်ဟုဆိုလျှင် ထို အာပေါသည် ပကတိရေ၌ လွန်ကဲသော ကြောင့် ပကတိ ရေသည် အတုံးအခဲကြီးသာ ဖြစ်ရာပါသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် အတုံးအခဲ မဖြစ်ပါသနည်း။

၁၀၇၂-ဖြေ။ ။ထိုရေ၌ ဖွဲ့စည်းအပ်သောပထဝီဓာတ် အားနည်း သောကြောင့် အတုံးအခဲ မဖြစ်ပါ။

{ပထဝီဓာတ်အားကြီးသောဝတ္ထုပစ္စည်းကိုသာအာပေါက အတုံးအခဲဖြစ်အောင် ဖွဲ့စည်းနိုင်သည်။ထိုရေသည်ပင်တေဇော

ဓာတ် အားရှိရင့်ကျက်၍ ပထဝီ ဓာတ်, ဝါယောဓာတ် အား ကောင်းလာသောအခါ အာပေါက အ တုံး အ ခဲ ဖြစ် အောင် ဖွဲ့စည်း၍ ရေခဲ ဖြစ်လာရသည်ကို သတိပြုပါ။}

† အာဗန္ဓိတဗ္ဗာယ ပထဝိယာ တတ္ထပရိဒုဗ္ဗလတ္တာ။(ပရမတ္ထဒီပနီ)

● တေဇောသည် ပူခြင်း ဥဏ္ဍတ္တ လက္ခဏာ ရှိ သည် ဟု ဆိုလျှင် အေးသည်၏အဖြစ်ကို တေဇော မဟုတ်ဟူ၍ မှတ်ရမည်လော။

၁၀၇၃-ဖြေ။ ။မမှတ်ရပါ၊ ပူခြင်း, လောင်ခြင်း, ရင့်ကျက်ခြင်း, မှည့်ရင့်ကိုင်းညွှတ်သောသဘောသို့ ရောက်စေခြင်းသည် ဥဏ္ဍပင်ဖြစ်၍ အေးသည်၏အဖြစ်သည်လည်း ထိုလောင်ခြင်း,ရင့်ကျက်ခြင်းသဘော ရှိ၍ ဥဏ္ဍပင် ဆိုရသောကြောင့် ထိုအေးသည်၏အဖြစ်ကို ဥဏ္ဍတ္တ လက္ခဏာရှိသော တေဇော-ဟူ၍ပင် ဆိုရပါသည်။

† တေဇောဧဝ ဟိ သီတံ၊ ဟိမပါတ သမယာဒီသု သီဘဿ ပရိပါစကတာ ဒဿနတော။ (မူလဋီကာ)

{တေဇောသည် ပကတိ ကိုယ်ငွေခေါ် ဥသ္မာ တေဇော အပြင် ပြင်းစွာပူလောင်စေတတ်သော သန္တပ္ပန တေဇော,ပူရုံ တွင်မက မီးကဲ့သို့ လောင်ကွမ်း တတ်သော ဒဟ တေဇော, အရွယ်ယိုယွင်း အိုမင်းအောင် ဆံဖြူ သွားကြွေ အရေတွန့်တွဲ မုက်စိမွဲအောင်ပြုတတ်သော ဇိရဏတေဇော,အစာအာဟာရ တို့ကို ကြေကျက်စေတတ်သော ပါစက (ဝမ်းမီး) တေဇော-ဟု လေးမျိုးရှိသေး၏။}

* သန္တပ္ပန, ဒဟနနှင့်, ဇိရဏပါ, ပါစကာ, လေးဖြာ တေဇောမှတ်။ (သစ်)

● ဝါယောဓာတ်သည် ထောက်ပံ့ခိုင်ခံ့ပြန့်ခြင်း ဝိတ္ထမ္ဘနလက္ခဏာ ရှိသည်ဟုဆိုလျှင် တခဲနက် အစိုင်အခဲ ကျောက်တိုင်တို့၌ ထို ဝါယောကို အဘယ်သို့ ရမည်နည်း။

၁၀၇၄-ဖြေ။ ။ထိုတခဲနက် အစိုင်အခဲ့ကျောက်ကိုင်တို့၌ပထဝီဓာတ် သည် သဟဇာတဖြစ်သော ဝါယောဓာတ်၏ ထောက်ပံ့မှုကိုရသော

ကြောင့် အားရှိခိုင်ခံသည်၏ အဖြစ်သို့ရောက်၍ တခဲနက် အစိုင်အခဲအဖြစ်ကိုဆောင်ရွက်နိုင်သည်။ထို့ကြောင့် တခဲနက်အစိုင်အခဲကျောက်တိုင်တို့၌ ဝါယောကို ရနိုင်ပါသည်။ (ပရမတ္ထဒီပနီ)

{ဝါယောသည် အထက်သို့ ဆန်တက်တတ်သော ဥဒ္ဓင်္ဂမဝါယော, အောက်သို့စုန်ဆင်းသော အဓောဂမဝါယော, ဝမ်းတွင်း၌တည်သော ကုစ္ဆိဋ္ဌဝါယော, အူမ၌တည်သော ကောဋ္ဌာသယ ဝါယော, အင်္ဂါကြီး ငယ်သို့ လျှောက်သော အင်္ဂမင်္ဂါနုသာရီ ဝါယော, ထွက်သက် ဝင်သက်ဖြစ်သော အဿာသ-ပဿာသဝါယော-ဟု ဝိသုဒ္ဓိမဂ်၌ပြသော ၆-မျိုးကိုမှတ်လေ။}

* ဥဒ္ဓံ-အဓော, ကုစ္ဆိဋ္ဌောနှင့်, ကောဋ္ဌာသော တဝ, အင်္ဂမင်္ဂါ, အဿာသာ, ခြောက်ဖြာ-ဝါယောမှတ်။ (သစ်)

● အဘယ့်ကြောင့် ပဿာဒရုပ်-မည်ပါသနည်း။

၁၀၇၅-ဖြေ။ ။မဟာဘုတ် လေးပါးတို့၏ ကြည်လင်ကြောင်းဖြစ်သောကြောင့် ပဿာဒရုပ်-မည်ပါသည်။

† ပဿာဒရူပံနာမ စတုန္နံ မဟာဘူတာနံ ပသန္နဘာဝ ဟေတုကတ္တာ။ (ဋီ)

● ထိုပဿာဒရုပ်တို့၏ လက္ခဏာကို အသီးသီး ဖော်ပြပါ။

၁၀၇၆-ဖြေ။ ။ပဿာဒရုပ် ငါးပါးတို့သည် အစဉ်အတိုင်း ရှုလိုသည်၏အဖြစ်၊ ကြားလိုသည်၏အဖြစ်၊ နမ်းလိုသည်၏အဖြစ်၊ လျက်လိုသည်၏အဖြစ်၊ တွေ့ထိလိုသည်၏အဖြစ်ဟု ဆိုအပ်သော ကာမတဏှာလျှင် အကြောင်းရင်း ရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ် တို့ကို ကြည်စေတတ်သည်၏အဖြစ် တည်းဟူသော လက္ခဏာရှိပါသည်။

† တံ ပန ယထာက္ကမံ ဒဋ္ဌုကာမတာ သောတုကာမတာ ဃာယိတုကာမတာ သာယိတုကာမတာ ဖုသိတုကာမတာ နိဒါန ကမ္မသမုဋ္ဌာန ဘူတပ္ပသာဒ လက္ခဏံ။ (ဋီ)

● စက္ခုပသာဒ၏ဖြစ်ရာဌာန ဖြစ်ပုံအခြင်းအရာဘိုကို ဖော်ပြပါ။

၁၀၇၇-ဖြေ။ ။စက္ခုပသာဒသည် မျက်နက်ဝန်း၏အလယ် သန်းဦး ခေါင်းပမာဏရှိသော ရှေ့ဌာရပ်သော သူဘို၏ ကိုယ် သဏ္ဌာန် အရုပ်ကလေးပေါ်ရာအရပ်၌ ဖြစ်၏။ (၎င်းကို ပသာဒစက္ခု ခေါ်သည်။) ဖြစ်သောအခါ ဆီသည် ဝါဂွမ်းစိုင်တို့ကို ပြန့်နှံ့၍ဖြစ်သလို၊ မျက်လွှာ ၇-ထပ်ကို ပြန့်နှံ့၍ ချီဆောင်ခြင်း, ရေချိုးခြင်း, ကန်ဆာဆင်ခြင်း, ယပ်လေခတ်ခြင်း-ကိစ္စတို့ဖြင့် အထိန်းလေးယောက်ဘိုသည် မင်းသားငယ်ကို ထိန်းယစောင့်ရှောက်သကဲ့သို့ ကောင်းစွာဆောင်ခြင်း, ဖွဲ့ခြင်း, ရင့်စေခြင်း, လှုပ်ခြင်း, တွန့်တိုခြင်းကိစ္စရှိကုန်သော ဓာတ်လေးပါးတို့သည် ကျေးဇူးပြုအပ်သည်ဖြစ်၍ ဥတု, စိတ်, အာဟာရတို့သည် သောက်ပွဲခိုင်စေအပ်လျက် သဟဇာတ်ဖြစ်သော ဇီဝိတိန္ဒြေသည် စောင့်ရှောက်အပ်သည်ဖြစ်၍ အဆင်း စသည်တို့သည် ခြီရံ၍ယှဉ်သင့်သည်အားလျော်စွာ စက္ခုဝိညာဏ်စသည်တို့၏ ဝတ္ထုဒွါရအဖြစ်ကို ပြီးစေလျက်ဖြစ်ပါသည်။ (ဖြစ်ပုံ အခြင်းအရာ။) (ဦ)

● "ယဆာယောဂံ စက္ခုဝိညာဏာဒီနံ ဝတ္ထုဒွါရဘာဝသာဓေန္တ ပဝတ္တတိ" ဟူသော ဦကာပါဌ်၌ ယဆာယောဂံ၏အဓိပ္ပာယ်ကို ရှင်းလင်းခဲ့ပါ။

၁၀၇၈-ဖြေ။ ။ဤအရာ၌ ယဆာယောဂ ဆိုသည်ကား - စက္ခုဝိညာဏ်၏ ဝတ္ထုဒွါရအဖြစ်, သမ္ပဋိစ္ဆိုင်း စသည်တို့၏ ဒွါရ အဖြင်နှင့် ယှဉ်သင့်သည်အားလျော်စွာ ယှဉ်ယူရခြင်းကိုပင် ယဆာယောဂ ဆိုပသည်။ (ဇူ)

● ပသာဒစက္ခုကို ဖြစ်ရာအရပ်နှင့်တကွ သိရပြီ၊ ထိုမှတပါး မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော အသားစိုင် မျက်လုံးဝန်းကို အဘယ်စက္ခုဟူ၍ ခေါ်ဆိုရပါသနည်း။

၁၀၇၉-ဖြေ။ ။၎င်းကို သသမ္ဘာရစက္ခု-ဟု ခေါ်ဆို ရပါသည်။

† ဇူတရံ သသမ္ဘာရစက္ခူတိ ဝုစ္စတိ။ (ဦ)

❷ သသမ္ဘာရစက္ခု-အရကို ရှင်းလင်းဖော်ပြပါ။

၁၀၀၀-ဖြေ။ ။ဓာတ်ကြီးလေးပါး ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, သမ္ဘဝ, သဏ္ဌာန်, ဇီဝိတ, ဘာဝ, ကာယပသာဒ, စက္ခုပသာဒ-ဟူဆိုအပ်သော ၁၄-ပါးသော ဥပထ္ထမ္ဘကအကြောင်း သမ္ဘာရ အဝယဝန္ဓင့် တကွဖြစ်သော စက္ခုကို၊ ဝါ-အဆောက်အဦနှင့် တကွဖြစ်သော စက္ခု ကို သသမ္ဘာရစက္ခု-ဟု၊ ဝါ-အဆောက်အဦနှင့်တကွဖြစ်သော မျက်လုံး-ဟု ခေါ်ဆိုရပါသည်။ (၄)

● သောတ, ဃာန, ဇိဝှာ-ဘို့၏ ဖြစ်ရာအရပ်ကိုလည်း အသီးသီး ဖော်ပြပါ။

၁၀၀၁-ဖြေ။ ။သောတ ပသာဒသည် နားပေါက် အံ တွင်း၌ သက်စွပ်သဏ္ဌာန်ရှိသော ပြည့်စုံသိမ်မွေ့၍ နီသောအမွေးရှိသောအရပ်ကို ပြုန်နှံစေ၍ ဖြစ်ပါသည်။ ဃာနပသာဒသည် နှာခေါင်းအတွင်း၌ ဆိတ်ဆွဲသဏ္ဌာန်ရှိသောအရပ်ကို ပြုန်နှံစေ၍ဖြစ်ပါသည်။ဇိဝှာပသာဒသည် လျှာ၏အလယ်၌ ကြာရွက်ဖျားသဏ္ဌာန်ရှိသော အရပ်ကို ပြုန်နှံစေ၍ ဖြစ်ပါသည်။ (၃)

● ကာယပသာဒ၏ ဖြစ်ရာအရပ်ကိုလည်း ညွှန်ပြပါ။

၁၀၀၂-ဖြေ။ ။ကာယ ပသာဒသည် ကမ္မဇတေဇော (ပါစကဒုတေဇော ဝမ်းမီး) ၏ တည်ရာအရပ်ကိုဂုဉ်း၊ ဆံပင်ဖျား, အမွေးဖျား, ခြေသည်း-လက်သည်းဖျား, ခြောက်သေအရေဘို့ကိုဂုဉ်းထား၍ ထိုမ ကြွင်းသော တကိုယ်လုံးကို ပြုန်နှံ၍ ဖြစ်ပါသည်။

† ဣတရံ ပန ဒွပေတ္ထာ ကမ္မဇတေဇသ ပတိဋ္ဌာနဋ္ဌာနံ ကေသဂ္ဂ လောမဂ္ဂ နခဂ္ဂ သုက္ခစမ္မာနိစ အဝသေသံ သကလသရီရ ဖရိတ္ထာ ပဝတ္တတိ။ (၄)

● ထိုကာယပသာဒသည် တကိုယ်လုံး ပြုန်နှံ၍တည်သော် အခြားသော ပသာဒရုပ်တို့နှင့် ရောယှက်, မရောယှက်ကို အကြောင်းနှင့်တကွ ဖော်ပြပါ။

၁၀၈၃-ဖြေ။ ။ပသာဒရုပ်ချင်း ပြားသောမှီရာ ပြားသောလက္ခဏာ ရှိသောကြောင့် မရောယှက်ကြပါ။

† ဧဝံ သန္တေပိ ဋုတရေဟိ တဿ သက်ရော နဟောတိ။
ဘိန္ဒ နိဿယ လက္ခဏတ္တာ။ (ဋီ)

● ဋီကာ ဟိတ်ပါ၌၌ "ဘိန္ဒ နိဿယတ္တာ" လောက်တွင် မဆိုဘဲ အဘယ့်ကြောင့် "ဘိန္ဒနိဿယလက္ခဏတ္တာ" ဟု ဆိုပါသနည်း ရှင်းလင်းပြပါ။

၁၀၈၄-ဖြေ။ ။တူသောမှီရာရှိသော ရူပါရုံ,ရသာရုံ စသည်တို့သည်ပင် လက္ခဏာပြားသောကြောင့် အချင်းချင်းမရောယှက်ကြ။ပြားသောမှီရာရှိသော ပသာဒရုပ်တို့မှာကား-အဘယ်မှာရောယှက်ကြတော့မည်နည်း။ ထို့ကြောင့် ထို ရောယှက်မှု၌ တူသောမှီရာ, ပြားသော မှီရာ လောက်တွင် အကြောင်းပြက မလုံလောက်။ ပြားသော လက္ခဏာထိအောင်ဆိုမှ လုံလောက်မည်ဖြစ်၍ ဘိန္ဒနိဿယတ္တာလောက်တွင် မဆိုဘဲ၊ ဘိန္ဒနိဿယ လက္ခဏတ္တာထိအောင် ဋီကာဆရာ ဆိုရပါသည်။

{လိုရင်းကား-၏ ရောယှက်မှု မရောယှက်မှု၌ ဘိန္ဒနိဿယ ဧကနိဿယကား-လိုရင်း အကြောင်း မဟုတ်၊ လက္ခဏာသာလျှင် လိုရင်း အကြောင်းဖြစ်၍ လက္ခဏာထိအောင် ဆိုရသည် ဟူလို။} (ဋီ)

● ဖောဋ္ဌဗ္ဗာရုံ-အရပြရာ၌ "အာပေါဓာတု ဝိဝဏ္ဏိတံ ဘူတတ္တယ သခ်ါတံ" ဟူသော စကားကို အဘယ့်ကြောင့် အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၀၈၅-ဖြေ။ ။အာပေါဓာတ်သည် သိမ်မွေ့သည်ဖြစ်၍ ထိတွေ့ခြင်း ငှာမတတ်နိုင်ကောင်းသောကြောင့် အာပေါဓာတုဝိဝဏ္ဏိတံ ဘူတတ္တယ သခ်ါတံ-ဟူသော စကားကို အနုရုဒ္ဓါဆရာ ဆိုရခြင်း ဖြစ်ပါသည်။

{၏ ဖောဋ္ဌဗ္ဗာရုံကား - ကာမဘုံ၌သာ ဖောဋ္ဌဗ္ဗ ကိစ္စ တပ်သည်။ ရူပဘုံ၌ကား-ကာယပသာဒ မရှိသောကြောင့် ဖောဋ္ဌဗ္ဗ

ကိစ္စမတပ်ဟူမှတ်။ သို့သော် လက်ပန်းပေါက် ခတ်ရာဌာနကား အသံဖြစ်ခြင်း၏အကြောင်း ဖြစ်ကြသည်သာ။}

† အာပေါဓာတုယာ သုခုမဘာဝေန ဖုသိတုမသက္ကုဏောယ္ယတ္တာ ဝုတ္တံ အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတန္တိ။ (၌)

● အာပေါဓာတ်သည် သိမ်မွေ့၍ မတွေ့ထိကောင်း-ဟု ဆိုပြီ။ ဧအေးသည်၏အဖြစ်ကို တွေ့ထိကောင်း၍ ထိုအေးသည်၏အဖြစ်သည် အာပေါဓာတ်ပင် မဟုတ်ပါလော။

၁၀၀၆-ဖြေ။ ။အေးသည်၏အဖြစ်ကို တွေ့ထိကောင်းသော်လည်း ထိုအေးသည်၏အဖြစ်သည် အာပေါဓာတ်မဟုတ်၊ တေဇောဓာတ်သာ ဖြစ်ပါသည်။ ထင်ရှားစေအံ့-အပူ အားနည်း လာသည့်အခါမှာ ထို-အပူ အားနည်းလာမှုကြောင့် အေး၏ဟု သိသောဉာဏ်ဖြစ်ပေါ်လာပါသည်။ ထိုအေးမှုသည် အာပေါဓာတုမဟုတ်၊ တေဇောသာလျှင် ဖြစ်ပါသည်။ အဘယ်ကြောင့် ဟူမူ အေးသည်၏ အဖြစ်ဟု ဆို အပ်သော သီတ တေဇောမှာ ဘပါးသော အာပေါဓာတ်ဖြစ်သော ဘဒ်ဘခုသောတရား မရှိသောကြောင့် ဖြစ်ပါသည်။

† သာ ပန် တေဇောယေဝ။ (၌)

● တခုသောဓာတ်ကို တခုသော အခြင်းအရာဖြင့်သာ သိကောင်းပါလျက်၊ ထိုပူသည်၏ အဖြစ်ကိုပင် အေး၏ဟု သိသော အသိဉာဏ် အဘယ့်ကြောင့် ဖြစ်ရပါသနည်း၊ ဥပမာဖြင့် ထင်ရှားစွာ ပြနိုင် ရှင်းလင်းခဲ့ပါ။။

၁၀၀၇-ဖြေ။ ။ထိုမှာဘက်ကမ်း, ဤမှာဘက်ကမ်း၌ဖြစ်သောအသိဉာဏ်သည် အမြဲမရှိသောကြောင့် ထိုမှာဘက်ကမ်းကိုလည်း ဤမှာဘက်ကမ်း၊ ဤမှာဘက်ကမ်းကိုလည်း ထိုမှာဘက်ကမ်း (တောင်ဘက်က လူနေသောအခါ၊ တောင်ဘက်သည် ဤမှာဘက်ကမ်း, မြောက်ဘက်သည် ထိုမှာဘက်ကမ်း၊ တဖန် မြောက်ဘက်က လူနေသောအခါ၊ မြောက်ဘက်သည် ဤမှာဘက်ကမ်း, တောင်ဘက်သည် ထိုမှာဘက်ကမ်း)ဟု သိရသလိုပင်၊ ထိုပူသည်၏အဖြစ်ကိုပင် အမြဲမရှိသောကြောင့်

အေး၏ဟုသိသောအသိဉာဏ်ဖြစ်ရပါသည်။ (အမှန်မှာ အပူအအေး၏ အမြဲမရှိမှုကြောင့် သိပုံ အခြင်းအရာ ၂-မျိုးလို ဖြစ်နေရသည် ဟူလို။) ထိုစကားသည်မှန်၏။ နေပူမှာရပ်ပြီး သစ်ပင်ရိပ်သို့ဝင်သောသူများမှာ အေး၏-ဟု သိသော်အသိဉာဏ် ထင်ရှားပါသည်။ နေပူထဲမှာကြာမြင့် စွာနေသောသူတို့အား ပူ၏-ဟု သိသောအသိဉာဏ် ထင်ရှားပါသည်။ ထို့ကြောင့် ထိုအေးမှု, ပူမှုသည် ဝေဒနာစေတ်တခုတည်း၏ အခြင်းအရာ ကွဲပြားမှုသာ ဖြစ်ပါသည်။ အေးမှုသည် အာပေါဓာတ် တခုမဟုတ်ကြောင်း ကွဲပြားစွာ မှတ်ယူပါကုန်။ (၌)

● အေးသည်၏ အဖြစ်ကို အာပေါဓာတ်-ဟု ယူသော် မဖြစ်နိုင်ပါသလော အကြောင်းနှင့်တကွ ဖော်ပြပါ။

၁၀၈၈-ဖြေ။ ။မဖြစ်နိုင်ပါ၊ အဘယ့်ကြောင့်ဆိုသော် ထို့အေးသည်၏အဖြစ်ကို အာပေါဓာတ် ယူခဲ့သော် ပူသည်၏အဖြစ်နှင့်တကွ အေးသည်၏အဖြစ်ကို တခုသောကလာပ်၌ ရခဲ့ရာသည်။ ထိုသို့ကား-မရခဲ့။ ထိုသို့ ပူသည်၏ အဖြစ်နှင့် အေးသည်၏ အဖြစ်ကို တခုသောကလာပ်၌ မရကောင်း သော ကြောင့် ထို အေးသည်၏ အဖြစ်သည် အာပေါဓာတ် မဟုတ်နိုင်ဘဝ့ပါ။

† တသ္မာ ဝိညာယတိ န အာပေါဓာတု သီတတာတိ။ (၌)

---

❶ အကြင်ဆရာတို့သည် ပျော်းညှံသည်၏အဖြစ်သည် အာပေါဓာတ်-မည်၏။ ထိုပျော်းညှံသည်၏အဖြစ်ကို တွေ့ထိ၍ ယူနိုင်၏-ဟု ဆိုကြကုန်၏။ ထိုဆရာတို့ကို အဘယ်သို့ ဆုံးရမည်နည်း။

၁၀၈၉-ဖြေ။ ။ပ,တေ,ဝါ-သုံးပါးကုန်သော ဘုတ်တို့ကိုတွေ့ထိ၍ ငါသည် သဏ္ဌာန်ကို တွေ့ထိ၏-ဟု မှတ်ထင်ခြင်းသည် မှားသော မှတ်ထင်ခြင်းမျှ ဖြစ်သလို၊ ပျော်းညှံသည်၏အဖြစ်ကို တွေ့ထိ၍ယူနိုင်၏-ဟု မှတ်ထင်ခြင်းသည် ဆရာတို့၏ မှားယွင်းသော စွဲလမ်းခြင်း အယူမျှသာ ဖြစ်သည်ဟု ဆိုအပ်ကုန်၏။

† ဒဝတာ သဟဝုတ္တိနိ၊ တိဏိ ဘူတာနိ သံဖုသံ။
ဒဝဘံ သံဖုသာမိတိ၊ လောကောယမတိ မညတိ။

ဘူတေ ဖုသိတ္ဌာ သဏ္ဌာနံ၊ မနသာ ဂဏ္ဌတော ယထာ။
ပစ္စက္ခတော ဖုသာမိတိ၊ ဝိညေယျာ ဒဝတာ တထာ။
(ဌီ-ပြ ပေါရာဏ)

{အဘိမေမ္မတ္ထဝိကာသ်နီ-၌ ဒြဝတာ ရှိသည်။}

- ဖောဋ္ဌဗ္ဗာရုံဟုဆိုအပ်သော မဟာဘုတ် သုံးပါးတို့သည် တပြိုင်နက်တည်းထင်ခြင်းသို့ ရောက်နိုင်-မရောက်နိုင်, ကာယပသာဒသို့ ထိခိုက်-မထိခိုက်, ထို ဘုတ်သုံးပါး ဖောဋ္ဌဗ္ဗာရုံကိုတပြိုင်နက်တည်း အာရုံပြု၍ ကာယဝိညာဏ်စိတ် ဖြစ်,မဖြစ် စီစစ်ခဲ့ပါ။

၁၀၉၀-ဖြေ။ ။တပြိုင်နက်တည်း ထင်ခြင်းသို့ ရောက်နိုင်ပါသည်။ ကာယပသာဒသို့ ထိခိုက်ပါသည်။ ထို ဘုတ်သုံးပါး ဖောဋ္ဌဗ္ဗာရုံကို တပြိုင်နက်တည်း အာရုံပြု၍ကား-ကာယဝိညာဏ်စိတ် မဖြစ်နိုင်ပါ။
(အဋ္ဌသာလိနီ-ရူပကဏ္ဍ)

- တပြိုင်နက်တည်း အာရုံ မပြုနိုင်ပါက အဘယ်သို့ အာရုံ ပြုပါသနည်း။

၁၀၉၁-ဖြေ။ ။နှလုံးသွင်း၏အစွမ်းဖြင့်ဌင်း,ပြောသည်,များသည်, လွန်သည်၏ အစွမ်းဖြင့်ဌင်း အသီးသီး တပါးစီသာ အာရုံပြုပါသည်။

† အာဘုဇိတဝသေနဝါ ဟိ ဥဿဒဝသေနဝါအာရမ္မဏကရဏံ ဟောတိ။ (အဋ္ဌသာလိနီ)

- နှလုံးသွင်း၏အစွမ်းဖြင့်ဌင်း၊ပြောသည်,များသည်,လွန်သည်၏ အစွမ်းဖြင့်ဌင်း အာရုံပြုပုံကို ပေါ်လွင်ထင်ရှားစွာ ဖော်ပြပါ။

၁၀၉၂-ဖြေ။ ။ရေပူ၌ လက်ကိုချ၍ စုံစမ်းသောအခါ၊ ထိုရေပူ၌ ပထဝီဓာတ်, ဝါယောဓာတ်တို့ ရှိသော်လည်း တေဇောဓာတ်ကိုသာ နှလုံးသွင်းသဖြင့် ထို တေဇောဓာတ်ကိုသာအာရုံပြု၍ ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။ (ကြွင်းဓာတ် ၂-ပါးကို နှလုံးသွင်းရာ၌ လည်းနည်းတူသိ၊ နှလုံးသွင်းအားလျော်စွာ အာရုံပြုပုံတည်း။)

မီးကို နင်းမိသောသူအား ထိုမီး၌ ပထဝီဓာတ်, ဝါယောဓာတ်တို့ ရှိသော်လည်း မီးကသာလွန်ကဲများပြားသောကြောင့် တေဇောဓာတ် ကိုသာ အာရုံပြု၍ ကာယဝိညာဏ်စိတ် ဖြစ်ပါသည်။ (ကြွင်း ဓာတ် ၂-ပါး၌လည်း နည်းတူသိပါ။ လွန်ကဲများပြားရာ၌ အာရုံပြုပုံတည်း။)

(အဋ္ဌသာလိနီ-ရူပကဏ္ဍ)

● အဘယ့်ကြောင့် ဂေါစရရုပ်-မည်ပါသနည်း၊ ဂေါစရ-ဟူသော အမည်သည် မည်သူ၏အမည် ဖြစ်ပါသနည်း၊ အကြောင်းနှင့် တကွ ဖော်ပြပါ။

၁၀၉၃-ဖြေ။ ။ပဉ္စဝိညာဏ်၏အာရုံဖြစ်သောကြောင့် ဂေါစရရုပ် မည်ပါသည်။ "ဂါဝေါ ဇုန္ဒြိယာနိ စရန္တိ ဧတ္ထာတိ ဂေါစရံ" ဟူသော ဝစနတ္ထနှင့်အညီ စက္ခုစသော ဇုန္ဒြေတို့၏ ကျက်စားရာအာရုံဖြစ်သော ကြောင့် ဂေါစရ-ဟူသော အမည်သည် အာရုံ၏ အမည် ဖြစ်ပါသည်။

(ဂေါသဒ္ဒါ-ဇုန္ဒြေဟော)

† ဂေါစရ ရုပံနာမ ပဉ္စဝိညာဏ ဝိသယ ဘာဝတော ဂါဝေါ ဇုန္ဒြိယာနိ စရန္တိ ဧတ္ထာတိ ဂေါစရန္တိ ဟိ အာလမ္ဗဏသေတံ နာမံ။ (ဋီ)

● ထို ဂေါစရရုပ်တို့၏ လက္ခဏာကို ဖော်ပြပါ။

၁၀၉၄-ဖြေ။ ။ထို ဂေါစရ ရုပ်သည် စက္ခုဝိညာဏ် စသည်တို့၏ ကျက်စားရာအာရုံ၏အဖြစ်လျှင် လက္ခဏာရှိ၏။ တနည်း-စက္ခုပသာဒ အစရှိသည်တို့၏ ထိခိုက်ခြင်း လက္ခဏာ ရှိပါသည်။

† တံ ပနေတံ ပဉ္စဝိဓမ္ပိ ယထာက္ကမံ စက္ခုဝိညာဏာဒီနံ ဂေါစရ ဘာဝလက္ခဏံ၊ စက္ခာဒိ ပဋိဟနန လက္ခဏံဝါ။ (ဋီ)

● ဇုတ္ထတ္တ - အရကို ဖော်ပြ၍ ဇုတ္ထိန္ဒြေ၏ လက္ခဏာ ကိုလည်း ရေးခဲ့ပါ။

၁၀၉၅-ဖြေ။ ။ဇုတ္ထတ္တ၏ အရကား - ဇုတ္ထိန္ဒြေပင် ဖြစ်သည်။ ထို ဇုတ္ထိန္ဒြေသည် မိန်းမ၏လိင်-မိန်းမဟူ၍ သိခြင်း၏အကြောင်း၊ မိန်းမ၏

အပြုအမူ၊ မိန်းမ အသွင်အပြင်၏ အကြောင်း၏အဖြစ်လျှင် လက္ခဏာ ရှိပါသည်။ (ပုရိသတ္တ-အရနှင့် ပုရိသိန္ဒေ-အရကိုလည်း ၎င်းအတိုင်း ပြန်၍သိပါ။)

† ဇုတ္တိလိင်ဇုတ္တိနိမိတ္တ ကုတ္တာ ကပ္ပဟေတုဘာဝလက္ခဏံ ဇုတ္တတ္တံ။
ပုရိသလိင်ါဒိ ဟေတုဘာဝလက္ခဏံ ပုရိသတ္တံ။ (ဋီ)

● ဇုတ္တိလိင်, ဇုတ္တိနိမိတ္တ စသည်တို့၏အရကို အသီးသီး ဖော်ပြပါ။ ၁၀၉၆-ဖြေ။ ။မိန်းမဟူ၍ သိစေဘတ်သောကြောင့် မိန်းမတို့၏ အင်္ဂါဇာတ်သည် ဇုတ္တိလိင်-မည်၏။ မိန်းမဟူ၍ သိခြင်း၏အကြောင်း ဖြစ်သောကြောင့် မိန်းမတို့၏အသံ အလိုဆန္ဒတို့သည် ဇုတ္တိနိမိတ္တ (အကြောင်း) မည်၏။မိန်းမတို့၏မသန့်ရှင်းသော ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း အစရှိသော ကြိယာသည် ဇုတ္တိကုတ္တ (အပြုအမူ) မည်၏။ မိန်းမတို့၏ လက်, ခြေ အစရှိသောသဏ္ဌာန်သည် ဇုတ္တာကပ္ပ (အသွင် အပြင်) မည်၏။ {ပုရိသလိင် နိမိတ္တ စသည်တို့ကိုလည်း ထိုမှ ပြန်၍ သိပါလေ။} (ဋီ)

{ဇုတ္တိအင်္ဂဇာတနှင့် သရာဓိပ္ပာယတို့သည် မိန်းမဟူ၍ သိခြင်း၏ အကြောင်းချည်း ဖြစ်သော်လည်း အင်္ဂဇာတံကား-နိယမ အားဖြင့် မိန်းမဟူ၍ သိခြင်း၏ အကြောင်းဖြစ်၍၊ သရာဓိပ္ပာယ တို့ကား-အနိယမအားဖြင့် မိန်းမဟူ၍ သိခြင်း၏ အကြောင်း ဖြစ်သည်ဟု အထူးမှတ်လေ။}

● အခြားလိင်စသည်တို့၏ယူပုံ အထူးအပြားရှိသေးကထုတ်ပြပါ။ ၁၀၉၇-ဖြေ။ ။လက် အစရှိသော သဏ္ဌာန်သည် လိင်၊ ပြီးရယ်ခြင်း အစရှိသည်သည် နိမိတ္တ၊ ဗန်းငယ် စသည်ဖြင့် ကစားခြင်းသည် ကုတ္တ၊ သွားခြင်း အစရှိသည်သည် အာကပ္ပ-မည်၏။

{မိန်းမတို့၏ လက်, ခြေ, မျက်နှာကား-သေး၍ ယောကျား တို့၏ လက်, ခြေ, မျက်နှာကား-ကြီးသည်(လိင်)။မိန်းမတို့၏ပြီး ခြင်းကား-သိမ်မွေ့၍ အသံသေးသည်၊ ယောကျားတို့၏ပြီးခြင်း ကား ခံ့ညား၍အသံကြီးသည်(နိမိတ္တ)။မိန်းမတို့ကား-ဗန်းငယ် စကောငယ်ဖြင့် ကစား၍ ယောကျားတို့ကား-ထွန်ငယ်, နွား

ငယ်,ကျွဲငယ်တို့ဖြင့် ကစားသည်(ကုတ္တ)။ မိန်းမတို့၏ သွားခြင်း ကား-ခါးလိမ်၍ ဘဲသွား,ရှုပ်ထွေးစွာ တလှုပ်လှုပ် သွားသည်၊ ယောက်ျားတို့၏သွားခြင်းကားလျင်မြန်၍ကျားကျားယားယား သွားသည်(အာကပ္ပ)။မိန်းမ,ယောက်ျားဟု သိစေတတ်သော အမှတ်အသားကား-လိင်၊ မိန်းမ, ယောက်ျားဟု သိကြောင်း အမှတ်အသားကား-နိမိတ္တ၊ မိန်းမ,ယောက်ျားတို့၏ အပြုအမူ သည် ကုတ္တ၊ မိန်းမ, ယောက်ျားတို့၏ အသွင်အပြင် အမူအရာ ဟန်ပန် လေလန်သည် အာကပ္ပ-မည်သည်ဟူလို။}

† လိင်ံ ဟတ္ထာဒိသဏ္ဌာနံ၊ နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တံ သုပ္ပာဒိနာ ကီဋ္ဌာ၊ အာကပ္ပော ဂမနာဒိကံ။
(ဋီ-ပြအဋ္ဌသာလိနီ)

* သိစေတတ်က, လိင်တ်ခေါ်ရ, နိမိတ္တမှာ, သိကြောင်းသာ တည်း,ကုတ္တာဟူသည်,ပြုမူတရပ်,အာကပ်သွင်ပြင်,သိစေ ချင်သည်။ ။အစဉ်မှတ်လေ-အထူးတည်း။ (သစ်)

● ထိုဇူတ္ထိန္ဒေ, ပုရိသိန္ဒေ ၂-ပါးကိုအဘယ့်ကြောင့် ဘာဝရုပ်-ဟု ခေါ်ပါသနည်း။

၁၀၉၈-ဖြေ။ ။ဇူတ္ထိန္ဒေ, ပုရိသိန္ဒေ, ဇူတ္ထိသဒ္ဒါ, ပုရိသ သဒ္ဒါလျှင် အတူရှိသော သဒ္ဒါ, မိန်းမ, ယောက်ျားဟု သိသော အသိဉာဏ်တို့၏ ဖြစ်ခဲ့ရာ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဘာဝရုပ်-မည်ပါသည်။

{ဘာဝရုပ်သည် မျိုးစေ့အကြောင်း၊ မိန်းမ,ယောက်ျားတို့၏ အင်္ဂါဇာတ်သည် ထင်ရှားသောအကျိုးဆက် ဖလတည်း။}

† ဘာဝ ရူပံ နာမ ဘဝတိ ဧတေန ဇူတ္ထာဒိ အဘိဓာနံ ဗုဒ္ဓိစာတိ ကတ္ဓာ။ (ဋီ)

● ထို ဘာဝရုပ်သည် အဘယ်နေရာဌာန၌ ဖြစ်ပါသနည်း။

၁၀၉၉-ဖြေ။ ။ထိုဘာဝရုပ်သည် ကာယိန္ဒေကဲ့သို့ အလုံးစုံသော ကိုယ်ကို ပြန့်နှံ့၍ ဖြစ်ပါသည်။

{ကာယိန္ဒြေဘာဝရပ်သည် တကိုယ်လုံးမှာ ပြန့်နှံ့၍ဖြစ်သော်လည်း မိရာလက္ခဏာ ပြားသောကြောင့် ရောယှက်ခြင်းမရှိကြဟု မှတ်။}

† တံ ပနေတံ ကာယိန္ဒြိယံဝိယ သကလသရီရံ ဖရိတ္ဝာ တိဋ္ဌတိ။
(ဋီ)

● အဘယ်ကို မိန်းမ, ယောက်ျား-ဟု ခေါ်ပါသနည်း။

၁၁၀၀-ဖြေ။ ။မသန့်ရှင်းသော အခြင်းအရာအားဖြင့်တည်သော ခန္ဓာပဥ္စကကို မိန်းမ၊ သန့်ရှင်းသော အခြင်းအရာအားဖြင့် တည်သော ခန္ဓာပဥ္စကကို ယောက်ျား-ဟု ခေါ်ပါသည်။

† ဣတ္ထိ ဝုစ္စတိ အဝိသဒါကာရသဏ္ဌိတံ ခန္ဓပဥ္စကံ၊ပုရိသောဝုစ္စတိ ဝိသဒါကာရသဏ္ဌာတံ ခန္ဓပဥ္စကံ။ (ပရမတ္ထဒီပနီ)

● ဘာဝရုပ်နှစ်ပါးသည် အဘယ်အခါမျိုး၌ ဖြစ်သနည်း။

၁၁၀၁-ဖြေ။ ။ကမ္မာဇဉီးကဖြစ်သောပုဂ္ဂိုလ်တို့အား ပဝတ္တိအခါ၌ ဖြစ်ပါသည်။ နောက်အခါ၌ကား - ပဋိသန္ဓေအခါ၌ ဖြစ်ပါသည်။ {ပဋိသန္ဓေ ပဝတ္တိတို့၌ဖြစ်သော ဘာဝရုပ်သည် ပဝတ္တိအခါမှာလိုင်ပြန်နိုင်ပါသည်။}

† ဥဘယမ္ပေတံ ပဋ္ဌမကပ္ပိကာနံ ပဝတ္တေ သမုဋ္ဌာတိ၊အပရဘာဂေ ပဋိသန္ဓိယံ၊ ပဋိသန္ဓိသမုဋ္ဌိတမ္ပိ ပဝတ္တေ သမုဋ္ဌိတဉ္စ ပဝတ္တေ ပရိဝတ္တတိ။ (အဋ္ဌသာလိနီ)

{ဘာဝရုပ်နှစ်ပါးကို မျက်စိဖြင့်မမြင်ကောင်း,စိတ်ဖြင့်သာသိကောင်းသည်၊ ဣတ္ထိလိင်, ပုရိသလိင် စသည် တို့ကိုကား-မျက်စိဖြင့်လည်း မြင်ကောင်းသည်၊စိတ်ဖြင့်လည်း သိနိုင်သည်။ ထို့ကြောင့် ဘာဝရုပ်ကိုမျက်စိဖြင့်မမြင်ရသော်လည်းမျက်စိဖြင့်မြင်ရသောလိင်နိမိတ္တစသည်ကိုထောက်ဆ၍မိန်းမ,ယောက်ျား-ဟု ခွဲခြား၍ သိနိုင်သည်။}

● အဘယ့်ကြောင့် ဟဒယရုပ် မည်သည်ကို ဖော်ပြ၍ ၎င်း၏ လက္ခဏာကိုလည်း ရေးခဲ့ပါ။

၁၁၀၂-ဖြေ။ ။မနောဓာတ်, မနောဝိညာဏဓာတ် ၂-ပါးတို့၏ မှီရာဖြစ်သောကြောင့်ရင်း၊ကျိုးရှိ ကျိုးမဲ့ကို ပြည့်စုံစေကြောင်းဖြစ်သော ကြောင့်ရင်း ဟဒယဝတ္ထု-မည်ပါသည်။(ဟဒယ-အရနှင့်ဝတ္ထုအရတူ) ထို ဟဒယဝတ္ထုသည် မနောဓာတ်, မနောဝိညာဏဓာတ် ၂-ပါး၏ မှီရာ၏အဖြစ်လျှင် လက္ခဏာရှိပါသည်။

{ဤဓာတ် ၂-ပါးတို့၏မှီရာ ဟဒယဝတ္ထုရုပ်ကို ရှာမရကုန်သော ခေတ်လောကဓာတ်ဆရာတို့သည် ဟဒယဝတ္ထုရုပ်ဖြစ်ရာ နှလုံး,အသွေး,အသား ပူလောင်နောက်ကျု၍ အထက်သို့ ဆန်တက်ပြီး ဦးနှောက်မှာ ရုပ်နေသည်ကိုသာ တွေ့ရှိ၍ ၎င်းကို အထောက်အထားပြုပြီး စိတ်သည် ဦးနှောက်မှာ ဖြစ်သည်ဟု တန်းတန်းစွဲ ယူဆကြကုန်၏။ သို့ ယူဆခြင်းကား-စိတ်၏ဖြစ်ရာ အရင်းအမြစ်ကို မတွေ့ရှိသော ၎င်းတို့၏ အပြစ်သာတည်း။}

† တထာ ဟိ တံ ဓာတုဒွယ နိဿယ ဘာဝလက္ခဏံ။ (ဋီ)

● ဟဒယဝတ္ထု၏ ဖြစ်ရာအရပ်ကို ညွှန်ပြပါ။

၁၁၀၃-ဖြေ။ ။ဟဒယဝတ္ထုရုပ်သည် နှလုံးသားအတွင်း ပုန်းညက်စေ့လောက် ပမာဏရှိသော တွင်းငယ်၌တည်သော တလက်ဆွမ်းခွဲမျှ လောက်သော သွေးကိုမှီ၍ (ပြန့်နှံ၍) ဖြစ်ပါသည်။

† တဉ္စ ဟဒယ ကောသဗ္ဘန္တရေ အမှုပသတမတ္တံ လောဟိတံ နိဿာယ ပဝတ္တတိ။ (ဋီ)

● ဟဒယ ဝတ္ထုရုပ်ကို ဓမ္မသင်္ဂဏီ ရူပ ကဏ္ဍ-၌ ဘုရား မဟော၍ မရှိသည် မဟုတ်ပါလော၊ သို့ဖြစ်လျက် အနုရုဒ္ဓါဆရာ အဘယ့် ကြောင့် ထုတ်၍ဆိုပါသနည်း ရှင်းလင်းပြပါ။

၁၁၀၄-ဖြေ။ ။ရူပကဏ္ဍ-၌ ဘုရား မဟောသော်လည်း အာဂုမ်အားဖြင့်ရင်း,ယုတ္တိအားဖြင့်ရင်း ထိုဟဒယဝတ္ထုရုပ် ရှိသည်၏အဖြစ်ကို သိရပါသည်။ ထို့ကြောင့် အနုရုဒ္ဓါဆရာ ထုတ်၍ဆိုခြင်းဖြစ်ပါသည်။

† ရူပကဏ္ဍေ အဝုတ္တဿာပိ ပနေတဿ အာဂမတော ယုတ္တိတောစ အတ္ထိဘာဝေါ ဒဋ္ဌဗ္ဗော။ (ဋီ)

● ဟဒယဝတ္ထု ရှိသင့်ကြောင်း အာဂုမ်ယုတ္တိများကို အသီးသီး ထုတ်ပြပါ။

၁၁၀၅-ဖြေ။ ။"ယံ ရူပံ နိဿာယ မနောဓာတုစ မနောဝိညာဏ ဓာတုစ ပဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာစ မနောဝိညာဏ ဓာတု ယာစ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယ ပစ္စယေန ပစ္စယော"- ဟူသော ပဋ္ဌာန်းပါဠိတော်သည် ဟဒယဝတ္ထုရုပ်ရှိသင့်ကြောင်းအာဂုမ် ဖြစ်ပါသည်။ ကာမဘုံ,ရူပဘုံဌ်ဖြစ်ကုန်သော သတ္တဝါတို့၏ရုပ်နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် ၎င်းတို့၏မနောဓာတ်,မနောဝိညာဏ ဓာတ်တို့သည် နိပ္ပန္နဖြစ်သော ဥပါဒါရုပ်ကိုသာမှီ၍ ဖြစ်ကြပါသည်။ သို့ဖြစ်ကြသည်အားလျော်စွာ ၎င်းတို့၏ မနောဓာတ်, မနောဝိညာဏ ဓာတ် ၂-ပါးတို့သည် စက္ခုစသော ပဉ္စဝတ္ထု,ပဉ္စာရုံ,ဇီဝိတိန္ဒြေ,ဘာဝ ရုပ် ၂-ခုဟုဆိုအပ်သော ၁၃-ပါးသော ဥပါဒါရုပ်ကိုမှီ၍ မဖြစ်သဖြင့် ထို ၁၃-ပါးမှ ကြွင်းသော ဟဒယဝတ္ထုဟုဆိုအပ်သော ဥပါဒါရုပ်ကို မှီ၍ဖြစ်သည်မှာ အလွန်ပင် ထင်ရှားပါသည်။ ဤကား - ဟဒယဝတ္ထု ရှိသင့်ကြောင်း ယုတ္တိဖြစ်ပါသည်။

† နိပ္ပန္န ဘူတိကာဓာရာ၊ ဒွေဓာတု ကာမရူပိနံ။
ရူပါနုဗန္ဓ ဝုတ္တိတ္တာ၊ စက္ခုဝိညာဏာဒယော ဝိယ။ (ဦ)

● ကာမရူပ သတ္တဝါတို့၏ မနောဓာတ်, မနောဝိညာဏဓာတ် တို့သည် စက္ခုဝတ္ထု စသော ၁၃-ပါးသော ဥပါဒါရုပ်များကို အဘယ့်ကြောင့်မှီ၍ မဖြစ်ကြပါသနည်း ရှင်းလင်းခဲ့ပါ။

၁၁၀၆-ဖြေ။ ။စက္ခုဝတ္ထုအစရှိသည်တို့သည် စက္ခုဝိညာဏ်အစရှိ သည်တို့၏မှီရာဖြစ်နေသောကြောင့်ကာမရူပသတ္တဝါတို့၏မနောဓာတ် မနောဝိညာဏ ဓာတ်တို့သည် ထို စက္ခုဝတ္ထု စသည်တို့ကိုလည်း မှီ၍ မဖြစ်ကြပါ။ ရူပါရုံ အစရှိသော ငါးပါးသော ဥပါဒါရုပ်တို့သည် မြေ, တောင်အစရှိသောဗဟိဒ္ဓသန္တာန်ဌလည်းဖြစ်နေသောကြောင့်ထိုရူပါရုံ အစရှိသော ငါးပါးသော ဥပါဒါရုပ်များကိုလည်း မှီ၍မဖြစ်ကြပါ။ ဇီဝိ တိန္ဒြေသည် သဟဇာတ်ဖြစ်သောရုပ်တို့ကို စောင့်ခြင်းကိစ္စဌ် ယှဉ်နေရ ခြင်းကြောင့် ထိုဇီဝိတိန္ဒြေကိုလည်း မှီ၍မဖြစ်ကြပါ။ဘာဝရုပ် ၂-ခု မရှိ

သော ပဏ္ဍုက်စသည်တို့အား ထိုမနောဓာတ်,မနောဝိညာဏဓာတ်တို့ ဖြစ်နေကြသောကြောင့် ဘာဝရုပ် ၂-ခု ကိုလည်း ထိုမနောဓာတ်, မနောဝိညာဏဓာတ်ကမှီ၍မဖြစ်ကြပါ။ထို့ကြောင့် ထို ၁၃-ပါးမှကျန် သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဥပါဒါရုပ်တပါးကိုသာ ထို ကာမ ရူပ သတ္တဝါတို့၏ မနောဓာတ်, မနော ဝိညာဏ ဓာတ်တို့က မှီ၍ ဖြစ် ကြောင်း ထင်ရှားသဖြင့် ဟဒယဝတ္ထု ရှိကြောင်း ဧကန် ယုံကြည်ရပါ သည်။ထို့ကြောင့် အနုရုဒ္ဓါဆရာ ထုတ်၍ဆိုခြင်းဖြစ်ပါသည်ဟူလို။

† စက္ခာဒိနိဿိတာ နေတာ၊ တဿညာဓာရဘာဝတော။
နာပိ ရူပါဒိကေ တေသံ၊ ဗဟိဒ္ဓါပိ ပဝတ္တိတော။
နစာပိ ဇီဝိဘံ တဿ၊ ကိစ္စန္တရ နိယုတ္တိတော။
နစ ဘာဝဒ္ဓယံ တသ္မိံ၊ အသန္တေပိ ပဝတ္တိတော။
တသ္မာ တဒည်ံ ဝတ္ထု ဘံ၊ ဘူတိကန္တိ ဝိဇာနိယံ။ (ဋီ)

● ထိုသို့ ဟဒယဝတ္ထုရုပ် ရှိပါလျက် မေ္မသင်္ဏီ၌ မြတ်စွာဘုရား အဘယ့်ကြောင့် မဟောပါသနည်း။

၁၁၀၇-ဖြေ။ ။ဝတ္ထုဒုက်,အာရမ္မဏဒုက် ဟောနေသော ဒေသနာ အစဉ်ပျက်မည်စိုးသောကြောင့် ထိုဟဒယဝတ္ထုကိုရအပ်လျက် (ဟဒယ ဝတ္ထုရှိလျက်) မေ္မသင်္ဏီ၌ မြတ်စွာဘုရား မဟောခြင်းဖြစ်ပါသည်။

† ဝတ္ထာလမ္ဗဒုကာနန္တု၊ ဒေသနာဘေဒတော ဇုဒံ။
မေ္မသင်္ဏီပါဌသ္မိံ၊ နအက္ခာတံ မဟေသိနာ။ (ဋီ)

● ဇီဝိတ - ဇုန္ဒြိယ မည်ခြင်း အကြောင်းကိုရေး၍ ထို ဇီဝိတိန္ဒြိယ ရုပ်၏ လက္ခဏာကိုလည်း ဖော်ပြပါ။

၁၁၀၈-ဖြေ။ ။"ဇီဝန္တိ တေနာတိ ဇီဝိဘံ၊ တဒေဝ ဇုန္ဒြိယန္တိ ဇီဝိတိန္ဒြိယံ"ဟူသော ဝစနတ္ထနှင့်အညီ သဟဇာတ်ဖြစ်သော ရုပ်တို့၏ ဘည်ကြောင်းဖြစ်သောကြောင့် ဇီဝိတ၊ ကံကြောင့်ဖြစ်သော ရုပ်တို့ကို စောင့်ခြင်း၌ အစိုးရသည်၏အဖြစ်နှင့် ယှဉ်ခြင်းကြောင့် ဇုန္ဒြိယ-နှစ်ပါး ကိုပေါင်း၍ ဇီဝိတိန္ဒြိယ-မည်ပါသည်။(ဇီဝိတနှင့် ဇုန္ဒြိယ အရတူ,ဇီဝိတ နှင့်အသက် အတူတူ) ထိုဇီဝိတိန္ဒြိယသည်ကံကြောင့်ဖြစ်သောရုပ်တို့ကို စောင့်ခြင်းလက္ခဏာ ရှိပါသည်။

† တထာဟေတံ ကမ္မဇရူပ ပရိပါလနုလက္ခဏံ။ (ဋီ)

● ထို ဇိဝိတိန္ဒြိယ ရုပ်သည် တခဏမျှသာဖြစ်၍၊ သဟဇာတ် ဖြစ်သော ကံကြောင့် ဖြစ်သော ရုပ်တို့ကို အဘယ်သို့ စောင့် ရှောက်နိုင်မည်နည်း။

၁၁၀၉-ဖြေ။ ။ထို ဇိဝိတိန္ဒြိယရုပ်သည် တခဏမျှသာ ဖြစ်သော်လည်း သဟဇာတ်ဖြစ်သော ကံကြောင့်ဖြစ်သော ရုပ်တို့၏တည်တံ့ခြင်း အကြောင်း၏ အဖြစ်ဖြင့်သာလျှင် ဖြစ်ကြပါသည်။ ထို့သို့တည်တံ့ခြင်း အကြောင်း၏အဖြစ်ဖြင့် ဖြစ်ခြင်းကိုပင်လျှင် စောင့်ရှောက်တတ်သည်ဟု ဆိုပါသည်။

† ယထာသကံ ခဏမတ္တဋ္ဌာယိနမွိ ဟိ သဟဇာတာနံ ပဝတ္တိ ဟေတု ဘာဝေနေဝ အနုပါလကံ။ (ဋီ)

● ရုပ်ဇိဝိတိန္ဒြေသည် သဟဇာတ်ဖြစ်သော ရုပ်တို့ကို အဘယ်သို့ စောင့်ရှောက်ပါသနည်း၊ စောင့်ရှောက်ပုံကို ဖော်ပြပါ။

၁၁၁၀-ဖြေ။ ။ကြာစေ့,ကြာဥကြောင့်ဖြစ်သော ကြာပင်တို့သည် ကြာစေ့,ကြာဥတို့ မရှိသော်လည်း ရေကစောင့်ရှောက်သွား၍ ကြာမြင့် စွာ ရှင်နိုင်သကဲ့သို့ ကံကြောင့်ဖြစ်လာသော ကမ္မဇရုပ်တို့သည် ကံချုပ် သွားသော်လည်း ရုပ်ဇိဝိတိန္ဒြေစောင့်ရှောက်မှုကြောင့် အစဉ်မပြတ်ဘဲ အနှစ် တရာ,တထောင် စသည်ဖြင့် အသက်ရှင် နေနိုင်ကြသည်။ ထို့ကြောင့် ရုပ်ဇိဝိတိန္ဒြေ စောင့်ရှောက်မှုမရှိသောရုပ်တို့သည် အသက်ရှင် မနေနိုင်ကြ။ ထိုရုပ်တို့သည် အကြင် စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်ခဲ့အံ့၊ ထို စိတ်, ဥတု, အာဟာရတို့ ချုပ်ခဲ့သော် ချုပ်ဆုံးကြကုန်၏။ တမုဟုတ်မျှ သန္တာန်ကို ဆက်စပ်ခြင်းငှာ မစွမ်းနိုင်ကြကုန်။

(ပရမတ္ထဒီပနီ)

{သစ်ပင်၌ရှိသော ရုပ်ကိုကြည့်ပါ၊ မြေ, ရေ, လေဓာတ်တို့ ပြတ်သည်နှင့် တပြိုင်နက် သစ်ပင် သေတော့သည်။ ခေတ် လောကဓာတ် ဆရာများကား - သစ်ပင်၌ အသက်ရှိသည်ဟု ယူဆကြ၏။ ထိုအယူကို ဆင်ခြင်ကြပါကုန်။}

● အဘယ့်ကြောင့် ဇီဝိတိန္ဒြေရုပ်သည် ကံ့ကြောင့်ဖြစ်သော ရုပ်တို့၏ တည်ခြင်း၏ အကြောင်း ဖြစ်ပါသနည်း၊ ကံသည်သာလျှင် ကံ့ကြောင့်ဖြစ်သော ရုပ်တို့၏တည်ခြင်း၏ အကြောင်းဖြစ်သည် မဟုတ်ပါလော၊ အကြောင်းနှင့်တကွ ရှင်းလင်းခဲ့ပါ။

၁၁၁၁-ဖြေ။ ။မဟုတ်ပါ၊အဘယ့်ကြောင့်ဟူမူ-အာဟာရစသည်တို့သည် အာဟာရ စသည်တို့ကြောင့်ဖြစ်သော ရုပ် စသည်တို့၏ ဖြစ်သောခဏ၌ ထင်ရှားရှိသောကြောင့် ထို အာဟာရဇရုပ် စသည်တို့၏ တည်ခြင်း၏အကြောင်းဖြစ်သလို၊ကံ့သည် ကံကြောင့်ဖြစ်သောရုပ်တို့၏ ဖြစ်သောခဏ၌ထင်ရှားမရှိသောကြောင့် ကံသည် ကံ့ကြောင့်ဖြစ်သော ရုပ်တို့၏ တည်ခြင်း၏ အကြောင်း မဖြစ်ပါ။ ထို့ကြောင့် ဇီဝိတိန္ဒြေယ ရုပ်သည်သာလျှင် ကံ့ကြောင့်ဖြစ်သောရုပ်တို့၏တည်ခြင်း၏အကြောင်း ဖြစ်ရပါသည်။

{ကံသည် ချုပ်သွားပြီဖြစ်၍ ကံ့ကြောင့်ဖြစ်သော ရုပ်တို့ကို ဇီဝိတိန္ဒြေကဆက်၍ စောင့်ရှောက်နေရသည်ဟူလို။}

† အာဟာရဇာဒိနံ အာဟာရာဒိ ဝိယ ကမ္မဿ တခ်ဏာ ဘာဝတော။ (ဋီ)

● ဤဇီဝိတိန္ဒြေယရုပ်သည် အဘယ်ဌာနဉ်ဖြစ်ပါသနည်း။

၁၁၁၂-ဖြေ။ ။ဤဇီဝိတိန္ဒြေယရုပ်သည် ပါစက တေဇောဝတ်နှင့်တကွ အလုံးစုံသော ဥပါဒိန္နကမ္မဇ ရူပကာယကို ဖြန့်နှံ၍ ဖြစ်ပါသည်။

† ဇုဒံ ပန သဟ ပါစနဂ္ဂိနာ အနဝသေသ ဥပါဒိန္နကာယံ ဗျာပေတ္ဝာ ပဝတ္တတိ။ (ဋီ)

● တကိုယ်လုံးပြန့်နှံ၍ တည်သောရုပ်များကို အသီးသီးပြောပြပါ။

၁၁၁၃-ဖြေ။ ။တကိုယ်လုံး ပြန့်နှံ၍ တည်သော ရုပ် များ ကား-ဘာဝရုပ်, ပသာဒရုပ်, သွေး, ဇီဝိတိန္ဒြေယရုပ်, သည်းခြေ, သုက်များ ဖြစ်ပါသည်။

† ကေသလောမနခဒန္တာနဉ္စိ မံသမုဏ္ဍဒ္ဒါနံ ဥစ္စာရပဿာဝခေဠ သိင်္ဃာဏိကထဒ္ဓသုက္ကစမ္မာနိစ ဝဇ္ဇေတ္ဝာ အဝသေသော ဆဝိ

မံသလောဟိတာနုဂတော သဗ္ဗောပိ ကာယော ကာယပ္ပသာဒ
ဘာဝဇီဝိတိန္ဒြိယာဗဒ္ဓပိတ္ထာနံ သမ္ဘဝဿစ ဌာနမေဝ။
(ပါရာဇိကဏ် အဌကထာ သုက္ကဝိဿဋ္ဌိအဖွင့်)

* ဘော-ပသာဒ, လောဟိတ, ဇ်ဝ-သည်းခြေ-သုက်။
* ကိုယ်လုံးနှံ့ဖြာ, တည်လေရာ, ကျမ်းလာ-မှန်သမုတ်။
(ပေါရာဏ)

● အဘယ့်ကြောင့် ကဗဋ္ဌီကာရာဟာရ-မည်ပါသနည်း။

၁၁၁၄-ဖြေ။ ။"ကဗဋ္ဌံ ကတွာ အဇ္ဈောဟရိယတီတိ ကဗဋ္ဌီကာရော အာဟာရော" ဟူသော ဝစနတ္ထနှင့်အညီ အလုပ်အလွေ့ကို ပြု၍ မျိုအပ်သောကြောင့် ကဗဋ္ဌီကာရာဟာရ-မည်ပါသည်။ (ဋီ)

● ကဗဋ္ဌီကာရော အာဟာရော-၌ ဆွမ်းလုပ်ကိုပင် အာဟာရရုပ်ဟု ဆိုလိုပါသလော၊ အဘယ်ကို အာဟာရရုပ်-ဟု မှတ်ယူရမည်နည်း ရှင်းလင်းပြခဲ့ပါ။

၁၁၁၅-ဖြေ။ ။ဆွမ်းလုပ်ကို အာဟာရရုပ်ဟု မဆိုလိုပါ၊ ဇုန်ယရုပ်ရှစ်ပါးနှင့်တကွဖြစ်သော ရုပ်အပေါင်းကို ခိုင်ခံ့ခေခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော အင်္ဂါကြီးငယ်သို့လျှောက်၍ အရသာကို ဆောင်တတ်သော မျိုအပ်သော အာဟာရ၏ အစေးဖြစ်သော ဩဇာသည် အာဟာရရုပ်-မည်ပါသည်။

{ပရမတ္ထဖြစ်သော အာဟာရရုပ်ကို အလုပ်အလွေ့ မပြုနိုင်သဖြင့်အလုပ်အလွေ့ပြုနိုင်သောမျိုအပ်သောဆွမ်းစသောဌာနဝတ္ထုဏ်အမည်ဖြင့်ဌာနီဩဇာ-ဟု ဆိုအပ်သောအာဟာရရုပ်ကို တင်စား၍ ဌာနူပစာအားဖြင့်ဆိုထားခြင်းဖြစ်ပါသည်။ ဤအရာ၌ အလုပ်အလွေ့ပြု၍ မျိုအပ်သော ဆွမ်းစသော ဝတ္ထုကား-အာဟာရရုပ် မ,မည်။ ဌာနူပစာဖြင့် ဟောထားခြင်းကြောင့် ဩဇာ အစေးသည်သာလျှင် အာဟာရရုပ် မည်သည်ဟု သေသေချာချာမှတ်ပါ။ "ကဗဋ္ဌံ ကရိယတီတိ ကဗဋ္ဌီကာရော" ဝိဂြိဟ်အခိုက်မှာ ဆွမ်းစသော အာဟာရကို မုချရ၍ ထိုဆွမ်း၌

တည်သောသြဇာကိုဌာနူပစာအားဖြင့်အာဟာရအရကောက်ယူလေ။}

† သေဋ္ဌိယကာယောပတ္ထမ္ဘနဟေဘုဘူတာ ပန အင်္ဂမင်္ဂါနုသာရီ ရသသံ ဟရသခ်ါတာ အဇ္ဈော ဟရိတဗ္ဗာ ဟာရသိနေဟ ဘူတာ သြဇာ ဗ္ဗဓ အာဟာရရူပံနာမ။ (ဋီ)

● အာဟာရရုပ်၏ လက္ခဏာကို ဖော်ပြပါ။

၁၁၁၆-ဖြေ။ ။ထိုအာဟာရရုပ်သည် ဗ္ဗဋ္ဌိယရုပ် ရှစ်ခုတို့နှင့်တကွဖြစ်သော ရုပ်အပေါင်းကို ခိုင်စေခြင်းလက္ခဏာရှိ၏။ တနည်းအားဖြင့် သြဇာလျှင် ရှစ်ခုမြောက် ရှိသော အဌကလာပ်ရုပ်ကို ဆောင် ခြင်း လက္ခဏာ ရှိပါသည်။

† တထာဟေတံ သေဋ္ဌိယကာယော ပတ္ထမ္ဘန ဟေဘုဘာဝ လက္ခဏံ၊ သြဇဌမကရူပါဟရဏလက္ခဏံ ဝါ။ (ဋီ)

● အဘယ်အဓိပ္ပာယ်ကိုပြလို၍ အာဟာရရုပ်ကို "ကဗဋ္ဌီကာရော အာဟာရော" ဟူ၍ဌင်း၊ "သြဇာသခ်ါတော အာဟာရော" ဟူ၍ဌင်း ၂-မျိုး ဆိုပါသနည်း။

၁၁၁၇-ဖြေ။ ။"ကဗဋ္ဌီကာရော အာဟာရော"ဖြင့် ဆွမ်းစသော ဝတ္ထုနှင့်အတူတကွဖြစ်သော သြဇာ-ဟုဆိုအပ်သော အာဟာရရုပ်ကို ပြပါသည်။ "သြဇာသခ်ါတော အာဟာရော" ဖြင့် မုချဆတ်ဆတ် ပရမတ်ဖြစ်သော သြဇာ-ဟုဆိုအပ်သော အာဟာရရုပ်ကို ပြပါသည်။ (အဌသာလိနီ)

● သဘာဝ, သလက္ခဏ, နိပ္ပန္ဒ, ရူပရူပ, သမ္မသန ရုပ်တို့၏ အဓိပ္ပာယ်ကို အသီးသီးရေးခဲ့ပါ။

၁၁၁၈-ဖြေ။ ။ကက္ခဋ္ဌစသောမိမိတို့၏သဘောအားဖြင့်ရအပ်သော ကြောင့် (ကိုယ်ပိုင် သဘောလက္ခဏာ ရှိသောကြောင့်) သဘာဝရုပ် မည်ပါသည်။ ဥပါဒ်စသော လက္ခဏာ, အနိစ္စတာ စသော လက္ခဏာ တို့နှင့်တကွဖြစ်သောကြောင့် သလက္ခဏရုပ်-မည်ပါသည်။ ပရိစ္ဆေဒ, ဝိကာရ, လက္ခဏတို့၏အဖြစ်ကို ကြဉ်ထား၍ မိမိသဘောအားဖြင့်သာ

လျှင် ကံ အစရှိကုန်သောအကြောင်းတို့ကြောင့်ပြီးတတ်, အကြောင်းတို့သည် ပြီးစေအပ်သောကြောင့် နိပ္ပန္နရုပ်-မည်ပါသည်။ ဖောက်ပြန်ခြင်းသဘောအစစ်ဖြစ်သောရုပ်သည် ရူပရုပ်-မည်ပါသည်။ပရိစ္ဆေဒအစရှိသည်တို့၏ အဖြစ်ကိုလွန်၍ သဘောအားဖြင့် ရအပ်သော ကြောင့် လက္ခဏာယာဉ် သုံးပါးသို့ တင်သဖြင့် သုံးသပ်ခြင်းငှာ ထိုက်သောကြောင့် သမ္မသနရုပ်-မည်ပါသည်။ (ဋီ)

● မုချရုပ်, အမုချ (ဥပစာ) ရုပ်များကို ခွဲခြမ်းဝေဖန်၍ ပြပါ။

၁၁၁၉-ဖြေ။ ။ဖောက်ပြန်ခြင်း သဘော အစစ်သည် မုချရုပ်မည်၍၊ ထိုဖောက်ပြန်ခြင်း သဘော အစစ် နှင့် ယှဉ်သော စက္ခု စသောရုပ်သည် ဌာနူပစာ, ဂုဏ္ဏူပစာအားဖြင့် အမုချ (ဥပစာ) ရုပ် မည်ပါသည်။ အရိသသ နိလုပ္ပလ ဆိုသကဲ့သို့ပင် ဖြစ်ပါသည်။

† ရူပ္ပနသဘာဝေါ ရူပံ၊ တေန ယုတ္တာမို ရူပံ၊ ယထာ အရိသသော နိလုပ္ပလန္တိ။ (ဋီ)

● သဘောနှင့် လက္ခဏာမှာ အတူတူပင်ဖြစ်၍ သဘာဝရုပ်နှင့် လက္ခဏာရုပ်တို့မှာ အဘယ်သို့ ထူးပါသနည်း။

၁၁၂၀-ဖြေ။ ။ထူးသော သဘောသည် သဘာဝရုပ်၊ သာမည သဘောသည် လက္ခဏာရုပ် ဤသို့ထူးပါသည်။

† ဝိသေသ သဘာဝေါ ဟိ သဘာဝေါ၊ သာမည သဘာဝေါ လက္ခဏန္တိ အယမေတေသံ ဝိသေသော ဝေဒိတဗ္ဗော။ (ဋီ)

● ရူပရူပံ-ဥ် ရူပသဒ္ဒါတခုကို ဆိုလျှင် ပြီးကောင်းလျက် အဘယ့်ကြောင့် ရူပသဒ္ဒါတခုဖြင့် အထူးပြု၍ ဆိုပါသနည်း။

၁၁၂၁-ဖြေ။ ။ရူပသဒ္ဒါသည် ရူပ္ပနသဘောမရှိသော အနိပ္ပန္နရုပ် ဆယ်ပါးဥလည်း ရုဋ္ဌံအားဖြင့် ဖြစ်နေသောကြောင့် ရူပသဒ္ဒါသာမန်ဘခုမျှသာဆိုလျှင် ထို ရူပ္ပနသဘောမရှိသော အနိပ္ပန္နရုပ် ဆယ်ပါးလည်းပါလာမည်ဖြစ်၍ထိုအနိပ္ပန္နရုပ်ဆယ်ပါးကိုစင်စေခြင်းငှာ'ရူပရူပံ'ဟု ရူပ သဒ္ဒါတခုကို အထူးပြု၍ ဆိုရပါသည်။ ဝိပရိဏာမဒုက္ခ သင်္ခါရ

ဒုက္ခတို့ကို စင်စစ်၍ မာနသိက,ကာယိက ဒုက္ခတခုကိုသာ ယူစေလို ခဲသောကြောင့် ဒုက္ခ ဒုက္ခံ-ဟု ဆိုသကဲ့သို့ပင် ဖြစ်ပါသည်။

{ဤကို ထောက်၍ အနိပ္ပန္နရုပ် ဆယ်ပါးကား - ဇာတ် ရုပ္ပနသဘောမရှိ၍ ရုပ်စစ်မဟုတ်၊ အဝိနာဘာဝနည်းဖြင့် မာဘင်းသင့်၍ ခေါ်ရသော ရူဠီရုပ်မျှသာဖြစ်သည်ကို သတိပြုလေ။}

† သွာယံ ရူပသဒ္ဒေါ ရူဠီယာ အတံသဘာဝေဝိ ပဝတ္တာဘိတိ အပရေန ရူပသဒ္ဒေန ဝိသေသေတွာ ရူပရူပန်္ကိ ဝုတ္တံ၊ ယဿာ ဒုက္ခ ဒုက္ခန်္ကိ။ (ဋီ)

● ရူပရုပ်, အရူပရုပ်မှားကို အသိးသိး ဖော်ပြပါ။

၁၁၂၂-ဖြေ။ ။နိပ္ပန္နရုပ် ၁၈-ပါးသည် ရူပရုပ်၊အနိပ္ပန္နရုပ် ၁၀-ပါးသည် အရူပရုပ်-မည်ပါသည်။

● အဘယ့်ကြောင့် အာကာသ-မည်ပါသနည်း။

၁၁၂၃-ဖြေ။ ။"နာ ကဿတိတိ အကာသော၊အကာသောယေဝ အာကာသော" ဟူသော ဝစနဆွန့်အညီ တစုံတခုသော ဝတ္ထုဖြင့် ရေးခြစ် ထိပါး၍ မရသောကြောင့် ဆိုရေးခြစ် ထိပါး၍ မရသော အရပ်သည် အာကာသ - မည်ပါသည်။ အကာသပုဒ် ၈-ပစ္ဆည်း သွတ္ထ အနက်၌သက်၊ အ-ကို အာဝုဒ္ဓိရေး၍ အာကာသ ပြီးသည်။ (ဋီ)

{အာကာသ လေးမျိုးကို စိတ်ပိုင်းက ပြခဲ့ပြီ။}

● အာကာသဓာတ်ဖြစ်သော ပရိစ္ဆေဒရုပ်၏ ပိုင်းခြားပုံ အခြင်းအရာကို အကျယ်ဝေဖန်ပြပါ။

၁၁၂၄-ဖြေ။ ။စက္ခုဒသက အစရှိသော တပါးပါးသောကလာပ်၌ တည်ကုန်သောရုပ်တို့ကို သောတဒသက အစရှိသော တပါးပါးသော ကလာပ်၌တည်ကုန်သောရုပ်တို့နှင့်မရောယှက်သည်၏အဖြစ်သို့ရောက် စေတတ်သောရုပ်,ရောက်စေတတ်သောသဘော၊ ဤစက္ခုဒသက အစရှိသော တပါးပါးသော ကလာပ်၌တည်သော ရုပ်တို့သည် ပိုင်းခြားခေတ်—၃၄၊ (ပဌမအကြိမ်။)

အပ်သောရုပ်၊ပိုင်ခြားအပ်သော သဘော။ထိုစကျုဒသက အစရှိသော တပါးပါးသောကလာပ်၌တည်ကုန်သော ရုပ်တို့ကိုပိုင်းခြားခြင်းမျှသာ လျှင်ဖြစ်သော ရုပ်၊ ပိုင်းခြားခြင်းမျှသာလျှင် ဖြစ်သော သဘောသည် ပရိစ္ဆေဒရုပ်မည်၍ ဤသည်ပင်လျှင် ထိုပရိစ္ဆေဒရုပ်၏ ပိုင်းခြားပုံအခြင်း အရာများ ဖြစ်ပါသည်။ (ဋီ)

{ရုပ်ကလာပ် တခုနှင့် တခုကိုသာ မရောယှက်ရအောင် ပိုင်းခြားသည်။ ရုပ်ကလာပ်တခုတည်းက ရုပ်တခုနှင့် တခုကို ပိုင်းခြားသည်မဟုတ်။}

● ပရိစ္ဆေဒရုပ်သည် အသဘာဝဖြစ်၍၊ တစုံတရာ ပုဂ္ဂလဗျာပါရကတ္တားသတ္တိ မရှိပါဘဲလျက် ပိုင်းခြားတတ်သည်ဟု အဘယ့်ကြောင့် ဆိုနိုင်ပါသနည်း။

၁၁၂၅-ဖြေ။ ။ပရိစ္ဆေဒရုပ်သည် အသဘာဝဖြစ်၍ ပုဂ္ဂလဗျာပါရ မရှိသော်လည်း ထိုထိုသောရုပ်ကလာပ်ကို ပိုင်းခြားတတ်သကဲ့သို့ ဖြစ်ခြင်းသဘောကိုပင် ပိုင်းခြားတတ်သည်ဟု ဥပရိကျွေးအားဖြင့် ဆိုထားခြင်းဖြစ်ပါသည်။ အမှန်စင်စစ် ပိုင်းခြားတတ်သော ကတ္တားသတ္တိရှိ၍ ဆိုထားခြင်းမဟုတ်ပါ။

† တံ ဟိ တံ တံ ရူပကလာပံ ပရိစ္ဆိန္ဒန်္တီဝိယ ဟောတိ။ (ဋီ)

● ရုပ်ကလာပ် တခုနှင့် ရုပ်ကလာပ် တခုမှာ ထိစပ်နေသဖြင့် အဘယ်သို့ အပိုင်းအခြား အာကာသ ဖြစ်နိုင်မည်နည်း၊ အာကာသဖြစ်ပုံကို ညွှန်ပြပါ။

၁၁၂၆-ဖြေ။ ။ကလာပ်တပါး၌တည်ကုန်သောရုပ်တို့နှင့်ကလာပ် တပါး၌ တည်ကုန်သော ရုပ်တို့သည် ထိစပ်ခြင်းပင် ရှိကြသော်လည်း သဘောအားဖြင့် ထိုထိုသော ကလာပ်၌ တည် ကုန် သော ရုပ်တို့၏ ကလာပ်တပါး၌ တည်ကုန်သော ရုပ်တို့မှ အသီး အခြား အချင်းချင်း မရောယှက်သည်၏အဖြစ်ဟုဆိုအပ်သော ရုပ်တခုခုတို့၏ အဆုံးအပိုင်း အခြားသည်ပင် အာကာသ ဖြစ်ပါသည်။ (ဋီ)

{ရုပ်ချင်းသာ ထိသော်လည်း သဘောချင်း မထိဟူလို။}

● အာကာသဓာတ် (ပရိစ္ဆေဒရုပ်) သည် ရုပ်ကလာပ် တခုနှင့် တခုကို ပိုင်းခြားသော-ဟု ဆို၏။ ထိုပိုင်းခြားအပ်သောရုပ်တို့နှင့် အာကာသဓာတ်သည် တွေ့ထိခြင်း ရှိပါသလော။

၁၁၂၇-ဖြေ။ ။တွေ့ထိခြင်းမရှိပါ၊ အသီးအခြားပင် ဖြစ်ပါသည်။

† ယေသဉ္စ သော ပရိစ္ဆေဒေါ၊ တေဟိ သယံ အသမ္ဖုဋ္ဌော ယေဝ။ (ဋီ)

● အကယ်၍ အာကာသဓာတ်သည် မိမိပိုင်းခြားအပ်သောရုပ်တို့နှင့် တွေ့ထိသည်ဟု ယူခဲ့သော် အဘယ်သို့ ဖြစ်မည်နည်း။

၁၁၂၈-ဖြေ။ ။ထိုသို့ယူခဲ့သော် ထိုရုပ်ကလာပ်တို့၏ တခုနှင့်တခု ပြန့်နှံ့ရောယှက်ခြင်းရှိသည်၏အဖြစ်သို့ ရောက်ခြင်းကြောင့် အာကာသဓာတ်၏ ထိုထိုရုပ်ကလာပ်တို့ကို ပိုင်းခြားအပ်သည်၏ အဖြစ်သည် မရှိနိုင်တော့ပါ။

{အာကာသဓာတ်ဖြင့် ပိုင်းခြားသည်ဟု မဆိုနိုင်တော့ဟု ဆိုလိုသည်။ ထိုသို့ပိုင်းခြားမှုမရှိသျှင် ရုပ်ကလာပ်ချင်းရောထွေးကုန်လိမ့်မည် ဟူလို။}

† အညထာ ပရိစ္ဆိန္နတာ နာ သိယာ၊ တေသံ ရူပါနံ ဗျာပိဘာဝါ ပတ္တိတော။ (ဋီ)

● အဘယ့်ကြောင့် ကာယဝိညတ်, ဝစီဝိညတ်-မည်ပါသနည်း။

၁၁၂၉-ဖြေ။ ။လှုပ်သောကိုယ်ဖြင့် မိမိ၏အလိုကို သူတပါးတို့အား သိစေတတ်၊ မိမိ၏အလိုကို သူတပါးတို့သည်သိအပ်သောကြောင့် ကာယဝိညတ်-မည်ပါသည်။ သဝိညာဏကသဒ္ဒ-ဟုဆိုအပ်သောအသံဖြင့် မိမိ၏အလိုကို သူတပါးတို့အား သိစေတတ်၊ မိမိ၏ အလိုကို သူတပါးတို့သည် သိအပ်သောကြောင့် ဝစီဝိညတ်-မည်ပါသည်။ (ဋီ)

● ကာယဝိညတ်အရ အဘယ်ကိုကောက်ယူရမည်ဟုတရားကိုယ်အစစ်ကို ကောက်ပြပါ။

၁၁၃၀-ဖြေ။ ။ရူပကာယ တုန်လှုပ်ခြင်း၏ အကြောင်းဖြစ်သော ရှေ့သို့တက်ခြင်း အစရှိသည်ကို ဖြစ်စေတတ်သော စိတ် ကြောင့် ဖြစ်

သော ဝါယောဓာတ်၏ တခုသောအခြင်းအရာအထူးသည် ဤနေရာ၌ ကာယဝိညတ်အရ တရားကိုယ်အစစ် ဖြစ်ပါသည်။ (စိတ္တဇ ဝါယော ဓာတ်၏ ဝိကာရ ဟူလို။) (ဋီ)

{လှုပ်သောကိုယ်-လှုပ်ခြင်း,လှုပ်ခြင်း၏အကြောင်းဖြစ်သော ဝါယောဓာတ်သည် ကာယဝိညတ် မ-မည်ဟူလို။ဝိကာရကား မနောဝိညေယျ၊ လှုပ်သောကိုယ်ကား-စက္ခုဝိညေယျ တည်း။}

* စိတ္တဇဝါယော,ဝိကာရော,ကာယောမှတ်ဘီ-ဝိညတ္တီ။ (သစ်)

● လှုပ်သောကိုယ်ဖြင့် အလိုကို သိစေတတ်, သိအပ်သည်ဟု ဆို သော် သစ်ပင်လှုပ်ရာ၌ အလိုကို သိစေတတ်ပါသလော။

၁၁၃၁-ဖြေ။ ။သစ်ပင် လှုပ်ခြင်းသည် ဝိညတ်ဟု ဆို အပ် သော ဝိကာရမှကင်းသောကြောင့် အလိုကို မသိစေတတ်ပါ။

{ဝိညတ္တိ ဝိကာရ ရဟိတဖြစ်သော လေတိုက်သံ, မြစ်ရေ စီးသံတို့၌လည်း ဝစီဝိညတ်အတွက် ထို့အတူပင် သိပါ။}

† နဟိ ဝိညတ္တိ ဝိကာရ ရဟိတေသု ရုက္ခစလနာဒီသု ဣဒမေသ ကာရေတီတိ အဓိပ္ပာယဂ္ဂဟဏံ ဒိဋ္ဌံ။ (ဋီ)

● တခုသော အခြင်းအရာအထူး (ဝိကာရ) ကို ကာယဝိညတ်ဟု ဆိုရာ၌ ထိုအခြင်း အရာ အထူး (ဝိကာရ) ကို ဝိကာရဟုပင် ဆိုပါတော့လော၊ သို့မဟုတ် ဝိညတ်လောက်ပင် ဆိုပါတော့ လော၊ အဘယ့်ကြောင့် ကာယဝိညတ်-ဟု ဆိုပါသနည်း။

၁၁၃၂-ဖြေ။ ။အလိုကိုသိရာ၌ စတုတ္ထ မနောဒွါရိကဇောတို့ဖြင့် သိအပ်သောကြောင့် ထိုသို့သိရာ၌လည်း လှုပ်သောကိုယ်ဖြင့်ပင် အလို ကို သိရပါသည်။ (လှုပ်သော ကိုယ်ပေါ်မှာတည်သော အဆင်း, အမူ အရာ စသည်ကို ဆုံးဖြတ်၍ စတုတ္ထ မနောဒွါရိက ဇောတို့ဖြင့် သိရ သည်။) ထို့ကြောင့် ဝိကာရ၊ ဝါ-ဝိညတ်လောက်တွင်မဆိုဘဲ ကာယ ဝိညတ်ဟု ဆိုရခြင်းဖြစ်ပါသည်။ (ဋီ)

● ဝိညတ်၏အစွမ်းဖြင့် လက်လှုပ်ခြင်းစသည် ဖြစ်သည်ဟု ဆိုရာ၌ လက် စသည် လှုပ်ပုံ အခြင်းအရာအထူးကို ရှင်းလင်းပြပါ။

၁၁၃၃-ဖြေ။ ။တခုသောအာဝဇ္ဇန်းရှိသောမနောဒွါရိကဇောဝီထိ၌ ဇော ၇-ကြိမ်တို့တွင် ဝိညတ်-ဟု ဆိုအပ်သော ဝိကာရနှင့် တကွဖြစ်သော ပဌမဇော အစရှိသည်လျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်တို့မှရအပ်သောအထောက်အပံ့ရှိသော သတ္တမဇောလျှင် ဖြစ်ကြောင်းရှိသော ဇါယောဓာတ်သည် အရပ်တပါး၌ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် စိတ္တဇရုပ်ကို လှုပ်စေပါသည်။ ထိုသို့မပြဋ္ဌာန်းသောတကွ ပြုလေ့ရှိသော အကြောင်းဖြစ်သော ဝိညတ်၏ အစွမ်းဖြင့် ဖြစ်ကုန်သော လက်လှုပ်ခြင်းစသည်တို့သည် ပြဋ္ဌာန်းသောအကြောင်းဖြစ်သော ၇-ခုမြောက်သော ဇောလျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်၏ အစွမ်းကြောင့် ဖြစ်ကြပါသည်။

{ဝိညတ်၏အစွမ်းကြောင့် လက် စသည် လှုပ်သည် ဆိုခြင်းကား-အပဓာန၊ ၇-ခုမြောက်သော ဇောလျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်ကြောင့် လှုပ်သည် ဆိုခြင်းကား-ပဓာနဟူလို။} (ဋီ)

● သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်ကြောင့် လက် စသည် လှုပ်သည်ဆိုသော် ပဌမဇော စသည်ကြောင့် ဖြစ်သော ဝါယောဓာတ်တို့မှာ အကျိုးမရှိ၊ နိရတ္ထက အပိုဟူ၍ မှတ်ရမည်လော။

၁၁၃၄-ဖြေ။ ။မမှတ်ရပါ၊ ပဌမဇော စသည်တို့ကြောင့် ဖြစ်သော ဝါယောဓာတ်တို့သည် ကောင်းစွာခိုင်ခံ့စေခြင်း,ကောင်းစွာ တည်စေခြင်းမျှကိုပြု၍ ထိုသတ္တမဇောလျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်အား ကျေးဇူးပြုကြပါသည်။ဥပမာအားဖြင့် ထမ်းပိုး ၇-ခုဖြင့် ရုန်းအပ်သောလှည်း၌ သတ္တမထမ်းပိုး၌ က,အပ်သော နွားတို့သည်သာလျှင် အောက်ခြောက်ခုကုန်သော ထမ်းပိုးတို့၌ က,အပ်ကုန်သော နွားတို့မှ အထောက်အပံ့ကိုရ၍ လှည်းကိုလှုပ်စေ (လိမ့်စေ) ရာ၌ ပဌမ ထမ်းပိုးစသည်၌ က,အပ်သောနွားတို့သည် ထောက်ပံ့ခိုင်စေခြင်း,ကောင်းစွာ

တည်စေခြင်း အစရှိသည်ကိုသာပြု၍ ၇-ခုမြောက် ထမ်းပိုး၌ က, အပ်သော နွားတို့အား ကျေးဇူးပြုသကဲ့သို့ပင် ဖြစ်ပါသည်။

† ပုရိမ ဇဝနာဒိ သမ္ဘူတာ ပန သန္ဆမ္ဘန သန္ဓာရဏ မတ္တကရာ တဿ ဥပကာရာယ ဟောန္တိ။ (ဋီ)

● "စလယတိ စိတ္တဇံ"၌ အဘယ်သို့ဖြစ်ခြင်းသည် လှုပ်ခြင်း မည်ပါသနည်း၊ စိတ္တဇရုပ်တို့၏ ဖြစ်ရာအရပ်မှ ပြောင်းရွှေခြင်းသည်ပင် လှုပ်ခြင်း မည်ပါသလော။

၁၁၃၅-ဖြေ။ ။မဟုတ်ပါ၊စိတ္တဇရုပ်တို့သည်ဖြစ်ရာအရပ်မှ မပြောင်းရွှေကြပါ။ ရှေးရှေးသော ရုပ်တို့၏ ဖြစ်ရာအရပ်မှ တပါးသော အရပ်၌ နောက်နောက်သော ရုပ်တို့၏ ဖြစ်ခြင်းသည်သာလျှင် လှုပ်ခြင်းမည်ပါသည်။

† ဒေသန္တရုပ္ပတ္တိယေဝ စေတ္ထ စလနံ။ (ဋီ)

● စိတ္တဇရုပ်တို့သည် ဖြစ်ရာအရပ်မှ အဘယ့်ကြောင့် မပြောင်းရွှေကြပါသနည်း။

၁၁၃၆-ဖြေ။ ။ပရမတ္ထ သဘောတရားတို့မည်သည် မိမိတို့ဖြစ်ရာအရပ်မှ တဆံခြည်ဖျား ပမာဏရှိသောအရပ်သို့ ပြောင်းရွှေခြင်း မရှိသောကြောင့် စိတ္တဇရုပ်တို့သည် ဖြစ်ရာအရပ်မှ မပြောင်းရွှေကြခြင်း ဖြစ်ပါသည်။

† ဥပ္ပန္နဒေသတော ကေသဂ္ဂမတ္တမ္ပိ ဓမ္မာနံ သက်မနာဘာဝတော။ (ဋီ)

● အကယ်၍ ပရမတ္ထတရားများ ပြောင်းရွှ၍ ဖြစ်သည်ဟု ဆိုသော် အဘယ်အပြစ် ဖြစ်မည်နည်း။

၁၁၃၇-ဖြေ။ ။ဤသို့ဆိုသော် ပရမတ္ထ တရားတို့သည် ဗျာပါရမှ ကင်းသည်၏အဖြစ်, ဥပါဒ်, ဌီ, ဘင်-ဟု ဆိုအပ်သော ခဏသုံးပါး ရှိသည်၏အဖြစ်တို့သည် မဖြစ်နိုင်တော့ပါ။ (အမှန်မှာ ပရမတ္ထတရားတို့သည် အဗျာပါရက ခဏိက တရားမျိုးသာဖြစ်သည်။) ဤသို့မဖြစ်နိုင်က

ဝရမတ္ထတရားတို့သည် ဗျာပါရရှိသည် ပဗန္ဓဋ္ဌိ ရှိသည် ဟူသော အပြစ်ဖြစ်နိုင်ပါသည်။

† ဋ္ဌတရထာ နေသံ အဗျာ ပါရကတာ ခဏိကတာစ နသိယာ။ (ဋ္ဌီ)

● ဒေသန္တ ရုပ္ပတ္တိနှင့် ဒေသန္တရုပ္ပတ္တိဟေတုဘာဝတို့၏ ထူးခြားဟန်ကို ရှင်းလင်းခဲ့ပါ။

၁၁၃၈-ဖြေ။ ။မိမိနှင့်ဘက္ခဖြစ်ကုန်သောရုပ်ဘို့၏တည်ရာအရပ်မှ ဘပါးသောအရပ်၌ နောက်ထပ်ဖြစ်ခြင်းသည် ဒေသန္တရုပ္ပတ္တိ၊ ထိုမိမိနှင့် ဘက္ခဖြစ်ကုန်သောရုပ်ဘို့နှင့် အတူတက္ခအရပ်တပါး၌သတ္တမဇောလျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်၏ ဖြစ်ခြင်းသည် ဒေသန္တရုပ္ပတ္တိ ဟေတုဘာဝ-မည်၏။ အရပ်တပါး၌ဖြစ်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် ဒေသန္တရုပ္ပတ္တိဟေတုဘာဝ မဟုတ်ပါ။ (ဋ္ဌီ)

● သတ္တမဇောလျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်သည် စိတ္တဇရုပ်ကို လှုပ်စေသည်ဆိုရာ၌ စိတ္တဇရုပ်တခုကိုသာ လှုပ်စေလျက် အဘယ့်ကြောင့် ကျန်သော တေသမုဋ္ဌာနိက ရုပ်များပါ လှုပ်ရပါသနည်း။

၁၁၃၉-ဖြေ။ ။မြစ်ရေ အယဉ်၌ ပစ်ချထားသော နောက်ချေးခြောက်ကလေးသည် မြစ်ရေနှင့်စပ်နေသဖြင့် တိုမြစ်ရေလှုပ်သော် လှုပ်သကဲ့သို့ စိတ္တဇရုပ်နှင့်စပ်နေသောကြောင့် စိတ္တဇရုပ်လှုပ်သည်ရှိသော် ကျန်သော တေသမုဋ္ဌာနိကရုပ်များလည်း လှုပ်ရပါသည်။

† ဧတ္ထ ပန စိတ္တဇေ စလိတေ တံ သမ္ဗန္ဓေန ဋ္ဌတရမ္ပိ စသတိ၊ နဒီသောတေ ပက္ခိတ္တသုက္ခဂေါမယ ပိလ္လံ့ဝိယ။ (ဋ္ဌီ)

● သတ္တမဇောသာလျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်သည် စိတ္တဇရုပ်ကို လှုပ်စေနိုင်သောကြောင့် ဝိညတ်-ဟု ဆိုအပ်သော ဝိကာရနှင့်တက္ခ ဖြစ်တန်စေ၊ အားနည်းသောကြောင့် ထိုသို့ စိတ္တဇရုပ်ကို မလှုပ်စေနိုင်သော ပဌမဇော စသည်လျှင် ဖြစ်

ကြောင်းရှိသော ဝါယောဓာတ် တို့သည် အဘယ့်ကြောင့် ဝိညတ်-ဟု ဆိုအပ်သော ဝိကာရနှင့်တကွ ဖြစ်နိုင်ပါသနည်း။

၁၁၄၀-ဖြေ။ ။အကြင်အရပ်မျက်နှာအဘို့ဖြင့် ရှေ့သို့တက်ခြင်း အစရှိသည်ကို ဖြစ်စေလို၏။ ထိုအရပ်မျက်နှာအဘို့သို့ ရှေ့ရှုသောပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော အခြင်းအရာအထူး (ဝိကာရ) ၏ဖြစ်သင့်သော ကြောင့် ပဌဝေါ စသည်လျှင် ဖြင်းကြောင်းရှိသော ဝါယောဓာတ်တို့သည် ဝိညတ်-ဟု ဆိုအပ်သော ဝိကာရနှင့်တကွ ဖြစ်နိုင်ကြပါသည်။

{ဤကိုထောက်၍ ရှေ့ရှုကာမျှဖြစ်၍ အားနည်းသော မနောဒွါရာဝဇ္ဇန်း၏ဝိညတ်ကို ဖြစ်စေနိုင်ပုံကို အနုရုဒ္ဓါဆရာ အထက်၌ ဆိုလတ္တံ့ ဖြစ်သည်။}

● မိမိအလိုကို သူတပါးတို့ သိအပ်သောကြောင့် ဝိညတ်ခေါ်လျှင် နံရံစသည် ခြားကွယ်ရာ၌ လက်ရပ်ခေါ်ခြင်း စသည်ကိုသူတပါးတို့ မသိအပ်သောကြောင့် ထို လက်ရပ် ခေါ်ခြင်း စသည်ကို ဝိညတ်မဟုတ်ဟု မှတ်ရမည်လော။

၁၁၄၁-ဖြေ။ ။မမှတ်ရပါ၊ခေါ်ဆဲခဏ၌ နံရံစသည်ခြား၍ မထင်ရှားသဖြင့် မသိအပ်သော်လည်း မျက်မှောက်ရှိသော သူတို့မှာကား-ထင်ရှား၍ သိအပ်သောကြောင့် ဝိညတ်ဟုပင် ခေါ်ရပါသည်။

† ကိုဠာဝိ တသ္မိံ ခဏေ အပါကဋာ၊ သမ္မုခီဘူတာနံ ပန ပါကဋတ္တာ ဝိညတ္တိယေဝ နာမ ဟောတိ။ (အဋ္ဌသာလိနီ)

● ဝစီဝိညတ်အရ အဘယ်ကို ကောက်ယူရမ်ည်ဟု တရားကိုယ်အစစ်ကို ကောက်ပြပါ။

၁၁၄၂-ဖြေ။ ။နှုတ်မြွက်ခြင်းကို ပြုတတ်သော စိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်၏ အကွာရာတို့၏ဖြစ်ရာ လည်ချောင်း အစရှိသော ဌာန်တို့၌ဖြစ်သော ကမ္မဇရုပ်တို့(ကမ္မဇပထဝီ) နှင့်တကွ ထိခိုက်ခြင်း၏ အကြောင်းဖြစ်၍ဖြစ်သော တခုသောပထဝီဓာတ်၏အခြင်းအရာအထူးသည် ဤနေရာ၌ ဝစီဝိညတ်အရ တရားကိုယ်အစစ်ဖြစ်ပါသည်။ (ပထဝီ

ဓာတ်၏ ဝိကာရ ဟူလို) သဝိညာဏကသဒ္ဒ-ဟု ဆိုအပ်သော စကား သည် ဝစီဝိညတ်မ, မည်ပါ။ (ဋီ)

* ဓာတ်ပထဝီ, ဝိကာရီ, ဝစီမှတ်ဘိ-ဝိညတ္တိ။ (သစ်)

● အသံသည် အဘယ်အခါ၌ ဖြစ်ပေါ်ပါသနည်း။

၁၁၄၃-ဖြေ။ ။ကမ္မဇ ပထဝီဓာတ်နှင့် စိတ္တဇ ပထဝီဓာတ်တို့ ထိခိုက်လျှင် ထိခိုက်ခြင်းပင် အသံဖြစ်ပေါ်ပါသည်။

{"ဣဓစ သန္တမ္ဘနာဒီနံ အဘာဝတော" စသော ဋီကာ စကားနှင့်စပ်၍ အဌသာလိနီ, မူလဋီကာ, အနုဋီကာ, မဏိမဉ္ဇူ-ပြည် ဆတော်ဘုရားကြီးတို့၏ အယူအဆကား-တမျိုးစီပင် ဖြစ်သည်။ ဤအရာကား-ဒုဒ္ဒသ အရာပေတည်း။

† ဃဋ္ဌနေန ဟိ သဒ္ဒိ ယေဝ သဒ္ဒေါ ဥပ္ပဇ္ဇတိ။ (ဋီ)

● လှုပ်သောကိုယ် ရွတ်ဆိုအပ်သောအသံကို မြင်, ကြား၍ အလို ကို သိရပုံကို ဝိထိနှင့်ပိုင်းခြား၍ ရှင်းလင်းပြပါ။

၁၁၄၄-ဖြေ။ ။တောဌ်စိုက်ဆောင်၍ထားအပ်သောနွားဦးခေါင်း ရိုး, ထန်းရွက်အစရှိသည်၌တည်သောရူပါရုံကို စက္ခုဝိညာဏဝီထိ, တဒနုဝတ္တက မနောဒွါရဝီထိ, သုဒ္ဓမနောဒွါရဝီထိတို့ဖြင့် မြင်သိ၍ ထိုသိပြီး သည်၏ အခြားမဲ့၌ (တတိယ မနောဒွါရဝီထိ၏ အခြားမဲ့၌) ဖြစ်သော လူပြိန်းတို့မသိအပ်သော အထူးရှိသော စတုတ္ထမနောဒွါရဝီထိဖြင့် နွား ဦးခေါင်းရိုး အစရှိသည်ဘို့၏ ရေနှင့်တကွ ဖြစ်ခြင်းရှိသည်၏ အဖြစ်ဟု ဆိုအပ်သော သဒီပီ, သဒီပ စပ်ကြသော အခြင်းအရာ သမ္ဘန္ဓာကာရကို သိ၍ ပဉ္စမ မနောဝိညာဏဝီထိဖြင့် ရေကိုသိသကဲ့သို့ လှုပ်သောကိုယ်-ရွတ်ဆိုအပ်သော အသံတို့ကို စက္ခုဝိညာဏဝီထိ, တဒနုဝတ္တက မနော ဝိညာဏဝီထိ, သုဒ္ဓ မနောဝိညာဏဝီထိ (ကာယဝိညတ်ဘို့) သောတ ဝိညာဏဝီထိ, တဒနုဝတ္တက မနာဝိညာဏဝီထိ, သုဒ္ဓ မနောဝိညာဏ ဝီထိ (ဝစီဝိညတ်ဘို့) တို့ဖြင့်သိ၍ ထိုသိပြီးသည်၏အခြားမဲ့၌ (တတိယ မနောဝိညာဏဝီထိ၏ အခြားမဲ့၌) ဖြစ်သော လူပြိန်းတို့မသိအပ်သော အထူးရှိသော ရှေးအဘို့၌ပြီးစေအပ်သောအမှတ်နှင့်စပ်သည်ဟုဆိုအပ်

သော အားကြီးသော အကြောင်းရှိသော စတုတ္ထ မနောဝိညာဏဝီထိ, ပဉ္စမ မနောဝိညာဏဝီထိတို့ဖြင့် အလိုကိုသိခြင်းဖြစ်ရပါသည်။ (စတုတ္ထ မနောဝိညာဏဝီထိဖြင့် ဝိကာရကို သိ၍ ပဉ္စမ မနောဝိညာဏဝီထိဖြင့် အလိုကို သိသည်ဟူလို။) (ဋီ)

{အဘိဓမ္မာ ဝတာရဋ္ဌကား-လေးဝီထိရှိမှ အလိုကို သိသည်ဟု မိန့်၏။}

- အစည်းအဝေးကြီးများ၌ပြောသောလူများသဖြင့်ဝေးနေ၍မသဲ့ကွဲသောအသံ, သားငှက်တို့၏ အသံ, တယောက်ဘာသာကို တယောက်နားမလည်သောသူတို့၏ပြောသောအသံများသည် ဝိညတ္တိရဟိတသဒ္ဒလော, ဝိညတ္တိသဟိတသဒ္ဒလောဆုံးဖြတ်ပါ။

၁၁၄၅-ဖြေ။ ။အစည်းအဝေးတွင် အဝေးကပြောသောအသံ၌ အနီး၌နေသောသူများ နားလည်နိုင်သောကြောင့်ရင်း၊သားငှက်အသံနှင့်ဘာသာနားမလည်သောသူတို့၏အသံမှာလည်းရင်းတို့၏ဘာသာကို နားလည်သောသူများအား နားလည်စေနိုင်သောကြောင့်ရင်း ထိုအသံများကို ဝိညတ္တိသဟိတ အသံများဟုသာ ဆိုရပါမည်။ ဝိညတ္တိရဟိတအသံဟု မဆိုရပါ။ (ပရမတ္ထဒီပနီ)

- လဟုတာ-အစရှိသော ရုပ်သုံးခု အပေါင်းသည် အချင်းချင်း မစွန့်မူ၍ တပေါင်းတည်းလို-ဖြစ်သဖြင့် အချင်းချင်း ထူးပုံကို အဘယ်သို့ သိနိုင်မည်နည်း။

၁၁၄၆-ဖြေ။ ။အချင်းချင်း မစွန့်သော်လည်း ထိုရုပ်သုံးခုအပေါင်း၏ ပေါ့ပါးသည်၏အဖြစ်, နူးညံ့သည်၏အဖြစ်,အမှု၌ ခံ့သည်၏ အဖြစ် တည်းဟူသော အမူအရာအထူးအပြား ဝိကာရလျှင် လွန်ခြင်းရှိသော ရုပ်တို့ဖြင့် အချင်းချင်းထူးပုံကို သိရပါသည်။ (သမာသ)။ ။လေးလံသည်၏ အဖြစ်ကို ပြုတတ်သော ဓာတ် ချောက်ချားခြင်း၏ ဆန့် ကျင်ဘက်ဖြစ်သော အကြောင်းလျှင် ဖြစ် ကြောင်း ရှိ သော နိပ္ပန္ဓ ရုပ်တို့၏ ဖောက်ပြန်ခြင်းသည် လဟုတာ-မည်၏။ခက်ထန်ခိုင်မာသည်၏အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော

အကြောင်းလျှင်ဖြစ်ကြောင်းရှိသော နိပ္ဖန္ဓရုပ်တို့၏ဖောက်ပြန်ခြင်းသည် မုဒုတာ-မည်၏။ကိုယ်ဖြင့်ပြုအပ်သော အမှုကိစ္စတို့အား မလျောက်ပတ်သည်၏အဖြစ်ကိုပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းလျှင် ဖြစ်ကြောင်းရှိသော နိပ္ဖန္ဓ ရုပ်တို့၏ ဖောက်ပြန်ခြင်းသည် ကမ္မညတာ-မည်၏။ဤသို့ထူးခြားကြပါသည်။ (ဗျာသ)

{ထို ရုပ် သုံးခုကို အ နာ ကင်း သော သူ ၏ ပေါ့ ပါး ခြင်း၊ ကောင်းစွာနယ်ပြီးအပ်သော သားရေ၏နူးညံ့ခြင်း၊ကောင်းစွာ ဦးပြီးသော ရွှေ၏ ထိုထို တန်ဆာပြုဘို့ လွယ်ကူခြင်းနှင့် ဟပ်၍ ယူပါ။

† အညမည အဝိဇဟန္တဿာပိ ဟိ လဟုတာဒိတ္တယဿ တံ တံ ဝိကာရာဓိက ရူပေဟိ နာနတ္တံ ဝုတ္တံ။ (ဋီ)

● ဝါဂွမ်းစိုင် စသည်၌ ပရမတ္ထအားဖြင့် လဟုဘာဝ စသည်မရှိဘဲ လျက် အဘယ်သို့လဟုတာ စသည်ဖြင့်ခေါ်ဆိုနိုင်ပါသနည်း။

၁၁၄၇-ဖြေ။ ။ပရမတ္ထအားဖြင့် လဟုတာ စသည်ပင် မရှိသော်လည်း ဂရုဘာဝ စသည်တို့၏အကြောင်းဖြစ်ကုန်သော ဘုတ်တို့၏မရှိသည်၏အဖြစ်ကိုပင်လျှင် လဟုဘာဝ စသည်ဖြင့် ခေါ်ဆိုနိုင်ပါသည်။

† နတတ္ထ ပရမတ္ထတော လဟုဘာဝါဒိကံ အဓိကံ အတ္ထိ၊ ဂရုဘာဝါဒိဟေတူနံ ပန ဘူတာနံ အဘာဝတော တတ္ထ လဟုဘာဝါဒိ ဝေါဟာရော။ (ဇူ)

● ရူပဿ လဟုဘာ စသည်၌ ရူပဿ-အရ အဘယ် ရုပ်ကိုသာ ယူရမည်, အဘယ်ရုပ်ကို မယူရဟု ခွဲခြားပြခဲ့ပါ။

၁၁၄၈-ဖြေ။ ။ရူပဿ-အရ စိတ်, ဥတု, အာဟာရ ဖြစ်သော မဟာဘုတ်၊ ဝါ-နိပ္ဖန္ဓရုပ်ကိုသာ ယူရပါမည်။လဟုဘာဝ, မုဒုဘာဝ, ကမ္မညဘာဝတို့သည် ပစ္စုပ္ပန်အကြောင်းကိုသာငဲ့သောကြောင့် ကမ္မဇရုပ်တို့၌ လဟုဘာဝ စသည်မရှိ၍ ကမ္မဇရုပ်တို့ကို မယူရပါ။

† လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။ (သင်္ဂဟ)
† ပစ္စုပ္ပန္နပစ္စယာပေက္ခတ္တာ လဟုတာဒိတ္တယံ ကမ္မဇံ နဟောတိ။ (ဋီ)
† ကမ္မဇရူပေသု ဟိ လဟုတာဒယော နသန္တိ ပစ္စုပ္ပန္နပစ္စယာ ပေက္ခတ္တာ။ (ဇူ-အဋ္ဌသာလိနီ-အဘိမ္မောဝတာရ ထို့အတူ)

● ဥပစယ သန္တတိရုပ် ၂-ခုကို၏ အထူးကို ဖော်ပြပါ။

၁၁၄၉-ဖြေ။ ။ပဋိသန္ဓေ၏ ဥပ္ပာဒက္ခဏမှစ၍ အကြင်ရွှေလောက် ဇိဝှာဒသကရုပ်တို့၏ ဖြစ်ခြင်းသည် ရှိ၏၊ ထိုမျှလောက်သော ကာလ အတွင်း၌ နိပ္ပန္နရုပ်တို့၏ဖြစ်ခြင်းသည် ဥပစယ-မည်၏။ ထိုဇိဝှာဒသက တို့၏နောက်၌ဖြစ်သော ရုပ်တို့၏ ဖြစ်ခြင်းသည် သန္တတိ-မည်၏။ ဤသို့ ထူးပါသည်။ (ဋီ)

{ဤကား-ဂဗ္ဘသေယျကကိုသာရည်၍ဆိုသည်။သံသေဒဇ, ဥပပါတ်တို့မှာကား-ပဋိသန္ဓေခဏ၌ ရုပ်တို့၏ဖြစ်ခြင်းသည် ဥပစယ၊ထို့နောင်မှစုတိတိုင်အောင်ရုပ်တို့၏ဖြစ်ခြင်းသည်သန္တတိ မည်၏။(ဇူ) အဋ္ဌကထာ၌ကား-ရုပ်တို့၏ဖြစ်စသည် အာစယ၊ ထို့နောင် ဇိဝှာတိုင်အောင် ရုပ်တို့၏ ဖြစ်ခြင်းသည် ဥပစယ၊ ဇိဝှာမှနောက်၌ ရုပ်တို့၏ဖြစ်ခြင်းသည် သန္တတိ-ဟု လက်ယက် တွင်း ဥပမာနှင့် ၃-မျိုးပြတော်မူ၏။ဤဥပစယ,သန္တတိ-တို့ကို သစ်ပင်, တော, တောင် စသည်တို့၌လည်း ရနိုင်သည်။}

● ရုပ်တို့သည် ဖြစ်သည်မှ ခဏမျှသာ တည်တံ့နိုင်သဖြင့် အဘယ် သို့ ဇရတာ-ဖြစ်နိုင်မည်နည်း။

၁၁၅၀-ဖြေ။ ။ရုပ်တို့သည် ခဏမျှ တည်တံ့ ကြကုန် သော်လည်း လေးပါးသော အကြောင်းကြောင့် ဖြစ်ကုန်သော ရုပ်တို့၏ ချုပ်ခြင်း၊ ဘင်-သို့ ရှေ့ရှုသည်၏အဖြစ်အားဖြင့် ရင့်ခြင်းသဘော သည်ပင် ဇရတာ ဖြစ်ပါသည်။

+ ယထာသကံ ခဏမတ္တဋ္ဌာယီနံ ရူပါနံ နိရောဓာ ဘိမုခဘာဝ ဝသေန ဇိရဏံ ဇရာ။ (ဋီ)

{သုတ္တန်နည်းအားဖြင့် ရုပ်တို့၏ ရင့်ရော်ခြင်း ပါကဋဇရာ၊

နာမ်တို့၏ ရင့်ရော်ခြင်း အပါဒုက(ပရိစ္ဆဒ်)ဇရာ၊ သိအပ်သော အကြားမရှိ၊ အသိခက်သော သဝိစိဇရာ, အဝိစိဇရာ-ဟု လာရှိသေး၏။ ဤဇရာကို သစ်ပင်,တော,တောင် စသည်တို့၌လည်း ရနိုင်သည်။ နိပ္ပန္နရုပ်ဘို့၏ ဌိ-အခိုက်အတန့်အားဖြင့်ရင့်နေခြင်း သဘောသည် ဇရတာ။ထိုရုပ်တို့၏ပျက်စီးခြင်းသည် အနိစ္စတာ မည်၏။}

● အဘယ့်ကြောင့် လက္ခဏာရုပ်-မည်ပါသနည်း။

၁၁၅၁-ဖြေ။ ။ဖြစ်ဆဲ,ရင့်ဆဲ,ပျက်ဆဲသော နိပ္ပန္န ရုပ်တရားဘို့၏ ထိုထိုဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း-ဟူသော အခိုက်အတန့် အစွမ်းအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် လက္ခဏာရုပ်-မည်ပါသည်။

† လက္ခဏာရူပံနာမ မမ္မာနံ တံ တံ အဝတ္ထာ ဝသေန လက္ခဏာ ဟေတုတ္တာ။ (ဋီ)

● ဇာတိရူပမေဝ-၌ အဘယ့်ကြောင့် ဇာတိ, ဘဘယ့်ကြောင့် ရူပ-မည်သည်ကို ဖေဝ်ပြပါ။

၁၁၅၂-ဖြေ။ ။ပဋိသန္ဓေ၏ ဥပါဒ်ခဏမှစ၍ စုတသမုဒ္ဒာန်ကရုပ်တို့၏ခဏတိုင်းခဏတိုင်း ဖြစ်ခြင်းမျှ၏အဖြစ်ကြောင့် ဇာတိ-မည်ပါသည်။ စုတသမုဒ္ဒာနိကရုပ်ဘို့၏ ဖြစ်ခြင်းမျှဖြစ်၍ စုတသမုဒ္ဒာနိကရုပ်၌ စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြင့်ကြောင့် ရူပ-မည်ပါသည်။ (ဋီ)

● ဇာတိရုပ်တခုကိုပင် အဘယ့်ကြောင့် ဥပစယ,သန္တတိ အားဖြင့် ၂-ပါးခွဲ၍ ဆိုပါသနည်း။

၁၁၅၃-ဖြေ။ ။ရှေးဦးစွာ အစဖြစ်ခြင်း, နောက်၌ဖြစ်ခြင်း-ဟု ဆိုအပ်သော ဖြစ်ခြင်းဟူသော အခြင်းအရာဘို့ဖြင့် ဇာတိရုပ်၏ ကွဲပြားသည်၏အဖြစ်ကြောင့်ဂုဏ်း၊ဆုံးမဆိုက်သော တရားတော်နာ နတ်တို့၏ အလိုအားဖြင့် ဥပစယ, သန္တတိအားဖြင့် ၂-ပါးခွဲဝေ၍ ရူပကလ္လာ-၌ ဘုရား ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်ဂုဏ်း ဇာတိရုပ်တခုကို ပင်လျှင် ဥပစယ,သန္တတိအားဖြင့် ၂-ပါးခွဲ၍ ဆိုရပါသည်။

† ပဌမုပရိနိဗ္ဗုတ္တ သန်ါတပုဝတ္တိအာကာရ ဘေဒတော ဝေနေယျ ဝသေန ဥပစယော သန္တတိတိ ဝိဘဇိတ္ဝာ ဝုတ္တတ္တာ။ (ဋီ)

● အဘယ့်ကြောင့် အနိပ္ပန္နရုပ်-မည်ပါသနည်း။

၁၁၅၄-ဖြေ။ ။နိပ္ပန္နရုပ်တို့၏ ဖောက်ပြန်ခြင်း၊ နိပ္ပန္နရုပ်တို့ကို ပိုင်းခြားခြင်း အစရှိသော သဘောမျှကို ကြဉ်ထား၍ အသီးအခြားအကြောင်းတရားလေးပါးတို့သည် မပြီးစေအပ်သည်၏ အဖြစ်ကြောင့် အနိပ္ပန္နရုပ်-မည်ပါသည်။

{အနိပ္ပန္နရုပ်ဟူသည် နိပ္ပန္နရုပ်တို့ကိုပိုင်းခြားကာမျှ နိပ္ပန္နရုပ်တို့၏ ဖောက်ပြန်ခြင်း စသော သဘောမျှသာရှိ၍ ထိုအနိပ္ပန္နရုပ်တို့ကို အကြောင်းတရားလေးပါးတို့က အသီးအခြားပြုပြင်စီရင်မှု မရှိဟူလို။}

† ရူပါနံ ပရိစ္ဆေဒ ဝိကာရာဒိ ဘာဝံ ဝိနာ ဝိသုံ ပစ္စယေဟိ အနိဗ္ဗတ္တတ္တာ။ (ဋီ)

● ရုပ်ဆိုလျှင် ပရမတ္ထချည်း မှတ်ရမည်လော၊ ပရမတ္ထမဟုတ်သော ရုပ်များရှိက အထောက်ပြ၍ ထုတ်ပြပါ။

၁၁၅၅-ဖြေ။ ။"သဘာဝရူပံ သလက္ခဏရူပံ-ဒွါသတ္တတိဝိဓာ ဝတ္ထုဓမ္မာ သလက္ခဏာ" ဟူသော သင်္ဂဟကိုထောက်၍ အနိပ္ပန္နရုပ် ၁၀-ပါးသည် သဘာဝ, သလက္ခဏ, ဝတ္ထုဓမ္မရုပ် မဟုတ်၊ အသဘာဝ, အလက္ခဏ ရုပ်မျိုးသာဖြစ်၍ ထို ၁၀-ပါးသည် မုချပရမတ္ထ မဟုတ်ပါ။ သို့သော် ပရမတ္ထဖြစ်သော နိပ္ပန္နရုပ်တို့၏ အခိုက် အတန့်ကို စွဲ၍ဖြစ်ရကား-အမုချပရမတ္ထဟုကား-ဆိုနိုင်ပါသည်။ (အောက်တုံးကလည်း ပြခဲ့သေးသည်။)

† နစိတ္တသမုဋ္ဌာနာတိ ဧတေန ပရမတ္ထတော အဘာဝံ ဒဿေတိ။
(မူလဋီကာ-ဝိညတ် ပရမတ် မဟုတ်ကြောင်း အဖွင့်)

† ဒသဓာပိ အနိပ္ပန္နံ၊ နတ္ထေတံ ပရမတ္ထတော။
ရူပဿေတန္တိ ကတ္ဌာန၊ ရူပမိစ္စေဝ ဝုစ္စတိ။ (ပရမတ္ထ ဝိနိစ္ဆယ)

● အပရေဆရာတို့ဆိုသော ဗလရုပ်, သုက်ရည်ခေါ်သော သမ္ဘဝရုပ်, ရောဂရုပ်တို့သည် အဘယ်ရုပ်များပါနည်း၊ ရုပ် ၂၈-ပါးမှ အသီးအခြား ပါလော။

၁၁၅၆-ဖြေ။ ။အသီးအခြား မဟုတ်ပါ၊ ဝါယောဓာတ်သည်ပင်

ဗလရုပ်။အာပေါဓာတ်သည်ပင် သမ္ဟာဝရုပ်၊ ဇရတာ အနိစ္စတာသည်ပင် ရောဂရုပ်များဖြစ်ပါသည်။ (အဋ္ဌသာလိနီ)

[သမ္ဟာဝရုပ်နှင့်စပ်၍ ဘုရား,ရဟန္တာ,ဗြဟ္မာတို့မှာ သုက်မရှိ. ဟု ဆရာဓမ္မပါလ ဝိသုဒ္ဓိမဂ် မဟာဋီကာမှာ မိန့်တော်မူ၏။]

● လူတကိုယ်လုံးကို သုံးပိုင်းပိုင်းပြု၍ တပိုင်းပိုင်း၌ ရုပ်ပေါင်းမည်မျှစီ ရှိသည်ကိုလည်း အသီးသီးဖော်ပြပါ။

၁၁၅၇-ဖြေ။ ။လူတကိုယ်လုံးတွင် ချက်မှ အောက်ကို ဟေဋ္ဌိမကာယ၊ချက်မှ အထက်ရေမျိုး(လည်မျိုး)အထိ မဇ္ဈိမကာယ၊လည်မျိုမှ အထက်ကို ဥပရိမကာယ-ဟု သုံးပိုင်းရှိ၏။ ထိုတွင် 'ဟေဋ္ဌိမကာယ၌ ကာယဒသက ဘာဝဒသက-၂။ စိတ်, ဥတု, အာဟာရ အဋ္ဌကလာပ်-၃၊ပေါင်းကလာပ် ၅-စည်း,ရုပ်ပေါင်း ၄၄-ပါးရှိပါသည်။ မဇ္ဈိမကာယ၌ ကာယဒသက, ဘာဝဒသက,ဝတ္ထုဒသက-၃။ စိတ်, ဥတု,အာယာရအဋ္ဌကလာပ်-၃၊ပေါင်း ကလာပ် ၆-စည်း၊ရုပ်ပေါင်း ၅၄-ပါး ရှိပါသည်။ ဥပရိမကာယ၌ စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဘာဝဒသက-၆။ စိတ်, ဥတု, အာဟာရ အဋ္ဌကလာပ်-၃၊ပေါင်း ကလာပ် ၉-စည်း၊ရုပ်ပေါင်း ၇၄-ပါးရှိပါသည်။ (အဋ္ဌသာလိနီ)

ရူပသမုဋ္ဌေသ အဖြေပြီး၏။

ရူပဝိဘာဂ အဖြေ

●

● ရုပ် တို့သည်အဘယ့်ကြောင့်အဟေတုကစသည်မည်ပါသနည်း။

၁၁၅၈-ဖြေ။ ။ရုပ်တို့သည် သမ္မယုတ်ဖြစ်သောအလောဘစသော ဟိတ်မရှိသည်၏ အဖြစ်ကြောင့် အဟေတုက မည်ပါသည်။ အကြင် အကြင် မိမိဥစ္စာဖြစ်သော ကံ, စိတ်, ဥတု,အာဟာရ တည်းဟူသော အကြောင်း ရှိသည်၏ အဖြစ်ကြောင့် သပစ္စယမည်ပါသည်။ မိမိကို အာရုံပြု၍ ဖြစ်ကုန်သော ကာမာသဝ စသည်တို့နှင့် တကွ ဖြစ်သော ကြောင့် သာသဝမည်ပါသည်။ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင် စီရင်အပ်သည်၏

အဖြစ်ကြောင့် သန်ဘမည်ပါသည်။ ဥပါဒါနက္ခန္ဓာ-ဟု ဆိုအပ်သော လောက၌ ယှဉ်သည်၏အဖြစ်ကြောင့် လောကိယ-မည်ပါသည်။ ကာမ ဘဏ္ဍာ၏ ကျက်စားရာဖြစ်သောကြောင့် ကာမာဝစရ-မည်ပါသည်။ နာမ်တရားတို့ကဲ့သို့ တစုံတခုသော အာရုံကို မယူတတ်ခြင်းကြောင့် အနာရမ္မဏ-မည်ပါသည်။ တဒင်္ဂပဟာန်-အစရှိသည်တို့၏အစွမ်းဖြင့် ပယ်အပ်သည်၏အဖြစ်မရှိသောကြောင့် အပွဟာတဗ္ဗ-မည်ပါသည်။

{ရုပ်သည် စတုဘုမ္မိက တရားတို့ဘွင် အာနုဘော် နည်း သောကြောင့် ပရိတ္တလည်းမည်ပါသည်။ အပွဟာတဗ္ဗမေဝါတိ၌ဣတိ သဒ္ဒါသည် ပကာရ အနက်ရှိသောကြောင့် ထို ဣဟိ သဒ္ဒါဖြင့် ရုပ်သည် အဗျာကတ, သံယောဇနိယ, ဂန္ထနိယ-စသောအလုံး စုံသော ဧကဝိဓနည်းကို ရေတွက်လေ။ ရုပ်သည် ပဟာတဗ္ဗ မဟုတ်ကြောင်း မိဒ္ဓစေတသိက်ခဏ်းက ပြခဲ့ပြီ။}

● သပ္ပစ္စယံ-၌ သ-သဒ္ဒါ ဘယ်အနက်ဖြစ်သင့်သည်ဟုအကြောင်း ချင့်၍ စီစစ်ပြပါ။

၁၁၅၉-ဖြေ။ ။သ-သဒ္ဒါတုလျယောဂအနက်ရှိသည်ဟုယူက စိတ်နှင့် အတူတကွဖြစ်သောကြောင့် စိတ္တဇရုပ်သာ သပ္ပစ္စယ-မည်ခဲ့ရာ၏။ ကမ္မဇရုပ်-စသည်တို့သည် ကံ,စသော မိမိတို့၏ အကြောင်းတရားနှင့် အတူတကွမဖြစ်ကြသောကြောင့် သပ္ပစ္စယ-မမည်ဟူသော အနက်ဖြစ်သင့်၍ တုလျယောဂ-အနက် မယူဘဲ ဝိဇ္ဇမာန - အနက်သာ ယူသင့်ပါသည်။ (ဇူ) သဗ္ဗဥ-၌ စ-ကိုလည်း အစိတ် ရုပ်ကို ပေါင်းသော အဝယဝ သမ္ပိဏ္ဍန-အနက်ကြံလေ။

† သဟသဒ္ဒေါ ဝိဇ္ဇမာနတ္ထော၊ နတုလျယောဂတ္ထော၊ ယဒိသော သိယာ စိတ္တဇရူပမေဝ သပ္ပစ္စယံ သိယာ စိတ္ထေန သမုပ္ပန္နတ္တာ၊ နကမ္မဇာဒိရူပံ တေန အသဟုပ္ပန္နတ္တာ။ (ဇူ)

{ဟေတု ပစ္စည်း-စသည်တို့သည် ရုပ်၏အကြောင်းများပင်ဖြစ်သော်လည်း ကံ-စသော ပဓာနအကြောင်းများကိုဆိုသဖြင့် အပဓာနဖြစ်သော ဟေတု - စသော အကြောင်း များ လည်း ပဓာနနည်းဖြင့် ပါသွားပြီဖြစ်၍ အထူးမဆိုတော့ဟုမှတ်လေ။}

● အဘယ့်ကြောင့် ဒေဓျတ္တိကရုဒ်-မည်ပါသနည်း။

၁၁၆၀-ဖြေ။ ။အတ္တဘော-ဟု ဆိုအပ်သော ခန္ဓာပဉ္စကကိုယ်ကို နှမိန်၏တည်ရာဖြစ် (၃) ၍ ဖြစ်သောကြောင့်ရင်း, အတ္တဘောအား လွန်ကဲစွာ ကျေးဇူးပြုတတ်သောကြောင့်ရင်း, အတ္တ-ဟု ဓံအပ်သော ပဓ္ဓဒ္ဓါ အိုကစိတ်ကိုခဲ့၍ ထိုပဓ္ဓဒ္ဓါရိကဒိဘိန်း ဖြစ်ကြောင်း၏အဖြစ်ဖြင့် ဖြစ်ဘတ် သောကြောင့်ရင်း အဓ္ဌတ္တိကရုဒ်-မည်ပါသည်။ (၄)

● အတ္တဘော-ဟု ဆိုအပ်သော ခန္ဓာပဉ္စကကို ဒိဓိန်၏ တည်ရာဖြစ် (၃)၍ ဖြစ်ကုန်သော ရူပါရုံ စသော ရုပ်မျာ၊ ဒှိလျက် စက္ခု စသော ငါးပါးသော ရုပ် ကို သာ လျှင် အ ဘယ့် ကြောင့် အဓ္ဌတ္တိကရုဒ်-ဟု ဆိုပါသနည်း။

၁၁၆၁-ဖြေ။ ။ရူပါရုံ စသော ရုပ်များဒှိသော်လည်း အဓ္ဌတ္တိက-ဟူသောအမည်သည် စက္ခုပသာဒ စသော ငါးပါးသော ရုပ်တို့၌သာ ဆင်သည်ဖြစ်၍ စက္ခုစသော ငါးပါးသော ပသာဒရုပ်တို့ကိုသာလျှင် အထင်ရှင်အားဖြင့် အဓ္ဌတ္တိကရုဒ်-ဟု ဆိုပါသည်။

† ရုဠ်ဳ ဝသေန ပန စက္ခာဒိဘံယေဝ အဓ္ဌတ္တိကံ။ (၄)

● အဘယ့်ကြောင့် ဝတ္ထုရုဒ်, အဝတ္ထုရုဒ်-မည်ပါသနည်း။

၁၁၆၂-ဖြေ။ ။စက္ခုဝိညာဏ်စသည်တို့၏ရင်း, မနောဓာတ်တို့၏ ရင်း မှီရာဖြစ်သောကြောင့် ဝတ္ထုရုဒ်-မည်ပါသည်။ တပါးပါးသော ဒိညာဏဓာတ်၏ မှီရာ မဟုတ်သောကြောင့် အဝတ္ထုရုဒ် - မည်ပါသည်။ (ပြည်)

† သတ္တန်ဳ ဝိညာဏာနံ နိဿယဘာ ပသာဒ ဟဒယ သဒ်္ဒါတံ ဝတ္ထုရုပံနာမ။ (ဋီကာဒဟာင်း)

{ဝိညာဏဓာတ်တို့၏ မှီရာရုပ်ကိုသာ ဝတ္ထုရုပ် ဆိုရသဖြင့် ဥပါဒါရုပ်တို့၏မှီရာမဟာဘူတ်ကို ဝတ္ထုရုပ်ဟု မဆိုရတော့ပြီ။}

● အဘယ့်ကြောင့် ဒွါရရုပ်-မည်ပါသနည်း။

၁၁၆၃-ဖြေ။ ။ဝိထိစိတ်, ပါဏာတိပါတ စသော ကံတို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဒွါရရုပ်-မည်ပါသည်။ ထိုတွင် ပသာဒရုပ် ငါးခုသည် ဥပပတ္တိဒွါရ, ဝိညတ်ခွေးသည် ကမ္မဒွါရ မည်သည်ဟု ခွဲ၍ မှတ်။ (ပရမတ္ထဒီပနီ)

● ရှစ်ပါး အပြားရှိသော ရုပ်သည် အဘယ့်ကြောင့် ဇာဋ္ဌိယရုပ် မည်ပါသနည်း။

၁၁၆၄-ဖြေ။ ။ပဉ္စဝိညာဏ် တို့၌ဌင်း, ဇာတိလိင် စသည်တို့၌ဌင်း, သဟဇာတ်ဖြစ်သော ရုပ်တို့ကို စောင့်ခြင်း၌ဌင်း အစိုးရသည်၏ အဖြစ်ကြောင့် တိုရုပ်ရှစ်ပါးသည် ဇာဋ္ဌိယရုပ်-မည်ပါသည်။ (သမာသ) မိမိ၏ ထက်သည်၏အဖြစ်, နှံ့သည်၏အဖြစ်ဖြင့် ထိုစက္ခုဝိညာဏ် အစရှိသည် တို့အား ထက်သည်၏အဖြစ်, နှံ့သည်၏အဖြစ်သို့ရောက်စေတတ်သော ကြောင့် ပသာဒရုပ်ငါးခုတို့သည် စက္ခုဝိညာဏ် အစရှိသည်တို့၌ဌအစိုးရ ပါသည်။ အကြင်အကြင် မိမိတို့ဥစ္စာ ဖြစ်ကုန်သော ကံ, စိတ် စသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော်လည်း ထို ဇာတိလိင် အစရှိသည် တို့သည် များသောအားဖြင့် ဇာတိဘော, ပုဗ္ဗော ရှိသောသန္တာန်၌သာ လျှင် ထို ဇာတိလိင် အစရှိသော အခြင်းအရာ, ပုရိသလိင် အစရှိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့် ဘာဝရုပ် ၂-ခုသည် ဇာတိလိင် စသည်တို့၌အစိုးရပါသည်။ဇာဋ္ဌိယပစ္စည်းဖြစ်သောကြောင့် အစိုးရခြင်း မဟုတ်ပါ။ဇာတိလိင်အစရှိသည်ကား-ဇာတိလိင်, ဇာတိနိမိတ္တ, ဇာတိကုလ, ဇာတိအာကပ္ပတို့ကို ဆိုလိုသည်။ (ပုရိသလိင် စသည်လည်း နည်းတူ။) ကမ္မဇရုပ်တို့သည် အကြင်အကြင် မိမိတို့၏ ဥစ္စာဖြစ်သော တခုယုတ် ငါးဆယ် စိတ္တက္ခဏဟုဆိုအပ်သော တခဏမျှဘဉ်ခြင်း၏ ဇီဝိတိန္ဒြေနှင့် စပ်သည်၏အဖြစ်ကြောင့် ဇီဝိတိန္ဒြေသည် ကမ္မဇရုပ်တို့ကို စောင့်ခြင်း၌ အစိုးရပါသည်။ ဇီဝိတိန္ဒြေသည် လေသူကြီးကဲ့သို့ မိမိသည် တည့်စေအပ်, ထားအပ်သောကမ္မဇရုပ်တရားတို့နှင့်စပ်၍သာလျှင် ဖြစ်ပါသည်။

(ဗျာသ)

{လိင်, နိမိတ္တ, ကုတ္တ, အာကပ္ပ တို့သည် ပဋိသန္ဓေ အခါ၌ ထင်ရှားမရှိသေးသောကြောင့် ဘာဝရုပ် ၂-ခုသည် ဥပ္ပါဒ်ယရုပ် ဖြစ်သော်လည်း ဥပ္ပါဒ်ယပစ္စည်းမတပ်ဟု မှတ်ပါ။}

† ပဋ္ဌဝိညာဏော်သု လိင်္ဂါဒိသု သဟဇ ရူပပရိပါလနေစ အာဒိပစ္စ ယောဂတော။ (ဋီ)

† ပဋိသန္ဓိက္ခဏေ ဥတ္ထိလိင်္ဂါဒိန မဘာဝတော။ (ဋီ)

● အဘယ့ကြောင့် ဩဇဋ္ဌာရိကရုပ်မည်သနည်း၊ လွှသွားကြမ်းသကဲ့သို့ ကြမ်းတမ်းသောကြောင့် ဩဇဋ္ဌာရိကရုပ် မည်ပါသလော။

၁၁၆၅-ဖြေ။ ။မဟုတ်ပါ၊ အာရုံ, အာရမ္မဏိကအဖြစ်သို့ ရောက်ခြင်း၏အစွမ်းဖြင့် ရုန့်ရင်းကြမ်းတမ်းသည်၏အဖြစ်ကြောင့် (ထင်လွယ်မြင်လွယ်သည်၏ အဖြစ်ကြောင့်) ဩဇဋ္ဌာရိကရုပ်-မည်ပါသည်။

† ဝိသယ ဝိသယီဘာဝါ ပတ္တိဝသေန ထူဇ္ဇတ္တာ ဩဇဋ္ဌာရိကရူပံ နာမ။ (ဋီ)

● အဘယ့ကြောင့် သန္ဓိကေရုပ် - မည်သနည်း၊ ခရိုး နိုးသလို နိုးသောကြောင့် ခေါ်ပါသလော။

၁၁၆၆-ဖြေ။ ။မဟုတ်ပါ၊ ထိုသို့ ရုန့်ရင်းကြမ်းတမ်းသည်၏အဖြစ်ကြောင့်သာလျှင် ထိုးထွင်း၍သိရခြင်း၏ လွယ်ကူသည်၏ အဖြစ်ကြောင့် သန္ဓိကေရုပ်-မည်ပါသည်။

† တတောယေဝ ဂဟဏဿ သုကရတ္တာ သန္ဓိကေရူပံ အာသန္နရူပံနာမ။ (ဋီ)

● အဘယ့ကြောင့် သပ္ပဋိဃရုပ်-မည်သနည်း၊ တုတ် ၂-ချောင်းထိမိသလို ထိပါးမိသောကြောင့် ခေါ်ပါသလော ရှင်းလင်းပြပါ။

၁၁၆၇-ဖြေ။ ။မဟုတ်ပါ၊ ဝတ္ထုအာရုံတို့၏အချင်းချင်းပေါင်းဆုံမိခြင်း, အချင်းချင်းတိုက်ဆိုင်မိခြင်း, ရှေ့ရှုတော် တည့်ကျခြင်း သဘောရှိသောကြောင့် သပ္ပဋိဃရုပ်-မည်ပါသည်။ ထိုဝတ္ထုအာရုံတို့၏ အချင်းချင်းပေါင်းဆုံ, တိုက်ဆိုင်, ရှေ့ရှုတော်တည့်ကျခြင်းသဘောသည်အားရှိ

သောသူ ၂-ယောက်တို့၏ ထိခိုက်တိုးဝှေ့မိကြခြင်းနှင့်တူပါသည်။ထိုသူ ၂-ယောက်တို့ ထိခိုက် တိုးဝှေ့မိကြသော် အားနည်းသောသူသည် တုန်လှုပ် တိမ်းပါးခြင်း, လဲပြိုခြင်းဖြစ်သလို ဝတ္ထုအာရုံတို့ အ ချင်း ချင်း ပေါင်းဆုံ, တိုက်ဆိုင်, တော်တည့်ကျသောအခါ နာမ်သဘော ရှိ၍ အားနည်းသော ဘဝင် လှုပ်ခြင်းဖြစ်ရပါသည်။ (ဋီ)

[ဤ၌ ပဋိဃ-အရ အာရုံ,အာရမ္မဏိက ထိခိုက်ခြင်း, မဟာဘုတ်အချင်းချင်း ထိခိုက်ခြင်းဟူ၍ ၂-မျိုးမှတ်။]

● သပ္ပဋိဃရုပ်တို့၏ သမ္မတ္တ,အသမ္မတ္တဖြစ်ပုံသဘောကို ရှင်းလင်းပြပါ။

၁၁၆၈-ဖြေ။ ။သပ္ပဋိဃရုပ်တို့တွင် ဖောဋ္ဌဗ္ဗာရုံသည်မိမိ၏အစွမ်းဖြင့် ကာယပသာဒသို့ ရောက်ပါသည်။ ဃာနပသာဒ, ဇိဝှာပသာဒ, ဂန္ဓာရုံ,ရသာရုံတို့သည် မိမိတို့၏မှီရာ မဟာဘုတ်တို့၏ အစွမ်းဖြင့် အချင်းချင်း တပါးသည် တပါးသို့ ရောက်ပါသည်။ စက္ခုပသာဒ, သောတပသာဒ, ရူပါရုံ, သဒ္ဒါရုံတို့သည် မိမိတို့၏ အစွမ်းဖြင့်ဂင်း, မိမိတို့၏ မှီရာ မဟာဘူတ်တို့၏ အစွမ်းဖြင့်ဂင်း နှစ်ပါးကုန်သော အခြင်းအရာတို့ဖြင့်လည်း အာရုံသို့မရောက်ပါ။ ဤသို့ သမ္မတ္တ,အသမ္မတ္တ အဖြစ် ထူးခြားကြပါသည်။ ဤမှကြွင်းသော ၁၆-ပါးသောရုပ်တို့သည် သြဠာရိက စသည် သဘော မရှိသောကြောင့် သုခုမရုပ်, ဒုရေရုပ်, အပ္ပဋိဃရုပ်မည်ကြပါသည်။ (ဋီ)

● အဘယ့်ကြောင့် ဥပါဒိန္နရုပ်-မည်ပါသနည်း။

၁၁၆၉-ဖြေ။ ။တဏှာ, ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံ သည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောကြောင့် ဥပါဒိန္နရုပ်-မည်ပါသည်။ (အနုပါဒိန္န-ကို ပြန်၍သိပါ။)

† တဏှာဒိဋ္ဌိဟိ ဥပေတေန ကမ္မုနာ အဇ္ဈုနော ဖလဘာဝေန အာဒိန္နတ္တာ ဂဟိတတ္တာ။ (ဋီ)

● ဥပါဒိန္ဒ အမျိုးအစားကို ခွဲပြပါ။

၁၁၇၀-ဖြေ။ ။ဥပါဒိန္ဒသည် ကမ္မဇရုပ်ကို ခေါ်သော ဥပါဒိန္ဒ၊ တကိုယ်လုံး၌တည်သော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ အကုန်လုံးကိုခေါ်သော ဥပါဒိန္ဒ-ဟု ၂-မျိုးရှိ၏။ ထို ၂-မျိုးလုံး သည်ပင်တဏ္ဍာ, ဒိဋ္ဌိတို့သည် စွဲလမ်း၍ယူအပ် မှားသောအားဖြင့် သုံးသပ်အပ်သောကြောင့် ဥပါဒိန္ဒ - မည်ကြပါသည်။ ဤ၌ကား - နိပ္ပရိယာယ ဖြစ်သော ကမ္မဇရုပ်ကိုသာ ဥပါဒိန္ဒရုပ် ခေါ်လိုရင်းတည်း။

† နိပ္ပရိယာယတော ပန ကမ္မသမုဋ္ဌာနမေဝ ဥပါဒိန္ဒံနာမ။
(ပရမတ္ထဒီပနီ)

† သရီရဋ္ဌကံ ဟိ ဥပါဒိန္ဒံဝါ ဟောတု အနုပါဒိန္ဒံဝါ အာဒိန္ဒဂဟိတ ပရာမဋ္ဌဝသေန သဗ္ဗံ ဥပါဒိန္ဒမေဝ နာမ။ (အဋ္ဌသာလိနီ)

● အဘယ့်ကြောင့် သနိဒဿန မည်သည်ကို ရှင်းလင်းပြပါ။

၁၁၇၁-ဖြေ။ ။မြင်ခြင်းငှာထိုက်သည်၏အဖြစ်နှင့်တကွ ဖြစ်တတ်သောကြောင့် သနိဒဿန-မည်ပါသည်။ စက္ခုပိညာဏ်၏ကျက်စားရာအာရုံ၏အဖြစ်သည်ပင် နိဒဿန-မည်ပါသည်။ {နိဒဿန,သနိဒဿန အရတူ၊ တရားကိုယ်အစစ်ကား-ရူပါရုံပင် တည်း။}

† စက္ခုပိညာဏ ဂေါစရဘာဝေါ ဟိ နိဒဿနန္တိ ဝုစ္စတိ။ (ဋီ)

● မြင်ခြင်းငှာ ထိုက်သည်၏ အဖြစ်နှင့် ရူပါရုံမှာ တပါးစီမဟုတ်၊ အတူဘူပင်ဖြစ်လျက် တပါးစီကဲ့သို့ "သဟ နိဒဿနေန သနိဒဿနံ"ဟု အဘယ်အကျိုးငှာ ဆိုပါသနည်း။

၁၁၇၂-ဖြေ။ ။တပါးစီပင် မဟုတ်သော်လည်း ရူပါရုံမှ တပါးကုန်သော ခပ်သိမ်းကုန်သော သဘာဝဓမ္မတို့မှ ထိုရူပါရုံကို အထူးပြုခြင်းငှာ ထို မြင်ခြင်းငှာ ထိုက်သည်၏ အဖြစ်ကို ရူပါရုံမှတပါး မဟုတ်သော်လည်း တပါးကဲ့သို့ပြု၍ "သဟ နိဒဿနေန သနိဒဿနံ"ဟု အဘေဒဘေဒူ ပစာရအားဖြင့် ဆိုထားခြင်း ဖြစ်ပါသည်။ (ဋီ)

● အသမ္မတ္တ-အရ စက္ခုပသာဒ, သောတပသာဒတို့ကပင် ရူပါရုံသို့ မရောက်သလော၊ သို့မဟုတ် ရူပါရုံ,သဒ္ဒါရုံတို့ကပင် စက္ခုပသာဒ, သောတပသာဒသို့ မရောက် သ လော အ ဘယ် သို့ မှတ်ရမည်နည်း ရှင်းလင်းခဲ့ပါ။

၁၁၇၃-ဖြေ။ ။အသမ္မတ္တ-အရ စက္ခုပသာဒ, သောတပသာဒတို့ကလည်း ရူပါရုံ,သဒ္ဒါရုံသို့မရောက်၊ ရူပါရုံ,သဒ္ဒါရုံတို့ကလည်းစက္ခုပသာဒ,သောတပသာဒသို့မရောက်ဘဲပင် အာရုံကိုယူနိုင်သည်ကို ဆိုလိုပါသည်။ထို့ကြောင့် ဝေးသောအရပ်၌ တည်သော ဖလ,တိမ်တိုက်စသည်တို့၏ အတွင်း၌ တည်သော ရူပါရုံနှင့် အလွန် ကြီးကျယ်သော တောင်, သစ်ပင် စသည်တို့၏ ရူပါရုံအဆင်း စသည် တို့သည်၎င်း၊ ကောင်းကင်, လိုဏ်ဂုအတွင်း၌တည်သော သဒ္ဒါရုံ၊ ဝမ်းရေခြားဆီး အပ်သော ဝမ်းတွင်းမှ သဒ္ဒါရုံ,ခေါင်းခလောင်း, ကြွေးစည် စသည်တို့၏ ကြီးသော သဒ္ဒါရုံသည်၎င်း၊စက္ခုပသာဒ, သောတပသာဒတို့၏ အာရုံအဖြစ်သို့ ရောက်ကြပါသည်။ (ဋီ)

{ရူပါရုံ,သဒ္ဒါရုံတို့သည် စက္ခု သောတသို့ လာသည်ဖြစ်စေ, မလာသည်ဖြစ်စေ၊ ရောက်သည်ဖြစ်စေ,မရောက်သည်ဖြစ်စေ၊ စက္ခု သောတတို့ကတော့ မရောက်ခင် ရူပါရုံ, သဒ္ဒါရုံကိုသာ ယူသည်။ ရောက်ပြီး ရူပါရုံ, သဒ္ဒါရုံကို မယူဟု ဆိုလိုရင်းဖြစ်သည်။ထိုသို့ရောက်လာသော အာရုံကို မယူခြင်းကား-ပသာဒသို့ အာရုံထိကပ်နေက စက္ခုအတွက် အာလောက, သောတအတွက် အာကာသ အင်္ဂါချို့နေသောကြောင့်ပင် ဖြစ်သည်။ အရာဝတ္ထုတခုကို မျက်စိနားသို့ ထိကပ်ကြည့်၍ တယ်လီဖုံး ဓာတ်ခွက်တခုကို နားသို့ ထိကပ်၍ နားထောင် စမ်းကြလေ။}

ဤနေရာ၌ ဋီကာကျော်ဆရာ၏ စောဒနာ, သောဓနာနှင့် တကွ ရှင်းလင်းချက်ကို ထုတ်ပြပါဦးမည်။

ထိုစက္ခု,သောတတို့သည် ရူပါရုံသဒ္ဒါရုံရောသို့သွားရောက်၍ အာရုံကို ယူနိုင်သည်မဟုတ်လားဟု မေးခဲ့ငြားအံ့၊ သို့မေးသည့်

အတိုင်းမှန်လျှင် ဒိဗ္ဗစက္ခု,ဒိဗ္ဗသောတ,အဘိညာဏ်ရပ္ပဂ္ဂိုလ်၏ အဝေးမှ အဆင်း,အသံကိုမြင်,ကြားရန်အဓိဋ္ဌာန်ပြုရာ၌အလွန် ဝေးသောအရပ်၌ရှိသော အလွန်သိမ်မွေ့သော မံသစက္ခု,မံသသောတတို့ဖြင့် မမြင်,မံကြားနိုင်သော ရူပါရုံ, သဒ္ဒါရုံတို့သည်လည်း ထိုစက္ခု,သောတတို့၏ အာရုံ ဖြစ်ခဲ့ရာသည်။ ဖြစ်ကား မဖြစ်ခဲ့။ (ထို့ကြောင့် စက္ခု, သောတတို့သည် အာရုံရှိရာသို့ မသွားနိုင်ဟူလို။)

စက္ခု, သောတတို့က အာရုံရှိရာသို့ မသွားရောက်နိုင်လျှင် ရှိတန်စေ၊ရူပါရုံ, သဒ္ဒါရုံတို့က ဘုတ်အဆက်ဆက်အားဖြင့်လာ၍ စက္ခု,သောတရှိရာအရပ်သို့ ရောက်နိုင်သည် မဟုတ်လားဟု မေးခဲ့လျှင် ဤသို့ မေးသည့်အတိုင်း ဖြစ်မည်ဆိုက ကံ, စိတ်, အာဟာရကြောင့်ဖြစ်သော ရူပါရုံနှင့် စိတ်ကြောင့်ဖြစ်သော သဒ္ဒါရုံသည် ထိုစက္ခု, သောတတို့၏ အာရုံ မဖြစ်နိုင်တော့။ အဘယ့်ကြောင့်ဆိုသော် ထိုကံ, စိတ်, အာဟာရကြောင့်ဖြစ်သော ရူပါရုံနှင့် စိတ်ကြောင့်ဖြစ်သော သဒ္ဒါရုံတို့သည် ကိုယ်ဘွင်းမှာသာ ဖြစ်သောကြောင့်တည်း။ (ဘုတ်အဆက်ဆက်အားဖြင့်လာသော ရူပ,သဒ္ဒတို့သည် ဥတုဇရူပ်၊ကိုယ်တွင်းမှဖြစ်သော ရူပ, သဒ္ဒတို့သည် ကံ, စိတ်, အာဟာရဇရူပ် ဖြစ်နေ၍ ပြင်ပကလာသော ဥတုဇ ရူပ,သဒ္ဒတို့သာ စက္ခု, သောတတို့၏ အာရုံဖြစ်နိုင်၍ ကိုယ်တွင်းဠဖြစ်သော ကံ့, စိတ်, အာဟာရဇ ရူပ, သဒ္ဒ-တို့ကား-ထို စက္ခု, သောတတို့၏အာရုံမဖြစ်နိုင်တော့ရာဟူလို။) ဒါတွင်မကသေး၊ စတုဇ ဝဏ္ဏ, သဒ္ဒတို့သည် စက္ခု, သောတတို့၏ အာရုံ ဖြစ်နိုင်သည်ဟု ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ မခွဲခြားဘဲ သာမည ဟောထားသော ပဋ္ဌာန်းပါဠိတော်နှင့်ဆန့်ကျင်နေလိမ့်မည်။(ထို့ကြောင့် ရူပါရုံ, သဒ္ဒါရုံတို့ကလည်း စက္ခု,သောတရှိရာသို့ မရောက်နိုင်ဟူလို။)

စက္ခု,သောတတို့သည်အဝေးကရူပါရုံ,သဒ္ဒါရုံတို့ကိုမယူနိုင်သော်လည်းအနီးသို့ရောက်လာသောရူပါရုံ,သဒ္ဒါရုံတို့ကိုတော့

ယူနိုင်ရာပါသည်ဟု ဆိုငြားအံ့၊ သို့ဆိုတိုင်းမှန်လျှင် မျက်လုံးနှင့် အနီးကပ်ဆုံးဖြစ်သော မျက်လုံး၏အဆင်းနှင့် မျက်ခုံး၏အရင်း အရပ်ကိုမြင်နိုင်ရာသည်။ မြင်ကား-မမြင်ခဲ့။ ထိုမှတပါး အနီးသို့ ရောက်လာသောအသံကိုယူနိုင်သည်ဆိုက အဝေး၌ဖြစ်သော အသံ၏ဖြစ်ပေါ်ရာ အရပ်မျက်နှာနှင့် အသံ၏တည်ရာအရပ်ကို လည်းပိုင်းခြားမှတ်သား၍မရနိုင်ရာ၊ ဒါတွင်မက အသံကိုမှန်း၍ ပစ်နိုင်သော လေးသမားသည် အသံကြားရာအရပ်ကိုပစ်သည့် အခါ သောတပသာဒက နားတွင်းအနီးသို့ ရောက်လာသော အသံကို ယူနေခိုက်ဖြစ်၍ လေးသမားသည် မိမိ၏နားတွင်းထဲသို့ မြားကိုပစ်ချရက်သား ဖြစ်နေရမည်။ (နားကိုပြန်၍မှန်ရမည်) ထိုသို့လည်းမဖြစ်(မမှန်)သောကြောင့် စက္ခု,သောက တို့သည် အနီးသို့ရောက်လာသောအဆင်း,အသံကိုယူသည်ဆိုသည်မှာ မဟုတ်နိုင်။ ထို့ကြောင့် စက္ခု, သောတတို့သည် မြင်လောက်, ကြားလောက်သောအရပ်၌ရှိနေပါမူ ဝေးသော အဆင်း,အသံ ကိုလည်း မြင်နိုင်, ကြားနိုင်သည်သာဖြစ်၍ **အသမ္ပတ္တဂါဟက အစစ်**သာ ဖြစ်သည်ဟူလို။ (ခဲကပ်သောအရာဖြစ်၍ ခပ်ကျယ် ကျယ် ရေးသည်။)

***မရောက်ခင်သာ, ယူလေပါ,သညာအသမ္ပ။ (သစ်)**

● ရုပ်သည်အာရုံကိုမယူဟတ်သောကြောင့် အနာရမ္မဏ-ဟု ဆိုခဲ့ ပြီးဖြစ်လျက် တဖန် အာရုံကိုယူတတ်သောကြောင့် ဂေါစရဂ္ဂါ ဟိကရုပ်-ဟု အဘယ့်ကြောင့် ဆိုပြန်ပါသနည်း၊ ရှေ, နောက် ဆန့်ကျင်၍ မနေပြီလော။

၁၁၇၄-ဖြေ။ ။မဆန့်ကျင်ပါ၊ အာရုံကို မယူတတ် သောကြောင့် အနာရမ္မဏ-ဟု ဆိုခြင်းကား-မုချနီတတ္ထအားဖြင့် ဆိုခြင်းဖြစ်ပါသည်။ အာရုံကို ယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ်-ဟု ဆိုခြင်းကား- ဌာနီဖြစ်သော(အာရုံကိုယူတတ်သော)ပဉ္စဝိညာဏ်၏အမည်ကို ဌာန ဖြစ်သော (အာရုံကိုမယူတတ်သော) ပသာဒရုပ်အပေါ်မှာတင်စား၍ (ဌာနီ ပဉ္စဝိညာဏ်၏အာရုံ ယူတတ်သည်ကို ရည်ရွယ်ပြီး) ဌာန ဖြစ်

သော ပသာဒရုပ်ကိုလည်း ဌာနျူပစာ နေယျတ္ထအားဖြင့် ဂေါစရဂ္ဂါ ဟိကရုပ်ဟု ဆိုခြင်းကြောင့် ရှေ့, နောက် မဆန့်ကျင့်ပါ။

† ဝိညာဏာ မိဋ္ဌိတံ ဟုတ္ဝာ တံ တံ ဂေါစရဂ္ဂဟဏသဘာဝတ္တာ။ (ဋီ)

† ဝိညာဏာမိဋ္ဌိတံ ဟုတ္ဝာတိ ဧတေန နိဿိတကိစ္စေန နိဿယဿ လဒ္ဓနာမတံ ဒဿေတိ။ (ဋီ)

● ဝဏ္ဏ, သြဇာ, အဝိနိဗ္ဘောဂ-တို့၏ အဓိပ္ပာယ်ကို အသီးသီး ဖော်ပြပါ။

၁၁၇၅-ဖြေ။ ။ရူအပ်သောကြောင့် ဝဏ္ဏ-မည်ပါသည်။မိမိ၏ဥပါဒ်သည်၏ အခြားမဲ့ဖြစ်သော ဌီခဏ၌ ရုပ်ကို ဖြစ်စေတတ် သောကြောင့် သြဇာ-မည်ပါသည်။ (အဝပုဗ္ဗဇနဓာတ်တည်း) တစုံတခုသောရုပ်၏ ဖြစ်ရာအရပ်၌ အချင်းချင်း အသီးသီးခွဲခြားဖြစ်ခြင်း မရှိသောကြောင့် အဝိနိဗ္ဘောဂရုပ်-မည်ပါသည်။ (ဋီ)

{"ဘုဇနံ ပဝတ္တနံ ဘောဂေါ၊ ဘောဂေါယေဝ နိဗ္ဘောဂေါ ဝိသုံ ဝိသုံ နိဗ္ဘောဂေါ ဝိနိဗ္ဘောဂေါ၊ နတ္ထိ ဝိနိဗ္ဘောဂေါ၊ ဧတေဿာတိ အဝိနိဗ္ဘောဂံ" ဟု ဝစနတ္ထပြု၊ အ-သဒ္ဒါ ဝိရဟတ္ထ-ဟု မှတ်။}

* အသီးတပါး, ခွဲခြားမရ, ပေါင်းနေက, ခေါ်ကြအဝိနိဗ်။ (သစ်)

ရူပဝိဘာဂ အဖြေ ပြီး၏။

ရူပသမုဋ္ဌာန အဖြေ

●

● ရူပသမုဋ္ဌာန် အဘယ်မျှ ရှိသနည်း၊ ထို ရူပသမုဋ္ဌာန် တို့သည် အဘယ်သို့ ရုပ်ကိုဖြစ်စေသနည်း၊အဘယ်နေရာ၌ ရုပ်ကိုဖြစ်စေနည်း၊ အဘယ်အခါ၌ ရုပ်ကိုဖြစ်စေသနည်း သင်္ဂဟအထောက်ပြ၍ ရှင်းလင်းခဲ့ပါ။

၁၁၇၆-ဖြေ။ ။"တတ္ထ ကာမာဝစရံ'လ'ကမ္မံ။အရူပဝိပါက'လ'

ဝိဓမ္မိ စိတ္တံ။ ။သီတုဏ္ဟောတုသမညာတာ တေဇောဓာတု။ ။ဩဇာ သင်္ခါတော အာဟာရော”ဟူ၍ သင်္ဂဟ လာသည့်အတိုင်း ကံ, စိတ်, ဥတု,အာဟာရ-ဟူ၍ ရူပသမုဋ္ဌာန်လေးပါးရှိပါသည်။(စိတ်အရစေတသိက်ပါယူလေ) “အာဟိသင်္ခတံ”ဟူ၍ သင်္ဂဟလာသည့်အတိုင်း ကံ-စသည်သည် ပြုပြင်စီရင်ခြင်းဖြင့် ရုပ်ကို ဖြစ်စေပါသည်။ ။“အဇ္ဈတ္တိကသန္တာနေအဇ္ဈတ္တာ၌ဗဟိဒ္ဓါစ”ဟူ၍ သင်္ဂဟလာသည့်အတိုင်း ကံ,စိတ်, အာဟာရတို့သည် အဇ္ဈတ္တိက သန္တာန်-၌ ဥတုသည် အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်-၌ ကံ စသည်လျှင် ဖြစ်ကြောင်း ရှိသော ရုပ်တို့ကို ဖြစ်စေပါသည်။ ။“ပဋိသန္ဓိ မုပါဒါယ ခဏော ခဏော၊ ပဌမဘဝင် မုပါဒါယ ဇာယန္တော မေဝ။ ဋ္ဌိတိပတ္တာဝ။ ဌာနပတ္တောဝ” ဟူ၍ သင်္ဂဟ လာသည့် အတိုင်း ဥပါဒ်, ဋ္ဌိ, ဘင်, ခဏသုံးပါးလုံးမှာပင် ရုပ်ကိုဖြစ်စေပါသည်။

{ပဋိသန္ဓိ မုပါဒါယ-ဟု ဆိုသောကြောင့် ခဏ သုံးပါးနှင့် ပြည့်စုံသော ပဋိသန္ဓေစိတ်သည် ပဋိသန္ဓေမည်သော်လည်း ဤဥ ဥပစာအားဖြင့် ထို ပဋိသန္ဓေစိတ်၏ ဥပ္ပါဒက္ခဏသာလျှင် ပဋိသန္ဓေ မည်သည်ဟု မှတ်လေ။ ခဏော ခဏော-အရ စိတ္တက္ခဏကို သာယူ။ ကုံ၏အကျိုးပေးရာ အခွင့်ဖြစ်သော ခဏကို မယူနှင့်။ သင်္ခတ လက္ခဏာဖြစ်သော ခဏကိုသာ လိုအပ်သောကြောင့် ဖြစ်သည်။} (၉)

{မူလဋ္ဌီကာအလိုအားဖြင့် စိတ္တယမိုက်၌ ဥပါဒ်ခဏနှင့်ဘင် ခဏကိုသာဟောသောကြောင့် စိတ်မှာ ဋ္ဌိခဏမရှိ။တိကဂိတ္တရသုတ္တန်ပါဠိ၌ “ဥပ္ပာဒေါ ပညာယတိ ဝယော ပညာယတိ ဋ္ဌိတဿ အညထတ္တံ ပညာယတိ” ဟု ဟောတော်မူသည်မှာလည်း ခဏဋ္ဌိ မဟုတ်။ ပဗန္ဓဋီခေါ်သော သန္တတိပညတ် ဋ္ဌိသာ ဖြစ်သည်ဟု ဆို၏။ အဋ္ဌကထာ, အနုရုဒ္ဓါ, အနုဋီကာ, ဋီကာကျော် စသော ဆရာတို့၏အလိုကား-ဋ္ဌိခဏ ရှိသည်။ ပျက်ခြင်းဘင်သို့ ရှေ့ရှုနေသော အခိုက်အတန့်ကလေးသည် ဋ္ဌိ-ပင် ဖြစ်သည်။စိတ္တယမိုက်၌ကား-မိဂပဒဝလဉ္ဇန နည်းကိုပြသောအားဖြင့် သိလောက်ပြီဖြစ်၍ မဟောခြင်းသာ ဖြစ်သည်။ သုတ္တန်၌

ဟောသော "ဌိတဿ အညထတ္တံ ပညာယတိ" မှာလည်း ပဗန္ဓဌိ မဟုတ်၊ ပညာယတိ-၌ ပ-ဥပသာရမှာ ဓာတွတ္ထာ နုဝတ္တကဖြစ်၍ ဉာဓာတ်ရင်းအတိုင်း ပညာယတိ၊ သိအပ်၏ဟု သာ အနက်ပေးရမည်၊ပညာယတိ၊ထင်ရှား၏ဟု အနက်မပေး ရ။ ထိုဌိမှာ ခဏဌိသာဖြစ်သည်။ထို့ကြောင့် သုတ္တန် အဘိဓမ္မာ ပါဠိအားဖြင့်ပင် ခဏဌိရှိကြောင်း အလွန်ထင်ရှားသည်။ဓာတု ကထာ ပါဠိ၌လည်း "ဇာတိဇရာ မရဏ"ဟု ဌိခဏရှိကြောင်း အတိအလင်း ဟောထားသဖြင့် ခဏဌိရှိကြောင်း တထစ်ချ ယုံကြည်ရာသည်ဟုဆုံးဖြတ်တော်မူကြသည်။ ဝိထိပိုင်းကလည်း ပြခဲ့ပြီ။}

● နာမ်ကြောင့် ဖြစ်သော ရုပ်, ရုပ်ကြောင့် ဖြစ်သော ရုပ်များကို ဖော်ပြပါ။

၁၁၇၇-ဖြေ။ ။နာမ်ကြောင့်ဖြစ်သောရုပ်ကား-ကမ္မဇ,စိတ္တဇရုပ်၊ ရုပ်ကြောင့်ဖြစ်သောရုပ်ကား-ဥတုဇ,အာဟာရဇရုပ်များ ဖြစ်ပါသည်။

{သမုဋ္ဌာန် လေးပါးတွင် ကာမဘုံ၌ လေးပါးလုံး၊ ရူပဘုံ၌ အာဟာရကြဉ် သုံးပါး၊ အသညသတ်ဘုံ၌ ကံ,ဥတု နှစ်ပါး။ အရူပဘုံမှာ တပါးမျှ မရဟုမှတ်။}

● အကျိုးဖြစ်သော စတုသမုဋ္ဌာနိကရုပ်တို့နှင့် အတူတကွဖြစ်သော အကြောင်း,အတူတကွမဖြစ်သောအကြောင်းများကိုဖော်ပြပါ။

၁၁၇၈-ဖြေ။ ။အတူတကွဖြစ်သော အကြောင်းကား-စိတ် ဖြစ်ပါ သည်။ အတူတကွမဖြစ်သော အကြောင်းကား-ကံ,ဥတု,အာဟာရတို့ ဖြစ်ပါသည်။

{ကံသည် အတိတ် ဘဝေဘဝါက ပြုလုပ်ခဲ့သဖြင့် အကျိုး ကမ္မဇရုပ် ဖြစ်သောအခါ ချုပ်ပြီးဖြစ်၍ အကျိုးနှင့် အတူတကွ မဖြစ်နိုင်။ ဥတု,အာဟာရဖြစ်သော တေဇောဓာတ် သြဇာတို့ မှာလည်း အကျိုးရုပ်များမဖြစ်မီ ရှေးကဖြစ်နှင့်ကြ၍ အတူတကွ မဖြစ်နိုင်။ စိတ်သည်သာလျှင် စိတ္တဇရုပ်များနှင့် အတူတကွ ဖြစ်နိုင်သည်ဟူလို။}

● ခဏသုံးပါးဌ်ဖြစ်သော ရုပ်,ဥပ္ပာဒက္ခဏဌ်ဖြစ်သောရုပ်,ဌီ-ခဏ ဌ်ဖြစ်သော ရုပ်များကို သင်္ဂဟထောက်၍ ရေးခဲ့ပါ။

၁၁၇၉-ဖြေ။ ။ခဏသုံးပါးဌ်ဖြစ်သောရုပ်ကား''တတ္ထကာမာဝစရံ 'လ' ခဏေခဏေ သမုဋ္ဌာပေတိ'' ကိုထောက်၍ ကမ္မဇရုပ်များ ဖြစ်ပါသည်။ ဥပ္ပာဒက္ခဏဌ်ဖြစ်သောရုပ်ကား-''အရူပဝိပါက 'လ' ဇာယန္တမေဝသမုဋ္ဌာပေတိ'' ကိုထောက်၍ စိတ္တဇရုပ်များဖြစ်ပါသည်။ ဌီ-ခဏဌ် ဖြစ်သောရုပ်ကား''သီတုဏ္ဍောတု'လ'ဌာနပ္ပတ္တောဝ သမုဋ္ဌာပေတိ'' ကိုထောက်၍ ဥတုဇ,အာဟာရဇရုပ်များ ဖြစ်ပါသည်။

● ရုပ်တို့သည် ချုပ်ဆဲဘင်ခဏဌ် မဖြစ်ကြောင်း ဘုရားဟောသည် မဟုတ်ပါလော၊ အ ဘယ့် ကြောင့် ''ခဏေ ခဏေ သမုဋ္ဌာပေတိ''ဟု အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၁၈၀-ဖြေ။ ။ရုပ်တို့သည် ဘင်ခဏဌ်မဖြစ်ဟု ဟောသည်မှာ မှန်ပါသည်။ထို့သို့ဟောခြင်းမှာလည်း စိတ္တဇရုပ်နှင့် အရူပဘုံကိုသာရည်၍ ဟောခြင်းဖြစ်ပါသည်။ အခြားရုပ်များကိုရည်၍ ဟောခြင်းမဟုတ်ပါ။ ထို့ကြောင့် ခဏေခဏေ သမုဋ္ဌာပေတိ-ဟု အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။ (ဋီ-အနုဋီကာ)

● ကံသည် ရုပ်ကိုဖြစ်စေသည်ဆိုရာ အတိတ်ကံကို ယူမည်လော၊ ပစ္စုပ္ပန်ကံကို ယူမည်လော ခွဲခြားပြပါ။

၁၁၈၁-ဖြေ။ ။နှစ်ပါးလုံးကိုပင် ယူရပါမည်၊ ပစ္စုပ္ပန်ဘဝ ရှေးအခိုက်အတန့်ကပြုခဲ့သော ဒိဋ္ဌမေ္မဝေဒနီယဖြစ်သော ကာမကုသိုလ်, အကုသိုလ်ကံသည် ဇူဋ္ဌ,အနိဋ္ဌ ဖြစ်သောရုပ်ကို ဖြစ်စေနိုင်ပါသည်။

† အတီတ ဘဝေ အဘိသခ်တံ ပစ္စုပ္ပန္နဘဝေ စ ပုဗ္ဗေတိ အတ္ထော။ (ဇူ)

● အရူပ ကုသိုလ်နှင့် လောကုတ္တရာ ကုသိုလ်တို့သည် အ ဘယ့် ကြောင့် ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါသနည်း။

၁၁၈၂-ဖြေ။ ။အရူပကုသိုလ်ကံသည် ရုပ်၌ တပ်ခြင်း ကင်းသော ဘာဝနာ၏ အစွမ်းဖြင့် ဖြစ်ရသောကြောင့်ရင်း၊ အရူပဘုံ၌ ရုပ်မရှိသောကြောင့်ရင်း ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။ လောကုတ္တရာကုသိုလ်

ကံသည် လက္ခဏာယာဉ်သုံးပါးတို့ဖြင့် ရုပ်-နာမ်၌ တပ်ခြင်းကင်းသော ဘာဝနာဖြင့် ဖြစ်ပေါ်လာသောကြောင့် ကမ္မဇရုပ်ကို မဖြစ်စေနိုင်ပါ။ (ပရမတ္ထဒီပနိနှင့်အညီ။)

{အရူပကုသိုလ်ကံက ရုပ်ကို မဖြစ်စေနိုင်ကြောင်း ကိုကား-နောက်ဦးကာတို်၌ဖွင့်ကြ၏။ လောကုတ္တရာကုသိုလ်ကံက ရုပ်ကို မဖြစ်စေနိုင်ကြောင်းကိုကား-ဦးကာတို်၌ မဖွင့်ကြ။ မိမိနောက်၌ ဖိုလ်စိတ်ဖြစ်သောအကျိုးကိုပေးနေရသည့်အတွက် ရုပ်ကိုမဖြစ်စေနိုင်ဟု နောက်ဆရာများ ကြံကြကုန်၏။ စဉ်းစား၍ ယူကြကုန်ရာသည်။}

† ရူပဝိရာဂဘာဝနာဘူတံ အရူပကုသလံ ကမ္မဇ ရူပံ နဇနေတိ။ (ပရမတ္ထဒီပနီ)

● ရုပ်ကို ဖြစ်စေတတ်သော စိတ်များတွင် အရူပဝိပါက်လေးခုနှင့် ဒွေးပဉ္စဝိညာဏ်တဆယ်ကို အဘယ့်ကြောင့် ကြဉ်ပါသနည်း။

၁၁၈၃-ဖြေ။ ။ရုပ်၌ တပ်ခြင်း ကင်းသော ကာမာဝစရကုသိုလ် ဘာဝနာသည် ဖြစ်စေအပ်သော အရူပါဝစရကုသိုလ်ကံသည် သို့ရုပ်၏ ဆန့်ကျင်ဘက် ဖြစ်၊သောကြောင့်၎င်း၊ ရုပ်၏ဖြစ်ရာဘုံ မဟုတ်သောကြောင့်၎င်း၊ အရူပဝိပါက်လေးခုသည် ရုပ်ကိုမဖြစ်စေနိုင်ပါ။ရုပ်ကိုဖြစ်စေခြင်း၌ ထူးသောအကြောင်းဖြစ်ကုန်သော ဈာန်တို့နှင့် ယှဉ်ခြင်းမရှိသောကြောင့် ဒွေးပဉ္စဝိညာဏ် တဆယ်တို့သည် ရုပ်ကိုမဖြစ်စေနိုင်ပါ။ ထို့ကြောင့် ထို ၁၄-ပါးကို ကြဉ်ရပါသည်။ (၄)

● အရူပ်ဝိပါက် လေးခုသာ ရုပ်ကိုမဖြစ်စေနိုင်သလော, အရူပဘုံ၌ အခြားရုပ်ကို မဖြစ်စေနိုင်သော စိတ်များရှိကလည်းထုတ်ပြပါ။

၁၁၈၄-ဖြေ။ ။အရူပဝိပါက် လေးခုသာမက အရူပဘုံ၌ ဖြစ်ခိုက် ၄၂-ပါးသော စိတ်တို့သည်လည်း ရုပ်ဖြစ်ဘို့ အခွင့်အရာ မဟုတ်သောကြောင့် ရုပ်ကို မဖြစ်စေနိုင်ကြပါ။

† အညာနိဝိ ဗဟူနိ အရူပေ ဥပပန္နာနံ အနောကာသတ္တာ ရူပံ နာ သမုဋ္ဌာပေန္တိ။ (သမ္မောအဋ္ဌကထာ)

● ထိုဂ၂-ပါးသောစိတ်တို့သည်လည်း ရုပ်ကိုမဖြစ်စေနိုင်ဘဲလျက် ထိုဂ၂-ပါးသောစိတ်တို့ကိုအဘယ့်ကြောင့် မကြဉ်ပါသနည်း။

၁၁၈၅-ဖြေ။ ။ရုပ်ကိုမဖြစ်စေခြင်း၌ မြဲသောကြောင့် အရူပဝိပါက်လေးခုကိုသာ ကြဉ်၍ ရုပ်ကို မဖြစ်စေခြင်း၌ အမြဲ မ ရှိ သော ကြောင့် ထိုဂ၂-ပါးသောစိတ်တို့ကို မကြဉ်ပါ။

† ရူပသမုဋ္ဌာပနေ့ ပန နိယတတ္တာ အာရုပ္ပ ဝိပါကာနမေဝ ဝဇ္ဇနံ ကတန္တိ ဒဋ္ဌဗ္ဗံ။ (ဇူ)

● ပဋိသန္ဓေစိတ်,စုတိစိတ်တို့သည်လည်းရုပ်ကိုမဖြစ်စေတတ်သည် မဟုတ်ပါလော၊ သို့ဖြစ်လျက် ထိုစိတ်များကို အနုရုဒ္ဓါဆရာ အဘယ့်ကြောင့် မကြဉ်ပါသနည်း။

၁၁၈၆-ဖြေ။ ။ပဋိသန္ဓေစိတ်, စုတိစိတ်တို့သည် ရုပ်ကို မဖြစ်စေ တတ်သည်ကား-မှန်ပါသည်။သို့သော် ထိုပဋိသန္ဓေစိတ်နှင့်စုတိစိတ်မှာ ဘဝင်စိတ်မျိုးပင်ဖြစ်၍ (ပဋိသန္ဓေ,ဘဝင်,စုတိ စိတ်တို့ကား-ကိစ္စသာ ကွဲ၍ မေ့အားဖြင့် အတူတူ) အရူပဝိပါက်မှတပါး ကျန်သောဘဝင်စိတ် များမှာ ရုပ်ကိုဖြစ်စေနိုင်သေး၍၊ ထိုပဋိသန္ဓေ,စုတိစိတ်များသည် ရုပ်ကို ဖြစ်စေနိုင်သော ဘဝင်စိတ်များမှာလည်း ပါဝင် နေပါသေးသည်။ သို့ ပါဝင်နေ၍ ကြဉ်သော်လည်း စိတ်အရေအတွက်လျော့မည်မဟုတ် သောကြောင့် သီးခြားကြဉ်ခြင်းကို မပြုခြင်းဖြစ်ပါသည်။ သီးခြားမကြဉ် သော်လည်း ထိုပဋိသန္ဓေ,စုတိစိတ်တို့သည်ရုပ်ကိုကား-မဖြစ်စေနိုင်ပါ။

† ပဋိသန္ဓိစိတ္တံ ပန စုတိစိတ္တဉ္စ ဧကူနဝီသတိဘဝင်္ဂသောဝအန္တော ဂတ္တော စိတ္တန္တရံ နဟောတီတိ နတသ ဝဇ္ဇနံ ကတံ။ (ဋီ)

● ပဋိသန္ဓေစိတ်နှင့် စုတိစိတ်သည် အဘယ့်ကြောင့် ရုပ်ကို မဖြစ် စေနိုင်ပါသနည်း။

၁၁၈၇-ဖြေ။ ။ပဋိသန္ဓေသည်ပစ္ဆာဇာတပစ္စည်းကင်းသောကြောင့် ၎င်း၊ အာဟာရပစ္စည်း, အတ္ထိ အဝိဂတ ပစ္စည်းတို့ဖြင့် မထောက်ပံ့အပ် သောကြောင့်၎င်း၊ အားနည်းသော ဝတ္ထုရုပ်ကိုမှီ၍ ဖြစ်သောကြောင့် ၎င်း၊မိမိ(ပဋိသန္ဓေစိတ်၏)၏ အာဂန္တုကဖြစ်သောကြောင့်၎င်း၊ကမ္မဇ

ရုပ်နှင့်စိတ္တသမုဋ္ဌာနရုပ်တို့၏ အရာကိုယူ၍ဖြစ်သောကြောင့်၎င်း ရုပ်ကို မဖြစ်စေနိုင်ပါ။ ရဟန္တာတို့၏ စုတိစိတ်သည် ဝဋ်မြစ် ပြတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်၍ ငြိမသက်သော ဖြစ်ခြင်းရှိသည့်၏ အဖြစ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်ပါ။ မူလဋီကာဆရာအလို ခပ်သိမ်းသော သတ္တဝါတို့၏ စုတိစိတ်သည်လည်း ရုပ်ကို မဖြစ်စေနိုင်ဟု ဆိုပါသည်။ (ဋီ)

{ဤသို့ ရုပ်ကိုမဖြစ်စေနိုင်သောစိတ်များကိုပေါင်းလိုက်လျှင် အရူပဝိပါက်လေးခု, ဒွေးပဋ္ဌဝိညာဏ် တဆယ်, ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်, အဋ္ဌကထာအလို ရဟန္တာတို့၏ စုတိစိတ်, မူလဋီကာအလို ခပ်သိမ်းသောသတ္တဝါတို့၏စုတိစိတ် အားဖြင့် ၁၆-ပါး ရှိပါသည်။ အဋ္ဌကထာအလို ပုထုဇဉ်တို့၏ စုတိစိတ်သည် ရုပ်ကို ဖြစ်စေ နိုင်သေးသည်ဟု ဆို လိုသည်။ အဋ္ဌကထာ၌ ဝဋ္ဋမူလ၏ ငြိမ်းအေးသည်၏ အဖြင့်ဟု ဆိုအပ်သောအကြောင်းကိုဆိုသဖြင့် သာမတ္ထိယအားဖြင့် ဒုတိစိတ်၏ ငြိမ်းအေးသည်၏ အဖြစ်ဟု ဆိုအပ်သော အကျိုးကိုလည်း ဆိုပြီးသားဖြစ်သည်ဟု မှတ်ပါ။}

* အရူဝိပါ, ဒွေးပဋ္ဌာနှင့်, သန္တာစုတိ, သောဋ္ဌသိပေ, ရုပ်တဇတွေ, ဖြစ်စေ-မရှိမှတ်။ (သစ်)

● ဇာယန္တေမေဝ သမုဋ္ဌာပေတိ-ဆိုသည့်အတိုင်းစိတ်သည် ရုပ်ကို ဖြစ်စေရာ၌ အဘယ့်ကြောင့် ဥပပဒကျဏ်၌သာလျှင် ဖြစ်စေပါသနည်း။

၁၁၈၈-ဖြေ။ ။ပဋိသန္ဓေနောင် ပဌမဘဝင်မှစ၍ အနန္တရစသော ပစ္ဆည်းကို ရသဖြင့် ဥပပဒကျဏ်၌သာလျှင် စိတ္တဇရုပ်ကို ဖြစ်စေတတ်သော ဇနကသတ္တိနှင့် ယှဉ်ခြင်းကြောင့် စိတ်သည် ဥပပဒကျဏ်၌သာလျှင် ရုပ်ကိုဖြစ်စေပါသည်။

† အနန္တရာဒိ ပစ္ဆယလာဘေန ဥပပဒက္ခဏေ ယေဝ ဇနက သာမတ္ထိယ ယောဂတော။ (ဋီ)

{ဒိတ်သည် ဦးဇင်းဘင်ခဏ္ဍ အားနည်း၍ ဥပဒေကွဏ္ဍဘဉ် သာဇွေင် အားကြီးသောကြောင့် ဥပဒေကွဏ္ဍဘဉ်သာ ရုပ်ကို ဖြစ်စေသည်။ (သမ္မောဟ ဝိနောဒနီ)

● အဘယ့်ကြောင့် ဇာရိယာပထ မည်သနည်း၊ ထိုဇာရိယာပထအရ တရားကိုယ်ကိုလည်း ကောက်ပြပါ။

၁၁၀၉-ဖြေ။ ။ကိုယ်ဥတည်သော အမှုအရာကိစ္စ၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဇာရိယာပထ-မည်ပါသည်။သွားခြင်း အစရှိသည်ကို ဇာရိယာပထ-ဟု ခေါ်သည်။(ပညတ္တိ) တရားကိုယ်အားဖြင့် သွားခြင်း အစရှိသော အခြင်းအရာအားဖြင့်ဖြစ်သော ရုပ်တို့၏ဖြစ်ခြင်းပင်တည်း။ (ပရမတ္ထ)

† အဏ္ဍဇတော တဒဝတ္ထာ ရူပပဝတ္တိ။ (ဋီ)

* လျောင်း-ထိုင်-ရပ်-သွား,ဤလေးပါး,မှတ်သားယာပထ။ (သစ်)

● ဇာဂရဏာဒိတ် သရုပ်ကိုလည်း ရှေးကောက်ပြပါ။

၁၁၉၀-ဖြေ။ ။ဇာဂရဏာ စိတ်မှားကားဒေါသ-အပုညာဇေ ဆဿိသ, ဒုဇ္ဇော, ကာမဇော တခုယုတ်သိုးဆေးပင်, အဘိညာဏ်ခွေး-အားဖြင့် ၅၀-ပါးရှိပါသည်။ ဒေဇာဂရဏာစိတ်မှားကား-ဘဝင်စိတ်မှား ဖြစ်ပါသည်။ (ဋီ)

{အဇာဂရဏာ ဘဝင်စိတ်မှား ဖြစ်သောအခါ ကိုယ်အင်္ဂါ, လက်, ခြေ စသည်တို့ ဩမ်သက် ဆုပ်နစ်သွားခြင်း, ဇာဂရဏာစိတ်မှား ဖြစ်သောအခါ ဇာရိယာပုထုဇဉ်လေးပါးဖြင့် ထင်ဟပ်နိုးကြားလာကြသည်ဟု မှတ်။}

● ရုပ်, ဇာရိယာပုထုဇဉ်, ဝိညတ်ကို ဖြစ်စေတတ်သော ဥဒ္ဓေါ, ကာမဇောတို့သည် အဘယ့်ကြောင့် မနောဒွါရ၌ ဖြစ်သော ဇောတို့သာ ဖြစ်ပါသနည်း။

၁၁၉၁-ဖြေ။ ။ပဋိဒွါရ၌ ဖြစ်ကုန်သော ဥဒ္ဓေါ, ကာမဇောတို့၏ အားနည်းသည်၏အဖြစ်ကြောင့် ထို ရုပ်,ဇာရိယာပုထုဇဉ်,ဝိညတ်ကိုဖြစ်စေ

တတ်သော ဝုဋ္ဌော,ကာမဇောတ္ဂိသည် မနောဒွါရဉ်ဖြစ်သော ဇောတ္ဂိသာ ဖြစ်ပါသည်။ ပဉ္စဒွါရဉ်ဖြစ်သော ဇောတ္ဂိ မဟုတ်ပါ။ ထို့အတူ ရွှင်ခြင်းကိုဖြစ်စေတတ်သောဇောတ္ဂိသည်လည်း မနောဒွါရဉ်ဖြစ်သော ဇောတ္ဂိသာ ဖြစ်ပါသည်။

† ပဉ္စဒွါရပ္ပဝတ္တာနံ ပရိဒုဗ္ဗလ ဘာဝတောတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● ရုပ်မှလွတ်သော ဇုရိယာပုထ်ဝိညတ်-ဟူသည် အသီးအခြားမရှိဘဲလျက် အနုရုဒ္ဓါဆရာသည် အဘယ့်ကြောင့် ရုပ်မှ ဇုရိယာပုထ် ဝိညတ်တ္ဂိကို အသီးအခြား ပြဆိုပါသနည်း။

၁၁၉၂-ဖြေ။ ။အသီးအခြားမရှိသည်မှန်သော်လည်းရုပ်ကိုဖြစ်စေတတ်သော စိတ် ၇၅-လုံးသည် ဇုရိယာပုထ်,ဝိညတ်ကို မဖြစ်စေနိုင်ပါ။ အချို့သောစိတ်သည် ရုပ်,ဇုရိယာပုထ်,ဝိညတ်ကို ဖြစ်စေတတ်၏။အချို့သောစိတ်သည် ရုပ်, ဇုရိယာပုထ်ကိုသာ ဖြစ်စေတတ်၏။ အချို့သောစိတ်သည် ရုပ်ကိုသာဖြစ်စေတတ်၏။ဤသို့သောအထူးကိုပြခြင်းအကျိုးငှာ ရုပ်မှ ဇုရိယာပုထ်,ဝိညတ်တ္ဂိကို အသီးအခြားပြဆိုခြင်းဖြစ်ပါသည်။ (ဋီ)

● ဝိညတ်ကို ဖြစ်စေ တတ်သော စိတ်သည် အ ဘယ့် ကြောင့် ဇုရိယာပုထ်ကို ခိုင်စေပါသနည်း။

၁၁၉၃-ဖြေ။ ။ဇုရိယာပုထ်သည် ဝိညတ်နှင့် မကွေမကွာဖြစ်လေ့ရှိသည်၏ အဖြစ်ကြောင့် ဝိညတ်ကိုဖြစ်စေတတ်သောစိတ်သည် စင်စစ်အားဖြင့် ဇုရိယာပုထ်ကိုလည်း ခိုင်စေနိုင်ပါတော့သည်။

† ဇုရိယာပထဿ ဝိညတ္တိယာ သဟ အဝိနာဘာဝတော။ (ဋီ)

● ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်များကိုငှင်း၊ ပုထုဇဉ်သေက္ခ,အသေက္ခ ပုဂ္ဂိုလ်တို့သည် အဘယ်စိတ်များဖြင့် ရယ်ရွှင်ကြသည်ကိုငှင်း အသီးသီး ဖော်ပြပါ။

၁၁၉၄-ဖြေ။ ။ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်များကား-အကုသိုလ် သောမနဿ သဟဂုတ်-၄၊ မဟာကုသိုလ် သောမနဿ ခေတ်—၃၆၊ (ပဉ္စမအကြိမ်။)

သဟဂုတ်-၄၊ မဟာကြိယာ သောမနဿသဟဂုတ်-၄၊ ဟသိတုပ္ပာဒ် ဇောအားဖြင့် ၁၃-ပါးဖြစ်ပါသည်။ထိုတွင် ပုထုဇဉ်တို့သည်အကုသိုလ် သောမနဿ-၄၊မဟာကုသိုလ်သောမနဿ-၄၊ ဤ ၈-ပါးဖြင့် ရယ်ရှင်ကြပါသည်။သေက္ခ-ဟုဆိုအပ်သော အောက်ဖလဋ္ဌာန် ၃-ယောက်တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ်သောမနဿ-၂၊မဟာကုသိုလ်သောမနဿ-၄၊ ဤ ၆-ပါးဖြင့် ရယ်ရှင်ကြပါသည်။အသေက္ခ-ဟုဆိုအပ်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည် မဟာကြိယာ သောမနဿ သဟဂုတ်-၄၊ ဟသိတုပ္ပာဒ်-၁၊ ဤ ၅-ပါးတို့ဖြင့် ရယ်ရှင်ကြပါသည်။ (ဋီ) (အဟိတ်စိတ်ကလည်း ပြခဲ့သေးသည်။)

† သောမနဿ ယုတာနဋ္ဌ၊ ကုသလာ ကုသလာနိစ။
ကြိယတော ပန ပဉ္စေဝံ၊ ဟာသစိတ္တာနိ တေရသ။
ပုထုဇ္ဇနာ ဟသန္တေတ္ထ၊ စိတ္တေ ဟိ ပန အဋ္ဌဟိ။
ဆဟိ သေက္ခာ အသေက္ခာ စ၊ ဟသန္တိ ပန ပဉ္စဟိ။
(အဘိမ္မောဝတာရ)

* ပုထု-ရှစ်တန်, ဆ-သေက္ခံ, ပဉ္စံ-အသေက္ခ။
* ရယ်ရှင် စိတ်မှာ, ရွေးစစ်ပါ, သန်ျာ-တေရသ။ (သစ်)

● ဘုရားရှင်တို့သည် အဘယ်မျှသောစိတ်ဖြင့် ရယ်ရှင်ပါသနည်း၊ ဟသိတုပ္ပာဒ်ဖြင့် ရယ်, မရယ်ကိုလည်း ရှင်းလင်းပြပါ။

၁၁၉၅-ဖြေ။ ။မြတ်စွာဘုရား၏ အလုံးစုံသော ကာယကံမှုသည် ဉာဏ်လျှင် ရှေသွားရှိ၍ ဉာဏ်သို့ အစဉ် လိုက်သည်ဟု ဟော တော် မူသောကြောင့် အဆင်ခြင် ပညာမှ ကင်းသော ဟသိတုပ္ပာဒ် စိတ်သည် ဘုရားရှင်တို့အား ဖြစ်ဘို့ မသင့်လျော်၊ ထို့ကြောင့် ဘုရားရှင်တို့သည် မဟာကြိယာ သောမနဿဇော ၄-ခုဖြင့်သာ ရယ်ရှင်သည်ဟု အပရေ ဆရာများ ဆိုကြသည်။ ဘုရားရှင်တို့၏ ပြီးရှင်ခြင်းသည် ပုဗ္ဗေနိဝါသ, အနာဂတံသ, သဗ္ဗညုတ ဉာဏ်တို့၏ လေ့ကျက်ပြီးသော အဆုံး၌ ဖြစ်သည်ဟု အဋ္ဌကထာ၌ ဆိုသောကြောင့် ထိုဉာဏ် ၃-ပါးသို့အစဉ်လိုက်သည်မှာ ထင်ရှားသည်ဖြစ်၍ ဟသိတုပ္ပာဒ်စိတ်၏ ဘုရားရှင်တို့အား

ဖြစ်ခြင်းကို အပရေဆရာများ မတားမြစ်နိုင်။ ထို့ကြောင့် ဘုရားရှင်တို့အား မဟာကြိယာ သောမနဿဇော ၄-ခု၊ ဟသိတုပ္ပာဒ် အား ဖြင့် ၅-ပါးသောစိတ်ဖြင့်ပင် ရယ်ရွှင်သည်ဟု ဆိုရပါမည်။ (ဋီ)

● နိုင်လောက်သော ရန်သူကို တွေ့သောအခါ သဘောကျ၍ ပြီးခြင်းသည် ဒေါသဖြင့် ပြီးခြင်း မဟုတ်ပါလော။

၁၁၉၆-ဖြေ။ ။မဟုတ်ပါ၊ ရှေးဦးစွာ ဒေါသဖြစ်ပြီးနောက် ပြန်၍ မခုခံနိုင်သည်ကို တွေ့သောအခါမှ သဘောကျ၍ သောမနဿဖြင့် ပြီးခြင်းသာ ဖြစ်ပါသည်။ (ပဋ္ဌဂ်တိုရ် ဋီကာ)

● (၁) ရုပ်ကိုသာဖြစ်စေတတ်သောစိတ်၊ (၂) ရုပ်,ဇုရိယာပုထ် ၂-ပါးကိုဖြစ်စေတတ်သောစိတ်၊(၃)ရုပ်,ဇုရိယာပုထ်,ဝိညတ်, ၃-ပါးကိုဖြစ်စေတတ်သောစိတ်၊ (၄)ရုပ်,ဇုရိယာပုထ်,ဝိညတ် ရွှင်ခြင်း ၄-ပါးကိုဖြစ်စေတတ်သောစိတ်၊ (၅) ဘယ်ဟာကိုမှ မဖြစ်စေတတ်သော စိတ်များကို အသီးသီး ရေတွက်ပြပါ။

၁၁၉၇-ဖြေ။ ။(၁) မနောဓာတ်-၃၊တဒါရုံ ဧကာဒသ၊ရူပဝိပါက် ၅၊ ပေါင်း ၁၉-ပါးသောစိတ်တို့သည် ရုပ်ကိုသာ ဖြစ်စေနိုင်ပါသည်။ (၂) အပ္ပနာဇော-ဆဒ္ဒိသသည် ရုပ်, ဇုရိယာပုထ် ၂-ပါးကိုဖြစ်စေနိုင်ပါသည်။ (ဖြစ်စေဆိုသော်လည်းရုပ်သာမညသာဖြစ်စေ၍ ဇုရိယာပုထ်ကိုကား-ထောက်ပံ့ နိုင်စေသည်ဟု ယူ။) (၃) ဝုဋ္ဌော-ကာမဇော တခုယုတ် သုံးဆယ်,အဘိညာဏ်ဒွေးအားဖြင့် ၃၂-ပါးသော စိတ်တို့သည် ရုပ်, ဇုရိယာပုထ်, ဝိညတ် ၃-ပါးကို ဖြစ်စေနိုင်ပါသည်။ (၄) သောမနဿဇော ၁၃-ခုတို့ကား-လေးပါးလုံးကို ဖြစ်စေနိုင်ပါသည်။ (၅) အရူပဝိပါက် ၄-ခု၊ ဒွေးပဋ္ဌဝိညာဏ်တဆယ်၊ ပေါင်း ၁၄-ပါးသောစိတ်တို့သည် ဘယ်ဟာကိုမှမဖြစ်စေနိုင်ပါ။ (ပဋိသန္ဓေနှင့် စုတိကို ထည့်၍ ရုပ်ကို မဖြစ်စေနိုင်သောစိတ် ၁၆-ပါးကို အောက်ကဆိုခဲ့ပြီ။)

* မနောဓာတု,တဒါရုံက,ရူပဝိပါက်,ဆယ့်ကိုးချက်မှာ,ရုပ်ကိုသာတည်း, အပ္ပနာဇဝန,ဆဒ္ဒိသကား,ယာပထလည်း, ဖွဲ့တည်းနိုင်စေ,တထွေဝုဋ္ဌော,ကာဇောဘိညာ,ဒွတ္တိံသာ

ကား, နှစ်ဖြာဝိညတ်, ကိုလည်းတတ်၏, သောမနဿဟု, ဆယ့်သုံးခုကား, ရယ်မှုရှင်ခြင်း, လည်းပြုလျင်း၏, ကြွင်း အာရုပ္ပ, ဝိပါကဲနှင့်, ပဋ္ဌဝိညာ, ဆယ့်လေးဖြာသည်။ ။ ဘယ်ဟာဖြစ်စေ-နိုင်ဘူးတည်း။ (ဝိသုဒ္ဓါရုံ)

● ဇရိယာပုထ်ကို ခိုင်စေတတ်သောစိတ်, ပိညတ်ကိုဖြစ်စေတတ် သောစိတ်များကို သင်္ဂဟအထောက်ပြု၍ ရေတွက်ခဲ့ပါ။

၁၁၉၀-ဖြေ။ ။ဇရိယာပုထ်ကို ခိုင်စေတတ်သောစိတ်ကား "တတ္ထ အပ္ပနာဇဝဝနံ ဇရိယာပထမိဿ သန္နာမေတိ။ ဝေါဋ္ဌပ္ပနကာမာဝစရဇဝနာ ဘိညာပန ဝိညတ္တိမိဿ သမုဋ္ဌာပေန္တိ" ဟူသော ပါဠိကိုထောက်၍ အပ္ပနာ ဇော ဆဇ္ဇိသ (အဘိညာဏ်ခွေးကြွဲ) ဝုဋ္ဌော, ကာမဇော တခုယုတ် သုံးဆယ်, အဘိညာဏ်ခွေးအားဖြင့် ၅၀-ပါး ဖြစ်ပါသည်။ ဝိညတ်ကို ဖြစ်စေတတ်သောစိတ်ကား "ဝေါဋ္ဌဗ္ဗန 'လ' သမုဋ္ဌာပေန္တိ" ဟူသော ပါဠိကိုထောက်၍ ဝုဋ္ဌော,ကာမဇောတခုယုတ် သုံးဆယ်,အဘိညာဏ် ခွေးအားဖြင့် ၃၂-ပါး ဖြစ်ပါသည်။

● ရုပ်သက်သက်ကိုသာ ဖြစ်စေတတ်သော စိတ်ကို ဖြစ်နိုင်သော နည်းဖြင့် သင်္ဂဟအထောက်ပြု၍ ရေတွက်ပြပါ။

၁၁၉၉-ဖြေ။ ။ရုပ်သက်သက်ကိုသာ ဖြစ်စေတတ်သောစိတ်ကား "တတ္ထအပ္ပနာဇဝနံဇရိယာပထမိဿသန္နာမေတိ" ဝေါဋ္ဌပ္ပနကာမာဇစရဇဝနာ ဘိညာပန ဝိညတ္တိမိဿ သမုဋ္ဌာပေန္တိ" ပါဠိကို ဗျတိရေကနည်းဖြင့် ပြန်လျက် "အရူပဝိပါက ဒ္ဝိပဉ္စဝိညာဏာဝဇ္ဇိတံ ပဋ္ဌသတ္တ တိဝိဓမိဿ စိတ္တံ စိတ္တ သမုဋ္ဌာနရူပံ ပဌမဘဝဂ်မုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ" ပါဠိကိုထောက်၍ မနောဓာတ် သုံးခု, တဒါရုံ ကောဒသ, ရူပဝိပါက် ငါးခုအားဖြင့် ၁၈-ပါး ရှိပါသည်။ {အသိညာဏ်ကြံစည်မှု တိုးရန် ဉာဏ်စမ်းပုစ္ဆာများဖြစ်သည်။ သင့်လျော်ရာ၌ ဤကဲ့သို့ဉာဏ်စမ်းများ ပါရှိလိမ့်မည်။}

● "တေဇောဓာတု ဌိတိပ္ပတ္တာဝ" ဟူသောစကားကို အဘယ့်ကြောင့် အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၂၀၀-ဖြေ။ ။ဥတု,သြဇာတို့သည် ဌီခဏဋ္ဌသာလျှင် ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ ပစ္စည်းကို ရသဖြင့် အားရှိကြ ပါသည်။ ထို့ကြောင့် "တေဇောဓာတု ဌိတိပ္ပတ္တာဝ" ဟူသော စကားကို အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။

† ပစ္ဆာဇာတာဒိပစ္စယူပတ္ထမ္ဘလာဘေန ဌိတိကျဏေယေဝ ဥတု သြဇာနံ ဗလဝဘာဝေါတိ ဝုတ္တံ တေဇောဓာတု ဌိတိပ္ပတ္တာတိ အာဒိ။ (ဋီ)

● အဘယ့်ကြောင့် ဟဒယရုပ်, ဇုန္ဒြိယရုပ် တို့သည် ကမ္မဇရုပ်မည်၍ ဝိညတ်ဒွေးသည် စိတ္တဇရုပ်-မည်ပါသနည်း။

၁၂၀၁-ဖြေ။ ။ဟဒယ,ဇုန္ဒြိယရုပ်တို့သည် ကံကြောင့်သာလျှင်ဖြစ်သောကြောင့် ကမ္မဇရုပ်မည်၍ ဝိညတ်ဒွေးသည် စိတ်ကြောင့်သာလျှင်ဖြစ်သောကြောင့် စိတ္တဇရုပ်-မည်ပါသည်။

† ကမ္မတောယေဝ ဇာတတ္တာ။ (ဋီ)
စိတ္တတောဧဝ ဇာတံ ရူပံ။ (အဏ်ရ)

● ဟဒယဇုန္ဒြိယရုပ်တို့သည် အဘယ့်ကြောင့်ကံကြောင့်သာဖြစ်ပါသနည်း၊ "ဝိပ္ပသန္ဒာနိခေါ အာဝုသော သာရိပုတ္တ ဇုန္ဒြိယာနိ၊ ကတရေန တွံ ဧတရဟိ ဝိဟာရေန ဝိဟာသိ"ဟု သုတ်၌ ဟောတော် မူသောကြောင့် ထိုရုပ်တို့သည် စိတ်ကြောင့်သာဖြစ်သည် မဟုတ်ပါလော။

၁၂၀၂-ဖြေ။ ။မဟုတ်ပါ၊တိုသို့ဟောခြင်းသည်လည်း သမာပတ်စိတ်သည် ထောက်ပံ့ခြင်းကြောင့် ကမ္မဇရုပ်ဖြစ်ကုန်သော ကြည်လင်သော ဇုန္ဒြေတို့၏ ဖြစ်ခြင်းကိုရည်၍ ဟောခြင်းသာ ဖြစ်ပါသည်။ စိတ်ကြောင့် ဖြစ်ခြင်းကိုရည်၍ ဟောခြင်းမဟုတ်ပါ။

{တအိမ်တည်းအတူနေမိသားလေးယောက်တို့မှာတယောက် ဝမ်းမြောက်လျှင် အကုန် ဝမ်းမြောက်ရ, တယောက် စိတ်ညစ်လျှင် အကုန် စိတ်ညစ်ရသကဲ့သို့ တစပ်တည်း ဖြစ်ကုန်သော စတုဇ ရုပ်တို့သည်လည်း တခုကြည်လျှင် အကုန်ကြည်, တခုနောက်လျှင် အကုန်နောက်, တခုရှင်လျှင် အကုန်ရှင်, တခုညှိုးလျှင် အကုန်ညှိုးရသောကြောင့် စိတ်ကထောက်ပံ့၍ ကမ္မဇရုပ်ကြည်လျှင် ကျန်ရုပ်များအကုန်ကြည်ရသောကြောင့် ချေးညှော်ကင်းသော ကြေးမုံမှန်ပြင်မှာ တပြိုးပြိုးတပြက်ပြက်နှင့် အရောင်ထွက်လာရသကဲ့သို့ ခန္ဓာကိုယ်ကြီးမှာလည်း အရောင်ထွက်လာရသည်။ထိုသဘောကိုရိပ်စားမိကဘုရားရှင်၏ရောင်ခြည်တော်လွှတ်ပုံနှင့် ပဘာဝတို၏ ခုနစ်ဆောင်တိုက်ခန်းမီးမထွန်းဘဲလင်းပုံမှာဘာမျှမထူးဆန်း၊ သူသဘာဝအတိုင်းဖြစ်လာကြောင်းပေါ်လာလိမ့်မည်။ ဆို အရောင်အလင်းများကား-စိတ်ကြောင့်ချည်းလည်း မဟုတ်၊ ဥတုကြောင့် ချည်းလည်း မဟုတ်၊ စိတ်ကို အကြောင်းခံ၍ ဥတုကြောင့်ဖြစ်လာသော စိတ္တဇပစ္စယဥတုသမုဋ္ဌာနရုပ်မျိုး ဖြစ်သည်။ ဝံသို့ ထွက်ခြင်းကား-လူတိုင်းမှာ မဖြစ်နိုင်၊ ဓာတုဗေဒစိန်နှင့် ပကတိစိန်တို့ အမာခံဓာတ်ကွာ၍ အရောင်ကွာခြားသကဲ့သို့ အမာခံ ကမ္မဇ အားကောင်းသောသူများကို ထွက်၍ အမာခံ ကမ္မဇ အားသေးသောသူများမှာ အနည်းငယ်မျှ ထွက်သည်ဟု သေချာစွာမှတ်ပါ။ နှတ်မျက်စိ ယူဇနာ ၁၀၀၀-မြင်သည်ဆိုရာမှာလည်း ဤအတိုင်းပင် အမာခံကမ္မဇ ပသာဒ အားကောင်း၍ဖြစ်သည်။ စိန်, ကျောက် အရောင်တို့ကား-ဥတုပစ္စယ, ဥတုသမုဋ္ဌာန ရုပ်မျိုးပင်ဖြစ်သည်။}

● အာကာရဝိကာရဖြင့်သောဝိညတ်သည် အင်္ဂကလာပ်ရုပ်ကဲ့သို့ စိတ္တဇရုပ်မဟုတ်ဘဲ အာဟယ့်ကြောင့်စိတ္တဇရုပ်ဟုဆိုပါသနည်း။

၁၂၀၃-ဖြေ။ ။ဝိညတ် ရုပ်သည် စိတ္တဇရုပ် အစစ် မဟုတ်သော်လည်း စိတ္တသမုဋ္ဌာန ရုပ်တို့၏ဝိညတ် ဖြစ်နေသောကြောင့် စိတ္တဇရုပ်ဟူ၍ပင် ဆိုရပါသည်။

† သာ အဋ္ဌ ရူပါနိဝိယ နစိတ္တသမုဋ္ဌာနာ၊ ယထာ ပန အနိစ္စာဒိ ဘေဒါနံ ဓမ္မာနံ ဇရာမရဏတ္တာ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သခ်တန္တိအာဒိ ဝုတ္တံ၊ ဧဝံစိတ္တသမုဋ္ဌာနာနံ ရူပါနံ ဝိညတ္တိတာယ သာပိ စိတ္တသမုဋ္ဌာနာ နာမ ဟောတိ။ (အဋ္ဌသာလိနီ)

● သဒ္ဒသည် အဘယ့်ကြောင့် စိတ်,ဥတုကြောင့် ဖြစ်ပါသနည်း။

၁၂၀၄-ဖြေ။ ။သ ဝိညာဏက သဒ္ဒသည် စိတ် ကြောင့် ဖြစ် ၍၊ အဝိညာဏက သဒ္ဒသည် ဥတုကြောင့် ဖြစ်သောကြောင့် သဒ္ဒသည် စိတ်, ဥတုကြောင့် ဖြစ်သည်ဟု ဆိုပါသည်။ (အက်ရ)

● လဟုတာ ဒိတ္တယ ရုပ်သုံးခု အပေါင်းသည် အ ဘယ့် ကြောင့် ကမ္မဇရုပ် မဖြစ်နိုင်ပါသနည်း၊ အကယ်၍ ကမ္မဇရုပ်ဖြစ်သည်ဟု ဆိုသော် အဘယ်အပြစ် ဖြစ်မည်နည်း။

၁၂၀၅-ဖြေ။ ။လဟုတာ ဒိတ္တယ ရုပ်သုံးခု အပေါင်းသည် ဥတု, စိတ်,အာဟာရ-ဟုဆိုအပ်သော ပစ္စုပ္ပန်အကြောင်းကို ငဲ့ခြင်းရှိသည်၏ အဖြစ်ကြောင့် ကမ္မဇရုပ် မဖြစ်နိုင်ပါ။ အကယ်၍ ထိုရုပ်သုံးခု အပေါင်းသည် ကမ္မဇရုပ်ဖြစ်သည်ဟုဆိုသော် ကာလသုံးပါး၌ဖြစ်သည်ဟူသော အပြစ် ဖြစ်ရာပါသည်။ အမှန်မှာ ထိုရုပ်သုံးခု အပေါင်းသည် ပစ္စုပ္ပန် အကြောင်းကိုသာငဲ့၍ ဖြစ်၏။ ကာလသုံးပါးမှာ မဖြစ်၊ ကမ္မဇရုပ်သာ ကာလသုံးပါးမှာ ဖြစ်ပါသည်။

† ပစ္စုပ္ပန္နပစ္စယာပေက္ခတ္တာ လဟုတာဒိတ္တယံ ကမ္မဇံ နဟောတိ၊ ဇုတရထာ သဗ္ဗဒါ ဘာဝီဟိ ဘဝိတဗ္ဗံ။ (ဋီ)

{ဤအကြောင်း အောက်တုံးကလည်း ပြခဲ့သေးသည်၊ ပြည့်စုံ အောင် ထပ်ပြသည်။}

● "ကမ္မဝိပါကဇာ အာဗာဓာ" ဟု ဟောတော် မူသောကြောင့် ကံကြောင့်ဖြစ်သောနာရုပ်ရှိသည်ရှိသော် ထိုနာရုပ်မှထမြောက်လာသော ကံကြောင့်ဖြစ်သည့် ပေါ့ပါးခြင်း စသော လဟုတာ

ရုပ်သုံးမှု အပေါင်းကိုလည်း ရကောင်းလျက် အဘယ့်ကြောင့် မရပါသနည်း။

၁၂၀၆-ဖြေ။ ။ကံကြောင့် ဖြစ်သော အနာသက်သက် မရှိသော ကြောင့် မရခြင်း ဖြစ်ပါသည်။

{ထိုစကားသည် မှန်၏။ ဥပဓိဌက, ဥပဃာတက ကံလျှင် အကြောင်းရင်းရှိသောကြောင့် စိတ်,ဥတု,အာဟာရ တို့ကြောင့် ဖြစ်သော ရုပ်တို့၏ ချောက်ချားခြင်းကြောင့် ဖြစ်သော အနာကို သာလျှင် ကမ္မဇနာ-ဟု ဆိုရသည်။ ကံသက်သက်ကြောင့် ဖြစ်သောအနာကား မရှိ၊ထို့ကြောင့် ထို လဟုတာ စသော ရုပ်သုံးခုကို ကံကြောင့်မဖြစ်ဟု ဆိုရသည်။ ထိုတွင် ဥတုကြောင့်ဖြစ်သော ရုပ်တို့၏ ချောက်ချားခြင်းသည် ပဓာန ဖြစ်သည်။ထို့ကြောင့်.... "သီတေနပိ ရုပ္ပတိ ဥဏှေနပိ ရုပ္ပတိ" စသည်ဖြင့် ဥတုကြောင့် ရုပ်ဖောက်ပြန်ပုံကို ပဓာနထား၍ မြတ်စွာဘုရား ဟောခဲ့သည်။ ကံ, စိတ်, အာဟာရကြောင့် မဖောက်ပြန်၍ မဟုတ်ဟု သဘော ပေါက်ပါစေ။}

● (၁) ကမ္မဇရုပ်၊ (၂) ကမ္မပစ္စယရုပ်၊ (၃) ကမ္မပစ္စယ ဥတု သမုဋ္ဌာနရုပ်များကို အသီးသီးခွဲခြားပြပါ။

၁၂၀၇-ဖြေ။ ။(၁)ကမ္မဇ ကေန်ကိုးခုသည် ကမ္မဇရုပ်-မည်၏။ (၂) ဆံပင်,မုတ်ဆိတ်,ကြင်စွယ်,ဆင်စွယ်,မြင်းမြီး,စာမရီမြီး စသည် တို့သည် ကံလျှင် အကြောင်းရင်းရှိသောကြောင့် ကမ္မပစ္စယရုပ်-မည်၏။ (၃)စကြာရတနာ,နတ်ဗိမာန်,နတ်ဥယျာဉ်,လူတို့၏ ပုတီး,နားဆောင်း လက်ကောက် စသည်တို့သည် ကံလျှင် အကြောင်းရင်း ရှိသော ဥတု ကြောင့်ဖြစ်သောကြောင့် ကမ္မပစ္စယ ဥတုသမုဋ္ဌာနရုပ်-မည်ပါသည်။

(အဋ္ဌသာလိနီ)

● (၁)စိတ္တဇ-စိတ္တသမုဋ္ဌာနရုပ်၊ (၂)စိတ္တပစ္စယရုပ်၊ (၃)စိတ္တ ပစ္စယ ဥတုသမုဋ္ဌာနရုပ်များကို အသီးသီး ခွဲခြားပြပါ။

၁၂၀၈-ဖြေ။ ။(၁)စိတ်ကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ်ရှစ်ခုသည် စိတ္တဇ, စိတ္တသမုဋ္ဌာန ရုပ်-မည်၏။ (၂) ပစ္ဆာဇာတ ပစ္စည်း အထောက်အပံ့ကိုရသော ပ္ဍရေဇာတ,ဧကဇ,ဒွိဇ,တိဇ,စတုဇ ကာယရုပ်သည် စိတ်လျှင် ဖြစ်ကြောင်းရှိသောကြောင့် စိတ္တပစ္စယရုပ်-မည်၏။ တန်ခိုးရှင်တို့ ဖန်ဆင်း၍ပြအပ်သော ကောင်းကင်၌ ဆင်ရုပ်, မြင်းရုပ်, ရထား, စစ်သည်ရုပ် စသည်တို့သည် စိတ်လျှင် အကြောင်းရင်းရှိသော ဥတုကြောင့် ဖြစ်သောကြောင့် စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ် - မည်ပါသည်။ (အဋ္ဌသာလိနီ)

- (၁)ဥတုဇ,ဥတုသမုဋ္ဌာနရုပ်၊ (၂) ဥတုပစ္စယရုပ်၊ (၃)ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်များကို အသီးသီး ခွဲခြားပြပါ။

၁၂၀၉-ဖြေ။ ။(၁)ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ်ရှစ်ခုသည် ဥတုဇ,ဥတုသမုဋ္ဌာနရုပ်-မည်၏။ (၂)ဥတုဇရုပ်ကလာပ်ရှစ်ခု၌ရှိသော ဥတုသည် တပါးသော အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေပြန်၏။ ဤတပါးသော အဋ္ဌကလာပ်ရုပ်သည် ဥတုလျှင် ဖြစ် ကြောင်း ရှိ သောကြောင့် ဥတုပစ္စယရုပ်-မည်၏။ (၃)ဥတုပစ္စယအဋ္ဌကလာပ်၌ရှိသော ဥတုသည် တပါးသော အဋ္ဌကလာပ်ကို ဖြစ်စေပြန်၏။ ဤတပါးသော အဋ္ဌကလာပ်ရုပ်သည် ဥတုလျှင် အကြောင်းရင်းရှိသော ဥတုကြောင့် ဖြစ်သောကြောင့် ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်-မည်ပါသည်။ (ဥပါဒိန္ဓက-၌ ဖြစ်ပုံတည်း။ ဥတုသည် သုံးထပ် သုံးလီသာ ရုပ်အစဉ်ကို ဖြစ်စေနိုင်၏။ ထိုထက်အလွန် မဖြစ်စေနိုင်ဟု မှတ်။)

အနုပါဒိန္ဓက၌ကား - တိမ်တောင် တိမ်လိပ်တို့သည် ဥတုသမုဋ္ဌာနရုပ်-မည်၏။ မိုးရေအယဉ်သည် ဥတုပစ္စယရုပ် - မည်၏။ မိုးရွာသော အခါ မျိုးစေ့တို့သည် ပေါက်ကုန်၏။မြေသည် အနံ့ကိုလွှတ်၏။တောင်တို့သည် ညိုမှိုင်းသောအရောင် ထင်ကုန်၏။သမုဒ္ဒရာသည် ပွားလာ၏။ ဤအပင်, အသီး,အပွင့်,အနံ့,အရောင် စသော ရုပ်တို့သည် ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်-မည်ပါသည်။ (အဋ္ဌသာလိနီ)

● (၁) အာဟာရဇ-အာဟာရ သမုဋ္ဌာနရုပ်၊ (၂) အာဟာရ ပစ္စယရုပ်၊ (၃) အာဟာရ ပစ္စယ ဥတုသမုဋ္ဌာန ရုပ် တို့ ကို အသီးသီး ခွဲခြားပြပါ။

၁၂၁၀-ဖြေ။ ။(၁) အာဟာရကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ် ရှစ်ခုသည် အာဟာရဇ,အာဟာရသမုဋ္ဌာနရုပ်မည်၏။(၂)အာဟာရ သည် အစဉ်သဖြင့် ထောက်ပံ့စောင့်ရှောက်အပ်သော ကမ္မဇရုပ်သည် အာဟာရပစ္စယရုပ်-မည်၏။ (၃) မသင့်မတင့်သော အစာအာဟာရ ကိုစားပြီး နေပူဒဏ် နေသော သူအား မဲ့, ဝက်ခြံ, ပွေး,ညှင်း, တင်းတိတ်, သမင်ဖြူ,သမင်နက် စသော အနာများ ပေါက်ရောက်လာ၏။ထိုအနာများသည် အာဟာရလျှင်အကြောင်းရင်းရှိသော ဥတုကြောင့်ဖြစ်သော ကြောင့်အာဟာရပစ္စယဥတုသမုဋ္ဌာနရုပ် မည်ပါသည်။(အဋ္ဌသာလိနီ)

● အဋ္ဌာရသ,ပန္နရသ စသော ဂါထာ လာသည့်အတိုင်း အဋ္ဌာရသ, ပန္နရသ,တေရသ,ဒွါဒသ-အရတို့ကို အသီးသီး ကောက်ပြပါ။

၁၂၁၁-ဖြေ။ ။အဋ္ဌာရသ-အရကား-ဟဒယ,ဇုဋ္ဌိယ-ဟု ဆိုအပ်သော ကမ္မဇကေန် ၉-ပါး၊ အဝိနိဗ္ဘောဂ-ရှစ်ခု၊ အာကာသဓာတ် အားဖြင့် ကမ္မဇအနေကန် ၉-ပါး၊ ပေါင်း ကမ္မဇရုပ် ၁၇-ပါး ဖြစ်ပါသည်။ ပန္နရသ-အရကား-ဝိကာရရုပ် ငါးပါး၊ သန္ဓါရုံ,အဝိနိဗ္ဘော်ဂ ရှစ်ခု၊ အာကာသဓာတ်အားဖြင့် စိတ္တဇရုပ် ၁၅-ပါး ဖြစ်ပါသည်။ (ဝိညတ်ဒွေးကား-ဇကေန်၊ ကျန် ၁၃-ကား - အနေကန်) ။ တေရသ-အရကား-သန္ဓါရုံ, လဟုတာ ဒိတ္တယ,အဝိနိဗ္ဘော်ဂ-ရှစ်ပါး၊ အာကာသဓာတ်အားဖြင့် ဥတုဇရုပ် ၁၃-ပါး ဖြစ်ပါသည်။ ဒွါဒသ အရကား-လဟုတာ ဒိတ္တယ, အဝိနိဗ္ဘော်ဂ ရှစ်ပါး၊ အာကာသဓာတ်အားဖြင့် အာဟာရဇရုပ် ၁၂-ပါး ဖြစ်ပါသည်။ (နီ)

* ဟဒယိန်ကေန်, နေကန်မှတ်ဝိမ့်, ဝိနိဗ်ကာသ, ဆယ့်ရှစ်ဝ, ရူပကမ္မဇာ။

* ဝိညတ်ဧကန်, နေကန်မှတ်ရှု, လဟုတာဒိတ်-ဝိနိဗ်ကာသ, ရုပ်သဒ္ဒ, ပန္နရစိတ္တဇာ။

* လဟုတာဒိတ်, ဝိနိဗ်ကာသ, ရုပ်သဒ္ဒ, တေရဥတုဇာ။

* လဟုတာဒိတ်, ဝိနိဗ်ကာသ, ဒွါဒသ, မှတ်ကြ-ဟာရဇာ။

(သစ်)

● လက္ခဏရပ် လေးခုတို့သည် အဘယ့်ကြောင့် တစုတခုသော အကြောင်းကြောင့် မဖြစ်ကြပါသနည်း။

၁၂၁၂-ဖြေ။ ။လက္ခဏရပ်လေးခုတို့သည်ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲဖြစ်ကုန်သော အနိပ္ပန္နရပ်တို့၏ သဘောမျှသာ ဖြစ်သောကြောင့် ထိုနိပ္ပန္နတို့၏ ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲ သဘောမျှကို ကြဉ်ထား၍ မိမိ (ဇာတ်, ဇရာ, မရဏ) ၏တပါးသောဇာတိစသော လက္ခဏာမရှိသည်၏အဖြစ်ကြောင့် တစုတခုသော အကြောင်းကြောင့် မဖြစ်ကြပါ၊ နကုတောစိသမုဋ္ဌာန်သာ ဖြစ်ပါသည်။ ထင်ရှားစေအံ့၊ ဥပါဒ် စသည်နှင့်ယှဉ်ကုန်သော စက္ခုပသာဒရပ် စသည်တို့မှာ ဇာတိ အစရှိသော လက္ခဏာတို့ရှိသလို၊ ဇာတိရပ် အစရှိသည်တို့မှာ တပါးသော ဇာတိ အစရှိသော လက္ခဏာတို့ မရှိကြပါ။ ပဌမဇာတိရပ် အစရှိသည်တို့၏ တပါးသော ဒုတိယဇာတိရပ် စသည်တို့ အကယ်၍ ဖြစ်ခဲ့သော် ထိုဒုတိယ ဇာတိရပ် စသည်တို့၏ တပါးသော တတိယ ဇာတိရပ် စသည်တို့လည်း ဖြစ်ခဲ့ရာပါသည်။ ဤသို့ဖြစ်ခဲ့သော် ဇာတိရပ် စသည်၏ ဇာတိရပ်စသည် ထပ်တလဲလဲဖြစ်ခဲ့သောကြောင့် ဇာတိရပ်တွေ အပိုင်းအခြား တည်တံ့ခြင်း မရှိသောအဖြစ်သို့ ရောက်ရာပါတော့သည်။

အချိုသော ပါဠိရပ်၌ ဇာတိ၏ ကုတောစိဇာတ အဖြစ်ကို ခွင့်ပြုသည်မှာလည်း ရုပ်ကို ဖြစ်စေတတ်သော အကြောင်း လေးပါးတို့၏ သတ္တိဗျာပါရ မငြိမ်းစဲမီ ဥပါဒ်အခိုက်၌ ဖြစ်ဆဲသော စတုဇရုပ်တို့၏ ဖောက်ပြန်ခြင်း အမူအရာအားဖြင့် ရသင့်သည်ကိုရည်၍ ခွင့်ပြုခြင်းသာ ဖြစ်ပါသည်။ "ဇရာမရဏံ သခ်တံ ပဋိစ္စသမုပ္ပန္နံ" စသည်ဖြင့် ဟောရာမှာလည်း သခ်တတရားတို့ကို မှတ်ကြောင်းအဖြစ် မကင်းကောင်းသော

ကြောင့်သာ ဟောတော်မူခြင်း ဖြစ်ပါသည်။ စင်စစ် ကုတောစိဇာတ ဖြစ်သောကြောင့် ဟောသည် မဟုတ်ပါ။ ထိုသို့ ခွင့်ပြုခြင်း, ဟောခြင်း သည် ပရိယာယ်မျှသာ ဖြစ်ပါသည်။ ဤပရိယာယ်သဘော ရသင့်သည် ကိုရည်၍ မာတိကာအကောက်၌ ထိုလက္ခဏရပ် လေးပါးကို ဥပါဒိန္နတိက် စသည်၌ စတုဇရပ်ထည်းမှာထည့်၍ ကောက်ထားခြင်းဖြစ်သည်။ အမှန် မုချအားဖြင့်ကား - ထိုလက္ခဏရပ် လေးခုသည် နကုတောစိ သမုဋ္ဌာန်အစစ်သာတည်း။

† ပါဌေ ကုတောစိ ဇာတတ္တံ၊ ဇာတိယာ ပရိယာယတော။
သခ်တာနံ သဘာဝတ္တာ၊ တီသု သခ်တတောဒိတာ။
(ပေါရာဏ)

● ဧကဇ,ဒွိဇ,တိဇ,စတုဇ,နကုတောစိသမုဋ္ဌာနရပ်များကို သင်္ဂဟ ထောက်၍ အသီးသီး ကောက်ပြပါ။

၁၂၁၃-ဖြေ။ ။"တတ္ထ ဟဒယဇုန္ဒြိယရူပါနိ၊ဝိညတ္တိဒွယံ"ဤပါဋိ ၂-ခုကိုထောက်၍ ဧကဇရပ် ၁၁-ခု ဖြစ်ပါသည်။ "သဒ္ဒေါ စိတ္တောတုဇော"ကိုထောက်၍ ဒွိဇရပ် ၁-ခုဖြစ်ပါသည်။ "လဟုတာဒိတ္တယံ" ပါဋိကိုထောက်၍ တိဇရပ် ၃-ခု ဖြစ်ပါသည်။ "အဝိနိဗ္ဘောဂရူပါနိ" ပါဋိကိုထောက်၍ စတုဇရပ် ၉-ခု ဖြစ်ပါသည်။ "လက္ခဏရူပါနိ" ပါဋိကိုထောက်၍ နကုတောစိ သမုဋ္ဌာန်ရပ် ၄-ခု ဖြစ်ပါသည်။

{ကမ္မဇဧကန်-၉၊အနေကန်-၉၊စိတ္တဇဧကန်-၂၊အနေကန် ၁၃၊ ဤပါဋိများမှာ လှည့်၍ရှာ။ဥတုဇ,အာဟာရဇ ဧကန်မရှိ၊ အနေကန် ၁၃-၁၂-သာ ဖြစ်သည်။}

* ဟဒယိန်မှတ်, ရုပ်ဝိညတ်, ကေဒသ်ကေဇာ။
* စိတ္တောတုဇ, ဤသဒ္ဒ, ကေ-ရုပ်ဒွိဇာ။
* လဟုတာဒိတ္တယ,ဤသုံးဝ, မှတ်ကြ-ရုပ်တိဇာ။
* ဝိနိဗ်ကာသ, ဤနဝ, မှတ်ကြ-စတုဇာ။
* နကုတောစိက,ရုဂ်လေးဝ,မှတ်ကြ-လက္ခဏာ။ (သစ်)

- လက္ခဏရုပ် လေးခုတို့သည် တစုံတခုသော အကြောင်းကြောင့် မဖြစ်ဟု ဆိုသော် ယုန်ချိုကဲ့သို့ အဘာဝ-နိဗ္ဗာန်ကဲ့သို့ နိစ္စ-ဟု မှတ်ရမည်လော။

၁၂၁၄-ဖြေ။ ။ဇာတိ,ဇရာ,မရဏ-ဟု ဆိုအပ်သော လက္ခဏရုပ် တို့သည် ဖြစ်ဆဲ,ရင့်ဆဲ,ပျက်ဆဲသော ပထဝီစသော မှီရာရုပ်များ ထင်ရှားဖြစ်လတ်သော် ထင်ရှားသောကြောင့် ယုန်ချိုကဲ့သို့ အဘာဝ-ဟု မမှတ်သင့်ဘဲ ထိုပထဝီစသော မှီရာရုပ်များ ထင်ရှားမဖြစ်သော် မထင်ရှားသောကြောင့် နိဗ္ဗာန်ကဲ့သို့ နိစ္စ-ဟူ၍လည်း မမှတ်သင့်ပါ။

† နိဿယပဋိဗဒ္ဓဝုတ္တိတော ပထဝီအာဒီနဉ္ဓိ နိဿယာနံ ဘာဝေ ဇာတိအာဒိတ္တယံ ပညာယတိ၊ တသ္မာ နန္ထိ၊ တေသဉ္စ အဘာဝေ နပညာယတိ၊ တသ္မာ နနိစ္စံ။ (အဋ္ဌသာလိနီ)

- လက္ခဏရုပ် လေးခု ကိုသာ အဘယ့် ကြောင့် နကုတောစိသမုဋ္ဌာန်-ဟု အနုရုဒ္ဓါဆရာ ဆိုပါသနည်း၊ အလုံးစုံသော အနိပ္ဖန္ဓ ရုပ်တို့သည်လည်း တစုံတခုသော အကြောင်းကြောင့် မပြီးသည်သာ မဟုတ်ပါလော။

၁၂၁၅-ဖြေ။ ။မပြီးသည် မှန်သော်လည်း လက္ခဏရုပ် လေးခုမှတပါးသော အနိပ္ဖန္ဓ ရုပ်တို့မှာ စိတ်, ဥတု, အာဟာရ - ဟူ သော အကြောင်းထူး၏ အစွမ်းဖြင့် ထင်ရှား သောကြောင့် နကုတောစိသမုဋ္ဌာန်-ဟု မဆိုရ၊လက္ခဏရုပ်လေးခုသာ ထိုသို့သော အကြောင်းထူးဖြင့် မထင်ရှားသောကြောင့် နကုတောစိ သမုဋ္ဌာန်-ဟု ဆိုရပါသည်။ (ပရမတ္ထဒီပနီ-အက်ုရ)

ရူပသမုဋ္ဌာန အဖြေ ပြီး၏။

ရူပကလာပ အဖြေ

●

- အဘယ်အင်္ဂါနှင့် ညီသော ရုပ်များကို ကလာပ် ဖွဲ့ရခည်နည်း၊ ကလာပ်ဖွဲ့ရခြင်း၏ အင်္ဂါများကိုလည်း ရေးခဲ့ပါ။

၁၂၁၆-ဖြေ။ ။အတူတကွဖြစ်ခြင်း, အတူတကွချုပ်ခြင်း, တူသော မှိရာရှိခြင်း။ ဤအဂ်ါ ၃-ပါးနှင့်ညီသောရုပ်များကိုသာ ကလာပ် ဖွဲ့ရပါသည်။

* ဖြစ်-ချုပ်-မှိရာ, သုံးအဂ်ါ, ညီပါ-ကလာပ်ဖွဲ့။ (သစ်)

● ကလာပ်စည်း လက္ခဏာ-၌ ကေပ္ပဘဒဆိုလျှင် ပြီးကောင်းလျက် သဟဝုတ္တိကို အဘယ့်ကြောင့်ထပ်၍ ဆိုရပါသနည်း။

၁၂၁၇-ဖြေ။ ။အလုံးစုံသော ရုပ်ကလာပ်တို့သည် အချင်းချင်း တကွဖြစ်ခါမျှဖြင့် သဟဝုတ္တိ (ရူပကလာပ) မဖြစ်။အသီးသီးတကလာပ်စီ တကလာပ်စီ၌ရှိသောရုပ်တို့၏ အဖြစ်တူ, အချုပ်တူ, မှိရာတူအားဖြင့် အတူတကွ ဖြစ်ခြင်းသည်သာ သဟဝုတ္တိ (ရူပကလာပ) ဖြစ်သည်ဟု သိစေလိုသောကြောင့် သဟဝုတ္တိကိုထပ်၍ဆိုရခြင်းဖြစ်ပါသည်။ (သဟဝုတ္တိဖြင့် တပါးသော ရုပ်ကလာပ်တို့နှင့် အတူတကွ ဖြစ်မှုကို နှစ်စေသည်။)

{ဋီကာအလိုအားဖြင့် သဟဝုတ္တိနောကို အဂ်ါတခုအဖြစ် ယူလိုရိပ်မရှိ။ကေပ္ပဘဒ, ကေနိရောဓ, ကေနိသယ-အဂ်ါသုံးပါးနှင့် ပြည့်စုံ၍ အတူတကွ ပေါင်းဖွဲ့မှုရှိသော ၂၁-မျိုး သည် ရုပ်ကလာပ်များ မည်သည်ဟု ဆိုလိုသည်။ဋီကာအလို နောက် အဖြေ၌ ထင်ရှားလတ္တံ့။}

† သဟဝုတ္တိနောတိ ဝိသုံဝိသုံ ကလာပဂတ ရူပဝေဒနာ သဟဝုတ္တိနော၊ နာ သမ္ဘကလာပါနံ အညမညံ သဟုပ္ပတ္တိဝသေန။ (နီ)

† ကေပ္ပဘဒါ ကေနိရောဓာ ကေနိသယာစ ဟုတ္ဝာ သဟဝုတ္တိနော ရူပကလာပါ ဟောန္တိ။ (ဋီဟောင်း)

● ကေပ္ပဘဒါနှင့် သဟဝုတ္တိ အထူးကို ရေးခဲ့ပါ။

၁၂၁၈-ဖြေ။ ။ကလာပ် တစည်းတည်း၌ပါသော ရုပ်တို့၏ အတူတကွဖြစ်ခြင်း (ဥပါဒ်ခြင်း) သည် ကေပ္ပဘဒ, ထိုကလာပ်စည်းတည်းပါ ရုပ်တို့၏ အဖြစ်တူ, အချုပ်တူ, မှိရာတူ အားဖြင့် အတူတကွ ဖြစ်မှုသည် သဟဝုတ္တိ-မည်ပါသည်။

{ဤ၌ ကလာပ်တစည်းနှင့်တစည်း အတူတကွဖြစ်ခြင်းသည် ကေုပ္ပာဒ၊ ကလာပ်တစည်းတည်း၌ အတူတကွ ဖြစ်ခြင်းသည် သဟဝုတ္တိဟု နောက်ဆရာတို့အထူးခွဲခြားကြခြင်းကားကလာပ်စည်းပုံ လက္ခဏာကိုဇင်း၊ဦကာဖွင့်ပုံ အာဘော်ကိုဇင်း သေချာစွာ အာရုံမပြုမိ၍သာ ဖြစ်ရမည်။ အဘယ့်ကြောင့် ဟူမူ စက္ခုဒသက ကလာပ်တခုစည်းရာ၌ အဋ္ဌကလာပ် ၈-ခု၊ဇီဝိတ,စက္ခုပသာဒအားဖြင့် ရုပ် ၁၀-ခုတို့ အတူတကွ ဥပါဒ်၍ ဖြစ်ခြင်းကိုသာ ကေုပ္ပာဒကလာပ် လက္ခဏာ-ဟု ဆိုရသည်။ စက္ခုဒသက ကလာပ်တစည်းနှင့် သောတဒသက ကလာပ်တစည်းတို့ အတူတကွ ဖြစ်မှုမှာ ဒသက ကလာပ်တခု စည်းရာ၌ ဘာမျှမဆိုင်၍ ကေုပ္ပာဒလက္ခဏာတခုမဟုတ်ပါပေ။ထို့ကြောင့်ဤအယူအဆမှာ နေရာမကျသောအယူအဆသာ ဖြစ်ရာသည်။ (ဤ၌အမှတ်မှားသူများပြင်၍မှတ်သားကြပါကုန်။) သဟဝုတ္တိနောမှာအဂ်ါတပါးမဟုတ်။ ကလာပ်မည်သည် အဖြစ်တူ,အချုပ်တူ,မှီရာတူအားဖြင့် တကလာပ်တည်းမှာ အတူအကွဖြစ်မှုကိုပင် ကလာပ်ခေါ်သည်ဟု ကလာပ် သဘောကို ဖော်ပြသော ပုဒ်သာ ဖြစ်သည်။ ဦကာကျော်နှင့် မဏိမဉ္ဇူမှာလည်း ဤသဘောကိုဖော်ပြလျက်ရှိ၏။}

† သမာနုပ္ပာဒ နိဿယ ဘာဝေန သဟပ္ပဝတ္တိနောတိ ဝုတ္တံဟောတိ၊ န သမာနုပ္ပာဒ ဘာဝမတ္တံ။ န ဟိ ဥပ္ပဇ္ဇန မတ္တမေဝ ဝုတ္တိနာမ၊ အထခေါ ဥပ္ပဇ္ဇန နိရုဇ္ဈန နိဿယနာနိတိ။ (ဇူ)

● ကေုပ္ပာဒါ, ကေနိရောဓာ, ကေနိဿယာ-၌ ကေ-သဒ္ဒါသည် ဘယ်အနက် ရှိပါသနည်း။

၁၂၁၉-ဖြေ။ ။ကေသဒ္ဒါသည် "ကောသမာနော ဥပ္ပာဒေါ တေသန္တိ ကေုပ္ပာဒါ" စသော ၁စနတ္ထနှင့်အညီ သမာန (အတူ) အနက်ရှိပါသည်။ (တကလာပ်တည်း၌ပါသောရုပ်တို့သည် အတူတကွ ဖြစ်မှုရှိကြ၊ အတူတကွ ချုပ်မှုရှိကြ၊ တူသောမှီရာ ရှိကြသည် ဟူလို။) တနည်း - ကေ-သဒ္ဒါသည် "ကောဝေ ဇာတိသခ်ါဘော ဥပ္ပာဒေါ

ဧတေသန္တိ ကုပ္ပာဒါ၊ ဧကောဝေ အနိစ္စတာ သခ်ါတော နိရောဓော ဧတေသန္တိ ကေနိရောဓာ''ဟူသော ဝစနတ္ထနှင့်အညီ သန်ျာ (အရေအတွက်) အနက်ရှိပါသည်။ တကလာပ်တည်းဦပါသော ရုပ်တို့သည် ၈-ခု၊ ၉-ခု၊ ၁၀-ခု စသည်ဖြင့် များသော်လည်း ကလာပ်တခု၏ဖြစ်မှု ဥပါဒ်ကား တခု၊ ချုပ်မှု (နိရောဓ) ကား-တခုသာရှိသည်။ ရုပ်အစိတ် ၈-ခု၊ ၉-ခု၊ ၁၀-ခုပါ၍၊ ဖြစ်မှု ၈-ခု၊ ၉-ခု၊ ၁၀-ခု။ ချုပ်မှု ၈-ခု၊ ၉-ခု၊ ၁၀-ခု မရှိ။ တကလာပ်တည်းမှာ ဖြစ်မှု ချုပ်မှုတွေ အမျိုးမျိုးကွဲမနေဘဲ အတူတကွ ဖြစ်မှုတခုတည်း ချုပ်မှု တခုတည်းသာရှိသည် ဟူလို။မှီရာမဟာဘုတ် လေးမျိုးရှိ၍ ကေနိဿယက ကေကား-သမာန အနက်တမျိုးသာ သင့်သည်။

† ဧကေက ကလာပ ပရိယာပန္ဓာနံ ရူပါနံ သဟေဝ ဥပ္ပာဒါ ဒိပ္ပဝတ္တိတော၊ ကေဿ ကလာပဿ ဥပ္ပာဒါဒယော ဧကေ ကာဝ ဟောန္တိ။ (ရူပကဏ္ဍ-မူလဋီကာ)

● ကေဝတ္ထုက-ဟူသော စေတသိက် လက္ခဏာနှင့် ကေနိဿယာ ဟူသော ကလာပ် အင်္ဂါတို့၏ နိဿယ, နိဿိတ အထူးကို ခွဲခြမ်းပြခဲ့ပါ။

၁၂၂၀-ဖြေ။ ။ကေဝတ္ထုက၏ နိဿယကား-ဝတ္ထုရုပ် ၆-ပါး၊ နိဿိတကား - စိတ်, စေတသိက်။ ကေနိဿယ၏ နိဿယ ကား-မဟာဘုတ်လေးပါး၊ နိဿိတကား-မဟာဘုတ်,ဥပါဒါရုပ်များ ဖြစ်ပါသည်။ {ကေဝတ္ထုကကား-နာမ်က ရုပ်ကိုမှီသည်။ ကေနိဿယကား-ရုပ်က ရုပ်ကိုမှီသည်။ ဤသို့လည်း ထူးပါသည်။}

● ကလာပ်အင်္ဂါ သုံးပါးတို့တွင် ကုပ္ပာဒကို ဆိုလျှင် ပြီးကောင်းလျက် ကေနိရောဓသဒ္ဒါကို အဘယ့်ကြောင့် ဆိုပါသနည်း။

၁၂၂၁-ဖြေ။ ။နာမ်တရားတို့ကား-ကမ္မဇ, စိတ္တဇရုပ်တို့နှင့်တကွ ဖြစ်သော်လည်း တကွမချုပ်သောကြောင့် ထိုနာမ်တရားတို့ကို စင်စေ ခြုင်းငှာ ကေနိရောဓသဒ္ဒါကို ဆိုရပါသည်။ (ဇူ)

● ကုပ္ပာဒ, ကေနိရောဓ-ကို ဆိုလျှင် ပြီးကောင်းလျက် အဘယ့်ကြောင့် ကေနိဿယသဒ္ဒါကို ဆိုပြန်ပါသနည်း။

၁၂၂၂-ဖြေ။ ။မျိုးစွာသော ကလာပ်တို့၌ရှိသော ရုပ်တို့သည် ဘကွဖြစ်ခြင်း, တကွချုပ်ခြင်း တူမျှကြသော်လည်း ကလာပ် ကွဲပြားမှု မှိရာ ကွဲပြားသဖြင့် တကလာပ်တည်း မစည်းနိုင်သောကြောင့် ထိုမှိရာ နှင့် ကလာပ် ကွဲပြားသော မျိုးစွာသော ကလာပ်တို့၌ရှိသောရုပ်တို့ကို စင်စေခြင်းငှာ ဧကနိဿယသဒ္ဒါကို ဆိုရပါသည်။ (၄)

● ကုပ္ပါဒ 'လ' သဟဝုတ္တိနော - ဟူသော ပါဠိဖြင့် အဘယ် အဓိပ္ပာယ်ကို ပြပါသနည်း။

၁၂၂၃-ဖြေ။ ။ပဋ္ဌဝဂ္ဂီ, ဆဋ္ဌဂ္ဂီ-ဆိုရာ၌ ငါးပါး, ခြောက်ပါးတို့၌ အတွင်းဝင်သောကြောင့် တပါးပါးကိုလည်း ပဋ္ဌဝဂ္ဂီ, ဆဋ္ဌဂ္ဂီ-ဟု ခေါ်ရသကဲ့သို့၊ ဤရုပ်ကလာပ်စည်းရာတွင်အပေါင်း၌အကျုံးဝင်သောကြောင့် တပါးပါးသောရုပ်ကိုရုပ်ကလာပ်ဟုမခေါ်ရ။ (ဝိသဒိသုပမာတည်း။) အမှန်မှာ ညီမျှသောဖြစ်မှု, ချုပ်မှု, မှိရာတူမှုဖြင့် အတူတကွဖြစ်ကြသော ရုပ်အပေါင်းကိုသာ ရုပ်ကလာပ်-ဟု ခေါ်ဆိုရမည်ဟူသော အဓိပ္ပာယ်ကို ပြပါသည်။ (၄)

● ကလာပ်မစည်းရသော ရုပ်မျိုးကို မစည်းရခြင်း၏ အကြောင်းနှင့်တကွ အသီးသီး ထုတ်ပြပါ။

၁၂၂၄-ဖြေ။ ။အာကာသဓာတ်သည် ကလာပ်တို့ကို ပိုင်းခြားကြောင်းမျှ ဖြစ်သောကြောင့်၎င်း, လက္ခဏာရုပ် လေးခုသည် ကလာပ်တို့ကို မှတ်ကြောင်းမျှ ဖြစ်သောကြောင့်၎င်း ထို အာကာသဓာတ်, လက္ခဏာရုပ် လေးခု၊ ပေါင်း ငါးခုတို့ကို ကလာပ်မစည်းရပါ။

{ကလာပ်ထူးပြားအောင် မလုပ်နိုင်သောကြောင့် ကလာပ် အင်္ဂါ မဝင်ဟူလို။}

† ကလာပါနံ ပရိဏ္ဏေဒ၊ လက္ခဏတ္တာ ဝိစက္ခဏာ။
နာ ကလာပင်္ဂမိစ္ဆာဟု၊ အာကာသံ လက္ခဏာနိစ။ (သင်္ဂဟ)

* ပိုင်းခြားကြောင်းနှင့်, မှတ်ကြောင်းမျှသာ, ကလာပ်မှာ, အင်္ဂါမညီမျှ။

*ကလာပ်စည်းရာ, စွန်ပယ်ပါ, အာကာလက္ခဏာ။ (သစ်)

● စိတ္တာနုပရိဝတ္တိဖြစ်သော ဝိညတ်ဒွေးသည် ကလာပ်ဖော်ရုပ်တို့နှင့် ဧကနိရောဓ မဖြစ်ဘဲ အဘယ့်ကြောင့် ကြွင်းသောရုပ်တို့နှင့် ကလာပ်စည်းနိုင်ပါသနည်း။

၁၂၂၅-ဖြေ။ ။ကလာပ်တို့၏ ထူးပြားခြင်းကို ပြုတတ်သောကြောင့် ဝိညတ်ဒွေးကို ကြွင်းသောရုပ်တို့နှင့် ကလာပ်စည်းနိုင်ပါသည်။ပရမတ္ထ ဗုဒ္ဓိဉ်ကား-အာကာရဝိသေသ သတ္တိထူးကို သီးခြားရနိုင်သောကြောင့် စည်းနိုင်သည်ဟု ဆို၏။

† ဧကနိရောဓင်္ဂ ဟိတဿပိ ဝိညတ္တိ ဒွယဿ ကလာပဘေဒ ကရတ္တာဝေ တေသု ဂဟဏံ သုဌု ဥပပန္နံ ဟောတီတိ ဝေဒိတဗ္ဗံ။ (ပရမတ္ထဒီပနီ)

* ကလာပ်တိုအား, ထူးထွေပြား, ပြုပြား-ဝိညတ္တိ။

* ကလာပ်ဖွဲရာ, စည်းသောခါ, သူ့မှာ-ပါရဘိ။ (သစ်)

● စက္ခုဒသက ကလာပ်၌ ရုပ်ပေါင်း ၁၀-ခုပါလျက် အခြားရုပ်များဖြင့် မမှတ်မူ၍ အဘယ့်ကြောင့် စက္ခုဖြင့် မှတ်၍ ဆိုရပါသနည်း။

၁၂၂၆-ဖြေ။ ။အခြားသော ရုပ်ကိုသည် အခြားကလာပ်များနှင့် ဆက်ဆံ၍ စက္ခုသည်သာ အခြား ကလာပ်များနှင့် မဆက်ဆံသောကြောင့်ဌင်း, ထင်ရှားသောအမှတ်ဖြစ်သောကြောင့်ဌင်း,ပြဋ္ဌာန်းသောကြောင့်ဌင်း စက္ခုဖြင့်သာမှတ်၍ ဆိုရပါသည်။ဇမ္ဗူဒိပ်ကျွန်း ဆိုသကဲ့သို့ မှတ်လေ။ (အခြားသော ကလာပ်များမှာလည်း ဤနည်းအတူမှတ်။)

† စက္ခုနာ ဥပလက္ခိတံ တပ္ပဓာန်ဝါ ဒသကံ စက္ခုဒသတံ။ (ဌီ)

● စိတ္တဇကလာပ် ၆-စည်းတွင် အဝိနိဗ္ဘောဂ, ဝစီဝိညတ္တိ, သဒ္ဒအားဖြင့် ရုပ်ပေါင်း ၁၁-ခုကို ဝစီဝိညတ္တိသဒ္ဒဒသကံ-ဟု မဆိုဘဲ အဘယ့်ကြောင့် ဝစီဝိညတ္တိ ဒသကံ-ဟု ဆိုပါသနည်း။

၁၂၂၇-ဖြေ။ ။ဝစီဝိညတ်သည် သဒ္ဒနှင့်မကင်းမူ၍ဖြစ်သောကြောင့် ဝစီဝိညတ္တိသဒ္ဒါဖြင့် သဒ္ဒကိုလည်း ရေတွက်ပြီးသား ဖြစ်သောကြောင့်

ဝစီဝိညတ္တိ သဒ္ဒဒသကံ-ဟု မဆိုဘဲ ဝစီဝိညတ္တိ ဒသကံ-ဟုသာ ဆိုခြင်း ဖြစ်ပါသည်။

† ဝစီဝိညတ္တိဂ္ဂဟဏေန သဒ္ဒေါပိ သင်္ဂဟိတော ဟောတိ။
တဿာ တဒဝိနာဘာဝတော။ (ဋီ)

● စိတ္တဇကလာပ် ၆-စည်းသာ ရနိုင်ပါသလော၊ အခြား ရနိုင်သော စိတ္တဇကလာပ်များရှိက ထုတ်ပြပါ။

၁၂၂၈-ဖြေ။ ။ဝစီဝိညတ်သည် သဒ္ဒနှင့်ကင်းရှိမဖြစ်၊ စိတ္တဇသဒ္ဒသည်ကား-ထို ဝစီဝိညတ်နှင့်ကင်းရှိ ဖြစ်နိုင်သဖြင့် ဝိညတ္တိ ရဟိတဖြစ်သော သဒ္ဒနဝက ကလာပ်တခု ရနိုင်ပါသည်။ ဤကလာပ်ရလျှင် သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်ကိုလည်း ရပြီးသားဖြစ်၍ သဒ္ဒနဝက ကလာပ်, သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်နှင့်တကွ စိတ္တဇကလာပ် ရှစ်စည်း ရနိုင်ပါသည်။

{ဤ ကလာပ် ၂-စည်း ရနိုင် ကြောင်း ကို ပဋိစ္စ သမုပ္ပာဒ သံဝဏ္ဏနာဌ် "ပဋိသန္ဓိက္ခဏေ ဥဒ္ဒံ ဥတုတောစေဝ စိတ္တတောစ သဒ္ဒနဝကံ" ဟုဎင်း၊ ဝိသုဒ္ဓိမဂ်၌ "စိတ္တဇေ အဿာသ ပဿာသေ ကောဋ္ဌာသေပိ သြဇာဋ္ဌမကဥ္ဇေဝ သဒ္ဒေါစာတိ နဝ" ဟုဎင်း ဆိုသဖြင့် အဋ္ဌကထာဆရာကြီးကိုယ်တိုင် သဘောတူပြီး ဖြစ်သည့်ပြင် သစ္စသံခိပ်ဆရာကလည်း သဒ္ဒနဝက ကလာပ်နှင့် တကွ စိတ္တဇကလာပ် ၇-စည်းဟု ပြသော်လည်း 'သုဒ္ဓသဒ္ဒေန' ၌ သုဒ္ဓသဒ္ဒါဖြင့် ဝိညတ်ကိုသာ နစ်စေ၍ လဟုတာ ဒိတ္တယကို မနစ်စေဘဲ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်ကိုပါ ခွင့်ပြုပြီး ဖြစ်သောကြောင့်ဎင်း၊ နာမစာရ ဒီပကဆရာကလည်း—

စိတ္တဇာ သတ္တကလာပါ၊ ဝစီဝိနာ သဒ္ဒါ နဝ။
ဝိညတ္တိရဟိတော သဒ္ဒေါ၊ အတ္တီတိ ပန တံ မတံ။ ။

ဟု ဝိညတ္တိ ရဟိတသဒ္ဒ ရှိကြောင်း ပြဆို သော ကြောင့်ဎင်း၊ အနုရုဒ္ဓါ ဆရာကလည်း မထင်ရှားသော ကလာပ် ၂-စည်းမှ တပါး, ထင်ရှားသော ကလာပ် ၆-စည်းကိုသာ ရွေးထုတ်၍ ပြသောကြောင့်ဎင်း ထို စိတ္တဇကလာပ် ၈-စည်း ရှိကြောင်းကို

အဋ္ဌကထာဆရာ, ဆရာဓမ္မပါလ, အနုရုဒ္ဓါဆရာ ဆရာသဒ္ဓမ္မဇောတိပါလတို့လည်း သဘောကြိုက်ညီ လက်ခံပြီးသားဖြစ်၍ ယုံကြည်စွာ မှတ်သားထိုက်ပေသည်။ မဟာအဋ္ဌကထာဆရာဝါဒကိုကား-အထူးမစီစစ်တော့ပြီ။ထိုဝိညတ္တိရဟိတသဒ္ဒနဝကကလာပ်ကိုကား - ဝိသဒ္ဓိမဂ် ဆိုသည့်အတိုင်း အသက်ရှူသောအခါ, ဟောက်သောအခါ, ရိုးရိုးချောင်းဟန့်, တံတွေးထွေး, ချေဆပ်, ပျို့အန်သောအခါတို့၌ ရသည်ဟု မှတ်လေ။}

● ဥတုဇကလာပ် ၄-စည်းတို့တွင် နောက် ၂-စည်းသည် အဘယ့်ကြောင့် ဗဟိဒ္ဓ-၌ မရုပါသနည်း၊ ဗဟိဒ္ဓဖြစ်သော ရုပ်တို့သည်လည်း ပေါ့ခြင်း, လေးခြင်း, နူးညံ့ခြင်း, ခက်မာခြင်း စသည်တို့ ရှိသည် မဟုတ်ပါလော။

၁၂၂၉-ဖြေ။ ။ဗဟိဒ္ဓ ရုပ်တို့သည် ပေါ့ခြင်း, လေးခြင်း စသည် ရှိသော်လည်း ထိုပေါ့ခြင်း,လေးခြင်း စသည်တို့သည် မဟာဘုတ်တို့၏ ယုတ်လျော့ခြင်း,လွန်ကဲခြင်း၏အစွမ်းဖြင့်သာ ဖြစ်ကြကုန်၏။လဟုတာစသော ရူပဝိကာရအားဖြင့် ဖြစ်ခြင်းမဟုတ်ပါ၊ ထို့ကြောင့် ၎င်းနောက် ၂-စည်းကို ဗဟိဒ္ဓ၌ မရခြင်း ဖြစ်ပါသည်။

† တာပ နာ ဘူတာနံ သြမတ္တာဓိမတ္တာဝသေန ဟောန္တိ။ နာ ပန လဟုတာဒိဘာယဝသေနာတိ ဒဋ္ဌဗ္ဗံ။ (ပရမတ္ထဒီပနီ)

● ဥတုဇရုပ်ချင်းအတူတူ ခဲ,စသော ပစ္စည်းမှာလေး၍၊လဲ,စသော ပစ္စည်းမှာ အဘယ့်ကြောင့် ပေါ့ပါသနည်း။

၁၂၃၀-ဖြေ။ ။မဟာဘုတ်တို့၏ လွန်ကဲခြင်း, ယုတ်လျော့ခြင်းကြောင့် လေးခြင်း, ပေါ့ခြင်းဖြစ်ရပါသည်။ အမှန်မှာ ခဲ-၌ ပထဝီ,အာပေါဓာတ်လွန်ကဲသောကြောင့် လေး၍၊လဲ၌ တေဇော,ဝါယောဓာတ်လွန်ကဲသောကြောင့် ပေါ့ခြင်း ဖြစ်ပါသည်။

{ပထဝီ, အာပေါတို့ကား - ခက်မာ, ယိုဗိုး, ဖွဲ့စည်းသော လေးတွဲ,အောက်ဆွဲ,ဂရုဓာတ်များဖြစ်၍ ထိုဓာတ်လွန်ကဲသော ဝတ္ထု၊ ပစ္စည်းတို့မှာ လေး၍၊ တေဇော, ဝါယော တို့ကား-

ရင့်ကျက်,လှုပ်ရှား,ပေါ့သွက်,အထက်သို့တက်စေသော အရှိန် အဟုန်ရှိသည့် လဟုဓာတ်မျိုးဖြစ်၍၊ ထိုဓာတ်မျိုး လွန်ကဲသော ဝတ္ထုပစ္စည်းတို့မှာ ပေါ့ပါးကြသည်။ လူသေနှင့် လူရှင်မှာလည်း အလားတူပင်၊ လူသေမှာ ဥသ္မာတေဇော,လဟုတာ စသော ရုပ်များမရှိ၍ လေးပြီး၊ လူရှင်မှာကား-ထိုရုပ်များရှိ၍ ပေါ့ပါး သည်ကို သဘောကျပါစေ။}

● ဥတုသည် ရှေးဦးစွာ ပဋိသန္ဓေစိတ်၏ ဌီ-ကာလမှစ၍ ရုပ်ကို ဖြစ်စေ၏။ ထို့နောင်မှ စိတ်သည် ပဌမဘဝင်၏ ဥပါဒ်ကစ၍ ရုပ်ကို ဖြစ်စေပါလျက် ဥတုသမုဋ္ဌာန ရုပ်ကို အဘယ့်ကြောင့် နောက်၌ ဆိုပါသနည်း။

၁၂၃၁-ဖြေ။ ။အဇ္ဈတ္တဥတု,ဗဟိဒ္ဓဥတု ၂-ပါးကို တပေါင်းတည်း ပြု၍ ဖြေဆိုလိုသောကြောင့် ဥတုသမုဋ္ဌာနရုပ်ကို နောက်၌ဆိုပါသည်။

† အဇ္ဈတ္တဗဟိဒ္ဓါဥတု ဧကတော၊ ကတ္ဌာ ကထေတုံ ပစ္ဆာ ဝုတ္တံ။
(သခေ်ပ)

● အဇ္ဈတ္တ သန္တာန်၌ ကလာပ်ပေါင်း မည်မျှ, ဗဟိဒ္ဓ သန္တာန်၌ ကလာပ်ပေါင်း မည်မျှ ရနိုင်ပါသနည်း အသီးသီး ဖော်ပြပါ။

၁၂၃၂-ဖြေ။ ။အဇ္ဈတ္တသန္တာန်၌ ကလာပ် ၂၁-စည်းလုံး အကုန် ရပါသည်။ဗဟိဒ္ဓသန္တာန်၌ကား-သုဒ္ဓဋ္ဌက,သဒ္ဒနဝက,ဥတုဇကလာပ် ၂-စည်းသာ ရပါသည်။

{ဤရနိုင်သမျှအဖြေကိုကြည့်၍ အဇ္ဈတ္တသန္တာန်၌သာရသော ကလာပ် ၁၉-စည်း။ ဗဟိဒ္ဓသန္တာန်၌သာရသောကလာပ်မရှိ၊ ၂-ပါးစုံ ရသော ကလာပ် ၂-စည်း။ ၂-ပါးစုံ၌ မရသော ကလာပ်မရှိ-ဟူသော လေးချက်သေကိုလည်း ခွဲတတ်ပါစေ။}

† တတ္ထ သုဒ္ဓဋ္ဌကံ သဒ္ဒနဝကဥေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ၊ အဝသေသာ ပန သဗ္ဗေပိ အဇ္ဈတ္တိကမေဝ။
(သင်္ဂဟ)

{ဗဟိဒ္ဓါဝိ-၌ အဝိ-သဒ္ဒါဖြင့် အဇ္ဈတ္တသန္တာန်၌လည်း ရနိုင်ကြောင်းကို ပေါင်းပြသည်။}

* အဇ္ဈတ္တမှာ, ဧက်ဝိသာ, ဗဟိဒ္ဓါ ၂-စည်းရ။ (သစ်)

● သဗ္ဗတ္ထဝုတ္တိ ကလာပ်, ပဒေသဝုတ္တိ ကလာပ်များကို ခွဲခြားပြပါ။

၁၂၃၃-ဖြေ။ ။ကာယ ဒသက, ဘာဝ ဒသက, ဇီဝိတ နဝက ကလာပ်တို့ကား - သဗ္ဗတ္ထဝုတ္တိ ကလာပ်များဖြစ်၍ ကျန် ကလာပ်များကား-ပဒေသဝုတ္တိ ကလာပ်များ ဖြစ်ပါသည်။

{သဗ္ဗဌာနိကရုပ်များမှာလည်း ကာယပသာဒရုပ်, ဘာဝရုပ်, ဇီဝိတရုပ်တို့ပင် ဖြစ်သည်။}

† ကာယော ဣတ္ထိ ပုမတ္တ၊ ဇီဝိဘိန္ဒြိယမေဝစ။
သဗ္ဗာဌာနိက ရူပါနိ၊ ဣမာနိ တု ဘဝန္တိ ဟိ။ (ခေမာ)

* သဗ္ဗတ္ထမှာ, ကာ-ဇီ-ဘာ, ကြွင်းမှာ-ပဒေသ။ (သစ်)

● ဝါးရုံတရုံ၌ ရုပ်ကလာပ်ပေါင်းမည်မျှရ၍ ထိုဝါးရုံကို လေတိုက်သောအခါ ရုပ်ကလာပ်ပေါင်း မည်မျှရမည်နည်း။

၁၂၃၄-ဖြေ။ ။ဝါးရုံတရုံ၌ သုဒ္ဓဋ္ဌက, ဥတုဇ ကလာပ် တစည်း ရပါသည်။ထိုဝါးရုံကိုလေတိုက်သောအခါကား-သုဒ္ဓဋ္ဌက, သဒ္ဒနဝက, ဥတုဇကလာပ် ၂-စည်း ရနိုင်ပါသည်။ (သင်္ဂဟနှင့်အညီ)

ရူပကလာပ အဖြေ ပြီး၏။

ရူပ ပဝတ္တိက္ကမ အဖြေ

●

● "သဗ္ဗာနိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ"၌ ယထာရဟံ၏ အဓိပ္ပာယ်ကို ရှင်းလင်းပြပါ။

၁၂၃၅-ဖြေ။ ။ဣတ္ထိဘော, ပုမ္ဘောနှင့်ပြည့်စုံသော သတ္တဝါ, စက္ခုစသော ငါးပါးသော အာယတနရှိကုန်သော သတ္တဝါတို့ အားလျော်

စွာ မယုတ်လျှင် အပြည့်အစုံရသည်။ ယုတ်လျှင် ယုတ်သည့်အာယတန အတွက် မရဟု ဆိုလိုပါသည်။

† ယထာရဟန္တိ သဘာဝက ပရိပုဏ္ဏာယတနာနံ အနုရူပတော။ (ဋီ)

● သံသေဒဇ,ဥပပါတ် သတ္တဝါတို့မှာ ပဋိသန္ဓေအခါ အဘယ့်ကြောင့် ၇-ပါးသော ဒသကတို့ကို ရနိုင်ပါသနည်း။

၁၂၃၆-ဖြေ။ ။ပြည့်စုံသော အာယတနရှိသော သံသေဒဇ,ဥပပါတ် များဖြစ်သောကြောင့် ၇-ပါးသော ဒသကများကို ရနိုင်ပါသည်။

{ထို့ကြောင့် သြပပါတိက-ဟု သာမညပင် ဆိုသော်လည်း ပြည့်စုံသော အာယတနရှိသော ဥပပါတ်-ဟု ထူးကဲသော အနက်ကို သိရပါသည်။ ဝိသိဋ္ဌ သြပပါတိက-အရ ကာမသြပပါတိက အကုန်ယူ၊ ကာမသုဂတိ သြပပါတိကတိုင်း ၇-ပါးသော ဒသက အမြဲရသည်သာ။}

† ပရိပုဏ္ဏာယတနဘာဝေန ဥပလဗ္ဘနတော။ (ဋီ)

† သြပပါတိက သတ္တာနံ၊ မနုဿေသူပပတ္တိယံ။
ကာမာဝစရဒေဝါနံ၊ နိစ္စံ ရူပါနိ သတ္တတိ။ (အဘိမမ္မာဝတာရ)

● သုဂတိ, ဒုဂ္ဂတိ ဘုံ၌ဖြစ်သော သံသေဒဇ, ဥပပါတ် ပုဂ္ဂိုလ်တို့ ချိုကောင်းသော ဇုန္ဓေများကို အသီးသီး ခွဲခြားရှိပြပါ။

၁၂၃၇-ဖြေ။ ။သုဂတိ,ဒုဂ္ဂတိ,သံသေဒဇ,သြပပါတိက သတ္တဝါတို့၏ ချိုကောင်းသော ဇုန္ဓေများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

သုဂတိ သံသေဒဇ .... စက်, သော, ဃာ, ဘာ ၄
သုဂတိ သြပပါတိက .... ဘာဝ ၁
ဒုဂ္ဂတိ သံသေဒဇ .... စက်, သော, ဃာ, ဘာ ၄
ဒုဂ္ဂတိ သြပပါတိက .... စက်, သော, ဘာ ၃

{သုဂတိ သြပပါတိက ကား-ကမ္ဘာဦး၌ ဘာဝ အမြဲမရ, နောင်အခါ၌ကား-အမြဲရနိုင်သည်။ လက်ာ ဆောင်ပုဒ်များကို မစိုးရိမ်ညဝါအဖြေမှာ ရှုပါ။}

● သုဂတိ ဩပပါတိက သတ္တဝါတို့အား အဘယ့်ကြောင့် စက္ခု, သောတ, ဃာန အာယတနများ မချိုပါသနည်း။

၁၂၃၈-ဖြေ။ ။သုဂတိဘုံ-၌ အာနုဘော် ကြီးသော ကံကြောင့် ဖြစ်လာသော ဩပပါတိက သတ္တဝါတို့အား စက္ခု စသော ဇုန္ဒြေချိုတဲ့ခြင်း မဖြစ်သင့်သောကြောင့် ထို စက္ခု,သောတ,ဃာန-ဇုန္ဒြေများ မချိုခြင်း ဖြစ်ပါသည်။ ဃာန မချိုကြောင်း ကိုကား-ဓမ္မဟဒယဝိဘင်း၌ ချိုကြောင်း မြတ်စွာဘုရား မဟောသောကြောင့်၎င်း, မချိုကြောင်းကို ယမိုက် အဋ္ဌကထာ၌ ဆိုသောကြောင့်၎င်း သိရပါသည်။

† သုဂတိယံ မဟာနုဘာဝေန ကမ္မုနာ နိဗ္ဗတ္တမာနာနံ ဩပပါတိကာနံ ဇုန္ဒြိယဝေကလ္လာယောဂတော။ (ဋီ)

† အဃာနကော ဩပပါတိကော နတ္တိ။ (ယမိုက်-အဋ္ဌကထာ)

● ဓမ္မဟဒယ ဝိဘင်း-ပါဋ္ဌိ၌ "ကဿစိ သတ္တ" ဟု ဟောတော် မူသောကြောင့် ဇိဝှာချိုကောင်းသော သတ္တဝါရှိသည်ဟုမှတ်ရမည်လော။

၁၂၃၉-ဖြေ။ ။မမှတ်ရပါ၊ ထိုသို့ဟောခြင်းမှာ ဂဗ္ဘသေယျက သတ္တဝါအား ပဋိသန္ဓေအခါ စက္ခု, သောတ, ဃာန, ဇိဝှာ-သဒ္ဒကြည်သော အာယတန ၇-ပါးရကြောင်းကိုသာရည်၍ ဟောသည်။ ပဝတ္တိအခါကိုရည်၍ မဟော။ ဂဗ္ဘသေယျက သတ္တဝါအား ပဋိသန္ဓေအခါ ဇိဝှာမဖြစ်သေး။ မဖြစ်သေး၍ မရကြောင်း ဟောသည်။ ချိုရှိမဟုတ်၊ ပဝတ္တိအခါ ဇိဝှာဖြစ်မည်ကား-ဧကန်တည်း။ ထို့ကြောင့် ဇိဝှာချိုသော သတ္တဝါ မရှိဟု မှတ်လေ။ (ဋီ)

{သဒ္ဒါယတနကား-အနုပါဒိန္ဒ ရုပ်မျိုးဖြစ်၍ ပဋိသန္ဓေအခါ မရှိဟု မှတ်။}

● အဘယ့်ကြောင့် ဂဗ္ဘသေယျက သတ္တဝါ-ဟု ခေါ်ပါသနည်း ရှင်းလင်း၍ ကလလရုပ်၏ ပမာဏကိုလည်း ဖော်ပြပါ။

၁၂၄၀-ဖြေ။ ။"ဂဗ္ဘေမာတု ကုစ္ဆိယံ သေန္တိတိ ဂဗ္ဘသေယျကား တေယေဝ ရူပါဒိသု သတ္တတာယ သတ္တာတိ ဂဗ္ဘသေယျက သတ္တာ"

ဟူသော ဝစနတ္ထနှင့်အညီ အဓိဝမ်းဌ် ကိန်းတတ် သောကြောင့် ဂဿ သေယျက, ရူပါရုံ စသည်တို့ကို တပ်တတ်သောကြောင့် သက္က ၂-ခု ပေါင်း၍ ဂဿသေယျကသက္ကာ-ဟု ခေါ်ပါသည်။ ။ကလလရုပ်-ဟူသည် ကား-ဂဿသေယျကသင်္ကာဝ၊်အား ပဋိသန္ဓေအခါ၌ရသော ကာယ ဒသက,ဘာဝဒသက,ဝတ္ထုဒသကအားဖြင့်ကလာပ်အားဖြင့်သုံးစည်း, ရုပ်အားဖြင့် သုံးဆယ်ကိုပင် ခေါ်သည်၊ ထို ကလလရုပ်သည် ယခု ဖွားစသောသိုးမွေး၊တနည်း-ဟိမဝန္တာတော၌သိမ်မွေသော သဘော ရှိသော သိုးမွေး၊ တနည်း-အဓိဝမ်းကိုခွဲ၍ ယူအပ်သော သိုးမွေး တချောင်းကို ကြည်လင်သော ဆီ၌နှစ်၍ ဆယ်ယူသောအခါ အမွေး အဖျား၌ ငြိကပ်နေသော ဆီပေါက်ပမာဏရှိ၍ အလွန်ကြည်လင်ပါ သည်။ (၌) {နပုံးတို့၌ ဘာဝဒသကကို မရှု။}

● ကလလရုပ် (ကလလရေ့ကြည်) သည် မိဘ သုက်သွေးလော, သို့မဟုတ် မိဘသုက်သွေးနှင့် တခြားစီလော ခွဲခြားပြပါ။

၁၂၄၁-ဖြေ။ ။ကလလရုပ်(ကလလရေကြည်) သည် မိဘ သုက်သွေးနှင့် တခြားစီ ဖြစ်ပါသည်။ ကလလရုပ်ကား-အကျိုး, မိဘ သုက်သွေးကား-အကြောင်း ဖြစ်ပါသည်။ ထင်ရှားစေအံ့၊ ဂဿသေယျက ပဋိသန္ဓေနေဘို့ရာ၊ (၁) မိခင်လောင်း၏ ဥတုပန်းပွင့်ပြီးစ သားအိမ် သန့်ရှင်းနေခြင်း၊ (၂) ထိုသန့်ရှင်းနေချိန်တွင် မိဘလောင်း ၂-ဦးတို့ သွေးလာပေါင်းသင်းခြင်း၊ (၃) သွေးလာပေါင်းသင်းပြီး၍ ၇-ရက်, ဝိမတိအလို ၁၅-ရက်အတွင်းတွင် သန္ဓေတည်မည့် သက္က ဝါသည် ဘဝ ဟောင်းမှ ပဋိသန္ဓေသစ်နေဘို့ရာရှေ့ရှုတည်လာခြင်း၊ ၌အင်္ဂါ၃-ပါးနှင့် ညီမှ ဘဝသစ်မှာ ပဋိသန္ဓေ တည်နိုင်ကြသည်။ ၌အင်္ဂါ ၃-ပါးကို ကြည့် လျှင် မိခင်လောင်း၏ သားအိမ်သည် မြေနှင့်တူသည်၊ မိဘတို့၏သုက် သွေးကား မျိုးစေ့နှင့်တူသည်။ကလလရုပ်သည်-အညွှန့်အညှောက်နှင့် တူသည်။ ကလလရုပ်ကို ဖြစ်စေသော အတိတ်ကံသည် စိုက်ပျိုးကြဲချသူ နှင့်တူသည်။ အညစ်အကြေးအပုပ်အစပ် မရှိ၊ သန့်ရှင်းသောမြေမှာစိုက် သော မျိုးစေ့သော အောင်မြင်စွာ ပေါက်ရောက်နိုင်သကဲ့သို့၊ သွေးပုပ်, သွေးဆိုး, အညစ်အကြေးတို့ကို ရှာသီပန်းပွင့်ခြင်း (ရှာသီကျဆင်းခြင်း)

ဖြင့် ဆေးခြောသုတ်သင်ပြီးသော မိခင်လောင်း၏သားအိမ်၌ မိဘ ၂-ပါး တို့၏ ပေါင်းသင်းခြင်းကြောင့် ရောက်လာသောသုက်, သွေးမျိုးစေ့သည်သာ ကလလရုပ် တည်းဟူသောအညွှန့်အညောက်တို့ကို ပေါက်ရောက်စေနိုင်သည်။

ထို့ကြောင့် သုက်သွေးနှင့် ကလလရုပ်တို့မှာ အကြောင်း အကျိုးအားဖြင့် တခြားစီ ဆိုရသော်လည်း သရက်စေ့ထဲက သရက်ပင်ပေါက်လာသကဲ့သို့၊ သုက်သွေးထဲက ကလလရုပ် ဖြစ်ပေါ်လာသောကြောင့် ဇနကဇညအားဖြင့်ကား-ဆက်သွယ်နေကြသည်ဟုမှတ်ရာသည်။ အချို့တို့ကား - ကလလရေကြည်သည် မျိုးစေ့နှင့် တူသည်ဟု ဆိုကြသည်။ ကလလရုပ် (ကလလရေကြည်) သည် အတိတ်ကံကြောင့် ဖြစ်ပေါ်လာရသော ကမ္မဇရုပ် အကျိုးတရားသာဖြစ်၍ ဆင်ခြင်ရာသည်။

† ယထာ ပဋိစ္စ ဗီဇာနိ၊ ဇာယတေ အင်္ကုရော ပရော။
တထာ ပဋိစ္စ သုက္ကာဒိ၊ကလလာ ဇာယရေ ဇူမေ။ (ခေမာ)

● ဂဗ္ဘသေယျက သတ္တဝါတယောက် ပဋိသန္ဓေအခါ ကလလရေကြည်တည်သည်မှစ၍ အစဉ်သဖြင့်ကြီးပွားလာပုံကိုအဘယ်သို့ မှတ်ရမည်နည်း။

၁၂၄၂-ဖြေ။ ။ပဌမ သတ္တာဟ၌ ကလလရေကြည်တည်၊ ဒုတိယသတ္တာဟ၌ အဗ္ဗုဠိဖြစ်၊ တတိယ သတ္တာဟ၌ သားတစ်ဖြစ်၊ စတုတ္ထသတ္တာဟ၌ အခဲဖြစ်၊ ပဉ္စမသတ္တာဟ၌ ခက်မငါးဖြာ,ဆံပင်,မွေးညင်းစသည်တို့ဖြစ်၊ ခက်မငါးဖြာ,ဆံပင်,မွေးညင်း စသည်တို့ ရင့်ကျက်ခြင်းအ ခိုက် အ တန့် ဖြစ်သော ဆဋ္ဌ သတ္တာဟကိုလွန်၍ အဋ္ဌကထာအလို သတ္တမသတ္တာဟ,မူလဋီကာအလို ကောဒသမသတ္တာဟ၌စကွဲဒသကဆို့နောင် သတ္တာဟများ၌ သောတ, ဃာန, ဇိဝှာ ဒသကများဖြစ်၍ အစဉ်သဖြင့် ကြီးပွားလာရပါသည်။ (၌)

† ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ပေသိယာ နိဗ္ဗတ္တတေ ဃနော။ ။
ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါဒိစ။
(ယက္ခ-သံယုတ်)

ဋီကာကျော် ဆရာသည် ‘‘ သေသာနိ စတ္တာရိ သတ္တ သတ္တတိ ရတ္တိမ်ိ’’ဟူသော ကထာဝတ္ထု အဋ္ဌကထာ၌ တိမပါသေပါဠိကိုတွေ့၍ ‘‘သတ္တ သတ္တ ရတ္တိမ်ိ’’ ၇×၇=လိ=၄၉-ရက် ၇-သတ္တာဟ-ဟု အယူ ရှိ၍ ‘‘ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ-ဋီကာ ကာရမတေန ဧကာဒသမေ သတ္တာဟေဝါ’’ဟု ဖွင့်ပြဟန်ရှိသည်။ ‘‘သတ္တ သတ္တတ် ရတ္တိမ်ိ’’ ပါဠိမှန် အတိုင်းဆိုလျှင် ၇၇-ရက် ၁၁-သတ္တာဟပင် ဖြစ်၍ မူလဋီကာနှင့် ဝါဒကွဲစရာမရှိ၊ ၁၁-သတ္တာဟ အတူပင် ဖြစ်သည်ဟု နောက်ဆရာများ ယူဆကြသည်၊ ဤအယူအဆအကိုင်းလည်း ဟုတ်လောက်စရာရှိသည်။‘ကမေန စက္ခုဒသကာဒိနိစ ပါတုဘဝန္တိ’သဂ်ဟ ပါဠိကိုလည်း ကမေန,ကမ္မေန အမျိုးမျိုးဆိုးဖြတ်ကြသော်လည်း–

တတောပရံ ပဝတ္တိမ်ိ၊ ဝမုမာနသ ဇန္တုနော။
စက္ခုဒသကာဒယော၀၊ စတ္တာရော ဟောန္တိ သမ္ဘဝါ။

ဟူသော အနုရုဒ္ဓါဆရာပင် ရေးသည့် ပရမတ္ထ ဝိနိစ္ဆယ ဂါထာကို ထောက်လျှင် ဧကာဒသမ သတ္တာဟအတွင်းမှာ စက္ခု,သောတ,ဃာန, ဇိဝှာပသာဒတို့ အစဉ်သဖြင့် သင့်သလို ကြိမ်ဖွား သွားခြင်းကို လိုအပ် သောကြောင့် ကမေနက ပို၍သင့်လျော်စရာရှိသည်။ ဆံပင်,မွေးညင်း စသည်တို့ကား-၄၂-သတ္တာဟ ရက်ပေါင်း ၂၉၄-၉-လကျော်ကျော် လောက်မှ ပေါက်သည်ဟု မှတ်ရမည်။ အကျယ်မရေးသာပြီ၊ သံယုတ် အဋ္ဌကထာနှင့် ၎င်းဋီကာတို့မှာ ရှုကြပါကုန်။

● ပဋိသန္ဓေ အမျိုးအစား အဘယ်မျှ ရှိပါသနည်း အကြောင်းနှင့် တကွ ဖေါ်ပြပါ။

၁၂၄၃-ဖြေ။ ။ပဋိသန္ဓေသည် အဏ္ဍဇ,ဇလာဗုဇ,သံသေဒဇ,ဩပ ပါတိကအားဖြင့် လေးမျိုးရှိပါသည်။ ထိုတွင် အဏ္ဍ-၌ ဖြစ်တတ်သော ကြောင့် အဏ္ဍဇ-ခေါ်ပါသည်။ အမိဝမ်းကိုက်၌ဖြစ်တတ်သောကြောင့် ဇလာဗုဇ-မည်ပါသည်။(ဤအဏ္ဍဇ,ဇလာဗုဇတို့ကား-ဂဗ္ဘသေယျနှင့် သဘောတူ) ကြာတိုက် ဝမ်း၏ အညစ်အညေး သွေး စသော စိမ်းညှီ သောအနံ့ရှိသောအရပ်တို့၌ဖြစ်တတ်သောကြောင့် သံသေဒဇ-မည်ပါ

သည်။ကပ်၍ အနီးဋ္ဌကျလာသကဲ့သို့ ထင်ရှားစွာဖြစ်ပေါ်လာခြင်းသည် သြပပါတိက ပဋိသန္ဓေ - မည်ပါသည်။ (၁၆-နှစ် ၂၅-နှစ် အရွယ်ကိုယ်ထင်ရှား ဖြစ်ပေါ်လာခြင်းမျိုး ဖြစ်သည်။)

{သံသေဒဇတွင် ပေါက္ခရသာတိ ပုဏ္ဏား, ပဒုမဝတီ, အာသက်ာတို့ကား-ကြာတိုက်ဋ္ဌဖြစ်သည်။ပဒုမဝတီ၏သားကြီး မဟာပဒုမ ပစ္စေကဗုဒ္ဓါမှတပါး ကျန် ၄၉၉-ပါးသော ပစ္စေကဗုဒ္ဓါတို့သည် အမိဝမ်း၏ အညစ်အကြေးမှဖြစ်သည်။ ပိုး,မှက်, ခြင် စသည်တို့ကား-ငါးပုပ်, အမဲပုပ်, ရေပုပ် စသည်တို့မှ ဖြစ်သည်။ ။ကမ္ဘာဦးသူနှင့် မဟာပဒုမ ကုမာရတို့ကား-လူဥပပါတ်။ ကောန္တပုတ္တ ဒွေဘာတိက မထေရ်တို့ကား - လူအဏ္ဍဇ-တို့ဖြစ်သည်။လူတို့သည် များသောအားဖြင့် ဇလာဗုဇ ပဋိသန္ဓေသာ အနေများကြသည်။} (ဇူ)

● အဘယ် သတ္တဝါတို့သည် အဘယ်ပဋိသန္ဓေမျိုးဖြင့် ပဋိသန္ဓေ နေပါသနည်း အသီးသီး ညွှန်ကြားခဲ့ပါ။

၁၂၄၄-ဖြေ။ ။ဘုမ္မစိုးနတ်,လူ,တိရစ္ဆာန်,နိဇ္ဇာမတဏ္ဍိကပြိတ္တာတို့မှ တပါးသော ပြိတ္တာတို့မှာ ယောနိ လေးပါးလုံးဖြင့် ပဋိသန္ဓေနေပါသည်။ နတ်,ဘီလူး,အခြေလေးချောင်းရှိသော သားငှက်, မြွေ စသည်တို့လည်း ယောနိ လေးပါးလုံးဖြင့်ပင် ပဋိသန္ဓေ နေကြသည်။) ဘုမ္မစိုးနတ်မှ တပါးသော နတ်,ဗြဟ္မာ, နိဇ္ဇာမတဏ္ဍိကပြိတ္တာ, ငရဲဋ္ဌဖြစ်သော သတ္တဝါတို့မှာ သြပပါတိက ယောနိ တမျိုးဖြင့်သာ ပဋိသန္ဓေ နေပါသည်။ (ဇူ)

● နိဇ္ဇာမ တဏ္ဍိက ပြိတ္တာတို့မှာ အဘယ့်ကြောင့် ဂဗ္ဘသေယျက ပဋိသန္ဓေ မနေကြပါသနည်း။

၁၂၄၅-ဖြေ။ ။နိဇ္ဇာမ တဏ္ဍိက ပြိတ္တာတို့သည် ဒုက္ခဝေဒနာဖြင့် အမြဲနှိပ်စုက်နေ၍ ကာမဂုဏ် ခံစားမှုမရှိသောကြောင့် ဂဗ္ဘသေယျက ပဋိသန္ဓေ မနေကြပါ။ (မဟာဋီကာ)

{ဘုမ္မစိုးနတ်မှတပါးသော အထက်နတ်များမှာ လူတို့ကဲ့သို့ ကာမဂုဏ်ခံစားခြင်း ရှိသော်လည်း သုက်ဓာတ်သည် တည်ရာ

ဌာနမှ ရွှေလျောခြင်း မရှိဘဲ အတွင်း၌သာ ငြိမ်သွား သဖြင့် ဂဗ္ဘာသေယျပဋိသန္ဓေမနေဟု ပါတိမောက္ခပဒဏ္ဍအနုဝနက္ကာ၌ ဆိုသည်။}

● သံသေဒဇလည်း ကြာတိုက်စသည်၌အလိုလိုဖြစ်သည်၊ဥပပါတ်လည်း အလိုလို ကိုယ်ထင်ရှားဖြစ်သည်၊ထိုပဋိသန္ဓေ ၂-ခုဖြစ်ပုံကား-အဘယ်သို့ ထူးပါသနည်း။

၁၂၄၆-ဖြေ။ ။သံသေဒဇသည် ကြာတိုက် စသည်၌ သေးငယ်သောကိုယ်မှစဖြစ်၍ တဖြေးဖြေးကြီးလာပါသည်၊ ဥပပါတ်ကား-ဖြစ်ရာအရပ်၏ လူ,နတ် စသော ပမာဏအတိုင်း ၁၆-နှစ်အရွယ်ကဲ့သို့ လုံးရပ်သဏ္ဌာန် အင်္ဂါပြည့်စုံစွာ တခါတည်း ထင်ရှား ဖြစ်လာပါသည်။ ဤသို့ ထူးပါသည်။ (၄)

● ဂဗ္ဘာသေယျကသတ္တဝါတို့မှာ ပဋိသန္ဓေအခါ ကလာပ်သုံးစည်းရခြင်းတူကြပါလျက်၊ ဆင်စသော သတ္တဝါများမှာကြီး၍ ကြွက်စသော သတ္တဝါများမှာ အဘယ့်ကြောင့် ငယ်နေရပါသနည်း။

၁၂၄၇-ဖြေ။ ။သတ္တဝါတို့၏စိတ် ဆန်းကြယ်သောကြောင့် သညာဆန်းကြယ်ပါသည်။သညာဆန်းကြယ်သောကြောင့်တဏှာဆန်းကြယ်ပါသည်။ တဏှာ ဆန်းကြယ်သောကြောင့် ကံ ဆန်းကြယ်ပါသည်။ ကံဆန်းကြယ်သောကြောင့်ယောနိဆန်းကြယ်ပါသည်။ယောနိဆန်းကြယ်သောကြောင့် တိရစ္ဆာန်အများ မတူ ထူးခြား အကြီး, အငယ် ကွဲပြားဆန်းကြယ်ကြပါသည်။ (အချုပ်ကား-ကံ၏ စီမံမှုအတိုင်း ဖြစ်ရသည်ဟူလို။) (ပရမတ္ထဒီပနီစိတ်ပိုင်းအဖွင့်-သံယုတ်အဋ္ဌကထာ ထို့အတူ။)

● သတ္တဝါတို့၏သန္တာန်၌ အဟောင်းအဟောင်းဖြစ်သော ရုပ်တို့မှာ ချုပ်ဆုံး၍ အသစ်အသစ်ဖြစ်သော ရုပ်တို့သာ ထပ်၍ထပ်၍ ဖြစ်ပေါ်နေသဖြင့် ခန္ဓာကိုယ်ကြီးမှာ တဖြေးဖြေး နုပျိုလာဘို့ကောင်းပါလျက် မပျိုဘဲ အဘယ့်ကြောင့် တဖြေးဖြေး အိုမင်းရင့်ရော်လာရပါသနည်း။

၁၂၄၈-ဖြေ။ ။ကလလရေကြည်အခါမှစ၍ ရှေးရှေး၌ဖြစ်ကုန်သော ရုပ်တို့၏အိုမင်းရင့်ရော်သောခဏ၌ ထပ်၍ထပ်၍ဖြစ်ကုန်သောနောက်နောက် ရုပ်တို့သည် အိုမင်း ရင့်ရော်သော ရှေးရှေးရုပ်နှင့်တူစွာသာ ဖြစ်ရသောကြောင့် အလွန်ရင့်ရော်လေပြီးသောရုပ်တို့၏ မှည့်ရွမ်းသော ကာလ၌ဖြစ်ကုန်သော နောက်နောက်ဖြစ်သောရုပ်တို့သည် တဖြေးဖြေး မှည့်ရွမ်းရင့်ရော်သောအသွင်ဖြင့်သာ ဖြစ်ကြပါသည်၊ထို့ကြောင့် ခန္ဓာ ကိုယ်ကြီးမှာ နုပျိုမလာဘဲ တဖြေးဖြေး အိုမင်း၍သာ လာရပါသည်။

† ကလလတော ပဘုတိ ပုရိမရူပါနံ ဇရာပတ္တက္ခဏေ ဥပ္ပန္ဓာနိ ပစ္ဆိမရူပါနိ ပရိပက္ကရူပါ နုရူပါနေဝ ဥပ္ပဇ္ဇန္တီတိ သုပရိဏတရူပ ပရိပက္ကကာလေ ဥပ္ပန္ဓာနိ ပစ္ဆိမရူပါနိ ခဏ္ဍိစ္စာဒိ သဘာဝါ နေဝ ဟောန္တိ။ (မူလဋီကာ)

● တခူသော ဘဝ၌ စတုဇ ရုပ်တို့၏ အစစ္စာ ဖြစ်ရာ ကာလကို အသီးသီး ဖော်ပြပါ။

၁၂၄၉-ဖြေ။ ။ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကစ၍ ဖြစ်ကြပါသည်။ စိတ္တဇရုပ်တို့သည် ပဋိသန္ဓေနောင် ပဌမဘဝင်၏ဥပါဒ် ကစ၍ ဖြစ်ကြပါသည်။ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီ-ကာလမှ စ၍ ဖြစ်ကြပါသည်။ အာဟာရဇရုပ်တို့သည် ဂဗ္ဘသေယျက သတ္တဝါ အား တသတ္တာဟ, နှစ်သတ္တာဟ အလွန်တွင် အမိမျိုသော အစာ အာဟာရမှဖြစ်သော သြဇာ၏ ကိုယ်အင်္ဂါအတွင်း ပြန့်နှံ့သောအခါမှ စ၍ သံသေဒဇ ဥပပါတ်တို့အား မျိုအပ်သော မိမိသလိပ်,တံတွေးနှင့် အာဟာရမှဖြစ်သော သြဇာ၏ ကိုယ်အင်္ဂါအတွင်း၌ ပြန့်နှံ့သောအခါ မှစ၍ ဖြစ်ကြပါသည်။

{ဤကား - ဗဟိဒ္ဓသြဇာသည် ထောက်ပံ့ အပ်သည်ဖြစ်၍ အဇ္ဈတ္တသြဇာက ရုပ်ကိုဖြစ်စေနိုင်ပုံကို ပြခြင်းဖြစ်သည်။အဇ္ဈတ္တ သြဇာသာလျှင် ရုပ်ကို ဖြစ်စေနိုင်သည်မဟုတ်၊ စင်စစ်အားဖြင့် မျိုအပ်သော ဗာဟိရသြဇာသည်လည်း ဌီ-သို့ရောက်၍ ရုပ်ကို ဖြစ်စေနိုင်သည်။ ဗာဟိရဖြစ်သော ကဗဋီကာရာဟာရသည် ခံတွင်း၌ထားခါမျှဖြင့်ပင် သြဇာလျှင် ရှစ်ခုမြောက်သော ရုပ်ကို

ဖြစ်စေနိုင်သည်။ သွားနှင့်ဝါးခိုက် မျိုအပ်သော ထမင်းလုံး တလုံးတလုံးသည် သြဇာလျှင် ရှစ်ခု ရှစ်ခုမြောက်သော ရုပ်ကို ဖြစ်စေနိုင်သည်ဟု မှတ်ပါလေ။ ဗဟိဒ္ဓ ဥတုသက်သက် ရုပ်ကို ဖြစ်စေနိုင်ပုံကိုလည်း၊ ထို့အတူမှတ်။ မဟာဋီကာဆရာကား-ဗဟိဒ္ဓ သြဇာရုပ်ကို မဖြစ်စေနိုင်ကြောင်း တမျိုးဖွင့်ပြသေး၏။ ဝိသုဒ္ဓိမဂ်ဋ္ဌကား-ကိုယ်၌ လိမ်းကျံအပ်သော အာဟာရသည် လည်း ရုပ်ကိုဖြစ်စေနိုင်ကြောင်းလာသည်။ လူမှာ ၇-ရက်သာ သြဇာပြန့်သော်လည်း နတ်တို့မှာကား-တလ,နှစ်လထိအောင် ပင် ပြန့်နှံ့သည်။} (သင်္ဂဟ-ဋီ-၎)

* ပဋိစိတ်က, ဥပ္ပာဒ, ဖြစ်ကြ-ကမ္မဇာ။
* ပ-ဘဝင်က, ဥပ္ပာဒ, ဖြစ်ကြ-စိတ္တဇာ။
* ပဋိစိတ်က, ဒုဓက, ဖြစ်ကြ-ဥတုဇာ။
* သြဇာဖရဏ,ထိခါမှ, ဖြစ်ကြ-ဟာရဇာ။ (သစ်)

● တခုသောဘဝ၌စတုဇရုပ်တို့၏ချုပ်ရာကာလများကိုအသီးသီး ဖော်ပြပါ။

၁၂၅၀-ဖြေ။ ။ကမ္မဇရုပ်သည် စုတိစိတ်နှင့်ပြိုင်၍ ချုပ်ပါသည်။ စိတ္တဇရုပ်,အာဟာရဇရုပ်တို့သည် အသက်မရှိသောသန္တာန်၌မဖြစ်နိုင် သောကြောင့် ကမ္မဇရုပ်ချုပ်ပြီးနောက် ခဏငယ်အနည်းငယ်ခန့်ကာလ ကြာမှ ချုပ်ပါသည်။ (၌) တနည်းအားဖြင့် စိတ္တဇရုပ်သည် စုတိစိတ် ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၅-ချက်ခန့် ကာလကြာမှ ချုပ်ပါသည်။ အာဟာရဇရုပ်သည် စုတိစိတ်ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၆-ချက်ခန့် ကာလကြာမှ ချုပ်ပါသည်။ (ဂူ) ဥတုဇရုပ်သည် သေ၍ အကောင်ပုပ် ဖြစ်သည်တိုင်အောင် မချုပ်သေးဘဲ အရိုးဆွေးသည်တိုင်အောင် ဖြစ်နိုင် ပါသေးသည်။ (ဘုတ်အဆက်ဆက်ဖြစ်၍ ကမ္ဘာဆုံးသည်တိုင်အောင် ဖြစ်နိုင်သေးသည်ဟု ဆိုကြပါသေးသည်။) ထို့နောင်မှ ချုပ်ပါသည်။

{မူလဋီကာ ဆရာကား - စိတ္တဇရုပ်သည် စုတိစိတ်မှ ပြန်၍ ရှေ့သော် ၁၇-ချက်မြောက်သော စိတ်၏ ဘင်ခဏကပင်ချုပ်ခဲ့

ပြီဟု ဆိုပါသည်။ အပရေ ဆရာတို့ကား-စုတိစိတ်မှပြန်၍ ရေသော် ၂-ချက်မြောက်သောစိတ်၏ ဘင်ခဏကပင် ချုပ်ခဲ့ပြီဟု ဆိုကြပါသည်။ ဧကေ ဆရာတို့ကား-စုတိစိတ်မှပြန်၍ ရေသော် ၃-ချက်မြောက်သောစိတ်၏ ဘင်ခဏကပင် ချုပ်ခဲ့ပြီဟု ဆိုကြပါသည်။ အဆိုမညီကြ။ စိတ္တဇ, အာဟာရဇရုပ်တို့၏ ချုပ်စဉ်ကား-ဝါဒများ၏၊သဂြိုဟ်၌ကား''တတောပရံ စိတ္တဇာဟာရဇရုပဉ္စ ဝေါစ္ဆိဇ္ဇတိ''ဟု သာမန်မျှသာဆိုခဲ့၏။ပရမတ္ထဒီပနီဆရာကား-ထိုစိတ္တဇ,အာဟာရဇရုပ်တို့သည် အနုပါဒိန္နကသန္တာန်၌ ဖြစ်ရိုးမရှိ၍ စုတိစိတ်ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၆-ချက်ခန့် ကာလကြာမှ ချုပ်သည်ဟု မိန့်တော်မူ၏။ နောက် ဆရာများကား - စိတ္တဇရုပ်သည် စုတိစိတ် ချုပ်ပြီးနောက် စိတ္တက္ခဏ ၁၆-ချက်ခန့် အာဟာရဇရုပ်သည် ခဏငယ် ၅၀-ခန့် ကာလကြာရှည်သည်ဟု ဆိုကြကုန်၏။} (သင့်ရာယူကြပါကုန်။)

† အဇီဝကသန္တာနေ တေသံ ဥပ္ပတ္တိယာ အဘာဝတော ယထာ နိဒ္ဒတ္တံ စိတ္တဇံ အာဟာရဇဉ္စ တတော ပရံ ကိဉ္ဒိကာလံ ပဝတ္တိတ္ဝာ နိရုဇ္ဈတိ။ (ဦ)

* စုတိတွင်စေ့, ပြိုင်ယှဉ်ရှေ့, ချုပ်လေ့-ကမ္မဇာ။
* စိတ္တက္ခဏ, ဆယ့်ခြောက်မျှ, နောက်ကျ-စိတ္တဇာ။
* ငါးဆယ်ခဏ, နောက်ကြာမှ, ချုပ်ကြ-ဟာရဇာ။
* သေရာတွင်လဲ, ဘုတ်ဆက်တွဲ, ဖြစ်မြဲ-ဥတုဇာ။
* ကမ္ဘာဆုံးမှ,ချုပ်ပျောက်ကြ, ကာလ-တောင်တာကြာ။

(သစ်)

● စုတိစိတ်မှ ပြန်၍ရေတွက်သော် ၁၇-ချက်မြောက်သော ဘဝင်စိတ်၏ ဦ-ကာလမှစ၍ ကမ္မဇရုပ်တို့သည် အဘယ့်ကြောင့် နောက်ထပ် မဖြစ်ကြပါသနည်း။

၁၂၅၁-ဖြေ။ ။တိုသို့ ၁၇-ချက်မြောက်သောဘဝင်စိတ်၏ဦကာလမှစ၍ ကမ္မဇရုပ်များဆက်လက်ဖြစ်ပွားနေလျှင် ဇီဝိတိန္ဒြေ ပျက်ယွင်းခြင်း

မဖြစ်နိုင်သောကြောင့် သေခါနီးအခါတွင် ထို ၁၇-ချက်မြောက်သော ဘဝင်စိတ်၏ ဌီ-ကာလမှစ၍ ကမ္မဇရုပ်များ မဖြစ်ကြခြင်း ဖြစ်ပါသည်။ ထိုစကားသည် မှန်ပါသည်။ ကမ္မဇရုပ် ပြတ်မှ သာ လျှင် သတ္တဝါ ဘယောက်ကို သေသည်ဟု ဆိုနိုင်ပါသည်၊ သို့မဟုတ်က မဆိုနိုင်ပါ။

† ကမ္မဇရူပါနိ နဥပ္ပဇ္ဇန္တိ၊ တဒုပ္ပတ္တိယံ မရဏာဘာဝတော၊ ကမ္မဇပရူပိဆ္ဆေဒေ ဟိ မတောတိ ဝုစ္စတိ။ (ဋီ)

● အဘယ် တရားများ ချုပ်ဆုံးမှ သတ္တဝါများ သေသည်ဟု ဆိုရပါသနည်း၊ ရသင့်သမျှ ထုတ်ပြပါ။

၁၂၅၂-ဖြေ။ ။ရုပ်, နာမ်, ဇီဝိတ-ဟူသောအသက်၊ ကမ္မဇတေဇော-ဟူသော ကိုယ်ငွေ၊ ဝိပါက်ဝိညာဏ်၊ ယင်းတရားသုံးပါး ချုပ်ဆုံးမှ သတ္တဝါများ သေသည်ဟု ဆိုရပါသည်။

† အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။ အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္တံဝ ကလိင်္ဂရံ။
(ဋီ-ပြ သုတ်မဟာဝါပါရာသိရာဇညသုတ် ပါဋိ)

● ရူပ ဗြဟ္မာဘုံမှာ ဘာဝရုပ် ၂-ခုကို အဘယ့်ကြောင့် မရပါသနည်း။

၁၂၅၃-ဖြေ။ ။ဘာဝရုပ် ၂-ခုအပေါင်းသည် အားကြီးထူထဲသော ကာမဂုဏ်ကည်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာရပါသည်။ ဗြဟ္မာတို့မှာ ထိုအားကြီး ထူထဲသော ကာမဂုဏ်ဟူသော အကြောင်း မရှိသောကြောင့် ထိုဘာဝရုပ် ၂-ခုကို ရူပဗြဟ္မာဘုံ၌ မရနိုင်တော့ပါ။ (ဃာနာဒိတ္တယ မရကြောင်းကို ပကိဏ်းပိုင်းက ဆိုခဲ့ပြီ။)

† ဘာဝဒ္ဒယံ ပန ဗဟလကာမရာဂူပ နိဿယတ္တာ ဗြဟ္မာနဥ္စ တဒဘာဝတော တတ္ထ နပဝတ္တတိ။ (ဋီ)

● ရူပဗြဟ္မာဘုံမှာ အာဟာရဇ ရုပ်ကလာပ်ကိုလည်း အဘယ့်ကြောင့် မရပါသနည်း။

၁၂၅၄-ဖြေ။ ။မျိုအပ်သော ဗဟိဒ္ဓါဟာရမရှိ၍ ရူပဗြဟ္မာကိုယ်ဋ္ဌ တည်သော အဇ္ဈတ္တာဟာရသည် ရုပ်ကို မဖြစ်စေ နိုင်သောကြောင့် အာဟာရဇ ရုပ်ကလာပ်ကို မရပါ။

{ဗဟိဒ္ဓဖြစ်သော ဥတုအာဟာရကို အမှီပြုရမှ အဇ္ဈတ္တိက ဥတုအာဟာရသည် ရုပ်ကို ဖြစ်စေနိုင်ပါသည်။ ရူပဗြဟ္မာဘုံ၌ အဇ္ဈတ္တိကာဟာရပင် ရှိသော်လည်း ဗဟိဒ္ဓဖြစ်သော အစာအာဟာရကို စားသောက်ခြင်းမရှိသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်။ ထို့ကြောင့် အာဟာရဇ ရုပ်ကလာပ်ကို မရခြင်းဖြစ်ပါသည်။}

† အာဟာရဇ ကလာပါနိစ နလဗ္ဘန္တိ အဇ္ဈောဟဋာဟာရာ ဘာဝေန သရီရဂတဿပိ အာဟာရဿ ရူပသမုဋ္ဌာပနာ ဘာဝတော။ (ဋီ)

● ပဋိသန္ဓေအခါ ကာမဘုံ၌ ဇီဝိတနဝက ကလာပ်ကိုမရဘဲလျက် ရူပဘုံ, အသညသတ်ဘုံတို့၌ အဘယ့်ကြောင့် ရပါသနည်း။

၁၂၅၅-ဖြေ။ ။ဗြဟ္မာတို့မှာ ကာယဘာဝ-ဟူသော သဗ္ဗတ္ထ ဝုတ္တိ ကလာပ်မရှိဘဲ စက္ခုဒသက စသော ပဒေသဝုတ္တိကလာပ်သာရှိသဖြင့် ဇီဝိတနဝက ကလာပ်ကို မရခဲ့လျှင် ဗြဟ္မာဟူ၍ပင် ခေါ်ဝေါ်စရာ သတ္တဝါအကောင်အထည် ညွှန်ပြစရာမရှိသောကြောင့် ကာယဒသက ကလာပ်အစား ဇီဝိတနဝက ကလာပ်ကို ရခြင်းဖြစ်ပါသည်။

† ဇီဝိတနဝကန္တိ ကာယဘာဝတော ကာယဒသက ဌာနိယံ ဇီဝိတနဝကံ။ (ဋီ)

● ကာမဘုံ၌ ဇီဝိတနဝက ကလာပ်ကို အဘယ်အခါ၌ အဘယ် အကြောင်းကြောင့် ရသည်ဟု ဖော်ပြပါ။

၁၂၅၆-ဖြေ။ ။ကာမဘုံ၌ သံသေဒဇ,သြပပါတိကသတ္တဝါတို့အား ဖြစ်သော ဇီဝိတနဝက ကလာပ်သည် ပါစက တေဇောနှင့်သာ အတူ တကွ ဖြစ်သောကြောင့်ရင်း, ပါစက တေဇောသည်လည်း အစာသစ် အိမ်မှာသာ ဖြစ်သောကြောင့်ရင်း,ထိုအစာသစ်အိမ်သည်လည်းပဝတ္တိ

အခါမှာသာ ဖြစ်သောကြောင့်၎င်း၊ ထိုဇီဝိတနဝက ကလာပ်ကို ပဝတ္တိအခါမှာသာရ၍ ပဋိသန္ဓေအခါမှာ မရပါ။ (ဋီ-ပရမတ္ထဇုဠိ)

{ပရမတ္ထဒီပနီ-အကံ့ရ ဆရာတို့ကား-ကာယဂ္ဂါဇီဝိတနဝက ကလာပ်ကို ပဋိသန္ဓေ အခါကပင် ရသည်ဟု မိန့်ဆို ကြ၏။ ဝါဒန္တရကိုကား-ဤဌာန အကျယ်မပြတော့။}

● ရူပ အသည်းသတ် ဇြဟ္မာများ စုတိသောအခါ အသေကောင် အထည်ခြပ် ကျန်ပါသေးသလော။

၁၂၅၇-ဖြေ။ ။စုတိသောကာလ၌ ဇြဟ္မာတို့၏ ကိုယ်ကောင်ကို ပစ်ချခြင်းမရှိသောကြောင့် အသည်းသတ်မှတပါး ရူပဇြဟ္မာတို့အား ကံ, ဇင်္ဂ, ဥတု ကြောင့်ဖြစ်သော ရုပ်တို့သည်၎င်း, အသည်းသတ် ဇြဟ္မာတို့အား ကံ, ဥတုကြောင့်ဖြစ်သောရုပ်တို့သည်၎င်း စုတိစိတ်နှင့်အတူတကွသာလျှင် ချုပ်ဆုံးကြပါသည်။ အသေကောင် မကျန်တော့ပါ။ ဇြဟ္မာသာမဟုတ်၊ ငရဲသားနှင့်နတ်ပြည်ခြောက်ထပ် ဥပပါတ်နတ်တို့မှာလည်း အကြောင်း လေးပါးကြောင့်ဖြစ်သော ရုပ်တို့သည် စုတိစိတ်နှင့် တပြိုင်နက် အတူတကွသာလျှင် ချုပ်ဆုံးကြရပါသည်။ နတ်သေကောင်မကြွင်း ကျန်တော့ပါ။

{ရုပ်လေးပါးချုပ်စဉ်မှာ ဂဇ္ဈသေဃျက, သံသေဒဇကို အတွက်သာ ဖြစ်သည်။ အားလုံးသော ဥပပါဘ် တို့မှာကား-စုတိစိတ်နှင့်အတူတကွသာ လေးပါးလုံးချုပ်ဆုံးကြကုန်၏ဟု မှတ်။}

† မရဏကာလေ ပန ဇြဟ္မဒေဝါနံ သရီရဂိုဟ္မေပါ ဘာဝတော သဇ္ဇီဝိတိ တိသမုဋ္ဌာနာနိ ဒ္ဝေသမုဋ္ဌာနာနိစ သဟေဝ နိရုဇ္ဈန္တိ။ (ဋီ)

† ဩပပါတိကာနံ ပန သရီရ နိကွေပါ ဘာဝတော တဒ္ဓိ နပဝတ္တတိ။ (ဋီ-ပြ အဘိဓမ္မတ္ထ ဝိကာသိနီ)

● ရူပဘုံ၌ရသော် ရုပ်ကလာပ်နှင့် ရုပ်များကို ပဋိသန္ဓေ, ပဝတ္တိနှင့်တွဲ၍ ခဲ့ပြပါ။

၁၂၅၈-ဖြေ။ ။ရူပဘုံ၌ ဃာနာဒိဘူယ, ဘာဝင္ဒယ, အာဟာရဇ ကလာပ် ၂-စည်း၊ပေါင်း ၇-စည်းကို မရသောကြောင့် ပဋိသန္ဓေအခါ စက္ခု၊ သော်တ, ဝတ္ထု၊ ဇီဝိတနဝက ကလာပ် ၄-စည်းကို ရပါသည်။ ပဝတ္တိအခါ စိတ္တဇကလာပ် ၆-စည်း, ဥတုဇကလာပ် ၄-စည်း၊ပေါင်း ၁၀-စည်းတို့ကို ရပါသည်၊ ပေါင်းသော် ကလာပ်အားဖြင့် ၁၄-စည်း ရပါသည်။ ရုပ်အားဖြင့် ဃာန, ဇိဝှာ, ကာယ,ဘာဝရုပ် ၂-ခု ကြည့်၍ ပဝတ္တိအခါ ၂၃-ပါးသောရုပ်တို့ကို ရအပ်ပါသည်။ ပဋိသန္ဓေအခါဉ် ကား-၌ ၂၃-ပါးထည်းက သဒ္ဒ စသည် ၈-ပါး ထပ်ကြည့်၍ ၁၅-ပါး ရပါသည်။ (နောက်အဖြေ၌ ထင်ရှားလတ္တံ့။)

{၌တွင် "အာဟာရဇ ကလာပါနိစ နံ လဒ္ဓန္တိ" ဟု သင်္ဂဟ ဆိုသည့်အတိုင်း အာဟာရဇ ရုပ်ကလာပ်ကို မရပါဘဲလျက် ရသောရုပ် အရေအတွက်ကိုပြသောအခါ အာဟာရရုပ်ပြန်၍ ပါနေခြင်းအတွက် စာသင်သားများခေါင်းရှုပ်တတ်သည်။မရှုပ်အောင် ဤသို့မှတ်ပါ။ အာဟာရဇ ကလာပ်ကိုပင် မရသော်လည်း ရူပဘုံမှာရသော အခြား ကမ္မဇ, စိတ္တဇ, ဥတုဇ ရုပ်ကလာပ်တွေထည်းမှာ အဋ္ဌကတို့က သြဇာရုပ် ရှိနေသေးသောကြောင့် အာဟာရရုပ်အတွက် မလျော့ဘဲ ၂၃-ပါးပင်ရသည်ဟု မှတ်ပါ။ ။ကေစိဆရာတို့ကား-ရူပဘုံ၌ ဓာတုကွေဘာ မရှိ၍ လဟုတာဒိဂုဏ်ရုပ်များသည်း မရဟု ဆိုကြသည်။ဆန့်ကျင်ဘက် မမှတခုကိုငဲ့ပြီးမှ အံခြားဆန့်ကျင်ဘက် မမှတခု ဖြစ်ရုမည်ဟု စည်းကမ်းမရှိသောကြောင့် ထိုကေစိဆရာတို့၏အကြောင်းပြချက်မှာ မလုံလောက်၍ မမှတ်ယူသင့်ပေ။ ။မူလဋီကာဆရာကား-ရူပဘုံ၌ ဂန္ဓ,ရသ,သြဇာ-မရဟုဆိုသောကြောင့် ၎င်း၏ အလိုအားဖြင့် ရူပဘုံ၌ ပဋိသန္ဓေအခါ စက္ခုသတ္တက,သောတသတ္တက,ဝတ္ထုသတ္တက,ဇီဝိတ ဆက္ကသာ ရသည်ဟူလို။}

† ရူပေသု တေဝိသတိ၊ ဃာန ဇိဝှာ ကာယဘာဝဒွယ ဝသေန ပဉ္စနံ အဘာဝတော။ (ဋီ) {တဘက်ဇယားတွင် ရှုပါ။}

ရူပဘုံ့ ရှိုင်သော ကလာပ်နှင့် ရုပ်

ဇယား

ရသောကလာပ်		ဝိုင်း	ရသောရုပ်	
ပဋိသန္ဓေ	ပဝတ္တိ		ပဋိသန္ဓေ	ပဝတ္တိ
စက်,သေ,ဝတ် ဇီ,ကမ္မ ၄-စည်း	စိတ္တဇ-ဥတုဇ ၁၀-စည်း	၁၄ စည်း	ဃာနဒွိဒ္ဓာယ- ဘာဝဇ ၅-ကြဉ်	သဒ္ဒစသည် ဂ-ပါး ထပ်ကြဉ် ၁၅-ပါး

* စက်-သေ-ဝတ်-ဇီ,ဤလေးလီ,ရပြီ-ပဋိသန္ဓေမှာ။
* စိတ္တဇ-ဆ, ဥတုဇ, ဆယ်ဝ-ပဝတ္တိမှာ၊
* ရူပဘုံရ, ကလာပ, ပေါင်းက-စုဒ္ဓသာ။
* ဃာ-ဇိုန် ကာယ, ဒွေးဘာဝ, ပဋ္ဌ-ကြဉ်လေပါ။
* ရူပဘုံဆီ. ရုပ်တေဝီ,ရပြီ-ပဝတ္တိမှာ။
* ဇရာ-မရဏ, ဝိကာရ, သဒ္ဒ-ထပ်ကြဉ်ပါ။
* ရူပဘုံက,ပန္နရ, ရကြ-ပဋိသန္ဓေမှာ။ (သစ်)

❁ အသည်းသတ်ဘုံ၌ရသော ရုပ်ကလာပ်နှင့် ရုပ်များကို ပဋိသန္ဓေ ပဝတ္တိနှင့်ကွဲ၍ ခွဲပြပါ။

၁၂၅၅-ဖြေ။ ။အသည်းသတ်ဘုံ၌ ပဋိသန္ဓေအခါ ဇီဝိတ နဝက ကလာပ်တစည်းသာရ၍၊ပဝတ္တိအခါသုဒ္ဓဋ္ဌက,လဟုတာဒေကာဒသက ဥတုဇကလာပ် ၂-စည်းကို ရပါသည်။ ထို့ကြောင့်....ပေါင်းသော်-ကလာပ် ၃-စည်း ရပါသည်။ ရုပ်အားဖြင့် ပသာဒရုပ် ၅-ခု၊ဘာဝရုပ် ၂-ခု၊ ဝိညတ်ရုပ် ၂-ခု၊ဟဒယဝတ္ထုရုပ်,သဒ္ဒရုပ် ၁၁-ခုကိုကြဉ်၍ ဇီဝိတ နဝက, ပရိစ္ဆေဒ, လဟုတာ ဒိဘ္ဘယ, လက္ခဏအားဖြင့် ပဝတ္တိအခါ ၁၇-ပါးသော ရုပ်ဆိုက်ကို ရအပ်ပါသည်။ ပဋိသန္ဓေ အဆိုင်းကား - ဤ ၁၇-ပါးဆည်းက လဟုတာဒိဘ္ဘယ,ဇရောဘ, အနိစ္စတာ ၅-ပါး ထပ်ကြဉ်၍ ၂၂-ပါး ရပါသည်။ (သင်္ဂဟ)

{နောက်အဖြေဦး ထင်ရှားလှပြီ။ ဒုတိယအားဖြင့် ရှုပါ။}

အသညသတ်ဘုံ၌ ရနိုင်သော ကလာပ်နှင့် ရုပ် ဇယား

ရသောကလာပ်		ဧဋ္ဌ —	ရသောရုပ်	
ပဋိသန္ဓေ	ပဝတ္တိ		ပဝတ္တိ	ပဋိသန္ဓေ
ဇီဝိတနဝက ၁-စည်း	သုဒ္ဓဋ္ဌက-လဟုတာဒေကာ ဒသကဥတုဇ ၂-စည်း	၃ စည်း	ဇီဝိတနဝက-ပရိစ္ဆေဒ-လဟုတာဒိတ္တယ လက္ခဏာ၇-ပါး	လဟုတာဒိတ္တယ ဇရတာ အနိစ္စတာ ထပ်ကြဉ် ၁၂-ပါး

* အသညာမှ, ဇီဝိတ, ဧက-ပဋိမှာ။
* လဟုတာဒေက, သုဒ္ဓဋ္ဌ, နှစ်ဝ-ပဝတ္တာ။
* အသညာရ, ကလာပ, ပေါင်းက-သုံးပါးသာ။
* ဇီဝိ-နဝ, လက္ခဏ, ကာသ-လဟုတာ။
* အသညာက, သတ္တရ, ရကြ-ပဝတ္တာ။
* ဇရာ-မရဏ, လဟုတ, ငါးဝ-ထပ်ကြဉ်ပါ။
* အသညာက, ဒွါဒသ, ရကြ-ပဋိမှာ။
{ကာမဘုံမှာကား-ကလာပ်စုံ, ရုပ်စုံ အကုန်ရသည်။}
* ကလာပ်အကုန်, ရုပ်အစုံ, ရတုံ-ကာမမှာ။ (သစ်)

☞ ဤကဲ့သို့ ကျက္ခနန အနုစိတ်မျိုးတွေ့ဘို့မလွယ်သဖြင့် ကြိုးစား၍ ကျက်မှတ်ကြပါကုန်။

---

၅ သဒ္ဒေါ ဝိကာရော-စသော စကားသည် အဘယ်ကို ရည်၍ ဆိုသော စကားပါနည်း၊ ဧကဝေါကာရ, ပဋ္ဌ ဝေါကာရတို့၌ ပဋိသန္ဓေအခါ မရသောရုပ်များကိုလည်း ခွဲပြပါ။

၁၂၆၀-ဖြေ။ ။ထိုစကားသည် အလုံးစုံသော ဧကဝေါကာရ, ပဉ္စဝေါကာရ၊ တနည်း - ကာမ, ရူပ, အသညသတ် သတ္တဝါတို့နှင့် ဆက်ဆံသောအားဖြင့် ဆိုသောစကား ဖြစ်ပါသည်။ပဉ္စဝေါကာရတုံ၌ ပဋိသန္ဓေအခါ မရသော ရုပ်ကား - သင်္ဂဟ ဆိုသည့် အတိုင်း သဒ္ဒ, ဝိကာရ-၅၊ ဇရတာ, အနိစ္စတာအားဖြင့် ၈-ပါး ဖြစ်ပါသည်။ ဧကဝေါကာရ (အသညသတ်) ၌ ပဋိသန္ဓေအခါ မရသော ရုပ်ကား-လဟုတာဒိတ္တယ, ဇရတာ, အနိစ္စတာ အားဖြင့် ၅-ပါး ဖြစ်ပါသည်။ (၉)

† သဒ္ဒေါ ဝိကာရောတိ အာဒိ သဗ္ဗေသမ္ပိ သာဓာရဏ ဝသေန ဝုတ္တံ။ (ဋီ)

ရူပ ပဝတ္တိက္ကမ အဖြေ ပြီး၏။

နိဗ္ဗာန် အဖြေ

●

● အဘယ့်ကြောင့် နိဗ္ဗာန်-မည်ပါသနည်း။

၁၂၆၁-ဖြေ။ ။"ဝိနတိ သံသိဗ္ဗတီတိ ဝါနံ၊ ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ"ဟူသောဝစနတ္ထနှင့်အညီ ဝါန-ဟုဆိုအပ်သောတဏ္ဍာမှထွက် မြောက်တတ်အောကြောင့် နိဗ္ဗာန်-မည်ပါသည်။ (ဝါန+နိ+နိဝါန= နိဗ္ဗာန။)

{ခန္ဓာအာယဘနဓာတ်အားဖြင့်ပြားသော တေဘုမ္မကဘရား တို့၏ အထက်၌ရင်း, အောက်၌ရင်း ဖြစ်သည်၏အစွမ်းဖြင့် ချုပ်တတ်,မြေးတတ်သောတဏ္ဍာကို ဝါန-ဟု ခေါ်သည်။ဝါ-ဝါန တဏ္ဍာဟု ခေါ်သည်။နိဗ္ဗာန်ကား-ပရမတ္ထမွေဖြစ်၍၊ ပရိနိဗ္ဗာန် ကား-ပညတ်မျှသာ ဖြစ်သည်ကိုရင်း,နိဗ္ဗာန်သည် နာမ်မျိုးသာ ဖြစ်၍ ရုပ်မဟုတ်သည်ကိုရင်း အထူးမှတ်သားပါလေ။}

● "နိဗ္ဗာနံ ပန လောကုတ္တရသခ်ါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ၊ မဂ္ဂဖလာနမာရမ္မဏဘူတံ" ဟူသော ပါဌ်တို့ဖြင့် အဘယ်သို့သောအဓိပ္ပာယ်ကို အနုရုဒ္ဓါဆရာသိစေပါသနည်း။

၁၂၆၂-ဖြေ။ ။“လောကုတ္တရသခ်ါတံ”ဟူသောပါဠိဖြင့် နိဗ္ဗာန်၏ လောကီအဖြစ်ကိုနစ်စေ၍ လောကုတ္တရာအဖြစ်ကိုပြပါသည်။“စတုမဂ္ဂ ညာဏေန သစ္ဆိကာတဗ္ဗံ”ဟူသော ပါဠိဖြင့် နိဗ္ဗာန်ကို အရိယာပုဂ္ဂိုလ် တို့သည် မျက်မှောက်အားဖြင့် သိအပ်ဟူသည်၏ အဖြစ်ကို ပြပါသည်။ “မဂ္ဂဖလာနမာရမ္မဏာဘူတံ”ဟူသောပါဠိဖြင့် ထိုနိဗ္ဗာန်ကိုကလျာဏ ပုထုဇဉ်တို့သည် မှန်းဆသောအားဖြင့် သိအပ်သည်၏အဖြစ်ကို ပြပါသည်။ ထို့ကြောင့် ပြဿဖြင့်လည်း ရာဂ အစရှိသည် မရှိခြင်းမျှသည် နိဗ္ဗာန်-မည်၏ဟူသော မိစ္ဆာအယူကို အနုရုဒ္ဓါဆရာ တားမြစ်တော်မူပါသည်။

{နိဗ္ဗာန်သည် ယုန်ချို, လိပ်မွေး စသည်ကဲ့သို့ မရှိသောအရာ လည်းမဟုတ်၊ နာက်နဲခြင်းနှင့် တကွ ဖြစ်သည်ကို ဟောတော်မူသောကြောင့် ရာဂစသည်တို့၏ကုန်ခြင်းမျှသည်လည်း နိဗ္ဗာန်မဟုတ်ဟု မှတ်။}

† စတုမဂ္ဂညာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနသ ဘံ တံ အရိယပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ၊မဂ္ဂဖလာနမာရမ္မဏာ ဘူတန္တိ ဣမိနာ ကလျာဏ ပုထုဇ္ဇနာနံ အနုမာန သိဒ္ဓတံ၊ ပစ္စက္ခာနုမာနသိဒ္ဓတာ သန္တသနေနစ အဘာဝမတ္တံ နိဗ္ဗာနန္တိ ဝိပ္ပဋိပန္နာနံ ဝါဒံ နိသေဓေတိ။ (ဋီ)

† ခယမတ္တံ စ နိဗ္ဗာနံ၊ သဂန္ဓိရာဒိ ဝါစတော။
အဘာဝဿ ဟိ ကုမ္မာနံ၊ လောမဿေဝ စ ဝါစတာ။
(သစ္စသံခိပ်)

● “ဝါနသခ်ါတာယ တဏှာယ နိက္ခန္တန္တာ နိဗ္ဗာနန္တိ ပဉ္စမီ ဝါန-ဟုဆိုအပ်သော တဏှာမှ အဘာယသို့လွန်မြောက်သည်ဟု ဆိုပါသနည်း၊ လမ်းခရီး လွန်မြောက်သလို လွန်မြောက်ခြင်းကို ဆိုပါသလော။

၁၂၆၃-ဖြေ။ ။မဟုတ်ပါ၊ တဏှာ၏ အာရုံပြုရာ အဖြစ်ကို လွန်မြောက်သည်ကို၊ ဝါ-တဏှာ၏ အာရုံမဟုတ် တော့သည် ကိုပင် ဝါန-ဟု ဆိုအပ်သော တဏှာမှ လွန်မြောက်သည်ဟု ဆိုပါသည်။

{နိဗ္ဗာန်သည် အလွန် တန်ခိုးကြီးသောကြောင့် တနေ့လုံး အလုံ၊တပြောင်ပြောင် ပူလောင်နေသော သံတွေခဲကြီးကို ယင်ငယ်မှုားမကပ်နိုင်သကဲ့သို့၊တဏ္ဍာက အာရုံမပြုနိုင်တော့၊ထိုသို့ တဏ္ဍာ အာရုံပြုမှုမှ လွတ်သွားသည်ကိုပင် နိဗ္ဗာန်-ခေါ်သည် ဟူလို။}

† ဝါန သခ်ါတာယ တဏ္ဍာယ နိက္ခန္တတ္တာ ဝိသယာတိက္ကမ ဝသေန အတီတတ္တာ။ (ဋီ)

● ကလျာဏ ပုထုဇဉ်တို့၏ နိဗ္ဗာန်ကို အဘယ်သို့ မှန်းဆသည်ကို အနုမာနအားဖြင့် မှန်းဆသည်ဟု ဆိုပါသနည်း။

၁၂၆၄-ဖြေ။ ။သခ်တ တရား, ပညတ် တရားလျှင် အာရုံရှိသော ဉာဏ်သည် ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း, တဖန် ငြိမ်းစေခြင်း ကိစ္စကို မပြုစွမ်းနိုင်၊ အရိယာ ပုဂ္ဂိုလ်ဟု ဆိုအပ်သော သတ္တလောက၌ ကိလေသာကို အကြွင်းမဲ့ဖြတ်ခြင်း, တဖန် ငြိမ်းစေခြင်း ကိစ္စသည်လည်း ရှိ၏။ ထို့ကြောင့် သခ်တ ပညတ်တရားတို့မှ အပြန်အားဖြင့် ထူးခြားသော ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, တဖန် ငြိမ်းစေခြင်းကိစ္စကို ပြုတတ်ကုန်သော မဂ်, ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်-မည်သော တခုသော တရားထူးသည် ဧကန်ရှိ၏။ ဤသို့ ကလျာဏ ပုထုဇဉ်များ မှန်းဆသည်ကို အနုမာနအားဖြင့် မှန်းဆသည်ဟု ဆိုပါသည်။ (ဋီ)

{ကလျာဏ ပုထုဇဉ်တို့သည် မဂ်၏ ရှေးအဘို့ ဂေါတြဘူ ကိစ္စတပ်သော မဟာကုသိုလ်ဉာဏသမ္ပယုတ်စိတ်ဖြင့်နိဗ္ဗာန်ကို ဒိဋ္ဌပစ္စက္ခအားဖြင့်မြင်သော်လည်း (ပုထုဇဉ်အဖြစ်နှင့် နိဗ္ဗာန်ကို မြင်သည်ကား - ဤ တကြိမ်ပင် ရှိသည်။) ပစ္စက္ခ မမြင်ခြင်း၏ အကြောင်းဖြစ်သော ဒိဋ္ဌ,ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ မပယ်ရသေးသောကြောင့် ပစ္စက္ခအားဖြင့် မြင်ပြီဟု မဆိုရဟုမှတ်။ (ဂေါတြဘူကို ဒဿန မခေါ်ရသကဲ့သို့ပင် ဖြစ်သည်။}

● ''နိဗ္ဗာနံ ပန 'လ' နိဗ္ဗာနန္တိ ပဝုစ္စတိ''ဌ် နိဗ္ဗာနပုဒ် ၂-ခုတို့၏ အထူးကို ရေးခဲ့ပါ။

၁၂၆၅-ဖြေ။ ။ပဌမ နိဗ္ဗာနပုဒ်သည် နိဗ္ဗာန်သဘောကို ဖော်ပြသော ဒဗ္ဗဝါစကပုဒ်တည်း။ ဒုတိယ နိဗ္ဗာနပုဒ်သည် နိဗ္ဗာန်အမည်ကို ဖော်ပြသော နာမဝါစကပုဒ်တည်း။ ဤသို့ ထူးပါသည်။

{ဇာတိဝိ သောဘဂဝါ-ဗုဒ္ဓေါ ဘဂဝါ-က ဘဂဝါ ၂-ပုဒ်သည် သညာဝါစက ဂုဏဝါစက ထူးသကဲ့သို့မှတ်။}

● အဘယ်သည် သဥပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန် မည်ပါသနည်း။

၁၂၆၆-ဖြေ။ ။မဂ်ခဏ၌ ကိလေသာတို့၏ ကုန်ခြင်းသည် သဥပါဒိသေသ နိဗ္ဗာန်-မည်ပါသည်။ စုတိ၏အခြားမဲ့၌ ခန္ဓာတို့၏ မဖြစ်ခြင်းသည် အနုပါဒိသေသနိဗ္ဗာန်-မည်ပါသည်။

{တနည်းအားဖြင့် ရှေးသည် ကိလေသနိဗ္ဗာန်, နောက်သည် ခန္ဓနိဗ္ဗာန်၊ ရှေးသည်ဒိဋ္ဌဓမ္မိကနိဗ္ဗာန်, နောက်သည် သမ္ပရာယိကနိဗ္ဗာန်-မည်ပါသည်။ (ဤတိဝုတ်)

● ''ဒုဝိဓံ ဟောတိ ကာရဏာပရိယာယေန''ဌ်ကာရဏာပရိယာယ် အားဖြင့် နိဗ္ဗာန် ၂-ပါး ပြားပုံကို ဖော်ပြပါ။

၁၂၆၇-ဖြေ။ ။ကြင်းကျန်ရစ်သောဝိပါက်, ကမ္မဇရုပ်တို့၏ရှိခြင်း, မရှိခြင်းဟူသော မှတ်သားကြောင်း လက္ခဏာ ၂-မျိုးပြားသဖြင့် မှတ်သားကြောင်းဖြစ်သော အကြောင်းလက္ခဏာ၏ သဥပါဒိသေသ, အနုပါဒိသေသ-ဟူသော အမည်ကို မှတ်သားအပ်သော အကျိုးလက္ခဏာပေါ်၌ ဘင်စား၍မှတ်သားအပ်သောအကျိုးလက္ခဏာနိဗ္ဗာန်သည်ကာရဏူပစာရအားဖြင့် သဥပါဒိသေသ, အနုပါဒိသေသ နိဗ္ဗာန်ဟု ၂-မျိုး ပြားရပါသည်။

{မုချမဟုတ် ကာရဏူပစာအားဖြင့် ခေါ်ဝေါ်ထားသည်ကို ''ကာရဏာပရိယာယ်''ဟု ဆိုသည်။}

● နိဗ္ဗာန်သည် အတ္တလော, အနတ္တလော ခွဲခြားပြခဲ့ပါ။

၁၂၆၈-ဖြေ။ ။နိဗ္ဗာန်သည် အနတ္တ တရားမျိုးသာ ဖြစ်ပါသည်။ အတ္တတရားမျိုး မဟုတ်ပါ၊ (အတ္တတရားဟူ၍ စင်စစ်အားဖြင့် ရှိကိုမရှိ။ "သဗ္ဗေ ဓမ္မာ အနတ္တာ"ကို ထောက်။)

● သုခ၏ အမျိုးအစားကို ခွဲပြ၍ နိဗ္ဗာန်၌ရှိသော သုခ၏ အမျိုး အမည်ကိုလည်း ညွှန်ပြပါ။

၁၂၆၉-ဖြေ။ ။သုခသည် ဝေဒယိတသုခ,သန္တိသုခ-ဟူ၍ ၂-မျိုးရှိ၏။ထိုတွင် ဝက်သားဟင်းစားရ၊ ဗိုး,ဝဲ, ကတ္တီပါ ဝတ်ရ၊ လေယာဉ်ပျံ, မော်တော်ကား စီးရခြင်းစသော လူ, နတ်, ဗြဟ္မာတို့၏ ခံစားရခြင်း၏ အစွမ်းဖြင့်ဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်းချမ်းသာသည် ဝေဒယိတ သုခ-မည်၏။မိမိ၌ဖြစ်ပေါ်ပြီးဖြစ်ပေါ်လာလတ္တံ့ကုန်သောကိလေသာ တို့မှငှင်း, အပါယ်ဆင်းရဲ စသည်တို့မှငှင်း၊ မိမိ၏ သမ္မာပယောဂကိုစွဲ၍ လွတ်မြောက်လာခြင်းချမ်းသာမျိုးသည် သန္တိသုခ-မည်၏။ ထိုတွင် နိဗ္ဗာန်၌ သန္တိသုခသာရှိသည် ဝေဒယိတသုခကား-မရှိဟူ၍မှတ်။

(ပရမတ္တဒီပနီ)

● နိဗ္ဗာန်,မဂ်,ဖိုလ်ကိုလိုချင်သည်ကား-ကုသိုလ်လော,အကုသိုလ် လော ခွဲခြားပြပါ။

၁၂၇၀-ဖြေ။ ။ကတ္တုကမျတာ ကုသလစ္ဆန္ဒ ပတ္ထနာသာ ဖြစ်ပါ သည်၊ အကုသိုလ်မဟုတ်ပါ။ (သူတော်ကောင်းတရားကို လိုချင်သည် မှာလည်း မေ္မစ္ဆန္ဒသာ ဖြစ်ပါသည်။)

† ခေမံ ပတ္ထေထ တိက္ခဝေါတိ ဧတ္ထ ကတ္တုကမျတာ ကုသလစ္ဆန္ဒ ပတ္ထနာ၊အယမေဝဇ္ဇခာဓိပ္ပေတာ။ (မူလပဏ္ဏသ အဋ္ဌကထာ)

နိဗ္ဗာန် အဖြေ ပြီး၏။

ရုပ်ဝိုင်း-ပကိဏ္ဏက

●

● ရုပ်သည် ကမ္မဇ, အကမ္မဇ, နေဝကမ္မဇ နကမ္မဇရုပ်အားဖြင့် သုံးမျိုးပြား၏။

ထိုတွင် ကမ္မဇရုပ်ကား - ဣန္ဒြိယရုပ် ဂ-ခု၊ ဟဒယ ဝတ္ထုအားဖြင့် ဧကန် ၉-ခု၊အဝိနိဗ္ဘောဂရုပ် ဂ-ခု၊အာကာသဓာတ်-ဇာတိအားဖြင့် အနေကန် ၁၀-ခု၊ပေါင်း ၁၉-ခုတည်း။ (ဥပစယ သန္တတိ-ဟူသော ဇာတိရုပ်ကို ဓာတ်ကထာကြီးများ အလို စတုဇထည်းမှာ ပရိယာယ် အားဖြင့်သွင်းယူသည်။) အကမ္မဇရုပ်ကား-စိတ္တဇ,ဥတုဇ,အာဟာရဇ ရုပ်တို့တည်း။ ။နေဝကမ္မဇ နှ ကမ္မဇရုပ်ကား-ဇရတာ, အနိစ္စတာ ၂-ပါးတည်း။

● ရုပ်သည် စိတ္တဇ, အစိတ္တဇ, နေဝစိတ္တဇ နှ စိတ္တဇရုပ်အားဖြင့် လည်း သုံးမျိုးပြား၏။

ထိုတွင် စိတ္တဇကား-ဧကန်အားဖြင့် ဝိညတ်ဒွေး၊ အနေကန်အားဖြင့် အဝိနိဗ္ဘောဂရုပ် ဂ-ခု၊ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ခု၊ သဒ္ဒ,ဇာတိ,အာကာသဓာတ်အားဖြင့် ၁၄-ခု၊ ပေါင်း ၁၆-ခုတည်း။ အစိတ္တဇကား - ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်တို့တည်း။ နေဝစိတ္တဇ နှ စိတ္တဇကား-ဇရတာ, အနိစ္စတာ ၂-ပါးတည်း။

● ရုပ်သည် ဥတုဇ, အနုတုဇ, နေဝဥတုဇ နှ ဧတုဇ ရုပ်အားဖြင့် လည်း သုံးမျိုးပြား၏။

ထိုတွင်-ဥတုဇကား-အဝိနိဗ္ဘောဂရုပ် ဂ-ခု၊ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ ၃-ခု၊ သဒ္ဒ, အာကာသဓာတ်, ဇာတိ အားဖြင့် ၁၄-ခုတည်း။ အနုတုဇ ရုပ်ကား-ကမ္မဇ, စိတ္တဇ, အာဟာရဇ ရုပ်တို့တည်း။နေဝဥတုဇနဥတုဇရုပ်ကား-ဇရတာ,အနိစ္စတာ ၂-ပါးတည်း။

● ရုပ်သည် အာဟာရဇ, အနာဟာရဇ, နေဝ အာဟာရဇ အနာဟာရဇ ရုပ်အားဖြင့်လည်း သုံးမျိုးပြား၏။

ထိုတွင် အာဟာရဇကား - အဝိနိဗ္ဘောဂရုပ် ဂ-ခု၊ ရူပဿလဟုတာ,မုဒုတာ,ကမ္မညတာ ၃-ခု၊ဇာတိ,အာကာသဓာတ်အားဖြင့် ၁၃-ခုတည်း။ အနာဟာရဇကား-ကမ္မဇ,စိတ္တဇ,ဥတုဇရုပ်တို့တည်း။ နေဝ အာဟာရဇ အနာဟာရဇကား - ဇရတာ, အနိစ္စတာ ၂-ပါးတည်း။

- ရုပ်သည် (က) ဒိဋ္ဌ ရုပ်, သုတ ရုပ်, မုတ ရုပ်, ဝိညာတ ရုပ်။ (ခ) ဒွါရဝတ္ထု ၂-ပါး မည်သောရုပ်၊ ဒွါရသာမည်၍ ဝတ္ထု မ,မည်သောရုပ်၊ ဝတ္ထုသာမည်၍ ဒွါရ မ,မည်သောရုပ်၊ ဒွါရ ဝတ္ထု ၂-ပါးလုံး မ,မည်သောရုပ်။ (ဂ) ဒွါရ ဣန္ဒြိယ ၂-ပါး မည်သောရုပ်၊ ဒွါရသာမည်၍ ဣန္ဒြိယ မ,မည်သောရုပ်၊ဣန္ဒြိယ သာမည်၍ ဒွါရ မ,မည်သောရုပ်၊ ဒွါယ-ဣန္ဒြိယ ၂-ပါး လုံး မ,မည်သောရုပ်။ (ဃ) ဝတ္ထု-ဣန္ဒြိယ ၂-ပါးမည်သောရုပ်၊ ဝတ္ထုသာမည်၍ ဣန္ဒြိယ မ, မည်သောရုပ်၊ ဣန္ဒြိယသာ မည်၍ ဝတ္ထု မ,မည်သောရုပ်၊ ဝတ္ထု-ဣန္ဒြိယ ၂-ပါးလုံး မ,မည်သော ရုပ်။ (င) ဒွါရ-ဣန္ဒြိယ ဝတ္ထုမည်သောရုပ်၊ ဒွါရသာမည်၍ ဣန္ဒြိယဝတ္ထု မ,မည်သောရုပ်၊ ဝတ္ထုသာမည်၍ ဣန္ဒြိယ-ဒွါရ မ,မည်သောရုပ်၊ ဣန္ဒြိယသာမည်၍ ဝတ္ထု-ဒွါရ မ,မည်သော ရုပ်။ ဒွါရ,ဣန္ဒြိယ,ဝတ္ထုသုံးပါးလုံး မ,မည်သောရုပ်-ဟု ငါးစု ပြား၏။ ထိုတွင်—

(က) ဒိဋ္ဌရုပ်ကား-ရူပါယတနတည်း။သုတရုပ်ကား-သဒ္ဒါယတန တည်း။ မုတရုပ်ကား-ဂန္ဓ, ရသ, ဖောဗ္ဗာယတနတည်း။ ဝိညာတရုပ် ကား-ကြွင်းသော ပသာဒရုပ် ငါးခု၊ သုခုမရုပ် သောဋ္ဌသတည်း။

(ခ) ဒွါရ ဝတ္ထု ၂-ပါးမည်သော ရုပ်ကား - ပသာဒရုပ် ငါးပါး တည်း။ဒွါရသာမည်၍ ဝတ္ထု မ,မည်သောရုပ်ကား-ဝိညတ်ဒွေးတည်း။ ဝတ္ထုသာမည်၍ ဒွါရ မ,မည်သော ရုပ်ကား-ဟဒယဝတ္ထုတည်း။ ဒွါရ ဝတ္ထု ၂-ပါးလုံး မ,မည်သောရုပ်ကား-ဤမှကြွင်းသောရုပ်များတည်း။

(ဂ) ဒွါရ,ဣန္ဒြိယ ၂-ပါးမည်သော ရုပ်ကား-ပသာဒရုပ် ငါးပါး တည်း။ ဒွါရသာမည်၍ ဣန္ဒြိယ မ,မည်သော ရုပ်ကား - ဝိညတ်ဒွေး

တည်း။ ဂုန္ဒြိယသာမည်၍ ဒွါရမ, မည်သော ရုပ်ကား - ဂုတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ-တို့တည်း။ ဒွါရ-ဂုန္ဒြိယ ၂-ပါးလုံး မ,မည်သော ရုပ်ကား-ဤမှကြွင်းသော ရုပ်များတည်း။

(၈) ဝတ္ထု-ဂုန္ဒြိယ ၂-ပါးမည်သော်ရုပ်ကား-ပသာဒရုပ်ငါးပါး တည်း။ ဝတ္ထုသာမည်၍ ဂုန္ဒြိယ မ,မည်သော ရုပ်ကား-ဟဒယဝတ္ထု တည်း။ ဂုန္ဒြိယသာမည်၍ ဝတ္ထု မ,မည်သော ရုပ်ကား-ဂုတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေ တို့တည်း။ ဝတ္ထု-ဂုန္ဒြိယ ၂-ပါးလုံး မ,မည်သော ရုပ်ကား-ဤမှကြွင်းသော ရုပ်များတည်း။

(၉) ဒွါရ-ဂုန္ဒြိယ-ဝတ္ထုမည်သော ရုပ်ကား-ပသာဒရုပ် ငါးပါး တည်း။ဒွါရသာမည်၍ ဂုန္ဒြိယဝတ္ထု မ,မည်သော ရုပ်ကား-ဝိညတ်ဒွေး တည်း။ဝတ္ထုသာမည်၍ ဂုန္ဒြိယဒွါရ မ,မည်သောရုပ်ကား-ဟဒယဝတ္ထု တည်း။ ဂုန္ဒြိယသာမည်၍ ဝဉ္ဇုဒွါရ မ,မည်သော ရုပ်ကား-ဂုတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဇီဝိတိန္ဒြေတို့တည်း။ ဒွါရ-ဂုန္ဒြိယ-ဝတ္ထု သုံးပါးလုံး မ,မည်သော ရုပ်ကား-ဤမှကြွင်းသော ရုပ်များတည်။

{ဤသို့စသော သရုပ်ခွဲနည်းအကျယ်များကိုအဘိဓမ္မာဝတာရ၌ ရှုကြပါကုန်။}

ကောဋ္ဌာသ ၄၂-ပါးတွင် ပြည့်, ကျင်ငယ်, အစာဟောင်း, အစာသစ် ဤလေးပါးသည် ဥတုဇ၊ ပါစကဘေဇောသည် ကမ္မဇ၊ ထွက်သက်, ဝင်သက်သည် စိတ္တဇ— (ဧကဇရုပ် ၆-ပါး)

ခွေး, နှပ်, မျက်ရည်, တံတွေး ဤလေးပါးသည် စိတ်, ဥတုကြောင့် ဖြစ်သောကြောင့် (ဒွိဇရုပ် ၄-ပါး) ဤမှ ကြွင်းသော ၃၂-ပါးသော ရုပ်တို့သည် စတုဇရုပ်ဟူ၍ မှတ်ကြပါကုန်။

ရုပ်ဝိုင်း ပကိဏ္ဏက အဖြေ ပြီး၏။

ရုပ်ဝိုင်း အဖြေ ပြီးပြီ။

သမုစ္စည်းပိုင်း

အကုသလသင်္ဂဟ အဖြေ

●

● အဘယ့်ကြောင့် သမုစ္စယသင်္ဂဟ-မည်ပါသနည်း။

၁၂၇၁-ဖြေ။ ။"ဝတ္ထုမ္မေ သံကေတော ဥစ္စိယန္တိ သမ္ဗိဏ္ဍိယန္တိ ဧတ္ထောတိ သမုစ္စယော။သမုစ္စယော စ သော သင်္ဂဟောစာတိ သမုစ္စယ သင်္ဂဟော" ဟူသော ဝစနတ္ထနှင့်အညီ ၇၂-ပါးသော ဝတ္ထုမ္မေ သလက္ခဏ တရားတို့ကို အတူတကွ ပေါင်းစည်းရာ သင်္ဂဟ ဖြစ်သော ကြောင့် သမုစ္စယသင်္ဂဟ-မည်ပါသည်။

{"ယထာယောဂံ သဘာဝ ဓမ္မာနံ ဧကေကသမုစ္စယဝသေန ယောဂါနုရုပတော" ဟူသော ဋီကာနှင့်အညီ ၇၂-ပါးသော တရားတို့ကို တ ပေါင်း ဘည်း ပေါင်း စည်း ခြင်း ကို မ ယူ ဘဲ အကုသလ သမုစ္စယ စသည် သင့်လျော်ရာ ပေါင်းစည်းခြင်းမျိုး ကိုသာ ယူလေ။}

● "ဒွါသတ္တတိဝိဓာ ဇုတ္တာ" ဟူသော သင်္ဂဟလာ ဂါထာဖြင့် ဒွါသတ္တတိအရကို ရေတွက်ပြပါ။

၁၂၇၂-ဖြေ။ ။ဒွါသတ္တတိ အရကား-စိတ်တခုယုတ်ကိုးဆယ်ကို အာရမ္မဏ ဝိဇာနန သဘောတူ၍ တခု၊ စေတသိက် ဒွေးပညာသ, နိပ္ပန္ဒရုပ် အဥာရသ,နိဗ္ဗာန်အားဖြင့် ၇၂-ပါး ဖြစ်ပါသည်။ (ဋီ)

● ဒွါသတ္တတိဝိဓာ-အရ အနိပ္ပန္ဒရုပ် တဆယ်ကို အဘယ့်ကြောင့် မယူရပါသနည်း။

၁၂၇၃-ဖြေ။ ။အနိပ္ပန္ဒရုပ်တို့သည် နိပ္ပန္ဒရုပ်တို့၏အခိုက်အတန့်မျှ သာဖြစ်၍ ဝတ္ထုမ္မေ သလက္ခဏ မဟုတ်သောကြောင့် ဒွါသတ္တတိဝိဓာ အရတွင် အနိပ္ပန္ဒရုပ်တို့ကို မယူရပါ။

{"ဝတ္ထုမ္မေ သလက္ခဏာ"ဟူသော ပါဌ်ဖြင့် အနိပ္ပန္ဒရုပ် တို့ကို နစ်စေသည်။ ၎င်းတို့သည် ကိုယ်ပိုင်လက္ခဏာမရှိ။}

● မိဿကသင်္ဂဟတွင် နိဗ္ဗာန် ပါ,မပါ အကြောင်းပြ၍ ဖော်ပြပါ။

၁၂၇၄-ဖြေ။ ။နိဗ္ဗာန်သည် ဟိတ်, ဈာနင် စသော ၇-ပါးသော အစုတို့၌ မပါသောကြောင့် မိဿကသင်္ဂဟတွင် နိဗ္ဗာန် မပါပါ။

† နိဗ္ဗာနဉ်ဗုဓ နလဗ္ဘတိ၊ဟေတွာဒီသု သတ္တသု ကောဌာသေသု အနန္တောဂဓတ္တာ။ (ဇူ)

● နောက်ဆုံး သဗ္ဗသင်္ဂဟ၌ အနိပ္ပန္နရုပ်များ ပါ,မပါ စီစစ်ခဲ့ပါ။

၁၂၇၅-ဖြေ။ ။နောက်ဆုံးသဗ္ဗသင်္ဂဟ၌ အနိပ္ပန္နရုပ်များ ပါဝင်ပါသည်။ သို့ပါဝင်လျှင် ဒွါသတ္တတိဝိဓာ အရေအတွက်ကို ဆိုရခြင်းသည် အကျိုးမရှိသလို ဖြစ်သော်လည်း သီးခြားလက္ခဏာ မရကောင်းသော အနိပ္ပန္နရုပ်တို့ကို သီးခြားလက္ခဏာရကောင်းသော နိပ္ပန္နရုပ်ထည်းမှာ ထည့်သွင်း ရေတွက်ထားသောကြောင့် ဒွါသဘ္ဘတိဖြစ်နေသည်။ ခွဲခြား ရေတွက်လျှင်ကား-ဒွါသီတိ (၈၂) ဖြစ်သည်ဟု ပြရခြင်း အကျိုးရှိပုံကို အက်ုရဆရာက အကျိုးရှာပြ၏။ပရမတ္ထဒီပနီဆရာကား-သဗ္ဗသင်္ဂဟ-၌ အနိပ္ပန္နရုပ်များ ပါဝင်နေသောကြောင့် "ဒွါသတ္တတိဝိဓာ၊ ဝဘ္ဘုဓမ္မာ သလက္ခဏာ" ဆိုရခြင်းသည် အကျိုးမရှိဟု မိန့်တော်မူ၏။

† ပစ္ဆိမေ သဗ္ဗသင်္ဂဟေ အနိပ္ပန္န ရူပါနိပိ အဓိပ္ပေတာန်ဧဝ။
(ပရမတ္ထဒီပနီ)

● အဘယ်အနက်ကြောင့် အာသဝ-မည်ပါသနည်။

၁၂၇၆-ဖြေ။ ။ရှည်မြင့်စွာသော ကာလပတ်လုံး ထုံခြင်း ရှိသော အနက်,ထူထပ်သော အနက်ကြောင့်၎င်း၊အိုင်းအမာမှ မန်းရည်, ပြည်စေးများယိုစီးသကဲ့သို့၊စက္ခုစသောဒွါရခြောက်ပါးမှ ရူပါရုံအစရှိသော အာရုံခြောက်ပါး၌ ယိုစီးတတ်သောကြောင့်၎င်း၊ ဘုံအားဖြင့် ဘဝဂ် (နေဝသညာ နာသညာ) တိုင်အောင် ဓမ္မအားဖြင့် ဂေါတြဘူ တိုင်အောင်ပြန့်နှံ့၍ဖြစ်တတ်သောကြောင့်၎င်း အာသဝ-မည်ပါသည်။
(ဦ)

[“နိဗ္ဗတ္တိဌာနဘူတေစ ဘဝဂ္ဂေ ဂေါတြဘုမှိစ အာရမ္မဏ ဘူတေ ပဝတ္တန္တီ” ဋီကာကို ထောက်၍ ဖြစ်ရာဌာန အားဖြင့် ဘဝင်တိုင်အောင်, ဂေါတြဘူ တိုင်အောင်ကား-အာရုံပြုသော အားဖြင့်ဖြစ်သည်ကိုယူ။ သမ္ပယုတ်အားဖြင့်ဖြစ်သည်ကိုမယူနှင့်။]

- အာသဝါ-၌ အာ-သဒ္ဒါ ဘယ်အနက် ရှိသည်ကိုရင်း၊ ဤ၌ လိုအပ်သော အနက်ကိုရင်း ခွဲခြား၍ ညွှန်ပြပါ။

၁၂၇၇-ဖြေ။ ။အာသဝါ-၌ အာ-သဒ္ဒါသည် ပိုင်းခြားခြင်း အဝဓိ (အပါဒါန်) အနက် ရှိပါသည်။ ထိုအဝဓိသည် ကြိယာကို အပပြု၍ ပိုင်းခြားရာဖြစ်သော မရိယာဒ အဝဓိ, ကြိယာ၏ နှံ၍တည်ရာဖြစ်သော အဘိဝိဓိအဝဓိ အစွမ်းအားဖြင့် ၂-ပါးရှိပါသည်။ ထိုတွင် “အာပါဋလိ ပုတ္တာ ဝုဋ္ဌော ဒေဝေါ” ကား-မိုးရွာခြင်းကြိယာ ပါဋလိပုတ်ပြည်ကို မရောက်၊ ပါဋလိပုတ်ပြည်မှ မိုးရွာခြင်းကြိယာကို အပပြု၍ ဖြစ်သော ကြောင့် မရိယာဒ အဝဓိ-မည်၏။ ‘အာဘဝဂ္ဂါသဒ္ဒေါ အဗ္ဘုဂ္ဂတော’ ကား-ကျော်စောသံသည် ဘဝင်ကိုပြန့်နှံ၍ တည်သောကြောင့် အဘိဝိဓိ အဝဓိ-မည်၏။ ထို ၂-မျိုးတွင် အာသဝါ-၌ အာ-သဒ္ဒါကား-ဘဝင်ဘုံကို ပြန့်နှံ၍ဖြစ်သောကြောင့် အဘိဝိဓိ အဝဓိမျိုး ဖြစ်ပါသည်။

(ဋီ)

- ဘဝင်နှင့် ဂေါတြဘူကို နှံ၍ဖြစ်တတ်သော မာန-စသော အခြားသောတရားများ ရှိပါလျက်၊ ဤတရားသုံးပါးကိုသာလျှင် အဘယ့်ကြောင့် အာသဝ-ဟု ဆိုပါသနည်း။

၁၂၇၈-ဖြေ။ ။ငါ၏ ကိုယ်, ငါ၏ ဥစ္စာ-ဟု မှားသောအားဖြင့် စွဲလမ်းခြင်း၏ အစွမ်းဖြင့် အလွန် နှံ၍ ဖြစ်တတ်သော ကြောင့်ရင်း၊ သတ္တဝါတို့၏ ယစ်ခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့်ရင်း၊ မုဒရက် သီးရည် အစရှိသော အရက်နှင့် တူသောကြောင့်ရင်း၊ ထိုတရားသုံးပါး တို့သည်သာလျှင် အာသဝ၏အဖြစ်ဖြင့်ထင်ရှားပါသည်။ (ရုဋ္ဌိဟူလို) ထိုကြောင့် အခြားသော မာန-စသောတရားများကို အာသဝ-ဟု မဆိုဘဲ ဤတရားသုံးပါးကိုသာလျှင် အာသဝ-ဟု ဆိုပါသည်။

{ဂေါတြဘူမှ တပါးသော ဝေါဒါန်,ပရိကံ စသော တရား များ, မဂ်, ဖိုလ် နောင်ဘဝင်များ အာသဝ၏ အာရုံ ဟုတ်, မဟုတ် စီစစ်ချက်ကို မစိုးရိမ် ညဝါအဖြေမှာ ရှုပါ။}

● အာသဝေါတရား လေးပါးတို့၏ တရားကိုယ်ကို အ သီး သီး ကောက်ပြါ။

၁၂၇၉-ဖြေ။ ။ကာမဂုဏ်ငါးပါးတို့၌ လိုချင် တပ်မက်တတ်သော တဏှာရာဂသည် ကာမာသဝ-မည်၏။ ရှုပ,အရှုပဘုံတို့၌ ဖြစ်သော ဆန္ဒရာဂ (လွန်ကဲသော ရာဂ) သည် ဘဝါသဝ-မည်၏။ဒိဋ္ဌီ ၆၂-ပါး သည် ဒိဋ္ဌာသဝ-မည်၏။ သစ္စာလေးပါးတို့၌ဌင်း၊ အတိတ်ဖြစ်သော ခန္ဓာအာယတနဓာတ် အစွန်း(ပုဗ္ဗန္တ)၌ဌင်း၊အနာဂတ်ဖြစ်သော ခန္ဓာ အာယတနဓာတ်အစွန်း(အပရန္တ)၌ဌင်း၊အတိတ်,အနာဂတ်ဖြစ်သော ခန္ဓာအာယတနဓာတ် အစွန်း (ပုဗ္ဗန္တာ ပရန္တ) ၌ဌင်း၊ ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂-ပါး တို့၌ဌင်း ဤ (ဂ) ဌာနတို့၌ မသိခြင်း မောဟ သည် အဝိဇ္ဇာသဝ-မည်၏။ (အကုဉ်းအားဖြင့် လောဘ, ဒိဋ္ဌိ, မောဟ ပင် တည်း။ အာသဝ, ဩဃ, ယောဂ တရားကိုယ် အတူ။) (ဌီ)

● သဗ္ဗညုတညာဏ်ဟု ဆိုသည့်အတိုင်း အလုံးစုံကို သိသင့်သိထိုက် ပါလျက်၊ အဘယ့်ကြောင့် သံသရာ၏ ရှေအစွန်းကို မသိပါ သနည်း။

၁၂၈၀-ဖြေ။ ။သံသရာ၏ရှေအစွန်းမရှိသောကြောင့်ပင် သဗ္ဗညုတ ညာဏ်က သံသရာ၏ ရှေအစွန်းကို မသိခြင်း ဖြစ်ပါသည်။

† တဿာ အဝိဇ္ဇမာနတ္တာယေဝ သဗ္ဗညုတညာဏဿပိ အပ္ပညာ ယန ဘာဝတော။ (ဇူ)

● ထိုသို့ သံသရာ၏ ရှေအစွန်းကို မသိလျှင် သဗ္ဗညု - ဟူသော အမည်နှင့် အဘယ်သို့ လိုက်လျောနိုင်မည်နည်း။

၁၂၈၁-ဖြေ။ ။သံသရာ၏ရှေအစွန်းမရှိသည်ကို မရှိဟူ၍ပင် သိခြင်း သည် သဗ္ဗညုတညာဏ်၏ကိစ္စပင်ဖြစ်၍ ထိုသို့မရှိဟူ၍ပင်သိသောကြောင့် သဗ္ဗညု-ဟူသော အမည်နှင့် လိုက်လျောပါသည်။

† တဉ်ဲ သဗ္ဗညုတညာဏံ အဝိဇ္ဇမာန ဘာဝေနေဝ ဇာနာတိ၊ ဣဒဉ္ဇ ဇာနနံ သဗ္ဗညုတ ညာဏကိစ္စမေဝ။ (ဇူ)

● ဆန္ဒရာဂ, ဈာနနိကန္တိ ရာဂ, သဿတဒိဋ္ဌိ သဟဂတ ရာဂ သုံးပါးအထူးကို ရေးခဲ့ပါ။

၁၂၈၂-ဖြေ။ ။ဆန္ဒရာဂသည် ဥပပတ္တိဘဝတို့၌ ဖြစ်သော ရာဂ ဖြစ်ပါသည်။ဈာနနိကန္တိ ရာဂသည် ကမ္မဘဝ၌ဖြစ်သော ရာဂ ဖြစ်ပါသည်။သဿတဒိဋ္ဌိ သဟဂတ ရာဂသည် ဘဝဒိဋ္ဌိ သဟဂတ ရာဂ ဖြစ်ပါသည်။ ဤသို့ထူးပါသည်။ {ဤ ရာဂသုံးပါးကား - ဘဝါသဝေါ-ဟူသောပုဒ်၌ အကျုံးဝင်သော ရာဂများ ဖြစ်သည်။}

† တတ္ထ ပဌမော ဥပပတ္တိဘဝေသု ရာဂေါ, ဒုတိယော ကမ္မ ဘဝေ, တတိယော ဘဝဒိဋ္ဌိ သဟဂတော။ (ဋီ)

● အာသဝ တရားတို့သည် ဘုံအားဖြင့် ၃၁-ဘုံ အကုန်လုံးဖြစ်နိုင်ပါလျက် ဓမ္မအားဖြင့် လောကီ တရားများမှာသာ ဖြစ်၍ လောကုတ္တရာတရားများမှာ အဘယ့်ကြောင့် မဖြစ်ပါသနည်း။

၁၂၈၃-ဖြေ။ ။လောကုတ္တရာ တရားများသည် အလွန် အရှိန်အစော်ကြီးသောကြောင့် အာသဝတို့သည် လောကီတရားများမှာသာ ဖြစ်၍ လောကုတ္တရာ တရားများမှာ မဖြစ်နိုင်ပါ။ (ပူ လောင် သော သံတွေခဲ ယင်မနားရဲသကဲ့သို့ မှတ်ပါ။)

† ဓမ္မတော ပန လောကီယဓမ္မမေဝ ဗျာပေတွာ ပဝတ္တန္တိ၊ နလောကုတ္တရဓမ္မံ မဟာတေဇဝန္တတ္တာ။ (ဇူ)

● ဩဃ, ယောဂ-တို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

၁၂၈၄-ဖြေ။ ။သတ္တဝါတို့ကိုလွှမ်းမိုး၍ အောက်သို့ ဆောင်တတ်သောကြောင့်ရင်း၊ ဝဋ္ဌဆင်းရဲအောက်၌ နစ်မွန်းစေတတ်သောကြောင့်ရင်း၊ ရေအယဉ်နှင့်တူသောကြောင့်ရင်း ဩဃ-မည်ပါသည်။ ဝဋ္ဌဆင်းရဲ၌ရင်း၊ ဘဝ တည်းဟူသော ယန္တရားစက်၌ရင်း သတ္တဝါတို့ကို ကံ၏

အကျိုးတရားနှင့်ယှဉ်စေတတ်သောကြောင့်၎င်း၊ဘဝတပါး စသည်ကို ဘဝတပါး စသည်တို့နှင့်၎င်း၊ ဝဋ္ဋဒုက္ခနှင့်၎င်း၊ သတ္တဝါတို့ကို ယှဉ်စေတတ်, ဖွဲ့ချည်တတ်သောကြောင့်၎င်း ယောဂ-မည်ပါသည်။ (၄)

● ကာယဂန္ထ, သီလဗ္ဗတပရာမာသံ, ဇာဒံသစ္စာ ဘိနိဝေသ-တို့၏ အဓိပ္ပာယ်ကို အသီးသီး ရေးခဲ့ပါ။

၁၂၀၅-ဖြေ။ ။နာမကာယနှင့်ရူပကာယတို့ကိုလည်း၊ ပစ္စုပ္ပန်ကာယနှင့် အနာဂတ်ကာယကိုလည်း ဖြေနိုင်ခက်အောင် ရစ်ပတ်တတ်သောကြောင့် ကာယဂန္ထ-မည်ပါသည်။ နွားတို့၏အလေ့,နွားတို့၏အကျင့် သဘော စသည်ဖြင့် သံသရာမှစင်ကြယ်သည်ဟု သဘောမဟုတ်သော အားဖြင့်စွဲလမ်းခြင်းသည်သီလဗ္ဗတပရာမာသ-မည်ပါသည်။ငါ၏အယူသည်သာလျှင် မှန်၏။တပါးသော အယူသည် မမှန် အချည်းအနှီးသာတည်း-ဟု မြဲမြံစွာစွဲလမ်းခြင်းသည် ဇာဒံသစ္စာဘိနိဝေသ-မည်ပါသည်။ (၃)

{“ပရတော အာမာသော ပရာမာသော”။ မှားသော အားဖြင့် သုံးသပ်စွဲလမ်း ထင်မှားခြင်းသည် ပရာမာသ၊ တရားကိုယ်ကား-ဒိဋ္ဌိစေတသိက်သာတည်း။}

● နာမကာယနှင့် ရူပကာယ-အရ အဘယ်နာမ်နှင့် အဘယ်ရုပ်ကို ယူရမည်နည်း။

၁၂၀၆-ဖြေ။ ။နာမကာယ-အရ သဟဇာတ, ပဋိဆာတာဒိပစ္စည်းဖြစ်သော နာမ်ကို ယူရပါမည်။ ရူပကာယ-အရ သဟဇာတ, ပုရေဇာတပစ္စည်းဖြစ်သောရုပ်ကို ယူရပါမည်။ (၄)

● ပစ္စုပ္ပန်ကာယနှင့် အနာဂတ် ကာယ-အရ အဘယ်ကို ယူရမည်နည်း။

၁၂၀၇-ဖြေ။ ။ပစ္စုပ္ပန်ကာယ-အရ အကြောင်းဖြစ်သော ပစ္စုပ္ပန်နာမကာယကိုလည်း၊ ရူပကာယကိုလည်း၊ နှစ်ပါးစုံကိုလည်း ယူရပါမည်၊ အနာဂတ်ကာယ-အရ အကျိုးဖြစ်သော အနာဂတ် နာမကာယကိုလည်း၊ ရူပကာယကိုလည်း၊ နှစ်ပါးစုံကိုလည်း ယူရပါမည်။ (၄)

● နာမကာယ,ရူပကာယ,နာမရူပကာယ သုံးပါးတို့တွင် အဘယ်ကာယဖြင့် အဘယ်ကာယကို ရစ်ပတ်တတ်ပါသနည်း။

၁၂၈၈-ဖြေ။ ။နာမကာယဖြင့် နာမကာယကိုရင်း၊နာမရူပကာယကိုရင်းရစ်ပတ်တတ်ပါသည်၊ရူပကာယကိုမရစ်ပတ်တတ်ပါ။ရူပကာယဖြင့် နာမရူပကာယကိုသာ ရစ်ပတ်တတ်ပါသည်။ နာမကာယကိုရင်း၊ ရူပကာယကိုရင်း မရစ်ပတ်တတ်ပါ။ နာမရူပကာယဖြင့်ကား-သုံးပါးလုံးကို ရစ်ပတ်တတ်ပါသည်။ (၉)

● ဘုံပိုင်းလာ အဘိဇ္ဈာ,ဗျာပါဒနှင့် သမုစ္စည်းပိုင်းလာ အဘိဇ္ဈာကာယဂန္ထ, ဗျာပါဒ ကာယဂန္ထတို့သည် အဘယ်သို့ ထူးပါသနည်း။

၁၂၈၉-ဖြေ။ ။ဘုံပိုင်းလာ အဘိဇ္ဈာ'ဗျာပါဒတို့ကား-လောဘ, ဒေါသ အကြမ်းစားတည်း။ ဤသမုစ္စည်းပိုင်းလာအဘိဇ္ဈာကာယဂန္ထ, ဗျာပါဒ ကာယဂန္ထတို့ကား-အကြမ်း,အနုဖြစ်သော လောဘ,ဒေါသ အကုန်လုံးတည်း။ ဤသို့ ထူးပါသည်။

● သီလဗ္ဗတ ပရာမာသ, ဣဒံသစ္စာဘိနိဝေသ - တို့၏ အထူးကို ရေးခဲ့ပါ။

၁၂၉၀-ဖြေ။ ။နွားကျင့် ခွေးကျင့်-ဟူသော အလေ့အကျင့်ဆိုးကို မှန်သည်ဟု ထင်မှား သုံးသပ်ခြင်းသည် သီလဗ္ဗတ ပရာမာသ။ ထို သီလဗ္ဗတပရာမာသ အယူသည်သာလျှင်မှန်သည်၊တပါးသောသူတို့၏ အယူများကား-အမှားချည်းသာဟု ထိုအယူမှားကို ထပ်မံစွဲလမ်းခြင်းသည် ဣဒံသစ္စာဘိနိဝေသ ဤသို့ ထူးပါသည်။

{ဝါတို့ဗုဒ္ဓဘာသာသာမှန်သည်၊တပါးသော ဘာသာများကား - အမှားချည်းသာ-ဟု ယူခြင်းကား-မိစ္ဆာဒိဋ္ဌိ သဘောမဟုတ်၍ ဣဒံသစ္စာဘိနိဝေသ-ဟု မဆိုရ။ သမ္မာဒိဋ္ဌိကိုစွဲမြဲစွာ ယူခြင်းမျိုးဖြစ်၍ အဝေစ္စပသာဒမျိုးသာ-ဟု ဆိုရမည်။}

● "စတ္တာရောဂန္တာအာဘိဇ္ဈာကာယဂန္တာ"ဦ့ အပေါင်းသန်္ဂ
ကိုပြသောအခါ ကာယသဒ္ဒါ မပါဘဲ အစိတ် သင်္ချေယျကို ပြ
သောအခါမှ အာဘယ့်ကြောင့်ကာယသဒ္ဒါပါလာရပါသနည်း။
၁၂၉၁-ဖြေ။ ။ထိုးဖွဲ့အပ်သော ဂန္တနကြိယာ၏ကံကို ပြလိုသော
ကြောင့် အစိတ်သင်္ချေယျကို ပြသောအခါမှ ကာယသဒ္ဒါ ပါလာရ
ပါသည်။

● ဥပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်၏ အဓိပ္ပာယ်ကို
အသီးသီး ရေးခဲ့ပါ။

၁၂၉၂-ဖြေ။ ။မြွေသည် ဖားကိုမြှိုမြိုစွာ ဖမ်းယူသကဲ့သို့ အာရုံကို
ပြင်းစွာ,မြဲမြံစွာစွဲလမ်းဘဟ်သောကြောင့် ဥပါဒါန်-မည်ပါသည်။ငါ၏
ဤနွားတို့၏အလေ့,နွားတို့အကျင့် စသည်ဖြင့် သံသရာမှ စင်ကြယ်သည်
ဟု သံသရာမှ စင်ကြယ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် ထို ဂေါသီလ,
ဂေါဝတ စသည်တို့ကို ပြင်းစွာစွဲလမ်းခြင်းသည် သီလဗ္ဗတုပါဒါန်-မည်
ပါသည်။ တိဏ္ဍိတို့သည် ကြိုဆအပ်သော ၂၀-သော အတ္တ(သက္ကာယ
ဒိဋ္ဌိ)ကို ဆိုကြောင်းဖြစ်သော မှားသောအယူသည်ပင်လျှင် အတ္တဝါဒု
ပါဒါန်-မည်ပါသည်။ (ဋီ)

{"သန္တေဝါ ကာယော သက္ကာယော၊သက္ကာယေ ပဝတ္တာ
ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ"ဟူသော ဝစနတ္ထနှင့်အညီ ပရမတ္ထအားဖြင့်
ထင်ရှားရှိသော ဥပါဒါနက္ခန္ဓာငါးပါးသည် သက္ကာယ၊ထိုခန္ဓာ
ငါးပါးဦ့ ငါ,သူတပါး-ယောက်ျား,မိန်းမ စသည်ဖြင့်မှားသော
အားဖြင့် စွဲယူခြင်းသည် ဒိဋ္ဌိ၊ ၂-ပါးကိုပေါင်း၍ သက္ကာယဒိဋ္ဌိ
ခေါ်ရသည်။ ဥပါဒါနက္ခန္ဓာ ငါးပါး အပေါင်းဦ့ ကာရက,
ဝေဒက, သာမိအနေမျိုးဖြင့် စွဲလမ်းမှုကိုသာ သက္ကာယဒိဋ္ဌ-ဟု
ဆိုလိုသည်။ ငါသွားတယ်, ငါလာတယ် စသည်ဖြင့် ပြောဆို
ခြင်းမျိုးကား-သက္ကာယဒိဋ္ဌိ မဟုတ်။}

● "ကာမောယေဝ ဥပါဒါနံ-ကာမေ ဥပါဒိယတီတိ ဝါကာမု
ပါဒါနံ"ဟူသော ဋီကာပါဠိဦ့ ကာမသဒ္ဒါ ၂-ခုတို့သည် အရ
တူသဖြင့်လာ,ထူးသလော ရှင်းလင်းခဲ့ပါ။

၁၂၉၃-ဖြေ။ ။ထူးပါသည်၊ကာမောယေဝ-၌ ကာမ-အရကား-ဘဏ္ဍာကို ရပါသည်။ ကာမေ-၌ ကာမ-အရကား-တေဘူမက တရား ကို ရပါသည်။ ဤသို့ ထူးကြပါသည်၊ မတူပါ။

{!ကာမာသဝ-၌ ကံ့ာမတဏှာကိုသာ ယူသကဲ့သို့၊ ကာမူ ပါဒါန်၌ ကာမတဏှာကိုသာ မယူဘဲ ကာမ-အရ တေဘူမက ဓမ္မကိုသာ အလိုရှိအပ်သောကြောင့်၎င်း၊ ကာမုပါဒါန်ကို မဂ် လေးပါးဖြင့် ပယ်သတ် အပ်သော ကြောင့်၎င်း၊ ရူပ တဏှာ, အရူပ တဏှာတို့ကိုလည်း ယူအပ်သောကြောင့် ကာမုပါဒါန် အရ ကာမ,ရူပ,အရူပတဏှာသုံးပါးတို့ကိုပင် ယူပါ။} (၄)

● တရားကိုယ်မှာ ဒိဋ္ဌစေတသိက် တ ခု တည်းဖြစ်လျက် ဒိဋ္ဌိ ပါဒါန်, သီလဗ္ဗတ ပါဒါန်, အတ္တဝါဒ ပါဒါန်-ဟု အဘယ့် ကြောင့် သုံးမျိုးခွဲ၍ ဟောပါသနည်း။

၁၂၉၄-ဖြေ။ ။ဖြစ်ပုံ အခြင်းအရာ ထူးသောကြောင့် သုံးမျိုးခွဲ၍ ဟောပါသည်။

† ဒိဋ္ဌိပါဒါဒိနံဝိယ ပဝတ္တာကာရဘေဒေန စ ဘိန္နဘံ။
(၄-ပစ္စည်းပိုင်း သမ္မယုတ္တပစ္စည်းအဖွင့်)

● အဘယ့်ကြောင့် နိဝရဏ-မည်ပါသနည်း။

၁၂၉၅-ဖြေ။ ။ဈာန်, ဝိပဿနာ, မဂ် အစရှိသည်တို့၏အနှောင့်အယှက်ဖြင့် ဖြစ်ထိုက်သော ကုသိုလ်စိတ်ကို တားမြစ်တတ်, ထို့ဈာန်, ဝိပဿနာ, မဂ် အစရှိသည်တို့၏ အဖြစ်ဖြင့် ဖြစ်ခွင့်ကို မပေးတတ် သောကြောင့်၎င်း၊ ပညာမျက်စိကို ဖုံးလွှမ်း ပိတ်ပင်တတ်, တားမြစ်တတ်သောကြောင့်၎င်း နိဝရဏ-မည်ပါသည်။ (၄)

● သဘောအားဖြင့် ပြားသော ထိန, မိဒ္ဓ, ဥဒ္ဓစ္စ, ကုက္ကုစ္စ, နိဝရဏ ၂-ပါးစီကို အဘယ့်ကြောင့် နိဝရဏ တပါးတည်းပြု၍ ဟော ထားပါသနည်း။

၁၂၉၆-ဖြေ။ ။ကိစ္စ အကြောင်း ဆန့်ကျင်ဘက် တူသောကြောင့် နှစ်ပါးစီကို တပါးတည်းပြု၍ ဟောထားခြင်း ဖြစ်ပါသည်။ တူပုံကား-

ထိနနှင့် မိဒ္ဓတို့သည် သမ္ပယုတ် ဖြစ်သောစိတ်၏ တွန့်တိုခြင်းသို့ ရောက်စေခြင်းဟု ဆိုအပ်သော ကိစ္စချင်းတူကြသည်။ ဥဒ္ဓစ္စနှင့်ကုက္ကုစ္စတို့သည် သမ္ပယုတ်ဖြစ်သော စိတ်၏ မငြိမ်မသက်သည်၏ အဖြစ်ကို ပြုခြင်းဟု ဆိုအပ်သောကိစ္စချင်းတူကြသည်။(ကိစ္စတူပုံ)ထိနနှင့်မိဒ္ဓတို့သည်ပျင်းရိခြင်း, ကိုယ်တဆန့်ဆန့်ရှိသည်၏အဖြစ်ဟုဆိုအပ်သောအကြောင်းချင်းတူကြသည်။ ဥဒ္ဓစ္စနှင့် ကုက္ကုစ္စတို့သည် ဆွေမျိုး စည်းစိမ် ပျက်စီးခြင်းစသည်ကို ကြံခြင်းဟု ဆိုအပ်သော အကြောင်းချင်း တူကြသည်။ (အကြောင်းတူပုံ) ထိန၏ ဆန့်ကျင်ဘက်ကား-ဝီရိယ,မိဒ္ဓ၏ ဆန့်ကျင်ဘက်ကား-ဝီရိယပင်။ ဥဒ္ဓစ္စ၏ ဆန့်ကျင်ဘက်ကား-သမထ (သမာဓိ) ကုက္ကုစ္စ၏ ဆန့်ကျင်ဘက်ကား-သမထ (သမာဓိ) ပင်တည်း။ ဤသို့ ဆန့်ကျင့် ဘက်ချင်းလည်း တူကြသည်။ (ဆန့်ကျင်ဘက် တူပုံ) ထို့ကြောင့် ထို ၂-ပါးစီဘို့ကို နီဝရဏ တပါးတည်းပြု၍ ဟောထားခြင်းဖြစ်ပါသည်။

† ကိစ္စာဟာရ ဝိပက္ခာနံ၊ ကေဘ္ဘာ ကေမေဘ္ဘဟိ။
ကတမုဒ္ဓစ္စကုက္ကုစ္စံ၊ ထိနမိဒ္ဓဉ္စ တာဒိနာ။
လီနတာ သန္တတာ ကိစ္စံ၊ တန္ဒီ ဉာတိဝိတက္ကနံ။
ဟေတုဝီရိယသမထာ၊ ဗ္ဗမေ တေသံ ဝိရောဓိနော။
(ဌီ-ပြ ပေါရာဏ)

* ကိစ္စာ-ဟာရ, ဝိပက္ခ, တူမျှကြလေပါ။
* ထိ-မိ-ကိုသာ,တဖြာ ဥဒ်-ကု,တပါးပြု,ဟောမှုနီဝရဏာ။
(သစ်)

● အဘယ့်ကြောင့် အနုသယ-မည်ပါသနည်း၊ ထိုအနုသယ-အရတရားကိုယ်ကိုလည်း ကောက်ပြပါ။

၁၂၉၇-ဖြေ။ ။အပွဟီနဌေန အနု အနု သန္တာနေ သေန္တီတိ အနုသယာ"ဟူသော ဝစနတ္ထနှင့်အညီ မဂ်ဖြင့် မပယ်ရသေးသဖြင့် သတ္တဝါတို့၏သန္တာန်၌ အဖန်တလဲလဲ ဖြစ်တတ်,ကိန်းတတ်သောကြောင့် အနုသယ-မည်ပါသည်။(လျောက်ပတ်သောအာရုံ အစရှိသောအကြောင်း

ကိုရ၍ ဖြစ်ကြသည်ဟု ဆိုလိုပါသည်။)ထိုအနုသယ ကိလေသာဟူသည် မူဆွအားဖြင့် အနာဂတ် ကိလေသာများပင် ဖြစ်ပါသည်။ သဘောအားဖြင့် တူသောကြောင့် အတိတ်, ပစ္စုပ္ပန် ကိလေသာ များကိုလည်း ပရိယာယ်အားဖြင့် အနုသယ ကိလေသာ-ဟု ဆိုနိုင်ပါသေးသည်။

{ပရမတ္ထဒီပနီဆရာကား-အနာဂတသာမည, အနေကန္တ အနာဂတ-ကို ယူလိုသည်။ "ဘူမိလဒ္ဓါ ပန ကိ ံ အတီတာ နာဂတာ ဥဒါဟု ပစ္စုပ္ပန္နာ။ဘူမိလဒ္ဓုပ္ပန္နာ ဧဝ နာမ တေ" ဟူသော ဝိသုဒ္ဓိမဂ် အလိုကား-အနုသယ ကိလေသာဟူသည် ပစ္စုပ္ပန်,အတိတ်,အနာဂတ် မဟုတ်၊ဘူမိလဒ္ဓုပ္ပန္နတမျိုးသာဟု ဆိုလိုသည်။ လောကီ ခန္ဓာငါးပါးကို ရရှိသော ကိလေသာ၏ တည်ရှိ နေခြင်းသည် ဘူမိလဒ္ဓုပ္ပန္န-တည်း၊ ဘူမိလဒ္ဓုပ္ပန္နနှင့် အနုသယကား-အတူတူ။}

† အပ္ပဟီနဋ္ဌေန အနု အနုသန္တာနေ သေန္တီတိ အနုသယာ၊ ဧတေ ပန နိပ္ပရိယာယတော အနာဂတာ ကိလေသာ၊အတီတ ပစ္စုပ္ပန္နာပိ တံ သဘာဝတ္တာ တထာ ဝုစ္စန္တိ။ (ဋီ)

● အနာဂတ်ကိလေသာနှင့် အတိတ်,ပစ္စုပ္ပန်,ကိလေသာတို့သည် ကာလ ပြားသောကြောင့် သဘောလည်း ပြား သင့်လျက် အဘယ့်ကြောင့် "တံသဘာဝတ္တာ" ဟု ဋီကာဆရာ ဆိုပါသနည်း။

၁၂၉၇-ဖြေ။ ။ပရမတ္ထတရားတို့သည် ကာလထူးပြားခြင်းသည်လည်း သဘောထူးပြားခြင်းမရှိသောကြောင့် တံသဘာဝတ္တာ-ဟု ဋီကာဆရာ ဆိုပါသည်။

† န ဟိ ကာလဘေဒေန ဓမ္မာနံ သဘာဝဘေဒေါ အတ္ထိ။ (ဋီ)

● မဂ်ဖြင့် မပယ်ရသေးသော ကိလေသာ ဟူသမျှကိုပင် အနုသယ ဟု ဆိုနိုင်မည်လော။

၁၂၉၉-ဖြေ။ ။မဆိုနိုင်ပါ၊မဂ်ဖြင့် မပယ်ရသေးသော အားအစွမ်းနှင့်ပြည့်စုံသော ကာမရာဂ စသော ကိလေသာမျိုးကိုသာလျှင် အနုသယ-ဟု ဆိုနိုင်ပါသည်။ (ဋီ)

{ဤကိုထောက်၍လည်း ထိန,ဥဒ္ဓစ္စ,အဟိရိက,အနောတ္တပ္ပ တို့မှာ ထာမဂတ မဟုတ်၍ အနဲသယ မ, မည် နိုင် ကြောင်း ထင်ရှားသည်။}

● အဘယ့်ကြောင့် သံယောဇန ကိလေသာ မည်ပါသနည်း။

၁၃၀၀-ဖြေ။ ။သက္ကဝါတို့ကို တုပ်နှောင်ဖွဲ့ချည်တတ်သောကြောင့် သံယောဇဉ်-မည်ပါသည်။စိတ်၏ပူပန်ကြောင်း ဖြစ်သောကြောင့်ရင်း, စိတ်ကို နှိပ်စက် ညှဉ်းဆဲတတ် သောကြောင့်ရင်း ကိလေသာ မည်ပါသည်။

{သံ,ဝံ,ယော-တို့၏အထူးကို မစိုးရိမ် ညဝါအဖြေမှာ ရှုပါ။}

† သံယောဇေန္တိ ဗန္ဓန္တိတိ သံယောဇနာနိ။ ။စိတ္တံ ကိလိဿတိ ဥပကပ္ပတိ ဗာဓိယတိ ဝါ ဧတေဟီတိ ကိလေသော။ (ဌီ)

● ဩရမ္ဘာဂိယ သံယောဇဉ်, ဥဒ္ဓံဘာဂိယ သံယောဇဉ် များကို ခွဲပြပါ။

၁၃၀၁-ဖြေ။ ။သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ ပရာမာသ, ကာမစ္ဆန္ဒ, ဗျာပါဒ ငါးပါးကား- ဩရမ္ဘာဂိယ သံယောဇဉ် မည်ပါသည်။ ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ ငါးပါးကား - ဥဒ္ဓံဘာဂိယ သံယောဇဉ်-မည်ပါသည်။

* ဒိဋ္ဌ-ဝိ-သီ-ကာ, ဗျာ-ငါ ဖြာ, ဩရမ္ဘာဂိယ။

* ရူ-ရူ-ဥဒ်-မာန်, အဝိဇ္ဇာ, ဥဒ္ဓံ-ဘာဂိယ။ (သစ်)

● တဏ္ဍာအစစ် တရာ့ရှစ်ကို ရေတွက်ပြပါ။

၁၃၀၂-ဖြေ။ ။

* သုံးဝတဏ္ဍာ, တည်ထားခါ, အာ-ကာ-သန်နှင့်မြှောက်။

* အစစ်တဏ္ဍာ,ရာ့ရှစ်ဖြာ,ဖြစ်လာ-အမှန်ရောက်။ (သစ်)

● တထောင့်ငါးရာ ကိလေသာကို ရေတွက်ပြပါ။

၁၃၀၃-ဖြေ။ ။

* တေပညာနာမ်,ရုပ် နိပ္ဖန်, တည်ပြန်-လက္ခဏ။

* နှစ်ဝသန္တာန်, မြောက်ပွားပြန်-သတဲ့-ငါးဆယ်ရ။
* ယင်းကိုတဖန်, ကိလေသံ, ဆယ်တန်-မြောက်ပြန်က။
* တထောင့်ငါးရာ, ကိလေသာ, ထိုခါခေါ်တွင်ကြ။ (သစ်)

● အကုသိုလ်စေတသိက်ချင်းအတူတူလောဘစသောစေတသိက်များမှာ ကိလေသာ ဆယ်ပါးတွင် ပါ၍ ဇုသာ, မစ္ဆရိယ, ကုက္ကုစ္စ, မိဒ္ဓတို့မှာ အဘယ့်ကြောင့် ကိလေသာ ဆယ်ပါးတွင် မပါဝင်သနည်း။

၁၃၀၄-ဖြေ။ ။လောဘ, ဒေါသ စသော စေတသိက်များလို သတ္တဝါတို့၏ ဒိဋ္ဌသန္တာန်၌ အဖြစ်မများ၊ အသီးသီး ရံခါသာဖြစ်၍ စိတ်ကို ပူပန်စေခြင်း, ညစ်နွမ်းစေခြင်းသဘော နည်းပါးသောကြောင့် ကိလေသာ ဆယ်ပါးတွင် မပါဝင်ပါ။ (နောက်ဆရာ)

ဇုသာ, မစ္ဆရိယ, ကုက္ကုစ္စ-တို့သည် အနိယတ ယောဂီ, နာနာကဒါစိကစေတသိက်များဖြစ်၍ စိတ်ကိုအမြဲတမ်းပူပန်စေခြင်း,ညစ်နွမ်းစေခြင်း,နှောင့်ယှက်ခြင်းမပြုနိုင်သောကြောင့်၎င်း၊မိဒ္ဓသည် စေတသိက်၏ပူပန်ခြင်း, စေတသိက်ကို ညစ်နွမ်းစေခြင်းသာဖြစ်စေနိုင်၍ စိတ်၏ပူပန်ခြင်း, စိတ်ကိုညစ်နွမ်းစေခြင်း မပြုနိုင်သောကြောင့်၎င်း ထို စေတသိက်လေးများသည် ကိလေသာဆယ်ပါးတွင် မပါဝင်ပါ။ (နောတက္ကော)

{ဤသဘောတို့ကို ဋီကာဋ္ဌ ဖွင့်ဆိုချက် မတွေ့ရ။}

● ကိလေသာ ဆယ်ပါးလုံးပင် အနုသယ, ပရိယုဋ္ဌာန, ဝိတိက္ကမသုံးများ ရသင့်, မရသင့် အကြောင်းချင့်၍ ဆုံးဖြတ်ခဲ့ပါ။

၁၃၀၅-ဖြေ။ ။အကုန်လုံး မရသင့်ပါ၊ လောဘ,ဒေါသ,မောဟ, မာန,ဒိဋ္ဌ,ဝိစိကိစ္ဆာတို့မှာသာသုံးပါးလုံးရသင့်၍၊ထိန,ဥဒ္ဓစ္စ,အဟိရိက အနောတ္တပ္ပတို့ကား-သတ္တဝါတို့သန္တာန်မှာ အစဉ်သဖြင့်ကိန်းအောင်းမှု အနုသယသဘော မရှိသောကြောင့် သုံးပါးလုံး မရသင့်ပါ။
(နောတက္ကော)

- "အာသဝါဒီသု ပနေတ္ထ ကာမဘဝနာမေန တဗ္ဗတ္ထုကာ တဏ္ဍာ အဓိပ္ပေဘာ" စသော သင်္ဂဟစကားကို အဓိပ္ပာယ် ရှင်းလင်းဖော်ပြပါ။

၁၃၀၆-ဖြေ။ ။ကာမ-အရ ဝတ္ထုကာမကို,ဘဝ-အရ ကမ္မဘဝနှင့် ဥပပတ္တိဘဝကို ဟောလိုရင်းဖြစ်သော်လည်း အာသဝ-အရနှင့် အရတူ အောင် ဌာနအာရုံ၏ ကာမဘဝ-ဟူသောအမည်ကိုဌာနီအာရမ္မဏိက တဏ္ဍာပေါ်တင်စား၍ ဌာနူပစာရအားဖြင့် ကာမ-အရ ကာမတဏ္ဍာ, ဘဝ-အရ ဘဝတဏ္ဍာကို အရကောက်ပါဟု ဆိုလိုသည်။ သီလဗ္ဗတ ပရာမာသ,ဇုဒံ သစ္စာဘိနိဝေသ-ဟု အမည် များသော်လည်း ဒိဋ္ဌိ စေတသိက်တခုကိုသာ ယူ-ဟု ဆိုလိုပါသည်။

- သမုစ္စည်းပိုင်း သင်္ဂဟ လေးပါးတို့တွင် အကုသလ သင်္ဂဟကို ရှေးဦးစွာဆို၍၊အကုသလသင်္ဂဟတွင်လည်း အာသဝလေးပါး ကို ရှေးဦးစွာ အဘယ့်ကြောင့် ဆိုပါသနည်း။

၁၃၀၇-ဖြေ။ ။အလုံးစုံသော ပဋိသန္ဓေနေသော ပုဂ္ဂိုလ် တို့အား အကုသိုလ် ဘဝန်ကန္တိ လောဘဇော ရှေးဦးစွာ ဖြစ်သော ကြောင့် အကုသလသင်္ဂဟကို ရှေးဦးစွာ ဆိုပါသည်၊ ထို အကုသလသင်္ဂဟတွင် လည်း အာသဝက်စွသည် သံသရာဘဝစက်၏ ပုံတောင်း (ပဒေါင်း) နှင့် တူသောကြောင့် အာသဝကို ရှေးဦးစွာ ဆိုပါသည်။

{အာသဝ စသည်မှ တပါးသော မာန-စသော ထိုထိုတရား တို့သည် ဘုံအားဖြင့်ဘဝဂ်,ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ဖြစ်မှုစသော အကြောင်းများရှိသော်လည်း ကာမရာဂ စသော တရားတို့သည်သာ အာသဝ,သြဃ,ယောဂ စသောအဖြစ်ဖြင့် ထင်သောကြောင့် ထို ကာမရာဂ စသော တရားတို့ကိုသာ အာသဝ, သြဃ, ယောဂ စသောအမည်ဖြင့် (အထင်ရှင်အား ဖြင့်) ဟောသည်ဟု အကျဉ်းချုပ် မှတ်ပါလေ။} (သခေ်ပ)

- အကုသလ သင်္ဂဟကို သီးခြား ပြသကဲ့သို့ ကုသလ သင်္ဂဟကို အနုရုဒ္ဓါဆရာ အဘယ့်ကြောင့် သီးခြား မပြဆိုပါသနည်း။

၁၃၀၈-ဖြေ။ ။ကုသိုလ် တို့သည် အကုသိုလ်တို့ကဲ့သို့ သီးခြား အသာဓာရဏကိစ္စမရှိ၊ သာဓာရဏကိစ္စသာ ရှိသောကြောင့် ကုသလ သင်္ဂဟကို သီးခြားမပြဆိုပါ။ထို့ကြောင့် အကုသိုလ်,အဗျာတတတို့နှင့် ရောပြွမ်း၍ မိဿကသင်္ဂဟမှာ ပြဆိုပါသည်။

† ကုသလာနံ ပန အကုသလာနံဝိယ ဝိသုံ အသာဓာရဏကိစ္စံ နတ္ထိ၊ တသ္မာ တေသံ သင်္ဂဟံ ဝိသုံ အဝတ္ဝာ အကုသလေဟိ မိဿေတ္ဝာ ဒဿေတုံ မိဿက သင်္ဂဟေ ဗျာဒိ ဝုတ္တံ။

(သခေ်ပ)

● အကုသလသင်္ဂဟတွင် ပြဆိုအပ်သော ၁၄-ပါးသော တရား တို့တွင် လောဘ-ဒိဋ္ဌိ စသည်တို့ကို အဘယ်မျှသော အမည်တို့ ဖြင့် ရေတွက်အပ်ပါသနည်း အသီးသီး ဖော်ပြပါ။

၁၃၀၉-ဖြေ။ ။လောဘကို ၉-ပါး၊ဒိဋ္ဌိကို ၈-ပါး၊မောဟကို ၇-ပါး၊ ဒေါသကို ၅-ပါး၊ဝိစိကိစ္ဆာကို ၄-ပါး၊မာန,ဥဒ္ဓစ္စတို့ကို ၃-ပါး၊ထိနကို ၂-ပါး၊ ကုက္ကုစ္စ, မိဒ္ဓ, အဟိရိက, အနောတ္တပ္ပ,ဇုဿာ,မစ္ဆရိယ-တို့ကို ၁-ပါးစီသော အမည်တို့ဖြင့် အသီးသီး ရေတွက်အပ်ပါသည်။ (ရှာ၍ ရေတွက်လေ မခဲပြီ။)

† နဝဋ္ဌသင်္ဂဟာ လောဘ၊ ဒိဋ္ဌိယော သတ္တသင်္ဂဟာ။
အဝိဇ္ဇာ ပဋိဃောပဉ္စ၊ သင်္ဂဟော စတုသင်္ဂဟာ။
ကခ်ါကိ သင်္ဂဟာ မာနု၊ ဒ္ဓစ္စာ ထိနံ ဒ္ဓိသင်္ဂဟံ။
ကုက္ကုစ္စမိဒ္ဓါဟိရိကာ၊ နောတ္တပ္ပိဿာနိဂူဟနာ။
ဧကသင်္ဂဟိတာ ပါပါ၊ ဇုစ္စေဝံ နဝသင်္ဂဟာ။ (ဋီ)

အကုသလ သင်္ဂဟ အဖြေ ပြီး၏။

မိဿက သင်္ဂဟ အဖြေ

●

● အဘယ့်ကြောင့် မိဿက သင်္ဂဟ-မည်ပါသနည်း။

၁၃၁၀-ဖြေ။ ။"မိဿန္တိ ဧကီဘာဝေန ဘဝန္တီတိ မိဿကာ-မိဿကာနံ သင်္ဂဟော မိဿက သင်္ဂဟော"ဟူသောဝစနတ္ထနှင့်အညီ

ကုသိုလ်,အကုသိုလ်,အဗျာကတအားဖြင့် ရောပြွမ်းကုန်သောတရားတို့ကို အကျဉ်းပေါင်း၍ ရေတွက်ရာ ရေတွက်ကြောင်း သင်္ဂဟ ဖြစ်သောကြောင့် မ်ဿကသင်္ဂဟ-မည်ပါသည်။

● ပါဏာတိပါတကံတခု၌ အဘယ်ချာန်, အဘယ်မဂ်များ ရနိုင်ပါသနည်း။

၁၃၁၁-ဖြေ။ ။ဝိတက်, ဝိစာရ, ဒေါမနဿ, ဧကဂ္ဂတာ - အင်္ဂါလေးပါးနှင့်ပြည့်စုံသော စတုရင်္ဂိကချာန်ကိုဎင်း၊ မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိ အင်္ဂါသုံးပါးနှင့်ပြည့်စုံသော တိယင်္ဂိကမဂ်ကိုဎင်း ရနိုင်ပါသည်။ (ပရမတ္ထဒီပနီ)

● ဝိတက်စသော ချာန်အင်္ဂါငါးပါးတို့သည် ကုသိုလ်,အဗျာကတအရာ၌ ချာန်မည်တန်စေ။ အကုသိုလ်အရာ၌ကား-အဘယ်သို့ ချာန်မည်နိုင်မည်နည်း။

၁၃၁၂-ဖြေ။ ။ပါဏာတိပါတစသော အကုသိုလ်အမှုကိုပြုသော သူတို့၏စိတ်ကို အာရုံ၌ဖြောင့်စွာ ပြုခြင်းမည်သည် ချာန်နှင့်ကင်း၍မဖြစ်နိုင်သောကြောင့်ဎင်း၊ ပါဏာတိပါတ စသော အာရုံကိုကပ်၍ ရှုတတ်သောကြောင့်ဎင်း၊ ပါဏာတိပါတ စသော အကုသိုလ်ကို ပြုလုပ်ရာ၌ ထိုအကုသိုလ်၏အာရုံတို့၌ တည်တံ့စူးရှသော ရှုမှုချာန်နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့်ဎင်း အကုသိုလ်အရာ၌ ချာန်မည်နိုင် (ချာန်ကိုရနိုင်) ပါသည်။ (ချာန်-ဟိတ် မည်ကြောင်းကို စိတ်ပိုင်း, ပကိဏ်းပိုင်းတို့က ပြခဲ့ပြီ။)

† ပါပကမ္မာနိ ကရောန္တာနမ္ပိ စိတ္တဿ အာရမ္မဏေ ဥဇုကရဏံ နာမ ချာနေန ဝိနာ နသိဇ္ဈတိ။ (ပရမတ္ထဒီပနီ)

● ဝိတက်အစရှိသည်တို့ကို အဘယ့်ကြောင့် ချာန်အင်္ဂါဟု ဆိုပါသနည်း။

၁၃၁၃-ဖြေ။ ။ဝိတက် အစရှိသည်တို့သည် တပေါင်းတည်းဖြစ်၍ ကသိုဏ်း စသော အာရုံကိုကပ်၍ ကြံတတ်, ရှုတတ် သော ကြောင့် ထို ဝိတက် စသည်တို့ကို ချာန်၏အင်္ဂါ, ချာန်၏အစိတ်ဟု ဆိုရပါသည်။

{ ထို ဝိတက်စသော ဈာန်အင်္ဂါတို့၏ အပေါင်းကိုပင် ဈာန်-ဟု ဆိုရသည်။ မြေလျှိုးမိုးပျံသည်ကို ဈာန်ဟု မဆိုရ ဟူလို။ }
† ကေတော ဟုတ္တာ ဈာနဘာဝေန။ (ဋီ)

● ကုသိုလ်,အကုသိုလ်,အဗျာတက ဈာနင်များကို ခွဲပြပါ။

၁၃၁၄-ဖြေ။ ။ဒေါမနဿကာဃး-အကုသိုလ် ဈာနင် သက်သက်၊ ကြင်းသောဈာနင်တို့ကား-ကုသိုလ်,အကုသိုလ်,အဗျာကတဈာနင်-တို့ ဖြစ်ပါသည်။

† ဒေါမနဿဥ္စေတ္ထ အကုသလ ဈာနင်္ဂံ၊ သေသာနိ ကုသလာ ကုသလာဗျာကတဈာနင်္ဂါနိ။ (ဋီ)

● အဘယ့်ကြောင့် မဂ္ဂ, အင်္ဂ, မဂ္ဂင်္ဂ-ဟု ခေါ်ဝါသနည်း။

၁၃၁၅-ဖြေ။ ။သုဂတိ-ဒုဂ္ဂတိဘုံ နိဗ္ဗာန်သို့ ရှေ့ရှု ရောက်စေတတ်သောကြောင့် မဂ္ဂ၊ ထိုသုဂတိ-ဒုဂ္ဂတိနိဗ္ဗာန်တို့၏ အကြောင်းဖြစ်သော အစိတ် ဖြစ်သောကြောင့် အင်္ဂ၊ နှစ်ပါးကို ပေါင်း၍ မဂ္ဂင်္ဂ (မဂ္ဂင်) ဟု ခေါ်ပါသည်။

{သမ္မာဒိဋ္ဌိ စသည် တို့ကား - သုဂတိနှင့် နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်၍၊ တနည်း-လောကီ မဂ္ဂင်ကား-သုဂတိသို့ ရောက်ကြောင်း, လောကုတ္တရာမဂ္ဂင်ကား-နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၍ မဂ္ဂင်္ဂ၊ မိစ္ဆာဒိဋ္ဌိ စသည်တို့ကား-ဒုဂ္ဂတိသို့ရောက်ကြောင်း ဖြစ်၍ မဂ္ဂင်္ဂ-မည်သည်ဟု အသီးသီးခွဲ၍မှတ်။ ဒုဂ္ဂတိမဂ္ဂင်-၄၊ သုဂတိမဂ္ဂင်-၈၊လောကီမဂ္ဂင်-၁၂၊လောကုတ္တရာမဂ္ဂင် ၈-ဟု ခွဲ။ ၌ သမ္မာဒိဋ္ဌိ စသော မဂ္ဂင် ၈-ပါးတို့ ကာမာဝစရကုသိုလ် မှာယှဉ်သည်ကိုဂုဏ်း၊လောကီမဂ္ဂင်, လောကုတ္တရာမဂ္ဂင် ၂-မျိုး ရှိသည်ကိုဂုဏ်း သဘောမပေါက် သတိမထားကြ၍ သူပြုသော ကုသိုလ်က လောကီ, ငါပြုသောကုသိုလ်မှ လောကုတ္တရာ-ဟု အငြင်းပွားနေကြသည်။ ထိုသို့ အငြင်းပွားနေသော ပုဂ္ဂိုလ်များ ၌ မဂ္ဂင်ခွဲကို သတိပြုမိကြပါစေ။ သမ္မာဒိဋ္ဌိအပြား စသည်ကို ဋီကာ ယူကြပါကုန်။}

† သုဂတိဒုဂ္ဂတိနံ နိဗ္ဗာနဿစ အဘိမုခံ ပါပနတော မဂ္ဂါ၊ တေသံ ပထဘူတာနိ အင်္ဂါနိ မဂ္ဂဿဝါ အဋ္ဌင်္ဂိကဿ အင်္ဂါနိ မဂ္ဂင်္ဂါနိ။ ။မိစ္ဆာဒိဋ္ဌိအာဒယော ဒုဂ္ဂတိမဂ္ဂတ္တာ မဂ္ဂင်္ဂါနိ။ (ဋီ)

● မိစ္ဆာ ဝါစာ, မိစ္ဆာ ကမ္မန္တ, မိစ္ဆာ အာဇီဝ, မိစ္ဆာသတိ-မဂ္ဂင် လေးပါးကိုသုတ္တန်တို့၌ပြဆိုလျက်၊သင်္ဂြိဟ်ကျမ်း၌အနုရုဒ္ဓါဆရာ အဘယ့်ကြောင့် မပြဆိုပါသနည်း။

၁၃၁၆-ဖြေ။ ။ဤမဂ္ဂင်တို့သည် စေတသိက် သီးခြား တရားကိုယ် မရကောင်း၊ထိုထိုသို့သောအခြင်းအရာအားဖြင့် ဖြစ်သော် အကုသိုလ် နာမက္ခန္ဓာလေးပါးတို့၏ အမည်သာဖြစ်သောကြောင့် သင်္ဂြိဟ်ကျမ်း၌ အနုရုဒ္ဓါဆရာ မပြဆိုပါ။ (ပရမတ္ထဒီပနီ)

● အနညာတညဿာမီတိန္ဒြေ, အညိန္ဒြေ, အညာတာဝိန္ဒြေ-တို့၏ အဓိပ္ပာယ်ကို ရေးခဲ့ပါ။

၁၃၁၇-ဖြေ။ ။အစမထင် သံသရာ၌ တရံတဆစ်မျှ မသိဘူးသေး သောအမြိုက်နိဗ္ဗာန်ကို၊ဝါ-သစ္စာလေးပါးတရားကိုသိအောင်ပြုအံ့-ဟု ကျင့်သော ယောဂီပုဂ္ဂိုလ်၏ ဇုန္ဒြေသည် အနညာတညဿာမီတိန္ဒြေ မည်ပါသည်။သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသောအပိုင်းအခြားကို မလွန်မူ၍ သိတတ်သော ဇုန္ဒြေသည် အညိန္ဒြေ-မည်ပါသည်။ သိအပ် သော သစ္စာလေးပါးတို့ကို သိပြီးသော ရဟန္တာပုဂ္ဂိုလ်၏ ဇုန္ဒြေသည် အညာတာဝိန္ဒြေ-မည်ပါသည်။ တရားကိုယ်အားဖြင့် သောတာပတ္တိ မဂ်၌ရှိသောပညာသည် အနညာတညဿာမီတိန္ဒြေ၊အထက်မဂ်သုံးခု၊ အောက်ဖိုလ် သုံးခု၌ရှိသောပညာသည် အညိန္ဒြေ၊ အရဟတ္တဖိုလ်၌ရှိ သောပညာသည် အညာတာဝိန္ဒြေ-မည်ပါသည်။ (ဋီ)

{"ဤသတိစက္ခုဝိညာဏာဒီနိ အတ္တနောဝသေ ဝတ္တာပန ဝသေန အဘိဘဝတီတိ ဤသိယံ" ဤသ-ဓာတ်၊ ကတ္တား အနက်၌ ဏျ-ပစ္စည်း, နိရုတ္တိ နည်းအားဖြင့် ဇုန္ဒြိယ ပြီးသည်။ "အနမတဂ္ဂေ သံသာရေ အနညာတံ အမတံပဒံ စတုသစ္စမ္မေ မေဝဝါ ဥ ဿာမီတိ ဧဝမဇ္ဈာသယေန ပဋိပန္ဓဿ ဇုန္ဒြိယံ

အနညာ တညဿာမိတိန္ဒြိယံ၊ အာဇာနာတိ ပဌမ မဂ္ဂေန ဒိဋ္ဌ မရိယာဒံ အနတိက္ကမိတ္ဘာ ဇာနာတိ ဣန္ဒြိယဥ္စာတိ အညိန္ဒြိယံ၊ အညာတာဝိနော စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဇိတ္ဘာ ဌိတဿ အရဟတော ဣန္ဒြိယံ အညာတာဝိန္ဒြိယံ" ဟု ဝစနတ္ထပြုလေ။}

● ပညိန္ဒြေ, အနညာတညဿာမိတိန္ဒြေ စသော လေးပါးတို့ဌာ တရားကိုယ်အားဖြင့် ပညာချည်းသာဖြစ်လျက်၊ အဘယ်အကျိုး ငှာ လေးပါးခွဲ၍ ဟောပါသနည်း။

၁၃၁၈-ဖြေ။ ။ဣန္ဒြေ ဖြစ်သော ပညာဓမ္မ၏ သရုပ်ကို ပြခြင်းငှာ ပညိန္ဒြေကို ဟောပါသည်။ ပုဂ္ဂိုလ်၏ အလိုကိုပြခြင်း, ကိစ္စဝိသေသကို ပြခြင်းငှာ အနညာတညဿာမိတိန္ဒြေစသော သုံးပါးကိုဟောပါသည်။

{ပညိန္ဒြေ-အရ လောကီ တိဟိတ်စိတ် ၃၉-ခု၌ ရှိသော ပညာကိုသာကောက်ရိုးဖြစ်သော်လည်း တိဟိတ်စိတ် ၄၇-ခု၌ ရှိသော ပညာကိုလည်း ကောက်ကြသေးသည်။}

† ဓမ္မသရုပဝိဘာဝနတ္ထဥေတ္ထ ပညိန္ဒြိယဂ္ဂဟဏံ၊ ပုဂ္ဂလဇ္ဈာသယ ကိစ္စဝိသေသ ဝိဘာဝနတ္ထံ အနညာ တညဿာမိတိန္ဒြိယာဒီနိ ဂဟဏံ။ (ဋီ)

● ဣန္ဒြေ ၂၂-ပါးတို့၏ ဟောပုံ ဒေသနာ အစဉ်ကို အသီးသီး ဖော်ပြပါ။

၁၃၁၉-ဖြေ။ ။သတ္တဝါဟူ၍ ခေါ်ဝေါ်အပ်သော အက္ခရာအစဉ် ဟု ဆိုအပ်သော နာမပညတ်၏ ထူးသောမှိရာ အကြောင်း ဖြင်သော ကြောင့် အဇ္ဈတ္တိကာယတနဝါးပါးကို အစဉ် ဟောပါသည်။ မနိန္ဒြေကို အဇ္ဈတ္တိကာယတနမျိုးဖြစ်၍ အဇ္ဈတ္တိကာယတန၏ အခြားမဲ့၌ ဆိုသင့် သော်လည်း သုခိန္ဒြေစသော နာမ်ဣန္ဒြေတို့နှင့် တပေါင်းတည်း ပြခြင်း ငှာ ဇီဝိတိန္ဒြေ၏အခြားမဲ့၌ ဆိုပါသည်။ သတ္တဝါ-ဟု ခေါ်ဆိုအပ်သော နာမပညတ်၏ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏အစွမ်းဖြင့် ဣတ္ထိ, ပုရိသ-ဟု ကွဲပြားသောအဖြစ်သို့ ရောက်ခြင်းကိုပြခြင်းငှာ ကာယိန္ဒြေ၏အခြားမဲ့၌

ဘာဝရုပ် ၂-ပါးကိုဟောတော်မူပါသည်။ ဥပါဒိန္ဒ ကမ္မဇရုပ်တရားတို့သည် ဇီဝိတိန္ဒြေ၏အစွမ်းဖြင့်တည်ကြသောကြောင့်၍ဥပါဒိန္ဒကမ္မဇရုပ်တရားတို့၏ တည်ရာအကြောင်းကိုပြခြင်းငှာ ထိုဘာဝရုပ် ၂-ပါးတို့၏အခြားမဲ့၌ဇီဝိတိန္ဒြေကိုဟောပါသည်။သတ္တဝါ-ဟုခေါ်ဝေါ်အပ်သော ဥပါဒိန္ဒ တရားအပေါင်းသည် သန္တာန် အစဉ်၏အစွမ်းဖြင့် ဖြစ်သည်ရှိသော် ၍ဝေဒနာတို့ကြောင့် ညစ်နွမ်းတတ်သည်ဟု ညစ်နွမ်းခြင်း၏အကြောင်းကိုပြခြင်းငှာ မနိန္ဒြေ၏အခြားမဲ့၌ သုခိန္ဒြေစသော ဝေဒနိန္ဒြေ ငါးပါးကို ဟောပါသည်။ ထို ညစ်နွမ်းခြင်း၏ အ ကြောင်း ဖြစ်သော ဝေဒနာတို့မှ စင်ကြယ်ခြင်းကို အလိုရှိကုန်သော ပုဂ္ဂိုလ်ဟို၏ စင်ကြယ်ခြင်း၏ အကြောင်းကို ပြခြင်းငှာ .ထို ဝေဒနိန္ဒြေ ငါးပါး၏ အခြားမဲ့၌ သဒ္ဓိန္ဒြေ အစရှိသော ငါးပါးအပေါင်းကို ဟောပါသည်။ဆည်းပူးအပ်ပြီးသော ဖြူစင်ခြင်း၏ အကြောင်း ဖြစ်သော ကောင်းမှု ရှိကုန်သော သူတော်ကောင်းတို့သည် ၍ အနညာတညဿာမီတိန္ဒြေစသော ဣန္ဒြေသုံးပါးတို့ဖြင့် ညစ်နွမ်းခြင်း၏အကြောင်းဖြစ်သောဝေဒနာတို့မှစင်ကြယ်ကြရသည်ဟု စင်ကြယ်ခြင်း၏ အကြောင်း၏ အဖြစ်ကိုငှင်း၊ စင်ကြယ်ခြင်းသို့ရောက်သည်၏အဖြစ်, ပြီးပြီးသော ကိစ္စရှိသည်၏ အဖြစ်ကိုငှင်း ပြခြင်းငှာ အဆုံး၌ အနညာ တညဿာမီတိန္ဒြေစသော သုံးပါးသော ဣန္ဒြေတို့ကို ဟောတော်မူပါသည်။ (ဌီ)

● "ဒဿနာဒိသု စက္ခုဝိညာဏာဒီဟိ၊ယေဘုယျေန တံ သဟိတ သန္တာနပ္ပဝတ္တိယံ လိဂ်ါဒီဟိ"၌ ဌီကာဆရာ ယေဘုယျသဒ္ဒါ ဆိုရခြင်းအကြောင်းကို ရှင်းလင်းခဲ့ပါ။

၁၃၂၀-ဖြေ။ ။ဣတ္ထိလိင်သည် မိန်းမ တို့အား အမြဲဖြစ်၍၊ ဣတ္ထိနိမိတ္တ,ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပတို့သည် မိန်းမတို့မှာ အများအပြားဖြစ်၍ အနည်းအကျဉ်းအားဖြင့် အချို ယောက်ျား များမှာလည်း ဖြစ်သည်။ ပုရိသလိင်၌လည်း တို့အတူ။ တနည်းအားဖြင့် ဣတ္ထိဥဘတောဗျည်း၌ ပုရိသလိင်လည်းဖြစ်သည်။ ပုရိသဥဘတောဗျည်း၌ ဣတ္ထိလိင်လည်းဖြစ်သည်ကိုရည်၍ ယေဘုယျသဒ္ဒါကို ဌီကာဆရာ ဆိုခြင်းဖြစ်ပါသည်။

{ရှေးနည်း၌ လိင်္ဂကား-နိစ္စ၊ နိမိတ္တ,ကုတ္တ,အာကပ္ပ-တို့သာ ယေဘုယျ၊ နောက်နည်း၌ လိင်္ဂ စသည် လေးပါးလုံး ယေဘုယျ ဟူလို။} (၉)

● စက္ခုစသော ၂၂-ပါးတို့ကိုသာ ဇုန္ဒြိယဒေသနာ၌ ဟောတော်မူ၍၊ ဖဿ, ပထဝီ-စသော တရားတို့ကို ဇုန္ဒြိယ ဒေသနာ၌ အဘယ့်ကြောင့် ဟောတော်မပူပါသနည်း။

၁၃၂၁-ဖြေ။ ။စက္ခုစသော ၂၂-ပါးသော ဇုန္ဒြေတို့ကိုဟောခြင်းဖြင့် အလိုရှိအပ်သောအကျိုးများပြီးစီးခြင်းကြောင့်ဖဿ,ပထဝီစသော တရားတို့ကို ဇုန္ဒြိယဒေသနာ၌မဟောတော့ပါ။သတ္တဝါဟူ၍ ခေါ်ဝေါ်အပ်သော အက္ခရာအစဉ်ဟု ဆိုအပ်သော နာမပညတ်၏ထူးသောမှီရာ အကြောင်း ဖြစ်ခြင်း စသော အကြောင်း များသည်ပင် ထို စက္ခုနှေ့စသော ၂၂-ပါးသော ဇုန္ဒြေတို့ကို ဆိုအပ်ပြီးသောအစဉ်ဖြင့် မြတ်စွာဘုရား ဟောတော်မူခြင်း၏ အကြောင်းရင်း မူလများ ဖြစ်ဝါသည်။

† ဧတ္ထာဝတာ အဓိပ္ပေတတ္ထ သိဒ္ဓီတိ အညေသံ အဂ္ဂဟဏန္တိ ဇုဒ မေတေသံ အနုက္ကမေန ဒေသနာယ ကာရဏံ။ (၉၂)

● ဇုန္ဒြေ ၂၂-ပါးကို ဘုံအားဖြင့် ဝေဖန်ပြပါ။

၁၃၂၂-ဖြေ။ ။ကာမဘုံ၌ အကုန်လုံး။ ရူပဘုံ၌ စက္ခု, သောတ, ဇီဝိတ,မန,သဒ္ဓါ,ဝီရိယ, သတိ,သမာဓိ,ပညာ ၄-ပါး၊ သောမနဿ, ဥပေက္ခာ,ဇုန္ဒြေ ၁၄-ပါး၊အသညသတ်ဘုံ၌ ဇီဝိတိန္ဒြေဘပါး၊အရူပဘုံ၌မန,သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ-၃၊ သောမနဿ,ဥပက္ခော, ဇုန္ဒြေ၁၀-ပါး၊ (ပညာ၃-ကား-အနညာတညဿာဓီတိန္ဒြေကြဉ်) ရပါသည်။ ။တနည်း-စက္ခုအစ ပုရိသအဆုံး ရုပ်ဇုန္ဒြေ ၇-ပါး၊ သုခ,ဒုက္ခ, ဒေါမနဿိန္ဒြေ ပေါင်း ၁၀-ပါးသည် ကာမဘုံ၌ ဖြစ်၏။ ဇီဝိတ,မန, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညိန္ဒြေ ပေါင်း ၈-ပါးသည် ဘုံလေးပါး၌ဖြစ်၏။ သောမနဿိန္ဒြေသည် အရူပမှတပါး ဘုံသုံးပါး၌

ဖြစ်၏။ အနညာ တညဿာမီတိန္ဒေ, အညိန္ဒေ, အညာတာဝိန္ဒေ သုံးပါးတို့ကား-လောကုတ္တရာကုံ၌ ဖြစ်ကြပါသည်။

{ပဌမ နည်းကား-ဂတိတဂ္ဂဟဏနည်း၊ ဒုတိယနည်းကား-အဂ္ဂဟိတဂ္ဂဟဏနည်း တည်း။ နေရာတိုင်း ဤနည်း ၂-မျိုးဖြင့် ရေတွက်နိုင်သည်ဟု မှတ်ပါ။}

● အဘယ့်ကြောင့် ဗိုလ်မည်ပါသနည်း၊ အဟိရိက, အနောတ္တပ္ပ တို့သည် အဘယ်အကြောင်းကြောင့် ဗိုလ်-မည်နိုင်ပါသနည်း။

၁၃၂၃-ဖြေ။ ။အသဒ္ဓိယ, ကောသဇ္ဇ, ပမာဒ, ဥဒ္ဓစ္စ, အဝိဇ္ဇာ, အဟိရိက, အနောတ္တပ္ပ (ဤဆန့်ကျင်ဘက်များကို ဗိုလ် ၇-ပါးနှင့်အစဉ် အတိုင်းဟပ်) ဟု ဆိုအပ်ကုန်သော ဆန့်ကျင်ဘက် တရားတို့သည် မတုန်လှုပ်စေနိုင်သောကြောင့်၎င်း၊ သမ္ပယုတ်တရားတို့၌ မြဲမြံစွာ ဖြစ်သည်၏အဖြစ်ကြောင့်၎င်း၊ ဤအကြောင်း ၂-ပါးကြောင့် သဒ္ဓါစသော ၇-ပါးတို့သည် ဗိုလ်-မည်ပါသည်။ အဟိရိက, အနောတ္တပ္ပ ၂-ပါးတို့သည် သမ္ပယုတ်တရားတို့၌ မြဲမြံစွာဖြစ်သည်၏အဖြစ်ဟု ဆိုအပ်သော အကြောင်းတပါးကြောင့်သာ ဗိုလ်-မည်ပါသည်။ ဆန့်ကျင်ဘက်တရားတို့သည် မတုန်လှုပ်စေနိုင်သော အကြောင်းကြောင့်ကား-ဗိုလ် မ,မည်နိုင်ပါ။

[ထိုဗိုလ်တွင်ဝီရိယ,သမာဓိဗိုလ်တို့သည်ကုသိုလ်,အကုသိုလ်, အဗျာကတ၊ အဟိရိက,အနောတ္တပ္ပတို့သည် အကုသိုလ်၊ကျန်သောဗိုလ်တို့သည် ကုသိုလ်,အဗျာကတ-တို့ဖြစ်ကြသည်။}

† အဟိရိက အနောတ္တပ္ပဒွယံ ပန သမ္ပယုတ္တ ဓမ္မေသု ထိရဘာဝေ နေဝ။ (ဋီ)

● အဟိရိက, အနောတ္တပ္ပ အကုသိုလ် ၂-ပါးတို့သည် အဘယ့်ကြောင့် "သမ္ပယုတ္တေသု ထိရဘာဝ" ကြောင့်သာ ဗိုလ်-မည်ပါသနည်း၊ဟိရီ-ဩတ္တပ္ပတို့သည်၎င်းတို့နှင့်ဆန့်ကျင်ဘက်ဖြစ်၍ "ပဋိပက္ခဓမ္မေဟိ အကမ္ပိယဋ္ဌ" ကြောင့်လည်း ဗိုလ် မည်သင့်သည် မဟုတ်ပါလော။

၁၃၂၄-ဖြေ။ ။အကုသိလ်တရားတို့ကို ကုသိုလ်တရားတို့က ပယ်အပ်သောကြောင့် ကုသိုလ်ဖြစ်သော ဟိရီ,ဩတ္တပ္ပတို့ကအကုသိုလ်ဖြစ်သော အဟိရိက, အနောတ္တပ္ပတို့ကို တုန်လှုပ်စေနိုင်နေသောကြောင့် 'ပဋိပက္ခေဟိ အကမ္မိယဉ္ဇ'အကြောင်းကြောင့် ဗိုလ်မ,မည်နိုင်တော့ပါ။ ("ပဋိပက္ခဓမ္မေဟိ ကမ္မိယဉ္ဇ" ဖြစ်နေသည် ဟူလို။) ထို့ကြောင့် ထို အဟိရိက,အနောတ္တပ္ပတို့သည် 'သမ္မယုတ္တေသု ထိရဘာဝ' အကြောင်းတပါးကြောင့်သာ ဗိုလ် မည်နိုင်တော့သည်ဟု ဆိုလိုပါသည်။

† အကုသလာနံ ကုသလေဟိ ပဟာတဗ္ဗ ဘာဝေန ကမ္မေ တဗ္ဗတော။ (၄)

● အဘယ်သို့ သဘော ရှိသော တရားသည် အဓိပတိ - မည်ပါသနည်း။

၁၃၂၅-ဖြေ။ ။မိမိနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော သမ္မယုတ်တရားတို့၏ အစိုးရအရှင်သခင် အကြီးအမှူးဖြစ်ကုန်သော ဆန္ဒ,စိတ္တ,ဝီရိယ, ဝီမံသတရား ခုလေးပါးတို့သည် အဓိပတိ - မည်ပါသည်။ ထို အဓိပတိတရားတို့သည် မိမိနှင့်စပ်၍ဖြစ်ကုန်သော သမ္မယုတ်တရားတို့ကို အစိုးရပါသည်။

† အတ္တာဓိနပ္ပဝတ္တိနံ ပတိဘူတာ ဓမ္မာ အဓိပတိ။ (၄)

● အဓိပတိကိစ္စ တပ်သော ဝီရိယနှင့် အဓိပတိကိစ္စ မတပ်သော ဝီရိယစေတသိက်တို့၏ တရားကိုယ်ကို အသီးသီးကောက်ပြပါ။

၁၃၂၆-ဖြေ။ ။မောဟမူဒ္ဓေး,ဟသိတုပ္ပါဒ်ကြဉ်သော သာဓိပတိဇော ၅၂-ခုဖြစ်သော ဝီရိယစေတသိက်သည် အဓိပတိကိစ္စတပ်သော ဝီရိယ၊ ပဉ္စဒ္ဒါရာဝဇ္ဇန်း, ဒွိပဉ္စဝိညာဏ်တဆယ်, သမ္ပဋိစ္ဆိုင်ဒွေး, သန္တီရဏ သုံးခုကြဉ်သော စိတ် ၇၃-ခုဖြစ်သော ဝီရိယစေတသိက်သည် အဓိပတိကိစ္စမတပ်သော ဝီရိယ-ဖြစ်ပါသည်။

● မောဟမူဒ္ဓေးသည် ဇောဖြစ်ပါလျက် အဘယ့်ကြောင့် အဓိပတိမတပ်ပါသနည်း။

၁၃၂၇-ဖြေ။ ။မောဟမူဒွေးသည် ဇော-ပင်ဖြစ်သော်လည်း မူလ တပါးကင်း၍ အလွန်တွေဝေသောကြောင့် အဓိပတိ မတပ်ပါ။

† မူလန္တရ ဝိရဟေန အတိဝိယ ဘမ္မုဋ္ဌတ္တာ။ (ဇူ)

● ဟသိတုပွာဒ် စိတ်သည်လည်း ဇော-ပင် ဖြစ်လျက်၊ အဘယ့်ကြောင့် အဓိပတိ မတပ်ပါသနည်း။

၁၃၂၈-ဖြေ။ ။ဟသိတုပွာဒ် စိတ်သည် ဇော-ပင်ဖြစ်သော်လည်း ယှဉ်ဖော်ယှဉ်ဘက်သမွယုတ်ဟိတ်မရှိသောကြောင့် အဓိပတိမတပ်ပါ။

{ဧကဟိတ် ဇောများပင် အဓိပတိ မတပ်လျှင် အဟိတ်ဖြစ်သော ဟသိတုပွာဒ် ဇောမှာကား - ဆိုဘွယ်ရာမရှိ၊ မတပ်နိုင်သည်သာ ဖြစ်သောကြောင့် "ဧကဟေတု ကေသု" ဟူသော ဦကာစကားဖြင့် အဟိတ်ဇော၏ အဓိပတိ မတပ်ပုံ ကိုလည်း ပြပြီးသားဖြစ်၍ အဟိတ်ဇောအတွက် ဦကာဆရာအထူးမဆိုဟု မှတ်လေ။} (ဇူ)

● လောကီကုသိုလ်တို့သည် မိမိတို့၏ဝိပါက်စိတ်တို့အား အဓိပတိ ပစ္စည်းကိုမရစေနိုင်ဘဲလျက် လောကုတ္တရာ ကုသိုလ်တို့သည် မိမိတို့၏ ဝိပါက်စိတ်တို့အား အဘယ့်ကြောင့် အဓိပတိ ပစ္စည်းကို ရစေနိုင်ပါသနည်း။

၁၃၂၉-ဖြေ။ ။လောကီ ကုသိုလ်တို့သည် ကုသိုလ်ကိုအားထုတ်ရာ ကာလက တခြား, အကျိုပေးရာကာလက တခြားဖြစ်၍ အကျိုးပေးရာ ကာလ ဝေးသောကြောင့် မိမိတို့၏ဝိပါက်စိတ်တို့အား အဓိပတိပစ္စည်း ကို မရစေနိုင်ပါ။ လောကုတ္တရာ ကုသိုလ်တို့မှာကား - ထိုသို့မဟုတ်ဘဲ ကုသိုလ်ပြုစဉ်အခါက ဖြစ်သော ထို သဒ္ဓါ,ဝီရိယ,သတိ,သမာဓိ,ပညာ တို့ မဋ္ဌိမ်းစဲမီ မဂ်၏ အခြားမဲ့ ဌ်သာလျှင် အကျိုးဝိပါက်ကို ဖြစ်စေနိုင် သောကြောင့် မိမိတို့၏ အကျိုးဝိပါက်စိတ်တို့အား အဓိပတိ ပစ္စည်းကို ရစေနိုင်ပါသည်။ (ဇူ)

● အဓိပတိနှင့် ဈာန်ဒြိယ အစိုးရခြင်း အဘယ်သို့ ထူးပါသနည်း။
၁၃၃၀-ဖြေ။ ။မိမိ အဓိပတိ တပ်နေခိုက် အခြားသော အဓိပတိ ဘရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ မိမိသာအစိုးရသည့်၏အဖြစ် သည် အဓိပတိအစိုးရခြင်းမျိုး ဖြစ်ပါသည်။ (ဥပမာ-ဆန္နအဓိပတ်ဘပ် နေခိုက် တပါးသော စိတ္တ,ဝိရိယ,ဝိမံသတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ မိမိဆန္ဒ တဦးတည်းသာ အစိုးရခြင်း သဘောမျိုး ဖြစ်ပါသည်။ အဓိပတိကဉ္စုံ-၈ပါး တပါးစီသာ ဘပ်သည်၊ ၂-ပါး, ၃-ပါး, ၄-ပါး တပြိုင်တည်း အဓိပတိ တပ်ရိုးမရှိ၊ စိတ္တ, ဝိရိယ, ဝိမံသတို့မှာလည်း ထို့အတူပင်။)

မိမိနှင့်တကွဖြစ်သော တရားတို့ကို မိမိတဦးတည်း အစိုးမရ၊ တပါးသော ဈာန်ဒြိများ အစိုးရမှု ရှိနေသော်လည်း မိမိနှင့်စပ်သောဘရားများ ကိုသာ မိမိအလိုသို့ လိုက်စေခြင်း သဘော, အစိုးရခြင်း သဘောမျိုး သည် ဈာန်ဒြိယအစိုးရခြင်းမျိုး ဖြစ်ပါသည်။ (ဈာန်ဒြိယကာား-မိမိတို့စပ်ရာ တရားများကို မိမိတို့အလိုသို့လိုက်စေ၍ ၄-ပါး,၅-ပါးစသည်ဖြင့်တပြိုင် တည်း အစိုးရနိုင်ကြပါသည်။) ဤသို့ထူးပါသည်။ (ဋီ)

{တပါးသော အဓိပတိတရားတို့၏ အဓိပတိအဖြစ်ကို တားမြစ်၍ အစိုးရခြင်းသည် အဓိပတိ၊တပါးသော ဈာန်ဒြိတို့၏ ဈာန်ဒြိ အဖြစ်ကို မတားမြစ်ဘဲ အစိုးရခြင်းသည် ဈာန်ဒြိ၊ ဤသို့ ထူးသည် ဟူလို။}

* တဦးတည်းပိုင်သ, အစိုးရ, မှတ်ကြ-ဓိပတိ။
* မိမိဆိုင်ရာ, စိုးရပါ, မှတ်ရာ-ဈာန်ဒြိ။ (သစ်)

● ဝိရိယ,စိတ္တ,ဝိမံသ သုံးပါးတို့ကို အဓိပတိ၏အဖြစ်ဖြင့် အဘယ့်ကြောင့် ဆိုပါသနည်း၊ ထိုသုံးပါးတို့သည် ဈာန်ဒြိအဖြစ်ကို မစွန့်ဘဲဖြစ်ခြင်းကြောင့် ဈာန်ဒြိယကိစ္စ၏ အစွမ်းဖြင့် သူတပါး၏ အလိုသို့လည်း လိုက်နေရသည် မဟုတ်ပါလော။

၁၃၃၁-ဖြေ။ ။လိုက်နေရသည်မှန်သော်လည်း အဓိပတိကိစ္စကား တခြား, ဈာန်ဒြိယကိစ္စကား တခြားဖြစ်၍ ဤသို့ လိုက်ခါမျှဖြင့် အဓိပတိ မဟုတ်ဟူ၍လည်း မဆို၊ ဈာန်ဒြိယကိစ္စ၏ အစွမ်းဖြင့် သူတပါးအလိုသို့

လိုက်နေသည်ဟုလည်း မဆိုရပါ။ထို့ကြောင့် ထိုသုံးပါးကို အဓိပတိ၏ အဖြစ်ဖြင့် ဆိုပါသည်။ စကြဝတေးမင်းသည် ပုရောဟိတ်ထံမှာ မြတ်သော အတတ် တခုကို သင်ယူသော်လည်း စကြဝဘေးမင်းကိစ္စကား တပါး, အတတ်သင်ယူခြင်းကိစ္စကား တပါးသာဖြစ်၍၊ ဤ သင်ယူခါမျှဖြင့် စကြဝတေးမင်း မဟုတ် ဟူ၍လည်း မဆိုရ။ ထိုမင်းသည် အတတ်သင်ယူခြင်းဖြင့် ပုရောဟိတ်အလိုသို့ လိုက်နေရသည်ဟူ၍လည်း မဆိုရသကဲ့သို့ပင် ဖြစ်သည်။

{အဓိပတိကိုအပ္ပနာဇော-ဆဒ္ဒိသတို့၌ အမြဲရှု၍၊လောဘမူး ဒေါသမူ, မဟာကုသိုလ်, မဟာကြိုယာ စိတ်တို့၌ ရံခါ ရပြီး ကြင်းသောစိတ်တို့၌ မရပါ။} (ပရမတ္ထဒီပနီ-အင်္ဂုရ)

❀ အာဟာရ၏ အဓိပ္ပာယ်နှင့်တကွ ထို အာဟာရကို၏ ဆောင်ပုံအသီးသီးကိုလည်း ဖော်ပြပါ။

၁၃၃၂-ဖြေ။ ။သြဇာလျှင် ရှစ်ခုမြောက်သော အာဟာရ, အဋ္ဌကလာပ်ရှင် စသည်ကို ဆောင်တတ်သောကြောင့် အာဟာရ-မည်ပါသည်။ ကဗဠီကာရာဟာရသည် သြဇာလျှင် ရှစ်ခုမြောက်သော အဋ္ဌကလာပ်ရှင်ကို ဆောင်ပါသည်။ ဖဿာဟာရသည် ဝေဒနာသုံးပါးကို ဆောင်ပါသည်။မနောသဉ္စေတနာဟာရ-ဟု ဆိုအပ်သော ကုသိုလ်, အကုသိုလ်သည် ဘဝသုံးပါးဦး ပဋိသန္ဓေကို ဆောင်ပါသည်။ ဝိညာဏာဟာရ-ဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်သည် သဟဇာတ်ဖြစ်သော နာမ်, ရုပ်တို့ကို ဆောင်ပါသည်။

† သြဇဋ္ဌမက ရူပါဒယော အာဟာရန္တိ အာဟာရော။ (ဋီ)

• ကဗဠီကာရ, အာဟာရကား, အဋ္ဌရုပ်, ဖဿံမည်ရှိ, တြိဝေဒနာ, သဉ္ဇေနာကား, သုံးဖြာတဝ, ဆောင်ကြပဋိသ, ဝိညာဏ်မှာ, ရုပ်-နာမ်နှစ်, ဆောင်ကုန်ကြသည်, သည်မျှဟာရာ-အထူးတည်း။ (သစ်)

- ဆောင်တတ်သောကြောင့် အာဟာရ ဆိုရာ၌ အဘယ်သို့ ဆောင်သည်ကို ဆောင်သည်ဟု ဆိုပါသနည်း၊ ဝန်ကို ဆောင်ယူသကဲ့သို့ ဆောင်ခြင့်းမျိုးကို ဆိုပါသလော။

၁၃၃၃-ဖြေ။ ။မဟုတ်ပါ၊ ထောက်ပံ့ခိုင်စေခြင်းသဘော, ဖြစ်စေခြင်း သဘောကိုပင် ဆောင်သည်ဟု ဆိုပါသည်။ (ဋီ-စသည်)

- မိမိတို့၏ ပစ္စယုပ္ပန် တရားများကို ဆောင်တတ်သော စေတနာစသော တပါးသော တရားများရှိလျက် ဤတရား လေးပါးကို သာလျှင် အဘယ့်ကြောင့် အာဟာရ-ဟု ဆိုပါသနည်း။

၁၃၃၄-ဖြေ။ ။ရှိသော်လည်း အဇျဘွိကသန္တာန်၏ ထူးကဲသော အကြောင်းဖြစ်သောကြောင့် ဤတရားလေးပါးကိုသာလျှင် အာဟာရ ဟု ဆိုပါသည်။ ချဲပြအံ့–ကံ, စိတ်, ဥတု ကြောင့်ဖြစ်သော ရူပကာယသည် ကဗဋီကာရာဟာရ ထောက်ပံ့မှုကြောင့်သာလျှင် ၁၀-နှစ်, အနှစ် ၂၀-စသည်ဖြင့် တည်တံ့နိုင်ပါသည်။ ထို့ကြောင့် ကဗဋီကာရာဟာရသည် ကဗဋီကာရာဟာရလျှင် အစာရှိကုန်သော ကာမသတ္တဝါတို့၏ ရူပကာယ၏ ထူးသောအကြောင်းဖြစ်ပါသည်။ ထို့ကြောင့် ထို ကဗဋီကာရာဟာရကို နှိုထိန်း, အိမ်ကို ထောက်ကန်သော (ကျား) နှင့် တူသည်ဟု အဋ္ဌကထာ၌ ဆိုပါသည်။ ဖဿာဟာရ သည်လည်း သုခဝေဒနာစသော သုံးပါးသော ဝေဒနာတို့၏တည်ရာဖြစ်သော အာရုံကို တွေ့ထိမှသာလျှင် သုခစသောဝေဒနာတို့ဖြစ်နိုင်သဖြင့် သတ္တဝါတို့၏ ကြာမြင့်စွာတည်ခြင်းငှာ ထူးသောအကြောင်းတခု ဖြစ်ပါသည်။မနောသဉ္ဇေတနာဟာရသည် ကုသိုလ်, အကုသိုလ်ကံ၏အစွမ်းဖြင့်အားထုတ်မှသာလျှင် ဥပပတ္တိဘဝ၏အကြောင်းရင်းဖြစ်သော ပဋိသန္ဓေကို ပြီးစေတတ်သောကြောင့် သတ္တဝါတို့၏ သုံးပါးသောဘဝ၌ တည်ခြင်း၏ ထူးသောအကြောင်းတခု ဖြစ်ပါသည်။ဝိညာဏာဟာရသည် အာရုံကို အထူးသဖြင့်သိ၍ ရုပ်, နာမ်ကိုဖြစ်စေခြင်းဖြင့်သတ္တဝါတို့၏တည်ခြင်းငှာ အကြောင်းထူးတခု ဖြစ်ပါသည်။ ထို့ကြောင့် ဤတရားလေးပါးကိုသာ

လျှင် အာဟာရဟုဆိုခြင်းဖြစ်ပါသည်။ဖဿောဒုတိယောစသောအစဉ်သည် ဒေသနာက္ကမသာဖြစ်သည်။ဥပပတ္တိက္ကမကား-မဟုတ်ဟုမှတ်ပါ။

† အဇ္ဈတ္တိကသန္တတိယာ ပန စိသေသ ပစ္စယတ္တာ ဗ္ဗမေယေဝ စတ္တာရော အာဟာရာတိ ဝုတ္တာ။ (ဋီ)

● ဥပါဒိန္ဒ ကဗဋီကာရာဟာရ, အနုပါဒိန္ဒ ကဗဋီကာရာဟာရ များကို ခွဲပြပါ။

၁၃၃၅-ဖြေ။ ။မြွေ စသည်တို့ မျိုအပ်သော ဖား-စသောသတ္တဝါ တို့သည် ဥပါဒိန္ဒ ကဗဋီကာရာဟာရ၊ လူ, စသည်တို့ စားသောက်အပ်သော ထမင်း စသည်တို့သည် အနုပါဒိန္ဒ ကဗဋီကာရာဟာရ ဖြစ်ပါသည်။ (သံယုတ် အဋ္ဌကထာ)

● အာဟာရလေးပါးကို ဘုံပုဂ္ဂိုလ်အားဖြင့် ဝေဖန်ပြပါ။

၁၃၃၆-ဖြေ။ ။ကာမဘုံမှာ လေးပါးလုံးရပါသည်။အသညသတ်ကြဉ်သော ရူပ, အရူပ ဘုံတို့မှာ နာမ် အာဟာရ သုံးပါး ရပါသည်။ အသညသတ် ဘုံ၌ကား-ပစ္စယာဟာရကို ရပါသည်။ ပုဂ္ဂိုလ်အားဖြင့် "သဗ္ဗေသတ္တာ အာဟာရဋ္ဌီတိကာ" ဟု ဆိုခြင်းကြောင့် ပုဂ္ဂိုလ်တိုင်း အာဟာရကို ရနိုင်ပါသည်။

{အသညသတ်ဗြဟ္မာတို့ ရအပ်သော ပဉ္စမဈာန်သည်ပင် ပစ္စယာဟာရ ဖြစ်သည်။ငရဲသားတို့ကား-ကမ္မာဟာရ ရသည်။ ကမ္မာဟာရ ဆိုသည်ကား-စေတနာဟာရပင် ဖြစ်သည်။}

† တတ္ထ အသညီဘဝေ ပစ္စယာဟာရော လဗ္ဘတိ။

(အဂ်ုတ္တိုရ်-အဋ္ဌကထာ)

† တေသံ(ထိုငရဲသားတို့အား)ကမ္မမေဝ အာဟာရော ။ (၎င်း)

● ဒွေးပဉ္စဝိညာဏ် ၁၀-တို့၌ အဘယ့်ကြောင့် ဈာနင်တို့ကို မရအပ်ပါသနည်း၊ ထို ဒွေးပဉ္စဝိညာဏ် ၁၀-ပါးတို့၌ ဥပေက္ခာ, သုခ,ဒုက္ခ ဝေဒနာတို့ ရှိသည်မဟုတ်ပါလော။

၁၃၃၇-ဖြေ။ ။ဒွေးပဉ္စဝိညာဏ် ၁၀-ပါးတို့၌ ဥပေက္ခာ,သုခ,ဒုက္ခ ဝေဒနာတို့ရှိသော်လည်း ဒွေးပဉ္စဝိညာဏ် ၁၀-တို့မှာ သဘောအား

ဖြင့် ဝိတက်ကင်းနေသဖြင့် အဘိနိရောပန သဘောမရှိ၊ အာရုံ၌ရှေရှုကျ ကာမျှဖြစ်၍ ထိုဒွေးပဥ္စဝိညာဏ် ၁၀-၌ရှိသော ဥပေက္ခာ, သုခ-ဒုက္ခ ဝေဒနာတို့ကို အာရုံသို့ကပ်၍. ရှုခြင်း, ကျခြင်း အခြင်းအရာ မရှိသော ကြောင့် ဒွေးပဥ္စဝိညာဏ်၌ ဈာနင်တို့ကို မရအပ်ပါ။

{သဘောအားဖြင့် ဝိတက်ကင်းသောကြောင့် အာရမ္မဏာဘိနိရောပနသဘော မရှိ၊ မရှိသောကြောင့် အာရမ္မဏာဘိနိပါတ မတ္တမျှသာ ဖြစ်သောကြောင့် ဥပနိဇ္ဈာနာကာရမရှိ၊ မရှိသော ကြောင့် ဒွေးပဥ္စဝိညာဏ်၌ ဈာနင်တို့ကို မရအပ်ဟူလို။ ဈာနင် သည် ဝိတက်လျှင် နောက်ဆုံး အကြီးအကြပ် အကွပ်အကဲရှိ၏ ဟု အဋ္ဌကထာဆရာ ဆိုသည်။

† ပဥ္စဝိညာဏာနံ ဝိဘက္ကဝိရဟေန အာရမ္မဏေသု အဘိနိပါတ မတ္တတ္တာ ဥပနိဇ္ဈာနာကာရဿ အဘာဝတော ဈာနင်္ဂ ဘာဝေန န ဥဒ္ဓဋ္ဌာနိ။ (ဋီ)

● ဒွေး ပဥ္စဝိညာဏ်-၁၀၊ မနောဓာတ်-၃၊ သန္တီရဏ ၃-ခုဟု ဆိုအပ်သော၊၁၆-ပါးသောစိတ်၌ အဘယ့်ကြောင့် ဗိုလ်ကို မရပါသနည်း၊ ထိုစိတ်များ၌ သမာဓိသည် ရှိသည်မဟုတ်ပါလော။

၁၃၃၈-ဖြေ။ ။ရှိသော်လည်း ထိုစိတ်များ၌ ထက်သော ဝီရိယ မယှဉ်သောကြောင့် ဗိုလ်ကိုမရခြင်း ဖြစ်ပါသည်။{ဗိုလ်သည်ဝီရိယလျှင် နောက်ဆုံး အကြီး အကြပ် အကွပ်အကဲ ရှိသည်ဟု အဋ္ဌကထာဆရာ ဆိုသည်။}

† ဒွိပဥ္စဝိညာဏ မနောဓာတုတ္တိက သန္တီရဏတ္တယ ဝသေန သောဋ္ဌသ စိတ္တေသု ဝီရိယာဘာဝတော တတ္ထ ဝိဇ္ဇာမာနောပိ သမာဓိ ဗလဘာဝံ န ဂစ္ဆတိ။ (ဋီ)

● အဟိတ်စိတ် ၁၈-ပါးတို့၌ အဘယ့်ကြောင့် မဂ္ဂင်တို့ကိုမရအပ်ပါသနည်း ရှင်းလင်းခဲ့ပါ။

၁၃၃၉-ဖြေ။ ။အဟိတ်စိတ် ၁၈-ပါးတို့၌ သမ္ပယုတ်ဟိတ် ကင်းသောကြောင့် မဂ္ဂင်တို့ကို မရခြင်းဖြစ်ပါသည်။

{မဂ္ဂင်သည် ဟိတ်တရားလျှင် နောက်ဆုံး အကြီး အကြပ် အကွပ်အကဲရှိ၏-ဟု အဋ္ဌကထာဆရာ ဆိုသည်။}

† အဋ္ဌရသာ ဟေတုကေသု စ ဟေတု ဝိရဟတော မဂ္ဂင်္ဂါနိ နလဗ္ဘန္တိ။ (ဋီ)

● ဝိစိကိစ္ဆာစိတ်၌ရှိသော ဧကဂ္ဂတာသည် အဘယ့်ကြောင့် မိစ္ဆာ သမာဓိ, သမာဓိနွေ့, သမာဓိဗိုလ်အဖြစ်သို့ မရောက်ပါသနည်း၊ အခြားစိတ်၌ယှဉ်သော ဧကဂ္ဂတာနှင့် အတူတူပင် မဟုတ်ပါလော။

၁၃၄၀-ဖြေ။ ။မတူပါ၊ အနည်းငယ်မျှကွဲပါသည်။ဝိစိကိစ္ဆာစိတ်၌ ယှဉ်သော ဧကဂ္ဂတာသည် ဆုံးဖြတ်ခြင်းလက္ခဏာရှိသော အဓိမောက္ခ ကင်းနေသောကြောင့် စိတ်၏တည်တံ့ရုံမျှသာဖြစ်ပါသည်။ထို့ကြောင့် ထိုဝိစိကိစ္ဆာစိတ်၌ယှဉ်သော ဧကဂ္ဂတာသည် မိစ္ဆာသမာဓိ, သမာဓိနွေ့, သမာဓိဗိုလ်အဖြစ်သို့ မရောက်ခြင်း ဖြစ်ပါသည်။

{ဤဝိစိကိစ္ဆာစိတ်၌ယှဉ်သော ဧကဂ္ဂတာသာ ဗုနွေ့မထိုက်သည်မဟုတ်၊အဝိရိယစိတ် ၁၆-ပါး၌ရှိသော ဧကဂ္ဂတာသည်လည်း ဗုနွေ့ မထိုက်-ဟု သင်္ဂြိဟ်၌ အထူး မဆိုသော်လည်း မေ္မသင်္ဂဏီ ပါဠိတော်အလိုအရ အထူးမှတ်ပါ။}

† အဓိမောက္ခဝိရဟတော ဝိစိကိစ္ဆာစိတ္တေ ဧကဂ္ဂတာ စိတ္တဋ္ဌိတိ မတ္တံ၊န ပန မိစ္ဆာသမာဓိ သမာဓိနွေ့ယ သမာဓိဗလ ဝေါဟာရံ ဂစ္ဆတိ။ (ဋီ)

● "ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ"၌ ဒွိဟေတုက တိဟေတုကသဒ္ဒါဖြင့် အဘယ်အဓိပ္ပာယ်ကို အနုရုဒ္ဓါဆရာ သိစေပါသနည်း။

၁၃၄၁-ဖြေ။ ။ဒွိဟေတုက တိဟေတုကသဒ္ဒါဖြင့် ဧကဟိတ် ဇောတို့၌ အဓိပတိမရှိသည်၏အဖြစ်ကို အနုရုဒ္ဓါဆရာ သိစေပါသည်။

{အဝုတ္တသိဒ္ဓိနည်းဖြင့် ဟသိတုပ္ပာဒ်ဇောဌ်လည်းမရှိဟုသိ။}

† ဒ္ဒိဟေတုက တိဟေတုကဂ္ဂဟဏေန ဧကဟေတု ကေသု အဓိပတီနံ အဘာဝံ ဒဿေတိ။ (ဋီ)

● ဇဝနေသွေဝ-၌ ဝေသဒ္ဒါကို အဘယ်အကျိုးငှာ အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၃၄၂-ဖြေ။ ။အဝဓာရဏအနက်ရှိသော ဝေသဒ္ဒါကို လောကီ ဝိပါက်စိတ်တို့၌ အဓိပတိ မဖြစ် ဟူသော အနက်ကို ပြခြင်းအကျိုးငှာ အနုရုဒ္ဓါဆရာ ဆိုပါသည်။

† ဇဝနေသွေဝါတိ အတ္ထ အဝဓာရဏံ လောကီယ ဝိပါကေသု အဓိပတီနံ အသမ္ဘဝဒဿနတ္ထံ။ (ဋီ)

● လောကီ ဝိပါက်စိတ်တို့၌ အဘယ့်ကြောင့် အဓိပတိမဖြစ်သင့်ပါသနည်း။

၁၃၄၃-ဖြေ။ ။လောကီ ဝိပါက်စိတ်တို့သည် ဆန္ဒ စသည်တိုကို အကြီးအမှူး ရှေသွားပြု၍ မဖြစ်ကြသောကြောင့် ထိုစိတ်တို့၌ အဓိပတိ မဖြစ်သင့်ပါ။

† နဟိ တေ ဆန္ဒာဒီနိ ပုရက္ခိတ္ဝာ ပဝတ္တန္တိ။ (ဋီ)

● "ယထာသမ္ဘဝံ အဓိပတိ ဧကောဝ လဗ္ဘတိ"-၌ ယထာသမ္ဘဝံကို အဘယ့်ကြောင့် အနုရုဒ္ဓါဆရာဆိုပါသနည်း၊ ၎င်း၏ အဓိပ္ပာယ်ကို ရှင်းလင်းခဲ့ပါ။

၁၃၄၄-ဖြေ။ ။ဒ္ဒိဟိတ်ဇောတို့၌ ဝိမံသာဓိပတိ မဖြစ်သင့်သောကြောင့်၎င်း၊ နောက်စိတ်ကို ပြုပြင်စီရင်တတ်သော ရှေးဖြစ်သော စိတ်ဟု ဆိုအပ်သော ဥပနိဿယ၏ ဒ္ဒိဟိတ်ဇော, တိဟိတ်ဇော အားဖြင့် ဖြစ်သင့်သည်အားလျော်စွာ ဖြစ်ခြင်းကြောင့်၎င်း လျော်သောအဓိပတိ တပါးပါးကိုသာလျှင် ရအပ်သည်၏အဖြစ်ကိုရည်၍ ယထာသမ္ဘဝံ-ဟု အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။

† ဝိမံသာဓိပတိနော ဒ္ဒိဟေတုက ဇဝနေသု အသမ္ဘဝတော ဝိတ္တာဘိသခ်ါရုပနိဿယဿ စ သမ္ဘဝါနုရူပတော လဗ္ဘ၊ မာနတံ သန္ဓာယာဟ ယထာသမ္ဘဝန္တိ။ (ဋီ)

● "ဧကောဝ လဗ္ဘတိ"၌ အဓိပတိလေးပါးရှိသော်လည်း တပါး တည်းသာ ရအပ်သည်ဟု မှတ်ရမည်လော ရှင်းလင်းခဲ့ပါ။

၁၃၄၅-ဖြေ။ ။မမှတ်ရပါ၊ အဓိပတိတို့သည် တူသောအစွမ်းသတ္တိ ရှိသည်ဖြစ်၍ တပြိုင်နက်သောခဏ၌ တပါးသည် တပါးနှင့်သော်ငင်း၊ နှစ်ပါး,သုံးပါးနှင့်သော်ငင်း အဓိပတိ အဖြစ်ဖြင့် ယှဉ်ပြိုင်၍ မယှဉ်နိုင်, မဖြစ်နိုင်သောကြောင့် တပါးတပါးစီသာအဓိပတိဖြစ်ရမည်။ယှဉ်ပြိုင်၍ မဖြစ်ရ။ တပါး အဓိပတိကိစ္စတပ်နေလျှင် ကျန် အဓိပတိများ အဓိပတိ ကိစ္စမတပ်ရ-ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ထို့ကြောင့် ပဋ္ဌာန်းအဓိပတိ ပစ္စယ နိဒ္ဒေသ၌ "ဟေတူ ဟေတု သမ္ပယုတ္တကာနံ"ဟု ဟောသကဲ့သို့ "အဓိပတိ အဓိပတိ သမ္ပယုတ္တကာနံ"ဟု မဟောဘဲ "ဆန္ဒာဓိပတိ ဆန္ဒ သမ္ပယုတ္တကာနံ-ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ"စသည်ဖြင့် တပါးတပါးစီသာ အဓိပတိ ပစ္စည်းအဖြစ်ဖြင့် မြတ်စွာဘုရား ထုတ်၍ ဟောခြင်း ဖြစ်ပါသည်။

† ဧကောဝ လဗ္ဘတိ ဧတရထာ အဓိပတိဘာဝါ ယောဂတော။

(ဌီ)

● မိဿကသင်္ဂဟ-၌ ပြဆိုအပ်သောတရားတို့တွင် ပညာ,ဝီရိယ-စသောတရားတို့ကို အဘယ်မျှသော ကိစ္စဌာနတို့ဖြင့် ရေတွက် အပ်ပါသနည်း အသီးသီး ဖော်ပြပါ။

၁၃၄၆-ဖြေ။ ။ပညာကို ငါးကိစ္စ ငါးဌာန၊ ဝီရိယ, ဧကဂ္ဂတာတို့ ကို လေးကိစ္စ လေးဌာန၊ စိတ်, သတိတို့ကို သုံးကိစ္စ သုံးဌာန၊ ဝိတက်, ဝေဒနာ, သဒ္ဓါတို့ကို နှစ်ကိစ္စ နှစ်ဌာန။ ဤရှစ်ပါးမှကြွင်းသော တရား တို့ကို တကိစ္စ တဌာန-တို့ဖြင့် အသီးသီး ရေတွက်အပ်ပါသည်။

● ပဉ္ဇသင်္ဂဟိတာ ပညာ၊ ဝါယာမေကဂ္ဂတာ ပန။
စတုသင်္ဂဟိတာ စိတ္တံ၊ သတိစေဝ တိသင်္ဂဟာ။
သက်ပေါ ဝေဒနာ သဒ္ဓါ၊ ဒုကသင်္ဂဟိတာ မတာ။
ဧကေကသင်္ဂဟာ သေသာ၊ အဌဝီသတိ ဘာသိတာ။ (ဌီ)

မိဿက သင်္ဂဟ အဖြေ ပြီး၏။

ဗောဓိပက္ခိယ သင်္ဂဟ အဖြေ

●

● အဘယ်ကြောင့် ဗောဓိပက္ခိယ သင်္ဂဟ-မည်ပါသနည်း။

၁၃၄၇-ဖြေ။ ။"စတ္တာရီသစ္စာနိ ဗုဒ္ဓတိတိ ဗောဓိ၊ ဗောဓိယာ ပက္ခိာ ဗောဓိပက္ခာ၊ ဗောဓိပက္ခေသု ဘဝါ ပရိယာပန္နာတိ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယာနံ သင်္ဂဟော ဗောဓိပက္ခိယ သင်္ဂဟော" ဟူသော ဝစနတ္ထနှင့်အညီ အရိယမဂ်ဉာဏ်၏ အဆောက်အဦ အသင်း အပင်း၌ဖြစ်ကုန်သော တရားတို့ကို ရေတွက်ရာ ရောက်ကြောင်းဖြစ်သောကြောင့် ဗောဓိပက္ခိယ သင်္ဂဟ-မည်ပါသည်။

● ဗောဓိ-အရ, ဗောဓိပက္ခ - အရ, ဗောဓိပက္ခိယ - အရ, ဗောဓိပက္ခိယ သင်္ဂဟ-အရတို့ကို အသီးသီး ကောက်ပြပါ။

၁၃၄၈-ဖြေ။ ။ဗောဓိအရကား-အရိယ မဂ်ဉာဏ်ကို ရပါသည်။ ဗောဓိပက္ခ အရကား-ဗောဓိသမ္ဘာရ တရားများကို ရပါသည်။ ဗောဓိပက္ခိယ-အရကား-ဗောဓိပက္ခိယတရား ၃၇-ပါးကို ရပါသည်။ ဗောဓိပက္ခိယသင်္ဂဟ-အရကား - ဗောဓိပက္ခိယ သင်္ဂဟ၌ ဆိုသော "ဗောဓိပက္ခိယ သင်္ဂဟော စတ္တာရော သတိပဋ္ဌာနာ"စသော သဒ္ဒပဗန္ဓ (သဒ္ဒါအစဉ်) ကို ရပါသည်။

{အသင်းအပင်း၌ ဖြစ်ဆိုသည်ကား-ကျေးဇူးပြုသော အဖြစ်၌ တည်သည်ကိုဆိုသည်။"ပက္ခေဘဝတ္တာတိဟိ ဥပကာရဘာဝေဒ္ဒီတဇ္ဇာ"။} (ပဋိသမ္ဘိဒါမဂ်-အဋ္ဌကထာ)

● အဘယ်ကြောင့် သတိပဋ္ဌာန် ခေါ်ပါသနည်း၊ ထို သတိပဋ္ဌာန်သည် သတိစေတသိက်တခုသာဖြစ်လျက် လေးမျိုးကွဲပြားရခြင်း ကိုလည်း ဖော်ပြပါ။

၁၃၄၉-ဖြေ။ ။သတိသည်ပင်လျှင် ကာယ အစရှိသော အာရုံ၌ လွန်စွာသက်ဝင်၍ တည်တတ်,ဖြစ်တတ်သောကြောင့် သတိပဋ္ဌာန်-ဟု ခေါ်ပါသည်။ (အသုဘ, ဒုက္ခ, အနိစ္စ, အနတ္တ အခြင်းအရာအားဖြင့် ကာယ အစရှိသည်တို့ကိုယူခြင်း,အာရုံပြုခြင်း၏အစွမ်းဖြင့် ကာယ အစ

ရှိသော အာရုံသို့သက်ဝင်၍ ကာယ, ဝေဒနာ, စိတ္တ, ဓမ္မ-ဟူသော အာရုံ၌ တည်တတ်,ဖြစ်တတ်သည်ဟု ဆိုလိုပါသည်။) ထို သတိပဋ္ဌာန်သည် သတိစေတသိက် တခုပင်ဖြစ်သော်လည်း ရူပကာယ, ဝေဒနာ, စိတ်,သညာ,သင်္ခါရ-ဟူသော ဓမ္မတို့ကို အာရုံပြုခြင်း၏အစွမ်းဖြင့်ဌင်း၊ ထို ဓမ္မတို့၌ အသုဘ,ဒုက္ခ,အနိစ္စ, အနတ္တ အခြင်းအရာတို့ကို ယူသည်၏ အစွမ်းဖြင့်ဌင်း၊ သုဘ,သုခ,နိစ္စ, အတ္တ-ဟု ဖြစ်သော သညာဝိပလ္လာသ ဘရားတို့ကို ပယ်သော ကိစ္စ၏ အ စွမ်း ဖြင့် ဌင်း အာရမ္မဏ ဘေဒ, အာကာရဘေဒ, ကိစ္စဘေဒအားဖြင့် လေးပါးပြားရပါသည်။

{သမ္မော အဌကထာ၌ ဒုက္ခာရမ္မဏဘေဒအားဖြင့် လေးပါးပြားပုံကိုပြသည်။ ဇူ-၌ကား-ကိစ္စဘေဒဖြင့် လေးပါး ပြားသည်ဟု ပြသည်။ လောကီ သတိပဋ္ဌာန်သာ အာရုံ ပြားသည်။ လောကုတ္တရာသတိပဋ္ဌာန်ကား နိဗ္ဗာန်အာရုံတမျိုးသာတည်း။}

† ပဋ္ဌာတိတိပဋ္ဌာနံ၊ သတိယေဝ ပဋ္ဌာနံ သတိပဋ္ဌာနံ။ (ဋီ)

* သတိပဋ္ဌာန်, တရားမှန်မှာ, အာရုံ-အာကာ, ကိစ္စာဝဆံ, ထူးလာပြန်, လေ တန်-ကွဲပြားကြ။ (သစ်)

● ကာယာနုပဿနာသတိပဋ္ဌာန် စသော သတိပဋ္ဌာန်လေးပါး တို့၏ အဓိပ္ပာယ်ကို အသီးသီး ရေးခဲ့ပါ။

၁၃၅၁-ဖြေ။ ။ရူပကာယ၊ ဝါ-ထွက်သက်ဝင်သက်တို့၏အပေါင်း ဟု ဆိုအပ်သောကာယကို ကသာ,လောမာ စသောအားဖြင့်ဌင်း၊ဆံ မည်သည်ကား-မကောင်းသောအနံ့ရှိ၏၊ ရှံရှာဘွယ်ရှိ၏ စသောအား ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်း၏ အစွမ်းဖြင့်ဌင်း၊ အနိစ္စာနုပဿနာ စသော ၇-ပါးသော ဝိပဿနာ၏ အစွမ်းဖြင့်ဌင်း၊ အဖန်တလဲလဲ အောက်မေ့ မှတ်သားခြင်း, မမေ့မလျော့ ရှုဆင်ခြင် ခြင်းသည် ကာယ နုပဿနာ-မည်ပါသည်။ ဒုက္ခိန္ဒြေ, ဒေါမနဿိန္ဒြေ-ဟု ဆိုအပ်သော ဒုက္ခသစ္စာ၏ ဒုက္ခ၊သုခိန္ဒြေ,သောမနဿိန္ဒြေ-ဟုဆိုအပ်သော ဖောက်ပြန်ခြင်း ကြောင့်ဖြစ်သော ဝိပရိဏာမဒုက္ခ၊ဥပေက္ခိန္ဒြေ-ဟုဆိုအပ်သော သင်္ခါရ ဒုက္ခဖြစ်ကုန်သော ဝေဒနာတို့၏အစွမ်းဖြင့် ဝေဒနာတို့ကိုအဖန်တလဲလဲ အောက်မေ့ မှတ်သားခြင်း, မမေ့မလျော့ ရှုဆင်ခြင်ခြင်းသည် ဝေဒနာ

နုပဿနာ-မည်ပါသည်။ သရာဂ, ဝိတရာဂ, မဟဂ္ဂတ, အမဟဂ္ဂတ စသည်တို့၏ အစွမ်းဖြင့်၎င်း၊ ဉာဏသမ္ပယုတ်စသော အပြား, ကာမာဝစရဘုံ စသော အပြားအားဖြင့်၎င်း ပြားသည်သာလျှင်ဖြစ်သော စိတ်ကို အဖန်တလဲလဲ အောက်မေ့ မှတ်သားခြင်း, မမေ့မလျော့ ရှုဆင်ခြင်ခြင်းသည် စိတ္တာနုပဿနာ -မည်ပါသည်။ သဉ္ဇာနန, ဖုသန စသော လက္ခဏာအားဖြင့် မတူကွဲပြား ထူးခြားသည်သာလျှင် ဖြစ်ကုန်သော သညာသခ်ါရ-ဟု ဆိုအပ်ကုန်သော ဓမ္မတို့ကို အဖန်တလဲလဲ အောက်မေ့မှတ်သားခြင်း, မမေ့မလျော့ ရှုဆင်ခြင်ခြင်းသည် ဓမ္မာနုပဿနာ-မည်ပါသည်။ (ဋီ)

{ကာယ-အရ "အင်္ဂပစ္စင်္ဂါနံ ကေသာဒိနဉ္စ သမူဟဋ္ဌေန ကာယော"ဟူသော သတိပဋ္ဌာနဝိဘင်း အဋ္ဌကထာစကားနှင့် ဋီကာဆရာ စကားသည် ဧကဒေသျူပစာမျိုးဖြင့် ဆိုထားခြင်းဖြစ်၍ အတူတူပင်ဟူ၍ မှတ်။}

● သတိပဋ္ဌာန် လေးပါးဘိုတွင် အဘယ် သတိပဋ္ဌာန်ကို အဘယ် သမထဝိပဿနာတို့၏အစွမ်းဖြင့် ဟောပါသနည်း။

၁၃၅၁-ဖြေ။ ။ပဋမ သတိပဋ္ဌာန်ကို သမထ,ဝိပဿနာ နှစ်ပါး၏ အစွမ်းဖြင့် ဟောပါသည်။ ကျန် သတိပဋ္ဌာန် သုံးပါးကို ဝိပဿနာ၏ အစွမ်းဖြင့်သာ ဟောပါသည်။

† စတူသု သတိပဋ္ဌာနေသု ပဋမဿ သမထ ဝိပဿနာ ဝသေန ဝုတ္တတ္တာ၊ ဣတရေသဉ္စ တိဏ္ဏံ သုဒ္ဓဝိပဿနာ ဝသေနေဝ ဝုတ္တတ္တာ။ (ဇူ-သမ္မော ထို့အတူ။)

● ဓမ္မာနုပဿနာသတိပဋ္ဌာန်-အရ အဘယ်ဓမ္မကိုယူရမည်နည်း။

၁၃၅၂-ဖြေ။ ။ကာယ, ဝေဒနာ, စိတ္တ - တို့ဖြင့် ရူပက္ခန္ဓာ, ဝေဒနာက္ခန္ဓာ,ဝိညာဏက္ခန္ဓာတို့ကိုယူပြီးဖြစ်၍ကျန်သောသညာက္ခန္ဓာ သခ်ါရက္ခန္ဓာတို့ကိုသာ ယူရပါမည်။ (ဋီ-ဇူ)

{သတိပဋ္ဌာန ဝိဘင်း ပါဋိတော်၌ကား - ဆနီဝရဏ, ပဉ္စုပါဒါနက္ခန္ဓ,ဒွါဒသာယတန,သတ္တဗောဇ္ဈင်,စတ္တာရိသစ္စာတို့ကို

သာ ဓမ္မ-အရ ဟောတော်မူသည်။ ဋီကာဆရာ ပြုသောနည်း ကား-ပါဠိမှာ မလာသော်လည်း တဒနုပရောဓ, ပါဠိယာ နုလောမနည်း-ဟုသာ မှတ်လေ။}

● စိတ်၏ အာရမ္မဏာဝိဇာနနလက္ခဏာကိုဂျင်း၊စိတ်နှင့်ယှဉ်သော စေတသိက်ကိုဂျင်း ရှုဆင်ခြင်က စိတ္တာနုပဿနာ ဖြစ်ပါမည်လော။

၁၃၅၃-ဖြေ။ ။မဖြစ်ပါ၊သရာဂ စသည်ဖြင့် ပြားသောစိတ်ကိုသာ ရှုဆင်ခြင်မှ စိတ္တာနုပဿနာ ဖြစ်ပါသည်။

{မပြားသော ဝေဒနာသာမည်, မပြားသော ဓမ္မသာမည်, သမ္မယုတ် စေတသိက်တို့ကို ရှုဆင်ခြင်ရာ၌ ဝေဒနာနုပဿနာ, ဓမ္မာနုပဿနာ မဖြစ်ဟု မှတ်လေ။} (ဋီ)

● ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ-အရ အဘယ် ဝေဒနာ, အဘယ်စိတ်များကို ယူရမည်နည်း။

၁၃၅၄-ဖြေ။ ။ဝေဒနာ-အရ သုခဝေဒနာ စသော ဝေဒနာ ၉-ပါးကို ယူရပါမည်။ စိတ္တ-အရ သရာဂ,ဝိတရာဂ စသော ၁၆-ပါး သောစိတ်ကိုယူရပါမည်။{အကျယ်ကို သမ္မောဒဉ်ကထာ သတိပဋ္ဌာန ဝိဘင်း၌ ယူကြပါကုန်။}

● စိတ္တာနုပဿနာ - အရ သရာဂ စသော ၁၆-ပါးကို ယူရာလောကီ, လောကုတ္တရာစိတ်အကုန်ကို ယူရမည်လော။

၁၃၅၅-ဖြေ။ ။မယူရပါ၊ စိတ္တယူမိုက်၌ လောကီ, လောကုတ္တရာ အကုန်လုံးကို ယူသော်လည်း ဤစိတ္တာနုပဿနာအရာသည် သမ္မသန အရာသာဖြစ်၍ ဓမ္မသမောဓာနအရာ မဟုတ်သောကြောင့် သရာဂ စသော ဘခုသောပုဒ်မှာမှ လောကုတ္တရာစိတ်ကိုမယူရ။ လောကီစိတ် ကိုသာ ယူရပါမည်။

† ဣဒံပန ယသ္မာ သမ္မသနံ နာ ဓမ္မသမောဓာနံ၊ တသ္မာ ဣဓ ကေပဒေပိ လောကုတ္တရံ နာ လဗ္ဘတိ။ (သမ္မော-အဋ္ဌကထာ)

● သတိပဋ္ဌာန် လေးပါးကို အဘယ်အခါ အဘယ် စိတ်များမှာ ရှိနိုင်ပါသနည်း။

၁၃၅၆-ဖြေ။ ။ကာယ-ဝေဒနာ စသည်တို့ကို အထူးထူးသော စိတ်တို့ဖြင့် သိမ်းဆည်းယူအပ်သောကြောင့် မင်္ဂလာသုတ်၌ အဘိဉ်္ဇာအထူးထူးသောစိတ်တို့တွင် ရအပ်ပါသည်။ တကြိမ်မျှသာဖြစ်သော မင်္ဂလာသုတ်သည် သောသတိဖြင့် သုဘဝိပလ္လာသကို ပယ်ခြင်းစသော လေးကိစ္စကို ပြီးစေသဖြင့် အမည်လေးပါးကို ရနိုင်သောကြောင့် လောကုတ္တရာမင်္ဂ ခဏ၌ ကား-တခုသော စိတ်၌သာလျှင် ရအပ်ပါသည်။ (၄)

{သတိပဋ္ဌာန်-အရ မဟာကုသိုလ်, ကြိယာ, အပွနာဇော ပေါင်း၄၂-ပါး၌ရှိသော သတိစေတသိက်ကိုယူလေ။ သမ္မပ္ပဓာန်အရ ဝိဘင်းပါဠိ၌ ကုသလာဝ-ဟူ၍ ဟောတော်မူသောကြောင့် ကုသိုလ် ဧကဝိသ ၌ရှိသော ဝီရိယစေတသိက်ကို ကောက်ယူလေ။ ဆန္ဒော စိတ္တက စိတ်-အရ ဝိဝဋ္ဋနိဿိတဖြစ်သော ထိုစိတ် ၄၂-ပါးကိုပင်ယူ။ လောကုတ္တရာ စိတ်လောက်တွင် မယူနှင့်။ ဝိဝဋ္ဋ နိဿိတမှလွတ်သော လောကီစိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့ကား-အဗောမိပက္ခိယ မည်သည်ဟု အထူးမှတ်။}

● အဘယ့်ကြောင့် သမ္မပ္ပဓာန် ခေါ်ပါသနည်း၊ ထိုသမ္မပ္ပဓာန်သည် ဝီရိယ စေတသိက် တပါးသာဖြစ်လျက် လေးပါး ပြားရခြင်း ကိုလည်း ဖော်ပြပါ။

၁၃၅၇-ဖြေ။ ။"သမ္မာ ပဒဟန္တိ ဧတေနာတိ သမ္မပ္ပဓာနံ" ဟူသော ဝစနတ္ထနှင့်အညီ ကောင်းစွာ အားထုတ်ကြောင်း ပြီးစေကြောင်းဖြစ်သောကြောင့် ဝီရိယကို သမ္မပ္ပဓာန် ခေါ်ပါသည်။ ထိုသမ္မပ္ပဓာန်သည် ဝီရိယစေတသိက် တပါးသာ ဖြစ်သော်လည်း ဖြစ်ပြီးသော အကုသိုလ်တရားတို့ကိုပယ်ခြင်း, မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေခြင်း, မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေခြင်း, ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွားစေခြင်းကိစ္စတို့၏ အစွမ်းဖြင့် သေးပါး ပြားရပါသည်။

† အသုဘမနသိကာရ ကမ္မဋ္ဌာနာနုယုဉ္ဇနာ ဒိဝသေန ဝါယမနံ ဝါယာမော။ (ဋီ)

{ဤဋ္ဌဝါယာမ (ဝိရိယ) အရ ဆံ-အစရှိသော သဝိညာဏက အသုဘ, ဥဒ္ဓုမာတက အစရှိသော အဝိညာဏက အသုဘတို့၌ အသုဘ-ဟူ၍ဖြစ်သော နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းဟု ဆိုအပ်သော ထို ဝိသို့သော အကျိုးထူး၏ အကြောင်း ဖြစ်သော ဘာဝနာမယ ကုသိုလ်ကံကို အဖန်တလဲလဲ ယှဉ်စေခြင်း၏ အစွမ်းဖြင့်ဖြစ်သော အားထုတ်ခြင်းကို ယူ။ • သမ္မာဝါယာန် မသင့်၊ သမ္မပ္ပဓာန်သာ သင့်သည်။}

* သမ္မပ္ပဓာန်, တပါးမှန်, လေးတန်ကိစ္စ-ကွဲပြားကြ။

* ကိစ္စလေးတန်, ကွဲခဲ့ပြန်, လေးတန်ဓမ္မ-အမှန်ရ။ (သစ်)

● ဥပ္ပန္နပါပက, အနုပ္ပန္နပါပက, အနုပ္ပန္နကုသလ, ဥပ္ပန္နကုသလ-အရတို့ကို အသီးသီး ကောက်ပြပါ။

၁၃၅၈-ဖြေ။ ။ရှေးဘဝ, ယခုဘဝ၌တကယ်ဖြစ်ပြီးသောအကုသိုလ်ဘို့ အကုသိုလ်နှင့် အလားတူသော မဖြစ်သေးသော အကုသိုလ်များသည် ဥပ္ပန္နပါပက။ (အနုပ္ပန္နပါပကကို သီးခြားဖြေလတ္တံ့။) ယခုဘဝ၌ မဖြစ်ဘူးသေးသောသမထဝိပဿနာလောကီကုသိုလ်မျိုး၊ သံသရာတွင် တခါမျှ မဖြစ်ဘူးသေးသော မဂ်ကုသိုလ်မျိုးသည် အနုပ္ပန္နကုသလ၊ ရှေးဘဝ ယခုဘဝ၌ဖြစ်ပြီးသော သမထ, ဝိပဿနာစသော လောကီကုသိုလ်များသည် ဥပ္ပန္နကုသလ-မည်ပါသည်။

† ထို့စေ အနုပ္ပန္နကုသလာမမ္မာတိ သမထဝိပဿနာစေဝ မဂ္ဂါစ ဥပ္ပန္နကုသလာနာမ သမထဝိပဿနာဝ။ (သမ္မော အဋ္ဌကထာ)

● ''အနာမတဂ္ဂေ သံသာရေ အနုပ္ပန္နာ ပါပကာ အကုသလာမမ္မာနာမ နတ္ထိ'' ဟူသော အဂ်ိတို့၏ အဋ္ဌကထာနှင့်အညီ အနာမတဂ္ဂသံသရာ၌မဖြစ်ဘူးသေးသောအကုသိုလ်ဟူ၍မရှိကောင်းသော်ကြောင့် အနုပ္ပန္နပါပက-အရ အဘယ် အကုသိုလ်မျိုးကိုယူရပါမည်နည်း။

၁၃၅၉-ဖြေ။ ။ရှေးဘဝက မိမိသန္တာန်၌ အကုသိုလ်ဖြစ်ဘူးသော်လည်း ဤဘဝ မိမိသန္တာန်၌ မဖြစ်ဘူးသေးသော အကုသိုလ်များနှင့် အာရုံအသစ်အဆန်းကိုစွဲ၍ ယခုဘဝ၌မဖြစ်ဘူးသေးသော အကုသိုလ်များကို ယူရပါမည်။ (ဝိဘင်း အဋ္ဌကထာ)

● "ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော"၌ဖြစ်ပြီးသော အကုသိုလ်ဘိုသည် ချုပ်ပြီးဖြစ်သောကြောင့် အဘယ်သို့ပယ်နိုင်မည်နည်း၊ မပယ်အပ်သည် မဟုတ်ပါလော။

၁၃၆၀-ဖြေ။ ။ဖြစ်ပြီးသောအကုသိုလ်ဘိုသည်ချုပ်ပြီးဖြစ်၍ မပယ်အပ်သည်ကား-မှန်ပါသည်၊ သို့သော်လည်း ဖြစ်ပြီးသော အကုသိုလ်တရားတို့ကိုအာရုံပြု၍ ထိုဖြစ်ပြီးသောအကုသိုလ်နှင့်တူအော တံသဒိသ အနာဂတ်ဖြစ်သော အကုသိုလ်ကိုကား-ပယ်နိုင်သည်။ ထိုသို့ တံသဒိသ အနာဂတ်ဖြစ်သော အကုသိုလ်ကို ပယ်ခြင်းကိုပင်ရည်၍ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်ခြင်းငှာ လို့လပြုခြင်းဟု ဆိုပါသည်။ (အင်္ဂရ)

{ဖြစ်ပြီးအကုသိုလ်ကို နှလုံးမသွင်း ဂရုမပြုဘဲနေလျှင်သည်း ဖြစ်ပြီး အကုသိုလ်ကိုပယ်သည်ဟု ဆိုနိုင်သည်။}

● ထို တံသဒိသ အနာဂတ အကုသိုလ်သည် "အနုပ္ပန္နာနံ ပါပကာနံ"အရ၌ ပါဝင်ပြီးပင် မဟုတ်ပါလော။

၁၃၆၁-ဖြေ။ ။မပါဝင်သေးပါ၊ အနာဂတ် အကုသိုလ်သည် ဖြစ်ပြီးသော အကုသိုလ်နှင့်တူသော အနာဂတ် အကုသိုလ်၊မတူသော အနာဂတ်အကုသိုလ်ဟု ၂-မျိုးရှိရာ၊ ဖြစ်သောအကုသိုလ်နှင့်တူသော အနာဂတ်အကုသိုလ်ကို ရှေးဥပ္ပန္နအရမှာယူ၍၊ မတူသော အနာဂတ် အကုသိုလ်ကို ဤနောက် အနုပ္ပန္နအရမှာ ယူရပါသည်။ ထို့ကြောင့် ရှေးဥပ္ပန္နအရမှာပါသော တံသဒိသ အနာဂတ် အကုသိုလ်သည် ဤ"အနုပ္ပန္နာနံ ပါပကာနံ"အရ၌ မပါဝင်သေးဟု မှတ်ရပါမည်။

{အနာဂတ်-ဟု သမုတ် အပ်သော အကုသိုလ် ကိုသာ ပယ်နိုင်သည်။ အနာဂတ်အစစ်ဖြစ်သော အကုသိုလ်ကိုကား-မပယ်နိုင်ဟု အထူးမှတ်။}

- ''ဥပ္ပန္ဓာနံ ကုသလာနံ'' ၌ လောကုတ္တရာကုသိုလ်သည် တဖန်ဖြစ်ရိုးမရှိ၊ ချုပ်သွားသော လောကီကုသိုလ်သည်လည်း တဖန်ပြန်၍ မပေါ်လာဘဲလျက် ဖြစ်ပြီးသော ကုသိုလ်ကို အဘယ်သို့ ပွားအောင် အားထုတ်မည်နည်း။

၁၃၆၂-ဖြေ။ ။ဖြစ်ပြီးသော ကုသိုလ်များ တဖန်ပြန်၍ မပေါ်လာသော်လည်း ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို အာရုံပြု၍ ဖြစ်စေအပ်သော ချုပ်ပြီးသောကုသိုလ်နှင့်တူသော အနာဂတ်ဖြစ်သော လောကီကုသိုလ်သည် သဒိသူပစာရအားဖြင့် ဥပ္ပန္ဓကုသလံ - မည်ပါသည်။ ထိုသဒိသူပစာရ အနာဂတ်လောကီကုသိုလ်သာလျှင် ပွားများအောင် အားထုတ်နိုင်ပါသည်။ (အင်္ကုရ)

- ဇုဒ္ဓိပါဒ၏ အဓိပ္ပာယ်ကိုရေး၍ ဇုဒ္ဓိ-အရ, ပါဒ-အရ, ဇုဒ္ဓိပါဒ-အရတို့ကိုလည်း အသီးသီး ညွှန်ပြပါ။

၁၃၆၃-ဖြေ။ ။အဓိဋ္ဌာန်အပ်,ဖန်ဆင်းအပ်သော အရာ,အထောင်စသော သူငယ်အသွင် အစရှိသည်၏ ပြည့်စုံကြောင်းဖြစ်သော ဇုဒ္ဓိဝိဓအဘိညာဉ်ဉာဏ်၏ သဟဇာတ,ဥပနိဿယပစ္စည်းအစွမ်းဖြင့် တည်ရာအကြောင်းဖြစ်သောကြောင့်ဇုဒ္ဓိပါဒ-မည်ပါသည်၊(ဇုဒ္ဓိဝိဓအဘိညာဉ်ဉာဏ်၏ တည်ရာအကြောင်းတရားဖြစ်သောကြောင့် ဇုဒ္ဓိပါဒမည်သည်ဟူလို။) ဇုဒ္ဓိ-အရကား-ဇုဒ္ဓိဝိဓ အဘိညာဉ်ပညာရ၏။ပါဒ-အရကား-သဟဇာတ, ဥပနိဿယ ပစ္စည်း၏ အစွမ်းဖြင့် တည်ရာ ဖြစ်သော အကြောင်းဘရားရ၏။ ဇုဒ္ဓိပါဒ-အရကား-ဆန္ဒိဒ္ဓိပါဒ်စသော ဇုဒ္ဓိပါဒ်လေးပါး ရပါသည်။ (ဦ-အလို)

{ဇုဒ္ဓိ-အရ မူလဦကာ စသည်၌ သမာဓိကိုလည်းယူသေး၏။ ဇုဒ္ဓိပါဒ-အရ လောကီ,လောကုတ္တရာနှစ်မျိုးလုံးယူနိုင်သည်။}

- ဇုဒ္ဓိနှင့် ဇုဒ္ဓိပါဒ အထူးကို ရေးခဲ့ပါ။

၁၃၆၄-ဖြေ။ ။ဇုဇ္ဈတီတိဇုဒ္ဓိ,ဇုဒ္ဓိယာပါဒေါ ဇုဒ္ဓိပါဒေါ''ဟူသော ဝစနတ္ထနှင့်အညီ ဈာန်,မဂ်,ဖိုလ်ရလာမှု ပြီးစီးအောင်မြင်မှုသည် ဇုဒ္ဓိ-မည်ပါသည်။ ထိုပြီးစီးအောင်မြင်မှု၏ အခြေခံ အကြောင်း ဖြစ်သော

ဆန္ဒ,ဝီရိယ,စိတ္တ,ဝီမံသတို့သည် ဇုဒ္ဓိပါဒ-မည်ပါသည်။ တနည်းအား ဖြင့် ဈာန်, မဂ်, ဖိုလ်ဘရားများသည် ဇုဒ္ဓိ၊ ထိုဈာန်,မဂ်,ဖိုလ်ဘရား၏ ပိုဗ္ဗဘာဂသည် ဇုဒ္ဓိပါဒ-မည်ပါသည်။

{ပဌမဈာန်, ပရိကံ စသည်သည် ဇုဒ္ဓိပါဒ၊ ပဌမဈာန်စသည်သည် ဇုဒ္ဓိ၊သောတာပတ္တိမဂ္ဂဝိပဿနာ စသည်သည် ဇုဒ္ဓိပါဒ၊ သောတာပတ္တိမဂ် စသည်သည် ဇုဒ္ဓိ စသော ဥပစာရဝိပဿနာ အားဖြင့် ဝေဖန်နည်း။ ပဌမဈာန်စသည်သည် ဇုဒ္ဓိပါဒ၊ ဒုတိယ ဈာန်စသည်သည် ဇုဒ္ဓိ၊သောတာပတ္တိမဂ်စသည်သည် ဇုဒ္ဓိပါဒ၊ သကဒါဂါမိမဂ် စသည်သည် ဇုဒ္ဓိ စသော ပဋိလာဘအားဖြင့် ဝေဖန်နည်းတို့ကို သမ္မောအဌကထာ၌ ယူပါကုန်။အကျိုးပြီးစီး ပြီးဖြစ်သော ရဟန္တာများ၌ ဤဇုဒ္ဓိပါဒ်များ မဖြစ်။ ဇုဒ္ဓိပါဒ ဝိဘင်း ပါဠိတော်၌ "ကုသလာဝ"ဟု ဟောတော်မူသော ကြောင့် ဤဇုဒ္ဓိပါဒ်တို့၏တရားကိုယ်ကိုလည်း ကုသိုလ်ဧကဝီသ ၌ရှိသော ဆန္ဒ, ဝီရိယ, ပညာနှင့် ကုသိုလ် ဧကဝီသကိုသာ ကောက်ယူပါလေ။}

† အပိစ ပိုဗ္ဗဘာဂေါ ပုဗ္ဗဘာဂ ဇုဒ္ဓိပါဒေါနာမ၊ ပဋိလာဘော ဇုဒ္ဓိနာမာတိ ဝေဒိတဗ္ဗော။ (သမ္မော အဌကထာ)

● ဇုန္ဒြေငါးပါးတို့၏အစွမ်းသတ္တိကို အဘယ်အရာဌာန၌ ထင်ရှား သိရပါသနည်း။

၁၃၆၅-ဖြေ။ ။သောတာပတ္တိယင်္ဂါလေးပါးတို့၌သဒ္ဓိန္ဒြေ,သမ္မပ္ပဓာန် လေးပါးတို့၌ ဝီရိယိန္ဒြေ,သတိပဋ္ဌာန်လေးပါးတို့၌ သတိန္ဒြေ,ဈာန်လေး ပါးတို့၌ သမာဓိန္ဒြေ, အရိယသစ္စာလေးပါးတို့၌ ပညိန္ဒြေ၏ အစွမ်း သတ္တိကိုပြဋ္ဌာန်းသောအားဖြင့် ထင်ရှားသိရပါသည်။ (ဇေဌက ပုဗ္ဗင်္ဂမ ဖြစ်ကြသည် ဟူလို။) (ပဋိသမ္ဘိဒါမဂ် အဌကထာ)

{သပ္ပုရိသသံသေဝ,သဒ္ဓမ္မသဝန,ယောနိသောမနသိကာရ, ဓမ္မာနုဓမ္မပွဋိပတ္တိကား - သောတာပတ္တိယင် လေးပါးတည်း။ အကျယ်ကို ပဋိသမ္ဘိဒါမဂ် အဌကထာမှာ ယူပါ။}

● ဗောဓိ-မည်ပုံ, ဗောဇ္ဈင် - မည်ပုံတို့ကို အသီးသီး ရှင်းလင်း ဖော်ပြပါ။

ဘုဒဖ-ဖြေ။ ။သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍သိတတ်သော ကြောင့် ယောဂါစဝရပုဂ္ဂိုလ်သည် ဗောဓိ-မည်၏။ တနည်းအားဖြင့် ယောဂါဝစရ ပုဂ္ဂိုလ်သည် သစ္စာလေးပါး တရားတို့ကို ထိုးတွင်း၍ သိကြောင်း၊ ကိလေသာ အစဉ်ဟု ဆိုအပ်သော အိပ်မျော်ခြင်းမှ နိုးကြောင်း၊ ကိလေသာတို့ကြောင့် တွန့်တိုခြင်း မရှိသဖြင့် မဂ်, ဖိုလ်သို့ ရောက်ခြင်းဖြင့် ပွင့်ကြောင်းဖြစ်သော သတိ အစရှိသော် ညီညွတ်သော တရားအပေါင်းသည် ဗောဓိ-မည်၏။ ။ထိုသစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍သိတတ်သော ယောဂါဝစရပုဂ္ဂိုလ်ဟု ဆိုအပ်သော ပုဂ္ဂိုလ် ဗောဓိ၏ အကြောင်း ဖြစ်သောကြောင့် တနည်းအားဖြင့်-သတိ အစရှိသော ညီညွတ်သော တရားအပေါင်းဟု ဆိုအပ်သော ဓမ္မသာမဂ္ဂီ ဗောဓိ၏ အဓိဋ်ဖြစ်သောကြောင့် ဗောဇ္ဈင်-မည်ပါသည်။ (၌)

{ဗောဓိပက္ခိယ သင်္ဂဟ-မှာပါသော ဗောဓိကား-အရိယ မဂ်ဉာဏ်၌ ဗောဇ္ဈင်မှာပါသော ဗောဓိကား-ယောဂိပုဂ္ဂိုလ်၊ ဝါ-သတိ, ပညာ စသော တရားအပေါင်း၊ ဤသို့ ထူးသည်ကို သတိပြုလေ။}

● အဘယ်၏အစွမ်းဖြင့် ဗောဇ္ဈင် ၇-ပါး ပြားရသည်ကိုငင်း၊ ဓမ္မဝိစယ မည်ပုံ အရာတို့ကိုငင်း အသီးသီး ရှင်းလင်းဖော်ပြပါ။

ဘုဒ၇-ဖြေ။ ။သတိ ဒအစရှိသော ဓမ္မဘို့၏ အစွမ်းဖြင့် ဗောဇ္ဈင် ၇-ပါး ပြားပါသည်။အာရမ္မဏဘေဒ,ကိစ္စဘေဒတို့ဖြင့်ပြားခြင်းမဟုတ်ပါ။ ဘေဘုမ္မက တရားတို့ကို အနိစ္စ စသည်တို့၏ အစွမ်းဖြင့် ဆင်ခြင်တတ်သောကြောင့် ဓမ္မဝိစယ - မည်ပါသည်။ အရကား - ဝိပဿနာ ပညာပင် ဖြစ်ပါသည်။

{ဥပေက္ခာသမ္ဗောဇ္ဈင်အရကိုလည်း ဤအရာ၌ တတြမဇ္ဈတ္တုပေက္ခာကို ယူပါ။}

၇ ဓမ္မေ ဝိစိနာတိ ဥပပရိက္ခတိတိ ဓမ္မဝိစယော၊ဝိပဿနာ ပညာ။ ဥပေက္ခာတိ ဋ္ဌ တတြမဇ္ဈတ္တုပေက္ခာ။ (၌)

❸ ဝိမံသင်္ခါရာ မမွှေစယ သမ္မောဇ္ဈင်, သမ္မာဒိဋ္ဌ-ဟိုရှိ အရှေ့ပညာပင်ဖြစ်၍ ထိုပညာ၌၏ ထူးခြားပုံကို ရှင်းလင်းပြပါ။

၁၃၆-ဖြေ။ ။ဝိမံသင်္ခါရာ - အရကား - ဤဩဝါဒ အာဘိညာဉ်၏ တည်ရာ အကြောင်းဖြစ်သော ပညာ-ရှေ့၏။ ခမွှေစယ သမ္မောဇ္ဈင်အရကား-ဝိပဿနာ ပညာ-ရှေ့၏။ သမ္မာဒိဋ္ဌိ-အရကား-မဂ်ပညာ-ရှေ့၏။ ဤသို့ဆိုထူးပါသည်။

---

❹ မဂ္ဂင်ရှစ်ပါးကို သီလ,သမာဓိ,ပညာ သင်္ကြားသုံးပါးဖြင့် ဝေဖန်ပြပါ။

၁၃၆၉-ဖြေ။ ။ဧရကို သုံးပါးသည် အဓိသီလသိက္ခာ၊ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ သုံးပါးသည် အဓိစိတ္တသိက္ခာ၊ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ၂-ပါးသည် အဓိပညာသိက္ခာ ဖြစ်ပါသည်။

---

❺ အာယတန လောကိစ်ဆဲ,လောကုတ္တရာဒိတ်တို့၌ အာယတနသဘော ဗောဓိပက္ခိယတရားများ ရှိနိုင်, မရှိနိုင်ကို အသီးသီး ညွှန်ပြပါ။

၁၃၇၀-ဖြေ။ ။လောကီဖြစ်သော ကာမာဝစရကုသိုလ်,မဟဂ္ဂုတ်ကုသိုလ်စိတ်တို့၌ သီလဝိသုဒ္ဓိစသော ခြောက်ပါးသော ဝိသုဒ္ဓိ ဖြစ်နေသော်(ဉာဏဒဿနဝိသုဒ္ဓိမပါ။) ထိုသို့သော သတိပဋ္ဌာန် အစရှိသော ကိစ္စအားလျော်စွာ အချို့သော ဗောဓိပက္ခိယတရားတို့သည် အချို့သော လောကီစိတ်တို့၌ အသီးသီးဖြစ်ကြ၍၊ အချို့သော ဗောဓိပက္ခိယတရားတို့သည် အချို့သော လောကီစိတ်၌ မဖြစ်ကြပါ။ လောကုတ္တရာစိတ်တို့တွင် ပဉ္စမစျာန်နှင့်ယှဉ်သော လောကုတ္တရာစိတ်၌ ၃၇-ပါး သော ဗောဓိပက္ခိယ တရားတို့ကို ရအပ်ပါသည်။ ဒုတိယစျာန်နှင့် ယှဉ်သော လောကုတ္တရာစိတ်၌ ဝိတက်မှ တပါးသော ဗောဓိပက္ခိယ တရားတို့ကို ရအပ်ပါသည်။ စတုတ္ထစျာန်, ပဉ္စမစျာန်နှင့်ယှဉ်သော လောကုတ္တရာစိတ်၌ ဝိတိမှ တပါးသော ဗောဓိပက္ခိယတရားတို့ကို ရအပ်ပါသည်။

(၄)

---

❻ လောကီကုသိုလ်တို့၌ သတိပဋ္ဌာန်စသော ဗောဓိပက္ခိယတရားတို့သည် တပေါင်းတည်း တပြိုင်နက်မဖြစ်ဘဲ အဘယ့်ကြောင့် အသီးသီး ဖြစ်ကြပါသနည်း။

၁၃၇၁-ဖြေ။ ။အထူးထူးသော ခဏရှိသောကြောင့် (ခဏ ပြားသောကြောင့်) အသီးသီးသာ ဖြစ်ကြပါသည်။ ထင်ရှားစေအံ့-သတိပဋ္ဌာန်တို့သည် အာရုံ, ကိစ္စပြားသောကြောင့်ဎင်း၊ သမ္မပ္ပဓာန်တို့သည် ကိစ္စပြားသောကြောင့်ဎင်း၊ ဣဒ္ဓိပါဒ်တို့သည် အဓိပတိဖြစ်၍ တခုသော စိတ္တုပ္ပာဒ်၌ တပြိုင်နက် အများ မဖြစ်သင့် သောကြောင့်ဎင်း၊ ဝိရတိတို့သည် အာရုံပြားသောကြောင့်ဎင်း၊ အထူးထူးသော ခဏ ရှိကြပါသည်။ ထိုသို့ အထူးထူးသော ခဏရှိသောကြောင့် အသီးသီးသာ ဖြစ်ကြပါသည်။ (ဇ)

{ဗောဓိပက္ခိယ တရားတို့သည် မဂ်၏ရှေးအဘို့၌ အထူးထူးသောအာရုံ, အထူးထူးသော ခဏရှိကြ, အသီးသီးဖြစ်ကြပြီး၊ မဂ်,ဖိုလ်အခိုက်၌ကား-နိဗ္ဗာန်အာရုံတခုတည်းရှိပြီး တခုသော ခဏ, တခုသောစိတ်တို့၌ တပေါင်းတည်း တပြိုင်နက် အကုန် ဖြစ်ကြသည်။}

● ပါတိမောက္ခသံဝရ, အာဇီဝ ပါရိသုဒ္ဓိ သီလဝိသုဒ္ဓိ ဖြစ်သော အခါ အဘယ်သတိပဋ္ဌာန်များ ဖြစ်ပါသနည်း။

၁၃၇၂-ဖြေ။ ။**ပဌမသတိပဋ္ဌာန်သည်** သမထဝိပဿနာ၏အစွမ်းဖြင့် ဒု, တ, စ-သတိပဋ္ဌာန်တို့သည် သုဒ္ဓဝိပဿနာ၏ အစွမ်းဖြင့်ဖြစ်၍၊ ထိုပါတိမောက္ခ, အာဇီဝ ပါရိသုဒ္ဓိ သီလဝိသုဒ္ဓိတို့သည်လည်း၊ သမထဝိပဿနာတို့၏အစွမ်းဖြင့် မဖြစ်သောကြောင့် သတိပဋ္ဌာန်လေးပါးလုံး မဖြစ်ကြပါ၊ သင်္ခါရသာဖြစ်သည်ဟု ဆိုရုပါမည်။ (ဇ)

{အသုဘ ပဌမဈာနုပစာရသမာဓိ-ဟု ဆိုအပ်သော စိတ္တဝိသုဒ္ဓိဖြစ်သောအခါ မဂ္ဂင်မဂ္ဂင်္ဂဉာဏဒဿနဝိသုဒ္ဓိ၊ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်သောအခါ အဘယ် သတိပဋ္ဌာန်များ ဖြစ်မည်နည်း။ ကြိပါ။}

● အဘယ်ဝိသုဒ္ဓိဖြစ်သောအခါ အဘယ်လောကီကုသိုလ် ဖြစ်နိုင်ပါသနည်း။

၁၃၇၃-ဖြေ။ ။စိတ္တဝိသုဒ္ဓိ ဖြစ်သောအခါ ကာမာဝစရ ကုသိုလ်, မဟဂ္ဂုတ်ကုသိုလ်များ ဖြစ်နိုင်ပါသည်။ ကြွင်းသောဝိသုဒ္ဓိ ငါးပါးဖြစ်

ခံသောအခါ ကာမာဝစရ ကုသိုလ်စိတ်သာ ဖြစ်နိုင်ပါသည်။ {ဤ ကုသိုလ်များ ဖြစ်သောအခါ ဗောဓိပက္ခိယတရားများ ဖြစ်နိုင်သည်၊ ဝိပါက်စိတ်များမှာကား-ဗောဓိပက္ခိယတရားများ မဖြစ်နိုင်။}

† စိတ္တဝိသုဒ္ဓိ ပဝတ္တိကာလေဟိ ကာမာဝစရ ကုသလစိတ္တံဝါ
မဟဂ္ဂတ ကုသလစိတ္တံဝါ ဟောတိ၊သေသဝိသုဒ္ဓိ ပဋ္ဌာကပဝတ္တိ
ကာလေ ကာမာဝစရကုသလဇဝတ္တာမေဝ။ (၄)

● ဗောဓိပက္ခိယ တရားများကို ကောဋ္ဌာသ, သဘာဝ, ပဘေဒ အားဖြင့် အသီးသီး ကောက်ပြပါ။

၁၃၇၄-ဖြေ။ ။ကောဋ္ဌာသအားဖြင့် သတိပဋ္ဌာန်, သမ္မပ္ပဓာန်, ဣဒ္ဓိပါဒ်, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်, မဂ္ဂင် အားဖြင့် ၇-ပါးရှိပါသည်။သဘာဝ (တရားကိုယ်) အားဖြင့် ဆန္ဒ, စိတ်, ဥပေက္ခာ, သဒ္ဓါ, ပဿဒ္ဓိ, ဝီတိ, သမ္မာဒိဋ္ဌိ, ဝိတက်, ဝိရိယ, ဝိရတီသုံးပါး၊ သမ္မာသတိ, သမ္မာသမာဓိ အားဖြင့် ၁၄-ပါး ရှိပါသည်။ ပဘေဒအားဖြင့် သတိပဋ္ဌာန်-၄၊ သမ္မပ္ပဓာန်-၄၊ ဣဒ္ဓိပါဒ်-၄၊ ဣန္ဒြေ-၅၊ ဗိုလ်-၅၊ ဗောဇ္ဈင်-၇၊ မဂ္ဂင်-၈ အားဖြင့် ၃၇-ပါး ရှိပါသည်။

† ဆန္ဒော စိတ္တမုပေက္ခာစ၊ သဒ္ဓါ ပဿဒ္ဓိ ဝီတိယော။
သမ္မာဒိဋ္ဌိစ သင်္ကပ္ပော၊ ဝါယာမော ဝိရတိတ္တယံ။
သမ္မာသတိ သမာဓိတိ၊ စုဒ္ဒသေတေ သဘာဝတော။
သဗ္ဗာတိ သပဘေဒေန၊ သဗ္ဗဓာ တတ္ထ သင်္ဂဟော။

(သင်္ဂဟ)

● ဗောဓိပက္ခိယသင်္ဂဟတွင်လာသော တရားတို့တွင် သတိ, ဝိရိယ စသော တရားတို့ကို အဘယ်မျှသော ကိစ္စဌာနတို့ဖြင့် ရေတွက် အပ်ပါသနည်း အသီးသီး ဖော်ပြပါ။

၁၃၇၅-ဖြေ။ ။ဝိရိယကို ကိုးကိစ္စ ကိုးဌာန၊သတိကို ရှစ်ကိစ္စရှစ်ဌာန၊ သမာဓိကို လေးကိစ္စ လေးဌာန၊ ပညာကို ငါးကိစ္စ ငါးဌာန၊သဒ္ဓါကို နှစ်ကိစ္စ နှစ်ဌာန၊ ကျန်သော ဆန္ဒ, စိတ္တ, ဥပေက္ခာ, ပဿဒ္ဓိ, ဝီတိ,

ဝိတက်, ဝိရတီသုံးပါး ပေါင်း ၉-ပါးတို့ကို တကိစ္စ တဌာနစီ အားဖြင့် ရေတွက်အပ်ပါသည်။

{ဝိရိယသည် ကိုးကိစ္စ, ကိုးဌာန တပ်သောကြောင့် တိုကို ကိုးကိစ္စကိုးဌာနဖြင့်ရေတွက်အပ်သည်စသည်ဖြင့်အကြောင်းကို သိလေ။ကိုးဌာနစသည်ကိုကား-ရှာလွယ်ပြီဖြစ်၍မပြတော့ပြီ။}

● အခြားသော စိတ်,စေတသိက်စသော တရားတို့ကို ဝေဖန်ရာ၌ "ပဝရောဝိဘာဂေါ"ဟုမဆိုဘဲ ၍ဗောဓိပက္ခိယတရားများကို ဝေဖန်ရာ၌"ပဝရော ဝိဘာဂေါ"ဟု အဘယ့်ကြောင့် အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၃၇၆-ဖြေ။ ။ဝိဘဇိတဗ္ဗ ဖြစ်သော ဗောဓိပက္ခိယ တရားတို့၏ မြတ်သောကြောင့် ဝိဘဇနသည်လည်း မြတ်ပါသည်။ ထို့ကြောင့် "ပဝရော ဝိဘာဂေါ"ဟု အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။

† ဝိဘဇိတဗ္ဗာနဥိ ဥတ္တမတ္တာဝိဘဇနမ္ပိ ဥတ္တမံဟောတိ။(သခေ်ပ)

ဗောဓိပက္ခိယ သင်္ဂဟ အဖြေ ပြီး၏။

သဗ္ဗသင်္ဂဟ အဖြေ

●

● ခန္ဓသဒ္ဒါ၏အနက်, ခန္ဓာငါးပါးတို့၏ ဥပမာ,အဘယ့်ကြောင့် ခန္ဓာကို ငါးပါးသာ ဟောရသည်တို့ကို အသီးသီး ဖော်ပြပါ။

၁၃၇၇-ဖြေ။ ။အတိတ်, အနာဂတ်, ပစ္စုပ္ပန် အစရှိသော အပြားဖြင့် ပြားကုန်သော ထိုထိုသို့သော သဘောတူဖြစ်ကုန်သော တရားတို့သည် ပညာဖြင့် တပေါင်းတည်း ပြုအပ်သော ပေါင်းစုခြင်း-ဟူသော အနက်ကြောင့် ခန္ဓာ-မည်ပါသည်။ (ရုပ် အစုအပုံ, ဝေဒနာ အစုအပုံ စသည်ကြောင့် ခန္ဓာ-မည်သည်မဟုတ်။ကာလသုံးပါး၌ဖြစ်သော ရုပ်, ဝေဒနာ စသည်ကို ဉာဏ်ဖြင့် စုပေါင်းအပ်သော အနက် ကြောင့်သာ ခန္ဓာမည်သည်ဟူလို။)

ထို ခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည် ဝေဒနာ၏မှီရာ ဖြစ်သောကြောင့် တည်ရာခွက်နှင့်တူ၏။ ဝေဒနာက္ခန္ဓာသည် ဝိညာဏ်၏ ခံစား

အပ်သည်၏ အဖြစ်ကြောင့် ဘောဇဉ်နှင့် တူ၏။ သညာကွန္ဓာသည် ဝေဒနာကို သာယာခံစားခြင်းကို ရခြင်း၏အကြောင်းဖြစ်သောကြောင့် စားဘွယ် အဖဲဟင်းလျာနှင့်တူ၏၊ သင်္ခါရကွန္ဓာသည် ပြုပြင် စီရင်တတ်သောကြောင့် စားဖိုသည်နှင့် တူ၏၊ ဝိညာဏကွန္ဓာသည် ဝေဒနာဟူသော ဘောဇဉ်ကို စားတတ်သောကြောင့် စားတတ်သော ထမင်းရှင်နှင့်တူ၏။ ။အိုး,ခွက် စသည်နှင့် တူသည်၏ အဖြစ်ဖြင့် ဤမျှသော ရုပကွန္ဓာစသော ငါးပါးသော သဒ္ဒါအစဉ်ဖြင့် လိုအပ်သော ဝေနေယျတို့၏ မင်,ဖိုလ်ရခြင်းအကျိုး ပြည့်စုံပြီ ဖြစ်သောကြောင့် ခန္ဓာကို ငါးပါးသာ ဟောပါသည်။

† ဧတ္တာဝတာစ အဓိပ္ပေတတ္ထ သိဒ္ဓိတိ ပဉ္စေဝ ဝုတ္တာ။ (ဋီ)

{ခန္ဓာသည် ရာသင်္ဌအားဖြင့် တပါးသာ ဖြစ်သော်လည်း လက္ခဏာနာ နတ္တအားဖြင့် ငါးပါးပြားရသည်။}(အဋ္ဌသာသိနီ)

● "ရာသင်္ဌေန ခန္ဓာ" အပေါင်းအစု ဖြစ်သောကြောင့် ခန္ဓာ-မည်သည်ဟု ဆိုလျှင် ဝေဒနာ, သညာတို့မှာ တပါးတည်း ဖြစ်၍၊ အပြားမရှိ ပေါင်းစုစရာ မရှိဘဲလျက် အဘယ့်ကြောင့် ခန္ဓာ-မည်နိုင်ပါသနည်း။

၁၃၇၈-ဖြေ။ ။တပါးတည်းဖြစ်၍ ပေါင်းစုစရာ မရှိသော်လည်း အတိတ် စသော တဆယ့်တပါးသော အခြင်းအရာအားဖြင့် ဖြင်သော ဝေဒနာ, သညာ တို့ကိုကား-ပေါင်းစုနိုင်သောကြောင့် ခန္ဓာ-မည်နိုင်ပါသည်။

{အတိတ်,အနာဂတ်,ပစ္စုပ္ပန် စသည်၌ဖြစ်သော ဝေဒနာ, သညာတို့ကို ပေါင်းစုနိုင်သည်ဟူလို။}

† အတီတာဒိဘေဒဘိန္ဒာနဉ္ဂိ ရာသင်္ဌေန ခန္ဓဝေါဟာရော။ (ဋီ)

● အတိတ် စသည်မပြား ယခု ပစ္စုပ္ပန်ဖြစ်ဆဲဝေဒနာ,မိမိသန္တာန်၌ ဖြစ်ဆဲ ဝေဒနာကို အဘယ်သို့ ခန္ဓာဖွဲ့မည်နည်း။

၁၃၇၉-ဖြေ။ ။အတိတ်စသည်၌ ဖြစ်မှုကိုစုပေါင်း၍ဖွဲ့ခဲ့သောခန္ဓာ အမည်သည် အတိတ် စသည်ဖြင့် မပြားသောဝေဒနာ စသည်၌လည်း

တွင်ကျယ်လျက်ပင် ရှိသောကြောင့် အတွင်ရုဋ္ဌီ ဘူတပုဗ္ဗ ဂတိကနည်း ဧကဒေသျူပစာအားဖြင့် ထိုဖြစ်ဆဲဝေဒနာ စသည့်ကို ခန္ဓာ ဖွဲ့နိုင်ပါသည်။

† ဝေဒနာဒီသု ပေကသ္မိံ၊ ခန္ဓသဒ္ဒေါတု ရုဋ္ဌီယာ။
သမုဒ္ဒါဒေကဒေသေသု၊သမုဒ္ဒါဒိရဝေါယထာ။ (သစ္စသံခိပ်)

● နိဗ္ဗာန်သည် အာယတန, ဓာတ်တို့၌ ပါရှိပါလျက်၊ ခန္ဓာ၌ အဘယ့်ကြောင့် မပါရှိပါသနည်း။

၁၃၈၀-ဖြေ။ ။နိဗ္ဗာန်သည် အတိတ်,အနာဂတ်စသော တဆယ့်တပါးသော အပြား မရှိသောကြောင့် ခန္ဓာ၌ မပါရှိပါ၊ ခန္ဓာ၌ မရေတွက်ရပါ။

{၁၁-ပါး အပြားမရှိ၊ သို့မရှိလျှင် ထို ၁၁-ပါး၌ဖြစ်သော နိဗ္ဗာန်တို့ကို ပေါင်းစု၍မရ၊ ပေါင်းစု၍ မရလျှင် "ရာသင္ဌေန ခန္ဓာ" အရ ခန္ဓာထဲမှာ မပါဟူလို။ အမှန်မှာ နိဗ္ဗာန်သည် အတိတ်,အနာဂတ်စသည် အပြားသာမရှိသည်။ဗဟိဒ္ဓ,သုခုမ, ပဏီဘ,ဒူရကား-အမှန်ဖြစ်သည်ဟု မှတ်။}

† ဘေဒါဘာဝေန နိဗ္ဗာနံ၊ ခန္ဓသင်္ဂဟ နိဿဋ္ဌံ။ (သင်္ဂဟ)

● ခန္ဓာ,ဥပါဒါနက္ခန္ဓာတို့၏အထူးကို ဖော်ပြပါ။

၁၃၈၁-ဖြေ။ ။ရုပ္ပနသဘော စသည်ဖြင့်တူကုန်သောအလုံးစုံသော တရားတို့ကို ပညာဖြင့်တပေါင်းတည်းပေါင်းစု၍ယူခြင်းငှာ အာသဝေါတရားတို့၏ အာရုံလည်းဖြစ်ကုန်သော အာသဝေါတရားတို့၏ အာရုံလည်း မဟုတ်ကုန်သော တေဘုမ္မကတရား, လောကုတ္တရာတရားတို့ကို သာသဝ, အနာသဝ ၂-ပါးတို့နှင့် ဆက်ဆံသော သာမည အစုံဖြင့် ဟောခြင်းသည် ခန္ဓာဖြစ်ပါသည်။ ဝိပဿနာ၏ ဖြစ်ရာအာရုံဖြစ်သော တေဘုမ္မကတရားတို့ကိုပြခြင်းငှာအာသဝေါတရားတို့၏အာရုံဖြစ်သော တေဘုမ္မကတရားတို့တို့သာလျှင် သာသဝ ဥပါဒါနိယ အဖြစ်ဖြင့်အထူးပြု၍ ဟောခြင်းသည် ဥပါဒါနက္ခန္ဓာ ဖြစ်ပါသည်။ ဤသို့ ထူးပါသည်။ ကျဉ်းကျဉ်းကား - သဗ္ဗ သဘာဂဓမ္မတို့ကို သိမ်းယူခြင်း၏ အစွမ်းဖြင့် သာသဝ,အနာသဝဓမ္မတို့ကို ဟောခြင်းသည် ပဥ္စက္ခန္ဓာ။ဝိပဿနာ၏

အာရုံကို သိမ်းဆည်းသည်၏ အစွမ်းဖြင့် သာသဝ တရားတို့ကိုသာ ဟောခြင်းသည် ဥပါဒါနက္ခန္ဓာ၊ ဤသို့ ထူးပါသည်။

† သဗ္ဗသဘာဂဓမ္မ သင်္ဂဟတ္ထံ ဟိ သာသဝါအနာသဝါဒိ ဓမ္မာ အဝိသေသတော ပဉ္စက္ခန္ဓာတိ ဒေသိတာ၊ ဝိပဿနာဘူမိ သန္ဒဿနတ္ထံ ပန သာသဝါဝ ဥပါဒါနက္ခန္ဓာတိ။ (ဋီ)

* သာသဝါနာသဝ,သာမည,ဟောပြ-ပဉ္စက္ခန်း

* သာသဝသာ,ဟောဖော်ပါ,ဥပါဒါနက္ခန်။ (သစ်)

● ဝေဒိနာက္ခန္ဓာစသော ခန္ဓာလေးပါးတို့သည် သာသဝ, အနာသဝ ဖြစ်သောကြောင့် ခန္ဓာ,ဥပါဒါနက္ခန္ဓာတို့၌ဟောတန်စေ သာသဝ ကာမာဝစရသာ ဖြစ်သော ရုပ် အဋ္ဌဝိသ ကိုကား-အဘယ့်ကြောင့် ခန္ဓာ,ဥပါဒါနက္ခန္ဓာတို့၌ ဟောပါသနည်း။

၁၃၀၂-ဖြေ။ ။ရုပ်အဋ္ဌဝိသသည် သာသဝ ကာမာဝစရသာ ဖြစ်သော်လည်း ဝေဒနာက္ခန္ဓာ စသော လေးပါးသော ခန္ဓာတို့နှင့်အစု၏ အဖြစ်ဖြင့် တူသော အဘို့အစု ရှိသည်၏အဖြစ်ကြောင့် ခန္ဓာတို့၌ ဟောပါသည်။ ဥပါဒါန်တရားတို့၏ အာရုံ၏အဖြစ်ကြောင့်ဂုဏ်း, နာမက္ခန္ဓာလေးပါးတို့နှင့်တူသော အဘို့အစုရှိသည်၏အဖြစ်ကြောင့်ဂုဏ်း, ဥပါဒါနက္ခန္ဓာတို့၌ ဟောခြင်းဖြစ်ပါသည်။

† သဘာဂရုသိ ဝသေန ပန တံ ခန္ဓေသု ဒေသိတံ၊ ဥပါဒါနိယ ဘာဝေန ပန ရာသိဝသေန စ ဥပါဒါနက္ခန္ဓေသူတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● အာယတနပိုဒ်၏ အဓိပ္ပာယ်နှင့် အာယတန ၁၂-ပါး ဟောပုံ ဒေသနာအစဉ်ကိုလည်း အသိုးသိုး ဖော်ပြပါ။

၁၃၀၃-ဖြေ။ ။ထိုထို ဒွါရအာရုံဠာဖြစ်ကုန်သော စိတ်,စေတသိက်တရားတို့သည် ထိုထို့သို့သော အာရုံကိုခံစားခြင်း အစရှိသော မိမိတို့ကိစ္စဖြင့် အားထုတ်ရာဌာန ဖြစ်သောကြောင့်ဂုဏ်း၊ ထိုထို ဒွါရအာရုံဠာဖြစ်ကုန်သော စိတ်,စေတသိက်တရားတို့ကို ခဲ့ပြတ်သောကြောင့်ဂုဏ်း၊ ရှည်စွာသော သံသရာ ဝဋ်ဆင်းရဲကို ဖြစ်စေတတ်သောကြောင့်ဂုဏ်း

စက္ခုပသာဒ စသည်တို့သည် အာယတန - မည်ပါသည်။ (အခြား အာယတနမည်ပုံအမျိုးမျိုးတို့ကို ဦကာ၌ ယူကြပါကုန်။)

အဇ္ဈတ္တိကာယတနတို့တွင် သနိဒဿန သပ္ပဋိဃလျှင် အာရုံရှိသည် ဖြစ်၍ ထင်ရှားသောကြောင့် စက္ခာယတနကိုရှေးဦးစွာဟောပါသည်။ ထို့နောင်အနိဒဿနသပ္ပဋိဃလျှင်အာရုံရှိကုန်သော သောတာယတန စသည်တို့ကို ဟောပါသည်။ ထို့တွင်လည်း မရောက်လာသောအာရုံကို ယူတတ်သော အဖြစ်ဖြင့် တူသောကြောင့် စက္ခာယတန၏ အခြားမဲ့၌ သေစတာယတနကို ဟောပါသည်။ ထို့နောင် လျင်မြန်စွာ အာရုံကို ယူခြင်းငှာ စွမ်းနိုင်သော ဃာနာယတနကို ဟောပါသည်။ ထို့နောင် ကိုယ်အစိတ်၌ ဖြစ်ခြင်းအားဖြင့်တူသောကြောင့် ဇိဝှာယတနကို ဟောပါသည်။ ထို့နောင် အလုံးစုံးသော ကိုယ်အရပ်၌ဖြစ်သော ကာယာယတနကို ဟောပါသည်။ ထို့နောင် စက္ခုစသော အဇ္ဈတ္တိကာယတန ဝါးပါးတို့၏အာရုံကိုယူခြင်းငှာ စွမ်းနိုင်သော မနာယတနကို ဟောပါသည်။ ထို့နောင် အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ အစဉ်အားလျော်စွာ ဗာဟိရာယတန ခြောက်ပါးတို့ကို ဟောပါသည်။ (ဦ)

- အဘယ့်ကြောင့် ဓာတ်-မည်သည်ဟု ဓာတုပုဒ်၏အဓိပ္ပာယ်ကို ရေးသားဖော်ပြပါ။

၁၃၈၄-ဖြေ။ ။မိမိ မိမိတို့၏ကက္ခဋ္ဌ,ဖုသန အစရှိသောသဘောကို ဆောင်တတ်သောကြောင့်ရင်း၊ ဖြစ်သင့်သည့်အားလျော်စွာ များပြားသော သံသရာဒုက္ခကို စီရင်တတ်သောကြောင့်ရင်း၊ ဝန်ထမ်းပုဂ္ဂိုလ်တို့သည် ဝန်ကို ဆောင်အပ်သကဲ့သို့ သတ္တဝါတို့သည် ဆောင်အပ်သောကြောင့်ရင်း ဓာတ်-မည်ပါသည်။ (ဦ)

{အခြားဓာတ်မည်ပုံ အမျိုးမျိုးတို့ကို ဦကာ၌ ယူကြပါကုန်။ ဓာတ် ၁၈-ပါး ဟောပုံအစဉ်ကိုလည်း အာယတန ဟောပုံကို မှီး၍ သိအပ်၏။}

● အရိယ မည်ပုံ, သစ္စာ မည်ပုံတို့ကို အသီးသီး ဖော်ပြပါ။

၁၃၈၅-ဖြေ။ ။အရိယာပုဂ္ဂိုလ်တို့၏အဖြစ်ကို ပြုတတ်သောကြောင့် အရိယ-မည်၏။မှန်ကန်သောကြောင့် သစ္စာ-မည်၏။ (အရိယာပုဂ္ဂိုလ်တို့၏အဖြစ်ကိုပြု၍မှန်ကန်သောကြောင့်အရိယသစ္စာမည်သည်ဟူလို) ။

ခဲ့ပြအံ့ - သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်း မရှိခဲ့သော် အရိယာပုဂ္ဂိုလ်အဖြစ်သို့ မရောက်နိုင်သောကြောင့်ဌင်း၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိသော်သာလျှင် စင်စစ် အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်နိုင်သောကြောင့်ဌင်း ဤအရိယသစ္စာတို့သည် အရိယာမဂ်ကို ကျင့်ဆဲဖြစ်ကုန်သော မဂ်ပုဂ္ဂိုလ်လေးယောက်,ဖိုလ်ပုဂ္ဂိုလ်လေးယောက်တို့ကို ပြီးစေတတ်, အရိယာပုဂ္ဂိုလ်အဖြစ်ကို ပြုတတ်သည်ဟု ဆိုရပါသည်။

ဒုက္ခ, သမုဒယ, နိရောဓ, မဂ္ဂသစ္စာ တို့၏သာလျှင် အစဉ်အတိုင်းညွှဉ်းဆဲတတ်သော ဗာဓကတ္တ, ဒုက္ခ၏အကြောင်းဖြစ်သော ပဘဝတ္တ, အလုံးစုံသော သခ်တတရားတို့မှ လွတ်ကင်းရာ နိဿရဏတ္တ,သံသရာမှ ထွက်မြောက်ကြောင်း နိယျာနိကတ္တအဖြစ်သည်ဖြစ်၍ ဤသစ္စာလေးပါးမှ တပါးကုန်သော တရားတို့အား ဗာဓကတ္တ,ပဘဝတ္တ,နိဿရဏတ္တ, နိယျာနိကတ္တ အဖြစ်သည်မဖြစ်။ ဒုက္ခသစ္စာ စသည်တို့၏လည်း ဗာဓကတ္တစသည်၏အဖြစ်သည်သာလျှင်ဖြစ်၍၊အဗာဓကတ္တစသည်၏အဖြစ်သည် မဖြစ်သောကြောင့် ထို သစ္စာလေးပါးတို့သည် မဖောက်မပြန်မှန်ကန်သည်ဟု ဆိုရပါသည်။

● တဏ္ဍာနှင့် မဂ် တို့မှာလည်း သခ်ါရဒုက္ခ, ဝိပရိဏာမ ဒုက္ခနှင့် မကင်းနိုင်သောကြောင့် ဌင်းတို့ကိုလည်းဒုက္ခသစ္စာ၌ထည့်သွင်း၍ ကောက်သင့်သည် မဟုတ် ပါလော၊ အဘယ့် ကြောင့် မကောက်ပါသနည်း။

၁၃၈၆-ဖြေ။ ။သခ်ါရ,ဝိပရိဏာမဒုက္ခတို့နှင့် မကင်းသော်လည်း သမုဒယ,မဂ္ဂ - ဟူသော အမည်ထူးကို ရနေပြီဖြစ်၍ ဒုက္ခသစ္စာ၌ ထည့်သွင်း၍ မကောက်တော့ပါ။

● အဝိဇ္ဇာသည်လည်း အလုံးစုံသော ဝင်္ဒဒုက္ခ၏ မူလ ဖြစ်သော ကြောင့် ထိုအဝိဇ္ဇာကိုလည်း သမုဒယအရိယသစ္စာ၌ဟောသင့် လျက် အဘယ့်ကြောင့် မဟောပါသနည်း။

၁၃၈၇-ဖြေ။ ။ပဋိစ္စသမုပ္ပာဒ်နည်းသို့ရောက်လျှင် ပစ္စယ ပရံပရ၏ အစွမ်းနှင့် ဒုက္ခတရားတို့၏ ဖြစ်ခြင်း, ဆုပ်နစ်ခြင်းကို စီရင်ရာ၌ အဝိဇ္ဇာ သည်သာ အစပဘဝပဓာန ဖြစ်သည်။ တဏ္ဍာသည် အစပဘဝပဓာန မဟုတ်၊သစ္စဒေသနာ၌ကား-သစ္စာတရားတို့ကိုဝေဖန်ရာ၌တဏ္ဍာသည် သာလျှင် အရှင် အကြီးအမှူး ပဓာနဖြစ်၏။အဝိဇ္ဇာသည် အရှင်အကြီး အမှူး ပဓာနမဟုတ်။ ထိုသို့ သစ္စဒေသနာတွင် သမုဒယ အရိယသစ္စာ အဖြစ်၌ အဝိဇ္ဇာ၏ ဖြစ်ခွင့်, အရာ တွင်ကျယ်ခွင့် မ ရှိ သော ကြောင့် ထို အဝိဇ္ဇာကို သမုဒယ အရိယသစ္စာ-၌ မဟောပါ။ (ပရမတ္ထဒီပနီ)

● တဏ္ဍာသည် သမုဒယသစ္စာ ဖြစ်ပါလျက် "ရူပတဏ္ဍာဒယော ဆတဏ္ဍာ ကာယာ" စသည်ဖြင့် ပါရာဇိကဏ် အဌကထာ၌ အဘယ့်ကြောင့် ဒုက္ခသစ္စာ၌ထည့်သွင်း၍ ရေတွက်ပါသနည်း။

၁၃၈၈-ဖြေ။ ။တဏ္ဍာသည် ပိုင်းခြား၍ သိ အပ် သော ကြောင့် ၎င်း, ဥပါဒါနက္ခန္ဓာ၌ အကျုံးဝင်သောကြောင့်၎င်း, သခ်ါရဒုက္ခ ဖြစ် သောကြောင့်၎င်း ဒုက္ခသစ္စာ၌ ထည့်သွင်း၍ ရေတွက်ပါသည်။

† တဏ္ဍာယပိ ပရိညေယျဘာဝ သဗ္ဘာဝတော ဥပါဒါနက္ခန္ဓော ဂဓတ္တာ သခ်ါရဒုက္ခ ဘာဝတောစ ဒုက္ခသစ္စသင်္ဟံ ဒဿေတုံ ရူပတဏ္ဍာဒယော ဆတဏ္ဍာကာယာတိ ဝုတ္တံ။

(သာရတ္ထ ဒီပနီ)

● ဒုက္ခသစ္စာဖြစ်သောတဏ္ဍာနှင့် သမုဒယသစ္စာဖြစ်သောတဏ္ဍာ တို့၏အထူးကို အဘယ်သို့ မှတ်ရမည်နည်း။

၁၃၈၉-ဖြေ။ ။ပစ္စုပ္ပန်ဘဝ၌ဖြစ်သောတဏ္ဍာသည် ခန္ဓာ၌အကျုံး ဝင်သောကြောင့်၎င်း, သခ်ါရဒုက္ခ ဖြစ်သောကြောင့်၎င်း ဒုက္ခသစ္စာ မည်၏။ အတ္တဘော၏ မူလအကြောင်း၏ အဖြစ်ဖြင့် ဖြစ်စေအပ်သော ရှေးဘဝ၌ဖြစ်သောတဏ္ဍာသည် သမုဒယသစ္စာ-မည်၏။ ဤသို့ အထူး ကို မှတ်ရပါမည်။

† တသ္မာ ဝတ္ထုမာနဘဝေ တဏှာ ခန္ဓပရိယာပန္နတ္တာ သင်္ခါရဒုက္ခ ဘာဝတောစ ဒုက္ခသစ္စံ၊ ယသ္မိံ ပန အတ္တဘာဝေ သာ ဥပ္ပဇ္ဇတိ၊ တဿ အတ္တဘာဝဿ မူလကာရဏဘာဝေန သမုဒ္ဒါဝိကာ ပုရိမဘဝသိဒ္ဓါ တဏှာ သမုဒယသစ္စန္တိ ဂဟေတဗ္ဗာ။

(သာရတ္ထ ဒီပနီ)

● သစ္စာလေးပါးကို သံကိလိဋ္ဌာ သံကိလိဋ္ဌ ဖလ ဟေတု သစ္စာ အားဖြင့် အသီးသီး ခွဲခြားပြပါ။

၁၃၉၀-ဖြေ။ ။သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာ, သမုဒယသစ္စာတို့သည် သံကိလိဋ္ဌသစ္စာ၊ နိရောဓသစ္စာ, မဂ္ဂသစ္စာတို့သည် အသံကိလိဋ္ဌသစ္စာဖြစ်၍ ဒုက္ခသစ္စာ, နိရောဓသစ္စာကား-ဖလသစ္စာ, သမုဒယသစ္စာ၊ မဂ္ဂသစ္စာကား-ဟေတုသစ္စာများ ဖြစ်ပါသည်။

{ဒုက္ခကား-ဇနေတပ္ပ၊ နိရောဓကား-သမ္ပာပေတပ္ပအကျိုး။ သမုဒယကား-ဇနက၊ မဂ္ဂကား-သမ္ပာပက အကြောင်း ဟူလို။ နိဗ္ဗာန်ကား-ပဋ္ဌာန်း အာရမ္မဏ ပစ္စည်း၌ အာရုံအကြောင်းမျိုးတွင် ဟောသည်။ ဓမ္မသင်္ဂဏီ ဝိပါကတိက်၌ကား - အကြောင်းအကျိုး မဟုတ်ဟု ဟောတော်မူသည်။ နိဗ္ဗာန်ကို အကြောင်းအကျိုး ငြင်းသူများ အရာဌာနလိုက်၍ ဟောသည်ကို သဘောပေါက်ပါစေ။}

† တာနိ ပန သံကိလိဋ္ဌာ သံကိလိဋ္ဌ ဖလ ဟေတု ဝသေန စတုဒ္ဓိဓာနိ။ (၄)

● (၁) ဒုက္ခသစ္စာ, ဒုက္ခအရိယသစ္စာ၊ (၂) သမုဒယသစ္စာ, သမုဒယ အရိယသစ္စာ၊ (၃) နိရောဓသစ္စာ, နိရောဓအရိယသစ္စာ၊ (၄) မဂ္ဂသစ္စာ, မဂ္ဂ အရိယ သစ္စာတို့ကို အသီးသီး ခွဲခြားပြပါ။

၁၃၉၁-ဖြေ။ ။(၁) အနိန္ဒြိယဗဒ္ဓိတများ, မဂ္ဂင်္ဂစ်ပါး ကြဉ်သောမဂ်, ဖိုလ်တရားတို့သည် ဖြစ်ခြင်း, ပျက်ခြင်းဖြင့် နှိပ်စက်အပ်သောသင်္ခါရ

ဒုက္ခ, ဝိပရိဏာမဒုက္ခတို့မှ မလွတ်သေးသောကြောင့် ဒုက္ခသစ္စာ-မည်၏။ သက္ကာယဉ်အကျုံးဝင်သော အဇ္ဈတ္တ တရားတို့သည် ဒုက္ခ အရိယသစ္စာ-မည်၏။ (၂) လောဘမှကြွင်းသော အာသဝတရားတို့၏အာရုံဖြစ်ကုန်သော အလုံးစုံသော ကုသိုလ်, အကုသိုလ် တရား တို့သည် သမုဒယသစ္စာ-မည်၏။လောဘသည် သမုဒယ အရိယသစ္စာ-မည်၏။ (၃) ကိလေသာတို့၏ တဒင်္ဂနိရောဓ, ဝိက္ခမ္ဘနနိရောဓသည် နိရောဓသစ္စာ-မည်၏။နိဗ္ဗာန်သည် နိရောဓအရိယသစ္စာ-မည်၏။(၄)လောကီဝိသုဒ္ဓိ ခြောက်ပါး တို့၌ ရှိသော မဂ္ဂင် တို့သည် မဂ္ဂသစ္စာ - မည် ၏။ လောကုတ္တရာ မဂ္ဂင်ရှစ်ပါးသည် မဂ္ဂ အရိယသစ္စာ-မည်၏။ (ယမိုက်၌ကား-တမျိုးဟောသေးသည်။) (ပရမတ္ထဒီပနီ)

- စေတသိက် ၅၀-ကို သခ်ါရက္ခန္ဓာဖွဲ့ရာ၌ သခ်ါရအမည်ရသော စေတနာ စေတသိက်တခုကိုသာဖွဲ့သင့်လျက် အဘယ့်ကြောင့် စေတသိက် ၅၀-လုံးကို ဖွဲ့ပါသနည်း။

၁၃၉၂-ဖြေ။ ။စေတသိက် ၅၀-တွင် စေတနာပြဋ္ဌာန်း၍ အကြီးအမှူးဖြစ်သောကြောင့် ပဓာန စေတနာကို သခ်ါရက္ခန္ဓာ ဖွဲ့လိုက်လျှင် မပြဋ္ဌာန်းသော ကျန် စေတသိက်များလည်း ပါဝင်ပြီးဖြစ်သောကြောင့် ၎င်း ၅၀-လုံးကိုပင် ပဓာန နည်းအားဖြင့် သခ်ါရက္ခန္ဓာ ဖွဲ့ခြင်းဖြစ်ပါသည်။

† စိတ္တသံသဋ္ဌဓမ္မာနံ၊ စေတနာမုခတော ပန။
သခ်ါရက္ခန္ဓနာမေန၊ ဓမ္မာ စေတသိကာ မတာ။

(နာမရူပ ပရိစ္ဆေဒ)

- ဖဿစသော ငါးဆယ်သော စေတသိက်တို့ကို တပါး တပါးသော ခန္ဓာ၏အဖြစ်ဖြင့်မဟောမူ၍ ဝေဒနာ,သညာ ၂-ပါးကို သာလျှင် တပါးတပါးသောခန္ဓာ၏အဖြစ်ဖြင့် အဘယ့်ကြောင့် သီးခြားထုတ်နုတ်၍ ဟောပါသနည်း။

၁၃၉၃-ဖြေ။ ။ဝဋ္ဌတရားတို့၌ သာယာခံစားတတ်သောဝေဒနာ, ထိုသာယာ ခံစားတတ်သော ဝေဒနာအား ကျေးဇူး ပြုတတ်သော

အကြောင်းဖြစ်၍ သံသရာ၏ပြဋ္ဌာန်းသော အကြောင်းဖြစ်သောကြောင့် ထို ဝေဒနာ, သညာ တို့ကိုသာ တပါးတပါးသောခန္ဓာ၏ အဖြစ်ဖြင့် ဖဿ စသော စေတသိတ်တို့မှ သီးခြားထုတ်နုတ်၍ ဟောပါသည်။

{သညာသည် အသုဘကို သုဘ-ဟူသော သညာဝိပ္ပလ္လာသ ဖြင့် ဝေဒနာ၏ သာယာ ခံစားမှုကို ကူညီ ကျေးဇူးပြုသော အကြောင်းတရားတခု ဖြစ်သည်ဟူလို။}

† သံသာရဿ ပဋ္ဌာန ဟေတုတာယ ဧတာ ဝိနိဘုဇ္ဇိတွာ ဒေသိတာ။ (ဋီ)

† ဝဋ္ဌမေ္မသု အဿာဒံ၊ တဒဿာ ဒုပသေဝဋ္ဌံ။
ဝိနိဘုဇ္ဇနိဒသေတုံ၊ ခန္ဓဒွယ မုဒါဟဋ္ဌံ။
(ဋီ-ဖြဲ နာမရူပ ပရိစ္ဆေဒ).

* ဝဋ္ဌတရားဌ်, ခံစားသာယာ, ရသာပေါ်မှု, ကျေးဇူးပြု, ဟောမှု-ခန္ဓာဒွေ။ (သစ်)

● အတယ်ကြောင့် အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး ပြားရပါသနည်း။

၁၃၉၄-ဖြေ။ ။ဒွါရ ခြောက်ပါး၊ အာရုံ ခြောက်ပါး ပြားသောကြောင့် အာယတန ၁၂-ပါး ပြားရပါသည်။ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ထိုဒွါရ,အာရုံကိုမှီ၍ဖြစ်သော ဝိညာဏ်ခြောက်ပါး အစဉ် ပြားသောကြောင့် ဓာတ် ၁၈-ပါး ပြားရပါသည်။ (သင်္ဂဟနှင့်ဋီ)

● အခံဓာတ်, အတိုက်ဓာတ်, အပွင့်ဓာတ်တို့ကို ဥပမာနှင့်တကွ ထင်ရှားစွာ ဖော်ပြပါ။

၁၃၉၅-ဖြေ။ ။ထိုဓာတ်တို့၏ဥပမာနှင့်တကွ အဖြေကား-အောက်ပါဇယားအတိုင်း ဖြစ်ပါသည်။

အခံဓာတ်-အတိုက်ဓာတ်-အပွင့်ဓာတ်နှင့် ဥပမာ

ဇယား

	အခံဓာတ်	အတိုက်ဓာတ်	အပွင့်ဓာတ်
	စက္ခုဓာတ်	ရူပဓာတ်	စက္ခုဝိညာဏဓာတ်
	သောတဓာတ်	သဒ္ဒဓာတ်	သောတဝိညာဏဓာတ်
	ဃာနဓာတ်	ဂန္ဓဓာတ်	ဃာနဝိညာဏဓာတ်
	ဇိဝှါဓာတ်	ရသဓာတ်	ဇိဝှါဝိညာဏ်ဓာတ်
	ကာယဓာတ်	ဖေါ့ဗ္ဗဓာတ်	ကာယဝိညာဏဓာတ်
	မနောဓာတ်	ဓမ္မဓာတ်	မနောဝိညာဏဓာတ်
ဦးဇာဉ်	အောက်ပွတ်ကြည်	အထက်ပွတ်ကြည်	မီးပွင့်ခြင်း
	လက်ဝဲလင်းကွင်း	လက်ျာလင်းကွင်း	လင်းကွင်းသံ
	စည်မုတ်နှာ	စည်လက်ဓတ်	စည်သံ

● စတုဘူမိကဓာတ်, ကာမာဝစရဓာတ်, ဟေတုဓာတ်, ဖလဓာတ် တို့ကို ခွဲခြားပြပါ။

၁၃၉၆-ဖြေ။ ။မနောဝိညာဏဓာတ်, ဓမ္မဓာတ် ၂-ခုကား- စတုဘူမိကဓာတ်၊ ကြွင်း ၁၆-ပါးကား - ကာမာဝစရဓာတ် ဖြစ်ပါသည်။ စက္ခုဓာတ်, ရူပဓာတ် ၂-ခုသည် ဟေတုဓာတ်၊ စက္ခုဝိညာဏဓာတ်သည် ဖလဓာတ် ဖြစ်ပါသည်။

{ဤအတူကြွင်း ၅-စုံမှာလည်း ဟေတုဓာတ်, ဖလဓာတ် တို့ကို ခွဲခြားရှိ သိပါ။ (သမ္မော-အဋ္ဌကထာ)

● "မနောဒွါရ ပန ဘဝင်္ဆီ ပဝုစ္စတိ" ၌ ပါသော မနောဒွါရနှင့် "ဒွါရာရမ္မဏ ဘေဒေန၊ ဘဝန္တာယဘနာနိ စ" ၌ ပါသော မနောဒွါရတို၏ အထူးကို ရေးခဲ့ပါ။

၁၃၉၇-ဖြေ။ ။ပဌမ မနောဒွါရကား - ဘဝင်စိတ်များ ဖြစ်သည်။ ဒုတိယမနောဒွါရကား-စိတ်အားလုံးဖြစ်သည်။ ဤသို့ထူးပါသည်။

{ရှေးရှေး မနသည် နောက်နောက် မနအား အနန္တရသတ္တိ ဖြင့် ကျေးဇူးပြုနိုင်သောကြောင့် ရှေးရှေးမနကို နောက်နောက် မန၏ဖြစ်ကြောင်း (မနာယဘန) မနောဒွါရ-ဟု ဆိုနိုင်သည် ဟူလို။ သမ္မောအဋ္ဌကထာဆဋ္ဌကား-မနာယဘန တစိတ်တဇဒသ ဖြစ်သော ဘဝင်စိတ်ကို ဇကဒဿု။ ပစာရအားဖြင့် မနာယဘန မနောဒွါရတမျိုးပြသေး၏။ နောက်ဦးမနောဓာတ်ကိုမနောဒွါရ ဟုံ တမျိုးဆိုဦးလတ္တံ့။)

† ယဿဟာနန္တရာတီဓာ၊ ဇာယမာနဿ ပဆ္ဆတော၊
မနော သဒ္ဒါဝိ သဗ္ဗဿ၊ မနအာယတနံ ဘဝေ။
(နာမရူပ ပရိစ္ဆေဒ)

● အာရမ္မဏာ သင်္ဂဟလာ ဓမ္မာရုံနှင့် ဤ "ဒွါရာရမ္မဏာ ဓာတုဒေန၊ ဘဝန္တရာယတနာနိစ"ဦးပါသောဓမ္မာရုံတို့ဦးအထူးကိုခရေးခဲ့ပါ။

၁၃၉၈-ဖြေ။ ။အာရမ္မဏာ သင်္ဂဟလာ ဓမ္မာရုံကား - ပဿဒ, သုခုမရူပ, စိတ်, စေတသိက်, နိဗ္ဗာန်, ပညတ်ဖြစ်သည်။ ဤဒွါရာရမ္မဏာဘေဒေန-ဦး ဓမ္မာရုံကား-သုခုမရူပ်,စေတသိက်,နိဗ္ဗာန်-ကို ဖြစ်သည်။ ဤသို့ထူးပါသည်။ (ပဿာဒရူပ်,စိတ်တို့ကို ယူပြီးဖြစ်၍ ပရမတ် မဟုတ်သော ပညတ်လည်း မပါဝင်နိုင်သောကြောင့် ဖြစ်သည်။)

● "ဒွါရာရမ္မဏာတဒုပန္နာ၊ ပရိယာယေန ဓာတုယော"အရ မနောဓာတ်သုံးခုသည် မနောဝိညာဏ်၏ ဒွါရမည်ပုံကို ဖော်ပြပါ။

၁၃၉၉-ဖြေ။ ။ဝိထိစိတ် အစဉ်၌ ပဋ္ဌမဒွါရာဝဇ္ဇန်းသည် ဘဝင်တည်းဟူသော မနောဝိညာဏ်၏ဝင်ရာဖြစ်၍၊ သမ္ပဋိစ္ဆိုင်းခွေးသည် သန္တီရဏ တည်းဟူသော မနောစိညာဏ်၏ ထွက်ရာ ဖြစ်သည်။ ထို့ကြောင့် မနောဓာတ်သုံးခုသည် မနောဝိညာဏ်၏ ဒွါရ-မည်ပါသည်။

{ဤ မနောဓာတ်ကို မနောဒွါရ,ဓမ္မဓာတ်ကို ဓမ္မာရုံပဋိခြင်း ကား-ယူရိုးယူစဉ် မဟုတ်၊ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး စုစုံ

အောင် ပရိယာယ် အားဖြင့် ယူခြင်း ဖြစ်သည်။ ထို့ ကြောင့် "ပရိယာယေန"ဟု အနုရုဒ္ဓါ ကိုယ်တိုင်ပင် မိန့်ဆိုခဲ့သည်။ ဋီကာကျော်ဆရာကား - "ပရိယာယေန" ကို ကမေန - ဟု ဖွင့်သည်။ ဒွါရ,အာရုံ,ဝိညာဏ် အစဉ်အတိုင်း ထားသည်ကို ပရိယာယ် ဆိုလိုသတတ်။ }

† အန္တောဒီကာ မနောဓာတု၊ မနောဝိညာဏာ ဓာတုယာ။
ပဝေသာပဂမေ ဒွါရ၊ ပရိယာယေန တိဋ္ဌတိ။
(နာမရူပ ပရိစ္ဆေဒ)

● "တဏှာ သမုဒယော ဘဝေ"ဦးရနိုင်သော တဏှာအပြားကို ရေတွက်ပြပါ။

၁၄၀၀-ဖြေ။ ။တဏှာသည် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာအားဖြင့် သုံးပါးအပြားရှိ၏။ ၎င်းသုံးပါးကိုတည်-အာရုံခြောက်ပါးနှင့်မြှောက် ၁၈-ပါးဖြစ်၏။ ၎င်း ၁၈-ပါးကိုတည်- ကာလသုံးပါးနှင့်မြှောက် ၅၄-ပါးဖြစ်၏။ ၎င်း ၅၄-ပါးကိုတည်-သန္တာန် ၂-ပါးနှင့်မြှောက် တဏှာပေါင်း ၁၀၈-ပါးဖြစ်ပါသည်။ (ကိလေသာခဏ်းကလည်း ပြခဲ့ပြီ။)

● တဏှာမှ တပါးကုန်သော ဒုက္ခ၏ အကြောင်းဖြစ် သော ကိလေသာတို့သည် ရှိကုန်လျက် တဏှာကိုသာလျှင် အဘယ့်ကြောင့် သမုဒယဟူ၍ ဟောတော်မူပါသနည်း။

၁၄၀၁-ဖြေ။ ။ရှိကုန်သော်လည်း ဒုက္ခ၏ လွန်ကဲ ထူးမြတ်သော ပြဋ္ဌာန်းသောအကြောင်းဖြစ်သောကြောင့် တဏှာကိုသာလျှင်သမုဒယဟူ၍ ဟောတော်မူပါသည်။ ခဲ့၍ပြအံ့-လောကီကုသိုလ်,အကုသိုလ်ကံ၏ ဆန်းကြယ်များပြားစွာဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့်၎င်း, လောကီကုသိုလ်, အကုသိုလ်ကံ၏ အဖော်သဟဲ အပေါင်းအသင်း၏-အဖြစ်သို့ ရောက်ခြင်း ကြောင့်၎င်း, များပြား ဆန်းကြယ်သော ဒုက္ခ အမျိုးမျိုးဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်၎င်း တဏှာသည်

ဒုက္ခ၏ လွန်ကဲ ထူးမြတ်သောအကြောင်းတခု ဖြစ်ပါသည်။ ထို့ကြောင့် ထိုတဏ္ဍာကိုသာလျှင် သမုဒယ-ဟု ဟောတော်မူခြင်းဖြစ်ပါသည်။

† ပဋ္ဌာန ကရဏတ္တာ။ (၉)

● အနုဗောဓဉာဏ်, ပဋိဝေဓဉာဏ်ဖြင့် သစ္စာလေးပါးသိပုံကို ရှင်းလင်းပြပါ။

၁၄၀၂-ဖြေ။ ။အနုဗောဓဉာဏ်သည် လောကီသာဖြစ်၍ အဆင့်ကြားခြင်း၏ အစွမ်းဖြင့် နိရောဓသစ္စာ, မဂ္ဂသစ္စာ ၂-ပါး၌ ဖြစ်သည်။ ပဋိဝေဓဉာဏ်သည် လောကုတ္တရာဖြစ်၍ နိဗ္ဗာန်ကိုအာရုံပြုလျက် ကိစ္စအားဖြင့် သစ္စာလေးပါးလုံးကို ထိုးထွင်း၍ သိပါသည်။

● "မဂ္ဂယုတ္တာ ဖလာစေဝ၊ စတုသစ္စပိနိဿဋာ" ဟူသောတင်္ဂဟ ပါဠိကို ရှင်းလင်းပြပါ။

၁၄၀၃-ဖြေ။ ။မဂ္ဂင်ရှစ်ပါးမှ ကြွင်းကုန်သော မင်္ဂနှင့်ယှဉ်ကုန်သော မင်္ဂစိတ္တုပ္ပာဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၇-ခုတို့သည် သစ္စာလေးပါးမှ လွတ်ကြသည်ဟု ဆိုလိုပါသည်။ မင်္ဂစိတ္တုပ္ပာဒ် ၂၉-ခုကား-မင်္ဂစိတ်လေးခု၊ စေတသိက်ဆတ္တိံသတို့တွင် သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးမှ ကြွင်းသော စေတသိက် ၂၈-ခု၌ မင်္ဂစိတ် လေးပါးကို အာရမ္မဏဝိဇာနန သဘောတူ၍ တပေါင်းတည်းပြုပြီး တပါးထည့် မင်္ဂစိတ္တုပ္ပာဒ် ၂၉-ခုဖြစ်၏။ ဖိုလ်စိတ္တုပ္ပာဒ် ၃၇-ခုကား-ဖိုလ်လေးပါး၌ ယှဉ်သော စေတသိက်ဆတ္တိံသတို့တွင် ဖိုလ်လေးပါးကို သဘောတူ၍ တပေါင်းတည်းပြုပြီး တပါးထည့် ဖိုလ်စိတ္တုပ္ပာဒ် ၃၇-ခု ဖြစ်၏။

● ဤ မင်္ဂစိတ္တုပ္ပာဒ်, ဖိုလ်စိတ္တုပ္ပာဒ်တို့သည် သစ္စာလေးပါးမှ လွတ်ကြသော် "စတုသစ္စပိနိမုတ္တော ဥေ ယျောနာမ နတ္ထိ" ဟူသော နေတ္တိ အဋ္ဌကထာစကားနှင့် မဆန့်ကျင်ပြီလော ရှင်လင်းခဲ့ပါ။

၁၄၀၄-ဖြေ။ ။မဆန့်ကျင်ပါ၊ ထိုမင်္ဂစိတ္တုပ္ပာဒ်, ဖိုလ်စိတ္တုပ္ပာဒ်တို့သည် သစ္စာလေးပါးမှ စင်စစ်မုချအားဖြင့် လွတ်ကြပါသည်။ သို့ လွတ်သော်လည်းဥပစာအားဖြင့်ကား-အညတာပိန္ဒြိယနိဒ္ဒေသ၌ "မဂ္ဂင်္ဂ မဂ္ဂ

ပရိယာပန္နံ''ဟူ၍ သမ္မာဒိဋ္ဌိ အစရှိသော ဖိုလ်တရားတို့ကို မဂ်မည်သည်၏အဖြစ်ဖြင့် ဟောထားသောကြောင့် ထိုဖိုလ်တရား အပေါင်းတို့တွင် သမ္မာဒိဋ္ဌိအစရှိသောဖိုလ်အင်္ဂါရှစ်ပါးကိုမဂ်၏အကျိုးဖြစ်သောကြောင့်ရင်း,မဂ်၌ယှဉ်သော သမ္မာဒိဋ္ဌိစသော စေတသိက်နှင့် ဖိုလ်၌ယှဉ်သော သမ္မာဒိဋ္ဌိစသော စေတသိက်တို့၏ အချင်းချင်း တူသောကြောင့်ရင်း, ကာရဏူပစာ,သဒိသူပစာအားဖြင့်မဂ္ဂသစ္စာသို့သွင်းယူ၍ဖလင်္ဂရှစ်ပါးမှကြွင်းသော ဖိုလ်စိတ္တုပ္ပာဒ် ၂၉-ခုနှင့် မဂ္ဂင်ရှစ်ပါးမှ ကြွင်းသော မဂ်စိတ္တုပ္ပာဒ် ၂၉-ခုကို သင်္ခါရဒုက္ခအဖြစ်နှင့်တူသောကြောင့် သဒိသူပစာအားဖြင့် ဒုက္ခသစ္စာသို့ သွင်းယူသည်ရှိသော် သစ္စ ဒေသနာတော်၏ အလုံးစုံသောတရားတို့ကို သိမ်းခြုံမိ၍ ပြည့်စုံပြီဖြစ်သောကြောင့် နေတ္တိအဋ္ဌကထာစကားနှင့် ဂင်္ဂါ,ယမုနာရေ မပြား တသားတည်း ညီညွတ်သွားသဖြင့် ဆန့်ကျင်မှု မရှိနိုင်တော့ပါ။ (ဌီ)

● မဂ်စိတ္တုပ္ပာဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၇-ခုတို့သည် အဘယ့်ကြောင့် သစ္စဝိမုတ် ဖြစ်ရပါသနည်း။

၁၄၀၅-ဖြေ။ ။ထို မဂ်စိတ္တုပ္ပာဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပာဒ် ၃၇-ခုတို့သည် ဒုက္ခ, ဒုက္ခသမုဒယ-စသော သဘောမှ ကင်းသောကြောင့် သစ္စဝိမုတ် ဖြစ်ရပါသည်။

† ဧတေ ယထာဝုတ္တာမ္မောဝိနိဂ္ဂတာဒုက္ခာဒိသဘာဝရဟိတတ္တာ။ (ဇူ)

[အရိယသစ္စာကား-သစ္စာလေးပါး၊ သဘာဝသစ္စာကား-ပရမတ္ထတရားလေးပါး၊ထို ၂-ပါးကိုပေါင်း၍ ပရမတ္ထသစ္စာ-ဟု ခေါ်ပြန်သည်။အရိယသစ္စာကား-ပရမတ္ထသစ္စာမျိုးပင်။အခြားဝစီသစ္စာ, ဝိရတီသစ္စာ, ဒိဋ္ဌိသစ္စာ - အမျိုးအစား များလည်းရှိသေးသည်။ ပညတ် အခေါ်အဝေါ် များကိုကား - သမ္မုတိသစ္စာ-ဟု ဆိုရသည်။]

- မြတ်စွာဘုရားသည် ခန္ဓာ အစရှိကုန်သော များစွာသောဘရား တို့ကို အဘယ့်ကြောင့် ဟောတော်မူပါသနည်း၊ ဘပါးပါးကို ဟောလျှင် မပြီးပါလော။

၁၄၀၆-ဖြေ။ ။သတ္တဝါသုံးဦးတို့အား ချီးမြောက်တော်မူလိုသော ကြောင့် ဟောတော်မူပါသည်။ ချဲထွင်ပြအံ့-နာမ်၌ တွေဝေသော ပုဂ္ဂိုလ်, ဇုန္ဒြေထက်သော ပုဂ္ဂိုလ်, အကျဉ်းကို ကြိုက်သော ပုဂ္ဂိုလ်တို့ အတွက် ခန္ဓဒေသနာကို ဟောပါသည်။ ရုပ်၌ တွေဝေသော ပုဂ္ဂိုလ်, ဇုန္ဒြေမထက်လွန်းသော ပုဂ္ဂိုလ်, မကျဉ်းမကျယ် ကြိုက်သော ပုဂ္ဂိုလ်တို့ အတွက် အာယတန ဒေသနာကို ဟောပါသည်။ နာမ်,ရုပ် ၂-ပါး၌ တွေဝေသောပုဂ္ဂိုလ်, ဇုန္ဒြေနုသောပုဂ္ဂိုလ်, အကျယ်ကြိုက်သောပုဂ္ဂိုလ် တို့အတွက် ဓာတု ဒေသနာကို ဟောတော်မူပါသည်။ ထိုသို့ မြတ်စွာ ဘုရား ဟောတော်မူသည့်အတိုင်း အနုရုဒ္ဓါဆရာလည်း ခန္ဓာ စသည် တို့ကို ပြဆိုခြင်း ဖြစ်ပါသည်။

† တိဝိမ သတ္တာ နုဝဟဿ အမိဓပ္ပတတ္တာ။ (ဋီ)

- မြတ်စွာဘုရားသည် ခန္ဓာ,အာယတန,ဓာတ်တို့၏ အခြားမဲ့၌ သစ္စာကို လေးပါးအပြားအားဖြင့်အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

၁၄၀၇-ဖြေ။ ။သမုဒယကြောင့်ဖြစ်သောဒုက္ခ၊ ဒုက္ခ၏ ဆုပ်နစ်ရာ ဆုပ်နစ်ကြောင်းဖြစ်သောနိဗ္ဗာန်၊ ထိုဒုက္ခ,နိဗ္ဗာန် ၂-ပါးတို့၏အကြောင်း ဖြစ်သော သမုဒယ,မဂ္ဂတို့၏ အစွမ်းဖြင့် ဝေနေယျ သတ္တဝါ တို့သည် မဂ်ဉာဏ် တည်းဟူသော ချက်စိဖြင့် မြင်အပ်သည်သာလျှင် ဖြစ်သော ထိုခန္ဓာ,အာယတန,ဓာတ်တို့သည်မဂ်,ဖိုလ်,နိဗ္ဗာန်-ဟူသော ကျေးဇူး အထူးကို ဆောင်နိုင်ပါသည်။ တပါးသော အခြင်းအရာ အားဖြင့် မြင်အပ်သော ထို ခန္ဓာ,အာယတန,ဓာတ်တို့သည် မဂ်, ဖိုလ်, နိဗ္ဗာန်-ဟူသော ကျေးဇူး အထူးကို မဆောင်နိုင်ပါ။ ထို့ကြောင့် ထို ခန္ဓာ အာယတန,ဓာတ်တို့၏ အခြားမဲ့၌ သစ္စာလေးပါး အပြား အား ဖြင့် အချုပ်ပြု၍ ဟောတော်မူပါသည်။

{ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗ၏ အစွမ်းဖြင့်၎င်း,တဏ္ဍာဝတ္ထုက,တဏ္ဍာ,တဏ္ဍာနိရောဓ,တဏ္ဍာ နိရောဓုပါယ၏ အစွမ်းဖြင့်၎င်း, အာလယာရာမ, အာလယ, အာလယသမုဋ္ဌာတ,အာလယသမုဋ္ဌာတူပါယ၏ အစွမ်းဖြင့် ၎င်း,သံလိကိဋ္ဌ, ဝေါဒါန, တဒုဘယဟေတု၏ အစွမ်းဖြင့်၎င်း ပဝတ္တိ, ပဝတ္တိ ဟေတု, နိဝတ္တိ - နိဝတ္တိဟေတု၏ အစွမ်းဖြင့် ၎င်း,သစ္စာကို လေးပါးသာဟောတော်မူသည်။ထိုတွင် ရန့်ရင်း သောကြောင့်၎င်း, များသောကြောင့်၎င်း, အများနှင့်ဆက်ဆံ သောကြောင့်၎င်း ရှေးဦးစွာ ဒုက္ခသစ္စာကို ဟောသည်။ ဒုက္ခ၏ အကြောင်းဖြစ်သောကြောင့် ထို့နောင် သမုဒယသစ္စာ ကို၊ အကြောင်း ချုပ်လျှင် အကျိုး ချုပ်သည်ဟု ပြဆိုခြင်းငှာ ထို့နောင် နိရောဓ သစ္စာကို၊ ထိုအကျိုး နိ ဗ္ဗာန်သို့ ရောက် ကြောင်းဖြစ်၍ ထို့နောင် မဂ္ဂသစ္စာကို ဟောတော်မူသည်။}

† တံပနေတံ တိပိဓမ္မိ ပဝတ္တိ နိဝတ္တိ တဒုဘယ ဟေတု ဝသေန ဒိဋ္ဌမေဝ ဥပကာရာဝဟံ။ နော အညထာပိ သစ္စဂ္ဂဟဏန္တိ ဒဋ္ဌဗ္ဗံ။ (ဌီ)

သဗ္ဗသင်္ဂဟ အဖြေ ပြီး၏။

သမုစ္စည်းပိုင်း အဖြေ ပြီးပြီ။

ပစ္စည်းပိုင်း

ပဋိစ္စသမုပ္ပာဒ်နည်း အဖြေ

●

● "ယေသံ သခ်ဘဓမ္မာနံ၊ ယေဓမ္မာ ပစ္စယာ ယထာ" ဟူသော ဂါထာ၌ ယေသံ,ယေ,ယထာ-ဟူသောပါဌ်တို့ဖြင့် အဘယ်ကို ပြသည်ဟု အသီးသီး ဖော်ပြပါ။

၁၄၀၈-ဖြေ။ ။ယေသံ-ဖြင့် ပစ္စယုပ္ပန် တရားများကို ပြပါသည်။ ယေ-ဖြင့် ပစ္စည်းတရားများကို ပြပါသည်။ ယထာ-ဖြင့် ပစ္စယသတ္တိကို ပြပါသည်။ (ဇူ)

{ယေသံ-အရ သခ်ဘဓမ္မာနံ-ဟု ဝိသေသန ထုတ်ပြသဖြင့် သခ်တတရားများသာ ပစ္စယုပ္ပန်ဖြစ်ထိုက်သည်ဟု ပြသည်။ယေ အရ ဝိသေသမပြ၊ဓမ္မာ-ဟု သာမညပြသဖြင့် သခ်တ,အသခ်တ ဖြစ်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ် အကုန်လုံး ပစ္စည်းဖြစ်ထိုက်သည်ဟု ပြသည်။}

● ပစ္စည်းတရားတို့သည် ပစ္စယုပ္ပန်တရားတို့အား ဟေတု စသော ပစ္စယသတ္တိဖြင့် အဘယ်အကျိုးငှာ ကျေးဇူးပြုကြပါသနည်း။

၁၄၀၉-ဖြေ။ ။တည်ခြင်း အကျိုးငှာရင်း, ဖြစ်ခြင်းအကျိုးငှာရင်း ကျေးဇူးပြုကြပါသည်။

† ပစ္စယာ ဌိတိယာ ဥပ္ပတ္တိယာစ ဥပကာရကာ။ (ဋီ)

● အဘယ် ပစ္စည်းတို့သည် တည်ခြင်းငှာရင်း, ဖြစ်ခြင်းငှာရင်း, တည်ခြင်း ဖြစ်ခြင်းငှာရင်း ကျေးဇူးပြုကြပါသနည်း အသီးသီး ဖော်ပြပါ။

၁၄၁၀-ဖြေ။ ။အနန္တရ စသော ပစ္စည်းတို့သည် ဖြစ်ခြင်းငှာသာ ကျေးဇူးပြုပါသည်။ပစ္ဆာဇာတပစ္စည်းသည် တည်ခြင်းငှာသာ ကျေးဇူး ပြုပါသည်။ ကြွင်းသော ဟေတု စသော ပစ္စည်းတို့သည် တည်ခြင်းငှာ ရင်း, ဖြစ်ခြင်းငှာရင်း ကျေးဇူးပြုကြပါသည်။ (ဇူ)

● "ယေ ဓမ္မာ ပစ္စယာ ယထာ"၌ ပစ္စယသဒ္ဒါ၏ အနက်များကို ၎င်း, ဤ၌လိုအပ်သော ဗုဒ္ဓိတတ္ထကို၎င်း ညွှန်ပြပါ။

၁၄၁၁-ဖြေ။ ။ပစ္စယသဒ္ဒါ၏အနက်သည် လက္ခဏတ္ထ, သဒ္ဒတ္ထ-ဟူ၍ ၂-မျိုးရှိပါသည်။ (ကျေးဇူးပြုတတ်သောအဖြစ်သည် လက္ခဏတ္ထ, အကြောင်းဖြစ်သော အနက်သည် သဒ္ဒတ္ထ-ဖြစ်သည်။) ထိုတွင်-ဤ၌ ကျေးဇူးပြုတတ်သော အဖြစ်ဟု ဆိုအပ်သော လက္ခဏတ္ထကို လိုအပ်ပါသည်။တနည်းအားဖြင့် အကြောင်းဟူက အကျိုးကိုမူစွန့်ဘဲ ဖြစ်မြဲဖြစ်၍ ထိုအကျိုးကိုမစွန့်ဘဲ ဖြစ်ခြင်းကိုပင် (ဥပကာရက) ကျေးဇူးပြုသည်ဟု ဆိုနိုင်သောကြောင့် ကာရဏတ္ထ-ဟု ဆိုအပ်သော သဒ္ဒတ္ထလည်း သင့်ပါသည်။

{ဘံဝိဘာဂံ-၌ တ-သဒ္ဒါဖြင့်ယေသံ-ယေ-ယထာ-ဟူသော အနိယမသုံးချက်၏နိယမကို ဒီပကနည်းအားဖြင့်တချက်တည်း ပြသည်။}

● အဘယ့်ကြောင့် ပဋိစ္စသမုပ္ပာဒ်-မည်ပါသနည်း။

၁၄၁၂-ဖြေ။ ။"ပစ္စယသာမဂ္ဂိ ပဋိစ္စ သမံ ဂန္ဒာ ဖလာနံ ဥပ္ပာဒေါ ဧတသ္မာဘိ ပဋိစ္စသမုပ္ပာဒေါ"ဟူသော ဝစနတ္ထနှင့်အညီ အကြောင်းတရားတို့၏ညီညွတ်ခြင်းသို့ အညီအညွတ် ကပ်ရောက်၍ အကျိုးတရားတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် အဝိဇ္ဇာစသော အကြောင်းတရားသည် ပဋိစ္စသမုပ္ပာဒ်-မည်ပါသည်။ (ဌီ)

● အဘယ့်ကြောင့် ပဌာန်း-မည်ပါသနည်း။

၁၄၁၃-ဖြေ။ ။"နာနာပွကာရာနိ ဌာနာနိ ပစ္စယာ ဧတ္ထာတိ ပဌာနံ"ဟူသော ဝစနတ္ထနှင့်အညီ အထူးထူး အပြားပြားသောပစ္စည်းတို့၏ဖြစ်ရာဖြစ်သောကြောင့် မြေသင်္ဂဏီစသော ၇-ကျမ်းသည် ပဌာန်းမည်ပါသည်။

● ပဋိစ္စသမုပ္ပာဒ်နည်း, ပဌာန်းနည်းတို့၏အထူးကို ရေးခဲ့ပါ။

၁၄၁၄-ဖြေ။ ။အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့၏ဖြစ်ခြင်းကြောင့် ဖြစ်လေ့ရှိသော သခ်ါရအစရှိသော အကျိုးတရားတို့၏ဖြစ်ခြင်း

ဟူသော အခြင်းအရာမျှဖြင့် မှတ်အပ်သောနည်းသည် ပဋိစ္စသမုပ္ပာဒ်နည်း မည်ပါသည်။ အထူးပြု၍ဖြစ်သော ပစ္စည်းဟုဆိုအပ်သောတည်ရာကိုအကြောင်းပြု၍ဖြစ်သောနည်းသည် ပဋ္ဌာန်းနည်းမည်ပါသည်။ (ဋီ)

{ဟေတု, အာရမ္မဏ စသော ပစ္စယသတ္တိအထူးကို မင့်မူ၍သာမန် ပစ္စယ၏အဖြစ်ကို ပြသည်၏ အစွမ်းဖြင့်ဖြစ်သော နည်းသည် ပဋိစ္စသမုပ္ပာဒ်နည်း ဟေတု, အာရမ္မဏ စသော ပစ္စယသတ္တိထူးကိုင့်၍ ဝိသေသ ပစ္စယသတ္တိကို ပြသည်၏ အစွမ်းဖြင့်ဖြစ်သောနည်းသည် ပဋ္ဌာန်းနည်း မည်သည်ဟူလို။}

{ထိုထို ဟေတု စသော ပစ္စည်းတရားတို့၏ ထိုထို ပစ္စယုပ္ပန်တရားတို့အား ထိုထိုသို့သော ဟေတုပစ္စည်း စသော ပစ္စည်းတရားတို့၏ အဖြစ်တည်းဟူသော ကျေးဇူးပြုတတ်သောအစွမ်းသတ္တိ-ဟု ဆိုအပ်သော အခြင်းအရာ အထူးကိုယူ၍ (သတ္တိဝိသေသကိုပြု၍) ဖြစ်သော ထိုပဋ္ဌာန်းကို အာဟစ္စ ပစ္စယဋ္ဌိတိ ဟု ဆိုပါသည်။}

တနည်းအားဖြင့် ပစ္စယုပ္ပန်ဖြစ်သော အခြင်းအရာမျှကို စွဲ၍ ဖြစ်သောနည်းသည် ပဋိစ္စသမုပ္ပာဒ်နည်း၊ ပစ္စယသတ္တိကိုစွဲ၍ ဖြစ်သောနည်းသည် ပဋ္ဌာန်းနည်း-မည်ပါသည်။

† ပဋိစ္စသမုပ္ပာဒနယောဟိ ပစ္စယုပ္ပန္ဘဝနာကာရမတ္တံ ဥပါဒါယ ပဝတ္တော၊ ပဋ္ဌာနနယော ပန ပစ္စယသတ္တိံ ဥပါဒါယပဝတ္တောတိ အယမေတေသံ ဝိသေသော။ (သခေါ)

* သတ္တိသာမန်, ငဲ့ပြပြန်, နယံ ပဋိစ္စ။
* သတ္တိဝိသေ, ငဲ့ပြပေ, နယေ ပဋ္ဌာန။ (သစ်)

● "အာဟစ္စ ပစ္စယ ဋ္ဌိတိ မာရဗ္ဘ" ၌ ပစ္စယနှင့် ဋ္ဌိတိ - တို့၏ အဓိပ္ပာယ်ကို အသီးသီးဖော်ပြပါ။

၁၄၁၅-ဖြေ။ ။ဤအကြောင်းမှ အကျိုးတရားသည် ရှေရှုရောက်၍ ဖြစ်ကြောင်းဖြစ်သောကြောင့် ထိုအကြောင်းတရားသည် ပစ္စယ-မည်ပါ

သည်။ အကြောင်းနှင့်စပ်၍ဖြစ်သော အကျိုးတရား၏တည်ရာဖြစ်သော ကြောင့် ထိုအကြောင်းတရားသည် ဌီတိ-မည်ပါသည်။

† ပဋိစ္စ ဖလံ ဧတိ တေသ္မာတိ ,ပစ္စယော၊ တိဋ္ဌတိ ဖလံ ဏ္ဍေ တဒါယတ္တာ ဝုတ္တိတာယာတိ ဌိတိ။ (၌)

● ပဋိဋ္ဌသမုပ္ပါဒနှင့် ပဋိစ္စသမုပ္ပန္နတို့၏အထူးကို ရေးခဲ့ပါ။

၁၄၁၆-ဖြေ။ ။အဝိဇ္ဇာ စသော အကြောင်းတရားတို့သည် ပဋိဋ္ဌသမုပ္ပါဒ-မည်ပါသည်။ သင်္ခါရ စသော အကျိုးဝေဒနာတို့သည် ပဋိစ္စသမုပ္ပန္န-မည်ပါသည်။ "အဘိဓမ္မာနေရောင်ကျမ်း၌လည်း ရှင်းပြထားသည်" (သံယုတ် အဋ္ဌကထာ-မူလဋီကာ ထို့အတူ။)

† အဝိဇ္ဇာဒိနံ ပဋိစ္စသမုပ္ပါဒ ဘာဝသ ဇရာမရဏာဒိနံ ပဋိစ္စသမုပ္ပန္နဘာဝသစ ဆာဒနတော ပဋိစ္စသမုပ္ပါဒ ပဋိစ္စသမုပ္ပန္န ဆာဒနံ ဝေဒိတဗ္ဗံ။ (မူလဋီကာ)

* အဝိဇ္ဇာစတ်, အကြောင်းရပ်, သမုပ္ပါဒ်-မည်နာမံ။

* သင်္ခါရာစ, ကျိုးဓမ္မ, ဒေါကြ-သမုပ္ပန်။ (သစ်)

● အဝိဇ္ဇာ၏ အဓိပ္ပာယ်နှင့် ထို အဝိဇ္ဇာ၏ တရားကိုယ် ကိုလည်း ကောက်ပြပါ။

၁၄၁၇-ဖြေ။ ။သစ္စာလေးပါးကို မသိတတ် သောကြောင့်၎င်း, မလျော်ကပ်တတ်သည်ဖြစ်၍ မရထိုက်သော ကာယဒုစရိုက် စသည်ကို ရတတ်၍ လျော်ကပ်တတ်သည်ဖြစ်၍ ရထိုက်သော ကာယသုစရိုက်စသည်ကိုမရတတ်သောကြောင့်၎င်း, သိအပ်သော သစ္စာလေးပါး စသည်ကို မသိအပ်သည်ကိုပြုတတ်သောကြောင့်၎င်း,ပရမတ္ထအားဖြင့်ထင်ရှားမရှိသော ဇာတိပုရိသစသည်၌ သတ္တဝါတို့ကို ပြေးစေတတ်,ထင်စေတတ်၍ ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာစသည်၌ သတ္တဝါတို့ကိုမပြေးစေတတ်, မထင်စေတတ် သောကြောင့်၎င်း အဝိဇ္ဇာ - မည်ပါသည်။ ထို အဝိဇ္ဇာ-ဟူသောအမည်သည် သစ္စာလေးပါး,ပုဗ္ဗန္တ,အပရန္တ,ပုဗ္ဗန္တာပရန္တ, ပဋိစ္စသမုပ္ပါဒ်တရား ဤရှစ်ဌာနတို့၌ မသိခြင်း မောဟ၏အမည် ပင်ဖြစ်ပါသည်။ (၌)

{သစ္စာလေးပါး၌ မသိခြင်းကား - သုတ္တန်အလို အဝိဇ္ဇာ၊ နောက်လေးပါး၌ မသိခြင်းကား-အဘိဓမ္မာအလို အဝိဇ္ဇာ-ဟု မှတ်၊ ဤရှစ်ဌာနနှင့် ဆိုင်ရာကိုမသိခြင်းသာ အဝိဇ္ဇာမည်သည်၊ ဓက်ခဲနက်နဲသောအရာဌာန၌ မသိခြင်းကား-အဝိဇ္ဇာမဟုတ်၊ ဉာဏ်ပညာ၏ ညံ့ဖျင်းမှုသာတည်း။}

- လူများ၌ ငယ်စဉ်အခါနှင့် ကြီးသော အခါမှာ စိတ် ရခြင်း အတူတူဖြစ်လျက်၊ငယ်စဉ်အခါမှာ အဘယ့်ကြောင့်အသိဉာဏ် နည်းရပါသံနည်း။

၁၄၁၈-ဖြေ။ ။ဇုန္ဒေ မရင့်ကျက် သေးသောကြောင့်ရင်း, ဘဝင် စိတ် အဖြစ်များသောကြောင့်ရင်း ငယ်စဉ်အခါမှာ အသိဉာဏ် နည်း ပါးရပါသည်။

{ကြီးလာသောအခါကား-ဇုန္ဒေရင့်ကျက်၍ရင်း, ဇောစိတ် အဖြစ်များသောကြောင့်ရင်း, ခေတ်အသုံးအားဖြင့် ပတ်ဝန်း ကျင်အခြေအနေ အတွေ့အကြုံများလာသောကြောင့်ရင်း အသိ ဉာဏ် များလာရသည်ဟု အပြန်အားဖြင့် သိပါလေ။}

† ပရိပက္ကတ္တာ အာယတနာနံ။ (ပဋိသမ္ဘိဒါမဂ်)

† ဇုဓ ပရိပက္ကတ္တာ အာယတနာနန္တိ ပရိပက္ကာယတနဿ ကမ္မ ကရဏကာလေ သမ္မောဟော ဒဿိတော။

(ပဋိစ္စသမုပ္ပာဒ သမ္မောအဋ္ဌကထာ)

† ဒဟရဿ စိတ္တပဝတ္တိ ဘဝင်္ဂဟုလာ ယေဘုယျေန ဘဝန္တရ ဇနက ကမ္မာယူဟနသမတ္ထာ နဟောန္တိတိ ဇုဓ ပရိပက္ကတ္တာ အာယတနာနန္တိ ဝုတ္တံ။ (ရင်း မူလဋီကာ)

{အဋ္ဌကထာ၌ "သမ္မောဟော ဒဿိဟော" အရအကုသိုလ် အရာမှာ မိုက်မိုက်မဲ့မဲ့ ထက်ထက် မြက်မြက် ပြုခြင်း, ကုသိုလ် အရာမှာ ဉာဏ်ယှဉ်ပြီး ထက်သန်စွာပြုခြင်းမျိုကို ယူ။}

● ''အဝိဇ္ဇာပစ္စယာသင်္ခါရာ''၌ သင်္ခါရအဓိပ္ပာယ်, သင်္ခါရအပြားတရားကိုယ်အရတို့ကို အသီးသီး ဖော်ပြပါ။

၁၄၁၉-ဖြေ။ ။ပြုပြင်စီရင်အပ်သော ဝိပါက်နာမကွန္ဓာ ကဋတ္တာရုပ်အကျိုးတရားကို ပြုပြင် စီရင်တတ်သောကြောင့် အကြောင်း ဖြစ်သော လောကီကုသိုလ်, အကုသိုလ်စေတနာ ၂၉-ခုတို့သည် သင်္ခါရ မည်ပါသည်။ထိုသင်္ခါရသည် ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရအားဖြင့်သုံးပါးအပြားရှိပါသည်။ (သမာဓိ၏ဆန့်ကျင်ဘက်ဖြစ်ကုန်သောတရားတို့မှ အလွန်ဝေးသည်ဖြစ်၍ မတုန်လှုပ်တတ်သောကြောင့်အာနေဉ္ဇခေါ်သည်။) {သင်္ခါရ-အရသစ္ဆဝိဘင်း၌ကား-ကာယသင်္ခါရ,ဝစီသင်္ခါရ,စိတ္တသင်္ခါရ သုံးပါးကိုလည်းပြဆိုလျက်ရှိ၏။}

ထိုတွင် ကာမ - ရူပကုသိုလ်စေတနာ ၁၃-ခု တို့သည် ပုညာဘိသင်္ခါရ-မည်ပါသည်။အကုသိုလ်စေတနာ ၁၂-ခုတို့သည် အပုညာဘိသင်္ခါရ-မည်ပါသည်။ အရူပကုသိုလ်စေတနာ ၄-ခုတို့သည်အာနေဉ္ဇာဘိသင်္ခါရ-မည်ပါသည်။ (နီ)

{လောကုတ္တရာကုသိုလ် စေတနာကား-ဝဋ်မြစ်ကိုဖြတ်တတ်သောကြောင့် ဤသင်္ခါရ၌ မယူအပ်ဟု သဒ္ဒေပဋီကာ ဆိုသည်။ အဘိမွေ ဘာဇနီယနည်း ဖြင့်လျှင်ကား - သင်္ခါရ-အရ လောကုတ္တရာကုသိုလ်စေတနာကိုလည်း ကောက်ယူရသည်။ အရူပကုသိုလ် စေတနာသည် ပုံညပင်ဖြစ်၍ ပုညာဘိသင်္ခါရတွင်ပါသင့်သော်လည်း အာနေဉ္ဇ-ဟူသောအမည်ထူးကဲ့ရပြီးဖြစ်၍ ပုညာဘိသင်္ခါရတွင် မပါတော့ချေ။}

† လောကုတ္တရစေတနာဝဲ ပန ဝဋ္ဋကထာ ဘူတတ္တာ ဇာဝ နဟိတာ။ (သဒ္ဒေပ)

● အဝိဇ္ဇာပစ္စယာ သင်္ခါရာ-၌ အဝိဇ္ဇာကြောင့် သင်္ခါရသာဖြစ်သည်မဟုတ်၊ တွဲဘက်စေတသိက်များလည်းဖြစ်လျက် အဘယ့်ကြောင့် သင်္ခါရကို ဦးတည်၍ ဟောပါသနည်း။

၁၄၂၀-ဖြေ။ ။သခ်ါရက ပြဋ္ဌာန်းသောကြောင့် ပဓာနနည်းအား ဖြင့် သခ်ါရကိုသာ ဦးတည်၍ ဟောခြင်း ဖြစ်ပါသည်။ (သမုစ္စည်းပိုင်း သခ်ါရက္ခန္ဓာဖွဲ့နည်းက ပြခဲ့သည့်အတိုင်းပင် ဖြစ်သည်။)

● အဝိဇ္ဇာသည် အကုသိုလ် ဖြစ် သည် အား လျော်စွာ မိမိနှင့် သဘောတူသော အပုညာဘိ သခ်ါရကိုသာ ဖြစ်စေသင့်လျက် သဘောမတူသော ပုညာဘိသခ်ါရ,အာနေဥာဘိသခ်ါရတို့ကို ဖြစ်စေခြင်းသည် အဘယ်သို့ သင့်ပါမည်နည်း။

၁၄၂၁-ဖြေ။ ။အကြောင်း တရားသည် မိမိနှင့် တူသောအကျိုး, မတူသောအကျိုးကို ဖြစ်စေနိုင်သောကြောင့် သင့်ပါသည်။ သလေး စပါးစေ့ကြောင့် သလေးစပါးသီးကား-တူသောအကျိုး,သလေးစပါး စေ့ကြောင့် သလေးစပါးပင်,အရွက်,အပွင့် စသည်တို့ကား-မတူသော အကျိုးများ ဖြစ်သကဲ့သို့ပင် ဖြစ်ပါသည့်။ (အကျယ်ကို သမ္မော အဋ္ဌကထာမှာ ရှုပါ။)

† ဝိရုဒ္ဓေါစာ ဝိရုဒ္ဓေါစ၊ သဒိသာ သဒိသော တထာ။
ဓမ္မာနံ ပစ္စယော သိဒ္ဓေါ၊ ဝိပါကာ ဧဝ တေန စ။
(သမ္မော အဋ္ဌကထာ)

● သခ်ဘသခ်ါရ, အဘိသခ်တသခ်ါရ, အဘိသခ်ရဏက သခ်ါရ, ပယောဂါဘိသခ်ါရ-အရတို့ကို အသီးသီးကောက်ပြပါ။

၁၄၂၂-ဖြေ။ ။အနိစ္စာဝတသခ်ါရာစသည်တို့၌ ဟောဘော်မူအပ်သော အလုံးစုံသော သပ္ပစ္စယ တရားတို့သည် သခ်ဘ သခ်ါရ-မည်ပါသည်။ ကံကြောင့်ဖြစ်သော ဘုံသုံးပါး၌ဖြစ်သော ရုပ်,နာမ် တရားတို့သည် အဘိသခ်တ သခ်ါရ-မည်ပါသည်။လောကီကုသိုလ်,အကုသိုလ် ကံ-ဟုဆိုအပ်သော စေတနာသည် အဘိသခ်ရဏက သခ်ါရ-မည်ပါသည်။ ကာယိက, စေတသိက ဖြစ်သော ဝိရိယသည် ပယောဂါဘိ သခ်ါရ-မည်ပါသည်။ ဤအဝိဇ္ဇာပစ္စယာသခ်ါရာ၌ သခ်ါရ-အရကား-အဘိသခ်ါရဏက သခ်ါရကိုသာ လိုအပ်ပါသည်။ (ဇူ)

● ''သခ်ါရပစ္စယာ ဝိညာဏံ''-ဥ္စ သခ်ါရ-အရ, ဝိညာဏ-အရ ဤကို အသီးသီး ကောက်ပြပါ။

၁၄၂၃-ဖြေ။ ။သခ်ါရပစ္စယာ ဝိညာဏံ-ဥ္စ သခ်ါရ-အရကား-ပဋိသန္ဓေအခါ ဥပ္ပန္နဖွစေတနာကြဉ်၊ ပဋိသန္ဓေ ပဝတ္တိအခါ အဘိညာဏ် စေတနာသည် ကြဉ်အပ်သော ကုသိုလ်, အကုသိုလ်စေတနာကို ရပါသည်။ (သခ်ေပအလို) ဝိညာဏ်-အရကား-ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ် ဖကြွေနဝိသ၊ ပဝတ္တိအခါ လောကီဝိပါတ် ဗာတ္တိံသသည် ဝိညာဏ်မည်ပါသည်။ (ဋီ-အလို) သခ်ေပအလိုကား-ပဋိသန္ဓေ,ပဝတ္တိ ၂-ပါးလုံးမှာပင် ဝိပါက်စိတ် ဗာတ္တိံသသည် ဝိညာဏ်-မည်သည်ဟု ပြ၏။

{လောကုတ္တရာဝိပါက်ကား-ဝန္ဒ ကထာ၌ မယှဉ်သင့်သောကြောင့် မယူရဟု ဝိဘင်းအဋ္ဌကထာ ဆိုသည်။ ဓာတု ကထာ၌ကား-အဘိဓမ္မာဘာဇနီယနည်းအရ စိတ်တခုယုတ် ကိုးဆယ်ကိုလည်း ဝိညာဏ်-အရ ကောက်သေး၏။ သခ်ါရ-အရတွင် ဥပ္ပန္နဖွစေတနာမှာ ပဋိသန္ဓေအကျိုးကိုမပေးတတ်၊ အဘိညာဏ် စေဘနာမှာ ပဋိသန္ဓေ,ပဝတ္တိအကျိုး ၂-ပါးလုံးကို မပေးတတ်သောကြောင့် ကြဉ်သည်ဟူလို။}

† လောကုတ္တရ ဝိပါကာနိ ပန ဝန္ဒကထာယ နာ ယုဇ္ဇန္တီတိ နာဟိတာ။ (ဝိဘင်းအဋ္ဌကထာ)

● ဝိညာဏပစ္စယာ နာမရူပံ''-ဥ္စ ဝိညာဏ-အရ,နာမ-အရ, ရူပအရတို့ကို အသီးသီး ကောက်ပြပါ။

၁၄၂၄-ဖြေ။ ။ဤဥ္စ ဝိညာဏံ-အရကို သခ်ေပ အလိုအားဖြင့် စိတ်တခုယုတ် ကိုးဆယ်ကို ရ၏။ နာမံ-အရကား- စေတသိက် ဒွေးပညာသ-ရ၏။ ရူပံ-အရကား-စတုသမုဋ္ဌာနိကရုပ်-ရ၏။ ဋီကာကျော်ဆရာကား-ဝိညာဏံ-အရ ပဋိသန္ဓေစိတ် ဖကြွေနဝိသ-ဟု ဆိုအပ်သော ဝိညာဏ်, တနည်း- လောကီဝိပါက် ဗာတ္တိံသ-ဟု ဆိုအပ်သော ဝိညာဏ်၊နာမ-အရ ၎င်းနှင့်ယှဉ်သောစေတသိက် ပဥ္စတိံသ,ရူပံ-အရ ကမ္မသမုဋ္ဌာန (ကမ္မဇ) ရုပ်ကိုသာ ယူလိုရိပ်ရှိ၏။

{ဋီကာကျော်ဆရာကား-ပဋိသန္ဓေအခါကိုရည်၍၊ သခေ်ပဆရာကား-ပဋိသန္ဓေ, ပဝတ္တိ ၂-ပါးလုံးကို ရည်ပုံရသည်။ နာမအရ ဝိညာဏ်ဖြစ်သောနာမ်ကား-ပစ္စည်းအည်းတွင် ယူပြီးဖြစ်၍ မလိုအပ်၊ နိဗ္ဗာန်ကား-အပ္ပစ္စယပြစ်၍ ဆိုဘွယ်မရှိ။}

† နာမံ ဣဓ ဝေဒနာဒိကွန္ဓတ္တယံ၊ ရူပံ ပန ဘူတောပါဒါယ ဘေဒတော ဒုဝိဓံ ကမ္မသမုဋ္ဌာနရူပံ၊ တဒုဘယမ္ပိ ဣဓ ပဋိသန္ဓိ ဝိညာဏ သဟဂတန္တိ ဒဋ္ဌဗ္ဗံ။ (ဋီ)

* ဝိညာဏပစ္စယာ, နာမရူပါ, ထိုပုဒ်မှာဝယ်, ဝိညာဏံရ, စိတ္တမကျန်, နာမံအရ, ဝေကုန်ကြ၍, ရူပရှု, စတုသမုဋ္ဌာ, ရုပ်လေးဖြာကို, ဆရာသခေ်ပ, ကောက်ယူပြ၏, သုမင်္ဂလမူကျေနဝီ, သန္ဓေမှီ၍, ယှဉ်ပြီဝေက, ပဋိတိသံ, ရူပံအရ, ကမ္မဇသာ, ကောက်ယူပါသည်။ ။ဆရာဆရာအလိုတည်း။ (သစ်)

● "နာမရူပပစ္စယာသဋ္ဌာယတနံ"၌ နာမ, ရူပ-အရ သဋ္ဌာယတန အရတိုကို အသီးသီးကောက်ပြပါ။

၁၄၂၅-ဖြေ။ ။နာမ-အရကား-ဝေဒနာ အစရှိသော နှောသုံးပါးကို၊ ရူပ-အရကား-မိခ်သန္တာန်၌ အကျုံးဝင်သော မဟာဘုတ် လေးပါး, ဝတ္ထုရုပ်ခြောက်ပါး, ဇီဝိတိန္ဒြေကို။ သဋ္ဌာယတန-အရကား-အဇ္ဈတ္တိကာယတနခြောက်ပါး၊ တနည်း-ဗာဟိရာယတန ခြောက်ပါးတိုကို ရပါသည်။ (ဋီ)

{နာမ-အရ ဝိညာဏ်ဖြစ်သောနာမ်ကား-ပစ္စယုပ္ပန်၌ယူသားပြီးဖြစ်၍မလိုအပ်။ နိဗ္ဗာန်ကား-ဆိုဘွယ်ရာမရှိ။ ရူပ-အရ ရူပါယတန စသော ကြွင်းသောရုပ်တိုကိုကား - မဟာဘုတ်ကဲ့သို့ သဟဇာတသတ္တိ-ဝတ္ထုရုပ်ကဲ့သို့ နိဿယသတ္တိ-ဇီဝိတိန္ဒြေကဲ့သို့ အနုပါလန သတ္တိမရှိသောကြောင့် မယူရဟုမှတ်။}

† ရူပါယတနာဒီနံ ပန သဟဇာတနိဿယ အနုပါလန ဘာဝေါ နတ္ထိတိ အဂ္ဂဟဏံ ဝေဒိတဗ္ဗံ။ (မူလဋီကာ)

* နာမရူပ,ပစ္စယဒ္ဓိ, နာမရုပ္မာ, ဝေဒနာဒိတ္တယံ, ရူပံပုမ္မာ, မဟာဘူတ, ဝတ္ထုကနှင့်, ဇီဝိတိန္ဒြိယ, ဆယ်တဝသာ, ကောက်ယူရာသည်။ ။နာမာရူပ ဒုတိယာတည်း။ (သစ်)

● ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်-တို့၏ အရကို အသီးသီး ကောက်ပြပါ။

၁၄၂၆-ဖြေ။ ။ဖဿ-အရကား-စက္ခုသမ္ဖဿစသော ဆဒ္ဓါရိက ဖဿကို၊ ဝေဒနာအရ သုခ,ဒုက္ခ,ဥပေက္ခာ ဝေဒနာတို့ကို၊ တဏှာ-အရ ကာမ, ဘဝ, ဝိဘဝ, တဏှာ သုံးပါးကို၊ တနည်း- အာရုံ, ကာလ, သန္တာန်တို့၏ အစွမ်းအားဖြင့် ၁၀၈-ပါးသော တဏှာကို၊ ဥပါဒါန် အရ ဥပါဒါန်လေးပါးကို အသီးသီး ရပါသည်။ (ဒို့)

● တဏှာနှင့် ကာမုပါဒါန်မှာ အရခြင်း အတူတူဖြစ်၍ ၎င်းတို့၏ အထူးကို ဖော်ပြပါ။

၁၄၂၇-ဖြေ။ ။အားနည်းသောတဏှာသည်တဏှာမည်၍ အားကြီးသောတဏှာသည်ကာမုပါဒါန်-မည်ပါသည်။တနည်း-အမိုက်မှောင်၌ ခိုးသူတို့၏ မိမိလက်သို့ မရောက်သေးသော ပစ္စည်းဥစ္စာကို ယူခြင်းငှာ စမ်းသောလက်ကဲ့သို့ မိမိထံသို့ မရောက် လာသေးသော ရူပါရုံ အစရှိသော အာရုံကိုတောင့်တခြင်းသည် တဏှာမည်၍၊ခိုးသူတို့၏လက်သို့ ရောက်ပြီးသော ပစ္စည်းဥစ္စာကိုယူခြင်းကဲ့သို့ မိမိထံသို့ရောက်လာသော ရူပါရုံ အစရှိသောအာရုံကို စွဲလမ်း ဆွဲရမ်း၍ယူခြင်းကား-ဥပါဒါန် မည်ပါသည်။ တနည်း - အလိုနည်းသောသူ၏ အဖြစ်ဟု ဆို အပ် သော အလောဘ၏ ဆန့်ကျင်ဘက် ဖြစ်သော တဏှာသည် တဏှာမည်၍၊ ရောင့်ရဲခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သောတဏှာသည် ကာမုပါဒါန်-မည်ပါသည်။ တနည်း-အလိုရှိအပ်သော ပစ္စည်းဥစ္စာကို အဖန်တလဲလဲ ရှာမှီးရခြင်းကြောင့် ဖြစ်သော .ကာယိကဒုက္ခ, စေတသိကဒုက္ခ၏ အကြောင်းဖြစ်သော တဏှာသဘောသည်တဏှာမည်၍၊ရှာမှီး၍ ရပြီးသော ပစ္စည်းဥစ္စာကို ခိုးသူ စသည်ဘို့ မခိုးယူစေခြင်းငှာ စောင့်ရှောက်ခြင်းကြောင့်ဖြစ်သော ကာယိကဒုက္ခ, စေတသိကဒုက္ခ၏ အကြောင်း

ဖြစ်သော တဏ္ဍာသည် ကာမုပါဒါန်-မည်ပါသည်။ ဤသို့ တဏ္ဍာနှင့် ကာမုပါဒါန်တို့ ထူးကြပါသည်။ (ဋီ)

* အားနည်းတဏ္ဍာ,အားကြီးခါ,ဥပါဒါဟုမှတ်။ (သစ်)

● အဘယ့်ကြောင့် ဘဝ မည်သည်ကိုရင်း, ဘဝအပြား ကိုရင်း, အရကိုရင်း အသီးသီး ဖော်ပြပါ။

၁၄၂၈-ဖြေ။ ။ဘဝသည် ကမ္မဘဝ,ဥပပတ္တိဘဝအားဖြင့် ၂-ပါး အပြားရှိ၏။ဆိုဘွင် ကမ္မဘဝသည် "ဘဝတိ ဧတသ္မာဖလန္တိ ဘဝေါ" ဟူသော ဝစနတ္ထနှင့်အညီ ဝိပါက်နာမကွန္ဓာ ကဋတ္တာရုပ်-ဟု ဆိုအပ်သော အကျိုးတရားတို့၏ ဖြစ်ခြင်းအကြောင်း ဖြစ်သောကြောင့် ဘဝ-မည်ပါသည်။အရကား-လောကီကုသိုလ်,အကုသိုလ်စေတနာ ၂၉-ခု ရပါသည်။ဥပပတ္တိဘဝသည် "ဘဝတီတိ ဘဝေါ" ဟူသောဝစနတ္ထနှင့် အညီ ကံ-ဟူသော အကြောင်းကြောင့် ဖြစ်ဘတ်သောကြောင့် ဘဝ-မည်ပါသည်။ အရကား - လောကီဝိပါက် ဗာဘ္တိံသ, စေတသိက် ပဉ္စတိံသ,ကမ္မဇရုပ် ဝီသ-ရ၏။ တနည်း-အနာဂတ်၌အကျုံးဝင်ကုန်သော ဝိညာဉ်, နာမ် ရုပ်, သဋ္ဌာယဘန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာ,မရဏ တရားတို့ကို ရ၏။ (ဋီ)

{ဤ ဥပပတ္တိဘဝ-အရ ဓာဘုကထာ ဝဝတ္ထာန်၌ မပါ။ ဆို ဥပပတ္တိဘဝသည် ကာမဘဝ စသည်ဖြင့်၉-ပါး ပြားပါသည်။ ၎င်းတို့၏အရကိုကား-ဓာဘုကထာဝဝတ္ထာန်၌ကြည့်ပါကုန်။}

● "ဥပါဒါနပစ္စယာ ဘဝေါ-ဘဝပစ္စယာ ဇာတိ" ပုဒ်များမှာ ဘဝ-အရ အဘယ်ဘဝများကိုယူသင့်သည်ဟု အကြောင်းနှင့် တကွ ဖော်ပြပါ။

၁၄၂၉-ဖြေ။ ။ဥပါဒါနပစ္စယာ ဘဝေါ-ဟူသောပုဒ်၌ ဥပါဒါန်ကြောင့် ဖြစ်ရကား-ဘဝ-အရ,ကမ္မဘဝ,ဥပပတ္တိဘဝ ၂-ပါးလုံးကိုပင် ယူရပါမည်။ဘဝပစ္စယာဇာတိဟူသောပုဒ်၌ကား-ဇာတိ၏အကြောင်း ဖြစ်သောကြောင့် ဘဝ-အရ ကမ္မဘဝကိုသာ ယူရပါမည်။ဥပပတ္တိဘဝ ကား-ဇာတိ၏ အကြောင်းမဖြစ်သောကြောင့် မယူရပါ။ထင်ရှားစေပါ

အံ့။ ထို ဥပပတ္တိဘဝကို ရှေးဦးစွာဖြစ်သော ခန္ဓာသဘောရှိသည်ဖြစ်၍ ဇာတိ-ဟုပင် ဆိုရပါသည်။ သို့ဆိုရသဖြင့် ဇာတိတခုသည် ဇာတိတခု၏အကြောင်းလည်း ဖြစ်ပါသည်။ ထိုသို့ ဇာတိအမည်ရသော ဥပပတ္တိဘဝသည် ဇာတိ၏အကြောင်း မဖြစ်နိုင်သောကြောင့် မယူရခြင်း ဖြစ်ပါသည်။

† ဥပါဒါနပစ္စယာဘဝေါတိစတ္ထ ဥပပတ္တိဘဝေါပိအဓိပ္ပေတော၊ ဘဝပစ္စယာ ဇာတိတိ ကမ္မဘဝေါဝေါ သော ဟိ ဇာတိယာ ပစ္စယော ဟောတိ။ (ဋီ)

● ဥပပတ္တိဘဝသည် ကမ္မဘဝကြောင့်သာဖြစ်၏။ ဥပါဒါန်ကြောင့် မဖြစ်သောကြောင့် "ဥပါဒါန ပစ္စယာ ဘဝေါ"ဦ့ ကမ္မဘဝကိုသာ ယူသင့်လျက် အဘယ့်ကြောင့် ဥပပတ္တိဘဝကိုပါ ယူပါသနည်း။

၁၄၃၀-ဖြေ။ ။အကြောင်း၏ အကြောင်းကိုလည်း အကြောင်းဟူ၍ပင် ဆိုအပ်သောကြောင့် ယူပါသည်။ မြက်ကြောင့် ထမင်းကျက်သည်ဆိုရာ၌ အမှန်မှာ မြက်ကြောင့် ထမင်းကျက်သည်မဟုတ်၊ မီးကြောင့်သာ ထမင်းကျက်သော်လည်း မီးသည် မြက်ကြောင့်ပင် ဖြစ်သောကြောင့် မြက်ကြောင့် ထမင်းကျက်သည်ဟု ဆိုသကဲ့သို့ ဤလိုလည်း ဥပါဒါန်ကြောင့် ဥပပတ္တိဘဝ ဖြစ်သည်မဟုတ်၊ ကမ္မဘဝကြောင့်သာ ဖြစ်သော်လည်း ကမ္မဘဝသည် ဥပါဒါန်ကြောင့်ပင် ဖြစ်သောကြောင့် ဥပါဒါန်ကြောင့် ဥပပတ္တိဘဝဖြစ်သည်ဟု အဆင့်ဆင့် အကြောင်းအားဖြင့် ဆိုပါသည်။

မြက်.....မီး.....ထမင်းကျက် (ဥပမာန)

ဥပါဒါန်.....ကမ္မဘဝ ....; ဥပပတ္တိဘဝဖြစ် (ဥပမေယျ)

{ဥပပတ္တိဘဝ၏အကြောင်းနီးဖြစ်သောကမ္မဘဝ, ထိုကမ္မဘဝ အကြောင်းနီး၏အကြောင်းရင်းဖြစ်သော ဥပါဒါန်ကိုကမ္မဘဝ၏ အကြောင်းလောက်သာမဆိုဘဲ ဥပပတ္တိဘဝ၏ အကြောင်းဟု တဆင့်အကြောင်းရင်းအားဖြင့် ဆိုသားသည်ဟူလို။}

† ကာရကောကာရကာမို ဟိ ကာရကာနေဝ ဝုစ္စတိ၊ တိကောဟိ ဘဇ္ဇံ သိဒ္ဓန္တိ အာဒိသုဝိယ။ (ဂု)

● ဇာတိ, ဇရာ စသော ပုဒ်တို့၏ အဓိပ္ပာယ်ကို အသီးသီး ရေးသား ဖော်ပြခဲ့ပါ။

၁၄၃၁-ဖြေ။ ။ထိုထိုသို့သော ကာမ, ရူပ, အရူပ သတ္တဝါတို့အား ထိုထိုဂတိ အစရှိသည်တို့၌ အတ္တဘောကိုရရှိလာခြင်းသည် ဇာတိ-မည်ပါသည်။ ထိုသို့သော အခြင်းအရာဖြင့် ဖြစ်ပြီး ရပြီးသော အတ္တဘော၏ ဆွေးမြေ ပျောင်းနွမ်းသည်၏ အဖြစ်သည် ဇရာ-မည်ပါသည်။ တဘင ဖြင့် ပိုင်းခြားအပ်သော ထို အတ္တဘော၏သာလျှင် အဆုံး ဖြစ်သော စုတေခြင်းသည် မရဏ-မည်ပါသည်။ (မရဏကား-သမုစ္ဆေဒမရဏ, ခဏိက မရဏ, သမ္မုတိ မရဏ, ဇီဝိတိန္ဒြေ ယုပစ္ဆေဒ မရဏ-ဟု ၄-မျိုး ရှိ၏။ အထက် မရဏာနုဿတိအရာ၌ကား-ဇီဝိတိန္ဒြေယုပစ္ဆေဒမရဏကို သာယူ။) ဤတို့ဗျသန အစရှိသည်တို့သည် နှိပ်စက်အပ်သော သတ္တဝါ၏ စိတ်၏ပူပန်ခြင်း ဒေါမနဿဝေဒနာသည် သောက-မည်ပါသည်။ ဤတို့ဗျသန အစရှိသည်တို့ကြောင့် အထွေထွေအထူးထူး ငိုကြွေးမြည်တမ်းသောအခြင်းအရာအားဖြင့်ဖြစ်သော စိတ္တဇ ဝိပ္ပလ္လာသ သဒ္ဒသည် ပရိဒေဝ - မည်ပါသည်။ ဒုက္ခသဟဂုတ် ကာယ ဝိညာဏ်၌ ရှိသော ကာယိကဒုက္ခဝေဒနာသည် ဒုက္ခ-မည်ပါသည်။ ဒေါသမူလစိတ်၌ရှိသော မာနသိက ဒုက္ခဝေဒနာသည် ဒေါမနဿ-မည်ပါသည်။ (ဤသို့ ဒုက္ခ, ဒေါမနဿ-အရ ဝေဒနာ စေတသိက်ချင်း တူသော်လည်း ကာယိက, မာနသိကအဖြစ်ဖြင့်ထူးသတည်း) ဤတို့ဗျသန အစရှိသည်တို့ဖြင့်တွေ့ထိ သောသူအား လွန်စွာဖြစ်သော စိတ်၏ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်ဖြစ်၍ ပြင်းစွာ ပင်ပန်းခြင်း၏ အစွမ်းဖြင့်ဖြစ်သော ဒေါသမူလစိတ်၌ရှိသော ဒေါသစေတသိက်သည် ဥပါယာသ-မည်ပါသည်။ (၄)

● သောကလည်း ဒေါသမူလစိတ်၌ရှိသော ဝေဒနာ စေတသိက်, ဒေါမနဿလည်း ဒေါသမူလစိတ်၌ရှိသော ဝေဒနာ စေတသိက် ဖြစ်၍ ထို ၂-ပါးတို့၏အထူးကို အဘယ်သို့ မှတ်ရမည်နည်း။

၁၄၃၂-ဖြေ။ ။ဖိုးရိမ်သော အခြင်းအရာအားဖြင့်ဖြစ်သောဝေဒနာ စေတသိက်ကို သောက, ဖိုးရိမ်သောအခြင်းအရာမှ တပါးသောအခြင်း

အရာအားဖြင့်ဖြစ်သော ဝေဒနာစေတသိက်ကို ဒေါမနဿ-ဟု ဤသို့ အထူးကို မှတ်ရပါမည်။ (အင်္ဂုံရ)

● သောက, ပရိဒေဝ, ဥပါယာသ တို့မှာ စိုးရိမ် ပူဆွေး ငိုကြွေး သောအခြင်းအရာအားဖြင့် ဖြစ်ချင်းတူကြ၍ ၎င်းတို့၏အထူးကို အဘယ်သို့ မှတ်ရမည်နည်း။

၁၄၃၃-ဖြေ။ ။မိုးနည်းနည်းဖြင့်အိုးအတွင်း၌ကျဉ်းသောဆီကဲ့သို့ သောကကို မှတ်ရပါမည်။ မိုးပြင်းပြင်းဖြင့်ကျက်သောဆီ၏ အိုးအတွင်းမှ ဝေကျခြင်းကဲ့သို့ ပရိဒေဝကို မှတ်ရပါမည်။ထို ဝေကျသောဆီမှ အိုးအတွင်း၌ ကျန်သောဆီ၏ အိုးအတွင်းမှာ ကျက်သွားခြင်းကဲ့သို့ ဥပါယာသကို မှတ်ရပါမည်။ (ဂူ)

● ပဋိစ္စသမုပ္ပာဒ်ပါဠိတော်၌ သန္ဓာဝန်ကို-ဟူ၍၎င်း, ဟောတိ-ဟူ၍၎င်းကြိယာ ၂ -ခုပါရှိရာ ထိုကြိယာ ၂ -ခုတို့၏အထူးကိုအဘယ်သို့ မှတ်ရမည်နည်း။

၁၄၃၄-ဖြေ။ ။သန္ဓာဝန်ကြိယာဖြင့် ဝိသေသအကြောင်းကြောင့် ဝိသေသအကျိုးဖြစ်သည်ကိုပြသည်။ဟောတိကြိယာဖြင့်ကား-အလုံးစုံသောအကြောင်းကြောင့် ဝဋ်ဆင်းရဲဖြစ်သောအဖြစ်ကို ပြသည်။ ဤသို့ အထူးကို မှတ်ရပါမည်။ (ပရမတ္ထ သူရ)

{အန္တိမဘဝက နည်းအားဖြင့် ပြသော သန္ဓာဝန်ကြိယာကို အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ စသော ပုဒ်တိုင်းမှာယှဉ်၍ ပစ္စည်းပစ္စယုပ္ပန်များကို မှတ်သားရမည်ဟု သမ္မာ အဋ္ဌကထာ၌ဆိုသည်။}

● ဤ ပဋိစ္စသမုပ္ပာဒ်နည်း၌ ဝဋ္ဆုအာရုံ အစရှိသော တပါးသော အကြောင်း ပစ္စည်းသည် ရှိလျက် အဝိဇ္ဇာ အစရှိသော တပါးတပါးသော အကြောင်း ပစ္စည်းကိုသာ အဘယ့်ကြောင့် ဟောပါသနည်း။

၁၄၃၅-ဖြေ။ ။အဝိဇ္ဇာ အစရှိသည်တို့၏ ပြဋ္ဌာန်းသည့်၏ အဖြစ်ကြောင့်ဝင်း, သင်္ခါရ စသည်တို့၏ အကြောင်း၏ အဖြစ်ဖြင့် ထင်ရှားသည့်၏ အဖြစ်ကြောင့်ဝင်း ဟောခြင်း ဖြစ်ပါသည်။

{အဝိဇ္ဇာ စသည်ကြောင့် သင်္ခါရ စသည် ဖြစ်ပုံ အကျယ်ကို ကား-ဋီကာမှာ ယူအပ်၏။ ဤ၌ မပြသာပြီ။}

† ပဓ်ာနဘာဝတော ပါကဋဘာဝတော စာတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● ရုပ်,နာမ်,မမ်မ ပေါင်းစု၍ ပြအပ်သော သတ္တဝါအနန္တတို့သည် ပရမိသွာ, ဗြဟ္မာ, ဗိဿနိုး တန်ခိုးကြီးသော ထာဝရဘုရား စသည်တို့ ဖန်ဆင်းသောကြောင့် ဖြစ်ပေါ်လာရပါသလော။

၁၄၃၆-ဖြေ။ ။မဟုတ်ပါ။ အဝိဇ္ဇာ အစရှိသော အကြောင်း အဆက်ဆက်တို့ကြောင့် ဒုက္ခတုံး, ဒုက္ခခဲ ဖြစ်သော ရုပ်, နာမ်, မမ္မ, သင်္ခါရတရားအစုတို့သာ ဖြစ်, ပျက်နေကြခြင်းဖြစ်ပါသည်။ ထိုသဘော ကိုသာ သတ္တဝါ-ဟု ခေါ်ဝေါ်သမုတ်နေကြခြင်းဖြစ်ပါသည်။အမှန်မှာ သုခ,သုဘ,သတ္တ,ဇီဝအစစ်လည်းမရှိ၊ထိုသတ္တ,ဇီဝတို့ကိုဖန်ဆင်းတတ်သော တန်ခိုးရှင် ဣသရနိမ္မာနပုဂ္ဂိုလ်တို့လည်း မရှိပါ။

† ဝေမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယောဟောတိ။
(ပဋိစ္စသမုပ္ပာဒ် ပါဠိတော်)

† ဝေမေတဿ 'လ' ဟောတိတိ ယထာဝုတ္တေန ပစ္စယ ပရမ္ပရ ဝိဓိနာ၊ နံ ပန ဣသရနိမ္မာနာဒိဟိ။ (ဋီ)

● အဝိဇ္ဇာ သင်္ခါရတို့သည် အဘယ့်ကြောင့် အတိတ် ဖြစ်သော ကာလ မည်ပါသနည်း။

၁၄၃၇-ဖြေ။ ။အတိတ်ဘဝ၌ အကျုံးဝင်သော အဝိဇ္ဇာ သင်္ခါရဟူသော အကြောင်းတို့ကိုသာလျှင် အလိုရှိအပ်သည်၏ အဖြစ်ကြောင့် အဝိဇ္ဇာ သင်္ခါရတို့သည် အတိတ်ဖြစ်သောကာလ-မည်ပါသည်။ {အမြဲမပြတ် ဖြစ်တတ်သောကြောင့် အဒ္ဓါ(ကာလ) မည်သည်။}

† အတီတဘဝပရိယာပန္နဟေတူနမေဝေတ္ထ အဓိပ္ပေတတ္တာ။(ဋီ)

● ကာလသည် တခြား, ကာလဝန်ဖြစ်သော တရားသည် တခြား မဟုတ်ပါလော၊ သို့ဖြစ်ပါလျက် ကာလကိုဆိုရုံနှင့် အဝိဇ္ဇာ အစရှိသော ကာလဝန်တရားကိုအဘယ့်ကြောင့် ယူနိုင်ပါသနည်း။

၁၄၃၈-ဖြေ။ ။ချုပ်ပြီးသောတရားကို အတိတ်ကာလ၊ မဖြစ်သေးသော တရားကို အနာဂတ်ကာလ၊ ဖြစ်ဆဲတရားကို ပစ္စုပ္ပန်ကာလ၏ အစွမ်းဖြင့် ခေါ်ဝေါ်သည်ဖြစ်၍၊ ထိုအဝိဇ္ဇာ အစရှိသော ကာလဝန် သဘောတရားမှလွှတ်သော တစုံတခုသော ကာလကို ပရမုတ္ထအားဖြင့် မရအပ်သည်၏ အဖြစ်ကြောင့် အဒ္ဓါသဒ္ဓါဖြင့် ကာလဝန် ဖြစ်သော အဝိဇ္ဇာ အစရှိသော သဘောတရားတို့ကို ယူနိုင်ပါတော့သည်။

{ကာလ-ဟူသည် သဘာဝအားဖြင့်မရှိ၊ ထိုထို မေ္မတို့၏ ဖြစ်ခြင်းမျှကိုစွဲ၍ဖြစ်သော ပညတ်မျှသာ ဖြစ်သည်ဟုမှတ်။}

† အဒ္ဓါဂဟဏေန စ အဝိဇ္ဇာဒီနံ မေ္မာနမေဝ ဂဟဏံ၊ တဗ္ဗိန် မုတ္တဿ ကဿစိ ကာလဿ အနုပလဗ္ဘနတော။ (ဋီ)

● ပစ္စုပ္ပန် အကြောင်း ပါးပါးတွင် ပါသော အဝိဇ္ဇာ သင်္ခါရကို "အဝိဇ္ဇာသင်္ခါရာ အတီတောအဒ္ဓါ" ဆိုသည့်အတိုင်း အတိတ်တရားဟူ၍ မှတ်ရမည်လော။

၁၄၃၉-ဖြေ။ ။မမှတ်ရပါ၊ ပစ္စုပ္ပန် အကြောင်းတရားဖြစ်သော တဏှာဥပါဒါန်ဘဝတို့ကဲ့သို့ပင် ပစ္စုပ္ပန်ဘဝ၌ဖြစ်သော တရားဟူ၍သာ မှတ်ရပါမည်။ (ပဋိသမ္ဘိဒါမဂ် ပါဠိ)

● ဇာတိ,ဇရာ,မရဏသည် အဘယ့်ကြောင့် အနာဂတ်ဖြစ်သော ကာလ-မည်ပါသနည်း။

၁၄၄၀-ဖြေ။ ။ပစ္စုပ္ပန်ဘဝ၌အကျုံးဝင်သော တဏှာ,ဥပါဒါန်အစရှိသော အကြောင်းကြောင့် အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သောကြောင့် ဇာတိ,ဇရာ,မရဏသည် အနာဂတ်ဖြစ်သောကာလ-မည်ပါသည်။

† ပစ္စုပ္ပန္နဟေတုတော အနာဂတေ နိဗ္ဗတ္တနတော။ (ဋီ)

● ဇာတိ, ဇရာ, မရဏကို ပစ္စုပ္ပန်အကြောင်းဖြစ်သော ဘဝဘဝ, ဥပါဒါန် စသော အကြောင်းကြောင့် ဖြစ်သည်ဟု အဘယ့်ကြောင့် ဆိုပါသနည်း၊ ဇာတိသည် ကမ္မဘဝကြောင့် ဖြစ်၍၊ ဇရာမရဏာသည် ဇာတိကြောင့်သာဖြစ်သည် မဟုတ်ပါသလော။

၁၄၄၁-ဖြေ။ ။ဇာတိ၏ အကြောင်းသည် ကမ္မဘဝ ဖြစ်သည်။ ဘဝ၏ အကြောင်းသည် ဥပါဒါန်-ဖြစ်သည်။ ဥပါဒါန်၏အကြောင်းသည် တဏှာ-ဖြစ်သည်။ ဤသို့အဆင့်ဆင့်အကြောင်းဖြစ်သောကြောင့် အကြောင်းတရာ အကြောင်းကြောင်းတွေကိုလည်း အကြောင်းဟုခေါ်ဝင် ဆိုရသောကြောင့် ဤသို့ ဆိုပါသည်။

{ဝိညာဉ် စသော ပစ္စုပ္ပန် အဓွန့်ရှင်ပါးတို့သည် အဝိဇ္ဇာ သင်္ခါရစသော အတိတ်အကြောင်းကြောင့်ဖြစ်သည်ဟု ဘုရား လည်း ဤအတိုင်းပင် မှတ်လေ။}

† ဟေတုဟေတု ဝစနဒီဒံ။ (၄)

● အလယ်ဦးဖြစ်သော ဝိညာဉ် အစရှိသော အင်္ဂါရုပ်ပါးတို့သည် အဘယ့်ကြောင့် ပစ္စုပ္ပန်ဖြစ်သောကာလ-မည်ပါသနည်း။

၁၄၄၂-ဖြေ။ ။အတိတ်ဘဝ၌အကျုံးဝင်သော အဝိဇ္ဇာအစရှိသော အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ဖြစ်ဆဲသောအကျိုးသဘော ရှိသော်၎င်း, အနာဂတ်ဖြစ်သော ဇာတိ, ဇရာ, မရဏာဖြင့် ယှဉ်အပ်သော ဝိညာဉ် အစရှိသော အကျိုးငါးပါးအပေါင်း၏ ဤပစ္စုပ္ပန်ဘဝ၌ တဏှာအစရှိသော အကြောင်းသဘော ရှိသည်၏အဖြစ်ကြောင့်ဖြစ်၍, အလယ်၌ ဖြစ်သော ဝိညာဉ် အစရှိသော အင်္ဂါရုပ်ပါးတို့သည် ပစ္စုပ္ပန်ဖြစ်သောကာလ-မည်ပါသည်။

{အတိတ်အကြောင်းကြောင့် ဤပစ္စုပ္ပန်ဘဝ၌ဖြစ်ဆဲ အကျိုးသဘော ရှိသောကြောင့်ဖြစ်၍, အနာဂတ် အကျိုးငါးပါး၏ ဤပစ္စုပ္ပန်ဘဝ၌ အကြောင်းသဘော ရှိသော်ကြောင့်ဖြစ်၍ ဝိညာဉ် စသည်တို့သည် ပစ္စုပ္ပန်ကာလ မည်သည်ဟူလို။}

† အတီတ ဟေတုတော ဥဓ နိဗ္ဗတ္တနက ဖလသဘာဝတ္တာ၊ အနာဂတ ဖလဿ ဥဓ ဟေတုသဘာဝတ္တာစ။ (၃)

● ဤ ပဋိစ္စသမုပ္ပါဒ်၌ တခုသောပစ္စုပ္ပန် အင်္ဂဇောဓ၏ ဖြစ်ပုံကို ပြတော်မူလိုသောမြတ်စွာဘုရားသည် အဘယ့်ကြောင့်အတိတ် ဘဝအကြောင်း, အနာဂတ်ဘဝအကျိုးတို့ကို ပြပါသနည်း။

၁၄၄၃-ဖြေ။ ။အဟေတု,ဝိသမဟေတုဒိဋ္ဌိတို့ကိုတားမြစ်ခြင်းငှာ အတိတ်ဘဝ အကြောင်းကို ပြပါသည်။ ဥစ္ဆေဒဒိဋ္ဌိကို တားမြစ်ခြင်းငှာ အနာဂတ်ဘဝအကျိုးကို ပြပါသည်။ သဿတဒိဋ္ဌိကို တားမြစ်ခြင်းငှာ အတိတ်အကြောင်း, အနာဂတ်အကျိုး ၂-ပါးကို ပြပါသည်။

(ပရမတ္ထဒီပနီ)

● သောက စသည်ကို ပဋိစ္စသမုပ္ပါဒ် အင်္ဂါ၏အဖြစ်ဖြင့် အဘယ့်ကြောင့် မရေတွက်ပါသနည်း။

၁၄၄၄-ဖြေ။ ။သောက စသည်ကို အသီးအခြားအင်္ဂါကို ပြလို၍ ဟောတော်မူခြင်းမဟုတ်၊ ဇာတိ၏မူလမဟုတ်သော အကျိုးဆက်မျှကို ပြခြင်းငှာသာ ဟောတော် မူသောကြောင့် အင်္ဂါ၏ အဖြစ်ဖြင့် မရေတွက်ပါ။ (သင်္ဂဟ)

{သို့သီးခြားအင်္ဂါ၏ အဖြစ်ဖြင့် မရေတွက် ရသော်လည်း ဇာတိ၏ အကျိုးဆက် ဖြစ်ခြင်း တူသောကြောင့်ဂုဏ်း, ဇရာ-မရဏနှင့်အနီဋ္ဌလက္ခဏာခြင်းတူသောကြောင့်ဂုဏ်း ဇရာမရဏာဒို့ သွင်း၍ရေတွက်အပ်သည်။ဇရာမရဏာတို့မှာ ဇာတိကန့်ကွက်၏ အကျိုးဖြစ်၍ ဇာတိ၏မူလကျိုးဟုဆိုရသည်။သောက စသည်တို့ မှာ ရူပ,အရူပဘုံတို့မှာမရှိ၍ ဇာတိ၏ ကန့်ကွက်အကျိုးမဟုတ်၊ အနေကန့်ကွက် အကျိုးမျှသာဖြစ်၍ ဇာတိ၏ မူလအကျိုးမဟုတ်၊ အမူလနိသန္ဒ အကျိုးမျှသာဆိုရသည်ဟု အထူးမှတ်လေဦး။}

(မူလဋီကာ)

● အဝိဇ္ဇာ သင်္ခါရကို ယူသဖြင့် တဏှာ, ဥပါဒါန်, ဘဝ တို့ကို အဘယ့်ကြောင့် ယူနိုင်ပါသနည်း အသီးသီးခွဲခြားပြပါ။

၁၄၄၅-ဖြေ။ ။အဝိဇ္ဇာနှင့် တဏှာ,ဥပါဒါန်တို့၏ ကိလေသာ၏ အဖြစ်ဖြင့် တူသည်၏ အဖြစ်ကြောင့် အဝိဇ္ဇာကို ယူသဖြင့် တဏှာ,

ဥပါဒန်တို့ကို ယူနိုင်ပါသည်။ သခ်ါရနှင့် ကမ္မဘဝ၏ ကံ၏ အဖြစ်ဖြင့် ဝူသည်၏အဖြစ်ကြောင့် သခ်ါရကိုယူသဖြင့် ကမ္မဘဝကိုလည်း ယူနိုင်ပါတော့သည်။

{တဏှာ, ဥပါဒါန်, ဘဝကို ယူသဖြင့် အဝိဇ္ဇာ, သခ်ါရကို ယူရာ၌လည်း ထို့အတူမှတ်ပါ။}

† ကိလေသဘာဝသာမညတော အဝိဇ္ဇာဂဟဏေနတဏှုပါဒါနာနိ ကမ္မဘဝသာမညတော သခ်ါရဂ္ဂဟဏေန ကမ္မဘဝေါ သင်္ဂဟိတော၊ တထာ တဏှုပါဒါန ဘဝဂ္ဂဟဏေနစ အဝိဇ္ဇာသံခ်ါရာဂဟိတာတိ သမ္ဗန္ဓော။ (ဋီ)

● ဇာတိ, ဇရာ, မရဏာကို ယူသဖြင့် ဝိညာဉ် အစရှိသော အကျိုးငါးပါးအပေါင်းကို အဘယ့်ကြောင့် ယူနိုင်ပါသနည်း။

၁၄၄၆-ဖြေ။ ။ဇာတိ,ဇရာ,မရဏာ-ဟူသည် တရားကိုယ်သီးခြားမရှိ၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဂုဏ်၏ ဖြစ်ဆဲ, ရင့်ဆဲ,ပျက်ဆဲ အခိုက်အတန့်ကိုသာပင် ဇာတိ,ဇရာ,မရဏာ-ဟူ၍ ဆိုရသောကြောင့် ဇာတိ, ဇရာ, မရဏာကို ယူသဖြင့် ဝိညာဏ် အစရှိသော အကျိုးငါးပါးအပေါင်းကို ယူနိုင်ခြင်းဖြစ်ပါသည်။

{လက္ခဏာနှင့် လက္ခိတမ္မ မကင်းကောင်း သော ကြောင့် လက္ခဏာ ဖြစ်သော ဇာတိ,ဇရာ, မရဏာကို ယူသဖြင့် လက္ခိတဖြစ်သော ဝိညာဏ် အစရှိသည်တို့ကို ယူနိုင်သည်ဟူလို။}

† ဝိညာဏာနာမ ရူပ သဠာယတန ဖဿ ဝေဒနာနံ ဇာတိ ဇရာဘင်္ဂါဝဏ္ဏာ ဇာတိဇရာ မရဏာနိ စ ဝုစ္စာတိ အာဟ ဇာတိ ဇရာ မရဏာဂ္ဂဟဏေနာတျာဒိ။ (ဋီ)

{ဤပါဠိအနက်ပေးပုံကို အဘိဓမ္မာ နေရောင်ကျမ်း၌ ရှင်းလင်းထားသည်။}

● အခြင်းအရာ ၂၀-ကို ရေးဆွဲပြပါ။

၁၄၄၇-ဖြေ။ ။အဝိဇ္ဇာ, သခ်ါရ, တဏှာ, ဥပါဒါန်,ကမ္မဘဝ-ဟူဆိုအပ်သော အတိတ် အကြောင်း ငါးပါး၊ ဝိညာဏ်, နာမ် ရုပ်,

သဠာယတန, ဖဿ, ဝေဒနာ-ဟူ၍အပ်သော ပစ္စုပ္ပန်အကျိုး ငါးပါး။ ဘက္ခာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ-ဟူ ဆို၍အပ်သော ပဗ္ဗုပ္ပန် အကြောင်း ငါးပါး။ ။ဇာတိ, ဇရာ, မရဏာ သဘောဖြစ်သော ဝိညာဉ်, နာမ် ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူ ဆို၍အပ်သော အနာဂတ် အကျိုး ငါးပါး၊ ပေါင်း အခြင်းအရာ ၂၀-ဖြစ်ပါသည်။

{ပဋိသန္ဓေ အကျိုးငါးပါးကို ပဋိစ္စသမုပ္ပါဒ် ပါဠိတော်၌ပါဝင်၍ ဖြစ်၍ သင်္ဂြိဟ်၌ အထူးမဆိုတော့။}

● အဘယ်ကြောင့် အာကာရ (အခြင်းအရာ) မသိပါသနည်း။

၁၄၄၈-ဖြေ။ ။ဆိုဝံ့ဆိုသော. (၂၀-အတိုင်းအရှည် ရှိသော) သရုပ်ထုတ်၍ ဟောတော်မူအပ်သောတရား၊ သရုပ်ထုတ်၍ဟောတော်မမူဘဲ သင်္ဂြိဟ်၌ စွဲငင်၍ ယူအပ်သော တရားတို့ကို အတိတ် ဖြင့်သော အကြောင်း၏ အခြေစိ အစွဲသည်၌ ထည့်သွင်းအပ်သောကြောင့် အာကာရ (အခြင်းအရာ) မသိပါသည်။

† ဤတိဝံ့ငါသတ် အတိတ်ပဒေသ ကဿ ဘဏ္ဍ အင်္ဂ်ရိယန္ဒိတို့ အာကာရ။ (ဋီ)

● ဟေတုပုဗ္ဗကသန္ဓိ, ဖလပုဗ္ဗကသန္ဓိ, ဟေတုပုဗ္ဗကသန္ဓိ (အဝေဿသုံးပါး) ကို အသီးသီးဖော်ပြပါ။

၁၄၄၉-ဖြေ။ ။အတိတ်အကြောင်း၏ အဆုံးဖြစ်သော သင်္ခါရနှင့် ပစ္စုပ္ပန်အကျိုး၏ အစဖြင့်သော ဝိညာဉ်သည် တစပ်၊ ပစ္စုပ္ပန်အကျိုး၏ အဆုံးဖြစ်သော ဝေဒနာနှင့် ပစ္စုပ္ပန် အကြောင်း၏ အစ ဖြစ်သော ဘဏ္ဍာသည် တစပ်၊ ပစ္စုပ္ပန် အကြောင်း၏ အဆုံးဖြစ်သော ဘဝနှင့် အနာဂတ်အကျိုး၏ အစဖြစ်သော ဇာတိသည် တစပ်၊ ဤသို့အားဖြင့် အစပ်သုံးပါး ဖြစ်သည်။

{ဤအစပ်သုံးပါးစပ်ရာ၌ သရုပ်ထုတ်၍ဟောသော အဝိဇ္ဇာ သင်္ခါရစသော တရားခြင်းသာ စပ်ရမည်၊ ရသင့်၍ ဆွဲယူထားသော တရားများနှင့် မစပ်ရ၊ ဤတွင် ရသင့်၍ ဆွဲယူထားသော အတိတ်အကြောင်း ငါးပါး, ပစ္စုပ္ပန်အကျိုး ငါးပါး, ပစ္စုပ္ပန်

အကြောင်းငါးပါး, အနာဂတ်အကျိုးကိုငါးပါး အစ,အဆုံးတို့ နှင့်စပ်ကြည့်သောအခါ မကိုက်၍ စာသင်သားများ အကြံအိုက်ပြီး ရှုပ်ထွေးတတ်သည် သတိပြုလေ။}

† ဝုတ္တဉ္ဍေတံ သခ်ါရဝိညာဏာနမန္တရာ ဧကော၊ ဝေဒနာတဏ္ဍာ နမန္တရာ ဧကော၊ ဘဝဇာတိနမန္တရာ ဧကော သန္ဓိတိ။

(ဋီ-ပြ သမ္မော အဌကထာ)

* သခ်ါရနှင့်, ဝိညာဏသာ, ဝေ-တဏ္ဍာမှ, ဘဝ-ဇာတိ, တိသန္ဓိ, စပ်ဘိ-မြဲသေချာ။ (သစ်)

● အဘယ့်ကြောင့် ဟေတုပုဗ္ဗကသန္ဓိစသော သန္ဓိ (အစပ်) များ ဖြစ်ရပါသနည်း။

၁၄၅၀-ဖြေ။ ။ပဌမအစပ်သည် အဝိဇ္ဇာ အစရှိသောအကြောင်းကြောင့် ဝိညာဉ်အစရှိသော အကျိုး၏ မပြတ်သော ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် အကြောင်းနှင့်အကျိုးစပ်ခြင်းဖြစ်ပါသည်။ တတိယအစပ်သည်လည်း တဏ္ဍာ အစရှိသော အကြောင်းကြောင့် ဇာတိ, ဇရာ, မရဏပါဝင်သော ဝိညာဉ် အစရှိသော အကျိုး၏ မပြတ်သောဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် အကြောင်းနှင့် အကျိုး စပ်ခြင်း ဖြစ်ပါသည်။ ဒုတိယအစပ်သည် ဝိညာဉ်အစရှိသော ပစ္စုပ္ပန်အကျိုးကြောင့် တဏ္ဍာ အစရှိသော ပစ္စုပ္ပန်အကြောင်း၏ မပြတ်သောဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် အကျိုးနှင့်အကြောင်း စပ်ခြင်း ဖြစ်ပါသည်။ (ဋီ)

● အကြောင်းနှင့်အကျိုးဆက်စပ်၍မပြတ်ဖြစ်ခြင်းမှာ သင့်တန်စေ၊ အကျိုးနှင့်အကြောင်းမှာ အဘယ်သို့ ဆက်စပ်၍မပြတ်ဖြစ်ခြင်း ဖြစ်နိုင်ပါမည်နည်း။

၁၄၅၁-ဖြေ။ ။အကျိုး သဘောရှိသော တရားသည် မိမိမှ တပါးသော အကြောင်းသဘောရှိသောတရား၏ အကြောင်းတရားဖြစ်နိုင်ပါသည်။ ထို့ကြောင့် အကျိုးမှ အကြောင်း၏ အစဉ်အဆက်စပ်၍ မပြတ်ဖြစ်ခြင်း ဖြစ်နိုင်ပါသည်။

ခေတ်—၄၄၊ (ပဌမအကြိမ်။)

{စောဒကကဇနကဟေတုဇညဖလကိုယူ၍စောဒနာသည်း ပရိဟာရက ပစ္စည်း ပစ္စယုပ္ပန်မျှကိုယူ၍ ဖြေသည်။}

† ဖလဘူတောပိ ဟိ ဓမ္မော အညဿ ဟေတုံ သဘာဝဿ ဓမ္မဿ ပစ္စယော။ (ဋီ)

● လေးပါးသောအလွှာကို ရေတွက်ပြပါ။

၁၄၅၂-ဖြေ။ ။အတိတ်အကြောင်းငါးပါးသည် တလွှာ၊ ပစ္စုပ္ပန် အကျိုးငါးပါးသည် တလွှာ၊ ပစ္စုပ္ပန် အကြောင်း ငါးပါးသည် တလွှာ၊ အနာဂတ်အကျိုးငါးပါးသည် တလွှာ၊ ပေါင်း လေးလွှာ ဖြစ်ပါသည်။

{အင်္ဂါ ၁၂-ပါး, ကာလ သုံးပါးတိုကား-သင်္ဂြိဟ်၌ပင် ထင်ရှားပြီ။}

● အဘယ်ကြောင့် သခေါ(အလွှာ)မည်ပါသနည်း။

၁၄၅၃-ဖြေ။ ။အဝိဇ္ဇာအစရှိသည်တို့ကိုရင်း,ဝိညာဉ် အစရှိသည် တို့ကိုရင်း ပေါင်းစုရာဌာန ဖြစ်သောကြောင့် ကံ-ကံ၏ အကျိုးသည် သခေါ(အလွှာ) ပေါင်းစုရာမည်ပါသည်။

† သင်္ခိပိယန္တိ ဧတ္ထ အဝိဇ္ဇာဒယော ဝိညာဏာဒယော စာတိ သခေါ်ပေါ။ (ဋီ)

● ကမ္မဘဝနှင့် သခ်ါရတို့၏အထူးကို ရေးခဲ့ပါ။

၁၄၅၄-ဖြေ။ ။အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော ပဋိသန္ဓေ၏ အကြောင်းဖြစ်ကုန်သော ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သော စေတနာတို့သည် ကမ္မဘဝ - မည်ပါသည်။ ဤ ပစ္စုပ္ပန် ဘဝ၌ ဖြစ်သော ပဋိသန္ဓေ၏ အကြောင်းဖြစ်ကုန်သော အတိတ်ဘဝ၌ ဖြစ်သော စေတနာ တို့သည် သခ်ါရ-မည်ပါသည်။

{ကုဉ်းကုဉ်းကား-အတိတ် စေတနာသည် သခ်ါရ၊ ပစ္စုပ္ပန် စေတနာသည် ကမ္မဘဝ။ ဤသို့ထူးပါသည်။}

† အာယတိံ ပဋိသန္ဓိယာ ပစ္စယစေတနာ ဘဝေါနာမ၊ ပုရိမကမ္မ ဘဝသို့ ဧရဓ ပဋိသန္ဓိယာ ပစ္စယစေတနာ သခ်ါရာတိ ဝေဒိတဗ္ဗာ။ (ဋီ)

* အတိတ်စေတနာ, သခ်ါရာ, စေတနာပစ္စုပ်-ကမ္မဟုတ်။
(သစ်)

● ဝဋ် ၃-ပါးကို ရေတွက်ပြပါ။

၁၄၅၅-ဖြေ။ ။အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ၃-ပါးသည် ကိလေသဝဋ်-မည်ပါသည်။ကမ္မဘဝတစိတ်နှင့်သခ်ါရတို့သည် ကမ္မဝဋ်-မည်ပါသည်။ ဥပပတ္တိဘဝ တစိတ်နှင့် ဝိညာဉ်, နာမ်ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏတို့သည်ဝိပါကဝဋ်-မည်ပါသည်။(သင်္ဂဟ)

{ချာချာလှည့်လည်ခြင်း အနက်သဘောကို ဝဋ္ဌ (ဝဋ်) ဟုခေါ်သည်။ ဘဝသည် ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂-မျိုးရှိရာ ၂-မျိုးလုံးကိုမယူဘဲ ကမ္မဘဝကိုသော်ငင်း၊ဥပပတ္တိဘဝကိုသော်ငင်း တမျိုးမျိုးကိုသာ ယူခြင်းကို "ဘဝေကဒေသ ဘဝတစိတ်"ဟု ဆိုသည်။}

● ဝဋ် ၃-ပါးတွင် ဝိပါကဝဋ်ကိုပြရာ၌"ဥပပတ္တိဘဝ သခ်ါတော ဘဝေကဒေသော" အရနှင့် အဝသေသာ-အရမှာ ဝိညာဉ်, နာမ်ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာ, ဇာတိ, ဇရာမရဏတရား ၇-ပါးကိုချည်းရသဖြင့် ထို ၂-ပါးတို့၏အရကား-အသို့ထူးခြားပါသနည်း။

၁၄၅၆-ဖြေ။ ။"ဥပပတ္တိဘဝသခ်ါတော ဘဝေကဒေသော"၏အရ တရား ၇-ပါးကား-အနာဂတ် အကျိုးတရား၊အဝသေသာ-အရ တရား ၇-ပါးကား-ပစ္စုပ္ပန်အကျိုးတရား။ ဤသို့ထူးခြားပါသည်။

† အဝသေသာ စာတိ ဝိညာဏာဒိ ပဉ္စက ဇာတိ ဇရာ မရဏ ဝသေန သတ္တဝိဓာ ပစ္စုပ္ပန္နဖလဝသေန ဝုတ္တမ္မော။ဥပပတ္တိဘဝ သခ်ါတော ဘဝေကဒေသောတိ ပန အနာဂတ ပရိယာပန္နာ ဝေဒိတဗ္ဗာ။ (ဋီ)

{ဇူ ဆရာက အဝသေသာ-အရ "သတ္တဝိဓာ ပစ္စုပ္ပန္နဖလဝသေန ဝုတ္တမ္မော"ဟုသာမညမဆိုဘဲ"ပစ္စုပ္ပန္နဖလဝိညာဏာ

ဒိပဥ္ဇက အနာဂတဖလ ဇာတိ ဇရာ မရဏဝသေန သက္ကဝိဓာ မမ္မာ''ဟုဎင်း၊ ဥပပတ္တိ 'လ' ကဒေသော၏အရ ''အနာဂတ ပရိယာပန္နာ ဝေဒိဘဗ္ဗာ'' ဟု သာမညမဆိုဘဲ ''အနာဂတ ပရိယာပန္နာ ဝိညာဏာဒိ ပဥ္ဇမ္မာ''ဟုဎင်း ဝိသေသအားဖြင့် ဆိုသင့်သည်ဟု ဦ-ကိုကောက်ချက်ချသည်။ ဇူ-ဆရာ ကောက် ချက်က ပိုရှိသေချာပါသည်။ ဦ-ဦကား - သာမညပင် ဆိုထား သည်။}

● ဝိပါကမေမ္မဖြစ်သော ဒေါသ,မာနစသော တပါးသော ကိလေ သာတိုကိုလည်း ဝဋ္ဌမူလ၏ အဖြစ်ဖြင့် ဆိုသင့်လျက် မဆိုဘဲ၊ အဝိဇ္ဇာနှင့် တဏ္ဍာကိုသာ အဘယ့်ကြောင့် ဒွေမူလ-ဟု ဆိုပါ သနည်း။

၁၄၅၇-ဖြေ။ ။အဝိဇ္ဇာသည် အဝိဇ္ဇာ,သခ်ါရ,ဝိညာဉ်,နာမ်ရုပ်, သဋ္ဌာယတန, ဖဿ, ဝေဒနာ-ဟု ဆိုအပ်သော သံသရာဘဝစက်၏ ရှေးအဘိုဖြစ်သော မူလ။ တဏ္ဍာသည် ဘဏ္ဍာ,ဥပါဒါန်,ဘဝ,ဇာတိ, ဇရာမရဏ-ဟုဆိုအပ်သော သံသရာဘဝစက်၏နောက်အဘိုဖြစ်သော မူလဖြစ်၍ တိုတရား ၂-ပါးကိုသာ ''ဒွေမူလ''ဟု ဆိုပါသည်။

† ပုဗ္ဗန္တဿ အဝိဇ္ဇာမူလံ။ အပရန္တဿ တဏ္ဍာမူလံ။ (ဦ)

● အဝိဇ္ဇာနှင့် တဏ္ဍာသည် မူလတရားချည်း ဖြစ်လျက်၊ ပဋိစ္စ သမုပ္ပာဒ် ဒေသနာအစဉ်မှာ တဏ္ဍာမူလကို အရင်းမထားဘဲ အဝိဇ္ဇာမူလကိုသာအရင်းထား၍ အဘယ့်ကြောင့် ဟောတော် မူပါသနည်း။

၁၄၅၈-ဖြေ။ ။သံသရာ ဘဝစက်ရှေ့ပိုင်း၏ အကြောင်းရင်း မူလ ဖြစ်သောကြောင့်ဎင်း၊ ပြဋ္ဌာန်းသော အကြောင်းဖြစ်သောကြောင့်ဎင်း အဝိဇ္ဇာမူလကို အရင်းထား၍ ဟောတော်မူပါသည်။

ခပ်သိမ်းသော တရားတို၏ ပခာန အကြောင်းရင်း ဖြစ်သော ကြောင့် သခ်ါရ ဖြစ်ခြင်း၌ မချဘ်မယွင်းသော အင်္ဂါဖြစ်သော အဝိဇ္ဇာ ကိုသာ ပဋိစ္စသမုပ္ပာဒ်ရှေ့ပိုင်း၌ အဦးပြု၍ဆိုသည်၊ တဏ္ဍာကိုမဆို။သုခ

ဝေဒနာနှင့်တူသောတဏ္ဍာ၏အစာအာဟာရမည်သည်မရှိ၊ သို့အတွက် ဝေဒနာဟူသော ပဋိစ္စသမုပ္ပာဒ်အင်္ဂါမှ နောက်ဖြစ်သော ပဋိစ္စသမုပ္ပာဒ် အင်္ဂါကို စပ်လိုသဖြင့် ဝေဒနာ အားလျော်သော တဏ္ဍာကိုသာ ပဋိစ္စသမုပ္ပာဒ်နောက်ပိုင်း၌ အဦးအစပြု၍ဆိုသည်၊ အဝိဇ္ဇာကို မဆိုပါ။

(ပရမတ္ထဒီပနီ)

{ နောက် ပညဝန်များကား - အဝိဇ္ဇာသည် သီးခြား အကြောင်းရင်းမရှိ၍ အစဉ်ဟောသည်ဟု ကြိကြကုန်၏။ စုံစမ်း မေးမြန်း၍ ယူကြပါကုန်။}

† ပုဗ္ဗန္တသ အဝိဇ္ဇာမူလံ။ (ဋီ)

ဝဋ္ဋသ ပန တိဝိဓသပိ ပဓာန ပစ္စယဘူတတ္တာ သာ ဝဋ္ဋက ထာယ သီသဘူတာ ဟောတိ။ (ပရမတ္ထဒီပနီ)

ဝဋ္ဋကထာယ သီသဘာဝေါ။ (သမ္မောအဌကထာ)

● ဝဋ္ဋကထာကို ဟောတော်မူသောမြတ်စွာဘုရားသည် အဝိဇ္ဇာနှင့် တဏ္ဍာကိုသာ အဦးတည်၍ အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

၁၄၅၉-ဖြေ။ ။အဝိဇ္ဇာသည် ဒုဂ္ဂတိဘုံသို့ လားစေ တတ်သော ကံ၏ ထူးသော အကြောင်းဖြစ်သည်။ ဘဝတဏ္ဍာသည် သုဂတိဘုံသို့ လားစေတတ်သော ကံ၏ ထူးသောအကြောင်းဖြစ်သည်။ ထို့ကြောင့် အဝိဇ္ဇာနှင့် တဏ္ဍာကိုသာ အဦးတည်၍ ဟောတော်မူပါသည်။

† ဒုဂ္ဂတိဂါမိနော ဟိ ကမ္မဿ ဝိသေသဟေတု အဝိဇ္ဇာ၊ သုဂတိ ဂါမိနော ဝိသေသဟေတု ဘဝတဏ္ဍာ။(သမ္မောအဌကထာ)

● ပဋိစ္စသမုပ္ပာဒ်စက်ရဟတ်ကိုဟောရာ၌ အဝိဇ္ဇာပစ္စယာသခ်ါရာ စသည်ဖြင့် အဝိဇ္ဇာကို အစထား၍ ဟောတော်မူသောကြောင့် အဝိဇ္ဇာသည် အကြောင်းမရှိ ဖြစ်ဆောတရားဟု မှတ်ရမည်လော။

၁၄၆၀-ဖြေ။ ။မမှတ်ရပါ၊ "အာသဝါနံ သမုပ္ပာဒါ အဝိဇ္ဇာစ ပဝတ္တတိ"ဟု သင်္ဂြိဟ်၌ပင်ဆိုသောကြောင့် အဝိဇ္ဇာသည် အကြောင်း ရှိသောတရားပင် ဖြစ်ပါသည်။ထိုအဝိဇ္ဇာ၏အကြောင်းကား-အာသဝ

ပင်ဖြစ်ပါသည်။ (အဝိဇ္ဇာသည် အကြောင်းရှိသော်လည်း အစထား၍ ဟောရခြင်းအကြောင်းကို အောက်နားက ပြခဲ့ပြီ။)

{ဤပဋိစ္စသမုပ္ပာဒ်အရ တရားကိုယ်ကိုပေါင်း၍ ကောက်လျှင်ကား-"ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊ တေဘူမက မနာဒိ။ကံ ပဋိစ္စသမုပ္ပာဒေါတ်"ဟုသဖြိတ်၌ဆိုသည့်အတိုင်းလောကီစိတ်ကောသီတိ, စေတသ်က် ဒွေပညာသ, ရုပ်အဌပီသကိုသာ ကောက်လေ။ ဤပဋိစ္စသမုပ္ပာဒ်၌ အဝိဇ္ဇာသည် သခ်ါရအားဌင်း၊သခ်ါရသည် ဝိညာဉ်အားဌင်း အဘယ်မျှသော ပစ္စယသံတွိတို့ဖြင့်ကျေးဇူးပြုသည်စသော အဘိမ္မေ ဘာဇနီယ နည်းကိုကား - အဘိမ္မောနေရောင်ကျမ်း ဒုတိယတွဲမှာ ရေးခဲ့ပြီ။}

† ဧဘေန (ဤအာသဝသမုဒယာ အဝိဇ္ဇာသမုဒယော-ဟူသော ပါဋ္ဌိဖြင့်) အဝိဇ္ဇာယပိ ပစ္စယော ဒဿိတော ဟောတိ။ (ဋီ)

● ပဋိစ္စသမုပ္ပာဒ်၌သမ္မတ်အပ်သောဧကတ္တ,နာနာတ္တ,အဗျာပါရ, ဧဝံမ္မေတာ နည်းလေးပါးကို ဖော်ပြပါ။

၁၄၆၁-ဖြေ။ ။အဝိဇ္ဇာကြောင့် သခ်ါရ ဖြစ်၏။ သခ်ါရကြောင့် ဝိညာဉ် ဖြစ်၏။ ဤသို့စသည်ဖြင့် မျိုးစေ့၏ အညွန့်ပေါက်ခြင်းကြောင့် သစ်ပင် ဖြစ်ပေါ် လာသကဲ့သို့ သန္တာန်အစဉ် မပြတ်ဘဲ အကြောင်းအကျိုးဆက်ခါ တခုတည်းကဲ့သို့ဖြစ်ခြင်းသည် ဧကတ္တနည်း-မည်၏။

အဝိဇ္ဇာ,သခ်ါရ စသည်တို့သည် အကြောင်း အကျိုးဆက်ခါ တခုတည်းကဲ့သို့ ဖြစ်သော်လည်း လက္ခဏာသဘော ကွဲပြားခြင်း သည် နာနာတ္တနည်း-မည်၏။

အဝိဇ္ဇာ အစရှိသည်တို့သည် သခ်ါရ စသည်တို့အား ငါတို့သည် ဖြစ်စေအပ်၏ဟု ဗျာပါရမရှိခြင်းသည် အဗျာပါရနည်း-မည်၏။

လို့လဥဿာဟ ဗျာပါရမရှိဘဲ အကြောင်းကြောင့် အကျိုးဖြစ်သော်လည်း အမှတ်မရှိသော အကြောင်းကြောင့် အမှတ်မရှိသော အကျိုးမဖြစ်ဘဲ၊ နို့ရည်ကြောင့် နို့ဓမ်းသာ ဖြစ်သကဲ့သို့ အဝိဇ္ဇာ စသော အကြောင်းကြောင့် သခ်ါရစသော ဖြစ်သင့်ဖြစ် ဒုက်သော အကျိုးသာ ဖြစ်ခြင်းသည် ဧဝံမ္မေတာနည်း မည်ပါသည်။ (သမ္မော အဌကထာ)

- သံသရာစက် မပြတ်လည်နေပုံ, ပြတ်ပုံကို သင်္ဂဟ သာဓကပြ၍ ရေးသားဖော်ပြပါ။

၁၄၆၂-ဖြေ။ ။အဝိဇ္ဇာကြောင့် သခ်ါရဖြစ်။ သခ်ါရကြောင့် 'လ' ဇရာမရဏဖြစ်, ဇရာ မရဏဖြစ်က "ဇရာမရဏ မုစ္ဆာယ၊ ပီဋ္ဌိတာနမ ဘိဏ္ဍသော၊ အာသဝါနံ သမုပ္ပာဒါ၊ အဝိဇ္ဇာစ ပဝတ္တတိ" သင်္ဂဟ ဆို သည့်အတိုင်း သတ္တဝါတို့၏ မိန်းမောတွေဝေကြောင်းဖြစ်သော ဇရာ မရဏတရားသည် အဖန်တလဲလဲ နှိပ်စက်အပ်ကုန်သော သတ္တဝါတို့ အားဂုင်း၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတရားတို့ သည် လွန်စွာနှိပ်စက်အပ်ကုန်သော သတ္တဝါတို့အားဂုင်း၊ကာမာသဝ စသော အာသဝေါတရားတို့၏ ဖြစ်ခြင်းကြောင့် အဝိဇ္ဇာလည်း တဖန် ဖြစ်ပေါ်လာပြန်၏။ တနည်းအားဖြင့် သောက, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့သည် အဝိဇ္ဇာနှင့် မကွေမကွာယှဉ်နေသောကြောင့်ဂုင်း၊ ပရိဒေဝသည် မောဟဖြင့် တွေဝေသောသူအားသာ ဖြစ်သောကြောင့် ဂုင်း သောက စသည်ဖြစ်က အဝိဇ္ဇာလည်း တဖန်ဖြစ်ရပြန်၏။အဝိဇ္ဇာ ဖြစ်က တဖန် သခ်ါရ စသည်လည်းဖြစ်၍ သံသရာဝဋ္ဌဒုက္ခသည်အဆက် မပြတ်ဘဲ တလစပ်လည်၍ နေပါတော့သည်။

{ရှေးရှေး အဝိဇ္ဇာသဝကြောင့် သောက စသည်ဖြစ်၊ သောက စသည် ဖြစ်သောကြောင့် သောက စသည်၌ အတူ ပါသော နောက်နောက် အဝိဇ္ဇာ ဖြစ်သည်ကို "အာသဝ သမုဒယာ အဝိဇ္ဇာ သမုဒယော" အာသဝကြောင့် အဝိဇ္ဇာ ဖြစ်သည်ဟု အကြောင်းရင်းကနေ၍ ဟောသည်ဟူလို။}

"တေသမေဝစ မူလာနံ၊ နိရောဓေန နိရုဇ္ဈတိ" သင်္ဂဟ အဆိုရှိ သည့်အတိုင်း ထိုသံသရာစက်ရဟတ်၏မူလ ၂-ပါးသည် အရဟတ္တမဂ် ဖြင့် အကြွင်းမဲ့ ချုပ်ငြိမ်းမှသာလျှင် သံသရာဝဋ္ဌဇာတ်သိမ်း၍ အေးငြိမ်း ရာဖြစ်သော နိဗ္ဗာန် သောင်ရပ်သို့ ဆိုက်ကပ် နိုင်မည်ဟူ၍ မှတ်လေ။ {"နိရောဓေန နိရုဇ္ဈတိ" မှာ တဒင်္ဂ, ဝိက္ခမ္ဘန, ပဋိပဿမ္ဘန, ခဏ နိရောဓ တို့ကို မယူဘဲ သမုစ္ဆေဒ နိရောဓကို ယူလေ။}

† အဘိဏ္ဍသော အဘိက္ခဏံ ဇရာမရဏ သခ်ါတာယ မုစ္ဆာယ ပီဋ္ဌိတာနံ သတ္တာနံ သောကာဒိ သမပ္ပိတာနံ ကာမာသဝါဒိ အာသဝါနံ သမုပ္ပာဒတော ပုန အဝိဇ္ဇာစ ပဝတ္တတိ။ (ဋီ)

† ဧတ္ထ ဟိ သောက ဒုက္ခ ဒေါမနသ္ဒု ပါယာသာ အဝိဇ္ဇာယ အဝိယောဂိနော။ ပရိဒေဝေါစနာမ မုဋ္ဌသာတိ တေသု တာဝ သိဒ္ဓေသု သိဒ္ဓါဝ ဟောတိ အဝိဇ္ဇာ။ (သမ္မော အဋ္ဌကထာ)

● ပဋိစ္စသမုပ္ပာဒ်အင်္ဂါ ၁၂-ပါးဘွင် ပစ္စည်းအင်္ဂါ, ပစ္စယုပ္ပန်အင်္ဂါများကို ခွဲပြပါ။

၁၄၆၃-ဖြေ။ ။အဝိဇ္ဇာအစ ဇာတိ အဆုံးရှိသော အင်္ဂါ ၁၁-ပါးသည် ပစ္စည်းအင်္ဂါ၊ ဇရာမရဏတပါးသည် ပစ္စယုပ္ပန်အင်္ဂါဖြစ်ပါသည်။

{ပစ္စည်း တရားသည် ပစ္စယုပ္ပန်နှင့် မကင်းကောင်း သဖြင့် ပစ္စယုပ္ပန် အင်္ဂါတပါးကိုယူ၍ ပစ္စည်းအင်္ဂါ ၁၂-ပါး ဟူ၍ပင် ယူအပ်သည်။ ဇာတိသည် ဇရာမရဏအား ပဋ္ဌာန်း ၂၄-ပစ္စည်းတို့ဘွင် အဘယ်ပစ္စည်းနှင့်မျှကျေးဇူးမပြု။ သုတ္တန်နည်းအားဖြင့် အကြောင်းသာမန်မျှသာဖြစ်သည်။} (သခေါ)

ပဋိစ္စသမုပ္ပာဒ်နည်းအဖြေ ပြီး၏။

ပဋ္ဌာန်းနည်း အဖြေ



● ဟေတုသဒ္ဒါ၏ အဓိပ္ပာယ်ကိုရင်း, ဟေတုနှင့်ပစ္စယတို့၏ အထူးကိုရင်း ဖော်ပြပါ။

၁၄၆၄-ဖြေ။ ။"ဟိနောတိ ပတိဋ္ဌာတိ ဧတေနာတိ ဟေတု၊ ဟိနောတိ ဝါ ဧတေန တပ္ပစ္စယံ ဖလံ ဂစ္ဆတိ ပဝတ္တတိ ဝုဒ္ဓိံ ဝိရုဋ္ဌံ အာပဇ္ဇတီတိ ဟေတု" ဟူသော ဝစနတ္ထအညီ သမ္ပယုတ်တရားတို့၏ တည်ရာ တည်ကြောင်း သမ္ပယုတ်တရားတို့၏ ဖြစ်ကြောင်း ပွားစီးစည်ပင်ခြင်းသို့ရောက်ကြောင်းဖြစ်၍ ဟေတု-မည်ပါသည်။ သမ္ပယုတ်တရားတို့၏ တည်ရာတည်ကြောင်းဖြစ်သော အနက်ကြောင့် ဟေတု-မည်ပါ

သည်၊ ကျေးဇူးပြုတတ်သောအနက်ကြောင့် ပစ္စယ-မည်ပါသည်။ ဤသို့ မူလဋ္ဌလက္ခဏာ, ဥပကာရလက္ခဏာအားဖြင့် ထူးပါသည်။(၌)ဟူ၍ ပစ္စယသည် သာမန် အကြောင်းဟာ အနက်အားဖြင့် တူသော်လည်း ဟေတုသဒ္ဒါသည် အကြောင်းဝိသေသ်ဖြစ်၍၊ ပစ္စယသဒ္ဒါသည် အကြောင်း သာမန်၌ ဖြစ်သည်။ တနည်းအားဖြင့် ဇနက အကြောင်းသည် ဟေတု, အနုပါလနက အကြောင်းသည် ပစ္စယ-မည်၏။ (အဘိ ဓမ္မတ္ထ ဝိကာသိနီ) ၂-ခုကိုပေါင်း၍သင်္ခြိုင်သည် သင်္ဘင်၏ကောင်း စွာ တည်ရာ တည်ကြောင်း ဖြစ်သကဲ့သို့ သမ္မယုတ်တရားဘို၏ တည်ရာ တည်ကြောင်း၏ အဖြစ်တည်းဟူသော သတ္တိဝိသေသဖြင့် ကျေးဇူးပြု တတ်သောတရားသည် ဟေတုပစ္စည်းမည်သည်ဟူလို။

{"ဟေတု ဟုတ္တာ ပစ္စယော ဟေတုဘာဇဝန် ပစ္စယောတိ ဒုဿံ ဟောတိ"ဟူသောဋီကာပါဌ်ဖြင့် အဓိပတိပစ္စည်း စသည် ဖြစ်သော ဟိတ်ကိုမယူနှင့် ဟေတုပစ္စည်းဖြစ်သောဟေတုပစ္စယ သတ္တိကို အရကောက်ရမည်ဟု ဋီကာဆရာ သိစေသည်။}

† မူလဋ္ဌေန ဟေတု ဥပကာရကဋ္ဌေန ပစ္စယောတိ သဒ္ဒံပတော မူလဋ္ဌေန ဥပကာရကော ဓမ္မော ဟေတုပစ္စယော။ (ဋီ)

● ထိုဟေတုပစ္စည်း၏ကျေးဇူးပြုပုံအခြင်းအရာအထူး ၇ခေါင်ပါ။

၁၄၆၅-ဖြာ။ ။ထို ဟေတုပစ္စည်းသည် ပဝတ္တိအခါ ဥတ္တရချက်၌ အားထင်း၊ ပဋိသန္ဓေအခါ ကမ္မဇရုပ်ကိုအားထင်း၊ ပဝတ္တိ ပဋိသန္ဓေအခါ သဟဇာတ်စပ် ဧကသင်္ဂတိ မောဟမူဒွေးဦးမောဟာဂတိသောစသည်တို့ ဒွေးပညာသင်္ခါအားထင်း ကျေးဇူးပြုပါသည်။

† သော ပန ပဝတ္တေ စိဉ္စသမုဋ္ဌာနာနံ ပဋိသန္ဓိယံ ကမ္မသမုဋ္ဌာနာနဉ္စ ရူပါနံ ဥဘယတ္ထ သမ္ပယုတ္တာနံ နာမက္ခန္ဓာနဉ္စ 'သ' ဥပကာရကာ ဆဓမ္မာတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● ဟေတု ပစ္စည်းသည် ပဋိသန္ဓေ ကမ္မဇရုပ်ကိုသာ ကျေးဇူးပြု၍ ပဝတ္တိ ကမ္မဇရုပ်ကို အဘယ့်ကြောင့်-ကျေးဇူးမပြုပါသနည်း။

၁၄၆၆-ဖြာ။ ။ပဋိသန္ဓေ ကမ္မဇရုပ်သာ စိတ်နှင့်စပ်၍ ဖြစ်ခြင်း၌ သေးငြောင့် ကျေးဇူးပြုပါသည်။ ပဝတ္တိ ကမ္မဇရုပ်ကား-စိတ်၌သော်

လည်း စိတ်နှင့်စပ်၍ မဖြစ်၊ အတိတ်ကံနှင့်သာစပ်၍ ဖြစ်သောကြောင့် ကျေးဇူးမပြုပါ။

{ဤစိတ်နှင့်မစပ်ပုံကိုကား - 'နီရောဓသမာပတ် ဝင်စားနေသောပုဂ္ဂိုလ်သန္တာန်၌ စိတ်ချုပ်နေသော်လည်းပဝတ္တိကမ္မဇရုပ်များဖြစ်နေသည်ကိုထောက်ဆသောအားဖြင့် သိနိုင်ပါသည်။}
(ပဋ္ဌာန်း အဋ္ဌကထာ)

● ဟိတ် ၆-ပါးသည် ပဝတ္တိအခါ စိတ္တဇရုပ်အားသာကျေးဇူးပြု၍ ပဝတ္တိကမ္မဇရုပ်အား အဘယ့်ကြောင့် ကျေးဇူး မပြုပါသနည်း။

၁၄၆၇-ဖြေ။ ။ပဝတ္တိအခါ စိတ္တဇ ရုပ်တို့သည်သာ စိတ်နှင့်စပ်၍ ဖြစ်ခြင်းရှိ၍၊ပဝတ္တိကမ္မဇရုပ်တို့သည် စိတ်နှင့်အတူဘက္ဂဖြစ်သော်လည်း စိတ်နှင့်စပ်၍ ဖြစ်ခြင်းမရှိပါ။ သို့မရှိ၍ စိတ်သည် ပဝတ္တိ ကမ္မဇရုပ်အား သဟဇာတသတ္တိဖြင့် ကျေးဇူးမပြုသောကြောင့် စိတ်နှင့်ယှဉ်၍သာလျှင် ဖြစ်ရသော ဟိတ် ၆-ပါးသည်လည်း စိတ္တဇရုပ်အားသာ ဟေတုသတ္တိဖြင့် ကျေးဇူးပြု၍၊ ပဝတ္တိ ကမ္မဇရုပ်အား ကျေးဇူးမပြုပါ။ (ဇူ)

● ဟိတ် ၆-ပါးသည် ပဋိသန္ဓေအခါ ပဋိသန္ဓေကမ္မဇရုပ်အားသာ ကျေးဇူးပြု၍၊ စိတ္တဇရုပ်အား အဘယ့်ကြောင့် ကျေးဇူး မပြုပါသနည်း။

၁၄၆၈-ဖြေ။ ။ပဋိသန္ဓေအခါ ပဋိသန္ဓေ ကမ္မဇရုပ် တို့သည်သာ စိတ်နှင့်စပ်၍ ဖြစ်ခြင်း ရှိသောကြောင့် ပဋိသန္ဓေ ကမ္မဇရုပ်အားသာ ကျေးဇူးပြု၍၊ ပဋိသန္ဓေအခါစိတ်သည် ကံအဟုန်သည် ပစ်ချအပ်သောကြောင့်၎င်း၊ထောက်တည်ရာဝတ္ထုရုပ်မတည်တံ့သေးသောကြောင့်၎င်း အားနည်း၍ စိတ္တဇရုပ်ကို မဖြစ်စေနိုင်သေးသဖြင့် ထိုပဋိသန္ဓေအခါ၌ စိတ္တဇရုပ်တို့ မဖြစ်သေးသောကြောင့် စိတ္တဇရုပ်အား ကျေးဇူးမပြုပါ။

{ဤ မည်းပြထားသော စကားလောက်ဖြေလျှင် ပြီးသည်။} (ဇူ)

● အာလမ္ဗဏ သဒ္ဒါ၏ အဓိပ္ပာယ် ကိုရင်း, ဤ၌ လို အပ် သော အာလမ္ဗဏသဒ္ဒါ၏အနက်ကိုရင်း အသီးသီးဖော်ပြပါ။

၁၄၆၉-ဖြေ။ ။"အာလမ္ဗိယတိ ဒုဗ္ဗလေန ဝိယ ဒဏ္ဍာဒိကံ စိတ္တ စေတသိကေဟိ ဂယှတီတိ အာလမ္ဗဏံ" ဟူသော ဝစနတ္ထနှင့်အညီ အားနည်းသော ယောက်ျားသည် တောင်ဝှေး, တုတ်, လှံတန် အစရှိ သည်ကို စွဲကိုင်အပ်သကဲ့သို့ အာရမ္ဗဏီကဖြစ်သော စိတ်, စေတသိက် တရားတို့သည် စွဲကိုင်အပ် ဆွဲအပ်သော အာရုံ ၆-ပါး တရားတို့သည် အာလမ္ဗဏ-မည်ပါသည်။ ဤ၌ အာလမ္ဗဏသဒ္ဒါသည် 'အာလမ္ဗိယတိ' ဟူသော ကမ္မသာဓနအနက်ကိုသာ အလိုရှိအပ်ပါသည်။ အကြောင်း ဖြစ်သော ပစ္စယတ္ထကို အလိုမရှိအပ်ပါ။ (ဦ)

● အာရုံတရားတို့ကို "ဣမေ နာမဓမ္မာ အာရမ္ဗဏပစ္စယောနာမ" ဟု နိယမိတအားဖြင့် မဟောမူ၍ "ယံ ယံ ဓမ္မံ အာရဗ္ဘ" အစရှိ သည်ဖြင့် အဘယ့်ကြောင့် အနိယမိတအားဖြင့် ဟောတော်မူ ပါသနည်း။

၁၄၇၀-ဖြေ။ ။ဥေ ယျတရား ငါးပါးတို့တွင် စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့မရောက်သောတရားမည်သည်မရှိသောကြောင့် ယံ ယံ ဓမ္မံ အာရဗ္ဘ-အစရှိသည်ဖြင့် အနိယမိတ အားဖြင့်သာ ဟောတော်မူ ပါသည်။

† နဟိ သော ဓမ္မော အတ္ထိ ယော စိတ္တစေတသိကာနံ အာရမ္ဗဏ ပစ္စယဘာဝံ နဂစ္ဆေယျ။ (ဦ)

● အနန္တရပစ္စည်း, သမနန္တရပစ္စည်းတို့၏အဓိပ္ပာယ်ကို အသီးသီး ဖော်ပြပါ။

၁၄၇၁-ဖြေ။ ။"နဝိဇ္ဇတိ ပစ္စယုပ္ပဇ္ဇေန သဟ အန္တရံ ဧတဿ ပစ္စယဿာတိ အနန္တရပစ္စယော" ဟူသော ဝစနတ္ထနှင့်အညီ ပစ္စယုပ္ပန် တရားနှင့်တကွ ခြားခြင်း မရှိသော အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော ကြောင့် အနန္တရပစ္စည်း-မည်ပါသည်။ ရုပ်ကလာပ်တို့ကဲ့သို့ အလုံး အဝန်းစသော သဏ္ဌာန်မရှိသည်၏အဖြစ်ကြောင့် ကောင်းစွာပစ္စယုံပ္ပန်

တရားနှင့်တကွ ခြားခြင်း မရှိသော အဖြစ်ဖြင့် ကျေးဇူး ပြုဘက်သော တရားသည် သမနန္တရပစ္စည်း-မည်ပါသည်။

{အနန္တရပစ္စည်းနှင့် သမနန္တရပစ္စည်းသည် သံ-သဒ္ဒါမျှသာ ထူး၏။သဘာဝတ္ထ ဝစနီယတ္ထအားဖြင့်ကား-အထူး မရှိ။သဒ္ဒါ နှစ်ခုသည်ကောင်းစွာအခြားမရှိ၊ချုပ်ပြီးသောတခုတည်းသော စိတ်, စေတသိက် တရားအပေါင်း၏ အမည်သာ ဖြစ်သည်။ ဝေနေယျဇ္ဈာသယအားဖြင့် ဟောတော်မူသည်။ကေစိဆရာတို့ ကား-အနက်အခြား မရှိသည်၏ အဖြစ်သည် အနန္တရပစ္စည်း-မည်၏။ကာလအခြား မရှိသည်၏အဖြစ်သည် သမနန္တရပစ္စည်း မည်၏-ဟု ဆိုကြကုန်သေး၏။ သို့ဆိုသော်လည်း နေဝသညာ နာသညာယတန ကုသိုလ်-ကြိယာဇောသည် နိရောဓသမာ ပတ် ဝင်စား၍ ၇-ရက်ကာလကြာပြီးမှထလာသောအနာဂါမ် ရဟန္တာပုဂ္ဂိုလ်၏ အနာဂါမိဖိုလ်, အရဟတ္တ ဖိုလ်ဇောအား ၎င်း၊ အသညသတ်ဘုံသို့မရောက်မီ ရှေးဘဝ၌ဖြစ်သော စုတိ စိတ်သည် အသညသတ်ဘုံ၌ဖြစ်၍ ကမ္ဘာဝါးရာကာလပတ်လုံး ခြားပြီးမှ စုတိလာသောပုဂ္ဂိုလ်၏ ကာမသုဂတ် ပဋိသန္ဓေစိတ် အား၎င်း၊နာမ်တရား အခြားအဆီး မရှိသဖြင့် အနန္တရပစ္စည်း, သမနန္တရပစ္စည်းဖြင့် ကျေးဇူးပြုပုံကို ဟောတော်မူသောစကား နှင့်ဆန့်ကျင်သောကြောင့် ထိုကေစိဆရာတို့၏ဖောက်ပြန်သော စွဲလမ်းမှုကို မယူအပ်-မယူသင့်။ နာမ်တရားကြားထဲတွင် သဘောမတူသော ရုပ်တရားသည် ခြားဆီးခြင်းကိုမပြုနိုင်။ ရုပ် တရား ခြားသော်လည်း ခြားသည်ဟု မဆိုရ။ နာမ်တရားခြားမှ ခြားသည်ဟု ဆိုရမည်ဟူလို။

{"အနန္တရ နိရုဒ္ဓါ စိတ္တစေတသိကာ"၌ စိတ္တ-အရ,အနန္တရ ပစ္စည်းအရကို ရဟန္တာတို့၏ စုတိကိုကြည်၍ကောက်။ ၎င်းမှာ ဝင့်မြစ်ပြတ်ပြီးသော ရဟန္တာ သန္တာန်၌ဖြစ်၍ အနန္တရပစ္စည်း မတပ်။ ဋီ-၌ အနန္တရနှင့် သမနန္တရ မထူးကြောင်း ဆိုသော် လည်း ဇူ-နှင့် မူလဋီကာ၌ကား - မပြတ်ဖြစ်ခြင်းငှာ စွမ်းနိုင်

သောအဖြစ်သည် အနန္တရပစ္စည်း ကောင်းစွာ အခြားမရှိသည်၏အဖြစ်ဖြင့် ဖြစ်ခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် သမနန္တရပစ္စည်း-ဟု အထူးဆိုကြသေး၏။}

† ဗျူဋ္ဌန မတ္တေနေဝ ဟိ နေသံ ဝိသေသော၊ အတ္ထတော ပန ဥဘယမ္ပိ သမနန္တရ နိရုဒ္ဓသောဝါမိဝစနံ၊ နဟိ နေသံ အတ္ထတော ဘေဒေါ ဥပလဗ္ဘတိ။ (ဋီ)

† နိရန္တရုပ္ပာဒနသမတ္ထတာ အနန္တရ ပစ္စယတာ၊ သုဋ္ဌု အနန္တရ ဘာဝေန ဥပ္ပာဒနသမတ္ထတာ သမနန္တရ ပစ္စယဘာတိစ ပန ဝတ္တဗ္ဗံ။ (ဇူ)

● သဟဇာတ ပစ္စည်း, အညမည ပစ္စည်း ဘိုး၏ အမိပ္ပာယ်ကို အသီးသီး ဖော်ပြပါ။

၁၄၇၂-ဖြေ။ ။ဆီမီးသည် မိမိနှင့် အတူတကွဖြစ်သော အလင်းအားတကွ ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ မိမိနှင့်တကွ ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားဘိုအား မိမိ၏ ပစ္စယုပ္ပန်တရားဘိုနှင့်တကွ ဖြစ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် သဟဇာတပစ္စည်း-မည်ပါသည်။လှံတန်သုံးခုသည် တခုသည် တခုကိုထောက်ပံ့ခိုင်စေသကဲ့သို့ အချင်းချင်း တပါးသည် တပါးကို ထောက်ပံ့ ခိုင်စေ တတ်သည်ဖြစ်၍ မိမိအား ကျေးဇူး ပြုတတ် ကုန်သော တရားဘိုအား အပြန် အလှန် ထောက်ပံ့ ခိုင်စေတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားသည် အညမညပစ္စည်း-မည်ပါသည်။ (ဋီ)

● သဟဇာတပစ္စည်း, အညမညပစ္စည်းဘိုး၏ အထူးကို ရေးသား ဖော်ပြပါ။

၁၄၇၃-ဖြေ။ ။မိမိနှင့်တကွဖြစ်ကုန်သော ပစ္စယုပ္ပန်တရားဘိုအား မိမိနှင့်တကွ ဖြစ်ခါမျှဖြင့် ကျေးဇူးပြုတတ်သောအဖြစ်သည် သဟဇာတ ပစ္စည်း-မည်ပါသည်။ ။အချင်းချင်း တပါးသည် တပါးအား အပြန် အလှန် ကျေးဇူးပြုတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောအဖြစ်သည် အညမညပစ္စည်း-မည်ပါသည်။

သဟဇာတပစ္စည်းကား - မိမိနှင့်အတူတကွဖြစ်ခါမျှဖြင့် ကျေးဇူးပြုသည်၊ အညမညပစ္စည်းကား-မိမိနှင့်အတူတကွဖြစ်ခါမျှဖြင့် ကျေးဇူးမပြု၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုမှ မိမိက ကျေးဇူးပြုသည်။ တနည်းအားဖြင့် စိတ္တဇ ရုပ်တို့အား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုတတ်သောနာမကွန္ဓာ,ဥပါဒါရုပ်တို့အား သဟဇာတသတ္တိဖြင့်ကျေးဇူးပြုတတ်သော မဟာဘုတ်လေးပါးတို့ကို အညမညပစ္စည်း၏ အဖြစ်ဖြင့် ပဋ္ဌာန်း၌ မြတ်စွာဘုရားဟောတော်မူသောကြောင့် သဟဇာတပစ္စည်းတိုင်း အညမညပစ္စည်းမဖြစ်၊ အညမည ပစ္စည်းတိုင်းမဟုတ်-သဟဇာတပစ္စည်းဖြစ်သည်။ ဤသို့ ထူးကြပါသည်။ (ဋီ)

* အတူဖြစ်ခါ, သဟဇာ, ပြန်ခါရမှ, အဉ်မည, မှတ်ကြ-အာထူးတည်း။ (သစ်)

● နိဿယပစ္စည်း,ဥပနိဿယပစ္စည်းတို့၏အဓိပ္ပာယ်ကို အသိုးသိုးဖော်ပြပါ။

၁၄၇၄-ဖြေ။ ။"နိဿယတိတိ နိဿယော"ဟူသော ဝစနတ္ထနှင့် အညီ ပုဆိုးသည် ပန်းချီဆေး၏ မှီရာ ဖြစ်သကဲ့သို့ ၎င်း, မြေကြီးသည် သစ်ပင်,တော-တောင် စသည်တို့၏တည်ရာဖြစ်သကဲ့သို့ ၎င်း ပစ္စယုပ္ပန်ဖြစ်ကုန်သောတရားတို့၏ မှီရာတည်ရာ၊ ဝါ-တရားတို့သည်မှီအပ်သော နာမက္ခန္ဓာလေးပါး ဘူတရုပ်,ဆဝတ္ထုရုပ်တို့သည် နိဿယပစ္စည်း-မည်ပါသည်။ ။"ဘုသော နိဿယော ဥပနိဿယော"ဟူသော ဝစနတ္ထနှင့်အညီ ပစ္စယုပ္ပန်တရားတို့၏ အားကြီးသောမှီရာ၏အဖြစ်ဖြင့်ကျေးဇူးပြုတတ်သောတရားသည် ဥပနိဿယပစ္စည်း-မည်ပါသည်။ (ဥပသဒ္ဓါသည် အတိသယဇောတက။)

{နိဿယပစ္စည်း၌ နာမက္ခန္ဓာလေးပါးတို့သည် သဟဇာတ်ဖြစ်ကုန်သော နာမ်,ရုပ်တို့အား မှီရာ၏အဖြစ်ဖြင့်ဂုဏ်း၊ဘူတရုပ်, ဆဝတ္ထုရုပ်တို့သည်အစဉ်အတိုင်းမှီတတ်ကုန်သောသဟဇာတ်ဖြစ်သောရုပ် သတ္တဝိညာဏစေတ်တို့အား တည်ရာ၏အဖြစ်ဖြင့်ဂုဏ်း ကျေးဇူးပြုတတ်သည်ဟု ခဲ့၍မှတ်လေ။} (ဋီ)

● ပုရေဇာတ ပစ္စည်း, ပစ္ဆာဇာတ ပစ္စည်းတို့၏ အဓိပ္ပာယ်ကို အသီးသီး ရေးသားဖော်ပြပါ။

၁၄၇၅-ဖြေ။ ။ပစ္စယုပ္ပန်ဖြစ်သောတရားမှ ရှေးဦးစွာ ဖြစ်နှင့်၍၊ တည်လင့်သည်၏အဖြစ်ဖြင့်ကျေးဇူးပြုတတ်ကုန်သောခြောက်ပါးသော ဝတ္ထုရုပ်, ခြောက်ပါးသော အာရုံတို့သည် ပုရေဇာတပစ္စည်း-မည်ပါသည်။ ပစ္ဆာဇာတပစ္စည်း မရှိသည်ရှိသော် ကံကြောင့်ဖြစ်သော ခန္ဓာအစဉ်၏ မပြတ်တည်ခြင်း၏ အကြောင်းအဖြစ်သို့ မရောက်နိုင်သော ကုံ-အစရှိသော လေးပါးသောအကြောင်းကြောင့်ဖြစ်သော ဘူတရုပ်, ဥပါဒါရုပ်-ဟု ဆိုအပ်သော ရူပကာယအား ထောက်ပံ့ခိုင်စေတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော နောက်၌ဖြစ်ကုန်သော စိတ်, စေတသိက် တရားတို့သည် ပစ္ဆာဇာတပစ္စည်း- မည်ပါသည်။ ထို ပစ္ဆာဇာတပစ္စည်းကို ဌင်းတငယ်၏ ကိုယ်တို့အား ကဗဠိကာရာဟာရ၌ တောင့်တတတ်သော တဏှာနှင့်ယှဉ်သော စေတနာသည် နောက်၌ဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နောက်၌ဖြစ်၍ ကျေးဇူးပြုတတ်သည်ဟု မှတ်အပ်၏။ (၌)

● အာသေဝနပစ္စည်း၏သဘောကို ရေးသားဖော်ပြပါ။

၁၄၇၆-ဖြေ။ ။ရှေးရှေး၌ လေ့ကျက်အပ်သော ကျမ်းဂန်လျှင် အရာရှိသော သင်ခြင်း, နာခြင်း, ဆောင်ခြင်း-စသော ကြိယာသည် နောက်နောက်၌ ဖြစ်သော ကျမ်းဂန်လျှင် အရာရှိသော သင်ခြင်း, နာခြင်း,ဆောင်ခြင်း-စသောကြိယာအား အဖန်ဖန်ထုံခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ကုသိုလ် အစရှိသည်၏ အဖြစ်ဖြင့် မိမိပစ္စည်း တရားနှင့်တူသောဇာတ်ရှိကုန်သော ပစ္စယုပ္ပန်တရားတို့အား ထို မိမိနှင့်တူသောဇာတ်ရှိသည်၏အဖြစ်ကို ယူစေခြင်းဟုဆိုအပ်သော ထုံခြင်းဖြင့်ကျေးဇူးပြုတတ်ကုန်သောအခြားမဲ့၌ဖြစ်၍ ချုပ်ကုန်ပြီးသော လောကီကုသိုလ်, အကုသိုလ်တို့သည်ဌင်း, အာဝဇ္ဇန်းဌေးသည် ကြည်အပ်သော ကြိယာဇောတို့သည်ဌင်း အာသေဝနပစ္စည်း!မည်ပ သည်။အာသေဝနပစ္စည်းကား-ဇာတ်တူ ဇောအားသာလျှင် ကျေးဇူးပြုသည်၊ ဇာတ်ပြားသော တရားအား ကျေးဇူးမပြုဟူ၍ မှတ်။ (၌)

● အာသေဝနပစ္စည်းသည် ဇာတ်တူချင်းသာကျေးဇူးပြု၍ ဇာတ်ပြားသောတရားအား အဘယ့်ကြောင့် ကျေးဇူးမပြုပါသနည်း။

၁၄၇၇-ဖြေ။ ။ပြားသောဇာတ်ရှိကုန်သော ကုသိုလ်စသော တရားတို့သည် ပြားသောဇာတ်ရှိကုန်သော ဝိပါက်စသော နောက်ဖြစ်သော တရားတို့အားထုံခြင်းဟုဆိုအပ်သော သတ္တိဖြင့်လွှဲလာအပ်သည်ဖြစ်၍ အားရှိသည်၏ အဖြစ်ဖြင့် အထူးပြုအပ်သော ကုသိုလ် အစရှိသည်၏ အဖြစ်ဟု ဆိုအပ်သော မိမိ၏ဇာတ်သဘောကိုယူစေခြင်းငှာ မစွမ်းနိုင်၊ မိမိဟုဆိုအပ်သော ပြားသောဇာတ်ရှိကုန်သောနောက်၌ဖြစ်ကုန်သော ပစ္စယုပ္ပန်တရားတို့သည်လည်း ထို ပြားသောဇာတ် ရှိကုန်သော ရှေး၌ဖြစ်သော ပစ္စည်းတရားဘို့မှ (တို့၏) ဇာတ်သဘောကို မယူနိုင်သောကြောင့် အာသေဝနပစ္စည်းသည် ဇာတ်တူချင်းသာကျေးဇူးပြု၍ ဇာတ်ပြားသောတရားအား ကျေးဇူးမပြုခြင်းဖြစ်သည်။

{ဇာတ်ပြားသော ပစ္စည်းတရားသည် ဇာတ်ပြားသော ပစ္စယုပ္ပန် တရားအား မိမိ၏ ဇာတ်သဘောကို မယူစေနိုင်၊ ဇာတ်ပြားသော ပစ္စယုပ္ပန်တရားသည်လည်း ဇာတ်ပြားသော ပစ္စည်းတရား၏ဇာတ်သဘောကိုမယူနိုင်သောကြောင့်ဟူလို။}

● ကမ္မပစ္စည်း, ဝိပါကပစ္စည်းတို့၏သဘောအဓိပ္ပာယ်ကိုအသီးသီး ဖော်ပြပါ။

၁၄၇၈-ဖြေ။ ။စိတ်၏အားထုတ်ခြင်းဟုဆိုအပ်သောစိတ်၏ကြိုယာ ဟုပါရ၏ အဖြစ်ဖြင့် မိမိနှင့် သဟဇာတ် ဖြစ်ကုန်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်နာမကွန္ဓာလေးပါးတို့အားဖျင်း၊ ကုသိုလ်အကုသိုလ် စေတနာဖြစ်သည်မှ နောက်ဖြစ်သော အထူးထူးသော ဓာတ်၌ ဖြစ်ကုန်သော ဝိပါက်နာမကွန္ဓာတို့အားဖျင်း၊ ကဋတ္တာရုပ်တို့အားဖျင်း ကျေးဇူးပြုတတ်သော သဟဇာတ စေတနာ, နာနာက္ခဏိက စေတနာ ၂-ပါးသည် ကမ္မပစ္စည်း-မည်ပါသည်။ ။မိမိ၏အားထုတ်ခြင်း ဟုပါရမရှိသည်ဖြစ်၍ငြိမ်သက်စွာဖြစ်ခြင်းဖြင့်သဟဇာတ်ဖြစ်ကုန်သော နာမ်, ရုပ်

ဘို့အား အားထုတ်ခြင်း ဗျာပါရ မရှိသည်ဖြစ်၍၊ ငြိမ်သက်စွာ ဖြစ်ခြင်း အကျိုးငှာ ကျေးဇူး ပြုတတ်ကုန်သော ဝိပါက်ဖြစ်ကုန်သော စိတ်, စေတသိက် တရားတို့သည် ဝိပါက-ပစ္စည်း မည်ပါသည်။ (၌)

● စေတနာနှင့် ယှဉ်သော အဘိဇ္ဈာ အစရှိသည် ကိုလည်း ကံ-သဘောဖြစ်သောကြောင့်၎င်း, ဝိပါကဓမ္မဖြစ်သောကြောင့်၎င်း ကမ္မပစ္စည်းဟု ဆိုသင့်သည် မဟုတ်ပါလော။

၁၄၇၉-ဖြေ။ • ။ကံသဘော ဝိပါကဓမ္မ ဖြစ်သော်လည်း စေတနာသည် ကြည့်အပ်သောတရားတို့၌ ကမ္မပစ္စည်းသဘော မရှိသောကြောင့် ကမ္မပစ္စည်း-ဟု မဆိုသင့်ပါ။

† သတ်ဝိ ကမ္မတ္တော ဝိပါကဓမ္မဘာဝေစ စေတနာဝဇ္ဇာနံ အတံ သဘာဝတ္တာ။ (၎)

● အဘယ့်ကြောင့် ဝိပါက်တရားတို့သည် ငြိမ်သက်စွာ ဖြစ်ခြင်း သဘော ရှိကြပါသနည်း၊ ကိလေသာ ငြိမ်းသောကြောင့်ပင် ငြိမ်သက်စွာဖြစ်ခြင်းသဘော ရှိကြပါသလော။

၁၄၈၀-ဖြေ။ ။မဟုတ်ပါ၊ထိုဝိပါက်ဖြစ်ကုန်သော စိတ်, စေတသိက်ဘရားတို့၏နောက်စိတ်ကိုပြုပြင်စီရင်တတ်သောပုဗ္ဗပယောဂသည် မငြိုးစေအပ်သည်၏အဖြစ်ကြောင့်၎င်း, ကံကိုပြုအပ်ခါမျှဖြင့်လျင် ဖြစ်သည်၏ အဖြစ်ကြောင့်၎င်း, ထိုဝိပါက်ဖြစ်သော စိတ်, စေတသိက်တရားတို့သည် အားထုတ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်း သဘော ရှိကြပါသည်။

{ထိုသို့ အားထုတ်ခြင်း မရှိသည်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်ခြင်း သဘော ရှိသောကြောင့်သာလျင် ဘဝင်အစရှိသော ဝိပါက်စိတ်တို့ကို သိနိုင်ခဲခြင်းဖြစ်ပါသည်။ဒီဃရုံသို့ရှေးရှုကျခါမျှ အာရုံကိုခံကာမျှ အာရုံကိုစုံစမ်းကာမျှသာဖြစ်ကုန်သော ပဉ္စဝိညာဉ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏဝိပါက်စိတ်တို့သည်လည်း သိနိုင်ခဲသော သဘော ရှိကြပါသည်။ပဉ္စဒ္ဝါရ၌ ဇောဖြစ်ခြင်းကြောင့်သာလျင်

ထို ပဋ္ဌဝိညာဉ်,သမ္ပဋိစ္ဆိုင်း,သန္တီရဏ ဝိပါက်စိတ်တို့၏ ရုပါရုံ အစရှိသော ယူအပ်ပြီးသောအာရုံရှိသည်၏အဖြစ်ကို သိရပါသည်။} (ဋီ)

● (၁) သဥဿာဟ အသန္တသဘာဝ၊ (၂) သဥဿာဟသန္တသဘာဝ၊(၃)နိရုဿာဟသန္တသဘာဝ၊ (၄) နိရုဿာဟသန္တသဘာဝ-သဥဿာဟသန္တသဘာဝဖြစ်သောစိတ်,စေတသိက်များကို အသီးသီးထုတ်ပြပါ။

၁၄၈၁-ဖြေ။ ။ (၁) ကား-အကုသိုလ်စိတ်, စေတသိက်-တို့ဖြစ်သည်။ (၂) ကား-ကုသိုလ်စိတ်,စေတသိက်တို့ဖြစ်သည်။ (၃) ကား-အာဝဇ္ဇန်းဒွေးနှင့် ဝိပါက်စိတ်,စေတသိက်တို့ဖြစ်သည်။(၄)ကား-အာဝဇ္ဇန်းဒွေးကြဉ်သောကြိယာစိတ်,စေတသိက်တို့ကား-အကျိုးဝိပါက်ကို ဖြစ်စေမှုဗျာပါရကင်း၍ ငြိမ်သက်စွာဖြစ်သော သဘောရှိသောကြောင့် နိရုဿာဟ သန္တသဘာဝလည်းမည်၏။ ပြုခြင်းအမှုအရာဖြင့် ပြီးသော စိတ္တုပ္ပာဒ်ဖြစ်၍ ငြိမ်သက်စွာ ဖြစ်သော သ ဘော ရှိ သော ကြောင့် သဥဿာဟသန္တ သဘာဝလည်း မည်ပါသည်။ (ဇူ)

● အာဟာရပစ္စည်း၏ အဓိပ္ပာယ်ကိုရေး၍ အာဟာရပစ္စည်းသည် ဇနကသတ္တိ,ဥပတ္ထမ္ဘကသတ္တိ ၂-ပါးတို့ဖြင့် ကျေးဇူးပြုပါလျက် အဘယ့်ကြောင့် "ဥပတ္ထမ္ဘကတ္တေန" ဟူ၍သာ အဋ္ဌကထာဋီကာဆရာများ မိန့်ဆိုကြပါသနည်း။

၁၄၈၂-ဖြေ။ ။ပစ္စယုပ္ပန် ဖြစ်ကုန်သော ရုပ်-နာမ် တရားတို့အား ထောက်ပံ့ ခိုင်စေတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်ကုန်သော အာဟာရလေးပါးတို့သည်အာဟာရပစ္စည်းမည်ပါသည်။ ထိုအာဟာရ ပစ္စည်းတို့သည် ဇနကသတ္တိအဖြစ်ရှိသော်လည်း ထောက်ပံ့ခိုင်စေတတ်သည်၏ အဖြစ်သည်သာလျှင် အာဟာရ၏ ပြဋ္ဌာန်းသောကိစ္စ ဖြစ်ပါသည်။ ထိုကြောင့် "ဥပတ္ထမ္ဘကတ္တေန" ဟူသော ဤစကားကိုသာ အဋ္ဌကထာဋီကာဆရာများဆိုကြ၍'ဇနကတ္တေန'ဟူသောဤစကားကို မဆိုခြင်းဖြစ်ပါသည်။ ထိုစကားသည် မှန်၏၊ အာဟာရသည် ဖြစ်စေ

သော်လည်း မပြတ်ဖြစ်သည်၏အစွမ်းဖြင့် ထောက်ပံ့ ခိုင်စေတတ်သည် ဖြစ်၍သာလျှင် ဖြစ်စေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထောက်ပံ့ခိုင်စေ တတ်သောအဖြစ်သည်သာလျှင် အာဟာရ၏အဖြစ်မည်၍ ဖြစ်စေတတ် သည်၏အဖြစ်သည် အာဟာရ၏အဖြစ် မဖြစ်နိုင်ပါ။ ထို့ကြောင့်လည်း "ဥပတ္ထမ္ဘကတ္တေန" ဟူသော ဤစကားကိုသာလျှင် အဌကထာဋီကာ ဆရာများ ဆိုကြ၍ "ဇနကတ္တေန" ဟူသော ဤစကားကို မဆိုခြင်း ဖြစ်ပါသည်။ (၉)

● ဥပတ္ထမ္ဘက အဖြစ် ကိုသာလျှင် အာဟာရ၏ ပဓာန ကိစ္စ-ဟု အဘယ့်ကြောင့် ဆိုနိုင်ပါသနည်း။

၁၄၈၃-ဖြေ။ ။ဖြစ်စေ တတ်သော အာဟာရသည် မဖြစ်စေမူ လည်း ထောက်ပံ့တတ်သည်။ မထောက်ပံ့မူ၍ကား - မဖြစ်စေတတ်။ ထိုကြောင့် ဥပတ္ထမ္ဘက အဖြစ်ကိုသာလျှင် အာဟာရ၏ ပဓာနကိစ္စ-ဟု ဆိုရသည်။ ဇနက၏ အဖြစ်ကိုကား-ပဓာနကိစ္စ-ဟု မဆိုရ။ တနည်း အားဖြင့် ဥပတ္ထမ္ဘကအဖြစ်မရှိသော် အာဟာရတို့၏ ဇနကအဖြစ် မရှိ သောကြောင့် ဥပတ္ထမ္ဘကအဖြစ်ကိုသာလျှင် အာဟာရ၏ ပဓာနကိစ္စ ဟု ဆိုရပါသည်။ (၈)

● ဣန္ဒြိယ,ဈာန,မဂ္ဂပစ္စည်းတို့၏အဓိပ္ပာယ်ကို အသီးသီးရေးသား ဖော်ပြပါ။

၁၄၈၄-ဖြေ။ ။ဒဿနအစရှိသော ထိုထိုကိုဝတို့၌ စက္ခုဝိညာဉ်အစ ရှိသော ပစ္စယုပွန်တရားတို့ကို မိမိသို့အစဉ်လိုက်စေခြင်းဟုဆိုအပ်သော အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုတတ်သောတရားသည် ဣန္ဒြိယ-မည် ပါသည်။ ကသိုဏ်းစသော အာရုံ တေဘုမ္မကတရားတို့၏ အနိစ္စတာ စသော လက္ခဏာ,နိဗ္ဗာန်၏ တထလက္ခဏာကိုကပ်၍ကြိခြင်း,ရှုခြင်း၏ အစွမ်းဖြင့် ကပ်ရောက်၍ ထိုအာရုံတို့ကို ကြိတတ်, ရှုတတ်ကုန်သော ပိတက်အစရှိကုန်သော ၇-ပါးသောတရားတို့သည် ဈာနပစ္စည်းမည်ပါ သည်။ ။သုဂတိဘုံမှ မကောင်းမှုကို ပြုလေ့ရှိကုန်သောသူတို့ကို ဒုဂ္ဂတိ ဘုံ၌ ဖြစ်စေသောအားဖြင့် ထုတ်ဆောင်တတ်သော အနက်သဘော၊

အပါယ်လေးဘုံမှ ကောင်းမှုကိုပြုလေ့ရှိကုန်သောသူတို့ကို သုဂတိဘုံ၌ ဖြစ်စေသောအားဖြင့်ထုတ်ဆောင်တတ်သောအနက်သဘော။တနည်း အားဖြင့် - ကောင်းမှုမှ သင်္ကာဝါတို့ကို အကုသိုလ်၌ တည်စေသော အားဖြင့် ထုတ်ဆောင် တတ်သော အနက်သဘော၊ မကောင်းမှုမှ သင်္ကာဝါတို့ကို ကုသိုလ်၌ တည်စေသော အားဖြင့် ထုတ်ဆောင်တတ်သော အနက်သဘောဖြင့် ကျေးဇူးပြုတတ်ကုန်သော သမ္မာဒိဋ္ဌိ အစရှိကုန်သော တရားတို့သည် မဂ္ဂပစ္စည်း-မည်ပါသည်။ (၌)

● သမ္မာယုတ္တပစ္စည်း, ဝိပ္ပယုတ္တပစ္စည်းတို့၏အဓိပ္ပာယ်ကို အသိုးသိုး ဖော်ပြပါ။

၁၄၀၅-ဖြေ။ ။ဖုသန, ဝေဒိယန-အစရှိသော ပရမတ္ထလက္ခဏာ သဘောအားဖြင့် ကွဲပြားကြကုန်သော်လည်းတပေါင်းတည်းတစုတည်း၏ အဖြစ်သို့ ရောက်သကဲ့သို့ဖြစ်၍ တူသောဖြစ်ခြင်းရှိသည့် အစရှိသည်တို့၏ အဖြစ်ဟု ဆိုအပ်သော သမ္မယောဂလက္ခဏာဖြင့်ကျေးဇူးပြုတတ်ကုန်သော နာမက္ခန္ဓာတရားလေးပါးတို့သည် သမ္မယုတ္တပစ္စည်း-မည်ပါသည်။ ။ပစ္စည်း ပစ္စယုပ္ပန် အချင်းချင်း စပ်ယှက်သောကြောင့် မိမိ ပစ္စယုပ္ပန်တရားနှင့် ဝတ္ထုသဟဇာတ ပဋိဘာဇာတ၏အဖြစ်ဖြင့်စပ်ယှက် ကုန်သော်လည်း ဧကုပ္ပာဒဘာ စသော အပြားဘို့ဖြင့် မယှဉ်သည်၏ အဖြင့်ဖြင့် မနှီးနှောသည်၏အဖြစ်ကြောင့် အထူးထူးသော သဘောရှိသည်၏အဖြစ်သို့ ရောက်ခြင်းဖြင့် ကျေးဇူးပြုတတ်ကုန်သော ဝတ္ထုရုပ်ခြောက်ပါး စိတ်, စေတသိက် တရားတို့သည် ဝိပ္ပယုတ္တပစ္စည်း-မည်ပါသည်။ (၌)

● ဇာတ္ထိပစ္စည်း,အဝိဂတပစ္စည်းတို့၏အဓိပ္ပာယ်ကို ဖော်ပြ၍၊ ဒုတိယ ပစ္စည်း၌ ဥပတ္ထမ္ဘကအဖြစ်ကို ဆိုရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

၁၄၀၆-ဖြေ။ ။ပစ္စုပ္ပန်သဘော လက္ခဏာရှိသည်၏ အဖြစ်ဟု ဆိုအပ်သော ထင်ရှားသည်၏အဖြစ်ဖြင့် ထိုသို့ထင်ရှားသော သဘော လက္ခဏာရှိသည်သာလျှင်ဖြစ်သောတရားအား ဆောက်ပံ့နိုင်စေတတ်သည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်ကုန်သော သဟဇာတတို့ စသော

ငါးပါးသော တရားတို့သည် အတ္ထိပစ္စည်း-မည်ပါသည်။ ။ချုပ်ခြင်း ဘင်သို့ မရောက်သည်၏ အစွမ်းဖြင့် ကျေးဇူး ပြုတတ်ကုန်သော အတ္ထိ ပစ္စည်းတရားတို့သည်သာလျှင် အဝိဂတပစ္စည်း မည်ပါသည်။ ။အချို့ ကုန်သော ပစ္စည်းတရားတို့အား ဖြစ်စေတတ်သော ဇနက သတ္တိသည် ရှိသော်လည်း ဂြီခဏဉ်သာလျှင် အတ္ထိပစ္စည်းတရားတို့၏ အစွမ်းသတ္တိ သည် လုန်ကဲသောကြောင့် ထိုအတ္ထိပစ္စည်း တရားတို့၏ ဥပတ္ထမ္ဘက အဖြစ်ကိုသာလျှင် ဆို့ရခြင်း ဖြစ်ပါသည်။ (ဦ)

● နတ္ထိပစ္စည်း,ဝိဂတပစ္စည်းတို့၏ သဘောအဓိပ္ပာယ်ကိုရေးသား ဖော်ပြပါ။

၁၄၈၇-ဖြေ။ ။တခုသော ဖဿစသောတရားအပေါင်းဖြစ်နေသည် ရှိသော် နှစ်ခုမြောက်သော ဖဿစသောတရားအပေါင်းမဖြစ်နိုင်သော ကြောင့် မိမိဘည်ရှိနေခြင်းဖြင့် ဖြစ်ခွင့်မရကုန်သော မိမိ၏ အခြားမဲ့၌ ဖြစ်လတ္တံ့ကုန်သောစိတ်,စေတသိက်တရားတို့အား ဖြစ်ခွင့်ပေးသည်၏ အစွမ်းဖြင့်ကျေးဇူးပြုတတ်ကုန်သော အခြားမဲ့၌ဖြစ်၍ ချုပ်ကုန်ပြီးသော စိတ်,စေတသိက်တရားတို့သည် နတ္ထိပစ္စည်းမည်ပါသည်။ ။မိမိ၏ ဖုသနစသော သဘောမကင်းခြင်းကြောင့် မိမိ၏အခြားမဲ့၌မဖြစ်လတ္တံ့ ကုန်သော စိတ်,စေတသိက်တရားတို့အား မိမိ၏သဘောကင်းသည်၏ အဖြစ်ဖြင့်ကျေးဇူးပြုတတ်တုန်သော နတ္ထိပစ္စည်းတရားတို့သည်သာလျှင် ဝိဂတပစ္စည်း-မည်ပါသည်။ (ဦ)

● အတ္ထိပစ္စည်းနှင့် အဝိဂတပစ္စည်းတို့၏အထူးကို ရေးသားခဲ့ပါ။

၁၄၈၈-ဖြေ။ ။မိမိ၏ ထင်ရှားရှိသောသဘောနှင့် ပြည့်စုံသည်၏ အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော အဖြစ်သည် အတ္ထိပစ္စည်း - မည်၏။ ချုပ်ခြင်း ဘင်သို့ မရောက်သည်၏ အစွမ်းဖြင့် ကျေးဇူး ပြုတတ်သော အဖြစ်သည် အဝိဂတပစ္စည်း-မည်၏။ဤသို့ ပရမတ္ထအားဖြင့် အထူးမရှိ သော်လည်း ထိုပစ္စည်းနှစ်ပါးတို့၏အထူးကို မှတ်သားအပ်ပါသည်။

† သ သဘာဝတာ မကြွေန ဥပကာရကတာ အတ္ထိပစ္စယတာ၊ နိရောဓာ နုပဂမန ဝသေန ဥပကာရကတာ အဝိဂတ ပစ္စယ တာတိ။ (ဋီ)

● နတ္ထိပစ္စည်းနှင့် ဝိဂတပစ္စည်းတို့၏ အထူးကို ဖော်ပြပါ။

၁၄၈၉-ဖြေ။ ။ချုပ်သည်၏ အခြားမဲ့၌ ကင်းဆိတ်သည်၏ အဖြစ်သည် နတ္ထိပစ္စည်း၏အဖြစ်မည်၏။ ချုပ်ခြင်းဘင်သို့ရောက်သည်၏အဖြစ်သည် ဝိဂတပစ္စည်း၏ အဖြစ်မည်၏။ ဤသို့ ထူးကြဟါသည်။

† နတ္ထိတာ စ နိရောဓာနန္တရာ သုညတာ၊ ဝိဂတတာ နိရောဓ ပတ္တတာ အယမေတေသံ ဝိသောသော။ (မူလဋီကာ)

● ဆဓာ နာမန္တု နာမဿ-၌ နာမံ-အရကို "စတုက္ခန္ဓသင်္ခါတံ နာမံ"ဟု အဘယ့်ကြောင့် ဋီကာဆရာ ဖွင့်ပြပါသနည်း။

၁၄၉၀-ဖြေ။ ။နာမံ-အရ နိဗ္ဗာန်နှင့် ပညတ်ကို နစ်စေလိုသော ကြောင့် စတုက္ခန္ဓသင်္ခါတံ-ဟု ဖွင့်ပြခြင်းဖြစ်ပါသည်။

{နိဗ္ဗာန်သည် အာရမ္မဏီကမေ္မတို့ကို မိမိသို့ ညွှတ်စေတတ်၍ နာမ်မည်သည်၊ ပညတ်သည်လည်း မိမိသို့ရှေ့ရှုညွှတ်စေတတ်၍ နာမ်-မည်သည်၊ ထို့ကြောင့်ထိုနှစ်မျိုးကိုနစ်စေလို၍စတုက္ခန္ဓဆိုရသည်ဟူလို။ ဆဓာနာမန္တု-စသည်၌ ဆဓာ-အရ,ပဋ္ဌဓာ-အရစသော ပစ္စည်းသုရုပ်တို့ကိုကား-သဂြိုဟ်နှင့်ပင် ထင်ရှားပြီဖြစ်၍ မပြတော့ပြီ။}

† ပညတ္တိပိ အတ္တာတိမုခံ နမတီတိ နာမန္တိ ဝုစ္စတိ။ (ဋီ)

● "ပုရိမာနိ ဇဝနာနိ ပစ္ဆိမာနံ ဇဝနာနံ"၌ ဇဝနာနိ-ဇဝနာနံ အရတို့ကို အသီးသီးကောက်ပြပါ။

၁၄၉၁-ဖြေ။ ။ဇဝနာနိ-အရဇာတ်တူအဆုံးဇောနှင့်လောကုတ္တရာ ဇောတို့မှာ အာသေဝနပစ္စည်း မဘပ်သောကြောင့် ထိုဇာတ်တူအဆုံး ဇောနှင့်လောကုတ္တရာဇောကြဉ်သော လောကီဇော သတ္တစတ္တာလီသ

ကိုသာ ယူရပါမည်။ ဇဝနာနံ - အရ ပဌမဇောနှင့် ဖိုလ်ဇောမှာ အာသေဝနပစ္စည်း၏ပစ္စယုပ္ပန်မဖြစ်သောကြောင့် ပဌမဇော,ဖိုလ်ဇောကြည်သော လောကီဇော,မဂ်ဇော(ဧကပညာသ)ကိုသာ ယူရပါမည်။

● ဝိပါက်စိတ် အာဝဇ္ဇန်းဒွေးတို့သည် အဘယ့်ကြောင့်အာသေဝန ပစ္စည်း မတပ်ကြပါသနည်း။

၁၄၉၂-ဖြေ။ ။ကံ၏အစွမ်းကြောင့် ဝိပါက်အဖြစ်သို့ ရောက်လာသော ကံ၏အဟုန်သည် ပစ်ချအပ်သည်ဖြစ်၍ ကျလာသကဲ့သို့ဖြစ်သော ရှေဖြစ်သော ဝိပါက်,အဗျာကတတရားသည် မိမိ၏သဘောကိုယူစေ၍ ထုံစေ၍ နောက်ဖြစ်သော တပါးသော ဝိပါက်, အဗျာကတတရားကို မဖြစ်စေနိုင်။ နောက်ဖြစ်သော ဝိပါက်, အဗျာကတသည်လည်း ရှေးဖြစ်သော ဝိပါက်, အဗျာကတ၏ အစွမ်းကိုယူ၍လည်း မဖြစ်နိုင်သောကြောင့် ဝိပါက်စိတ်တို့သည် အာသေဝနပစ္စည်း မတပ်ပါ။

"နမဂ္ဂပစ္စယာ အာသေဝနေ ဧကံ" ဟူ၍ ပဌာန်း၌ ဘုရားဟောတော်မူသောကြောင့်ရင်း, အဟိတ်ကြိယာတို့တွင် ဟသိတုပ္ပာဒ် တပါးကိုသာလျှင် အာသေဝန ပစ္စည်း အဖြစ်ဖြင့် တုတ်ခြင်း ကြောင့် ရင်း အာဝဇ္ဇန်းဒွေးသည် အာသေဝနပစ္စည်း မတပ်ပါ။

[သာမညအားဖြင့် လောကီကုသိုလ်,အကုသိုလ်,အဗျာကတဇောတို့သည်သာလျှင် အာသေဝနပစ္စည်း တပ်ကြပါသည်။ ထို့ကြောင့် ပုရိမာနိဇဝနာနိ-စသောစကားကို အနုရုဒ္ဓါဆရာဆိုခြင်းဖြစ်ပါသည်။ (ဋီ)

● လောကုတ္တရာ ဇောတို့သည် အဘယ့်ကြောင့် အာသေဝန ပစ္စည်း မတပ်ကြပါသနည်း၊ ဇောအဖြစ်ဖြင့် အတူတူပင်မဟုတ်ပါလော။

၁၄၉၃-ဖြေ။ ။ဇောအဖြစ်ပင် တူသော်လည်း လောကုတ္တရာဇောတို့ကို အာသေဝန ပစ္စည်း၏အဖြစ်ဖြင့် ပဌာန်း၌ မြတ်စွာဘုရားဟောတော်မမူသောကြောင့်ရင်း၊ "လောကုတ္တရာ ပန အာသေဝနပစ္စယော နာမ နတ္ထိ" ဟု ပဌာန်းအဌကထာ၌ဆိုသောကြောင့်ရင်းလောကုတ္တရာ ဇောတို့သည် အာသေဝနပစ္စည်း မတပ်ခြင်း ဖြစ်ပါသည်။

[ထိုသို့မြတ်စွာဘုရား မဟောခြင်းအကြောင်းကို ရှာသော်-ရှေဖြစ်သောလောကုတ္တရာကုသိုလ်ဇောသည်နောက်ဖြစ်သော ပြားသောဇာတ်ရှိသောဖိုလ်ဇောကိုမိမိ၏အာသေဝနသတ္တိကို မယူစေတတ်။နောက်ဖြစ်သောဖိုလ်ဇောတို့သည်ဝိပါက် အဗျာကတက ဆိုခဲ့သည့်အတိုင်း ရှေလောကုတ္တရာ ကုသိုလ်ဇောက အာသေဝနသတ္တိကို မယူနိုင်ကြ။ မိမိဖိုလ်ဇောမှ တပါးသော နောက်ဖြစ်သော ဖိုလ်ဇောကိုလည်း အာသေဝနသတ္တိကိုမယူ စေနိုင်သောကြောင့် ထိုလောကုတ္တရာဇောတို့ကို အာသေဝန ပစ္စည်း အဖြစ်ဖြင့် မြတ်စွာဘုရား မဟောခြင်း ဖြစ်သည်ဟု မှတ်သားရာသည်။ "အာသေဝန ဝိနိမုတ္တံ ဇဝနံ နတ္တိ"ဟူသော စကားကို ဆရာမေ့ပါလ မထေရ်ကား-ဆိုခဲ့၏။ သို့ ဆိုခဲ့သော်လည်း ထိုစကားကို ယေဘုယျ အားဖြင့်သာ ဆိုသည်ဟု မှတ်သားရာသည်။ ထိုသို့ မယူက ဆရာမေ့ပါလသည် မဆင်မခြင် မညီမညွှတ် ဆိုတတ်သော ဆရာအဖြစ်သို့ ရောက်သွားဘွယ်ရာ ရှိသောကြောင့်တည်း။] (ဦ)

{အာသေဝနဂုဏ် ဆိုသည်ကား - ထုံခြင်းဟု ဆိုအပ်သော ဂုဏ်၊ ဝါ-အစွမ်းသတ္တိ-ဟု ဆိုလိုသည်။}

● ဂေါတြဘူ,ဝေါဒါန်သည် ဘုံအာရုံဇာတ်အားဖြင့်ကွဲပြားသော မဂ်အား အဘယ့်ကြောင့် အာသေဝနပစ္စည်း တပ်ပါသနည်း။

၁၄၉၄-ဖြေ။ ။ဘုံ အာရုံတို့၏ အစွမ်းဖြင့် ဇာတ်ကွဲပြား သည်၏ အဖြစ်ကို (ထူးသောဇာတ်ရှိသည်၏အဖြစ်ကို) ဤဦအလိုမရှိအပ်သော ကြောင့် မဂ်အား အာသေဝနပစ္စည်း တပ်ခြင်းဖြစ်ပါသည်။ထို့ကြောင့် "ဂေါတြဘု မဂ္ဂဿ အာသေဝန ပစ္စယေန ပစ္စယော၊ဝေါဒါနံ မဂ္ဂဿ အာသေဝန ပစ္စယေန ပစ္စယော"ဟူသောစကားကို ပဋ္ဌာန်းဦမြတ်စွာ ဘုရား ဟောခြင်းဖြစ်ပါသည်။

† ဘူမိအာဒိဝသေန နာနာဇာတိတာယ အနမိပ္ပေတတ္တာ။ (ဦ)

● စိတ်, စေတသိက်တို့သည် အတူဘက္ခဖြစ်ကြသော ရုပ်တရားများအား အဘယ့်ကြောင့် သမ္ပယုတ္တပစ္စည်း မတပ်ပါသနည်း။

၁၄၉၅-ဖြေ။ ။စိတ်,စေတသိက်တို့နှင့်အတူဘက္ခပင်ဖြစ်ကြသော်လည်း ဧကုပ္ပာဒစသော သမ္ပယောဂ လက္ခဏာ လေးပါး မရှိသောကြောင့် စိတ်,စေတသိက်တို့သည် ရုပ်ဘရားများအား သမ္ပယုတ္တပစ္စည်း မတပ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် "စိတ္တစေတသိကာ အညမညံ" ဟူသော စကားကို အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။

† ဧကုပ္ပာဒါဒိ စတုဒ္ဓိဓ သမ္ပယောဂ လက္ခဏာ ဘာဝတော သဟုပ္ပန္နာနမ္ပိ ရုပဓမ္မာနံ သမ္ပယုတ္တ ပစ္စယဘာ နတ္ထိ။ (ဋီ)

● 'သဟဇာတာ စေတနာ သဟဇာဘာနံ နာမရုပါနံ'ဥ စေတနာအပြား, နာမ်,ရုပ် အပြားကို ဖြစ်သင့်သလို ခွဲပြားရှိပြပါ။

၁၄၉၆-ဖြေ။ ။စိတ်တခုယုတ် ကိုးဆယ်နှင့် ယှဉ်သော စေတနာသည် နာမ်တို့အားဌင်း, ပဋိသန္ဓေနှင့် တက္ခဖြစ်သော စေတနာသည် ကမ္မဇရုပ်တို့အားဌင်း, ပဝတ္တိအခါဥ ရုပ်ကိုဖြစ်စေတတ်သော စိတ်နှင့် တက္ခဖြစ်သော စေတနာသည် စိတ္တဇရုပ်တို့အားဌင်း သဟဇာတ ကမ္မသတ္တိဖြင့် ကျေးဇူးပြုပါသည်။ (ဋီ)

● "ဝိပါကက္ခန္ဓာအညမညံ သဟဇာဘာနံ ရုပါနံ"ဥ ဝိပါကက္ခန္ဓာအရ အဘယ်ဝိပါက်မျိုးကို ယူရမည်ကို ဖော်ပြပါ။

၁၄၉၇-ဖြေ။ ။နာမ်တရား၏အဖြစ်ဖြင့်ဌင်း,အာရုံကိုယူဘတ်သော တရား၏ အဖြစ်ဖြင့်ဌင်း, ကံနှင့်တူကုန်သော နာမ်တရားတို့ဥ သာလျှင် ဝိပါကသဒ္ဒါ၏ ထင်သည်၏အဖြစ်ကြောင့် ကံလျှင် ဖြစ်ကြောင်းရှိသော ရုပ်သည် ဝိပါကဟူသောအမည်ကိုမရထိုက်၊ထို့ကြောင့်ဝိပါကက္ခန္ဓာဥ ဝိပါကသဒ္ဒါဖြင့် ပဋိသန္ဓေ,ဝိညာဉ်အစရှိသော နာမ်ဝိပါက်ကိုသာလျှင် ယူရပါမည်။

† ဝိပါကက္ခန္ဓာတိ ပဋိသန္ဓိဝိညာဏာဒိကာဝိပါကာအရုပက္ခန္ဓာ။ (ဋီ)

● နောက်ဦးဖြစ်သော ပစ္ဆာသည်းတရားသည် ရှေးဦးဖြစ်သောပစ္ဆာယုပ္ပန်တရားအား အဘယ်သို့ ကျေးဇူးပြုနိုင်ပါသနည်း။

၁၄၉၈-ဖြေ။ ။နောက်ဦးဖြစ်သော ပစ္ဆာဇာတ ပစ္ဆာသည်းသည် ရှေးဦးဖြစ်သော ရူပကာယကို ဦးစီးခြင်းဦး ရူပကာယ၏ အစဉ်မပြတ်ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် နောက်ဦးဖြစ်သော ပစ္ဆာသည်းတရားသည် ရှေးဦးဖြစ်သော ပစ္ဆာယုပ္ပန်တရားအား ကျေးဇူးပြုနိုင်ပါသည်။

† သန္တာနပ္ပဝတ္တာသ ဟေတုဘာဝုပတ္ထမ္ဘနေ ဇရံသေ ဗျာပါရော။
(ဋီ)

● ပဋိသန္ဓေအခါဦးဖြစ်သော ဆပတ္ထုတို့သည်လည်း ပုရေဇာတပစ္ဆာသည်းတပါသည်မဟုတ်ပါလော၊ အဘယ့်ကြောင့် "ဆဝတ္ထု။နိပဝတ္တိယံ" ဟူသောစကားကို အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၄၉၉-ဖြေ။ ။ပဋိသန္ဓေအခါ ဂ ဒ္ဒဲသေယျကပုဂ္ဂိုလ်တို့အား စက္ခုဒသ္သနာဒိ ဒွါရတိကပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါဦး စက္ခုစသော ဝတ္ထုတို့ဖြစ်သင့်သော်လည်း ထိုဝတ္ထုတို့သည် ထိုဒုစ္စရိုက်အစရှိသောဝိညာဏ်တို့၏ ပုရေဇာတပစ္ဆာည်း အဖြစ်သို့ မရောက်ခြင်း ကြောင့်၎င်း, ဟဒယဝတ္ထုသည် ပဋိသန္ဓေ ဝိညာဏ်နှင့်တကွ ဖြစ်နေခြင်းကြောင့် ရှေးဦးဖြစ်သည်၏အဖြစ် မရှိသောကြောင့်၎င်း 'ဆဝတ္ထု။နိ ပဝတ္တိယံ' ဟူသောစကားကို အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။ (ဋီ)

● "ပစ္ဆာရုမ္မဏာနိ ပစ္ဆာဝိညာဏဝိထိယာ" ဟူသော စကားသည် အဘယ်ပုရေဇာတကိုရည်၍ ဆိုသောစကားပါနည်း ရှင်းလင်းခဲ့ပါ။

၁၅၀၀-ဖြေ။ ။ဤစကားသည် အာရမ္မဏပုရေဇာတ နိဒ္ဒေသ၌လာသော အာရမ္မဏပုရေဇာတကိုရည်၍ဆိုအပ်သောစကားဖြစ်ပါသည်။

[သို့ ဆိုသော်လည်း ပဋ္ဌာဝါရ-၌ "သေက္ခော ဝါ 'လ' ဝိပဿတိ" အစရှိသောပါဠိဖြင့် သာမညအားဖြင့် ပစ္စုပ္ပန်ဖြစ်

သော စက္ခုဝတ္ထုအစရှိသည်တို့ကိုလည်း ယူအပ်သည်၏ အဖြစ်ကြောင့် မနောဝိညာဏဓာတိအား အာရမ္မဏ ပုရေဇာတပစ္စည်း တပ်သော ဓမ္မာရုံကိုလည်း ရအပ်ပါသည်။ ပစ္စုပ္ပန်ဖြစ်သော အကြင်ဓမ္မာရုံကို အာရုံပြု၍ မနောဒ္ဓါတုဓာတိဖြစ်သောကြောင့် ထိုပစ္စုပ္ပန်ဖြစ်သော ဓမ္မာရုံ၏မနောဒ္ဓါတုဓာတိအား အာရမ္မဏ ပုရေဇာတ ပစ္စည်းတပ်သည်၏ အဖြစ်သည်လည်း သဘာဝထွေအားဖြင့် ပြီးစီးပါတော့သည်။} (၌)

● ပက်တ္ဌာန နိဿယပစ္စည်း၏ အဓိပ္ပာယ်ကို ရှင်းလင်းခဲ့ပါ။

၁၅၀၁-ဖြေ။ ။"ပကတ္ထယဝဝ ဥပနိဿယော ပကတ္ထုပ နိဿယော" ဟူသော ဝစနတ္ထနှင့်အညီ အာရမ္မဏုပ နိဿယ, အနန္တရုပ နိဿယတို့နှင့် မရောသော မိမိသဘောဖြင့်သာလျှင် အားကြီး လွန်ကဲသော အကြောင်းဖြစ်သောပစ္စည်းသည် ပကတ္ထုပ နိဿယပစ္စည်း-မည်ပါသည်။ တနည်းအားဖြင့် "ပကတော ဥပနိဿယော ပကတ္ထုပ နိဿယော"ဟူသော ဝစနတ္ထနှင့်အညီ အဇ္ဈတ္တသန္တာန်၌ ပြီးစေအပ်သော ဗဟိဒ္ဓသန္တာန်၌ အဖန်တလဲလဲ မှီဝဲအပ်သော အားကြီး လွန်ကဲသောအကြောင်းသည် ပကတ္ထုပ နိဿယ-မည်ပါသည်။

{ဤအလို ပ-သဒ္ဒါသည် ဓာတ္ဌတ္ထဗာဓက အနက်ရှိသော ဥပသာရပုဗ္ဗသာတည်း။ ထိုသို့ ဓာတ္ဌတ္ထဗာဓကအနက်ရှိသော ပ-ဟူသော ဥပသာရဖြင့် အဇ္ဈတ္တသန္တာန်၌ ပြီးစေအပ်သော အနက်, ဗဟိဒ္ဓသန္တာန်၌ အဖန်ဖန်တလဲလဲမှီဝဲအပ်သောအနက်ကို ပြသောကြောင့် မိမိသန္တာန်၌ ပြီးစေအပ်သော ရာဂ, ဒေါသစသောတရား၊ သဒ္ဓါ,သီလ,သုခ,ဒုက္ခ စသောတရား သတ္တဝါတို့ အဖန်တလဲလဲ မှီဝဲအပ်သော ဥတုဘောဇဉ် စသည်သည် ပကတ္ထုပ နိဿယပစ္စည်း မည်သည်၏အဖြစ်ကို အနုဂုဒ္ဓါ ကိုယ်တိုင်ပင် ပြဆိုထားခြင်းဖြစ်သည်။} (၌)

● ရာဂ အစရှိသည်တို့သည် သဘောတူသော ရာဂ စသည်တို့၏ ဖြစ်ကြောင်းသာ ဖြစ်သင့်၍၊ သဘောမတူသော ဒါန စသည်တို့

၏ ဖြစ်ကြောင်း မဖြစ်သင့်သည် မဟုတ်ပါလော၊ သို့ဖြစ်လျက် အဘယ့်ကြောင့်ဒါနစသည်တို့၏ဖြစ်ကြောင်းဖြစ်နိုင်ပါသနည်း။

၁၅၀၂-ဖြေ။ ။အကြင်အကြင်အကြောင်းကိုအမှီပြု၍ အကြင်အကြင် အကျိုးသည်ဖြစ်၏။ ထိုထိုအကြောင်းသည် ထိုထိုအကျိုးအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်ပါသည်။ သို့ကြောင့် ရာဂ အစရှိသည် တို့ကို အမှီပြု၍ ဒါန စသည်တို့ ဖြစ်သင့်၍၊ ထို ရာဂ စသည်တို့သည် ဇာတ်ကွဲ၍ သဘော တူသော်လည်း ဇနက ဇည့အဖြစ် သဘော တူသောကြောင့် ဒါနစသည်တို့၏ ဖြစ်ကြောင်း ဖြစ်နိုင်ပါသည်။

† ယံ ယဉ္ဇိ နိဿာယ ယဿ ယဿ သမ္ဘဝေါ၊ တံ တံ တဿ တဿ ပကတူပ နိဿယော ဟောတိ။ (ဋီ)

● အနန္တရပစ္စည်း, အနန္တရူပ နိဿယပစ္စည်းတို့၏ အထူးကို ရေးခဲ့ပါ။

၁၅၀၃-ဖြေ။ ။မိမိ၏အခြားမဲ့၌လျော်သောစိတ်တို့ကိုဖြစ်စေသည် ၏အစွမ်းဖြင့် ကျေးဇူးပြုတတ်သောတရားသည် အနန္တရပစ္စည်း-မည်ပါ သည်။ အားကြီးသော အကြောင်း၏အဖြစ်ဖြင့် ကျေးဇူး ပြုတတ်သော တရားသည် အနန္တရူပ နိဿယပစ္စည်း-မည်ပါသည်။ ဤသို့ ထူးကြပါ သည်။ {မဟာပဒေသပစ္စည်းကား-ဤဥပနိဿယပစ္စည်းပင်တည်း။}

† အတ္တနော အနန္တရံ အနုရူပစိတ္တုပ္ဂာဒဝသေန အန္တရပစ္စယော၊ ဗလဝကာရဏ ဝသေန" အနန္တရူပ နိဿယ ပစ္စယောတိ အယမေတေသံ ဝိသေသော။ (ဋီ)

● "ဒွယဿ နဝဓာ စေတိ" ဟူသော သခေါ်ပ ပါဌ်၏ ဝိတ္ထာရ ပါဋ္ဌိကိုဌင်း, ထိုနိဒ္ဒေသ ဝိတ္ထာရပါဋ္ဌိ၏ ပဋိနိဒ္ဒေသ ဝိတ္ထာရပါဋ္ဌိ အဆုံး တပုဒ်ကိုဌင်း ရေးသားခဲ့ပါ။

၁၅၀၄-ဖြေ။ ။ဒွယဿနဝဓာစေတိ-၏ဝိတ္ထာရပါဋ္ဌိကား-"အမိ ပတိ,သဟဇာတ,အညမည'လ'နဝဓာနာမရူပါနိ နာမရူပါနံ ပစ္စယာ ဘဝန္တိ"ဖြစ်ပါသည်။ ထိုနိဒ္ဒေသဝိတ္ထာရပါဋ္ဌိ၏ ပဋိနိဒ္ဒေသ ဝိတ္ထာရပါဋ္ဌိ

အဆုံးတပုဒ်ကား- "သဟဇာတံ ပုရေဇာတံ'လ'ပဋ္ဌဝိမော ဟောတိ အတ္ထိပစ္စယော အဝိဂတပစ္စယောစ"ဖြစ်ပါသည်။

● အာရမ္မဏာ ဓိပတိ ပစ္စည်းနှင့် အာရမ္မဏူပ နိဿယ ပစ္စည်း နှစ်ပါးတို့၏အထူးကို ဖော်ပြပါ။

၁၅၀၅-ဖြေ။ ။အလေးအမြတ်ပြုအပ်သည်၏အဖြစ်မျှဖြင့်ကျေးဇူးပြုခြင်းသည် အာရမ္မဏာဓိပတိပစ္စည်းမည်၏။အလေးအမြတ်ပြုအပ်သည်၏အဖြစ်ကွင် လွန်ကဲအားကြီးသောအကြောင်း၏အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် အာရမ္မဏူပ နိဿယပစ္စည်း-မည်၏။ ဤသို့ ထူးကြပါသည်။

{သတဇာတာ ဓိပတိ ပစ္စည်းသည် ပဝတ္တိအခါ၌သာလျှင် ကျေးဇူးပြုသည်ပဋိသန္ဓေအခါစိတ္တဒုဗ္ဗလဖြစ်၍ကျေးဇူးမပြုနိုင်။}

† ဂရုကာတဗ္ဗတာမတ္တေန အာရမ္မဏာဓိပတိ၊ဂရုကတောပိဗလဝ ကာရဏဋ္ဌေန အာရမ္မဏူပ နိဿယောတိ အယမေတေသံ ဝိသေသော။ ။ပဝတ္တိယံယေဝ သဟဇာတာဓိပတိ ဝသေန ပစ္စယော။ (ဋီ)

● သဟဇာတာ ဓိပတိပစ္စည်းသည် သဟဇာတ်ဖြစ်သော နာမ်, ရုပ်တို့အား ပဝတ္တိအခါသာလျှင် အဘယ့်ကြောင့် ကျေးဇူးပြုပါသနည်း။

၁၅၀၆-ဖြေ။ ။သဟဇာတ်ဖြစ်သော နာမ်, ရုပ်တို့သည် ပဝတ္တိအခါ၌သာလျှင် အဓိပတိနှင့်တတူအကွဖြစ်သောကြောင့် ပဝတ္တိအခါ၌သာလျှင် ကျေးဇူးပြုပါသည်။

{လောကီဝိပါက်တို့သည် ဆန္ဒစသည်တို့ကို အလေးအမြတ်ပြု၍ မဖြစ်သောကြောင့် ထိုလောကီ ဝိပါက်တို့သည် ပဋိသန္ဓေ ပဝတ္တိအခါ၌ပင် အဓိပတိကင်းသည်၊ ပဋ္ဌဝေါကာရ-၌ နာမ်, ရုပ် ၂-ပါး၊ စတုဝေါကာရ-၌ နာမ်သာ ကျေးဇူး ပြုသည်ဟု ခွဲ၍မှတ်။} (ဇူ)

● သဟဇာတပစ္စည်းကိုပြရာ၌ ''ပဋိသန္ဓိက္ခဏေ ဆဝတ္ထု ဝိပါကာ အညမညံ'' ဟု မဆိုဘဲ အဘယ့်ကြောင့် ''ဝတ္ထုဝိပါကာ အညမညံ'' ဟုသာ အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၅၀၇-ဖြေ။ ။နာမ်တရားကိုအစွဲပြု၍ ရုပ်တရား၏ သဟဇာတပစ္စည်းအဖြစ်ကို ပဋိသန္ဓေအခါ ဟဒယဝတ္ထု၏ အစွမ်းဖြင့်သာ ဖြစ်တော်မူသောကြောင့် ဆဝတ္ထု ဝိပါကာ အညမညံ-ဟု မဆိုဘဲ ''ဝတ္ထု ဝိပါကာ အညမညံ'' ဟုသာ အနုရုဒ္ဓါဆရာ ဆိုပါသည်။

† ရူပဓမ္မဿ အရူပဓမ္မံ ပတိ သဟဇာတ ပစ္စယတာ ပဋိသန္ဓိယံ ဝတ္ထုဝသေန ဝုတ္တာတိ အာဟ ဝတ္ထုဝိပါကာ အညမညန္တိ။ (ဋီ)

● အညမည ပစ္စည်းကိုပြရာ၌ စိတ္တစေတသိကာ ဓမ္မာ အညမညံ သဟဇာတ ရူပါနဉ္စ-ဟု မဆိုဘဲ အဘယ့်ကြောင့် ''စိတ္တစေတသိကာဓမ္မာ အညမညံ'' ဟူသော စကားလောက်ကိုသာ အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၅၀၈-ဖြေ။ ။အချင်းချင်းတပါးသည်တပါးအား ထောက်ပံ့ခိုင်စေသည်၏အစွမ်းဖြင့်သာ အညမည ပစ္စည်းဖြစ်သည်။ အတူတကွဖြစ်ခါမျှဖြင့် အညမည ပစ္စည်းမဖြစ်၍ ပဝတ္တိအခါ ရုပ်သည် နာမ်နှင့်တကွဖြစ်သော်လည်း ထိုနာမ်တို့အား အညမညသတ္တိဖြင့် ကျေးဇူး မပြုသောကြောင့် ''စိတ္တစေတသိကာဓမ္မာ အညမညံ'' ဟူသောစကားလောက်ကိုသာ အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။ ထို့အတူ ဥပါဒါရုပ်တို့သည် ဘူတရုပ်တို့အား အညမည သဟဇာတသတ္တိဖြင့် ကျေးဇူး မပြုနိုင်သောကြောင့် ''မဟာဘူတာ အညမညံ'' ဟူသော စကားလောက်ကိုသာ ဆိုခြင်းဖြစ်ပါသည်။ (ဋီ)

● ကဗဠီကာရော-အာဟာရော-ဉ္စ အာဟာရော ဆိုလျှင်ပြီးလျက်၊ ''ကဗဠီကာရော အာဟာရော'' ဟု အဘယ့်ကြောင့်အဆိုးပြု၍ ဆိုပါသနည်း။

၁၅၀၉-ဖြေ။ ။မသုံးဆောင်ဘဲ အပြင်မှာထားသော အာဟာရသည် အာဟာရကိစ္စကိုမပြီးစေတတ် အလုပ်အလွန်ကိုပြု၍မျိုအပ်သော

အာဟာရသည်သာလျှင် အာဟာရကိစ္စကို ပြီးစေတတ်သည်ဟု သိစေ
လိုသောကြောင့် ကဗဠီကာရော-ဟု အထူးပြု၍ ဆိုခြင်းဖြစ်ပါသည်။

{အသက်ရှင်နေ့သော သန္တာန်၌ ဖြစ်သော ဩဇာသည်
တပါးသော ခန္ဓာကိုယ်အား အာဟာရကိစ္စကို မပြီးစေနိုင်။
အသက် သေသွားသောအခါမှ အာဟာရကိစ္စကို ပြီးစေနိုင်
သည်။ ဖားကို မြွေမျိုရာတို၌ ဤအတိုင်း မှတ်ပါ။}

† သော ပန် ယသ္မာ ကဗဠီ ကရိတ္ဝာ အဇ္ဈောဟရိတောဝ
အာဟာရကိစ္စံ ကရောတိ၊ နာ ဗဟိဒ္ဓိတော။

(ပဋ္ဌာန်း အဋ္ဌကထာ)

● "အရူပိနော အာဟာရာ သဟဇာတာနဉ္စ နာမရူပါနံ" ဟူသောစကားကို အနုရုဒ္ဓါဆရာ ဆိုခဲ့၏။ သို့ဆိုသည်ရှိသော် အသည်းသတ်ဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့အား ပစ္စယုပ္ပန်နှင့် တကွဖြစ်သော နာမ်အာဟာရမရှိသောကြောင့် "သမ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ" ဟူသော စကားကို အဘယ် အကြောင်း ကြောင့် မြတ်စွာဘုရား ဟောတော် မူပါသနည်း၊ ထို စကား ၂-ရပ် မဆန့်ကျင်ပါလော။

၁၅၁၀-ဖြေ။ ။မနောသဉ္စေတနာဟာရ၏အစွမ်းဖြင့်ဖြစ်သောကံ, ထိုကံနှင့်တကွဖြစ်ကုန်သော ဖဿာဟာရ, ဝိညာဏာဟာရတို့၏ ကမ္မပစ္စည်း,ဥပနိဿယပစ္စည်း ၂-ပါးတို့ဖြင့် ကျေးဇူးပြုတတ်သည်၏အဖြစ်တည်းဟူသော အကြောင်းကိုယူ၍ ခံပ်သိမ်းသော သတ္တဝါတို့၏ အကြောင်းကြောင့်၊ဝါ-အကြောင်းနှင့်စပ်၍ တည်ခြင်းရှိသည်၏အဖြစ်ကိုရည်၍သာ "သမ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ" ဟူသော စကားကို ဟောတော်မူခြင်း ဖြစ်ပါသည်။ ပစ္စယုပ္ပန်နှင့်ဘက္ခ ဖြစ်သော နာမ်အာဟာရပစ္စည်းတပ်သောကြောင့် ဟောတော်မူခြင်းမဟုတ်ပါ။

{"အာဟာရဋ္ဌိတိကာ"ကား-ပစ္စယဘက္ခသာမညအကြောင်း သာမန်အနက်ကိုသာ ဟောသည်၊ အာဟာရပစ္စည်းအနက်ကို မဟော။ ထို့ကြောင့် မဆန့်ကျင်ပါဟူလို။} (ဋီ)

● ဇာတိုဆွေ, ပုရိသိန္ဒြေတို့သည် လိင်္ဂစသည်တို့ကို မိမိသို့အစဉ်လိုက်စေတတ်သည် မဟုတ်ပါလော၊ သို့ဖြစ်လျက် အဘယ့်ကြောင့် ဇာန္ဒြိယပစ္စည်း မတပ်ပါသနည်း။

၁၅၁၁-ဖြေ။ ။လိင်္ဂစသည်တို့ကို မိမိသို့ အစဉ်လိုက်စေတတ်သော်လည်း ဇာန္ဒြိယပစ္စည်းအဖြစ်ဖြင့် မိမိသို့ အစဉ်လိုက်စေခြင်း မဟုတ်သောကြောင့် ဇာန္ဒြိယပစ္စည်း မတပ်ခြင်း ဖြစ်ပါသည်။ ထင်ရှားစေပါအံ့-ရုပ်ဇီဝိတိန္ဒြေ ကဗဠိကာရာ ဟာရတို့သည် သဟဇာတ် ဖြစ်သော ကမ္မဇရုပ်, စတုဇကာယရုပ်တို့အား ဇာန္ဒြိယသတ္တိ, အာဟာရသတ္တိဖြင့် ကျေးဇူးလည်း ပြုကြသည်၊ ထို သဟဇာတ် ဖြစ်သော ကမ္မဇရုပ်, စတုဇကာယရုပ်တို့အား အစဉ် စောင့်ရှောက်ခြင်း, ထောက်ပံ့ ခိုင်စေခြင်းအမှုကိုပြု၍ အတ္ထိပစ္စည်း, အဝိဂတပစ္စည်းအဖြစ်ဖြင့် ကျေးဇူးလည်း ပြုကြသကဲ့သို့ ဇာတိုဆွေ, ပုရိသိန္ဒြေတို့သည် လိင်္ဂစသည်တို့အား ၂၄-ပါး သောပစ္စည်းတို့တွင် တစုံတခုသော ပစ္စယသတ္တိမျှဖြင့် ကျေးဇူးပြုခြင်း မရှိပါ။ ထို့ကြောင့် ဇာန္ဒြိယပစ္စည်း မတပ်ခြင်း ဖြစ်ပါသည်။

{ဇာန္ဒြိယပစ္စည်းသည် မိမိထင်ရှားရှိသောခဏ၌ မကွဲမပြားထင်ရှားရှိသောတရားအားသာကျေးဇူးပြုသည်ဖြစ်၍ ဇာတိုဆွေ, ပုရိသိန္ဒြေတို့သည် မိမိဖြစ်သော ကလလအခါ အစရှိသည်တို့၌ ဇာတိုလိင်္ဂ, ပုရိသလိင်္ဂ စသည်တို့၏ ထင်ရှား မ ရှိ သေး သောကြောင့် ဇာန္ဒြိယပစ္စည်း မတပ်ခြင်းဖြစ်သည် ဟူလို။}

● ထို ဇာတိုဆွေ, ပုရိသိန္ဒြေတို့သည် ဇာန္ဒြိယပစ္စည်း မတပ်ဘဲလျက် အဘယ့်ကြောင့် လိင်္ဂစသည်တို့အား မိမိသို့ အစဉ်လိုက်စေနိုင်သည်၏အဖြစ်, ဇာန္ဒြေ၏အဖြစ်ကို ဆိုနိုင်ပါသနည်း။

၁၅၁၂-ဖြေ။ ။ဇာန္ဒြိယ်ပစ္စည်းပင်မတပ်သော်လည်း ဇာတိုဆွေ, ပုရိသိန္ဒြေတို့သည် မိန်းမ, ယောကျ်ားဟူ၍ သိခြင်း၏အကြောင်းဖြစ်သောကြောင့်ငင်း, ဇာတိုဆွေသည် မိမိဖြစ်သောခန္ဓာအစဉ်၌ ပုရိသလိင်္ဂစသော အခြင်းအရာ, ပုရိသိန္ဒြေသည်မိမိဖြစ်သောခန္ဓာအစဉ်၌ ဇာတိုလိင်္ဂစသောအခြင်းအရာအားဖြင့် မဖြစ်သောကြောင့်ငင်း, လိင်္ဂစသည်တို့အား မိမိသို့အစဉ်

သိုက်စေနိုင်သည်၏ အဖြစ် ဤနှစ်၏ အဖြစ်ကို ဆိုနိုင်ခြင်း ဖြစ်ပါသည်။
(ဆိုနိုင်ပါသည်။)

† တတော အညေနာကာရေန တံ သဟိတ သန္တာနေ အပ္ပဝတ္တိတော လိင်္ဂါဒိဟိ အနုဝဏ္ဏနိယတာ ဤဒြိယဘာ စ နေသံ ဝုစ္စတိတိ။ (၄)

● ပဋ္ဌာဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်၌ ပါသော ဧကဇကာယ၊ ဒွိဇကာယ, တိဇကာယ, စတုဇကာယ-တို့၏အရကို အသီးသီး ကောက်ပြပါ။

၁၅၁၃-ဖြေ။ ။ပဋိသန္ဓေစိတ်၏ ဥပ္ပါဒက္ခဏ၌ဖြစ်သော ကမ္မဇရုပ်သည် ဧကဇကာယ-မည်ပါသည်။ပဋိသန္ဓေစိတ်၏ ဋ္ဌိတက္ခဏ၌ဖြစ်သော ကမ္မဇ,ဥတုဇရုပ်သည် ဒွိဇကာယ-မည်ပါသည်။ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပ္ပါဒက္ခဏ၌ ဖြစ်သော ကမ္မဇ, ဥတုဇ, စိတ္တဇ ရုပ်သည် တိဇကာယ-မည်ပါသည်။ အာဟာရပြန့်နှံ၍ အာဟာရဇရုပ် ဖြစ်ချိန် ဓရောက်သောအခါ အမှတ်မရှိသောစိတ္တက္ခဏ၌ဖြစ်သောကမ္မဇ,ဥတုဇ, စိတ္တဇ,အာဟာရဇရုပ်သည် စတုဇကာယ-မည်ပါသည်။

● ရုပ်နှင့်ရုပ်ချင်း ရုပါရုံ အစရှိသည်နှင့် အာရမ္မဏိက ဖြစ်သော နာမ်တရားတို့သည် ဝိပ္ပယုတ်ဖြစ်လျက် အဘယ့်ကြောင့်ဝိပ္ပယုတ္တ ပစ္စည်းအဖြစ်ဖြင့် မဟောပါသနည်း။

၁၅၁၄-ဖြေ။ ။တို တရားတို့သည် ဝိပ္ပယုတ် ဓကန်ဖြစ်၍ သမ္မယုတ်လေလော-ဟု ယုံမှားဘွယ်မရှိသောကြောင့် ဟောတော်မမူခြင်းဖြစ်ပါသည်။ အကြင်တရားတို့အား သမ္မယုတ်အဖြစ်၌ ယုံမှားဘွယ်ရှိ၏။ ထိုတရားတို့အားသာ ဝိပ္ပယုတ္တပစ္စည်းအဖြစ်ဖြင့်ဟောတော်မူပါသည်။

{စက္ခုဝတ္ထု အစရှိသည်တို့၏ အတွင်းမှ ထွက်သက်သွင်းမှု ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်ဌင်း, နာမ်တရားကို မှီ၍ဖြစ်ကုန်သောအကြင်ရုပ်တရားတို့သည်ဌင်း တပါးနှင့်တပါး သမ္မယုတ်လေလော,ဝိပ္ပယုတ်လေလောဟု ယုံမှားဘွယ်ဖြစ်၏။ ထိုတရားတို့အားသာလျှင်ဝိပ္ပယုတ်ပစ္စည်းအဖြစ်ဖြင့်ဟောတော်မူသည် ဟူလို။}

† ယေသံ သမ္မယောဂါ သက်ာ အတ္ထိ တေသမေဝ ဝိပ္ပယုတ္တ ပစ္စယတာ ဝုတ္တာ။ (ဌီ)

● နိဗ္ဗာန်သည် ထင်ရှားရှိလျက် အဘယ့်ကြောင့် အတ္ထိ ပစ္စည်း, အဝိဂတပစ္စည်း မတပ်ပါသနည်း။

၁၅၁၅-ဖြေ။ ။ပစ္စုပ္ပန်သဘောကိုမရခြင်းဖြင့်ကျေးဇူးမပြုတတ်သော အနာဂတ် တရားတို့၏သာလျှင် ပစ္စုပ္ပန်သဘောကို ရလာသောအခါ ကျေးဇူးပြုတတ်သည်၏ အဖြစ်သည်သာလျှင် အတ္ထိပစ္စည်း, အဝိဂတ ပစ္စည်း မည်သောကြောင့် အခါခပ်သိမ်း ထင်ရှားရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော နိဗ္ဗာန်သည် အတ္ထိပစ္စည်း,အဝိဂတပစ္စည်းမတပ် ပါ။ တနည်းအားဖြင့် ဥပါဒ်, ဌီ,ဘင်နှင့် ယှဉ်ကုန်သော သင်္ခတတရား တို့၏သာလျှင် ပစ္စုပ္ပန်သဘောအားဖြင့် ထင်ရှားရှိသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုတတ်သောအဖြစ်သည်သာလျှင်အတ္ထိပစ္စည်း,အဝိဂတပစ္စည်း မည်သောကြောင့် ဥပါဒ်, ဌီ, ဘင်ကင်း၍ အသင်္ခတဖြစ်သော နိဗ္ဗာန် သည် ဥပါဒ်, ဌီ, ဘင်ကင်း၍ အသင်္ခတ ဖြစ်သောကြောင့်ပင် အတ္ထိ ပစ္စည်း, အဝိဂတပစ္စည်း မတပ်ခြင်း ဖြစ်ပါသည်။

{ဇီဝိတိန္ဒြိယတ္ထိ-၌ ဩဇာသည် ဌီဏော၌သာလျှင်ကျေးဇူးပြု သကဲသို့ ရုပ်ဇီဝိတိန္ဒြေသည်လည်း ဌီဏော၌သာလျှင် ကျေးဇူးပြု တတ်သောကြောင့် သဟဇာတပစ္စည်း၌ ထည့်သွင်း မယူဘဲ "ရူပဇီဝိတ မိစ္စယံ" ဟု အနုရုဒ္ဓါဆရာ သီးခြား ထုတ်ဆိုထား ခြင်းဖြစ်သည်။}

● အဘယ်အကြောင်းကြောင့် အလုံးစုံသောပစ္စည်းတိုကို လေးပါး သောပစ္စည်း၌ ပေါင်းနိုင်ပါသနည်း ထင်ရှားစွာ ဖော်ပြပါ။

၁၅၁၆-ဖြေ။ ။စိတ်, စေတသိက်တို့၏ အာရုံအဖြစ်သို့ မရောက် သော တစုံတခုသော ပစ္စည်းမည်သည် မရှိသောကြောင့်ငင်း, မိမိ မိမိ တို့၏ဥစ္စာဖြစ်သော ပစ္စယုပ္ပန်တရားတို့၏ မှီရာအဖြစ်သို့ မရောက်သော တစုံတခုသောပစ္စည်းမည်သည် မရှိသောကြောင့်ငင်း, အတ္တဘော-ဟု ဆိုအပ်သော သင်္ခါရလောက ဖြစ်ခြင်း၏ ကုသိုလ်, အကုသိုလ်ကံလျှင် အကြောင်းရှိသည်ဖြစ်၍ အကြောင်း၏ အမည်ကို အကျိုး၌ တင်စား

သဖြင့် အလုံးစုံသော ပစ္စည်းတို့သည် ကံ၏အဖြစ်ကို မလွန်နိုင်သော ကြောင့်ငင်း, အလုံးစုံသော ပစ္စည်းတို့သည် ပရမတ္ထအားဖြင့်၊ ဝါ-လောကသမ္မုတိ၏အစွမ်းဖြင့် ထင်ရှားရှိသောကြောင့်ငင်း၊ ထို အလုံးစုံသော ပစ္စည်းတို့ကို အာရုံမဏ်, ဥပနိဿယ, ကမ္မ, အတ္ထိ ပစ္စည်းတို့၌ ပေါင်းနိုင်ပါသည်။ (ပေါင်းခြင်းသို့ ရောက်ကြပါသည်၊ သက်ဝင်ကြပါသည်။) (၌)

{ဤကား-ဋီကာကျော်ဆရာ အလိုတည်း၊ ဆရာ့ဆရာကြီး မူဌးကား-တမျိုးပေါင်းပြကြကုန်သေး၏။}

● ပဋိသန္ဓေအခါ၌ စိတ္တဇရုပ် ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့သည် အဘယ့်ကြောင့် မဖြစ်ကြဝါသနည်း။

၁၅၁၇-ဖြေ။ ။ပဋိသန္ဓေအခါ၌ စိတ္တဇရုပ်မရှိသည်၏အဖြစ်ကြောင့်ငင်း, ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့၏ စိတ, စေတသိက်တို့နှင့် အတူတကွ ဖြစ်ခြင်း အမြဲမရှိသောကြောင့်ငင်း၊ ပဋိသန္ဓေအခါ၌ စိတ္တဇရုပ်, ပဝတ္တိအခါ၌ ကမ္မဇရုပ်တို့ မဖြစ်ခြင်း ဖြစ်ပါသည်။

{ကမ္မဇရုပ်, ကဋတ္တာရုပ် အတူတူ။ ဒီဋ္ဌမမ္မ ဝေဒနီယကံ, ဥပပဇ္ဇ ဝေဒနီယကံ, အပရာပရိယ ဝေဒနီယကံသည် ပြိုအပ်, ပြီးစေအပ်သည်၏အဖြစ်ကြောင့် ထိုကံတို့ကြောင့်ဖြစ်ကုန်သော ရုပ်တို့သည် ကဋတ္တာရုပ်-မည်ကြသည်။}

† ပဋိသန္ဓိယံ ဟိ စိတ္တသမုဋ္ဌာန ရူပါဘာဝတော ပဝတ္တိယံ ကမ္မသမုဋ္ဌာနာနဉ္စ စိတ္တ စေတသိကဟိ သဟုပ္ပတ္တိ နိယမာဘာဝတော။ (၌)

● အတီတကာလိကစသော ပစ္စည်းတို့ကို အသီးသီးဖော်ပြပါ။

၁၅၁၈-ဖြေ။ ။အနန္တရ, သမနန္တရ, အာသေဝန, နတ္ထိ, ဝိဂတ ငါးပစ္စည်းကား-အတီတကာလိက၊ ကမ္မပစ္စည်းကား-အတီတ်, ပစ္စုပ္ပန်ဒွိကာလိက၊ အာရုံမဏ, အဓိပတိ, ဥပနိဿယ သုံးပစ္စည်းကား-တိကာလိက။ ဤကိုးပါးမှကြွင်းသော ပစ္စည်းကား-ပစ္စုပ္ပန္နကာလိက ပစ္စည်းများဖြစ်ပါသည်။

{ကာလမုတ္တ-အရ နိဗ္ဗာန်နှင့်ပညတ်။ အဇ္ဈတ္တ-အရ, စက္ခု, သောတစသည်၊ရာဂ,ဒေါသစသည်၊သဒ္ဓါ,သီလစသည်ကိုယူ၊ ဗဟိဒ္ဓ-အရ ဥတု,ဘောဇဉ်,ပုဂ္ဂိုလ်စသည်ကိုယူ။ သခ်တ-အရ ပစ္စယုပ္ပန် တရားကိုယူ။ အသခ်တ-အရ ပစ္စည်းတရားကို ယူ။ ထို အလုံးစုံကို ပေါင်းလိုက်လျှင် အကျဉ်းချုပ်အားဖြင့် ပညတ်, နာမ်, ရုပ် သုံးပါးသာရှိ၍ ပစ္စည်းအားဖြင့် ၂၄-ပစ္စည်းခွဲ၍ ပဋ္ဌာန်းကျမ်း၌ မြတ်စွာဘုရား ဟောတော်မူသည် ဟူလို။ (ဋီ) ၂၄-ပစ္စည်းကို အကျဉ်းဆုံး အချုပ်အားဖြင့် ရေတွက်လျှင်- "ပညတ္တိနာမ ရူပါနံ၊ ဝသေန တိဝိဓာ ဌိတာ" သင်္ဂဟ လာသည့်အတိုင်း ပညတ်,နာမ်,ရုပ် သုံးမျိုးပင်ရှိသည်။ထိုတွင် ပညတ်နှင့် ရုပ်တို့သည်မိမိတို့ အာရမ္မဏိကတရားတို့ကိုညွှတ်စေ တတ်သောကြောင့် နာမ် မည်သင့် သော်လည်း ပညတ်, ရုပ်- ဟူသော အမည်ထူးကို ရပြီးဖြစ်၍ နာမ် မ,မည်တော့။ ဤကို ထောက်ဆ၍ အဘိဓမ္မတ္ထမှာပညတ်ပါကြောင်း ထင်ရှားသည်။ ဤ ၂၄-ပစ္စည်းနှင့်ဆိုင်သော အဓိပ္ပာယ် အကျယ်ကို မစိုးရိမ် ညဝါအဖြေ ပဋ္ဌာနကဏ္ဍ-မှာ ရှုပါကုန်။}

● အတ္ထပညတ်၏အရကိုငင်း,ပရမတ္ထ အတ္ထပညတ်, သမ္မုတိအတ္ထ ပညတ်အရကိုငင်း အသီးသီးကောက်ပြပါ။

၁၅၁၉-ဖြေ။ ။အတ္ထပညတ်၏ အရကား-စက္ခုဝိညာဏ် အစရှိ သော ဝိညာဏ် ၆-ပါးတို့၏အာရုံဖြစ်သော တရားတို့ကိုရ၏။ ပရမတ္ထ အတ္ထပညတ်၏အရကား-ရူပ,ဝေဒနာ အစရှိသော သဒ္ဒါတို့၏ အနက် တို့ကိုရ၏။သမ္မုတိအတ္ထပညတ်၏အရကား-ဗုတ္ထိ,ပုရိသ,ပုဂ္ဂလစသော သဒ္ဒါတို့၏အနက်ကို ရပါသည်။ (သခေ်ပ)

● သဒ္ဒပညတ်၏အရကိုငင်း, ပရမတ္ထသဒ္ဒ ပညတ်, သမ္မုတိ သဒ္ဒ ပညတ်၏ အရကိုငင်း အသီးသီးကောက်ပြပါ။

၁၅၂၀-ဖြေ။ ။သဒ္ဒ ပညတ်၏ အရကား - သောတ ဝိညာဏ်, မနောဝိညာဏ်တို့၏ အာရုံဖြစ်သော တရားတို့ကိုရ၏၊ ပရမတ္ထ သဒ္ဒ ပညတ်၏ အရကား-သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်ကုန် သော အလုံးစုံသော အမည်နာမဟော သဒ္ဒါတို့ကိုရ၏၊ သမ္မုတိသဒ္ဒ

ပညတ်၏ အရကား-ဒေဝဒတ်, ယညဒတ်, သိရီဝမုကစသော အမည်တို့ကို ရပါသည်။

● အတ္ထပညတ်, သဒ္ဒပညတ် အထူးကို ရေးခဲ့ပါ။

၁၅၂၁-ဖြေ။ ။"ပကာရေန နာမ ပညတ္တိယာ ဉာပိယတီတိ ပညတ္တိ" ဟူသောဝစနတ္ထနှင့်အညီ နာမပညတ်သည် ဘူမိပဗ္ဗတစသော အပြားအားဖြင့် သိစေအပ်သောကြောင့် ပညတ်-မည်ပါသည်။ (အတ္ထပညတ်ကို ဆိုလိုသည်။) "ပကာရေန အတ္ထပညတ္တိယာ ဉာပေတီတိ ပညတ္တိ" ဟူသော ဝစနတ္ထနှင့်အညီ အတ္ထပညတ်ကို ဘူမိပဗ္ဗတစသော အပြားအားဖြင့် သုဏန္တပုဂ္ဂိုလ်ကို သိစေတတ်သောကြောင့် ပညတ်-မည်ပါသည်။ (သဒ္ဒပညတ်ကို ဆိုလိုသည်။) ဤသို့ထူးပါသည်။ (ဋီ)

[ဝါစ္စပညတ်, ဝစနီယပညတ်, အတ္ထပညတ်, ဥပါဒါပညတ် အတူတူ။ ဝါစကပညတ်, သဒ္ဒပညတ်, နာမပညတ် အတူတူ။ ။ "ကထံ တံ တံ ဘူတဝိပရိဏာမကာရ မုပါဒါယ 'လ'ပညာပိယတ္တာ ပညတ္တိနာမ" ဖြင့် အတ္ထပညတ် အပြားကို ပြသည်။ "ပညာပနတော ပညတ္တိပန 'လ'ဆဒ္ဒိဓာ ဟောတ်" ဖြင့် သဒ္ဒပညတ်အပြားကို ပြသည်။ ဥဒါဟရဏ်များကား-သဂ္ဂိုဟ်တွင် ထင်ရှား၍ ဤ၌ မပြတော့ပြီ။ ပညတ်ကို ဟောပြောခြင်းကား-ပရမတ္ထအားဖြင့် ထင်ရှား မရှိသော်လည်း လောက သမ္မုတ်အားဖြင့် မှန်ကန်သောကြောင့် မုသာဝါဒမဖြစ်ဟု မှတ်လေ။]

● နာမ, နာမကမ္မစသော သဒ္ဒပညတ်တို့၏အဓိပ္ပာယ်ကိုရေးခဲ့ပါ။

၁၅၂၂-ဖြေ။ ။အနက်၌ညွှတ်စေတတ်သောစိတ်ကြောင့်ဖြစ်သော အကျွရာအစဉ်သည် နာမ၊ အနက်၌ ညွှတ်တတ်သည်ဖြစ်၍ ပြုအပ်သော အကျွရာအစဉ်သည် နာမကမ္မ၊ အနက်၌ညွှတ်တတ်သည်ဖြစ်၍ထားအပ်သောအကျွရာအစဉ်သည် နာမဓေယျ၊ မိမိအကြောင်းဖြစ်သောအနက်ကို ထုတ်၍ဆိုအပ်သော စိတ်ကြောင့်ဖြစ်သော အကျွရာ အစဉ်သည် နာမနိရုတ္တိ၊ အနက်ကိုပြတတ်သော အကျွရာအစဉ်သည် နာမဗျဉ္ဇန၊ မိမိဟောအပ်သော အနက်ကို ရှေရှုသည်ဖြစ်၍၊ ထိုအနက်ကို ဟောတတ်သော စိတ္တဇအကျွရာအစဉ်သည် နာမာဘိလာပ-မည်ပါသည်။ (ဋီ)

❁ အကွရာဘလုံးရှိသော ဂေါဿဒါ, အကွရာနှစ်လုံးရှိသော ဃဋ္ဋ-စသော သဒ္ဒါကိုကြားရာ၌ အဘယ်မျှ ဝိထိကျပြီးမှ အနက်ကို သိပါသနည်း ရှင်းလင်းပြပါ။

၁၅၂၃-ဖြေ။ ။ဂေါဿဒါကိုကြားရာ၌ ပစ္ဆုပ္ပန်ဂေါဿဒါကို အာရုံပြု၍ ပဌမ သောတဝိညာဏ ဇဝဝိထိ၊ ထို့နောင် ချုပ်ပြီးသော အတိတ်ဖြစ်သောဂေါဿဒါကိုအာရုံပြု၍ ဒုတိယဘဝင်နဲ့ဝတ္ထုကာမနောဒ္ဓါရတဝိထိ၊ (၅၂-ဝိထိကို သင်္ဂဟ၌ သောတ ဝိညာဏဝီထိယာ-ဟု တခုတည်း ပေါင်း၍ဆိုသင်းသည်။ (ဟိုနောင် နွားဟူသော နာမပညတ်ကိုအာရုံပြု၍ တတိယ သုဒ္ဓမနောဒ္ဓါရတဝိထိ၊ ထို့နောင် နွားဖြစ်အနက် အတ္ထပညတ်ကိုအာရုံပြု၍ စတုတ္ထသုဒ္ဓမနောဒ္ဓါရတဝိထိ၊ ပေါင်းလေးဝိထိကျမှ နွားဖြစ်အနက်ကိုသိသည်။ဃဋ္ဋ ဦ့ပစ္စုပ္ပန် ဃ-သဒ္ဒါကို အာရုံပြု၍ ပဌမ သောတဝိညာဏ တဝိထိ၊ ထို့နောင် ချုပ်ပြီးသော အတိတ်ဖြစ်သော ဃ-သဒ္ဒါကိုအာရုံပြု၍ ဒုတိယတဒနုဝတ္တုက မနောဒ္ဓါရ တဝိထိ၊ ထို့အတူ ဋ-သဒ္ဒါဦ့ ၂-ဝိထိ၊ပေါင်းလေးဝိထိ၊ထို့နောင် အိုး-ဟူသော နာမပညတ်ကို အာရုံပြု၍ ပဉ္စမသုဒ္ဓ မနောဒ္ဓါရ တဝိထိ၊ ထို့နောင် အိုးဖြစ်အနက် အတ္ထပညတ်ကိုအာရုံပြု၍ ဆဋ္ဌသုဒ္ဓ မနောဒ္ဓါရ တဝိထိ၊ ဤသို့ခြောက်ဝိထိကျပြီးမှ အိုး-ဟူသောအနက်ကိုသိပါသည်။{အကွရာတလုံးဦ့ ပစ္စုပ္ပန်သဒ္ဒါရုံ, အတိတ်သဒ္ဒါရုံကို အာရုံပြု၍ ၂-ဝိထိ ၂-ဝိထ်စီတိုး၍ အကွရာမှုးရာဦ့ ဤနည်းကိုမှီး၍ သိလေ။ (၌) (၌)

❁ ဝစီယောသာနုသာရေန-ဦ့ ပစိန္ဒ်ယောသတို့၏ အထူးကို ရေးခဲ့ပါ။

၁၅၂၄-ဖြေ။ ။ဝစီသည် ပညတ်ကိုသဒ္ဒါ၊ ဃောသသည် ပရမတ္ထသဒ္ဒါ၊ ဤသို့ထူးပါသည်။

† တတ္ထ ဝစီနာမ ပညတ်ကိုသဒ္ဒါ၊ ဃောသောနာမ ပရမတ္ထသဒ္ဒါတိ ဧကော်သံ ဝိဒေသော။ (အင်္ကုရ)

ပဒ္ဓာန်းနည်း ဘဂြဖြီး၏။

ပဝဋ္ဋနည်းပိုင်း အဂြဖြီးပြီ။

ကမ္မဋ္ဌာန်းပိုင်း

သမထကမ္မဋ္ဌာန်းနည်း ကမ္မဋ္ဌာန်းလေးဆယ် အဖြေ

●

● သမထနှင့် ဝိပဿနာအထူးကိုရင်း, အဘယ့်ကြောင့် ကမ္မဋ္ဌာန်း မည်သည်ကိုရင်း, ကမ္မဋ္ဌာန၏အရကိုရင်း အသီးသီး ဖော်ပြပါ။

၁၅၂၅-ဖြေ။ ။"နီဝရဏဓမ္မေ သမေတီတိ သမထော" ဟူသော ဝစနတ္ထနှင့်အညီ နီဝရဏဘရားဘိုကိုဌိမ်းစေဘတ်သောကြောင့်သမထ မည်ပါသည်။ အရံကား-သမာဓိ-ရ၏။ "အနိစ္စာဒိ ဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ" ဟူသော ဝစနတ္ထနှင့်အညီ အနိစ္စ အစရှိသော အထူးထူးသော အခြင်းအရာအားဖြင့် သခ်ါရဘရားဘိုကိုရှုဘတ်သော ကြောင့် ဝိပဿနာ-မည်ပါသည်။ အရကား-ပညာရ၏။ ဤသို့ ထူးပါသည်။ ။ဤသမာဓိ,ပညာနှစ်ပါးကိုပင် "ဘာဝေတဗ္ဗာဘိ ဘာဝနာ" ဟူသောဝစနတ္ထနှင့်အညီ ပွားများအပ်သောကြောင့် သမထဘာဝနာ, ဝိပဿနာ ဘာဝနာ ခေါ်ပြန်ပါသည်။ ။"ကမ္မဿ ဒုဝိဓဘာဝနာ ကမ္မဿ ဌာနံ ပဝတ္တိဌာနံ ကမ္မဋ္ဌာနံ" ဟူသောဝစနတ္ထနှင့်အညီ နှစ်ပါး အပြားရှိသော ဘာဝနာကံ၏ ဖြစ်ရာ ဌာန ဖြစ်သော ကြောင့်ရင်း, နောက်နောက်အားထုတ်မှု၏နီးစွာသောအကြောင်းဖြစ်သောကြောင့် ရင်း ကမ္မဋ္ဌာန်း-မည်ပါသည်။ ကမ္မဋ္ဌာန၏ အရကား-ပထဝီကသိုဏ်း စသော ပညတ်အာရုံ တေဘုမ္မကဓမ္မ-ဟုဆိုအပ်သော သခ်ါရအာရုံကို ရင်း, ရှေးရှေးပွားများ အားထုတ်မှုကိုရင်း ရပါသည်။

{ဤတွင် ရှေးစကားဖြင့် အာရုံကမ္မဋ္ဌာန်း,နောက်စကားဖြင့် အာရမ္မဏိက ဘာဝနာ ကမ္မဋ္ဌာန်းကို ပြသည်။ ဘုံပိုင်း၌ကား- စေတနာကို ဘာဝနာ, ဤ၌ကား - သမာဓိပညာကို ဘာဝနာ ခေါ်သည်ဟု အထူးမှတ်။}

† ဒုဝိဓဘာဝနာ ကမ္မဿ ပဝတ္တိဌာနတာယ ကမ္မဋ္ဌာနဘူဘမာ- ရမ္မဏံဥဘ္ဘရဘ္ဘရယောဂကမ္မဿ ပဒဋ္ဌာနတာယ ကမ္မဋ္ဌာနဘူတံ ဘာဝနာဝိတိဉ္ဇံ။ (၉)

● စရိုက်၏အဓိပ္ပာယ်ကို ရေးသားဖော်ပြပါ။

၁၅၂၆-ဖြေ။ ။"'စရတိ အဘိဏှံ ပဝတ္တတီတိ စရိတာ'' ဟူသော ဝစနတ္ထနှင့်အညီ ပြောခြင်း, ထူထပ်ခြင်း, မပြတ် မပြတ် ဖြစ်ခြင်း, အဖြစ်များခြင်းသဘောကိုပင် စရိုက်-ဟုဆိုပါသည်။ရာဂအဖြစ်များလျှင် ရာဂစရိုက်ရှိသည်ဟုဆိုရသည်။ဒေါသစရိုက် စသည်မှာလည်း နည်းတူပင်။ စရိတအမည်သည် ဌာနီဖြစ်သော အမူအကျင့်၏ အမည်ပင်ဖြစ်၍ ဌာနီ၏အမည်ကို ဌာနမှာ တင်စားသော ဌာနူပစာရအားဖြင့် ရာဂစရိုက်, ရှိသောမှုဂ္ဂိုလ်စသည်ဖြင့် ခြောက်မျိုးပြားလာခြင်း ဖြစ်ပါသည်။ (၄)

{စရိုက်အပြား အကျယ်ကို ဋီကာမှ ယူကြပါကုန်၊မထူးလှ၍ မရေးတော့ပြီ။ ။ဤဘဝင်္ဂ မပြတ်မပြတ် ဖြစ်ခြင်း, အဖြစ်များခြင်းသဘောသည် စရိုက်၊ဘဝများစွာက အထုံအစဲပါလာခြင်း သဘောသည် ဝါသနာဖြစ်သည်။ ဝါသနာကား-ကိလေသာအဋ္ဌအသက် အကြွင်းအကျန် သတ္တိထူးကလေးပင် ဖြစ်သည်။ ထိုသတ္တိဝိသေသသည် ကုသိုလ်,အကုသိုလ်,အဗျာကတသုံးမျိုးပင်ဖြစ်နိုင်သည်။မကောင်းသောအရာ၌ ဝါသနာကား-ကိလေသာသတ္တိ၊ ကောင်းသောအရာ၌ ဝါသနာကား - သမ္မာဆန္ဒဟုမှတ်။}

† တသ္မိံ တသ္မိံ ကိစ္စေ ဝသတီ ပရိစယံ ဂစ္ဆတီ ပါပုဏာတိ ●တာယာတိ ဝါသနာ။ (ဇူ-ပဏာမ အဖွင့်)

● ဘာဝနာသုံးပါးနှင့် နိဂုံတ်သုံးပါး တို့၏အဓိပ္ပာယ်ကိုအသီးသီး ရေးသားဖော်ပြပါ။

၁၅၂၇-ဖြေ။ ။အပ္ပနာဘာဝနာကို့ပြုပြင်စီရင်တတ်သောအစွမ်းသောကံဖြစ်သော အပ္ပနာဘာဝနာဝိထိမှရှေးအဘို့၌ဖြစ်သော ကာမာဝစရကုသိုလ်ကြိယာဘာဝနာသည် ပရိကမ္မဘာဝနာ-မည်ပါသည်။ နိဝရဏတို့ကို တဒင်္ဂပဟာန်ဖြင့်ပယ်ခွာသည်မှစ၍ဖြစ်သော ဝေါတြဘူအဆုံးရှိသော ကာမာဝစရကုသိုလ် ကြိယာ ဘာဝနာသည် အပ္ပနာဘာဝနာ၏ အနီးဘွဲ့ဖြစ်သောကြောင့် ဥပစာရဘာဝနာ-မည်ပါသည်။ အပ္ပနာအမည်ရသော ဝိတက်လျှင် အကြီးအမှူးရှိသည်၏အဖြစ်ကြောင့်

မဟဂ္ဂုတ်အဖြစ်သို့ရောက်သော ဘာဝနာသည် အပ္ပနာဘာဝနာ-မည်ပါသည်။ (ဆိုင်ရာအာရုံ၌ စွဲမြဲသက်ဝင် တည်တံ့နေသော ဈာန်,မဂ်,ဖိုလ်တရားများကို အပ္ပနာဘာဝနာ-ဟု ဆိုလိုသည်။)

{သမ္မယုတ်တရားတို့ကိုအာရုံ၌ကျစေတိသကဲ့သို့၊ ဝါ-ရှေးရှု တင်ပေးသကဲ့သို့၊ ဝါ-ချဉ်းကပ် ဝင်ရောက်သကဲ့သို့ ဖြစ်တတ်သောကြောင့် ဝိတက်သည် အပ္ပနာ-မည်ပါသည်။ အပ္ပနာ-ဟူသော အမည်သည် ဝိတက်၏ အမည်ရင်း သာတည်း။ ထို့ကြောင့် ထို ဝိတက်လျှင် အကြီးအမှူး ရှိသည်၏ အစွမ်းဖြင့် အလုံးစုံသော မဟဂ္ဂုတ်လောကုတ္တရာဈာန်တရားတို့ကို သဟစရဏာနည်း သဒိသူပစာရအားဖြင့် အပ္ပနာ-ဟု ဆို့ရသည်။}

† သမ္မယုတ္တာမမွေဟိ အာရမ္မဏေ အပ္ပေန္တောဝိယ ပဝတ္တတိတိ ဝိတက္ကော အပ္ပနာ၊ တထာဟိ သော အပ္ပနာ ဗျပ္ပနာတ် နိဒ္ဒိဋ္ဌော၊ တပ္ပမုခတာ ဝသေန ပန သဗ္ဗေပိ မဟဂ္ဂတာနုတ္တရာ ဈာနမဓ္မာ အပ္ပနာတိ ဝုစ္စန္တိ။ (၄)

ပရိကမ္မဘာဝနာ၏ အာရုံအကြောင်းဖြစ်၍ စက္ခုဝိညေယျ ဖြစ်သော ပတဝီကသိုဏ်းဝန်းစသောအာရုံသည်ပရိကမ္မနိမိတ်-မည်ပါသည်။ထိုပရိကမ္မဘာဝနာ၏ အာရုံအကြောင်းဖြစ်သောစက္ခုဝိညာဏ်ဖြင့် မြင်သကဲ့သို့၊ မနောဒ္ဒါရိက ဇောဝိညာဏ်ဖြင့် ယူအပ်သော ပဌဝီကသိုဏ်းဝန်းစသောအာရုံသည်ပင် ဥဂ္ဂဟနိမိတ်-မည်ပါသည်။ဥပစာရဘာဝနာ, အပ္ပနာ ဘာဝနာတို့၏ အာရုံအကြောင်း ဖြစ်သော အညီစသော အဆင်း၊ လက်ရာ, လက်ချောင်းရာ စသော ကသိုဏ်းအပြစ်မှကင်းသော မနောဒ္ဒါရိက ဇောဝိညာဏ်ဖြင့် ယူအပ်သော ပဌဝီကသိုဏ်းဝန်းစသော အာရုံသည် ပဋိဘာဂနိမိတ်-မည်ပါသည်။ (၅)

{ပရိကမ္မနိမိတ်ကား-စက္ခုဝိညေယျ,ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်ကား-မနောဝိညေယျ-တည်း။ ထိုတွင် ဥဂ္ဂဟနိမိတ်ထက် ပဋိဘာဂနိမိတ်က ကသိုဏ်းအပြစ်ကင်း၍ ကြည်ကြည်လင်လင် ထင်ခြင်း သည်ပင်လျှင် ဥဂ္ဂဟနိမိတ်ထက် ထူးသည်။ နိမိတ်သုံးပါးနှင့် ဘာဝနာ သုံးပါး ဟပ်နည်းမှာ - ပရိကမ္မ နိမိတ်,

ဥဂ္ဂဟနိမိတ်နှင့် ပရိကမ္မ ဘာဝနာဟပ်၊ ပဋိဘာဂနိမိတ်နှင့် ဥပစာရဘာဝနာ-အပ္ပနာဘာဝနာဟပ်လေ။နိမိတ္တာသဒ္ဒါကား-အာရုံအနက်ကိုဟောသည်၊အကြောင်းအနက်ကို မဟော။)

* ရှေ့ချင်းနှစ်တစ်, နောက်တစ်နှစ်, ယှဉ်လစ်-စပ်ယူပါ။

(၀သုဒ္ဓါရုံ)

● သြမက အပ္ပနာ, ဥက္ကဋ္ဌ အပ္ပနာများကို ခွဲခြားပြပါ။

၁၅၂၈-ဖြေ။ ။ကာမာဝစရ သမာဓိသည် သြမက်အပ္ပနာ ဖြစ်ပါသည်။ မဟဂ္ဂုတ် လောကုတ္တရာ သမာဓိသည် ဥက္ကဋ္ဌ အပ္ပနာ ဖြစ်ပါသည်။ (၄)

● ကသိဏသဒ္ဒါ၏ အဓိပ္ပာယ်ကို ရှင်းလင်းဖော်ပြပါ။

၁၅၂၉-ဖြေ။ ။ကသိဏသဒ္ဒါသည် "ကသတ် နိသေသံ ဂစ္ဆတီတိ ကသိဏံ သကလံ" ဟူသော အဘိဓာန် ဋီကာ လာသည်နှင့်အညီ ဘာဝနာမနသိကာရအားဖြင့် နှံ့စေအပ်သည်ဖြစ်၍ တစိတ်တဒေသကိုသာ အာရုံမပြုမူ၍ အလုံးစုံသောအရပ်အဘို့ကို နှံ့နှံ့စပ်စပ်အာရုံပြုသော အနက်ကြောင့် ကသိဏ-မည်ပါသည်။ ကသိဏ သဒ္ဒါကား-သကလ ဝါစကတည်း။ တနည်း-ကသိဏသဒ္ဒါသည် သကလဇ္ဈဝါစိ အနိပ္ဖန္နပါဠိပဒိကပုဒ်တည်း။ (ဥပမာ-ပထဝီ ကသိဏဆိုလျှင် ပထဝီ ကသိဏ်း ဝန်းတခုလုံးကို နှံ့နှံ့စပ်စပ် အကုန်အာရုံပြုသည်ကို ဆိုလိုသဖြင့် ပညတ်ဖြစ်သော သသမ္ဘာရ ပထဝီမလွှာလ တခုလုံးသည်ပင် ပထဝီ ကသိဏ်း မည်သည်။ ပညတ်ကသိဏ်းဝန်းဌ်တည်သော ပရမတ်ရုပ်သည် ပထဝီ ကသိဏ်းမဟုတ်ဟူလို။အာပေါ ကသိဏ်း စသည်မှာလည်း နည်းတူ။) ပထဝီကသိဏအရကား-ပထဝီကသိဏ်းဝန်းကိုရ၏။ တနည်းအားဖြင့် ပထဝီ ကသိဏ်းဝန်း ပဋိဘာဂနိမိတ်ကို သဒိသူပစာအားဖြင့် ရ၏။ ထို ပထဝီကသိဏ်းဝန်း ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော ဈာန်ကို ကား-ပရိပုဏ္ဏပစာရအားဖြင့်၊ တနည်း-အကြောင်းဖြစ်သော အာရုံ၏ အမည်ကို အကျိုးဖြစ်သောဈာန်ပေါ်မှာတင်စားသောကာရကူပစာရ

အားဖြင့်ရ၏။ ဌာနူပစာဟုလည်း ဆိုကြသည်။ (ဤ၌ ရှေးရှေးစာကြီး များက ဖလူပစာ-ဟု ဆိုကြသည်။ စဉ်းစား၍ ယူကြလေ။)

† တဒါလမ္မဏဥ ဈာနံ ပဆဝီကသိဏန္တိ ဝုစ္စတိ။ (ဋီ)

● ကသိုဏ်း ၁၀-ပါးတို့တွင် ဘူတကသိုဏ်း, ဝဏ္ဏ ကသိုဏ်း, အာကာသကသိုဏ်း, အာလောက ကသိုဏ်းများကို အသီးသီး ဖော်ပြပါ။

၁၅၃၀-ဖြေ။ ။ပဆဝီ, အာပေါ, တေဇော, ဝါယော လေးပါးကား-ဘူတကသိုဏ်း-မည်ပါသည်။ နီလ, ပီတ, လောဟိတ, သြဒါတ လေးပါးကား-ဝဏ္ဏကသိုဏ်း-မည်ပါသည်။ ပရိစ္ဆိန္နာကာသသည် အာကာသကသိုဏ်း-မည်ပါသည်။ နံရံ, ပြူတင်းပေါက် စသည်တို့မှ ဝင်လာသောလ, နေ စသည်တို့၏ အရောင် အလင်းသည် အာလောက ကသိုဏ်း-မည်ပါသည်။

† တတ္ထ ပထဝါဒီနိ စတ္တာရိ ဘူတကသိဏာနိ၊ နီလာဒီနိ စတ္တာရိ ဝဏ္ဏကသိဏာနိ၊ ပရိစ္ဆိန္နာကာသော အာကာသ ကသိဏံ၊ စန္ဒာဒိ အာလောကော အာလောက ကသိဏန္တိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● ဟတဝိကို့ဘက ကမ္မဋ္ဌာန်း-၌ကျီးခြေသဏ္ဌာန်ဝေးလက်နက်ဖြင့် သတ်၍ ဆိုရာတွင် ကျီးခြေသဏ္ဌာန် သတ်ပုံ အခြင်းအရာကို ရှင်းလင်းပြပါ။

၁၅၃၁-ဖြေ။ ။ကျီးခြေ သဏ္ဌာန် ဆိုသည်ကား- အမျှင် အမျှင် အပိုင်းအပိုင်း ခုတ်လှီး၍ သတ်ခြင်းကို ဆိုလိုပါသည်။ (ဋီ)

{အဋ္ဌိက ကမ္မဋ္ဌာန်းတွင် အရိုးတချောင်းသည်ပင် အဋ္ဌိက ကမ္မဋ္ဌာန်း-မည်၏။အဋ္ဌိသဒ္ဒါ ပုံလိုင်လည်းရှိသည်ဟုမှတ်။}

● "ဗုဒ္ဓါနုဿတိ" ဟူသည် ဘုရားကို အောက်မေ့ခြင်းကို ဆိုလိုပါသလော၊ အဘယ်ကို ဆိုလိုပါသနည်း။

၁၅၃၂-ဖြေ။ ။ဘုရားကို အောက်မေ့ခြင်းကို မဆိုလိုပါ၊ မြတ်စွာဘုရား၏ အရဟံအစရှိသော ဂုဏ်တော်အပေါင်းကို အောက်မေ့ခြင်းကိုသာလျှင် ဗုဒ္ဓါနုဿတိ-ဟု ဆိုလိုပါသည်။

{ဌာနဖြစ်သော ဗုဒ္ဓ၏အမည်ကို ဌာနီဖြစ်သော ဂုဏ်တော် အပေါ် တင်စား၍ ဌာနီဖြစ်သော ဂုဏ်တော်ကို ဌာနူပစာရ အားဖြင့် ဤနေရာ၌ ဗုဒ္ဓ-ဟု ဆိုလိုရင်း ဖြစ်ပါသည်။ ထို့အတူ မေ္မာနုဿတိ,သံဃာနုဿတိ-အရ မေ္မဆယ်ပါး၏ဂုဏ်,သံဃာ၏ဂုဏ်ကို ယူပါ။}

† ဧတေန ဌာနူပစာရေန ဌာနီဘူတာ ဂုဏာ ဗုဒ္ဓေါတိ ဝုစ္စတီတိ ဒဿေတိ။ (ဇူ)

● အနုဿတိ ၁၀-ပါးတွင် ဒေဝတာနုဿတိသည် နတ်တို့အား အောက်မေ့ခြင်းကိုပင် ဆိုပါသလော ရှင်းလင်းခဲ့ပါ။

၁၅၃၃-ဖြေ။ ။နတ်တို့အားအောက်မေ့ခြင်းကိုဆိုလိုသည်မဟုတ်ပါ၊ အကြင်သဒ္ဓါတရားစသည်နှင့်ပြည့်စုံကုန်သော နတ်တို့သည် နတ်အဖြစ်သို့ ရောက်ကြကုန်၏။ထိုသဒ္ဓါစသော ဂုဏ်ကျေးဇူးမျိုးသည် ငါ၌လည်း ရှိကုန်၏-ဟု နတ်တို့ကိုသက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါ စသော ဂုဏ်ကျေးဇူးကို အဖန်တလဲလဲအောက်မေ့ခြင်းကိုပင် ဒေဝတာနုဿတိ ဟု ဆိုလိုရင်းဖြစ်ပါသည်။(ဒေဝတာ-အရ နတ်,ဗြဟ္မာအလုံးစုံကိုယူ။) (ဋီ)

● အနုဿတိ ၁၀-ပါးတွင် ကာယဂတာသတိ,အာနာပါနဿတိ တို့၌ အဘယ့်ကြောင့် အနုသဒ္ဒါ မပါ ပါသနည်း။

၁၅၃၄-ဖြေ။ ။၃၂-ပါးသော ကောဋ္ဌာသတို့ကို အနုလောမ, ပဋိလောမအားဖြင့် စီးဖြန်းအပ်သည်ဖြစ်၍၊ ထိုသို့စီးဖြန်းခြင်းဖြင့် အဖန်တလဲလဲ အောက်မေ့မှုကိစ္စ ပြီးစီးနေသောကြောင့် အနုသဒ္ဒါ မပါခြင်း ဖြစ်ပါသည်။

လွန်လေပြီးသော ဣက်သက် ဝင်သက် ကိုလည်း အာရုံ မပြု၊ လာလတ္တံ့သော ထွက်သက် ဝင်သက်ကိုလည်း အာရုံမပြု ပစ္စုပွန်ဖြစ်သော ထွက်သက်ဝင်သက်ကိုလည်း တကြိမ်သာ အာရုံပြုသောကြောင့် အနုသဒ္ဒါ မပါပါ။တနည်းအားဖြင့်ရှေးသတိရှစ်ပါးတို့သည်နူးညံ့သော ပရမတ္ထအာရုံဖြစ်၍ ထင်နိုင်ခဲသောကြောင့် အနုသဒ္ဒါ ထည့်ရသည်။

မနာက်သတိနှစ်ပါးသည်ကား-ကြမ်းတန်းသိလွယ်သော ပညတ်အာရုံဖြစ်၍ ထင်လွယ်သောကြောင့် အနုသဒ္ဒါကို မထည့်ခြင်းဖြစ်ပါသည်။

{ကာယဂတသတိ ဆိုလိုလျက် သုခုစ္စာရဏာအကျိုးငှာ ဒီဃ ပြု၍ ကာယဂတာ သံတိ-ဟု ဆိုသည်။ နောက် နည်း အ လို အနုပါသော ကမ္မဋ္ဌာန်းက များ၍ ယေဘုယျ နည်းအားဖြင့် "ဒသ အနုဿတိယော" ဟု ဆိုသည်။အဓိဝမ်းမှပွားစသူငယ် အား ထွက်သက်လေ အလျင်ဖြစ်သည်ဟု အထူးမှတ်။}

(သင်္ဂြိဟ် ဂဠုံဟောင်းနှင့် အကုံရ)

● နိဗ္ဗာန်ကို ဓမ္မာနုဿတိအရမှာ ယူပြီးပါလျက် ဥပသမာနုဿတိ အရမှာ အဘယ့်ကြောင့် သီးခြား ယူရပြန်ပါသနည်း။

၁၅၃၅-ဖြေ။ ။နိဗ္ဗာန်ကို ဓမ္မာနုဿတိ အရမှာ ယူပြီး ဖြစ်သော်လည်း အသင်္ခတ, အမတ စသော အဖြစ်ဖြင့် မဂ်, ဖိုလ်ဟူ ဆက်ထူး၍ သီးခြား ကမ္မဋ္ဌာန်း၏အဖြစ်ဖြင့် ယူလိုသောကြောင့် ဥပသမာနုဿတိ အရမှာ သီးခြား ယူရပြန်ပါသည်။

† အသင်္ခဘာဓိဘာဝေန ပန မဂ္ဂဖလေဟိပိ ဝိသိဋ္ဌတာယ တသ ဝိသုံ ကမ္မဋ္ဌာနဘာဝေန ဂဟဏံ ကတံ။ (၄)

● အဘယ့်ကြောင့် မေတ္တာ-မည်ပါသနည်း၊ မေတ္တာ၏သဘော ကိုလည်း ရှင်းပြပါ။

၁၅၃၆-ဖြေ။ ။"မိဿတိ သိနိယ့ဟိတိ မေတ္တာ၊ မိတ္တေသု ဘဝါတိ မေတ္တာ" ဟူသော ဝစနတ္ထနှင့်အညီ ချစ်ဘတ် သော ကြောင့် ၎င်း, ချစ်အပ်သောပုဂ္ဂိုလ်တို့၌အာရုံပြုသောအားဖြင့် ဖြစ်တတ်သောကြောင့် ၎င်း မေတ္တာ-မည်ပါသည်။ ထိုမေတ္တာသည် သတ္တဝါတို့၏စီးပွားချမ်းသာကို ဆောင်လိုခြင်း (ဟိတသုခူပသံဟာရဏာ) လက္ခဏာ ရှိပါသည်။ တရားကိုယ်ကား-အဒေါသစေတသိက်ပင်ဘည်း။ (၌) (ကရဏာ, မုဒိတာ-တို့၏ သဘောလက္ခဏာကို စေတသိက်ပိုင်းက ရေးခဲ့ပြီး။) မခွဲနိုင် မခွာရက် သံယောဇဉ်ငြိတွယ်သော တဏှာပေမ အချစ်မျိုး မဟုတ်၊ ခွဲသာ ခွာသာ အကျိုးစီးပွားလိုလားသော အချစ်မျိုးဟု ဆိုလိုသည်။

{မေတ္တာတု။ ။သား,မယား,လင်သား,ဆွေမျိုးသားချင်း ဆရာသမား, မိတ်သင်္ဂဟတို့၌ ချစ်ခြင်းကိုလည်း မေတ္တာ-ဟုပင် ခေါ်ကြသည်။သို့သော် မေတ္တာစစ်စစ်ကား-မဟုတ်၊ မေတ္တာအတု သာဖြစ်သည်။လောက၌ လင်မယား သို့မဟုတ်စားချစ်ကို တဏှာ ချစ်၊ ဆွေမျိုး မိဘချစ်ကို မေတ္တာချစ်-ဟု ခေါ်နေကြသည်မှာ အဘိဓမ္မာသဘောကို နားမလည်၍သာ ဖြစ်သည်။ အမှန်မှာ လင်မယား သို့မဟုတ်စားချစ်လည်း တဏှာချစ်၊ ဆွေမျိုးမိဘသား ချင်းချစ်လည်း "ဂေဟသိတပေမ"ခေါ် တဏှာချစ်ပင်ဖြစ် သည်၊အကြမ်း,အနုလောက်သာ ကွဲသည်။ ရှင်ဆန္ဒ,ဝဏ္ဏလိတို့ ဘုရားရှင်အပေါ် ချစ်မြတ်နိုးခြင်းလည်း ဂေဟသိတပေမခေါ် တဏှာချစ်ပင်ဖြစ်သည်။ အနှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် တို့၏ ဘုရားရှင်အပေါ် ချစ်မြှင်နိုးခြင်းကား-သဒ္ဓါချစ်,မေတ္တာ ချစ် အစစ်သာဖြစ်သည်။ ရှင်အာနန္ဒာ၏ ဘုရားရှင်အပေါ် ချစ် မြတ်နိုးခြင်းကား - သဒ္ဓါချစ်, မေတ္တာချစ်, ဂေဟသိတပေမ တဏှာချစ်မျိုး ဖြစ်နိုင်ပါသည်။ ကိသာဂေါတမီ၏ အလောင်း တော်သိဒ္ဓတ္ထမင်းသားအပေါ် ချစ်မြတ်နိုးခြင်းကား-ကိလေသာ တဏှာချစ်,ဂေဟသိတပေမ တဏှာချစ်ပင်ဖြစ်သည်။ ပလလ ဆင်ကြီး၏ မြတ်စွာဘုရားအပေါ် ချစ်မြှာနိုးမှုမှာ သဒ္ဓါချစ်, ဂေဟသိတပေမခေါ် သံယောဇဉ် တဏှာချစ်မျိုး ဖြစ်သည်။ လင်မယား, သို့မဟုတ်စားတို့မှာလည်း အခါခပ်သိမ်း တဏှာချစ် ချည်း မဖြစ်နိုင်။ သဒ္ဓါချစ်, မေတ္တာချစ်မျိုးလည်း ဖြစ်နိုင်သည်။ ဆွေမျိုးမိဘ သားချင်းတို့မှာလည်း ထို့အတူပင်။ အနှင်သခင် ဆရာသမားတို့၌လည်း ဂေဟသိတပေမ ချစ်ချည်း မဟုတ်။ သဒ္ဓါချစ်,မေတ္တာချစ်မျိုးလည်း ဖြစ်နိုင်သည်သာ၊ လောကတွင် ဆွေမျိုးမိတ်သင်္ဂဟ ဆရာသမား စသည်တို့အပေါ်၌ အများ အားဖြင့် အစပဌမတွင် သဒ္ဓါချစ်,မေတ္တာချစ်,ဂေဟသိတပေမ ချစ်ခြင်းမျိုးဖြင့် ချစ်ကြသော်လည်း နောက်ပိုင်း၌ကား-တဖြေး ဖြေး ပွန်းတီး ယဉ်ပါး၍ ကိလေသာတဏှာချစ်ဘက် ယိုင်သွား

သည်သာ များကြ၏။ သဒ္ဓါ,မေတ္တာချစ်မျိုးမှာပင် စွဲမြဲတည်တံ့နေနိုင်သူကား-ရှားဘိတောင်း။ထို့ကြောင့်"သဒ္ဓါလွန်သော်ရာဂ"ဟု ဆိုရိုး ပြုခဲ့ကြသည့်ပြင်၊ ထို သဘောကို "ရာဂ-လူယောင်ဆောင်သည်" ဟု လည်း ပြောစမှတ် ပြုခဲ့ကြသည်။ "အစစ်တခု-အတုတထောင်"ဆိုသည့်အတိုင်း အတုကား-များလှစွာ၏။ "ရာဂေါ အာသန္ဒ ပစ္စတ္ထိကော" ဟု လည်း အဌကထာဆရာကြီးက မှာခဲ့ပေသည်။

မေတ္တာချစ်လည်း အပွနာ၏ ပုဗ္ဗဘာဂမှာဖြစ်သော မေတ္တာမျိုးသာ များမည်။ အပွနာအခိုက်၌ဖြစ်သော မေတ္တာမျိုးကား-ရှားမည်။ထို့ကြောင့် ခွဲသာခွာသာအကျိုးစီးပွားလိုလားသော မေတ္တာချစ် အစစ်၏ တရားကိုယ်မှာ အဒေါသ ပြဋ္ဌာန်းသော ကုသိုလ်ကြိယာ စိတ္တုပ္ပာဒ်၊ သဒ္ဓါတရားသက်သက်ဖြင့် ခင်မင်ကြည်ညိုမှုသဒ္ဓါချစ်,တရားကိုယ်မှာ သဒ္ဓါပြဋ္ဌာန်းသောကုသိုလ်ကြိယာ စိတ္တုပ္ပာဒ်၊ လင်မယား သို့မဟုတ်စားတို့၏ ကိလေသာ တဏ္ဍာချစ်မှာ ရာဂပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပာဒ်၊ မိဘ, ဆွေမျိုး သားချင်း, ဆရာသမား, အရှင် သခင်တို့၌ ချစ်သော ဂေဟသိတ ပေမခေါ် သံယောဇဉ် တဏ္ဍာ ချစ်မှာ ပီတိသောမနဿ ပြဋ္ဌာန်းသော လောဘမူ စိတ္တုပ္ပာဒ်၊ ဤသို့ တရားကိုယ်အစစ်ကို ခွဲခြားသိရာသည်။}

● တဏ္ဍာချစ်နှင့် မေတ္တာချစ်တို့၏ အထူးကို ရေးခဲ့ပါ။

၁၅၃၇-ဖြေ။ ။တဏ္ဍာချစ်ကား - မောဟ ပြဋ္ဌာန်းသော လိုချင်တပ်နှစ်သက်ခြင်း သဘော ရှိ၏။ မေတ္တာချစ်ကား - အလောဘနှင့် ယှဉ်သော မပြစ်မှားခြင်းသဘောရှိ၏။ ဤသို့ ထူးပါသည်။

† တဉ္ဍိ မောဟပုဗ္ဗင်္ဂမံ လုဗ္ဘနသဘာဝံ၊ ဇုဒံ ပန အဒုဿနသဘာဝံ အလောဘ သမ္ပယုတ္တံ။ (ဇူ)

● ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာကို ရေတွက်ပြပါ။

၁၅၃၈-ဖြေ။ ။သဗ္ဗေသတ္တာစသော အနောဒိသမေတ္တာ-၅၊သဗ္ဗာဇုတ္ထိယောစသော- သြဒိသ မေတ္တာ-၇၊ ပေါင်း ၁၂-ပါး ကို တည်။

အဝေရာ ဟောန္တု - အဗျာပဇ္ဇာ ဟောန္တု - အနီဃာ ဟောန္တု-သုခီအတ္တာနံပရိဟရန္တု-ဟူသော နှု ၄-ပါးနှင့်မြောက် ၄၈-ဖြစ်၏။ ၎င်း ၄၈-ကိုအရပ် ၁၀-မျက်နှာနှင့်မြောက် ၄၈၀-ဖြစ်၏။ ၎င်း ၄၈၀-၌ အထက်က ၄၈-ကို ထပ်၍ပေါင်း ၅၂၈-ဖြစ်ပါသည်။

{ဩဒိသသဒ္ဒါ အထူးရည်ညွှန်းခြင်း အနက်ကို ဟောသည်။ အနောဒိဿ ဩဒိဿကား-အရပ်ခေါ်တည်း။}

* အနောဒိသ,ဩဒိသ,ဒွါဒပုဂ္ဂိုလ်တည်။
* အဝေရာစ,နှုလေးဝ,မြောက်ကြရပေမည်။
* ယင်းကိုတခါ,ရပ်ဒိသာ,ဆယ်ဖြာ-မြောက်တလီ။
* လေးဆယ့်ရှစ်ဖြာ,ရောစွက်ခါ,သန်းချာ-ပေါင်းဖွဲ့ချည်။
* ငါးရာ့နှစ်ဆယ်, ရှစ်သွယ်မေတ္တာ, ထိုအခါ, သေချာ-ပြည့်စုံပြီ။ (သစ်)

● ကရုဏာပွားများပုံ ၁၃၂-မျိုး၊ မုဒိတာပွားများပုံ ၁၃၂-မျိုး၊ ဥပေက္ခာပွားများပုံ ၁၃၂-မျိုးကို ရေတွက်ပြပါ။

၁၅၃၉-ဖြေ။ ။မေတ္တာအတိုင်း အနောဒိသ,ဩဒိသ ၁၂-ကိုတည်။ "ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ ဒုက္ခာ မုစ္စန္တု" စသည်ဖြင့် အရပ်ဆယ်မျက်နှာနှင့်မြောက် ၁၂၀-ဖြစ်၏။ ၎င်း ၁၂၀-၌အနောဒိသ ဩဒိသ ၁၂-နှင့်ပေါင်း ကရုဏာ ၁၃၂-ဖြစ်ပါသည်။ ။မုဒိတာ ၁၃၂-မြောက်ပွားပုံမှာလည်း ကရုဏာအတိုင်းပင် ဒုက္ခာမုစ္စန္တုနေရာတွင်-"ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု"ဟု လဲ၍ ထည့်ရုံသာထူးသည်။ ဥပေက္ခာ ၁၃၂-ပါးမှာလည်း အတူတူပင်။ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု-နေရာတွင် "ပုရတ္ထိမာယ ဒိသာယ သဗ္ဗေ သတ္တာ ကမ္မဿက" ဟု ပြောင်း၍ ထည့်ရုံသာ ထူးသည်။

{အလွဲအမှား ပြုနေသော လူချမ်းသာ (သုခိတ) များကို လည်းဒုက္ခသယ်အသွင်ထား၍ကရုဏာပွားနိုင်သည်။ဥပေက္ခာ

မည်ပုံကို အကုသိုလ်စိတ်ကပြခဲ့ပြီ။ သတ္တဝါများအပေါ် မုန်း, ချစ်မပြု၊ အသင့်အားဖြင့် လျစ်လျူရှုခြင်းသာ ဥပေက္ခာ-မည်သည်။လုံးလုံးမသိ၍ လျစ်လျူရှုနေခြင်းကား-ဥပေက္ခာမဟုတ်မောဟသာတည်း။ ထို့ကြောင့် "ဂေဟသိတာ အညာဏုပေက္ခာ အာသန္နပစ္စတ္ထိကာ"ဟု အဋ္ဌကထာဆရာ မိန့်ပြီ။}

● အဘယ်၏ အစွမ်းအားဖြင့် အပွမညာကို လေးပါး ဟောပါသနည်း။

၁၅၄၀-ဖြေ။ ။ဗျာပါဒ, ဝိဟိံသာ, အရတိ, ရာဂတို့မှ စင်ကြယ်ခြင်း၏အကြောင်း၏ အစွမ်းဖြင့် လေးပါးဟောပါသည်။

{မေတ္တာသည် ဗျာပါဒများသောပုဂ္ဂိုလ်၏၊ ကရုဏာသည် ဝိဟိံသများသောပုဂ္ဂိုလ်၏၊ မုဒိတာသည် အရတိများသောပုဂ္ဂိုလ်၏၊ ဥပေက္ခာသည် ရာဂ များသောပုဂ္ဂိုလ်၏ စင်ကြယ်ခြင်း၏ အကြောင်း ဖြစ်သည်။} (အဋ္ဌသာလိနီ)

● အပွံမညာ လေးပါး၏အစဉ်ကို အဘယ်၏အစွမ်းဖြင့် ဟောပါသနည်း။

၁၅၄၁-ဖြေ။ ။အစီးအပွားကိုပြုခြင်း, ဆင်းရဲကိုပယ်ခြင်း, သူတပါးတို့၏ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်ကို ဝမ်းမြောက်ခြင်း, လျစ်လျူရှုခြင်း၏ အစွမ်းအားဖြင့် ဤသို့သောအစဉ်ကို ဟောပါသည်။

(အဋ္ဌသာလိနီ)

{"အပွမာဏသတ္တာရမ္မဏတ္တာအပွမညာ"ဋီကာ ဆိုသည့် အတိုင်း အပွမညာမည်ခြင်း၏အကြောင်းကို စေတသိက်ပိုင်းက ပြခဲ့ပြီ။}

● ထို အပွံမညာကိုပင်လျှင် အဘယ့်ကြောင့် "ဗြဟ္မဝိဟာရ" ဟု ခေါ်ပြန်ပါသနည်း။

၁၅၄၂-ဖြေ။ ။"ဝိဟာတဗ္ဗော ယောဂီဟိ ပဝတ္တေတဗ္ဗောဝိဟရန္တိ ဝါ ဝသန္တိ ဧတ္ထ ယောဂိနော တဒါယတ္တဝုတ္တိတာယာတိ ဝိဟာရော၊

ခေတ်—၄၇၊ (ပဌမအကြိမ်။)

သတ္တော်သူ သမ္မာ ပဋိပတ္တိဘာဝေန ဗြဟ္မာ ဥတ္တမော ဝိဟာရော ဗြဟ္မဝိဟာရော၊ ဗြဟ္မာနံ ဝါ ဥတ္တမာနံ ယောဂိနံ ဝိဟာရော ဗြဟ္မ ဝိဟာရော" ဟူသော ဝစနတ္ထနှင့်အညီ မြတ်သောနေရာဖြစ်သော ကြောင့်၎င်း, မြတ်ကုန်သော ယောဂီ ပုဂ္ဂိုလ်တို့၏ နေရာ ဖြစ်သော ကြောင့်၎င်း, ယောဂီပုဂ္ဂိုလ်တို့ ဖြစ်စေ အပ်သောကြောင့်၎င်း ဗြဟ္မ ဝိဟာရ-ဟု ခေါ်ပြန်ပါသည်။

{မြတ်သောဗြဟ္မာတို့၏ နေခြင်းနှင့် တူသောကြောင့်လည်း ဗြဟ္မဝိဟာရ-ဟု ခေါ်သည်။ တနည်းဒေါသဖြင့် - မြတ်သော အကျင့်ဖြစ်၍ ဗြဟ္မစရိယ - ဗြဟ္မာစရပုဒ်ကို့စွဲပြီး "ဗြဟ္မစိုရ-ဗြဟ္မစိုရ်"လေးပါးဟုလည်း ခေါ်ကြသည်။ ဝိနယဓရ ဝိနည်းဓိရ၊ အင်္ဂုတ္တရ-အင်္ဂုတ္တိရ်၊ ဝိဇ္ဇာဓရ - ဝိဇ္ဇာဓိရ်ခေါ် သကဲ့သို့ တည်း။ ဤတရားများကို ပွားများလျှင် သတ္တဝါတို့ အပေါ်၌ ခြောက်ခြောက် သွေ့သွေ့ မရှိဘဲ စိုစိုပြေပြေ ရှိသောကြောင့် ဗြဟ္မစိုရ်ခေါ်သည်ဟု ယူဆကြခြင်းကား-မသင့်လှန်း။}

† ဥတ္တမဝိဟာရ ဘာဝတော ဥတ္တမာနံ ဝါ ဝိဟာရဘာဝတော ဗြဟ္မဝိဟာရော။ (ဋီ-၄)

● ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် ပရဟိတ ပဋိပတ္တိ ကမ္မဋ္ဌာန်း, အတ္တဟိတ ပဋိပတ္တိ ကမ္မဋ္ဌာန်းတို့ကို ခွဲခြမ်းဝေဖန်ပြပါ။

၁၅၄၃-ဖြေ။ ။အပ်မညောလေးပါးသည် ပရဟိတပဋိပတ္တိကမ္မဋ္ဌာန်း ဖြစ်ပါသည်။ ထိုမှကြွင်းသော ကမ္မဋ္ဌာန်း တို့သည်ကား - အတ္တဟိတ ပဋိပတ္တိ ကမ္မဋ္ဌာန်းများ ဖြစ်ကြပါသည်။ (၄)

● သဗ္ဗတ္ထက ကမ္မဋ္ဌာန်း,ပါရိဟာရိယကမ္မဋ္ဌာန်းများကိုခွဲခြားပြပါ။

၁၅၄၄-ဖြေ။ ။မေတ္တာ, မရဏသတိ ဤ ၂-ပါးသည် မည်သည့် စရိုက်ရှိသောပုဂ္ဂိုလ်မဆို အလိုရှိအပ်သောကြောင့် သဗ္ဗတ္ထကကမ္မဋ္ဌာန်း မည်ပါသည်။ ဓကေဆရာတို့ အလိုအားဖြင့် အသုဘသညာကိုလည်း သဗ္ဗတ္ထက ကမ္မဋ္ဌာန်း-ဟု ဆို သည်။ကြွင်းသောကမ္မဋ္ဌာန်းတို့သည် ဓိမိတို့ စရိုက်အားလျော်စွာ ဆောင်အပ်သောကြောင့် ပါရိဟာရိယကမ္မဋ္ဌာန်း မည်ပါသည်။ (ဝိသုဒ္ဓိမဂ်)

● လက်ဦးအစ မပွားများရသော ကမ္မဋ္ဌာန်း, ပွားများရသော ကမ္မဋ္ဌာန်းများကို ဖော်ပြပါ။

၁၅၄၅-ဖြေ။ ။ဥပေက္ခာနှင့် အာရုပ္ပ လေးပါး၊ ပေါင်း ငါးပါးကို လက်ဦးအစဥ်မပွားများရပါ။ကြွင်းသောကမ္မဋ္ဌာန်း ၃၅-ပါးတို့ကိုကား လက်ဦးအစ ပွားများနိုင်ပါသည်။ (ဝိသုဒ္ဓိမဂ်)

● ဒိဋ္ဌကမ္မဋ္ဌာန်း,ဖုဋ္ဌကမ္မဋ္ဌာန်း, ဒိဋ္ဌဖုဋ္ဌကမ္မဋ္ဌာန်း,သုဘကမ္မဋ္ဌာန်းများကို အသီးသီး ဖော်ပြပါ။

၁၅၄၆-ဖြေ။ ။ဝါယော ကသိုဏ်း ကြည်သော ကသိုဏ်း ကိုးပါး၊ အသုဘ ဆယ်ပါး၊ တစပဋ္ဌက ကမ္မဋ္ဌာန်း၊ ဤကမ္မဋ္ဌာန်းများကား-ဒိဋ္ဌအားဖြင့်ယူအပ်သော ကမ္မဋ္ဌာန်းများ ဖြစ်ပါသည်။ အာနာပါနဿတိကား - ဖုဋ္ဌအားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း ဖြစ်ပါသည်။ ဝါယော ကသိုဏ်းကား-ဒိဋ္ဌဖုဋ္ဌအားဖြင့် ယူအပ်သော ကမ္မဋ္ဌာန်း ဖြစ်ပါသည်။ ကြွင်းသော ကမ္မဋ္ဌာန်းကိုကား-သုဘအားဖြင့် ယူအပ်သောကမ္မဋ္ဌာန်းများ ဖြစ်ပါသည်။ (ဝိသုဒ္ဓိမဂ်)

● ဝမ္ပေတပ္ပကမ္မဋ္ဌာန်း,အဝမ္ပေဘပ္ပကမ္မဋ္ဌာန်းများကို ခွဲခြမ်းပြပါ။

၁၅၄၇-ဖြေ။ ။ကသိုဏ်းဆယ်ပါးသည် ဝမ္ပေတပ္ပကမ္မဋ္ဌာန်း ဖြစ်ပါသည်။ ထိုမှကြွင်းသော ကမ္မဋ္ဌာန်းများသည် ပိုင်းခြားသော အခြင်းအရာအားဖြင့် ထင်သောကြောင့်၎င်း,အကျိုးထူးမရှိသောကြောင့်၎င်း အဝမ္ပေတပ္ပ ကမ္မဋ္ဌာန်းများ ဖြစ်ပါသည်။

† ဒသေဝ ကသိဏာနေတ္ထ၊ ဝမ္ပေတပ္ပာနိ ဟောန္တိ ဟိ။
နဝ စ ဝမုနိယာ သေသာ၊ ဘဝန္တိ အသုဘာဒယော။
(အဘိဓမ္မာဝတာရ)

● လူဝဘုံ,နတ်ဘုံ,ရူပဘုံ-အရူပဘုံဘို့၌ ရသင့်သော ကမ္မဋ္ဌာန်းများ အသီးသီး ရေတွက်ပြပါ။

၁၅၄၈-ဖြေ။ ။လူဝဘုံ၌ ကမ္မဋ္ဌာန်း လေးဆယ်လုံး ရပါသည်။ နတ်ခြောက်ဘုံ၌အသုဘဆယ်ပါး၊အာဟာရေပဋိကူလသညာ,ကာယ

ဂတာသတိမှတပါး၊ကြွင်းသော ၂၈-ပါးကိုရပါသည်။ရူပဘုံ၌ အသုဘ ဆယ်ပါး၊ အာဟာရေ ပဋိကူလသညာ, ကာယဂတာသတိ, အာနာ ပါနဿတိမှတပါး၊ကြွင်းသော ၂၇-ပါးကို ရပါသည်။ အရူပလေးဘုံ၌ အာရုပ္ပ ကမ္မဋ္ဌာန်းလေးပါးကိုသာ ရပါသည်။ (အဘိမ္မောဝတာရ)

* လူ့ဘုံသဗ္ဗ, ဆဒေဝမူ, အသု-သညာ,ကာယာကြဉ်ပ, ဌဝီရ ၏။ ရူပဘုံစု, အသု-သညာ, ကာယာ-ပါန, မရကြဉ်ခွာ, သတ်ဝီသာဟုတ်,အာရုပ်လေးဝ,ကိုယ်ဂီရသည်။ ။မှတ်ကြ နောင်လာ-ကမ္မဋ္ဌာန်းတည်း။ (သစ်)

● သကစရိတာနုကုလ ကမ္မဋ္ဌာန်း, သဗ္ဗစရိတာနုကုလ ကမ္မဋ္ဌာန်း များကို ခွဲခြားပြပါ။

၁၅၄၉-ဖြေ။ ။ဝဏ္ဏကသိုဏ်း ၄-ပါး၊ အသုဘ ၁၀-ပါး၊အနုဿတိ ၁၀-ပါး၊ အပ္ပမညာ ၄-ပါး၊ သညာ,၀၀ထွာန်အားဖြင့် ၃၀-သော ကမ္မဋ္ဌာန်းတို့သည် သကစရိတာနုကုလ ကမ္မဋ္ဌာန်း-မည်ပါသည်။ကြွင်း သော ၁၀-ပါးတို့သည် သဗ္ဗစရိတာနုကုလ ကမ္မဋ္ဌာန်း-မည်ပါသည်။ (အဏ်ရ)

● အာရုပ္ပ လေးပါးကို အာရမ္မဏ ကမ္မဋ္ဌာန်း, ဈာန ကမ္မဋ္ဌာန်း အားဖြင့် ဖြစ်သင့်သမျှ ခွဲခြား၍ ပြပါ၊

၁၅၅၀-ဖြေ။ ။အာကဝသာနဥာ ယတန, အာကိဥညာ ယတန နှစ်ပါးသည် အာရမ္မဏ ကမ္မဋ္ဌာန်းလည်း မည်၏၊ ဈာနကဋ္ဌာန်းလည်း မည်၏။ဝိညာဏဥာယတန,နေဝသညာနာသညာယတနနှစ်ပါးသည် ဈာနကမ္မဋ္ဌာန်းသာ မည်ပါသည်။ ကသိုဏ်းကိုးပါးမှခွာ၍ ရအပ်သော အာကာသ,နတ္ထိဘာဝတို့ကား - အာရမ္မဏ ကမ္မဋ္ဌာန်းသာ မည်ပါ သည်။ (ဇူ)

● ကမ္မဋ္ဌာန်း လေးဆယ် တို့တွင် အဘယ် ကမ္မဋ္ဌာန်း၌ ပညတ်, ပရမတ် အာရုံတို့ကို ရသည်ဟု အသီးသီးဖော်ပြပါ။

၁၅၅၁-ဖြေ။ ။ဗြဟ္မဝိဟာရ လေးပါး၊ ပဌမာရုပ္ပ, တတိယာရုပ္ပ ပေါင်းခြောက်ပါးတို့၌ ရှေအဘို့ဝယ် ပညတ်အာရုံကိုသာ ရပါသည်။ ဗုဒ္ဓါနုဿတိစသောအနုဿတိရှစ်ပါး၊သညာ,၀၀ထွာန်,ဒုတိယာရုပ္ပ, စတုတ္ထာ ရုပ္ပ ပေါင်း ၁၂-ပါးတို့၌ ရှေ-နောက်အဘို့ဝယ် ပရမတ္ထအာရုံကိုသာ ရပါသည်။ဤ ၁၀-ပါးမှကြွင်းသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ရှေအဘို့ဝယ် ပရမတ္ထဖြစ်သောအာရုံ, နောက်အဘို့ဝယ် ပညတ်ဖြစ်သောအာရုံကို ရအပ်၍ ပညတ်, ပရမတ် နှစ်ပါးစုံသော အာရုံကို ရပါသည်။ (ဇူ)

ကမ္မဋ္ဌာန်လေးဆယ် အဖြေ ပြီး၏။

သပ္ပာယ ဘေဒ အဖြေ

- အသုဘ ၁၀-ပါး စသည်သည် အဘယ့်ကြောင့် ရာဂ စရိုက်ပြောသော ပုဂ္ဂိုလ်စသည်အား လျောက်ပတ်ပါသနည်း။

၁၅၅၂-ဖြေ။ ။ရာဂ၏ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အသုဘ ၁၀-ပါးသည် ရာဂပြောသော ပုဂ္ဂိုလ်အား လျောက်ပတ်ပါသည်။(အသုဘ ၁၀-ပါးကို အဝိညာဏက အသုဘ၊ဆံ-စသော ဒွတ္တိံသာကာရကို သဝိညာဏကအသုဘဟု ခွဲ၍မှတ်။)ပညာ၏အာရုံဖြစ်၍ မောဟ၏ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်၎င်း,ကမ္မဋ္ဌာန်းမှအပ တပါးသောအာရုံ၌ ဝိဘက်၏ထွက်ပြေးခြင်းကို တားမြစ်တတ်သည်၏ အဖြစ်ကြောင့်၎င်း၊အာနာပါနသည် မောဟ စရိုက်, ဝိတက်စရိုက် ရှိသော ပုဂ္ဂိုလ်အား လျောက်ပတ်ပါသည်။ သဒ္ဓါပွားခြင်း၏ အကြောင်း ဖြစ်သောကြောင့် ဗုဒ္ဓါနုဿတိ စသော အနုဿတိ ခြောက်ပါး တို့သည် သဒ္ဓါစရိုက်ရှိသောပုဂ္ဂိုလ်အား လျောက်ပတ်ပါသည်။ ဇီဝိတိနွေပြတ်ခြင်း, နိဗ္ဗာန်, အာဟာရ, လေးပါးသောဓာတ်တို့၏ နက်နဲသည်ဖြစ်၍ ပညာ၏အာရုံသာလျှင်ဖြစ်သောကြောင့် မရဏ, ဥပသမ,အာဟာရေ ပဋိကူလသညာ'စတုဓာတု ၀၀ထွာန်တို့သည် ဗုဒ္ဓိစရိုက်ရှိသောပုဂ္ဂိုလ်အား လျောက်ပတ်ကြပါသည်။

{သေသ-အရကား၊ ဤကမ္မဋ္ဌာန်းသုံးဆယ်မှကြွင်းကုန်သော ဘူတ ကသိဏ်းလေးပါး, အာကာသကသိဏ်း, အာလောက ကသိဏ်း, အာရုပ္ပလေးပါး၊ပေါင်း ဆယ်ပါးကိုယူ။ထိုဆယ်ပါး ကား-စရိုက်အမျိုးမျိုးရှိသော ပုဂ္ဂိုလ်အလုံးစုံနှင့် လျောက်ပတ်သည်။}

† ရာဂဿ ဥဇုပစ္စနိက ဘာဝတော။ ။ဗုဒ္ဓိဝိသယဘာဝေန မောဟ ပဋိပက္ခတ္တာ ဝိတက္ကသန္ဓာဝနဿ နိဝါရကတ္တာစ။ သဒ္ဓါဗုဒ္ဓိဟေတု ဘာဝတော။ ။ဂမ္ဘီရဘာဝတော့ ဗုဒ္ဓိယာ ဧဝ ဝိသယတ္တာ။ (ဋီ)

● အပ္ပမညာလေးပါး, ဝဏ္ဏကသိဏ်းလေးပါး ပေါင်းရှစ်ပါးသည် အဘယ့်ကြောင့် ဒေါသစရိုက်များသော ပုဂ္ဂိုလ်အားလျောက်ပတ်ပါသနည်း။

၁၅၅၃-ဖြေ။ ။ဒေါသကို ပယ်နှောင်ခြင်း၏ အကြောင်း ဖြစ်သော ကြောင့်ဌင်း, မထိပါး မည်သည်းဆဲခြင်းလျှင် အာရုံရှိသော ကြောင့်ဌင်း ဒေါသစရိုက် များသောပုဂ္ဂိုလ်အား လျောက်ပတ်ပါသည်။

† ဒေါသ ဝိက္ခမ္ဘနုပါယ ဘာဝတော အပ္ပဋိဃာဒ္ဒ ဝိသယတ္တာစ ဒေါသစရိတသ အနုကူလာ။ (အဘိဓမ္မတ္ထဝိကာသ်နီ)

● ပုထုလ ကသိဏ်းဝန်းသည် မောဟစရိုက်ရှိသော ပုဂ္ဂိုလ်အား ဌင်း, ခုဒ္ဒက ကသိဏ်းဝန်းသည် ဝိတက်စရိုက်ရှိသော ပုဂ္ဂိုလ် အားဌင်း အဘယ့်ကြောင့် လျောက်ပတ်ပါသနည်း။

၁၅၅၄-ဖြေ။ ။ကျဉ်းမြောင်းသော အရပ်၌ ဇိတ်သည် အကိုင်း အရှည်ထက် အလွန်တွေဝေဘတ်သောကြောင့် ပုထုလ (ကောက်နယ် တလင်းမျှ) ကသိဏ်းဝန်းသည် မောဟ စရိုက်ရှိသော ပုဂ္ဂိုလ်အား လျောက်ပတ်ပါသည်။ ကျယ်ဝန်းသောအာရုံသည် ဝိတက်၏ ထိုထို အာရုံသို့ပြေးသွားခြင်း၏အကြောင်းဖြစ်သောကြောင့်ခုဒ္ဒက (စကော, ဗန်း, အိုးဖုံး, စလောင်းဖုံးမျှ) ကသိဏ်းဝန်းသည် ဝိတက်စရိုက်ရှိသော ပုဂ္ဂိုလ်အား လျောက်ပတ်ပါသည်။

+ သမ္ဘာဓေ ဩကာသေ စိတ္တဿ ဘိယ္ဟျောသော မတ္တာယ သံမုယ္ဟနတော။
မဟန္တာရမ္မဏဿ ဝိတက္ကသန္ဓာဝနပစ္စယတ္တာ။ (ဋီ)

● တိဿော အပ္ပမညာယော - ဟု မဆိုဘဲ အဘယ့် ကြောင့် စတဿောအပ္ပမညာယော-ဟုဆိုပါသနည်း၊ ဤစရိတဝိဘာဂသည် အာဒိကမ္မိက ပုဂ္ဂိုလ်မှာသာဖြစ်၍ ဥပေက္ခာသည်လည်း အာဒိကမ္မိက ပုဂ္ဂိုလ်အား မဖြစ်၊ ပဥ္စမဈာန်မှာသာ ဖြစ်သည် မဟုတ်ပါလော။

၁၅၅၅-ဖြေ။ ။အကြင် ပုဂ္ဂိုလ်အား မေတ္တာ, ကရုဏာ, မုဒိဘာ ၃-ပါး လျောက်ပတ်၏။ ထိုပုဂ္ဂိုလ်အား ထိုအပ္ပမညာ အလားရှိသော ဥပပေက္ခာလည်း လျောက်တ်ပါတော့သည်။ ထို့ကြောင့် စတဿော အပ္ပမညာယော-ဟု ဆိုပါသည်။ (ပရမတ္ထဒီပနီ-အင်္ကုရ)

● ဘုရားဂုဏ် စသည်တို့သည် သဒ္ဓါဗုဒ္ဓိတို့၏ အာရုံဖြစ်လျက် အဘယ့်ကြောင့်'ဗုဒ္ဓါနုဿတိ အာဒယော ဆသဒ္ဓါ စရိတဿ' ဟု အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၅၅၆-ဖြေ။ ။ဘုရားဂုဏ် စသည်တို့သည် သဒ္ဓါဗုဒ္ဓိတို့၏အာရုံမှန်သော်လည်း ထိုဂုဏ်တို့သည် သဒ္ဓါ၏ထူးသောအကြောင်းများဖြစ်သောကြောင့်၎င်း, သဒ္ဓါကို ပွားများစေတတ်သောကြောင့်၎င်း "ဗုဒ္ဓါနုဿတိ'လ'သဒ္ဓါစရိတဿ"ဟု အနုရုဒ္ဓါဆရာ ဆိုပါသည်။
(ပရမတ္ထဒီပနီ-အင်္ကုရ)

● ရာဂ,ဒေါသ,မောဟ,ဝိတက်တို့ကို မပယ်ခွာတတ်သော သဒ္ဓါပညာတို့အား ကျေးဇူးမပြုတတ်သော ကသိုဏ်းစသော ဘာဝနာမည်သည် မရှိသည် မဟုတ်ပါလော၊ သို့ဖြစ်လျက် "ဒသ အသုဘာ 'လ' ရာဂ စရိတဿ သပ္ပာယာ"စသောစကားကို အဘယ့်ကြောင့် အနုရုဒ္ဓါဆရာ ဆိုပါသနည်း ရှင်းလင်းခဲ့ပါ။

၁၅၅၇-ဖြေ။ ။မပယ်ခွာတတ်,ကျေးဇူးမပြုတတ်သော ဘာဝနာမည်သည် မရှိသည်ကားမှန်၏။ သို့မှန်သော်လည်း ရာဂစရိုက်ရှိသော

ပိုဂ္ဂိုလ် စသည်အား ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သောကြောင့်၎င်း, အလွန်သင့်လျော်လျောက်ပတ်သည်၏အဖြစ်ကြောင့်၎င်း၌ဒုကြောင်း နှစ်ပါးကြောင့် အနုရုဒ္ဓါဆရာသည် ''ဒဿအသုဘာ'လ'ရာဂစရိတဿ သပ္ပာယာ'' စသော စကားကို ဆိုခြင်းဖြစ်ပါသည်။

† ဥဒ္ဓုမာတပဋိကူလသညာ အာဟာရေပဋိကူလသညာ သဗ္ဗလောကေ အနဘိရတသညာ မရဏသညာ အနိစ္စသညာ အနိစ္စေ ဒုက္ခသညာ ဒုက္ခေ အနတ္တသညာ ပဟာနသညာ ဝိရာဂသညာ နိရောဓသညာ သင်္ခါရေသု အာဒီနဝသညာ သင်္ခါရေသု နိဗ္ဗိဒါသညာ သဗ္ဗဘဝေသု အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာနုပဿနာ ပဋိသင်္ခါ ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ သဗ္ဗသင်္ခါရပဋိနိဿဂ္ဂါနုပဿနာ သဗ္ဗဓမ္မပဋိနိဿဂ္ဂါနုပဿနာ ဣမာ နဝ သညာ။ (၉)

သပ္ပာယဘေဒအဖြေ ပြီး၏။

ဘာဝနာဘေဒ အဖြေ

❶ ဘာဝနာသုံးပါးတို့တွင် အဘယ်ကမ္မဋ္ဌာန်း၌ အဘယ်ဘာဝနာများကို ရနိုင်ပါသနည်း။

၁၅၅၈-ဖြေ။ ။ပရိကမ္မ ဘာဝနာ, ဥပစာရ ဘာဝနာ နှစ်ပါးကို ကမ္မဋ္ဌာန်း လေးဆယ်တို့၌ ရနိုင်ပါသည်။ အပ္ပနာဘာဝနာကို ဗုဒ္ဓါနုဿတိစသော အနုဿတိရှစ်ပါး၊ သညာ, ဝဝတ္ထာန ၁၀-ပါးကြည်သော ကျန် ကမ္မဋ္ဌာန်း သုံးဆယ်တို့၌ ရနိုင်ပါသည်။ (ဤကား - ရနိုင်သမျှ ရေတွက်သော ဂတိတဿဟ ဖြစ်နည်းတည်း။) တနည်းအားဖြင့် - ပရိကမ္မ ဘာဝနာသက်သက်, ဥပစာရဘာဝနာ သက်သက်, အပ္ပနာဘာဝနာ သက်သက်ရသော ကမ္မဋ္ဌာန်းကား မရှိ။ ပရိကမ္မဘာဝနာ, ဥပစာရ ဘာဝနာ နှစ်ပါးသာ ရသော ကမ္မဋ္ဌာန်းကား - ဗုဒ္ဓါနုဿတိ စသော ရှစ်ပါး၊ သညာ, ဝဝတ္ထာန ပေါင်း ၁၀-ပါးတည်း။ သုံးပါးလုံးရသော ကမ္မဋ္ဌာန်းကား-ကျန်ကမ္မဋ္ဌာန်း ၃၀-တည်း။ (ဤကား-ရသင့်သမျှသာ ရေတွက်သော အဂ္ဂဟိတဂ္ဂဟဏနည်းတည်း။) (သင်္ဂဟ)

[ဤ ရေတွက်နည်းမျိုးကား-လည်နေတတ်သည် သတိပြု၍ ရေတွက်ပါ။]

- ဗုဒ္ဓါနုဿတိစသော အနုဿတိ ရှစ်ပါး၊ သညာ, ၀၀ထွာန် အားဖြင့် ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့၌ အဘယ့်ကြောင့် အပွနာဘာဝနာ မပြည့်စုံပါသနည်း။

၁၅၅၉-ဖြေ။ ။ဘုရားဂုဏ်စသည်တို့၏ ပရမတ္ထမ္မေဖြစ်သောကြောင့်ရင်း, များသောအပြား ရှိသောကြောင့်ရင်း, အရဟဘာစသော တခုသောပရမတ္ထမ္မေ၏လည်းနက်နဲသည်၏အဖြစ်ကြောင့်ရင်း၊ ထို ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့၌ အပွနာ၏အစွမ်းဖြင့် သမာဓိသည် တည်တံ့ခြင်းငှာ မစွမ်းနိုင်သောကြောင့် အပွနာအဖြစ်သို့ မရောက်ဘဲကာမာဝစရ သမာဓိသည် ဥပစာရ သမာဓိ အဖြစ်ဖြင့်သာလျှင် တည်တံ့နိုင်သောကြောင့် ဥပစာရ ဘာဝနာမျှသာ ပြည့်စုံ၍ အပွနာဘာဝနာ မပြည့်စုံခြင်းဖြစ်ပါသည်။ (၉)

{ရှေး ၇-ပါးသာ အင်္ဂါ ၃-ပါးလုံးရ၍၊ မရဏာနုဿတိ သညာ,၀၀ထွာန် ၃-ပါးမှာ အနေကထွ အင်္ဂါမရ၊ ၂-ပါးသာ ရသည်။}

- လောကုတ္တရာ သမာဓိနှင့် ဒုတိယ, စတုတ္ထာရုပ္ပ သမာဓိသည် သဘာဝဓမ္မ ဖြစ်သောနိဗ္ဗာန်,ပဋမာရုပ္ပ,တတိယာရုပ္ပ အာရုံ၌ အဘယ့်ကြောင့် အပွနာသို့ ရောက်နိုင်ပါသနည်း။

၁၅၆၀-ဖြေ။ ။သဘာဝဓမ္မဖြစ်သော နိဗ္ဗာန်အာရုံ၌ ခြောက်ပါးကုန်သော ဝိသုဒ္ဓိဘာဝနာ အစဉ်၏ အစွမ်းဖြင့် လောကုတ္တရာ သမာဓိသည် အပွနာသို့ ရောက်ပါသည်။ ပဋမာရုပ္ပဝိညာဏ်, တတိယာ ရုပ္ပ ဝိညာဏ်-ဟု ဆိုအပ်သော အာရုံ၌ ကသိုဏ်း ကိုးပါးကိုခွာ၍ ရအပ်သော ကောင်းကင်ပညတ်, ပဋမာရုပ္ပ ဝိညာဏ်၏ မရှိခြင်း တည်းဟူသော နတ္ထိဘော ပညတ်အာရုံတို့ကို နှလုံးမသွင်းသည်၏ အစွမ်းဖြင့် လွန်တတ်သော ဥပစာရဘာဝနာ၏အစွမ်းဖြင့် ဒုတိယာရုပ္ပ,စတုတ္ထာရုပ္ပသမာဓိသည် အပွနာသို့ ရောက်ပါသည်။

{အပွနာအဖြစ်သို့ ရောက်ပြီးသော ဒုတိယ' စတုတ္ထဈာန် သမာဓိသည်သာလျှင် အထက်က ဆိုပြီးသော ကောင်း ကင်

ပညတ်, နတ္ထိဘော ပညတ်-ဟု ဆိုအပ်သောအာရုံကို လွန်နိုင်သောကြောင့် အာရုံတို့လွန်တတ်သော ဘာဝနာ၏အစွမ်းဖြင့် အပွနာသို့ရောက်သည်ဟူသောစကားမှာ သင့်လျော်ပါသည်။ ပဌမ,တတိယ ရူပါဝစရသမာဓိသည် ဧကန်ပညတ်ကို အာရုံပြုသောကြောင့် အပွနာသို့ မရောက်နိုင် ဟူလို။}

† လောကုတ္တရသမာဓိပန ဒုတိယစတုတ္ထဇ္ဈာရုပ္ပသမာဓိစ သဘာဝမမ္မေပိ ဘာဝနာ ဝိသေသေန အပွနံ ပါပုဏာတိ၊ ဝိသုဒ္ဓိဘာဝနာနုက္ကမဝသေန ဟိ လောကုတ္တရော အပွနံ ပါပုဏာတိ၊ အာရမ္မဏာ သမတိက္ကမဘာဝနာဝသေန အာရုပ္ပသမာဓိ။ (ဋီ)

● အသုဘဘာဝနာ ၁၀-ပါးသည် အဘယ့်ကြောင့်ပဌမစျာနိကဖြစ်ပါသနည်း။

၁၅၆၁-ဖြေ။ ။ထိုအသုဘဘာဝနာ ၁၀-ပါးဌ ဝိတက်ကင်းသော ဒုတိယစျာန်စသည်တို့ မဖြစ်ခြင်းကြောင့် ပဌမစျာနိက ဖြစ်ရပါသည်။

{ရှင်းပြအံ့ - အသုဘ ဘာဝနာသည် စက်ဆုပ် ရွံရှာဘွယ် အာရုံရှိသည်၏အဖြစ်ကြောင့် အလွန်ကြမ်းသော ရေအယဉ်နှင့် တူပါသည်။ ထိုအလွန်ကြမ်းသောရေအယဉ်ဌ လှေနှင့်တူသော စိတ်သည် ထိုးဝင်းနှင့်တူသော ဝိတက်အားနှင့်ကင်း၍မတည်တံ့နိုင်ပါ။ ဝိတက်ရှိမှ တည်တံ့နိုင်ပါသည်။ ထို့ကြောင့် အသုဘဘာဝနာသည် ဝိတက်မရှိသော ဒုတိယစျာစသည်တို့၏အာရုံမဖြစ်နိုင်ဘဲ ဝိတက်ရှိသော ပဌမစျာန်၏ အာရုံသာ ဖြစ်နိုင်သောကြောင့် ပဌမစျာနိက ဖြစ်ရသည် ဟူလို။} (ဋီ)

● အသုဘ ၁၀-ပါးသည်ပဌမစျာန်၏အာရုံဟုဆိုလျှင် ထိုအသုဘအာရုံဌ သောမနဿ ပဌမစျာန်သည် အဘယ်သို့ ဖြစ်နိုင်မည်နည်း။

၁၅၆၂-ဖြေ။ ။နိဝရဏာ တည်းဟူသော ပူပန်ခြင်းကို ပယ်ခြင်း၏အစွမ်းဖြင့်ဌင်း, ထိုထိုအကျိုးကို မြော်မြင်သော ဉာဏ်၏အစွမ်းဖြင့်ဌင်း ထိုအသုဘအာရုံဌ သောမနဿ ပဌမစျာန် ဖြစ်နိုင်ပါသည်။ ရောဂါ

နှိပ်စက် နေသောသူအား ပျိုအန်ခြင်း, ဝမ်းသက်ခြင်း ဖြစ်သောအခါ ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ဂုဏ်း, အခစားနားကို လိုသောသူအား မစင်ပုံကို ကျိုးဘို့ မြင်သောအခါ ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ဂုဏ်း မှတ်ပါ။ (ပရမတ္ထဒီပနီ)

● မေတ္တာ, ကရုဏာ, မုဒိဘာ-တို့သည် အဘယ့်ကြောင့် စတုက္ကစျာနိက ဖြစ်ရပါသနည်း။

၁၅၆၃-ဖြေ။ ။မေတ္တာ, ကရုဏာ, မုဒိတာ-တို့သည် ဒေါမနဿဝေဒနာနှင့်တကွဖြစ်သောဒေါသ၊သတ္တဝါတို့ကိုညှဉ်းဆဲခြင်း, သူတပါးစည်းစိမ်၌ မမွေ့လျော်ခြင်း ဒုစ္စရိုက်အရာ အားဖြင့်ဖြစ်သော ဒေါမနဿသဟဂတ် စိတ္တုပ္ပာဒ်တို့ကိုပယ်ဘတ်သည်ဖြစ်၍ ဒေါမနဿ၏ဆန့်ကျင်ဘက်ဖြစ်သော သောမနဿနှင့်တကွဖြစ်ခြင်းသည်သာလျှင်သင့်လျော်သောကြောင့် စတုက္ကစျာနိက ဖြစ်ရပါသည်။ (ဋီ)

{ဒေါမနဿသဟဂတ်, စိတ္တုပ္ပာဒ်တို့ကိုပယ်တတ်သည်ဖြစ်၍ သောမနဿနှင့်သာတကွဖြစ်သင့်သောကြောင့်စတုက္ကစျာနိက ဖြစ်ရသည် ဟူလို။}

● ဥပေက္ခာသည် အဘယ့်ကြောင့် ပဉ္စမစျာနိက ဖြစ်ရပါသနည်း။

၁၅၆၄-ဖြေ။ ။ဥပေက္ခာ ဗြဟ္မ ဝိဟာရသည် "သဗ္ဗေ သတ္တာ သုခိတာဟောန္တု၊ ဒုက္ခာမုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု" ဟု မေတ္တာစသည်တို့၏ အစွမ်းဖြင့်ဖြစ်သော ကိုယ့်သုံးပါးအပေါင်းကိုပယ်၍ ကံသာလျှင် မိမိတို့ဥစ္စာရှိသည်ဒိဋ္ဌိအဖြစ်ကိုရှာသဖြင့် သတ္တဝါတို့၌ လျစ်လျူရှုသော အခြင်းအရာအားဖြင့်ဖြစ်သော ဥပစာရ ဘာဝနာ၏ အစွမ်းကြောင့်ဖြစ်သော အပ္ပနာဇ်၏ ရှေးအဘို့၌ဖြစ်သော တတြမဇ္ဈတ္တုပေက္ခာ၏ အလွန်အားရှိသည်ဖြစ်၍ သုခသဟဂုတ်ဖြစ်ဘို့ မသင့်လျော်သည်၏အဖြစ်ကြောင့် အပ္ပနာနှင့်ယှဉ်သော ဉာဏပေက္ခာဗြဟ္မဝိဟာရသည် ပဉ္စမစျာနိက ဖြစ်ရပါသည်။ (ဋီ)

{ တတြ မဇ္ဈတ္တုပေက္ခာ အလွန် အားရှိသည်ဖြစ်၍ သုခသဟဂုတ် မဖြစ်သင့်သောကြောင့် ပဉ္စမစျာနိက ဖြစ်ရသည်

ဟူလို။ မေတ္တာ,ကရုဏာ,မုဒိတာသုံးပါးကိုပွားပြီးအောက်ဈာန်လေးပါးကို ရခဲ့သူသာ သတ္တဝါပညတ်ချင်းတူ၍ ဥပေက္ခာကိုပွားလျှင် ပဉ္စမဈာန်ကိုရမည်။ ကသိုဏ်းစသော ကမ္မဋ္ဌာန်းဖြင့် အောက်ဈာန်လေးပါးကို ရခဲ့သူမှာ အာရုံချင်းမတူ၍ ဥပေက္ခာကို ပွားသော်လည်း ပဉ္စမဈာန်ကို ရမည်မဟုတ်။}

ဘဝနာဘေဒ အဖြေ ပြီး၏။

ဂဂါစရ(နိမိတ္တ)ဘေဒ အဖြေ

● နိမိတ်သုံးပါးတွင် အဘယ် ကမ္မဋ္ဌာန်း၌ အဘယ် နိမိတ်များကို ရနိုင်ပါသနည်း။

၁၅၆၅-ဖြေ။ ။ပရိကမ္မနိမိတ်, ဥဂ္ဂဟ နိမိတ်နှစ်ပါးကို ကမ္မဋ္ဌာန်းလေးဆယ်တို့၌ ရနိုင်ပါသည်။ ပဋိဘာဂနိမိတ်ကို ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ကာယဂတာသတိ အာနာပါနဿတိ ပေါင်း ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ရနိုင်ပါသည်။ (ဤကား-ရနိုင်သမျှ ရေတွက်သော ဂဟိဘဂ္ဂဟဏ နည်းတည်း။) တနည်းအားဖြင့်- ပရိကမ္မနိမိတ်. သက်သက်, ဥဂ္ဂဟနိမိတ်သက်သက်,ပဋိဘာဂနိမိတ်သက်သက်ရသော ကမ္မဋ္ဌာန်းကား-မရှိ။ ပရိကမ္မ နိမိတ်, ဥဂ္ဂဟ နိမိတ် နှစ်ပါး ရသော ကမ္မဋ္ဌာန်းကား-ဗုဒ္ဓါနုဿတိစသော အနုဿတိနှစ်ပါး၊ဒေဝပြမညာလေးပါး၊ သညာ,ဝဝတ္ထာန်,အရူပလေးပါး၊ ပေါင်း ၁၀-ပါး ဖြစ်ပါသည်။ (ဤပဋိဘာဂနိမိတ်မရသော ကံမ္မဋ္ဌာန်း ဥပစာရဘာဝနာသည် ဥဂ္ဂဟနိမိတ်ကိုပင် အာရုံပြုသည်။) သုံးပါးလုံး ရသော ကမ္မဋ္ဌာန်းကား-ဤ ၁၀-ပါးမကြွင်းသော ၂၂-ပါးသော ကမ္မဋ္ဌာန်းများ ဖြစ်ပါသည်။ (ဤကား-ရသင့်သမျှသာ ရေတွက်သော အဂ္ဂဟိတဂ္ဂဏနည်းတည်း။)

(သင်္ဂဟ)

{ဤရေတွက်နည်းကို သင်္ဂဟပါဠိတိုက်ရိုက်နှင့် ရေတွက်၍မရ၊ ဖြစ်သင့်သမျှသောက်ဆ၍ ရေတွက်မှရမည်။ ဤသို့ ပြည့်ပြည့်စုံစုံ ရေတွက်နည်းကို တွေ့ရခဲ့မည်ဖြစ်၍ ကျနစ်စာ မှတ်သားပါ။}

ကမ္မဋ္ဌာန်းပိုင်း-ဂေါစရ(နိမိတ္တ)ဘေဒ အဖြေ ၇၄၉

- ပဋိဘာဂ နိမိတ်ကို ကသိုဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ, အာနာပါနဿတိ တို့၌သာလျှင် အဘယ့်ကြောင့် ရပါသနည်း။

၁၅၆၆-ဖြေ။ ။ထိုကမ္မဋ္ဌာန်း ၂၂-ပါးတို့၌သာလျှင် ထင်ရှားသော အာရုံဖြစ်သင့်သောကြောင့် ထိုကမ္မဋ္ဌာန်း ၂၂-ပါးတို့၌သာ ပဋိဘာဂ နိမိတ်ကို ရပါသည်။

† ကသိဏာ သုဘ ကောဋ္ဌာသာ နာပါနဿတီ သွေဝ ဟိ ပရိဗျတ္တ နိမိတ္တ သမ္ဘဝေါ။ (၉)

- အဘယ့်ကြောင့် ထို ၂၂-ပါးသော ကမ္မဋ္ဌာန်း တို့၌သာလျှင် ထင်ရှားသောအာရုံ ဖြစ်သင့်ပါသနည်း။

၁၅၆၇-ဖြေ။ ။ထို ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌သာလျှင်ပဋိဘာဂ နိမိတ်ကို ရအပ်သောကြောင့်၊ထို ၂၂-ပါးသော ကမ္မဋ္ဌာန်း တို့၌သာလျှင် ထင်ရှားသော အာရုံ ဖြစ်သင့်ပါသည်။ (ဤမှပြန်၍ ကျန် ၁၈-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကိုမရအပ်သောကြောင့်ထင်ရှားသောအာရုံ မဖြစ်သင့်ဟု သိပါ။)

† တေသွေဝ ပဋိဘာဂနိမိတ္တဿ လဒ္ဓမာနတ္တာ။ (၈)

- အဘယ့်ကြောင့် ထို ၂၂-ပါးသော ကမ္မဋ္ဌာန်း တို့၌သာလျှင် ပဋိဘာဂနိမိတ်ကို ရအပ်ပါသနည်း။

၁၅၆၈-ဖြေ။ ။ ထို ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌သာလျှင် ပညတ်ပရမတ်ဖြစ်သော နိမိတ် နှစ်ပါးကို ရအပ်သောကြောင့် ထို ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌သာလျှင် ပဋိဘာဂနိမိတ်ကို ရအပ်ပါသည်။

{ထိုကမ္မဋ္ဌာန်း ၂၂-ပါးတို့၌ ရှေးအတို့ဘွင်ပရမတ္ထဖြစ်သော အာရုံများကိုရအပ်၍ နောက်အတို့ဘွင် ပညတ်ဖြစ်သော အာရုံများကို ရအပ်ပါသည်။ဤမှပြန်၍ကျန် ၁၈-ပါးသောကမ္မဋ္ဌာန်းတို့တွင် အချို ကမ္မဋ္ဌာန်းများမှာ ပညတ်အာရုံ, အချို ကမ္မဋ္ဌာန်း

များမှာ ပရမတ် အာရုံ များကိုသာ ရအပ် သောကြောင့် ထို ကမ္မဋ္ဌာန်း ၁၈-ပါးတို့၌ ပဋိဘာဂနိမိတ်ကို မရအပ်ဟု သိပါ။]

† တေသု ပညတ္တိ ပရမတ္ထဘူတာနံ ဒ္ဓိနဲ့ နိမိတ္တာနံ လဗ္ဘမာနတ္တာ။ (ဇူ)

● "သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘနေ့ဝ" ၌ ယထာရဟဖြစ်ပုံ, ပရိယာယဖြစ်ပုံကို ရှင်းလင်းပြပါ။

၁၅၆၉-ဖြေ။ ။ပရိကမ္မ နိမိတ်, ဥဂ္ဂဟ နိမိတ်တို့၏ ထိုထို အာရုံ အားလျော်စွာဖြစ်သည်ကို ယထာရဟ ဆိုပါသည်။ ထိုနိမိတ်နှစ်ပါးတို့ သည်ကသိုဏ်းဆယ်ပါး, အသုဘဆယ်ပါး, ဆံ-အစရှိသောကောဋ္ဌာသ ပညတ်, အာနာပါနဿတိ-တို့၌ အာရုံ ထင်ထင်ရှားရှားဖြစ်၍ ဗုဒ္ဓါ နုဿတိ စသည်တို့၌ အာရုံမထင်ရှားဖြစ်သောကြောင့် ပရိယာယ်အား ဖြင့်သာလျှင် ကမ္မဋ္ဌာန်းလေးဆယ်တို့၌ ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ်ကို ရနိုင်သည်ဟု ဆိုလိုပါသည်။ (ဋီ)

● စိတ်သာ တည်ကြသည် မဟုတ်ပါလော၊ အဘယ့် ကြောင့် ပုဂ္ဂိုလ်တည်ကြည်သကဲ့သို့ "တထာ သမာဟိတဿ" ဟူသော စကားကို အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၅၇၀-ဖြေ။ ။စိတ် တည်ကြည်ခြင်း၏ အစွမ်းဖြင့် ပုဂ္ဂိုလ်လည်း တည်ကြည်သောကြောင့် "တထာသမာဟိတဿ" ဟူသောစကားကို အနုရုဒ္ဓါဆရာ ဆိုခြင်း ဖြစ်ပါသည်။

† စိတ္တသမာဓာန ဝသေန ပုဂ္ဂလောပိ သမာဟိတော ယေဝါတိ ဝုတ္တံ တထာ သမာဟိတဿာတိ။ (ဋီ)

● ဝသီဘော် ငါးပါး၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြပါ။

၁၅၇၁-ဖြေ။ ။ဈာန်အင်္ဂါငါးပါးတို့တွင် တပါးပါးသောဈာန်အင်္ဂါ ဟူသော အာရုံ၌ဖြစ်သော မနောဒ္ဓါရာဝဇ္ဇန်း၏ အခြားမဲ့၌လေးကြိမ်, ငါးကြိမ်သောဇော, နှစ်ကြိမ်, သုံးကြိမ်သောဘဝင်ထက် အလွန်မသွားမူ၍ အဆင့်ဆင့်အထပ်ထပ် ဈာနင်ကိုဆင်ခြင်ခြင်း၌စွမ်းနိုင်သည်၏အဖြစ်

သည် အာဝဇ္ဇနဝသီဘော်မည်ပါသည်။ ဈာန်ကိုဝင်စားခြင်းငှာအလိုရှိသည်၏အခြားမဲ့၌ဖြစ်သောကာလ၌နှစ်ကြိမ်,သုံးကြိမ်သောဘဝင်ထက်အလွန်မသွားမူ၍ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌ ဝင်စားခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်သည် သမာပဇ္ဇန ဝသီဘော် - မည်ပါသည်။ တံတားသည် လျင်သောအယဉ်ရှိသော မြစ်၏ရေအယဉ်ကို ဖြတ်သွားသကဲ့သို့ ဘဝင်၏ အယဉ်အဟုန်ကို ဘဝင်ကို လည်စေတတ်သော အာဝဇ္ဇန်းဖြင့်ဖြတ်၍ ပိုင်းခြား တိုင်းသော ကာလပတ်လုံး ဈာန်ကို မိမိသန္တာန်၌ တည်စေခြင်းငှာ စွမ်းနိုင်သော အဖြစ်ဟု ဆိုအပ်သော ဘဝင်ကျခြင်းမှ ဈာန်ကိုစောင့်ခြင်းငှာ လျော်သည်၏အဖြစ်သည် အဓိဋ္ဌာန ဝသီဘော် - မည်ပါသည်။ ပိုင်းခြားသောကာလကို မလွန်မူ၍ ဈာန်မှထခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည် ဝုဋ္ဌာနဝသီဘော်-မည်ပါသည်။ ပိုင်းခြားအပ်သော ကာလ၏အတွင်း၌ မထမူ၍ ပိုင်းခြားတိုင်းသောကာလ၏အစွမ်းဖြင့်သာလျှင် ထခြင်းငှာ စွမ်းနိုင်သည်အဖြစ်သည် ဝုဋ္ဌာနဝသီဘော် - မည်ပါသည်။ မနောဒွါရာ ဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်သော ဇောတို့သည်သာလျှင် ပစ္စဝေက္ခဏာဇော - မည်သော ကြောင့် ပစ္စဝေက္ခဏ ဝသီဘော်သည် အာဝဇ္ဇန ဝသီဘော်ဖြင့် ပြီးစီးပါသည်။

{"ဝိတက္ကာဒိက မောဋ္ဌာရိကင်ံ"၌ အာဒိဖြင့် ဝိစာရ, ပီတိ,သုခတို့ကိုယူ။ "ဝိစာရာဒိ သုခုမင်္ဂုပ္ပဘိယာ"၌ အာဒိဖြင့် ပီတိ,သုခ,ဥပေက္ခာ,ဧကဂ္ဂတာတို့ကိုယူ။ ဒုတိယဈာန်စသည်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ဝိတက်၏ နိကန္တိတဏှာကိုမခွာနိုင်မီဖြစ်သော ပရိကမ္မ ဘာဝနာသည် ပဋိဘာဂ နိမိတ်ကိုပင် အာရုံပြုသည်။ ဝိတက်စသော ဈာနင်တို့၌ တပ်ခြင်းတဏှာကို ပယ်ခွာသည်မှစ၍ ဥပစာရဘာဝနာ ပြည့်စုံသည်ဟု မှတ်။ ဗုဒ္ဓါနုဿတိစသော အနုဿတိရှစ်ပါး၊ သညာ,၀၀ထွာန် ၁၀-ပါး တို့သည်ကား - နီဝရဏတို့ကို ပယ်ခွာ သော အခါ ဥပစာရ သမာဓိ ပြည့်စုံသည်ဟု မှတ်။ ဈာန်စိတ်ချည်းဆက်ခါ ဆက်ခါ ဖြစ်နေခြင်းကို ဈာန်ဝင်စားသည်ဟုခေါ်၍ ဈာန်စိတ်

အစဉ်ပြတ်၍ ဘဝင်စိတ်ဖြစ်ပေါ်လာခြင်းကို ဈာန်မှထသည်ဟု ဆိုသည်။ နေရာမှ ထခြင်းမျိုး မဟုတ်။ လောကုတ္တရာ စိတ်ကလည်း ရေးခဲ့ပြီ။ (ဌီ)

ဝသီဘော် ဟူသည်ကား - ဆင်ခြင်ခြင်းငှာ စွမ်းနိုင်သော ယောဂီပုဂ္ဂိုလ်၏ အစွမ်းသတ္တိပင်တည်း။

† ဝသန် ဝသီ ယောဂိနော အာဝဇ္ဇနသတ္တိ။ တေန ဝုတ္တံ သမတ္ထတာတိ။ (ဇူ)

● ကသိုဏ်းဆယ်ပါးရှိသည်အနက် အဘယ့်ကြောင့် "အာကာသ ဝဇ္ဇိတ ကသိဏေသု ပန ယံကိဉ္စိ ကသိဏံ" ဟု အာကာသ ကသိုဏ်းကိုကြဉ်၍ အနုရုဒ္ဓါဆရာ ဆိုပါသနည်း။

၁၅၇၂-ဖြေ။ ။အာကာသကသိုဏ်းကိုခွာခြင်းငှာ မစွမ်းနိုင်သော ကြောင့် အာကာသ ကသိုဏ်းကိုကြဉ်၍ အနုရုဒ္ဓါဆရာ ဆိုခြင်းဖြစ်ပါသည်။ (ကသိဏံ-အရ ပဉ္ဇမဈာန်၏အာရုံဖြစ်သော ကသိဏပဋိဘာဂနိမိတ်ကိုယူ။)

† အာကာသ ကသိဏသ ဥဂ္ဃာတေတု မသက္ကုဏေယျတ္တာ ဝုတ္တံ အာကာသ ဝဇ္ဇိတေသူတိ။ (ဌီ)

● အာကာသ ကသိုဏ်းသည် ကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင်တပါးပါးကိုခွာ၍ဆိုးရာ၌ မုန့်အိုးကင်းမှ မုန့်ကို ခွာသကဲ့သို့ ခွာခြင်းကို ဆိုပါသလော ရှင်းလင်းခဲ့ပါ။

၁၅၇၃-ဖြေ။ ။မဟုတ်ပါ။ဂိမိပွားများနေသော ကသိုဏ်းပဋိဘာဂနိမိတ် တခုခုကို မပွားများဘဲ နှလုံးမသွင်းဘဲ နေလိုက် ခြင်းကိုပင် ထို ပဋိဘာဂနိမိတ်မှ ခွာရှောင်လာသည်ဟု ဆိုပါသည်။

{ဥပမာ-ပထဝီ ပထဝီ-ဟု အဖန်တလဲလဲ စီးဖြန်းနေသော ပုဂ္ဂိုလ်မှာ ပထဝီနိမိတ်ချည်းထင်နေရာမှထိုပထဝီနိမိတ်ကိုအာရုံမပြုဘဲနေလိုက်သောအခါ ပထဝီနိမိတ်ပျောက်၍ ကောင်းကင်အလင်း ပေါ်လာပါသည်။ ထို ကောင်းကင်ကိုပင် ကသိုဏ်းကိုးပါးမှခွာ၍ ရအပ်သော ကောင်းကင်ပညတ်ဟူ၍ငင်း,ကသိဏုဂ္ဃာဋိမာကာသ ဟူ၍ငင်း ခေါ်ကြသည်။ ထို ကောင်းကင်

ပညတ်ကိုပင်လျှင် ''အနန္တံ အာကာသံ, အနန္တံအာကာသံ'' ဟု အဖန်တလဲလဲ စီးဖြန်းသောအခါ ပဌမာရုပ္ပဈာန် ဖြစ်ပေါ်လာသည်ဟု ဆိုလိုပါသည်။]

† ဥဿာဒ္ဓေတ္တာတိ အမနသိကာရဝသေန ဥဒ္ဓံရိတ္တာ။ (၄)

● အနန္တံ အနန္တံ''ဟု စီးဖြန်းခြင်းကိုပင် အနန္တဝသေန ပရိကမ္မံ ကရောန္တသေ-ဟု ဆိုလိုပါသလော ရှင်းလင်းခဲ့ပါ။

၁၅၇ ၄-ဖြေ။ ။မဟုတ်ပါ။ ''အနန္တံအာကာသံ,အနန္တံ အာကာသံ''ဟူ၍ဖြင်း၊ ''အာကာသော အာကာသော''ဟူ၍ဖြင်း စီးဖြန်းခြင်းကိုသာလျှင် အနန္တဝသေန ပရိကမ္မံ ကရောန္တသေ-ဟု ဆိုလိုရင်းဖြစ်ပါသည်၊ (ဝိညာဏဉ္စာယတနဈာန်ကို စီးဖြန်းရာ၌လည်း ''ဝိညာဏံ အနန္တံ,ဝိညာဏံ အနန္တံ''ဟု စီးဖြန်းရမည်။) (၄)

● အာကာသာနဉ္စာယတနဈာန်ကို ရလိုသူ စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် ကရဇရုပ်၌ အပြစ်ကိုမြင်၍ကရဇရုပ်ကိုလွန်ခြင်းငှာ အဘယ့်ကြောင့် စီးဖြန်းပါသနည်း၊ ထိုကရဇရုပ်ကို လွန်ခြင်းသည် ရူပါဝစရစတုတ္ထဈာန်ကပင် ပြီးစီးပြီ မဟုတ်ပါလော။

၁၅၇၅-ဖြေ။ ။ကရဇရုပ်ကို ရူပါဝစရစတုတ္ထဈာန်ကပင် လွန်ခြင်းပြီးစီးသည်မှန်သော်လည်း ကသိဏ်းရုပ်ကို လွန်ခြင်းငှာလည်း အလိုရှိသောကြောင့် စီးဖြန်းခြင်းဖြစ်ပါသည်။ (မိဘတို့၏ သုက်သွေးကြောင့် ဖြစ်သောကိုယ်ကို ကရဇကာယ ခေါ်သည်။)

† ကရဇကာယန္တိ စတုသန္တတိရူပ မာဟ။ (သုတ်ဋီကာ)

† ကိဉ္စာပိ ရူပါဝစရစတုတ္ထဈာနဝသေန ကရဇရူပံ အတိက္ကန်တော်၊ အထ ခေါ ကသိဏရူပမ္ပိ။ . (ဝိသုဒ္ဓိမဂ်)

● ကရဇရုပ်၌ အပြစ်ကိုမြင်သော် ကရဇရုပ်ကိုသာ လွန်ပါတော့လော၊ အဘယ့်ကြောင့် ကသိဏ်းရုပ်ကိုလည်း လွန်ခြင်းငှာ အလိုရှိပြန်ပါသနည်း။

၁၅၇၆-ဖြေ။ ။ဘီလူးကို ကြောက်သော သူသည် ညဉ့်အခါ၌ သစ်ငုတ်ကိုလည်း ဘီလူးထင်၍ကြောက်သကဲ့သို့ ကရဇရုပ်ကိုကြောက်သော ယောဂီပုဂ္ဂိုလ်သည် ကရဇရုပ်နှင့်တူသော ကသိုဏ်းရုပ်ကိုလည်း ကြောက်ခြင်းဖြစ်၍ ထို ကသိုဏ်းရုပ်ကိုလည်း လွန်ခြင်းငှာ အလိုရှိပြန်ပါသည်။

† ယထာ ပိသာစ ဘီရုကော၊ ရတ္တိံ ခါဏုမ္ပိ ဘာယတိ။
ဧဝံ ကရဇဘီရုကော၊ ယောဂီ ကသိဏရုပကံ။
(ဝိသုဒ္ဓိမှဂ်-သင်္ဂဟ)

● စတုတ္ထဈာန်ကိုရလို၍ စီးဖြန်းရာ၌ "သန္တမေတံ,ပဏီတမေတံ" ဟု စီးဖြန်းရမည်ဆိုရာ၌ ဤတတိယာရုပ္ပဝိညာဏ်သည် အဘယ့်ကြောင့် သန္တပဏီတ ဖြစ်ပါသနည်း။

၁၅၇[illegible]-ဖြေ။ ။ပဌမာရုပ္ပ ဝိညာဏ်၏ မရှိခြင်း တည်း ဟူသော နတ္ထိဘောပညတ်မျှသာလျှင်အာရုံရှိသည်၏ အဖြစ်ကြောင့် ဤတတိယာရုပ္ပဝိညာဏ်သည် သန္တပဏီတ ဖြစ်ပါသည်။

† အဘာဝမတ္တာရမ္မဏတာယ ဧတံ သန္တံ ဧတံ ပဏီတံ။ (ဋီ)

● အပ္ပနာဝဟ ကမ္မဋ္ဌာန်းများကို သင်္ဂဟအထောက်ပြ၍ ရေတွက်ခဲ့ပါ။

၁၅၇၈-ဖြေ။ ။"ဗုဒ္ဓါနုဿတိအာဒီသု'လ'နတ္ထိအပ္ပနာ၊သေသေသုပန သမတိံသ ကမ္မဋ္ဌာနေသူ အပ္ပနာဘာဝနာပိ သမ္ဘဇ္ဇတိ"ဟုသင်္ဂဟ၌ဆိုသောကြောင့် ဗုဒ္ဓါနုဿတိစသော အနုဿတိရှစ်ပါး၊အာဟာရေပဋိကူလသညာ, စတုဓာတု ဝဝတ္ထာန် ၁၀-ပါးမှ တပါး ကျန်သော ကမ္မဋ္ဌာန်းသုံးဆယ်သည် အပ္ပနာဝဟ ကမ္မဋ္ဌာန်း ဖြစ်ပါသည်။

● အဘယ့်ကြောင့် အဘိညာဏ် မည်ပါသနည်း၊ အဘိညာဏ်၏ အရကိုလည်း ကောက်ပြပါ။

၁၅၇၉-ဖြေ။ ။"အဘိဝိသေသတော ဇာနာတီတိ အဘိညာ, ဟူသော ဝစနတ္ထနှင့်အညီ အထူးသဖြင့် သိတတ်သောကြောင့် အဘိ

ညာဏ်-မည်ပါသည်။ ရူပါဝစရကုသိုလ် ကြိယာ ပဉ္စမချာန်၌ရှိသော ပညာကို ရပါသည်။ထိုပညာနှင့်အတူဘက္ခဖြစ်သော ချာန်စိတ်နှစ်ပါးကိုလည်း ဥပစာအားဖြင့် ရပါသည်။

{ချာနကိစ္စတပ်သော ရူပါဝစရကုသိုလ်ကြိယာ ပဉ္စမချာန်ထက်ထူး၍သိတတ်သောကြောင့်အဘိညာဏ်မည်သည်ဟူလို။ အဘိညာဏ်ခြောက်ပါးယူရာ၌ အာသဝက္ခယဉာဏ်ကိုထည့်၍ယူလေ။ ဤလောကီ အဘိညာဏ် ငါးပါးကို ပြဆိုရာ၌ အာသဝက္ခယဉာဏ်မှာ အရဟတ္တ မဂ်ဉာဏ်ပင်ဖြစ်၍ လောကုတ္တရာဖြစ်နေသောကြောင့် အနုရုဒ္ဓါဆရာ ထည့်၍မပြဟု မှတ်လေ။}

---

၅ အဘိညာဏ်ငါးပါးဘို့၏အဓိပ္ပာယ်အသီးသီးကို ဖော်ပြပါ။

၁၅၈၀-ဖြေ။ ။ရုပ်ကို အဓိဋ္ဌာန်ခြင်း,ဖန်ဆင်းခြင်းစသော တန်ခိုးအထူးအပြားရှိသော အဘိညာဏ်သည် ဣဒ္ဓိဝိဓအဘိညာဏ်-မည်ပါသည်။ နတ်၏နားကဲ့သို့ အဝေးမှအသံကို ကြားစွမ်းနိုင်သော အဘိညာဏ်သည် ဒိဗ္ဗသောတ အဘိညာဏ်-မည်ပါသည်။ သူတပါးတို့၏စိတ်ကို သိတတ်သော အဘိညာဏ်သည် ပရစိတ္တဝိဇာနနအဘိညာဏ်မည်ပါသည်။ရှေးဘဝတို့၌ မိမိသန္တာန်ဝယ်ဖြစ်ဘူးသောအာရုံပြုသောအားဖြင့် မှီဝဲသုံးဆောင်ဘူးကုန်သောခန္ဓာ၊ထိုခန္ဓာနှင့်စပ်သော အမျိုးအမည် စသည်တို့ကို အောက်မေ့ခြင်းငှာ စွမ်းနိုင်သော အဘိညာဏ်သည် ပုဗ္ဗေနိဝါသ အဘိညာဏ် - မည်ပါသည်။ နတ်၏မျက်စိကဲ့သို့ အဝေးမှ ရူပါရုံကို မြင်နိုင်စွမ်းသော အဘိညာဏ်သည် ဒိဗ္ဗစက္ခု အဘိညာဏ်-မည်ပါသည်။ (၉)

{အာရုံငါးပါးပြား၍ အဘိညာဏ်ငါးမျိုးပြားသည်ဟုမှတ်။ ပုဗ္ဗေနိဝါသသည် မိမိခန္ဓာအစဉ်သာမကသူတပါး၏ခန္ဓာအစဉ် ထိုခန္ဓာနှင့်စပ်သမျှကိုလည်း အောက်မေ့နိုင်သည်။ ထို့ကြောင့် အာရမ္မဏနိဝါသ အဇ္ဈာဝုဌနိဝါသ - ဟု နှစ်မျိုး ရှိကြောင်းသိလေ။ဤဘဝ၌ဖြစ်သော ခန္ဓာအစဉ်ကို ဆင်ခြင်သောဉာဏ်သည် ရှေးဘဝ၌နေဘူးသောခန္ဓာအစဉ်ကို ဆင်ခြင်ခြင်းမဟုတ်

သောကြောင့် ပုဗ္ဗေနိဝါသဉာဏ်-ဟု မဆိုရ၊ ထိုဉာဏ်ကိုပရိကမ္မ သမာဓိဉာဏ်ဟူ၍သာ ဆိုနိုင်သည်။ (၉) နောက် ဆရာများ ကား-ဤဘဝ အတိတ်အခါကို ဆင်ခြင်သော ဉာဏ်ကိုလည်း ပုဗ္ဗေနိဝါသဉာဏ်-ဟုပင် ဆိုကြသေးသည်။}

● အဘိညာဏ်ငါးပါးတို့၏ အာရုံအသီးသီးကို ဖော်ပြပါ။

၁၅၈၁-ဖြေ။ ။ဣဒ္ဓိဝိဓအဘိညာဏ်သည် တေကာလိကဖြစ်သော အာရုံ ၆-ပါး၊ ဒိဗ္ဗသောတ အဘိညာဏ်သည် ပစ္စုပ္ပန်သဒ္ဒါရုံ၊ ပရစိတ္တ ဝိဇာနန အဘိညာဏ်သည် တေကာလိက စိတ်,စေတသိက်ဟုဆိုအပ် သော ဓမ္မာရုံ၊ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်သည် အတိတ်ကာလ ဝိမုတ်ဖြစ်သော အာရုံ ၆-ပါး၊ ဒိဗ္ဗစက္ခု အဘိညာဏ်သည် ပစ္စုပ္ပန် ရူပါရုံကို အသီးသီး အာရုံပြုကြပါသည်။ (၉)

● ယထာကမ္မုပဂ အဘိညာဏ်, အနာဂတံသ အဘိညာဏ်တို့၏ အာရုံများကို ဖော်ပြပါ။

၁၅၈၂-ဖြေ။ ။ယထာကမ္မုပဂအဘိညာဏ်သည်အတိတ်ဖြစ်သော လောကီကုသိုလ်, အကုသိုလ်ကံ-ဟု ဆိုအပ်သော ဓမ္မာရုံကိုအာရုံပြုပါ သည်။ အနာဂတံသ အဘိညာဏ်သည် အနာဂတ်ဖြစ်သော စိတ်တခု ယုတ်ကိုးဆယ်,စေတသိက်ဒွေးပညာသ, ရုပ်အဌဝီသ-ဟုဆိုအပ်သော ခန္ဓာငါးပါး၊ ဆိုခန္ဓာငါးပါးမှ လျှောက်၍သိသောနိဗ္ဗာန်၊ အမည်အမျိုး စသော ပညတ်-ဟု ဆိုအပ်သော အာရုံ ၆-ပါးကို အာရုံ ပြုပါသည်။

{အကုသိုလ်အဘိညာဏ်မှာ အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ကြည်သော စိတ်ရှစ်ဆယ့် ခုနစ်ခု ဟုဆို၊ ထိုအနာဂတံသ အဘိ ညာဏ်သည် မိမိ၏အရာဖြစ်သောအနာဂတ်အာရုံ၌ သဗ္ဗညုတ ဉာဏ်နှင့် အလား တူသည်ဟု အဌကထာ ဆရာများ ဆိုကြ သည်။} (၉)

● စုတူပပါတဉာဏ်, ယထာကမ္မုပဂဉာဏ်, အနာဂတံသဉာဏ် တို့သည်လည်းအဘိညာဏ်မျိုးပင်ဖြစ်၍ ပြဆိုသင့်လျက်အဘယ့် ကြောင့် အနုရုဒ္ဓါဆရာ မပြဆိုပါသနည်း။

၁၅၈၃-ဖြေ။ ။ဒိဗ္ဗစက္ခု ဉာဏ်ကိုပင် စုတူပပါတဉာဏ်-ဟူ၍ခေါ် ဆိုရသောဇ္ဈာန်ကြောင့်ဖြင့်, ယဆာကမ္မုပဂဉာဏ်, အနာဂတံသဉာဏ်တို့ သည်လည်း ၎င်းတို့၏ပရိကံ အသီးအခြားမရှိ၊ ဒိဗ္ဗစက္ခုဉာဏ်၏အစွမ်း ဖြင့်သာလျှင် ပြည့်စုံသည်ဖြစ်၍ ဒိဗ္ဗစက္ခုဉာဏ်၌ အကျုံးဝင်ပြီးဖြစ်သော ကြောင့်၎င်း အသီးအခြား အနုရုဒ္ဓါဆရာ မပြဆိုခြင်း ဖြစ်ပါသည်။ (မနောမယိဋ္ဌိကား-ဋ္ဌဋ္ဌိ၀ိဓကိုပင် ဆိုသည်။)

{သီးခြား,ပရိကံမရှိ၍ မရှိဟုဆိုသည်၊ လုံးလုံးမရှိဟု မဆိုရ။ လုံးဝေါ်းမရှိဟု ဆိုလျှင် ထို အဘိညာဏ်နှစ်ပါးသည် မဟဂ္ဂုတ် မဟုတ် ဟူသောအပြစ် ရောက်သွားလိမ့်မည်။ အမှန်မှာ-ဒိဗ္ဗစက္ခု ပရိကံသည်ပင် ၎င်းတို့၏ပရိကံဖြင်သည်ဟု မှတ်။}

† စုံတူပပါဘဉာဏ်နှိ ပန ဒိဗ္ဗစက္ခုမေ၀ ဒုန္ဓတိ၊ ယဆာကမ္မော ပဂဉာဏ အနာဂတံသဉာဏာဒိ ဒိဗ္ဗစက္ခု၀ဒသနေ၀ ဂဒ္ဓနိနှိ နဟိ တေသံ ၀ိသုံ ပရိကမ္မံ အတ္ထိ။ (ဋီ)

● အဓိဋ္ဌာနိဒ္ဓိ ၀ိကုဗ္ဗနိဒ္ဓိ-တို့၏ အထူးကို ရေးသားဖော်ပြပါ။

၁၅၁၄-ဖြေ။ ။အဓိဋ္ဌာနိဒ္ဓိကား-ပကတိအဆင်းကို မစွန့်ဘဲ မိမိအဆင်း၏အစွမ်းဖြင့် တခု,ဖြစ်ရလို၏။သို့မဟုတ် ပြင်ပဝတ္ထု အခဲကဲ့သို့သည် အလင်းဖြစ်စေသတည်း စသည်ဖြင့် ဆောက်တည်ခြင်းမျိုးကို ဆိုသည်။၀ိကုဗ္ဗနိဒ္ဓိကား-မိခို၏ပကတိအဆင်းကို စွန့်၍ သူတပါးအားမပြဘဲ ဤသို့သဘောရှိသော သူငယ်အသွင် ဖြစ်ရလို၏။ နာဂါးဖြင်ရလို၏။ ဂဠုန်ဖြစ်ရလို၏ စသည်ဖြင့် ဆောက်တည်ခြင်းမျိုးကို ခေါ်လိုသည်။ဤသို့ ထူးပါသည်။

{ဒုတိယ ဆယ်ပါးတွင် - ဤ ဒုတိယ နှစ်ပါးကိုသာ ယူ၍ ဒုတိယ၀ိဓ အဘိညာဏ်၌ လိုအပ်သည်ဟု ဇီ-ဦး ဆို့သည်။ မိမိကိုယ်ကွင်းမှာ မိခိုနှင့်တူသောကိုယ်ဘခုကို ဖန်ဆင်းတတ်ပြီသောမနောမယိဒ္ဓိသည် ကိုလည်း ရနိုင်သည်ဟု မှတ်ပါ။}

* အ-၀ိ-မ-ဉာဏ်, သ-အာ-ကံ, ပုဗ္ဗေ-နိဒ္ဒေ၁-တတ်။

* ဒုဿိဒိဓေ,ဘိညာမှာ,စဒ္ဒာ-သုံးပါးမှတ်။ (၀ိသုဒ္ဓါရုံ)

- စေတောပရိယအဘိညာဏ်ဝင်စားပုံတခုကိုမှတ်သားလောက်အောင် ပြည့်စုံစွာ ရေးသား ဖော်ပြပါ။

၁၅၈၅-ဖြေ။ ။စေတောပရိယ အဘိညာဏ်ကို ဝင်စားလိုသော ဒိဗ္ဗစက္ခုအဘိညာဏ်ကိုရပြီးသော ယောဂီပုဂ္ဂိုလ်သည် အဘိညာဏ်၏ အခြေခံဖြစ်သော ရူပါဝစရပဥ္စမဈာန်ကိုဝင်းစား၊ ထိုဈာန်မှထ၍ "ဧတ္တေ ကံဌာနံ အာလောကော ဖရတု" ၂-ဟု ကသိုဏ်း၏ အလင်းရောင်ကို ဖြန့်ရပါသည်။ (ကသိဏာလောကကို ဥပစာရဈာန်အခိုက်မှာသာ ဖြန့်ရသည်။ အပွနာဈာန်အခိုက်မှာ မဖြန့်ရ)ထို့ကြောင့် ထိုကသိုဏ်းရောင် ပြန့်နှံ့ရာ အရပ်၌တည်သော သတ္တဝါအဆင်းကို အာရုံပြု၍ "ဣမဿရူပံ ပဿာမိ" ၂-ဟု ပရိကံကိုပြုရပါသည်၊ ထိုနောင် ပါဒကဈာန်ကိုဝင်စား ထိုဈာန်မှထ၍ရူပါရုံကိုဆင်ခြင်သောအာဝဇ္ဇနပရိကံ၏အဆုံး၌ဖြစ်ပေါ်လာသော ဒိဗ္ဗစက္ခုညာဏ်ဖြင့်ထိုသတ္တဝါ၏အဆင်းကိုမြင်၍ထိုသတ္တဝါ၏စိတ်ကို သိလိုသဖြင့် ထိုပါဒကဈာန်ကိုပင် ပြန်ဝင်စား၊ ထိုဈာန်မှထ၍ "ဣမဿ ဟဒယဂ်တ လောဟိတဝဏ္ဏံ ပဿာမိ" ၂-ဟု ပရိကံကိုပြု၍ ထိုပါဒကဈာန်ကိုပင်ပြန်၍ဝင်စား၊ ထိုဈာန်မှထ၍ ဝဏ္ဏကိုဆင်ခြင်သော အာဝဇ္ဇန ပရိကံ၏အဆုံး၌ ဖြစ်ပေါ်လာသော ဒိစက္ခုညာဏ်ဖြင့် သူတပါး၏ သောမနဿိနွေကြောင့်ဖြစ်သော ညောင်သီးမှည့် အသွင်နီသောအဆင်းရှိသော ဒေါမနဿိနွေကြောင့်ဖြစ်သော သပြေသီးမှည့် အသွင် မည်းသော အဆင်းရှိသည်လည်းဖြစ်သော,ဥပေက္ခိနွေကြောင့် ဖြစ်သော နှမ်းဆီအသွင် ကြည်လင်သော အဆင်းရှိသည်လည်း ဖြစ်သော,နှလုံးအတွင်း၌ တည်သော သွေးအဆင်းကို မြင်ပါသည်။ထို့နောင် ထိုပါဒကဈာန်ကိုပင် ဝင်စား၊ ထိုဈာန်မှထ၍ "ဣမဿ စိတ္တံ ဇာနာမိ" ၂-ဟု ပရိကံကိုပြု၍ တဖန်ထိုပါဒကဈာန်ကိုပင်ဝင်စား၊ထိုဈာန်မှထ၍ စိတ်ကိုဆင်ခြင်သော အာဝဇ္ဇနပရိကံကိုပြုပြီးသောအဆုံး၌ သူတပါး၏သရာဂစသည်အပြားရှိသောစိတ်ကိုအာရုံပြု၍ စေတောပရိယအဘိညာဏ်ဖြစ်ပါသည်။ ထိုညာဏ်ဖြင့်ထိုစိတ်ကိုပိုင်းခြားမှတ်သားပါသည်၊ ထိုစေတောပရိယအဘိညာဏ်ဖြင့်သူတပါး၏စိတ်ကိုထိုးထွင်း၍ သိပါသည်၊ ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကိုမြင်သကဲ့သို့ ပေါ်လွင်ထင်ရှားစေ

ပါသည်။ ဆိုနောင်မှ ကာမာဝစရစိတ်ဖြင့် အညို,အရွှေ့ စသည်ကိုမှတ်သားသကဲ့သို့ သရုဂစသော စိတ်များကို ပိုင်းခြားမှတ်သား ပါသည်။

{စေတောပရိယ အဓိဋ္ဌာန်သည် တိကာလိက စိတ်ကို သာ အာရုံပြုသည်ဟု မဟာအဋ္ဌကထာဆရာ ဆိုသည်။ သင်္ဂဟ အဋ္ဌကထာဆရာ ရှင်မဟာဗုဒ္ဓဃောသကား - နာမကွန်နှာလေးပါးလုံးကို အာရုံပြုသည်ဟု ဆိုသည်။ ပရိကံပြု-ဟူသည် ပရိကံပြုသော့ ကာမဇော, မနောဒွါရဝီထိ ဖြစ်သည် ဟူလို။ ၌ ပရိကမ္မဝီထိကို အဓိဋ္ဌာန်ပြုသော ဝီထိ ဖြစ်သောကြောင့် အဓိဋ္ဌာနဝီထိ-ဟုလည်း ခေါ်ရသည်။}

● "ပရိကမ္မံ ကရောန္တသ္သ ရူပါဒိသု အာရမ္မဏေသု ယထာရဟ မပ္ပေတိ" အရ အဘိညာဏ် ဝင်စားရာ၌ "သတံ ဟောမိ" စသော ပရိကံကို ပြုခါမျှဖြင့် ရူပါရုံစသော အာရုံတို့၌ ထိုထို ပရိကံအားလျော်စွာ အဘိညာဏ် ဖြစ်ပေါ်လာသည်ဟု မှတ်ရမည်လော ရှင်းလင်းခဲ့ပါ။

၁၅၁၆-ဖြေ။ ။မမှတ်ရပါ၊ ပရိကံပြုခါမျှနှင့် အဘိညာဏ်ဖြစ်ပေါ်မှုမရှိသောကြောင့် "သတံ ဟောမိ" စသော ပရိကံကို့ပြုပြီး၊ တဖန် အဘိညာဏ်၏ အခြေဖြစ်သော ပဉ္စမစျာန်ကို ဝင်စား၊ ထို့စျာန်ဆ၍ အာဝဇ္ဇနပရိကံ၏အဆုံး၌တရာ,စသော ရူပါရုံသုငယ်အသွင်စသည်ကို အာရုံပြု၍သာ ဇုဒ္ဓိဝိဓစသော အဘိညာဏ်များဖြစ်ပေါ်သည်ဟု ဆိုလို ပါသည်။ (၄)

● အဘိညာဏ်ကိုဝင်စားရာ၌ ပါဒကစျာန်ကို အဘယ်အကျိုးငှာ နှစ်ကြိမ် ဝင်စားရပါသနည်း၊ ဘကြိမ်သာ ဝင်စားလျှင် မပြီးပါလော။

၁၅၁၇-ဖြေ။ ။မပြီးပါ၊ ရှေး ပါဒကစျာန်ကို ဝင်စား ခြင်းသည် "သတံ ဟောမိ" စသည်ဖြင့် ပြုပြင်သော ပရိကံစိတ်ကို ကောင်းစွာ ထားနိုင်ခြင်း အကျိုးရှိပါသည်။ နောက်တဖန် ဝင်စားခြင်းသည် အဘိညာဏ်စိတ်ကိုအားကိုယူစေခြင်းအကျိုးရှိပါသည်။ထို့ကြောင့်နှစ်ကြိမ်

ဝင်စား ရပါသည်။ (ခပ်သိမ်းသောအရာ၌ အဓိဋ္ဌာန် ဟူသည်ကို အဘိညာဉ်ဟု ဆိုသည်ဟု မှတ်။)

† ပုဗ္ဗေ အဘိညာပါဒကဈာနသမာပဇ္ဇနံ ပရိကမ္မစိတ္တာသု သမာဓာနတ္ထံ၊ ပုန သမာပဇ္ဇနံ အဓိဋ္ဌာနစိတ္တာသု ဗလဂ္ဂါဟတ္ထံ၊ အဓိဋ္ဌာနန္တိ ဟိ သဗ္ဗတ္ထအဘိညာဉာဏံ ဝုစ္စတိ။

(အဘိဓမ္မတ္ထဝိဘာဝိနီ)

ဂေါစရ (နိမိတ္တ) ဘေဒ အဖြေ ပြီး၏။

သမထ ကမ္မဋ္ဌာန်းနည်း အဖြေ ပြီးပြီ။

ဝိပဿနာကမ္မဋ္ဌာန်းနည်း ဝိသုဒ္ဓိဘေဒ အဖြေ

●

● အနိစ္စ, အနိစ္စတာ, အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာနှင့် အနိစ္စာနုပဿီတို့၏အဓိပ္ပာယ်ကို ရေးခဲ့ပါ။

၁၅၀၀-ဖြေ။ ။ခန္ဓာပဉ္စကသည် အနိစ္စ, အမြဲမရှိသောအဖြစ်သည် အနိစ္စတာ, အနိစ္စလက္ခဏာ, ထိုအမြဲမရှိသောအဖြစ်ကို အဖန်တလဲလဲ ရှုဆင်ခြင်တတ်သော ဘာဝနာပညာသည် အနိစ္စာနုပဿနာ၊ မမြဲဟု ရှုလေ့ရှိသောသူသည် အနိစ္စာနုပဿီ။ ဤသို့ ထူးပါသည်။

{အနိစ္စတာဝေ လက္ခဏံ အနိစ္စလက္ခဏံ" ရှေးပုဒ်၌ ဘာဝ တာပစ္စည်းကြေနေသည်။ အနိစ္စတာနှင့် အနိစ္စလက္ခဏာ အတူတူ။ မမြဲသော, ချုပ်, နာမ်ကို အနိစ္စလက္ခဏာ ပေါ်လာ အောင်ရှုခြင်းသည်လည်း အနိစ္စာနုပဿနာပင်တည်း။ "အနိစ္စတာယ အနုပဿနာ, အနိစ္စသ အနုပဿနာဝါ အနိစ္စာနုပဿနာ" ဟု ပြ။}

† အနိစ္စန္တိ ခန္ဓပဉ္စကံ့။ (အဘိဓမ္မတ္ထ သင်္ဂဟဒီပနီ)

+ အနိစ္စတာယေဝ လက္ခဏံ အနိစ္စလက္ခဏံ၊ တိဏ္ဏံ့ လက္ခဏာနံ့ အနုအနုပဿနာ အနိစ္စာနုပဿနာဒီကာ။ (ဋီ)

† အနိစ္စာနုပဿီတိ တာယ အနုပဿနာယ သမန္နာဂတော။

(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ)

● သမ္မသနဉာဏ်စသောဉာဏ်ဆယ်ပါး၏အဓိပ္ပာယ်ကိုအသီးသီး ဖော်ပြပါ။

၁၅၈၉-ဖြေ။ ။ဝိပဿနာအား လျော်ကုန်သော ခန္ဓာ ငါးပါး, ဒွါရခြောက်ပါး, အာရုံခြောက်ပါး, ဝိညာဏ်ခြောက်ပါးတို့ကို သုံးသပ်သည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် သမ္မသနဉာဏ်-မည်ပါသည်။ ဖြစ်ခြင်း,ပျက်ခြင်းကို အဖန်တလဲလဲ ရှုသည်၏အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် ဥဒယဗ္ဗယဉာဏ် - မည်ပါသည်။ ဖြစ်ခြင်းကိုလွှတ်၍ အပျက်၌ ဖြစ်သောဉာဏ်သည် ဘင်္ဂဉာဏ် - မည်ပါသည်။ သခ်ါရတရားတို့ကို ကြောက်မက်ဘွယ်ဘေးဆိုးအဖြစ်ဖြင့်အဖန်ဘလဲလဲရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ဘယဉာဏ်-မည်ပါသည်။ (ဘယဉာဏ်ကလည်း မကြောက်,ယောဂီပုဂ္ဂိုလ်ကလည်းမကြောက်,အမှန်မှာ ကြောက်ဘွယ်အခြင်းအရာအားဖြင့်သာ ရှုသည်ဟူလို။) ဘေးအဖြစ် ရှုအပ်ကုန်သော သခ်ါရတရားတို့ကို အပြစ်အားဖြင့် ရှုသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် အာဒီနဝဉာဏ် - မည်ပါသည်။ အပြစ် မြင်အပ်ကုန်ပြီးသော သခ်ါရတရားတို့၌ ငြီးငွေ့ စက်ဆုပ်သည်၏ အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် နိဗ္ဗိဒါဉာဏ်-မည်ပါသည်။ငြီးငွေ့ စက်ဆုပ်ခြင်းကြောင့်သခ်ါရတို့မှ လွတ်လိုသည်၏အစွမ်းဖြင့်ဖြစ်သောဉာဏ်သည် မုစ္စိတုကမျတာဉာဏ် မည်ပါသည်။လွတ်ခြင်း၏အကြောင်း ပြည့်စုံစေခြင်းငှာ တဖန် သခ်ါရတရားတို့ကို လက္ခဏာရေးသုံးပါးဖြင့်တင်၍ သိမ်းဆည်းမှတ်သားသည်၏အစွမ်းဖြင့် ဖြစ်သောဉာဏ်သည် ပဋိသခ်ါဉာဏ် - မည်ပါသည်။ လက္ခဏာရေး သုံးပါးဖြင့် သိမ်း ဆည်း မှတ် သား အပ် ကုန် သော ဘေဘုမ္မကတရားတို့၌ ကြောက်ခြင်း,နှစ်သက်ခြင်းကိုပယ်၍ လျစ်လျူရှု၍ဖြစ်သောဉာဏ်သည် သခ်ါရုပေက္ခာဉာဏ်-မည်ပါသည်။ ရှေးဦးဖြစ်ကုန်သော ဉာဏ်ကိုးပါး တို့အားရင်း, အထက်ဖြစ်သော မဂ်ခဏဉ်ရလတ္တံ့ကုန်သော ဗောဓိပက္ခိယတရား ၃၇-ပါးတို့အားရင်း လျော်သောဉာဏ်သည်အနုလောမဉာဏ်-မည်ပါသည်။ (ဋီ)

● အဘယ့်ကြောင့် ဝိမောက္ခ, အဘယ့်ကြောင့် သုညတ စသည် မည်ပါသနည်း။

၁၅၉၀-ဖြေ။ ။သံယောဇဉ် စသည်တို့မှ လွတ်တတ်သောကြောင့် ဝိမောက္ခ-မည်ပါသည်။ (နောက်မှသင်ရှားလက်ကွဲ့)သခ်ါရ တရားတို့ကို အတ္တမှ ဆိတ်သောအားဖြင့် ရှုတတ်သောကြောင့် သုညတ-မည်ပါသည်။ နိစ္စနိမိတ်,ဓုဝနိမိတ်,သဿတနိမိတ် မရှိသောကြောင့် အနိမိတ္တ မည်ပါသည်။ တဏှာ ဟူသော တောင့်တခြင်း မရှိသော ကြောင့် အပ္ပဏိဟိတ-မည်ပါသည်။

† သံယောဇနာဒီဟိ ဝိမုစ္စနဋ္ဌေန ဝိမောက္ခော။ (ဦ)

● ပါတိမောက္ခ သံဝရသီလ၏ အစိတ်အပေါင်း အမိပ္ပာယ်ကို အသီးသီး ရေးသားဖော်ပြပါ။

၁၅၉၁-ဖြေ။ ။မိမိဟုဆိုအပ်သော သိက္ခာပုဒ်ကို စောင့်တတ်သော ရဟန်းကို အပါယ်ဆင်းရဲစသော ဒုက္ခတို့မှလွတ်စေတတ်သောကြောင့် ပါတိမောက္ခ၊ ကာယဒုစရိုက်, ဝစီဒုစရိုက်တို့မှ ရဟန်း၏ကာယဒွါရ, ဝစီဒွါရတို့ကိုစောင့်တတ်သောကြောင့် သံဝရ၊ကာယကံ,ဝစီကံတို့ကို ဖရိဖရဲမရှိရအောင် ကောင်းစွာထားခြင်း, ကုသိုလ်ဘရားတို့ကိုလွန်စွာ ဆောင်ခြင်းအနက်သဘောကြောင့် သီလ၊ထိုသုံးပါးကိုပေါင်း၍ မိမိကို စောင့်တတ်သောသူကို အပါယ်ဒုက္ခ စသည်တို့မှ လွတ်စေ၍ ကာယ ဒုစရိုက်, ဝစီ ဒုစရိုက်တို့မှ တားမြစ်လျက်၊ ကာယကံ, ဝစီကံ တို့ကို ကောင်းစွာထားခြင်းသည် ပါတိမောက္ခ သံဝရသီလ-မည်ပါသည်။ (ဦ)

● ဣန္ဒြိယသံဝရ - အာဇီဝပါရိသုဒ္ဓိ, ပစ္စယသန္ဓိဿိတ သီလတို့၏ အမိပ္ပာယ်ကို ရေးသားဖော်ပြပါ။

၁၅၉၂-ဖြေ။ ။ဣန္ဒြေ ခြောက်ပါးတို့ကို ရူပါရုံစသည်တို့၌ စောင့်စည်းခြင်း၏ အစွမ်းဖြင့်ဖြစ်သော သီလသည် ဣန္ဒြိယသံဝရသီလ-မည်ပါသည်။မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်မွေးခြင်းစင်ကြယ်သည်၏အစွမ်းဖြင့်ဖြစ်သော သီလသည်အာဇီဝပါရိသုဒ္ဓိသီလ-မည်ပါသည်။ ပစ္စည်းလေးပါးတို့ကို ဥာဏ်ဖြင့်ဆင်ခြင်သောသီလသည် ပစ္စယသန္ဓိဿိတသီလ-မည်ပါသည်။ (ဦ)

● အဘယ့်ကြောင့်စတုပါရိသုဒ္ဓိသီလ,သီလဝိသုဒ္ဓိမည်ပါသနည်း။

၁၅၉၃-ဖြေ။ ။လေးပါး အပြားရှိသော ကြောင့်ရင်း, ဒေသနာကြားခြင်း,စောင့်စည်းခြင်း, အသင့်အားဖြင့်ရှာမှီးခြင်း,ဥာဏ်ဖြင့် ဆင်ခြင်ခြင်းတို့၏အစွမ်းဖြင့် စင်ကြယ်သောကြောင့်ရင်း စတုပါရိသုဒ္ဓိသီလ မည်ပါသည်။ သိုစတုပါရိသုဒ္ဓိသီလသည် စင်ကြယ်သောကြောင့် သီလဝိသုဒ္ဓိ-မည်ပါသည်။

† စတုဗိုဓတ္တာ ဒေသနာသံဝရ ပရိယေဋ္ဌိပစ္စဝေက္ခဏဝသေန ပရိသုဒ္ဓတ္တာ စ စတုပါရိသုဒ္ဓိသီလံနာမ။ (ဋီ)
စတုပါရိသုဒ္ဓိသီလံ သီလဝိသုဒ္ဓိနာမ။ (သင်္ဂဟ)

● အဘယ့်ကြောင့် စိတ္တဝိသုဒ္ဓိ-မည်ပါသနည်း။

၁၅၉၄-ဖြေ။ ။နီဝရဏတည်းဟူသော အညစ်အကြေးမှ စိတ်ကို သုတ်သင်တတ်သောကြောင့်ရင်း, စိတ်ကိုပဓာနပြု၍ သမာဓိကို ပြအပ်သောကြောင့်ရင်း,နီဝရဏတည်းဟူသော အညစ်အကြေးမှ စင်ကြယ်သောကြောင့်ရင်း သမာဓိသည် စိတ္တဝိသုဒ္ဓိ-မည်ပါသည်။

† စိတ္တဝိသုဒ္ဓိနာမ စိတ္တဿဝိနီဝရဏဘာဝါပါဒနဝသေန ဝိသောဓနတော၊ စိတ္တသီသေန နိဒ္ဒိဋ္ဌတ္တာ ဝိသုဒ္ဓတ္တာစ။ (ဋီ)

● "ဥပစာရသမာဓိ အပ္ပနာသမာဓိ ဒုဝိဓောပိ သမာဓိ စိတ္တဝိသုဒ္ဓိ နာမ"၌ စိတ်သာလျှင် စိတ္တဝိသုဒ္ဓိ မည်သင့်သည် မဟုတ်ပါလော၊အဘယ့်ကြောင့်သမာဓိသည်စိတ္တဝိသုဒ္ဓိမည်ပါသနည်း။

၁၅၉၅-ဖြေ။ ။စိတ် ပြဋ္ဌာန်းသည်၏ အဖြစ်ဖြင့် သမာဓိကို ပြအပ်သောကြောင့် သမာဓိသာ စိတ္တဝိသုဒ္ဓိ-မည်ပါသည်။ စိတ်သည် စိတ္တဝိသုဒ္ဓိ မ-မည်ပါ။

{ပဓာနနည်း,နိဒဿနနည်း ကာရဏူပစာ, ဌာနူပစာအားဖြင့် ဆိုထားသည် ဟူလို။}

† စိတ္တသီသေန နိဒ္ဒိဋ္ဌတ္တာ။ (ဋီ)

● လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်တို့၏ အဓိပ္ပာယ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိမည်ပုံကို အသီးသီး ရေးသားဖော်ပြပါ။

၁၅၉၆-ဖြေ။ ။တေဘုမ္မက ပရမတ္ထ တရားတို့၏ ဆက်ဆံသော အနိစ္စတာစသော သဘော၊မိမိတို့အသိုးအခြားဥစ္စာဖြစ်သောကကွဋ္ဌ, ဖုသန စသော သဘောသည် လက္ခဏာ-မည်၏။ ပြုအပ်သောကိစ္စနှင့် ပြည့်စုံသောဂုဏ်တို့သည် ရသ-မည်၏။ယောဂိပုဂ္ဂိုလ်ဉာဏ်အား ရှေ့ရှုကပ်၍ ထင်သော အခြင်းအရာသည်ဌင်း, အကျိုးသည်ဌင်း ပစ္စုပဋ္ဌာန်-မည်၏။ "နာမနလက္ခဏံနာမံ,ရုပ္ပနလက္ခဏံ ရူပံ" ဟုလက္ခဏာစသည်တို့၏အစွမ်းဖြင့် ပိုင်းခြားခြင်း၍ နာမ်ရုပ်ကိုသိခြင်း, ဒုက္ခသစ္စာကိုပိုင်းခြားခြင်း၍ မှတ်သားခြင်းသည် နာမ်ရုပ်မှတပါး အတ္တာမည်သည် မရှိဟု,ဖြစ်တတ်သောကြောင့်ဌင်း,အတ္တာဒိဋ္ဌိ တည်းဟူသော အညစ်အကြေးမှ စင်ကြယ်စေတတ်သည်၏ အဖြစ်ကြောင့်ဌင်း ဒိဋ္ဌိဝိသုဒ္ဓိ-မည်ပါသည်။ {နိုးစွာသောအကြောင်းသည် ပဒဋ္ဌာန်-မည်ပါသည်။}

† ဓမ္မာနံ သာမညဉ္စ သဘာဝေါ လက္ခဏံ၊ ကိစ္စ သမ္ပတ္တိယော
ရသော၊ ဉပဋ္ဌာနာကာရော ဖလဉ္စ ပစ္စုပဋ္ဌာနံ။ (ဋီ)

† သာမညံ ဝါ သဘာဝေါ ဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။
ကိစ္စံ ဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပရိဒီပိတော။
ဖလံ ဝါ ပစ္စုပဋ္ဌာနံ၊ ဉပဋ္ဌာန နယော၀ိ ဝါ။
အာသန္နကာရဏံ ယန္တု၊ တံ ပဒဋ္ဌာန သညိတံ။

(အဘိဓမ္မာဝတာရ)

● ကခ်ါဝိတရဏဝိသုဒ္ဓိ၏အဓိပ္ပာယ်ကို ရေးသားဖော်ပြပါ။

၁၅၉၇-ဖြေ။ ။ကာလသုံးပါးတို့၌ နာမ်ရုပ်တို့၏ဖြစ်ခြင်း၏ပစ္စက္ခအနုမာနအားဖြင့် ထင်ရှားသော ကံ-အစရှိသော အကြောင်းကိုပိုင်းခြားခြင်း၍သိခြင်း, သမုဒယသစ္စာကိုပိုင်းခြားမှတ်သားခြင်းသည် ငါသည် အတိတ်ကာလက ဖြစ်ခဲ့ပြီ၌လော-စသော ၁၆-ပါးသော ယုံမှားခြင်း, ဘုရား၌ ယုံမှားခြင်းစသော ရှစ်ပါးသော ယုံမှားခြင်းကို လွန်မြောက်ကြောင်းဖြစ်သောကြောင့်ဌင်း, အကြောင်းမရှိ ဖြစ်၏ ဟူသော အယူ၊ မညီညွတ်သော ဇာသရပကတိ စသော အကြောင်း ကြောင့် ဖြစ်၏ ဟူသော မိစ္ဆာအယူ တည်းဟူသော အညစ်အကြေးကို သုတ်သင်

စင်ကြယ်စေတတ်သည်၏ အဖြစ်ကြောင့်၎င်း ကခ်ါဝိတရဏ ဝိသုဒ္ဓိ-မည်ပါသည်။ (ဦ)

● "တတောပရံ ပန တထာပရိဂ္ဂဟိတေသု သပ္ပစ္စယေသု တေဘူမကသခ်ါရေသု"၌လောကုတ္တရာတရားမပါဘဲအဘယ်ကြောင့် တေဘူမကသခ်ါရကိုသာ ဆိုပါသနည်း။

၁၅၉၈-ဖြေ။ ။လောကုတ္တရာတရားမှာ သခ်ဘပင် ဖြစ်သော်လည်း သမ္မသနဉာဏ်ဖြင့် သုံးသပ်ခြင်းငှာ မခံ့သောကြောင့် လောကုတ္တရာတရားကိုကြဉ်၍ တေဘူမကသခ်ါရတရားကိုသာ ဆိုပါသည်။

{အတီတာဒိဘေဒ-၌ အာဒိဖြင့် ပစ္စုပ္ပန်,အနာဂတ်,အဇ္ဈတ္တ, ဗဟိဒ္ဓ,ဒူရ,အာသန္ဓ,ဟီန,ပဏီတ,သုခုမ,သြဋ္ဌာရိကဘို့ကိုယူ။}

† အနုတ္တရာနံ အသမ္မသ နူပဂတ္တာ အာဟ လောကုတ္တရ ဝဇ္ဇေ သူတိ၊ ဣဒံ တေဘူမကဂ္ဂဟဏ သာမတ္ထိယ လဒ္ဓံ။ (ဇူ)

● မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၏အဓိပ္ပာယ်ကို ရေးသားဖော်ပြပါ။

၁၅၉၉-ဖြေ။ ။သြဘာသ စသော ဝိပဿနာ၏ ညစ်ညူးကြောင်း ဘေးရန်တို့ ဖြစ်ပေါ် လာသောအခါ ငါ့အား စင်စစ်အားဖြင့် ဤသို့သဘောရှိသော သြဘာသ စသည်တို့သည် ရှေးအခါက မဖြစ်ပေါ်ဘူးကုန်။ မချွတ်လျှင် မဂ်,ဖိုလ်သို့ရောက်ပြီ ဤသို့မယူဆဘဲ၊ ဤသြဘာသ စသည်တို့သည် တဏှာ, ဒိဋ္ဌိ, မာန, ဥပက္ကိလေသ သုံးပါးတို့၏ ဖြစ်ရာအာရုံအကြောင်း ဝတ္ထုဖြစ်သောကြောင့် သစ္စာလေးပါးကို သိခြင်း၏ အကြောင်းဖြစ်သော မဂ် မဟုတ်၊ စင်စစ်သော်ကား - ဝိပဿနာ၏ ညစ်ညူးကြောင်းတရားတို့ သာလျှင်တည်း။ ထို တဏှာ,ဒိဋ္ဌိ,မာနတို့၏ အကြောင်းဝတ္ထုအဖြစ်မှ၊ ဝါ-ဝိပဿနာ၏ ညစ်ညူးကြောင်း အဖြစ်မှ လွတ်သော ဥဒယဗ္ဗယာ နုပဿနာ၏အစွမ်းဖြင့် ဝိပဿနာခရီးစဉ်သို့သွားသော ဝိပဿနာဉာဏ်သည်သာလျှင် သစ္စာလေးပါးကိုသိခြင်း၏ အကြောင်းဖြစ်သော မဂ်-မည်၏ဟူ၍ မဂ်ဟုတ်သည်၏ လက္ခဏာ,မဂ် မဟုတ်သည်၏လက္ခဏာကို ပိုင်းခြားမှတ်သားခြင်း, ဆုံးဖြတ်ခြင်းသည် အကြောင်းဟုတ်သည်,မဟုတ်သည်ကိုသိတတ်,မြင်တတ်သည်၏အဖြစ်ကြောင့်၎င်းအကြောင်းမဟုတ်သည်၌ အကြောင်းဟုတ်၏ဟူ၍ဖြစ်သော

သညာကို သုတ်သင်တတ်သည်၏ အဖြစ်ကြောင့်၎င်း မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ-မည်ပါသည်။

● ကေန္တ ဝိပဿနုပက္ကိလေသ, ဥပက္ကိလေသတရားများကိုခွဲပြပါ။

၁၆၀၀-ဖြေ။ ။သြဘာသ စသည်တို့နှင့်တကွဖြစ်သော ဝိပဿနာ ကို တွယ်တာမှုပြုသည့် သိမ်မွေ့သောတဏှာ-ဟု ဆိုအပ်သော နိကန္တိ သည်သာ ကေန္တဝိပဿနုပက္ကိလေသ-မည်ပါသည်။သြဘာသ စသော ကျန် ကိုးပါးကား-ထို သုခုမတဏှာ၏ ဝတ္ထု ဖြစ်လောကြောင့် ဥပက္ကိ လေသ-ဟူ၍သာ ဆိုရပါသည်။ (ထို ဝိပဿနုပက္ကိလေသ တရားကို "ပရိဗန္ဓ"ဟုလည်း ဆိုရသည်။) (ပရမတ္ထဒီပနီ)

{မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသည် သြဘာသစသော ဥပက္ကိ လေသများ ဖြစ်သည်ရှိသော် ဖြစ်၏။ သြဘာသ စသော ဥပက္ကိ လေသတို့ သည်လည်း ဥဒယဗ္ဗယ ဉာဏ်၌ ဖြစ်ကြ ကုန်၏။ ဥဒယဗ္ဗယ ဉာဏ်သည်လည်း လက္ခဏာယာဉ် ၃-ပါး ဖြင့် ဝိပဿနာရှုသောအခါဖြစ်၏ဟု မှတ်လေ။ဤဝိသုဒ္ဓိဖြင့်သမ္မသန ဉာဏ် ပြည့်စုံပါဝင်သွားပြီ။ဤအဖြေဖြင့် မဂ္ဂ-အရ အမဂ္ဂ-အရ သည်၎င်း, မဂ် ဟုတ်သည် - မဟုတ်သည်ကို ဆုံးဖြတ်ပုံအခြင်း အရာသည်၎င်း ပါဝင်သွားပြီ။} (ဋီ)

● ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၏ အဓိပ္ပာယ်ကို ရေးသားဖော်ပြပါ။

၁၆၀၁-ဖြေ။ ။ဥဒယဗ္ဗယဉာဏ်မှစ၍အနုလောမဉာဏ်တိုင်အောင် ကိုးပါးသော ဝိပဿနာဉာဏ်တို့သည် ဉာဏဒဿနဝိသုဒ္ဓိ-ဟု ဆိုအပ် သော အရိယာမဂ်၏ရောက်ကြောင်း ဖြစ်သောကြောင့်၎င်း, လက္ခဏာ ရေးသုံးပါးကိုသိတတ်သော အနက်သဘောကြောင့်၎င်း, မျက်မှောက် အားဖြင့် မြင်တတ်သော အနက်သဘောကြောင့်၎င်း, ဆန့်ကျင်ဘက် ဖြစ်သော ကိလေသာမှ စင်ကြယ်သောကြောင့်၎င်း ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ-မည်ပါသည်။

{ဤဝိသုဒ္ဓိဖြင့်ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်ဘိုင် အောင် ဉာဏ်ကိုးပါး ပြည့်စုံပါဝင်သွားပြီ။} (ဋီ)

● အဘယ့်ကြောင့် အဘယ်တရားကို ဝုဋ္ဌာနဂါမိနီဝိပဿနာခေါ်သည်ဟု အဓိပ္ပာယ်နှင့်တကွ အသီးသီး ဖော်ပြပါ။

၁၆၀၂-ဖြေ။ ။မိမိအားသင့်လျော်သော ဘုံအားလျော်စွာအပါယ်စသောဘုံမှာငင်း, သန်ါရအာဝုံမှငင်း ထ-တတ်သောကြောင့် မဂ်သည် ဝုဋ္ဌာန၊ထို့ဝုဋ္ဌာနမည်သောမဂ်သို့သွားတတ် ရောက်တတ်သောကြောင့် ဂါမိနီ၊ ထိုနှစ်ပါးသော အကြောင်းကြောင့် ဉဒယဗ္ဗယ ဉာဏ်အစရှိသော ဝိပဿနာဉာဏ် ၇-ပါး၏ အထွဋ်အထိပ်သို့ရောက်သော သင့်သော်လောမဉာဏ်နှင့်တကွဖြစ်၍ သန်ါရတရားတို့ဉ် လျစ်လျူရှုတတ်သော သန်ါရုပေက္ခာဉာဏ်ကို ဝုဋ္ဌာနဂါမိနီဝိပဿနာ-ဟု ခေါ်ပါသည်။

{သန်ါရုပေက္ခာဉာဏ် နောက်ဆုံး အဝိုင်းနှင့် အနုလောမဉာဏ်နှစ်ပါးသည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ မည်သည် ဟူလို။ ဝုဋ္ဌာနကား-မဂ်၏ အမည်တည်း။}

† ယထာနုရူပံ အပါယာဒိတောသန်ါရနိမိတ္တတောစ ဝုဋ္ဌဟန်တော ဝုဋ္ဌာနသန်ါတံ မဂ္ဂံ ဂစ္ဆတီတိ ဝုဋ္ဌာနဂါမိနီ။ (ဋီ)

† ယာ သိခါပတ္တာ သာ သာနုလောမာ သန်ါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ ပဒုစ္စတိ။ (သင်္ဂဟ)

* အနုလောမာ, သန်ါရုပေက္ခာ, ထိုနှစ်ဝ, ခေါ်ကြမှန်ပြီ-ဝုဋ္ဌာနဂါမိနီ။ (သစ်)

● ဝုဋ္ဌာနဂါမိနီဝိပဿနာသည် အဘယ်ကို အာရုံပြုပါသနည်း။

၁၆၀၃-ဖြေ။ ။လက္ခဏာရေးသုံးပါးကိုအာရုံပြုပါသည်။ (လက္ခဏာ ဆိုသည်ကား - ပညတ်နှင့် အလားတူသော နဝတ္တုဗ္ဗဓမ္မမျိုးပင် ဖြစ်သည်။)

† ဝုဋ္ဌာန ဂါမိနီ ပန ဝိပဿနာ ကိမာရမ္မဏာတိ၊ လက္ခဏာရမ္မဏာတိ၊ လက္ခဏံနာမ ပညတ္တိဂတိကံ နဝတ္တုဗ္ဗဓမ္မာဟုတံ။ (အဋ္ဌသာလိနီ)

● "တဿာနန္တရမေဝ မဂ္ဂေါ ဒုက္ခသစ္စံ ပရိဇာနန္တော"ဉ် သိုပံအခြင်းအရာ ပရိဇာနန်ကာရကား-အဘယ်ပါနည်း။

၁၆၀၄-ဖြေ။ ။"ဒုက္ခံ တေဘူမကံ ဝဋ္ဌံ" ဟူသည်နှင့်အညီ ဒုက္ခသစ္စာကား-လောကီစိတ် ဧကာသီတိ,လောဘကြဉ်သော စေတသိက် ဧကပညာသ, ရုပ်အဌဝီသ ဤမျှသာတည်း။ ထိုထက် အယုတ်,အလွန် မရှိဟု ပိုင်းခြားရှိသိခြင်းပင် ဖြစ်ပါသည်။

† ပရိဇာနန္တောတိ ဧတ္တကံ ဒုက္ခံ၊ နဏ္ဍတော ဦနာဓိကန္တိ ပရိစ္ဆိဇ္ဇ ဇာနန္တော။ (ဋီ)

● "နိရောဓသစ္စံ သစ္ဆိကရောန္တော"၌ အဘယ်သို့ပြုသည်ကို သစ္ဆိကရောန္တ-ဟု ဆိုပါသနည်း။

၁၆၀၅-ဖြေ။ ။အာရုံပြုသည်၏ အစွမ်းဖြင့် မျက်မှောက်ပြုသည်ကို သစ္ဆိကရောန္တ-ဟု ဆိုပါသည်။

† သစ္ဆိကရောန္တောတိ အာရမ္မဏ ကရဏဝသေန သစ္ဆိကရောန္တော။ (ဋီ)

● "မဂ္ဂသစ္စံ ဘာဝနာဝသေန"၌ အဘယ်သို့ပြုသည်ကိုပွားသည်ဟု ဆိုပါသနည်း။

၁၆၀၆-ဖြေ။ ။သမ္မာဒိဋ္ဌိသည် မိမိနှင့်ယှဉ်ဘက်ဖြစ်သော သမ္မာသင်္ကပ္ပံစသော ၇-ပါးပြားသော မဂ္ဂင်-ဟု ဆိုအပ်သော မဂ္ဂသစ္စာနှင့် သဟဇာတစသောပစ္စည်းအဖြစ် အတူတကွဖြစ်ခြင်းသည်ပင်ထို ၇-ပါးပြားသောမဂ္ဂင်ဟုဆိုအပ်သောမဂ္ဂသစ္စာကိုပွားစေသည်ဟုဆိုပါသည်။

† မဂ္ဂသစ္စံ ဘာဝနာဝသေနာတိ မဂ္ဂသစ္စသခ်ါတဿ သမ္ပယုတ္တ မဂ္ဂင် သခ်ါတဿ စတုတ္ထသစ္စဿ သဟဇာတာဒိ ပစ္စယော ဟုတ္ဘာ ဝဍုနစသေန။ (ဋီ)

● တခုသော မဂ်ခဏ၌ မဂ်ဥာဏ် တခုတည်းက ဒုက္ခသစ္စာကို ပိုင်းခြားရှိသိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကိုမျက်မှောက်ပြုခြင်း,မဂ္ဂသစ္စာကိုပွားစေခြင်း-ဟုဆိုအပ်သောကိစ္စလေးပါးကို တပြိုင်တည်း ပြီးစေနိုင်ပုံကို အဘယ်သို့ မှတ်ရမည်နည်း။

၁၆၀၇-ဖြေ။ ။ဆီမီးသည်ဆီမီးစာကိုလောင်ခြင်း,အမိုက်ကိုဖျောက်ခြင်း,အလင်းကို မြင်စေခြင်း,ဆီကိုခန်းခြောက်စေခြင်း-ဟုဆိုအပ်သော

ကိစ္စလေးပါးကို တပြိုင်တည်း ပြီးစေသကဲ့သို့ မဂ်,ဉာဏ်တခုတည်းက လည်း ပရိညာ,ပဟာန,သစ္ဆိကိရိယ,ဘာဝနာကိစ္စလေးပါးကို တပြိုင် တည်းပြီးစေသည်ဟု မှတ်ရပါမည်။ (သူရိယူပမာလည်း ထို့အတူ။)

† ဧကဿေဝ ဉာဏဿ စတုကိစ္စသာဓနံ ပဒီပါဒီနံ ဝဋ္ဌိဒါဟာဒိ စတုကိစ္စဒဿနတော သမ္ပဋ္ဌိစ္ဆိတဗ္ဗံ။ (ဋီ)

● မဂ်ခဏ၌ ဒုက္ခသစ္စာကိုပိုင်းခြား၍သိခြင်းစသော ကိစ္စလေးပါး ကို တပြိုင်နက် ပြီးစေသည် ဆိုရာ၌ မဂ်ခဏ၌ မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို အာရုံမပြုဘဲလျက် အဘယ်သို့ သိနိုင်မည်နည်း၊ သိပုံအခြင်းအရာများကိုလည်း ရှင်းလင်းခဲ့ပါ။

၁၆၀၈-ဖြေ။ ။သိခြင်းသည် အာရမ္မဏပဋိဝေဓ အသမ္မောဟပဋိ ဝေဓဟု နှစ်မျိုးရှိရာ၊မဂ်ခဏ၌နိရောဓသစ္စာနိဗ္ဗာန်ကိုသာအာရမ္မဏပဋိ ဝေဓဖြင့်သိ၍ ဒုက္ခသစ္စာစသော သစ္စာသုံးပါးကို သိရခြင်းကား-အာရုံ ပြုသောအားဖြင့် သိခြင်းမျိုးမဟုတ်။နိဗ္ဗာန်ကိုအာရုံပြုရင်းပင်ကျန်သစ္စာ သုံးပါး၌ တွေဝေခြင်းမရှိဘဲ အသိဉာဏ် ရှင်းလင်းပြီးသား ဖြစ်သွား၍ အသမ္မောဟပဋိဝေဓအသိဖြင့် သစ္စာသုံးပါးကိုသိသည်ဟု ဆိုလိုသည်။

[နိရောဓသစ္စာကား-အသိနှစ်မျိုးလုံးပင် ရသင့်သည်။ ကျန် သစ္စာသုံးပါးမှာကား-အသမ္မောဟပဋိဝေဓသာ ရသည်။]

(မဟာဋီကာ)

● မဂ်, ဖိုလ်နောင် အဘယ် ပုဂ္ဂိုလ်တို့အား အဘယ်မျှသော ပစ္စဝေက္ခဏာဝီထိများဖြစ်သည်ဟု အသီးသီးရေတွက်ပြပါ။

၁၆၀၉-ဖြေ။ ။သောတာပန် ပုဂ္ဂိုလ်အား မိမိရပြီးသော မဂ်ကို ဆင်ခြင်သည် တဝီထိ၊ ဖိုလ်ကိုဆင်ခြင်သည် တဝီထိ၊ နိဗ္ဗာန်ကို ဆင်ခြင် သည် တဝီထိ၊ ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်သည် တဝီထိ၊ ကြွင်းကျန်သေးသောကိလေသာတို့ကို ဆင်ခြင်သည် တဝီထိ၊ ပေါင်း ငါးဝီထိ ဖြစ်ပါသည်။ ထို့အတူ သကဒါဂါမ်, အနာဂါမ်တို့မှာလည်း ငါးဝီထိစီ ဖြစ်ရကား-သေက္ခပုဂ္ဂိုလ် သုံးယောက်မှာ ၁၅-ဝီထိ ဖြစ်ပါ သည်။ (ပယ်အပ်သောကိလေသာ,ကြွင်းသော ကိလေသာတို့ကို အချို

ဧသေက္ခပုဂ္ဂိုလ်များ ဆင်ခြင်၏၊ အဆွေမြီမဆင်ခြင်။ ဤဆင်ခြင်မှု,မဆင်ခြင်မှု ကား-ပုဂ္ဂိုလ်၏ အလိုအတိုင်းသာဖြစ်၏။ (ရဟန္တာပုဂ္ဂိုလ်မှာကား-ကြွင်းသော ကိလေသာမရှိသောကြောင့် လေးဝိထိသာဖြစ်၏။ ပေါင်းသော် ပစ္ဆာဇေက္ခာဝိထိပေါင်းကား-၁၉-ဝိထိ ဖြစ်ပါသည်။ (ဋီ)

● အဘယ် တရားသည် အဘယ့် ကြောင့် ဉာဏဒဿန ဝိသုဒ္ဓိ မည်ပါသနည်း။

၁၆၁၀-ဖြေ။ ။သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ (မူလဝိသုဒ္ဓိ ၂-ပါး) ဒိဋ္ဌိ, ကင်္ခါဝိတရဏ, မဂ္ဂါမဂ္ဂ ဉာဏဒဿန, ပဋိပဒါဉာဏဒဿန, (သရီရ ဝိသုဒ္ဓိလေးပါး) ဝိသုဒ္ဓိဟုဆိုအပ်သော ခြောက်ပါးကုန်သော ဝိသုဒ္ဓိတို့၏အစဉ်ဖြင့် ပွားစေအပ်သော လေးပါးအပြားရှိသော မဂ်သည် သစ္စာလေးပါးတို့ကို သိတတ်သောကြောင့်၎င်း, မုဆိုးမှောက် ပြုတတ်သော ကြောင့်၎င်း,ဝိလေသာအညစ်အကြေးတို့မှစင်ကြယ်သောကြောင့်၎င်း ဉာဏဒဿနဝိသုဒ္ဓိ-မည်ပါသည်။ (ဋီ)

{ဆုံသုဒ္ဓိကား-လောကီ,ဉာဏဒဿနကား-လောကုတ္တရာ စတုဋ္ဌမဈာန-၌ မဂ္ဂင်္ဂသဒ္ဒါဖြင့် မဂ်ဉာဏ်လေးပါး,ဖိုလ်ဉာဏ်လေးပါးကိုပါယူ။}

† သင်္ဂဟဝါနှင့်ရာ တည်း၊ ပုဗ္ဗဘာဂါ ဆ လောကီယာ။

(ပရမတ္ထဝိနိစ္ဆယ)

● ဝိသုဒ္ဓိ ၇-ပါးနှင့် ဉာဏ်ဆယ်ပါးကို အသီးသီး တွဲစပ်ပြပါ။

၁၆၁၁-ဖြေ။ ။သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ ဤဝိသုဒ္ဓိလေးပါးတို့၌ ရှိ,နာမ်တရားတို့ကို လက္ခဏာယာဉ်သုံးပါးဖြင့် မသုံးသပ်ဗျဲသေးသောကြောင့် သမ္မသနဉာဏ် မဖြစ်သေး၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ-၌ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် ပိုင်းတစ်ဟ် ဖြစ်၏။ ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ-၌ ဥဒယဗ္ဗယဉာဏ် ရှေနောက်ပိုင်းတစိတ်နှင့်ဘင်္ဂဉာဏ်,ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်,

အနုံလောမညာဏ်များဖြစ်ကြ၏။ ဉာဏဒဿနဝိသုဒ္ဓိဌာန -နိဗ္ဗာန်ကို အာရုံပြုသဖြင့် သခ်ါရတရားတို့၌ အနိစ္စ, ဒုက္ခ, အနတ္တ-ဟု ရှုဘို့ မလို သောကြောင့် ဝိပဿနာဉာဏ်ဖြစ်ဘို့လည်း မလိုတော့ပြီ။

ဝိသုဒ္ဓိဘေဒအဖြေ ပြီး၏။

ဝိမောက္ခဘေဒ အဖြေ

●

● ဝိမောက္ခ,ဝိမောက္ခမုခ,အာဂမနတို့၏ အဓိပ္ပာယ်ကို အသီးသီး ရေးသားဖော်ပြပါ။

၁၆၁၂-ဖြေ။ ။"ဝိမုစ္စတိတိ ဝိမောက္ခော"ဟူသော ဝစနတ္ထနှင့် အညီ အတ္တာဘိနိဝေသ, ဝိပလ္လာသနိမိတ္တ, တဏှာပဏိဓိ-ဟု ဆိုအပ် သော ဆန့်ကျင်ဘက်မှ၊ ဝါ-ကိလေသာ-ဟု ဆိုအပ်သော ဆန့်ကျင် ဘက်မှ သမုစ္ဆေဒဝိမုတ္တိ,ပဋိပဿဒ္ဓိဝိမုတ္တိအားဖြင့် လွတ်တတ်သည်၏ အဖြစ်ကြောင့် လောကုတ္တရာမဂ်နှင့်ဖိုလ်သည် ဝိမောက္ခ-မည်ပါသည်။ (နိဗ္ဗာန်နှင့်တကွ လောကုတ္တရာတရားကိုးပါးကို ဝိမောက္ခ ခေါ်သည် လည်းရှိ၏။) "ဝိမောက္ခဿ မုခံ ဝိမောက္ခမုခံ" ဟူသော ဝစနတ္ထနှင့် အညီ အတ္တာဘိနိဝေသနှင့်ကိလေသာ-ပ၊သော ဆန့်ကျင်ဘက်မှလွတ် တတ်သော လောကုတ္တရာမဂ်၏အကြောင်းဖြစ်သော သုညတာနုပဿ နာ,အနိမိတ္တာနုပဿနာ,အပ္ပဏိဟိတာနုပဿနာသုံးပါးသည်မဂ်ဖိုလ် သို့ဝင်ကြောင်းဖြစ်သောကြောင့် ဝိမောက္ခမုခ-မည်ပါသည်။ (ဝုဋ္ဌာန ဂါမိနီ ဝိပဿနာပင်တည်း။) "အာဂ စ္ဆတိ ဇေတန မဂ္ဂေါ ဖလန္တိတိ အာဂမနံ" ဟူသောဝစနတ္ထနှင့်အညီ မဂ်နှင့်ဖိုလ်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းဖြစ်သော ဝိပဿနာဉာဏ်နှင့်မဂ်သည် (ဝိပဿနာနှင့်မဂ်, မဂ်နှင့်ဖိုလ် အကြောင်း အကျိုးဟပ်) အာဂမန - မည်ပါသည်။ (ဝိပဿနာသည်လည်း ဝုဋ္ဌာနဂါမိနီဝိပဿနာ-ဟု မှတ်လေ။)

† ပဋိပက္ခတော ဝိမုတ္တိဝသေန ဝိမောက္ခသဒ်ါတသလောကုတ္တရ မဂ္ဂဖလဿ ဒွါရံ ဟောတိ။ ။အာဂန္ဆတိ ဧတေန မဂ္ဂေါ ဖလန္တိ ဝိပဿနာ မဂ္ဂေါ့ဏ္ဍမ် အာဂမနံ နာမ။ (ဋီ)

* မဂ်-ဖိုလ်နှစ်တန်, ဝိမောက္ခ, ခေါ်ရန်-အမည်ရ။

* လောကုတ္တရာ, ကိုးပါးမှာ, မောက္ခ-တနည်းပြ။

* ဝိမောက္ခဟု, မုခမည်သာ, နုပဿနာ, ခေါ်ပါလေကုန်ကြ။

* ဝိပဿနာ ဉာဏ, မဂ္ဂ နှစ်ဖြာ, အာဂမနာ, သညာတ မည်သ။

* နုပဿနာနှင့်, ဝိပဿနာ, နှစ်မည်မှာ, ဝုဋ္ဌာနာဂါမိဈ။ (သစ်)

● မဂ်တပါးကညီးကအမည်သုံးပါးရပုံကို လက္ခဏာယာဉ်သုံးပါး နှင့်ယှဉ်စပ်၍ပြပါ။

၁၆၁၃-ဖြေ။ ။သဒ်ါရတရားတို့ကို အနတ္တ-ဟု ရှုလျှင် သုညတ ဝိမောက္ခ မည်သော သောတာပတ္တိမဂ်ကို ရနိုင်ပါသည်။ အနိစ္စ-ဟု ရှုလျှင် အနိမိတ္တဝိမောက္ခမည်သောသောတာပတ္တိမဂ်ကိုရနိုင်ပါသည်။ ဒုက္ခ-ဟုရှုလျှင် အပ္ပဏိဟိတ ဝိမောက္ခမည်သော သောတာပတ္တိမဂ်ကို ရနိုင်ပါသည်။

{သကဒါဂါမိမဂ် စသည်တို့၌လည်းလက္ခဏာယာဉ်သုံးပါး နှင့်ယှဉ်၍ အမည်သုံးပါးရပုံကို သိပါ။}

● မဂ်နှင့် ဖိုလ်တို့သည် အဘယ်၏ အစွမ်းအားဖြင့် သည်တ ဝိမောက္ခစသော အမည်သုံးပါးကို ရပါသနည်း။

၁၆၁၄-ဖြေ။ ။မဂ်သည်သည်တာနုပဿနာ, အနိမိတ္တာနုပဿနာ, အပ္ပဏိဟိတာနုပဿနာ-ဟုဆိုအပ်သော ဝိပဿနာဇမန၏အစွမ်းဖြင့်ဌင်း, မဂ်ဖိုလ်တို့သည် သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်တို့ကိုလည်း အာရုံပြု၍ ဖြစ်ကြသောကြောင့် ထို သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပ္ပဏိဟိတနိဗ္ဗာန်အာရုံဟုဆိုအပ်သောအာရမ္မဏ၏ အစွမ်းဖြင့်ဌင်း, ရာဂအစရှိသည်တို့မှဆိတ်သော သုညတဂုဏ်, ရုပ်အာရုံ

အစရှိသည်မှကင်းသော အနိမိတ္တဂုဏ်, ကိလေသာဟူသော ဘောင့်တခြင်းမှကင်းသော အပ္ပဏိဟိတဂုဏ်-ဟူဆိုအပ်သော မိမိ၏ဂုဏ်သရေ၏အစွမ်းဖြင့်ဌင်း, သုညဘဝိမောက္ခ, အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတ ဝိမောက္ခဟူသော အမည်သုံးပါးကို ရပါသည်။

မဂ္ဂ ဝိထိဌ် ဖြစ်သော ဖိုလ်သည် ထို မဂ် အတူပင် မဂ္ဂင်ဂမန, အာရမ္မဏ, သရုသ၏ အစွမ်းဖြင့် သုညတ ဝိမောက္ခ စသော အမည်သုံးပါးကို ရပါသည်။

ဖလသမာပတ္တိ ဝိထိဌ် ဖြစ်သော ဖိုလ်သည် ဝိပဿနာဂမန, အာရမ္မဏ, သရုသ၏ အစွမ်းဖြင့် သုညဘ ဝိမောက္ခ စသော အမည်သုံးပါးကို ရပါသည်။

{ဖလသမာပတ္တိ ဝိထိဖြစ်သောအခါ မဂ်ဖြစ်ခြင်း မရှိသော ကြောင့် မဂ်သည် ဤဝိထိဌ် ဖိုလ်ဖြစ်ခြင်း၏အကြောင်းမဖြစ်နိုင်၊ ထို့ကြောင့် မဂ္ဂင်ဂမန အကြောင်းကို မရဟုမှတ်၊ အားလုံးပေါင်းလိုက်လျှင် မဂ်မှာ-ဝိပဿနာဂမန, အာရမ္မဏ, သရုသ အကြောင်းသုံးပါး၊ ဖိုလ်မှာ - မဂ္ဂင်ဂမန, ဝိပဿနာဂမန, အာရမ္မဏ, သရုသ အကြောင်းလေးပါး ဖြစ်သည်။} (၌)

* မိမိဂုဏ်မှာ, သရုသာ, ခေါ်ပါ-လေကုန်ကြ။ (သစ်)

● သုံးဆယ့်ခြောက်ပါး မဂ်ဘရားဖြစ်ပုံကို ဖော်ပြပါ။

၁၆၁၅-ဖြေ။ ။သောတာပတ္တိမဂ်ဌ ဝိပဿနာဂမန၏ အစွမ်းဖြင့် သုညဘဝိမောက္ခမည်သောသောတာပတ္တိမဂ်တပါး, အနိမိတ္တဝိမောက္ခမည်သော သောတာပတ္တိမဂ်တပါး, အပ္ပဏိဟိတဝိမောက္ခ မည်သော သောတာပတ္တိမဂ်တပါး၊ ပေါင်း သုံးပါးကို ရနိုင်ပါသည်။ ထို့အတူ အာရမ္မဏအစွမ်းဖြင့် သုညတဝိမောက္ခစသော အမည်သုံးပါး၊ သရုသ၏အစွမ်းဖြင့်လည်း သုညတဝိမောက္ခ စသော အမည်သုံးပါးကို ရနိုင်သဖြင့် ပေါင်းသော် သောတာပတ္တိမဂ်ဌ အမည် ကိုးပါး။ ထို့အတူ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်တို့ဌ်လည်း ကိုးပါးစီရနိုင်၍ ပေါင်းသော် မဂ်လေးပါးဌ် မဂ်အမည်ပေါင်း ၃၆-ပါးဖြစ်ပါသည်။

● လေးဆယ့်ရှစ်ပါး ဖိုလ်တရားဖြစ်ပုံကို ဖော်ပြပါ။

၁၆၁၆-ဖြေ။ ။ဖလသမာပတ္တိဝီထိ၌လည်း ဤမဂ္ဂဝီထိနှင့်အတူရနိုင်သောကြောင့် ဖိုလ်ပေါင်း ၃၆-ပါး ဖြစ်ပါသည်။ မဂ္ဂဝီထိ၌ ဝိပဿနာဂမန၏အစွမ်းဖြင့်သာရသော ဖိုလ်ပေါင်း ၁၂-ပါးနှင့် ပေါင်းသော် အားလုံးဖိုလ်လေးပါး၌ ဖိုလ်အမည်ပေါင်း ၄၈-ပါး ဖြစ်ပါသည်။

● လက္ခဏာယာဉ် သုံးပါးတို့တွင် တပါးပါးကို ရှုရုံမျှနှင့် မဂ်ကို ရနိုင်, မရနိုင် ဆုံးဖြတ်ခဲ့ပါ။

၁၆၁၇-ဖြေ။ ။မရနိုင်ပါ၊ သုံးပါးစုံကို ရှုမှသာ ရနိုင် ပါသည်။ သုံးပါးစုံကို ရှုသင့်ပါသည်။

† အနိစ္စာဒီသု ဟိ ယတ္ထကတ္ထစိ အဘိနိဝိသိတ္ဆာ ဇုတရမ္ပိ လက္ခဏ ဒွယဉ္စ ဒဋ္ဌုံ ဝဋ္ဌတ်ဝေ၊ ကေလက္ခဏဒဿနမတ္တေနေဝ ဟိ မဂ္ဂ ဝုဋ္ဌာနံနာမ နဟောတိ။ (အဋ္ဌသာလိနီ)

● သုံးပါးစုံကိုရှုမှ မဂ်ကိုရလျှင် လက္ခဏာသုံးပါး တပြိုင်တည်း ထင်သည်ဟု မှတ်ရမည်လော။

၁၆၁၈-ဖြေ။ ။မမှတ်ရပါ၊ လက္ခဏာသုံးပါး တပြိုင်တည်း ထင်ရိုး မရှိပါ။ ထိုသို့ ဆိုခြင်းသည် လက္ခဏာသုံးပါးလုံး ကမ္မဋ္ဌာန်းအာရုံ ထင်နိုင်သည်၏အဖြစ်ကို ပြခြင်းငှာသာ ဆိုခြင်းဖြစ်ပါသည်။

† တိဏ္ဏံဉ္စ ကေတော အာပါထ ဂမနံနာမ နတ္ထိ၊ ကမ္မဋ္ဌာနဿ ပန ဝိဘူတဘာဝဒီပနတ္ထံ ဧဝံ ဝုတ္တံ။ (အဋ္ဌသာလိနီ)

● လက္ခဏာသုံးပါးကိုရှု၍ လက္ခဏာသုံးပါး တပြိုင်တည်း ထင်ရိုး မရှိလျှင် ရလာသောမဂ်သည် အဘယ်သို့လျှင် သုညတ စသော အမည်သုံးပါးကို ရမည်နည်း။

၁၆၁၉-ဖြေ။ ။သုံးပါးစုံကို ရှုရမည် ဆိုသည်မှာ၊ ဝုဋ္ဌာန ဂါမိနီ ဝိပဿနာသို့ မရောက်မီ ရှေးအဘို့ကို ဆိုပါသည်။ ထိုသို့ ရှေးအဘို့၌ လက္ခဏာသုံးပါးတွင်တပါးပါးကိုရှုသော်လည်းဝုဋ္ဌာနဂါမိနီဝိပဿနာ

အခိုက်၌ကား-ဝုဋ္ဌာနဂါမိနိဝိပဿနာသည် တပါးပါးကိုသုံးသပ်သဖြင့် သုညတစသော အမည်သုံးပါးကို အသီးသီး ရနိုင်ပါသည်။

၂ရှေးအဘို့က လက္ခဏာသုံးပါးကိုအမှတ်မရှိရှု၊ဝုဋ္ဌာနဂါမိနီ ဝိပဿနာအခိုက်ကား-ဝုဋ္ဌာနဂါမိနီ ဝိပဿနာက အနိစ္စအား ဖြင့် သုံးသပ်၍ ရလာသောမဂ်သည် အနိမိတ္တမဂ်၊ဒုက္ခအားဖြင့် သုံးသပ်၍ ရလာသောမဂ်သည် အပ္ပဏိဟိတမဂ်၊ အနတ္တအား ဖြင့် သုံးသပ်၍ ရလာသောမဂ်သည် သုညတမဂ်-ဟု အမည်သုံး ပါးကို အသီးသီးရနိုင်သည်ဟူလို။ ထို့ကြောင့် သင်္ဂြိဟ်၌လည်း ''တသ္မာ ယဒါ ဝုဋ္ဌာနဂါမိနိဝိပဿနာ အနတ္တတော ဝိပဿတိ။ 'လ'ယဒါ အနိစ္စတော ဝိပဿတိ။'လ'ယဒါ ဒုက္ခတော ဝိပဿတိ 'လ'ဟုဆိုခြင်းဖြစ်သည်၊အမည်သုံးပါးကား-သုတ္တန္တပရိယာယ် အားဖြင့်ဆောင်၍ပြခြင်းဖြစ်သည်။အဘိဓမ္မာ၌အနိမိတ္တမဂ်မရှိ။ သုညတ, အပ္ပဏိဟိတ ၂-ပါးသာ ရှိသည်။ ယခုခေတ် အချို့ ကမ္မဋ္ဌာန်းဆရာများက သောတာပတ္တိမဂ်ရဘို့ အနတ္တလက္ခဏာ ကို အလျင်ရှုရမည်။ သကဒါဂါမိမဂ်ရဘို့ အနိစ္စ လက္ခဏာကို ဒုတိယရှုရမည်။အနာဂါမိမဂ်,အရဟတ္တမဂ်ရဘို့ ဒုက္ခလက္ခဏာ ကို တတိယရှုရမည်ဟုဟောပြောပြသနေကြခြင်းကား-အထက် ပါ ကျမ်းဂန် သဘောအရ သောတာပတ္တိမဂ် တခုတည်းက လက္ခဏာသုံးပါးနှင့်တွဲ၍ သုညတ,အနိမိတ္တ, အပ္ပဏိဟိဘမဂ် အမည်သုံးပါး ရနေသည်ကို သဘော မပေါက်သောကြောင့် ဖြစ်ပေလိမ့်မည်။ သတိပြုကြပါကုန်။ (အဋ္ဌသာလိနီ)

၂လယ်တီဆရာတော်ကား-သမ္မသနဉာဏ်၌ အနိစ္စလက္ခဏာ ကိုပြခြင်းသာ ပြဋ္ဌာန်းသည်။ အနိစ္စလက္ခဏာကိုမြင်လျှင် ကြွင်း လက္ခဏာများကို အစဉ်အတိုင်း မြင်နိုင်သည်။ အနိစ္စလက္ခဏာ ကိုမမြင်လျှင် ကြွင်း လက္ခဏာများကို မမြင်နိုင်၊ ထို့ကြောင့် အနိစ္စ လက္ခဏာသာလျှင် ထင်မြင်လွယ်သည်ဟု မှတ်ရမည်။ ဤသို့ မိန့်တော်မူ၏။၂

ဝိပေါက္ခဘေဒအဖြေ ပြီး၏။

ပုဂ္ဂလနှင့် သမာပတ္တိဘေဒ အဖြေ

●

● "သတ္တက္ခတ္တုပရမော သောတာပန္နောနာမ ဟောတိ"-၌ သတ္တက္ခတ္တုပရမ သောတာပန် ဟူသည် အဘယ်ဘုံ၌ ၇-ကြိမ် ပဋိသန္ဓေနေသည်ကို ဆိုလိုပါသနည်း။

၁၆၂၀-ဖြေ။ ။ကာမဘုံ၌ ၇-ကြိမ် ပဋိသန္ဓေနေ၍ ၈-ကြိမ်မြောက် ကာမဘုံ၌ ပဋိသန္ဓေမနေသော သောတာပန်ကိုသာရည်၍ ဆိုခြင်းဖြစ်ပါသည်။ရူပါရူပဘုံတို့၌ကား-၇-ကြိမ်ထက် အလွန်လည်း နေကောင်းသေးသည်ဟု ဆရာများ ဆိုကြပါသည်။

† ရူပါရူပ သုဂတိဘဝံ ဖန သတ္တဝါရတော ပရမ္ပိ ဂစ္ဆတီတိ အာစရိယာ။ (ဋီ-ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ)

● သောတာပန်အမျိုးအစားကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြပါ။

၁၆၂၁-ဖြေ။ ။လူ့ပြည် နတ်ပြည် အရောအားဖြင့် ၇-ကြိမ်သာ ပဋိသန္ဓေနေ၍ပရိနိဗ္ဗာန်ပြုလတ္တံ့သော သတ္တက္ခတ္တုပရမ သောတာပန်၊ ကာမဘုံ၌ ၂-ကြိမ် ၃-ကြိမ်သာပဋိသန္ဓေနေ၍ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကောလံကောလ သောတာပန်၊ ဤ လူ့ပြည်၌ တကြိမ်သာပဋိသန္ဓေနေ၍ပရိနိဗ္ဗာန်ပြုလတ္တံ့သောဧကဗီဇီ သောတာပန်ဟူ၍ သောတာပန် သုံးမျိုး သုံးစား ရှိပါသည်။ (ဇူ)

{သဒ္ဓါစသော ဗုဒ္ဓေအနုအရင့်ကိုလိုက်၍ဌင်း,အထက်မဂ်ကို အားထုတ်သောဝိပဿနာအထက်-အနုကိုလိုက်၍ဌင်း သုံးမျိုး ပြားရသည်။ မုဒိန္ဒြိယဖြစ်လျှင် သတ္တက္ခတ္တုပရမ၊ မဇ္ဈိမိန္ဒြိယ ဖြစ်လျှင် ကောလံကောလ၊ တိက္ခိန္ဒြိယ ဖြစ်လျှင် ဧကဗီဇီ၊ ဝိပဿနာထက်လျှင် ဧကဗီဇီ၊ အနည်းငယ်ညံ့လျှင် ကောလံကောလ၊ ထို့ထက်ညံ့လျှင် သတ္တက္ခတ္တုပရမ ဖြစ်သည်။}

● "ရာဂ ဒေါသမောဟာနံ တနုကရတ္တာ"-၌ အဘယ်၌ရှိသော မောဟကို ယူရပါမည်နည်း။

၁၆၂၂-ဖြေ။ ။ဒိဋ္ဌဂတဝိပ္ပယုတ်, ပဋိဃသမ္မယုတ်၌ ယှဉ်သော မောဟကိုသာ ယူရပါမည်။ ဥဒ္ဓစ္စနှင့်ယှဉ်သော မောဟကို မယူရပါ။ ထိုမောဟကို အရဟတ္တမဂ် ပယ်ပါသည်။

† ရာဂဒေါသ မောဟာနန္တိ မောဟဋ္ဌဟဏံ ရာဂ ဒေါသေ ကဋ္ဌ မောဟံ သန္ဓာယာတိ ဒဋ္ဌဗ္ဗံ။ (ဋီ)

● "သကဒါဂါမိမဂ် ပယ်စဉ်၌ ရာဂဒေါသ မောဟာနံ တနုက ရတ္တာ"လောက်တွင်ဆို၍ သောတာပတ္တိမဂ်တုံးကပယ်ခဲ့သော ဘရားများကိုကား - အဘယ့်ကြောင့် ထည့်မဆို ပါသနည်း၊ သောတာပတ္တိမဂ်ပယ်ခဲ့သောဘရားများကို မပယ်နိုင်၍လော။

၁၆၂၃-ဖြေ။ ။မဟုတ်ပါ၊ သောတာပတ္တိမဂ်ထက် သကဒါဂါမိမဂ်က ကြိုးမြတ်သည်ဖြစ်၍ သောတာပတ္တိမဂ်ပယ်နိုင်လျှင် သကဒါဂါမိမဂ်လည်း ပယ်ပြီးသားပင် ဖြစ်သည်ဟူသောအနက်သည် ထင်ရှားနေသောကြောင့် အထူးထည့်၍ မဆိုတော့ပါ။ (ဋီဟောင်း)

● "သကဒါဂါမိမဂ္ဂံ ဘာဝေတ္ဝာ ရာဂဒေါသမောဟာနံ တနုက ရတ္တာ"ဥ္စ ရာဂ, ဒေါသ, မောဟ-ဘို၏ ခေါင်းပါးသည်၏အဖြစ်ကို အဘယ်သို့ သိမှတ်ရမည်နည်း။

၁၆၂၄-ဖြေ။ ။အဓိစ္စုပ္ပတ္တိ (တခါတရံ အလွန်ကြာမြင့်မှ ဖြစ်ခြင်း) ပရိယုဋ္ဌာနမန္ဒတာ (ထကြွမှု အားသေးခြင်း) ကြောင့် ခေါင်းပါးသည်၏အဖြစ်ကို သိအပ်ပါသည်။

{ဝဋ္ဋဉ္စကျင်လည်သောလူများအပေါင်းသည် ထူထပ်သော ကိလေသာများ အမြဲမပြတ်ဖြစ်သကဲ့သို့ မဖြစ်ဘဲ သကဒါဂါမိမဂ်လည်း တခါတရံသာ ဖြစ်သည်၊ တခါတရံ ဖြစ်သော်လည်း ကျဲကျဲပါးပါးသာဖြစ်သည်ဟူလို။}

† ဒွီဟိ ကာရဏေဟိ တနုဘာဝေါ ဝေဒိတဗ္ဗော၊ အဓိစ္စုပ္ပတ္တိယာ စ ပရိယုဋ္ဌာနမန္ဒတာ စ။ (အဋ္ဌသာလိနီ)

● သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် အိမ်ထောင်ခြင်း, ကိုယ်ဝန်ဆောင်ခြင်း, သားမွေးခြင်းရှိသောကြောင့် အလွန်ကြာမြင့်မှ တခါတရံ၊

ကိလေသာ ဖြစ်သော်လည်း ဖြစ်သောအခါ ထူထပ်သော ကိလေသာတို့သာ ဖြစ်သည်မဟုတ်ပါလော။

၁၆၂၅-ဖြေ။ ။မဟုတ်ပါ။ ကိုယ်ဝန်ဆောင်ခြင်း, သားသို့မွေးခြင်း ဘိုကား-ထူထပ်သော ကိလေသာ ရာဂစကြောင့်သာ မွေးဖွားနိုင်သည် မဟုတ်။ ကိုယ်အင်္ဂါကို သုံးသပ်ခါမျှဖြင့်လည်း မွေးဖွားနိုင်၍ လိုရင်း မဟုတ်သောကြောင့် ထူထပ်သော ကိလေသာမျှား မဖြစ်ပါ။

{အမှန်မှာ-မင်္ဂလစ်ပါးတို့ဖြင့် နှစ်ဆင့်ပယ်ထားသောကြောင့် ထူထပ်သော ကိလေသာမျှားမရှိတော့ဘဲ ကျသော ပါးသော ကိလေသာမျှားသာ ဖြစ်တော့သည်ဟု မှတ်ပါ။}

(အဋ္ဌသာလိနီ)

● ဧကဗီဇီ သောတာပန်နှင့် သကဒါဂါမ်မှာ အဘယ်သို့ထူးခြားပါသနည်း။

၁၆၂၆-ဖြေ။ ။ကေဗီဇီ သောတာပန်မှာ ပဋိသန္ဓေ တကြိမ်သာ နေ၍၊ သကဒါဂါမ်မှာ ပဋိသန္ဓေနှစ်ကြိမ် နေပါသည်။ ဤသို့ ထူးခြားပါသည်။ (ပဉ္စမကြိုက် ပုဂ္ဂလပညတ် အဋ္ဌကထာ)

● "ဖလသမာပတ္တိဝိထိယံပနေတ္ထ"၌ဖလသမာပတ်၏အဓိပ္ပာယ်ကို ဖော်ပြပါ။

၁၆၂၇-ဖြေ။ ။အရိယဖိုလ်နှင့်ယှဉ်သော စျာန်၏အာရုံဖြစ်သော နိဗ္ဗာန်၌ အပွနာအခြင်းအရာအားဖြင့် ဖြစ်ပေါ်လာခြင်း သဘောသည် ဖလသမာပတ်-မည်ပါသည်။

{သမာပတ်ကား-စျာနသမာပတ်, ဖလသမာပတ်, နိရောဓသမာပတ် သုံးပါးတည်း။}

† ကာ ဖလ သမာပတ္တိတိ ယာ အရိယဖလသ နိရောဓေ အပွနာ။ (ဋီကာဒွိမဂ်)

● ဖလ သမာပတ်ကို အဘယ် ပုဂ္ဂိုလ်တို့သည် အဘယ့်ကြောင့် မဝင် စားနိုင်၍၊ အဘယ် ပုဂ္ဂိုလ်တို့သည် အ ဘယ့် ကြောင့် ဝင်စ ားနိုင်ပါသနည်း။

၁၆၂၈-ဖြေ။ ။အလုံးစုံသော ပုထုဇဉ် ပဋိပုဂ္ဂိုလ်တို့သည် ဖလသမာပတ်ကို မရသေးသောကြောင့် မဝင်စားနိုင်ပါ။အလုံးစုံသော ဖလဋ္ဌာန် အရိယာ လေးယောက်တို့သည် ထိုဖလသမာပတ်ကို ရသောကြောင့် ဝင်စားနိုင်ပါသည်။

† သဗ္ဗေပိ ပုထုဇ္ဇနာ န သမာပဇ္ဇန္တိ။ ကသ္မာ အနဓိဂတတ္တာ၊ အရိယာပန သဗ္ဗေပိ သမာပဇ္ဇန္တိ၊ ကသ္မာ-အဓိဂတတ္တာ။ (ဝိသုဒ္ဓိမဂ်)

● ဖလဋ္ဌာန်လေးယောက်တို့သည် အမှတ်မရှိ ဝင်စားလိုရာ ဖိုလ်ကို ဝင်စားနိုင်ပါသလော။

၁၆၂၉-ဖြေ။ ။မဝင်စားနိုင်ပါ၊ မိမိ မိမိတို့၏ ရပြီးသောဖိုလ်ကိုသာ ဝင်စားနိုင်ပါသည်။

† အတ္တနောယေဝ ပန ဖလံ သမာပဇ္ဇန္တိ။ (ဝိသုဒ္ဓိမဂ်)

● အောက်အောက်သော ဖိုလ်ပုဂ္ဂိုလ်တို့သည် အထက်အထက်သောဖိုလ်ကို အဘယ့်ကြောင့် မဝင်စားနိုင်ကြပါသနည်း။

၁၆၃၀-ဖြေ။ ။မရအပ်သေးသောကြောင့် မဝင်စားနိုင်ကြပါ။

† ဟေဋ္ဌိမာစ ဥပရိမံ အနဓိဂတတ္တာ။ (ဝိသုဒ္ဓိမဂ်)

● အထက် အထက်ဖြစ်သော ပုဂ္ဂိုလ်တို့သည် အောက်အောက် ဖြစ်သောဖိုလ်တို့ကို အဘယ့်ကြောင့် မဝင်စားနိုင်ပါသနည်း။

၁၆၃၁-ဖြေ။ ။သကဒါဂါမိ စသော အထက် အထက်သော ပုဂ္ဂိုလ်တို့သည် သကဒါဂါမိစသော ပုဂ္ဂိုလ်တပါး၏အဖြစ်သို့ ရောက်သဖြင့် သောတာပတ္တိဖိုလ် စသော အောက်အောက် ဖိုလ်တို့သည် ငြိမ်းလေသောကြောင့် မဝင်စားနိုင်ကြပါ။

† ပုဂ္ဂလန္တရဘာဂူပဂမနေန ပဋိပဿဒ္ဓတ္တာ။ (ဝိသုဒ္ဓိမဂ်)

● "နိရောဓသမာပတ္တိ"၏ ဝစနတ္ထနှင့် အဓိပ္ပာယ်ကိုဌင်း၊ "အနာဂါမိနဖ္လေဝ အရဟန္တာနဉ္စ လဒ္ဓုတိ"၌ အဘယ် အနာဂါမိ ရဟန္တာကို ယူရမည်ကိုဌင်း အသီးသီးဖော်ပြပါ။

၁၆၃၂-ဖြေ။ ။စိတ္တစေတသိကာနံအပ္ပဝတ္တိသခ်ါတဿနိရောဓဿ သမာပတ္တိ နိရောဓသမာပတ္တိ'' (ဝစနတ္ထ) မျက်မှောက်သောကိုယ်၏ အဖြစ်၌ စိတ်,စေတသိက်တို့၏ချုပ်ခြင်းသို့ရောက်၍ကိလေသာဟူသော ပူပန်ခြင်းမှ ငြိမ်းသော ချမ်းသာသောနေခြင်းဖြင့် နေခြင်းသည် နိရောဓ သမာပတ်မည်ပါသည်။ (အဓိပ္ပာယ်) အနာဂါမ် ရဟန္တာ-အရ ကာမ ဘုံ, ရူပဘုံ၌ ရှိသော သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော အနာဂါမ် ရဟန္တာကိုသာလျှင် ယူရပါမည်။ အရူပဘုံက အနာဂါမ် ရဟန္တာကို မဆိုလိုပါ။

† ဒိဋ္ဌေဝဓမ္မေ စိတ္တနိရောဓံ ပတ္ဌာ ဝိဟရဏံ။ ။အနာဂါမိ နဥာတိ ကာမရူပဘဝဋ္ဌာနံ အဋ္ဌသမာပတ္တိ လာဘီနမေဝ အနာဂါမိနံ တထာ ခိဏာသဝါနဥ။ (ဋီ)

● နိရောဓ သမာပတ်ကို အဘယ်မျှသော ရက်, အချိန်, အခါ တိုင်အောင် ဝင်စားနိုင်ပါသနည်း။

၁၆၃၃-ဖြေ။ ။ကာမဘုံ၌ တနေ့စားအပ်သောအစာသည် ၇-ရက် မျှတနိုင်သဖြင့် ကာမဘုံ၌ ဥက္ကဋ္ဌအားဖြင့် ၇-ရက်သာ ဝင်စားနိုင်ပါ သည်။ သြမကအားဖြင့်ကား ၆-ရက်က ၁-ရက်, ၁-နာရီ ကာလတိုင် အောင် ဝင်စားနိုင်ပါသည်။ ရူပဘုံမှာကား-ကဗဋီကာရာဟာရကို မှီဝဲ သုံးဆောင်ခြင်းမရှိသောကြောင့် အလိုရှိသမျှ ရက်ပတ်လုံး ဝင်စားနိုင် ပါသည်။ (သာရတ္ထဒီပနီ)

● နိရောဓသမာပတ်၏ ရှေးအဘို့၌ပြုအပ်သော ပုဗ္ဗကိစ္စ လေးပါး ကို ဖော်ပြပါ။

၁၆၃၄-ဖြေ။ ။(၁) နာနာဗဒ္ဓအဝိကောပန၊ (၂) သံဃပဋိမာနန၊ (၃) သတ္ထုပက္ကောသန၊ (၄) အဒ္ဓါနပရိစ္ဆေဒ-တို့ ဖြစ်ပါသည်။

(ဝိသုဒ္ဓိမဂ် ဋီ ထို့အတူ။)

● နိရောဓသမာပတ်ကို အဘယ်အကျိုးငှာ ဝင်စားကြပါသနည်း။

၁၆၃၅-ဖြေ။ ။ဖြစ်ခြင်း,ပျက်ခြင်းဖြင့် နှိပ်စက်သော သခ်ါရတရား တို့၌ ငြီးငွေ့၍ ချမ်းသာစွာနေခြင်းအကျိုးငှာ ဝင်စားကြပါသည်။

† ဥဒယဗ္ဗယသခ်ါရေ၊ ဥက္ကဏ္ဌိတွာန ယောနိသော။
ဖာသုံ ဝိဟရိဿာမာတိ၊ သမာပဇ္ဇန္တိ တေ ဣမံ။
(ဝိသုဒ္ဓိမဂ် သင်္ဂဟ)

● နိရောဓသမာပတ်မှထပြီးသော ပုဂ္ဂိုလ်၏စိတ်သည် အဘယ်သို့ ညွှတ်ကိုင်းပါသနည်း။

၁၆၃၆-ဖြေ။ ။နိဗ္ဗာန်သို့ ညွှတ်ကိုင်းပါသည်။

† ဝုဋ္ဌိတဿ ကိန္ဒိန္ဒံ စိတ္တံ ဟောတီတိ နိဗ္ဗာနံ နိန္ဒံ။ (ဝိသုဒ္ဓိမဂ်)

● သေသောသူနှင့် နိရောဓသမာပတ် ဝင်စားသော သူတို့သည် သခ်ါရ ၃-ပါး ချုပ်ခြင်း တူကြသဖြင့် ၎င်းတို့၏ အထူးကို အဘယ်သို့ မှတ်ရပါမည်နည်း။

၁၆၃၇-ဖြေ။ ။သေသောသူသည် ဇီဝိတိန္ဒြေ ကုန်၏။ ကမ္မဇ တေဇော အေးမြ၍ ငြိမ်း၏။ စက္ခုစသော ဣန္ဒြေတို့ ပျက်စီးကုန်၏။ နိရောဓ သမာပတ် ဝင်စားသော သူသည် ဇီဝိတိန္ဒြေ မကုန်၊ ကမ္မဇ တေဇောမငြိမ်း၊ စက္ခုစသော ဣန္ဒြေတို့ ပျက်စီးခြင်းမရှိ။ ဤသို့ ထူးပါးသည်။ (ဝိသုဒ္ဓိမဂ်)

{ကျန်သော နိရောဓ သမာပတ်နှင့် စပ်သော အကြောင်း အရာတို့ကို ဝိထိပိုင်းက ရေးခဲ့ပြီ။}

● သမထ ဝိပဿနာနှစ်ပါးကို အားထုတ်ခြင်းကြောင့် ရနိုင်သော အကျိုးများကို ဖော်ပြပါ။

၁၆၃၈-ဖြေ။ ။သမထဝိပဿနာကို အားထုတ်ခြင်းကြောင့် ဈာန သုခ စသော အကျိုးထူးကို ရနိုင်ပါသည်။ ဝိပဿနာ ဘာဝနာကို အားထုတ်ခြင်းကြောင့် ဖလသုခစသော အကျိုးကို ရနိုင်ပါသည်။

† ဈာနသုခ ဖလသုခါဒိဘေဒံ သမထ ဝိပဿနာ ပဋိပတ္တိ ရသဿာဒံ။ (ဋီ)

ပုဂ္ဂလနှင့် သမာပတ္တိ ဘေဒ အဖြေ ပြီး၏။

ဝိပဿနာ ကမ္မဋ္ဌာန်းနည်းအဖြေ ပြီးပြီ။

ကမ္မဋ္ဌာန်းပိုင်း ပကိဏ္ဏက

မဂ်လေးပါး ကိလေသပွဟာနက္ကမ

●

● ၁-သံယောဇဉ်။ ။သံယောဇဉ် ၁၀-ပါးတို့တွင် သောတာပတ္တိမဂ်သည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-အပါယ်လားကြောင်းဖြစ်သော ကာမရာဂ, ပဋိဃသံယောဇဉ် တစိတ် ပေါင်း သြရမ္ဘာဂိယ သံယောဇဉ်၎င်းပါးကို ပယ်၏။ သကဒါဂါမိ မဂ်သည် အပါယ်လားကြောင်းမှ ကြွင်း သော ရုန့်ရင်းသော ကာမရာဂ, ပဋိဃတစိတ် သံယောဇဉ်နှစ်ပါးကို ပယ်၏။ အနာဂါမိမဂ်သည် သိမ်မွေသော ကာမရာဂ, ပဋိဃ တစိတ် သံယောဇဉ် နှစ်ပါးကို ပယ်၏။ အရဟတ္တမဂ်သည် ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ-ဟု ဆိုအပ်သော ဥဒ္ဓံဘာဂိယ သံယောဇဉ်၎င်းပါးကို ပယ်၏။

● ၂-ကိလေသာ။ ။ကိလေသာ ၁၀-ပါးတို့တွင် ပဌမမဂ်သည် ဒိဋ္ဌိ, ဝိစိကိစ္ဆာ နှစ်ပါးကို ပယ်၏။ တတိယမဂ်သည် ဒေါသကို ပယ်၏။ စတုတ္ထမဂ်သည် လောဘ, မောဟ, မာန, ထိန, ဥဒ္ဓစ္စ, အဟိရိက, အနောတ္တပ္ပ ၇-ပါးကို ပယ်၏။ (ဒုတိယမဂ် အသီး အခြားပယ်သော ကိလေသာ မရှိ။)

● ၃-မိစ္ဆတ္တ။ ။မိစ္ဆတ္တ ၁၀-ပါးတို့တွင် ပဌမမဂ်သည် မိစ္ဆာ ဒိဋ္ဌိ (မုသာဝါဒ) မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝ သုံးပါးကိုပယ် ၏။ တတိယမဂ်သည် မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါစာ (ဖိသုဏဝါစာ, ဖရုသဝါစာ) နှစ်ပါးကိုပယ်၏။ စတုတ္ထမဂ်သည် (သမ္ဖပ္ပလာပ) မိစ္ဆာဝါယာမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိ, မိစ္ဆာဝိမုတ္တိ, မိစ္ဆာ ဉာဏ၎င်းပါးကိုပယ်၏။ (ဒုတိယမဂ် သီးခြားပယ်သော မိစ္ဆတ္တ တရား မရှိ။)

{မိစ္ဆာသင်္ကပ္ပ, မိစ္ဆာဝါယာမ, မိစ္ဆာသမာဓိတို့ကား- အကုသိလဉ္စိယျဉ်သော ဝိတက်, ဝိရိယ, သမာဓိတို့တည်း။ မိစ္ဆာ ဝါစာ, မိစ္ဆာကမ္မန္တ, မိစ္ဆာအာဇီဝတို့ကား - စေတနာသော တည်း။ မိစ္ဆာသတိကား-အကုသိလ စိတ္တုပ္ပါဒ်တည်း။ မိစ္ဆာ

ဉာဏကား-မောဟတည်း။ မိစ္ဆာဝိမုတ္တိကား-လောကအထွဋ်စသည်တို့၌ လွတ်ပြီဟူသော မိစ္ဆာအယူတည်း။]

- ၄-လောကံ။ ။လောကံ ဂ-ပါးတို့တွင် လာဘ်ရခြင်း အစရှိသည်လျှင် အကြောင်းရှိသော အနုနယလောဘ, လာဘ်မရခြင်း စသည်လျှင် အကြောင်းရှိသော ပဋိဃကို ကာရဏူပစာရအားဖြင့် လောကဓမ္မအရယူ၍၊ တတိယမဂ်သည် ပဋိဃ လောကဓမ္မကိုပယ်၏။စတုတ္ထမဂ်သည်အနုနယလောဘဟု ဆိုအပ်သော လောကဓမ္မကို ပယ်၏။ ကေဆရာတို့ကား-ယသ, ပသံသဟု ဆိုအပ်သောအနုနယကို စတုတ္ထမဂ်ပယ်သည်ဟုဆိုကြသေး၏။ (ပဌမမဂ်, ဒုတိယမဂ် သီးခြားပယ်အပ်သော လောကဓမ္မကား-မရှိ။)
- ၅-မဿရိယ။ ။မစ္ဆရိယ ငါးပါးလုံးကို ပဌမမဂ်က ပယ်၏။
- ၆-ဝိပလ္လာသ။ ။ဝိပလ္လာသ ၃-ပါးတို့ဘွင် ပဌမမဂ်သည် အနိစ္စကို နိစ္စ၊ အနတ္တကို အတ္တ-ဟု ဖောက်ပြန်သော သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသ တို့ကိုဂင်း၊ ဒုက္ခကို သုခ, အသုဘကို သုဘဟု ဖောက်ပြန်သော ဝိပလ္လာသတို့ကိုဂင်း ပယ်၏။ တတိယမဂ်သည် အသုဘကို သုဘ-ဟု ဖောက်ပြန်သော သညာ, စိတ္တ, ဝိပလ္လာသတို့ကို ပယ်၏။ စတုတ္ထမဂ်သည် ဒုက္ခကို သုခ-ဟု ဖောက်ပြန်သော ဝိပလ္လာသကို ပယ်၏။
- ၇-ဂန္ထ။ ။ဂန္ထ ၄-ပါးတို့ဝွင် ပဌမမဂ်သည် သီလဗ္ဗတပရာမာသ, ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထနှစ်ပါးကို ပယ်၏။ တတိယမဂ်သည် ဗျာပါဒကာယဂန္ထကို ပယ်၏။ စတုတ္ထမဂ်သည် အဘိဇ္ဈာကာယဂန္ထကို ပယ်၏။
- ၈-အာဂတိ။ ။အာဂတိ ၄-ပါးလုံးကို ပဌမမဂ်ပယ်၏။
- ၉-အာသဝ။ ။အာသဝ ၄-ပါးတို့တွင် ပဌမမဂ်သည် ဒိဋ္ဌာသဝကိုပယ်၏။ တတိယမဂ်သည် ကာမာသဝကိုပယ်၏။ စတုတ္ထမဂ်သည် ဘဝါသဝ, အဝိဇ္ဇာသဝ နှစ်ပါးကို ပယ်၏။ (သြဃ, ယောဂတို့ကို ဂင်းအတိုင်း သိပါ။)

- ၁၀-နိဝရဏာ။ ။နိရဝရဏာ ၆-ပါးတို့တွင် ပဌမမက်သည် ၀ိစိကိစ္ဆာ နိဝရဏာကို ပယ်၏။ တတိယမက်သည် ကာမစ္ဆန္ဒ, ဗျာပါဒ,ကုက္ကုစ္စနိဝရဏာ ၃-ပါးကို ပယ်၏။ စတုတ္ထမက်သည် ထိနမိဒ္ဓ, ဥဒ္ဓစ္စ နိဝရဏာ နှစ်ပါးကို ပယ်၏။
- ၁၁-ပရာမာသ။ ။ပရာမာသကို ပဌမမက် ပယ်၏။
- ၁၂-ဥပါဒါန်။ ။ဥပါဒါန် ၄-ပါးတို့တွင် စတုတ္ထမက်သည် ကာမုပါဒါန်ကို ပယ်၏။ပဌမက်သည် ကြွင်းသော ဥပါဒါန်တို့ကို ပယ်၏။
- ၁၃-အနုသယ။ ။အနုသယ ၇-ပါးတို့တွင် ပဌမ မက်သည် ဒိဋ္ဌိ၀ိစိကိစ္ဆာနုသယနှစ်ပါးကိုပယ်၏။ တတိယမက်သည် ကာမရာဂ,ပဋိဃာနုသယ နှစ်ပါးကိုပယ်၏။ စတုတ္ထမက်သည် မာန, ဘ၀ရာဂ, အဝိဇ္ဇာနုသယ ၃-ပါးကို ပယ်၏။
- ၁၄-မူလ။ ။မူလ ၃-ပါးတို့တွင် တတိယမက်သည် ဒေါသမူလကို ပယ်၏။ စတုတ္ထမက်သည် လောဘ,မောဟမူလကိုပယ်၏။
- ၁၅-အကုသလကမ္မပထ။ ။အကုသလကမ္မပထ ၁၀-ပါးတို့တွင် ပဌမမက်သည် ပါဏာတိပါတ,အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ,မုသာ၀ါဒ,မိစ္ဆာဒိဋ္ဌိ ၎းပါးကိုပယ်၏။တတိယမက်သည် ပိသုဏာ၀ါစာ, ဖရုသ၀ါစာ, ဗျာပါဒ ၃-ပါးကို ပယ်၏။ စတုတ္ထမက်သည် သမ္ဖပ္ပလာပ,အဘိဇ္ဈာ နှစ်ပါးကို ပယ်၏။
- ၁၆-အကုသိုလ်စိတ္တုပ္ပာဒ်။ ။အကုသိုလ်စိတ္တုပ္ပာဒ်တို့တွင် ပဌမမက်သည်ဒိဋ္ဌိဂတသမ္ပယုတ်-၄,၀ိစိကိစ္ဆာ၎းပါးကိုပယ်၏။ တတိယမက်သည် ဒေါသမူဌေးကို ပယ်၏။ စတုတ္ထ မက်သည် ဒိဋ္ဌိဂတ၀ိပ္ပယုတ်-၄,ဥဒ္ဓစ္စသဟဂုတ် ၅-ပါးကို ပယ်၏။

☞ ဤမက်လေးပါးကိုလေ့သာပယ်စဉ်ကို သေသေချာချာမှတ်သားထားပါ။ ဤသို့ စုံစုံလင်လင် တွေ့ရခဲမည်။

ကမ္မဋ္ဌာန်ပိုင်း ပကိဏ္ဏက ပြီး၏။

ကမ္မဋ္ဌာန်းပိုင်း အဖြေ ပြီးပြီ။

နိဂုံး-နှင့်ပတ္တနာ

(၁) ပြင်ခရိုင်တိသုတေ ဂါမေ၊
ဇာတေန ဇာတိယာ မယာ။
သုဇာတောတိဘိဓာနေန၊
ရစိတေသာ သုနိဋ္ဌိတာ။ ။

(၂) ပုညေနေတေန အညေန၊
ယောဂကွေမံ လဘာမဟံ။
ဝိဇ္ဇာဘိညာဒျ လက်ာရော၊
ဟုဘွာ ဥဂ္ဂာဋိတညုကော။
နစ စေတံ ဘဝေ ယာဝ၊
သံသာရစာရိကောပိစ။ ။

(၃) အနုဗ္ဗလပ္ပဒါနာဝ၊
ဟိတကာမာစ ယေ မမ။
တေဟိပိ သုဒ္ဓစိတ္တေဟိ၊
ဝုဒ္ဓိကာမေဟိ သံဝသေတိ။ ။

(၁) ပြင်ခရိုင်တိသုတေ၊ရာမညတိုင်း,သမိုင်းအဝင်,စည်ပင်ခိုင်ဖြီး, **"ပုသိန်မြို့ကြီး"** ၏,နယ်စည်းသတ်မှတ်,ပင်လယ်ရပ်၌,လျောက်ပတ်စည်ကား, **"ပြင်ခရိုင်"**ဟူ၍ ထင်ပေါ်ကျော်ကြားသော။ ဂါမေ၊ ရေယဉ်ပတ်ဝိုင်း, ရှုလိုက်တိုင်းပင်, ညွှိမှိုင်းသာယာ, သွားလာဖောက်ကား, ကုန်သည်များ၏, ကျက်စားပျော်မှီး,နိဂုံးရွာကြီး၌။ ဇာတိယာ၊ ပုဗ္ဗေကတ, ကံပစ်ချ၍, ဗီဇဆင့်ပွား, ပဋိသန္ဓေ နေသောအားဖြင့်။ ဇာတေန၊ ဖြစ်ပွားပေါ်ပေါက်, ဖွားမြင်ခြင်းသို့ ရောက်သော။ သုဇာတောတိ ဘိဓာနေန၊သုဇာတဟူ၍,ဝါ-**"သုဇာတာလက်ာရ"**ဟူ၍, ခေါ်ကြပညတ်, သမုတ်အပ်သော အမည်ရှိသော။ မယာ၊ ငါသည်။ ရစိတာ၊ရေးသားပြုပြင်, စီရင်အပ်သော။ဧသာ၊ ဋီကာကျော်ကို,ရိပ်မိ ခေတ်-၅၀ (ပဥမ အကြိမ်)

စေဌာ, ကောင်းရာဟူသမျှ, ဖြေထုတ်ပြ၍, သာရဏီယ, တန်ဘိုးနှိုသည့်, ဝိသုဒ္ဓနာမည်မှန်း, ဤ**"မဓိုးရိမ်ဒီကာကျော်ကဖြကျမ်း"** သည်။ သုနိဒ်ဟာ၊ ၁၃၁၅-ခု,ဥတုဝသံ,ရောင်လျှံဆီမီး,ထိန်လျှံညီး၍,ကံကြိုး လယ်ပါး, ကြာမျိုးငါးတို့, ပွင့်ကားငုံမိ, တူရာသီဟု, ဝါဆိပျလွှာ်, သီတင်းကျွတ်၍, ယင်းအန္တာခေါ်ကြ, ထိုမာသ၏, ဇုတ္ပုပက္ခာ, ရက် ဒသာဝယ်,သည်ာခေါ်လေ့,ဂဠုန်နေ့၌,ချမ်းမြေ့သာယာ,ဘယာလွတ် ရှင်း,နှောင့်ယှက်ကင်း၍,ကောင်းစွာပြီးဆုံးခြင်းသို့ရောက်ပြီ။

(၂) အဟံ၊ ငါသည်။ တေနုပုညေန၊ ဤစ်ာကျန်းကို, ကြိုးပန်း တိထွင်, ဒီရင်ဓရုးပြု, ကုသိုလ်စုကြောင့်၎င်း။ အညေန၊ ဤမှတပါး,များ ပြားလွန်စာ, ကဿမ္ဘာက, ဖွဲ့ဂျာဆည်းစု, မြတ်ကောင်းမှုကြောင့်၎င်း။ ကေဂါထာပါဒေန၊ တဂ်ါထာ,တပုဒ်မျှဖြင့်။ သဗ္ဗကိလေသံ၊ ခပ်သိမ်း သဗ္ဗ,ကိလေသာဟူသမျှကို။မေဓံ-မေဓန္တော၊မဂ်ဉာဏ်လေးချက်,ဓား သန်လျက်ဖြင့်, ပယ်ဖျက်ခုတ်စင်း,သတ်ဖြတ်ညှဉ်းလျက်။ ဝိဇ္ဇာ ဘိညာ ဒျလက်ာရော၊ သုံးပါး ဂျစ်ပါး, အပြားဝိဇ္ဇာ, ခြောက်ဖြာ ဘိညာဏ်, ပဋိသမ်လေးရပ်, သမာပတ်ဂျစ်ထွေ, စရေများစွာ, ဂုဏ်တန်းဆာဖြင့်, ကောင်းစွာပဝင်း, ဆင်ယင်ခြင်းရှိသော။ ဥဿာဒိုတညူကော၊ နည်း ဥဒ္ဒေသာ, ဒေသနာဖြင့်, လျင်စွာသိသူ, ဥဿာဒိုတညူ ပုဂ္ဂိုလ်သည်။ ဟုတ္တာ၊ဖြစ်၍။ ယောဂကွေမံ၊ ယောဂလေးဖြာ, ကုန်ရာဌာန, ပြည်မ အောင်ခန်း, နိဗ္ဗာန်နန်းကို။ လဘာမိ၊ မကြာမတင်, ဆောလျင်ခဏ, ရ-ရပါလိုဏ်။ယာဝ၊အကြင်မျှလောက်ကာလပတ်လုံး။ တံ၊ ထိုယောဂ လေးဖြာ,ကုန်ရာဌာန,ပြည်မအောင်ခန်း,နိဗ္ဗာန်နန်းကို။ နစလဘာမိ၊ မကြာမတင်, ဆောလျင်ခဏ, မရ-ရပါ၌သေး။ တာဝ၊ ထိုမရသေးသမျှ ကာလပတ်လုံး။ဘဝေ၊ ဖြစ်လေရာရာ,သံသရာတရိုး,ဘဝဘုံအမျိုးမျိုး ၌။ သံသာရစာရိကောဝိစ၊ သံသရာ့အပြင်, ဘုံတခွင်မှာ, ခုံမင်ကျက် စား,သံသရာ့နယ်လှည့်သွားသည်လည်း။စေဟောမိ၊ အကယ်၍ ဖြစ်ခဲ့ ငြားဘုံ။ ဧဝံသတိ၊ ဤသို့ဖြစ်ခဲ့သည်ရှိသော်။ ...

(၃) အနုဗ္ဗလပ္ပဒါနာဝ၊ကြိုးရေး-ပွားရေး,ကြိုးပွားရေး၌,အလေး ဂရု, မနှေးမူ၍, ကုသိုအားမေး, အရေးလုပ်ဖော်သာ ရှုကြကုန်သော။

မမ၊ ငါ၏။ ဟိတကာမာ၊ တကယ်ကျိုးကို, မြတ်နိုးစုံမက်, နှစ်သက် လိုလားကြကုန်သော။ ယေစ၊ အကြင် မိကောင်း-ဖကောင်း, ဆရာ ကောင်း-သမီးကောင်း, မိတ်ကောင်း-ဆွေကောင်း,တပည့်ကောင်း-တပန်းကောင်း,ဆွေကောင်း-မျိုးကောင်း,မင်းကောင်း,စိုးကောင်းတို့ သည်လည်း။ သန္တိ၊ ရှိကြလေကုန်၏။ သုဒ္ဓဗိဘ္ဘေဟိ၊ ရွှေတဖြာ-ကွယ် တမျိုးနှင့်, အကျိုးလိုယောင်, ဟန်ဝါဆောင်၍, တောင်တောင်အီအီ, အလိမ်လိမ်ဖြင့်,မတည်စကား,ပြောကြားသမှု,မပြုမသုံး, ဖြူစင်ဖြောင့်မတ် သောစိတ်နှလုံးရှိကြကုန်သော။မမ၊ငါ၏။ဝုဒ္ဓိကာမေဟိ၊ ကြီးပွားရန်မှု, တခုကိုသာ,အာသာထန်ပြင်း,လွန်မင်းစွာ အလိုရှိကြကုန်သော။ တေ ဟိဝိ၊ ထိုမိကောင်း-ဖကောင်း, ဆရာကောင်း - သမီးကောင်း, မိတ် ကောင်း-ဆွေကောင်း,တပည့်ကောင်း-တပန်းကောင်း,ဆွေကောင်း-မျိုးကောင်း,မင်းကောင်း-စိုးကောင်းတို့နှင့်လည်း။သံဝသေ-သံဝသေ ယျာမိ၊ ဆက်ဆံပေါင်းသင်, မှီဝဲခြင်းဖြင့်, ရင်းနှီး၍သာ, ဘုံဓမ္မတာလွှဲ ကောင်းစွာ ဆုံတွေ့ရပါ၏။ ဇုတိ၊ ဤဘင် နိဂုံးကိုဆိုရာ စကားတရပ်, အပြီးသတ်တည်း။

သုဇာတာလင်္ကာရေနာဃံ၊
နိဿာကာရာမဝါသိနာ။
စဇာယုဘွံ် ကတာမေတ္တာ၊
သမ္မာ ဒက္ခန္တု သာဓဝေါတိ။ ။

မစိုးရိမ် ဦးကာကျော်အဖြေကျမ်း

အလုံးစုံ ပြီးပြီ။

ပဌမပြန်ပွဲဟူသမျှ အောင်ရန်နှင့်

အဘက်ဘက်၌-ပါရဂူဖြစ်လိုသူများအတွက်

မန္တလေးမြို့-မစိုးရိမ်ကျောင်းတိုက်

နာယကအဖွဲ့ဝင် ဆရာတော်

ပဌမကျော်-သကျသီဟ-အရှင်သုဇာတာလင်္ကာရ

ရေးသော အောက်ပါ ကျမ်းစာများ

တအုပ်ပြီးတအုပ် ဆက်သက်၊

ထွက်ပေါ်တော့မည်

- မစိုးရိမ်-ရူပသိဒ္ဓိအခေါ်။ (ရိုက်ပြီး)
- မစိုးရိမ်-ဋီကာကျော်အဓိဖြ။ (ရိုက်ပြီး)
- မစိုးရိမ်-ကခ်ါအဓိဖြ။ (စီစဉ်ဆဲ)
- မစိုးရိမ်-ညဝါအဓိဖြ။ (ရိုက်ဘော့မည်)

ထူးရမည်။ ရှင်းရမည်။ စုံရမည်။

စကားပြင် အချောကြိုက်သလား။ ဂါထာပါဠိ ကျက်မှတ်လိုသလား။ နိယံကဗျာဆောင်လိုသလား။ အဓိပ္ပာယ် စုံစုံလင်လင် ကြည့်လိုသလား။ ဝိနိစ္ဆယဝါဒအမျိုးမျိုး ကြားနာလိုသလား။ ခက်ဆစ်အမျိုးမျိုး ရှင်းလင်းလိုသလား။ ဝိသင်္ခနာပါရဂူ ဖြစ်လိုသလား။ ?

ထူး-ရှင်း-စုံစေ၊ အကုန်ပါ။ လိုရာပြည့်စုံမည်။

မျော်စောင့်ပါ။

